http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုဒ္ဓက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အာသီဒိသောပမသုတ်

တရားတော်



သာသနာ - ၂၅၅၁ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

ပထမအကြိမ် ၁၀၀၀ ပုံနှိပ်ခွင့်

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုဒ္ဓကာ

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာဓမ္မိဿရတော်ဘုရားကြီး

ဟောကြားတော်မူသော

အာသီဒိသောပမသုတ်

တရားတော်



သာသနာ - ၂၅၅၁ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

http://www.dhammadownload.com

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

အာသီဝိသောပမသုတ်တရားတော်

ဆောင်ပုဒ်လင်္ကာ

မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊
သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊
မိတ်ညာရန်ဘက်၊ တပ်စွဲချက်ကြောင့်၊
ရွာပျက်သုည၊ ခြောက်ဒွါရသို့၊
ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊
သုံးစုံဓားပြ၊ ဝင်လာကြ၍၊
သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊
ဤဝယ်ကမ်းစ၊ သက္ကာယမှ၊
ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်မှ၊
ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊
အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊
ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ ရဟန္တာတည်း၊
ကောင်းစွာညွှန်ကြား၊ ကယ်သူကား ဘုရားမြတ်ပေတည်း။

http://www.dhammadownload.com

২৪৩

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသင်္ဂါတိပုဏ္ဏက အဂ္ဂမဟာပဏ္ဍိတ


ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အာသီဒိသောဏမဆုတ်

တရားတော်



သာသနာ ၂၅၅၁ ကောဇာ ၁၃၇၀ ခရစ် ၂၀၀၈

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၃၂၀၉၀၉၁၅၁၂)

မှတ်နာဖုံး ခွင့်ပြုချက်အမှတ် (၃၂၀၂၀၇၀၄၀၇)

ဒုတိယအကြိမ်

အုပ်ရေ ၂၀၀၀

၂၀၀၈ · ခုနှစ်

ဖွန်လ

ကွန်ပျူတာစာစီ · ကိုဒေးချမ်း (မဟာစည်)

ဦးတင်ဝမ် ထုတ်ဝေသူအမှတ်(၂၄၀)ဗုဒ္ဓသာသနာ့နှုန်ဟာအဖွဲ့ချုပ်၊
အမှတ် ၁၆၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ ထုတ်ဝေ၍၊

ဦးအောင်မိုး(ဝဂ္ဂါရာ) စတားကာလာပုံနှိပ်တိုက်၊ အမှတ်(၂၇၊ ၃၂)၄၂လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း ၀၉၅၁၄၉၅၅၇)က ပုံနှိပ်သည်၊

ဖြန့်ချိရေး

ဗုဒ္ဓသာသနာ့နှုန်ဟာအဖွဲ့ချုပ်၊ ဟိတောသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့

ဖုန်း၅၄၁၉၉၇ · ၅၄၂၉၁၀

http://www.dhammadownload.com



အနန္တကျော်ဇူးတော်ရှင် ဆဋ္ဌသင်္ဂါတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

http://www.dhammadownload.com

သင်္ဂါယနနဝဂ္ဂသံယုတ် စာမျက်နှာ ၃၈၁ လာ အာသီဝိဇသာပမသုတ် တရားတော်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	**ဥပမာပိုင်း**	၁
❐	(၁၃၂၈-ကဆုန်လကွယ်နေ့ ဟောကြားတော်မူသည်။)	
	ဒုက္ခလက္ခဏာထင်တဲ့ ဝိပဿီတညူပုဂ္ဂိုလ်အတွက် ဟောခြင်း	၂
	တရားအားထုတ်ရန် ရဟန်းပြုခြင်း	၂
	အခုကာလ ရဟန်းပြုရန်လွယ်ကူခြင်း	၃
	ရှေးတုန်းက ရဟန်းပြုရန်မလွယ်ကူ	၃
	ပုဂ္ဂိုလ်အားလုံးအတွက်	၄
	ဥပမာကစ၍ ဟောခြင်း	၅
	မြွေကြီး ၄-ကောင်	၅
	အသက်ရှင်ပြီး ချမ်းသာချင်သူ	၆
	မြွေထိန်းအဖြစ် အပ်နှင်း	၇
	ရှေးမင်းများ မြွေမွေးထားခြင်းအကြောင်း	၈
	ဥပမာဆိုတာ နားလည်အောင် ပြောခြင်း	၁၀
	မြွေထိန်းယောကျ်ားကို မိတ်ဆွေပြောကြား	၁၁
	မြွေထိန်းယောကျ်ားပြေးခြင်း	၁၄
	မြွေတွေအနံ့ခံလိုက်ခြင်း	၁၅
	ရန်သူငါးယောက် နောက်ကလိုက်ခြင်း	၁၅
	ငယ်ပေါင်းမိတ်ဆွေဖြစ်သည့်ရန်သူလိုက်ခြင်း	၁၈
	မြွေထိန်းယောကျ်ား ရွာပျက်ကုန်းရောက်ခြင်း	၂၀
	ဓါးမြ ၆-ယောက် ဝင်လာခြင်း	၂၂
	ဘေးရန်ပေါ်ယယ် မြစ်ပင်လယ်ရောက်	၂၄
	ဖောင်ဖွဲ့ကူး တစ်ဖက်ကမ်းရောက်	၂၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	မြွေကြီး ၄-ကောင် ဓာတ်ကြီး ၄-ပါး	၂၉
	ဆောင်ပုဒ်လက်ံာ	၃၂
	ဓာတ်ကြီး ၄-ဖြာ သာယာလျှင် ဆင်းရဲမှာ	၃၃
	ဓာတ်ကြီး ၄-ဖြာ မသာယာနဲ့	၃၅
	ဓာတ်ကြီး ၄-ဖြာကလွတ်အောင် တရားအားထုတ်	၃၅
၂။	**ဥပမေယျပိုင်း**	
	❐ (၁၃၂၈-ခု၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသည်)	
	ဓာတ်ကြီး ၄-ပါး	၃၉
	မြွေကြီး ၄-ကောင် ဓာတ်ကြီး ၄-စင်း	၄၀
	နေရာတကာ ဓာတ်ကြီး ၄-ပါးရှိခြင်း	၄၃
	ရုပ် (၈) ပါးတွဲဖြစ်	၄၄
	ပထဝီဓာတ် (၂၀)	၄၅
	လက္ခဏာ ၂-မျိုး	၄၃
	လက္ခဏာစသည်	၄၈
	ပထဝီဓာတ် ရှုမှတ်သိ	၅၀
	အာပေါဓာတ် ရှုမှတ်သိ	၅၂
	တေဇောဓာတ် ရှုမှတ်သိ	၅၉
	တေဇောဓာတ် ၄-မျိုး	၆၀
	တရားအားထုတ်ကြောင်း ငါးပါး	၆၃
	ဝါယောဓာတ် ရှုမှတ်သိ	၆၈
	ဘိက္ခုမည်ပုံ	၆၉
	ကိုယ်ပိုင်အိမ်ကြီး	၇၀
	ခြေတစ်လှမ်းမှာ ဓာတ်ကြီး ၄-ပါးထင်ရှား	၇၅
	တည်ရာအားဖြင့် ဓာတ်ကြီး ၄-ပါး	
	မြွေကြီး ၄-ကောင်နှင့်တူပုံ	၇၃

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဖောက်ပြန်ခြင်းအားဖြင့် မြွေနှင့်တူပုံ	၃၉
	ကဋ္ဌမုခမြွေနှင့် ပထဝီဓာတ်	၈၀
	ပုတိမုခမြွေနှင့် အာပေါဓာတ်	၈၁
	အင်္ဂိမုခမြွေနှင့် တေဇောဓာတ်	၈၂
	သတ္ထမုခမြွေနှင့် ဝါယောဓာတ်	၈၂
	မြွေအမျိုးမျိုး	၈၃
	ဓာတ်ကြီး ၄-ပါးဖြစ်ကြောင်း ၄-ပါး	၈၄
	ဓာတ်ကြီး ၄-ပါးဖောက်ပြန်လို့သေခြင်း	၈၅
၃။	**ဓာတ်ကြီး ၄-ပါး ရှုမှတ်သိ**	
	(၁၃၂၈-ခု၊ နယုန်လကွယ်နေ့ ဟောကြားတော်မူသည်)	
	မြွေကြီး ၄-ကောင်နှင့် ဓာတ်ကြီး ၄-စင်းစသည်	၉၀
	ဝါယောဓာတ် ၆-ပါး	၉၃
	ပထဝီဓာတ်	၉၅
	ပထဝီဓာတ် ရှုမှတ်သိ	၉၅
	ဘင်္ဂဿောရောက်မှ အထည်ဖြပ်ပျောက်	၉၆
	ဉာဏ်ထက်လျှင်သစ်ရဲ မြန်မြန်သိခြင်း	၉၇
	တခို့က ကိုယ်တိုင်မသိပဲ ဟောကြရေးကြ	၁၀၀
	ပထဝီဓာတ်ထင်ပုံ	၁၀၁
	အာပေါဓာတ်ထင်ပုံ	၁၀၂
	တေဇောဓာတ်ထင်ပုံ	၁၀၃
	ဝါယောဓာတ်ထင်ပုံ	၁၀၃
	မြွေဖမ်းခြင်း၌ အကျိုးမဲ့ငါးပါး	၁၀၅
	ဘဝ, ဓာတ် ၄-ပါး သာယာမှု၌ အကျိုးမဲ့ငါးပါး	၁၀၇
	ပဋိသန္ဓေကလာတဲ့ အနာ	၁၀၉

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဓာတ်ကြီး ၄-ပါးကို ပြုစုနိုင်ခဲခြင်း	၁၁၃
	ဓာတ်ကြီး ၄-ပါးကို ချဉ်းကပ်နိုင်ခဲခြင်း	၁၁၄
	ကျေးဇူးမသိတတ်တဲ့ ဝေဠုကမ္ပြေ	၁၁၆
	အထူးမပြု မခွဲခြားတဲ့ ဓာတ်ကြီး ၄-ပါး	၁၂၀
	အပြစ်ဘေးရန် များစေတဲ့ဓာတ်ကြီး ၄-ပါး	၁၂၃
	ဓာတ်ကြီး ၄-ပါးက လွတ်အောင် တရားအားထုတ်	၁၂၄
	ဖြစ်ပျက်ခိုက်လိုက်ရှု နိဗ္ဗာန်ရောက်နိုင်	၁၃၀
၄။	**ဥပါဒါနက္ခန္ဓာ ၅-ပါး**	၁၃၂
	❐ (၁၃၂စ-ခု၊ ပထမဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်)	
	ရုန်သူငါးယောက် ဥပါဒါနက္ခန္ဓာငါးပါး	၁၃၃
	ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ	၁၃၆
	ရုပ်ဥပါဒါနက္ခန္ဓာ	၁၃၉
	ဥပါဒါန်	၁၃၉
	ဥပါဒါန် ၄-ပါး	၁၄၀
	ကာမုပါဒါန်	၁၄၀
	တဏှာနှင့်ဥပါဒါန်မတူ	၁၄၁
	အတ္တဝါဒုပါဒါန်	၁၄၃
	အတ္တအစွဲပျောက်ခဲ	၁၄၄
	သီလဗ္ဗတုပါဒါန်	၁၅၀
	ဒိဋ္ဌိဥပါဒါန်	၁၅၀
	ဥပါဒါန် ၂-မျိုး	၁၅၀
	ဥပါဒါနက္ခန္ဓာ	၁၅၁
	သူသတ်ပမာ ငါးခန္ဓာ	၁၅၂
	ကိုယ့်ဘဝကိုယ်သာယာ	၁၅၄
	ခန္ဓာငါးဖြာသာယာနေကြခြင်း	၁၅၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ခန္ဓာရှိလို့သေရခြင်း	၁၇၇
	ရုပ်ရှိလို့သေရခြင်း	၁၇၈
	ရုပ်နာမ်ရှိလို့သေရတာ	၁၇၉
	ကြောက်ရင်တရားအားထုတ်ကြ	၁၆၂
	ရုပ်တရားထင်ရှားရာ ၆-ခု	၁၆၃
	မြင်စိတ်စသည်ဖြစ်	၁၆၆
	မြင်ရာမှာခန္ဓာငါးပါး	၁၆၇
	ဝိပဿနာမရှုရင် ဥပါဒါန်ဖြစ်	၁၆၉
	မြင်တိုင်းဝိပဿနာရှု	၁၇၀
	ဒွါရ ၆-ပါးမှာရှိတဲ့ ရုပ်နာမ်ခန္ဓာရှု	၁၇၀
	မြင်ဆဲရုပ်နာမ်ရှု	၁၇၁
	ဥပါဒါနက္ခန္ဓာရှုပါ	၁၇၂
	ပေါ်လာတဲ့အခါ လောကီခန္ဓာရှု	၁၇၄
	တွေ့ဆဲရုပ်နာမ်ရှု	၁၇၆
၅။	**ခန္ဓာငါးပါး၌ ဝိပဿနာရှုပုံ**	၁၈၄
	❐ (၁၃၂၈ -ခု၊ ပထမဝါဆိုလကွယ်နေ့ဟောကြားတော်မူသည်)	
	ဥပါဒါန်	၁၈၈
	ဥပါဒါနက္ခန္ဓာ	၁၈၉
	ဝိပဿနာမရှုရတဲ့တရား	၁၉၀
	အရိယာမှ သက္ကာယဒိဋ္ဌိကင်းပုံ	၁၉၁
	ဖြစ်ပျက်သိရင် မစွဲလမ်း	၁၉၃
	စွဲလမ်းမှုမဖြစ်အောင် ဝိပဿနာရှု	၁၉၄
	ခန္ဓာငါးပါးမှ လွတ်အောင်တရားအားထုတ်	၁၉၆
	ဘင်္ဂဉာဏ်ရောက်မှလွတ်တာ	၁၉၆
	အတွေ့ ၃-မျိုး	၂၀၂

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	တွေ့ဆဲ၌ ဝိပဿနာရှုပုံ	၂၀၅
	နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံ	၂၀၅
	ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ	၂၀၈
	အာရုံမရှိရင် အသိစိတ်မဖြစ်နိုင်	၂၀၉
	သမ္မသနဉာဏ်	၂၀၉
	ဥဒယဗ္ဗယဉာဏ်	၂၁၀
	ဘင်္ဂဉာဏ်	၂၁၁
	သေမင်းလွတ်အောင် တရားအားထုတ်	၂၁၁
	ခန္ဓာငါးပါးသေမင်း	၂၁၅
	လောကဆိုတာ	၂၁၇
	ဝဇီရာသုတ်	၂၁၈
	မာရ်နတ်နှင့် ဝဇီရာရဟန်းမ	၂၂၁
	ရထားပမာသတ္တဝါ	၂၂၂
	ဒုက္ခဖြစ်တည်ပျက်	၂၂၅
၆။	**အတွင်းရန်သူ နန္ဒီရာဂ**	၂၂၈
	❐ (၁၃၂၈-ခု၊ ဒုတိယဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်)	၂၂၃
	ခန္ဓာရှိလို့သေရတာ	၂၂၃
	ငယ်ပေါင်းမိတ်ဆွေဖြစ်တဲ့ရန်သူလိုက်	၂၃၄
	နန္ဒီရာဂ	၂၃၅
	မြင်ရာမှ စိတ်အစဉ်ဖြစ်ပုံ	၂၃၇
	ဘဝင်စိတ်ဖြစ်	၂၃၈
	ပဉ္စဒ္ဒါရာဝဇ္ဇန်းစသည်ဖြစ်	၂၃၈
	မသွားတတ်သေးဘူး	၂၄၃
	သဘောကျမနေနဲ့ မှတ်လိုက်ဦး	၂၄၅
	ဂေါတြဘူထိအောင်သာယာတဲ့ နန္ဒီရာဂ	၂၄၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ရွာပျက်ပမာ ခြောက်ဒွါရ	၂၄၇
	ဓားပြပမာ ခြောက်ဖြာအာရုံ	၂၄၈
	ဒီဘက်ကမ်းပမာ သက္ကာယာ	၂၄၉
	နန္ဒီရာဂ	၂၅၀
	သောဏကုဋိကဏ္ဏမထေရ်အကြောင်း	၂၅၀
	ပြိတ္တာမြို့ရောက်	၂၅၄
	နေ့ခံ ညစံ	၂၅၅
	နေ့ခံ ညစံ ပြိတ္တာရဲ့ဇာတ်ကြောင်း	၂၅၆
	ကင်းခြေများကြီးများ စားခံရတဲ့ပြိတ္တာ	၂၅၇
	နတ်သမီးနှင့်ပြိတ္တာ ၄-ယောက်	၂၅၈
	နတ်သမီးနှင့်ပြိတ္တာ ၄-ယောက်တို့၏အတိတ်ဇာတ်ကြောင်း	၂၆၀
	သံယာ့ဂုဏ်အာရုံပြု	၂၆၃
	ဘုရားအစစ်ကိုရှိခိုးတာ	၂၆၄
	ခင်ပွန်းပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း	၂၆၅
	သားပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း	၂၆၇
	ချွေးမပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း	၂၆၈
	ကျွန်မပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း	၂၇၀
	ပုဏ္ဏားမနတ်သမီး၏ အတိတ်ဇာတ်ကြောင်း	၂၇၁
	ကျွန်ပုဏ္ဏ၏ နန္ဒီရာဂ	၂၇၂
	ဆုတောင်းမှားလို့ပြိတ္တာမ ဖြစ်ရ	၂၇၃
	သောဏရဟန္တာဖြစ်	၂၇၆
	ကာမဂုဏ်မရရင် ပျက်စီးသွားနိုင်	၂၇၈
	ကာမဂုဏ်ဆိုတာ ဘေးရန်အန္တရာယ်	၂၈၀
	သောဏရဟန်း ဆုငါးပါးတောင်းသဖြင့် ဘုရားရှင် ခွင့်ပြုတော်မူခြင်း	၂၈၀

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇။	**ရွာပျက်ပမာ ခြောက်ဖြာနွားရ ရှုမြင်ကြ**	၂၈၁
	❐ (၁၃၂၈-ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၈-ရက်နေ့ ဟောကြားတော်မူသည်။)	
	ရွာပျက်ကုန်းပမာ ၆-ဖြာဖွါရ	၂၈၁
	ဓာတ်ကြီး ၄-ပါးကြောက်လို့ တရားအားထုတ်ခြင်း	၂၈၃
	ခန္ဓာငါးပါး သူသတ်သမား	၂၈၄
	လူသတ်သမား ခန္ဓာကလွတ်အောင်တရားအားထုတ်	၂၈၅
	နန္ဒီရာဂမှလွတ်အောင် တရားအားထုတ်	၂၈၅
	ရွာပျက်ပမာ ၆-ဖြာဖွါရ	၂၈၆
	မြင်မှုဖြစ်ကြောင်း	၂၈၇
	မျက်လုံးအသုံးမကျ အနှစ်မရှိ	၂၉၀
	မျက်စိကိုရှုမှတ်သိ	၂၉၄
	ရုပ်ကနှိပ်စက်ပုံ	၃၀၂
	ရုပ်၌အစိုးမရခြင်း	၃၀၄
	မြင်မှုက သိနိုင်ခဲ	၃၀၈
	ဘင်္ဂာဏ်ရောက်ခဲ	၃၀၈
	တရားထူးရပြီလို့ထင်နေကြ	၃၀၉
	ဝေဒနာပျောက်ရင် သောတာပန်လို့ဟောကြ	၃၀၉
	အသုဘထင်လျှင် သကဒါဂါမ်လို့ ဟောကြ	၃၁၀
	သမာဓိအာရုံနိမိတ်	၃၁၀
	ဘင်္ဂာဏ်ရောက်ရင် ပုံသဏ္ဌာန်တည်နေမှုမရှိ	၃၁၁
	နားရုပ်၌ ရှုမှတ်သိ	၃၁၃
	နှာခေါင်းရုပ်၌ ရှုမှတ်သိ	၃၁၅
	လျှာ၌ ရှုမှတ်သိ	၃၁၆
	ကိုယ်ရုပ်၌ ရှုမှတ်သိ	၃၁၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ရမ်းသန်းပြီးဟောကြ	၃၁၉
	ဒုက္ခဝေဒနာလဲရှုရမယ်	၃၂၀
	ဘုရားကိုပုတ်ခတ်ရာရောက်ခြင်း	၃၂၁
	စိတ်ကိုရှုမှတ်သိ	၃၂၅
	ဒွါရ ၆-ဖြာ အသုံးမကျအချည်းနှီးသာ	၃၂၅
	မြင်ဆဲစသည်၌ ဝိပဿနာရှု	၃၂၇
	သမ္မသနဉာဏ်စသည်ဖြစ်	၃၃၀
	အာဒီနဝဉာဏ်ဖြစ်ပုံ	၃၃၀
	တချို့ဥပမာက ဥပမေယျထက်ခက်	၃၃၂
	အာရုံချုပ်ဆုံးရုံဟာ နိဗ္ဗာန်မဟုတ်	၃၃၃
	သောတာပန်စသည်ဖြစ်တယ်လို့မပြော	၃၃၄
	ကိလေသာကင်းမှ အရိယာ	၃၃၅
	ဉာဏ်စဉ်ဖြစ်ရန်အရေးကြီး	၃၃၅
	ဉာဏ်ထဲဖြစ်ပျက်မြင်အောင်ရှု	၃၃၅
	အနိစ္စဝိပဿနာစသည်	၃၃၆
	ဒွါရ ၆-ပါး နိဗ္ဗာန်ရောက်ကြောင်းတရား	၃၃၈
၈။	**ဤဆက်တမ်းစ ဆဏ္ဌာယ**	၃၄၀
	ဘေးရန်ထူပြွမ်း ဒီဘက်ကမ်း	၃၄၀
	ဘေးရန်မသန်း ဟိုဘက်ကမ်း	၃၄၁
	ဘေးရန်မသန်း နိဗ္ဗာန်ဟိုဘက်ကမ်း	၃၄၄
	သက္ကာယ ဥပါဒါနက္ခန္ဓာ	၃၄၅
	ဥပါဒါနက္ခန္ဓာကို ဝိပဿနာရှု	၃၄၈
	ဒိဋ္ဌိရှုနှင့် ဝိပဿနာရှု	၃၅၀
	အမှန်အတိုင်းရှု	၃၅၀
	ဖြစ်တိုင်းမှတ်ရှု	၃၅၁

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ရုပ်နာမ်ရှုရင်းနှီး နိဗ္ဗာန်ရောက်	၃၅၃
	သက္ကာယနှင့် သက္ကာယဒိဋ္ဌိ	၃၅၃
	အတ္တစွဲအမျိုးမျိုး	၃၆၁
	သက္ကာယဒိဋ္ဌိကင်းရန်အရေးကြီး	၃၆၅
	နိဗ္ဗာန်ကိုရွေ့လို့မရ	၃၆၉
	ကိုယ့်ဘာသာဉာဏ်စဉ်တက်ကြ	၃၆၉
	မဂ်ဖိုလ်မှ နိဗ္ဗာန်ကိုနှလုံးသွင်းနိုင်	၃၇၁
	အဝတ်လျှော်ခြင်းပမာ ဝိပဿနာရှုပါ	၃၇၃
	ပါရမီဆုတောင်းနဲ့လာခြင်း	၃၇၃
	သက္ကာယခေါ် ရုပ်နာမ်ကို ဝိပဿနာရှုကြ	၃၇၅
၉။	**ရှစ်တန်မပွင့် ဖောင်ဖွဲ့ဆင်**	၃၇၉
	ဘေးရန်ထူပြွမ်း ဒီဘက်ကမ်း	၃၈၀
	ယုံကြည်မှုသဒ္ဓါ အရေးကြီး	၃၈၁
	ဖြစ်တိုင်းလိုက်ရှု မြင်သိမယ်	၃၈၃
	သညာပြောင်းလိုက်ရုံပဲ	၃၈၄
	ဖြစ်တိုင်းရှုရုံသာရှုပါ	၃၈၆
	သမ္မာဒိဋ္ဌိဖြစ်ပုံ	၃၈၇
	မဂ္ဂ, နိဗ္ဗာနသစ္စာရအောင် အားထုတ်ကြ	၃၈၇
	ဒုက္ခနှင့် သမုဒယကိုရှု	၃၈၈
	ဖြစ်ပျက် အမြဲနှိပ်စက်	၃၈၉
	ဖြစ်တိုင်းလိုက်ရှုနေ	၃၉၁
	သတ္တဝါအကျိုးအတွက် ဘုရားပွင့်လာ	၃၉၂
	သဒ္ဓါသီလဝိရိယရှိဖို့လို	၃၉၄
	ခဏိကသမာဓိ	၃၉၅
	ပုထုဇဉ်နိဗ္ဗာန်ကိုအာရုံပြုတဲ့အချိန်	၃၉၇

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဒုက္ခသစ္စာရှု	၃၉၈
	အနိစ္စာနုပဿနာဉာဏ်	၃၉၉
	သမ္မာဒိဋ္ဌိဖြစ်ရင် ကျန်မဂ္ဂင်ခုနစ်ပါးလဲဖြစ်	၄၀၄
	ပြတင်းပေါက်ကလူပမာ ဝိတက္ကာ	၄၀၆
	ရှုတိုင်း မဂ္ဂင်ရှစ်ပါးဖောင်ဖွဲ့	၄၀၇
	အမှန်အတိုင်းမြင်	၄၀၉
	တစ်ခါရှုမှတ်ရင် လက္ခဏာ ၃-ပါး တစ်ခုချင်းသိ	၄၁၀
	ဘင်္ဂဉာဏ်ရောက်ရင် ပုံသဏ္ဌာန်မရှိ	၄၁၁
	နိရောဓသစ္စာသိခြင်း	၄၁၃
	သိမှုကိစ္စပြီး	၄၁၄
	သမ္မာသင်္ကပ္ပ	၄၁၆
	သင်္ကပ္ပ ၃-မျိုး	၄၁၇
	နေက္ခမ္မသင်္ကပ္ပ	၄၁၇
	အဗျာပါဒ သင်္ကပ္ပ	၄၁၉
	အဝိဟိသ သင်္ကပ္ပ	၄၂၀
	သမ္မာဝါစာ	၄၂၁
	ဖရုသဝါစာရှောင်ဖို့အရေးကြီး	၄၂၄
	သမ္မာကမ္မန္တ	၄၂၆
	သမ္မာအာဇီဝ	၄၂၈
၁၀။	**ဆုံးတန်ဆာမိမဂ္ဂင်၊ ဖောင်ဖွဲ့ဆင်**	၄၃၃
	မဂ္ဂင်ဖောင်	၄၃၃
	နည်းကောင်းလမ်းကောင်း	၄၃၄
	အပါယ်ဒုက္ခ	၄၃၅
	နိဗ္ဗာန်ရဖို့ ဝိပဿနာအားထုတ်တာ	၄၃၇
	သမ္မာဝါယာမ	၄၃၈

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အကုသိုလ်မဖြစ်အောင် အားထုတ်	၄၃၈
	ဖြစ်ပြီးအကုသိုလ် ပယ်နိုင်အောင်အားထုတ်	၄၄၃
	မမြင်ရရင် ကိလေသာငြိမ်းတယ်	၄၄၅
	မြင်ရင်ကိလေသာဖြစ်	၄၄၆
	ကုသိုလ်ဖြစ်အောင်အားထုတ်	၄၄၉
	ဖြစ်ပြီးကုသိုလ် တိုးပွားအောင်လုပ်	၄၅၀
	သီလပြည့်စုံရုံမျှ စိတ်ချပြီးမနေနဲ့	၄၅၀
	ဗဟုသုတပြည့်စုံရုံမျှ စိတ်ချမနေနဲ့	၄၅၁
	စျာန်ရရုံမျှ စိတ်ချပြီးမနေနဲ့	၄၅၄
	ဆိတ်ငြိမ်ရာနေနိုင်ရုံမျှ စိတ်ချပြီးမနေနဲ့	၄၅၄
	အနာဂါမ်ဖြစ်ရုံမျှ စိတ်ချပြီးမနေနဲ့	၄၅၅
	သမ္မာသတိမဂ္ဂင်	၄၆၁
	ရူပ်သဘောတရား မိအောင်ရှု	၄၆၁
	ရူပ်ကြမ်း ရူပ်နုဝါဒ	၄၆၄
	သတိပဋ္ဌာန်နည်းနဲ့ကြည့်	၄၆၅
	ဝိရိယလက်နက်ဆောင်	၄၆၅
	သတိနှင့်ဉာဏ်	၄၆၆
	ကာယာနုပဿနာ	၄၆၈
	ရူပ်၌ရှုရကျိုး	၄၆၉
	ဝေဒနာနုပဿနာ	၄၇၀
	ဒုက္ခ ၃-မျိုး	၄၇၀
	စိတ္တာနုပဿနာ	၄၇၂
	ဓမ္မာနုပဿနာ	၄၇၃
	သမ္မာသမာဓိ	၄၇၆
	အာနာပါန အားထုတ်	၄၇၈

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဈာန်မပါပဲ ဝိပဿနာရှုလို့မဖြစ်	၄၈၁
	ဥပစာရသမာဓိဖြင့် ဝိပဿနာရှုရင်ဖြစ်ပုံ	၄၈၃
၁၁။	**မဂ္ဂင်ဖောင်ကြီး စီးလို့တူး**	၄၈၇
	သီလမဂ္ဂင်	၄၈၈
	သမာဓိမဂ္ဂင်	၄၉၀
	ပန်းခူးသူပမာ	၄၉၁
	ပညာမဂ္ဂင်	၄၉၂
	အသိဉာဏ်နှင့် ပညာအစစ်	၄၉၂
	သမ္မာဒိဋ္ဌိ ၅-ပါး	၄၉၄
	ဈာနသမ္မာဒိဋ္ဌိ	၄၉၄
	ဝိပဿနာသမ္မာဒိဋ္ဌိ	၄၉၅
	သမ္မာသင်္ကပ္ပ	၄၉၇
	ရှုမှတ်တိုင်း သီလ, သမာဓိ, ပညာဖြစ်	၄၉၇
	မဂ္ဂင်ဖောင်နှင့်ကူးရာ ဝိရိယအရေးကြီး	၄၉၈
	အသက်မွေးမှုလေးခု	၅၀၁
	လုံ့လအကျိုးခံစားရသူ	၅၀၂
	ကံအကျိုးခံစားရသူ	၅၀၂
	လုံ့လနှင့်ကံအကျိုးခံစားရသူ	၅၀၂
	လုံ့လနှင့်ကံအကျိုးမခံစားရသူ	၅၀၂
	လုံ့လအရေးကြီး	၅၀၃
	တရားအားထုတ်ကြ	၅၀၆
	နိဗ္ဗာန်မြင်	၅၀၉
	သောတာပန်၏ဂုဏ်များ	၅၁၁
	သက္ကာယဒိဋ္ဌိ	၅၁၂
	ဝိစိကိစ္ဆာ	၅၁၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဘုရားဥယျဉ်မှား	၅၁၅
	တရားဥယျဉ်မှား	၅၁၆
	သံဃာဥယျဉ်မှား	၅၁၇
	အကျင့်သိက္ခာဥယျဉ်မှား	၅၁၈
	သီလဗွတပရာမာသ	၅၂၀
	ဆရာများတဲ့ပုထုဇဉ်	၅၂၃
	နည်းမှန်ကျင့်မှန်	၅၂၄
	သံယောဇဉ် ၃-ပါး ကင်းရကျိုး	၅၂၆
	တံခါးတိုင်ပုံဟန် သောတာပန်	၅၂၈
	သံယောဇဉ် ၇-ပါးကျန်သေး	၅၃၁
	သကဒါဂါမိမဂ်ရောက်	၅၃၃
	ဝါဒအမျိုးမျိုး	၅၃၃
	အနာဂါမိမဂ်ရောက်	၅၃၅
	ဩရမ္ဘာဂိယသံယောဇဉ်	၅၃၇
	ရဟန္တာဖြစ်၊ ဟိုဘက်ကမ်းရောက်	၅၃၈
	ဥဒ္ဓံဘာဂိယသံယောဇဉ်	၅၄၃
	ထန်းငုတ်ပမာ ရဟန္တာကိုယ်ခန္ဓာ	၅၄၇
	ရဟန္တာမှာ ဝါသနာရှိသေး	၅၄၈
	မဟာယာနဝါဒ	၅၄၉
	ရဟန္တာ၏ဂုဏ်များ	၅၅၀

× × × × ×

http://www.dhammadownload.com

ရှေးဦးစကားလက်ဆောင်

ကျွန်ုပ်တို့ ကျောင်းသားဘဝ လွန်ခဲ့သော အနှစ် (၅၀) ကျော်က သတင်းစာဆောင်းပါးတစ်ခုတွင် "သိပ္ပံပညာရှင်များ၏ ယူဆချက်အရ ရှေးနှစ်ပေါင်းများစွာက အသဲလိုင်းများသည် စကြဝဠာအတွင်း ပျံ့နှံ့လျက်ရှိနိုင်သည်ဖြစ်ရာ ၄င်းအသဲလိုင်းများကို ပြန်လည်ဖမ်းယူနားထောင်ရန် အကြောင်းရှိသည်ဟူသော မှန်းမျှော်ယူဆချက်တွေ့ရှိဖတ်ရှုခဲ့ရသည်ကို မှတ်မိပေသည်။ ထိုစဉ်က မိမိတို့ စိတ်တွင်ဖြစ်ပေါ်ခဲ့သည်မှာ ဤယူဆချက်အရ ဖြစ်မြောက်အောင်မြင်လျှင် အနန္တကျေးဇူးတော်ရှင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဟောကြားမြွက်ဟတော်မူခဲ့သော တရားဓမ္မတော်များ၊ လက်ဝဲရံ, လက်ယာရံ သာဝကကြီးများ၏ တရားအသံတော်များ ပြန်လည်ကြားနာရလျှင် ကောင်းလေစွဟု အောက်မေ့မိခဲ့ပါသည်။

ယခုအချိန်အထိ အဆိုပါမျှော်မှန်းချက်အောင်မြင်သည်ကို မတွေ့ရသေးသော်လည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဖြစ်ထွန်းပေါ်ပေါက်လျက် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် နှစ်ပေါင်းများစွာ ဟောကြားတော်မူခဲ့သော တရားတော်များကို နာကြားရသည့်အခါ နှစ်ထောင်းအားရ နှစ်သိမ့်ခြင်း ပီတိများ တဖွားဖွားဖြစ်ပေါ်ရပေသည်။ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သာသနာ့ရိပ်သာသို့ ရောက်ရှိပြီး တရားတော်များ ဟောကြားခိုးမြွင့်တော်မူခဲ့သော်လည်း ၁၃၂၄ ခု၊ တော်သလင်းလမှစ၍ ကရုဏာကြီးမားစွာဖြင့် နောင်လာနောက်သားများ ကြားနာကြည်ညိုနိုင်ရန် ဟူသော မြွက်ဟချက်ဖြင့် ဓမ္မစက္ကပဝတ္တနသုတ်တရားတော်ကြီးမှစ၍ အစဉ်အတိုင်းများစွာသော သုတ်တရားတော်များကို ဟောကြားတော်မူခဲ့ပေသည်။ ဤစာရေးသူနှင့်ထိုစဉ်က ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အတွင်းရေးမှူး ဦးသိန်းအောင်၊ ကျောင်းဒါယကာ ဦးကြင်ပိုတို့ပါဝင်သော ဥပါသကာများ၊ အန္တေဝါသိက တပည့်ကြီးများက ရီကော်ဒါများဖြင့် အသံဖမ်းယူခဲ့ပါသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ကြည်လင်ပြတ်သား သော အသံတော်များဖြင့် အပိုအလိုမရှိ တိတိကျကျ ဟောကြားတော်မူလျက် ဝိပဿနာအလုပ်ဖြင့် အမြဲတမ်းတန်ဆာဆင်ဟောကြားတော်မူသည့် တရားတော် များ၏ အဖိုးအနှုတ်ထိုက်တန်ပုံကို ထိုစဉ်က သဘောပေါက်တော်မူခဲ့သော မဟာစည်နာယကအဖွဲ့ကြီး၏ အဖွဲ့ဝင်နှင့် ယခုဖျာပုံမြို့ သာသနာ့ရိပ်သာ နာယက ဆရာတော် ဦးဝဏ္ဏိတ အရှင်သူမြတ်သည် ၄င်း၏တပည့်များ အကူအညီဖြင့် တိတ်ကြိုးခွေများမှ အသံထုတ်လျက် စာမူများပြုစုထားခဲ့ပါသည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဤစာရေးသူနှင့် ဦးသိန်းအောင် တို့သည် မိမိတို့ထံရှိ စာမူများကို ဆရာတော်ဘုရားကြီးထံ တင်ပြ၍ ကျမ်းစာအုပ် များအဖြစ် ရောက်ရှိနိုင်ရန် လျှောက်ထားခဲ့သည့်အတိုင်း ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် တည်းဖြတ်သုတ်သင်ခြင်းဖြင့် စာမူချောများအဖြစ် ရောက်ရှိခဲ့ပြီး ဓမ္မစကြာတရားတော်ကြီး အစရှိသော ကျမ်းစာအုပ်များ အဆက်မပြတ် ထွက်ပေါ် ခဲ့ပါသည်။ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးသည် ပြည်တွင်းပြည်ပ သာသနာ ပြုလုပ်ငန်းများ မနားမနေ ဆောင်ရွက်နေရသည့်ကြားမှပင် ကျမ်းစာအုပ်များ ရေးသားပြုစုတော်မူခဲ့ပေရာ သခ်ါရတရားတို့၏ သဘောတရားအရ ဇရာတရား သည်လည်း တဖြည်းဖြည်း ဆရာတော်ဘုရားကြီးအား လွှမ်းမိုးခဲ့ပေသည်။ သို့ဖြစ်ရာ ဆရာတော်ဘုရားကြီး၏ နှုတ်တော်မှ အခါအားလျော်စွာ ကျမ်းစာရေးခြင်းနှင့် ပတ်သက်၍ မိန့်မြွက်တော်မူသည်မှာ "တော်လောက်ပါပြီ၊ ဘုန်းကြီးဟောကြား ရေးသားခဲ့တာတွေ ပြည့်စုံပါပြီ" ဟူသော စကားတော်များပင် ဖြစ်ပါသည်။

မှန်ပါသည်၊ ဤကဲ့သို့သော အခြေအနေတွင် ကျေးဇူးတော်ရှင်ဆရာတော် ဘုရားကြီးအား မိမိထံတွင် ကျန်ရှိနေသော **"အာသီဝိသောပမသုတ်"** တရားတော် စာမူကြီးနှင့် အခြားစာမူနှစ်ခုကို တင်ပြလျှောက်ထားလျှင် အထာမသိသော တပည့် တစ်ဦးအဖြစ်ရောက်ရှိပေတော့မည်။ သို့ဖြစ်ရာ နောင်အကြောင်းအားလျော်စွာ

http://www.dhammadownload.com

အခြေအနေကြည့်၍ အသုံးပြုရပေတော့မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး နောက်ဆုံးတည်းဖြတ်တော်မူခဲ့သော အဘိဓမ္မာတရားတော်၏ နိဒါန်းစာမူကို ဝက်လက်ဆရာတော် မစိုးရိမ်ဦးတိသဃထံမှ ရရှိပြီး ဤစာရေးသူပင် ကိုယ်တိုင် ဆရာတော်ဘုရားကြီးအား ဆက်ကပ်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် အဘိဓမ္မာတရားတော်ကြီးစာအုပ်အဖြစ်သို့ မရောက်မီ ၁၃၄၄-ခု၊ ဒုတိယဝါဆိုလဆုတ် (၁၀) ရက်နေ့တွင် သခီရတရားအားလျော်စွာ ရုပ်နာမ်ခန္ဓာကို စွန့်ခွာတော်မူခဲ့လေပြီ။ အဘိဓမ္မာတရားတော်စာအုပ်ကြီးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးပြုစုရေးသားတော်မူသော တရားတော်ကြီးအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီး ဤစာရေးသူထံတွင် စာမူကြီးသုံးခုမှာ တစ်ပွေ့တစ်ပိုက် ကျန်ရစ်လျက်ရှိရာ ယခု ဩဝါဒိစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံတင်ပြလျက် ကျမ်းစာအုပ်အဖြစ်သို့ ရိုက်နှိပ်နိုင်ရန် ခွင့်ပန်လျှောက်ထားပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ အမှုဆောင်အစည်းအဝေးတွင် တင်ပြခွင့်ပန်ရရှိခဲ့ပါသည်။ ဩဝါဒိစရိယဆရာတော်ဘုရားကြီးကလည်း မိမိ၏ တပည့်များအား ကြည့်ရှုစေပြီး ခွင့်ပြုခဲ့သဖြင့် စက်တင်ပုံနှိပ်ရန် စီစဉ်ခဲ့ရပါသည်။ ထိုကဲ့သို့ စီစဉ်ခဲ့သည့်အတိုင်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော နက်နဲသိမ်မွေ့သည့် မြတ်စွာဘုရားတရားတော်များအနက် ဤအာသီဝိသောပမသုတ် တရားတော်ကြီးမှာ ဆရာတော်ဘုရားကြီး၏ နှုတ်တော်မှ မြွက်ဟတော်မူခဲ့သည့်အတိုင်း တစ်လုံးတစ်ပါဒမကျန် (တည်းဖြတ်သုတ်သင်တော်မူခြင်း ခံရသော) ပထမဦးဆုံး ကျမ်းစာ, စာအုပ်ကြီးဟုဆိုလျှင်မှားအံ့မထင်ပေ။

အစိန္တေယျ သုံးလောကထွဋ်ထား သတ္တဉာဏ်မြတ်စွာဘုရားသည် ကျွတ်ထိုက်သည်သတ္တဝါတို့အား ဟောကြားချွေချွတ်တော်မူရာတွင် မည်မျှဆန်းဆန်းကြယ်

http://www.dhammadownload.com

ဥပမာ ဥပမေယျတို့ဖြင့် ဟောကြားတော်မူပုံ၊ ထိုကဲ့သို့ လေးနက်ဆန်းကြယ်သော တရားတော်များကို ယခုခေတ်လူများပင် နားလည်သဘောပေါက်၍ သံဝေဂယူနိုင်စေရန် စေ့စေ့စုံစုံ အကျယ်တဝင့် ကရုဏာကြီးမားစွာဖြင့် တစ်ဖန်ပြန်လည် ဟောကြားတော်မူခဲ့သော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ဂုဏ်တော်တို့ကို အာရုံပြုလျက် ဆရာတော်ဘုရားကြီး ဟောကြားတော်မူစဉ်က အသံတော်တို့ကို ကြားယောင်လျက်ရှိပြီး သတ္ထဝါဝေနေယျအပေါင်း ကျန်းမာချမ်းသာစေကြောင်းနှင့် သူတော်ကောင်းတရားသည် ဤကမ္ဘာကြီးနှင့် စကြဝဠာ တစ်သောင်းတိုက်အား လွှမ်းမိုးရစ်ပတ်ပါစေသော် ဟုဆုမွန်တောင်းလျက် နိဂုံးချုပ်အပ်ပါသည်။

အားလုံးသတ္ထဝါတွေ ချမ်းသာကြပါစေ။

ဦးဆိန်းဇန်

ဘီ-အေ-ဘီ-အယ်လ်

မဟာစည်ယောဂီ၊ ရန်ကုန်မြို့။

၁၈-၃-၈၅

http://www.dhammadownload.com

ဆဋ္ဌာယတနဝဂ္ဂဆံယုတ် စာမျက်နှာ–၃၈၁ လာ

အာသီဝိဓဇာပမသုတ်

တရားတော်

၁၃၂၈-ခု၊ ကဆုန်လကွယ်နေ့ ဟောကြားတော်မူသည်။

ဥပမာပိုင်း

ဒီကနေ့တော့ သံယုတ္တနိကာယ်က သဠာယတနဝဂ္ဂသံယုတ် အာသီဝိသဝဂ္ဂ၊ အာသီဝိသောပမသုတ္တန်ကြီးဆိုတာ ဟောရမယ်။ အာသီဝိသောပမသုတ္တန်ကြီးဆိုတာကတော့ ဘုန်းကြီးဟောခဲ့တာ အကြိမ်ပေါင်းများလှပါပြီ။ ပထမစပြီး ကမ္မဋ္ဌာန်းတရား ဟောခဲ့ကတည်းက သူ့ကိုဟောလာတာကြာလှပြီ။ အရပ်ရပ် အနယ်နယ် နှံ့နှံ့ပြားပြားဟောဖူးပါပြီ။ ဒီသာသနာ့ရိပ်သာမှာကိုပဲ အရင်က ၂-ကြိမ်လောက်တော့ ဟောဖူးပြီလို့ထင်တာပဲ။ ဒါပေမယ့်လို့ ရှေးတုန်းကတော့ အခုလို အသံဖမ်းထားရတာက မရှိသေးဘူး။ အခုတော့ တရားအသံဖမ်းထားတော့ နောက်လဲပဲ အလိုရှိတဲ့ပုဂ္ဂိုလ်တွေ နာကြားရအောင် ပြည့်ပြည့်စုံစုံပဲဟောရမယ်။ အလျင်က ဘုန်းကြီးများ သုတ္တန်တရားတွေ ဟောပေမယ့်လို့ နားလည်လွယ်တဲ့နည်းနဲ့ အတို ချုံးပြီးတော့ဟောတယ်။

http://www.dhammadownload.com

ဒီတစ်ခါတော့ ပါဠိတော်ထဲမှာရှိတဲ့အတိုင်း အကုန်လုံးဟောမှဖြစ်မှာ၊ အကျယ်ပဲဟောရမယ်။ သူပါဠိကလဲပဲ သိပ်မကျယ်ပါဘူး ဒီသုတ်ကတော့ ခပ်ကျဉ်းကျဉ်းပါပဲ၊ သုတ်ထဲက တိုက်ရိုက်ကတော့ ကျဉ်းကျဉ်းပဲ၊ အဲဒီဥစ္စာကိုနားလည်အောင် ချဲ့ပြီးတော့ဟောရမယ်။ သူသုတ်ထဲမှာပါတဲ့အတိုင်း ဖြည်းဖြည်းချင်းပေါ့။ ကုန်ချင်တဲ့အခါတော့ ကုန်သွားမှာပေါ့။ သူက ဟောလို့လည်းမကုန်နိုင်ဘူး။ ဒီတော့ ဘုရားဟောတော်မူတဲ့ အစဉ်အတိုင်း ပြည့်ပြည့်စုံစုံဒီတစ်ခါ ဟောရမယ်။

ဒုက္ခလက္ခဏာထင်တဲ့ ဝိပဿီတညာပုဂ္ဂိုလ်အတွက် ဟောခြင်း

ဒီသုတ်က ဒုက္ခလက္ခဏာနဲ့ ဟောတဲ့သုတ်ပဲ။ အဋ္ဌကထာ စိစစ်ဝေဖန်ပြီး ပြထားပါတယ်။ ဒုက္ခလက္ခဏာကမဖွဘန်းနဲ့ သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီမှာလဲပဲ ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဿီတညူပုဂ္ဂိုလ်တွေများအတွက် ဟောတယ်တဲ့။

အဲဒီအခါတုန်းက တရားနာမယ့် ရဟန်းတော်တွေဟာ တစ်ပါးချင်းနေတဲ့ ပုဂ္ဂိုလ်တွေလဲရှိတယ်။ ၂-ပါး၊ ၃-ပါး၊ ၄-ပါး၊ ၅-ပါးစသည် သဘောတူတာတွေ စုပေါင်းပြီးတော့နေကြတဲ့ ပုဂ္ဂိုလ်တွေလဲရှိကြတယ်။ အားလုံးသောရဟန်းတော်တွေဟာ တရားအားထုတ်နေကြတဲ့ ဝိပဿနာယောဂီပုဂ္ဂိုလ်တွေပဲတဲ့။ အခုသာသနာ့ရိပ်သာမှာ တရားအားထုတ်နေကြတဲ့ ရဟန်းတော်တွေလိုပေါ့လေ။

တရားအားထုတ်ရန် ရဟန်းပြုခြင်း

မြတ်စွာဘုရားလက်ထက်တုန်းကတော့ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုတယ်ဆိုကတည်းက တရားအားထုတ်ဖို့ရာ ဝင်လာကြတာပဲ။ မြတ်စွာဘုရားဟောတော်မူတဲ့တရားတွေ ကြားနာရတော့ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတွေနဲ့ တို့တွေ့နေရတယ်။ တစ်ဘဝပြီးတစ်ဘဝ အသစ်အသစ်ဖြစ်၊ ဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရ၊ စိုးရိမ်ပူဆွေးရ၊ ငိုကြွေးရ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေနဲ့တွေ့ရ၊ ဒုက္ခတွေရောက်နေတယ်။ အဲဒီဒုက္ခတွေက ဘယ်လိုလုပ်ပြီး လွတ်မြောက်ပါ့မလဲလို့ ဆင်ခြင်စဉ်းစားကြည့်တဲ့အခါ မြတ်စွာဘုရားဟောတဲ့ တရားတွေကြားရ နာရတော့ ဒီတရားအတိုင်းအားထုတ်မှပဲ လွတ်မြောက်မယ်ဆိုတာတွေ့ ယုံကြည်ရတယ်။ ဒီပြင် နည်းနဲ့တော့လွတ်မြောက်ဖို့ရာမရှိဘူး။ မြတ်စွာဘုရား ဟောကြားတဲ့အတိုင်းပဲ။

http://www.dhammadownload.com

သီလ၊ သမာဓိ၊ ပညာအကျင့်တွေကို ကောင်းကောင်းကျင့်မှပဲ ပြည့်ပြည့်စုံစုံကျင့်မှပဲ။ ဒီသံသရာဝဋ်ဆင်းရဲက လွတ်မြောက်မယ်ဆိုတာ ယုံကြည်ပြီးတော့ သစ္စါတရားနဲ့သာသနာ့ဘောင်ဝင်ပြီးတော့ ရဟန်းပြုကြတယ်။ တချို့သူဌေးသားတွေ မင်းသားတွေ အဲဒီလိုပုဂ္ဂိုလ်တွေပါ။ အင်မတန်ကို ချမ်းချမ်းသာသာနေရတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒါလောက် ချမ်းသာပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရား သာသနာဘောင်ဝင်ပြီးတော့ ရဟန်းပြုကြတယ်။

အခုကာလ ရဟန်းပြုရန်လွယ်ကူခြင်း

ဟိုတုန်းက ရဟန်းပြုရတယ်ဆိုတာလဲပဲ လွယ်တဲ့ဥစ္စာမဟုတ်ဘူး။ အခုကာလရဟန်းပြုတာ အလွယ်ချည်းဟာပဲ။ အခုကာလရဟန်းပြုတာက သင်္ကန်းကလေး ပရိက္ခရာကလေးတွေ သွားဝယ်ပြီးတော့ သင်္ကန်းဝတ်၊ သင်္ကန်းဝတ်ပြီးတော့လဲပဲ နေစရာထိုင်စရာ ကျောင်းကလဲ အသင့်ရှိနေတာ၊ စားစရာကလဲပဲ မိမိတို့ဆိုင်ရာကနေပြီးတော့ ဆွမ်းတွေလှူနေတော့ စားစရာကလဲ အဆင်သင့်ရှိနေတာ။ ဝတ်စရာသင်္ကန်းဆိုလဲပဲ ဘာမှကြောင့်ကြစရာမရှိဘူး။ ကိုယ့်ဆွေမျိုးသားချင်းထဲကပဲ မလှူနဲ့ဦးတော့ ဆွမ်းခံသွားလိုက်မယ်ဆိုရင်လဲ ဆွမ်းကလွယ်လွယ်ကူကူရတာပဲ၊ သင်္ကန်းတို့လဲ သူ့အချိန်အခါနဲ့သူ ပြည့်စုံနေတာပါပဲ။ ဒီတော့ အခုနေအခါကာလ သင်္ကန်းဝတ်ရတယ်ဆိုတာ အလွယ်ကြီးလို့ဆိုရမှာပဲ။

လူးတုန်းက ရဟန်းပြုရန် မလွယ်ကူ

ဘုရားလက်ထက်တုန်းက ဒီလိုမဟုတ်ဘူး။ သာသနာစခါစကဆိုရင် လှူဖွယ်တွေဆိုတာ ဘယ်ဒကာ၊ ဒကာမကမှ လာလှူလိမ့်မယ်မဟုတ်ဘူး။ ဆွမ်းခံသွားရတယ်။ ဆွမ်းခံသွားပြန်လဲ သာသနာ ပထမစခါစကဆိုလို့ရှိရင် ကြည်ညိုတဲ့ပုဂ္ဂိုလ်က သိပ်ရှိသေးတာမဟုတ်သေးဘူး။ ဆွမ်းလောင်းမယ့်ပုဂ္ဂိုလ်လဲ သိပ်များများရှိတာမဟုတ်ဘူး။ ရချင်မှရတယ်။ သိပ်မသေချာဘူး။ အဲဒီလို နေရတာ ဝတ်စရာသင်္ကန်းဆိုလို့ရှိရင်လဲ အခုလို သင်္ကန်းဆိုင်တွေနဲ့ အခုလိုသင်္ကန်းဝယ်ပြီးတော့ လှူတာဘယ်ရှိလိမ့်မှာတုန်း မရှိသေးဘူး၊ ပုံသကူသင်္ကန်းတွေ ရှာပြီးတော့

http://www.dhammadownload.com

ဝတ်ရတယ်။ အဲဒီလိုနေရတာပါ၊ ရဟန်းဝတ်လိုက်တဲ့ အချိန်ကစပြီးတော့ အမိမရှိ၊ အဘ မရှိ၊ ဆွေမျိုးမရှိ၊ သပိတ်သင်္ကန်းပဲရှိတာပဲ။ သပိတ်တစ်လုံး သင်္ကန်းသုံးထည် နဲ့ပဲ။ ဒါနဲ့ပဲ အသက်ရှင်ပြီးတော့နေရတာ။ အဲဒီတော့ တော်တော်ကိုမလွယ်ပါဘူး။ ဟိုတုန်းက တော်ရုံတန်ရုံ သဒ္ဓါတရားနဲ့ သင်္ကန်းမဝတ်နိုင်ဘူး။ အဲဒီလိုဝတ်ပြီးတော့လဲ စားခါအိပ်ခါနဲ့ နေဖို့မဟုတ်ဘူး။ တကယ်တရားအားထုတ်ဖို့ရာ ရဟန်းဝတ်တာ။ ဝတ်ပြီးတော့လဲ တကယ်တရားအားထုတ်ကြတာပဲ။ မြတ်စွာဘုရားသခင်ဟောကြားတော်မူတဲ့ တရားတွေကို အားထုတ်ကြတယ်။

ဒါကြောင့် အဲဒီအာသီဝိသောပမသုတ္တန်ကို ဟောစဉ်အခါကာလတုန်းက တစ်ပါးချင်း တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲရှိတယ်။ ၃-ပါး၊ ၄-ပါးစသည် အတူတကွနေပြီးတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်လဲရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဒုက္ခလက္ခဏာ အထင်များနေတဲ့ပုဂ္ဂိုလ်တွေတဲ့။ အဲဒီပုဂ္ဂိုလ်တွေအတွက် မြတ်စွာဘုရားက ဒီအာသီဝိသောပမသုတ္တန်တရားကို ဟောတော်မူတယ်လို့ အဋ္ဌကထာဆရာက ဝေဖန်ပြပါတယ်။

ပုဂ္ဂိုလ်အားလုံးအတွက်

ဒါဖြင့်ရင် ဒီသုတ်ဟာ ဒုက္ခလက္ခဏာနဲ့ သင့်တဲ့ပုဂ္ဂိုလ်များသာ ထိုက်တန်ပါသလားလို့ဆိုရင် ဒီလိုတော့မဟုတ်ပါဘူးတဲ့။ ဒီပြင်ပုဂ္ဂိုလ်တွေနဲ့လဲပဲ ဒီတရားဟာ အကျိုးများပါတယ်တဲ့။ ဝိပဿီတညူပုဂ္ဂိုလ်နဲ့သာ ထိုက်တန်ပါသလားဆိုရင် ဒီလိုလဲ မဟုတ်ပါဘူးတဲ့ အကုန်လုံးပဲ အကျိုးများပါတယ်တဲ့။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်တွေဆိုရင် အကျဉ်းဟောတာကြောင့်ရဲ့မျှနဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကို ရသွားပါလိမ့်မယ်တဲ့။ ဝိပဿီတညူတော့ အထူးပြောစရာမလိုဘူး။ နေယျပုဂ္ဂိုလ်ဆိုလို့ရှိရင်လဲ ဒီသုတ်ကဟောကြားထားတဲ့ အနက်အဓိပ္ပာယ်တွေကို မှတ်သားရွတ်ဖတ်သရဇ္ဈာယ်နှလုံးသွင်းအားထုတ်ပြီးတော့ မဂ်ဖိုလ်တရားတွေကို ရောက်သွားပါလိမ့်မယ်တဲ့။ ပဒပရမပုဂ္ဂိုလ်ဖြစ်ဦးတော့တဲ့၊ ဒီတရားကို လေ့လာမှတ်သားပြီးတော့ စွမ်းနိုင်သမျှ ကျင့်သုံးသောအားဖြင့် ပါရမီကုသိုလ်ဖြစ်ပါလိမ့်မယ်တဲ့။ နောင်တစ်ချိန်ကျလို့ရှိရင်ဖြင့် မဂ်ဖိုလ်တရားထူးရခြင်း ရောက်ခြင်းပါပဲတဲ့။ ဒါကြောင့် ဒီသုတ်ဟာ ဥဂ္ဃဋိတညူ

http://www.dhammadownload.com

ပုဂ္ဂိုလ်အတွက်လဲ ကျေးဇူးများတယ်၊ ဝိပဿီတည္ဥအတွက်လဲ ဟောတာဆိုတော့ အထူးပြောစရာမလိုတော့ပါဘူး၊ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ်အတွက်လဲ ကျေးဇူးများပါတယ်တဲ့၊ အဋ္ဌကထာဆရာက ဝေဖန်ပြီးတော့ ပြထားပါတယ်။ ဒီတော့ ဒီသုတ်တရားဟာ ဒုက္ခလက္ခဏာနဲ့ ဝိပဿီတည္ဥပုဂ္ဂိုလ်တွေ ဟောတယ်ဆိုပေမယ့်လို့ ဒီပြင် ပုဂ္ဂိုလ်တွေလဲပဲ ကျေးဇူးများတယ်လို့ မှတ်ရမယ်။

ဥပမာတစ၅် ဟောခြင်း

ပထမရွေးဦးစွာ မြတ်စွာဘုရားက ဥပမာကစပြီးတော့ ဟောပါတယ်။ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်တွေမှာ တချို့ တချို့သုတ်တရားတွေက အနက်အဓိပ္ပာယ်ကစပြီးတော့ ဟောတယ်။ အခုတော့ ဥပမာပြီးတော့မှ အနက်အဓိပ္ပာယ်နဲ့ပြန်ပြီးတော့ နိဂုံးချုပ်တယ်။ တချို့ တချို့သုတ်တရားတွေကျတော့ ဥပမာကစပြီးတော့ ဟောတယ်။ ဥပမာပြီးတော့ အနက်အဓိပ္ပာယ်နဲ့ နှီးနှောပြီးတော့ ပြတယ်။ ဒီသုတ်မှာ ဥပမာကစပြီးတော့ ဟောပါတယ်။

မြွေကြီး ၄-ကောင်

သေယျထာပိ ဘိက္ခဝေ စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သေယျထာပိ**၊ ဥပမာအားဖြင့်။ **ဥဂ္ဂတေဇာ**၊ ထက်သောတန်ခိုးရှိကုန်သော။ **ဃောရဝိသာ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတ္တာရော အာသီဝိသာ**၊ လေးကောင်သော မြွေကြီးတို့သည်။ **သိယုံ**။ ရှိကုန်ရာ၏။

ဥပမာအားဖြင့် မြွေကြီး ၄-ကောင် ရှိတယ်ဆိုပါတော့၊ မြွေကြီး ၄-ကောင်၊ မြွေဆိုတာ ကြောက်စရာကောင်းတယ်။ တချို့မြွေက မြင်ရုံနဲ့တောင်ကြောက်စရာကောင်းတယ်။ ရွံစရာလဲကောင်းတဲ့ အကောင်ကြီးတွေပဲ၊ သူဟာ လူနဲ့မတူဘဲ ဟာကိုး၊ အနေအထိုင်ကိုက တစ်မျိုးဖြစ်နေတယ်။ မြွေဆိုတာ ခြေထောက်မရှိ၊ လက်မရှိ၊ ရှည်ရှည်ကြီး၊ တော်တော်ကြောက်စရာကောင်းတဲ့ အကောင်တွေပါပဲ၊ သူက မြေကြီးထဲ လှိုမ့်ပြီးတော့သွားနေတော့ နေရာတကာ အညစ်အကြေးတွေ သူ့ကိုယ်ကြီးနဲ့တိုက်ပြီးတော့ သွားနေတာ၊ ရွံစရာအင်မတန်ကောင်းတဲ့ အကောင်

http://www.dhammadownload.com

တွေပါ။ မြွေဆိုတာ အဲဒါမြွေကြီး ၄-ကောင်ရှိပါတယ်တဲ့၊ ဘယ်လိုမြွေကြီးတွေတုန်း ဆိုလို့ရှိရင် **ဥဒ္ဓစေစာ**-ထက်မြက်သော တန်ခိုးရှိနေတဲ့၊ တန်ခိုးရှိတယ်ဆိုတာ အဆိပ်တွေပါပဲ၊ အဆိပ်တွေ အဆိပ်တန်ခိုးရှိတယ်တဲ့၊ မြွေကြီးတွေ အဆိပ်မရှိတဲ့ လင်းမြွေတို့လို မဟုတ်ဘူး၊ ဒါကတော့ အဆိပ်ရှိတဲ့မြွေကြီး၊ ယောရဝိသာ-ကြမ်းတမ်းသော အဆိပ်ရှိသည်တဲ့၊ ဒီမြွေကြီးတွေက တယ်ကြောက်စရာကောင်းတယ်တဲ့၊ ကိုက်လိုက်လို့ရှိရင် ဆေးကုလို့မရတော့တဲ့ မြွေကြီးတွေပဲ၊ အဲဒါမြွေကြီး ၄-ကောင် ရှိပါသည်တဲ့၊ ဥပမာ ဒီပါဠိကတော့ ဒါလောက်ပဲရှိသေးတယ် နောက်မှ အကုန်စုပြောရမယ်။

အသက်ရှင်ပြီး ချမ်းသာချင်သူ
အထ ပုရိသော အာဒဇ္ဈေယျ ဇီဝိတုကာမော အမရိတုကာမော
သုခကာမော ဒုက္ခပ္ပဋိကူလော၊

အထ၊ ထိုအခါကာလ၌၊ **ဇီဝိတုကာမော**၊ အသက်ရှိခြင်းငှာ အလိုရှိသော။ **အမရိတုကာမော**၊ သေခြင်းငှာ အလိုမရှိသော။ **သုခကာမော**၊ ချမ်းသာကို အလိုရှိသော။ **ဒုက္ခပ္ပဋိကူလော**၊ ဆင်းရဲကို ရွံမုန်းစက်ဆုပ်သော။ **ပုရိသော**၊ တစ်စုံတစ်ယောက်သော ယောကျ်ားသည်။ **အာဒဇ္ဈေယျ**၊ ရောက်လာရာ၏။

အဲဒီ မြွေကြီး ၄-ကောင် ရှိနေတဲ့နေရာမှာ လူတစ်ယောက်ရောက်လာတယ် ဆိုပါတော့တဲ့။ ဘယ်လိုလူတုန်းတဲ့။ အဲဒီ လူက မသေချင်တဲ့လူ၊ အသက်ရှည်ချင်တဲ့ လူ၊ သေချင်တဲ့လူဆိုလို့ရှိရင်တော့ တချို့က သေဖို့ရာရှာနေတာကိုး၊ တချို့ စိတ်ညစ်ပြီးနေတော့ သေချင်နေတော့ တချို့ရေထဲခုန်ချသေတာရှိတယ်။ ကြိုးဆွဲချ သေတာ ရှိတယ်။ အဆိပ်စားသေတာ ရှိတယ်။ ပြီးတော့ မြွေကို အကိုက်ခံပြီး သေတာတွေလဲ ရှိတာပဲ။ အဲဒီလို လူမဟုတ်ဘူးတဲ့၊ ဒီဥစ္စာကတော့ ဒီလူကမသေ ချင်တဲ့လူ၊ အသက် ရှင်ချင်တဲ့လူပဲ၊ ပြီးတော့ ချမ်းသာချင်တဲ့လူ၊ ဆင်းရဲ မတွေ့ချင်တဲ့လူ၊ ဆင်းရဲကို ရွံမုန်းစက်ဆုပ်ပြီး ဆင်းရဲကို မမြင်မကြားချင်၊ မတွေ့ချင်လို့ ချမ်းသာနဲ့ တွေ့ချင်တဲ့ လူ၊ ချမ်းသာကို မျှော်လင့်နေတဲ့ ပုဂ္ဂိုလ်တဲ့။ အဲဒီ ပုဂ္ဂိုလ်က အဲဒီလူတစ်ယောက် ရောက်လာပါတယ်တဲ့။

http://www.dhammadownload.com

မြွေထိန်းအဖြစ် အပ်နှင်း

ထမေနံ ဧဝံ ဝေဒေယျံ၊ ဣမေ တေ အမ္ဘောပုရိသာ စတ္ထာရော အာသီဝိသာ ဥဋ္ဌဟေဇာ ဟောရုဝိသာ၊ ကာလေန ကာလံ ဥဂ္ဂါပေတဗ္ဗာ၊ ကာလေန ကာလံ နာပေတဗ္ဗာ၊ ကာလေန ကာလံ ဘောဇေတဗ္ဗာ၊ ကာလေန ကာလံ သံဝေသေတဗ္ဗာ။

ထမေနံ၊ ထိုအသက်ရှင်ချင်သော မသေချင်သောဆင်းရဲကို ရွံမုန်းကြောက်သော ချမ်းသာကို အလိုရှိသော ယောကျ်ားကို။ **ဧဝံ**၊ ဤသို့၊ **ဝေဒေယျံ**၊ ပြောကြားကြလေကုန်ရာ၏။

ဘယ်သူက ပြောကြားတယ်လို့တော့ မပါဘူး။ တော်တော်ကြာမှ ရှင်းပြီးတော့ ပြောရမယ်။

အမ္ဘောပုရိသာ၊ အမောင်ယောကျ်ား။ **ဥဋ္ဌဟေဇာ**၊ ထက်မြက်သောတန်ခိုးရှိကုန်သော။ **ဟောရုဝိသာ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **ဣမေ တေ စတ္ထာရော အာသီဝိသာ**၊ ဤလေးကောင်သော မြွေကြီးတို့ကို။ **ကာလေန ကာလံ**၊ သင့်လျော်သောအခါ သင့်လျော်သောအခါ၌။ **ဥဂ္ဂါပေတဗ္ဗာ**၊ အိပ်ရာမှ ထစေအပ်ကုန်၏။ **ကာလေန ကာလံ**၊ သင့်လျော်သောအခါ သင့်လျော်သောအခါ၌။ **နာပေတဗ္ဗာ**၊ ရေချိုးပေးအပ်ကုန်၏။ **ကာလေန ကာလံ**၊ သင့်လျော်သောအခါ သင့်လျော်သောအခါ၌။ **သံဝေသေတဗ္ဗာ**၊ အိပ်ရာကို သွင်းထား၍ အိပ်စေအပ်ကုန်၏။ **ဣတိ**၊ ဤသို့၊ **ဝေဒေယျံ**၊ ပြောဆိုကုန်ရာ၏။

အဲဒီဆင်းရဲကြောက်ပြီးတော့ ချမ်းသာချင်တဲ့ပုဂ္ဂိုလ်၊ အသက်ရှင်ပြီး မသေချင်တဲ့ပုဂ္ဂိုလ်၊ အဲဒီယောကျ်ားကို မြွေကြီး ၄-ကောင် အပ်နှင်းတယ်တဲ့။ အမောင်ယောကျ်ား ဟောဒီမှာ မြွေကြီး ၄-ကောင်တဲ့၊ ထိန်းသိမ်းရမယ်။ ဒီမြွေကြီးတွေဟာ သာမန်မြွေကြီးတွေ မဟုတ်ဘူး၊ အင်မတန်အဆိပ်ထက်တဲ့ အင်မတန်အဆိပ်ပြင်းတဲ့ အင်မတန် အဆိပ်ကြမ်းတဲ့ မြွေကြီးတွေ၊ အဲဒီမြွေကြီး ၄-ကောင် မင်းထိန်းသိမ်းရမယ်။ ဒီမြွေကြီးတွေကို သူအချိန်အခါကာလမှာ အိပ်ရာကလဲ နှိုးပြီးတော့ ပေးရမယ်။ ကလေးထိန်းများလိုပေါ့လေ၊ ကလေးကို နှိုးတန်တဲ့အခါ နှိုးရတယ်။ သူအချိန်

http://www.dhammadownload.com

အခါကာလ အားလျော်စွာ ရေများလဲ ချိုးပေးရတယ်၊ သူ့အချိန်အခါကာလ အားလျော်စွာ အစာလဲ ကျွေးရမယ်တဲ့၊ ဒီမွေးကြီးတွေကို အိပ်ချိန်တန်တဲ့အခါကာလကျရင် ဒီမွေးကြီးတွေ အိပ်ရာထဲသိပ်ရမယ်တဲ့၊ ကလေးလေးများကို လုပ်ရတဲ့ အနေမျိုးပါပဲ။ မွေးထိန်းက မွေးနဲ့စပ်ပြီးတော့ နှိုးတန်နှိုး၊ ရေချိုးပေးတန် ရေချိုးပေး၊ အစာကျွေးတန်ရင်ကျွေး၊ သိပ်တန်ရင်သိပ်၊ ဒီပြင်လဲ အလုပ်တွေ ရှိရဦးမှာပေါ့လေ၊ မွေးကြီးတွေညောင်းနေတော့ လမ်းကလေးဘာကလေးလည်း လျှောက်ရအောင်လို့၊ ဒါလဲလုပ်ရဦးမှာပဲ၊ လုပ်စရာတွေကတော့ ရှိပါသေးတယ်။ မွေးကိုအဲဒီလို ယုယုယယ ထိန်းသိမ်းရမယ်လို့ မွေးထိန်းအဖြစ်နဲ့ အပ်နှင်းပါတယ်။ ဒါက ဘုရားဟော၊ ပါဠိတော်ကတော့ ဒီလိုခပ်ကျဉ်းကျဉ်းပဲ၊ ဒါလောက်ပဲ ပါတာပဲ။ အဋ္ဌကထာက အများနားလည်အောင်လို့ အသင့်ယုတ္တိနဲ့ပြတယ်။ အဲဒါလေးလဲ ပြောဦးမှဖြစ်မှာ။

ရွှေမင်းများ မွေးမွေးထားခြင်းအကြောင်း

မင်းတစ်ဦးက မွေးကြီးတွေ မွေးထားတယ်တဲ့၊ မွေးကြီး ၄-ကောင် မွေးထားတယ်၊ မင်းတစ်ဦးက ရွှေတုန်းက မင်းများဟာ မွေးကြီးတွေသူ့နေရာနဲ့သူ အသုံးချဖို့ရာ မွေးထားတယ်လို့ဆိုတယ်၊ ဘေးရန်အန္တရာယ်တွေ ပေါ်ပေါက်လာတဲ့အခါကာလကျလို့ရှိရင် အဲဒီမွေးကြီးတွေကို ရန်သူဘက်ကို မွေးကြီးတွေလွှတ်ဖို့ရာ ဒီလို အသုံးချဖို့ရာ မွေးထားတာလဲရှိတယ်တဲ့၊ ရန်သူတွေဝိုင်းထားလို့ ဘယ်မှမပြေးနိုင်တော့ဘူးဆိုတဲ့ အခါကာလကျလို့ ရှိရင်လဲပဲ အဲဒီမွေးကြီးတွေ အကိုက်ခံပြီးတော့သေဖို့ မင်းဆိုတော့ သူများလက်ထဲမှာ သူများအနှိပ်စက်ခံပြီးတော့ သေရမယ့်အနေတော့ မကောင်းဘူး၊ ဒီတော့ မင်းဆိုတာ အင်မတန်စိတ်ထက်တဲ့ ပုဂ္ဂိုလ်တွေပဲ။ သူများအောက်တန်းတော့ မကျချင်တဲ့ပုဂ္ဂိုလ်တွေ၊ သူတို့က ဒီတော့ မွေးကိုက်ခံပြီးတော့ သေဖို့ပဲ၊ ဒီလိုသေဖူးတာတွေလဲရှိတယ်၊ အဆိပ်စားပြီး သေတာလဲရှိတယ်၊ တချို့ကိုယ့်လက်နက်နဲ့ကိုယ် သတ်ဖြတ်ပြီး သေတာလဲရှိတယ်၊ မင်းတွေဟာ တစ်ခါတစ်ခါတဲ့ ရန်သူတွေက ဝိုင်းထားလို့ ဘယ်မှမပြေးနိုင်တော့ဘူးဆိုတဲ့ အခါကာလကျရင် သူများလက်အောက်တော့ အည့်မခံဘူး၊ ဒီလိုအသေခံတာတွေ ရွှေကရာဇဝင်တွေမှာ အများကြီးရှိပါတယ်။ သူတို့တွက်ကိန်းနဲ့ဆိုရင်လဲ လမ်းမှန်

http://www.dhammadownload.com

ကျတယ်လို့ ဆိုရမှာပါပဲ၊ ရန်သူတွေရဲ့လက်အောက်မှာ အနှိပ်စက်ခံပြီးမှ တော်တော်ကြာသေရမှာ၊ ဒီတော့ စောစောစီးစီး သေလိုက်တာက ဟုတ်သလိုလိုရှိတယ်။ ချမ်းသာသလိုလိုတော့ရှိတယ်၊ ဒါကြောင့်မို့လို့ အဆိပ်သောက်ပြီး သေတာရှိတယ်၊ ကိုယ့်လက်နက်နဲ့ကိုယ့်ဟာကိုယ် သတ်ဖြတ်သေတာတွေရှိတယ်၊ အဲဒီလို မြွေကိုက်ခံရပြီး သေတာလဲရှိတယ်၊ ဒီလိုဟာတွေရှိတယ်၊ ဒါကြောင့်မို့ မြွေအသုံးကျလို့ ရှိရင်ရအောင်လို့ မွေးထားတယ်တဲ့၊ မြွေကြီးတွေ၊ အဲဒီလိုမွေးထားတဲ့ မြွေကြီးတွေဟာ နောက်တစ်နည်းအားဖြင့်ဆိုလို့ရှိရင်တော့ မိမိတိုင်းနိုင်ငံက လူဆိုးသူဆိုးတွေ အဲဒီပုဂ္ဂိုလ်တွေကို မြွေအထိန်းအသိမ်းခိုင်းပြီးတော့ ဒုက္ခရောက်အောင်လို့ ညဉ်းဆဲဖို့ မြွေကိုက်ပြီးတော့လဲပဲ သေအောင်လို့ပေါ့လေ၊ အဲဒီလိုလဲပဲ ရည်ရွယ်ချက်နဲ့ မွေးထားတယ်တဲ့။

အခုတော့ လူတစ်ယောက်က တိုင်းနိုင်ငံမှာ ဆိုးသွမ်းနေတယ်တဲ့ **(အာဝုစာရီ)** လျှို့ဝှက်ပြီးတော့ မကောင်းမှုတွေပြုတယ်တဲ့။ တိုင်းသူပြည်သားတွေ အကျိုးမဲ့ မင်း၏အကျိုးမဲ့ဖြစ်အောင်ဟာ သူလုပ်တယ်တဲ့။ ဒီလူဟာ ဒါပေမယ်လို့ သူက သက်သေသက္ကာယနဲ့လဲ ရှာလို့မရတော့ဘူး။ ရုံးတင်ပြီး တရားစွဲလို့လဲ မဖြစ်ဘူးတဲ့၊ သူက သက်သေမရှိဘူးတဲ့၊ လိမ်မာပါးနပ်ပြီးတော့ လျှို့ဝှက်ပြီးတော့ ရာဇဝတ်မှုတွေကျူးလွန်ထားတော့ သူကျူးလွန်တာလဲသိလဲသိတယ်၊ ဒါပေမယ့်လို့ သက်သေမရှိတော့ တရားရုံးတော်က တရားစွဲပြီးတော့ သူ့ကိုအပြစ်ပေးဖို့ရာလဲ မဖြစ်ဘူးတဲ့၊ ဒီလူကမဖြစ်တော့ ဒီလူကို တစ်နည်းနည်းနဲ့ ရာဇဝတ်အပြစ်ဒဏ်သင့်တယ်ဆိုလို့ရှိရင် ဘေးက ကဲ့ရဲ့စရာဖြစ်နေတယ်။

အဲဒီတော့ ကဲ့ရဲ့စရာလဲမဖြစ်အောင်လို့ အဲဒီလူဆိုးကိုခေါ်ပြီးသကာလ သူမွေးထားတဲ့ မြွေကြီး ၄-ကောင်ကို မင်းက အပ်တယ်တဲ့၊ မောင်မင်း အစိုးရအမှုထမ်းအဖြစ်၊ မင်းမှုထမ်းအဖြစ် မင်းကိုခန့်တယ်၊ မင်းလုပ်ရမယ့် အလုပ်ကတော့ ဘာတုန်းဆိုတော့ ဟောဒီငါ့မှာ မြွေကြီးတွေ မွေးထားတာရှိတယ်၊ အဲဒီမြွေကြီးတွေ မင်းထိန်းသိမ်းရမယ်၊ ထိန်းကျောင်းရမယ်၊ ဒီမြွေကြီးတွေ၊ ထိန်းကျောင်းခ မင်းကိုလခရိက္ခာတွေလဲပဲ စားလောက်သောက်လောက်အောင် ပေးမယ်၊ အဲဒီမြွေကြီးတွေ

http://www.dhammadownload.com

ရှိရှိသေသေ ထိန်းသိမ်းရမယ်၊ ဒီမွေကြီးတွေ အိပ်ရာကနှိုးတန်ရင်နှိုးရမယ်၊ ရေချိုး ပေးတန်ပေးရမယ်၊ အစာကျွေးချိန်တန် ကျွေးရမယ်၊ သိပ်ချိန်တန်သိပ်ရမယ်၊ မွေကြီးတွေ ကျန်းမာရေးတွေလဲပဲ ပြည့်စုံအောင်လို့ လေ့ကျင့်ရမယ်၊ မင်းရှိရှိ သေသေ ထိန်းသိမ်းရမယ်၊ မွေထိန်းအဖြစ်နဲ့ သူကိုခန့်တယ်။

မွေထိန်းအဖြစ်နဲ့ခန့်ပြီးတော့ မွေကြီးတွေလဲပဲ အဲဒီမင်းကပြောကြား လိုက်တယ်တဲ့။ မွေကြီးတို့၊ မင်းတို့အလုပ်အကျွေးပေါ်လာပြီ။ ဟောဒီလူဟာ မင်းတို့ ကိုလုပ်ကျွေးမယ့် စောင့်ရှောက်မယ့်ပုဂ္ဂိုလ်ပဲ။ မင်းတို့ ချမ်းချမ်းသာသာနေရအောင် ဟောဒီမွေထိန်းယောကျ်ားက ကြည့်ပြီးစောင့်ရှောက်လိမ့်မယ်။ မင်းတို့ သဘောကျ သလိုကြည့်ပြီးတော့သာပဲ ဒီမှာ မွေထိန်းယောကျ်ားနဲ့ နေကြပေတော့ဆိုပြီးတော့ ပြောလိုက်တယ်။ မွေကြီးတွေကလဲပဲ စကားနားလည်ပြီးတော့ တို့အလိုရှိသလို ရပြီဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အဲဒီလူအပေါ်ကို တက်ကြတယ်ဆိုတာကိုး။

ဥပမာဆိုတာ နားလည်အောင်ပြောခြင်း

ဒါက ဥပမာကိုး၊ ဥပမာဆိုတာကတော့ နောင်ဟောမယ့် တရားတွေရဲ့ အနက်အဓိပ္ပာယ်နားလည်အောင်လို့ ပြောတာကိုး၊ ဒီလိုမွေကြီးတွေရှိနိုင်ပါ့မလား၊ ဒီလိုလူကပြောလို့ မွေကြီးတွေက နားလည်ပါ့မလား။ ဒီလိုဖြစ်နိုင်ပါ့မလားလို့ ဒီလို တော့စဉ်းစားနေစရာမလိုဘူး။ ဒါကဥပမာပဲ။ ဥပမာဆိုတာကတော့ နားလည် အောင်လို့ ပြောတာ၊ တကယ်ရှိရှိ၊ မရှိရှိ, ဟုတ်ဟုတ်, မဟုတ်ဟုတ်, ဖြစ်ဖြစ်, မဖြစ် ဖြစ်, ဥပမာအဖြစ်နဲ့ နားလည်ဖို့ရာပဲဟောတာတဲ့၊ ဥပမာဟာ ဥပမာပဲ၊ ဥပမာဆိုတာ ဖြစ်ဖူးတဲ့ဥပမာလဲရှိတယ်၊ မဖြစ်ဘဲနဲ့ နားလည်အောင်လို့ ကြံပြီးတော့ပြောတဲ့ ဥပမာလဲရှိတယ်၊ အခုဒီမှာကတော့ ကြံပြောတာပါ၊ တကယ်အားဖြင့်တော့ အခု ပြောတဲ့အတိုင်း မွေကြီးတွေ နားလည်အောင်ဆိုတာ မလွယ်ပါဘူး၊ ဒါကတော့ ဒါလောက် အကုန်လုံးနားလည်ဖို့တော့ မလွယ်ဘူး၊ ဒါကတော့ ဥပမာအဖြစ်နဲ့ အနက်အဓိပ္ပာယ်နားလည်ဖို့ ပြောပါတယ်။ ဒီဥပမာမှာတော့ ယုတ္တိရှိမရှိတွေ စဉ်းစားဝေဖန်ဖို့ရာ မလိုဘူး။ ဒါတွေ စဉ်းစားဝေဖန်နေရင်တော့ လိုရင်းတရား ရောက်မှာမဟုတ်ဘူး။

http://www.dhammadownload.com

လိုရင်းတရားဟောမယ်လို့ အဲဒီတော့ မြွေကြီးတွေက တို့အလိုရှိတာရပြီဆိုပြီးတော့ မြွေကြီးတစ်ကောင်က မြွေထိန်းယောက်ျားရဲ့ ညာဘက်ခြေကနေပြီး တက်ပြီးတော့ ညာဘက်လက်မောင်း လက်ကောက်ဝတ်ကနေပြီးတော့ အခွေအခွေရစ်ပြီးတော့ လက်မောင်းရင်းပခုံး ပခုံးကနေပြီးတော့ နားပန်းစွန်းနားမှာသွားပြီးတော့ ခေါင်းတင်ပြီးတော့ အိပ်နေတယ်တဲ့၊ နောက် မြွေကြီးတစ်ကောင်ကလဲပဲ ဘယ်ဘက်ကနေပြီး တက်လာပြီးတော့ ဘယ်ဘက်လက်ရစ်ပတ်ပြီးတော့ ဘယ်ဘက်နားမှာ အိပ်နေတယ်၊ နောက် တတိယဖြစ်တဲ့မြွေကလဲပဲ ရှေ့ကတက်လာပြီးတော့ လိုက်ရစ်ပတ်ပြီးတော့ လည်ပင်းမှာခေါင်းတင်ပြီးသကာလ အိပ်နေတယ်၊ နောက်ဆုံး မြွေကြီးတစ်ကောင်က ကျောကနေတက်ပြီးတော့ လည်ပင်းရစ်ပတ်ပြီးတော့ ခေါင်းပေါ်မှာ ပါးပျဉ်းအုပ်ပြီးတော့ အိပ်နေတယ်ဆိုတာကိုး၊ မြွေကြီး ၄-ကောင် အိပ်နေတယ်။

ဒါကတော့ အတော်အတန် တူအောင်လို့ပြတာ၊ မြွေကြီးတွေ ကိုယ်ထဲရောက်နေတယ်ဆိုတာသိအောင်လို့ အဋ္ဌကထာက အတော်အတန်တူအောင်လို့ပြတာ၊ စင်စစ်ကတော့ မြွေကြီးတွေ လက်တွင်ဘယ်ဟုတ်လိမ့်မတုန်း တစ်ကိုယ်လုံးမှာ မြွေကြီးတွေပြည့်နေတာ၊ တော်ကြာတော့သိမှာ၊ သေသေချာချာ စဉ်းစားကြည့်လို့ရှိရင် တစ်ကိုယ်လုံးမှာ နေရာတကာမှာ မြွေကြီးတွေရှိနေတာပဲ၊ ကိုယ်ထဲမှာ ကြောက်စရာအင်မတန်ကောင်းတယ်။

မြွေထိန်းယောက်ျားကို မိတ်ဆွေပြောကြား

အဲဒီလိုဖြစ်နေတဲ့ အခါကာလမယ် အဲဒီမြွေထိန်းယောက်ျားရဲ့ အကျိုးစီးပွားအလိုရှိတဲ့ပုဂ္ဂိုလ်တွေက လာပြောကြတယ်တဲ့။

ယဒါ စ ခေါ တေ အမ္ဘော်ပုရိသ ဣမေသံ စတုန္နံ အာသီဝိသာနံ ဥဠွတေဇာနံ ယောရဝိသာနံ အညတရောဝါ အညတရောဝါ တုပ္ပိဿတိ၊ တတော တွံ အမ္ဘော ပုရိသ မရဏံ ဝါ နိဂစ္ဆသိ၊ မရဏမတ္တံ ဝါ ဒုက္ခံ၊

အမ္ဘော ပုရိသ၊ အမောင်ယောက်ျား။ **ယဒါ**၊ အကြောင်အခါကာလ၌။ **ဣမေသံ**

http://www.dhammadownload.com

စတုန္နံ အာသီဝိသာနံ၊ ၄-ကောင်သော မြွေကြီးတို့တွင်။ **ဥဂ္ဂတေဇာနံ**၊ ထက်မြက်သော တန်ခိုးရှိကုန်သော။ **ဃောရဝိသာနံ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **အညတရော ဝါ အညတရော ဝါ**၊ တစ်ကောင်ကောင်သည်။ **တေ**၊ သင့်အား။ **တုပ္ပိဿတိ**၊ အမျက်ထွက်၍ စိတ်ဆိုးလတ္တံ့။ **အမ္ဘောပုရိသ**၊ အမောင်ယောကျ်ား။ **တတော**၊ ထိုအခါကာလ၌။ **တွံ**၊ သင်သည်။ **မရဏံ ဝါ**၊ သေခြင်းသို့သော်လည်း။ **နိဂစ္ဆသိ**၊ ရောက်ရလိမ့်မည်။ **မရဏမတ္တံ ဝါ ဒုက္ခံ**၊ သေလောက်တဲ့ဆင်းရဲကိုသော်လည်း။ **နိဂစ္ဆသိ**၊ ရောက်ရလိမ့်မည်။

ဟောဒီမြွေကြီး ၄-ကောင်ထဲက တစ်ကောင်ကောင်က စိတ်ဆိုးခဲ့လို့ရှိရင် မင်းတော့သေဖို့ရာပဲ။ မသေတောင် သေလုမျောပါး ဒုက္ခရောက်မယ်။ မြွေဆိုးကြီးတွေ ကိုက်လိမ့်မယ်လို့ ပြောတယ်တဲ့။ မြွေထိန်းယောကျ်ားက မြွေကြီးတွေရလာတော့ အဌကထာကတော့ သရုပ်ပေါ်အောင်လို့ပြတယ်။ မြွေကြီးတွေရလာတော့ မိတ်ဆွေနဲ့တွေ့တယ်။ ဟေ့ မင်းဟာ ဘာတွေတုန်းကွ ပြောစမ်းပါအုံး။ အလျင်ကလို မဟုတ်ပါဘူး။ ဘယ့်နှယ်ဘာကြီးတွေ ဖြစ်နေတာလဲ၊ ဟာ-ငါ့ကို မင်းကြီးက မြွေထိန်းခန့်လိုက်တယ်။ ရာထူးရလာတယ်။ ကြည့်ပါလားကွ၊ ဒီမှာ မြွေကြီးတွေ၊ လက်ကောက်တို့ လက်ကြပ်တို့များ ဝတ်ထားသလို မလှဘူးလား။ နေရာကျတယ်။ ဗိုက်မှာ ပတ်ထားတာကလဲပဲ ရွှေကြိုး ငွေကြိုးများပတ်ထားသလိုပဲ၊ လည်ပင်းမှာလဲပဲ ပုလဲကုံးများ ရစ်ထားသလို ခေါင်းပေါ်မှာလဲပဲ အင်မတန်ကောင်းတဲ့ အဆင်းတန်ဆာလိုပဲ၊ မြွေပါးပျဉ်းကြီးက ငါ့မှာအင်မတန်လှနေတာ နေရာကျနေတာပဲ၊ မြွေထိန်းယောကျ်ားက သူမြွေတွေနဲ့ သူသဘောကျပြီးတော့ နေပါတယ်တဲ့၊ ဒါကလဲ အခုပြောမယ့် အနက်အဓိပ္ပာယ်နဲ့တော့ တော်တော့်ကို ဆီလျော်ပါတယ်၊ သူက သဘောကျနေတယ်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။

အဲဒီတော့ အကျိုးစီးပွားအလိုရှိတဲ့ ပုဂ္ဂိုလ်ကပြောတယ်တဲ့။ မိတ်ဆွေ မင်းတယ်မိုက်တာပဲ။ ဒီဟာမြွေဆိုးကြီးတွေပဲ။ မင်းဆိုသလို ကောင်းတဲ့ ဥစ္စာတွေမဟုတ်ဘူး။ ဒါတွေဟာ လှပတင့်တယ်တာမဟုတ်ဘူး။ ကောင်းကျိုးရဖို့ရာတွေ မဟုတ်ဘူး။ မြွေဆိုးကြီးတွေပဲ၊ မင်းလဲပဲ လူကောင်းတစ်ယောက် မဟုတ်ဘူး။ တိုင်းပြည်မှာ

http://www.dhammadownload.com

မင်းလျှို့ဝှက်ပြီးတော့ မတော်မသင့်တဲ့အမှုတွေ မင်းပြုနေလို့ ရာဇဝတ်အပြစ်ဒဏ်တွေရှိနေလို့ မင်းကို ထင်ထင်ရှားရှားနဲ့ အပြစ်ဒဏ်ပေးလို့မတော်လို့ မင်းကို ဒီမြွေတွေ ပေးထားတာ၊ မင်းကို ပေးထားတာ အကောင်းမဟုတ်ဘူး၊ ဒီမြွေတွေ ပြုစုနေရသဖြင့်လဲ မင်းဒုက္ခရောက်မယ်၊ မြွေကြီးတွေ စိတ်ဆိုးတဲ့အခါကျလို့ရှိရင်လဲ မင်းကို မြွေကိုက်ပြီးသေအောင်လို့ မင်းကိုပေးထားတာ။

ဒီမြွေကြီးတွေ တစ်နေ့ကျတော့ မင်းကိုကိုက်လိမ့်မယ်၊ မြွေကြီး ၄-ကောင်ပဲ၊ မြွေကြီးတစ်ကောင်က အိပ်ချင်နေတဲ့အခါ၊ မြွေကြီးတစ်ကောင် ထချင်နေမှာ၊ မြွေကြီးတစ်ကောင်က ရေချိုးချင်နေတဲ့အခါမှာ မြွေကြီးတစ်ကောင်က အိပ်ချင်တယ်၊ စားချင်တယ်၊ ဒီလိုဖြစ်မှာ၊ အဲဒီတော့ မြွေကြီး ၄-ကောင်လုံး တစ်ပြိုင်ထဲအိပ်ရာက ထချင်တယ်၊ တစ်ပြိုင်နက်ရေချိုးချင်တယ်၊ တစ်ပြိုင်နက် စားချင်တယ်၊ တစ်ပြိုင်နက်အိပ်ချင်တယ်၊ ဒီလိုရှိမှာမဟုတ်၊ (တစ်ကောင်တစ်မျိုး ၂)ဖြစ်မှာ အဲဒီတော့ (တစ်ကောင်တစ်မျိုး ၂)မင်းလိုက်ပြီးတော့ ပြုစုရလို့ရှိရင် ဒီမြွေကြီးတွေသဘောမကျတဲ့အခါ မင်းကိုကိုက်လိမ့်မယ်။ ကိုက်တဲ့အခါကျတော့ သေမှာ၊ မရဏဝါ နိဂ္ဂသိ-သေလိမ့်မယ်။ မသေတောင်မှလဲဘဲ သေလုမြောပါးဖြစ်တော့မယ်၊ လူစဉ်မမီ ဖြစ်တော့မှာ။

ယံ ဎေ အမ္ဗော ပုရိသ တရကိယံ၊ တံ တရောဃိ ထိ၊

အမ္ဗောပုရိသ၊ အမောင်ယောကျ်ား။ **ယံ**၊ အကြင်အမှုကို။ **တရကိယံ**၊ ပြုသင့်ပြုထိုက်၏။ **တံ**၊ ထိုပြုသင့်ပြုထိုက်သော အမှုကို။ **တရောဃိ**၊ စောစောစီးစီးကကြိုတင်ပြုလော့။ **ဣတိ**၊ ဤသို့။ **ဝေဎေယျ**၊ ဆိုကုန်ရာ၏။

အကျိုးစီးပွား လိုလားတဲ့ပုဂ္ဂိုလ်က ညွှန်ကြားတယ်၊ အမောင်မြွေထိန်းယောကျ်ား၊ ပြုသင့်ပြုထိုက်တဲ့အမှုကို စောစောကတည်းက ဘေးရန်ကင်းအောင် ပြုပေတော့လို့ ညွှန်ကြားပါတယ်၊ ဘယ်လိုလုပ်ရမတုန်းဆိုတော့ မင်း, မင်းချင်းယောကျ်ားတွေ သတိလစ်နေတဲ့အခါ မြွေကြီးတွေလဲပဲ သတိလစ်နေတဲ့အခါ၊ မင်းတိတ်တိတ်သာ ထွက်ပြေးပေတော့၊ ဟိုကညွှန်ကြားတယ်။

မြွေထိန်းယောကျ်ားခန့်ထားတယ်ဆိုပြီးတော့ ပစ်ထားတာမဟုတ်ဘူး၊ ကောင်းကောင်းထိန်းသလား မထိန်းသလားလို့ အစောင့်အရှောက်က ရှိသေးတယ်၊

http://www.dhammadownload.com

မင်းချင်းယောက်ျားတွေ အစောင့်အရှောက်က ရှိသေးတယ်၊ မင်းချင်းယောက်ျား တွေ အစောင့်အရှောက်တွေ၊ အဲဒီ အစောင့်အရှောက်တွေ အမှတ်တမဲ့ လစ်နေတဲ့ အခါ ဒီမွေကြီးတွေလဲပဲ အမှတ်တမဲ့အိပ်ပြီး လစ်နေတဲ့အခါ အဲဒီလိုအခါမှာ မင်းလွတ်ရာလွတ်ကြောင်းသာ ပြေးပေတော့ ဆိုပြီးတော့ အကျိုးစီးပွားကို လိုလား တဲ့ပုဂ္ဂိုလ်က ပြောပါတယ်တဲ့။

မွေထိန်းယောက်ျား ပြေးခြင်း

အဲဒီတော့ မွေထိန်းယောက်ျားက ဟုတ်တယ်၊ ငါလဲပဲ မင်း၏ မသင့် မတော်တဲ့ အမှုတွေအကျိုးမဲ့တွေ ငါပြုနေတာပဲ၊ ငါ့အပြစ်တွေလဲရှိနေတာပဲ၊ ဒီတော့ ငါ့ကိုထင်ထင်ရှားရှားနဲ့ အပြစ်ဒဏ်ပေးလို့ မဖြစ်လို့ မွေကြီးတွေကိုက်ပြီးတော့ သေအောင်လို့ ငါ့ကိုမွေထိန်းခန့်တာပဲ မိတ်ဆွေပြောတဲ့အတိုင်း ဟုတ်မယ်၊ ငါ့ကို တစ်နေ့ကျတော့ ဒီမွေကြီးတွေကိုက်လိမ့်မယ်၊ အင်မတန် ကြောက်စရာကောင်းတဲ့ မွေကြီးတွေကို ထားပြီးပြေးမှာပဲ ဆိုပြီးတော့ မင်းချင်းယောက်ျားတွေအလစ်မှာ သူတို့လဲ အမှတ်တမဲ့နေတုန်းမှာ မွေဆိုတာအိပ်တဲ့အကောင်မျိုးပဲ၊ အိပ်မောကျ နေတဲ့အခါမှာ အဲဒီမှာအသာကလေး မွေကြီးတွေကို လက်နဲ့သပ်သလို ချော့ သလိုလိုနဲ့ အသာကလေး (အဲ . . ဖြည်းဖြည်းချင်း-၂) တစ်ကောင်ချင်းချီပြီးတော့ အိပ်ရေးမဖျက်အောင် အသာကလေးချတယ်၊ အဲဒီလို တစ်ကောင်ပြီးတစ်ကောင် ချပြီး အကုန်လုံး ၄-ကောင်လုံး ပြုတ်တဲ့အခါကျတော့ တစ်ခါတည်းပြေးရတာကိုး။

အထ ဓေါ သော ဘိက္ခဝေ ပုရိသော ဘီတော စတုန္နံ
အာသီဝိဆာနံ ဥဋ္ဌတေဇာနံ ယောရဝိဆာနံ ယေန ဝါ တေနဝါ
ပလာယေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ **အထဓေါ**၊ ထိုအခါ၌။ **သောပုရိသော**၊ ထိုမွေထိန်း ယောက်ျားသည်။ **ဥဋ္ဌတေဇာနံ**၊ ထက်မြက်သောတန်ခိုးရှိကုန်သော။ **ယောရဝိဆာနံ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတုန္နံ အာသီဝိဆာနံ**၊ လေးကောင်သော မွေကြီးတို့မှ (ဝါ) လေးကောင်သော မွေကြီးတို့ကို။ **ဘီတော**၊ ကြောက်လန့်သည် ဖြစ်၍။ **ယေနဝါ, တေနဝါ**၊ အမှတ်မရှိသော တစ်ပါးပါးသောအရပ်ဖြင့်။ **ဝါ**၊ ခြေဦး

http://www.dhammadownload.com

တည့်ရာအရပ်ဖြင့်။ **ပလာယေထ၊** ပြေးလေရာ၏။

မြွေကြီးတွေကို အသာလေးချပြီးတော့ မြွေကြီးတွေကြောက်တာနဲ့ **ယေနဝါဏေနဝါ**-ဘယ်အရပ်ရယ်လို့မဟုတ်ဘူး ဦးတန်းမိရာ သွားရတော့မှာ၊ ရှေ့က လမ်းသာရာကို ထွက်ရတော့မှာပဲ။ ဘယ်အရပ်သွားရင်ကောင်းမယ် မကောင်းမယ် ရွေးနေလို့ မဖြစ်ဘူး။ အဲဒါ ဦးတန်းမိရာကို အတင်းပြေးရတယ်တဲ့။

အဲဒီလို အတင်းပြေးတော့ ခုနက ဘုရင်မင်းမြတ်က ကြားတယ်၊ မြွေထိန်းယောကျ်ားတော့ဖြင့် ထွက်ပြေးပြီလို့သတင်းကြားတော့ အောင်မယ် ငါ့အမိန့်ဩဇာကို မနာခံဘူး၊ အာဏာဖီဆန်မှုလွန်ကျူးပြီး ရွေးတုန်းကတော့ အပြစ်မရှိသေးဘူး၊ ဒီတစ်ခါတော့ အပြစ်ရှိသွားပြီ၊ ရွေးတုန်းကတော့ သူပြုထားတဲ့အမှု အပြစ်တွေ ရှိပေမယ့်လို့ ဘယ်အမှုကို ဘယ်နေ့က ဘယ်အချိန်က ကျူးလွန်ပါတယ်လို့ သက်သေသက္ကာယ မရှိဘူး၊ အခုတော့ သူ့ကို မြွေထိန်းယောကျ်ားခန့်ထားတာကို ခန့်ထားတဲ့အတိုင်း မလုပ်ဘဲနဲ့ သူထွက်ပြေးသွားတာ၊ ထွက်ပြေးတော့ သူအာဏာဖီဆန်မှု ဖြစ်မှာပေါ့၊ ဒီကောင်အပြစ်ရှိပြီ။

မြွေကြီးတွေ အနံ့ခံလိုက်ခြင်း

အဲဒီတော့ ဒီကောင်ကို မြွေကြီးတွေက အနံ့ခံပြီးတော့ နောက်ကလိုက်တယ်၊ ဟ . . ငါတို့အလုပ်အကျွေးဖြစ်တဲ့ မြွေထိန်းယောကျ်ားတော့ ပြေးပြီဆိုပြီးတော့ နောက်က အနံ့ခံပြီးတော့ လိုက်တယ်၊ တွေ့ရာမှာ ကိုက်မယ်လို့ လိုက်ကြတယ်၊ ဒါပေမယ့်လို့ မြွေကြီးတွေကို အစကတည်းက ကြောက်စရာကောင်းမှန်းသိနေတော့ မြွေကြီးတွေ မမီအောင် ပြေးတယ်။

ရန်သူငါးယောက် နောက်ကလိုက်ခြင်း

မြွေနဲ့တော့ မဖြစ်သေးဘူး၊ ဒီလူကိုလိုက်ပြီးတော့ သတ်နိုင်တဲ့လူစွမ်းကောင်းတွေ ရှာဦးမှပဲဆိုပြီးတော့ တိုင်းပြည်မှာ မောင်းကြေးနင်းခတ်တာပေါ့လေ၊ မြွေထိန်းယောကျ်ားဟာ မင်း၏အာဏာကိုဖီဆန်ပြီး ထွက်ပြေးတယ်၊ အဲဒီယောကျ်ားကို သတ်နိုင်တဲ့ပုဂ္ဂိုလ်ပေါ်လို့ရှိရင် ဆုငွေတစ်ထောင်ပေးမယ်ဆိုတော့ အဲဒီမြွေထိန်း

http://www.dhammadownload.com

ယောကျ်ားနဲ့ အစကတည်းက မတည့်နေတဲ့ရန်သူကြီးတွေက ငါးယောက်ရှိတယ် ဆိုတာကိုး၊ မတည့်ကြဘူး၊ တစ်ယောက်နဲ့တစ်ယောက် တစ်ခါတည်းအခွင့်သာလို့ ရှိရင် တစ်ယောက်နဲ့တစ်ယောက်သတ်ဖို့ရာသာ ကြံစည်နေတဲ့ပုဂ္ဂိုလ်တွေရှိတယ်၊ ငါးယောက်၊ အဲဒီလူတွေဟာလဲ လူဆိုးကြီးတွေ ငါးယောက်ပဲ။ အဲဒီရန်သူကြီး ငါးယောက်ကထွက်လာပြီး "ကျွန်တော်မျိုးတို့ ဒီမွေ့ထိန်းယောကျ်ားကိုတွေ့ရာမှာ လိုက်ပြီးတော့ သတ်ပါမယ်"၊ သူတို့က ဆုမရတောင် သတ်မယ့်လူတွေပဲ၊ အစကတည်းက မုန်းနေကြတာ၊ မတဲ့နေကြတာ၊ အဲဒီတော့ ဘုရင်မင်းမြတ်ကလဲ သတ်စေဆိုပြီး အမိန့်ချတော့ သူတို့ကလဲ မွေ့ထိန်းယောကျ်ားနောက်ကို လိုက်ကြတာကိုး။

တမေနံ ဧဝံ ဝဒေယျုံ "ဣမေ ခေါ အမ္ဘော ပုရိသ ပဠဝ ဝတော ပစ္စတ္ထိကာ ဝိဠုံဝေါ အနုပဗ္ဗာ 'ယတ္ထေဝ နံ ပဿိဿာမ၊ တတ္ထေဝ ဇီဝိတာ ဝေါရောပေဿာမာ'တိ၊ ယံ ဇေ အမ္ဘော ပုရိသ တရဏီယံ၊ တံ ကရောဟိ"တိ၊

အမ္ဘော ပုရိသ၊ အမောင်ယောကျ်ား။ **တမေနံ**၊ ထိုသို့ မွေ့ကြိုးတွေကိုကြောက်၍ ထွက်ပြေးလေသော မွေ့ထိန်းယောကျ်ားကို။ **ဧဝံ**၊ ဤသို့။ **ဝဒေယျုံ**၊ ပြောကြားကြလေကုန်၏။ **အမ္ဘော ပုရိသ**၊ အမောင်ယောကျ်ား။ **ပဠဝ**၊ ငါးယောက်ကုန်သော။ **ပစ္စတ္ထိကာ**၊ သင်၏ရန်သူဖြစ်ကုန်သော။ **ဣမေ ဝတော**၊ ဤသူသတ်သမားကြီးတို့သည်။ **ဇေ**၊ သင်၏။ **ဝိဠုံဝေါ ဝိဠုံဝေါ**၊ နောက်မှ နောက်မှ။ **အနုပဗ္ဗာ**၊ အစဉ်လိုက်၍လာကြကုန်ပြီ။ **ယတ္ထေဝ**၊ အကြင်အရပ်၌သာလျှင်။ **နံ**၊ ထိုမွေ့ထိန်းယောကျ်ားကို။ **ပဿိဿာမ**၊ တွေ့ကုန်အံ့။ **တတ္ထေဝ**၊ ထိုအရပ်၌သာလျှင်။ **ဇီဝိတာ**၊ အသက်မှ။ **ဝေါရောပေဿာမ**၊ ချကုန်အံ့။ **ဣတိ**၊ ဤသို့ရည်ရွယ်ချက်ဖြင့်။ **အနုပဗ္ဗာ**၊ နောက်မှ အစဉ်လိုက်၍ လာကြကုန်၏။ **အမ္ဘော ပုရိသ**၊ အမောင်ယောကျ်ား။ **ယံ**၊ အကြင်အမှုကို။ **ဇေ**၊ သင်သည်။ **ကရဏီယံ**၊ စောစောစီးစီးက ကြိုတင်၍ ပြုသင့်ပြုထိုက်၏။ **တံ**၊ ထိုအမှုကို။ **တရောဟိ**၊ ပြုလေလော့။ **ဣတိ**၊ ဤသို့။ **ဝဒေယျုံ**၊ ပြောကြားလာလေကုန်၏။

http://www.dhammadownload.com

အဲဒီလိုမြွေကြီးတွေ ကြောက်လို့ပြေးနေရတဲ့အထဲမှာ နောက်ကရန်သူကြီး ငါးဦးကလဲ သတ်ဖို့ရာ လက်နက်တွေနဲ့ လိုက်လာတယ်ဆိုတဲ့အကြောင်းကို အကျိုးစီးပွားလိုလားတဲ့ပုဂ္ဂိုလ်တွေက ပြောပါတယ်တဲ့၊ အခု မြွေကြီးတွေတွင်မကဘူး မင်းမြွေကြီး ၄-ကောင်ကလဲ နောက်ကအနံ့ခံပြီး လိုက်လာနေကြတယ်၊ ဒါတွင်မကဘူး မင်းနဲ့ရွေးတုန်းက မတည့်တဲ့ တကယ်ရန်သူကြီးတွေငါးဦးကလဲ ဘုရင်မင်းမြတ်အမိန့်တော်နဲ့ အခု တွေ့ရာသခ္ခိုင်းသတ်ဖို့ရာ နောက်ကလိုက်လာ နေကြတယ်။ ဒီတော့ မင်းစောစောစီးစီးက ပြုသင့်ပြုထိုက်တဲ့အမှုကို ကြိုတင်ပြီး ပြုပေတော့လို့ သတိပေးစကားလာပြီးတော့ ပြောပါတယ်တဲ့။

အထ ခေါ သော ဘိက္ခဝေ ပုရိသော ဘိတော စတုန္နံ အာသီဝိသာနံ ဥဒ္ဓတေဇာနံ ယောရဝိသာနံ ဘိတော ပဥ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ ယေန ဝါ တေန ဝါ ပလာယေထ။

ဘိက္ခဝေ၊ ရဟန်းတို့။ **အထခေါ၊** ထိုအခါကာလ၌။ (ဝါ) **အထခေါ၊** ထိုသို့ အကျိုးစီးပွားကိုလိုလားသောပုဂ္ဂိုလ်က ရန်သူကြီးငါးဦးလိုက်လာကြောင်းကို ပြောကြားသော ထိုအခါကာလ၌။ **သော ပုရိသော၊** ထိုမြွေထိန်းယောကျ်ားသည်။ **ဥဒ္ဓတေဇာနံ၊** ထက်မြက်သော တန်ခိုးရှိကုန်သော။ **ယောရဝိသာနံ၊** ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတုန္နံ အာသီဝိသာနံ၊** လေးကောင်သော မြွေကြီးတို့မှ။ ဝါ-မြွေကြီးတို့ကို။ **ဘိတော၊** ကြောက်လန့်သည်ဖြစ်၍။ **ပဥ္စန္နံ ဝဓကာနံ၊** ရန်သူဖြစ်ကုန်သော။ **ပဥ္စန္နံ ဝဓကာနံ၊** ငါးဦးသော သူသတ်သမားကြီးတို့ကို။ **ဘိတော၊** ကြောက်လန့်သည်ဖြစ်၍။ **ယေနဝါ တေနဝါ၊** အမှတ်မရှိ တစ်ပါးပါးသော အရပ်ဖြင့်လည်း။ **ပလာယေထ၊** ပြေးသွားလေရာ၏။

အဲဒီ မြွေကြီးတွေက နောက်ကလိုက်လာတော့ မြွေကြီးတွေလဲ ကြောက်ရတယ်။ ရန်သူကြီးငါးဦးကလဲပဲ မင်းအမိန့်နဲ့ဆိုတော့ အမိန့်ရ သူသတ်သမားကြီးတွေ ကြောက်ရတာကိုး၊ သူက အမိန့်မရတောင်မှ ငါးဦးဆိုတော့ ငါးဦးနဲ့တစ်ယောက်နဲ့ ပြိုင်ဖြစ်လို့တော့ မဖြစ်ပေဘူး၊ ငါးဦးတောင် လိုက်လာတာတဲ့၊ သူတို့က လက်နက်ကိုယ်စီနဲ့ လိုက်လာတာ၊ သူတို့လဲ ကြောက်ရတယ်၊ ဒီတော့

http://www.dhammadownload.com

ကြောက်တော့ ခြေဦးတန်းရာ ထိုထိုအရပ်ဒေသတွေကို ပြေးရတယ်တဲ့၊ နောက်က မြွေတွေလဲ မမီလာအောင် ရန်သူကြီးတွေလဲ မမီလာအောင် အမျိုးမျိုးလှည့်စားပြီး ပြေးနေရတာ။

အဲဒီလို ပြေးနေတယ်ဆိုတဲ့သတင်းကို ဘုရင်မင်းမြတ်က ကြားပြန်တော့ မှူးမတ်တွေနဲ့ တိုင်ပင်တယ်၊ တိုင်ပင်တော့ ဒီလိုတော့မဖြစ်သေးဘူး၊ မြွေကြီးတွေ ဆိုတာလဲ ကိုက်တတ်မှန်းသိတယ်၊ အဆိပ်ပြင်းထန်တဲ့ အကောင်ကြီးတွေပဲ၊ ဒါကြီးတွေကြောက်တော့ သူမြွေကြီးတွေမမီအောင် လှည့်စားပြီးတော့ သူပြေးနေတယ်၊ ရန်သူကြီးငါးဦးဆိုတာလဲ အစကတည်းက သူနဲ့မတည့်တဲ့ လူကြီးတွေ ဒီလူကြီးတွေလဲပဲ သူဒီလူကြီးတွေအကြောင်းလဲ သိပြီးနေတော့ သူဟာ ဒီလူကြီး တွေလည်း မမီအောင်လို့ သူလှည့်စားပြီးတော့ သူပြေးနေတယ်၊ ဒီတော့ ဒီလိုတော့ မဖြစ်သေးဘူး၊ အတွင်းသားရင်းနှီးတဲ့ ပုဂ္ဂိုလ်ထဲက ဖြားယောင်းပြီး ချော့သတ်မယ့်လူ ရှာဦးမှာပဲ၊ ဘုရင်မင်းမြတ်ကြီးက အဲဒီလိုယူဆပြီးတော့ တိုင်းပြည်မှာ မောင်းကြေး နင်းခတ်တယ်။

ငယ်ပေါင်းမိတ်ဆွေဖြစ်သည့် ရန်သူလိုက်ခြင်း

မောင်းကြေးနင်းခတ်တော့ သူနဲ့ ငယ်ငယ်ကတည်းက ကစားဖော်ကစား ဖက် ပြောမနာ ဆိုမနာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေက ထွက်လာတယ်ဆိုတာ ကိုး။ မိတ်ဆွေဆိုတာလဲ ဒီလိုပါပဲ။ ကိုယ့်ကျိုးကိုယ့်စီးပွားအတွက်ကျတော့ ဒီလို လုပ်ကြရတာပဲ၊ စစ်သူကြီးဌာနန္တရပေးမယ်ဆိုပြီးတော့ ဒီလူကို သတ်နိုင်လို့ရှိရင် စစ်သူကြီးဌာနန္တရပေးမယ်ဆိုပြီး ဘုရင်မင်းမြတ်က အမိန့်ထုတ်လိုက်တော့ အဲဒီသူ မိတ်ဆွေအရင်းအချာကနေပြီးတော့ ထွက်လာတယ်၊ ထွက်လာတော့ ဘုရင်မင်း မြတ်က သူ့ကိုခန့်လိုက်တယ်၊ ခန့်လိုက်တော့ သူကလဲ နောက်က ဓားထမ်းပြီး သကာလ လိုက်သွားတယ်တဲ့။ အဲဒါကို -

တမေနံ စဝံ ဝဒေယျုံ အယံ တေ အမ္ဘော ပုရိသ ဆဒ္ဒေါ အန္တရစရော ဝဓတော ဥတ္တိဋ္ဌာသိတော ဝိဇ္ဈတော ဝိဇ္ဈတော အနုပဓ္ဓေါ "ယတ္ထေဝ နံ ပဿိဿာမိ၊ တတ္ထေဝ သိရော ပါတေဿာမိ"တိ။

http://www.dhammadownload.com

ထမေနံ၊ ထိုမြွေကြီးလေးကောင်နဲ့ ရန်သူကြီးငါးယောက်ကိုကြောက်၍ ပြေးသွားလေသော မြွေထိန်းယောကျ်ားကို။ **အတ္ထာသာဓတော**၊ အကျိုးစီးပွားကို လိုလားသော ပုဂ္ဂိုလ်တို့သည်။ **စဝံ**၊ ဤသို့။ **ဝဒေယျုံ**၊ ပြောကြားလာကုန်၏။ **အမ္ဘောပုရိသ**၊ အမောင်ယောကျ်ား။ **ထေ**၊ သင်၏။ **အန္တရစရော**၊ အတွင်းသားဖြစ်သော။ **ဆဋ္ဌော**၊ ခြောက်ခုမြောက်ဖြစ်သော။ **အယံဝဇ္ဇေတော**၊ ဤသူသတ်သမားတစ်ယောက်သည်။ **ဥတ္တိဋ္ဌာသိတော**၊ ချီမိုးအပ်သော သန်လျက်ဓားရှိသည်ဖြစ်၍။ **ဝါ**၊ ဓားကိုထမ်းလျက်။ **ဝိဠီတော ဝိဠီတော**၊ နောက်မှနောက်မှ။ **အနုပန္နော**၊ အစဉ်လိုက်၍လာခဲ့၏။ **ယတ္ထေဝ**၊ အကြင်အရပ်၌သာလျှင်။ **နံ**၊ ထိုမြွေထိန်းယောကျ်ားကို။ **ပဿိဿာမိ**၊ တွေ့မြင်ရ၏။ **တတ္ထေဝ**၊ ထိုအရပ်၌သာလျှင်။ **သိရော**၊ ဦးခေါင်းကို။ **ပါတေဿာမိ**၊ ချစေအံ့။ **ဝါ-ပါတေဿာမိ**၊ ကျစေအံ့။ **ဣတိ**၊ ဤသို့။ **အနုပန္နော**၊ အစဉ်လိုက်၍ လာ၏။ **အမ္ဘောပုရိသ**၊ အမောင်ယောကျ်ား။ **ယံ**၊ အကြင် အမှုကို။ **တေ-သင်သည်၊ တရတိယံ**၊ ပြုသင့်ပြုထိုက်၏။ **တံ**၊ ထိုအမှုကို။ **တရောဟိ**၊ ပြုလေလော့။ **ဣတိ**၊ ဤသို့။ **ဝဒေယျုံ**၊ ပြောကြားလာကုန်၏။

အကျိုးစီးပွား လိုလားတဲ့ပုဂ္ဂိုလ်က လာပြီးတော့ ပြောတယ်၊ မြွေထိန်းယောကျ်ား၊ မြွေကြီးလေးကောင်ကလဲ နောက်ကလိုက်တယ်၊ ရန်သူကြီးငါးယောက်ကလဲ နောက်ကလိုက်လာတယ်၊ ဒီအထဲမှာ မင်းငယ်ငယ်ကတည်းက အင်မတန်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံပြီးတော့လာတဲ့ မိတ်ဆွေအရင်းအချာဖြစ်တဲ့ အတွင်းသားပုဂ္ဂိုလ်ကလဲ ဘုရင်မင်းမြတ်က ချီးမြှောက်မယ့် ဆုလာဘ်လာဘကို မျှော်လင့်ပြီးတော့ တွေ့ရာသချိုင်းသတ်ဖို့ရာ ဓားထမ်းပြီးတော့ လိုက်လာတယ်။ မင်းစောစောစီးစီးက ပြုသင့်ပြုထိုက်တာကို ပြုပေတော့လို့ လာပြီးတော့ ပြောတယ်။

အဲဒီမှာ မိတ်ဆွေဖြစ်တဲ့ အတွင်းသားပုဂ္ဂိုလ်ကလဲပဲ အဝေးကနေပြီးတော့ သတင်းပို့အော်ပြီးတော့ ပြောတယ်။ "မင်းပြေးမနေနဲ့၊ မင်းအထင်မလွဲနဲ့၊ ငါဟာ မင်းနဲ့ငယ်ငယ်ကတည်းက အင်မတန်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်ပဲကွာ၊ မင်းအကျိုးငါလိုလားပါတယ်၊ ငါ့အကျိုးလဲ မင်းလိုလားပါတယ်၊ ငါ့အကြောင်းလဲ မင်းသိ၊ မင်းအကြောင်းလဲ ငါသိနေတာပဲ။ တစ်ဦးနဲ့တစ်ဦး မယုံသင်္ကာဖြစ်စရာမရှိပါဘူး၊

http://www.dhammadownload.com

မင်းဒီလိုပြေးနေလို့ မဖြစ်ဘူး၊ မင်းလဲ ဒုက္ခရောက်တယ်။ သားမယားတွေလဲ ဒုက္ခရောက်တယ်၊ မင်းဘေးဥပါဒ်အန္တရာယ် မဖြစ်စေရအောင် ငါတာဝန်ယူပါတယ်၊ ပြန်သာလာခဲ့ပေတော့"လို့ ဒီလိုလိုက်ပြီးတော့ ဖြားယောင်းတယ်ဆိုတာကိုး။

ဒါပေမယ့်လို့ ဟိုကအကျိုးစီးပွားလိုလားတဲ့ ပုဂ္ဂိုလ်ကပြောထားတော့ အနားကို အကပ်မခံဘူး၊ သာပြီးတောင်ပြေးရတယ်၊ မြွေကြီးလေးကောင်ကလဲလိုက်၊ ရန်သူကြီးငါးဦးကလဲလိုက်၊ ကိုယ့်မိတ်ဆွေ အရင်းအချာဖြစ်တဲ့ ပုဂ္ဂိုလ်က ရန်သူကြီးဖြစ်ပြီးတော့ သူကလဲ တွေ့.ရာသချိုင်းသတ်ဖို့ရာ လိုက်လာတော့ကို ပြေးရတယ်။

မြွေထိန်းယောကျ်ားရွာပျက်တုန်းရောက်ခြင်း

အထ ခေါ သော ဘိက္ခဝေ ပုရိသော ဘီတော စတုန္နံ အာသီဝိသာနံ ဥဂ္ဂတေဇာနံ ယောရဝိသာနံ, ဘီတော ပဉ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ, ဘီတော ဆဋ္ဌဿ အန္တရစရဿ ဝဓဿ ဥတ္ထိတ္ထာဘီကဿ ယေန ဝါ တေန ဝါ ပလာယေထ၊ သော ပဿေယျ သုညံ ဂါမံ၊ ယညဒေဝ ဃရံ ပဝိသေယျ၊ ရိတ္တကညေဝ ပဝိသေယျ၊ တုစ္ဆကညေဝ ပဝိသေယျ၊ သုညကညေဝ ပဝိသေယျ၊ ယညဒေဝ ဃာဇနံ ပရိမသေယျ၊ သုညကညေဝ ပရိမသေယျ၊ တုစ္ဆကညေဝ ပရိမသေယျ၊ သုညကညေဝ ပရိမသေယျ။

ဘိက္ခဝေ၊ ရဟန်းတို့။ **သောပုရိသော**၊ ထိုမြွေထိန်းယောကျ်ားသည်။ **ဥဂ္ဂတေဇာနံ**၊ ထက်သော တန်ခိုးရှိကုန်သော။ **ယောရဝိသာနံ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတုန္နံ**၊ လေးကောင်ကုန်သော။ **အာသီဝိသာနံ**၊ မြွေကြီးတို့ကို။ **ဘီတော**၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ **ပဉ္စန္နံ**၊ ငါးဦးကုန်သော။ **ပစ္စတ္ထိကာနံ ဝဓကာနံ**၊ ရန်သူဖြစ်သော သူသတ်သမားကြီးတို့ကို။ **ဘီတော**၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ **ဆဋ္ဌဿ**၊ ခြောက်ခုမြောက် ဖြစ်သော။ **အန္တရစရဿ**၊ အတွင်းသားဖြစ်သော။ **ဥတ္ထိတ္ထာဘီကဿ ဝဓကဿ**၊ ဓားမိုး၍လိုက်လာသော သူသတ်သမားကို။

http://www.dhammadownload.com

ဘီတော၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ **ယေန ဝါ တေနဝါ**၊ အမှတ်မရှိ တစ်ပါးပါးသော ဦးတန်းမိရာ အရပ်ဖြင့်။ **ပလာယေထ**၊ ပြေးလေရာ၏။ **သော**၊ ထိုသို့ ဦးတန်းမိရာ ပြေးသွားသော ယောကျ်ားသည်။ **သုညံဝါမံ**၊ လူတို့မှ ဆိတ်သော ရွာပျက်ကုန်းကို။ **ပဿေယျ**၊ တွေ့မြင်လေရာ၏။

အဲဒီလိုပြေးတော့ တိုင်းစွန်ပြည်နား လူတွေဘာတွေမနေနိုင်လို့ ပျက်နေတဲ့ ရွာပျက်ကုန်းရောက်သွားတယ်၊ ရွာပျက်ကုန်းဆိုတာ ရွာတော့ရွာပါပဲ၊ ဒါပေမယ့်လို့ လူမရှိတော့ဘူး၊ လူမနေနိုင်တော့ဘူး၊ လူတွေ ဘေးရန်ကြောင့် မနေနိုင်တော့ဘူး၊ ရွာကအိမ်ကလေးတွေသာရှိတယ်၊ အိမ်ကလေး ၆-ခုရှိတယ်တဲ့၊ အဋ္ဌကထာကထည့်တယ်။ နောက်အနက်အဓိပ္ပာယ်က ၆-ခုလာရမှာမို့လို့ ထည့်ထားရတယ်၊ အိမ်ကလေး ၆-ခုရှိတယ်၊ အဲဒီရွာရောက်သွားတော့ မောမောပန်းပန်းနဲ့ ရွာတစ်ရွာတော့ ရောက်လာပြီ၊ ဒီရွာထဲမှာ စားစရာလေး သောက်စရာလေးများ ရကောင်းပါတယ်ဆိုပြီး ဒီရွာထဲဝင်သွားတာကိုး။

ယညဒေဝ ယဓံ၊ အကြင်အကြင်အိမ်သို့သာလျှင်။ **ပဝိသေယျ**၊ ဝင်ရာ၏။ **ရိတ္ထကညေဝ**၊ စားဖွယ်သောက်ဖွယ် သုံးဖွယ်မှကင်း၍သာလျှင်။ **ပဝိသေယျ**၊ ဝင်ရောက်လေရာ၏။ **တုစ္ဆကညေဝ**၊ အချည်းနှီးဖြစ်သော အိမ်ကိုသာလျှင်။ **ပဝိသေယျ**၊ ဝင်မိလေရာ၏။ **သုညကညေဝ**၊ စားဖွယ်သုံးဖွယ်လူမှ ဆိတ်သောအိမ်သို့သာလျှင်။ **ပဝိသေယျ**၊ ဝင်မိလေရာ၏။

အိမ်လေး ၆-ခု တစ်အိမ်ပြီး တစ်အိမ်လိုက်ပြီးတော့ဝင်တယ်။ ဒီအိမ်မှာ စားစရာ သောက်စရာများရှိမလား အကူအညီများရမလားလို့ ဝင်လိုက်တာ အိမ်ထဲကျတော့မှ ဘာမှမရှိဘူး၊ စားစရာလဲမရှိဘူး၊ သောက်စရာလဲမရှိဘူး၊ ရေတောင်မရှိဘူး၊ ဘာမှ အသုံးကျတဲ့ပစ္စည်းမရှိဘူး၊ ဒီအိမ်ကမရှိ ဟိုအိမ် ဟိုအိမ်ကမရှိ ဟိုအိမ်ရောက်ပြီးတော့ အိမ် ၆-ခု တစ်ခါတည်းဝင်ပြီးတော့ ရှာလိုက်တာ ဘယ်အိမ်မှ မရှိဘူး။

ယညဒေဝ ဘာဇနံ၊ အကြင်အကြင် အိုးခွက်ကိုသာလျှင်။ **ပရိမသေယျ**၊ စမ်းသပ်ရှာဖွေရာ၏။ စားဖွယ်သောက်ဖွယ် ဘာမှမရှိဘူးတဲ့။

http://www.dhammadownload.com

ရိတ္ထကညော၊ စားဖွယ်သောက်ဖွယ်မှ ကင်းလျှင်သာလျှင်။ **ပရိမဿေယျ**၊ သုံးသပ်မိလေရာ၏။ **ဆုညကညော**၊ စားဖွယ်သုံးဖွယ်မှ ဆိတ်သည်ဖြစ်၍ သာလျှင်။ **ပရိမဿေယျ**၊ သုံးသပ်မိလေရာ၏။

ဟို အိုးလေးဖွင့်ကြည့်လိုက် လက်နဲ့နှိုက်ကြည့်လိုက် အိုးထဲမှာဘာမှမရှိဘူး၊ ရေတောင်မရှိဘူး၊ ဒီအိုးလေးတွေလဲ ဖွင့်ကြည့်လိုက် နှိုက်ကြည့်လိုက် ဘာမှ မရှိဘူး၊ အိုးတိုင်းခွက်တိုင်း အသုံးကျတဲ့ပစ္စည်းဆိုတာ ဘာမှမရှိဘူးတဲ့၊ ဒီထဲမှာ အဲဒါတွေကို တွေ့ပါတယ်တဲ့။

ထမေနံ ဧဝံ ဝဒေယျ "ကွာဒါနိ အမ္ဘော ပုရိသ ကွမံ သုညံဂါမံ စောရာ ဂါမယာတတာ ပဝိသန္တိ၊ ယံ တေ အမ္ဘော ပုရိသ ကရဏီယံ၊ တံ ကရောဟိ" တိ၊

ထမေနံ၊ ထိုရွာပျက်ကုန်းသို့ရောက်နေသော မြွေထိန်းယောက်ျားကို **(အတ္ထ- သာဓကာ)** အကျိုးစီးပွားကို လိုလားသော ပုဂ္ဂိုလ်တို့သည်။ **ဧဝံ**၊ ဤသို့။ **ဝဒေယျ**၊ ပြောကြားလေကုန်ရာ၏။ **အမ္ဘောပုရိသ**၊ အမောင်ယောက်ျား။ **ကွာဒါနိ**၊ ယခုအခါ ကာလ၌။ **ကွမံသုညံဂါမံ**၊ ဤရွာပျက်ကုန်းကို။ **ဂါမ ယာတတာ**၊ ရွာကိုဖျက်ဆီး တတ်ကုန်သော။ **စောရာ**၊ သူခိုးဓားပြတို့သည်။ **ပဝိသန္တိ**၊ ဝင်ရောက်လာကြလေကုန်၏။ **အမ္ဘောပုရိသ**၊ အမောင်ယောက်ျား။ **ယံ**၊ အကြင်အမှုကို။ **တေ**၊ သင်သည်။ **ကရဏီယံ**၊ ပြုသင့် ပြုထိုက်၏။ **တံ**၊ ထိုပြုသင့်ပြုထိုက်သောအမှုကို။ **ကရောဟိ**၊ ပြုလေလော့။ **ကွာတိ**၊ ဤသို့။ **ဝဒေယျ**၊ ပြောကြားလေကုန်ရာ၏။

စားပြ မြ-ယောက် ဝင်လာခြင်း

ဒီတော့ အဲဒီ မြွေထိန်းယောက်ျားက ဒီရွာထဲမှာတော့ဖြင့် အိမ်တိုင်း အိမ်တိုင်းတော့ ငါနှံ့ပြီ၊ ဘာမှလဲစားစရာမရှိဘူး၊ သုံးစရာလဲမရှိဘူး၊ ရေတောင် သောက်စရာ မရှိဘူး၊ အိုးထဲ ခွက်ထဲမှာလဲ ဘာမှမရှိဘူး၊ ဒီတော့ လမ်းကလာခဲ့တာလဲ မောပန်းလှပြီ၊ အမောအပန်းကလေးတော့ ဖြေဦးမှပဲဆိုပြီးတော့ ရွာအလယ်ကောင်မှာ သစ်ပင်တစ်ခုရှိတယ်၊ အရိပ်ကလေး ကောင်းကောင်းနဲ့၊ အဋ္ဌကထာ

http://www.dhammadownload.com

ထည့်ထားတယ်၊ ပါဠိတော်မှာတော့ မပါဘူး၊ ဒီလိုတော့ ဖြစ်ရမှာပဲ၊ စားစရာ မရှိရင် ခဏတစ်ဖြုတ်တော့ နားရဦးမှာ၊ အရိပ်ကလေးလဲ ကောင်းကောင်းနဲ့ လေကလေးကလဲတိုက်လို့ စားစရာမရှိရင် လေညင်းကလေး ခံနေဦးမှပဲလို့ဆိုပြီး ကုလားထိုင်ကလေးမှာထိုင်ပြီးတော့ အဲဒီလိုထိုင်ပြီးတော့နေတုန်း အကျိုးစီးပွားကို လိုလားတဲ့ ပုဂ္ဂိုလ်တွေက လာပြောတယ်တဲ့၊ အမောင်မြွေထိန်းယောက်ျား ဒီလို အေးအေး ဆေးဆေး ထိုင်မနေနဲ့၊ အခု ဒီရွာကို ဓားပြတွေ ၆ ယောက်ဝင်လာပြီ၊ ဒီရွာထဲမှာ ပစ္စည်းရှိရင်လဲ ယူမယ်၊ လူတွေ့ရင်လဲ သတ်မယ်ဆိုပြီးတော့ လူဆိုးတွေ ဓားပြတွေ ဝင်လာကြပြီ၊ စောစောစီးစီးက ပြုသင့်ပြုထိုက်တာပြုတော့ ဆိုပြီးတော့ ပြောတယ်၊ ပြောတော့ အဲဒီမှာ ထိုင်မနေဝံ့ပြန်ဘူးပေါ့လေ၊ ထွက်ပြေးရပြန်တယ်။

အထ ခေါ် သော ဘိတ္တဝေ ပုရိသော ဘိတော စတုန္နံ အာသီဝိသာနံ ဥဂ္ဂတေဇာနံ ဃောရဝိသာနံ ဘိတော ပဉ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ ဘိတော ဆဋ္ဌဿ အန္တရစရဿ ဝဓကဿ ဥတ္တိဏ္ဏာ ဘိတဿ, ဘိတော စောရာနံ ဂါမဃာတကာနံ ယေန ဝါ တေန ဝါ ပလာယေထ၊

ဘိတ္တဝေ၊ ရဟန်းတို့။ **အထ ခေါ်**၊ ထိုသို့ အကျိုးစီးပွားကို လိုလားသောပုဂ္ဂိုလ် တို့က ရွာပျက်ကုန်းသို့ ရွာဖျက်ဓားပြများ ဝင်ရောက်လာကြပြီဟု ပြောကြားသော အခါကာလ၌။ **သော ပုရိသော**၊ ထို မြွေထိန်းယောက်ျားသည်။ **ဥဂ္ဂတေဇာနံ**၊ ထက်သော တန်ခိုးရှိကုန်သော။ **ဃောရဝိသာနံ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတုန္နံ အာသီဝိသာနံ**၊ လေးကောင်သော မြွေကြီးတို့ကို။ **ဘိတော**၊ ကြောက်ရွံ့သည် ဖြစ်၍ လည်းကောင်း။ **ပဉ္စန္နံ ဝဓကာနံ ပစ္စတ္ထိကာနံ**၊ ရန်သူဖြစ်သော သူသတ်သမား ကြီး ငါးယောက်တို့ကို။ **ဘိတော**၊ ကြောက်လန့်သည်ဖြစ်၍လည်းကောင်း။ **ဆဋ္ဌဿ အန္တရစရဿ ဝဓကဿ ဥတ္တိဏ္ဏာဘိတဿ**၊ ဓားမိုးလျှက် လိုက်လာသော မိမိ၏ အတွင်းသား လူယုံဖြစ်သော မိတ်ဆွေရန်သူကို၊ **ဘိတော**၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ **ဂါမဃာတကာနံ စောရာနံ**၊ ရွာဖျက်ဓားပြတို့ကို။ **ဘိတော**၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ **ယေန ဝါ တေန ဝါ**၊ အမှတ်မရှိ တစ်ပါးပါး ဦးတန်းမိရာအရပ်ဖြင့်။ **ပလာယေထ**၊ ပြေးသွားလေရာ၏။

http://www.dhammadownload.com

ဘေးရန်ပေါ်ယယ် မြစ်ပင်လယ်ရောက်

ရွာထဲကထွက်ပြီးတော့ ကတိုက်ကရိုက် ပြေးသွားရှာတယ်။

သော ပဿေယျ မဟန္တံ ဥဒကက္ခန္ဓံ ဩရိမံ တီရံ သာသင်္ကံ သမ္ပဇ္ဇိဿတိ၊ ပါရိမံ တီရံ ခေမံ အသမ္ပဇ္ဇိဿတိ၊ နု ခေါ နာဝါ သန္ဓာရကာ ဥတ္တရသေတု ဝါ အပါရာ ပါရံ ဂမနာယ။

သော၊ ထိုယောက်ျားသည်။ **မဟန္တံ**၊ ကြီးကျယ်စွာသော။ **ဥဒကက္ခန္ဓံ**၊ ရေအိုင်ကြီး မြစ်ကြီးကို။ **ပဿေယျ**၊ တွေ့မြင်လေရာ၏။

အဲဒီလိုပြောတော့ အင်မတန်ကြီးကျယ်တဲ့ ရေအိုင်ကြီးသို့မဟုတ် မြစ်ကြီးပေါ့။ သို့မဟုတ် ပင်လယ်ကွေ့ပေါ့၊ အဲဒီရောက်တယ်၊ **ဥဒကအက္ခန္ဓဝ၊ အက္ခန္ဓဝ**ဆိုတာ သမုဒ္ဒရာတို့ ဘာတို့ကိုခေါ်တယ်၊ ဒီမှာတော့ သမုဒ္ဒရာ ပင်လယ်တွေလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ။ အဲဒီကို ရောက်တယ်၊ ဒါမှ မဟုတ်ရင်လဲ အင်းကြီး, အိုင်ကြီးတွေ ဆိုတာရှိတယ်၊ ဒါလဲ ရပါတယ်၊ ဒါမှ မဟုတ်ရင်လဲ အင်မတန်ကြီးကျယ်တဲ့ မြစ်ကြီးတွေဆိုလဲ ရပါတယ်၊ ကျယ်လဲကျယ်တယ်၊ နက်လဲနက်တယ် ဆိုရင် **ဥဒကက္ခန္ဓဝံ**-နက်ကျယ်တဲ့ ရေပြင်ကျယ်၊ နက်ကျယ်တဲ့ရေအိုင်ကြီး, အင်းကြီး, မြစ်ကြီး သို့မဟုတ် ပင်လယ်ကွေ့ကြီးကို ရောက်သွားပါတယ်တဲ့။

အဿ၊ ထိုနက်ကျယ်သော ရေအိုင်ကြီး၏။ **အပါရာ**၊ ဤမှာဘက်မှ။ **ပါရံ ဂမနာယ**၊ ဟိုမှာဘက်သို့ သွားခြင်းငှာ။ **သန္ဓာရကာ**၊ ကူးမြောက်စေတတ် ပို့ဆောင်တတ်သော။ **နာဝါ ဝါ**၊ လှေသည်မူလည်း။ **နု အဿ**၊ မရှိရာ။ **ဥတ္တရသေတု ဝါ**၊ တံတားသည်မူလည်း။ **နု အဿ**၊ မရှိရာ။

အဲဒီ အင်းအိုင်ကြီး ရေပြင်ကျယ်ကြီးမှာ ကူးဖို့ရာ လှေလဲမရှိဘူးတဲ့၊ တံတားလဲမရှိဘူးတဲ့၊ ဒီဘက်က ဟိုဘက်ကို အဲဒီအင်းအိုင် ရေပြင်ကျယ်ကြီးကို ဟိုဘက်ကို လွန်သွားမှ ဘေးအန္တရာယ်တွေက လွတ်မှာ၊ ရန်သူတွေက လိုက်လာတယ်။

ဩရိမံတီရံ ဤမှာဘက်ကမ်းသည်။ **သာသင်္ကံ**၊ စိုးရိမ်ခွံ့ရှာဖွယ်ရှိ၏။ **သမ္ပဇ္ဇိဿတိ**၊ ကြောက်မက်ဖွယ် ဘေးဘျမ်းရှိ၏။ **ပါရိမံတီရံ**၊ ဟိုမှာဘက်ကမ်းသည်။ **ခေမံ**၊ ဘေးငြိမ်း၏။ **အသမ္ပဇ္ဇိဿတိ**၊ ကြောက်မက်ဖွယ် ဘေးဘျမ်းမရှိ။

http://www.dhammadownload.com

အဲဒီ ရေအိုင်ကြီးဒီဘက်ကမ်းက ဆိုလို့ရှိရင်တော့ စိတ်မချရဘူးတဲ့။ နောက်က မြွေကြီးတွေလဲ လိုက်ရင်မီလာမှာပဲ၊ ရန်သူကြီးငါးဦးကလဲ မီလာမှာပဲ၊ ကိုယ့် မိတ်ဆွေဖြစ်တဲ့ ရန်သူကလဲ မီလာမှာပဲ၊ ဓားပြကြီးတွေလဲ ရွာထဲကနေပြီးတော့ ဓားပြတွေက ရွာပျက်ကုန်းဝင်လာတော့ သူထွက်ပြေးလာတော့ နောက်က လိုက်ဟ လိုက်ဟဆိုပြီး လိုက်လာရင် သူတို့လဲမီလာမှာပဲ၊ ဒီဘက်ကမ်းတွင်နေလို့ ရှိရင်တော့ ဘေးရန်မကင်းဘူးတဲ့၊ ဟိုဘက်ကမ်းရောက်မှပဲ ဘေးရန်ကင်းမယ်တဲ့၊ ဟိုဘက်ကမ်း ဆိုလို့ရှိရင်တော့ဖြင့် မြွေကြီးတွေလဲ မလိုက်နိုင်ဘူး၊ ရေပြင်ကလဲ အကျယ်ကြီး။

ဒီတော့ ဥပမာအရအားဖြင့် မြွေကြီးတွေက ဒီဘက်ကမ်းတွင်ပဲ နေဖို့ရာ မင်းရဲ့အာဏာရှိတယ်၊ ဟိုဘက်ကမ်းမှာမရှိဘူး၊ လူဆိုးကြီးတွေကလဲ မလိုက်နိုင်ဘူး၊ သူ့မိတ်ဆွေ ရန်သူကလဲမလိုက်နိုင်ဘူး၊ ရွာပျက်ကုန်း ဓမြတွေကလဲ မလိုက်နိုင်ဘူး၊ ဟိုဘက်ကမ်းဆိုရင်တော့ ဘေးရန်အန္တရာယ်ကင်းတယ်တဲ့၊ ဒါပေမယ့်လို့ အဲဒီမှာ ဘေးရန်အန္တရာယ်ကင်းဖို့ ဟိုဘက်ကမ်းကူးဖို့ရာ လှေကလည်းမရှိဘူး၊ တံတားကလဲ မရှိဘူး။

အပါရာ၊ ဤမှာဘက်မှ။ **ပါရံ** ဟိုမှာဘက်သို့။ **ဝမနာယ၊** သွားခြင်းငှာ။ **သန္တာရဏီ၊** ကူးမြောက်စေတတ် ပို့ဆောင်တတ်သော။ **နာဝါ ဝါ၊** လှေသည်မူလည်း။ **န အာသ၊** မရှိရာ။ **ဥတ္တရသေတု ဝါ၊** တံတားသည်မူလည်း။ **န စ အာသ၊** မရှိရာ။

လှေလဲမရှိဘူး၊ တံတားလဲမရှိဘူး၊ အဲဒီတော့ မြွေထိန်းယောက်ျားက စဉ်းစားတယ်တဲ့၊ စဉ်စားပုံကို မြတ်စွာဘုရား ဟောထားပါတယ်။

အထ ခေါ ဘိက္ခဝေ တဿ ပုရိသဿ ဧဝမဿ "အယံ ခေါ မဟာ ဥဒကက္ခန္ဓော ဩရိမံတီရံ သာသင်္ကော သပ္ပဋိဘယော၊ ပါရိမံ တီရံ ခေမံ အပ္ပဋိဘယံ၊ နတ္ထိ စ နာဝါ သန္တာရဏီ ဥတ္တရသေတု ဝါ အပါရာပါရံ ဝမနာယ၊ ယံနူနာဟံ တိဏကဋ္ဌသာခါ ပလာသံ သံတာဖိတွာ တုလ္လံ ဗန္ဓိတွာ တံ တုလ္လံ နိဿာယ ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယမမာနော သောတ္ထိနာ ပါရံ ဥဿ္စေယျ" န္တိ၊

(နှာ-၃၈၂)

http://www.dhammadownload.com

ဘိတ္ထဝေ၊ ရဟန်းတို့၊ **အထဓေါ်၊** ထိုအခါ၌၊ **တဿ၊** ထိုမြွေထိန်းယောက်ျား အား။ **ဧဝံ၊** ဤသို့သောအကြံသည်။ **အဿ၊** ဖြစ်ရာ၏။ **အသံဥဇကဿဝေါ်၊** ဤအင်း အိုင်မြစ်ကြီးသည်။ **မဟာ၊** ကြီးကျယ်လှပါ၏။ **အပါရာပါရံ ဝမနာယ၊** ဤမှာဘက်မှ ဟိုမှာဘက်ကမ်းသို့ သွားခြင်းငှာ။ **သန္တာရဏီ၊** ကူးမြောက်စေတတ်သော။ **နာဝါ ဝါ၊** လှေသည်မူလည်း။ **နတ္ထိ၊** မရှိသည်သာလျှင်တည်း။ **ဥတ္တရဆေတုဝါ၊** တံတားသည်လည်း။ **နတ္ထိ၊** မရှိသည်သာလျှင်တည်း။

ဖောင်ဖွဲ့ကူး ထစ်ဆက်တမ်းရောက်

ဒီအင်းအိုင်ကြီးဟာလဲ အကျယ်ကြီးပဲ၊ ဤမှာဘက်ကမ်းကလဲ ဘေးအန္တရာယ်တွေက မကင်းဘူး၊ ဟိုမှာဘက်ကမ်းမှာတော့ ဘေးအန္တရာယ်ကင်းတယ်၊ ဟိုဘက် ကူးဖို့ရာ လှေတို့တံတားတို့က မရှိဘူး၊ မရှိတော့ ဘာလုပ်ရမလဲဆိုလို့ရှိရင်-

အဟံ၊ ငါသည်။ **တိဏာတဒ္ဒဿာဓါ ပဟာသံ၊** မြက်သစ်သား သစ်ရွက် ဟောင်းကို။ **သံတမိတွာ၊** စုရုံး၍။ **တုလ္လံပန်ဒိတွာ၊** ဖောင်ဖွဲ့၍။ **ထံတုလ္လံနိဿာယ၊** ထိုဖောင်ကိုအမှီပြု၍။ **ဟတ္ထေဟိစ၊** လက်တို့ဖြင့်လည်းကောင်း။ **ပါဒေဟိစ၊** ခြေတို့ ဖြင့်လည်းကောင်း။ **ဝါယမမာနော၊** အားထုတ်လျက်။ **သောတ္ထိနာ၊** ချမ်းသာစွာ။ **ပါရံ၊** ဟိုဘက်ကမ်းသို့။ **ဝတ္တေယျံ၊** သွားရပါမူကား။ **အဟံ၊** ငါသည်။ **ထံနူန၊** ကောင်းလေစွ။ **လ္ဟာတိ၊** ဤသို့သော အကြံအစည်သည်။ **အဿ၊** ဖြစ်ရာ၏။

ဒီတော့ တံတားမရှိ လှေမရှိတော့ ရှိသမျှမြက်တို့ သစ်ခက်သစ်ရွက်တို့ အဲဒါ လေးတွေ စုပေါင်းပြီးတော့ လူတစ်ကိုယ်ခိုင်လောက်တဲ့ ဖောင်ကလေးလုပ်မှပဲ၊ ဖောင်လေးဖွဲ့မှပဲ၊ လူအဲဒီအပေါ်မှာ ဝမ်းလျားမှောက်ပြီးတော့ နေလို့ရှိရင် မမြုပ် နိုင်လောက်တဲ့မြက်တွေစု၊ ဒိုက်တွေဘာတွေစုရတာပေါ့။ သစ်သားတွေလဲ အဲဒီ ရတတ်သရွေ့ ဒီအထဲမှာထည့်၊ သစ်ရွက်တွေလဲထည့်။ လူခိုင်ရုံကလေး လူတစ် ကိုယ်ခိုင်ရုံလေး ဖောင်လေးဖွဲ့၊ ဖွဲ့ပြီးတော့ အဲဒီမှာ လက်နဲ့ခြေနဲ့ အားထုတ်ယက်ပြီး မှ ဟိုဘက်ကမ်းကူးမှ နေရာကျတော့မှာပဲလို့ အကြံအစည်ဖြစ်လာပါတယ်တဲ့။

အထ ခေါ် သော ဘိတ္ထဝေ ပုရိသော တိဏာတဒ္ဒဿာဓါ ပဟာသံ
သံဟရိတွာ တုလ္လံ ပန်ဒိတွာ တံ တုလ္လံ နိဿာယ ဟတ္ထေဟိ စ ပါဒေဟိ စ

http://www.dhammadownload.com

ဝါလမမာနော ဆောတ္ထိနာ ပါရိ ဝဇ္ဇေယျ၊ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော၊

(သံ၊ ၂ နှာ ၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့။ **အထခေါ်** ထိုအခါ၌။ **သောပုရိသော**၊ ထိုယွေထိန်းယောက်ျားသည်။ **တိဏဘဇ္ဇသာခါဟလာသံ**၊ သစ်ရွက်သစ်ခက် မြက်သစ်ခက်သစ်ရွက် အမှိုက်အပေါင်းကို။ **သံတမိုဒကတ္တာ**၊ စုံုး၍။ **တဋ္ဋံမနီတ္တာ**၊ ဖောင်ဖွဲ့၍။ **တံတဋ္ဋံ နိဿာယ**၊ ထိုဖောင်ကိုအမှီပြု၍။ **ယတ္ထေတိစ**၊ လက်တို့ဖြင့်လည်းကောင်း။ **ပါဒေဟိစ**၊ ခြေတို့ဖြင့်လည်းကောင်း။ **ဝါလမမာနော**၊ အားထုတ်လျက်။ **ဆောတ္ထိနာ**၊ ချမ်းသာစွာဖြင့်။ **ပါရိံ** ဟိုဘက်ကမ်းသို့။ **ဝဇ္ဇေယျ**၊ ကူးသွားလေတော့၏။ **ဘိက္ခဝေ**၊ ရဟန်းတို့။ **တိဏ္ဏော**၊ ကူးမြောက်ပြီးလတ်သော်။ **ပါရင်္ဂတော**၊ တစ်ဘက်ကမ်းသို့ရောက်လာသော။ **ဗြာဟ္မဏော**၊ မကောင်းမှုကို အပယ်ပြုပြီးသော စင်ကြယ်သော အပြစ်ကင်းသော ပုဂ္ဂိုလ်သည်။ **ဟုတ္ထာ**၊ ဖြစ်၍။ **ထလေ**၊ တစ်ဘက်ကမ်း၌။ **တိဋ္ဌတိ**၊ တည်လေတော့၏။

အဲဒီလို သူစိတ်ကူးရှိတဲ့အတိုင်း မြက်တွေ, သစ်ပင်တွေ, သစ်ရွက်တွေ အဲဒါတွေစုပေါင်းပြီးတော့ တစ်ကိုယ်လုံး ခိုင်ခံ့ကလေးလုပ်၊ ဖောင်လေးလုပ်ပြီးတော့ အဲဒီဖောင်ကလေးပေါ် ဝမ်းလျားမှောက် ရေထဲမမြုပ်ရဲ၊ အဲဒီမှာ လက်နဲ့ယက်၊ ခြေနဲ့ကန်ပြီးတော့ ကတိုက်ကရိုက်လုပ်ရမှာ၊ ဟိုမှာနောက်မှာ ဖြည်းဖြည်းနှေးနှေးလုပ်နေလို့တော့မဖြစ်ဘူး၊ နောက်က မြွေကြီးတွေ မီလာမှာစိုးရတယ်၊ ရန်သူကြီးတွေ မီလာမှာလဲစိုးရိမ်ရတယ်၊ ကိုယ့်မိတ်ဆွေရန်သူကလဲ မီလာမှာစိုးရိမ်ရတယ်၊ ရွာဖျက်ဓားပြတွေကလဲ အဲဒီမှာလိုက်လာတော့ အဲဒါတွေကလဲ မီလာမှာ စိုးရိမ်ရတယ်။ သူတို့မလာသေးခင် ကိုယ်ကရေထဲအလျင်ကူးရမှာ အဲဒီလို ရေပြင်ကျယ်ကြီး ဟိုဘက်ရောက်ရင်တော့ ဘေးရန်အန္တရာယ်ကင်းမှာပဲ၊ ဒီအထဲမှာ မြုပ်ပြီးတော့ သေရင်လဲ မတတ်နိုင်ဘူး၊ စွန့်စားပြီးတော့ လုပ်ရမှာပဲ။

ဘေးရန်အန္တရာယ်က နောက်ကလိုက်လာတော့ အဲဒီလို ဖောင်ကလေးတစ်ကိုယ်ခိုင်ခံ့ကလေးလုပ်ပြီးတော့ လက်နဲ့ခြေနဲ့ယက်ပြီး ကူးသွားတော့ ဟိုဘက်

http://www.dhammadownload.com

ကမ်းရောက်သွားပါတယ်တဲ့၊ ဟိုဘက်ကမ်းရောက်သွားတဲ့အခါ ဘာဖြစ်တုန်း ဆိုတော့-

တိဏ္ဏော ပါရံထော ထလေ တိဋ္ဌတိ ဗြာဟ္မဏော၊

ဗြာဟ္မဏဆိုတာ အခု အိန္ဒိယမှာခေါ်နေတဲ့ ဗြာဟ္မဏတွေကတော့ ဇာတ်ကဖြစ်လာတာ၊ အခုမွေးထိန်းယောကျ်ားကတော့ ဇာတ်ကဖြစ်လာတာ မဟုတ်တော့ ဗြာဟ္မဏတော့မဟုတ်ဘူး၊ မဟုတ်ပေမယ်လို့ မြတ်စွာဘုရားက ဥပမာပေးတယ်၊ ဒီမှာတော့ အပြစ်ကင်းတဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာပေါ့။

တိဏ္ဏော၊ ဟိုဘက်ကမ်းသို့ ကူးမြောက်ပြီးသည်ရှိသော်။ **ပါရံထော**၊ တစ်ဘက်ကမ်းသို့ ရောက်လာသော။ **ဗြာဟ္မဏော**၊ အပြစ်ကင်းသော လူကောင်း သူကောင်းသည်။ **ဟုတ္ထာ**၊ ဖြစ်၍။ **ထလေ**၊ တစ်ဘက်ကမ်း ကုန်းမြေထက်၌။ **တိဋ္ဌတိ**၊ တည်လေတော့၏။

ဟိုဘက်ကမ်းလဲရောက်ရော သူ့မှာ ဘာမှအပြစ်မရှိတော့ဘူး၊ ဒီဘက်ကမ်း ဆိုလို့ရှိရင်တော့ မင်းပြစ်မင်းဒဏ်တွေရှိတယ်၊ နောက်ကလိုက်လာတဲ့ မြွေကြီးတွေလဲ အကိုက်ခံရဖို့ရာရှိတယ်၊ ရန်သူကြီးငါးဦးလဲပဲ တွေ့ရင်အသတ်ခံရဖို့ရာရှိတယ်၊ သူမိတ်ဆွေဖြစ်တဲ့ ရန်သူကလဲပဲ တွေ့ရင်သတ်မှာပဲ။ အသတ်ခံရဖို့ရာရှိတယ်။ ရွာဖျက်ခားပြကြီးတွေက နောက်ကလိုက်လာတော့ အဲဒါတွေ့ရင်လဲ အသတ်ခံရဖို့ရာရှိတယ်။ ဒီဘက်မှာ နေလို့ရှိရင်တော့ သူမှာဘေးရန်အန္တရာယ်တွေ အင်မတန်များနေတယ်။ ဟိုဘက်ရောက်လာတဲ့အခါကာလကျတော့ ဟိုဘက်က ပထမ မြွေထိန်းခန့်တဲ့ မင်းရဲ့ပိုင်နက်မဟုတ်တော့ နိုင်ငံတစ်နိုင်ငံရောက်သွားရင် အပြစ်ရှိတဲ့ ပုဂ္ဂိုလ်က အပြစ်မရှိဘဲနဲ့ဖြစ်သွားတာပဲ၊ အဲဒီမှာ ဘာမှအပြစ်မရှိဘူးတဲ့၊ လူကောင်း သူကောင်းတစ်ယောက် ဖြစ်နေပြီတဲ့။

နောက်က မြွေကြီးတွေလဲပဲ မလိုက်နိုင်ဘူး၊ မြွေကြီးတွေကလဲ သူ့နယ်ပယ် ဒီတွင်ဆုံးတော့ သူတို့မလိုက်နိုင်ဘူး၊ ရန်သူကြီးငါးဦးကလဲပဲ နယ်ပယ်ဆုံးတော့ မလိုက်နိုင်ဘူး၊ သူမိတ်ဆွေရန်သူလဲ မလိုက်နိုင်ဘူး၊ ခားပြကြီး ၆-ဦးကလဲပဲ အဲဒီနိုင်ငံထဲက ဟိုဘက်ကိုမလိုက်နိုင်ဘူး၊ မလိုက်နိုင်ရုံတွင်မဟုတ်ဘူး။ နောက်လဲပဲ

http://www.dhammadownload.com

သူတို့မပြန်နိုင်ဘူးတဲ့၊ သူတို့လဲပဲ ဘုရင်မင်းမြတ်ကနေပြီး ဒီလူကို သေအောင် လိုက်ပြီးတော့ သတ်ရမယ်ဆိုတာ သူတို့မသတ်နိုင်တော့ ပဋိညာဉ်ဝန်ခံချက် ချွတ်ယွင်းပြီးတော့နေတော့ နောက်လဲမပြန်နိုင်ဘူး၊ ဒီတွင်ပဲနေပြီးတော့ မြွေကြီးတွေလဲပဲ တရှူးရှူးနဲ့ စိတ်ဆိုးမာန်ဆိုးဖြစ်ပြီး ဒီတွင်ပဲသေကုန်ကြတယ်။ ရန်သူကြီးတွေလဲပဲ ရှေ့လဲမတိုးနိုင် နောက်လဲမဆုတ်နိုင်၊ ဒီတွင်ပဲ အစာငတ်ရေငတ်ဖြစ်ပြီးတော့ ငတ်ပြတ်ပြီးတော့ သေကုန်တယ်တဲ့။ သူမိတ်ဆွေ ရန်သူလဲ ဒီမှာသေ၊ ရွာဖျက် ရန်သူကြီး ၆-ဦးလဲ ဒီမှာပဲအကုန်လုံး သေကျေပျက်စီးကုန်ကြတယ်တဲ့။ ဒါက ဥပမာကိုး။ ဒီဥပမာကတော့ ဥပမာပဲ၊ ဥပမာထဲမှာ ဥပမာ သက်သက်နဲ့တော့ တရားက နားမလည်သေးဘူး။ အင်မတန်ကောင်းတဲ့ ဥပမာ။

ဥပမာ ဓေါ မျာယံ ဘိက္ခဝေ ကတာ အတ္ထဿ ဝိညာပနာယ၊
အယံ စေတ္ထ အတ္ထော။

ဘိက္ခဝေ၊ ရဟန်းတို့။ **မေ-မယာ**၊ ငါသည်။ **အတ္ထဿ ဝိညာပနာယ**၊ လိုရင်းအနက်ကို နားလည်စေခြင်းအကျိုးငှာ။ **ဥပမာ**၊ ဥပမာကို။ **ကတာ**၊ ပြုအပ်၏။

ဟောမယ့် အနက်အဓိပ္ပာယ်ကလေး နားလည်အောင်လို့ ဥပမာကလေး ပြတာတဲ့။ ဥပမာက လိုရင်းမဟုတ်သေးဘူး။

အယံ၊ ဤဆိုလတ္တံ့သည်ကား။ **အတ္ထော**၊ သိစေလိုအပ်သော လိုရင်းအနက် ပေတည်း။

မြွေကြီး ၄-ကောင်၊ ဓာတ်ကြီး ၄-ပါး

အခုပြောမှာကတော့ သိဖို့ရာလိုရင်းအနက်ပါပဲတဲ့။

စတ္တာရော အာသီဃာ ဥဋ္ဌဟေဿ ယောရိဃာတိ ဓေါ ဘိက္ခဝေ၊
စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ၊ ပထဝီဓာတုယာ အာပေါဓာတုယာ
တေဇောဓာတုယာ ဝါယောဓာတုယာ။(နှာ - ၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့။ **ဥဋ္ဌဟေဿ**၊ ထက်သောတန်ခိုးရှင်ကုန်သော။ **ယောရိဃာ**၊ကြမ်းတမ်းသောအဆိပ်ရှိကုန်သော။ **စတ္တာရောအာသီဝိဃာတိဇေါ**၊

http://www.dhammadownload.com

မြွေကြီး လေးကောင်တို့ဟူသော ဤအမည်သည်။ **စတုန္နံ**၊ လေးပါးကုန်သော။ **မဟာဘူတာနံ**၊ မဟာဘုတ်တို့၏။ **အဓိဝစနံ**၊ အမည်တည်း။ **ပထဝီဓာတုယာ**၊ ပထဝီဓာတ်၏ လည်းကောင်း။ **အာပေါဓာတုယာ**၊ အာပေါဓာတ်၏လည်းကောင်း။ **တေဇောဓာတုယာ**၊ တေဇောဓာတ်၏လည်းကောင်း။ **ဝါယောဓာတုယာ**၊ ဝါယောဓာတ်၏ လည်းကောင်း။ **အဓိဝစနံ**၊ အမည်ပေတည်း။

မြွေကြီးလေးကောင်ဆိုတာ တခြားမဟုတ်ဘူး၊ ဓာတ်ကြီးလေးပါးရဲ့ အမည်တဲ့၊ လူတိုင်းလူတိုင်းမှာ ဓာတ်ကြီးလေးပါးချည်း တည်ဆောက်ထားတာ၊ ခန္ဓာအိမ်ကြီးက မြွေထိန်းယောက်ျားဆိုတာ သူများတွေမဟုတ်ဘူး၊ အခုတရားဟော တရားနာနေတဲ့ ပုဂ္ဂိုလ်တွေပဲ၊ ရုပ်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဓာတ်ကြီးလေးပါးအကုန်လုံး ရှိနေတာ၊ ဓာတ်ကြီးလေးပါးက တစ်ကိုယ်လုံးမှာ နေရာတိုင်းမှာ ရှိနေတယ်၊ အပ်ဖျားလေး တစ်ထောက်လောက်နေရာမှာကို ဓာတ်ကြီးလေးပါးရှိနေတာပဲ၊ နေရာတကာမှာ ရှိနေတယ်။

သေသေချာချာ စဉ်းစားကြည့်ရင် ကြောက်စရာတော်တော်ကောင်းတယ်၊ ဒီဓာတ်ကြီးလေးပါး ဖောက်ပြန်လို့ရှိရင် လူတွေဒုက္ခရောက်တာပဲ၊ အခုဆေးရုံတွေမှာသွားကြည့်ရင် လူနာတွေတွေ့တယ်၊ အဲဒီ လူနာတွေဟာ ဓာတ်ကြီး ၄-ပါး ဖောက်ပြန်လို့ ဓာတ်ကြီး ၄-ပါးကနေပြီးတော့ မြွေကြီး ၄-ကောင် လိုက်လာလို့ ဒုက္ခရောက်နေတာ။

အပြင်က မြွေကိုက်တာတော့ လူတွေက အသိသား၊ အတွင်းက မြွေကိုက်တာမသိလို့ ခက်နေတယ်၊ ဆေးရုံများသွားကြည့်ရင် လူမမာတွေအများကြီးတွေ့ရတယ်၊ ရောဂါတွေ အမျိုးမျိုးပဲ၊ ရိုးရိုးတန်းတန်းဖျားတဲ့ ရောဂါလဲရှိတယ်၊ အကျိုးအပဲ့တွေလဲရှိတယ်၊ အနာအမျိုးမျိုးတွေရှိတယ်၊ အခုကာလမှာ သွေးတိုးတို့စတဲ့ ရောဂါတွေလဲ ရှိတယ်၊ မျက်စိနဲ့ ပတ်သက်တဲ့ ရောဂါလဲရှိတယ်၊ နားနဲ့ပတ်သက်တဲ့ ရောဂါလဲရှိတယ်။ နှာခေါင်းနဲ့ပတ်သက်တဲ့ ရောဂါလဲရှိတယ်၊ နှုတ်သီးနဲ့ပတ်သက်တဲ့ ရောဂါရှိတယ်၊ အကြောအခြင်တွေနဲ့ပတ်သက်တဲ့ ရောဂါရှိတယ်၊ အဲဒီ ရောဂါတွေဟာ အမျိုးမျိုးတွေ၊ ဟိုမှာသွားပြီးတော့ ကြည့်လို့ရှိရင်လဲ တွေ့ရတယ်။

http://www.dhammadownload.com

အဲဒါတွေ ဘာတွေတုန်းဆိုလို့ရှိရင် ဒီမြွေကြီးလေးကောင်ကိုက်လို့ မြွေကြီးလေးကောင်ကြောင့် ဖြစ်နေတာ၊ ပထဝီဓာတ်မြွေကြီးကြောင့်, တချို့လဲ အာပေါဓာတ်မြွေကြီးကြောင့်, တချို့လဲ တေဇောဓာတ်မြွေကြီးကြောင့်, တချို့လဲ ဝါယောဓာတ်မြွေကြီးကြောင့် သူများလိုမဟုတ်ဘဲနဲ့ ဒုက္ခတွေရောက်ပြီးတော့ နေကြတာ။ အကြောင်းညီညွတ်နေတဲ့အခါကျတော့ ကျန်းမာရဲ့၊ နေကောင်းရဲ့၊ ပေါ့ပေါ့ပါးပါး ရှိရဲ့၊ သွားလို့ကောင်းရဲ့၊ စားလို့သောက်လို့ကောင်းရဲ့စသည်ဖြင့် ကိုယ့်ကိုယ်လေးကိုယ် သာယာကြရတာပေါ့လေ။

ပထမကပြောတဲ့ ဥပမာလိုပဲ မြွေထိန်းယောကျ်ားး ပထမက မြွေတွေရလာတော့ လက်မောင်းရစ်ပတ်ထားတာများ လက်ကောက်လို တယ်လှတယ်ဆိုတာကိုး၊ မြွေကြီးတွေကို သာယာနေကြတာကိုး၊ သာယာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်မြွေနဲ့ ကိုယ် သာယာနေကြတာပဲ။ လက်ကလေးကြည့်လိုက်လို့ရှင်ရင်လဲပဲ လက်ထဲမှာ ဓာတ်ကြီးလေးပါးပဲ၊ မြွေကြီးလေးကောင်ပဲ၊ ပထဝီဓာတ် ခက်မာကြမ်းတမ်းတာ ရှိတယ်၊ အာပေါဓာတ် အရေသဘောရှိတယ်၊ တေဇောဓာတ် အခိုးအငွေ့သဘော ရှိတယ်၊ ဝါယောဓာတ် တောင့်တင်းလှုပ်ရှားတဲ့သဘော တွန်းကန်တဲ့သဘောရှိတယ်၊ လက်ထဲမှာ အဲဒီလေးခုဟာ မြွေကြီးလေးကောင်တွေပဲ၊ အဲဒါတွေကို သဘောကျနေတာ။

ပထဝီဓာတ်သဘောနဲ့ ခက်မာကြမ်းတမ်းတဲ့သဘောဆိုတာ အသားတို့ပေါ့လေ၊ လက်ထဲမှာ အသားတို့၊ အရိုးတို့ မာတောင့်နေတဲ့ သဘောလေးတွေ ဒါတွေသာယာနေရတာကိုး။ လက်ထဲက မာတောင့်နေတဲ့ဟာလေးလဲပဲ ငါပဲ။ ငါ့လက်ပဲဆိုပြီးတော့ သာယာနေတာ၊ ဒီထဲကနေပြီး စိုစို စိုစိုနဲ့ဖြစ်ပြီးတော့ နေတာလေး အာပေါဓာတ်ရှိတယ်။ စိုစိုပြည်ပြည်နဲ့ ခြောက်သွေ့မနေဘူး။ စိုပြီးတော့နေတာ၊ စိုပြီးတော့ နေတာလေးကလဲ စိုစိုပြည်ပြည်ဖြစ်ပြီးတော့နေတာ။ ဒါလေးကလဲ သာယာကြတယ်။ တေဇောဓာတ်အနေနဲ့ ဒီထဲမှာအပူကလေးတွေမျှပြီးတော့ နေတာရှိတယ်။ ပူသင့်သလောက်ပူလို့ အခိုးအငွေ့လေးတွေမျှပြီးတော့ နေတယ်။ အဲဒါလဲပဲ သာယာပြီးတော့နေတာ။ ကျန်းမာရေးရတယ်ဆိုပြီးတော့ ဝါယောဓာတ်

http://www.dhammadownload.com

အနေနဲ့ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားနိုင်တဲ့သဘော၊ ကွေးနိုင် ဆန့်နိုင်တဲ့ သဘော၊ လက်ကလေးမြောက်လိုက် ပေါ့ပေါ့ပါးပါးကြွလိုက်၊ ပေါ့ပေါ့ ပါးပါးလှုပ်လိုက်၊ ပေါ့ပေါ့ပါးပါး တစ်စုံတစ်ခုအလုပ်တွေ လုပ်နိုင်တာ၊ အဲဒါလေးတွေ သာယာနေတာ သဘောကျနေတာကိုး။

ဒီဥစ္စာမြွေတွေပဲ၊ ဒါလက်ထဲကရှိသေးတယ်၊ ခြေထဲကလဲရှိတယ်၊ ခေါင်း ထဲကလဲရှိ ကိုယ်ထဲကလဲရှိတယ်။ နေရာတကာမှာရှိတယ်။ မြွေတွေပြည့်လို့၊ ကိုယ်ထဲမှာ အဲဒါတွေကို မြတ်စွာဘုရားက ဟောတာ၊ သေသေချာချာ စဉ်းစားကြည့် လို့ရှိရင် ခုနကကိုယ်ပေါ်မှာ မြွေကြီးလေးကောင်တက်နေပုံ စာကပြတာ၊ နားလည် အောင်လို့ ပြတာ၊ အမှန်ကတော့ လူတစ်ကိုယ်မှာ မြွေတွေပြည့်လို့၊ ဓာတ် ၄-ပါး မြွေကြီးတွေပြည့်လို့၊ အဲဒါတွေကို မြတ်စွာဘုရားဟောတဲ့အတိုင်း နားလည်ဖို့ရာ လိုတယ်၊ သေသေချာချာ စဉ်းစားကြည့်တော့ နားလည်စရာလဲ တော်တော် ကောင်းပါတယ်၊ မြွေကြီးတွေပဲ၊ ဒါကြီးတွေ ဖောက်ပြန်တဲ့အခါကျတော့ သေတာပဲ၊ လူတိုင်း လူတိုင်းဟာ တစ်နေ့ကျတော့ သေတာပဲ၊ ရိုးရိုးတန်းတန်း သေတယ်ဆိုလို့ ရှိရင် ဒီမြွေကြီးလေးပါးထဲက ဖောက်ပြန်ပြီးသေကြတာပဲ၊ မကျန်းမမာ တစ်နည်း နည်းဖြစ်ပြီးတော့ အသက်ငယ်ငယ်နဲ့ သေတာလဲရှိတယ်၊ အလတ်စားလောက် သေတာလဲရှိတယ်၊ တစ်ချို့လဲ အဘိုးကြီးအဘွားကြီးတွေဖြစ်မှ ၇၀, ၈၀ရှိမှ သေတာတွေလဲရှိတယ်၊ ရိုးရိုးတန်းတန်း ရောဂါဝေဒနာတစ်ခုခုနဲ့ သေတယ်လို့ ဆိုလို့ရှိရင် ဒီဓာတ်ကြီးလေးပါးဖောက်ပြန်ပြီး သေတာပဲ။ အဲဒီဟာ မြွေကြီးလေး ကောင်ကိုက်ပြီး သေတာချည်းပဲ။ မြွေကြီးလေးကောင်က လွတ်တဲ့ပုဂ္ဂိုလ်တော့ မရှိဘူး။ ဒီလို တွေ့နေကြတယ်။ နားလည်အောင်လို့ မြတ်စွာဘုရားက ဥပမာပေး ထားတယ်။

ဆောင်ပုဒ်လက်ာ

ဆောင်ပုဒ်ကလေး ဆိုရမယ် -

မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ် ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဖွါရသို့၊ ရောက်က

http://www.dhammadownload.com

တစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန် မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက် အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူကား ဘုရားမြတ်ပေတည်း။

ဓာတ်ကြီး ၄-ဖြာ သာယာလျှင် ဆင်းရဲမှာ

အဲဒါ အာသီဝိသောပမ၊ ဥပမာ ဥပမေယျတွေတွဲပြီးတော့ အကျဉ်းချုပ်မှတ်ရအောင် ခေါင်းစဉ် စဉ်ထားတယ်၊ အခုဟာတော့ ဥပမာပဲရှိတယ်၊ ဥပမေယျ မရောက်သေးဘူး၊ ဒီနေ့တော့ မရောက်သေးပါဘူး၊ မြွေလေးကောင်ကား လေးပါး ဘုတ်ဓာတ်ဆိုတဲ့ အစတော့ရောက်ပါပြီ၊ မြွေလေးကောင်ဆိုတာ ဘယ်သူတုန်း ဆိုတာ ဘူတရုပ် ၄-ပါးပဲ။ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် အဲဒါတွေကိုလည်း နားလည်အောင် တော်တော်ပြောဦးမယ်။ ကိုယ့်ကိုယ်ထဲရှိနေတာတွေ တခြားမှာရှိတာမဟုတ်ဘူး။ ကိုယ့်ကိုယ်ထဲမှာရှိတဲ့ တရားတွေ ကိုယ် နားမလည်လို့ ခက်နေတာ။ ဒီဥစ္စာတွေ ခုနကမြွေထိန်းယောကျ်ားအဆိပ်ပြင်းထန်တဲ့ မြွေကြီးတွေကိုယ်ပေါ် တက်နေတာကို သာယာသဘောကျနေသလိုပဲ။ ဓာတ်ကြီး ၄-ပါးကိုယ်ထဲရထားတာတွေကို သဘောကျနေကြတာ၊ ကိုယ့်ကိုယ်လဲ ကိုယ် သာယာလို့ သူများကိုယ်တွေလဲ သာယာလို့ သဘောကျနေကြတာ မြွေကြီးတွေ၊ ဒါတွေ ဒုက္ခပေးနိုင်တဲ့ တရားဆိုးကြီးတွေပဲ။ အဲဒါတွေကို သာယာနှစ်သက်ပြီးတော့ နေကြတယ်။

အဲဒါတွေ မသာယာဖို့ရာ မြတ်စွာဘုရားကဟောတယ်၊ ပထဝီဓာတ်ကို သာယာနေလို့ရှိရင် ဆင်းရဲကိုသာယာနေတာပဲ၊ ဆင်းရဲကို လက်ခံနေတာပဲ၊ ပထဝီဓာတ်ဆိုတာ ဘာတုံး၊ ကိုယ်ထဲမှာ ခက်မာကြမ်းတမ်းတဲ့သဘော အထည်ဝတ္ထု သဘောအနေအားဖြင့် တွေ့ရတဲ့ဟာတွေဟာ ပထဝီဓာတ်တွေပဲ၊ နေရာတကာက စမ်းသပ်ကြည့်၊ မာမာကလေး ကြမ်းကြမ်းကလေး နုနုကလေး အသားအနေအားဖြင့် အရိုးအနေအားဖြင့် တောင့်တောင့်တင်းတင်းကလေး၊ အဲဒါကလေးတွေ

http://www.dhammadownload.com

တွေ့ရတယ်။ အဲဒါကလေးတွေလဲ သဘောကျနေတာပဲ။ သူ့အစိတ်အပိုင်းနဲ့သူ မျက်နှာမှာစမ်းကြည့် မျက်နှာမှာလဲ အတူတူပဲ မာမာကလေးတွေ အသားကလေး တွေ အဲဒါကလေး တွေ့ရတယ်၊ အဲဒါ ပထဝီဓာတ်တွေပဲ၊ အဲဒါတွေ သဘောကျနေ ကြတယ်၊ ပါးစပ်ထဲကနေပြီး သွားတို့ဆိုတာတော့ အထူးပြောနေဖို့ရာမလိုဘူး၊ အဲဒါတွေဟာ ပထဝီဓာတ်တွေ၊ အဲဒါတွေ သဘောကျပြီးတော့ နေကြတယ်။ အဲဒါ ပထဝီဓာတ်ကို သဘောကျနေလို့ရှိရင် ဒုက္ခဆင်းရဲသဘောကျပြီး လက်ခံနေတာပါ ပဲ၊ အဲဒီပုဂ္ဂိုလ်ဆင်းရဲက မလွတ်နိုင်ဘူး။ ပထဝီဓာတ်သဘောကျနေသမျှ ကာလပတ် လုံး ဆင်းရဲကမလွတ်နိုင်ဘူး။

အာပေါဓာတ်ကိုယ်ထဲမှာ အရေသဘော, စိုထိုင်းနေတဲ့သဘော, စိုပြည်နေ တဲ့သဘော, အဲဒါလေးတွေကို အာပေါဓာတ်လို့ခေါ်တယ်။ အဲဒါလေးတွေကို သဘောကျနေလို့ရှိရင်လဲပဲ ဆင်းရဲကို လက်ခံသဘောကျနေတာ။ ဒီဆင်းရဲက မလွတ်နိုင်ဘူး၊ ဒါတွေ နောက်ဘဝဆက်တိုင်း ဒီလိုဟာတွေ ဖြစ်နေမှာပဲ၊ ဒီဘဝက နေပြီး သေသွားရင် နောက်ဘဝကျတော့လဲ ဒီလိုဟာရမှာပဲ။ နောက်ဘဝလဲ ဒီလို ဟာ ရမှာ၊ နောင်ဘဝလဲ ဒီလိုဟာရမှာ၊ ဒါတွေ သာယာနေသမျှကာလပတ်လုံး သံသရာဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်ဘူး။

တေဇောဓာတ် ကိုယ်ထဲက အခိုးအငွေ့လေးတွေ သဘောကျနေတယ်။ ကိုယ်ထဲမှာ အခိုးအငွေ့ကလေးတွေ ညီမျှပြီးတော့ နေတာတွေ၊ ပူသင့်တဲ့နေရာ ပူလို့၊ အေးသင့်တဲ့နေရာအေးလို့၊ ဒါလေးတွေသဘောကျနေတယ်၊ အဆင်သင့် ဖြစ်နေတာတွေ သဘောကျနေတယ်၊ အဲဒါလဲပဲ ဝဋ်ဆင်းရဲက မလွတ်နိုင်ဘူး၊ ဆင်းရဲတွေ လက်ခံနေတယ်။

ဝါယောဓာတ် တောင့်တဲ့သဘော, တင်းတဲ့သဘော, လှုပ်ရှားတဲ့သဘော, တွန်းကန်တဲ့သဘော, ကြွနိုင်တဲ့သဘော, တက်ကြွနိုင်တဲ့သဘော, မ,နိုင်တဲ့သဘော, ချနိုင်တဲ့သဘော, ပေါ့ပေါ့ပါးပါး ထနိုင်တယ်, ထိုင်နိုင်တယ်, လှုပ်ရှားနိုင်တယ်, အားအင်ကောင်းတယ်, အားအင်ပြည့်စုံတယ်, ဒါလေးတွေဟာ ဝါယောဓာတ်တွေပဲ၊ အဲဒါတွေ သာယာနှစ်သက်နေသမျှ ကာလပတ်လုံး ဆင်းရဲကို သာယာနှစ်သက်နေ တာပဲတဲ့၊ သံသရာဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်ဘူးတဲ့။

http://www.dhammadownload.com

ဓာတ်ကြီး ၄-ဖြာ မသာယာနဲ့

အဲဒီ ပထဝီအာပေါတေဇောဝါယောဆိုတဲ့ ဓာတ် ၄-ပါးကို မသာယာမနှစ်သက်မှ၊ သာယာနှစ်သက်ဖို့မဟုတ်ဘူး။ ဒီတရားတွေဟာ ဖြစ်ပျက်နေတဲ့ တရားတွေပဲ။ ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ဖြစ်စေတတ်တဲ့တရားတွေပဲလို့ အပြစ်မြင်ပြီး ရွံမုန်းစက်ဆုပ်မှ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်နိုင်တယ်လို့ မြတ်စွာဘုရားကဟောတယ်။ အဲဒါဟာ ခုနကမွေထိန်းယောက်ျားကို မွေကြီးတွေကို မတပ်မက်ဖို့၊ မသာယာဖို့၊ မွေကြီးတွေရဲ့ အပြစ်ကိုမြင်ဖို့၊ မွေကြီးတွေရဲ့ အပြစ်ကိုမြင်ပြီးတော့ မွေကြီးတွေမှလွတ်မြောက်ရာ ထွက်ပြေးဖို့ပြောတာနဲ့ တူပါတယ်တဲ့။ မြတ်စွာဘုရားက ဓာတ်ကြီး ၄-ပါးကို မသာယာဖို့။ ဓာတ်ကြီး ၄-ပါးကို ရွံမုန်းစက်ဆုပ်အောင်လို့ အားထုတ်ဖို့။ ဓာတ်ကြီး ၄-ပါးကို မတွယ်တာဖို့၊ ဓာတ်ကြီး ၄-ပါးရဲ့ သဘောမှန်တွေကို သိအောင်ရှုဖို့ မြတ်စွာဘုရားက ညွှန်ကြားတယ်။

ဓာတ်ကြီး ၄-ဖြာက လွတ်အောင် တရားအားထုတ်

အဲဒီအတိုင်း ညွှန်ကြားပြီးတော့ ဓာတ်ကြီး ၄-ပါးက လွတ်မြောက်အောင်လို့ အားထုတ်တာဟာ မွေကြီး ၄-ကောင်က လွတ်မြောက်အောင် ထွက်ပြေးတာနဲ့ တူတယ်တဲ့၊ တရားအား မထုတ်ဘဲနဲ့ ဒီတိုင်းနေတဲ့ပုဂ္ဂိုလ်က မွေကြီးတွေကို လက်ခံသိမ်းပိုက်ထားတယ်လို့ မည်တာပဲ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မွေကြီးတွေက လွတ်မြောက်အောင်လို့ ပြေးနေတယ်မည်တာပဲ၊ တစ်ခါရှုရင် မွေကြီးနဲ့လွတ်မြောက်တဲ့ လမ်းတစ်လမ်းပြေးတာနဲ့တူပါတယ်။ ၁၀-ခါရှုရင် ၁၀-လှမ်းပြေးတာနဲ့တူပါတယ်။ အခါ ၁၀၀-ရှုရင် ခြေလှမ်း တစ်ရာပြေးတာနဲ့တူပါတယ်။ ရှုတိုင်းရှုတိုင်းဟာ မွေကြီးတွေက လွတ်မြောက်အောင် ဒီပုဂ္ဂိုလ် ပြေးနေတာပဲ။

ဒီတော့ အခုသာသနာ့ရိပ်သာမှာရောက်ပြီး တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီမွေကြီးတွေက လွတ်မြောက်အောင်လို့ အခုပြေးနေကြတာ၊ နောက်ဆုံးတစ်နေ့ကျရင် ဒါလွတ်မြောက်သွားမှာပဲ။ မလွတ်မြောက်သေးလို့ရှိရင်တော့ တစ်နေ့ကျတော့ ဒီမွေကြီးတွေကကိုက်ပြီး သေရမှာပဲ၊ ဒီဘဝသာ မဟုတ်ဘူး၊ နောက်ဘဝတွေလဲ ဒီလိုသေသေပြီးတော့ ပျော်နေမှာ။ အဲဒီမွေကြီးတွေက

http://www.dhammadownload.com

လွတ်မြောက်အောင်လို့ ပြေးဖို့ရာ ကနေ့တော့အစပဲ ရှိပါသေးတယ်။ ကနေ့ ဓာတ်ကြီး ၄-ပါးရှုပုံ၊ ဓာတ်ကြီး ၄-ပါးသဘောတွေကို တော်တော်ဟောရဦးမှာပါ။ မြွေလေးကောင်က လေးပါးဘုတ်ဓာတ်၊ မြွေ ၄-ကောင်ဟာ ဘူတရူပ် ၄ပါးပဲ ဆိုတဲ့အပိုင်း၊ ဒီတွင်ပဲ ကမ္မဋ္ဌာန်းတစ်ခုပဲ၊ ဒါကို ပိုင်ပိုင်နိုင်နိုင်သိသွားလို့ရှိရင်ပဲ အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်နိုင်တယ်။

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာတည်း"

ရန်သူကြီးငါးဦးဆိုတာ ခန္ဓာငါးပါးပဲ။ ဒီခန္ဓာငါးပါးသိအောင် ရှုလို့ပိုင်နိုင်သွားလို့ရှိရင်လဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်၊ သူလဲ ဆင်းရဲခပ်သိမ်းငြိမ်းတာပဲ၊ သူလဲ ကမ္မဋ္ဌာန်းတစ်ခုပဲ။

"မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်"

နန္ဒီရာဂ-လို့ဆိုတဲ့ တပ်မက်သာယာနေတဲ့ သဘောလေး၊ အဲဒါလေးကလဲပဲ ဒါလေးလဲပဲ အမှန်အတိုင်းသိလို့ရှိရင် သူလဲရဟန္တာဖြစ်နိုင်တာပဲ။

"ရွာပျက်သုည၊ ခြောက်ဒွါရသို့"

ရွာပျက်ကုန်း ရောက်သွားတယ်။ ရွာပျက်ကုန်းဆိုတာလဲ ဒွါရခြောက်ပါးပဲတဲ့။ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါး၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, **ဒွါရ ၆-ပါး**၊ အဲဒီ**ဒွါရ ၆-ပါး**ရဲ့ အဖြစ်အပျက်မှန်း သိရင်လဲပဲ ရဟန္တာဖြစ်နိုင်တာပဲ၊ ဆင်းရဲခပ်သိမ်း ငြိမ်းနိုင်တာပဲ။

"ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဝေးပြု၊ ဝင်လာကြ၍"

ဝေးပြသုံးစုံဆိုတာ ၆-ယောက်ပေါ့၊ အာရုံ ၆-ပါးပဲ၊ ဗာဟိရာယတန ၆-ပါး၊ ရူပါယတန, သဒ္ဒါယတန အစရှိသော အာရုံ ၆-ပါးတရားတွေ အဲဒီတရားတွေ အမှန်အတိုင်းသိလို့ရှိရင်လဲပဲ ရဟန္တာဖြစ်နိုင်တာပဲ၊ အခု မြင်တိုင်းကြားတိုင်း မှတ်နေရတာ၊ ဒါတွေမှတ်နေရတာပဲ၊ မြင်တိုင်းကြားတိုင်း ဒွါရ ၆-ပါးက ထင်ပေါ်လာတဲ့အာရုံ ၆-ပါးတရားတွေ ဝေးပြ ၆-ယောက်တွေ မှတ်နေရတယ်။

"ဩယလေးသွယ်၊ မြစ်ပင်လယ်၏"

ဩယလေးပါး၊ မြစ်ကြီးဆိုတာ ဩယလေးပါးတရားတွေ၊ အဲဒါတွေလဲပဲ ဩယလေးပါးတရားတွေ မဖြစ်အောင်လို့ အားထုတ်ရမှာ၊ သူလဲ

http://www.dhammadownload.com

ကမ္မဋ္ဌာန်းတစ်ခုပဲ။

"ဤဝယ်ကမ်းစ၊ သတ္တာယမှ"

ဒီဘက်ကမ်းဆိုတာဟာ **သတ္တာယ**ခေါ်တဲ့ ခန္ဓာငါးပါး တရားတွေပဲတဲ့၊ ဒါလဲ ကမ္မဋ္ဌာန်းတစ်ခုပဲ။

"ခေမနိဗ္ဗာန်၊ ဟိုကမ်းဋ္ဌာန်သို့"

ခေမနိဗ္ဗာန်၊ ဟိုကမ်းဆိုတာ နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်ကတော့ နိဗ္ဗာန်ကိုညွှတ်ပြီး အားထုတ်ရတော့ သူကတော့ ကမ္မဋ္ဌာန်းတစ်ခု လုပ်လို့မဖြစ်ဘူး။

"ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍"

မဂ္ဂင်ရှစ်ပါးတရားနဲ့ နိဗ္ဗာန်ရောက်အောင် သွားရမယ်တဲ့၊ ဒီမဂ္ဂင်ရှစ်ပါး တရားကတော့ ရှုတိုင်းရှုတိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ ပွားနေတာပါပဲ။

"အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်"

မှတ်တိုင်းမှတ်တိုင်း အားထုတ်မှုရှုမှတ်မှုဖြစ်အောင်လို့ အားထုတ်ပြီးတော့ ပေးနေတာ၊ **ဝိရိယတရားလေးရှိတယ်**၊ လက်နဲ့ခြေနဲ့ ကူးယက်နေတာနဲ့ တူတယ်တဲ့။ ဒါကြောင့် -

"ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း"

အဲဒါ ဟိုဘက်ရောက်သွားတာ ရဟန္တာပဲ၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်ဖြစ် အောင် အားထုတ်ကြရမှာပေါ့။

"ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ **ဆုရားမြတ်ပေတည်း**"

မြွေထိန်းယောကျ်ားကို ဒီမြွေတွေကနေ ကိုယ်ရင်သေလိမ့်မယ်၊ စောစော ကတည်းက ပြုသင့်ပြုထိုက်တာ ပြုနှင့်ပေတော့လို့ ညွှန်ကြားတယ်၊ အဲဒါ ဘယ်သူ တုန်း မြတ်စွာဘုရားပဲတဲ့၊ ဓာတ်ကြီးလေးပါးရဲ့ အပြစ်တွေကို ဟောပြီးတော့ ဓာတ် ကြီး ၄-ပါး အမှန်အတိုင်းမြင်အောင်လို့ ရှုဖို့ ညွှန်ကြားတာ မြတ်စွာဘုရား၊ ရန်သူကြီး ငါးဦးနဲ့တူတဲ့ ခန္ဓာ ၅-ပါး တရားတွေကို ရှုဖို့ဟောတာ မြတ်စွာဘုရား၊ အတွင်းရန် သူနဲ့တူတဲ့ နန္ဒိရာဂကို အမှန်အတိုင်းသိအောင်ရှုဖို့ ဟောတာမြတ်စွာဘုရား၊ ရွာပျက် ကုန်းနဲ့တူတဲ့ ဒွါရ ၆-ပါးအဖျတ္တိကာယတန ၆-ပါးသောတရားတွေ သိအောင်ရှုဖို့

http://www.dhammadownload.com

ရာ ဟောတာ မြတ်စွာဘုရား။ ဓားပြကြီး ၆-ယောက်နဲ့တူတဲ့ ဗာဟိရာယတ ၆-ပါး တရားတွေသိအောင် ရှုဖို့ ညွှန်ကြားတာဟာ မြတ်စွာဘုရား၊ နောက် သြယလေးသွယ် မြစ်ပင်လယ်ကြီးကို ကူးမြောက်ဖို့ရာ ဟောကြားတာ မြတ်စွာဘုရား။ အဲဒါကြောင့် အရာရာတိုင်းမှာ အကျိုးစီးပွားဖြစ်အောင်လို့ လိုက်ပြီး ညွှန်ကြားပေးတာဟာ တခြားပုဂ္ဂိုလ်မဟုတ်ဘူး မြတ်စွာဘုရားပဲလို့ နောက်ဆုံးကျတော့ကို ဟောပါလိမ့်မယ်၊ ဒါကြောင့် ဒီမှာဆောင်ပုဒ်က ခေါင်းစဉ်ကလေး စဉ်ထားတယ်။ နောက်သီတင်းကျမှ ဆက်ပြီးတော့ ဟောရမယ်။

မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာဗျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ သြယလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ် ကမ်းစ၊ သဏ္ဌာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာ ညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

အာသီဝိသောပမသုတ္တန် တရားတော်ကြီးကို ယနေ့ကစ၍ ရှိသေစွာနာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်ကြောင့် ဤတရားဒေသနာတော်၌ ညွှန်ကြားသည့်အတိုင်း ကျင့်ကြံပွားများ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

× × × × ×

http://www.dhammadownload.com

အာဝဇ္ဇီဘဝသာမဗဟုဝဒီ

တရားတော်

(၁၃၂၈-ခု၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသည်။)

ဥပဓမယျပိုင်း

ဓာတ်ကြီး ၄-ပါး

ကနေ့နယုန်လပြည့်နေ့ဆိုတော့ မြတ်စွာဘုရား မဟာသမယသုတ်ကို ဟောတော်မူတဲ့နေ့ ဖြစ်တဲ့အတွက်ကြောင့် မဟာသမယနေ့ကို အသိအမှတ်ပြုပြီးတော့ အရပ်ရပ်၌ဒါနပေါင်းများစွာတွေမှာ မဟာသမယသုတ်ကို ရွတ်ဖတ်ကြပူဇော်ကြတယ်။ ဒါတွေဟာလဲပဲ ကောင်းတဲ့ဥစ္စာတွေပါပဲ။ မဟာသမယသုတ်ရွတ်ဖတ်ပြီးတော့ ပူဇော်ကြတယ်။ မြတ်စွာဘုရားနှင့်တကွ အဲဒီအချိန်အခါတုန်းက ရဟန္တာ ၅၀၀၊ ရဟန္တာ ၅၀၀-ကလဲ သာကီဝင်မင်းမျိုးထဲကဖြစ်တဲ့ မင်းသားတွေကဖြစ်လာတဲ့ ရဟန်းတော်တွေပဲ၊ ထိုနေ့ချင်းမှာပဲ ကိလေသာအာသဝေါ ကုန်ပြီးတော့ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်တွေ ၅၀၀-နဲ့ မြတ်စွာဘုရားနဲ့စည်းဝေးမိတဲ့အခါကာလ နတ်တွေဗြဟ္မာတွေ ကမ္ဘာအရပ်ရပ်က လာပြီးတော့ ဖူးမြော်ကြကန်တော့ကြတယ်။ အဲဒီ အချိန်အခါကာလမှာ နတ်ဗြဟ္မာအစည်းအဝေးကြီးကို မြတ်စွာဘုရားက မဟာသမယသုတ်ဟောပြီးတော့ ထားပါတယ်။ အဲဒီ မဟာသမယသုတ် ရွတ်ဖတ်ပြီးသောအားဖြင့် မြတ်စွာဘုရားနဲ့တကွ ရဟန္တာဖြစ်ခါစ

http://www.dhammadownload.com

ကိလေသာစင်ကြယ်ပြီးတော့နေတဲ့ ရဟန္တာ ၅၀၀၊ ရဟန္တာသံဃာတွေလဲ အာရုံပြုပြီးတော့ ပူဇော်ခြင်းဖြစ်ပါတယ်၊ ဘုန်းကြီးက ဒီကနေ့ဟောရမယ့်တရားကတော့ တစ်နေ့က တရားအစဉ်ဟောရမယ်၊ စဉ်ထားပြီးသား ရှိနေတယ်၊ တစ်နေ့က ဟောခဲ့ တာ အာသီဝိသောပမ သုတ္တန်တရားက တော်တော်နဲ့မကုန်ပါဘူး။ တစ်ပိုင်းချင်း တစ်ပိုင်းချင်း ဟောရမယ်။ ဒီတစ်ခါ တော်တော်စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့် ဟောရမယ်။ ဒီတော့ ခေါင်းစဉ်ကလေးဆိုကြဦးစို့။

မွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊
သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊
တပ်စွဲချက်ကြောင့်၊ ရွာပျက်သည်၊ ခြောက်ဒုါရသို့၊
ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊
ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊
ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊
ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊
အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊
ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊
ကောင်းစွာ ညွှန်ကြား၊ ကယ်သူကား ဘုရားမြတ်ပေတည်း။

တစ်နေ့က ဟောခဲ့တဲ့အတိုင်း ခေါင်းစဉ်ကလေး အကုန်လုံးအစုံပါပါတယ်၊ ဒါတော့ တဖြည်းဖြည်းဟောရမယ်။

မွေကြီး ၄-ကောင် ဓာတ်ကြီး ၄-စင်း

မွေလေးကောင်ကား လေးပါးဘုတ်ဓာတ်၊ မွေကြီး ၄-ကောင် အင်မတန် အဆိပ်ပြင်းထန်တဲ့ မွေဆိုးကြီး ၄-ကောင်၊ မွေထိန်းယောကျ်ားကို အပ်နှင်းထားတယ်။ မွေထိန်းယောကျ်ားက ထွက်ပြီးတော့ ပြေးတော့ မွေကြီး ၄-ကောင်က လိုက်တယ်။ နောက်က သူ့ရန်သူကြီး ၅-ဦးကလဲ ဘုရင့်အမိန့်အရနဲ့ တွေ့ရာသချိုင်းသတ်ဖို့လိုက်တယ်။ နောက်တစ်ခါ သူ့မိတ်ဆွေဖြစ်တဲ့ ငယ်ပေါင်းကြီးဖော်သူနဲ့အင်မတန် ရင်းနှီးတဲ့မိတ်ဆွေကလဲပဲ ဘုရင်မင်းမြတ်ထံကနေပြီး ကတိသစ္စာ

http://www.dhammadownload.com

ခံပြီးတော့ တွေ့ရာသတ်ဖို့ရာ သူကလဲပဲ ချီမိုးအပ်သောသန်လျက်ချီ၍ ဆိုတာကိုး၊ ဓားထမ်းပြီးတော့ လိုက်တယ်။ အဲဒီလို လိုက်လို့ ကြောက်လို့ ပြေးနေရင်း ရွာပျက်ကုန်းကိုရောက်တယ်။ ရွာထဲဝင်ပြီးတော့ နေရာက ဓားပြ ၆-ယောက် ဝင်လာတယ်ဆိုတာနဲ့ ထွက်ပြီးပြေးတော့ ရေပြင်ကျယ်မြစ်ကြီး၊ သို့မဟုတ်လျှင်လဲပဲ ပင်လယ်ကွေ့ကြီးပေါ့လေ၊ အဲဒီ ရောက်တော့ ကူးစရာမရှိလို့ ဖြစ်သမျှနဲ့ နွယ်တို့, မြက်တို့, သစ်ခက်တို့ စုရုံးပြီးတော့ ဖောင်ကလေးလုပ်၊ ဖောင်ကလေးလုပ်ပြီးတော့ လက်နဲ့ခြေနဲ့ယက်ပြီးတော့ ကူးသွားတော့ ဟိုဘက်ကမ်းရောက်တယ်။ ဟိုဘက်ကမ်းရောက်တော့ အကုန်လုံးဘေးရန် အန္တရာယ်တွေလွတ်ကင်းပြီးတော့ သွားတယ်၊ အဲဒါကို ဥပမာပြုပြီးတော့ မြတ်စွာဘုရားက ပြတယ်။

ဥပမာ ဓေါ မျာယံ ဘိက္ခဝေ ကတာ အတ္ထသာ ဝိညာပနာယ၊
အယံ စေတ္ထ အတ္ထော။

(နှာ ၃၈၂)

ဘိက္ခဝေ၊ ရဟန်းတို့။ **အတ္ထသာ ဝိညာပနာယ၊** သိလိုအပ်သော အနက်ကို သိစေခြင်းအကျိုးငှာ။ **ဥပမာ၊** ဥပမာကို။ **ဝါ-ဥပမာ** ဆိုခဲ့ပြီးသော မြွေကြီး ၄-ကောင် ဥပမာကို။ **မေ မယာ၊** ငါသည်။ **ကတာ၊** ပြုအပ်ပေပြီ။ **စ၊** စင်စစ်အားဖြင့် သော်ကား။ **အယံ၊** ဤဆိုလတ္တံ့သည်ကား။ **စေတ္ထ၊** ဤ ဥပမာစကားရပ်၌။ **အတ္ထော၊** ဆိုလိုရင်းအနက်ပင် ဖြစ်တော့သည်။

ဥပမာပြတာကတော့ ဟောချင်တဲ့အနက် သိစေလိုတဲ့အနက်ကို နားလည်လွယ်အောင် ဥပမာပေးတာပါပဲတဲ့။ အခုပြောမယ့် အနက်အဓိပ္ပာယ်သည်သာလျှင် လိုရင်းပါပဲလို့ မြတ်စွာဘုရားက အနက်အဓိပ္ပာယ်ကို ဟောတယ်။

စတ္ထာရော အာသီဝိသာ ဥဒ္ဓတေဇာ ယောရဝိသာတိ
ဓေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ၊

(သံ၊ ၂။ နှာ ၃၈၂။)

ဘိက္ခဝေ၊ ရဟန်းတို့။ **ဥဒ္ဓတေဇာ၊** ထက်သော တန်ခိုးရှိကုန်သော။ **ယောရဝိသာ၊** ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတ္ထာရော အာသီဝိသာတိတေါ၊** မြွေကြီး

http://www.dhammadownload.com

၄-ကောင်တို့ဟူသော ဤအမည်သည်။ **စတုန်း**၊ လေးပါးကုန်သော။ **မဟာဘူတာနံ**၊ မဟာဘုတ်ရုပ်တရားတို့၏။ **အဓိဝစနံ**၊ အမည်ပေတည်း။ **ပထဝီဓာတုယာ**၊ ပထဝီဓာတ်၏လည်းကောင်း။ **အာပေါဓာတုယာ**၊ အာပေါဓာတ်၏လည်းကောင်း။ **တေဇောဓာတုယာ**၊ တေဇောဓာတ်၏လည်းကောင်း။ **ဝါယောဓာတုယာ**၊ ဝါယောဓာတ်၏လည်းကောင်း။ **အဓိဝစနံ**၊ အမည်ပေတည်း။

အဆိပ်ထန်တဲ့ မြွေကြီး ၄-ကောင်ဆိုတာ တခြားမဟုတ်ဘူး၊ လူတိုင်း လူတိုင်း, ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာရှိပြီးတော့ နေတဲ့ဓာတ်ကြီး ၄-ပါး ရဲ့ အမည်ပဲ၊ ဓာတ်ကြီး ၄-ပါး ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တဲ့၊ မြန်မာပြည်မှာ တရားဝါသနာပါတဲ့ ပုဂ္ဂိုလ်ဟာ ဓာတ်ကြီး ၄-ပါး နာမည်လောက်ကတော့ သိနေကြတာပါပဲ၊ မသိတဲ့ပုဂ္ဂိုလ်ရှိမယ် မဟုတ်ဘူးနဲ့တူပါတယ်၊ သိမှာပါပဲ၊ တရားဝါသနာပါတဲ့ ပုဂ္ဂိုလ်ဆိုသိကြတယ်၊ အဲဒီ ဓာတ်ကြီး ၄-ပါးပဲ၊ မြွေကြီး ၄-ကောင်နဲ့ ဥပမာပြုထားတယ်။

မြွေကြီးတွေ ပထမက မြွေထိန်းယောက်ျားခန့်လိုက်တဲ့အခါ ကာလကျတော့ မြွေကြီးတွေက ကိုယ်ပေါ်တက်နေပုံ။ တစ်နေ့က ပြောခဲ့တယ်။ လက်မောင်းရစ်ပတ်ပြီးတော့ နား နားမှာ ပါးပျဉ်းထားပြီးတော့ အိပ်နေပုံ၊ လက်ဝဲဘက်ကလဲ ထို့အတူပဲ၊ ရှေ့ကနေပြီးတော့ ဝိုက်ပတ်ပြီးတော့ လည်ပင်းမှာ ခေါင်းထားပြီးတော့ အိပ်နေပုံ၊ တစ်ကောင်က ကျောကတက်ပြီးတော့ လည်ပင်းပတ်ပြီးတော့ ခေါင်းပေါ်မှာ ပါးပျဉ်းထားပြီးတော့ အိပ်နေပုံ မြွေကြီးတွေက အဲဒီလိုပဲ ကိုယ်ထဲမြွေကြီးတွေ ရောက်နေတယ်၊ ဒီမြွေကြီးတွေဟာ အဆင်မသင့်လို့ရှိရင် ကိုက်တော့မှာ၊ ကိုယ်ထဲမှာ မြွေကြီးတွေ ရောက်နေတယ်။

ဒါပေမယ်လို့ မြွေထိန်းယောက်ျားက ဒီမြွေကြီးတွေ သူ့အပေါ်တက်နေတာကိုပဲ သူကသဘောကျနေတယ်။ မြွေကြီးတွေ တယ်လှတယ်။ လက်ကောက်များ ဝတ်ထားသလိုပဲ။ လက်ကြပ်များ ဝတ်ထားသလို၊ လည်ပင်းခွေပတ်နေတာများ လည်ဆွဲတန်ဆာများ ဝတ်ဆင်ထားသလိုပဲ တယ်လှတယ်။ မြွေအဆင်တန်ဆာကြီးတွေ ငါရလာတာပဲဆိုပြီးတော့ သာယာနေတယ်လို့ ပြောတယ်။ ဒါက ဥပမာပဲ၊ ဥပမေယျမှာ ဓာတ်ကြီး ၄-ပါးပါပဲတဲ့။

http://www.dhammadownload.com

နေရာတကာ ဓာတ်ကြီး ၄-ပါးရှိခြင်း

မြေကြီး ၄-ကောင်ဆိုတာ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တက်နေတယ်။ ဒီမြွေတွေဟာ ခုနက ဥပမာက ပြထားတာတောင်မှ ဥပမေယျလိုရင်းအနက်က လက်လောက်, ကိုယ်လောက်, ခေါင်းလောက်တွင် မဟုတ်ဘူးတဲ့။ သူက အကုန်လုံးပဲ တစ်ကိုယ်လုံး အတွင်း-အပြင် အနှံ့အပြားပဲ။ ဓာတ်ကြီး ၄-ပါးဆိုတာ နေရာတကာမှာ ရှိတာပဲ။ တစ်ကိုယ်လုံး ဘယ်နေရာမှ ဓာတ်ကြီး ၄-ပါး လွတ်တဲ့ နေရာမရှိဘူး၊ အပ်ဖျားကလေးတစ်ထောက်လောက်မှာလဲပဲ ဓာတ်ကြီးလေးပါး အပြည့်အစုံ ရှိနေတာပဲ၊ ကလာပ်ကလေး တစ်စည်းဆိုရင် ဓာတ်ကြီး ၄-ပါး ပါတာပဲ၊ ဓာတ်ကြီး ၄-ပါး မပါဘဲနဲ့ ဓာတ်ကြီး ၄-ပါးက မဖြစ်ကို မဖြစ်နိုင်ဘူး။

အခု ဓာတ်တွေခွဲစိတ်စမ်းသပ်တဲ့ ပုဂ္ဂိုလ်တွေက တဖြည်းဖြည်းတိုးတက်ပြီးတော့ လာတာ၊ အဲဒီ ဓာတ်ကြီး ၄-ပါးတွေလဲ သူတို့တွေ့တယ်။ နောက်ဆုံး ဓာတ်ကြီး ၄-ပါးသဘောတွေတွေ့တယ်။ **အက်တွန်တို့, ဖရိုတွန်**တို့ဆိုတာတွေ၊ ဒါတွေ တွေ့လာတယ်။ သူတို့လှုပ်ရှားနေတဲ့ ဓာတ်နဲ့ အဲဒီလှုပ်ရှားနေတဲ့ဓာတ် တခြားကို မပြေးနိုင်အောင်လို့ ထိန်းထားတဲ့ဓာတ်နဲ့၊ ပြီးတော့ ဒီပြင် **နယူတွန်**တို့ **နယူဖရယ်**တို့ဆိုတဲ့ဓာတ်တွေ တွေ့လာတယ်။ ဓာတ်ကြီး ၄-ပါး၊ ဒီက ဓာတ်ကြီး ၄-ပါးနဲ့ တူပါတယ်။ ဓာတ်ကြီး ၄-ပါးနဲ့ တစ်သဘောတည်းပါပဲ။ သူတို့ တွေ့ထားတာ အသေးစိတ်လိုက်တော့ နောက်ဆုံးဒါတွေ့တာပဲ။

ဒီဥစ္စာတွေ့တဲ့အခါမှာလဲ သူတို့ဘယ်လိုလုပ်ကြည့်သလဲ မသိဘူး။ အင်မတန်လင်းသွားလို့ရှိရင်လဲ ပျောက်သွားတယ်တဲ့၊ ဒီဥစ္စာတွေဟာ အင်မတန် သိမ်မွေ့နေတာ၊ အလင်းမျှားလို့လဲ မရဘူး။ မလင်းရင်လဲ မှောင်နေလို့ကြည့်လို့ မဖြစ်ဘူး၊ ဒါတွေဟာ အင်မတန် ခက်တယ်ဆိုတာကိုး၊ နောက်ဆုံးအသေးစိတ် ရောက်တဲ့အခါ အစိုင်အခဲမရှိဘူးတဲ့၊ သဘောကလေးတွေပဲတဲ့၊ လှုပ်ရှားနေရင် လှုပ်ရှားတဲ့သဘော၊ ဓာတ်မှန်ကလဲ ဓာတ်မှန်သဘောပဲတဲ့၊ သူ့ဟာနဲ့သူ တွဲနေတယ်။ ဓာတ် ၄-ပါး၊ အဲဒါ နေရာတိုင်း နေရာတိုင်းမှာ ဒီဓာတ် ၄-ပါးပါတယ်။

http://www.dhammadownload.com

ရူပ် ၈-ပါး တွဲဖြစ်

ကလာပ် တစ်စည်း တစ်စည်းဆိုရင် ဒီဓာတ်ကြီး ၄-ပါးက ပါလာတော့တာပဲ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီး ၄-ပါး၊ အဲဒီ ဓာတ်ကြီး ၄-ပါးကို မှီပြီတော့ ဖြစ်နေတဲ့ ဥပါဒါနရူပ်က ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ-ဆိုတဲ့ ဒီ ၄-ပါးကလဲပဲ ကိန်းသေပါတော့တာပဲ။ အားလုံး ရူပ် ၈-ရူပ်၊ ရူပ် ၈-ခုထက် နည်းပြီးတော့ မဖြစ်ဘူး၊ အခု ဓာတ်ခွဲတဲ့ပုဂ္ဂိုလ်တွေ မြင်ရတယ်ဆိုတာလဲပဲ ဝဏ္ဏဆိုတဲ့ အဆင်းကလေးရှိလို့ မြင်တာ၊ အဆင်းကလေးမရှိရင် မမြင်နိုင်ဘူး၊ ဒီအဆင်းရူပ်ကလေးရှိလို့ ဝဏ္ဏ, ဂန္ဓ, ရသ-တို့ ဆိုတာတွေကလဲပဲ အဲဒီထဲမှာ ရှိတာပဲ၊ ဒါကတော့ စမ်းသပ်တဲ့ ပုဂ္ဂိုလ်တွေ တွေ့တော့တွေ့မှာပါပဲ။ သူကလဲ အများကြီးတွေ့ပါတယ်၊ တဖြည်းဖြည်းနဲ့ သူတို့ဓာတ်တွေ တစ်ခါတည်း တစ်ခုနဲ့တစ်ခု မတူတာတွေ ခွဲခြားထားတာ၊ ၁၀၀-တောင် ကျော်နေပြီထင်တယ်၊ သူတို့ အမျိုးအမည်တွေ ခွဲထားတာ၊ အဲဒီ အနည်းဆုံးဟာ သူက ရူပ် ၈-ပါး တွဲပြီးတော့ ဖြစ်ပါတယ်။ ဓာတ်ကြီး ၄-ပါး အရင်းခံက ပါရတယ်။

ပထဝီဓာတ်

ပထဝီဓာတ်၊ အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်၊ ပထဝီဓာတ်ဆိုတာ ဘာတုန်းဆိုတော့ ခက်မာကြမ်းတမ်းတဲ့ သဘောပဲတဲ့၊ ပထဝီဓာတ်ဆိုတာ မာမာကြမ်းကြမ်းသဘောတွေဟာ ပထဝီဓာတ်ပဲ။ အခု အစိုင်အခဲအနေအားဖြင့် အထည်ဝတ္ထုအနေအားဖြင့် တွေ့ရတဲ့ဟာတွေ သူတို့ပထဝီဓာတ်တွေပဲ။ ပထဝီဓာတ်အားကောင်းလေလေ အစိုင်အခဲအနေအားဖြင့် ထင်ရှားလေလေပဲ၊ ခက်မာကြမ်းတမ်းတဲ့ သဘောအရင်းခံကတော့ ခက်မာကြမ်းတမ်းတာပဲ၊ ဒါပေမယ့်လို့ သူ့ထက်ကြမ်းတမ်းတာနဲ့ ထောက်ဆလိုက်လို့ရှိရင် နူးညံ့တာရှိတယ်။ နူးညံ့တဲ့ သဘောလဲရှိတာပဲ။ ခက်မာတဲ့ ကြမ်းတမ်းတဲ့သဘော၊ နူးညံ့တဲ့သဘော၊ အခုကိုယ်ထဲမှာ စမ်းသပ်ကြည့်မယ်ဆိုရင် မာကြမ်းတဲ့ သဘောတွေလဲရှိတယ်။ နူးညံ့တဲ့ သဘောတွေလဲ ရှိတယ်။ ဘယ်လိုပဲ နူးညံ့တယ်ဆိုစေကာမူ ဒီပြင်ဓာတ်တွေနဲ့ နှိုင်းစာကြည့်မယ်ဆိုရင် သူကတော့ ကြမ်းတမ်းတဲ့ သဘောတော့ရှိတာပဲ။ ဥပမာ

http://www.dhammadownload.com

အားဖြင့် မျက်လုံးထဲကရုပ်ဆိုတာ အင်မတန် နူးညံ့တာပေါ့၊ ဒါပေမယ့်လို့ သူ့အထဲမှာ ဒိပြင်ရုပ်တွေနဲ့ နှိုင်းစားကြည့်မယ်ဆိုရင် အစိုင်အခဲအနေအားဖြင့် သူကြမ်းနေတာတွေက အဆိုးအငွေ့ဖြစ်နေတာကိုး၊ သိမ်မွေ့နေတယ်။

အာပေါဓာတ်က အရေသဘောဖြစ်နေတယ်။ ဝါယောဓာတ်ကလဲပဲ လေသဘောကလေးဖြစ်နေတာလဲ ဒါတွေနဲ့ နှိုင်းစာလို့ရှိရင်တော့ ပထဝီက မျက်လုံးသားထဲက နူးညံ့ပါတယ်ဆိုတဲ့ အသားကလေးကလဲ ကြမ်းသေးတာပဲ။ ဒိပြင်နေရာမှာ တွေ့ထိမယ်ဆိုလို့ရှိရင် ဝါဂွမ်းတို့ဆိုတာ အင်မတန်နူးညံ့တာ၊ အဲဒါ ပထဝီဓာတ်တွေ၊ ဒါပေမယ့်လို့ အဲဒီနူးညံ့တဲ့အစိတ်အပိုင်းကို မျက်လုံးနဲ့သွားထိမယ်ဆိုရင်တော့ ဒီဝါဂွမ်းကလဲ အကြမ်းကြီးပဲမခံနိုင်ဘူး၊ သူ့ဟာ အတွေ့အထိမခံနိုင်ဘူး၊ သူ့ထက်နူးညံ့နေတဲ့ရုပ်သွားထိတော့ မခံနိုင်ဘူး၊ အဲဒါကြောင့် ခက်မာကြမ်းတမ်းတာ နူးညံ့တာက ပထဝီဓာတ်၊ ခက်မာကြမ်းတမ်းတာတွေ၊ နူးညံ့တာတွေဟူသမျှ ကိုယ်ထဲမှာတွေ့တာ ပထဝီဓာတ်တွေကို တွေ့တယ်။

ပထဝီဓာတ် ၂၀

အဲဒီ ပထဝီဓာတ်တွေကို အကြမ်းစားအားဖြင့် မြတ်စွာဘုရားခွဲပြထားတာ အမျိုးအမည် ၂၀-ရှိပါတယ်။

> ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊
> အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊
> ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊
> မတ္ထလုင်္ဂီ။

အဲဒီတရားတွေဟာ ဦးနှောက်တိုင်အောင် အားလုံး ၂၀-ရှိတယ်။ တချို့လဲ ဒီဥစ္စာတွေရနေမှာပါ။ မြန်မာလိုဆိုရင် **ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ** ဒါက ၅-ခု၊ ဆံပင်မွေးညင်းဆိုတာ တစ်ကိုယ်လုံးပေါက်နေတဲ့အမွေးတွေ၊ ခြေသည်းလက်သည်း ဆိုတာလဲပဲ ခြေဖျားလက်ဖျားမှာရှိတယ်။ သွားဆိုတာလဲ ပါးစပ်ထဲမှာရှိတယ်၊ အရေ ၅-ခု။

http://www.dhammadownload.com

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့ ငါးခုရတယ်၊ အသားဆိုတာကတော့ တစ်ကိုယ်လုံးမှာပဲ၊ အရိုးတွေဆိုတာလဲပဲ အတွင်းကနေပြီး အမာခံ ပေါ့လေ၊ ဒီအရိုးတွေမရှိရင်လဲ ဒီကိုယ်ကြီးတောင်မနေနိုင်ဘူး၊ အကုန်လုံးပြား ကျသွားမှာ ဝပ်သွားမှာ၊ အရိုးတွေ အကြောင်းအားလျော်စွာ ရောဂါဝေဒနာရှိလို့ တချို့အရိုးတွေထုတ်ပစ်ရလို့ အရိုးမရှိတဲ့လူတွေ ဆေးရုံမှာရှိတယ်၊ နံရိုးတွေထုတ်လို့ ဒီအတိုင်းဆိုလို့ရှိရင် ဝပ်ပြီတော့ ပြားပြားနေမှာ အောက်ကစပရိန်နဲ့ ခံထားရတယ်၊ အဲဒါ အရိုးတွေရှိနေလို့ ထူထူထောင်ထောင်ဖြစ်နေတာ။ တစ်ကိုယ်လုံးမှာ အရိုးတွေကလဲရှိတယ်၊ အရိုးတွေမှာ အရိုးအကြိမ်းရှိတယ်၊ အနုရှိတယ်၊ အသား၊ အကြော၊ မံသံ၊ နာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ အသား၊ အကြော၊ အကြောတွေလဲ တစ်ကိုယ်လုံးမှာ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတဲ့၊ အညို့တဲ့၊ အညို့ဆိုတာ ဒါကတော့ ဝမ်းထဲမှာ ဗိုက်ထဲမှာ သိပ်မထင်ရှားပါဘူး၊ မထင်ရှားသော်လဲ များသောအားဖြင့်တော့ နှလုံးသွင်းရတယ်။

ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ၊ ပပ္ဖါသံ၊ ဟဒယံ၊ နှလုံး၊ ယကနံ၊ အသည်း၊ အမြွေး၊ အဖျင်း၊ အဆုတ်၊ နှလုံးဆိုတာလဲပဲ တော်တော်တော့ ထင်ရှားပါတယ်၊ အသည်းလဲထင်ရှားတာပဲ၊ အမြွေးကတော့ အပေါ်မြွေလေးဆိုတော့ ဒါတွေက သိပ်မထင်ရှားဘူး၊ အတွင်းမှာရှိတယ်၊ အဖျဉ်း၊ အဖျဉ်းဆိုတာလဲ ထင်ရှားတယ်၊ အဆုတ်ဆိုတာလဲ ထင်ရှားတယ်၊ အဆုတ်ဆိုတာ ညာဘက်၊ ဘယ်ဘက်မှာ အကြီးကြီးပါပဲ၊ အဆုတ်ကြီး အကြီးကြီးအစိုင်အခဲသဘောရှိတဲ့ ပထဝီဓာတ်တွေ။

အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ၊ အန္တံ- အူမ၊ အန္တဂုဏံ၊ အူသိမ်၊ အူတွေ တစ်ခုနဲ့တစ်ခု တွဲထားတဲ့အူသေးကလေးတွေပေါ့။ **အစာသစ်၊** အစာသစ်ဆိုတာကတော့ နေ့တိုင်း နေ့တိုင်း စားနေတဲ့ မသေခင်အတွင်း အစာသစ်ဖြစ်တယ်၊ **အစာဟောင်း**တဲ့၊ အစာကြေညက်သွားတဲ့အခါ ကျင်ကြီးဖြစ်သွား၊ **ဦးနှောက်**တဲ့၊ ဦးနှောက်ဆိုတာက ခေါင်းထဲမှာရှိတယ်၊ အဲဒီဟာတွေက အမျိုးအမည် ၂၀-ရှိတယ်။ ဒါက အမာခံအကြိမ်းသဘောဖြစ်နေလို့ ဒါပထဝီဓာတ်ပဲလို့ ပထဝီဓာတ်လွန်ကဲနေတာ။

http://www.dhammadownload.com

အဲဒီအထဲမှာ အနူးအညံ့တွေလဲပါတယ်၊ ဦးနှောက်တို့ဆိုတာ နုနေတာပဲ၊ အတွင်းက အသည်းတို့ နှလုံးတို့ အမြွေးတို့ ဒါလေးတွေဟာ နုနေပါတယ်၊ ဒါပေမယ့်လို့လဲ ဒီပြင်ဓာတ်တွေနဲ့ နှိုင်းစာလို့ရှိရင် သူတို့ကြမ်းနေသေးတာပဲ။ ဒါကြောင့် "ကြမ်းတမ်းမာခက်၊ ချောညက်တစ်မည်" ကြမ်းတမ်းသည်၊ ခက်မာသည်၊ ချောသည်၊ ညက်သည်၊ နူးညံ့သည်၊ အဲဒါဟာ ပထဝီဓာတ်ရဲ့ လက္ခဏာပဲတဲ့၊ ပထဝီဓာတ်တွေ့လို့ရှိရင် အဲဒီအတိုင်းတွေ့တယ်။ ကြမ်းတမ်းတယ်၊ ခက်မာတယ်၊ အတုံးအခဲအနေအားဖြင့်လဲတွေ့တယ်။ ချောနေတယ်၊ ညက်နေတယ်၊ နူးညံ့နေတယ်၊ ဒီလိုအနေအားဖြင့်လဲတွေ့တယ်။ ကိုယ်ထဲမှာ အတွေ့အထိတွေကိုလိုက်ပြီးတော့ မှတ်တော့ ထိတယ် ထိတယ်ဆိုလို့ရှိရင် ကြမ်းတမ်းတဲ့ သဘောတွေတွေ့ရတယ်။ ခက်မာတဲ့သဘောတွေ တွေ့ရတယ်။ အစိုင်အခဲသဘောတွေ အတုံးအခဲသဘောတွေတွေ့ရတယ်။ နူးညံ့ချောညက်နေတဲ့ သဘောတွေတွေ့ရတယ်။ ဒါပထဝီဓာတ်တွေတွေ့နေတာပဲ။ "တည်ရာကိစ္စ သူကပြုသည်"တဲ့၊ တည်ရာကိစ္စ ပရမတ္ထသဘောတရားတွေ တွေ့လို့ရှိရင် လက္ခဏာနဲ့ရသနဲ့၊ ပစ္စုပဋ္ဌာန်နဲ့တွေ့တယ်၊ လက္ခဏာနဲ့ရင်လဲ တွေ့ရတယ်။ ရသနဲ့ရင်လဲ တွေ့ရတယ်။ ပစ္စုပဋ္ဌာန်နဲ့ရင်လဲ တွေ့ရတယ်။

လက္ခဏာ ၂-မျိုး

လက္ခဏာဆိုတာ ၂-မျိုးရှိတယ်၊ သဘာဝလက္ခဏာတဲ့ သာမညလက္ခဏာတဲ့ ၂-မျိုးရှိတယ်၊ **သာမညလက္ခဏာ**ဆိုတာကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အတ္တမဟုတ်တဲ့သဘော၊ အဲဒီဟာက သာမညလက္ခဏာ၊ ရုပ်တိုင်း နာမ်တိုင်း အကုန်လုံးနဲ့ ဆက်ဆံနေလို့ သာမညလက္ခဏာခေါ်တယ်၊ အားလုံးသော တရားတွေမှာ အနိစ္စလက္ခဏာ၊ မမြဲတဲ့သဘောရှိတယ်၊ ဒုက္ခလက္ခဏာ ဆင်းရဲတဲ့သဘောရှိတယ်၊ အနတ္တလက္ခဏာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ တရားသဘောအနေအားဖြင့်ရှိတယ်၊ အဲဒါကြောင့် အားလုံးသောလက္ခဏာတွေနဲ့ ဆက်ဆံနေတဲ့အတွက်ကြောင့် သာမညလက္ခဏာခေါ်တယ်။

သဘာဝလက္ခဏာဆိုတာကတော့ကို သဘောတရား တစ်ခုတစ်ခုရဲ့ ရုပ်တရားဖြစ်စေ၊ နာမ်တရားဖြစ်စေ၊ ရုပ်တရားနာမ်တရား တစ်ခုတစ်ခုရဲ့ အထည်ကိုယ်လို့ခေါ်ရတဲ့ ပင်ကိုရင်းသဘောပဲတဲ့၊ အဲဒါကို သဘာဝလက္ခဏာခေါ်ပါတယ်။

http://www.dhammadownload.com

လက္ခဏာစသည်

ဝိပဿနာရှုရတယ်ဆိုလို့ရှိရင် အဲဒီလက္ခဏာတို့၊ ရသတို့၊ ပစ္စုပဋ္ဌာန်တို့၊ ပဒဋ္ဌာန်တို့ ဒါတွေနဲ့ရှုရတယ်။ ဒီလို လက္ခဏာတွေနဲ့ သိရတယ်။ အတွေ့အထိ တွေကိုမှတ်လို့ရှိရင် ထိတယ်၊ ထိတယ် မှတ်ရင် ပထဝီဓာတ်တွေ့ရင် အဲဒီလက္ခဏာနဲ့ ကက္ခဠလက္ခဏာ၊ ခက်မာသည်၏အဖြစ်လျှင် သူ့လက္ခဏာပါပဲတဲ့၊ အရင်းခံ ကလေး ဆိုထားတယ်၊ ကက္ခဠတ္ထလက္ခဏာ၊ ခက်မာသည်၏အဖြစ်၊ ခက်မာကြမ်း တမ်းတယ်ဆိုတာ သူ့လောက်မကြမ်းတာတွေကျတော့ နူးညံ့တယ်။ ချောညက်တယ် လို့ ခေါ်ရတော့တာပေါ့။ ဒါကြောင့် "ကြမ်းတမ်းမာခက်၊ ချောညက်တစ်မည်" ဒီက ဆောင်ပုဒ်ကလေး စီထားတယ်။

ပတိဋ္ဌာနရသာ၊ တည်ရာကိစ္စရှိတယ်တဲ့။ တည်ရာကိစ္စရှိတယ် အခုမြေကြီး များဟာ အရာဝတ္ထုတွေ သူ့အပေါ်တည်ရတာပဲ။ လူတွေလဲ မြေကြီးပေါ်တည် နေရတာပဲ။ မြေကြီးကခံနေလို့ မခံလို့ရှိရင် ကျွံကျသွားမယ်။ အလုံးစုံသော အရာ ဝတ္ထုတွေ အဆောက်အအုံတွေရော အကုန်လုံးမြေကြီးပေါ်တည်နေရတယ်။ မြေကြီးမရှိရင် ထောက်တည်ရာမရှိဘူး။ အကယ်၍သာ ဟင်းလင်းပြင်ကြီးသာ ဖြစ်နေမယ်ဆိုရင် အကုန်လုံးအောက်ပြုတ်ကျကုန်မှာပေါ့။ အခုတော့ မြေကြီးကခံ ထားတယ်။ ခံထားတော့ ဒီမှာတည်နေတယ်။ အဲဒီတော့ အမာခံဓာတ်ကခံထားလို့ တည်နေတယ်တဲ့။ ပတိဋ္ဌာနရသာ၊ တည်ရာသဘော သူကရှိတယ်တဲ့။

သမ္မဒ္ဓိစ္စနပစ္စုပဋ္ဌာနာ-ခံလင့်ခြင်း၊ လက်ခံထားခြင်း၊ လက်ခံထားသည့်အနေ အားဖြင့် ထင်ရှားတယ်တဲ့၊ တည်ရာဆိုတော့ လက်ခံထားတာပေါ့၊ တည်ရာနဲ့ လက်ခံတာနဲ့က တစ်ဆက်တည်းပါပဲ၊ တည်ရာသဘောက သူ့အတွင်းမှာ ပကတိ ပင်ကိုယ်ရင်းအားဖြင့် တည်ရာသဘောရှိတယ်၊ တည်ရာသဘောရှိတော့ သူကခံပြီး တော့ထားတယ်၊ တောင့်ခံပြီးတော့ ထားတယ်၊ မြေကြီးပေါ်နင်းလိုက်ရင် မြေကြီး က ကျွံကျမသွားအောင် နင်းတဲ့ခြေထောက်ကလဲပဲ အဲဒီမှာခြေထောက်ကနေပြီး မြေကြီးကိုခံထားတယ်၊ အထဲကိုဝင်မလာအောင် သူကလဲခံထားတယ်၊ ၂-ခုလုံး ၂-ဘက်လုံး ပထဝီဓာတ် ၂-ခုခံထားတယ်၊ အောက်ခံကလဲ ပထဝီဓာတ်နဲ့ အထက်က

http://www.dhammadownload.com

နင်းတာကလဲ ပထဝီဓာတ်နဲ့ (အမာခံဓာတ်ချင်း အမာခံဓာတ်ချင်း) တိုက်ပြီးတော့ ရပ်နေတယ်၊ အဲဒါဟာ ပတိဋ္ဌာနကိစ္စရှိတယ်တဲ့၊ တည်ရာကိစ္စရှိတယ်၊ တည်ရာကိစ္စရှိလို့ ခံလင့်ထားတဲ့သဘောရှိတယ်။

ပြီးတော့ ဓမ္မသင်္ဂဏီကျမ်းမှာပါတယ်၊ အဲဒီ အစိုင်အခဲ အမာခံသဘောတွေ ဟူသမျှဟာ လေးသောသဘော ထင်ရှားတယ်တဲ့၊ အခု ကိုင်ပြကြည့်၊ မ, ပြကြည့်ရင် လေးတာတွေ တွေ့ရတယ်၊ တစ်ခုနဲ့ တစ်ခုနဲ့ ထောက်ဆကြည့်ရင် ဒါကပေါ့တယ်၊ ဒါက လေးတယ်၊ ဒီဟာက လေးတယ်၊ ဒီဟာက ပေါ့တယ်စသည်ဖြင့် ခေါ်ရတယ်၊ အဲဒီတော့ အဲဒီဟာလဲပဲ ပထဝီဓာတ်ပဲတဲ့၊ ဂရုက်တို့ လဟုက်တို့ဆိုတာ ဓမ္မသင်္ဂဏီမှာ ဟောတယ်၊ အဲဒါကြောင့် "ခံလင့်ဆောင်ရေး၊ ပေါ့, လေး ထင်သည်" လို့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး ဆိုထားပါတယ်။

ပထဝီဓာတ်ရဲ့ လက္ခဏာ၊ "ပထဝီဓာတ်၊ သိမှတ် မြတ်ယောဂီ"တဲ့။ ပထဝီဓာတ်၊ ပထမလက္ခဏာဆိုတာဟာ ဘာလဲဆိုရင် ရုပ်နာမ်တရားတို့၏ အထည် ကိုယ်လို့ ဆိုထိုက်တဲ့ ပင်ကိုယ်ရင်းသဘောဖြစ်သည်။ သဘာဝလက္ခဏာဟူသည်မှာ ရုပ်နာမ်တရားတို့၏ အထည်ကိုယ်ဟုခေါ်ထိုက်တဲ့ ပင်ကိုယ်ရင်းသဘောပင် ဖြစ်သည်။ ရုပ်နာမ်တရားရဲ့ အထည်ကိုယ် လက္ခဏာဆိုတာ ရုပ်နာမ်တရား၊ ဒီပြင် မရှိဘူး၊ သူပဲ၊ ရုပ်နာမ်တရား ဥပမာ အိမ်ဆိုတာဟာ အထည်ကိုယ် ရှာမယ်ဆိုရင် သစ်သားနဲ့ဆောက်ထားတဲ့ အိမ်ဆိုရင် သစ်သားအစုအပေါင်းကို ဆိုတယ်၊ တိုင်ရယ်, ထုတ်၊ လျှောက်, ဒိုင်း, မြား အဲဒါတွေ အကုန်လုံးပေါင်းလိုက်လို့ရှိရင် နံရံတွေရော, အမိုး တွေရော, အခင်းတွေရော, အဲဒါတွေဟာ အိမ်ရဲ့အထည်ကိုယ်ပဲ။ အထည်ကိုယ်ဆိုတာ သူပဲ။ ဒါတွေ တစ်ခုချင်း တစ်ခုချင်း နုတ်ကြည့်ရင် အိမ်မရှိဘူး၊ ဘာမှ အိမ်မရှိတော့ဘူး၊ အဲဒါလိုပဲ ရုပ်နာမ်တရားတို့ရဲ့ အထည်ကိုယ်ဆိုတာ ရုပ်နာမ်တရားပါပဲ၊ လက္ခဏာဆိုတာ ရုပ်နာမ်တရားပဲတဲ့၊ ရုပ်နာမ်တရားကို ဒါကြောင့် လက္ခဏာနဲ့ သိရတယ်ဆိုရင် ရုပ်တရား နာမ်တရားရဲ့ အထည်ကိုယ် ကလေးသိရတယ်၊ ပကတိအရင်းခံဖြစ်တဲ့ သဘောတရားကလေးသိရတယ်၊ ပထဝီဓာတ်မှာဆိုရင် ကက္ခဠတ္ထလက္ခဏာ ရှိတယ်တဲ့၊ ခက်မာကြမ်းတမ်းတဲ့သဘောဟာ သူ့လက္ခဏာပဲတဲ့၊

http://www.dhammadownload.com

အထည်ကိုယ်ပဲတဲ့၊ ပထဝီဆိုတာ ကြမ်းတမ်းတဲ့ သဘောလေးပဲတဲ့၊ ခက်မာတဲ့ သဘောကလေးပဲတဲ့၊ ကြမ်းတမ်းတော့ နူးညံ့တာလဲသူပဲတဲ့။ သူ့ထက် ကြမ်းတမ်းတာနဲ့ ထောက်ဆလိုက်လို့ရှိရင် နူးညံ့တာလဲရှိတယ်၊ နူးညံ့တာသူပဲ။

"ကြမ်းတမ်းမာခက်၊ ချောညက် တစ်မည်၊ တည်ရာကိစ္စ၊ သူက ပြုသည်" မာနေတော့ကို တည်ရာဌာန ဖြစ်နေတော့တာပေါ့၊ "ခံလင့်ဆောင်ရေး၊ ပေါ့လေး ထင်သည်" ခံလင့်တဲ့သဘော၊ ပေါ့တဲ့သဘော လေးတဲ့သဘော ရှုတဲ့ပုဂ္ဂိုလ် ယောဂီ ရဲ့ဉာဏ်ထဲမှာ ထင်လာတယ်တဲ့။ ပေါ့တယ်ဆိုတာလဲ သူပဲ၊ လေးတယ်ဆိုတာလဲ သူပဲ၊ ခံထားတယ်ဆိုတာလဲ သူပဲတဲ့၊ ဒီလိုထင်ပါတယ်။ ဆောင်ပုဒ်ကလေး ပေးထားပါတယ်။

အဲဒါက အကြမ်းနဲ့ရော အနုနဲ့ရောသိရအောင်၊ အကြမ်းနဲ့ဆိုရင် ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, နှိုးတွင်း ခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်ဆိုတဲ့ အမျိုးအမည် ၂၀-ရှိတယ်။ အဲဒါက အကြမ်းဖျင်း အားဖြင့် မှတ်သားထားဖို့၊ လက္ခဏာနဲ့ဆိုလို့ရှိရင်တော့ ကက္ခဠတ္တလက္ခဏာရှိတယ်။ ခက်မာကြမ်းတမ်းသော သဘောရှိတယ်။ သတိပဋ္ဌာနရသာ-တည်ရှိရာကိစ္စရှိတယ်။ သမ္မဋ္ဌနရသာ-ခံလင့်ခြင်း ခံလင့်နေသောအားဖြင့် ယောဂီရဲ့ဉာဏ်ထဲမှာ ထင်တယ်တဲ့၊ ခံလင့်နေသောအားဖြင့် တစ်နေရာနဲ့တစ်နေရာ တိုက်ခံနေတဲ့သဘောပေါ့၊ ဟိုဘက် ဒီဘက် တိုက်ခံနေတဲ့သဘောဟာ ပထဝီဓာတ်ပဲတဲ့၊ ဒီလိုဆိုပါတယ်။

ပထဝီဓာတ် ရှုမှတ်သိ

ဆောင်ပုဒ်ကလေးကတော့ ဆိုကြဦးမှဖြစ်မယ်။ ပြောစရာတွေအများကြီးရှိတယ်။ ပြောစရာတွေက တော်တော်နဲ့ကို ကုန်မှာမဟုတ်ဘူး။

ကြမ်းတမ်းမာခက်၊ ချောညက်တမည်၊
တည်ရာကိစ္စ၊ သူကပြုသည်၊
ခံလင့်ဆောင်ရေး၊ ပေါ့, လေး ထင်သည်၊
ပထဝီဓာတ် သိမှတ် မြတ်ယောဂီ၊

http://www.dhammadownload.com

ပထဝီဓာတ် ရှုမှတ်မိလို့ရှိရင် အဲဒီအတိုင်းသိရမယ်တဲ့။ ကြမ်းတမ်းတဲ့ သဘော၊ ခက်မာတဲ့သဘော၊ ချောညက်တဲ့သဘော၊ နူးညံ့တဲ့သဘောအနေအားဖြင့် တွေ့ရလိမ့်မယ်တဲ့။ တစ်နေရာရာက တွေ့ထိတာကလေးမှတ်လို့ရှိရင် ထိတယ်-ထိတယ်ဆိုရင် အဲဒါ ကြမ်းတမ်းတဲ့အနေအားဖြင့်ရင်လဲ တွေ့မှာပဲ၊ နူးညံ့တဲ့အနေအားဖြင့်ရင်လဲ တွေ့မှာပဲ၊ အလုံးအခဲ အစိုင်အခဲအနေအားဖြင့်ရင်လဲ တွေ့မှာပဲ၊ အဲဒါတွေဟာ ပထဝီဓာတ်ကို တွေ့တာ၊ ပထဝီဓာတ်မာရင် မာတာ၊ ကြမ်းရင် ကြမ်းတာ၊ နူးညံ့ရင် နူးညံ့တာ၊ ချောရင် ချောတာ အဲဒါ ပထဝီဓာတ်ပဲ၊ လက်တစ်ခုနဲ့တစ်ခု ထိတာကိုထိတယ်၊ ထိတယ်နဲ့မှတ်လိုက်ရင် ထိခါမျှလေး လက်မရှိဘူး၊ ကိုယ့်လက်ကို ထိတယ်၊ လက်ရယ်လို့ မရှိဘူး၊ ထိတာ ထိတာပဲ၊ မာရင်လဲ မာမှာပဲ၊ ကြမ်းရင်လဲ ကြမ်းမှာပဲ၊ နူးညံ့ရင်လဲ နူးညံ့မှာပဲ၊ ဒါပဲရှိတယ်၊ ခေါင်းကဆံပင်ကို ထိတယ်ဆိုရင် မာမာတောင့်တောင့် ကြမ်းကြမ်းရင်လဲ တွေ့မှာ ပေါ့၊ ဒါမှ မဟုတ်ရင်လဲ ချောညက်နေတာရင်လဲ တွေ့မယ် ဒါပဲ၊ ထိတာကတော့ ဒါလောက်ပဲတွေ့တယ်၊ ဆံပင် မွေးညင်းတွေထိရင်လဲ ဒီလိုပါပဲ၊ ခြေသည်း လက်သည်းတွေ စမ်းကြည့်လဲပဲ ဝိပဿနာနဲ့ဆိုရင် ထိရင်ထိတာမှတ်ရင် မာတဲ့ သဘောကြမ်းတဲ့သဘော ဒါပဲတွေ့တယ်၊ အခုဟာက သိပ်ပြီးသားဖြစ်နေတော့ ထိလိုက်တာနဲ့ လက်သည်းပဲဟ, ခြေသည်းပဲဟ ဒီလို သိကုန်တာကိုး။

အဲဒါတွေဟာ ပကတိ အသိတွေက အလျင်ကျကုန်လို့ ယောဂီပုဂ္ဂိုလ်ရဲ့ အသိဆိုရင် ထိခါမျှလေးနဲ့ ဒီတွင်ရပ်ရမှာကိုး၊ **မုတေ မုတမတ္တံ ဘဝိဿတိ၊ မုတေ၊** ရောက်ခါမျှ၌။ **မုတမတ္တံ၊** ရောက်ခါမျှသည်။ **ဘဝိဿတိ၊** ဖြစ်လတ္တံ့။ ထိရင်သိခါမျှလေး ရပ်ရမှာ၊ ထိတယ် ထိတယ်ဆိုတော့ ထိခါမျှသဘောမှာဆိုရင် လက်သည်းထဲက ကြမ်းတမ်းတဲ့သဘော, ခြေသည်းထဲက ကြမ်းတမ်းတဲ့သဘော၊ ဒါပဲသိမှာပဲ။

သွားဆိုရင်လဲ သွားဟာလျှာနဲ့ ထိတဲ့အခါကျတော့ သွားဟာ ပကတိ ပုဂ္ဂိုလ်က ထိလိုက်တယ်ဆိုရင်ပဲ လျှာနဲ့သွားနဲ့ ထိလိုက်တယ်ဆိုတာ တစ်ခါတည်း စောစောက သိသွားပြီ၊ ဒါက ပကတိအသိတွေကိုး၊ ယောဂီပုဂ္ဂိုလ်အနေအားဖြင့် ဆိုရင် ထိတာနဲ့ ထိတယ် မှတ်လိုက်ရင် သွားထိရင် ကြမ်းကြမ်းကလေးတွေ့ရင် တွေ့မယ်၊ နူးညံ့တာ တွေ့ရင်တွေ့မယ်၊ ချောနေတာတွေ့ရင်လဲ တွေ့မယ်၊ အဲဒါ ပထဝီဓာတ် တွေ့နေတာပဲ။

http://www.dhammadownload.com

ဒီပြင်လဲ ဒီအတိုင်းချည်းပဲ၊ အရေတို့, အသားတို့ လျှော်ပြီးတော့ထိရင် ဒီအတိုင်းပဲ၊ ကိုယ်ထဲက အမျိုးအမည် မခွဲနိုင်ဘဲနဲ့ တွေ့နေတာတွေရှိတယ်၊ ကြမ်းတမ်းတဲ့သဘော, နူးညံ့တဲ့သဘော, တွေ့ထိနေတာတွေ၊ အဲဒါတွေ ပထဝီဓာတ်တွေ တွေ့နေတာပဲ။ ထိတဲ့အထိကလေးသာ စူးစိုက်ပြီးတော့ သိတယ်၊ ထိတယ်ဆိုရင်ဖြင့် အဲဒီမှာထိတဲ့သဘောပဲရှိတယ်။ လက်လဲမရှိဘူး, ကိုယ်လဲမရှိဘူး, ခေါင်းလဲမရှိဘူး, မိန်းမ ယောကျ်ားလို့ ခေါ်စရာတွေလဲ ဘယ်ရှိလိမ့်မှာတုန်း၊ ထိခါမျှလေးပဲ။ အဲဒီအထဲမှာ ထိတော့ကို ကြမ်းကြမ်းတမ်းတမ်းအနေအားဖြင့်လဲ တွေ့ရတယ်၊ နူးညံ့တဲ့အနေအားဖြင့်လဲ တွေ့ရတယ်၊ အမျိုးအမည်ကို မခွဲနိုင်ဘူး၊ ဒါက အသားနဲ့ ထိတာပဲ, အရေနဲ့ထိတာပဲ, အရိုးနဲ့ထိတာပဲ, အကြောနဲ့ ထိတာပဲလို့ မပြောနိုင်ဘူး။ ကိုယ်ထဲမှာ အတွေ့အထိတွေ အတွင်းကလျှောက်ပြီး တွေ့ထိသွားတာတွေ၊ အဲဒါ ကြမ်းတမ်းတဲ့သဘော, နူးညံ့တဲ့သဘောအနေအားဖြင့် ထင်ရှားတယ်။ ဒီတစ်ခါ ထိတာ ကြမ်းတယ်, ဒီတစ်ခါထိတာ နူးညံ့တယ်၊ ဒီလို သိရတယ်၊ အဲဒါတွေဟာ ပထဝီဓာတ်တွေ တွေ့နေတာပဲ၊ အဲဒါဟာ အရင်းခံကို ရှေးဦးစွာသိရအောင်လို့ ပြောရတာ ပထဝီဓာတ်။

အာပေါဓာတ် ရှုမှတ်သိ

အာပေါဓာတ် ပြောကြဦးစို့။ ဓာတ် ၄-ပါးစုံအောင် ရှေးဦးစွာဖြေဦးမှ၊ ဒါမှ မွှေနှံတူမှာ။ အာပေါဓာတ်ဆိုတော့ ပဋ္ဌရဏလက္ခဏာ-ယိုစီးခြင်းလက္ခဏာ ရှိတယ်။ ဗြဝလက္ခဏာ-အရေသဘောရှိတယ်တဲ့။ "အရေတစ်နည်း၊ ယိုစီးတစ်မည်" အရေသဘောလဲ ရှိတယ်၊ ယိုစီးတတ်တဲ့သဘောလဲရှိတယ်၊ အရေဆိုရင် ယိုစီးတော့တာပေါ့လေ၊ အဆီးအတားမရှိရင် သူကတော့ စီးကျသွားတော့တာပဲ၊ ကိုယ်ထဲကနေပြီးတော့ အရေသဘောတွေ တံတွေးတို့နှပ်တို့ ယိုစီးကျနေတာတွေ ပြည့်လို့ပဲ၊ ချွေးတွေကလဲ ယိုစီးကျနေတာပဲ၊ အထိန်းအသိမ်းမရှိရင် တစ်ခါတည်း ယိုထွက်နေတာပဲ။ ယိုစီးကျနေတာ အဲဒါအရေတွေ၊ အရေတစ်နည်း ယိုစီးတစ်မည်၊ အရေဆိုလို့ ရှိရင်လဲ ယိုစီးတာပဲ၊ ယိုစီးလို့ရှိရင်လဲ အရေပါပဲ။ (အာပေါဓာတ်၏ လက္ခဏာစသည်ကို ဓမ္မဒေသနာဆောင်ပုဒ်ကျမ်း ၉၇-မှာ ကြည့်ပါ) အဲဒါ အာပေါဓာတ်ရဲ့ လက္ခဏာပဲတဲ့၊

http://www.dhammadownload.com

အာပေါဓာတ်ရဲ့ အထည်ကိုယ်ရင်းပဲတဲ့။

သူရဲ့ရသကတော့ သူ့ကိစ္စက ဘာလုပ်သလဲဆိုလို့ရှိရင် "စိုထိုင်း ဖွဲ့ထွား တိုးပွားစေသည်" ဖြူဟနရသရှိတယ်။ ပွားစေခြင်းဟာ သူ့ကိစ္စပဲ၊ ပွားစေတတ်တယ်။ အရေဆိုတာ အရေနဲ့ထိတဲ့ဥစ္စာတွေ ပွပြီးတော့ပွားသွားတယ်၊ ခြောက်နေတဲ့အရာဝတ္ထုတစ်ခုပေမယ်လို့လဲ ရေနဲ့ထိသွားလို့ရှိရင် ပွသွားတယ်။ ခြောက်နေတဲ့အရာဝတ္ထုတစ်ခုပေမယ်လို့လဲ ရေနဲ့ထိသွားလို့ရှိရင် ပွသွားတယ်။ ကြီးလာတယ်၊ တချို့တော်တော်သွေ့ခြောက်နေလို့ ရေနဲ့စိမ်လိုက်တဲ့အခါကျတော့ ပွပြီးတော့ အကြီးကြီးဖြစ်လာတယ်၊ ဒါကြောင့် အရေဓာတ်က "စိုထိုင်းဖွဲ့ထွား၊ တိုးပွားစေသည်"တဲ့၊ စိုထိုင်းစေတတ်တယ်တဲ့ ဖွဲ့ပြီးတော့ ကြီးလာစေတတ်တယ်တဲ့၊ ထွားကြိုင်းလာစေတတ်တယ် တိုးပွားလာစေတတ်သည်တဲ့၊ စိုထိုင်းဖွဲ့ထွား၊ တိုးပွားစေသည်တဲ့။

သင်္ဂဟပစ္ဆုပဌာန၊ ပေါင်းစည်းပေးခြင်းဟာ ပေါင်းစည်းပေးသော အနေအားဖြင့်ထင်တယ်၊ အရေဆိုတာက ပူးတွဲစေတတ်တယ်၊ ဥပမာ ဆန်မှုန့်တွေဆိုရင် သင့်တော်လောက်တဲ့ရေနဲ့ရောရင် တစ်ခုနဲ့တစ်ခုပူးတွဲပြီးတော့ အလုံးအခဲဖြစ်စေတတ်တယ်၊ အဲဒါအရေကနေပြီးတော့ အားလုံးသော ရုပ်တွေကိုလုံးထားလို့ အရေကသာ မလုံးလို့ရှိရင် ရုပ်တွေတစ်မှုန့်တစ်မှုန့်စီလွင့်ပြီး တခြားစီသွားကုန်မှာ၊ အစိုင် အခဲရယ်လို့ ရှိမှာမဟုတ်ဘူး၊ အခုတော့ အရေကနေပြီး တွဲထားလိုက်လို့ အလုံးအခဲတွေဖြစ်နေတာ၊ လက်ပုံသဏ္ဌာန်, ခြေပုံသဏ္ဌာန်, ခေါင်းပုံသဏ္ဌာန်ဖြစ်ပြီးတော့ ရုပ်တွေစုဝေးပြီး တည်နေတာလဲ အရေကနေတွဲထားလို့ အရေကမတွဲလို့ရှိရင်ဖြင့် အစိတ်စိတ်အမွှာမွှာကြွပြီးတော့ လွင့်ကုန်မယ်၊ အခုသွေ့ခြောက်ပြီးတော့နေတဲ့ နေရာဌာနတွေမှာ ဖုန်တွေဟာလေ့လာရင် လွင့်ကုန်သလိုပဲ၊ အဲဒီလို ကိုယ်ထဲကရုပ်တွေဟာလဲ ဟိုတစ်ခု, ဒီတစ်ခု ဖရိုဖရဲပြန့်ကြဲပြီး လွင့်ကုန်မှာ၊ အဲဒီလို လွင့်မကုန်ရအောင်လို့ ရေက တွဲထားတယ်၊ "စိုထိုင်း ဖွဲ့ထွား၊ တိုးပွားစေသည်၊ စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်" စေးကပ်တဲ့ သဘောပဲတဲ့၊ ပူးတွဲထားတဲ့ သဘောပဲတဲ့၊ အလုံးအခဲဖြစ်နေတဲ့ သဘောပဲလို့ ထင်ရတယ်တဲ့၊ ဒါက ပစ္ဆုပဌာန်။

http://www.dhammadownload.com

ယောဂီပုဂ္ဂိုလ်မှတ်လိုက်တော့ အာပေါဓာတ်ဆိုတာ ထိတော့မထိကောင်းဘူး၊ မထိကောင်းပေမယ်လို့ ထိကောင်းတဲ့ပထဝီအတွေ့, တေဇောအတွေ့, ဝါယောအတွေ့တွေကို ထောက်ဆပြီးတော့ အာပေါကိုသိရတယ်၊ မထိဘဲနဲ့ကတော့ မသိနိုင်ဘူး၊ အရေပဲဆိုတာ ဒီအတိုင်းတော့ မသိနိုင်ပါဘူး၊ မျက်စိနဲ့မြင်ရုံမျှနဲ့ မသေချာပါဘူး။ တချို့က အရေထင်ပေမယ့်လို့ အခဲဖြစ်ချင်ဖြစ်နေတာ၊ တချို့လဲ အခဲထင်ပြီးတော့ အရေဖြစ်ချင်ဖြစ်နေတာ မသေချာပါဘူး၊ မျက်စိနဲ့မြင်တာကတော့ လက်နဲ့စမ်းသပ်ကြည့်လိုက်တဲ့အခါကျတော့ ဒါကတော့ အရေပဲ၊ ဒါကတော့ ခဲနေတာပဲ သိရတယ်။

အဲဒါ အာပေါဓာတ်ကိုတော့ လက်နဲ့စမ်းလို့တွေ့တာမဟုတ်ဘူး၊ အာပေါဓာတ်နဲ့ တပေါင်းတည်းဖြစ်နေတဲ့ ပထဝီရဲ့ထူးခြားပုံကို တွေ့ရတယ်၊ ခက်မာကြမ်းတမ်းတဲ့သဘောဟာ ရေနဲ့ရောနေတဲ့အခါမှာ သူကတစ်မျိုးကိုး။ ရေထဲမှာလဲ ပထဝီဓာတ်တွေရှိတာပဲ၊ အဲဒါတွေ တွေ့တယ်၊ ရေထဲမှာ လက်နဲ့နှိုက်ကြည့်လိုက်ရင် မာမာကြမ်းကြမ်း နူးညံ့တဲ့သဘောတွေ တွေ့ရတယ်၊ ပူတဲ့သဘော အေးတဲ့သဘော နွေးတဲ့သဘောတွေ တွေ့ရတယ်၊ ပူတာ အေးတာ နွေးတာက တေဇောဓာတ်၊ တောင့်နေတဲ့သဘော တွန်းကန်တဲ့သဘော လှုပ်ရှားတဲ့သဘောတွေက ဝါယောဓာတ်တွေ ရေထဲမှာတွေ့ရတယ်။ အဲဒီဥစ္စာတွေ ထူးခြားတာ ထောက်ဆပြီးတော့ ဒါအရေပဲ ဆိုပြီးတော့ သိရတယ်၊ ပူးတွဲနေတာပဲ၊ လုံးခဲနေတဲ့ သဘောပဲဆိုတာ သိရတယ်။

နောက်ပြီးတော့ အဋ္ဌကထာ ဋီကာများမှာ ပြထားပြန်တယ်၊ အာပေါဓာတ်ဆိုတာဟာတဲ့ လေးသောသဘောရှိတယ်တဲ့၊ ဂရုတရသဘာဝ-သာပြီးတော့ လေးတယ်၊ ပထဝီဓာတ်ထက် ပိုပြီးတော့ လေးတယ်လို့ဆိုတယ်၊ ပထဝီဓာတ်ကတော့ ခုနကပြောခဲ့တဲ့အတိုင်း အလုံးအခဲကလေးတွေ စမ်းကြည့်တဲ့အခါမှာ လေးတယ်ဆိုရင် ပထဝီဓာတ်၊ မ,ထားရတာလေးနေတယ်ဆိုရင် ဒါဟာပထဝီဓာတ်၊ ပေါ့သွားပြန်ပြီဆိုရင်လဲ ဒါလဲပထဝီဓာတ်၊ လေးတာနဲ့ထောက်ဆပြီးတော့ ကြည့်တော့ ပေါ့တယ်လို့ဆိုရတယ်၊ ပေါ့တာနဲ့ ထောက်ဆကြည့်ရင် လေးတယ်လို့ဆိုရမယ်၊ အခု

http://www.dhammadownload.com

လေးတာကတော့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေဟာ လေးပြီးတော့ကျသွားတဲ့အခါ တွေမှာ သွားနေတဲ့အခါတွေမှာ ခြေလှမ်းလိုက်တယ်ဆိုရင်ဖြင့် ခြေလှမ်းတဲ့အခါမှာ ခြေလှမ်းအောက်ကိုကျသွားတဲ့အခါမှာ လေးပြီးတော့ကျသွားလို့ရှိရင် အဲဒီအခါမှာ အာပေါဓာတ်လွန်ကဲတယ်တဲ့။ အဋ္ဌကထာ ဋီကာတွေကပြောတယ်၊ အာပေါဓာတ် လွန်ကဲတယ်တဲ့၊ အာပေါဓာတ်လွန်ကဲလို့ လေးပြီးတော့ကျတယ်၊ လေးတဲ့သဘော ထင်ရှားတယ်။

ယောဂီပုဂ္ဂိုလ်မှာ ကြွတယ်, လှမ်းတယ်, ချတယ်, မှတ်တဲ့အခါ အဲဒီမှာလေး လေးပြီး ကျသွားတာထင်ရှားတယ်။ လက်တွေလဲ ဒီလိုကြွတယ်, လှမ်းတယ်, ချတယ်, မ-တယ် စသည်ဖြင့် ခေါင်းမော့တယ်, ငုံ့တယ် မှတ်တဲ့အခါ အဲဒီ လေးတဲ့သဘောလေး ထင်ရှားတယ်။ အဲဒါ အာပေါဓာတ် လွန်ကဲတဲ့ဂရုတရုသဘာဝ လေးသောသဘောရှိသည်တဲ့။ အဲဒါကြောင့် "လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်"လို့ တစ်ပုဒ်ထပ်ပြီးတော့ ထည့်ထားတယ်၊ အစကတော့ ၄-ပုဒ်ပဲ၊ ဆောင်ပုဒ်က ငါးပိုဒ်တော့ဖြစ်သွားပြီ၊ ဒါပေမယ့် ယောဂီပုဂ္ဂိုလ်တွေမှာ အသုံးကျလို့ ဒီဥစ္စာ ထည့်ထားရတယ်၊ လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်၊ ဉာဏ်ထဲမှာကို သိတာ၊ ယောဂီပုဂ္ဂိုလ်က ရှုမှတ်နေတာကိုး၊ ကြွတယ်, လှမ်းတယ်, ချတယ်, ကြွတယ်, လှမ်း တယ်, ချတယ်၊ ကိုယ်တွေကို ထိုင်တယ်, ထတယ် စသည်ဖြင့် ထိုင်ချတဲ့အခါ အဲဒီလို လှုပ်ရှားပြုပြင်တဲ့ အခါကာလတွေမှာ အောက်ကို လေးလေး လေးလေး ကျသွားတာတွေကို တွေ့တာဟာ ဘာတွေ့တာတုန်းဆိုတော့ အာပေါဓာတ်ကို တွေ့တာတဲ့၊ အဲဒါလေးလဲ မှတ်ရအောင်လို့ ဆောင်ပုဒ်ထဲ တစ်ခုတိုးထည့်ထားတယ် ဆိုရမယ်။

အရေတစ်နည်း၊ ယိုစီးထစ်မည်၊
စိုထိုင်းဖွဲ့ထွာ၊ ထိုးပွားစေသည်၊
စေးထပ်ပူးတွဲ၊ လုံးခဲထင်သည်၊
လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်၊
အာပေါဓာတ်- သိမှတ်မြတ်ယောဂီ၊

http://www.dhammadownload.com

လက္ခဏာက အရေတစ်နည်း၊ ယိုစီးတစ်မည် အရေအနေအားဖြင့် ထင်တယ်၊ ယိုစီးတဲ့အနေအားဖြင့် ထင်တယ်ဆိုရင် ဒါလက္ခဏာသိတာပဲ၊ ကိုယ်ထဲမှာ တွေ့ထိရာကနေပြီး ထိတယ် ထိတယ် စသည်ဖြင့်မှတ်တော့ အရေသဘောနဲ့ ထင်ရှားတယ်၊ ယိုစီးတဲ့သဘောနဲ့ဆို ဥပမာ နှာရေတွေ ကျလာတယ်ဆိုရင် သိနေတာပဲ။ အဲဒီဥစ္စာကို သိတယ်လို့မှတ်ချင်လဲမှတ်၊ ကျတယ်လို့ မှတ်ချင်လဲမှတ်၊ သိတယ်လို့ မှတ်ချင်လဲမှတ်ရမှာပဲ၊ မမှတ်ဘဲတော့ မဖြစ်ဘူး၊ မျက်ရည်တို့ ကျလာတယ်။ တံတွေးတွေ မျိုချတာတို့၊ အဲဒီ တံတွေးတွေ ကျလာတာတို့။ အဲဒီနေရာမှာ တစ်နည်းနည်းနဲ့ ရှုမှတ်ရတာကိုး၊ ကောင်းကောင်း အမှတ်နိုင်နေတဲ့ပုဂ္ဂိုလ်က ဘယ်ကပဲဖြစ်ဖြစ် ထင်ရှားလာလို့ရှိရင် အထူးနာမည်မပေးဘဲနဲ့လဲ အသိကလေးတွေ ပါနေတာပဲ၊ အရေသဘောတွေ ယိုစီးတဲ့သဘောတွေ စီးကျတဲ့သဘောတွေ သူ့မှာထင်နေတယ်၊ အဲဒါ လက္ခဏာနဲ့သိတာ။

"အရေတစ်နည်း၊ ယိုစီးတစ်မည်၊ စိုထိုင်းဖွဲ့ထွား၊ တိုးပွားစေမည်" ဆိုတော့ ရှု ရင်းရှုရင်းနဲ့ ထိတာလေးလျှောက်ပြီးတော့ မှတ်တော့စိုနေတယ်။ ထိုင်းနေတယ်။ ပွလာတဲ့သဘောပဲစသည်ဖြင့် အဲဒီလိုသိရတာက အာပေါဓာတ်ရဲ့ကိစ္စရသကို သိတာတဲ့။

နောက်တစ်ခုက "စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်" တဲ့၊ စေးကပ်နေတယ်၊ အလုံးအခဲဖြစ်ပြီးတော့နေတယ်၊ တစ်ခုစီတစ်ခုစီမကွဲဘဲနဲ့ လုံးခဲပြီးတော့နေတယ်၊ တွဲပြီးတော့နေတယ်၊ ကပ်ပြီးတော့နေတယ် စသည်ဖြင့်ထင်တယ်၊ အဲဒီလို ထင်တဲ့ဟာက အာပေါဓာတ်ရဲ့ပစ္စုပ္ပဋ္ဌာန် ဉာဏ်ထဲမှာထင်လာတာတဲ့။

နောက်တစ်ခု ထည့်လိုက်တာက ဘာတုန်းဆိုတော့ "လေးလျက်ကျသွား ဉာဏ်အားထင်သည်"။ အဲဒါကတော့ ကိုယ်အမှုအရာတွေ မြုပြင်တဲ့အခါအောက် ကို လေးကျသွားတာတွေကိုသိတာက အာပေါဓာတ်ကို သိတာပဲတဲ့။ ဂရုကရသ ဘာဝ လေးသောသဘောရှိသည်တဲ့၊ အဋ္ဌကထာ ဋီကာတွေက ဆိုတယ်၊ အဋ္ဌကထာက ခြေထောက်ကို လွှတ်ချလိုက်တဲ့ အခါကာလမှာ အာပေါဓာတ်ကလွန်ကဲပြီး ရှေ့ဆောင်တယ်။ ပထဝီဓာတ်က နောက်လိုက်တယ်၊ သူလဲ လေးတဲ့ သဘောရှိတာပဲ၊

http://www.dhammadownload.com

ဒါပေမယ်လို့ သူကနောက်ကလိုက်တယ်၊ အာပေါက ရှေ့သွားပဲ၊ အာပေါ လွန်ကဲတယ်၊ အဲဒီတော့ အဲဒီနင်းချလိုက်တဲ့ အခါကာလမှာ ခြေထောက်ကျသွားတာလေး၊ လေးလေးပြီးတော့ ကျသွားတာလေးသိတာဟာ လေးတဲ့သဘောတွေဟာ အာပေါဓာတ်ပဲ၊ မတ်တတ်ရပ်နေရာက ထိုင်ချတဲ့အခါ ယောဂီပုဂ္ဂိုလ်က ထိုင်ချင်တယ်၊ ထိုင်ချင်တယ် မှတ်ပြီးတော့ ထိုင်တဲ့အခါကျတော့ ထိုင်တယ်၊ ထိုင်တယ်နဲ့ ကိုယ်ထဲ စိတ်စိုက်ပြီးတော့မှ ကိုယ်ကြီးကလေးလေး၊ လေးလေးပြီးတော့ ကျကျသွားတယ်၊ ထိန်းနိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဖြည်းဖြည်းပဲ၊ မထိန်းနိုင်တဲ့ ပုဂ္ဂိုလ်တွေတော့ ဖြုန်းခနဲတောင် ကျသွားတတ်သေးတယ်၊ အဲဒီမှာ လေးကျ သွားတာ၊ အဲဒီမှာ လေးလေးပြီးတော့ ကျသွားတဲ့သဘော ထင်တာဟာ ဘာတုန်းဆိုလို့ရှိရင် ဒါလဲ အာပေါဓာတ်ထင်တာတဲ့။

ယခု ယောဂီပုဂ္ဂိုလ်တွေ မှတ်ရတာ အကုန်လုံးဓာတ်ကြီး ၄-ပါးသိနေတာ။ ကိုယ်အမူအရာတွေ မှတ်နေလို့ရှိရင် ဓာတ်ကြီး ၄-ပါးတွေ တော်တော်ကြာမှ အကုန်လုံးရှင်းပြီးတော့ ပြောရမယ်၊ တစ်ခုချင်း, တစ်ခုချင်း ပြောရမယ်၊ အဲဒါကြောင့် အဲဒီအာပေါဓာတ်ဟာ သူ့လက္ခဏာရသ ပစ္စုပဋ္ဌာန်နဲ့ အကြမ်းဖျင်းအားဖြင့် ဆိုရင် အာပေါဓာတ်က ၃၂-ကောဋ္ဌာသထဲမှာ ၁၂-ခုသာ အာပေါဓာတ်ပါတယ်။

ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ, အဿု, ဝသာ, ခေဠော, သိင်္ဃာနိကာ, လသိကာ, မုတ္တံ ၁၂-ခုရှိတယ်။ ဒါတွေ တစ်ချို့ကလည်း ရနေကြပါတယ်။ ပိတ္တံ-တဲ့၊ သည်းခြေ။ သည်းခြေဆိုတာ ဒါကတော့ သည်းခြေအိတ်ကလေးနဲ့ သူနေနေတာ ထင်ရှားပါတယ်။ ဒီပြင်ဟာက တယ်မထင်ရှားဘူး၊ ဒီပြင် နေရာမှာလဲ တစ်ကိုယ်လုံးပြန့်နေတဲ့ သည်းခြေရှိတယ်။ အရေထူနဲ့ အရေပါးကြားမှာ သည်းခြေရှိတယ်၊ **အဗဒ္ဓသည်းခြေ၊ အဗဒ္ဓ**သည်းခြေခေါ်တယ်၊ **ဗဒ္ဓ**သည်းခြေကတော့ သူ့သားရေ အိတ်ကလေးနဲ့နေတာ၊ ဒါကတော့ သည်းခြေဆိုတာကြက်တွေ ခွဲစိတ်နေတဲ့ပုဂ္ဂိုလ်တွေ ခဏခဏတွေ့ရမှာပေါ့လေ သည်းခြေဆိုတာ။

ဆလိပ်-တဲ့၊ သလိပ်ကလဲ ထင်ရှားတယ်၊ သလိပ်ကတော့ အခုလိုစကား ပြောနေရင်းလဲ လည်ချောင်းကပ်လာလို့ ခဏခဏ ဟပ်ထုတ်ရ ထွေးထုတ်ရ၊

http://www.dhammadownload.com

သလိပ်က ထင်ရှားတယ်။ **မြည်**-တဲ့၊ အနာတွေဖြစ်တဲ့အခါ ထင်ရှားတယ်။

သွေး-တဲ့၊ ဒါကထင်ရှားတယ်။ **ချွေး**တဲ့၊ ဒါလဲထင်ရှားတာပဲ။ **အဆီခဲ**၊ အဆီခဲကတော့ကို အသားထူတဲ့ နေရာတွေမှာ ရှိတယ်၊ ဒါလဲ ထင်ရှားတာပဲ **မျက်ရည်**-တဲ့၊ ဒါလဲထင်ရှားတာပဲ။ **ဆီကြည်**-တဲ့၊ ဆီကြည်ဆိုတာကတော့ တစ်ခါ တစ်ရံမှ သူကထင်ရှားတယ်။ **ခေဒွော**-တံတွေး၊ နှပ်၊ တံတွေးတို့ နှပ်တို့ ထင်ရှားတာ တွေချည်းပဲ၊ **အစေး**-ဆိုတာကတော့ အဲဒါက အရိုးဆက်တွေ ကြားထဲမှာရှိတယ်။ ဒါကတော့ မမြင်ရဘူး၊ ဒါလဲ အစေးဆိုတာ သူလဲတစ်မျိုးပဲ။ **ကျင်ငယ်**တဲ့၊ ဒါကလဲ ထင်ရှားတာပဲ။

အဲဒီတော့ ဒီအာပေါဓာတ် ၁၂-ခုဟာ ထင်ရှားတာပဲ များပါတယ်၊ မထင်ရှားတာက နည်းနည်းပဲ၊ မထင်ရှားတာက တစ်ခုနှစ်ခုလောက်ပဲရှိပါတယ်၊ ဒီပြင်ဟာတွေ အကုန်လုံးထင်ရှားတယ်။ အဲဒါတွေ အထူးထင်ရှားတာတွေကတော့ အခုချွေးတွေဆိုတာ ထင်ရှားတယ်၊ မျက်ရည်ထင်ရှားတယ်၊ တံတွေး ထင်ရှားတယ်၊ နှပ်ထင်ရှားတယ်၊ သလိပ် ထင်ရှားတယ်၊ ကျင်ငယ်ရေဆိုတာ အဲဒါထင်ရှားတယ်၊ ဒါတွေဟာ အင်မတန်ထင်ရှားတာတွေပဲ၊ ဒါတွေလဲ တွေ့ထိရာကနေပြီး သူတို့ကိုရှုရတာပဲ။ နှာရေတွေယိုလာရင် ရှုရတယ်၊ မျက်ရည်တွေ ကျလာရင်ရှုရတယ်၊ ချွေးတွေထွက်လာရင် ရှုရတယ်၊ သလိပ်တွေ လည်ချောင်းထဲက ပါးစပ်ထဲရောက်လာရင် ရှုရတယ်၊ နှပ်တွေရှုရတယ်၊ အဲဒီဟာတွေ အရေသဘောနဲ့ သူတို့ကထင်ရှားတယ်၊ စီးကျတဲ့သဘောနဲ့ ထင်ရှားတယ်၊ စိုထိုင်းနေတဲ့သဘောနဲ့ ချွေးတွေက စိုထိုင်းနေတဲ့သဘောနဲ့ ထင်ရှားတယ်၊ ပြီးတော့ တစ်ခုနဲ့တစ်ခုနဲ့စေးကပ်တဲ့သဘောနဲ့လဲ ထင်ရှားတယ်၊ အဲဒီလေးကျလာတဲ့ အခါကာလကျတော့ သူက လေးကျတဲ့သဘောနဲ့လဲ ထင်ရှားတယ်၊ အဲဒါအာပေါဓာတ်တွေတဲ့။

http://www.dhammadownload.com

တေဇောဓာတ် ရှုမှတ်သိ

တေဇောဓာတ် ဥဏှတ္တလက္ခဏာ-ပူသည်၏ အဖြစ်လျှင် လက္ခဏာပဲတဲ့။ ပူတာဟာ သူ့လက္ခဏာပဲတဲ့။ တေဇောဆိုတာ မီး, အခိုးအငွေ့, ပူတဲ့သဘောပဲ၊ ဒါပေမယ်လို့လဲ သူ့ထက်ပူတာနဲ့စာကြည့်လို့ရှိရင် တဖြည်းဖြည်းလျော့လျော့ပြီး တော့ အေးအေးသွားတာလဲ ရှိတယ်။ အေးတဲ့သဘော ပူတဲ့သဘော၊ အေးတဲ့ သဘောဆိုတာ အဆင့်ဆင့်ထောက်ဆပြီးတော့ သိရတယ်။ ရေရှိုးရှိုးဟာ အေးတယ် လို့ ထင်ရတာပဲ။ ဒါပေမယ်လို့ သောက်ရေအိုးထဲမှာရှိတဲ့ ရေနဲ့တော့မတူဘူး။ ရိုး ရိုးရေက ခပ်နွေးနွေးပဲ။ အိုးထဲကရေက နွေးနွေးပဲရှိတာ။ သောက်ရေအိုးထဲက ရေက ပိုပြီးတော့အေးတယ်။ သောက်ရေအိုးထဲက ရေဟာလဲပဲ ရေခဲရေနဲ့ နှိုင်း စာကြည့်မယ်ဆိုရင် သူလဲပဲ ခပ်နွေးနွေးပဲ။ ဒါကြောင့် အပူ အအေး အနွေးဆိုတာ အဆင့်ဆင့်အေးတာလဲ တေဇောဓာတ်ပါပဲတဲ့။ အားနည်းသွားတဲ့တေဇောပေါ့။ ပူတာက အားကြီးတဲ့တေဇော၊ ဒါကြောင့် အပူအအေးအနွေးတစ်မည်၊ ပူတယ်လို့ သိရတာလဲပဲ တေဇောဓာတ်ပဲ၊ နွေးတယ်လို့ သိရတာလဲပဲ တေဇောဓာတ်ပဲ၊ အေးတယ်လို့သိရတာလဲပဲ တေဇောဓာတ်ပဲ၊ အပူ, အအေး, အနွေးတစ်မည်၊ ပူငွေ့ပေးလျက် ရှင့်ကျက်စေသည်။

ပရိပါစနရသာ-ရှင့်ကျက်စေတယ်။ အပူဓာတ်ဆိုတာ သူနဲ့ထိတဲ့ဥစ္စာတွေကို ကျက်သွားစေတတ်တယ်။ ပူတယ်ဆိုကတည်းက ကျက်စေတတ်တဲ့ သဘောပဲဆို တာ ပေါ်နေတယ်။

မဒ္ဒဝါနုပ္ပဒါနုပစ္စုပဋ္ဌာနာ၊ နူးညံ့သည်အဖြစ်ကို ပေးတတ်သည်။ "နူးညံ့ပျော့ ပျောင်း၊ ဆင့်လောင်းထင်သည်"၊ နူးညံ့ပျော့ပျောင်း နေတဲ့သဘော၊ ပူလို့ရှိရင် အပူနဲ့ ထိရင် ဖယောင်းမျှားအရည်ပျော်ပြီးတော့ ပျော့သွားသလိုပဲ။ အပူဟာ သူနဲ့ထိတဲ့ ဥစ္စာတွေကို နူးညံ့ပျော့ပျောင်းစေတယ်။ "နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းထင်သည်" ပျော့ပျောင်းတဲ့သဘောကို ဆင့်လောင်းဆိုတာ ပေးတာပေါ့လေ။

တေဇောဓာတ်ဟာ တက်ကြွခြင်းသဘောရှိတယ်တဲ့၊ ခြေထောက်ကြွလိုက်၊ လှမ်းလိုက်တဲ့အခါတွေ၊ ခြေထောက်ကြွတဲ့အခါတွေမှာ ပေါ်ပြီးတော့ တက်လာတာ

http://www.dhammadownload.com

ဟာ တဇော့ဓာတ်ရဲ့သဘောပဲတဲ့၊ တဇော့ဓာတ်က ရှေ့သွားပြီးတော့ ဝါယော ဓာတ်က နောက်လိုက်နေတယ်လို့ အဋ္ဌကထာကဆိုတယ်။ မြှောက်လိုက်တဲ့အခါ ကာလတွေမှာလဲ ဒီအတိုင်းပဲ။ တဇော့ဓာတ်က ဥဒ္ဓံဂဒ္ဓိက-အထက်သို့တက် သွားခြင်း သဘောရှိတယ်။ ဝါယောဓာတ်ကတော့ အောက်သွားတယ်၊ ဝါယောဓာတ် လေကလဲပဲ နောက်ကလိုက်ပြီးတော့ အားပေးတယ်၊ တဇော့ဓာတ်က အခိုး အငွေ့ဖြစ်ပြီး တက်လာတာကိုး၊ မီးမျှားထွန်းထားတဲ့ အခါကာလတွေ မီးဖိုထဲမှာ မီးတွေဟာ လုလုပြီး အထက်ကိုချည်း တက်နေတာပဲ။ မီးငွေ့တွေဆိုတာ အောက်မသွားဘူး။ အထက်ချည်းတက်တာပဲ၊ သူကတော့ ပေါ့တဲ့သဘောရှိတယ်။ အခိုးအငွေ့ဖြစ်သွားလို့ရင် အထက်တက်သွားတာချည်းပဲ၊ အဲဒါထက် ကိုယ်ထဲကရုပ် တွေကလဲ ဒီအတိုင်းပဲ၊ ပေါ့ပြီးတော့ တက်တဲ့သဘောဟာဖြင့်ရင် တဇော့ဓာတ်ပဲ။ ဒါကြောင့် 'ပေါ့လျက် ပေါ့လျက်၊ ကြွတက်ထင်သည်"၊ ပေါ့ပေါ့ပြီးတော့ ကြွတက် သွားတယ်။ ယောဂီပုဂ္ဂိုလ်မှာ ထင်ရတယ်။ လက်ကိုကြွတဲ့အခါ ကြွတယ်, ကြွတယ်, မှတ်လို့ရှိရင် ပေါ့ပေါ့ပြီး တက်သွားတာလေး သိရတယ်၊ ထိုင်ရာက ထတဲ့အခါ ကာလတွေမှာ ထတယ်, ထတယ်, မှတ်တော့ ပေါ့ပေါ့ပြီးတော့ တက်လာတဲ့ တဇော့ဓာတ်သိတယ်၊ ခြေထောက်ကြွလာတာ မှတ်တဲ့အခါမှာ ကြွတယ်မှတ်လိုက်တဲ့ အခါမှာ ကြွပြီးတော့တက်လာတာသိရတယ်။ ပေါ့ပြီးတော့ တက်လာတာသိရတယ်၊ အဲဒါဟာ တဇော့ဓာတ်ကိုသိတာပဲတဲ့၊ အဋ္ဌကထာ ဋီကာတွေက ဆိုထားပါတယ်။

ဒီဆောင်ပုဒ်ကလေးဆိုရမယ်၊ "အပူအနွေး၊ အအေးတစ်မည်"၊ ပူရာကနေ နွေးလာတယ်၊ နွေးရာကနေ အေးလာတယ်။

အပူအနွေး၊ အအေးတစ်မည်၊
ပူငွေ့ပေးလျက်၊ ရင့်ကျက်စေသည်၊
နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းပေးသည်၊
ပေါ့လျက်ပေါ့လျက်၊ ကြွတက်ထင်သည်၊
တေဇောဓာတ်- သိမှတ်မြတ်ယောဂီ၊

http://www.dhammadownload.com

အဲဒါက တေဇောဓာတ်ရဲ့လက္ခဏာနဲ့ ရသနဲ့ ပစ္စုပဋ္ဌာန်နဲ့သိသွားတာ၊ ပူတယ်၊ နွေးတယ်၊ အေးတယ်သိတာက လက္ခဏာနဲ့သိတာ၊ ပူငွေ့ပေးလျက် ရင့်ကျက်စေသည်ဆိုတော့ ရင့်ကျက်စေတဲ့သဘောပဲလို့ ရှုရင်းရှုရင်း သဘောကျသွားတာ၊ ဒါက တေဇောဓာတ်ရဲ့ ကိစ္စရသကိုသိတာ၊ နူးညံ့ဖျော့ဖျောင်းစေတဲ့ သဘောပဲ၊ နူးညံ့သွားစေတဲ့သဘောပဲလို့ ဉာဏ်ထဲမှာထင်လာတာက ပစ္စုပဋ္ဌာန်နဲ့သိတယ်။ အခု ထည့်လိုက်တာကတော့ "ပေါ့လျက်ပေါ့လျက်၊ ကြွတက်ထင်သည်" လက်ကြွတဲ့အခါ၊ ခြေကြွတဲ့အခါ ကိုယ်တွေထိုင်ရာကနေပြီး ထတဲ့အခါတွေ ပေါ့ပေါ့သွားတယ်။ ပေါ့ ပေါ့ပြီး အထက်တက်လာတယ်လို့ ထင်တဲ့ဥစ္စာတွေက အဲဒါတွေဟာ ပစ္စုပဋ္ဌာန်တွေ ပဲ။ ဒါတေဇောဓာတ်ကို ပစ္စုပဋ္ဌာန်နဲ့ နေပြီးတော့သိတယ်။

တေဇောဓာတ် ၄-မျိုး

အကြမ်းဖျင်းအားဖြင့် တေဇောဓာတ်ကို ၄-မျိုးခွဲပြီး မြတ်စွာဘုရားက ခွဲဟောထားတယ်တဲ့။ **သန္တပ္ပနတေဇော**-ပကတိ ကိုယ်ငွေ့ထက် ပူလောင်ပြီးတော့လာတဲ့ အပူငွေ့ကိုခေါ်တယ်၊ အဖျားတက်တယ်၊ အပူအအေးတိုင်းတဲ့ မီတာနဲ့တိုင်းကြည့်လို့ရှိရင်ဖြင့် အများအားဖြင့် ၉၈-နဲ့ဒဿမ ၄ ဆိုပြီးတော့ အသိအမှတ်ပြုထားတယ်။ အဲဒီကနေ ပိုပြီးလာလို့ရှိရင်တော့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ တယ်မညီဘူး။ တချို့ပုဂ္ဂိုလ်တွေက အပူခြိန်နည်းနေတာရှိတယ်။ တချို့ကလဲ များနေတာရှိတယ်။ အဲဒါအများအားဖြင့်ပေါ့လေ။ အဲဒီ ၉၈-နဲ့ ဒဿမ ၄-ကနေပြီးတော့ ပိုတက်လာတယ်။ ၉၉-တို့ရောက်လာပြီ။ ၁၀၀-ဆီ ရောက်လာပြီဆိုရင် အပူတွေများလာတယ်။ **သန္တပ္ပနတေဇော**-အဖျားရှိလို့ အပူတွေရောက်လာတယ်။ **သန္တပ္ပန**-ပြင်းစွာပူလောင်သော သဘောရှိသည်တဲ့၊ ပကတိအပူမျိုးမဟုတ်ဘူး။

ဒိရတ္တတေဇော-အိုရင့်စေတဲ့ သဘောရှိသည်တဲ့၊ ဒါကတော့ ပကတိကိုယ်ငွေ့လို့ယူမှပဲ။ ပကတိအပူငွေ့ရှိနေတာနဲ့ တဖြည်းဖြည်းရင့်လာတာပဲ။ ပကတိအပူငွေ့အကြောင်းပြုပြီးတော့ တဖြည်းဖြည်းလူဟာ ကလေးဘဝကနေပြီး တဖြည်းဖြည်းလူလတ်ပိုင်းဖြစ်လာတယ်။ လူလတ်ပိုင်းကနေပြီးတော့ လူကြီးပိုင်း အဖိုးကြီးတို့၊

http://www.dhammadownload.com

အဖွားကြီးတို့ဖြစ်လာတယ်၊ ဆဲပင်တွေအစက မည်းနေတာတွေဖြူလာတယ်၊ သွားတွေကျိုးကုန်တယ်၊ အရေတွေတွန့်ကုန်တယ်၊ တဖြည်းဖြည်းရင့်ကုန်တယ်၊ အဲဒါကိုယ်ထဲမှာ ဒီတဏှာကြောင့် တဖြည်းဖြည်းရင့်လာတယ်၊ အပြင်ဘက်နေပူလှမ်းထားလို့ရှိရင်ဖြင့် နေပူလှမ်းထားတဲ့ ပုဂ္ဂိုလ်ဟာ ပထမတုန်းက အတိုင်းမဟုတ်ဘူး၊ ရင့်ကျက်သွားတယ်၊ အိုရင့်တဲ့သဘော ဖြစ်သွားတယ်၊ အဲဒါလိုပဲ ကိုယ်ထဲက တဏှာကလဲ တဖြည်းဖြည်းအပူဇွေ့တွေပေးပြီး ရင့်ကျက်လာတယ်၊ ဒါကြောင့် အိုမင်းရင့်ရော်တဲ့ သဘောတွေဖြစ်စေတတ်သည်တဲ့၊ **ဇိဏ္ဏတေဏှော**။

ဇဟတေဏှောဆိုတာ အလွန်အကဲပူတာတဲ့။ ပူလှချည့်ရဲ့ဆိုပြီး ညည်းနေရအောင်ပူတာ၊ ဒါကတော့ ဒီဂရီအတိုင်းအတာနဲ့ ပြောမယ်ဆိုရင်ဖြင့် ၁၀၃-တို့၊ ၁၀၄-တို့၊ ၁၀၅-တို့နဲ့တူပါတယ်။ ဒီလိုဆိုရမှာပဲ။ စာထဲကတော့ မပါဘူး။ ဒီအပူက အင်မတန် မခံမရပ်နိုင်အောင်ပူတာပဲ၊ ပြီးတော့ အနာရှိန်တွေပူတာလဲပဲ ရှိတတ်တယ်၊ တချို့ဒိုက်ထဲကပူလို့ ပူလှချည့်ရဲ့ ပူလှချည့်လို့ ညည်းရတယ်၊ အဲဒီလို အပူတွေပေါ့လေ၊ လွန်လွန်ကဲကဲပူနေတာတွေ၊ မခံမရပ်နိုင်အောင် ပူနေတဲ့ဥစ္စာတွေ၊ ဒါတွေဟာ **ဇဟတေဏှော**တဲ့။ (တော်တော်ကြာတော့ မွေ့ကြီး ၄-ကောင်ဖြစ်ပုံနဲ့ လည်းပြောရမှာ။)

ပါစကတေဏှော-အစာကို ကြေညက်စေတတ်တယ်၊ သူကကဲကြောင့် ဖြစ်တာတဲ့၊ အစာအိမ်မှာ အစာကိုကြေညက်စေတတ်တဲ့ တဏှာအပူရှိန်ရှိတယ်၊ သူက အရေးကြီးပါတယ်၊ တစ်ကိုယ်လုံးပျံ့ပြီးတော့ ပူလာတာလည်းပဲ သူ့ဆီကနေ ပြီးတော့ ပျံ့လာတာ၊ တော်တော်တော့ဆန်းကြယ်တယ်၊ အပြင်ဘက်က ဘယ်လိုပဲ အေးနေနေ အထဲမှာတော့ဖြင့်ရင် နေကောင်းထိုင်ကောင်းတဲ့ ပုဂ္ဂိုလ်ဆိုရင် အထဲမှာ နွေးနေသလိုပဲရှိနေတာပဲ၊ အစာအိမ်က **ပါစကတေဏှော**ကနေပြီးတော့ တစ်ကိုယ်လုံး အပူတွေပျံ့ပြီးတော့တည်နေတာ၊ ခြေဖျားတိုင်အောင်၊ ခေါင်းတိုင်အောင်၊ အသားအရေကောင်းတဲ့နေရာတွေမှာလည်း အကုန်လုံးပျံ့လို့ အပူဇွေ့တွေပြန်ပြီးတော့ တည်နေတယ်၊ အံ့သြစရာတော်တော်ကောင်းတယ်၊ အပြင်ဘက်မှာ အင်မတန်မိုးတွေရွာလို့ အေးနေတယ်၊ နှင်းတွေကျလို့ အေးနေတယ်၊ လေတွေ

http://www.dhammadownload.com

တိုက်လို့ ဘယ်လိုအေးနေနေ အတွင်းက နွေးနေတာပဲ၊ အဲဒီ အနွေးဓာတ်တွေ မရှိရင်လဲဘဲ သေဖို့ရာသာရှိတော့တာပဲ၊ မရှိရင်လဲ သေတယ်၊ သူက အဲဒါ ဘယ်က လာတုန်းဆိုရင် **ပါစကတေဇောက** လာတယ်တဲ့၊ အစာအိမ်ကနေပြီးတော့ ရင့်ကျက်စေတဲ့ တေဇောကလေးရှိတယ်၊ **ပါစကတေဇော**က **ဒီပါစကတေဇော**က လဲပဲ **"သမဝေါပါကိနိယဇဟာနိယာ"**ဆိုပြီးတော့ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေမှာ အညီ အမျှရင့်ကျက်စေတယ်၊ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ အထူးအားဖြင့် ဘုရားအလောင်း တော်တွေပေါ့လေ၊ ဘုရားအလောင်းတော် မဟုတ်သော်လဲဘဲ ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်တွေ ကံရှိတဲ့ပုဂ္ဂိုလ်တွေ ကျန်းမာရေးနဲ့ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေမှာ ဒီအစာအိမ်က ကောင်းနေတယ်၊ သူက အစာအိမ်ပါစကဓာတ်မီးက ကောင်းနေတယ်၊ စားလိုက်တဲ့အစာတွေ ဘာစားစား သူအစာကြေတာပဲ။ အစာမကြေလို့ ဆေးဝါးနဲ့ကုရ တယ်မရှိဘူး၊ ဗိုက်ထဲမှာ တောင့်နေတယ်, တင်းနေတယ်မရှိဘူး၊ ပါစကဓာတ် ကောင်းနေလို့ရှိရင် ပါစကဓာတ်မီးက အရေးကြီးတယ်၊ ကျန်းမာရေးမှာ သူက အရေးကြီးတယ်။

တရားအားထုတ်ကြောင်း ၅-ပါး

တရားအားထုတ်တဲ့နေရာမှာ ပြင်းပြင်းထန်ထန် တရားအားထုတ်နေနိုင်တဲ့ဟာ ၅-ခုသတ်မှတ်ထားတယ်။ မြတ်စွာဘုရားက -

၁။ သဒ္ဓါတရားပြည့်စုံရမယ်တဲ့၊

၂။ ကျန်းမာရမယ်တဲ့၊

၃။ ဖြောင့်စင်းရမယ်တဲ့၊

၄။ ကောင်းကောင်းလဲ အားထုတ်ရမယ်တဲ့၊

၅။ ဥဒယဗ္ဗယ အဖြစ်အပျက်ကိုလဲ သိရမယ်တဲ့။

၅-ခုရှိပါတယ်။ **"ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင် အားထုတ်ကြောင်း"**ဆိုပြီးတော့ ဘုန်းကြီးကလက်ဘကလေးစီ ထားတယ်။ **ပဓာနိယင်္ဂါးပါး**တဲ့၊ ဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကတော့ တရားအား ထုတ်လိုက်မယ်ဆိုရင် **အရဟတ္တမဂ်ဖိုလ်**ကိုလဲ ရောက်နိုင်တယ်၊ အင်္ဂါငါးပါးနဲ့

http://www.dhammadownload.com

မပြည့်စုံလို့ရှိရင် တရားအားထုတ်လို့ မရဘူးလားလို့ ဒီလိုမေးစရာရှိတယ်၊ ဒါက တော့ ရတာလဲရှိတာပေါ့လေ။ မရတာလဲ ရှိတယ်။ ကောင်းတဲ့ဥစ္စာကို ပြောတာ၊ တချို့ မကျန်းမာရင်းနဲ့ သေခါနီးမှာပဲ တရားအားထုတ်လိုက်လို့ ရဟန္တာဖြစ်ပြီးသွား တာလဲ ရှိပါတယ်၊ ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ တရားအားထုတ်ရင် မဖြစ်ဘူးလို့ မဆိုနိုင်ပါဘူး၊ သို့သော်လဲပဲ ပြင်းပြင်းထန်ထန် အားထုတ်ရမယ်ဆိုရင်တော့ ဒီအင်္ဂါ ငါးပါးနဲ့ ပြည့်စုံရမယ်။

ယုံကြည်ရမယ်တဲ့၊ သဒ္ဓါတရားက အရေးကြီးတယ်၊ ဘုရားယုံကြည်ရမယ်၊ တရားယုံကြည်ရမယ်၊ သံဃာယုံကြည်ရမယ်၊ ဆရာသမားယုံကြည်ရမယ်၊ ကမ္မဋ္ဌာန်း နည်းကို ယုံကြည်ရမယ်တဲ့၊ ဒါမယုံကြည်လို့ရှိရင်တော့ အားထုတ်လို့မဖြစ်ဘူး၊ ဘုရား, တရား, သံဃာမယုံကြည်လို့ရှိရင် တရားအားထုတ်ဖို့ ဝေးပါတယ်၊ ဒီဥစ္စာကတော့ ကျောင်းကန်ဘုရား လာကို မလာတော့ဘူး။ တရားနာတောင် မလာတော့ဘူး၊ ဘုရား တရား သံဃာတော့ ယုံကြည်ပါရဲ့ ဒါပေမယ့်လို့ ကမ္မဋ္ဌာန်းဆရာနဲ့ ကမ္မဋ္ဌာန်း နည်း မယုံကြည်ဘူးဆိုရင် ဒါလဲ တရားအားမထုတ်ဘူး၊ သူကယုံမှ မယုံဘဲဟာကိုး၊ အဲဒီ ဘုရား တရား သံဃာ ရတနာသုံးပါး ယုံကြည်ရမယ်၊ ကမ္မဋ္ဌာန်းဆရာ ကမ္မဋ္ဌာန်းနည်း ယုံကြည်ရမယ်၊ ယုံယုံကြည်ကြည်နဲ့ အားထုတ်ရမှာ အရေးကြီး ပါတယ်။

အခု သာသနာ့ရိပ်သာမှာ လာပြီးအားထုတ်ကြတဲ့ ရဟန်းယောဂီတွေလဲ ရှိတယ်၊ လူယောဂီတွေလဲ ရှိတယ်၊ ဒါတွေဟာ သူတို့ယုံကြည်လို့ လာကြတာတွေပဲ၊ ယုံယုံကြည်ကြည်နဲ့ ဒါမှမဟုတ်လို့ရှိရင် ကိုယ့်အိမ်တွင် ကိုယ်နေ၊ ကိုယ့်အရပ်တွင် ကိုယ်နေ၊ ကိုယ့်ကျောင်းတွင် ကိုယ်နေ၊ သူ့ဟာ ချမ်းသာနေတာပဲ။ ဒီမှာ ယုံကြည်လို့ ဒီမှာလာပြီး အားထုတ်လိုက်လို့ရှိရင်ဖြင့် မဂ်တရား ဖိုလ်တရား ဧကန်ရမှာပဲလို့ ယုံကြည်လို့လာပြီး အားထုတ်ကြတာ။ ဒါပေမယ့်လို့ ဒီအထဲမှာ နည်းနည်းပါးပါး ရောနှောပြီးတော့ မစင်ကြယ်တာတော့လဲ တစ်ဦးတလေ ပါတတ်တယ်၊ တယ် မယုံကြည်ဘဲနဲ့ လာတာလဲရှိတယ်။ မယုံတစ်ယုံနဲ့ လာပေမယ်လို့ ဒီကဟောပြော ပေးတာနဲ့ တချို့လဲပဲ နောက်ယုံကြည်ပြီး အားထုတ်သွားလို့ ပြည့်စုံတဲ့ပုဂ္ဂိုလ်လဲ

http://www.dhammadownload.com

ရှိပါတယ်။ အစက သဒ္ဓါတရားနဲ့ ပြည့်စုံပေမယ်လို့ သဒ္ဓါတရားက ပျက်လာတယ်၊ ဒီမှာ လုံးလုံးမယုံတဲ့ပုဂ္ဂိုလ်တောင်မှ ရှိသေးတာပဲ၊ အဲဒီတော့ ယုံကြည်မှုက အရေးကြီးတယ်၊ အဲဒါကြောင့် ယုံကြည်ရမယ်တဲ့။

ကျန်းမာရမယ်တဲ့၊ ပါစကဓာတ်မီး သမဝေပါကိန်-တဲ့၊ အညီအမျှ ကြေညက်စေနိုင်တဲ့ ပါစကဓာတ်မီးတဲ့၊ ဘာပဲစားစား သူကတော့ အစာကြေတာပဲတဲ့၊ နည်းနည်းစားရင်လဲ နည်းနည်းနဲ့နေနိုင်တယ်၊ မွှတနေနိုင်တယ်၊ သူများလို နည်းတဲ့အတွက် ဆာလောင်မှုတွေ သူကသိပ်မဖြစ်ဘူး၊ များများစားလို့ရှိရင်လဲ ဗိုက်ပြည့်ပြီး အင့်ပြီးတော့ အစာမကြေမဖြစ်ဘူး၊ အဲဒါ ပါစကဓာတ်မီးကောင်းတဲ့ပုဂ္ဂိုလ်က အညီအမျှ ကြေညက်စေတတ်တယ်၊ တချို့တော့ ပါစကဓာတ်မီးညံ့နေတယ်၊ ဟိုဟာလေးစားလိုက် အစာမကြေ၊ ဒီဟာလေးစားလိုက် မစာမကြေ၊ အစာကြေဆေးကူညီနေရတယ်၊ တချို့စားကို မစားဝံ့ဘူး၊ အစာမကြေပဲနေလို့ အဲဒါ ရှိတယ်၊ တချို့တော့လဲ ပါစကဓာတ်မီးက လွန်ပြီးတော့နေတယ်၊ စားတိုင်း စားတိုင်းတွေ အစာကြေလွန်းလို့ ခဏခဏဆာမွတ်ပြီး ဗိုက်ထဲမှာ ပူလောင်နေတယ်၊ ဒီလိုလူလဲရှိတယ်။ အဲဒါတွေဟာ နေရာမကျတာတွေ၊ အခုဟာက အညီအမျှကြေညက်စေတတ်တဲ့ ပါစကဓာတ်မီးတဲ့၊ အဲဒါက အရေးကြီးပါတယ်၊ အဲဒါနဲ့ ပြည့်စုံလို့ရှိရင် ကျန်းမာရေးပြည့်စုံပြီး ညီနေတယ်၊ ကျန်းမာရေး အအေးခံနိုင်တယ်၊ အပူခံနိုင်တယ်၊ အပင်ပန်းခံနိုင်တယ်၊ ဒါကြောင့် **"ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား"**တဲ့။

စိတ်ထားဖြောင့်မတ်ရမယ်တဲ့၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ ဟုတ်ရင် ဟုတ်တဲ့အတိုင်း၊ တွေ့ရင်တွေ့တဲ့အတိုင်း၊ သိရင် သိတဲ့အတိုင်း ပြောရတယ်၊ မသိတဲ့ဥစ္စာတွေ သူများတွေလိုက်ပြီး အတုခိုးပြီးမပြောရဘူး၊ မဟုတ်တာလဲ မပြောရဘူး၊ အားမထုတ်ဘဲနဲ့ အားထုတ်ချင်ယောင် မလုပ်ရဘူး။ သမာဓိမတက်ဘဲနဲ့ တက်ချင်ယောင်၊ ကိုယ်က မမှတ်ဘဲနဲ့ မှတ်နိုင်ယောင်၊ သူများက တစ်နာရီထိုင်နိုင်တယ်ဆိုလို့ ကိုယ်ကလဲပဲ တစ်နာရီထိုင်နိုင်တယ် စသည်ဖြင့် မဟုတ်တာတွေမလုပ်ရဘူး။ မှန်မှန်ကန်ကန်ပြောရမယ်၊ ဘာနဲ့တူသလဲဆိုရင် ဆေးဆရာနဲ့ လူမမာနဲ့ တူတယ်၊ ဆေးဆရာဆိုတာဟာ လူမမာပြောတာကို နားထောင်ပြီးတော့ စဉ်းစားရတာကိုး၊

http://www.dhammadownload.com

ဘာဖြစ်နေတာပဲ၊ ဒီရောဂါဟာ တိုးနေတယ်၊ လျော့နေတယ်ဆိုတာ သိရတယ်။ လူမမာက မှန်အောင်ပြောမှ လူမမာက နေမကောင်းနေပါတဲ့ဥစ္စာ နေကောင်းပါပြီ ပြောရင်ဆေးမပေးဘူး၊ ဘယ်ရောဂါ ဖျောက်တော့မလဲ၊ လူမမာက ရောဂါဝေဒနာတွေ သက်သာနေတဲ့ဟာ တိုးနေပါတယ် ပြောလို့ရှိရင်လဲပဲ ဒါဖြင့် ဒီဆေးနဲ့ မရသေးဘူး၊ ဒီထက် စွမ်းတဲ့ဆေး ပေးလိုက်ဦးမှပဲဆိုပြီး ပေးလိုက်လို့ရှိရင် ဒုက္ခ ဖြစ်မယ်၊ ဒီတော့ လူမမာက မှန်မှန်ကန်ကန်ပြောတတ်ဖို့ရာ လိုတယ်၊ အဲဒါလိုပဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က မှန်မှန်ကန်ကန်ပြောဖို့ရာ လိုပါတယ်၊ ဖြောင့်မတ် ရမယ်တဲ့။

"အသဒ္ဓော အမာယာဝီ ဥဇုဇာတိက" ဖြစ်ရမယ်တဲ့။ **အသဒ္ဓော**၊ မစဉ်းလဲ မကောက်ကျစ်ရဘူးတဲ့၊ ကိုယ့်မှာရှိတဲ့ ဂုဏ်တွေနဲ့ မဟုတ်မဟတ်တွေ ကြွားဝါပြီး မပြောချင်ရဘူးတဲ့၊ **အမာယာဝီ**တဲ့၊ ကိုယ့်မှာရှိတဲ့ အပြစ်တွေကို ဖုံးကွယ်ပြီးတော့ မပြောရဘူးတဲ့၊ ကိုယ်က အအိပ်များနေလို့ရှိရင်ဖြင့် ကမ္မဋ္ဌာန်းဆရာတွေ အပြစ်တင်မှာစိုးလို့ အဲဒီအိပ်တဲ့အချိန်တွေကို မသိအောင်လို့ ဖုံးကွယ်ပြီး ဒီလိုမလုပ်ရဘူး။ တရားအထိုင်နည်းနေလို့ရှိရင် ဆရာသမားအပြစ်တင်ပြောမယ်ဆိုပြီး အဲဒါတွေကို ဖုံးကွယ်ပြီး ဒီလိုမလုပ်ရဘူး၊ ကိုယ်ချွတ်ယွင်းတာလေးတွေ ဝန်ခံနိုင်ရမယ်တဲ့၊ ဖြောင့်မတ်ရမယ်၊ တရားတိုးတက်ရင်လဲ တိုးတက်တာ ပြောရမယ်၊ မတိုးတက်ရင်လဲ မတိုးတက်တာ ပြောရမယ်၊ မှန်မှန်ကန်ကန် ပြောရမယ်။

"ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်"တဲ့၊ ဝီရိယနဲ့ မဖြစ်မနေဘူး၊ ဒီတရား မရမချင်းသာဖြင့်ရင် မပြတ်အားထုတ်မယ်ဆိုတဲ့ လုံလ ဝီရိယနဲ့ ဇွဲကောင်းကောင်းနဲ့ အားထုတ်ရမယ်။

အဖြစ်အပျက် **ဥဒယဗ္ဗယဉာဏ်**ကိုလဲ မြင်ရမယ်တဲ့။ ဒါကတော့ အားထုတ်မှ ဖြစ်ပါတယ်၊ စခါစကတော့ မဖြစ်သေးဘူး၊ တော်တော်လေး အားထုတ်မိ တဲ့အခါတော့ တချို့ပုဂ္ဂိုလ်ဆိုရင် ၃-ရက် ၄-ရက်လောက်ကို တွေ့တတ်ပါတယ်၊ တချို့လဲ ၅-ရက် ၆-ရက်၊ တချို့လဲ ၇-ရက် ၈-ရက်၊ တချို့လဲ ၁၀-ရက် ၁၅-ရက် လောက်မှ ဖြစ်ပါတယ်၊ အမျိုးမျိုးရှိပါတယ်၊ အဲဒီ **အဂိါဇီးပါးဟာ ပဓာနိယင် ငါးပါးလို့**ခေါ်တယ်၊ ဒါလေးကလဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အသုံးကျပါတယ်၊ အခုတော့ ဘုန်းကြီးက

http://www.dhammadownload.com

ပါစကဓာတ်မီးရောက်တာနဲ့ ဒါလေးသတိရပြီး ဒါလေး ထည့်ပြီးတော့ ပြောတယ်၊ ကိုင်း ဆိုရမယ်။

"ယုံကြည်, ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊ ငါးအင် အားထုတ်ကြောင်း။"

၁။ ယုံကြည်ရမယ်၊ ၂။ ကျန်းမာရမယ်၊ ၃။ ဖြောင့်စွာစိတ်ထားရမယ်၊ ၄။ ကြိုးစားတွင်တွင် နောက်မဆုတ်ဘဲနဲ့ တင်းတင်းရင်းရင်း အားထုတ်ရမယ်။ အဲဒီ အင်္ဂါ ၄-ပါးက လိုရင်းပါပဲ၊ အဲဒီ အင်္ဂါ ၄-ပါးနဲ့ ညီညွတ်လို့ရှိရင် အဖြစ်အပျက်မြင်တဲ့ **ဥဒယဗ္ဗယဉာဏ်**ရောက်တယ်၊ အဲဒါဆိုရင် သေချာပြီ၊ ဒီပုဂ္ဂိုလ်ရှေ့ဆက်အားထုတ်ရင် မကြောခင်ပဲ သူဝိပဿနာဉာဏ်အစဉ်အတိုင်း တက်ပြီးတော့ အရိယမဂ်ဖိုလ်တရားတွေ ရတော့မှာပဲ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာထိ အောင် သူဖြစ်နိုင်တဲ့ပုဂ္ဂိုလ်ပဲ၊ ဒီအင်္ဂါငါးပါးလိုတယ်တဲ့။

အဲဒီထဲမှာ အခုပြောတဲ့ပါစကဓာတ်မီး၊ ဒါတေဇောဓာတ်ကို ပြောတာ။ ပါစကဓာတ်မီး, တေဇောဓာတ် ဘယ်နှစ်ပါးရသွားတုန်းဆိုရင် ၄-ပါးရှိသွားပြီ။ **သန္တ ပ္ပနတေဇော**-အဖျားရှိန်အပူငွေ့၊ **ဇီရဏတေဇော**-ပကတိအပူငွေ့၊ **ဒဟနတေဇော**-ပြင်းပြင်းထန်ထန် အလွန်အကျွံပူတဲ့အပူငွေ့၊ မခံမရပ်နိုင်အောင်ပူတဲ့ အပူငွေ့၊ **ပါစကတေဇော**-အစာကို ကြေညက်စေတဲ့ အပူငွေ့, ၄-ခု။

အဲဒီ ၄-ခုဟာလဲ ကိုယ်ထဲမှာ ပူတဲ့အခါတွေ ထင်ရှားတာပဲ၊ ပူတဲ့အခါ ကာလ အခုထိုင်နေတယ်ဆိုရင်လဲ ပူတာရှိတာပဲ၊ ပူရင် အောက်ကနေ ပူတယ် ပူတယ် မှတ်ရတယ်၊ ဝိုက်ထဲက ပူလို့ရှိရင်လဲ ပူတယ် ပူတယ်မှတ်ရတယ်၊ တစ်နေ ရာရာက ပူလာလို့ရှိရင် ပူတာကလေးစိုက်ပြီး ပူတယ် ပူတယ်မှတ်ရတယ်၊ တေဇော ဓာတ်တွေပဲ၊ ရိုးရိုးပူတဲ့ ဥစ္စာကလေးဆိုရင်ဖြင့် **ဇီရဏတေဇော**ပေါ့။ အဖျားရှိန်နဲ့ ပူလာလို့ရှိရင် ဒါကတော့ သိပ်ထင်ရှားပါတယ်၊ တစ်ကိုယ်လုံး တစ်ခါတည်း ပူစပ် ပူလောင်ဖြစ်ပြီးတော့ ပူလာတယ်၊ အဲဒါတွေ မှတ်ရတယ်၊ ဒါက နေမကောင်းတဲ့ အခါ အလွန်အကဲကြီး ပူလာတဲ့အခါကာလတွေလဲ ဒါလဲ မှတ်ရမှာပဲ။ ဒါက **ဒဟနတေဇော**၊ အစာအိမ်ကနေပြီး ပူတာကတော့ ဒါကတော့ သိပ်ပြီးတော့ မထင်ရှားဘူး၊ ဒါတွေကတော့ အစာအိမ်အတွေ့နဲ့ သာမညလောက် ထင်ရှားမှာပဲ၊ တစ်ခါ တစ်ခါ

http://www.dhammadownload.com

ဆာလောင်မွတ်သိပ်နေတဲ့အခါတွေတော့ အစာအိမ်ထဲကနေပြီးတော့ ပူတာတွေလဲ ထင်ရှားတယ်၊ အဲဒါမှတ်ရတယ်၊ အဲဒါက တေဇောဓာတ်တွေတဲ့။

ဝါယောဓါတ် ရှုမှတ်သိ

ဝါယောဓာတ် ရောက်လာပြီ။ ဝါယောဓာတ်ကတော့ ခဏခဏပြောနေကျမို့ သူကတော့ရှင်းတယ်၊ လက်ဘကလဲပဲ ခဏခဏ ဟောတိုင်း ဟောတိုင်း ဝါယောဓာတ်ကတော့ လက်ဘချပေးနေတာ၊ ဝါယောဓာတ်ဆိုတာ **ဝိတ္ထမ္ဘန လက္ခဏာ**-ထောက်ကန်တောင့်တင်းတဲ့ လက္ခဏာပဲတဲ့၊ **"ထောက်ကန်တောင့်တင်း၊ လျော့ခြင်း တစ်မည်"** တောင့်တယ် တင်းတယ်ဆိုတာ လျော့တာလဲ ပါတာပေါ့။ သူ့လောက် မတောင့်ရင် လျော့တယ်ခေါ်ရတာပဲ။ "ထောက်ကန်တောင့်တင်း၊ လျော့ခြင်း တစ်မည်"

သမုဒီရဏရဏာ၊ ရွေ့လျားခြင်း ရွေ့စေခြင်းသဘောရှိသည်တဲ့။ လှုပ်ရှားခြင်း လှုပ်စေခြင်း သဘောရှိတာယ်တဲ့၊ ဒီမှာတော့ကို လှုပ်ရှားခြင်း သဘောကို ပဓာနပြုပြီးတော့ လှုပ်ရှားခြင်းကပဲ ထင်ရှားတယ်။ ထင်ရှားစေတယ်ဆိုတာကတော့ ယောဂီပုဂ္ဂိုလ်အနေနဲ့ သိပ်ပြီးတော့မထင်ရှားဘူး။ လှုပ်ရှားခြင်းက ထင်ရှားတယ်။ ဒါကြောင့် **"ယိမ်းယိုင်လှုပ်ရှား၊ ရွှေ့သွားတတ်သည်"**တဲ့ ယိမ်းတယ်, ယိုင်တယ်, လှုပ်ရှားတယ်, ရွှေ့တယ်, သွားတယ်, ယိမ်းယိုင်လှုပ်ရှား ရွှေ့သွားတတ်သည်။

"သူလိုရာဆက်၊ တွန်းလှန်ဆောင်သည်"၊ ဝါယောဟာ ဦးတန်းမိရာ အလိုရှိရာဘက်ကို တွန်းဆောင်သွားတယ်လို့ ထင်ရတယ်တဲ့။ ဒါကတော့ အထူးအမှတ်ကောင်းတဲ့အခါကာလတွေမှာ ကြွတယ်, လှမ်းတယ်, ချတယ် ဆိုရင် ခြေထောက်ကို တွန်းတွန်းပို့နေသလို အဲဒီလိုထင်ရပါတယ်။ အဲဒါက **အဘိနီဟာရပစ္စုပ္ပဒ္ဒာန၊ အဘိနီဟာရ**-ရွှေ့ရှုဆောင်ခြင်း၊ ရွှေ့ရှုဆောင်နေသောအားဖြင့် ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ထင်ရှားတယ်တဲ့။ ဒါကတော့ ဆိုနေကျပါပဲ။ လက်ဘကလေးဆိုဦးစို့။

ထောတ်ကန်တောင့်တင်း၊ လျော့ခြင်းတစ်မည်၊
ယိမ်းယိုင်လှုပ်ရှား၊ ရွှေ့သွားတတ်သည်၊
သူလိုရာဆက်၊ တွန်းလှန်ဆောင်သည်၊
ဝါယောဓာတ်-သိမှတ်မြဲတ်ယောဂီ၊

http://www.dhammadownload.com

ထောက်ကန်တယ်၊ တောင့်တင်းတယ်၊ ဒါတွေမှတ်ရတာ များပါတယ်။ သတိပဋ္ဌာန်သုတ်အဖွင့် အဋ္ဌကထာမှာလဲ ကာယာနုပဿနာဝိုင်းမှာ ဒီဝါယောဓာတ် သိပုံတွေကိုပဲ ပဓာနပြုပြီးတော့ ဖွင့်ထားပါတယ်။ ဒီပြင် ဓာတ်တွေကိုတော့ များများမဖွင့်ဘူး နည်းနည်းပါးပါးပဲ ဖွင့်တယ်။

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဝဏ္ဏဿဝါ ဝဏ္ဏာမိတိ ပဇာနာတိ။

အဲဒီလို ဣရိယာပထပဗ္ဗမှာ မြတ်စွာဘုရား ဟောထားတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ **ပုန စ**၊ တဖန်လဲ။ **ပရံ**၊ တစ်ပါးသော သိပုံကား။ **ဘိက္ခု**၊ ရဟန်းသည်။ **ဝါ-ဘိက္ခု**၊ သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်။

ဘိက္ခုမည်ပုံ

ဘိက္ခုဆိုတာ ဝိနည်းအရနဲ့ သာသနာဘောင်ဝင်ပြီး ရဟန်းပြုထားတဲ့ရဟန်း၊ ဒီလိုဟာလဲ ဟောပါတယ်၊ ဘိက္ခုလို ပဋိပတ်အကျင့် ကျင့်နေလို့ရှိရင်လဲ ဘိက္ခုပါပဲတဲ့။

သံသာရေ ဘယံ ဣက္ခတိတိ ဘိက္ခု။

သံသာရေ သံသရာ၌။ **ဘယံ**၊ ဘေးကို။ **ဣက္ခတိ**၊ ရှုမြင်တတ်၏။

သံသရာဘေး ရှုမြင်တတ်တယ်၊ အိုရတယ်, နာရတယ်, သေရတယ်, စိုးရိမ်ပူဆွေးရတယ်, ငိုကြွေးရတယ်, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့ အမျိုးမျိုးတွေ့ရတယ်၊ ရှာမှီးရတယ်၊ နောက်ဆုံးတစ်နေ့ကျသေရတယ်၊ ဘဝတိုင်း ဘဝတိုင်း ဒီဥစ္စာတွေတွေ့နေတယ်၊ ကံမကောင်း အကြောင်းမသင့်လို့ရှိရင် အပါယ်လေးပါးကျရတယ်၊ ငရဲကျရတယ်၊ အနှစ်ထောင်ပေါင်းများစွာ၊ သောင်းပေါင်းများစွာ သိန်းပေါင်းများစွာ ဒုက္ခရောက်ပြီးတော့နေရတယ်။ ပြိတ္တာတွေဖြစ်ရတယ်၊ တိရစ္ဆာန်တွေဖြစ်ရတယ်၊ ဒုက္ခတွေ မရေမတွက်နိုင်အောင် ဒုက္ခတွေ ခံစားရတယ်၊ အဲဒီသံသရာဘေးတွေကို မြင်တယ်တဲ့၊ ဒီအတိုင်း မမြင်ဘဲနေလို့ရှိရင် ဒီအပါယ်လေးပါးလဲပဲ ကျနိုင်တာပဲ၊ အပါယ်လေးပါးနဲ့ ဆွေပြတ်မျိုးပြတ် မဖြစ်သေးဘူးပေါ့၊ အပါယ်လေးပါးနဲ့ သံယောဇဉ်ဖြစ်နေတယ်၊ အပါယ်လေးပါးနဲ့လဲ ဆိုင်နေတာပဲ။

http://www.dhammadownload.com

ကိုယ်ပိုင်အိမ်ကြီး

အပါယ်လေးပါးက "သကဂေဟ သဒိသမေဝ" မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေတဲ့ပုဂ္ဂိုလ်များ အပါယ်လေးပါးဟာ ကိုယ့်အိမ်ကြီးနဲ့တူတယ်တဲ့။

"ပမတ္တဿ နာမ စတ္ထာရော အပါယေ သကဂေဟသဒိသာ"

ပမတ္တဿနာမ၊ မေ့လျော့သောသူအားမည်သည်။ **ဝါ**၊ မေ့လျော့နေသော သူအားမည်သည်။ **စတ္ထာရောအပါယေ**၊ ၄-ပါးသော အပါယ်ဘုံတို့သည်။ **သက ဂေဟ သဒိသာ**၊ မိမိကိုယ်ပိုင်အိမ်ကြီးများနဲ့ တူကြလေကုန်တော့၏။

အခုလူတွေ ဘယ်မှာနေကြတုန်းဆိုရင် ကိုယ့်အိမ်ကိုယ်နေတာပဲ၊ ဘုန်းကြီး တွေလဲ ကိုယ့်ကျောင်းကိုယ်နေတာပဲ၊ တစ်ခါတစ်ရံ အကြောင်းရှိတဲ့ အခါကျတော့ ဟိုအိမ် ဒီအိမ်သွားရတယ်၊ ဟိုရွာဒီရွာ ဟိုမြို့ဒီမြို့သွားရတယ်၊ ခဏပါပဲ။ ဟိုမှာ ကိစ္စပြီးရင် ကိုယ့်အိမ်ကိုပြန်လာရတယ်၊ ကိုယ့်အိမ်မှာပဲ အမြဲတမ်းနေရတယ်၊ အဲဒါလိုပဲတဲ့ မေ့မေ့လျော့လျော့နေတဲ့ပုဂ္ဂိုလ်တွေမှာ အပါယ်လေးပါးက အမြဲတမ်း နေရာ ကိုယ့်အိမ်ကြီးပဲတဲ့၊ တစ်ခါတစ်ရံ ကုသိုလ်ကောင်းမှုကလေးက ပို့လို့လူဖြစ်, နတ်ဖြစ်, ဗြဟ္မာဖြစ် ဒါခဏအလည်သွားတာနဲ့တူတယ်တဲ့၊ အမြဲတမ်းနေကြတာ ကတော့ အပါယ်လေးပါးဟာ သူ့အိမ်ပဲတဲ့၊ အဲဒီတော့ အပါယ်လေးဘုံလဲ ခဏ ခဏကျနိုင်တယ်၊ လူရယ်နတ်ရယ်လို့ ဖြစ်ပြန်ရင်လဲ ပဋိသန္ဓေနေရ, အိုရ, နာရ, သေရ, ပူဆွေးရ, ငိုကြွေးရ, လွတ်မြောက်အောင် တရားအားထုတ်ဦးမှပဲလို့ အား ထုတ်လိုတဲ့စိတ်တွေဖြစ်ပြီး အားထုတ်ကြတာကိုး။

အဲဒါ **သံသာရေ ဘယ် ဣတ္ထတ္တိတိ ဘိတ္ထူ၊ သံသာရေ** သံသရာ၌။ **ဘယ်**၊ ဘေးကို။ **ဣတ္ထတ္တိ**၊ ရှိ၏။

သံသရာဘေးကို မြင်တဲ့ပုဂ္ဂိုလ်တွေဟာ တရားအားထုတ်တာပဲ၊ အခုဒီမှာ လာပြီး တရားနာတဲ့ပုဂ္ဂိုလ်တွေ သံသရာဘေးမြင်လို့ပဲ၊ သံသရာဘေးမမြင်တဲ့ ပုဂ္ဂိုလ် တွေက တရားအားထုတ်ဖို့ရာလဲ ဝေးပါတယ်၊ တရားနာဖို့ရာတောင် သိပ်ပြီး မလာနိုင်ဘူး။ တချို့လုံးလုံးကို မလာနိုင်ပါဘူး၊ တရားနာရင်လဲ အလကားပဲဆို ပြီး သူတို့ကထင်နေတယ်။ အဲဒီတော့ အခုလိုတရားနာပြီး တရားအားထုတ်နေတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေက သံသရာဘေးမြင်တဲ့ပုဂ္ဂိုလ်တွေ ဘိက္ခုပဲတဲ့။

"သံသာရေ ဘယ် ဣက္ခတိတိ ဘိက္ခု။"

ဘိက္ခဝေ၊ ရဟန်းတို့။ **ပုနစ၊** တစ်ဖန်တလဲ။ **အပရံ၊** တစ်ပါးသော ရှုပုံကား။ **ဘိက္ခု၊** သံသရာဘေးကို ရှုသောပုဂ္ဂိုလ်သည်။ **ဝါ၊** သံသရာဘေးကိုရှုမြင်၍ တရား အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊ တရားလဲ အားထုတ်ရမှာကို အား မထုတ်ဘဲနဲ့နေလို့တော့မဖြစ်ဘူး။ **ဝစ္ဆဂ္ဂေါတ၊** သွားသည်ရှိသော်လည်း။ **ဝစ္ဆာမီတိ၊** သွားသည်ဟူ၍။ **ပဇာနာတိ၊** သိ၏၊ သွားသည်ရှိသော် သွားသည်ဟူ၍သိ၏။

ဋ္ဌိတော၀၊ ရပ်သည်ရှိသော်လည်း။ **ဋ္ဌိတောမှိတိ+ဋ္ဌိတောအမှိတိ၊** ရပ်သည် ဟူ၍။ **ပဇာနာတိ၊** သိ၏။ **နိသိန္နော၀၊** ထိုင်သည်ရှိသော်လည်း။ **နိသိန္နောအမှိတိ၊** ထိုင်သည်ဟူ၍။ **ပဇာနာတိ၊** သိ၏။ **သယာနော၀၊** လဲလျောင်းသော်လဲ။ **သယာနော မှိတိ၊** လဲလျောင်းအိပ်သည်ဟူ၍။ **ပဇာနာတိ၊** သိ၏။

ဣရိယာပုထ် ၄-ပါးကို ဟောထားတယ်။ လူတွေဟာ ဒီဣရိယာပုတ် ၄-ပါး တစ်ခုခုနဲ့နေရတာပဲ။ ဣရိယာပုထ် ၄-ပါးကလွတ်ပြီးတော့ နေဖို့တော့ ရိုးရိုးတန်းတန်း နေဖို့တော့မရှိဘူး။ တစ်ခါတစ်ရံထိုင်နေတယ်။ တစ်ခါတစ်ရံလဲပဲ ရပ်နေတယ်။ တစ်ခါတစ်ရံလဲသွားနေတယ်။ တစ်ခါတစ်ရံလဲ လဲလျောင်းပြီး အိပ်နေတယ်။ ၄-မျိုးထဲက တစ်မျိုးမျိုးနေရမှာပဲ။ ဒီ ၄-မျိုးထဲက လွတ်အောင်ကတော့ ကမြင်းတဲ့လူ ဆော့တဲ့လူတွေလောက်ပဲ ကျွမ်းစိုက်နေမှာပဲ၊ ဒါလောက်ပဲ ရှိမယ်၊ ဒီ ၄-မျိုးက လွတ်အောင်နေလို့ မဖြစ်ဘူး။

အဲဒီတော့ အဲဒီ ၄-မျိုးနဲ့ မြတ်စွာဘုရားကဖမ်းပြီး ဟောထားပါတယ်။ အများ နားလည်တဲ့ဥစ္စာ ဒီ ၄-မျိုး၊ ထိုင်ရင်လဲ ထိုင်တာကိုသိပါတဲ့၊ ထိုင်တယ် ထိုင်တယ် ထိုင်တာကို သိပါတဲ့၊ ရပ်ရင်လဲ ရပ်တာကိုသိပါ၊ သွားရင်လဲ သွားတာကိုသိပါ၊ လဲလျောင်းရင်လဲ လဲလျောင်းအိပ်တာကို သိပါတဲ့။

အဲဒီမှာ သွားတာကစပြီးဟောတယ်။ သွားရင် (သွားတယ်၊ သွားတယ်) မှတ်တော့ ဘာသိသတုန်းဆိုလို့ရှိရင် သွားချင်တဲ့စိတ်နဲ့ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ သွားရုပ်ကိုသိတယ်လို့ အဋ္ဌကထာကဖွင့်ပါတယ်၊ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်

http://www.dhammadownload.com

တော့ သွားတယ်လို့ရှုတဲ့ဥစ္စာ ဘာမှမထူးဘူးလို့ထင်ရတယ်၊ ဒါကြောင့် အဋ္ဌကထာဆရာက နောင်လာနောက်သားတွေ မြတ်စွာဘုရား၏ ဒေသနာတော်ကို အထင်အမြင် သေးပြီးတော့ မရှိမသေပြောမှာစိုးလို့ သူတို့ပြောမယ့်စကားလုံးတွေယူပြီးတော့ အဋ္ဌကထာဆရာတွေက ပြထားပါတယ်။

သွားတယ်ဆိုတာဟာတဲ့ ခွေးတွေတောင်မှ သိတာပဲတဲ့၊ မြေခွေးတွေလဲ သိတာပဲ ဘာထူးသလဲ ဒီလိုစောဒကတက်ပြီးပြတော့ မှန်တယ်တဲ့၊ သွားတယ် သိတာမှန်တယ်တဲ့၊ ခွေး, မြေခွေးသာမဟုတ်ဘူးတဲ့။ ခွေး, မြေခွေးတောင်မှ သိသေးတာ လူဆိုပြောစရာမရှိဘူး၊ ခွေး, မြေခွေးရော လူတွေရော သာမန်ပုဂ္ဂိုလ်တွေ အတူတူပါပဲ။ မထူးကြဘူး၊ အတူတူဖြစ်ကြတာပဲ၊ တို့ကပိုပြီးတော့ သိတယ်လို့ တချို့ကအောက်မေ့တယ် မဟုတ်ပါဘူး။ တရားအားမထုတ်ရင် ဒါလောက်သိတာပါပဲ မထူးပါဘူး။

အဲဒါက ရိုးရိုးသိတာက ကမ္မဋ္ဌာန်းသိ သိတာမှမဟုတ်ဘဲ ကလေးလေးတွေ သိတဲ့အသိနဲ့သိတာပဲ၊ မိရိုးဖလာအသိနဲ့သိတာပဲ၊ သွားတဲ့အခါကာလမှာ တစ်ခါတစ်ရံသတိရမှာပေါ့၊ ငါသွားနေတယ်ဆိုတာ အဲဒီဟာက ငါ့အနေနဲ့ပဲသိတယ်၊ ငါသွားတယ်လို့ပဲသိတယ်၊ ဒါလဲ သတိရတဲ့အခါမှရမှာပါ။ ရဖို့ရာအဝေးကြီးနေမှာပါပဲ။ များသောအားဖြင့်ဆိုရင် ကိုယ်အလိုရှိအပ်တဲ့ အာရုံကိစ္စတွေစိတ်ကူးပြီး သွားနေကြတာပဲ၊ သွားရင်းသွားရင်းပဲ မအားဘူး၊ အလုပ်တွေသိပ်များတယ်။ စိတ်ကူး နေရတာပဲ၊ ဟိုစိတ်ကူး ဒီစိတ်ကူးနဲ့သွားရင်းလဲပဲ စိတ်ကူးနဲ့ပဲသွားနေတယ်၊ ဟိုရောက်လို့ လူတစ်ယောက်နဲ့တွေ့မှသာ နှုတ်သာဆက်ရော ကိုယ့်စိတ်ကူးကတော့ မဆုံးသေးဘူး၊ မကုန်သေးဘူး၊ ဟိုမှာစိတ်ကူးရတုန်းရှိသေးတယ်၊ အဲဒီလိုစိတ်ကူးတွေနဲ့ပဲ သွားနေတယ်၊ ကိုယ့်ကိုယ်ကို ခြေထောက်ကြွနေမှန်းလဲမသိ၊ လှမ်းနေမှန်းလဲ မသိ၊ ချနေမှန်းလဲမသိ၊ ရွှေ့နေမှန်းလဲ မသိပါဘူး၊ မသိတာတွေများပါတယ်၊ သိတဲ့အခါဟာလဲပဲ ငါ့အနေအားဖြင့်သိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ အနေအားဖြင့် သိတယ်၊ အဲဒီ အသိမျိုးမဟုတ်ပါဘူးတဲ့။ အဋ္ဌကထာဆရာက အခုသိတာတော့ ယောဂီပုဂ္ဂိုလ် အသိကတော့ သွားမယ်ဆိုရင် မသွားခင်ကတည်းက သွားချင်တဲ့စိတ်ကလေးကိုသိပြီး -

http://www.dhammadownload.com

"ဝစ္ဆာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ"

ဝစ္ဆာမိတိစိတ္တံ၊ သွားမယ်ဟုကြံသောစိတ်သည်။ **ဥပ္ပဇ္ဇတိ**၊ ဖြစ်ပေါ်လာ၏။ သွားမယ်လို့ ကြံတဲ့စိတ်ကလေးဖြစ်တယ်။ အဲဒါလေးရှေးဦးစွာသိတယ်တဲ့ အခုပကတိပုဂ္ဂိုလ်တွေ ဘယ်သိလိမ့်မှာတုန်း။ မယုံရင်စမ်းကြည့် ယောဂီပုဂ္ဂိုလ်တွေကတော့ တရားအားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေမို့ပြောစရာမလိုဘူး၊ တခြားသောပုဂ္ဂိုလ်တွေများ ကျလို့ရှိရင် သူတို့ကိုစမ်းကြည့်ခိုင်း၊ လက်ညှိုးကလေး တစ်ခုကိုလှုပ်ကြည့် လှုပ်ချင်တဲ့ စိတ်ကလေး ဘယ်အနားက ဖြစ်တုန်းဆိုတာ ရှာကြည့်မတွေ့ဘူး၊ ခဏခဏ လှုပ်နေတာပဲ၊ စိတ်တော့ရှိမှာပေါ့၊ အလိုလိုတော့ ဘယ်လှုပ်မလဲ၊ အသေကောင် ဆိုရင် မလှုပ်ဘူး၊ အိပ်မော်နေတဲ့အခါဆိုရင် လှုပ်ချင်တဲ့စိတ်မပေါ်တဲ့အခါဆို မလှုပ်ဘူး၊ လှုပ်ချင်တဲ့ စိတ်ရှိလို့ လှုပ်တာပဲ၊ ဒါပေမယ့် လှုပ်ချင်တဲ့စိတ် လက်ညှိုးကလေး နောက်တစ်ခါ လှုပ်ကြည့် နောက်တစ်ခါလှုပ်ကြည့် လှုပ်ချင်တဲ့ စိတ် ဘယ်အနားကနေဖြစ်တုန်း ဘယ့်နှယ်ဖြစ်တုန်းဆိုရင် ရှာလို့မရပါဘူး၊ ပကတိပုဂ္ဂိုလ်မှာ ဘယ့်နှယ်မှရှာလို့မရဘူး၊ ယောဂီပုဂ္ဂိုလ်မှာရတယ်၊ ယောဂီပုဂ္ဂိုလ်မှာ လှုပ်ချင်တဲ့စိတ်ကလေးက ရှေးဦးစွာပေါ်လာတယ်၊ ကွေးမယ်, ဆန့်မယ်, ထိုင်မယ်, ထမယ်, သွားမယ်, ကြံတဲ့စိတ်ကလေး ရှေးဦးစွာပေါ်လာတယ်။

ဝစ္ဆာမိတိစိတ္တံ၊ သွားမယ်လို့ ကြံသောစိတ်သည်။ **ဥပ္ပဇ္ဇတိ**၊ ဖြစ်ပေါ်လာ၏။ **တံ**၊ ထိုသွားမယ်ကြံသောစိတ်က။ **ဝါယော**၊ တောင့်တင်းလှုပ်ရှားသော ဝါယောဓာတ်ကို။ **ဇနေတိ**၊ ဖြစ်စေ၏။

အဲဒီစိတ်က တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ကို ဖြစ်စေတယ်တဲ့။ အဲ ဒီ ဝါယောဓာတ်တွေ တစ်ကိုယ်လုံးပျံ့နှံ့ခြင်းကြောင့် ဘောလုံးကလေးများ လေထိုးလိုက်တော့ တင်းပြီးတော့သွားသလို တစ်ကိုယ်လုံးမှာ တစ်ကိုယ်လုံးဆိုတော့ အထူးအားဖြင့်တော့ကို လှုပ်ရှားတဲ့အစိတ်အပိုင်းတွေပေါ့လေ၊ ခြေထောက်အစရှိတဲ့ အစိတ်အပိုင်းတွေမှာ ဝါယောဓာတ်တွေ ပျံ့နှံ့ပြီးတော့သွားတယ်၊ အဲဒီဝါယောဓာတ်ကနေ တစ်ရွေ့ချင်း တစ်ရွေ့ချင်း ရွေ့သွားတယ်၊ လှမ်းလှမ်းပြီး ရွေ့ရွေ့ပြီးတော့ သွားတယ်၊ ရွေ့သွားတယ်ဆိုတာလဲ တခြားမဟုတ်ဘူး ရုပ်တွေအသစ်တွေ ဖြစ်

http://www.dhammadownload.com

သွားတာ။

မီးများလောင်သွားသလိုပဲ၊ အမှိုက်တွေရှိနေတဲ့ နေရာတစ်နေရာကနေ မီးရှို့လိုက်၊ မီးရှို့လိုက်တော့ အမှိုက်တွေတစ်ခုပြီး တစ်ခုကူးစက်ပြီးတော့ လောင်သွားတယ်၊ ပကတိပုဂ္ဂိုလ်အနေကတော့ ပထမရှို့လိုက်တဲ့ မီးကလေးကပဲ တစ်ရွေ့ရွေ့ပြီး လောင်သွားတယ်၊ ဒီလိုအောက်မေ့ရတယ်၊ ဘယ်ဟုတ်မှာလဲ ပထမရှို့တာက ပထမနေရာတွင်လောင်ပြီးတော့ ငြိမ်းသွားတာပဲ နောက်အသစ်ဖြစ်ပြီး မီးတွေ အသစ်အသစ်လောင်သွားတာ၊ ရွေ့ရွေ့သွားတာ၊ ပထမမီးခြစ်ဆဲက မီးဟာ မီးခြစ်ဆဲတွင် ငြိမ်းသွားတာပဲ။ အဲဒီ မီးကနေပြီး ဓာတ်ရပြီးတော့ကို သစ်ရွက်တွေ အမှိုက်တွေကူးသွားတယ်၊ အမှိုက်တစ်ခုက အမှိုက်တစ်ခုကူးပြီးတော့ အသစ်အသစ်တွေလောင်သွားတာ၊ လောင်ပြီးသား မီးတွေက အထက်ဟုတ်ခနဲ ဟုတ်ခနဲ အထက်ကိုတက်တက်ပြီး အကုန်အခိုးအငွေ့ဖြစ်ဖြစ်ပြီး သေသေသွားတာ၊ အဲဒီတော့ ဒီလိုလောင်လာတဲ့မီးဟာ အမှိုက်တွေတစ်ဆက်တည်းရှိလို့ရှိရင် တစ်မိုင်လောက်လဲ လောင်သွားနိုင်တာပဲ၊ ၅-မိုင် ၁၀-မိုင်လဲ လောင်သွားနိုင်တာပဲ၊ မိုင် ၁၀၀-လောက်လဲ လောင်သွားနိုင်တာပဲ၊ ဒီမီးတွေပဲ သွားတယ်လို့ အောက်မေ့ရတယ်၊ ဘယ်ဟုတ်မှာလဲ မီးတွေကအသစ်အသစ်ဖြစ်နေတာ။

အဲဒါလိုပဲ သွားတဲ့အခါကာလ သွားချင်တဲ့ စိတ်ကြောင့် သွားရုပ်ကလေးတွေ ဖြစ်သည်။ သွားချင်တဲ့စိတ် သွားမယ်ကြံတဲ့စိတ်က အကြောင်းတရား၊ သွားတာက ရွေ့ရှားတာကရုပ် ဝါယောဓာတ်ပဲ။ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ် "ဝါယောဓာတုဝိဗ္ဘာရေန" ဝါယောဓာတ် တစ်ကိုယ်လုံးပျံ့နှံ့လို့တဲ့ တစ်ရွေ့တစ်ရွေ့ချင်း အသစ်အသစ်ဖြစ်သွားတယ်၊ အဲဒါကြောင့် သတိပဋ္ဌာန်ဒေသနာတော်မှာ ဝါယောဓာတ်ကိုချည်း ပဓာနပြုပြီး အဋ္ဌကထာဆရာက ဖွင့်ထားပါတယ်။

ခြေတစ်လှမ်းမှာ ဓာတ်ကြီး ၄-ပါး ထင်ရှား

ဒါပေမယ့်လို့ အဲဒီလိုသွားတဲ့အခါမှာတော့ သူက **ခြေထောက်ကြွလိုက်တာနဲ့ လှမ်းလိုက်တာနဲ့ ချလိုက်တာနဲ့ နင်းလိုက်တာနဲ့** ဒီ ၄-ခုဟာ သူကဓာတ် ၄-ပါး အသီးသီးခွဲခြားတယ်။

ကြွတဲ့အခါကာလ ကျတော့ ပေါ်တက်လာတဲ့ **တေဇောဓာတ်က ရှေ့ဆောင်**

http://www.dhammadownload.com

တယ်တဲ့၊ ဝါယောဓာတ်က နောက်လိုက်တယ်တဲ့။ ဝါယောဓာတ်က နောက်ကနေပြီး အားပေးတယ်၊ ဝါယောဓာတ်ကို ပေါ့တက်တာက အဦးအင်္ဂေါက တေဇောဓာတ် တဲ့။ ခုနက "ပေါ့လျက် ပေါ့လျက်၊ ကြွတက်ထင်သည်"တဲ့။ ခုနတုန်းက ဆောင်ပုဒ်ပေးတာ ဒါလေးတွေမှတ်ရအောင်လို့၊ ပေါ့ပေါ့ပြီး ကြွကြွတက်လာတာဟာ တေဇောဓာတ်ပဲ၊ အဲဒီမှာ တေဇောဓာတ်လွန်ကဲတယ်တဲ့၊ ပေါ့ပေါ့ပြီးကြွကြွတက်လာတယ် တဲ့၊ ဒါတေဇောဓာတ်ကို ထိတာပဲ၊ အဲဒါ ခြေတစ်လှမ်းကြွလိုက်တဲ့ အတွင်းလေးသိတာ။

ပြီးတော့ **လှမ်းလိုက်တဲ့အခါ**ကျတော့ **ဝါယောဓာတ်က ရှေ့ဆောင်တယ်**တဲ့။ တေဇောဓာတ်က နောက်လိုက်တယ်တဲ့၊ လှမ်းလိုက်တဲ့အခါ။

"တိရိယဂတိတာတိ ဝါယောဓာတု"

ဝါယောဓာတု၊ ဝါယောဓာတ်သည်။ **တိရိယဂတိတာ**၊ ဖိလာ သွားတတ်တယ်တဲ့။ ဘေးသွားတဲ့အခါကျတော့ ဝါယောဓာတ်က အားကောင်းတယ်၊ တေဇောဓာတ်က နောက်ကလိုက်ပြီး အားပေးတယ်၊ အဲဒီတော့ လှမ်းတယ်၊ ရွှေ့တယ် စသည်ဖြင့် ဘေးကို ရွှေ့သွားတာတွေ သိတိုင်းသိတိုင်းဟာ ဝါယောဓာတ်ကို ပဓာန ပြုပြီးသိတာ။

ခြေထောက်အရှိန်လွှတ်လိုက်တဲ့အခါကျတော့ လေးကျသွားတာရှိတယ်၊ အဲဒီအခါကျတော့ **အာပေါဓာတ်က ရှေ့ဆောင်**တယ်တဲ့၊ ပထဝီဓာတ်က နောက်ကလိုက်တယ်တဲ့၊ ပထဝီဓာတ်လဲ လေးတာပဲ၊ ဒါပေမယ်လို့ အာပေါဓာတ်က ဂရုတရသဘာဝ သာပြီးတော့ လေးတဲ့သဘောရှိတယ်တဲ့၊ ဒါကြောင့် ခုနကအာပေါဓာတ်ဆောင်ပုဒ်ထဲဘုန်းကြီးက နောက်ကထည့်လိုက်တာ၊ ဘာတုန်းဆိုတော့ "လေးလျက်ကျသွား၊ ဉာဏ်အားထင်သည်"တဲ့။ လေးလေးပြီးတော့ ကျသွားတယ်လို့ ဉာဏ်ထဲထင်တာဟာ အာပေါဓာတ်ပဲတဲ့၊ ခြေထောက်လှမ်းလိုက်တဲ့အခါမှာ အရှိန်လွန်ပြီးတော့ လေးကျသွားတာလေး ထင်လို့ရှိရင် အဲဒါ **အာပေါဓာတ်**။

လက်တွေ့ ဘာတွေမှာလဲ ဒီလိုပဲ၊ လက်ကို ဒီလို မ-လိုက်လို့ ကြွတက်လာ တာ ထင်ရင် **ဖိတေဇောဓာတ်** ထင်ရှားတယ်၊ ဘေးတွေရွှေ့လိုက်တာ ရမ်းလိုက်တာတွေ ထင်ရှားလို့ရှိရင် ရွှေ့ရွှေ့သွားတာ ထင်လို့ရှိရင် **ဝါယောဓာတ်**ထင်ရှား

http://www.dhammadownload.com

တယ်၊ အဲဒီက လက်ကိုအောက်ချတော့ လေးကျလာတာကို ထင်ရှားလို့ရှိရင် **အာပေါဓာတ်** ထင်ရှားတယ်၊ ခေါင်းမော့လိုက်တဲ့အခါမှာ ပေါ့တက်လာတာ ထင်ရှားရင် **တေဇောဓာတ်** ထင်ရှားတယ်၊ ခေါင်းဘေးကို ရမ်းလိုက်ငဲ့လိုက်ဆိုလို့ရှိရင် **ဝါယောဓာတ်** ထင်ရှားတယ်၊ ငုံ့လိုက်တဲ့အခါ လေးကျလာတယ်ထင်လို့ရှိရင် **အာပေါဓာတ်** ထင်ရှားတယ်၊ အဲဒီလို မှတ်ရမယ်။

ပြီးတော့ မြေကြီးပေါ် ကြမ်းပြင်ပေါ် ခြေထောက်ချလိုက်တဲ့အခါ ထိပြီးတော့ ခံနေတယ်၊ ဖိပြီးတော့ နင်းလိုက်တဲ့အခါမှာ ထိပြီးတော့ ခံနေတယ်၊ **ပထဝီဓာတ်** ထင်ရှားတယ်၊ အောက်ပထဝီဓာတ်လဲ ထင်ရှားတယ်၊ အောက်ကမြေကြီးတို့ ကြမ်းပြင်တို့က ရှိပြီးတော့နေတဲ့ အမာတို့ဟာ အမာခံ **ပထဝီဓာတ်**လဲ ထင်ရှားတယ်၊ အထက်က နင်းချလိုက်တဲ့ ခြေထောက်ကလဲပဲ တိုက်ပြီးတော့ ခံနေတာကိုး။

သမ္မဒို့ဆွန္တို့, ပတိဋ္ဌာနတို့ အဲဒါတွေက သူကိစ္စတွေ၊ အဲဒါကြောင့် ပထဝီဓာတ် ထင်ရှားတယ်တဲ့၊ ခြေတစ်လှမ်းမှာ ဓာတ် ၄-ပါး ထင်ရှားပုံကြွတက်လာတဲ့အခါ တေဇောဓာတ် ထင်ရှားသည်။ လှမ်းလိုက်တဲ့အခါ ဝါယောဓာတ်ထင်ရှားသည်။ ခြေထောက်လေးကျသွားတဲ့အခါ အာပေါဓာတ်ထင်ရှားသည်၊ ချတဲ့အခါ နင်းတဲ့အခါ ပထဝီဓာတ်ထင်ရှားသည်၊ ခြေတစ်လှမ်းအတွင်းမှာ ဓာတ် ၄-ပါးကို ပါနေတယ်၊ ဓာတ် ၄-ပါးကို သိပြီးသားဖြစ်နေတယ်၊ ဒါကြောင့်မို့လဲ ဒီတရားဟာ ပြည့်စုံတာပဲ၊ ကိုင်း . . ဆိုရမယ်။

ခြေထောက်ကြွဆဲ၌ ပေါ့တက်လာသော **တေဇောဓာတ်** ထင်ရှားသည်။
လှမ်းဆဲ၌ ရွေ့ရှားသော **ဝါယောဓာတ်** ထင်ရှားသည်၊
ခြေထောက်လေးကျဆဲ၌ လေးကျသွားသော **အာပေါဓာတ်**ထင်ရှားသည်၊
ခြေထောက်ချဆဲ, နင်းဆဲ၌ ခံလင့်သော **ပထဝီဓာတ်** ထင်ရှားသည်၊

ခံပြီးတော့ ထားတာကိုး၊ ခြေထောက်ကို အောက်ကိုကျွံကျ မသွားအောင် အထက်ကနေပြီးတော့ အောက်ကကြွတက်မလာအောင် အမာခံအနေနဲ့ ထင်ရှား

http://www.dhammadownload.com

တာ မာတာလဲ ထင်ရှားပါတယ်၊ ခံလင့်တယ်ဆိုတာကတော့ ပိုနားလည်လွယ်လို့ ပြောတာ၊ မာနေတဲ့ဥစ္စာတစ်ခု တိုက်ခံတာပဲ၊ ပျော့နေတာဆိုရင် ကျွံကျသွားတာပဲ၊ အဲဒါဓာတ် ၄-ပါး ခြေတစ်လှမ်းအတွင်းမှာ ဓာတ် ၄-ပါးသိပုံ။

လက်တစ်ကွေး တစ်ဆန့်အတွင်းမှာ ဓာတ် ၄-ပါးသိပုံ အတူတူပဲ၊ လက်တစ်ကွေးတစ်ဆန့် အတွင်းမှာလဲပဲ လက်ကြွတက်လာတာသိရင် တေဇောဓာတ် ထင်ရှားတာပဲ၊ ကွေးလိုက်, ဆန့်လိုက်တဲ့အခါ လှုပ်ရှားတာသိရင် လှုပ်ရှားတာကတော့ သိရတော့မှာ၊ ဒါက ဝါယောဓာတ် ထင်ရှားတာ၊ အောက်လေးကျသွားတာသိလို့ရှိရင် အာပေါဓာတ်ထင်ရှားတယ်၊ တစ်နေရာရာတိုက်ပြီးတော့ ခံနေတာတော့ရှိရမှာပဲ၊ လက်ကချလိုက်ရင် တစ်နေရာရာကတော့ တိုက်နေမှာတိုက်ခံနေတာ၊ ထိနေတာက ပထဝီဓာတ် ထင်ရှားသည်၊ အဲဒါဓာတ် ၄-ပါးလုံး ထင်ရှားသိတယ်။

အဲဒါက ယောဂီပုဂ္ဂိုလ်တွေမှာ တို့အားထုတ်နေတာတွေဟာ ဓာတ် ၄-ပါး တွေ ရှုမှတ်နေတာပဲ သိနေတာပဲဆိုတာ သဘောပေါက်အောင်လို့ ဘုန်းကြီးက ထည့်ပြောပါတယ်။

တည်ရာအားဖြင့် ဓာတ်ကြီး ၄-ပါး မြွေကြီး ၄-ကောင်နှင့်တူပုံ

အခုမြွေကြီး ၄-ကောင်နဲ့တူပုံကို ပြောရမယ်၊ မြွေကြီး ၄-ကောင်ဆိုတာ ဘယ်လိုတုန်းဆိုလို့ရှိရင် (အာသယ) တည်ရာအားဖြင့်လဲ မြွေ ၄-ကောင်နဲ့တူပါတယ်၊ မြွေဟာ ဘယ်မှာတည်နေတုန်းဆိုရင် မြွေဆိုတာ တောင်ပို့ထဲနေတာပဲ၊ အဲဒါလိုပဲတဲ့ ဓာတ်ကြီး ၄-ပါးဟာလဲ ကိုယ်တည်းဟူသော တောင်ပို့ထဲမှာနေတယ်တဲ့၊ ဝမ္မိကသုတ်မှာ တောင်ပို့ကြီးနဲ့တူတဲ့ကြောင်း ဝမ္မိကသုတ်တရားကလဲ ဘုန်းကြီးက စာအုပ်နဲ့ရိုက်ထားတော့ ကြည့်ဖူးတဲ့ ပုဂ္ဂိုလ်တွေများမှာပါပဲ၊ ကိုယ်ကြီးဟာလဲ တောင်ပို့ကြီးနဲ့တူတယ်၊ အဲဒီ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တည်နေတာ တောင်ပို့ကြီးထဲမှာ မြွေတွေဝင်နေသလိုပဲ၊ ကိုယ်တည်းဟူသော တောင်ပို့ကြီးမှာ ဓာတ်ကြီး ၄-ပါးတွေဟာ ခြေဖျားကနေပြီးတော့ ဆံဖျားရောက်တယ်၊ ဆံဖျားကနေပြီး ခြေဖဝါးရောက်တယ်။ ဘေးပတ်ဝန်းကျင်ဆိုရင်လဲ ကိုယ်အရေတိုင်အောင်

http://www.dhammadownload.com

အမွေးအမျှင်ကလေးတွေ အဖျားတိုင်အောင် နေရာတကာမှာ သူခက်မာကြမ်းတမ်းတဲ့ ပထဝီဓာတ်တွေပျံ့နှံ့ပြီးတည်နေတယ်၊ အရေသဘော, ဖွဲ့စည်းတဲ့သဘော, စေးကပ်တဲ့သဘော အာပေါဓာတ်တွေ တည်နေတယ်၊ တောင့်တဲ့သဘော, တင်းတဲ့သဘော, တည်ငြိမ်တဲ့သဘော, လှုပ်ရှားတဲ့သဘော, ဝါယောဓာတ်တွေ တစ်ကိုယ်လုံးမှာပျံ့နှံ့ပြီး တစ်ကိုယ်လုံးမှာ တည်နေတယ်၊ နေရာတိုင်း နေရာတိုင်းမှာ ဒီဓာတ် ၄-ပါးဟာ အကုန်လုံးရှိတယ်၊ အဲဒါမြွေကြီး ၄-ကောင် တောင်ပို့ထဲ ဝင်နေတာနဲ့ တူတယ်တဲ့။

နောက်တစ်ခုက မြွေဆိုတာ တောင်ပို့ထဲသာနေတာ မဟုတ်ဘူး၊ သစ်ခေါင်းထဲလဲ နေတာပဲ၊ မြက်တို့ရွှံပ်ထွေးတဲ့ နေရာလေးတွေမှာလဲ နေတာပဲ၊ အမှိုက်ပုံထဲလဲ နေတတ်တယ်တဲ့၊ မြွေဟာ အဲဒါလိုပဲ ဒီဓာတ်ကြီး ၄-ပါးဟာလဲ ကိုယ်တည်းဟူသော သစ်ခေါင်းထဲမှာ တည်နေတယ်တဲ့၊ ကိုယ်ဟာလဲပဲ သစ်ပင်အခေါင်းကြီးနဲ့ တူပါတယ်တဲ့၊ ကိုယ်တည်းဟူသော အမှိုက်ရွှံပ်ထဲမှာ နေနေတယ်၊ အမှိုက်ရွှံပ်ဆိုတာ ဘာတုန်းဆိုတော့ ခုနကပြောခဲ့တဲ့ ၃၂-ကောဋ္ဌာသ၊ ၃၂-ကောဋ္ဌာသတွေဟာ အမှိုက်တွေပဲ၊ အဲဒီ အမှိုက်ရွှံပ်တွေထဲမှာ အမှိုက်ထဲမှာ အရွှံပ်တွေထဲမှာ မြွေနေသလိုပဲ၊ အဲဒီ အမှိုက်ပုံထဲများမှာ နေသလိုပဲတဲ့။

အဲဒီ ၃၂-ကောဋ္ဌာသတွေဟာ အသုံးမကျတဲ့ ဥစ္စာတွေပဲတဲ့၊ သေသေချာချာဆိုလို့ရှိရင်ဖြင့် ဆံပင်ဆိုတာ ခေါင်းမှာသူဟာသူနေရင် တော်တယ်၊ ခေါင်းကကျွတ်ကျသွားရင် ဒီဆံပင်ဆိုတာ တယ်နေရာမကျဘူး၊ ဆံပင်တွေဟာ တကတည်းအမျှင်အမျှင်တွေ အလုံးအထွေးတွေဆိုလို့ရှိရင် အမှိုက်ပဲ၊ အပြင်ဘက်ပစ်ရတယ်၊ ဆံပင်မွေးညှင်း၊ ခြေသည်းလက်သည်းတို့ အကုန်လုံးပါပဲ၊ ဒါတွေဟာ ကိုယ်ထဲက ပြုတ်ကျသွားလို့ရှိရင် အလေးအမြတ်မပြုရဘူး။ သွားများလဲ ထင်ရှားတာပဲ၊ ပြုတ်ကျသွားလို့ရှိရင် ဘယ်အလေးအမြတ်ပြုလိမ့်မှာတုန်း ဒီအထဲမှာ ရွံစရာကောင်းတဲ့ အစိတ်အပိုင်းကတော့ သာပြီးထင်ရှားတာပေါ့လေ၊ ပြုတ်ကျသွားလို့ရှိရင် စွန့်ပစ်ရတာချည်းပဲ၊ ဒါကြောင့် အမှိုက်ပုံကြီးများလိုပဲတဲ့။

ကိုယ်ကြီးတစ်ခုလုံးဟာ သေသေချာချာစဉ်းစားရင် ဘာမှအသုံးမကျဘူး၊

http://www.dhammadownload.com

အမှိုက်ပုံထဲမြွေဝင်နေသလိုပဲ၊ ဒီအထဲမှာ ၃၂-ကောဋ္ဌာသ၊ ၃၂-ကောဋ္ဌာသ အမှိုက်အစုအဝေးတွေထဲမှာ အသုံးမကျတဲ့အစုအဝေးထဲမှာ ဓာတ်ကြီး ၄-ပါးက ဒီထဲပါဝင်နေတာကိုး၊ ဓာတ် ၄-ပါးက နေရာတကာမှာ မြွေတွေအကောင်တွေ မနည်းဘူး၊ သူကရှိနေတာ၊ အဲဒါကြောင့် တည်ရာအားဖြင့်လဲပဲ မြွေများနေတာနဲ့ တည်ရာချင်းလဲ တူပါတယ်တဲ့၊ ဒါကြောင့်မို့လဲပဲ ဓာတ်ကြီး ၄-ပါးကို မြွေဟူ၍ခေါ်သည်။

ဖောက်ပြန်ခြင်းအားဖြင့် မြွေနှင့်တူပုံ

"ဝိသဝေဂဝိတာရတော" **ဝိသဝေဂ** အဆိပ်အဟုန်ဖောက်ပြန်ခြင်းအားဖြင့်လဲ မြွေနဲ့တူတယ်တဲ့။

မြွေ ၄-မျိုး

မြွေဆိုတာဟာ အမျိုးအမည်အားဖြင့် အရင်းခံက ၄-ခုရှိတယ်။ **ကဋ္ဌမုခမြွေ, ပုတိမုခမြွေ, အဂ္ဂိမုခမြွေ, သတ္ထမုခမြွေ**ရယ်လို့ ၄-ခုရှိပါတယ်၊ ကဋ္ဌ-ဆိုတာ သစ်တုံးပေါ့။ သစ်တုံးကဲ့သို့ ဖြစ်စေတဲ့မြွေတဲ့၊ ဒီမြွေကိုက်ရင် သစ်တုံးလိုဖြစ်သွားတတ်တယ်တဲ့။ တောင့်ပြီးတော့ သေတတ်တယ်တဲ့၊ ပုတိမုခမြွေ၊ ဒီမြွေကိုက်လို့ရှိရင်ဖြင့် ပုပ်ပြီးတော့ အရိုအရွဲတွေကျပြီးတော့ သေတတ်တယ်၊ အဂ္ဂိမုခမြွေ၊ ဒီမြွေကိုက်လို့ရှိရင် မီးလောင်သလိုပဲတဲ့ ပူလောင်ပြီးတော့ သေတတ်တယ်၊ သတ္ထမုခမြွေ၊ ဓားနဲ့ထိုးဖြတ်သလိုပဲတဲ့ ဒီမြွေကိုက်လို့ရှိရင်ဖြင့် ကိုယ်ထဲမှာ အဆစ်အရင်းတွေ အကြောတွေတစ်ခုနဲ့ တစ်ခုနဲ့အဆက်တွေပြတ်ပြီးတော့ သေတတ်တယ်တဲ့၊ အဲဒါကြောင့် မြွေက အမျိုးအမည် အရင်းခံအားဖြင့် ၄-မျိုးရှိတယ်တဲ့။

ကဋ္ဌမုခမြွေနှင့် ပထဝီဓာတ်

အဲဒီ ၄-မျိုးထဲမှာ **ကဋ္ဌမုခမြွေနဲ့ ပထဝီဓာတ်နဲ့တူသည်**တဲ့၊ ဤကဋ္ဌမုခမြွေသစ်တုံး ဖြစ်စေတတ်တဲ့ မြွေပေါ့လေ၊ အဲဒီ မြွေကိုက်လို့ရှိရင် သစ်တုံးဖြစ်သလိုပါပဲတဲ့။ ပထဝီဓာတ်ဖောက်ပြန်သွားလို့ရှိရင်ဖြင့် ကိုယ်ကြီးဟာ တောင့်တင်းပြီးတော့ ကွေးလို့မရ၊ ဆန့်လို့မရ၊ လှုပ်လို့မရ၊ အဲဒီလိုဖြစ်ပြီးတော့ သေတတ်တယ်တဲ့။

ပတ္ထဒ္ဓါ ဘဝတိ ကာယော၊

http://www.dhammadownload.com

ဒဋ္ဌော ဇဋ္ဌမုခေန ဝါ။
ပထဝီဓာတု ပတောပေန၊
ဟောတိ ဇဋ္ဌမုခေဝ သော။

သဠာယတနသံယုတ်-၅၈ မျက်နှာမှာ အဋ္ဌကထာဆရာတွေက ဂါထာ ကလေး စီပြီးတော့ပြတယ်။

ဇဋ္ဌမုခေန-ကဋ္ဌမုခမြွေသည်၊ ဝါ-သစ်တုံးဖြစ်စေတတ်တဲ့မြွေသည်၊ **ဝါ**-သစ်တုံးဖြစ်စေတတ်သော အဆိပ်ရှိသောမြွေသည်။ **ဒဋ္ဌော**၊ ကိုက်အပ်သော။ **ဟောတိ**၊ ကိုယ်သည်။ **ပတ္ထဒ္ဒါ**၊ ခက်မာတောင့်တင်းသည်။ **ဘဝတိဏ္ဍဝ**၊ ဖြစ်သကဲ့သို့။ **ပထဝီ ဓာတုပတောပေန**၊ ပထဝီဓာတ်၏ပျက်စီးခြင်းကြောင့်။ **သောတာယော**၊ ထိုကိုယ်ကာယသည်။ **ဇဋ္ဌမုခေဝ ဇဋ္ဌမုခေဏ္ဍဝ**၊ ကဋ္ဌမုခမြွေ၏ ပါးစပ်၌ကျရောက်သကဲ့သို့၊ **ဝါ**၊ ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့။ **ပတ္ထဒ္ဒါ**၊ ခက်မာတောင့်တင်းသည်။ **ဟောတိ**၊ ဖြစ်လေတော့၏။

ဇဋ္ဌမုခမြွေ၊ ခက်မာတောင့်တင်းစေတတ်တဲ့ အဆိပ်ရှိတဲ့မြွေ၊ အဲဒီမြွေကိုက်လို့ရှိရင် ကိုယ်ကြီးတောင့်တင်းပြီးတော့ သွားသလိုပါပဲတဲ့၊ ပထဝီဓာတ်ဆိုတာ ကဋ္ဌမုခမြွေနဲ့တူတယ်တဲ့၊ ပထဝီဓာတ် ဖောက်ပြန်ခဲ့လို့ရှိရင် ဒီကိုယ်ကြီးဟာ တောင့်တင်းပြီးတော့ သံချောင်းများထိုးလျှိထားသလိုပဲတဲ့ ကွေးလို့မရ၊ ဆန့်လို့မရ၊ လှုပ်လို့မရ၊ ယှက်လို့မရ၊ အဲဒီလိုဖြစ်ပြီး သေတတ်တယ်တဲ့၊ အဲဒီတော့ အခုလူတွေမှာ ရောဂါဝေဒနာတွေ ဖြစ်တာရှိတယ်၊ အဲဒီဟာတွေဟာ တချို့ဒီလိုပဲ တောင့်တင်းပြီးတော့ မလှုပ်နိုင်မယှက်နိုင်ဖြစ်ပြီးတော့သေတာပဲ၊ ပထဝီဓာတ်တည်းဟူသော မြွေကြီး ကိုက်သွားတယ်လို့ ဆိုရမှာပေါ့၊ ဒီပထဝီဓာတ် ဘယ်အပိုင်းကကိုက်လို့တုန်းဆိုရင် တချို့လဲပဲ ညာဘက် ခြေထောက်ကိုက်သွားတာလဲပဲ ရှိတယ်၊ ခြေထောက်ကြီး တန်းနေတယ်၊ ဘယ်ဘယ်ခြေထောက်ကို ကိုက်သွားလို့ရှိရင် ဘယ်ဘက်ခြေထောက်က တန်းနေတယ်၊ တချို့လဲ ခါးကိုကိုက်သွားလို့ ခါးတန်းနေတယ်၊ လက်မောင်းကို ကိုက်သွားလို့ လက်မောင်းတန်းနေပေါ့လေ၊ ဖြစ်တဲ့ အစိတ်အပိုင်းက နေပြီးတော့ တချို့နေရာတကာကနေပြီးတော့ ကိုက်လိုက်တော့ တစ်ကိုယ်လုံး

http://www.dhammadownload.com

တောင့်ပြီးတော့ သေရော၊ ဒါပထဝီဓာတ်ဖောက်ပြန်တာ၊ ဒါကတော့ ဆေးရုံတွေ သွားကြည့်မှသိမှာ၊ ဟိုမှာရောဂါဝေဒနာတွေ အစုံရှိတာကိုး၊ ဒီလိုတောင့်ပြီးတော့ နေတာတွေလဲ ရှိတယ်၊ ဒီပြင်ဟာတွေလဲ ရှိတယ်၊ ကိုယ့်မှာရောဂါဝေဒနာတွေ ဖြစ်လာရင်လဲ ဒီလိုပဲ၊ ပထဝီဓာတ် ဖောက်ပြန်လို့ရှိရင် တောင့်ပြီးတော့ ဖြစ်လာလို့ရှိရင် ငါ့ကဋ္ဌမုခမ္ဖြေကိုက်ပြီ၊ ပထဝီဓာတ်မြွေကိုက်တယ်၊ နည်းနည်းပါးပါးကိုက်လို့ရှိရင် ဆေးကုလို့ရတယ်၊ များများကြီး ကိုက်လို့ရှိရင် ဆေးကုလို့မရဘူး၊ များများကြီးကိုက်ရင်သေတယ်၊ နည်းနည်းပါးပါးဆိုလို့ရှိရင်တော့ ပြုပြင်လို့ရှိရင် ရတတ်ပါသေးတယ်၊ အဲဒါကြောင့် ပထဝီဓာတ်ဟာ ကဋ္ဌမုခမ္ဖြေနဲ့တူတယ်တဲ့၊ ခက်မာတောင့်တင်းပြီးတော့ သေစေတတ်တဲ့ အဆိပ်ရှိတဲ့မြွေနဲ့တူတယ်တဲ့။

ပုတိမုခမ္ဖြေနှင့် အာပေါဓာတ်

ပြီးတော့ အာပေါဓာတ်က ပုတိမုခမ္ဖြေနဲ့တူတယ်တဲ့၊ သူကိုက်လို့ရှိရင်ဖြင့် တစ်ကိုယ်လုံးပုပ်ရိပြီးတော့ အရေတွေ တစ်တွေတွေစီးကျပြီးတော့ သေတတ်တယ်တဲ့၊ တချို့အဲဒီလို အာပေါဓာတ်ဖောက်ပြန်ပျက်စီးတာနဲ့ အရိအရွဲတွေဖြစ်ဓာတ်တွေသွား ဝမ်းသွေးတွေသွားလို့ ဝမ်းသွေးလွန်ပြီး သေတာတွေရှိတာပေါ့လေ၊ တချို့လဲ အရိအရွဲတွေကျတဲ့အနာတွေဖြစ်ပြီးတော့ အနာရေတွေ တစ်သွင်သွင်စီးပြီးတော့ ဒီလိုသေတာတွေရှိတာပဲ၊ အပုပ်ရေတွေ တစ်ကိုယ်လုံးကယိုကျပြီးတော့ သေတာပဲ၊ အခုအနာတွေ အမျိုးမျိုးပေါက်ပြီး အရိအရွဲတွေထွက်ပြီးသေတာ၊ ဝမ်းသွေး သွန်ပြီးတော့ ဝမ်းတွေသိပ်လျှောပြီးတော့ သေတာတွေဟာ အဲဒါတွေဟာ အာပေါဓာတ် ပျက်တယ်လို့ဆိုရမှာပဲ၊ ဆရာတွေ အဆိုကတော့ ပထဝီပျက်တယ်ဆိုပြီးတော့ ဒီလိုလဲပြောကြတယ်၊ ဘာပြုလို့လဲဆိုရင် အစာဟောင်းဆိုတာ ပထဝီဓာတ်ကိုး၊ အဲဒါကြောင့် ဒီလိုလဲပြောကြတယ်၊ ဒါပေမယ့်လို့ အခုဒေသနာအရတော့ အာပေါဓာတ်ပဲလို့ ဆိုရမှာပဲ၊ ရေတွေယိုကျတာကိုး၊ အာပေါဓာတ်ပျက်တယ်လို့ ဆိုရမှာပဲ။

http://www.dhammadownload.com

အင်္ဂါမုခမြွေနှင့် တေဇောဓာတ်

တေဇောဓာတ်ကတော့ ဘာနဲ့တူသတုန်းဆိုတော့ အင်္ဂါမုခမြွေနဲ့တူတယ်၊ အင်္ဂါဆိုတာမီးပဲ။ မီးကဲ့သို့အဆိပ်ရှိတဲ့မြွေ၊ မီးလောင်သကဲ့သို့ပဲတဲ့၊ သူ့အဆိပ်တက်လို့ ရှိရင် တစ်ကိုယ်လုံးမှာ မီးလောင်သလိုပဲ ပူလောင်ပြီးသကာလ သေတတ်တယ်၊ အခု အဖျားကြီးတွေ အကြီးအကျယ်ဖျားပြီး သေတာလိုနေမှာပေါ့၊ တိုက်ဖွိုက်လို အကြီးအကျယ်ဖျားတာတွေရှိတယ်၊ အဲဒါတွေ နေမှာပေါ့၊ တေဇောဓာတ်တွေ လွန်ကဲပူလောင်ပြီးတော့ အသည်းတွေအရေဖြစ် ကျွမ်းပြီးတော့သေတာပဲ၊ သူ အဲဒါတေဇောဓာတ်လွန်ကဲပြီး တေဇောဓာတ်ပျက်ပြီးသကာလ သေတယ်၊ ဒီလို တေဇောဓာတ်ဆိုတဲ့ အင်္ဂါမုခမြွေကြီး ကိုက်တာပေါ့၊ တေဇောဓာတ်ကိုက်သွားပြီလို့ ဆိုရမယ်။

သတ္ထမုခမြွေနှင့် ဝါယောဓာတ်

ဝါယောဓာတ်ကတော့ သတ္ထမုခမြွေနဲ့တူတယ်တဲ့၊ **သတ္ထ**ကခားကိုး၊ သားလိုး ခားများလို ထက်မြက်တဲ့ခားနဲ့ အဆစ်အရင်းအကြောလေးတွေလိုက်ပြီး လိုးဖြတ်သလိုပဲ၊ အဆက်တွေတစ်ခါတည်း သူဖောက်ပြန်လာလို့ရှိရင် ဝါယောဓာတ် ဖောက် ပြန်သွားပြီဆိုလို့ရှိရင် အဆစ်အရင်းတွေပြတ်ပြီးတော့ လေသင်ဓုန်းလိုလေဖြတ်တယ်၊ လေသင်ဓုန်းဖြတ်တယ် စသည်ဖြင့်ပြောကြပါတယ်၊ ဆရာဝန်တွေကတော့ သွေးကြောပြတ်တယ်လို့လဲပဲ ပြောကြတယ်၊ ဘာပဲပြတ်ပြတ်ပေါ့လေ၊ အဲဒီလိုအဆစ် အရင်းတွေ ပြတ်သွားလို့ရှိရင်တော့ **ဒါဝါယောဓာတ်**ကနေ ပြီးဖြစ်တာပဲ၊ အရှုပ်ကြိုး ပြတ်ဖြစ်ပြီးတော့ သူကနည်းနည်းလောက် ဖြစ်လို့ရှိရင်တော့ ဆေးကုလို့ရတယ်၊ နည်းနည်းနည်းနည်း ရောဂါဝေဒနာလေးတွေရှိကြတယ်၊ ဝါယောဓာတ် သတ္ထမုခမြွေကိုက်တာနဲ့ တူတယ်၊ ဒါကနည်းနည်း ကိုက်သွားတာနဲ့တူတယ်၊ များများကိုက် သွားရင်ခက်မယ်၊ အခုတော့ တော်တော် လေးရောက်သွားပြီ၊ နည်းနည်းပဲကျန်တော့တယ်၊ ကောင်းကောင်း မပျောက်တတ်သေးဘူး၊ အဲဒါဆေးမကုနိုင်အောင် လွန်လွန်ကဲကဲ ကိုက်လိုက်လို့ရှိရင် မခံနိုင်ဘူး၊ ဒါကဘုန်းကြီးကို လက်မောင်းထဲကနေပြီးကိုက်တာ၊ ဒီပြင်နေရာ

http://www.dhammadownload.com

ကိုက်လဲဖြစ်မှာပဲ၊ ဒူးဆစ်ကနေပြီး ကိုက်ရင်ကွေးမရ၊ ဆန့်မရနဲ့ ဒုက္ခဖြစ်မယ်၊ တချို့လဲ ခါးကနေပြီးကိုက်၊ တချို့လဲ ခေါင်းကနေပြီးကိုက်၊ ဒီလိုပါပဲ၊ အားလုံးရောဂါဝေဒနာတွေ ဖြစ်သမျှတွေဟာ ဓာတ် ၄-ပါးနဲ့ဆိုင်တာပဲ။

ဆရာဝန်တွေ အနေအားဖြင့်တော့ ပိုးတွေဆိုတာရှိပါတယ်၊ ဒါပေမယ့်လို့ ဓာတ် ၄-ပါးက မဖောက်ပြန်ဘဲနဲ့ ပိုးတွေကတော့ ရောဂါမဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ဓာတ် ၄-ပါးဖောက်ပြန်လို့ ပထဝီဓာတ်ဆိုတဲ့ ကဋ္ဌမုခမြွေ၊ အဲဒါ အကြောင်းပြုပြီး တောင့်တင်းပြီးတော့ မလှုပ်နိုင်မယှက်နိုင်ဖြစ်ပြီးတော့ သေတတ်သည်၊ အာပေါဓာတ်ဆိုတဲ့ ပုတိမုခမြွေကိုက်ပြီးတော့ အရိအရွဲ့တွေထွက်၊ အနာပုပ်တွေ ပြည်ပုပ်တွေ သွေးပုပ်တွေ အနာဆိုးကြီးတွေဖြစ်ပြီးတော့ သေတတ်တယ်၊ အဂ္ဂိမုခလို့ခေါ်တဲ့ တေဇောဓာတ်ဖောက်ပြန်တဲ့အခါမှာ တစ်ကိုယ်လုံးပူလောင်ပြီးတော့ မခံမရပ်နိုင်ဖြစ်ပြီးတော့ သေတတ်သည်၊ သတ္ထမုခလို့ခေါ်တဲ့ ဝါယောဓာတ်ဖောက်ပြန်တဲ့အခါကာလမှာ အဆစ်အရင်းတွေ အကြောတွေပြတ်ပြီး သကာလ မလှုပ်နိုင်မယှက်နိုင်ဖြစ်ပြီး သေတတ်သည်၊ မြွေကြီး ၄-မျိုးနဲ့ အမျိုးအစားအားဖြင့် တူတယ်တဲ့။ ဒီဓာတ်ကြီး ၄-ပါးဟာ ဒါကြောင့်မို့လဲပဲ မြွေကြီး ၄-ကောင်လို့ ဆိုထားပါတယ်တဲ့။

မြွေအမျိုးမျိုး

နောက်ပြီးတော့ မြွေကြီးတွေကို အမျိုးအမည်တပ်ပြီးတော့ ခွဲမယ်ဆိုရင် မြွေတစ်မျိုးတစ်မျိုးမှာ ကိုက်လို့သေတဲ့မြွေရှိတယ်တဲ့၊ **ဒဋ္ဌဝိဿမြွေ**လို့ခေါ်တယ်၊ မျက်စောင်းထိုးရုံနဲ့ မြင်ရုံနဲ့အဆိပ်ဖြစ်ပြီး သေတတ်တဲ့မြွေရှိတယ်တဲ့၊ ဒါကတော့ စာထဲပေထဲမှာတော့တွေ့တယ်၊ ဒီပြင်နေရာမှာတော့ မတွေ့ဖူးဘူး၊ စာထဲပေထဲမှာတော့ နဂါးမျှားမျက်စောင်းထိုးလိုက်လို့ရှိရင် ပြာကျသွားတယ်လို့ ဆိုတာကိုး၊ အဲဒါက **ဒဋ္ဌဝိဿမြွေ**တဲ့။

ပြီးတော့ တွေ့ထိပြီးတော့ သေစေတတ်တဲ့မြွေ၊ **ဖုဋ္ဌဝိဿမြွေ**၊ ဒဋ္ဌ၊ ကိုက်ပြီးတော့လဲ သေတတ်တယ်၊ မျက်စောင်းထိုးပြီးတော့လဲ သေတတ်တယ်၊ ဖုဋ္ဌ၊ တွေ့ထိပြီးတော့လဲ သေတတ်တယ်၊ လေနဲ့မှုတ်ပြီးလဲ သေတတ်တယ်၊

http://www.dhammadownload.com

ဓာတ်ကြီး ၄-ပါး ဖြစ်ကြောင်း ၄-ပါး

အဲဒါလိုပဲ ဓာတ်ကြီး ၄-ခုမှာလဲပဲ အမျိုးအမည်တွေ ခွဲလို့ရှိရင် သူတို့လဲပဲ ကံကြောင့်ဖြစ်တဲ့ ဓာတ်ကြီး ၄-ပါးရှိတယ်တဲ့၊ စိတ်ကြောင့်ဖြစ်တဲ့ဓာတ်ကြီး ၄-ပါး ရှိတယ်၊ ဥတုကြောင့်ဖြစ်တဲ့ ဓာတ်ကြီး ၄-ပါးရှိတယ်၊ အာဟာရကြောင့်ဖြစ်တဲ့ ဓာတ်ကြီး ၄-ပါးရှိတယ်၊ ဒီထဲမှာ အမျိုးအမည်က ၄-ခုရှိတယ်တဲ့၊ အဲဒါ နေရာတိုင်း နေရာတိုင်းမှာပဲရှိတယ်၊ ခြေထောက်ကစပြီးတော့ ခြေဖဝါးကစပြီး ဆံဖျားတိုင်အောင်၊ ဆံဖျားကစပြီး ခြေဖဝါးတိုင်အောင် အသားအရေတွေ နေရာတကာမှာ ပျံ့နှံ့ပြီးတော့ ဒီဓာတ်ကြီး ၄-ပါးတွေတည်နေတာဟာ မြွေကြီး ၄-ကောင်မျှားတည်နေတာနဲ့ တူပါတယ်တဲ့၊ ဓာတ်ကြီး ၄-ပါး တစ်ခုခု ပျက်လိုက်လို့ရှိရင် မြွေကြီး ၄-ကောင်ကနေပြီး စိတ်ဆိုးလို့ကိုက်တာနဲ့ တူပါတယ်တဲ့။

တစ်နေ့က ဥပမာထဲမှာပါခဲ့ပြီ၊ မြွေထိန်းယောက်ျား မင်းပေါ့မနေနဲ့ ဒီမြွေကြီးတွေဟာ မြွေဆိုးကြီးတွေပဲ၊ မင်းကိုတစ်နေ့ကျရင် မြွေကြီးတစ်ကောင်ကောင်က စိတ်ဆိုးပြီးတော့ အမျက်ထွက်လို့ရှိရင် ကိုက်လိမ့်မယ်၊ ကိုက်လို့ရှိရင် မင်းသေလိမ့်မယ်လို့ အကျိုးစီးပွားအလိုရှိတဲ့ပုဂ္ဂိုလ်က သတိပေးသလိုပဲ အခုမြတ်စွာဘုရားက သတိပေးထားတယ်၊ လူတိုင်း လူတိုင်း, ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း, ရှုပ်ရှိတဲ့ပုဂ္ဂိုလ် ဆိုရင် ဓာတ်ကြီး ၄-ပါးကရှိနေတာကိုး၊ ဓာတ်ကြီး ၄-ပါး လူတိုင်းလူတိုင်းရှိတာ လူကြီး-လူငယ် အကုန်လုံးရှိတာပဲ၊ ငါ ငယ်ပါသေးတယ်လို့ မဟုတ်ဘူး၊ ငယ်တဲ့ ပုဂ္ဂိုလ်လဲ ဒီဓာတ်ကြီး ၄-ပါးက ဖောက်ပြန်လို့ရှိရင် မတတ်နိုင်ဘူး၊ ဖောက်ပြန်ပြီးတော့ ငယ်ငယ်နဲ့သေသွားတာတွေလဲ ရှိတာပဲ၊ ဓာတ်ကြီး ၄-ပါးက ကိုယ်ထဲမှာ အနှံ့အပြားရှိတယ်။

ဓာတ်ကြီး ၄-ပါး ဖောက်ပြန်လို့ ဆေခြင်း

အဲဒီဓာတ်ကြီး ၄-ပါးထဲက တစ်ခုခုပျက်လို့ရှိရင်ဖြင့် ဒါသေနိုင်တာချည်းပဲ။ ဒါကြောင့်မို့ -

http://www.dhammadownload.com

"စတ္ထာရော အာသီဝိသာ ဥဂ္ဂတေဇာ ယောရဝိသာတိ ဧဒါ သိတ္ထဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ"

သိတ္ထဝေ၊ ရဟန်းတို့။ **စတ္ထာရော**၊ လေးကောင်ကုန်သော။ **ဥဂ္ဂတေဇာ**၊ ထက်သောတန်ခိုးရှိကုန်သော၊ **ယောရဝိသာ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **အာသီဝိသာတိဧဒါတေ**၊ မြွေဆိုးဟူသောဤအမည်သည်။ **စတုန္နံ**၊ လေးပါးကုန်သော၊ **မဟာဘူတာနံ**၊ မဟာဘုတ်တို့၏။ **အဓိဝစနံ**၊ အမည်ပေတည်း။ **ပထဝီဓာတုယာ**၊ ပထဝီဓာတ်၏လည်းကောင်း။ **အာပေါဓာတုယာ**၊ အာပေါဓာတ်၏လည်းကောင်း၊ **တေဇောဓာတုယာ**၊ တေဇောဓာတ်၏လည်းကောင်း။ **ဝါယောဓာတုယာ**၊ ဝါယောဓာတ်၏လည်းကောင်း။ **အဓိဝစနံ**၊ အမည်ပေတည်း။

ဓာတ်ကြီး ၄-ပါးရဲ့အမည်ပဲတဲ့၊ အင်မတန် အဆိပ်ပြင်းထန်ပြီးတော့နေတဲ့ မြွေကြီး ၄-ကောင်ဆိုတာဟာ ဒီဓာတ်ကြီး ၄-ပါးအမည်ပဲ၊ မြွေကြီး ၄-ကောင်ကို မြွေထိန်းယောကျ်ားက ကိုယ်ပေါ်ရောက်နေတဲ့အခါမှာ ပထမပိုင်းက သာယာသဘောကျနေသလိုပဲ၊ ဒီဓာတ်ကြီး ၄-ပါးကို သာယာနေကြတယ်၊ သူသူငါငါသာယာတယ်၊ ဆံပင်ဆိုရင်တော့ သာယာနေတာပဲ၊ ကိုယ်မှာပေါက်တဲ့ မျက်ခုံးမွေးကို သာယာနေတာပဲ၊ ခြေသည်းလက်သည်း ကလေးတွေလဲ သာယာနေတာပဲ၊ သာယာလို့ သူပြုပြင်တယ်၊ သွားတွေဆိုရင်လဲပဲ သာယာတာပဲ၊ တချို့ ရွှေတောင်ကွပ်ထားလိုက်သေးရဲ့၊ သာယာလို့ အရေခွံမှာလဲ အသားလေး ဖြူဖြူစင်စင်၊ စင်စင်ကြယ်ကြယ်ဆိုရင် အလွန်သာယာတာပဲ၊ အသားမဲတဲ့လူလဲ မဲတဲ့အလိုက် သူဟာသူ သာယာတာပါပဲ၊ စာထဲများ ခိုးမွမ်းထားတယ်၊ အသားလေးညိုတဲ့ပုဂ္ဂိုလ်က သူသာယာပုံကလေး မြည်ကလေးများလိုပဲဆိုတာကိုး၊ အသားကလေးက ညိုပြီးတော့နေတာ၊ ဒါလေးကလဲ သူသာယာတာပဲ၊ အသားတွေ အရိုးတွေ အကြောတွေ ဒါတွေ အကုန်လုံးသာယာနေတာပဲ၊ သာယာမှုတွေရှိတယ်။

စောစောပိုင်းက သာယာနေတယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ သာယာနေတာပဲ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒီဟာတွေ အပြစ်ကလေးတွေ မြင်လာတဲ့အခါ သာယာမှုသက်သာလာပါတယ်၊ အဲဒါကြောင့်

http://www.dhammadownload.com

မြတ်စွာဘုရားက မြွေကြီး ၄-ကောင်နဲ့တူတယ်တဲ့၊ မြွေကြီး ၄-ကောင်ဟာ ကြောက်စရာကောင်းသလိုပဲ၊ ဒီဓာတ်ကြီး ၄-ပါးက တစ်ခုခုဖောက်ပြန်လို့ရှိရင် သေနိုင်တယ်၊ ရောဂါဝေဒနာဖြစ်ပြီး ရိုးရိုးသေသွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီး ၄-ပါးဖောက်ပြန်တာပဲ၊ ဒီပြင် ရေနစ်လို့သေတာတွေကတော့ ထားပါတော့၊ သူတို့ကတော့ မီးလောင်လို့သေတယ်ဆိုရင် ဒါအပြင်ဘက်က အကြောင်းတွေရှိတယ်၊ အပြင်ဘက်က အကြောင်းမရှိဘဲနဲ့ ကိုယ်ထဲရောဂါဝေဒနာဖြစ်ပြီး ရိုးရိုးတန်းတန်းသေတယ်ဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီး ၄-ပါး တစ်ခုခုက ဖောက်ပြန်ပြီးတော့ သေတယ်၊ အသက်အရွယ်ကြီးလို့ လူကြီးရောဂါနဲ့ သေတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီး ၄-ပါးထဲက တစ်ခုခုဖောက်ပြန်တာပဲ၊ ငယ်ငယ်ရွယ်ရွယ် ပုဂ္ဂိုလ်တွေလဲ အပြင်းဖျားပြီးတော့ သေတယ်ဆိုတာ ဒီဓာတ်ကြီး ၄-ပါးထဲက ဖောက်ပြန်ပြီးတော့ သေတာပဲ၊ အဲဒီတော့ အခု နေမကောင်းထိုင်မသာရှိတဲ့ ပုဂ္ဂိုလ်တွေသွားကြည့်ရင် ဓာတ်ကြီး ၄-ပါး တစ်ခုခုဖောက်ပြန်တာ၊ တချို့လဲ ၂-ခု၊ ၃-ခု ဖောက်ပြန်နေတာလဲ ရှိတယ်။ ဆေးရုံမှာ သွားပြီးတော့ ကြည့်မယ်ဆိုရင် ရောဂါဝေဒနာ အမျိုးမျိုးတွေဖြစ်နေတာတွေဟာ ဓာတ်ကြီး ၄-ပါး ဖောက်ပြန်လို့ပဲ၊ ရောဂါဝေဒနာ ဖြစ်နေတာပဲ။

အဲဒါ မြွေတွေမဟုတ်လား၊ ကိုယ်ထဲမှာရှိတဲ့မြွေတွေ၊ တစ်ကိုယ်လုံး ပြည့်နေတဲ့မြွေတွေ၊ ကြောက်စရာကောင်းတယ်၊ အဲဒီမြွေတွေ ကြောက်စရာကောင်းတယ်ဆိုတာ အစဉ်ထာဝရမဖြစ်နဲ့ဦးတော့ ခဏလောက်ကလေး စံတ်ထဲမှာ ထင်သွားရင်ကို ကျေးဇူးမျှားလှပါပြီ၊ အခုလို တရားနာနေတဲ့အတွင်းပဲဖြစ်ဖြစ် ဆင်ခြင်ကြည့်လိုက်တဲ့အခါ ဩော် . . ငါရဲ့သဏ္ဌာန်မှာရှိတဲ့ ဓာတ်ကြီး ၄-ပါးတွေဟာ မြွေကြီး ၄-ကောင်လိုပဲ အဆိပ်ပြင်းထန်တဲ့ မြွေကြီး ၄-ကောင် ကိုယ်ပေါ်မှာတင်ထားသလိုပဲ၊ ကိုယ်ထဲရောက်နေသလိုပဲ၊ ကိုယ်ထဲမှာ အနှံ့အပြားရှိနေသလိုပဲ၊ ဓာတ်ကြီး ၄-ပါးတွေဟာ ကိုယ်တစ်ကိုယ်လုံး နေရာအနှံ့အပြားရှိနေတယ်၊ ဒီ ၄-ခုထဲက တစ်ခုခုဖောက်ပြန်လို့ ရှိရင်ဖြင့် ရောဂါဝေဒနာ တစ်မျိုးမျိုးဖြစ်ပြီး သကာလ သေနိုင်တယ်တဲ့၊ ကြောက်စရာကောင်းတဲ့ ဓာတ်ကြီးတွေပဲ၊ မြွေကြီးတွေနဲ့တူတဲ့

http://www.dhammadownload.com

ဓာတ်ကြီးတွေပဲဆိုတာ စိတ်ထဲဉာဏ်ထဲမှာ တစ်ခဏလောက်ကလေးထင်မြင်သွားလို့ ရှိရင်ကို ကျေးဇူးများပါပြီ၊ ကိုယ်ထဲထင်ဖို့ရာ အရေးကြီးတယ်၊ အပြင်ဘက်က ဥပမာတွေ အဲဒီသွားပြီးစိတ်ကူးနေလို့မဖြစ်ဘူး၊ ကိုယ်ထဲမှာကို မွှေကြီးတွေတကယ်ရောက်နေသလို ထင်သွားဖို့ရာ အရေးကြီးပါတယ်၊ နောက် မွှေကြီး ၄-ကောင်နဲ့တူပုံ အခု အမျိုးအမည် အဆိပ်နဲ့စပ်ပြီးတော့ အမျိုးအမည် ၂-ခု ပြီးသွားပြီ၊ နောက် ၆-ခု ကျန်သေးတယ်။

"အနတ္တဟတ္ထာတော" မွှေကိုဖမ်းတဲ့ပုဂ္ဂိုလ် အကျိုးမဲ့တွေကိုရတယ်၊ အဲဒါလိုပဲ အကျိုးမဲ့တွေကိုရပုံ ဟောစရာတွေ ကျန်နေသေးတယ်။

"ဒုရုပဒ္ဒာနတော" မွှေကို မွေးမြူပြုစုရခက်သလိုပဲ။ ဓာတ်ကြီး ၄-ပါး ပြုစုရခက်တယ်တဲ့။

"ဒုရာသဒတော" မွှေနားကို သွားဖို့ရာ ချဉ်းကပ်ဖို့ရာ ကြောက်စရာကောင်းသလိုပဲတဲ့ ဓာတ်ကြီး ၄-ပါးလဲ တကယ်ဆိုတော့ ကြောက်စရာကောင်းတယ်တဲ့၊ ချဉ်းကပ်ဖို့ရာ ဒါတွေလဲ ဟောရဦးမယ်၊ ဒီတိုင်းဆိုတော့ ဓာတ်ကြီး၄-ပါးကို ချဉ်းကပ်ဖို့ရာ လွယ်နေတယ်လို့ အောက်မေ့နေတယ်၊ ချဉ်းကပ်ဖို့ရာ ကြောက်စရာကောင်းတယ်တဲ့။

"အကတညုတတော" မသိတတ်ဘူးတဲ့။

"အဝိသေသကာရီတော" ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ပဲဆိုပြီးတော့ ထူးတဲ့ပုဂ္ဂိုလ်လို့လဲ သူကအထူးမပြုဘူး။ ညံ့တဲ့ပုဂ္ဂိုလ်ပဲရယ်လို့လဲ အထူးမပြုဘူး။ အထက်တန်းစား အောက်တန်းစား မခွဲဘူးတဲ့၊ ဓာတ်ကြီး ၄-ပါးက သတ္တဝါတိုင်း, သတ္တဝါတိုင်း, ပုဂ္ဂိုလ်တိုင်း, ပုဂ္ဂိုလ်တိုင်းကို သူကနှိပ်စက်တတ်တယ်တဲ့၊ မွှေကြီး ၄-ကောင်ဟာ အမျိုးအမည် မရွေးဘဲနဲ့ကိုက်ရင် သေတတ်တာလိုပေါ့လေ။

"အနန္တ ဒေါသုပဒ္ဒဝတော" အဆုံးအပိုင်းအခြားမရှိတဲ့ အပြစ်ဒေါသတွေ ဘေးရန်အန္တရာယ်တွေရှိတယ်တဲ့၊ မွှေကြီးတွေမှာ ထို့အတူဓာတ်ကြီးတွေမှာလဲ အပြစ်ရှိတယ်၊ ၆-ပါးကျန်သေးတယ်။

၆-ပါးနဲ့ဟောပြီးတော့ ဓာတ်ကြီး ၄-ပါးနဲ့ နှာမ်ရုပ်ခွဲပြီး **နာမရူပပရိစ္ဆေဒဉာဏ်**

http://www.dhammadownload.com

ဖြစ်ပုံ စသည် ဝိပဿနာဉာဏ်တွေတက်ပြီးတော့ ဓာတ်ကြီး ၄-ပါးသိရင်း သိရင်းနဲ့ပဲ သွားရင် သွားတာမှတ်, ရပ်ရင် ရပ်တာမှတ်, ထိုင်ရင် ထိုင်တာမှတ်, ကွေးရင် ကွေးတာမှတ်, ဆန့်ရင် ဆန့်တာမှတ်, ကိုယ်အမူရာတွေ ဖြစ်တိုင်းဖြစ်တိုင်းမှတ်, အဲဒီလို ရှုတိုင်းရှုတိုင်းမှာ မှတ်ရတဲ့အာရုံရုပ်တွေဟာ များသောအားဖြင့် ဝါယောဓာတ်တွေပဲ၊ လှုပ်ရှားနေရင် တွန်းကန်တဲ့ လှုပ်ရှားတဲ့ဝါယောဓာတ်ပဲ၊ ဒါပဲများပါတယ်။

ဒီထဲမှာပေါ့တက်လာတာ ထင်ရှားလို့ရှိရင် တေဇောဓာတ်ပဲ၊ အောက်လေးကျသွားတာ ထင်ရှားလို့ရှိရင် အာပေါဓာတ်၊ ပြီးတော့ တိုက်ခံနေတာတွေ အစိုင်အခဲတွေ အခိုင်အမာတွေအနေအားဖြင့် ထင်ရှားလို့ရှိရင် ပထဝီဓာတ်ပဲ၊ ဓာတ်ကြီး ၄-ပါး၊ အဲဒါတွေကို ရှုတိုင်းရှုတိုင်းဟာ **ရှုရတဲ့အာရုံကရုပ်၊ ရှုသိနေတာကနာမ်**၊ ရုပ်နဲ့နာမ်ကလေးကတော့ သမာဓိဉာဏ်အားကောင်းနေတော့ မှတ်တိုင်း မှတ်တိုင်း ဖောင်းတာကတခြား၊ လှုပ်ရှားတာကတခြား သိနေတာကလေးကတခြား တခြားစီကွဲနေတယ်။

ကွေးလိုက်လို့ရှိရင် တောင့်တင်းလှုပ်ရှားတာကတခြား၊ သိတာကတခြား၊ ဒါပဲရှိတယ်၊ ဒီပြင် ကွေးအောင် ဆန့်အောင် လှုပ်ရှားအောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါမရှိဘူး၊ ရှုတိုင်း ရှုတိုင်းဟာ ရှုရတဲ့အာရုံရုပ်နဲ့ ရှုသိရတဲ့ နာမ်ကလေး၊ ဒါလေး ၂-ခုရှိတယ်၊ စာသိမဟုတ်ပဲနဲ့ပေါ့လေ၊ ရှုရင်း ရှုရင်းကို တစ်ခါတည်း ၂-ခုကွဲသွားတယ်၊ ခဲနဲ့ပစ်တော့ ခဲကတခြား ခဲမှန်တဲ့နံရံကတခြား၊ သစ်ပင်မှန်ရင် သစ်ပင်ကတခြားပေါ့လေ၊ မှန်ရာဌာနကတခြား၊ ခဲက တခြားကွဲနေသလို မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်ကလေး ကွဲနေတဲ့စိတ်ကလေးဖြစ်လာတာ **နာမရူပပရိစ္ဆေဒဉာဏ်၊**

အဲဒီကနေပြီးတော့ ဝိပဿနာအစဉ်အတိုင်း ရှုလို့ရှိရင် ရှုရင်း ရှုရင်းနဲ့ မှတ်ရင်း မှတ်ရင်း ပျောက်ပျောက်သွားတာလေးတွေ ဖြစ်လိုက်ပျောက်လိုက် ဖြစ်လိုက်ပျောက်လိုက် အနိစ္စ-မမြဲတဲ့ သဘောသိလာပုံ၊ ဒုက္ခ-ဆင်းရဲတဲ့သဘောသိလာပုံ၊ အနတ္တ-ပုဂ္ဂိုလ် သတ္တဝါမဟုတ် သိလာပုံတွေ အစဉ်အတိုင်းတက်မြှင်းတော့

http://www.dhammadownload.com

အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်သွားနိုင်တယ်တဲ့၊ ဘယ်ထိအောင်ရောက်သွားနိုင်သလဲဆိုတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ထိအောင် ရောက်နိုင်တယ်တဲ့၊ လမ်းလျှောက်နေရင်း သွားနေရင်းလဲ ရောက်နိုင်တယ်၊ လှဲအိပ်နေရင်းလဲ ရောက်နိုင်တယ်၊ ကွေးရင်း ဆန့်ရင်းလဲ ရောက်နိုင်တယ်၊ ကိုယ်အမှုအရာ တစ်စုံတစ်ခုပြုရင်း ပြုရင်းနဲ့ မှတ်ရင်းမှတ်ရင်းနဲ့လဲ အရိယမဂ်ဖိုလ် တရားတွေကိုရောက်ပြီးတော့ သွားနိုင်ပါတယ်၊ အဲဒါလေးကို နောက်တပတ်သီတင်းကျမှ ပြည့်ပြည့်စုံစုံ ဟောရဦးမယ်။

> "မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဖွါရသို့၊ ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သဏ္ဌာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက် အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။"

လွတ်မြောက်အောင် အားထုတ်ကြရမယ်။ ဤသို့ အားထုတ်သဖြင့် ဝိပဿနာဉာဏ်အစဉ်အတိုင်းတိုးတက်၍ အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

× × × × ×

http://www.dhammadownload.com

အာသီဝိဝေဘမဖလုတ်

တရားတော်

၁၃၂၈-ခု၊ နယုန်လကွယ်နေ့ ဟောကြားတော်မူသည်။

ဓာတ်ကြီး ၄–ပါး ရှုမှတ်သိ

အာသီဝိသောပမ သုတ္တန်တရားတော် ကဆုန်လကွယ်နေ့က စဟောတယ်။ ပြီးခဲ့တာ ၂-သီတင်းရှိသွားပြီ။ ဒီနေ့ တတိယအကြိမ်မြောက်မြွေကြီး ၄-ကောင်နဲ့ မဟာဘုတ် ၄-ပါးတူတဲ့အကြောင်း တစ်နေ့က ပြောဟောခဲ့တာ တော်တော်ပြီးသွားပါပြီ။

မြွေကြီး ၄-ကောင်နှင့် ဓာတ်ကြီး ၄-စင်းစသည်

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်" မြွေ ၄-ကောင်နဲ့ တူတဲ့မဟာဘုတ် ၄-ပါး ကြောင့်လဲပဲ ထွက်ပြေးရတယ်၊ ကြောက်ပြီးတော့ ထွက်ပြေးရတယ်၊ သူသတ်ငါးယောက်နဲ့တူတဲ့ ခန္ဓာငါးပါးကို ကြောက်ပြီးတော့လဲ ထွက်ပြေးရတယ်၊ ဒါကြောင့် "သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" သူသတ်ငါးယောက်နဲ့တူတဲ့ ငါးခန္ဓာနှင့်တကွဆိုတယ်၊ "မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်" မိမိချစ်ကျွမ်းဝင်ပြီးတော့နေတဲ့ ငယ်သူငယ်ချင်း၊ ရန်သူကြီး၊ အဲဒီလူကိုလဲပဲ ကြောက်လို့၊ မြွေ ၄-ကောင်ကို ကြောက်လို့၊ ရန်သူ ငါးဦးကိုကြောက်လို့၊ မိမိငယ်သူငယ်ချင်းဖြစ်တဲ့ ရန်သူကြီးကိုလဲ ကြောက်လို့၊

http://www.dhammadownload.com

ကြောက်ရတဲ့ ဘေးရန်အန္တရာယ် ၃-မျိုးကြောင့် ထွက်ပြေးတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်အောင်လို့ လက်ဘက စီထားတယ်။ နှင့်-လေး က အပိုထည့်ထားတာ မဟုတ်ဘူး၊ အသုံးကျလို့ထည့်ထားတာ၊ "မြွေ ၄-ကောင်ကား၊ ၄-ပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်"လို့ ဒီလို ဆိုထားတယ်။ မြွေ ၄-ကောင်နှင့်တူတဲ့ဓာတ်ကြီး ၄-ပါးကိုလဲ ကြောက်လို့၊ ရန်သူ ငါးယောက်နဲ့တူတဲ့ ခန္ဓာငါးပါးကိုလဲ ကြောက်လို့ မိမိငယ်သူငယ်ချင်း မိတ်ဆွေညာနဲ့ တူတဲ့ ရန်သူကိုလဲ ကြောက်လို့၊ ဒီ ၃-ဌာနကြောင့် ထွက်ပြေးတယ် တဲ့။

ထွတ်ပြေးတော့ ဘယ်ရောက်လဲဆိုတော့ "မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့" ရွာပျက်ကုန်း၊ ပါဠိကတော့ သုညဂါမ-လို့ခေါ်တယ်။ ရွာပျက်သုည-ရွာပျက်ကုန်းရောက်သွားတယ်တဲ့။ "ရွာပျက်သုည၊ ခြောက်ဒွါရသို့၊" ရွာပျက်ကုန်းဆိုတာ ဒွါရ ၆-ပါး နောက်မှဟောရမယ်။

"ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတစ်ဖုံ၊ သုံးစုံဓားပြ၊ ဝင်လာကြ၍"၊ အဲဒီမှာလဲပဲ ရွာထဲရောက်လို့ ဘာမှမစားရ မသောက်ရ မသုံးရဘူး။ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ ဓားပြခြောက်ယောက် ဝင်လာတယ်တဲ့။ "ဩဃလေးသွယ်၊ မြစ်ပင်လယ်၏။ ဤဝယ်ကမ်းစ၊ သက္ကာယမှ" အဲဒီရောက်လာတော့ "ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဓားပြ"၊ အာရုံ ၆-ပါးတည်းဟူသော သုံးစုံဓားပြ၊ ဓားပြ ၆-ယောက် ဝင်လာတော့ ပြေးရတာ၊ ဒါကတစ်ဆင့်။

ဘယ်ရောက်သွားတုန်းဆိုတော့ "ဩဃလေးသွယ်၊ မြစ်ပင်လယ်" မြစ်ပင်လယ်ကြီး ရောက်သွားတယ်။

"ဤဝယ်ကမ်းစ၊ သက္ကာယမှ"၊ ဒီဘက်ကမ်းဆိုတာ သက္ကာယ။

"ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့"၊ ဘေးအန္တရာယ်ကင်းတဲ့ ဌာနဆိုတာကတော့ ဟိုဘက်ကမ်းပဲတဲ့။

"ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်"၊ ဝီရိယနဲ့ အားထုတ်ပြီးတော့။

"ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း"၊ ဟိုဘက်အရောက် ကူးရင်ဖြင့် ရဟန္တာဖြစ်ပြီတဲ့။

http://www.dhammadownload.com

"ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း"ကောင်းစွာညွှန်ကြားတဲ့၊ မြွေဆိုးကြီးတွေဟာ တစ်နေ့ကိုက်လိမ့်မယ်။ မင်း အခွင့်သာတဲ့အခါထွက်ပြေးစသည်ဖြင့် သတိပေးညွှန်ကြားတာက တခြားမဟုတ်ဘူး။ မြတ်စွာဘုရားပဲတဲ့၊ "ကောင်းစွာညွှန်ကြား ကယ်သူကား၊ ဘုရားမြတ်ပေတည်း"၊ ဒါလေး ဆိုကြဦးစို့။

မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊
မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊
ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ သြဃ
လေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သဏ္ဌာယမှ၊ ခေမနိဗ္ဗာန်၊
ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်
ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာ
ညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

တစ်နေ့က ဓာတ်ကြီး ၄-ပါး "မြွေ ၄-ကောင်ကား၊ ၄-ပါးဘုတ်ဓာတ်"၊ မြွေကြီး ၄-ကောင်က မဟာဘုတ်ကြီး ၄-ပါးနဲ့တူတယ်တဲ့၊ မြွေကြီး ၄-ကောင်ဆိုတာ မဟာဘုတ် ၄-ပါးကို ခေါ်တယ်လို့ မြတ်စွာဘုရားက လိုအပ်တဲ့အနက်ကို ဖော်ပြပါတယ်။

စတ္ထာရော အာသီဝိသာ ဥဂ္ဂတေဇာ ယောရဝိသာတိ ဧဒါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ၊ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ။

ဘိက္ခဝေ၊ ရဟန်းတို့။ **ဥဂ္ဂတေဇာ**၊ ထက်သောတန်ခိုးရှိကုန်သော။ **ယောရဝိသာ**၊ ကြမ်းတမ်းသော အဆိပ်ရှိကုန်သော။ **စတ္ထာရော အာသီဝိသာတိ စဇံ**၊ မြွေကြီး ၄-ကောင်တို့ဟူသော ဤအမည်သည်။ **စတုန္နံ**၊ လေးပါးကုန်သော။ **မဟာဘူတာနံ**၊ မဟာဘုတ်ရုပ်တရားတို့၏။ **အဓိဝစနံ**၊ အမည်တည်း။ **ဣဒံ**၊ ဤလေးပါးသော မဟာဘုတ်ဟူသည်။ **သေယျထိဒံ**၊ အဘယ်နည်းဟူမူကား။ **ပထဝီဓာတုယာ**၊ ပထဝီဓာတ်၏လည်းကောင်း။ **အာပေါဓာတုယာ**၊ အာပေါဓာတ်၏လည်းကောင်း။ **တေဇောဓာတုယာ**၊ တေဇောဓာတ်၏လည်းကောင်း။ **ဝါယောဓာတုယာ**၊ ဝါယောဓာတ်၏လည်းကောင်း။ **အဓိဝစနံ**၊ အမည်ပေတည်း။

http://www.dhammadownload.com

အင်မတန် အဆိပ်ပြင်းထန်တဲ့ မြွေကြီး ၄-ကောင်ဆိုတာ တခြားမဟုတ်ဘူး၊ မိမိတို့ သန္ဓာန်မှာရှိပြီးတော့နေတဲ့ ဓာတ်ကြီး ၄-ပါးရဲ့ အမည်ပဲ၊ ဓာတ်ကြီး ၄-ပါး မိမိတို့ သန္ဓာန်မှာရှိတဲ့ ရုပ်ရှိတဲ့ပုဂ္ဂိုလ်ဆို ဓာတ်ကြီး ၄-ပါးရှိတာပဲ၊ ရုပ်မရှိတဲ့ အရူပဘုံဆိုရင်တော့ ဓာတ်ကြီး ၄-ပါးမရှိဘူး၊ အဲဒီဘုံက ရုပ်မရှိဘူး၊ စိတ်ချည်းပဲ၊ နာမ်တရားချည်းပဲ ဖြစ်နေတယ်၊ အရူပ ၄-ဘုံရှိတယ်၊ အဲဒီဘုံတွေတော့ဖြင့် ဓာတ်ကြီးလေးပါး မရှိဘူး၊ အဲဒီက အောက်မှာဆိုရင်တော့ ကာမဘုံ ၁၁-ဘုံရှိတယ်၊ ရူပါဝစရဘုံက ၉-ခုနဲ့ ၇-ခုနဲ့ပေါင်းတော့ ၁၆-ခုရှိတယ်၊ ၁၁ နဲ့ ၁၆ ပေါင်းလိုက်လို့ရှိရင် ၂၇-ဘုံမှာ မဟာဘုတ် ၄-ပါးရှိတာပဲ၊ အဲဒီ မဟာဘုတ် ၄-ပါးဟာ အဆိပ်ပြင်းထန်တဲ့ မြွေကြီးတွေနဲ့တူတယ်တဲ့၏၊ တူပုံကလဲ အာသယတူပုံအားဖြင့်လဲ တူပါတယ်တဲ့၊ တစ်နေ့က ပြောခဲ့ပြီ၊ ဓာတ်ကြီး ၄-ပါးရဲ့ လက္ခဏာရသ ပစ္စုပဋ္ဌာန်တွေနဲ့ တစ်နေ့ကဟောခဲ့ပြီ၊ ဓာတ် ၄-ပါးအကျယ်အားဖြင့် ၃၂-ကောဋ္ဌာသ ဒါတွေလဲပဲ တစ်နေ့က ပြောခဲ့ပြီ။

ဝါယောဓာတ် ၆-ပါး

အဲဒီအထဲမှာ ဝါယောဓာတ် ၆-ပါးတော့ဖြင့် ခွဲပြီး မဟောခဲ့ရသေးဘူး၊ အကျဉ်းပဲဟောသွားတယ်၊ အရင်ကလဲဟောဖူးနေပါပြီ၊ ဝါယောဓာတ် ၆-ပါးကတော့ သူကလဲ လွယ်လွယ်ပါပဲ၊ **ဥဒ္ဓင်္ဂမဝါယော**၊ အထက်ကိုတက်တဲ့လေတွေ ပို့လိုက် အန်လိုက်ကြွတိုးလိုက်စသည်ဖြင့်ပေါ့လေ။ အထက်ကိုတက်တဲ့လေ။ သူက လေတစ်မျိုးဆိုပြီး သူ့ကို အမည်ပေးထားတယ်၊ **အဓောဝမဝါယော** အောက်ဆင်းတဲ့ လေတွေ အောက်သက်သက်ဆင်းတာလဲရှိတာယ်၊ ကျင်ကြီးကျင်ငယ်တွေ တွန်းကန်ပြီး ဆင်းသွားတာလဲ ရှိတယ်။ **ကုစ္ဆိသယဝါယော**တဲ့၊ ဝမ်းထဲမှာ အူအပြင်က ဝမ်းဗိုက်ထဲ မှာနေတဲ့လေ၊ အဲဒီလေတွေက တစ်ခါတစ်ခါ ဗိုက်ထဲမှာ တင်းပြီးလဲ နေတတ်တယ်၊ တွန်းကန်ပြီးတော့လဲ နေတတ်တယ်။ **ကောဋ္ဌာသယဝါယော**တဲ့၊ အူထဲမှာနေတဲ့လေ၊ ဝမ်းထဲက နေတဲ့လေက ၂-မျိုးရှိတာယ်၊ အူအထဲကလေက တစ်မျိုး၊ အူအပြင်ကနေတဲ့ လေက တစ်မျိုး ၂-မျိုးရှိတယ်။ **အင်္ဂမင်္ဂါနုသာရိဝါယော** တဲ့၊ အင်္ဂါကြီးငယ်လျှောက်တဲ့ လေတဲ့၊

http://www.dhammadownload.com

ကိုယ်အင်္ဂါတွေ လှုပ်ရှားနိုင်တာတွေဟာ ဒီလေကြောင့် လှုပ်ရှားနိုင်တာ။ လက်ကလေးကွေးလိုက်၊ ခြေကလေးကွေးလိုက်၊ မျက်စိဖွင့်လိုက်၊ မှိတ်လိုက်၊ ပါးစပ်ဖွင့်လိုက်၊ ပိတ်လိုက်၊ လျှာလှုပ်လိုက်၊ ခြေထောက်တွေ လှုပ်လိုက်၊ ကိုယ်ယမ်းလိုက်၊ ယိုင်လိုက်စသည်ဖြင့် ကိုယ်အမူအရာတွေ ပြုတာတွေဟာ **အင်္ဂမင်္ဂါနုသာရိဝါယော**၊ အင်္ဂါကြီးငယ်တွေ လှုပ်ရှားတဲ့လေ၊ ယောဂီပုဂ္ဂိုလ်တွေ အခုတရား အားထုတ်ရတာ၊ အခု အဲဒီလေတွေပဲ မှတ်ရတာ များပါတယ်။ ကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ လှုပ်ရှားလိုက်၊ သွားလိုက် လာလိုက်၊ ဒါတွေ မှတ်ရတာက များပါတယ်။ **အဿာသပဿာသ ဝါယော** ထွက်သက် ဝင်သက်လေ၊ ဒါလဲပဲ နှာခေါင်းဝက ဝင်လိုက် ထွက်လိုက် ထင်ရှားနေတာပါပဲ။

ဒီလေတွေကတော့ တော်တော်လေးထင်ရှားပါတယ်၊ အထက်တက်တဲ့လေလဲ ထင်ရှားတာပဲ၊ အောက်ဆင်းတဲ့လေလဲ ထင်ရှားတာပဲ၊ အူထဲကလေဆိုတာလဲ ဒါလဲထင်ရှားတာပဲ၊ အူထဲမှာ တစ်ခါတစ်ခါ တင်းတင်းနေတာရှိတယ်၊ ဝမ်းတွင်းက လေတွေလဲ အတော်တော့ထင်ရှားပါတယ်၊ **အင်္ဂမင်္ဂါနုသာရိ ဝါယော**၊ အင်္ဂါကြီးငယ် လျှောက်နေတဲ့လေကတော့ ယောဂီပုဂ္ဂိုလ်တွေ တရားအားထုတ်ရာမှာ ထင်ရှားတယ်၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒါ လေမှန်း မသိဘူး၊ ဒါကို ဘာဖြစ်နေတုန်းဆိုတော့ ငါပဲအောက်မေ့နေတယ်၊ ငါပဲ ထွက်သက် ဝင်သက်လေ ဆိုတာလဲပဲ **အာနာပါနတမ္မဋ္ဌာန်း**ရှုတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဒီထွက်သက် ဝင်သက်လေကို ရှုနေရတာပဲ။

အခု ဗိုက်ကဖောင်းတာ ပိန်တာရှုတဲ့ပုဂ္ဂိုလ်ကလဲပဲ ထွက်သက် ဝင်သက်ကို တိုက်ရိုက်ရှုတာတော့မဟုတ်ဘူး၊ ဒါပေမယ်လို့ ထွက်သက်ဝင်သက်နဲ့ တွဲနေတယ်၊ တစ်ဆက်တည်းဖြစ်နေတယ်၊ ဖောင်းတာမှတ်လိုက်၊ ပိန်တာမှတ်လိုက်၊ ထွက်သက် ဝင်သက်ကလဲပဲ ထင်ရှားနေတယ်၊ ထွက်သက်ဝင်သက်ရဲ့ အကျိုးဆက်လို ဖြစ်နေတယ်၊ အဲဒါတွေကို ရှုရတယ်၊ အဲဒါလေး ၆-ခုပဲ၊ ဒါလောက်ပဲ ကျန်ပါတယ်၊ ဒါတွေ စုံသွားပါပြီ။

http://www.dhammadownload.com

ပထဝီဓာတ်

ပထဝီဓာတ်ဆိုတာ ခက်မာကြမ်းတမ်းတာ နူးညံ့တာတဲ့၊ အများသိလွယ်တာကတော့ ပတိဋ္ဌာနရသတို့၊ သမ္ဗဉ္ဇိဿန ပစ္စုပဋ္ဌာနာတို့ အဲဒါတွေနဲ့ပဲ သိရတယ်။ ခြေထောက်နင်းချလိုက်တဲ့အခါကာလကျတော့ တိုက်ပြီးတော့ အောက်က ကြမ်းပြင်ကဖြစ်စေ၊ မြေပြင်ကဖြစ်စေ၊ ပထဝီဓာတ်က တိုက်ခံထားတာ၊ အောက်ကျွံကျမသွားဖို့ ခြေထောက်ကရှိနေတဲ့ ပထဝီဓာတ်ကလဲပဲ အထက်ကို မြေကြီးတွေတက်မလာရဘူး၊ ခံပြီးတော့ နေရတယ်၊ ခြေထောက်ကလဲပဲ အထက်ကို မြေကြီးတွေတက်မလာရဘူး၊ ခံပြီးတော့ နေရတယ်၊ ခြေထောက်ထဲက ပထဝီလဲပဲ ခံထားတယ်၊ ခြေထောက်ထဲမှာလဲ အဆင်သင့်ရှိတယ်၊ ခြေထောက်ထဲမှာ အထက်အထက်က ပထဝီကလဲပဲ အောက်အောက်ပထဝီကို ကန်ထားတယ်၊ ဒါကြောင့် ကိုယ်ကြီးကထောင်ပြီးတော့ ဒီအတိုင်းနေနေတာ၊ နို့မို့ရင် အောက်ကဟာတွေက အထက်ကို ကျွံတက်လာမှာ၊ အထက်ကဟာတွေကလဲ အောက်ကျွံကျသွားမှာ၊ တိုက်တိုက်ပြီးတော့ ခံထားတဲ့သဘောလေးဟာ ပထဝီဓာတ် သဘောလေး။ ခက်မာကြမ်းတမ်းတာ၊ နူးညံ့တာ၊ တိုက်ခံတာက ပထဝီဓာတ်၊ ဒီလို မှတ်ရမှာ။

ပထဝီဓာတ် ရှုမှတ်သိ

ဒီမှာအကုန်လုံး ယောဂီပုဂ္ဂိုလ်တွေ ရှုပုံတွေအကုန်လုံးစုံသွားမယ်၊ ခက်မာတယ်၊ မာမာကြမ်းကြမ်း တွေ့ရတယ်၊ ကြမ်းကြမ်းတွေ့ရင် နူးညံ့တာလဲ တွေ့တော့တာပဲ၊ ကြမ်းတမ်းတာ, နူးညံ့တာ, တိုက်ခံနေတာ, တစ်နေရာ တစ်နေရာမှာ ထိလိုက်တဲ့အခါမှာ ဟိုဘက်ကလဲတိုက်ခံ၊ ဒီဘက်ကလဲတိုက်ခံ၊ ပထဝီဓာတ် ၂-ခု တိုက်ခံနေတယ်၊ ပန်းပဲဆရာမျှားမယ်၊ ပန်းပဲဆရာတွေမျှား အောက်ကပေခေါ်တဲ့ သံတုံးပေါ်တစ်စုံတစ်ခု သံချောင်းတို့တင်ပြီးသကာလ တူကြီးနဲ့ထုလိုက်တော့ အောက်ကပေကလဲ ပထဝီဓာတ်အားကောင်းတော့ တိုက်ပြီးတော့ခံတယ်။ အထက်ကလဲပဲ တူကြီးကလဲပဲ တိုက်ပြီးတော့ ခံထားတယ်၊ အလယ်က သံချောင်းကလဲပဲ သူ့အထဲမှာ ပထဝီဓာတ်တွေရှိတယ်၊ သူလဲတိုက်ခံတာပဲ၊ အထက်ဘက်ရော

http://www.dhammadownload.com

အောက်ဘက်ရော သူကတိုက်ခံတာ၊ သူက အားနည်းတော့ ပြားပြီးသွားရတယ်၊ ပြားအောင်လို့လဲ ထုတာပဲ၊ တိုက်ခံတဲ့သဘောကလဲ ပထဝီဓာတ်တဲ့။

တရားအားထုတ်တဲ့အခါကာလမှာ တစ်စုံတစ်ခုလက်နဲ့စမ်းသပ်လို့ ဖြစ်စေ၊ အလိုလို တိုက်ခိုက်သွားလို့ဖြစ်စေ၊ တိုက်တဲ့အခါကာလမှာ ကြမ်းတမ်းတဲ့သဘော၊ ခက်မာတဲ့သဘောတွေ့ရတယ်၊ ပထဝီတွေ့တာပဲ၊ အဲဒီမှာ ထိတယ်လို့မှတ်လိုက်ရင် ပထဝီပဲတွေ့တာပဲ။ ဒါ လက်ပဲ, ခြေပဲ, ကိုယ်ပဲ, ခေါင်းပဲ, ဆိုပြီးသိတဲ့ ပကတိပုဂ္ဂိုလ်တွေကတော့ မရှုလို့၊ မမှတ်လို့။

ရှုလို့ရှိရင် သမာဓိဉာဏ်က အားကောင်းနေတဲ့အခါဆိုရင် ထိရင်ထိတဲ့ သဘောလေးတွေ့ရမှာ၊ မာရင်မာတာလေး၊ ကြမ်းရင် ကြမ်းတာလေးပဲသိရမယ်။

ပထမစပြီး ရှုခါစတော့ ပညတ်တွေနဲ့ အထည်ဝတ္ထုနဲ့တွဲပြီး သိတာပါပဲ၊ တချို့ကပြောကြတယ်၊ ပညတ်မပါဘဲနဲ့ ပရမတ်သက်သက်ကလေး ရှုရမယ်၊ ပထဝီဓာတ်ရဲ့လက္ခဏာလေး ရှုရမယ်လို့ပြောကြတယ်၊ ဒါကသူဟာ စာစကားမိုလို့ပြောတာ၊ ပြောတဲ့ပုဂ္ဂိုလ်တွေဟာ သူကိုယ်တိုင်ပဲအားထုတ်ကြည့်ရင် ပထဝီဓာတ်ခက်မာတဲ့ သဘောကလေးတွင် ရပ်ပြီးတော့သိလို့ မဖြစ်ဘူး၊ သူ စာစကားပြောတာ၊ စာတွေ တချို့ရေးထုတ်တယ်၊ ဒါလဲ သူဟာ စာစကားနဲ့ သူဟာရေးတာ။

ဘင်ဉာဏ်ရောက်မှ အထည်ဖြစ်ပျောက်

တကယ်လို့ဆိုရင် အားထုတ်ခါစပုဂ္ဂိုလ်မှာ ပထဝီဓာတ် သက်သက်ကလေးတွင် ကွက်ပြီးသိဖို့ရာမဖြစ်နိုင်ဘူး၊ ပညတ်သဏ္ဌာန်တွေပါတွဲပြီးတော့ သိတာပါပဲ၊ ဉာဏ်ရင့်လာတဲ့ အခါကျတော့ လက္ခဏာကလေးတွေနဲ့ သိပါတယ်၊ ဘယ်လောက်ရင့်မှာတုန်းဆိုရင် သေသေချာချာဆိုရင် ဘင်္ဂဉာဏ်ဆီကျမှပဲ ရှင်းပါတယ်၊ နာမရူပပရိစ္ဆေဒဉာဏ်က နာမ်နဲ့ရုပ်သိတယ်ဆိုပေမယ့်လို့ အကြမ်းဖျင်း သိတာ၊ ဒါနဲ့ တချို့က နာမရူပပရိစ္ဆေဒဆိုရင်ကိုပဲ ပညတ်သဏ္ဌာန်တွေ အကုန်ပျောက်ရမယ်လို့ တချို့ကဟောတယ်၊ ဒါလဲ စာသဘောနဲ့ ဟောနေတာ၊ သူကိုယ်တိုင် အားထုတ်ကြည့်ရင် မဖြစ်တဲ့ဥစ္စာတွေ့ မဖြစ်နိုင်ဘူး၊ သူ့ဟာ ကျမ်းဂန်သဘောကတော့ သူက ဟောလို့တော့ဖြစ်တာပဲ၊ သေသေချာချာ ဝိပဿနာဉာဏ်ကို

http://www.dhammadownload.com

ဆုံးဖြတ်ပြတဲ့အခါကာလကျတော့ ဘင်္ဂဉာဏ်ကျမှပဲ ပုံသဏ္ဌာန်အထည်ဖြပ်ပျောက်တဲ့ဟာတွေကို ဟောတာပါပဲ။

ဉာဏ်ထက်လျှင် သခ်ၤရမြန်မြန်သိခြင်း

ဉာဏော တိတ္ထေ ဝဟန္တေ သခ်ၤရေဆု လဟုံ ဥပဋ္ဌဟန္တေသု
ဥပါဒံဝါ ဋ္ဌိတိ ဝါ ပဝတ္တံဝါ၊ နိမိတ္တံ ဝါ န ဆမ္ဘာပုဏာတိ၊
ဧသဝယသေခနိရောဓေယေဝ သတိ သန္ဌိဋ္ဌတိ၊

(ဝိသုဒ္ဓိ၊ ၄၊ ၂။ ၂၇၇)

ဉာဏော၊ ဝိပဿနာဉာဏ်သည်။ **တိတ္ထေ**၊ ထက်မြက်သည်ဖြစ်၍။ **ဝဟန္တေ**၊ သူအလိုလိုပင် ဆောင်သွားသကဲ့သို့ဖြစ်လတ်သော်။

ဉာဏ်ကထက်သန်ပြီးတော့ သူအရှိန်နဲ့သူ ဆွဲဆောင်သွားသလိုပဲ အသိတွေလျင်လျင်မြန်မြန်ဖြစ်လာတဲ့ အခါမှာ။

သခ်ၤရေဆု၊ သခ်ၤရတရားတို့သည်။ **လဟုံ**၊ လျင်မြန်စွာ။ **ဥပဋ္ဌဟန္တေသု**၊ ကောင်းစွာထင်ပေါ်ကုန်လတ်သော်။

သခ်ၤရတရားတွေကလဲ လျင်လျင်မြန်မြန်ပေါ်တယ်၊ အဲဒီအခါမှာ သခ်ၤရတရားမှာတော့ ကြောင့်ကြဗျာပါရမရှိပါ၊ ဒီပုဂ္ဂိုလ်ကတော့ ဝိပဿနာဉာဏ်နုသေးတယ်လို့ ဖြည်းဖြည်းချင်းပေါ်မှပဲ၊ သခ်ၤရတရားတွေမှာ ဒီလိုကြောင့်ကြဗျာပါရမရှိဘူး၊ ဒီပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်တွေရင့်နေပြီ၊ တို့မြန်မြန်ပေါ်ပေးမှပဲလို့ ဒီလိုပဲ ကြောင့်ကြဗျာပါရမရှိပါဘူး၊ ဒါပေမယ်လို့ ကျမ်းဂန်ကဆိုထားတာကတော့ သခ်ၤရတရားတွေ ဉာဏ်ရင့်လို့ မြန်မြန်ပေါ်ပေးသလိုလို ဒီလိုဖြစ်နေတယ်၊ ဒါတင်စားပြီးတော့ ဟောတာ၊ တင်စားပြီးပြောထားပါတယ်၊ နားလည်လွယ်အောင်လို့ ပြောထားပါတယ်။

ဉာဏော၊ ဝိပဿနာဉာဏ်သည်။ **တိတ္ထေ**၊ ထက်မြက်သည်ဖြစ်၍။ **ဝဟန္တေ**၊ သူအလိုလိုဆောင်ရွက်သွားသကဲ့သို့ ဖြစ်လတ်သော်။ **သခ်ၤရေဆု**၊ သခ်ၤရတရားတို့သည်။ **လဟုံ**၊ လျင်မြန်စွာ။ **ဥပဋ္ဌဟန္တေသု**၊ ထင်ပေါ်ကုန်လတ်သော်။

http://www.dhammadownload.com

ဉာဏ်ထက်မြက်တော့ သခ်ါရတရားတွေက လျင်လျင်မြန်မြန်ပေါ်သည်၊ လိုရင်းကတော့ ဉာဏ်ထက်မြက်လို့ သခ်ါရတရားတွေ လျင်လျင်မြန်မြန်သိသွားတာ ပြောတာပါပဲ။

ဉာဏ်က ပထမကတော့ ရှုသင့်ရှုထိုက်တာတွေ ရှုမိအောင်လို့ အင်မတန် ကြောင့်ကြစိုက်ရပါတယ်၊ စပြီးရှုခါစ လွယ်လွယ်ကလေး ဖောင်းတယ်ပိန်တယ်၊ ၂-ခုထဲရှုပါဆိုတာတောင်မှ ဒါတောင်အရှိန်ရအောင် မရှုနိုင်ဘူး။ ဖောင်းတယ် ပိန်တယ်၊ ဒါလေး ၂-ခုကို နေရာကျအောင် ရှုနိုင်တာမဟုတ်ဘူး၊ မရှုနိုင်လို့ စိတ်ကူးတွေ တခြားရောက်နေတာ အများကြီးရှိတယ်၊ အဲဒီတော့ စပြီးအားထုတ်ခါစမှာ ပရမတ် သဘောလက္ခဏာလေးတွင် ကွက်ပြီးရှုရမယ်ဆိုတာ ဒါမဖြစ်နိုင်တဲ့ဥစ္စာပါပဲ၊ ဉာဏ်ရင့်လာတဲ့အခါ ကာလကျတော့ ဉာဏ်ကမြန်လာတယ်၊ အလေ့အကျင့် ရလာတာပါပဲ။

ဘယ်အရာမဆိုပဲ အလုပ်တစ်ခုစပြီး လုပ်လို့ရှိရင် အလုပ်လုပ်ခါစတော့ ခပ်နှေးနှေးပဲ၊ မမြန်သေးဘူး၊ နောက်ကျင့်သားရလာတဲ့ အခါကျတော့ မြန်လာတယ်၊ စိတ်အလုပ်ပဲဖြစ်ဖြစ်၊ လက်ကလုပ်တဲ့ အလုပ်ပဲဖြစ်ဖြစ်၊ နှုတ်ကပြောတဲ့ အပြောပဲ ဖြစ်ဖြစ်၊ ကြာတော့ အလေ့အကျင့်ရလာတော့ မြန်လာတယ်၊ အခုဟာကလဲ စိတ် အကျင့်ရလာတော့ မြန်လာတယ်၊ အသိမြန်လာတော့ အာရုံတွေလဲ မြန်မြန် ထင်သလို ဖြစ်နေတာပေါ့၊ အာရုံတွေကလဲပဲ တစ်ခုပြီးတစ်ခု လှစ်ခနဲ လှစ်ခနဲ ပေါ်နေတယ်။

သခ်ါရေသု၊ သခ်ါရတရားတို့သည်။ **လဟုံ**၊ လျင်စွာ။ **ဥပဋ္ဌဟန္တေသု**၊ ထင်ကုန်လတ်သော်။ **ဥပ္ပါဒံ ဝါ ဋ္ဌိတိ ဝါ နိဗ္ဗိတ္တိံ ဝါ နာ သမ္ဘာပုဏာတိ၊**

ဥပ္ပါဒံဝါ၊ အစဖြစ်ပေါ်မှုကိုလည်း မရောက်တော့ဘူး။ အစကဥဒယဗ္ဗယ ဉာဏ်က ဥဒယဗ္ဗယဉာဏ်ရဲ့အထက်ကို တက်ပုံကိုဟောပြနေတာ။ ဝိသုဒ္ဓိမဂ်က အစတုန်းကအစလေး ဖြစ်ပေါ်တာလေးထင်တယ်။ အခုအစ ဖြစ်ပေါ်တာမတွေ့ ဘူးတဲ့။

ဋ္ဌိတိ ဝါ၊ အလယ်ပိုင်းတည်မှုကိုလဲ။ **နာ သမ္ဘာပုဏာတိ**၊ မရောက်။ အလယ်ပိုင်းတွေကလည်း အစတုန်းက ထင်ခဲ့တယ်။ အခုမထင်ဘူး။

http://www.dhammadownload.com

နိမိတ္တံဝါ ပဝတ္တံဝါ၊ မပြတ်စပ်လျက်ဖြစ်သော ရုပ်နာမ်အလျင်ကိုလဲ၊ **နသမ္မာပုဏာတိ၊** မရောက်။

အစတုန်းကဆိုရင် ရုပ်နာမ်တွေဟာ တစ်ခုပြီးတစ်ခု တစ်စပ်တည်းအပြတ်အခြားမရှိဘဲနဲ့ တစ်ဆက်တည်းလိုဖြစ်ပြီးတော့ ထင်နေတာရှိတယ်တဲ့။ အဲဒီဟာလဲ မပေါ်တော့ဘူးတဲ့။

နိမိတ္တံ ဝါ၊ ပုံသဏ္ဌာန်နိမိတ်ကိုလည်း။ **န သမ္မာပုဏာတိ၊** မရောက်။

အစတုန်းကတော့ လက်ပုံသဏ္ဌာန် ခြေပုံသဏ္ဌာန်၊ အဲဒီ ပုံသဏ္ဌာန်နိမိတ်တွေ ပါတယ်၊ ဖောင်းတယ် ပိန်တယ် မှတ်တယ်၊ အစတုန်းက ဝိုက်ပုံသဏ္ဌာန်နဲ့ အလုံးလိုက်ကြီး တက်လာလိုက် ကျသွားလိုက်၊ ကွေးတယ် ဆန့်တယ် မှတ်လို့ရှိရင်လဲပဲ ကွေးတဲ့လက်ကြီး ဆန့်တဲ့လက်ကြီး ပုံသဏ္ဌာန်အတိုင်းပဲ၊ ခေါင်းငုံ့ရင် ငုံ့သွား၊ ခေါင်းပုံသဏ္ဌာန်အတိုင်းပဲ၊ သွားရင်လဲပဲ ကြွတယ်, လှမ်းတယ်, ချတယ် ခြေပုံသဏ္ဌာန်အတိုင်းပဲ၊ ထိုင်တယ် မှတ်ရင်လဲပဲ ထိုင်တဲ့ကိုယ်ကြီး အကောင်အထည်အလိုက် ဒီလိုထင်နေမှာပဲ၊ အစအားထုတ်ခါစတုန်းကလို အဲဒီလို ပုံသဏ္ဌာန် နိမိတ်တွေလဲ မရောက်တော့ဘူး၊ ဒါတွေလဲ မထင်တော့ပါဘူးတဲ့၊ နို့ ဘာထင်တုန်းဆိုတော့-

ခယ ဝယဘေဒနိရောဓေယေဝ၊ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟု ဆိုအပ်သော ချုပ်ခြင်းသဘော၌သာလျှင်။ **သန္နိဋ္ဌတိ၊** ကောင်းစွာတည်လေတော့၏။

ကုန်သွားတဲ့သဘော၊ ပျောက်သွားတဲ့သဘော ပျက်သွားတဲ့သဘော၊ အဲဒါဟာ ချုပ်တာပဲ ချုပ်တယ်လို့ဆိုတယ်၊ သခ်ါရတွေ လုံးလုံးမရှိတဲ့ ဘာမှမရှိဘဲနဲ့ ရုပ်နာမ်တွေ အကုန်လုံးချုပ်ငြိမ်းသွားတာက နိဗ္ဗာန်ကိုး၊ အဲဒီ နိဗ္ဗာန်အချုပ်တော့ မဟုတ်ဘူး၊ ဒါက ဖြစ်ပြီးသား ရုပ်နာမ်တွေ ချုပ်သွားတာ၊ **ခယ**-ကုန်သွားတာပါပဲတဲ့၊ ဖြစ်ပြီးသားလေး ကုန်သွားတာ ဆုံးသွားတာ၊ ကုန်သွားတာကိုပဲ ပျောက်တယ်လို့လဲ ခေါ်ရတယ်တဲ့၊ ပျက်တယ်လို့လဲ ခေါ်ရတယ်တဲ့၊ ရုပ်တရား နာမ်တရားတွေ ပျက်တယ်ဆိုတာဟာ လောကမှာ ပန်းကန်များ ကွဲသွားသလို အိုးများ ကွဲသွားသလို အိမ်တို့ကျောင်းတို့ ပြိုပျက်ကျသွားသလို၊ အဲဒါမျိုး မဟုတ်ဘူး။ ဒီ ပျက်တာက သူဟာ ရှိပြီးသားလေး ပျောက်သွားတာပဲ၊ လျှပ်စီးလက်လိုက်တာလေး၊ အဲဒီ လက်လိုက်တာလေး ပျောက်သွားတာကိုပဲ ပျက်တယ်လို့ ပြောတယ်။

http://www.dhammadownload.com

ဒါကြောင့် ကုန်သွားတာ ဆုံးသွားတာ ပျောက်သွားတာသည်ပင်လျှင် ပျက်သွားတာပဲ၊ ပျက်သွားတာလေးတွေပဲ ချုပ်သွားတာပဲ၊ အဲဒီ ကုန်သွားတဲ့သဘော, ပျောက်သွားတဲ့သဘော, ပျက်သွားတဲ့ သဘော၊ အဲဒီသဘောဟာ ချုပ်တဲ့သဘောပဲ၊ အဲဒီ သဘောမှာပဲ စိတ်ကလေးတည်နေတယ်တဲ့။ ဉာဏ်ကလေးတည်နေတယ်။ မှတ်တိုင်း မှတ်တိုင်းဟာဖြင့်ရင် ဖောင်းတာမှတ်လဲ ဖောင်းတဲ့သဘောလေး တရိပ်ရိပ်နဲ့ ကုန်ကုန်ပျောက်ပျောက် ပျက်ပျက်သွားတဲ့သဘောပဲ တွေ့ရတယ်၊ ဗိုက်ပုံသဏ္ဌာန် မတွေ့ရဘူး၊ ကွေးတယ် ဆန့်တယ် မှတ်လို့ရှိရင်လဲ တစ်ရွေ့ချင်း တစ်ရွေ့ချင်း ရွေ့လိုက် ပျောက်လိုက် ရွေ့လိုက် ပျောက်လိုက် ပျောက်ပျောက်လိုက်နေတာ၊ ဟိုနေရာကရွေ့ ဟိုနေရာတွင်ပျောက်၊ ဒီနေရာကရွေ့ရင် ဒီနေရာတွင်ပျောက်၊ ရွေ့တဲ့သဘော တွန်းကန်တဲ့သဘော လှုပ်ရှားတဲ့သဘောလေးတွေဟာ သူ့နေရာတွင် သူပျောက်သွားတာပဲတဲ့၊ ပုံသဏ္ဌာန်အထည်ဖြပ် မတွေ့ရဘူးတဲ့၊ လက်ပုံသဏ္ဌာန်အစက တွေ့နေတာ၊ အခု မတွေ့ဘူးတဲ့။

ဒါကြောင့် ဒီဉာဏ်ရောက်တဲ့အခါ ယောဂီဟာ ဘာမှမရှိတော့ဘူးလို့ပြောတာ၊ ဘာမှ မရှိတော့ဘူး ပျောက်နေတာချည်းပဲ တွေ့နေတာ၊ ဘာမှမရှိတော့ဘူးဆိုပြီး မှတ်လို့တောင် တယ်မကောင်းဘဲ ဖြစ်လာတတ်သေးတယ်၊ အမှန်စင်စစ်ကတော့ အဲဒီဘင်္ဂဉာဏ်ရောက်မှပဲ ပုံသဏ္ဌာန်နိမိတ်ပညတ်တွေဆိုတာ ကောင်းကောင်း ပျောက်ပါတယ်၊ အမှတ်ကောင်းနေတဲ့အခါမှာ ကောင်းကောင်းပျောက်တယ်။

တချို့တ ကိုယ်တိုင်မသိဘဲ ဟောကြ‌ရေးကြ

အဲဒါ စစချင်းက ပျောက်ရမယ်လို့ တချို့က ဟောနေပြောနေကြတယ်၊ စာတွေရေးတယ်၊ အဲဒါ သူစာသဘောနဲ့ ရေးတာပဲ၊ သူကိုယ်တိုင်သိလို့ ရေးတာ မဟုတ်ဘူး၊ သူလဲမသိဘူး၊ ဘုန်းကြီးကတော့ အဲဒီလိုစာလေးတွေတွေ့ရင် ဒီစာရေးတဲ့ ပုဂ္ဂိုလ်ဟာ သူကလဲပဲ ဒီဉာဏ်ကလေးတွေ သူမရောက်သေးလို့ သူမတွေ့သေးလို့ သူရေးတာပဲ၊ ဘုန်းကြီးက ဒီလိုအောက်မေ့တယ်၊ တချို့ ထင်ထင်ရှားရှားပုဂ္ဂိုလ်ကြီးတွေပါပဲ၊ တချို့ကျမ်းပြုပြီး ရေးထားတယ်၊ တကယ်အဖြစ်အပျက် ရှုပ်

http://www.dhammadownload.com

နာမ်ကလေးတွေ သူမတွေ့သေးဘူး၊ စာသင်ဘောနဲ့ သူလျှောက်ရေးထားတာကိုးလို့ ဘုန်းကြီးက အောက်မေ့တယ်။

ပထဝီဓာတ်ထင်ပုံ

အဲဒါကြောင့် အခုပထဝီဓာတ် သိတယ်ဆိုလို့ရှိရင် ခက်မာတာ ကြမ်းတမ်းတာ နူးညံ့တာ တိုက်ပြီးတော့ ခံနေတာဒါတွေ တွေ့ရမှာ၊ ဒါပေမယ့် မှတ်တိုင်း မှတ်တိုင်း ဒါတွေ အကုန်တွေ့ရမှာ မဟုတ်ဘူး၊ တစ်ခါ တစ်ခါ ခက်မာတာ, တစ်ခါ တစ်ခါ ကြမ်းနေတဲ့သဘော, တစ်ခါတစ်ရံကျတော့ နူးညံ့တဲ့သဘော, တစ်ခါတစ်ခါ ကျတော့တိုက်ပြီး ခံနေတဲ့သဘော, နင်းလိုက်တဲ့အခါ ထိလိုက်တဲ့အခါတွေမှာ ဟိုဘက်ကလဲ တိုက်ခံတဲ့သဘော, ဒီဘက်ကလဲ တိုက်ခံတဲ့သဘော၊ အဲဒါ ပထဝီဓာတ်တွေ့တာ။

ပထဝီဓာတ် ထင်ပုံကလေးဆိုရမယ်။

ခက်မာကြမ်းတမ်းတာ နူးညံ့တာ တိုက်ခံတာတာ ပထဝီဓာတ်။

အဲဒီ ပထဝီဓာတ် ခက်မာကြမ်းတမ်းတာ တွေ့လို့ရှိရင်လဲ ပထဝီဓာတ်တွေ့တာပဲ၊ နူးညံ့တာတွေ့ရင်လဲ ပထဝီဓာတ်တွေ့တာပဲ၊ ချောညက်တာကို စကားလုံးတွေ မျှားမှာစိုးလို့မထည့်ဘူး၊ နောက်ခြေထောက်ကို နင်းချလိုက်တဲ့အခါ လက်တွေ ချလိုက်တဲ့အခါ တစ်နေရာရာကတိုက်ပြီးတော့ ဟိုဘက်ကလဲ တိုက်ခံနေတယ်၊ ဒီဘက်ကလဲ တိုက်ခံနေတယ်ဆိုရင် ပထဝီဓာတ်က ပေါ်လွင်ထင်ရှားတယ်။ ဒါ ပထဝီဓာတ်တဲ့။

တိုက်ခံတာက ဘာတုန်းဆိုတော့ **ပတိဋ္ဌာနရသ**-တည်ရာကိစ္စ ရှိတယ်တဲ့။

သမ္မဉ္ဇနပစ္စုပဋ္ဌာနာ-ခံလင့်ခြင်း၊ တိုက်ပြီးတော့ ခံနေခြင်းဟာ သူရဲ့ပစ္စုပဋ္ဌာန်ပဲတဲ့၊ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲမှာ ထင်ပေါ်တတ်တဲ့ အရာပဲတဲ့၊ ဒီလိုပဲ ထင်တတ်တယ်တဲ့၊ အဲဒါ ပထဝီဓာတ်။

http://www.dhammadownload.com

အာပေါဓာတ် ထင်ပုံ

အာပေါဓာတ်ကျတော့ ယိုစီးတာ, ဖွဲ့စည်းတာ၊ ယိုစီးတယ်ဆိုရင် အရေသဘောပေါ့၊ အရေသဘော၊ အဲဒီ ယိုစီးတဲ့သဘောထင်လို့ရှိရင် အဲဒါက အာပေါဓာတ်၊ မျက်ရည်တွေ ကျလာတယ်၊ နှာခေါင်းက နှာရေတွေကျလာတယ်၊ ပါးစပ်က အာခေါင်ကနေ အရေတွေ၊ ကျလာတယ်၊ လျှာရင်းတို့ အာခေါင်တို့ အဲဒီမှာ အရေလေးတွေ၊ ဒါလေးတွေ ကျလာတယ်၊ ရှုရင်း မှတ်ရင်းဆိုတော့ ဒါလေးတွေတွေ့တယ်။ အဲဒီမှာ အရေသဘော ယိုစီးတဲ့သဘောတွေ့ရတယ်၊ ပြီးတော့ တစ်နေရာရာထိတဲ့ အခါကာလကျရင် အလုံးအခဲအနေ ဖွဲ့စည်းနေတဲ့သဘောအနေလဲ တွေ့တတ်တယ်၊ ယိုစီးတာ ဖွဲ့စည်းတာ လေးကျတာတဲ့၊ မနေ့က ပြောခဲ့ပြီ၊ ခြေထောက်ကို နင်းချလိုက်တဲ့အခါမှာ ခြေထောက်က လှမ်းရာကနေပြီး အောက်နင်းချလိုက်လို့ ကျသွားတာ လေးပြီးတော့ ကျသွားတာ အာပေါဓာတ် ခေါင်းဆောင်တယ်တဲ့၊ လေးတဲ့သဘောက အာပေါဓာတ်ပဲတဲ့၊ ဦကာဆရာတွေက ဖွင့်ထားတယ်။

အဲဒီအခါမှာ ပထဝီဓာတ်က နောက်လိုက်ပဲတဲ့၊ ခက်မာကြမ်းတမ်းတဲ့သဘောက နောက်လိုက်တဲ့၊ အာပေါ-လေးတဲ့သဘောက သူက ရှေ့ဆောင်ပဲတဲ့၊ ဒီတော့ လေးကျသွားတာ လက်တွေ မြွောက်ရာကနေ အောက်ချလိုက်တဲ့အခါမှာ လေးကျသွားတာ၊ ထိုင်တဲ့အခါကာလမှာလဲ ထိုင်တယ် ထိုင်တယ်လို့ စိုက်ပြီး မှတ်တော့ ကိုယ်ကြီးက တစ်ရွေ့တစ်ရွေ့ချင်း ရွေ့ရွေ့ပြီးတော့ကျသွားတာ အာပေါဓာတ်သဘော ထင်ရှားတယ်၊ ဘယ်နေရာမဆိုပဲ ဒီလေး-လေးကျသွားတဲ့ သဘော ထင်ရှားလို့ရှိရင် ဒါ အာပေါဓာတ် ထင်ရှားတာပဲ၊ ခြေတစ်လှမ်းအတွင်းမှာ လေးကျသွားတယ်လို့ ထင်တိုင်းထင်တိုင်းဟာ သူအာပေါဓာတ် တွေ့နေတယ်၊ ဒါကြောင့် အဲဒါကိုလဲပဲ မှတ်ရအောင်လို့ ယိုစီးတာဖွဲ့စည်းတာ လေးကျသွားတာက အာပေါဓာတ် ဆိုရမယ်။

ယိုစီးတာ၊ ဖွဲ့စည်းတာ၊ လေးကျသွားတာက အာပေါဓာတ်၊

ဒါ ယောဂီ ပုဂ္ဂိုလ်တွေ ရှုမှတ်တဲ့အခါမှာတွေ့တာ အထူးတွေ့နေတာ။

http://www.dhammadownload.com

တေဇောဓာတ်ထင်ပုံ

တေဇောဓာတ်ဆိုတာ ဥဏှတ္တလက္ခဏာ၊ ပူတယ်ပူတယ်ဆိုရင်တော့ နွေးတာလဲ ရှိတာပေါ့။ နွေးတယ်ဆိုရင် သူလောက် မနွေးတဲ့ဟာကျတော့ အေးတယ်လို့ ခေါ်ရတာပဲ။ ပူတာ, နွေးတာ, အေးတာ, ပြီးတော့ ပေါ့တက်တဲ့ သဘောလဲ ရှိတယ်တဲ့။ ခြေထောက်ကြွလိုက်တဲ့အခါကာလမှာ ပေါ့ပြီးတက်လာတဲ့ဟာ တေဇောဓာတ်က ခေါင်းဆောင်တယ်တဲ့၊ ဝါယောဓာတ်က နောက်လိုက်ပဲ တဲ့၊ အထက်ပေါ်ကို လုပြီးတက်တာ မှန်သမျှဟာ ဝါယောဓာတ်လဲ အကူအညီတော့ ပါတယ်။ ဒါပေမယ့် တေဇောက ခေါင်းဆောင်တယ်တဲ့၊ ဝါယောဓာတ်က နောက်လိုက်ပဲတဲ့၊ အခိုးအငွေ့သဘော အထက်တက်တယ်၊ ဝါယောကနေပြီး သူ့ကို အကူအညီ နောက်လိုက်ပဲတဲ့။ ခြေထောက်ကြွလိုက်တဲ့ အခါမှာ ခြေထောက်ဟာ ကြွတဲ့ဘက်ကနေပြီး ပေါ့ပြီးတက်လာတဲ့သဘောလေးရှိတယ်၊ တေဇောဓာတ် ထင်ရှားတာတဲ့၊ ထိုင်ရာကနေပြီး ထလိုက်တဲ့အခါတွေမှာ ထတယ်, ထတယ်လို့ ကိုယ်ထဲမှာ စိုက်ပြီးတော့ မှတ်တော့ ပေါ့ပေါ့ပြီးတော့ တက်လာတာရှိတယ်၊ အဲဒါလဲပဲ တေဇောဓာတ် ထင်ရှားနေတယ်၊ ဘယ်အရာမဆို အပေါ်ကြွတက်လာတဲ့ အနေအားဖြင့် ထင်ရှားလို့ရှိရင် တေဇောဓာတ်ပဲ၊ ကိုယ်ထဲမှာပူနေတာ တစ်ခါ တစ်ခါပူနေတဲ့ အနေအားဖြင့် ထင်ရှားတယ်။ ဒါလဲ တေဇောဓာတ်ပဲ။ နွေးနွေးအနေ အားဖြင့် ထင်ရှားလဲ တေဇောဓာတ်ပဲ။ အေးစက်နေတဲ့ အနေအားဖြင့် ထင်ရှားလဲ တေဇောဓာတ်ပဲ၊ အဲဒါ ပူတာ, နွေးတာ, အေးတာ, ပေါ့တက်တာ တေဇောဓာတ်၊ ယောဂီပုဂ္ဂိုလ်တွေမှာ အမြဲတွေ့နေတာ၊ ကိုယ့်ဟာကိုယ် ရှုမှတ်နေတာ ဘာတွေလဲ ဆိုတာ သိရအောင်လို့ ဆောင်ပုဒ်ကလေးတွေ ပေးထားပါတယ်၊ ဆိုရမယ်။

ပူထာ၊ နွေးထာ၊ အေးတာ၊ ပေါ့တက်တာတ တေဇောဓာတ်။

ဝါယောဓာတ်ထင်ပုံ

ဝါယောဓာတ်ကတော့ သိပ်မထူးပါဘူး၊ ခါတိုင်းလိုပဲ၊ ဝါယောဓာတ်ကလဲ တောင့်တင်းလှုပ်ရှားတာ၊ထောက်ကန်တောင့်တင်း လျော့ခြင်းတစ်မည် ဆိုတာတွေ ဟာ သူလက်ဝါထဲစုံနေပါပြီ၊ ဝါယောဓာတ်ကတော့ အထူးပြောစရာ မလိုဘူး၊

http://www.dhammadownload.com

သူက ထောင့်ကန်တောင့်တင်းတာ၊ လှုပ်ရှားတာ ဝါယောဓာတ်၊ ဆောင်ပုဒ်အတိုင်းပါပဲ။ ထောက်ကန်ဆိုတာက စာဆို၊ တောင့်တင်းတယ်ဆိုတာကတော့ အရုပ်ထဲကအသုံး၊ တွန်းတာကန်တာတွေလဲ ဒီထဲမှာပါတယ်၊ လှုပ်ရှားတာထဲမှာ တွန်းတာ ကန်တာ ပါတယ်၊ ထောက်ကန်တောင့်တင်းတာ၊ ထည့်လိုက်ပါဦးတော့၊ တွန်းကန်တာ၊ လှုပ်ရှားတာ ပါသွားအောင် ထောက်ခံတာ, တောင့်တင်းတာ, တွန်းကန်တာ, လှုပ်ရှားတာတွေက ဝါယောဓာတ်၊ တစ်စုံတစ်ရာကိုယ်တွင်းက တွန်းလိုက်တဲ့အခါ ကာလတွေမှာ ခြေထောက်တွေမှာလဲပဲ လှမ်းတယ်ဆိုတဲ့ အခါကာလမှာ အဲဒီမှာ တွန်းသလို တစ်ခါတစ်ခါပေါ်တယ်၊ ဘေးကိုတွန်းတွန်းပို့နေတဲ့ သဘောပေါ် နေတယ်၊ လက်တွေခြေတွေ ကွေးတဲ့ ဆန့်တဲ့ လှုပ်ရှားတဲ့ အခါကာလတွေမှာ တစ်နေရာက တစ်နေရာ တွန်းတွန်းပို့သလိုပဲ ထင်ရှားတယ်၊ အဲဒါ တွန်းကန်သဘော ဆိုရမယ်။

"ထောက်ကန် တောင့်တင်းတာ တွန်းကန်တာ လှုပ်ရှားတာက ဝါယောဓာတ်"

ဓာတ်ကြီးလေးပါး စုံသွားပါပြီ၊ ဒါက အကျဉ်းချုပ် ဆောင်ပုဒ်။

တစ်နေ့ကတော့ **လက္ခဏာ ရသ ပစ္စုပဋ္ဌာန်၊** အကြမ်းဖျင်းပြောမယ်ဆိုလို့ ရှိရင် ပထဝီဓာတ်က ၂၀၊ ဆံပင်မွေးညင်းစသည် အာပေါဓာတ်က ၁၂၊ သည်းခြေ၊ သလိပ် စသည် တေဇောဓာတ်က ၄-ခု၊ **သန္ဓပ္ပန၊** ပြင်းစွာပူလောင်တာတို့။ **ဒိရတ္တ၊** အိုမင်း ရင့်ရော်တာတို့။ ဒါက အပြင်းအထန် အလွန်အကဲပူလောင်တာ။ **ပါဓေတ၊** အစာကို ကြေကျွက်စေတာ၊ ဒါတေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ်ကတော့ ခုနက ပြောခဲ့တဲ့ **ဥဒ္ဓင်္ဂမ**စသည် ၆-ပါး၊ အကြမ်းဖျင်းဓာတ် ၄-ပါးကို အထည်ဝတ္ထုအနေနဲ့ ခွဲပြတယ်။

လက္ခဏာနဲ့ဆိုရင်တော့ ခုနကပြောခဲ့တဲ့ ဥစ္စာတွေပဲ။ ပထဝီဓာတ်ဆိုရင်ဖြင့် ခက်မာကြမ်းတမ်းတာ၊ နူးညံ့တာ၊ တိုက်ခံပြီးတော့နေတာ၊ အဲဒါ ပထဝီဓာတ်၊ အာပေါဓာတ်ဆိုရင် ယိုစီးတာ၊ ဖွဲ့စည်းတာ၊ လေးကျသွားတာ၊ ဒါက အာပေါဓာတ်။ တေဇောဓာတ်ဆိုရင် ပူတာနွေးတာ အေးတာ၊ ပေါ့တက်လာတာ၊ ဒါက တေဇောဓာတ်။ ဝါယောဓာတ်ကတော့ ထောက်ကန်တာ၊ တောင့်တင်းတာ၊ တွန်းကန်တာ၊

http://www.dhammadownload.com

လူပ်ရှားတာ၊ ဒါက ဝါယောဓာတ်။ ဒါက လက္ခဏာသဘော၊ လက္ခဏာသဘော တရားလေးတွေ၊ ဒါက အထည်ဝတ္ထုမပါဘူး၊ ခုနက ဆံပင်မွေးညင်းစသည် အဲဒါတွေကတော့ အထည်ဝတ္ထုနဲ့ နားလည်အောင်လို့ ပြောရတယ်။

အဲဒီ ဓာတ်ကြီး ၄-ပါးဟာ လူတိုင်းလူတိုင်း သန္တာန်မှာရှိနေတာပဲ၊ ဒါကိုယ်ထဲမှာ မွေးကြီး ၄-ကောင်တွေတဲ့၊ မွေး ၄-ခုတွေ နေရာတကာမှာ ရှိတယ်၊ အပ်ဖျားကလေးလောက် ရှိတဲ့နေရာလေး ကိုယ်ထဲမှာဘယ်နေရာဖြစ်ဖြစ် ထောက်ကြည့်လို့ရှိရင် အဲဒီမှာ ဓာတ်ကြီး ၄-ပါး၊ မွေး ၄-ကောင်တစ်စုံရှိတယ်၊ မွေးတွေအများကြီးရှိတယ်၊ ကိုယ်ထဲမှာ မွေးတွေတစ်ကိုယ်လုံး ပြည့်နေတယ်၊ အဲဒီမွေးတွေဟာ အာသယအားဖြင့်လဲ တူတယ်တဲ့၊ မနေ့ကပြောခဲ့ပြီ၊ **ဝိသဝေဝဝိတာရတော**၊ အဆိပ်အဟုန်နဲ့ ဖောက်ပြန်စေခြင်းအားဖြင့် တူတယ်တဲ့၊ တစ်နေ့က ပြောခဲ့ပြီ။

မွေးဖမ်းခြင်း၌ အကျိုးမဲ့ငါးပါး

ဒီတော့ အနတ္တဂဟဏတောအားဖြင့်လည်း တူတယ်တဲ့၊ မွေးကိုဖမ်းယူတဲ့ပုဂ္ဂိုလ်ဟာ အကျိုးမဲ့ငါးပါးကို ယူရာရောက်တယ်တဲ့။ ဘာတွေတုန်းဆိုတော့ -

အသုစိ

မစင်ကြယ်တာကို ဖမ်းရာရောက်သည်တဲ့၊ မွေးဖမ်းလို့ရှိရင် မွေးဆိုတာဟာ မြေကြီးလျှောက်ပြီး ကိုယ်နဲ့လွန်လက်ပြီးသွားနေတာ၊ ဒီတော့ မြေကြီးမှာ အညစ်အကြေးတွေပေါ့လေ၊ လွန်လက်သွားနေတာ၊ မစင်တွေထဲလဲ သူလွန်လက်ပြီး သွားခဲ့တာပဲ၊ ရွံစရာတွေထဲမှာ သူလွန်လက်ပြီးတော့ သွားနေတယ်၊ သူကိုယ်ကနေပြီး အညစ်အကြေးတွေပါတယ်၊ မွေးကိုဖမ်းရင် အဲဒီအညစ်အကြေးတွေကို ဖမ်းယူရာရောက်ပါတယ်တဲ့၊ ရွံစရာကောင်းတယ်တဲ့၊ ဒုဂ္ဂန္ဓ-မကောင်းသော အနံ့ကိုလဲပဲ လက်ခံရယူရာရောက်သည်၊ မွေးမှာ ညီစော်နံတယ်၊ မကောင်းဘူး၊ အညစ်အကြေးတွေထဲ တွေ့ရာတွေလျှောက်သွားနေတော့ သူဟာကောင်းသောအနံ့ ဘယ်ရှိနိုင်မလဲ။ မကောင်းသောအနံ့ ရှိတယ်။

http://www.dhammadownload.com

ဒုဋ္ဌနံ

မကောင်းသောအနံ့ကိုလဲယူရာ လက်ခံရာရောက်သည်တဲ့။ **အာသုစိ**-မစင်ကြယ်တာကိုလည်းပဲ ယူရာရောက်သည်တဲ့။ မြွေဆိုတာခုနက မစင်ကြယ်တာတွေထဲ လျှောက်သွားနေတာ၊ စင်ကြယ်တဲ့ဟာ မဟုတ်ဘူးပေါ့။ မစင်ကြယ်ဘူး။

ဗျာဓီ

အနာကိုလဲပဲ ယူရာရောက်တယ်တဲ့။ အနာဆိုတော့ မြွေဆိုတော့ ကိုက်တတ်တဲ့ အကောင်ကိုး၊ မြွေကိုက်လို့ရှိရင် အနာဖြစ်တော့မယ်၊ မြွေကိုက်လိုက်ရင် အဆိပ်ထန်တဲ့ မြွေသွားဖမ်းရင် ကိုက်လိုက်လို့ရှိရင် အနာဖြစ်တော့မှာပဲ၊ ဆေးနဲ့တောင် ကုယူရမယ်၊ သေလောက်တဲ့ အဆိပ်ရှိတဲ့မြွေ ကိုက်လိုက်ရင်သေမှာပဲ၊ မသေလောက်လို့ရှိရင်လဲ သေလုမြောပါး ဒုက္ခခံရမယ်၊ အနာကိုလဲ ဖမ်းယူရာရောက်တယ်တဲ့၊ အနာလက်ခံရာ ရောက်တယ်။

ဝိသံ

အဆိပ်မြွေဟာ အဆိပ်ရှိတဲ့အကောင်ဆိုတော့ အဆိပ်ကိုယူရာရောက်တယ်၊ အဆိပ်ဆိုတာ ကြောက်ရတာပဲ၊ အခု သတိပေးထားကြတယ်၊ နေရာတကာမှာ သေတယ်တဲ့၊ နေရာတွေမှာဆိုရင် အဆိပ်ဆိုပြီးတော့ ရေးထားကြတယ်၊ ဆေးမျှားမှာ အထူးအားဖြင့် သေတတ်ပါတယ်၊ ဆေးမျှားမှာ အဆိပ်ဆိုပြီးရေးထားတယ်၊ အခု မြွေကိုဖမ်းယူတဲ့ ပုဂ္ဂိုလ်ဟာ အဆိပ်ကိုယူရာ ရောက်တယ်တဲ့၊ ကိုယ်သေဖို့ရာကိုယ့်ဟာကို အဆိပ်ကို ဖမ်းယူရာရောက်တယ်။

မရဏံ

သေခြင်းဆိုတဲ့ အကျိုးကိုလဲ ယူရာရောက်တယ်တဲ့၊ ၅-ခုတဲ့။

(၁) မစင်ကြယ်တာက **အာသုစိ**၊ (၂) **ဒုဋ္ဌနံ**-မကောင်းသော အနံ့ကိုယူရာရောက်တယ်။ (၃)**ဗျာဓိ**-ရောဂါဝေဒနာ အနာကိုလဲ ယူရာရောက်တယ်တဲ့။ (၄) **ဝိသံ**-အဆိပ်ကိုလဲ ယူရာရောက်တယ်တဲ့။ (၅) **မရဏ**-ပဉ္စမသေခြင်းလျှင် ၅-ခမြောက်ပဲတဲ့။ ထို့အတူပဲတဲ့၊ ဓာတ် ၄-ပါးကို နှစ်သက်သာယာတဲ့ ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

ဧဝ မေဝံ အတုသလာ၊ အန္ဓဟာလ ပုထုဇ္ဇနာ။
ပဠဂဏ္ဌန္တု နတ္ထာနိ၊ ဘဝေ ဇာတာဘိနန္ဒိနော၊
ဒုဂ္ဂန္ဓံ အသုစိ ဗျာဓိ၊ ဇရံ မရဏ ပဠမံ၊
အနတ္ထာ ဟောန္တိ ပဠေတေ၊ မိဠလိတ္ထေဝ ပန္နဂေ။
(သဠာယတနသံယုတ် အဋ္ဌကထာ၊ နှာ-၅၉)

ဧဝမေဝံ၊ ဤအတူသာလျှင်။ **အတုသလာ**၊ တရားအရာ၌ မကျွမ်းကျင်မလိမ္မာကုန်သော။ **ဟာလပုထုဇ္ဇနာ**၊ မိုက်ကန်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ **ဘဝေ**၊ ဘဝ၌။ **ဇာတာဘိနန္ဒိနော**၊ ဖြစ်သော နှစ်သက်ခြင်းရှိကုန်သည်ဖြစ်၍။ **(ဝါ)** တပ်မက် နှစ်သက်ခြင်း ရှိကုန်သော။ **အန္ဓဟာလပုထုဇ္ဇနာ**၊ မိုက်ကန်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ **ပဠ**၊ ငါးပါးကုန်သော။ **အနတ္ထာနိ**၊ အကျိုးမဲ့တို့ကို။ **ဂဏ္ဌန္တု**၊ ယူကြလေကုန်၏။

ဘဝ, ဓာတ် ၄-ပါး သာယာမှု၌ အကျိုးမဲ့ငါးပါး

ဘဝ၌ နှစ်သက်လက်ခံသဘောကျပြီး နေတဲ့ပုဂ္ဂိုလ်တွေ ဘဝရလာလို့ရှိရင် ဒီဓာတ် ၄-ပါးဟာ ပါတော့မှာကိုး။ ဒီတော့ဓာတ် ၄-ပါးကို လက်ခံပြီးတော့ ယူရာရောက်တယ်။ ဓာတ် ၄-ပါးလက်ခံလို့ ရှိရင်ဖြင့် ၅-ပါးသော အကျိုးမဲ့တွေ၊ **ပဠ**၊ ငါးပါးကုန်သော။ **အနတ္ထာနိ**၊ အကျိုးမဲ့တို့ကို။ **ဂဏ္ဌန္တု**၊ လက်ခံယူကြလေကုန်၏။

ငါးပါးသောအကျိုးတွေက ဘာတွေတုန်းဆိုလို့ရှိရင် ခုနက ဟာတွေလိုပါပဲ။

ဒုဂ္ဂန္ဓံ, အသုစိ, ဗျာဓိ, ဇရံ, မရဏံ၊

ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ကိုလဲပဲ လက်ခံယူရာရောက်သည်။

ဓာတ်လေးပါးရှိတဲ့ ကိုယ်ကာယကြီးရထားတော့ ဒီကိုယ်ကာယကြီးက မကောင်းသောအနံ့တွေရှိနေတာပဲ၊ အင်မတန် သုတ်သင်နှိုင်းလွန်းလို့ မနက်အိပ်ရာကထရင် မျက်နှာသစ်ရတယ်၊ မျက်ချေးတွေ၊ ဒါတွေစင်ကြယ်အောင် မျက်နှာသစ်ရတယ်၊ ပါးစပ်တွေလဲပဲ သွားတွေတိုက်ပွတ်ပြီးသကာလ ဆေးရတယ်၊ မဆေးရင် ပါးစပ်ကလဲ နံနေတာပဲ၊ တချို့ ဆေးလျက်သားနဲ့တောင်မှ နံနေတာရှိသေးတာပဲ၊

http://www.dhammadownload.com

အဲဒီတော့ မကောင်းသောအနံ့တွေဆိုတာ ရှိတာပဲ၊ အမြဲကိုယ်ထဲမှာရေချိုး၊ ဆပ်ပြာနဲ့ ဆေးပြီးတော့လုပ်နေလို့ အဲဒါ ကိုယ်ထဲက မကောင်းတဲ့အနံ့တွေရှိနေတယ်၊ ဒါလဲပဲ မကောင်းတဲ့အနံ့တွေက စင်ကြယ်တယ်မဟုတ်ပါဘူး၊ ရှိနေတာပါပဲ။ ကျန်းကျန်းမာမာရှိနေတဲ့အခါဆို တော်သေးရဲ့၊ မကျန်းမာတဲ့ အခါဆိုရင် ပိုပြီးတော့ နံလာတယ်။ ဓာတ် ၄-ပါး မှီပြီးတော့နေတဲ့ ရုပ်ကိုယ်ကြီးက အင်မတန်နံတယ်တဲ့၊ နံလွန်း စော်လွန်းလို့ အဲဒီအနံ့အစော်တွေ ပျောက်အောင်လို့ မိန်းကလေးဆိုရင် နံ့သာတွေ လိမ်းရတာကိုး၊ အနံ့တွေကို ကာကွယ်ထားရတယ်၊ အနံ့လူမသိအောင်လို့ လုပ်ထားရတာ အတော်မကောင်းတဲ့ ဥစ္စာတွေပါပဲ၊ **စုဠန္ဒီ**၊ မကောင်းသော အနံ့ကိုလဲ လက်ခံရာရောက်သည်။

အသုစီ၊ မစင်ကြယ်တာကိုလဲ လက်ခံရာရောက်သည်၊ ကိုယ်ခန္ဓာကြီးက မစင်ကြယ်တဲ့အညစ်အကြေးတွေ ထွက်နေတာပဲ၊ အဲဒါ ဓာတ်လေးပါးတွေပဲ၊ ပထဝီဓာတ် ၂၀-ထဲမှာပါတဲ့ ကျင်ကြီးတို့ ကျင်ငယ်တို့ဆိုတာတွေဟာ အဲဒါတွေဟာ မကောင်းတဲ့ အနံ့တွေပဲ၊ မကောင်းတဲ့ မစင်ကြယ်တဲ့ ဥစ္စာတွေပဲ၊ သွေးတို့ တံတွေးတို့ သလိပ်တို့ဒါတွေလဲပဲ အာပေါဓာတ်ထဲက မကောင်းတဲ့ဥစ္စာတွေပဲ မျက်ရည်တို့၊ မကောင်းတဲ့ဥစ္စာတွေ ပြည်တို့၊ သွေးတို့၊ မကောင်းတာတွေ၊ မကောင်းတဲ့ မစင်ကြယ် တဲ့ အရာဝတ္ထုတွေကို လက်ခံရာရောက်သည်တဲ့၊ အနံ့မကောင်းတာ၊ မစင်ကြယ်တာ ၂-ခု။

ဗျာဓီ တဲ့၊ အနာရောဂါတွေလဲ လက်ခံရာရောက်တယ်တဲ့။ လူတွေအနာရောဂါဖြစ်တာ ဘယ်ကလာတုန်း၊ ဒီဓာတ်ကြီး ၄-ပါးရှိလို့ အနာရောဂါဖြစ်တာပဲ၊ ဓာတ်ကြီး ၄-ပါးမရှိရင် ရုပ်မရှိဘူး၊ ရုပ်ဆိုတာထဲမှာရုပ် ၂၈-ခုရှိတယ်၊ ဒါပေမယ်လို့ ဓာတ်ကြီး ၄-ပါးက အရင်းခံပဲ၊ ဓာတ်ကြီး ၄-ပါးကိုမှီပြီးတော့ ဒီပြင်ရုပ်ကလေးတွေ အသေးကလေးတွေ ဓာတ်ကြီး ၄-ပါးမှီပြီး **ဝဏ္ဏ**၊ အဆင်းရုပ်တွေ၊ မြင်ရတဲ့ရုပ်ကလေးက ဓာတ်ကြီး ၄-ပါးရှိမှပဲ အရိပ်အရောင်ပေါ်တယ်၊ သူကဓာတ်ကြီး ၄-ပါး မှီပြီး အဆင်းရုပ်လဲ ရှိတယ်၊ အနံ့ရုပ်လဲ ရှိတယ်၊ အရသာရုပ်ကလဲ ရှိတယ်၊ နောက် မျက်စိအကြည်တို့၊ နားအကြည်တို့ စသည်ဖြစ်နေတာ၊ ဓာတ်ကြီး ၄-ပါးက

http://www.dhammadownload.com

မကောင်းရင် ဒီဓာတ်ကြီး ၄-ပါးပဲ၊ ဒါကြောင့် ဒီရူပ်ကိုယ်ကြီးကို အမှီပြုပြီးတော့ ရောဂါဝေဒနာအမျိုးမျိုးဖြစ်တယ်၊ အနာအမျိုးမျိုးတွေဖြစ်တယ်။ အဲဒီအနာအမျိုးမျိုးတွေဟာ ဒီဓာတ်ကြီး ၄-ပါးကိုမှီပြီးတော့ ဖြစ်တာပဲ။

ဒါကြောင့် ခုနက မြွေဖမ်းတဲ့ပုဂ္ဂိုလ်မြွေကိုက်လို့ အနာရ သလိုပဲ၊ ဒီဓာတ်ကြီး ၄-ပါးမှီပြီးတော့ ရောဂါဝေဒနာ အနာတွေရတယ်၊ အနာရောဂါတွေက တယ်များကြတယ်၊ အင်မတန်ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေမှ တော်တော်လေး ကျန်းကျန်းမာမာရှိတာပဲ၊ ဒါလဲပဲ တော်တော်အရွယ်ကြီးလာလို့ရှိရင် အကုန်လုံးကျန်းမာပါတယ်လို့ ဝန်မခံနိုင်ဘူး၊ ရောဂါဝေဒနာတစ်ခုတစ်ခုကတော့ နည်းနည်းတော့ရှိနေတာပဲ၊ မကြီးကျယ်လို့သာ၊ တချို့ ပုဂ္ဂိုလ်တွေကျတော့ သိပ်ကြီးကျယ်တာ၊ ရောဂါဝေဒနာတွေကို တစ်ခါတည်း ဖြစ်လိုက်တာပဲ၊ မပြောနဲ့တော့ တစ်ခုပြီးတစ်ခုဖြစ်နေတာ အင်မတန် ဆင်းရဲပါတယ်။

ပဋိသန္ဓေက ရလာတဲ့အနာ

အဲဒါတွေ ဘယ်ကလာတုန်းဆိုရင် ဒီဓာတ်ကြီး ၄-ပါးက သူကရလာလို့ ဘယ်ကရလာသလဲ၊ ပဋိသန္ဓေကရလာတာ၊ ဒီတော့ လောကအနေအားဖြင့် ကြည့်လိုက်တော့ လူဖြစ်ရင်ဖြင့်ကောင်းတယ်၊ ဒီလိုထင်ကြတာကိုး၊ လူဖြစ်ရင် အမှန်အားဖြင့် အမျိုးအားဖြင့် မြင့်မြတ်တဲ့အမျိုး၊ ပစ္စည်းဥစ္စာ ဘောဂဗလတွေနဲ့ ပြည့်စုံတဲ့အမျိုး၊ အဆင်းလှပတင့်တယ်တဲ့ အမျိုးဆိုရင် ကောင်းတယ်လို့ ယူဆပါတယ်၊ နောက်နောက်သောဘဝတွေ ဒီလိုလှပတဲ့ ရုပ်အဆင်းအဂိါနဲ့ ပြည့်စုံတဲ့ယောကျ်ား ဖြစ်ရပါလို့၏၊ မိန်းမဖြစ်ရပါလို့၏ စသည်ဖြင့် ထင်ထင်ရှားရှား နှုတ်ကထုတ်ပြီးတော့ လူသိသူသိဆုမတောင်းဝံ့တောင်ဘဲ စိတ်ထဲကတော့ အဲဒီလို အလိုကလေးတွေကတော့ ရှိကြတယ်၊ နိဗ္ဗာန် ရပါလို့၏ ဆိုတာကတော့ ဒါကတော့ ကြားကောင်း နာသာလို့ ဆုတောင်းလိုက်ရတာကိုး၊ စိတ်ကတော့ နိဗ္ဗာန် ဒါလောက်တောင် မဟုတ်လှဘူး။ အဲဒါတွေ သဘောကျနေတာ၊ အဲဒီတော့ အဲဒီလို သဘောကျလို့ ဆုတောင်းတိုင်း ဆုတောင်းတိုင်း ဒီရူပ်တွေကရမှာ၊ ဒီဓာတ်ကြီး ၄-ပါးရမှာ၊ ရတိုင်းရတိုင်းလဲ အဲဒီရရာဘဝမှာ အနာရောဂါဝေဒနာတွေဖြစ်မှာ၊ အနာကိုလဲ လက်ခံရာရောက်သည်တဲ့။

http://www.dhammadownload.com

ဇရံ၊ အိုခြင်းတည်းဟူသော ဘေးဆိုးကြီးလဲ လက်ခံရာရောက်တယ်တဲ့။ အိုမင်းရင့်ရော်ခြင်း၊ ဒါလဲ သေသေချာချာ စဉ်းစားကြည့်လို့ရှိရင် တော်တော်မကောင်းပါဘူး၊ ငယ်ငယ်ရွယ်ရွယ်ကလေး ကလေးတွေ တချို့ငယ်ငယ်တည်းက နေပြီး ဓာတ်ပုံရိုက်ထား၊ ကလေးကလေး အဝတ်တောင် ကောင်းကောင်း မဝတ်တတ်သေးဘူး၊ ကလေးအရွယ်လေး နုနုနယ်နယ်ကလေး၊ တော်တော်ကြာတော့ ဒီထက်ကြီးတဲ့ အရွယ်ကလေးတွေ ရိုက်ထားတယ်၊ ၁၀-နှစ် ၁၂-နှစ် ကျောင်းသား အရွယ် အမျိုးသား အမျိုးသမီးကလေးတွေအရွယ် ရိုက်ထားတယ်။ တော်တော်ကြီးတဲ့အခါကျတော့ ၁၅-နှစ် ၁၆-နှစ် အနှစ် ၂၀-အဲဒီအရွယ်မှာ ပျိုပျိုရွယ်ရွယ် ပြင်လို့ဆင်လို့ တချို့လဲပဲ လောကထုံးတမ်းစဉ်လာအတိုင်း ဓမ္မတာအတိုင်းဟာ မင်္ဂလာဆောင်ကျတော့ မင်္ဂလာဆောင်မှာ သတို့သား သတို့သမီးအဖြစ်နဲ့ ရိုက်ထားပြန်တယ်။ အကောင်းဆုံးပုံတွေပေါ့၊ ဟိုမှာရိုက်ထားတာ အလှအပတွေ ပြင်ဆင် ပြီးတော့ ရိုက်ထားတာ။

နောက် အရွယ်ကြီးလာတဲ့အခါကျတော့ ကြီးတဲ့ရုပ်တွေ ဓာတ်ပုံရိုက်ထားတယ်၊ သေခါနီးမှာ ရိုက်ထားတာရှိတယ်၊ နောက်သေတဲ့အခါကာလမှာ အလောင်းကို ရိုက်ထားတာလဲရှိတယ်၊ ဒါတွေက တစ်ခုစီတစ်ခုစီ ကြည့်လိုက်လို့ရှိရင် ယောက်ျားပဲ ဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အစကတော့ ဟုတ်သလိုတော့ အရှိသားပဲ၊ ငယ်ငယ်ရွယ်ရွယ်ကတော့ ကြည့်လို့အကောင်းသား၊ ကြီးသွားတော့ နေရာမကျဘူး၊ နောက်ဆုံးကျတော့ သေတဲ့အလောင်းကြီး ရောက်သွားတာကိုး၊ တော်တော်နေရာမကျဘူး၊ မသေခင်လဲဘဲ တချို့အသက်ရှင်လျက်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အသက် ၈၀/၉၀ ကျော် ရောက်လာလို့ရှိရင် များသောအားဖြင့် သပ်သပ်ရပ်ရပ် တယ်မရှိပါဘူး၊ တချို့ကံကောင်းထောက်မတဲ့ ပုဂ္ဂိုလ်တွေကတော့ တော်တော်လေး သပ်သပ်ရပ်ရပ် ရှိသေးရဲ့၊ လူထဲ ပရိသတ်ထဲမှာဝင်လို့ ထွက်လို့တော်ပါသေးရဲ့၊ တချို့တော့ လူထဲပရိသတ်ထဲဝင်လို့ကို နေရာမကျဘူး၊ တော်တော်ကို အိုမင်းရင့်ရော်မှုနဲ့ မလျောက်ပတ် မတင့်တယ်တဲ့ အခြေအနေတွေရောက်နေတာကိုး။

http://www.dhammadownload.com

ငယ်ငယ်ရွယ်ရွယ်ကဆိုလို့ရှိရင် အဝတ်ကောင်း အစားကောင်းကလေးတွေ ဝတ်လို့ တသသနဲ့နေတဲ့ ရုပ်ကိုယ်ကြီးပေါ့၊ အိုမင်းရင့်ရော်လာတဲ့အခါကျတော့ ဘာမှအသုံးချလို့မရဘူး၊ ဘာမှ နှစ်သက်သာယာစရာ မကောင်းဘူး။ ကိုယ့်ဟာကိုယ် တောင် နှစ်သက်စရာမကောင်းဘူး၊ သူများကိုလဲ နှစ်သက်စရာ မကောင်းဘူး၊ သူများ မုန်းစရာတွေ ဖြစ်နေတယ်၊ အဲဒါတွေဟာ ဘယ်ကလာတုန်းဆိုရင် ပဋိသန္ဓေက လာတာတဲ့။

ပဋိသန္ဓေကနေပြီးတော့ ဒီ ဓာတ်ကြီး ၄-ပါး လက်ခံမိလို့ ဘယ်လိုပုဂ္ဂိုလ်တွေက လက်ခံတုန်းဆိုရင် ပုထုဇဉ်ပုဂ္ဂိုလ်တွေပေါ့လေ၊ အရိယာတွေလဲ သောတာပန်တို့ သကဒါဂါမ်တို့ ဒီလိုလဲ လက်ခံတာတွေ ရှိပါသေးတယ်၊ အနာဂါမ်လဲပဲ ပြဟ္မာရုပ်ပြဟ္မာလောကရုပ်တွေ လက်ခံတာ ရှိပါသေးတယ်၊ ဒါပေမယ်လို့ အများအားဖြင့် ပုထုဇဉ်က လက်ခံတာ ဒီမှာပုထုဇဉ်ကို ဟောထားတယ်။

အတုသလား၊ တရားရေးရာ၌ မကျွမ်းကျင် မလိမ္မာကြကုန်သော။ **သဝေ**၊ ဘဝ၌။ **ဝါ-ဘဝေ**၊ ကာမဘဝ ရူပဘဝ၌။ **ဇာတာဘိနန္ဒိနော**၊ ဖြစ်သောနှစ်သက်ခြင်း လက်ခံခြင်း သဘောကျခြင်း ရှိကြကုန်သော။ **အန္ဓဟာလပုထုဇ္ဇနာ**၊ မိုက်ကန်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ **ဒုဋ္ဌန္ဒီ**၊ မကောင်းသော အနံ့ကိုလည်းကောင်း။ **အသုစီ**၊ မစင်ကြယ်သည်ကိုလည်းကောင်း။ **ဗျာမိ**၊ မကျန်းမမာ နာဖျားခြင်းကိုလည်းကောင်း။ **ဇရာ**၊ အိုမင်းရင့်ရော်ခြင်းကိုလည်းကောင်း။ **မရဏာပဗ္ဗမံ**၊ သေခြင်းလျှင် ငါးခု မြောက်ရှိသော အကျိုးမဲ့ကိုလည်းကောင်း။ **ဣတိ**၊ ဤသို့။ **ပဗ္ဗ**၊ ငါးပါးကုန်သော။ **အနတ္ထာနိ**၊ အကျိုးမဲ့တို့ကို။ **ဝဏ္ဏိ**၊ လက်ခံသည်ရယူသည် မည်ကြကုန်၏။

နောက်ဆုံးကျရင် သေခြင်းတရား ရောက်သွားတာပဲတဲ့။

လူ့ဘဝဖြစ်ရပါလို့၏ဆိုရင် လူ့ဘဝဆိုတဲ့ ဓာတ်ကြီး ၄-ပါးမှီပြီးတော့ မကောင်းသော အနံ့တွေရှိရမယ်၊ ဒါတွေ အင်မတန်သုတ်သင်ရတယ်၊ သန့်ရှင်း စင်ကြယ်အောင် မစင်ကြယ်တာတွေ ကိုယ်ကနေပြီး ထွက်နေတာတွေ၊ အဲဒါတွေ သုတ်သင်ရမယ်၊ မကျန်းမမာ နာဖျားမှုတွေတွေ့ရမယ်၊ တစ်နေ့ကျရင် အိုမင်းရင့်ရော်ခြင်းနဲ့ တွေ့ရမယ်၊ နောက်ဆုံးတစ်နေ့ကျရင် သေရမယ်, မသာဖြစ်ရမယ်၊

http://www.dhammadownload.com

မြေကြီးထဲ မြှုပ်ရမလား, မီးရှို့ရမလား, ရေမျှောရမလား တစ်ခုခုနဲ့တော့ ဖျောက်တော့ ပစ်ရတော့မှာပဲ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေက ဒီဥစ္စာကြီးတော့ မထားနိုင်ဘူး၊ အဲဒီ ရောက်ရမယ်တဲ့။

ဓာတ်ကြီး ၄-ပါး လက်ခံမိလို့ ဓာတ်ကြီး ၄-ပါးကို အန္ဓဗာလပုထုဇ္ဇနာ-မသိမလိမ္မာတဲ့တရားနေရာမှာ မကျွမ်းကျင်တဲ့ ပုထုဇဉ်တွေတဲ့၊ အဲဒီ ပုဂ္ဂိုလ်တွေက သဘောကျကြတယ်၊ လူ့ဘောင်ဘဝဖြစ်ရပါလို့၏၊ ယောကျ်ားကောင်းစင်စစ် ဖြစ်ရပါလို့၏။ မိန်းမကောင်းစင်စစ် ဖြစ်ရပါလို့၏။ ဘယ်လိုအမျိုးဖြစ်ရပါလို့၏၊ နတ်သားဖြစ်ရပါလို့၏၊ နတ်သမီးဖြစ်ရပါလို့၏၊ နတ်မင်းကြီးဖြစ်ရပါလို့၏၊ နတ်မိဖုရားကြီး ဖြစ်ရပါလို့၏။ နှုတ်ကရဲရဲကြီး ဆုမတောင်းဝံ့သော်လဲ စိတ်ထဲကတော့ ဒီလို တောင့်တမှုတွေ ရှိနေကြတာတွေ၊ အဲဒါတွေ ရှိနေသမျှ ဒီဟာတွေ ကုသိုလ်ကံတွေက အကျိုးပေးမှာ၊ အဲဒါတွေ မကောင်းတာတွေတဲ့၊ အကျိုးမဲ့တွေ ရသွားတယ်။

သို့သော်လည်း တစ်ခုတော့ ရှိပါရဲ့၊ အပါယ် ၄-ပါးက ဓာတ်ကြီး ၄-ပါး လောက်တော့ မဆိုးဘူး၊ အဲဒီမရောက်ရင်တော့ နည်းနည်းတော့ တော်သေးတယ်လို့ ဆိုရမှာပေါ့၊ သူကတော့ တရားဘက်ကနေပြီးကြည့်ရင် ဘယ်ဟာမှမကောင်းဘူးဆိုတာကို ကဲ့ရဲ့ပြတယ်၊ အပါယ် ၄-ပါးနဲ့စာရင်တော့ နည်းနည်းတော့ တော်သေးတယ်။ လူ့ဘဝ နတ်ဘဝ နည်းနည်းတော့ တော်တယ်။

အဲဒီတော့ မြွေကြီး ၄-ကောင်၊ ဓာတ်ကြီး ၄-ပါးနဲ့ မြွေကြီး ၄-ကောင်တူတယ်။ မြွေကြီး ၄-ကောင် ဖမ်းလိုက်လို့ရှိရင်ဖြင့် အကျိုးမဲ့ ၅-ပါးရသလိုပဲ၊ ဓာတ်ကြီး ၄-ပါး လက်ခံတဲ့ပုဂ္ဂိုလ်တွေ ဘဝတိုင်း ဘဝတိုင်း မကောင်းသောအနှံတွေကိုရတယ်၊ ဒါတွေပဲ စင်ကြယ်အောင် လုပ်နေရတယ်၊ မစင်ကြယ်တာတွေကို ရတယ်၊ ဆေးကြောသုတ်သင်ပြီးတော့ နေရတယ်၊ အမြဲတမ်းပဲ မကျန်းမမာ နာဖျားမှုတွေကို ရတယ်၊ အိုမင်းမှုတွေကို ရတယ်၊ နောက်ဆုံးကျတော့ သေရသည့်အကျိုး ၅-ပါး ရတယ်။ ဘာကောင်းသတုန်း၊ အကျိုးမဲ့တွေပဲတဲ့၊ ဒါတွေ။

အဲဒါကြောင့် ဓာတ်ကြီး ၄-ပါးဟာ မြွေကြီး ၄-ကောင်နဲ့ တူပါတယ်တဲ့၊ မြွေကြီး ၄-ကောင် ဖမ်းယူတဲ့ပုဂ္ဂိုလ်ဟာ အကျိုးမဲ့ ၅-ပါးကို ရတယ်။ မကောင်းတဲ့

http://www.dhammadownload.com

အကျိုးတွေ ပျက်စီးရာပျက်စီးကြောင်းတွေကို လိုက်ပြီးတော့ ဖမ်းတာနဲ့ တူတယ်၊ အဲဒါလိုပဲတဲ့။

ဓာတ်ကြီး ၄-ပါးနဲ့ လူအဖြစ်၊ နတ်အဖြစ်တွေကို အလိုရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ အကျိုးမဲ့ ၅-ပါးကို လက်ခံရာရှာဖွေရာ ရောက်တယ်၊ ဒါတွေကို ကုသိုလ်ကောင်းမှုတွေကို ပြုပြီးတော့လဲ ဝယ်ယူတာနဲ့လဲ တူတာပေါ့လေ၊ ခုနက ပြောခဲ့တဲ့ အပါယ် ၄-ပါး မကျရင်တော့ တော်သေးတယ်လို့ အောက်မေ့ရတယ်၊ ဒါပေမယ့် ဒါလေးတွေသာယာနေလို့ မဖြစ်သေးဘူး၊ ဒါလေးတွေ သာယာနေရင် မကောင်းတဲ့ အကျိုးမဲ့တွေရတာပဲ၊ မြွေကြီး ၄-ကောင်လို အဲဒါက အကျိုးမဲ့ကို ယူခြင်းအားဖြင့် မြွေကြီး ၄-ကောင်နဲ့ တူတဲ့အကြောင်းကို အဋ္ဌကထာဆရာက ပြတယ်။

ဓာတ်ကြီး ၄-ပါးကို ပြုစုနိုင်ခဲခြင်း

နောက်တစ်ခုက **ဒုရုပဋ္ဌာနတော**၊ မြွေကြီး ၄-ကောင်ဟာ ပြုစုနိုင်ခဲတယ်၊ အစကတည်းက ပြောခဲ့ပါပြီ၊ မြွေကြီး ၄-ကောင်ဟာ တစ်ကောင်က အိပ်ချင်နေတယ်၊ တစ်ကောင်က ထချင်နေတယ်၊ တစ်ကောင်က ရေချိုးချင်တယ်၊ တစ်ကောင်က အစာစားချင်တယ်၊ တစ်ကောင်က လမ်းလျှောက်ချင်တယ်၊ အကောင် ၄-ကောင်ကို ပြုစုရတယ်ဆိုတော့ မလွယ်ဘူးတဲ့၊ တစ်ပြိုင်နက် အလိုချင်းမတူဘူး၊ ပြုစုဖို့ရာ အကုန်လုံးမြွေကြီး ၄-ကောင်လုံး သဘောကျအောင် မြွေထိန်းယောက်ျားက ပြုစုဖို့ရာ မလွယ်ကူဘူး၊ အဲဒါလိုပဲတဲ့။

ဒီကိုယ်ခန္ဓာထဲမှာရှိတဲ့ ဓာတ်ကြီး ၄-ပါးကလဲ ပြုစုဖို့ရာ မလွယ်ပါဘူးတဲ့၊ ဓာတ်ကြီးတစ်ပါး ပျက်လို့ရှိရင် ပထဝီဓာတ်ပျက်လို့ ပထဝီဓာတ်ဆေးကုရင် အာပေါ်, တေဇော, ဝါယောက ဖောက်ပြန်ချင် ဖောက်ပြန်တာပဲတဲ့၊ ဒါကတော့ ဆေးဆရာတွေမှ ပိုသိတယ်၊ ဆေးဆရာတွေကတော့ ရောဂါဝေဒနာတွေ တစ်ဖက်ကလွန်နေတယ်ဆိုပြီး ဒီဥစ္စာကျသွားအောင်လုပ်တုန်း ဟိုဟာကတက်တယ်၊ အထူးအားဖြင့် ထင်ရှားတာကတော့ သွေးတိုးတို့ သွေးအားလျော့တာတွေကတော့ ဖြစ်တာသိပ်ထင်ရှားတယ်၊ တချို့သွေးအားနည်းတယ်ဆိုပြီးတော့ သွေးအားများအောင်လုပ်လိုက်တာနဲ့ သွေးတိုးရောဂါဖြစ်တယ်၊ တချို့သွေးတွေတိုးလွန်းအားကြီး

http://www.dhammadownload.com

လို့ လျော့ချလိုက်တာ သွေးတွေမတက်ဘဲနေလို့ သေရော၊ အဲဒါတွေကတော့ သူ့ဟာ ထင်ရှားတဲ့ ဥစ္စာတွေ၊ အဲဒါတစ်ခုခုက လွန်နေလို့၊ ဒီလွန်နေတာ လျော့လိုက်လို့ အလျော့လွန်သွားလို့ရှိရင်လဲ ဒုက္ခဖြစ်တာပဲ၊ တစ်ခုခုကို ပျက်အောင်လို့ ဖျက်လိုက်တာ၊ အပျက်လွန်သွားရင် ဒုက္ခရောက်တယ်၊ တစ်ဖက်ကနေပြီးတော့ ဆေးကုနေလို့ရှိရင် တစ်ဖက်ကနေပြီးတော့ ပထဝီဓာတ်ဆေးကုနေရင်း အာပေါဓာတ်ကနေပျက်, အာပေါဓာတ်ဆေးကုနေရင်း တေဇောဓာတ်ကနေပျက်, ဓာတ်ကြီး ၄-ခုဟာ သူတို့ တစ်ညီတစ်ညွတ်တည်းပြုစုဖို့ရာ မလွယ်ကူဘူးတဲ့၊ အင်မတန် ခဲယဉ်းပါတယ်တဲ့။

မကျန်းမာတဲ့အခါမှာ ထင်ရှားတယ်၊ ကျန်းမာနေတဲ့အခါတော့ သူ့ဟာဟန် ကျသားပဲ၊ ကျန်းမာနေတဲ့အခါတော့ ဘာမှမဖြစ်ဘူး၊ နေကောင်းထိုင်ကောင်း သွားကောင်းလာကောင်း စားကောင်းသောက်ကောင်း ဟန်ကျနေတယ်၊ နေမကောင်းလာပြီဆိုတဲ့အခါကျတော့ ပြုပြင်လို့အတော်ခဲယဉ်းတာပဲ၊ နေမကောင်းလို့ ရောဂါတစ်ခုခု ပြင်းပြင်းထန်ထန်ဖြစ်လာပြီဆိုလို့ရှိရင် ဆေးကုဖို့ရာ တော်တော်နဲ့ မပျောက်နိုင်ဘူး၊ ပြင်းပြင်းထန်ထန် တကယ်ဖြစ်လာလို့ရှိရင် ဘယ်ဟာမှဆေးကုလို့ မလွယ်ဘူး၊ ပျောက်ခဲတဲ့ ဥစ္စာတွေ၊ အဲဒါကြောင့် ဓာတ်ကြီး ၄-ပါးဟာ မြွေကြီး ၄-ကောင်ကို ပြုစုရခက်သလိုပါပဲတဲ့၊ ဓာတ်ကြီး ၄-ပါးကို ညီညွတ်အောင် မျှတအောင် ပြုစုဖို့ရာခက်ပါတယ်တဲ့။

အဲဒါကြောင့် ဓာတ်ကြီး ၄-ပါးက မြွေကြီး ၄-ကောင်နဲ့တူတယ်၊ မြွေကြီး ၄-ကောင် ကိုယ်ထဲတင်ထားရတာနဲ့တူတယ်၊ ဓာတ်ကြီး ၄-ပါးကိုယ်ထဲမှာရှိနေတာ၊ ဓာတ်ကြီး ၄-ပါးကို ညီညွတ်အောင်ပြုစုဖို့ရာ ခက်တယ်တဲ့၊ ပြုစုရင်း ပြုစုရင်းနဲ့ ဖောက်ပြန်ပြီးတော့ သေတတ်တယ်တဲ့။

ဓာတ်ကြီး ၄-ပါးကို ချဉ်းကပ်နိုင်ခဲခြင်း

နောက်တစ်ခုက **ဒုရာဒတော**၊ ချဉ်းကပ်နိုင်ခဲတယ်၊ မြွေဆိုတာ သူများကြောက်တယ်၊ အဆိပ်ရှိနေတဲ့မြွေကို ကြောက်ရတယ်၊ အဆိပ်မရှိတဲ့ မြွေဆိုရင်တော့ သိပ်ကြောက်စရာမရှိဘူး၊ ဒါပေမယ့် တချို့တော့ မြွေဆိုရင်ကြောက်တော့

http://www.dhammadownload.com

တာပဲ။ အဆိပ်မရှိတဲ့မြွေဆိုလဲ အနားကိုမကပ်ဝံ့ဘူး၊ မြွေမြင်ရင် ကြောက်တာနဲ့ ပြေးတော့တာပဲ၊ ကြောက်တတ်တဲ့ ပုဂ္ဂိုလ်က အဆိပ်ရှိတဲ့မြွေဆိုတော့ ကြောက်ရတယ်၊ မြွေ-မြွေဆိုရင် ကြောက်တတ်တဲ့ပုဂ္ဂိုလ်က အိမ်ရှေ့ဘက်ကမြွေဆိုရင် အိမ်နောက်ဘက်ကိုပြေး အဲဒီလိုရှောင်ရတယ်၊ မြွေဆိုလို့ရှိရင် ကြောက်ရတယ်၊ မြွေအနားကို ချဉ်းကပ်ဖို့ရာ မလွယ်ဘူးတဲ့၊ အဲဒါလိုပဲ။

ဓာတ်ကြီး ၄-ပါးကလဲ ချဉ်းကပ်ဖို့ရာ မလွယ်ပါဘူးတဲ့၊ ဓာတ်ကြီး ၄-ပါးဟာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာရှိနေတဲ့ဓာတ်ကြီး ၄-ပါးတွေ၊ ကျန်းမာနေတဲ့ အခါတော့ တော်တာပေါ့လေ၊ ကျန်းမာနေတဲ့အခါတော့ ချဉ်းကပ်ဖို့ရာ လွယ်ပါတယ်၊ တယ်မခက်လှဘူး၊ မကျန်းမာတဲ့အခါမှာ ခက်တာ၊ တချို့ဓာတ်ကြီး ၄-ပါး ဖောက်ပြန်ပြီးတော့နေလို့ ပျက်စီးနေလို့ ကုဋ္ဌနာဆိုတာ ဖြစ်နေတယ်၊ အဲဒီ ပုဂ္ဂိုလ် ကြောက်စရာကောင်းတယ်၊ ရွံစရာသိပ်ကောင်းတယ်၊ ကိုယ့်မိတ်ဆွေဖြစ်တဲ့ ပုဂ္ဂိုလ် တွေပေမယ့် မလာစေချင်ဘူး၊ ကိုယ့်လဲကူးမှာ ကြောက်ရတယ်၊ ဒီပြင် ပုဂ္ဂိုလ်တွေလဲ ကူးမှာကြောက်ရတယ်၊ မလာစေချင်ဘူး။ ကိုယ့်တပည့်ပဲဖြစ်ဖြစ်၊ အင်မတန်ရင်းနှီးနေတဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် အဝေးကနေပြီးတော့ အသုံးလိုလို့ ပစ္စည်းတစ်ခုတောင်းလိုက်ရင် ပေးဖို့ဝန်မလေးဘူး၊ ဒါပေမယ့် ကိုယ့်ဆီတော့ တယ်မလာစေချင်ဘူး၊ အဲဒီလို အနာရောဂါရှိတဲ့ပုဂ္ဂိုလ်များ ဘာပြုလို့တုန်းဆိုတော့ ကိုယ့်ကိုယ်တိုင်လဲ ကူးမှာကြောက်ရတယ်၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေ အများပုဂ္ဂိုလ်တွေလဲ ကူးမှာကြောက်ရတယ်၊ တော်တော်ကို ရွံစရာကောင်းတာပဲ၊ အဲဒါ ကုဋ္ဌနာတဲ့၊ ဒီပြင်လဲပဲ ရွံစရာကောင်းတဲ့အနာတွေ ကူးစက်တတ်တဲ့အနာတွေရှိတယ်၊ အဲဒီအနာရောဂါတွေ၊ ချောင်းဆိုးသွေးပါတို့ဆိုတာတွေ ရှိပါတယ်၊ အဲဒီတော့ ကိုယ်ထဲမှာ ရွံစရာကောင်းတဲ့ ရောဂါဝေဒနာတွေ ဖြစ်လာပြီဆိုတဲ့အခါကျတော့ အဲဒီပုဂ္ဂိုလ်ထံ မချဉ်းကပ်ချင်ကြဘူး၊ အဲဒါဟာ ခုနကမြွေကြီး ၄-ကောင်၊ မြွေကြီးတွေ ကြောက်စရာကောင်းလို့ အနားကို မကပ်ဝံ့တာနဲ့ တူပါတယ်တဲ့။

ကျန်းကျန်းမာမာရှိနေတဲ့အခါတော့ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ် ရောရောနှောနှောနေလို့ရတာပဲ၊ တကယ်ရောဂါတွေ အကြီးအကျယ်ဖြစ်

http://www.dhammadownload.com

လာတော့ အနားကပ်ဖို့ခက်တယ်၊ တကယ်ဖြစ်လာလို့ရှိရင် ခက်ပါတယ်၊ ပူးပူးကပ်ကပ်နေဖို့ရာ အနားလာဖို့ရာ အင်မတန်ခက်ပါတယ်၊ ဒါကြောင့်မို့ ဒီဓာတ်ကြီး ၄-ပါးဟာ မြွေကြီး ၄-ကောင်အနီးအပါး ကပ်ဖို့ခဲယဉ်းသလိုပဲတဲ့၊ ကြောက်စရာကောင်းသလိုပဲတဲ့၊ ဓာတ်ကြီး ၄-ပါးတွေဟာ ဖောက်ပြန်လို့ရှိရင်လဲပဲ အနီးကပ်ဖို့ရာ ကြောက်စရာကောင်းပါတယ်တဲ့၊ ဒါကြောင့် **စုရာသဒ္ဒတော**-ချဉ်းကပ်နိုင်ခဲသောကြောင့်လဲပဲ မြွေကြီး ၄-ကောင်နဲ့တူ၏။

အတထည္ယတော- မြွေကြီး ၄-ကောင်ဆိုတာ သူများကျေးဇူးကို မသိတတ်ဘူးတဲ့။ မြွေဆိုတာဟာ ဘယ်လိုပဲယုယုယယနဲ့ ပြုပြင်ထားပေမယ့်လို့ မြွေဆိုတာ ကျေးဇူးမသိတတ်ဘူးတဲ့။ အဲဒါကတော့ ဇာတ်နိပါတ်ထဲမှာပါတယ်။ ဝေဠုကဇာတ်။

ကျေးဇူးမသိတတ်တဲ့ ဝေဠုကမြွေ

ဘုရားအလောင်းတော်ဟာ တစ်ခုသောဘဝမှာ ဗာရာဏသီပြည်မှာ ပစ္စည်းဥစ္စာဘောဂဗလနဲ့ပြည့်စုံတဲ့ သူဌေးမျိုးမှာဖြစ်ပြီး ကြီးပြင်းလာတဲ့အခါကျတော့ သံဝေဂရလို့ တောထွက်တယ်၊ တောထွက်ပြီးတော့ ရသေ့ပြုပြီးတော့နေတယ်။

တပည့်ပရိသတ်တွေ အမြောက်အမြားနဲ့ ဈာန်အဘိညာဉ်လဲ ပြည့်စုံပြီးတော့ အဲဒီထဲမှာ ရသေ့ကြီးက သူ့သခင်မင်းကျော်ဆီကို မြွေလေးတစ်ကောင် ရောက်လာတယ်၊ မြွေအငယ်ကလေးကို သူကချစ်ပြီးတော့ မွေးထားတယ်၊ ဒီရသေ့က အစကတည်းက အလမ္ဘာယ်ဆရာနဲ့တူပါတယ်၊ ဒီပြင်ပဂ္ဂိုလ်ဆိုရင် မြွေဘယ်သူမှ မွေးမှာမဟုတ်ဘူး၊ မြွေမွေးတယ်ဆိုတော့ မြွေကိုင်နေကျ ဖမ်းနေကျပုဂ္ဂိုလ်မို့ မကြောက်လို့နေမှာ၊ ဒီပြင်ပုဂ္ဂိုလ်ဆိုရင် မြွေ ဘယ်မွေးမလဲ၊ ရှေးရှေးကလဲပဲ မြွေ အလမ္ဘာယ်ဆရာ၊ ဒီဘဝမှာလဲ ရသေ့မလုပ်ခင်က အလမ္ဘာယ်ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်မို့ သူကိုင်ဝံ့တာ မြွေကို၊ မြွေဆိုတာ အဆိပ်ရှိတဲ့မြွေဆိုရင် မကိုင်ဝံ့ဘူး၊ သူက အဲဒီမြွေကလေးကိုချစ်လို့ သားဟူသောအမှတ်နဲ့ မွေးထားတယ်၊ သူစိတ်ထဲမှာ ဒီမြွေကလေးကို သူကသားလို့ စိတ်ထဲ အောက်မေ့ပြီးတော့ထားတယ်၊ သူကမေတ္တာရှိတော့ မြွေကလဲ သူ့ကိုအာရုံတော့ပြုပုံရတယ်၊ ဝါးဆစ်ကလေးထဲထည့်ထားတယ်၊ ဝါးကျည်တောက်ထဲထည့်ထားတယ်၊ ဒါကြောင့်မို့ ဝေဠု၊ ဝေဠု ဆိုတာ

http://www.dhammadownload.com

ဝါးကိုး၊ ဝေဠုကလို့ နာမည်ပေးထားတယ်။ ဝေဠုကကို သားအဖြစ်နဲ့ သူက မွေးထားတော့ အဲဒီရသေ့ကိုလဲ ဝေဠုကပိတာ၊ ဝေဠုကရဲ့အဖေပေါ့လေ၊ မြွေလေးကို မောင်ဝါးပေါ့လေ၊ မောင်ဝါးရဲ့အဖေဆိုပြီး ရသေ့ကြီးကို နာမည်ပေးထားတယ်။

ဒီပြင်ရသေ့တွေက သူ့ကိုနာမည်ခေါ်ကြတယ်၊ မောင်ဝါးအဖေ၊ ဟေ့ မောင်ဝါးအဖေ၊ ဘယ်မှာနေသလဲ၊ ဘယ်သွားသလဲ စသည်ဖြင့် ပြောကြမှာပေါ့လေ။ မြွေမွေးတယ်၊ အဲဒါ သတင်းကြားတာနဲ့ ဘုရားလောင်းဆရာ ရသေ့ကြီးက အဲဒီမြွေမွေးထားတဲ့ မောင်ဝါးအဖေကို တစ်နေ့ခေါ်ပြီးတော့ မေးတယ်၊ ဒီလို သတင်းကြားတယ်၊ သင်ဟာ မြွေကိုမွေးထားတယ်လို့ ကြားတယ်၊ ဟုတ်ပါတယ်၊ ဘာပြုလို့ မွေးသလဲလို့ မေးတယ်၊ အဆိပ်ရှိတဲ့မြွေ ကိုက်တတ်တယ်၊ သေလိမ့်မယ်၊ မမွေးနဲ့။

ဆရာကြီး ဒီမြွေက တခြားမြွေမဟုတ်ဘူး၊ ကျွန်တော့်သား ဖြစ်တယ်၊ ဟာလူနဲ့မြွေနဲ့ ဘယ်ကသားဟုတ်ရမှာလဲ၊ တစ်နေ့ကျရင် ဒီမြွေကိုက်ပြီး သေလိမ့်မယ်လို့ ရသေ့ကြီးက ဆုံးမတယ်၊ ဆုံးမပေမယ်လို့ သူက သံယောဇဉ်ဖြစ်နေတယ်၊ ဒီမြွေကလေးနဲ့ အစကတည်းက မြွေတွေ့ကတည်းက မွေးချင်နေတာ၊ အလမ္ဘာယ်ဆရာနဲ့ တူတာပါပဲ။

ဒါနဲ့ သူသံယောဇဉ်ဖြစ်တော့ မြွေနဲ့ခွဲဖို့ရာ မတတ်နိုင်တော့ ဆရာကြီးရဲ့စကားကို သူနားမထောင်ဘူး၊ နားမထောင်တော့ ဆရာကြီးက ပြောတယ်၊ သင်တစ်နေ့ကျတော့ ဒီမြွေကိုက်ပြီး သေလိမ့်မယ်လို့ပြောတယ်၊ ဒါလဲ ဒီမြွေလေးကို မစွန့်ဘူး၊ မြွေလေးကို အမြဲမွေးထားတယ်၊ တစ်ချိန်ကျတော့ ရသေ့တွေက သစ်သီးသစ်ဥတွေ လိုက်ရှာကြတော့ ဒီနေရာမှာ သစ်သီးသစ်ဥတွေ ဘယ်လွယ်လွယ် ကူကူရမလဲ၊ ၂-ရက် ၃-ရက်ကြာသွားတယ်၊ အဲဒီ ဝေဠုကဆိုတဲ့ မောင်ဝါးရဲ့အဖေ ရသေ့ကြီးလဲ ပါတာပေါ့၊ သူလဲပဲ အတူတူပဲ။

၂-ရက် ၃-ရက်ကြာတော့ ပြန်လာတော့ ပထမသူသွားကတည်းက မြွေကလေးကို ကျဉ်တောက်ထဲထည့်ပြီးတော့ သိပ်ထားခဲ့တာကိုး၊ ၂-ရက် ၃-ရက်မြွေက အစာမစားရတော့ စိတ်ဆိုးနေတယ်၊ အဲဒီမှာ သူကသတိရတော့ သြော်. . . ငါ့သား ၂-ရက် ၃-ရက်ရှိပြီတဲ့၊ အစာမစားရတာ၊ အစာကျွေးဦးမှပဲဆိုပြီး ဝါးကျည်

http://www.dhammadownload.com

တောက်ဖွင့်ပြီးတော့ ငါ့သား မင်းအစာတွေ သိပ်ဆာမှာပေါ့လေဆိုပြီး ကဲလာ လာလာ ဆိုပြီးတော့ လက်မောင်းတန်းပေးလိုက်တယ်၊ လက်မောင်းပေါ်လျှောက်ပြီး တော့ တက်လာဟန်တူပါတယ်၊ လက်ဆန့်ပေးတော့ မြွေကစိတ်ဆိုးနေတာ ၂-ရက် ၃-ရက် အစာမစားရဘဲ နေရမလားဆိုပြီး ထွက်ကတည်းက စိတ်ဆိုးလာပြီး တစ်ခါတည်း လက်ကိုကိုက်လိုက်တော့ သေပါရောတဲ့၊ ဒီမှာ မြွေကိုက်လို့သေတော့ ဘုရားလောင်းရသေ့ကြီးကို ရသေ့တွေကပြောတယ်၊ ဝေဠုက အဖေတော့သေရှာ ပြီ၊ ဒီလို ဖြစ်ရမှာပဲ။

ယော အတ္ထကာမဿ ဟိတာနုကမ္ပီနော၊
ဩဝဒ္ဓမာနော၊ နံ ကရောတိ ဆာသနံ၊
စဝံ သော နိဟတော သေတိ၊
ဝေဠုကဿ ယထာ ပိတာ။

ဇာတ်တော် ပထမတွဲမှာ ဟောထားတယ်။ စာမျက်နှာ ၁၁၊ ၄င်းအဋ္ဌကထာ နှာ - ၂၆၃။

ဝေဠုကဿ၊ ဝေဠုကမည်သော မြွေငယ်၏။ **ပိတာ**၊ အဖဟူ၍ခေါ်ရသော ရသေ့သည်။ **အတ္ထကာမဿ**၊ အကျိုးစီးပွားကို အလိုရှိသော။ **ဟိတာနုကမ္ပီနော**၊ အစီးအပွားဖြင့် အစဉ်စောင့်ရှောက်လျက်ရှိသော ဆရာသမား၏။ **ဩဝဒ္ဓမာနော**၊ ဆိုဆုံးမသည်ရှိသော်၊ **ဆာသနံ**၊ ဆုံးမဩဝါဒကို၊ **နံ ကရောတိ**၊ မပြုသည်ဖြစ်၍။ **နိဟတော**၊ မြွေသည် ကိုက်သတ်အပ်သည်ဖြစ်၍။ **သေတိယထာ**၊ စင်းစင်းကြီး သေရလေသကဲ့သို့၊ **စဝံ**၊ ဤအတူ။**ယော**၊အကြင်ပုဂ္ဂိုလ်သည်။ **ဩဝဒ္ဓမာနော**၊ဆိုဆုံးမအပ်သည်ရှိသော်။ **အတ္ထကာမဿ**၊ အကျိုးစီးပွားကို အလိုရှိသော။ **ဟိတာနုကမ္ပီနော**၊ အကျိုးစီးပွားဖြင့် အစဉ်စောင့်ရှောက်လျက်ရှိသော ကလျာဏမိတ္တဖြစ်သောပုဂ္ဂိုလ်၏။ **ဆာသနံ**၊ အဆုံး အမဩဝါဒကို။ **နံ ကရောတိ**၊မလိုက်နာသော ထိုသူသည်။ **နိဟတော**၊ ဆန့်ကျင်ဘက် ရန်သူသည် သတ်အပ်သည်ဖြစ်၍။ **သေတိ**၊ စင်းစင်းကြီး သေလျက်နေရလေတော့၏။

ဆုံးမဩဝါဒပေးတယ်၊ ဝေဠုကအဖေလိုပဲ ဆုံးမဩဝါဒ အကျိုးစီးပွားကို အလိုရှိပြီးတော့ ဆရာသမားကဖြစ်စေ, မိတ်ကောင်း ဆွေကောင်းတွေကဖြစ်စေ သွန်သင်ဆုံးမတဲ့ဥစ္စာ နားမထောင်ဘဲနေလို့ရှိရင် အဲဒီဝေဠုမည်တဲ့ မြွေကိုမွေးတဲ့

http://www.dhammadownload.com

ရသေ့လိုပဲ တစ်နေ့ကျရင် အကျိုးမဲ့ဖြစ်ပြီး သေတတ်တယ်ဆိုပြီး ဆုံးမသြဝါဒ ပေးတယ်။

အဲဒီမွေဟာ စောစောက ယုယုယယနဲ့ မွေးထားတယ်၊ သားအဖြစ်နဲ့ တကယ့်ကို ယုယုယယနဲ့ မွေးထားတာကိုး။ အလမ္ဘာယ်ဆရာလို စီးပွားဖြစ်မွေး ထားတာ မဟုတ်ဘူး၊ ချစ်ခင်လေးမြတ်ပြီး အစတုန်းကတော့ မွေးနဲ့ရသေ့နဲ့ တော်တော်ယဉ်ပါးနေပုံ ပေါ်ပေါက်ပါတယ်၊ အဲဒါ ရှေးတုန်းက။

ဒီတော့ ဓာတ်ကြီး ၄-ပါးကို ဓာတ်ကြီး ၄-ပါး ရုပ်ကိုယ်ကြီး အမြဲတမ်း ပြုစုရတယ်၊ အိပ်ရာက ထကတည်းက မျက်နှာသစ်ရတယ်၊ ရေချိုးရတယ်၊ ဆပ်ပြာ တွေနဲ့ တိုက်ပြီးတော့ ဆေးကြောပေးရတယ်၊ အမျိုးမျိုးပြုစုရတယ်၊ ဘယ်လိုပြုစု ပေမယ်လို့ ဓာတ်ကြီး ၄-ပါးကတော့ ကျေးဇူးမသိတတ်ဘူး၊ ဒီလူဟာ ငါ့ကို ပြုစု ပါတယ်ဆိုပြီး ကျေးဇူးမသိတတ်ဘူးတဲ့၊ ဖောက်ပြန်မြဖောက်ပြန်နေတာပါပဲ၊ ဓာတ်ကြီး ၄-ပါးဘယ်လိုပြုစုပေမယ်လို့ ကျေးဇူးတင်ရမှန်းမသိဘူး၊ ဒါကြောင့် မွေ ဟာလဲ ဒီလိုပဲ၊ ရသေ့ကြီးက စောင့်ရှောက်ပေမယ်လို့ ကျေးဇူးတင်ရမှန်း မသိသလို ပဲ၊ ဓာတ်ကြီး ၄-ပါးကလဲ ကျေးဇူးတင်ရမှန်း မသိခြင်းကြောင့် ဒါကြောင့်မို့လဲပဲ ဓာတ်ကြီး ၄-ပါးကို မွေကြီး ၄-ကောင်နဲ့ ဥပမာပြုပြီးတော့ မြတ်စွာဘုရားက ဟောတယ်တဲ့။

ဒီ ဓာတ်ကြီး ၄-ပါးဟာ မွေကြီး ၄-ကောင်ဟာ ကျေးဇူးမသိတာလို ရွံစရာ မုန်းစရာ ကြောက်စရာကောင်းတာလိုပဲ၊ မိမိတို့သန္တာန်မှာရှိတဲ့ ဓာတ်ကြီး ၄-ပါးဟာ လဲ ကျေးဇူးမသိတတ်တဲ့အကြောင်း ဟောတယ်၊ အဲဒီ ဓာတ်ကြီး ၄-ပါးဟာ ကြောက်စရာ ရွံစရာကောင်းတယ်၊ ဒီဓာတ်ကြီး ၄-ပါးက လွတ်မြောက်အောင်လို့ အားထုတ်စရာ ကောင်းလှပြီဟု ဆိုပါတယ်၊ ဒီဓာတ်ကြီး ၄-ပါးကို ပြုစုယုယပြီးတော့ လာတာလဲ များလှပြီ၊ ဒီဘဝသာ မဟုတ်ဘူး၊ ဟိုဘဝ ဟိုဘဝတွေကလဲ အဲဒီလို ယုယလာရတာပဲ၊ ဘဝတိုင်း ဘဝတိုင်းဟာလဲ ဒီဓာတ်ကြီး ၄-ပါးဟာ ကျေးဇူးတင် ပြီးတော့ စောင့်ရှောက်ရတာ မဟုတ်ဘူး၊ တစ်နေ့ကျလို့ရှိရင် ဖောက်ပြန်ပျက်စီး ပြီးတော့ သေလိမ့်မယ်၊ ဒီတော့ ဒီဓာတ်ကြီး ၄-ပါးဟာ ရွံစရာ မုန်းစရာကောင်းလှ ပြီလို့ မြတ်စွာဘုရားက ဟောပါတယ်။

http://www.dhammadownload.com

အထူးမပြု မခွဲခြားတဲ့ ဓာတ်ကြီး ၄-ပါး

အဝိသေသတာရိုတော၊ ဝိသေသကာရိုး အထူးမပြုတတ်ဘူး၊ လောကမှာ ပုဂ္ဂိုလ်ထူးဆိုတာ ရှိတယ်၊ ပုဂ္ဂိုလ်အထူးကို အထူးမှန်းမသိဘဲနဲ့ ဂရုမစိုက်လို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေ၊ အဲဒီ လူစုတွေမှာ အကျိုးမဲ့တွေ ဖြစ်တတ်တယ်၊ ပုဂ္ဂိုလ်အထူးကို ပုဂ္ဂိုလ်အထူးမှန်း သိပြီးတော့ တရိုတသေ ပြုစုစောင့်ရှောက်တတ်တဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ဖြစ်စေ၊ အများကြီးဖြစ်စေ၊ အဲဒီ ပုဂ္ဂိုလ်တွေမှာ အကျိုးကျေးဇူးတွေ ဖြစ်ပေါ်လာပါတယ်၊ ဒီပုဂ္ဂိုလ်ကတော့ စိတ်ကောင်းနှလုံးကောင်းရှိတယ်၊ အများအတွက် ရွက်ဆောင်တတ်တယ်ဆိုရင် အဲဒီလို ပုဂ္ဂိုလ်ရွေးချယ်ရတယ်၊ ဂရုစိုက်ရတယ်၊ ဂရုစိုက်ရင် ဒိပြင်လူတွေလဲပဲ ရှိတာပဲ၊ ငါက အထူးဆောင်ရွက်ပေမယ်လို့ ငါ့လဲ ဘယ်သူမှ ကျေးဇူးတင်တာ မဟုတ်ဘူးဆိုပြီး အဲဒီပုဂ္ဂိုလ်ရှောင်သွားလို့ရှိရင် ရသင့်ရထိုက်တဲ့ အကျိုးတွေ ဆုတ်ကုန်တတ်တယ်။

အဲဒါ ရပ်ကွက်နဲ့ဖြစ်စေ, ရွာနဲ့ဖြစ်စေ, မြို့နဲ့ဖြစ်စေ၊ ရဟန်းသံဃာတွေလဲ ဒီလိုပဲ၊ ရဟန်းသံဃာတွေထဲမှာလဲပဲ ဂုဏ်ထူးရှိတဲ့ပုဂ္ဂိုလ်ကနေပြီး ပြောဆိုရင် အရှိအသေ အလေးအစားလုပ်ရတယ်၊ အရှိအသေ အလေးအစား မလုပ်ရင် ဒီပုဂ္ဂိုလ်တွေ တယ်နေရာမကျပါဘူးဆိုပြီးတော့ မဆောင်ရွက်ဘဲနေရင် အကျိုးကျေးဇူးဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်ထူးဟာ တခြားရောက်သွားရင် ရသင့်တဲ့ အကျိုးတွေ မရဘဲ ဖြစ်လိမ့်မယ်၊ ပုဂ္ဂိုလ်ထူးကို သိရတယ်။

ထို့အတူ ကြောက်စရာကောင်းတဲ့ပုဂ္ဂိုလ်ဆိုတာလဲ သိရတာပဲ၊ ကြောက်စရာကောင်းတဲ့ပုဂ္ဂိုလ်၊ ဘေးရန်အန္တရာယ်ပြုတတ်တဲ့ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်ကိုလဲ သိရတယ်၊ စာပေကျမ်းဂန်တွေအရာမှာ အင်မတန်ကြပ်တည်းစွာ ဩဝါဒပေးထားတဲ့ ဝိနည်းကို တောင်မှ လူပုဂ္ဂိုလ်တွေဆိုလို့ရှိရင် ပစ္စည်းတွေ မပေးရဘူးတဲ့၊ ကုလဒူသနခေါ်တယ်၊ အမျိုးတို့ သဒ္ဓါတရားကို ဖျက်ဆီးတတ်သည်တဲ့၊ မိမိ၏ ဒကာ ဒကာမတွေက သဒ္ဓါတရားရှိလို့ **ဆံဆာရဝဋ္ဋဒုတ္ထတော မောစနတ္ထာယ**-သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရခြင်း အကျိုးငှာဆိုပြီး ပစ္စည်းတွေ လှူထားတယ်။

http://www.dhammadownload.com

ယခုမြွေကြီးတွေဟာ **ပုဂ္ဂလဝိဿဿ** ဘာသိသလဲဆို ဘာမှမသိဘူး၊ ဒီမြွေကြီးတွေက ဒီပုဂ္ဂိုလ်ကတော့ဖြင့် ခတ္တိယမင်းမျိုး, ဗြာဟ္မဏပုဏ္ဏားမျိုးပဲ၊ အထက်ကျတယ်။ အမိုးဇာတ် မြတ်တယ်ဆိုပြီးတော့ ဒီမြွေကြီးတွေဟာ သိရဲလားဆိုတော့ မသိပါဘူး။ ဒီပုဂ္ဂိုလ်ကတော့ သီတင်းသီလနဲ့ပြည့်စုံတဲ့ သူတော်ကောင်းပဲ သိသလားဆို မသိပါဘူး။ ဒီပုဂ္ဂိုလ်က လူမိုက်ကြီးပဲဆို သိသလားမသိဘူးတဲ့။ သူကတော့ သူမျက်မှောက်ရောက်လာလို့ သူစိတ်ဆိုးအောင်လုပ်ရင် မြွေကြီးက ကိုက်မှာပဲတဲ့။ ဘယ်သူဖြစ်ဖြစ် ကိုက်မှာပဲတဲ့ ဒီမြွေကတော့။

ဓာတ်ကြီး ၄-ပါးကလဲပဲ **ပုဂ္ဂလဝိဿဿ**ပုဂ္ဂိုလ်ထူးပဲဆိုပြီးတော့ ဘာမှမသိဘူးတဲ့၊ ဒီပုဂ္ဂိုလ်ကတော့ ခတ္တိယမင်းမျိုးပဲဆိုပြီးတော့ ချမ်းသာပေးမလားဆိုရင် မပေးပါဘူးတဲ့၊ ဖောက်ပြန်စရာရှိရင် ဓာတ်ကြီး ၄-ပါးက ဖောက်ပြန်တာပဲတဲ့၊ ဒီ ပုဂ္ဂိုလ်ဟာ ဗြာဟ္မဏမျိုးဇာတ်အားဖြင့် စင်ကြယ်တယ်၊ ဗြာဟ္မဏတွေက သူတို့က မဟာဗြဟ္မာကြီးက မွေးလို့အမြတ်ဆုံးဆိုတာပဲ၊ သူတို့သန္တာန်မှာရှိတဲ့ဓာတ်ကြီး ၄-ပါးကတော့ အမြတ်ဆုံးပုဂ္ဂိုလ်ရယ်လို့ ဘာမှမညာပါဘူး၊ သူတို့လဲပဲ ဓာတ်ကြီး ၄-ပါးက ဖောက်ပြန်ရင် အနာရောဂါဖြစ်ပြီး သေတာပဲ၊ သေတတ်တယ်၊ ရဟန်း သူမြတ်တွေရယ်လို့လဲ သူမသိဘူးတဲ့၊ ဒီပုဂ္ဂိုလ်ကတော့ သီလတွေ ရှိရှိသေသေ စောင့်ရှောက်နေတာပဲ၊ ဓုတင်အကျင့်တွေကို ကျင့်နေတာပဲ၊ သမထ ဝိပဿနာ ဘာဝနာတွေပွားနေတာပဲ၊ အဲဒီလိုဓာတ်ကြီး ၄-ပါးက သိပဲ့မလား။ သိမှ မသိပဲ၊ မသိဘူးတဲ့၊ ရောဂါဝေဒနာတွေ ဖြစ်စရာရှိရင် ဖြစ်တာပဲတဲ့။

တစ်ခုတော့ရှိတယ်၊ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်က ဗောဇ္ဈင်တရားတွေ ပွားနေတော့ ကျန်းမာတော့ ကျန်းမာတတ်တယ်၊ တရားက တော်တော်ကောင်းတယ်၊ ဘုန်းကြီးများ တရားအားထုတ်တုန်းက သထုံမှာ ၄-လနေခဲ့တယ်၊ တရားအားထုတ်နေတဲ့အခါကာလမှာ သမထဝိပဿနာ ဘာဝနာတရားတွေက စင်ကြယ်တဲ့ တရားတွေဖြစ်တော့ စင်ကြယ်တဲ့တရားတွေ အကြောင်းပြုပြီးတော့ ကျန်းမာတတ်ပါတယ်၊ ရောဂါဝေဒနာတွေလဲ ပျောက်တတ်ပါတယ်၊ အဲဒါတော့ ရှိပါတယ်။

http://www.dhammadownload.com

ဒါပေမယ်လို့ ဓာတ်ကြီး ၄-ပါးက သိလို့မဟုတ်ဘူး၊ သူတော်ကောင်းတရား တွေရဲ့ အစွမ်းကြောင့် ရောဂါဝေဒနာတွေမဖြစ်ဘဲနဲ့ သက်သာနေတာရှိတယ်၊ ပျောက်ပြီးတော့ သွားတာလဲ ရှိပါတယ်၊ ဓာတ်ကြီး ၄-ပါးကတော့ မသိပါဘူး၊ ဒါသူတော်ကောင်းပဲလို့ ဘယ်သိလိမ့်မှာလဲ၊ မသိဘူး၊ မသိတော့ ဓာတ်ကြီး ၄-ပါး အမှိုပြုပြီးတော့ ဖောက်ပြန်ပြီး တစ်နေ့တော့သေကြေပျက်စီးတာပဲ၊ မြတ်စွာဘုရား၏သန္တာန်မှာရှိတဲ့ ဓာတ်ကြီး ၄-ပါးကလဲ ဖောက်ပြန်တာပဲ၊ ဖောက်ပြန်တော့ နောက်ဆုံးကျတော့ ပရိနိဗ္ဗာန်ပြုသွားရတယ်။

ဓာတ်ကြီး ၄-ပါးဟာ **ပုဂ္ဂလဝိဿသ** မသိဘူး၊ ထူးတဲ့ပုဂ္ဂိုလ်ရယ်လို့ မသိဘူး၊ ကြောက်စရာတွေလဲ သူမသိဘူးတဲ့။ ကြောက်စရာ မင်းရယ်လို့လဲ သူမသိဘူး၊ ဒီဥစ္စာက ဓားပြကြီးပဲ၊ ဒီလိုလဲ မသိဘူး၊ ကြောက်မယ်ဆိုရင် ကြောက်စရာကောင်းတယ်၊ စာပေကျမ်းဂန်အရကတော့ သာသနာတော်မှာ ထင်ရှားတဲ့ပုဂ္ဂိုလ်ကြီးတွေဖြစ်ရတာ၊ အရှင်ဒေဝဒတ်တို့ ဘုရားတောင်မှ သူကသေကြောင်းကြံသေးတာပဲ၊ ကြောက်မယ်ဆို သိပ်ကြောက်စရာကောင်းတာ၊ ဓာတ်ကြီး ၄-ပါးက **ပုဂ္ဂလဝိဿသ** မသိတတ်ဘူးတဲ့၊ ဒီပုဂ္ဂိုလ်က ပုဂ္ဂိုလ်ထူးတယ်လို့လဲ မသိတတ်ဘူး၊ ကောင်းတယ်လို့လဲ မသိတတ်ဘူး၊ ဒီပုဂ္ဂိုလ်ကတော့ ကြောက်စရာကောင်းတယ်၊ မိုက်တယ်လို့လဲ မသိတတ်ဘူး၊ ဒီပုဂ္ဂိုလ်ကတော့ ကြောက်စရာကောင်းမှန်းလဲ မသိဘူး၊ အားလုံးသော ပုဂ္ဂိုလ်တွေမှာ ဖောက်ပြန်စရာရှိရင် ဖောက်ပြန်ပြီးတော့ နှိပ်စက်တာပဲတဲ့။

ဒါကြောင့်မို့ မွေကြီး ၄-ကောင်ဟာ သူကျေးဇူးမသိတတ်ဘဲနဲ့ သူအစိုးတရ ပုဂ္ဂိုလ်ကိုကိုက်ပြီးတော့ သတ်တတ်သလိုပဲ ဓာတ်ကြီး ၄-ပါးဟာလဲ သူ့ကျေးဇူး ပုဂ္ဂိုလ်ထူးကို မသိတတ်ဘဲနဲ့ဖောက်ပြန်ပြီးတော့ ကိုက်သတ်တတ်တယ်၊ နှိပ်စက်တတ်တယ်၊ ဒါကြောင့်မို့ ဓာတ်ကြီး ၄-ပါးဟာ မွေကြီး ၄-ကောင်နဲ့တူကြောင်း ဟောပါတယ်။

မွေကြီး ၄-ကောင်နဲ့ ပူးပေါင်းပြီးနေတာကြာလှပြီ၊ အခုမှ မဟုတ်ဘူး၊ ဘဝတိုင်း ဘဝတိုင်းကြောက်စရာကောင်းတာချည်းတွေ၊ ဒါချည်းတွေ ကိုယ့်ကိုယ်ထဲက သာယာလို့ ကိုယ့်ကိုယ်ထဲတွင် ဘယ်ကလိမ့်မှာတုန်း၊ သူများကိုယ်တွေရော

http://www.dhammadownload.com

လျှောက်ပြီးတော့ သာယာနှစ်သက်နေတာတွေ ဓာတ်ကြီး ၄-ပါးတွေ သဘောကျ နေတယ်၊ ကြောက်စရာတွေ၊ ကြောက်မယ်ဆိုရင် ကြောက်စရာကောင်းလှပြီ၊ အဲဒါကို သဘောပေါက်အောင်လို့ မြတ်စွာဘုရားက ဟောထားပါတယ်။

အပြစ်ဘေးရန် များစေတဲ့ ဓာတ်ကြီး ၄-ပါး

အနန္တ ဒေါသုပဒ္ဒဝတော-အဆုံးအပိုင်းအခြားမရှိတဲ့ အပြစ်ဒေါသတွေကိုလဲ ဖြစ်စေတတ်သည်၊ မြွေဆိုတာဟာ သူကိုက်လို့ရှိရင် ကျိုးရင်လဲ ကျိုးတတ်တယ်၊ ကန်းရင်လဲ ကန်းတတ်တယ်၊ လူစဉ်မမှီဘဲရင်လဲ ဖြစ်တတ်တယ်၊ သေရင်လဲ သေတတ်တယ်၊ အဲဒီလို အကျိုးမဲ့တွေ ဖြစ်တတ်တယ်၊ မြွေကိုက်လို့ တချို့ ခြေထောက်တွေ ဖြတ်ပစ်လိုက်ရတာတွေ ရှိပါတယ်၊ မျက်စိတွေ ပျက်သွားတာ ရှိတယ်၊ ကိုယ်တွေ အသားအရေတွေ ပျက်စီးပြီးတော့နေတာတွေ ရှိတယ်၊ တချို့လဲ အင်အားတွေနည်းပြီးနေတာတွေ ရှိတယ်၊ များသောအားဖြင့် သေတတ်ပါတယ်။ သေတာက များတာပါပဲ။ အဲဒါလိုပဲတဲ့။

ဓာတ်ကြီး ၄-ပါးကလဲပဲ လောကမှာ အကျိုးမဲ့တွေဟူသမျှ ဓာတ်ကြီး ၄-ပါးက အကြောင်းပြုပြီးတော့ ဖြစ်နေတာတဲ့၊ လူတွေဟာ ကျိုးတယ်ဆိုရင်လဲ ဓာတ်ကြီး ၄-ပါးပဲတဲ့၊ ဓာတ်ကြီး ၄-ပါးမရှိရင် အကျိုးမရှိနိုင်ဘူး၊ ဓာတ်ကြီး ၄-ပါးရှိတော့ ကျိုးရတယ်၊ ဓာတ်ကြီး ၄-ပါးက ကျိုးနေတာပဲ၊ မျက်စိကွယ်ရတယ်၊ ကြောက်စရာကောင်းတယ်၊ မျက်စိကွယ်တာများ အကျိုးမဲ့တွေ၊ ဒါလဲ ဓာတ်ကြီး ၄-ပါးက ဖောက်ပြန်တာပဲ၊ နားထိုင်းရတယ်၊ ဒါဓာတ်ကြီး ၄-ပါးကြောင့်ပဲ၊ သေရတာပဲ။ ဒီတော့ မြွေကြီးတွေဟာ ကိုက်ပြီးတော့ အကျိုးမဲ့တွေများစွာ ပြုတတ်သလိုပဲတဲ့။ ဓာတ်ကြီး ၄-ပါးတွေဟာ လောကမှာရှိသမျှ အကျိုးမဲ့တွေ သူတို့ပြုတာပါပဲတဲ့၊ ဓာတ်ကြီး ၄-ပါးမှီပြီးတော့ အကျိုးမဲ့တွေ ဖြစ်တာတဲ့၊ အကျိုးမဲ့တွေဟူသမျှဟာ ဓာတ်ကြီး ၄-ပါးနဲ့ဆိုင်တယ်၊ ဓာတ်ကြီး ၄-ပါးနဲ့ မကင်းဘူးတဲ့။

ဒီတော့ မြွေကြီး ၄-ကောင်ဟာ အကျိုးမဲ့တွေ အစအဆုံးမရှိပြုတတ်တာလို ဓာတ်ကြီး ၄-ပါးတွေဟာလဲ အကျိုးမဲ့အစအဆုံးမရှိပြုတတ်လို့ ကြောက်စရာ ကောင်းသည်တဲ့။ ကြောက်စရာကောင်းတဲ့ ဓာတ်ကြီး ၄-ပါးက လွတ်မြောက်အောင်

http://www.dhammadownload.com

သူတော်ကောင်းတရားတွေ ပွားများသင့်ထိုက်လှပြီလို့ ဒီလိုအဓိပ္ပာယ်ရည်ရွယ်ပြီး တော့ မြတ်စွာဘုရားက ဟောထားပါတယ်။

သိတ္ထေ၊ ရဟန်းတို့။ **ဥဋ္ဌတေဇေ၊** ထက်သော တန်ခိုးရှိကုန်သော။ **ယောရူဠှသာ၊** ကြမ်းတမ်းသောအဆိပ်ရှိကုန်သော။ **စတ္တာရောအာသီဝိသာတိတေ၊** မြွေကြီး ၄-ကောင်တို့ဟူသော ဤအမည်သည်။ **စတုန္နံ၊** ၄-ပါးကုန်သော။ **မဟာဘူတာနံ၊** မဟာဘုတ်ရုပ်ကြီးတို့၏။ **အဓိဝစနံ၊** အမည်ပေတည်း။ **ကွာဖဲ၊** ဤ ၄-ပါးသော မဟာဘုတ်ဟူသည်။ **သေယျထာတဒမံ၊** အဘယ်သည်တို့ နည်းဟူမူကား။ **ပထဝီဓာတု ယာ၊** ပထဝီဓာတ်၏လည်းကောင်း။ **အာပေါဓာတုယာ၊** အာပေါဓာတ်၏လည်း ကောင်း။ **တေဇောဓာတုယာ၊** တေဇောဓာတ်၏လည်းကောင်း။ **ဝါယောဓာတုယာ၊** ဝါယောဓာတ်၏လည်းကောင်း။ **အဓိဝစနံ၊** အမည်ပေတည်း။

ဓာတ်ကြီးလေးပါးကလွတ်အောင် တရားအားထုတ်

ဓာတ်ကြီး ၄-ပါးအမည်တဲ့။ ဓာတ်ကြီး ၄-ပါးကို အခုယောဂီပုဂ္ဂိုလ်တွေ တရားအားထုတ်ရာမှာ ဒါတွေရှုနေရတာပါပဲ၊ မြွေကြီး ၄-ကောင်ကို ကြောက်သော အားဖြင့် မြွေကြီး ၄-ကောင်မှလွတ်အောင် ပြေးနေတာ၊ အားထုတ်တဲ့ပုဂ္ဂိုလ်က ပြေးနေတာ၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ မပြေးဘူး၊ မပြေးတဲ့အပြင် သဘောတောင်ကျနေသေးတယ်၊ မြွေကြီးတွေကို ယုယနေတုန်း ရှိသေးတယ်၊ သဘောကျလက်ခံနေတယ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီမြွေကြီး တွေမှ လွတ်အောင်လို့ပြေးနေတာ၊ တစ်ခါမှတ်လိုက်ရင်း ၇ခြေတစ်လှမ်းပြေးတာ၊ တစ်ခါမှတ်လိုက်ရင်း ခြေတစ်လှမ်းပြေးတာ၊ မှတ်တိုင်းမှတ်တိုင်းဟာ မြွေကြီး ၄ကောင်မှ လွတ်အောင်, ဓာတ်ကြီး ၄-ပါးကလွတ်မြောက်သွားအောင် တရား ကျင့်သုံးအားထုတ်နေတာ၊ ကိုင်း ဆိုရမယ်။

> မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတစ်ဖုံ၊ ခြောက်အာရုံဟု၊ သုံးစုံခားပြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊

http://www.dhammadownload.com

ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်၊ ဟိုဘက်အရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း၊ ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

အဲဒီဓာတ်ကြီး ၄-ပါးနဲ့လဲ နိဗ္ဗာန်ရောက်နိုင်ပါတယ်တဲ့။ အရိယမဂ်ဖိုလ်တွေရော အကုန်လုံးရနိုင်ပါတယ်။ ဓာတ်ကြီး ၄-ပါးမှ သိရုံနဲ့လဲပဲ ရဟန္တာဖြစ်နိုင်တယ်တဲ့။ သတိပဋ္ဌာန်ဒေသနာတော်အရ ဝါယောဓာတ်ကို ပဓာနပြုပြီးတော့ ဓာတ်ကြီး ၄-ပါးကို ရှုမှတ်နေရတယ်။ အဲဒါနဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်။

သွားရင်သွားတာကိုမှတ်၊ ရပ်ရင် ရပ်တာကိုမှတ်၊ ထိုင်ရင် ထိုင်တာကိုမှတ်၊ လဲလျောင်းရင်လဲ လျောင်းတာကိုမှတ်၊ ကိုယ်အမူအရာတွေပြုတိုင်း ပြုတိုင်းမှတ်၊ ဣရိယာပုထ် ၄-ပါးနဲ့ရှုရတယ်။ ရှေ့ကိုသွားရင် ရှေ့ကိုသွားတာကိုမှတ်၊ နောက်ကိုဆုတ်ရင် နောက်ကိုဆုတ်တာကိုမှတ်၊ လက်ခြေတွေကွေးလို့ရှိရင် ကွေးတာကိုမှတ်၊ တည့်တည့်ကြည့်ရင်မှတ်၊ တစောင်းကြည့်ရင်မှတ်၊ တစ်စုံတစ်ခုကိုကိုင်တွယ်ရင်မှတ်စသည်ဖြင့် ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်း ရှုမှတ်နေရမယ်။ အဲဒါဟာ ဝါယောဓာတ်ကို ပဓာနပြုပြီးတော့ရှုမှတ်နေတာပဲ။ အဲဒီကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်းဟာ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ကို တောင့်တင်းလှုပ်ရှားတယ်။ တွန်းကန်တယ်၊ ဝါယောဓာတ်၊ အဲဒီဝါယောဓာတ်တွေကို ရှုမှတ်နေရတာပဲ။

ဖောင်းတယ်မှတ်ရင် ဖောင်းတာဟာ ဖောင်းတာထဲမှာ တောင့်တဲ့သဘောပါတယ်။ တင်းတဲ့ သဘောပါတယ်။ တွန်းကန်တဲ့ သဘောပါတယ်။ လှုပ်ရှားတဲ့ သဘောပါတယ်။ တစ်ခါတစ်ရံကို တောင့်တာသိမယ်။ တစ်ခါတစ်ရံ တင်းတာသိမယ်။ တစ်ခါတစ်ရံ တင်းတယ်ဆိုတော့ လျော့တာလည်းပါတယ်။ တစ်ခါတစ်ရံကို တွန်းကန်နေတာသိမယ်။ တစ်ခါတစ်ရံကို တရွေ့ရွေ့နဲ့လှုပ်ရှားနေတာကို သိလိမ့်မယ်။ အဲဒါ ဘာသိသိ ဝါယောဓာတ်သိတာပဲ။

အဲဒီဝါယောဓာတ်သိနေလို့ရှိရင် ဖောင်းတယ်မှတ်တိုင်း ဝါယောဓာတ်သိတယ်၊ ပိန်တာမှတ်တိုင်း ဝါယောဓာတ်သိတယ်၊ ဝါယောဓာတ်ကဘာတုန်း၊ ရုပ်တရားပဲ။ မှတ်သိတာကဘာတုန်း နာမ်တရားပဲ။ ဖောင်းတယ် မှတ်လိုက်တော့

http://www.dhammadownload.com

တောင့်တာတင်းတာ လှုပ်ရှားတာက ရုပ်၊ ဒါတွေကို မှတ်သိတာက နာမ်၊ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ် ၂-ခုရှိတာပဲ။ ဒါက စာသင်ဘောအားဖြင့် ဒီလို သင်ဘောကျပြီး သိနိုင်ပါတယ်။

ဒါပေမယ့် စာသင်ဘောကတော့ သည်ာသိခေါ်တယ်။ စာနဲ့ကျမ်းဂန်အရနဲ့ မှတ်သားပြီးတော့သိတာ၊ ကိုယ်တိုင်သိမဟုတ်သေးဘူး။ အခု ယောဂီပုဂ္ဂိုလ်တွေမှာ ဖောင်းတိုင်း ပိန်တိုင်းမှတ်တော့ မှတ်တိုင်းမှတ်တိုင်း ဖောင်းတာကလေး ပိန်တာကလေး၊ ဖောင်းတာကလေးတစ်ခု၊ မှတ်တာကလေးတစ်ခု၊ ပိန်တာကလေးကတစ်ခု၊ မှတ်တာကလေးကတစ်ခု၊ မှတ်တိုင်းမှတ်တိုင်းဟာ ဖောင်းတာကတခြား မှတ်သိတာကတခြား၊ ပိန်တာကတခြား မှတ်သိတာကတခြား၊ ဒီလိုကွဲလာတာကိုး၊ စိတ်ကူးစဉ်းစားယူရတာမဟုတ်ဘူး။ မှတ်ရင်းမှတ်ရင်းကို သူကတစ်ခါမှတ်လိုက်ရင် ဟိုက အာရုံနဲ့အသိနဲ့အာရုံနဲ့အသိနဲ့ တွဲကပ်ပြီးတော့ အတွဲလိုက်အတွဲလိုက် တစ်စုံတစ်စုံဖြစ်နေတာ။

နံရံကိုခဲနဲ့ပေါက်လိုက်တော့ ခဲကတခြား နံရံကတခြား၊ ခဲမှန်တဲ့နံရံကတခြား၊ ထိမှန်တဲ့ခဲကတခြား၊ ဒီလို အသိက ကွဲနေတယ်။ ဖောင်းတယ် မှတ်လိုက်ရင် ဖောင်းတက်လာတဲ့ရုပ်ကတခြား၊ မှတ်သိလိုက်တာကတခြား၊ တခြားစီ ကွဲနေတယ်။ ရုပ်နာမ်မကွဲသေးခင်ကတော့ ဖောင်းတယ် ပိန်တယ် မှတ်ရမယ်ဆိုလို့သာ မှတ်နေတာ။ ဖောင်းတာလဲငါပဲ၊ ပိန်တာလဲ ငါပဲ၊ မှတ်သိနေတာလဲ ငါပဲ၊ ဘာဖြစ်ဖြစ် ငါချည်းပဲ တစ်ယောက်ထဲဖြစ်နေတာ၊ အဲဒီနာမ်နဲ့ရုပ်နဲ့ကွဲပြီးတဲ့ အခါကျတော့ မှတ်တိုင်းမှတ်တိုင်းဟာ မှတ်ရတဲ့အာရုံကတခြား၊ မှတ်သိနေတဲ့အသိ ကလေးကတခြား၊ မှတ်ရတဲ့အာရုံက ရုပ်၊ ပထမဈာန်ခါစ မှတ်ခါစမှာ ရုပ်ပဲမှတ်ရတယ်။ မှတ်ရတဲ့အာရုံက ရုပ်၊ မှတ်သိနေတာက နာမ်။

(ရွှေနည်းကျမ်း ဒုတွဲ ၁၆-မှာကြည့်ပါ)

ယထာ ယထာ ဟိဿ ရူပံ သုဝိတ္ထာလိတံ ဟောတိ၊

အဿ၊ ထိုယောဂီအား။ **ဝါ**၊ ထိုယောဂီသည်။ **ယထာယထာ**၊ အကြင်အကြင် ရှုမှတ်သော အခြင်းအရာဖြင့်။ **ရူပံ**၊ ရုပ်သည်၊ **သုဝိတ္ထာလိတံ**၊ ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးသည်။ **ဟောတိ**၊ ဖြစ်၏။

http://www.dhammadownload.com

အဓိပ္ပာယ်ဟာ အရွှမ်းအထွေးမဖြစ်ဘူးတဲ့၊ ရှင်းရှင်းလင်းလင်း သိတယ်တဲ့၊ သတိတွေဟာ အထူးစင်ကြယ်နေတယ်၊ အရွှမ်းအထွေးမရှိဘူး၊ ဖောင်းတက်လာတာလေးလဲ သေသေချာချာသိတယ်၊ ပိန်ကျသွားတာလဲ သေသေချာချာ သိတယ်၊ ကွေးတာလဲ သေသေချာချာသိတယ်၊ ဆန့်တာလဲ သေသေချာချာသိတယ်၊ ကိုယ်အမူအရာတွေ ပြုတိုင်းပြုတိုင်း အမှတ်ကလေးတွေ တခြားတစ်ပါး မရောက်ဘဲနဲ့ ပြုပြင်တဲ့အမူအရာ ကလေးတွေအပေါ်မှာ တည်ပြီးတော့ သိနေတယ်တဲ့။ ရုပ်အမူအရာ ရုပ်ကိုပိုင်းပိုင်းခြားခြားသိတယ်။ တောင့်ရင်တောင့်တာ၊ တင်းရင်တင်းတာ၊ လှုပ်ရှားရင် လှုပ်ရှားတာ၊ အဲဒီသဘောကို ပိုင်းပိုင်းခြားခြားသိတယ်။

ထထာ ထထာ၊ ထိုထိုအခြင်းအရာအားဖြင့်။ **ထဒါရမ္ဘကာ**၊ ထိုရုပ်လျှင် အာရုံ ရှိကုန်သော။ **ဝါ**။ ထိုရုပ်ကိုမှတ်သိကုန်သော။ **အရွှမဓမ္မာ**၊ နာမ်တရားတို့သည်။ **ဝေမေဝ**၊ မိမိအလိုလိုသာလျှင်။ **ပါတဒ္ဓာဟောန္တိ**၊ ထင်ရှားကြလေကုန်တော့၏။

အဲဒီရုပ်တွေကို မှတ်တိုင်းမှတ်တိုင်း မှတ်စရာသိစရာရုပ်အာရုံထင်ထင်ရှားရှားသိရတယ်၊ ထင်ထင်ရှားရှားသိတဲ့ နာမ်တရားတွေပေါ်လာတယ်၊ အသိကလေးက ပေါ်လာတယ်၊ အာရုံပေါ်ရင် အသိပေါ်တော့မှာပေါ့၊ အတွဲလိုက်ဖြစ်နေတာကိုး။

ဖောင်းတာကလေးကို ပိုင်းပိုင်းခြားခြားသိရင် ဖောင်းတာသိတဲ့နာမ်တရားကလေးလဲ ပိုင်းပိုင်းခြားခြားပေါ်လာတယ်၊ ဖောင်းတာကတခြား၊ သိတာကတခြားကွဲနေတယ်။

ပိန်တာကလေး ပိုင်းပိုင်းခြားခြားသိရင် ပိန်တာကတခြား သိတာကတခြား၊ ကွေးတာကို ပိုင်းပိုင်းခြားခြားသိရင် ကွေးတာကတခြား၊ သိတာကတခြား၊ ဆန့်တာပိုင်းပိုင်းခြားခြားသိရင် ဆန့်တာကတခြား၊ သိတာကတခြား။

ရုပ်အမူအရာတွေ ရှုတိုင်းရှုတိုင်း ရုပ်အမူအရာကလေး တောင့်တက်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော ဝါယောဓာတ်ကလေးကတခြား၊ အကယ်၍ အာပေါဓာတ် ထင်လာလို့ရှိရင် ကျသွားတာကတခြား၊ တေဇောဓာတ်ထင်လာရင် ပေါ့တက်သွားတာက တခြား၊ ပထဝီဓာတ်

http://www.dhammadownload.com

ထင်လာလို့ရှိရင် ခက်မာကြမ်းတမ်းတဲ့ သဘော၊ တိုက်ပြီးတော့ ခံနေတဲ့သဘော၊ အဲဒါလေးကတစ်ခု၊ မှတ်သိနေတဲ့ အသိကလေးကတခြား၊ အာရုံနဲ့အသိနဲ့၊ အာရုံနဲ့အသိနဲ့အတွဲလိုက် အတွဲလိုက်ကလေးတွေ ပိုင်းခြားပြီးတော့ သိတာက **နာမရူပပရိစ္ဆေဒဉာဏ်**၊ အဲဒါ နာမ်ရုပ်ပိုင်းခြားသိတာ။

အခုပြောတာလဲ စာသဘောနဲ့ဆိုရင်တော့ မသိပါဘူး။ ဒီလိုပဲမှတ်နေမှ၊ ဒါလဲ ရှိရှိသေသေမှတ်မှ၊ တောက်တီးတောက်တဲ့ ပေါ့ပေါ့ဆဆမှတ်ရင် မှတ်ရတဲ့ အာရုံနဲ့ မှတ်သိတဲ့စိတ်ကွဲပြီး သိတာတော့မဟုတ်ဘူး၊ ပြောတော့ပြောတတ်ပါတယ်၊ ဟောတော့ ဟောတတ်ပါတယ်၊ ပြောတတ်ဟောတတ်ပေမယ့် သိဦးမှ၊ မှတ်ရင်း မှတ်ရင်းကို တစ်ခါတည်းအာရုံနဲ့အသိနဲ့၊ အာရုံနဲ့အသိနဲ့ တွဲတွဲပြီးတော့ ဖြစ်နေတာ၊ တစ်စုံတစ်စုံစီ။

အဲဒါလေးသိရတော့ ဒီကိုယ်ထဲမှာ ရုပ်နဲ့နာမ်၊ ရုပ်နဲ့နာမ် ၂-မျိုးထဲသာရှိတာ ပါကလားလို့ ခုနကဓာတ်ကြီး ၄-ပါးကိုသိတယ်။ တောင့်တင်းလှုပ်ရှားတာ သိတာက ဝါယောဓာတ်၊ သိတဲ့နာမ်က နာမ်တရား၊ ဝါယောဓာတ်ကိုသိတာ၊ နောက် ပူတာတို့ နွေးတာတို့အေးတာတို့ မှတ်မိနေတဲ့အခါ အဲဒါ တေဇောဓာတ်၊ သိတာက နာမ်တရား၊ အရေယိုစီးတာတွေ မှတ်မိနေတဲ့အခါ ယိုစီးတယ်။ ဖွဲ့စည်းတယ်။ လေးကျသွားတဲ့အခါ လေးကျသွားတယ်။ အဲဒီလို သိရတဲ့အခါကာလမှာ ယိုစီးတာ၊ ဖွဲ့စည်းတာ၊ လေးကျသွားတာက အာပေါဓာတ်၊ သိတာကနာမ်၊ ပထဝီဓာတ် မှတ်မိတဲ့အခါကျတော့ ခက်မာတယ်၊ ကြမ်းတမ်းတယ်၊ နူးညံ့တယ်၊ တိုက်ခံပြီးတော့ နေတယ်၊ အဲဒီလိုသိရတဲ့အခါ သိရတဲ့အာရုံကလေးတွေက ရုပ်တရား၊ သိတာက နာမ်တရား၊ ဓာတ်ကြီး ၄-ပါးကရုပ်၊ မှတ်သိနေတာက နာမ်၊ မှတ်တိုင်း မှတ်တိုင်း ဟာ မှတ်ရတဲ့ အာရုံဓာတ်ကြီး ၄-ပါးက တခြား၊ မှတ်သိတာက နာမ်တရား၊ ဒါပဲ ရှိတာပဲ။ ဒီရုပ်နဲ့ ဒီနာမ်တရား ဒါပဲရှိတာပဲ။

ဒီရုပ်နဲ့ဒီနာမ်ရှိတာ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးလို့ ပိုင်းခြားပြီးတော့ သိတာ **နာမရူပပရိစ္ဆေဒဉာဏ်**၊ **ဒိဋ္ဌိဝိသုဒ္ဓိ**၊ အဲဒါလေး အချိုးကျဖို့ရာလိုတယ်။ ဒါလေးအချိုး ကျသွားလို့ရှိရင် နောက်ဝိပဿနာဉာဏ်တွေက ဆက်ဖြစ်လာတယ်။

http://www.dhammadownload.com

အဲဒါ အကြောင်းရှိလို့ အကျိုးလေးတွေဖြစ်ရတယ်ဆိုတာ သဘောကျလာတယ်။ ကိုယ့်ဉာဏ်မီသလောက်ပေါ့လေ။

စာပေကျမ်းဂန်အရအတိုင်းကတော့ အကုန်လုံးဘယ်သိမလဲ။ ကိုယ့်ဉာဏ်မီသလောက် အကြောင်းရှိလို့ အကျိုးလေးတွေ ဖြစ်ရတယ်ဆိုတာသိတယ်။ အကြောင်းမရှိရင် အကျိုးမရှိဘူး၊ ရှုတိုင်းရှုတိုင်းဟာ ဖောင်းတာ ပိန်တာဖြစ်ဖြစ်၊ ကွေးတာ ဆန့်တာဖြစ်ဖြစ်၊ ကြွတာ လှမ်းတာဖြစ်ဖြစ်၊ ကိုယ်အမူအရာကလေးတွေသူဖြစ်သရွေ့ လျှောက်မှတ်ရင် မှတ်သိတဲ့စိတ်ကလေးတွေဟာလဲ သိပြီးပျောက်သွားတယ်။

မှတ်ရင်းမှတ်ရင်းနဲ့ တစ်ခါတည်းမှတ်ရတဲ့အာရုံရော၊ မှတ်သိတဲ့စိတ်ရော၊ တစ်ခါမှတ်လိုက် တစ်ခါပျောက်၊ တစ်ခါမှတ်လိုက် တစ်ခါပျောက်၊ အဲဒီလိုသိတော့ အနိစ္စမမြဲတဲ့တရားလေးပဲ။ ပေါ်ပြီးပျောက်သွားလို့ ဆင်းရဲဒုက္ခတရားလေးပဲ။ သူ့သဘောအတိုင်း သူဖြစ်ပျက်နေလို့ အနတ္တ-ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ သဘောတရားလေးပဲ။ ရှုရင်းရှုရင်းပြီးတော့ သိတာပဲ။ ဆရာသမားတွေ ပြောလို့မဟုတ်ဘူး။ သူ့ဟာသူရှုနေရင်းကို သဘောကျလာတာ။ ဖြစ်ပြီး ပျောက်သွားတာတွေချည်းပဲ။ တွေ့တော့မမြဲတဲ့တရားတွေပါတကား၊ တို့အရင်က မသိလို့ပဲ၊ သူဟာသူဖြစ် သူ့ဟာသူပျက်၊ မမြဲတဲ့ တရားတွေချည်းပဲလို့ သဘောကျသွားတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားတွေ ဖြစ်ချည်ပျက်ချည်နဲ့ ဒီထဲ ဘာမျှအားကိုးစရာမရှိဘူးတဲ့၊ သာယာစရာ နှစ်သက်စရာမရှိဘူး၊ ဘာမှကောင်းတဲ့တရားတွေမဟုတ်ဘူး။ မကောင်းတဲ့တရားတွေချည်းပဲ၊ ဆင်းရဲတွေချည်းပဲ၊ သူသဘောအတိုင်း သူဖြစ်ပျက်နေတဲ့သဘောတရားတွေချည်းပဲ၊ တို့ အရင်တုန်းကတော့ အသက်ရှင်နေတဲ့ အကောင်ကလေး ရှိတယ်မှတ်တယ်၊ အခုတော့ သူဟာသူဖြစ်ပြီး သူဟာသူပျက်နေတဲ့တရားတွေ ခဏာမစဲဖြစ်ပျက်နေတဲ့ သဘောတရားတွေ၊ အနတ္တတရားချည်းတည်းပဲ၊ ရှုရင်းရှုရင်း သဘောကျတယ်၊ အနတ္တတရားတွေပဲ၊ အဲဒါက အရေးကြီးတယ်။

ဝိပဿနာရှုတဲ့နေရာမှာ ဒီအနိစ္စ, ဒုက္ခ, အနတ္တတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ရှုရင်းရှုရင်း သိလာတယ်။ ဒီလိုသိအောင်လို့လဲပဲ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ရှုမှတ်နေရတာ၊

http://www.dhammadownload.com

ဖြစ်တိုင်းဖြစ်တိုင်း မမှတ်ရင် ဒီအသိမရောက်ပါဘူး၊ စာသဘောအတိုင်း ပြောနေတာပါ၊ အဲဒါကတော့ အပေါ်ယံတွင်ပါပဲ၊ တရားကိုယ်သဘောတရား မရောက်ပါဘူး။

ဖြစ်ပျက်နိုက် လိုက်ရှု နိဗ္ဗာန်ရောက်နိုင်

အခုဖြစ်ခိုက်ပျက်ခိုက် ကလေးတွေလိုက်ပြီးတော့ ရှုမှတ်တော့ ရှုပ်ကိုလဲ ဖြစ်ဆဲဖြစ်ဆဲသိတယ်၊ နာမ်ကိုလဲ ဖြစ်ဆဲ ဖြစ်ဆဲမှတ်ရင်းသိတယ်၊ ဒီတရားတွေဟာ သူ့အခိုက်အတန့်နဲ့သူဖြစ်ပေါ်ပြီး ပျောက်သွားတာကို ပိုင်းခြားပြီးသိတယ်၊ အဲဒီလိုသိလာတော့ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေပဲလို့ ရှုရင်းရှုရင်း သဘောကျလာတာဟာ အဲဒါ ဝိပဿနာဉာဏ်တွေပဲ။

အဲဒီကနေပြီး အဆင့်ဆင့်တက်ပြီး ဥဒယဗ္ဗယဉာဏ်, ဘင်္ဂ, အာဒီနဝတွေ အကုန်လုံး ရောက်သွားတာပါပဲ၊ ဒီတိုင်းဆက်ပြီး ရှုသွားရင် သခါရပေက္ခာ ရောက်တယ်။

အဲဒီဓာတ်ကြီး ၄-ပါး ဖောင်းတာပိန်တာမှစပြီး ကွေးတာ ဆန့်တာ ထိုင်တာ ထတာ ကိုယ်အမူအရာတွေ မှတ်တိုင်းမှတ်တိုင်းဟာ ဒီတရားတွေ အဖြစ်အပျက်တွေ သိရင်းသိရင်းနဲ့ နောက်ဆုံးကျတော့ ဒီဖြစ်ပျက်တဲ့တရားတွေ အကုန် လုံးချုပ်ငြိမ်းတဲ့နိဗ္ဗာန် ရောက်သွားနိုင်တယ်၊ ဖောင်းတာလဲ မရှိဘူး၊ ပိန်တာလဲ မရှိဘူး၊ ကွေးတာလဲမရှိဘူး၊ ဆန့်တာလဲ မရှိဘူး၊ ရှုတဲ့စိတ်လဲ မရှိဘူး၊ မှတ်တဲ့စိတ်လဲ မရှိဘူး။ မှတ်စရာအာရုံတွေရော မှတ်သိတဲ့စိတ်တွေရော အကုန်လုံးဖြစ်ပျက်တတ်တဲ့တရားတွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်ပြီးတော့ သွားတယ်။ ပထမ ရှေးဦးစွာရတဲ့ သောတာပတ္တိမဂ်ဉာဏ်တဲ့၊ နိဗ္ဗာန်ကိုမြင်သွားတာဟာ ဒဿနခေါ်တယ်တဲ့။ ဒါ ပထမနိဗ္ဗာန်မြင်တာပဲတဲ့။

နောက်ထပ်ခါထပ်ခါရှုလို့ နောက်အကြိမ်တွေကျတော့ ဘာဝနာခေါ်တယ်။ ထပ်ခါထပ်ခါ မြင်သွားတာတွေ သကဒါဂါမိမဂ်နဲ့ ထပ်ပြီးတော့မြင်တယ်။ အနာဂါမိမဂ်နဲ့ ထပ်မြင်တယ်။ အရဟတ္တမဂ်နဲ့ ထင်မြင်တယ်။ ပြီးရော၊ အဲဒီအရ ဟတ္တမဂ်နဲ့ မြင်တဲ့အခါကာလကျရင် ကိလေသာ ခပ်သိမ်းတွေငြိမ်းပြီး ရဟန္တာဖြစ်တယ်။ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်တယ်တဲ့။

http://www.dhammadownload.com

အဲဒီလို ဓာတ်ကြီး ၄-ပါးကို မြွေကြီး ၄-ကောင်ကဲ့သို့ ကြောက်ရွံ့ပြီး ဒီဓာတ်ကြီး ၄-ပါးက လွတ်မြောက်အောင် နိဗ္ဗာန်ရောက်တဲ့ အခါကျတော့ ဓာတ်ကြီး ၄-ပါးက လွတ်ကင်းရတယ်။ ဒါကြောင့် လွတ်မြောက်ရအောင် ဒီဓာတ်ကြီး ၄-ပါးကို ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးသကာလ ရှုနေတာဟာ မြွေကြီး ၄-ကောင်က လွတ်မြောက်အောင်လို့ ပြေးနေတာနဲ့ တူပါတယ်တဲ့။ နောက်ဆုံးကျလို့ရှိရင် ခုနက ပြောတဲ့ ဟိဘက်အရောက် ကူးမြောက်သူမှာ ရဟန္တာတည်း။ ဒီထိအောင်သွားရမှာကိုး။ အဲဒီရောက်အောင် အားထုတ်ဖို့တဲ့။ ဓာတ်ကြီး ၄-ပါးရှုရုံနဲ့ ရဟန္တာဖြစ်နိုင်ပါတယ်တဲ့။

ဒါလဲ အဲဒီ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတစ်ခုပဲလို့ ဒီဥစ္စာမြွေကြီး ၄-ကောင်နဲ့ဓာတ်ကြီး ၄-ပါးတူတယ်လို့ ဟောလိုက်တဲ့အချိန်အခါ နိဗ္ဗာန်ရောက်ကြောင်းတရားတစ်ခု ဓာတ်ကြီး ၄-ပါးရှုတယ်။ သွားတိုင်း သွားတိုင်းရှု၊ ရပ်တိုင်း, ထိုင်တိုင်း, လဲလျောင်းတိုင်း, ကွေ့ရိယာပုထ်တိုင်း ဒါတွေရှု၊ ဒါဟာ ဓာတ်ကြီး ၄-ပါးရှုနေတာပဲ။ အရင်းခံကတော့ ဒီဓာတ်ကြီး ၄-ပါးရှုရတာပါပဲ။ ဒါကြောင့် အခုရှုနေတာဟာ ဓာတ်ကြီး ၄-ပါးက လွတ်မြောက်အောင် ပြေးနေတာတဲ့။ အခုဒီမှာ အားထုတ်တဲ့ပုဂ္ဂိုလ်တွေဆိုရင် တချို့လဲတော်တော် အရင့်ပိုင်းရောက်နေပြီ၊ တချို့လဲ စခါစ၊ ဒါ ကြိုးစားပြီး အားထုတ်ကြရမယ်။

ဤအာသီဝိသောပမသုတ္တန်၌ရှိသော မြွေကြီး ၄-ကောင်နှင့် အလားတူတဲ့ စက်ဆုပ်စရာကောင်းသော ရွံစရာကောင်းသော မုန်းစရာကောင်းသော ငြီးငွေ့စရာကောင်းသော ဓာတ်ကြီး ၄-ပါးတို့မှ လွတ်မြောက်အောင်ကို ဓာတ်ကြီး ၄-ပါးတို့၏ သဘောသဘာဝကိုလည်းကောင်း, ဓာတ်ကြီး ၄-ပါးတို့၏ အဖြစ်အပျက်ကိုလည်းကောင်း, ထိုဓာတ်ကြီး ၄-ပါးတို့၏ အနိစ္စ ဒုက္ခ အနတ္တသဘောကိုလည်းကောင်း အမှန်အတိုင်းသိမြင်အောင် ရှုနိုင်မှတ်နိုင်အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

× × × × ×

http://www.dhammadownload.com

အာဝဇ္ဇီဝေဒေဝဖဿတ္ထေရဝတ္ထု

တရားတော်

၁၃၂၈-ခု၊ ပထမဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်။

ဥပါဒါနက္ခန္ဓာ ၅-ပါး

အာသီဝိသောပမသုတ္တန်တရားတော်၊ တစ်နေ့က မြွေကြီး ၄-ကောင် အကြောင်းကတော့ ပြီးသွားပါပြီ၊ မြွေထိန်းယောကျ်ား မြွေကြီး ၄-ကောင်ကြောက်တာနဲ့ ထွက်ပြီးတော့ပြေးတာ၊ နောက်ထပ် သူ့ရဲ့ရန်သူဖြစ်တဲ့ သူသတ်ယောကျ်ား ၅-ဦးကို ဘုရင်မင်းမြတ်က အမိန့်နဲ့စေလွှတ်လိုက်လို့ တွေ့ရာသချိုင်းသတ်ဖို့ရာ လိုက်ပြီးတော့လာကြတယ်၊ အဲဒါကို ကြောက်လို့ပြေးတယ်၊ အဲဒီလို ပြေးနေရာက တစ်ခါသူရဲ့ငယ်ပေါင်းကြီးဖော် အလွန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းကို ဆုအထူး ပေးပြီးသကာလ တွေ့ရာသတ်ဖို့ရာ လွှတ်လိုက်လို့လဲပဲ အဲဒီမိတ်ဆွေဖြစ်တဲ့ ရန်သူကလဲ နောက်ကလိုက်လာလို့ ပြေးနေရတယ်၊ ရွာပျက်ကုန်း ရောက်သွားပြီတဲ့။

"မြွေလေးကောင်ကား (လ) တပ်စွဲချက်ကြောင့်" မြွေ ၄-ကောင်ဆိုတာ မဟာဘုတ် ၄-ပါး၊ မိမိတို့၏ သန္တာန်မှာရှိပြီးတော့နေတဲ့ မဟာဘုတ်ရုပ်ကြီး ၄-ပါး၊ တစ်ကိုယ်လုံးမှာ အနှံ့အပြားနေရာတိုင်း အစိတ်အပိုင်းတိုင်းမှာ မဟာဘုတ် ၄-ပါးရှိတယ်၊ အဲဒါတွေဟာ အဆိပ်ပြင်းထန်တဲ့ မြွေကြီးတွေပဲလို့၊ ဒီဓာတ်ကြီး ၄-ပါးတွေ ဖောက်ပြန်ပြီး တစ်မျိုးမျိုးဒုက္ခရောက်နိုင်တယ်၊ သေနိုင်တယ်။

http://www.dhammadownload.com

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" ခန္ဓာငါးပါးဟာ သူသတ်ယောက်ျားကြီးငါးယောက်နဲ့ တူတယ်တဲ့၊ "မိတ်ညာ ရန်ဖက်၊ တပ်စွဲချက်ကြောင့်" အဲဒီ မြွေလေးကောင်နဲ့ သူသတ်ငါးယောက်၊ သူတို့ ၂-မျိုးရဲ့အပြင် မိတ်ညာ-မူလရင်းက မိတ်ဆွေဖြစ်ဖူးခဲ့တဲ့လူ၊ အခုတော့ ရန်သူဖြစ်ပြီးတော့နေလို့ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရွာပျက်သူည၊ ခြောက်ခွါရသို့ ရောက်ကတစ်ဖုံ၊ သုံးစုံဝေးပြ၊ ဝင်လာကြ၍"၊ ရွာပျက်ရောက်တဲ့အခါမှာ ဝေးပြသုံးစုံ၊ ဝေးပြ ၆-ဦးက ဝင်လာကြတယ်။ "သုံးစုံဝေးပြ၊ ဝင်လာကြ၍၊ ဩဃလေးသွယ်၊ မြစ်ပင်လယ်၏"၊ အဲဒီရောက်တော့ "ဤဝယ်ကမ်းစ၊ သက္ကာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့"၊ ဟိုတက်ကမ်းကိုကူးဖို့ "ရှုစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင် ကူးယက်၊ အားထုတ်ချက်ဖြင့်"၊ "ဟိုတက်ကမ်းရောက်၊ ကူးမြောက်သူမှာ၊ ရဟန္တာတည်း။ ကောင်းစွာညွှန်ကြား။ ကယ်သူကား ဘုရားမြတ်ပေတည်း-ဆိုတဲ့ ဆောင်ပုဒ်အရ ဆိုကြဦးစို့။

မြွေလေးကောင်ကား (လ) ဘုရားမြတ်ပေတည်း။

အဲဒါ တစ်နေ့ကစပြီးခဲ့တဲ့ သီတင်းနေ့ကမြွေ ၄-ကောင်အကြောင်းကတော့ စုံပါပြီ မြွေ ၄-ကောင်ဆိုတာ မဟာဘုတ်ရုပ်ကြီး ၄-ပါးတဲ့၊ ဒါကတော့ ပြီးသွားပြီ။

ရန်သူငါးယောက် ဥပါဒါနက္ကန္ဓာငါးပါး

ရန်သူကြီး ၅-ယောက်ဆိုတာက ဘယ်ဟာပါလဲလို့ဆိုတော့ မြတ်စွာဘုရားက-

"ဝဠွ ဝဓကာ ပစ္စတ္ထိကာ"တိ ဓေါ ဆိတ္တဝေ ပဉ္စန္နေထံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ၊ ဆေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓဿ ဝေဒနုပါဒါနက္ခန္ဓဿ သညုပါဒါနက္ခန္ဓဿ သင်္ခါရုပါဒါနက္ခန္ဓဿ ဝိညာဏုပါဒါနက္ခန္ဓဿ၊

(သံယုတ်၊ ဒု-တွဲ၊ နှာ-၃၈၃။)

ဆိတ္တဝေ၊ ရဟန်းတို့။ **ပစ္စတ္ထိကာ**၊ ရန်သူဖြစ်ကုန်သော။ **ပဉ္စဝဓကာတိ ဓေါဇေ**၊ ငါးယောက်သော သူသတ်ကြီးတို့ဟူသော ဤအမည်သည်။ **ဝါ**၊ သူသတ်ယောက်ျားကြီးငါးယောက်ဟူသော ဤအမည်သည်။ **ပဉ္စန္နံ**၊ ငါးပါးကုန်သော။ **ဥပါဒါ**

http://www.dhammadownload.com

နတ္ထန္နာနံ၊ ဥပါဒါနက္ခန္ဓာတရားတို့၏။ **(ဝါ) ဥပါဒါနတ္ထန္နာနံ**၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့၏။ **(ဝါ) ဥပါဒါနတ္ထန္နာနံ**၊ ငါ ငါဥစ္စာစသည်ဖြင့် စွဲလမ်းနိုင်သော ခန္ဓာငါးပါးတရားတို့၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

ရန်သူဖြစ်တဲ့ သူသတ်ယောက်ျား ၅-ဦးဟာ ဘာလဲဆိုရင် ဥပါဒါနက္ခန္ဓာငါးပါးတရားပါပဲတဲ့။ မြွေထိန်းယောက်ျားရဲ့ ရန်သူကြီးတွေ၊ စောစောကတည်းက လူချင်းမတည့်တဲ့ရန်သူ ရန်ဖက်ပုဂ္ဂိုလ်ကြီးတွေပေါ့။ လူဆိုးတွေ သူဆိုးတွေဆိုတာက တစ်ဦးနဲ့တစ်ဦး အခွင့်ရလို့ရှိရင်ဖြင့် သတ်ဖို့ရာကြံနေတာပဲ။ အခုခေတ်ကာလမှာတော့ သတင်းစာထဲတော်တော်တွေ့ရတယ်။ တချို့လူဆိုးတွေဟာ တော်တော်မိုက်တာပဲ။ နည်းနည်းမိုက်တာ မဟုတ်ဘူး။ သူများကို သတ်ဖို့ရာပဲကြံနေတယ်။

အဲဒီလိုပဲ အခု ရန်သူကြီးငါးယောက်တဲ့။ ရှေးကတည်းက မြွေထိန်းယောက်ျားနဲ့ မတည့်ကြဘူး။ တစ်စုံတစ်ခုသော အကြောင်းရှိလို့ မကျေမချမ်းဖြစ်နေတယ်။ အခွင့်ရလို့ရှိရင်သတ်မယ်လို့ တကဲကဲနဲ့ ကြံနေတဲ့ပုဂ္ဂိုလ်ကြီးတွေ ၅-ဦးလို့ ဆိုလိုပါတယ်။ ဥပမာက လောကထဲမှာလဲ ဒီဟိုဟာတွေရှိတယ်။ စီးပွားရေးကြောင့်ပဲဖြစ်ဖြစ်၊ ဒီပြင် အရေးတစ်ခုကြောင့်ပဲဖြစ်ဖြစ်၊ အပြောအဆို နေရာမကျလို့ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် မကျေနပ်နေတာ။ သူ့ကိုယ်ကျိုးစီးပွားကို ဖျက်ဆီးဖူးလို့ဖြစ်ဖြစ်၊ သူနဲ့ချစ်ခင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်ကိုညှဉ်းဆဲနှိပ်စက်ဖူးလို့ဖြစ်ဖြစ်၊ နောင်တစ်ချိန်ကျလို့ရှိရင်ဖြင့် ရန်တုံ့မူမယ်။ ရန်တွေချေပေမယ်လို့ ဒီလိုငြိုးထားတဲ့ ရန်သူတွေဆိုတာ ရှိကြတယ်။ အထူးအားဖြင့်တော့ လူမိုက် လူမိုက်ချင်းရှိတာပါပဲ။ လူကောင်းမှာတော့ ရှိခဲပါတယ်။

ဒီဥစ္စာကတော့ အဲဒီလို ရန်ငြိုးထားတဲ့ ရန်သူကြီး ၅-ဦးတဲ့။ စောစောကတော့ အခွင့်မရလို့ သူတို့သတ်ဖို့ရာ သူတို့အားမထုတ်နိုင်ဘူး။ အခုတော့ မြွေထိန်းယောက်ျားက ဘုရင်မင်းအမိန့်ကို နားမထောင်ဘဲနဲ့ သူထိန်းရမယ့်မြွေတွေကို စွန့်ပစ်ပြီးတော့ ပြေးတယ်ဆိုတော့ မင်းရဲ့အာဏာဖီဆန်မှုရှိထားတဲ့အတွက် မင်းက မြွေကြီး ၄-ကောင်လိုက်ပြီးတော့ ကိုက်ဖို့ရာလဲ မဖြစ်နိုင်ဘူးဆိုတော့ ဒီလူကို သတ်မယ့်လူတွေ ရှာဦးမှပဲလို့ နွေးတုန်းကတော့ မောင်းကြေးနင်းခတ်တယ်ဆိုတာ

http://www.dhammadownload.com

ကိုး။ မောင်းကြေးနင်းခတ်လိုက်တဲ့အခါမှာ အခုနေအခါမှာဆိုလို့ရှိရင်တော့ အမိန့်ထုတ်လိုက်ရမှာပေါ့လေ။ ရေဒီယို သတင်းစာတွေကနေပြီးတော့ အမိန့်ထုတ်လိုက်မယ်ဆိုရင် လူတွေပေါ်လာကြမှာ။ အဲဒီမှာ ဘုရင်မင်းမြတ်က အမိန့်ထုတ်လိုက်တဲ့အခါကာလမှာ နွေးကသူ့ကိုသတ်ချင်နေတဲ့ပုဂ္ဂိုလ်တွေ။ အခွင့်မရလို့ မသတ်ရတဲ့ရန်သူကြီး ၅-ဦးက ထွက်လာကြတယ်တဲ့။

ကျွန်တော်မျိုးတို့ သတ်ပုံမယ်၊ နွေးတုန်းကတော့ သတ်လို့ရှိရင် ရာဇဝတ်မှုတွေ ရောက်ဦးမှာ၊ အခုတော့ သတ်လို့ရှိရင် ဆုငွေတောင်ရဦးမှာကိုး။ ဘာမှ ရာဇဝတ်မှုလဲ မရောက်ဘူး။ တရားဝင် သတ်ရမှာ။ လူမိုက်ကြီးတွေဆိုတော့ကို သတ်ချင်နေတဲ့ပုဂ္ဂိုလ်၊ ဒီလို တရားဝင်သတ်ရမယ်ဆိုရင် အင်မတန်ဝမ်းသာမှာပေါ့။ အဲဒီတော့ အဲဒီရန်သူကြီး ၅-ဦးက ဘုရင်မင်းမြတ်ထံကို သူတို့သတ်ဖို့ရာ တာဝန်ခံပြီးတော့ ဘုရင်မင်းမြတ်ကလဲပဲ သူတို့ကိုသူသတ်သမားအဖြစ်နဲ့ တစ်ခါတည်း ခန့်ပြီးတော့ လွှတ်လိုက်တော့ လက်နက်ကိုယ်စီကိုင်ပြီးတော့ နောက်ကလိုက်ကြတယ်။

မြွေထိန်းယောကျ်ားကလဲပဲ မြွေကြီးတွေကြောက်လို့ ပြေးနေရင်း အကျိုးစီးပွားကို အလိုရှိတဲ့ပုဂ္ဂိုလ်ကလာပြီး အကြောင်းကြားတယ်တဲ့။ အမောင်မြွေထိန်းယောကျ်ား၊ မင်းရဲ့မြွေကြီး ၄-ကောင်ကလဲ နောက်ကလိုက်ပြီးတော့ လာနေတယ်။ တွေ့ရာမှာ ကိုက်မယ်လို့၊ ဒါတွင်မကသေးဘူး။ အရင်က နှင့်ကိုသတ်ဖို့ရာ ရည်ရွယ်နေတဲ့ သူသတ်ယောကျ်ားကြီး ၅-ဦးကလဲပဲ အခုဘုရင်မင်းမြတ်အမိန့်နဲ့ သူတို့တရားဝင်သတ်ဖို့ရာ လက်နက်ကိုယ်စီနဲ့ စွဲကိုင်ပြီးတော့ လိုက်လာကြပြီ။ မင်းအခုနေအခါကာလမယ် ပြုသင့်ပြုထိုက်တာ ပြုပေတော့လို့ လာပြီးတော့ သတိပေးတယ်တဲ့။

ပထမက မြွေကြီးတွေ ကြောက်ရတဲ့အထဲမှာ အခု သူသတ်သမားကြီး ၅-ယောက်ဆိုတော့ သာကြောက်စရာဖြစ်တယ်။ ရန်သူတွေ ကိုးခုဖြစ်လာတယ်။ မနည်းဘူး။ အဲဒါကြောက်လို့ ပြေးရတယ်တဲ့။

http://www.dhammadownload.com

အဲဒီရန်သူကြီး ၅-ယောက်ဆိုတာ ဘယ်သူတွေမှတ်သတုန်းလို့ ဆိုလို့ရှိရင် မိမိတို့သန္ဓာန်မှာရှိပြီးတော့နေတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေပါပဲတဲ့။ အနက် အဓိပ္ပါယ်ကို ပေါ်ပေါ်လွင်လွင် ဟောရအောင်လို့ ဥပမာပြုပြီး ပေးထားတာ။ ရန်သူကြီး ၅-ယောက်ဆိုတာ တခြားမှာရှိတာမဟုတ်ဘူး။ မိမိတို့၏ သန္ဓာန်မှာ အသီးသီးရှိပြီးတော့နေကြတဲ့ ဥပါဒါနက္ခန္ဓာ ၅-ပါးတရားတွေ၊ ဥပါဒါနက္ခန္ဓာငါးပါး တရားတွေဟာ ဘယ်ဟာတွေတုန်းဆိုရင် -

သေယျထိဒံ၊ အဘယ်တရားတို့နည်းယူမူကား။ ဝါ၊ သေယျထိဒံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ဟူသည် အဘယ်တရားတို့နည်းဟူမူကား။ ရူပုပါဒါနက္ခန္ဓသ၊ ရူပ်ဥပါဒါနက္ခန္ဓာ၏။ ဝေဒနုပါဒါနက္ခန္ဓသ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၏။ သညုပါဒါနက္ခန္ဓသ၊ သညာဥပါဒါနက္ခန္ဓာ၏။ သင်္ခါရုပါဒါနက္ခန္ဓသ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၏။ ဝိညာဏုပါဒါနက္ခန္ဓသ၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာ၏၊ အဓိဝစန်၊ အမည်ပေတည်း။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာငါးပါး၊ အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးရဲ့အမည်တဲ့၊ ခန္ဓာငါးပါးဆိုရင်လဲပဲ အတူတူလိုပဲဖြစ်နေပါတယ်။ ဒါပေမယ့်လို့ ခန္ဓာငါးပါးနဲ့ ဥပါဒါနက္ခန္ဓာ ၅-ပါး ထူးတာလေးတွေရှိတယ်။ ခန္ဓာငါးပါးဆိုရင်တော့ ခန္ဓာမည်တဲ့ တရားတွေအကုန်လုံးပဲ။ လောကီရော၊ လောကုတ္တရာရော အကုန်လုံးပဲ။ မဂ်စိတ္တုပ္ပါဒ်မှာပါတဲ့ နာမ်ခန္ဓာတွေလဲပဲ ခန္ဓာမည်တာပါပဲ။ ဖိုလ်စိတ္တုပ္ပါဒ်မှာပါတဲ့ ခန္ဓာတွေလဲ ခန္ဓာမည်တာပဲ။ လောကုတ္တရတရားလဲပဲ ခန္ဓာဆိုရင် သူတို့လဲပါသွားတယ်။

ဥပါဒါနက္ခန္ဓာဆိုရင်တော့ ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ခန္ဓာ၊ ဒါကတော့ လောကုတ္တရာတရားမပါဘူး။ သူကမဂ်စိတ္တုပ္ပါဒ်မှာ ပါတဲ့ခန္ဓာ၊ ခန္ဓာ ၄-ပါး၊ ဥပါဒါန်၏ အာရုံမဟုတ်လို့ ခန္ဓာသာမည်တယ်၊ ဥပါဒါနက္ခန္ဓာ မမည်ဘူး။ ဖိုလ်စိတ္တုပ္ပါဒ်မှာပါတဲ့ နာမက္ခန္ဓာတရား ၄-ပါးတွေရှိတယ်။ ဒါတွေကလဲ ဥပါဒါန်ရဲ့အာရုံ မဟုတ်လို့ ဥပါဒါနက္ခန္ဓာမမည်ဘူး၊ ခန္ဓာသာမည်တယ်။

ဒီတော့ အခုဒီမှာလိုချင်တာက လောကုတ္တရာတရားတွေကို မလိုချင်ဘူး။ လောကီတရားသက်သက်ပဲ လိုချင်တယ်။ ဒါကြောင့် ဥပါဒါနဆိုတဲ့ ဝိသေသနပုဒ်

http://www.dhammadownload.com

ကလေးနဲ့ မ, ထားတယ်။ ဥပါဒါန်၏အာရုံဖြစ်တဲ့ ခန္ဓာတဲ့။ ဥပါဒါန်ရဲ့ အာရုံမဟုတ်တဲ့ ခန္ဓာတွေကတော့ သူသတ်ယောက်ျားတွေ မဟုတ်ဘူးတဲ့။ ဒီလိုဆိုလိုပါတယ်။

ဥပါဒါန်ရဲ့ အာရုံမဟုတ်တဲ့ လောကုတ္တရာခန္ဓာတွေက ဘဝသံသရာမှာ သေဖို့ရာမဟုတ်ဘူး။ အသေလွတ်ဖို့ရာ တရားတွေ၊ သူတို့ကတော့ မဂ်တရား ဖိုလ်တရားတွေ ရသွားတဲ့ပုဂ္ဂိုလ်တွေဟာ မသေဖို့ရာတွေပဲ၊ အောက်ထစ်ဆုံးသောတာပတ္တိမဂ်ဖိုလ် ရသွားပြီဆိုရင် ၇-ဘဝထက်ပိုလွန်ပြီးတော့ သေရမယ့်ဘဝတွေ အကုန်ငြိမ်းသွားတယ်တဲ့၊ အပါယ် ၄-ပါးမှာဖြစ်ပြီး သေရမယ့်ဘဝတွေ အကုန်ငြိမ်းသွားတယ်တဲ့၊ ဒီတော့ သောတာပတ္တိမဂ်ဖိုလ်ထဲပါတဲ့ ခန္ဓာ ၄-ပါးတရားရှိတယ်။ သောတာပတ္တိမဂ် စိတ္တုပ္ပါဒ်ထဲမှာပါတဲ့ ခန္ဓာ ၄-ပါး၊ ဖိုလ်စိတ္တုပ္ပါဒ်ထဲမှာပါတဲ့ ခန္ဓာ ၄-ပါးရှိတယ်၊ နာမက္ခန္ဓာတရားတွေ၊ နာမ်ခန္ဓာတရားတွေ၊ အဲဒီတရားတွေက သေဖို့ရာတရားတွေမဟုတ်ဘူး။ အသေကင်းဖို့ရာ တရားတွေ၊ သောတာပတ္တိမဂ်ဖိုလ် ခန္ဓာတွေရသွားလို့ရှိရင် အဲဒီ ပုဂ္ဂိုလ်ဟာ အပါယ် ၄-ပါးကျရောက်ပြီးတော့ သေခြင်းတွေမဖြစ်နိုင်တော့ဘူး၊ ငရဲကျပြီး မသေနိုင်ဘူး၊ တိရစ္ဆာန်ဖြစ်ပြီး မသေနိုင်ဘူး၊ ငရဲကတော့ မမြင်ရလို့ ဒါကတော့ လူတိုင်းလူတိုင်းသိပ်ပြီးတော့ သဘောမပေါက်ဘူး၊ တိရစ္ဆာန်ကတော့ မြင်နေရတာပဲ၊ တိရစ္ဆာန်တွေဆိုတာ အင်မတန်ထင်ထင်ရှားရှား တွေ့ရတယ်၊ နွားတွေဖြစ်ပြီးတော့ သေရတာတွေ၊ ကျွဲတွေဖြစ်ပြီး သေရတာတွေ၊ ဝက် ဖြစ်ပြီး သေရတာတွေ၊ ကြက်ဖြစ်ပြီး သေရတာတွေ၊ အဲဒီအသေမျိုးတွေ မဖြစ်ရဘူး။ သောတာပတ္တိမဂ်ဖိုလ် ရောက်သွားလို့ရှိရင် အပါယ် ၄-ဘုံကျရောက်ပြီး သေတဲ့အသေမျိုးတွေ မဖြစ်ရဘူး။

ဒါကြောင့် အခုအောက်ထစ်ဆုံးအားဖြင့် အဲဒီလိုအကျိုးတွေရအောင်လို့ လူတွေတရားတွေ အားထုတ်နေရတာ၊ ဝိပဿနာတရားတွေ အားထုတ်ပြီး ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်လို့ ပြည့်စုံသွားပြီး သောတာပတ္တိမဂ်ဖိုလ် ရောက်သွား၊ သောတာပန်ဖြစ်သွားပြီဆိုရင် အဲဒီသောတာပတ္တိ မဂ်ဖိုလ်ထဲပါဝင်တဲ့ နာမ်ခန္ဓာတရား ၄-ပါးတွေရှိတယ်၊ အဲဒီ နာမ်ခန္ဓာ ၄-ပါးတရားတွေက အပါယ် ၄-ဘုံကျရောက်ပြီးတော့ သေရမယ့်သေခြင်းမျိုးတွေ ကင်းတယ်တဲ့၊ ဒီအသေမျိုး အသေဆိုးတွေမရှိတော့ဘူး။

http://www.dhammadownload.com

နောက်ဒါတွင်ပဲလားဆို ဒါတွင်မကဘူး။ သုဂတိဘုံတွေမှာလဲပဲ လူဘဝ နတ်ဘဝမှာ ကိလေသာမကင်းသေးတော့ဖြစ်ဦးမှာ၊ သူက သောတာပန်က လူဘဝ နတ်ဘဝဖြစ်လဲပဲ ၇-ဘဝထက်ပိုလွန်ပြီး သေရမယ့်အသေမျိုးတွေမှ ကင်းတယ်တဲ့၊ ၇-ဘဝထက် ပိုလွန်ပြီးသကာလ မသေစေနိုင်ဘူး၊ အဲဒီလို အစွမ်းသတ္တိ ရှိပါတယ်၊ ဒါကြောင့် သောတာပတ္တိမဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်မှာပါဝင်တဲ့ ခန္ဓာငါးပါးတရားတွေကတော့ သူသတ်ယောက်ျားတွေ မဟုတ်ဘူး၊ သူက သေစေတဲ့တရားတွေ မဟုတ်ဘူး၊ အသေကင်းအောင်လို့ လုံးလုံးမကင်းတောင် အသေနည်းအောင်လို့ ကယ်တင်တတ်တဲ့ တရားတွေတဲ့။

ဒါကြောင့်မို့ အဲဒီလောကုတ္တရာခန္ဓာတွေ မပါစေချင်လို့ ဥပါဒါန-ဥပါဒါန်၏ အာရုံလို့ ဝိသေသန မ, ထားတယ်၊ အဓိပ္ပါယ်အများကြီး ရှိတယ်။

သကဒါဂါမိမဂ်ဖိုလ်မှာပါဝင်တဲ့ ခန္ဓာတွေက ၂-ဘဝထက်ပိုလွန်ပြီးတော့ သေရမယ့်အသေမျိုးတွေ ကင်းစေတယ်တဲ့၊ အနာဂါမိမဂ်ဖိုလ်စိတ္တုပ္ပါဒ်မှာ ပါဝင်တဲ့ နာမ်ခန္ဓာတွေကတော့ ကာမဘဝမှာဖြစ်ပြီးတော့ သေရမယ့်အသေမျိုးတွေ ကင်းစေတယ်တဲ့၊ ရူပဘဝ၊ အရူပဘဝတို့မှာလဲပဲ တစ်ဘဝတည်းတမျိုးတည်းသာဖြစ်တယ်။ ၂-မျိုးပြောင်းပြီး သကာလမဖြစ်ဘူး၊ ဒါကြောင့် တစ်ဘဝထက်ပိုလွန်ပြီးတော့ သေရမယ့်အသေမျိုးတွေ ကင်းစေတတ်တယ်တဲ့၊ အရဟတ္တမဂ်ဖိုလ် စိတ္တုပ္ပါဒ်မှာပါဝင်တဲ့ နာမ်ခန္ဓာတွေကတော့ သေခြင်းတရားတွေ လုံးဝကင်းစေတတ်တယ်တဲ့၊ နောက်ဆုံးပရိနိဗ္ဗာန်စံပြီးကတည်းက နောက်ထပ်ဘဝအသစ်မဖြစ်၊ မသေတော့ဘူး။ ဒါကြောင့် မဂ်ဖိုလ်စိတ္တုပ္ပါဒ်တွေမှာပါဝင်တဲ့ ဝေဒနာခန္ဓာ ၄-ပါးသော တရားတွေဟာ သေစေတတ်တဲ့တရားတွေ မဟုတ်ဘူး။ သေခြင်းကင်းစေတတ်တဲ့ တရားတွေတဲ့။

ဒါကြောင့်မို့ အဲဒီသေခြင်းကင်းစေတတ်တဲ့ တရားတွေကို ဒီထဲမှာ "သူသတ်ငါးဖြာ၊ ငါးခန္ဓာတည်း"ဆိုတာထဲမှာမပါဘူး၊ သူသတ်မဟုတ်ဘူးတဲ့။ သူတို့ကတော့ကို မသေအောင်လို့ ကယ်တင်တတ်တဲ့တရားတွေတဲ့။ အသေလွတ်ရာလွတ်ကြောင်း ကယ်တင်တဲ့ပုဂ္ဂိုလ်ကြီးတွေပေါ့။ သူတို့ကတော့ကို ဒီလိုအဓိပ္ပါယ်ရှိတယ်။ ဒါကြောင့် အဲဒါကိုမပါအောင် မြတ်စွာဘုရားက -

http://www.dhammadownload.com

ပစ္စတ္ထိတာ၊ ရန်သူကြီးဖြစ်ကုန်သော။ **ပဋဝေကာတိဧခါဧတံ**၊ ငါးဦးသော သူသတ်ယောက်ျားတို့ဟူသော ဤအမည်သည်။ **ပဋိနှံ**၊ ငါးပါးကုန်သော။ **ဥပါဒါနက္ခန္ဓာနံ**၊ ဥပါဒါန်၏ အာရုံဖြစ်သော လောကီခန္ဓာတရားတို့၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

ဥပါဒါန်ရဲ့ အာရုံဖြစ်တယ်။ လောကီခန္ဓာတွေမည်တယ်။ လောကုတ္တရာခန္ဓာတွေကို ဥပါဒါန်က အာရုံမပြုနိုင်ဘူး။ ဥပါဒါန်ရဲ့ အာရုံမဟုတ်ဘူး။ ဥပါဒါန်ရဲ့ နယ်ပယ်မဟုတ်ဘူး။ လောကီခန္ဓာတွေကတော့ ဥပါဒါန်ရဲ့အာရုံဖြစ်လို့ လောကီခန္ဓာတွေ အဲဒီခန္ဓာငါးပါးတရားတွေ သူတို့ကသတ်တတ်တာ။

ရုပ်ဥပါဒါနက္ခန္ဓာ

ရုပ်ဆိုရင်တော့ အကုန်လုံးပါပဲ။ ခန္ဓာငါးပါးထဲမှာ ရုပ်ခန္ဓာ၊ ရုပ်ဥပါဒါနက္ခန္ဓာ၊ အတူတူပဲ ဘာမှမထူးဘူး၊ ရုပ်ခန္ဓာဆိုရင်လဲ လောကီတရားပဲရှိတာ၊ လောကုတ္တရာရုပ်မရှိဘူး။ ရုပ်ဥပါဒါနက္ခန္ဓာဆိုရင်လဲ ဒီတရားပဲ။ ရုပ်ကတော့ ဘယ်သူ့သန္တာန်မှာပဲရှိရှိ ရုပ်ဆိုတာဟာ သူလောကီတရားပဲ။ သာမန်ပုဂ္ဂိုလ်တွေ သန္တာန်က ရုပ်ကလဲ လောကီတရားပဲ။ အရိယာပုဂ္ဂိုလ်တို့ရဲ့ သန္တာန်ကရုပ်လဲ လောကီတရားပဲ။ ဘုရားရဟန္တာတို့ရဲ့ သန္တာန်ကရုပ်လဲ လောကီတရားပဲ။ ဘယ်သူ့သန္တာန်မှာပဲရှိရှိ ရုပ်ဆိုလို့ရှိရင်ဖြင့် လောကီတရားပဲ၊ လောကုတ္တရာတရားမရှိဘူး။

ဝေဒနာခန္ဓာ၊ သညာခန္ဓာ၊ သင်္ခါရခန္ဓာ၊ ဝိညာဏ်ခန္ဓာ၊ နာမ်ခန္ဓာ ၄-ပါးကတော့ ဥပါဒါန်ရဲ့ အာရုံမဟုတ်တဲ့ လောကုတ္တရာခန္ဓာက တစ်မျိုးရှိတယ်။ ဥပါဒါန်၏အာရုံဖြစ်တဲ့ လောကီခန္ဓာက တစ်မျိုးရှိတယ်။ ဒါကြောင့် အခု ဒီမှာတော့ လောကုတ္တရာခန္ဓာကို အလိုမရှိဘူး။ လောကီခန္ဓာတွေကို ဆိုလိုတယ်။ အဲဒီ ဥပါဒါနက္ခန္ဓာဆိုတာ ဘယ်လိုဟာတုန်းဆိုလို့ရှိရင် ဥပါဒါန်တို့ရဲ့ အာရုံဖြစ်တဲ့ခန္ဓာပဲ။

ဥပါဒါန်

ဥပါဒါန်ဆိုတာ မြန်မာက ဥပါဒါန်အားကြီးတယ်၊ အစွဲအလမ်းကြီးတယ်၊ ပြောနေကြတာကိုး။ မြန်မာစကားလို ဖြစ်နေပါပြီ။ ဥပါဒါန်ဆိုရင် စွဲလမ်းတာပဲ။

http://www.dhammadownload.com

လူတွေက သိနေတယ်။ ဩော်. . . ဒီလူကြီးနှယ် ဥပါဒါန်အားကြီးလိုက်တာ။ ဒီလိုပြောတာကိုး။ ကလေးတွေကလဲ ပြောတယ်။ ဒီမိန်းမကြီးဟာ ဥပါဒါန်အားကြီးတယ် ပြောကြတယ်။ ဥပါဒါန်ဆိုလို့ရှိရင် စွဲလမ်းတယ်တဲ့၊ ဒီလိုအဓိပ္ပာယ်ရပါတယ်၊ ပါဠိက ဥပါဒါနတဲ့၊ မြန်မာက ဥပါဒါန်လို့ စွဲလမ်းတယ်ဆိုတဲ့ အဓိပ္ပာယ်။ အဲဒါကို မြန်မာ စကားတွေက ပြောနေကြတော့ ဥပါဒါန်ဆိုရင် စွဲလမ်းတယ်ဆိုတာ နားလည်နေကြပါပြီ၊ စွဲလမ်းတာ စွဲလမ်းတယ်ဆိုကတည်းက မြဲမြံစွာစွဲလမ်းတာပဲ။

ဥပါဒါန် ၄-ပါး

အဲဒီဥပါဒါန်က ၄-ပါးရှိတယ်။ ကာမုပါဒါန်တဲ့။ ကာမဥပါဒါန်၊ ကာမဂုဏ်အာရုံတွေ လိုချင်နှစ်သက်စရာတွေကို စွဲလမ်းတာက ကာမဥပါဒါန်တဲ့။ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌဥပါဒါန်၊ အဲဒါကတော့ အယူမှားတော့စွဲလမ်းတာ။ မှားတဲ့အယူတွေကို စွဲလမ်းတာက ဒိဋ္ဌဥပါဒါန်၊ သီလဗ္ဗတဥပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ သီလဗ္ဗတ သီလဝတ၊ အလေ့အကျင့်မှုဖြင့် သံသရာက စင်ကြယ်သွားတယ်လို့ ယုံကြည်ယူဆစွဲလမ်းတာက သီလဗ္ဗတဥပါဒါန်ခေါ်တယ်။ ဒါကတော့ သံသရာမှာ ကောင်းစားရာကောင်းစားကြောင်းနဲ့စပ်ပြီးတော့ စွဲလမ်းတာတွေ။ ဘာသာရေးတရားတွေပါ။ အဲဒီ ဥစ္စာတွေက သီလဗ္ဗတ ဥပါဒါန်လို့ခေါ်တယ်။ မဟုတ်လို့ရှိရင် သီလဗ္ဗတဥပါဒါန်ဖြစ်တော့တာပဲ။ အတ္တဝါဒုပါဒါန်တဲ့၊ အတ္တလို့ဆိုပြီးတော့ စွဲလမ်းတာ၊ အတ္တလို့ဆိုတဲ့ ဝါဒအရနဲ့စွဲလမ်းတာ။ အတ္တကောင်ပဲလို့စွဲတာကို အတ္တဝါဒုပါဒါန်လို့ခေါ်တယ်။

ကာမုပါဒါန်

အဲဒီဥပါဒါန်က ၄-မျိုး၊ ၄-မျိုးထဲမှာ တရားကိုယ်နဲ့ကောက်လိုက်လို့ရှိရင်တော့ ကာမုပါဒါန်ဆိုတာက နှစ်သက်စရာတွေကို သာယာစွဲလမ်းတာ တဏှာပဲ။ ကျန်တဲ့ ဒိဋ္ဌဥပါဒါန်တို့ သီလဗ္ဗတ ဥပါဒါန်တို့ အတ္တဝါဒုပါဒါန်တို့ ဒီဥပါဒါန် ၃-ပါးကတော့ အကုန်လုံး ဒိဋ္ဌချည်းပါပဲ။ ဒိဋ္ဌ ၃-မျိုးခွဲထားတယ်။ အဲဒါ စွဲလမ်းတတ်တဲ့တရားတွေ၊ အဲဒီတော့ စွဲလမ်းတတ်တဲ့ တရားလေးတွေလဲမှတ်ရအောင် ဆိုရဦးမယ်။

http://www.dhammadownload.com

"လိုချင်နှစ်သက်စရာ၊ အာရုံဝတ္ထုတို့ကို
ဆာယာစွဲလမ်းထာတာ၊ တာမုပါဒါန်း"

လိုချင်စရာ နှစ်သက်စရာတွေဆိုတော့ ဒါကတော့ အထူးအဓိပ္ပာယ်ပြောစရာမလိုဘူး။ ကာမဆိုလို့ရှိရင် ပါဠိဆိုတော့ သိပ်မသိသေးဘူး။ ကာမဝုဏ်ဆိုလို့ရှိရင်လဲပဲ တော်သင့်ရုံသာသိတယ်။ ဒါလဲ သိရုံလောက်ပဲ။ သဘောသိပ်မပေါက်သေးဘူး။ လိုချင်စရာတွေဆိုတော့ ကုန်ရော။ လိုချင်စရာတွေဆိုမှတော့ လိုချင်စရာနှစ်သက်စရာတွေဆိုရင် လူတိုင်းနားလည်တယ်။ ဒါ ကလေးလဲ နားလည်တယ်။ လူကြီးလဲ နားလည်တယ်။ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ လိုချင်နှစ်သက်စရာတွေဆိုရင် ပြီးရောပဲ။ လိုချင်နှစ်သက်စရာအာရုံ ဝတ္ထုတွေတဲ့။ ကိုယ်တွင်းကိုယ်ပ ကိုယ်တွင်းကလဲ လိုချင်နှစ်သက်စရာတွေ ရှိတယ်။ ကိုယ့်ကိုယ်ထဲမှာ ရုပ်အဆင်းလှပတာတွေ၊ အသံကောင်းတာတွေ၊ ကျန်းမာတာတွေ စသည်ဖြင့်ပေါ့လေ။ ကိုယ်ထဲက အလိုရှိအပ်တဲ့ဥစ္စာတွေဟာ ကိုယ်ထဲက ကာမလိုချင်စရာနှစ်သက်စရာတွေပဲ။ အပြင်ပက သက်ရှိသက်မဲ့ အာရုံဝတ္ထုတွေ၊ အသက်မဲ့ဆိုတော့ သုံးဆောင်စရာအမျိုးမျိုးပေါ့လေ။ အဝတ်အထည်ကစပြီးတော့၊ အသက်ရှိဆိုတော့ကို အိမ်သူအိမ်သား သားတို့သမီးတို့ အဆွေအမျိုးတို့ ဒီဥစ္စာတွေ အကုန်လုံးပေါ့လေ။

အဲဒီတော့ အပြင်ပက သက်ရှိသက်မဲ့ လိုချင်စရာ နှစ်သက်စရာ အာရုံဝတ္ထုတွေ ကိုယ်တွင်းကိုယ်ပ လိုချင်နှစ်သက်စရာကောင်းတဲ့ အာရုံဝတ္ထုတွေကို သာယာပြီး သဘောကျပြီး စွဲလမ်းနေတာ ကာမုပါဒါန်ခေါ်တယ်တဲ့။

တဏှာနှင့် ဥပါဒါန်မတူ

သာယာရုံမျှ နှစ်သက်ရုံမျှကို **တဏှာ**၊ ခိုင်ခိုင်မြဲမြဲစွဲလမ်းတာက **ဥပါဒါန်**၊ တဏှာနဲ့ ဥပါဒါန် ဒီလိုကွာတယ်။ တဏှာဆိုတာက နှစ်သက်သာယာခါမျှ တောင့်တခါမျှ။ ဥပါဒါန်ဆိုတာက ခိုင်ခိုင်မြဲမြဲစွဲလမ်းတာတဲ့။ ဥပမာအားဖြင့် ဘယ်လိုမှတ်ရမလဲဆိုလို့ရှိရင် သူခိုးများ ပစ္စည်းတစ်ခုကို ယူတော့မယ်လို့ ခိုးတော့မယ်လို့ လက်လှမ်းလိုက်တယ်တဲ့။ ပစ္စည်းဆီမရောက်သေးဘူး၊ လက်လှမ်းရုံ၊ အဲဒါက တဏှာနဲ့ တူတယ်တဲ့။ လက်ထဲ ဆုပ်ကိုင်မိပြီး ဆုပ်ကိုင်မိလို့ လက်ထဲကို

http://www.dhammadownload.com

ရောက်နေပြီ။ အဲဒါက ဥပါဒါန်နဲ့တူတယ်တဲ့။ ကိုင်မိတာနဲ့ မလွှတ်တော့ဘူး။ လိုချင်တဲ့အာရုံ တစ်ခု တစ်ခုကို စောစောစီးစီးက တောင့်တနေတယ်၊ မရသေးဘူး၊ တဏှာသဘော ဖြစ်တယ်၊ ရပြီးလို့ ဒီဥစ္စာတော့ ငါမလွှတ်တော့ဘူးဆိုပြီး ဆုပ်ကိုင်ထားတဲ့ သဘောနဲ့ သိမ်းပိုက်ထားတာက ဥပါဒါန်၊ ဒါက ဥပမာ။

မရတဲ့ဥစ္စာတွေအကုန်လုံး ဥပါဒါန်မဖြစ်ဘူးလို့ မှတ်ရမလားလို့ဆိုတော့ ဒါက ဥပမာပြောတာ။ တစ်ကယ်ဒီလိုတော့ မဟုတ်ဘူး။ မရတဲ့ ဥစ္စာတွေလည်း စွဲလမ်းနေရင်ဥပါဒါန်ပဲ။ ပထမသာယာခါမျှ နှစ်သက်ခါမျှလေး စွဲလမ်းမှုသိပ်မဖြစ်သေးဘူးဆိုရင်တော့ ဒါတဏှာလောက်ပဲရှိသေးတယ်။ ဒီဥစ္စာဖြင့်ရင် ရမှပဲလို့ အင်မတန် ရချင်နေတဲ့ စိတ်တွေစွဲစွဲမြဲမြဲ ဖြစ်နေတယ်ဆိုရင် ဒါကတော့ ဥပါဒါန်ဖြစ်ပြီ။ ဥပါဒါန်ဖြစ်လို့ရှိရင်ဖြင့် မည့်ဘူး။

ဥပါဒါန်ဖြစ်လို့ရှိရင် ဥပါဒါနပစ္စယာ ဘဝေါ ဆိုပြီးတော့ သူတစ်ခုခုပြတော့မှာ။ နှစ်သက်သာယာတဲ့ စွဲလမ်းတဲ့ အာရုံဝတ္ထုတွေ မရ ရအောင် အားထုတ်တော့မှာ။ တစ်နည်းနည်းနဲ့၊ ဥပါဒါနပစ္စယာ ဘဝေါ ဖြစ်မယ်။ ဘဝပစ္စယာက ဘယ်သွားမတုန်းဆိုလို့ရှိရင် ဇာတိ-ဘဝအသစ် ဖြစ်ရလိမ့်မယ်။ ဘဝအသစ်က ဘယ်ဖြစ်မှာတုန်းဆိုရင် အကုသိုလ်ဘဝက လာခဲ့လို့ရှိရင် အပါယ် ၄-ပါးဘဝ ဖြစ်မှာပေါ့၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဖြစ်၊ ကုသိုလ်က လာခဲ့လို့ရှိရင် လူ့ဘဝ၊ နတ်ဘဝတွေ ဖြစ်မှာပေါ့။ ဖြစ်လို့ရှိရင် ဘာဖြစ်ရမလဲဆိုလို့ရှိရင် ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာ၊ မရဏ၊ ဖြစ်ရာဘဝမှာ အိုရ, သေရလိမ့်မယ်တဲ့။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသတွေ ဖြစ်ရလိမ့်မယ်တဲ့။ ဖြစ်ရာဘဝမှာ အဲဒီကိုသွားမှာ။

ဒီဥပါဒါန်က အင်မတန်အရေးကြီးတဲ့ တရားပါ။ ဥပါဒါန်ဆိုတာ စွဲလမ်းမိမှုတော့ကို တစ်စုံတစ်ခုကုသိုလ် အကုသိုလ်ကံမြောက်၊ အဲဒီ ကံက အကျိုးပေးပြီးတော့ ဘဝဖြစ်၊ ဖြစ်ရာဘဝမှာ အိုရ, နာရ, သေရ, စိုးရိမ်ပူဆွေးရ အစရှိသည်တွေ အကုန်ဖြစ်ရတယ်။ ဆင်းရဲတွေ တသီတတန်းကြီး ဖြစ်တော့မှာ။ ဥပါဒါန်ဟာ တယ် ကြောက်စရာကောင်းတယ်။

http://www.dhammadownload.com

ကာမုပါဒါန်ဆိုတာ လိုချင်နှစ်သက်စရာ အာရုံဝတ္ထုအမျိုးမျိုးကို သာယာတပ်မက်တာ။ စွဲလမ်းတာတဲ့၊ သာယာစွဲလမ်းတာက ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်ဆိုတာကတော့ နောက်ဆုံး ချန်ပြောမှဖြစ်မယ်။ သူက ကျန်တဲ့ ဒိဋ္ဌိတွေအကုန်သိမ်းပြီး သီလဗ္ဗတနဲ့ အတ္တဝါဒ၊ ရှေးဦးစွာပြောမှ သဘောပေါက်မယ်။

အတ္တဝါဒုပါဒါန်

အတ္တဝါဒက ရှေးဦးစွာပြောမှ အတ္တဝါဒက အနေးကြီးတယ်။ အတ္တဝါဒုပါဒါန်တဲ့။ အတ္တဝါဒုပါဒါန်ဆိုတာ အတ္တဒိဋ္ဌိ၊ အတ္တ-အသက်ရှိနေတဲ့ သတ္တဝါအကောင်ပဲလို့ ယုံကြည်ယူဆတဲ့ဥစ္စာကို အတ္တဝါဒဥပါဒါန်၊ အတ္တဒိဋ္ဌိလို့ခေါ်တယ်။ အဲဒီ အတ္တဒိဋ္ဌိက စွဲစွဲမြဲမြဲဖြစ်နေရင် အတ္တဝါဒုပါဒါန်ပါပဲ။ အတ္တဝါဒုပါဒါန်၊ အတ္တဒိဋ္ဌိဆိုတာ ကင်းခဲတယ်၊ သက္ကာယဒိဋ္ဌိလဲ ခေါ်တယ်၊ ကင်းခဲတယ်၊ လုံးလုံးကင်းတာကတော့ အရိယမဂ်ရတဲ့ ပုဂ္ဂိုလ်မှကင်းတော့တာပဲ။ အရိယမဂ်မရတဲ့ ပုဂ္ဂိုလ်ဆိုရင် အနည်းနဲ့အများ ဒီ ဒိဋ္ဌိကရှိနေတယ်။

ဟိုဘဝ၊ ဒီဘဝ အသက်ရှင်နေတဲ့ အကောင်ကလေး တကယ်ရှိတယ် လို့ယူဆထားလို့ရှိရင် ဒါ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ဖြစ်နေတာပဲ။ အသက်ရှင်နေတဲ့ အကောင်ကလေး အနေအားဖြင့် စွဲလမ်းလို့ရှိရင် အတ္တဒိဋ္ဌိဖြစ်တယ်၊ ရုပ်တရား နာမ်တရားတွေအကြောင်းကို အမှန်အကန်မသိတဲ့ ပုဂ္ဂိုလ်တွေ ဒီလို အစွဲအလမ်းရှိပါတယ်၊ ဒီလိုစွဲလမ်းနေကြတာပဲ။

ပရိယတ္တိအနေအားဖြင့် စာပေကျမ်းဂန် ဗဟုသုတနဲ့ နှလုံးသွင်းတဲ့အခါမှာ သက်သာရာရသင့်သလောက် ရပါတယ်။ ရုပ်တရားနဲ့ နာမ်တရားပဲရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်သာခေါ်ရတယ် ရုပ်နဲ့နာမ်ပဲရှိတယ်။ ခန္ဓာငါးပါးတရားပဲရှိတယ်။ ဖြစ်ပျက်နေတဲ့ တရားပဲရှိတယ်။ အဲဒီလို စာပေကျမ်းဂန်အရနဲ့ ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေ ဒီလိုနှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်း အဲဒီအချိန်ကာလမှာ ဒီအတ္တဒိဋ္ဌိ အစွဲအလမ်းဟာ ကင်းပြီးတော့ နေပါတယ်။ ဒါပေမယ့် လုံးလုံးတော့ မကင်းဘူး။ စာပေကျမ်းဂန်အရ ဗဟုသုတနဲ့ သဘောကျတာကတစ်မျိုးပဲ။ စိတ်ကစွဲလမ်းတာက တစ်မျိုးပဲ။

http://www.dhammadownload.com

အတ္ထအစွဲပျောက်ခဲ

စာပေကျမ်းဂန်အရနဲ့ ရုပ်တွေနာမ်တွေ အဖြစ်အပျက်တွေ ဒီလိုသဘောကျနေတယ်ဆိုပေမယ့်လို့ ကိုယ့်သန္တာန်မှာ တကယ်ဖြစ်နေတဲ့ တရားတွေကျတော့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စွဲနေသေးတာပဲ။ ရုပ်တွေ, နာမ်တွေ ရုပ်နဲ့နာမ်ပဲရှိတယ်။ ခန္ဓာငါးပါးပဲရှိတယ်လို့ ဗဟုသုတအနေအားဖြင့် မှတ်သားထားတဲ့ပုဂ္ဂိုလ်တွေ၊ စာပေကျမ်းဂန်အနေနဲ့ တတ်သိနားလည်နေတဲ့ ပုဂ္ဂိုလ်တွေ၊ နားလည်ရုံတွင်မကဘူး။ သူများဟော ပြောနေတာရှိပါတယ်။ ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်စေကာမူ မိမိ တို့၏လက်တွေ့ကျတော့ ဒီအတ္ထအစွဲကလေးက ပျောက်ခဲတယ်။

အဲဒီ ပုဂ္ဂိုလ်ကိုမေးမယ်ဆိုလို့ရှိရင် ရိုးရိုးသားသားနဲ့ဖြေမယ်ဆိုရင် တော်တော်ကို ပျောက်ခဲပါတယ်။ မြင်တာကလေးကို ဘယ့်နှယ်အောက်မေ့တုန်း။ မြင်တာကလေးငါပဲလို့ အောက်မေ့တာပဲ။ ငါကမြင်တယ်။ ဒီလိုအောက်မေ့တယ်။ ကြားတာလေး ဘယ့်နှယ်အောက်မေ့တုန်း။ ငါကကြားတယ်။ ဒီလိုပဲ အောက်မေ့တယ်။ နံတာတို့ စားတာတို့ အတူတူပါပဲ။ ထိတာလေးကော ဘယ့်နှယ်အောက်မေ့တုန်း။ ငါပဲတွေ့ထိရာမှာ၊ ကွေးတာတွေ၊ ဆန့်တာတွေထိုင်တာ၊ ထတာ၊ သွားတာ၊ လာတာ၊ အကုန်ပါတယ်။ လက်ကလေးကွေးလိုက်တာက ဘာတုန်း။ ဆန့်လိုက်တာက ဘာတုန်း။ ခြေလှမ်းလိုက်တာက ဘာတုန်း၊ ထလိုက်တာက ဘာတုန်း၊ ထိုင်လိုက်တာက ဘာတုန်း၊ ငါကလုပ်နေတယ်၊ ငါပဲ။ ဒီလိုစွဲလမ်းနေတယ်။ ပကတိပုဂ္ဂိုလ်တွေ ဒီအတိုင်းစွဲလမ်းနေတယ်။ စိတ်ကူးစဉ်းစားကြံစည်နေတာက ဘာတုန်း၊ ငါပဲ၊ ဒီလိုစွဲလမ်းနေတယ်။

အခုတရားသဘောအရနဲ့ပြောရင်သာ ရှင်းနေတာ။ ပကတိ စိတ်အနေအထားကတော့ ဒီလိုပဲစွဲလမ်းနေတာပဲ။ အဲဒီအစွဲအလမ်း တော်တော်ကင်းခဲပါတယ်။ အဲဒီတရားအားထုတ်တဲ့အခါကျမှ နည်းနည်းနေရာကျတယ်။ တရားအားထုတ်တဲ့အခါမှာ ရုပ်တွေ နာမ်တွေ ဒါတွေကတော့ တော်တော်ကြာမှ ဒါတွေပြောရဦးမယ်။ ဒါကအလေးကြီးတယ်။

ရုပ်နာမ်ကလေးတွေ သဘောပေါက်ပြီးတော့ သိလာတဲ့အခါကျတော့ ခုနတုန်းက တို့စွဲထားတာမဟုတ်ဘူး။ ရုပ်နာမ်ကလေးမျှပဲ၊ ကိုယ်တွေ့သိတယ်။

http://www.dhammadownload.com

အဲဒီကျမှ ဒီအတ္တဒိဋ္ဌိက တော်တော်လေးကွာသွားတာ။ ဒါပေမယ့် လုံးလုံးတော့ မကင်းသေးဘူးပေါ့လေ။ လုံးလုံးကင်းတာကတော့ အရိယမဂ် ဖိုလ်ရောက်မှပဲ ကင်းပါတယ်။ အဲဒီတော့ ရုပ်နာမ်တရားတွေကို ငါကောင်, သတ္တဝါကောင်, အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်မှတ်ရင် အဲဒါအတ္တဝါဒဥပါဒါန်၊ ဆိုကြဦးစို့ -

ရုပ်နာမ်တရားကိုပင် အသက်ရှင်နေသော ငါကောင်ဟုထင်မှတ် စွဲလမ်းတာ၊ အတ္တဝါဒဥပါဒါန်။

ရုပ်နာမ်တရားကိုပင်-ဆိုတာ၊ စာထဲက ရုပ်နာမ်တရား မဟုတ်ဘူးနော်။ အခုမြင်နေတာ ကြားနေတာတွေ ပြောနေတာ၊ မြင်တာဟာ ရုပ်နာမ်တရားပဲ။ ကြားတာရုပ်နာမ်တရား။ တော်တော်ကြာမှ ရှင်းပြရဦးမယ်။

မြင်တာက ရုပ်နာမ်တရား၊ ကြားတာက ရုပ်နာမ်တရား၊ နံတာ၊ စားတာ၊ တွေ့ထိတာ ရုပ်နာမ်တရား။ အခု ယောဂီပုဂ္ဂိုလ်တွေ မှတ်နေရတာတွေ ရုပ်နာမ်တရားတွေ မှတ်နေရတာ။ ကွေးတာ၊ ဆန့်တာ ရုပ်နာမ်တရား၊ ထိုင်တာ၊ ထတာ ရုပ်နာမ်တရား၊ ညာလှမ်းတာ၊ ဘယ်လှမ်းတာ ရုပ်နာမ်တရား၊ အကုန်လုံး ရုပ်နာမ်တရားပဲ။ စိတ်ကူးစဉ်းစား ကြံစည်တာ ရုပ်နာမ်တရား၊ ရှုမှတ်နေတာလဲ ရုပ်နာမ်တရားပဲ၊ အဲဒီရုပ်နာမ်တရားတွေကို ငါပဲ၊ အသက်ရှင်နေတဲ့ အကောင်လေးပဲလို့ ဒီလိုထင်နေတာဟာ အတ္တဒိဋ္ဌိပဲ တဲ့။ အဲဒီ ထင်မှတ်တဲ့အတိုင်း ခိုင်ခိုင်မြဲမြဲ စွဲလမ်းနေလို့ရှိရင် ဒါ အတ္တဝါဒဥပါဒါန် ခေါ်တယ်။

အတ္တဝါဒဥပါဒါန် တော်တော်ကြာမှ ရှင်းပြရဦးမယ်။ အဲဒါ တရားအား ထုတ်လို့ ရုပ်နာမ်တရားလေးတွေ သဘောလေးတွေ တကယ်တွေ့လာတဲ့အခါကျတော့ အတ္တဝါဒဥပါဒါန်ဟာ တော်တော်လေးကွာသွားတယ်။ ဝိက္ခမ္ဘနပဟာန်ခေါ်တယ်။ လုံးလုံးကင်းတာတော့ မဟုတ်သေးဘူး။ အရိယမဂ်ရောက်တဲ့အခါကျတော့ လုံးလုံးကင်းတယ်။ တော်တော်ကြာမှ ပြောရဦးမယ်။

ဥပါဒါန် ၂-ခုပြီးသွားပြီ။ ကာမဥပါဒါန်၊ ကာမုပါဒါန်ရယ်၊ ကာမဥပါဒါန်၊ ကာမုပါဒါန်၊ သူကခေါ်လို့လွယ်ပါတယ်။ အတ္တဝါဒဥပါဒါန် အတ္တဝါဒုပါဒါန်ဆိုတော့ ဒါက နည်းနည်းဆိုရခက်တယ်။ သူက ခွဲထားတာကောင်းတယ်။ အတ္တဝါဒဥပါဒါန်။

http://www.dhammadownload.com

သီလဗွတုပါဒါန်

နောက်ပြီးတော့ သီလဗွတုပါဒါန်၊ သီလဗွတဥပါဒါန်၊ သီလဗွတ - သီလဆိုတာက ကိုယ်ကျင့်တရားပေါ့လေ။ ဘာသာပြန်တော့ အလေ့လို့ပြန်ထားတယ်။ ဝတ-က အကျင့်လို့ပြန်တယ်။ သီလဝတ-သီလဆိုတာ အခုဆောက်တည်နေတဲ့ သီလမျိုးတွေပါပဲ။ ခဲခဲယဉ်းယဉ်းကျင့်တဲ့ ဥစ္စာမျိုးတွေကိုတော့ ဝတ-လို့ခေါ်တယ်။

ကိုယ်ကျင့်တရားအနေနဲ့ ကျင့်တဲ့ဥစ္စာတွေက သီလ၊ ခဲခဲယဉ်းယဉ်း ဆောက်တည်ပြီးတော့ ကျင့်တဲ့ဥစ္စာတွေကတော့ ဝတခေါ်တယ်။ အကျင့်တွေ၊ ဒါကြောင့် သီလ အလေ့အကျင့်ဆိုပြီးတော့ ရှေးကပြန်ထားတယ်။ အလေ့အကျင့်လို့ အလေ့အကျင့်မျှဖြင့် ကောင်းသောအလေ့အကျင့်၊ ကောင်းသောအလေ့၊ ခက်ခက်ခဲခဲကျင့်ကြံမှုမျှဖြင့် သံသရာဝဋ်ဆင်းရဲက စင်ကြယ်သွားတယ်လို့ ယူဆတဲ့ဥစ္စာ၊ သီလဗွတဥပါဒါန်လို့ခေါ်တယ်။

အဲဒါ မြတ်စွာဘုရားဟောကြားတော်မူတဲ့ အရိယမဂ္ဂင် (၈)ပါးတည်းဟူသော အကျင့်မပါဘဲနဲ့ သာမန်သီလမျှ အလေ့အကျင့်မျှနဲ့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်သွားတယ်။ အိုခြင်း, နာခြင်း, သေခြင်း ကင်းသွားတယ်လို့ ယုံကြည်ယူဆမှုတွေဟူသမျှဟာ သီလဗွတဥပါဒါန် သီလဗွတုပါဒါန်လို့ ခေါ်တယ်။ ဗုဒ္ဓဘာသာအပြင်ဘက်ကနေပြီးတော့ ယုံကြည်ယူဆထားတဲ့ အကျင့်တွေဟူသမျှဟာ သီလဗွတဥပါဒါန်တွေပဲ။

ဘာသာတရားတိုင်း ဘာသာတရားတိုင်းမှာ သူတို့ရဲ့သံသရာက လွတ်မြောက်ရေးတွေ ဆိုတာရှိတယ်။ ဗုဒ္ဓဘာသာတရားတွေက တရားကျင့်သုံးလို့ရှိရင် နိဗ္ဗာန်သွားတယ်။ မျက်မှောက်ပြုပြီး နိဗ္ဗာန်သိသွားတယ်။ နိဗ္ဗာန်ဟာ သံသရာက လွတ်မြောက်တဲ့တရားပဲ။ နိဗ္ဗာန်ရဖို့ရာ တရားဟောတယ်။ ဗုဒ္ဓဘာသာ တရားကဟောတယ်။ ဒီပြင်ဘာသာတွေလဲ သူတို့ဘာသာတွေလဲ ရှိတာပဲ။ သူတို့ဘာသာတွေလဲ သူတို့သံသရာလမ်းဆုံး မအို, မနာ, မသေဘူး။ အမြဲတမ်းချမ်းသာတယ်လို့ ဒီလိုယူဆထားတာရှိတယ်။ ဘာသာတရားတိုင်းမှာ ရှိတယ်။ စနစ်တကျဖွဲ့စည်းထားတဲ့ ဘာသာတွေဆိုရင် ပြည့်တော့ပြည့်စုံတာပေါ့။ သူဥစ္စာနဲ့သူတော့ တော်ရုံ

http://www.dhammadownload.com

တန်ရုံတော့ ပြည့်စုံတာပဲ။ အဲဒီ သူတို့လမ်းဆုံးဖြစ်တဲ့ နိဗ္ဗာန်၊ မအို, မနာ, မသေ, အမြဲတမ်းနေရတဲ့ နိဗ္ဗာန်ကိုရောက်အောင် ဘယ်လိုကျင့်ရမလဲဆိုတဲ့ လမ်းစဉ်ကလေးတော့ သူတို့ရှိတယ်။ အဲဒီ လမ်းစဉ်ကလေးအတိုင်း ကျင့်လို့ရှိရင် မအို, မနာ, မသေပဲနဲ့ အမြဲတမ်းချမ်းသာတယ်။ ဒီလို ယုံကြည်ယူဆတာကိုး။ အဲဒီ ဥစ္စာသီလဗွတတွေ ခေါ်တာပဲ။

မြတ်စွာဘုရား လက်ထက်တော်တုန်းက ဂေါသီလ ဂေါဝတ၊ ကုက္ကုရသီလ ကုက္ကုရဝတ ဒီလိုရှိတယ်။ နွားတို့၏ အလေ့အကျင့်တဲ့။ ခွေးတို့၏ အလေ့အကျင့်တဲ့။ ဒီလိုကျင့်ရုံနဲ့လဲ သံသရာက လွတ်မြောက်သွားတယ်လို့ ယုံကြည်ယူဆတယ်။ ဘုရားလက်ထက်တော်တုန်းကရှိတယ်။ အခုလဲပဲ အိန္ဒိယမှာရှိသေးတယ်လို့တော့ သတင်းကြားတာပဲ။ သို့သော်လဲ သေသေချာချာတော့မပြောတတ်ဘူး။ အဲဒီလို ဘုရားလက်ထက်တုန်းက နွားလိုကျင့်ရင် သံသရာက လွတ်မြောက်တယ်လို့ ဒီလို ယူဆပြီး လူတစ်ယောက်က နွားလိုကျင့်တယ်၊ လူတစ်ယောက်က ခွေးလိုကျင့်လို့ရှိရင် သံသရာကလွတ်မြောက်တယ်လို့ ယုံကြည်ယူဆပြီး ခွေးလိုကျင့်တယ်။

နွားလိုကျင့်တယ်ဆိုတော့ နွားလိုလုပ်ရတာပေါ့လေ။ နွားပုံစံအတိုင်း နွားလေးဘက်သွားသလို လေးဘက်ထောက်သွားတယ်။ နွားမှာ အမြီးရှိတော့ အမြီးလေးလဲ တပ်ရသေးတယ်ဆိုတာကိုး။ ချိုရှိတော့ ချိုကလေးလဲ တပ်ရသေးတယ်။ သွားလို့ရှိရင် လူလိုမတ်တတ်ရပ်မသွားဘူး၊ နွားလိုပဲ လေးဘက်သွားရတယ်။ နွားနွားချင်းတွေ့လို့ရှိရင် တစ်ကောင်နဲ့ တစ်ကောင်ဟိန်းလိုက်၊ ဟောက်လိုက်၊ စောင်လိုက်၊ အဲဒါတွေကိုလဲ လုပ်ရသေးတယ်ဆိုတာကိုး။ နွားလိုပဲ အိပ်ရတယ်၊ နွားလိုပဲစားရတယ်၊ အဲဒီကျင့်ရတယ်၊ ဒီလိုကျင့်လို့ အောင်မြင်လို့ရှိရင် သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်တယ်လို့ ဒီလိုယူဆတယ်။

ခွေးလိုလဲကျင့်တယ်၊ ခွေးကလဲပဲ လေးဘက်သွားတာပဲ။ သူလဲအမြီးရှိတာပဲ။ ခွေးကလဲပဲ အိပ်လို့ရှိရင် ပြာပုံတို့မှာအိပ်ရတယ်။ အိပ်ခါနီးကျလို့ရှိရင် တစ်ပတ် နှစ်ပတ် လှည့်လိုက်ရသေးတယ်။ ဒီလိုအတိုင်း မအိပ်သေးဘူး။ အဲဒါတွေ အကုန်လုံး အတုအပလုပ်ရတယ်၊ စားတဲ့အခါကျတော့လဲပဲ မြေကြီးမှာ ပုံပြီးတော့ထားတဲ့ဥစ္စာ

http://www.dhammadownload.com

ကို ပါးစပ်နဲ့ဝပ်စားရတာ၊ လက်နဲ့ကိုင်စားရတာ မဟုတ်ဘူး။ အဲဒီလိုအကျင့်တွေ အကုန်ကျင့်ရတယ်၊ ကျင်ကြီးကျင်ငယ် စွန့်တာကစပြီးတော့ပေါ့လေ၊ ခွေး အတုအပ တွေ အကုန်လုပ်ရတယ်၊ အဲဒီလို အပြည့်အစုံ ကျင့်နိုင်လို့ရှိရင် ခွေးအကျင့် အောင်မြင်သွားတာပေါ့။

အဝတ်မဝတ်ဘဲနဲ့နေတာတွေလဲပဲ နွားအကျင့်၊ ခွေးအကျင့်တွေပါပဲ၊ နွားတွေ၊ ခွေးတွေ အဝတ်မှ မဝတ်ပဲကိုး။ အဲဒီလို အကျင့်တွေ ကျင့်ရုံမျှနဲ့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တယ်လို့လဲ ဒီလိုယူဆတဲ့ဥစ္စာ သီလဗွတဥပါဒါန်တဲ့။

ဘုရားလက်ထက်တုန်းက အဲဒီလိုပဲ နွားအကျင့် ခွေးအကျင့် တကယ်ကျင့်တဲ့ ပုဂ္ဂိုလ်အကြောင်း စာပေကျမ်းဂန်ထဲမှာ တိုက်ရိုက်ပါတယ်။ ဒါသာမဟုတ်ဘူး။ ဒီပြင်ကိုးကွယ်မှုအကျင့်တွေလဲ ရှိတယ်။

ဝါသုဒေဝနတ် ကိုးကွယ်လို့၊ ဘယ်နတ် ကိုးကွယ်လို့၊ ဒီလိုစသည်ဖြင့် ကိုးကွယ်တဲ့အကျင့်တွေလဲ ရှိတယ်။ တချို့လဲ နွားကိုးကွယ်လို့၊ ဆင်ကိုးကွယ်လို့၊ သစ်ပင်ကိုးကွယ်လို့၊ တောကိုးကွယ်လို့၊ တောင်ကိုးကွယ်လို့၊ ပူဇော်ပသလို့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်သွားတယ်လို့ ယုံကြည်ယူဆပြီးတော့ ဒီလိုကိုးကွယ်မှုတွေလဲပဲ သီလဗွတထဲမှာပါတယ်။

အဲဒါကြောင့် မဂ္ဂင်ရှစ်ပါးတရားမကျင့်ဘဲနဲ့ တစ်စုံတစ်ခုသော လေ့ကျင့်မှုနဲ့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တယ်လို့ ယုံကြည်ယူဆမှု၊ စွဲလမ်းမှုတွေဟာ သီလဗွတဥပါဒါန်၊ ဗုဒ္ဓဘာသာအပြင်ဘက်က အဲဒီဟာတွေပဲ။

အဲဒီဥစ္စာကို အဲဒီလိုဟောထားတဲ့ ဘာသာတရားတွေအရနဲ့ လေ့ကျင့်ရတယ်၊ ကောင်းကင်ဘုံကဘုရားကို ကိုးကွယ်ရမယ်၊ ဘုရားစကားတော်ကို နားထောင်ရမယ်၊ ဘုရားစကားကို ယုံကြည်ရမယ်၊ ဘုရားကို အကြွင်းမဲ့ယုံကြည်ပြီးတော့ ကိုးကွယ်လို့ရှိရင် အလုံးစုံသောအပြစ်တွေဟူသမျှ ပပျောက်တယ်၊ သေတဲ့အခါကာလကျလို့ရှိရင် ဘုရားသခင်ထံရောက်တယ်။ မဇ္ဈိ, မနာ, မသေနေရတယ်လို့ ဒီလိုယုံကြည်တာကိုး။ အဲဒီလိုယုံကြည်လို့ အဲဒီလိုဘာသာတွေမှာ သူတို့လိုက်နာပြီးတော့ ကျင့်နေကြ

http://www.dhammadownload.com

တာပဲ၊ အဲဒီလိုယုံကြည်တာဟာ ဘာခေါ်တုန်းဆိုတော့ သီလပဋိပဒာမသ ခေါ်တယ်၊ ဒါသီလပဋိပဒါဒိန်၊ အလေ့အကျင့်မျှနဲ့။

ဒီအထဲ မဂ္ဂင်ရှစ်ပါးတရားမပါဘူး၊ သစ္စာ ၄-ပါးတရားသိမြင်တဲ့ သမ္မာဒိဋ္ဌိ မပါဘူး၊ သစ္စာ ၄-ပါးတရားအမှန်အတိုင်း ကြံစည်မိတာမပါဘူး၊ သမ္မာသတိ-မှန်စွာအမှတ်ရတဲ့ သတိမပါဘူး၊ သမ္မာဝါယာမ-မှန်စွာအားထုတ်ရတာမပါဘူး၊ သမ္မာသမာဓိ-အမှန်အတိုင်း စူးစိုက်တည်ကြည်တဲ့ သမာဓိမပါဘူး။ သမ္မာဝါစာ-မှန်စွာပြောဆိုခြင်းမပါဘူး၊ သမ္မာကမ္မန္တ-မှန်စွာပြုလုပ်ခြင်း၊ မကောင်းမှု ကာယကံတွေမှ ကြဉ်ရှောင်ခြင်း၊ သမ္မာအာဇီဝ-မှန်စွာအသက်မွေးခြင်း၊ မတရားအသက်မွေးမှုမှ ကြဉ်ရှောင်ခြင်းဆိုတဲ့ အဲဒီသီလမဂ္ဂင်တွေလဲ သူ့ထဲမှာမပါဘူး၊ ဘာမှမပါဘူး၊

မဂ္ဂင် ၈-ပါးတရားတွေမပါဘဲနဲ့ အလေ့အကျင့်လေးလုပ်ရုံနဲ့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တယ်လို့ ယုံကြည်ယူဆထားတာ၊ ဗုဒ္ဓဘာသာ အပြင်ဘက်ကနေပြီး သံသရာလွတ်မြောက်ရေးဖြစ်တဲ့ ဘာသာရေးတရားတွေ ယုံကြည်ယူဆတာတွေဟာ သီလပဋိပဒာတွေချည်းပဲ။ အဲဒီသီလပဋိပဒါဒိန်၊ မဂ္ဂင် ၈-ပါး မပါဘဲနဲ့ မဂ္ဂင် ၈-ပါး မပါဘဲ သာမန်အလေ့အကျင့်မျှဖြင့် သံသရာက လွတ်မြောက်သည်ဟု ယုံကြည်ယူဆစွဲလမ်းတာက သီလပဋိပဒါဒိန်ဆိုရမယ်။

မဂ္ဂင် ၈-ပါးမပါဘဲ သာမန်အလေ့အကျင့်မျှဖြင့် သံသရာမှ လွတ်မြောက်ပြီဟု ယုံကြည်ယူဆစွဲလမ်းတာက သီလပဋိပဒါဒိန်၊

အဲဒီ မဂ္ဂင် ၈-ပါး မပါဘဲ ဆိုတာကလေးကတော့ ယုံကြည်တဲ့ ယူဆတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ကူးထဲမှာ ဒီလိုတော့မပါဘူးပေါ့။ မဂ္ဂင် ၈-ပါးမပါဘဲနဲ့ သံသရာက လွတ်မြောက်တယ်လို့ ဒီလိုအပြောအဆိုတော့မပါဘူး။ ဒီလိုစဉ်းစားမှုတော့ မပါပါဘူး။ ဒါပေမယ့် အဲဒါလေးက သဘောပေါက်အောင်လို့ ထည့်ရတာ။ သာမန်အလေ့အကျင့်မျှဖြင့်ဆိုတာ အလေ့အကျင့်ဆိုတာက မဂ္ဂင် ၈-ပါးပါတဲ့၊ အလေ့အကျင့်တွေလဲရှိတယ်။ ဒါကြောင့် မဂ္ဂင်၈-ပါးမပါတဲ့ အလေ့အကျင့် ပေါ်အောင်လို့ ဒါလေးဝိသေသနထည့်ရတာ။

သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တယ်လို့ ယုံကြည်ယူဆတာတွေ၊ အဲဒီလိုဟာမျိုးတွေကို သီလပဋိပဒါဒိန်တဲ့။

http://www.dhammadownload.com

ဒိဋ္ဌဥပါဒါန်

အဲဒီတော့ ဥပါဒါန် ၃-ခုပြီးသွားပြီ။ ဒိဋ္ဌဥပါဒါန်တစ်ခုကျန်တယ်။ ခုနက အတ္တဝါဒဥပါဒါန်ကလဲ ဒိဋ္ဌပဲ၊ ကျန်တဲ့ဒိဋ္ဌတွေဟူသမျှ အကုန်လုံးဒိဋ္ဌ ဥပါဒါန် ခေါ်တယ်။ ဒိဋ္ဌဥပါဒါန်၊ သူကိုတော့ ဘယ်ဥစ္စာရယ်လို့ မယ်မယ်ရရ ပြောဖို့ရာ တော့မရှိဘူး။ ဒိဋ္ဌဟူသမျှတွေ အတ္တဝါဒ၊ အတ္တ အစွဲအလမ်းမှတစ်ပါး ဒိပြင် ဒိဋ္ဌတွေဟူသမျှအကုန်လုံးပဲ။ ကုသိုလ် ကံမရှိ အကုသိုလ်ကံမရှိ နောင်တမလွန်ဘဝ မရှိ စသည်ဖြင့်ယုံကြည်ယူဆတဲ့ ဒိဋ္ဌတွေလဲ ရှိတယ်။

ဟိုဘဝ၊ ဒီဘဝအမြဲတမ်း မပျောက်မပျက်ဘဲနဲ့ တည်မြဲပြီးတော့ နေတဲ့ အတ္တကောင်ရှိတယ်လို့ ဒီလိုယူဆတဲ့သဿတဒိဋ္ဌလဲ ရှိတယ်။ သေပြီးတဲ့အခါ ဘာမှမရှိတော့ဘူး။ ပျောက်သွားတာပဲလို့ ယူဆတဲ့ဥစ္ဆေဒဒိဋ္ဌလဲ ရှိတယ်။ အဲဒီ မှားယွင်းသော ဒိဋ္ဌအစွဲအလမ်းတွေဟူသမျှဟာ ဒိဋ္ဌဥပါဒါန်၊ ဒီဥစ္စာက သူတော့ လွယ်လွယ်ပဲ လုပ်ရမယ်။ ဟိုဟာတွေနုတ်လိုက်လို့ရှိရင် လွယ်ပါတယ်။ သက္ကာယဒိဋ္ဌ အနေဖြင့် စွဲလမ်းတာကိုနုတ်လိုက်၊ ဘာသာရေးတရားအနေနဲ့ စွဲလမ်းတာကိုနုတ်လိုက်၊ ကျန်တဲ့ မှားယွင်းသောအယူအဆ အစွဲအလမ်းတွေဟူသမျှဟာ ဒိဋ္ဌဥပါဒါန် ဆိုရမယ်။

အတ္တဒိဋ္ဌ၊ သီလဗ္ဗတဒိဋ္ဌမှတစ်ပါး၊ မှားယွင်းသောအယူအဆ၊ စွဲလမ်းမှုဟူသမျှတ ဒိဋ္ဌဥပါဒါန်၊ ဒီလို ဥပါဒါန်တရား ၄-ပါးစုံသွားပါပြီ။

ဥပါဒါန် ၂-မျိုး

အဲဒါ အကျဉ်းချုပ်လိုက်ရင် ကာမုပါဒါန်ဆိုတာက တဏှာသာယာနှစ်သက်မှု၊ သာယာပြီးစွဲလမ်းတာ၊ ဒိဋ္ဌဥပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတာက အကျဉ်းချုပ်လိုက်ရင် ဒိဋ္ဌချည်းပဲ။ အထင်လွဲပြီး အယူမှားပြီး စွဲလမ်းတာ။ ဒါကြောင့် "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"လို့ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။ အထင်လွဲပြီးတော့ စွဲလမ်းတာနဲ့ သာယာပြီးတော့ စွဲလမ်းတာ ၂-မျိုး ဥပါဒါန်ဟူ၍ခေါ်သည်။ အထင်လွဲပြီး စွဲလမ်းတာက ဒိဋ္ဌဥပါဒါန်၊ ခုနက ဒိဋ္ဌ ၃-မျိုးပေါ့၊ သာယာနှစ်သက်ပြီး စွဲလမ်းတာက ကာမဥပါဒါန်၊ အဲဒီ ဥပါဒါန် ၂-

http://www.dhammadownload.com

မျိုးကို ခုနက ဒိဋ္ဌဥပါဒါန် ၂-ပါးကို တိုတိုမှတ်ရအောင်လို့ "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"လို့ ဆောင်ပုဒ်ပေးထားတာ ဆိုရမယ်။

"ထင်လွဲ သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်း"

ထင်လွဲပြီးတော့ စွဲလမ်းတာက ဒိဋ္ဌဥပါဒါန်၊ သာယာနှစ်သက်ပြီး စွဲလမ်းတာက တာမဥပါဒါန်၊ အကျဉ်းချုပ်တော့ ဒါ ၂-ခုပါပဲ။

ဥပါဒါနက္ခန္ဓာ

အဲဒီလို စွဲလမ်းနိုင်တဲ့ တရားတွေကို ဥပါဒါနက္ခန္ဓလို့ခေါ်တယ်။ ဥပါဒါန်၏ အာရုံဖြစ်တယ်။ စွဲလမ်းမှုရဲ့အာရုံဖြစ်လို့ စွဲလမ်းမှုလက်လှမ်းမီတဲ့ တရားတွေပါပဲ။ "ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"လို့ ဆောင်ပုဒ်ပေးထားတယ်။ ဥပါဒါနက္ခန္ဓာ ဆိုတာ ဘာတုံးလို့ဆိုရင် အဲဒီလိုငါဆိုပြီး စွဲလမ်းနိုင်တာ။ ငါဆိုပြီး စွဲလမ်းတာဟာ ဒိဋ္ဌဥပါဒါနက္ခန္ဓာပဲ။ အတ္တဝါဒဥပါဒါန်ထဲကပဲ သူက အရင်းခံပါပဲ။ အတ္တဝါဒဥပါဒါန် ရှိရင် သီလဗ္ဗတဥပါဒါန်လဲ ဖြစ်နိုင်တယ်။ အတ္တဒိဋ္ဌဥပါဒါန်တွေ အကုန်လုံး ဖြစ်နိုင်တယ်။ သူက အရင်းခံပဲ။ သက္ကာယဒိဋ္ဌိ၊ ဒါကြောင့် အရင်းခံကိုယူပြီးတော့ ဒီမှာ ဆောင်ပုဒ်ပေးထားတယ်။ ငါ ငါ့ဥစ္စာ၊ ငါဟူ၍ စွဲလမ်းနိုင်တဲ့တရားတွေ၊ ငါ့ဥစ္စာဟူ၍ စွဲလမ်းနိုင်တဲ့ တရားတွေ၊ အဲဒါတွေဟာ ဥပါဒါနက္ခန္ဓာဟူ၍ ခေါ်သည်။ ဆိုရမယ်။

"ငါ ငါ့ဥစ္စာ၊ စွဲကိုင်တာ၊ ဥပါဒါနက္ခန်း"

ငါနေအားဖြင့် စွဲနေတာပဲ ဥပါဒါနက္ခန္ဓာပဲတဲ့။ ငါ့ဥစ္စာအနေအားဖြင့် သာပြီး စွဲနိုင်တာ။ ဥပါဒါနက္ခန္ဓာ၊ ငါအနေအားဖြင့် စွဲတယ်ဆိုတာ ဒိဋ္ဌနဲ့စွဲလမ်းတာပဲ။ ငါ့ဥစ္စာ အနေအားဖြင့် စွဲလမ်းတယ်ဆိုတာ တဏှာနဲ့သာယာပြီးတော့ စွဲလမ်းတာ။ အဲဒီလို စွဲလမ်းနိုင်တဲ့ တရားတွေဟူသမျှ စွဲလမ်းမှု၏လက်လှမ်းမှီတဲ့ တရားတွေဟူသမျှဟာ ဥပါဒါန်ရဲ့ အာရုံတွေပဲ။ ဥပါဒါနက္ခန္ဓာတရားတွေ၊ အဲဒါတွေဟာ ဘာတွေတုန်းဆိုတော့ "ရုပ်, ဝေ, သညာ၊ သခ်ၤရာ၊ ဝိညာ ဏ္ဍိုင်းတန်" ဥပါဒါနက္ခန္ဓာတရားတွေက ဘယ်နှစ်ခုရှိတုန်းဆိုဟော့ ငါးခုရှိတယ်။ ငါးခုက ဘာလဲဆိုရင် "ရုပ်, ဝေ, သညာ၊ သခ်ၤရာ၊ ဝိညာ ဏ္ဍိုင်းတန်" ဆိုရမယ်။

http://www.dhammadownload.com

"ရူပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဏ်ါးတန်း"

ရူပ်ဆိုတာ ရူပက္ခန္ဓာ၊ ပါဠိလိုက ရူပက္ခန္ဓ၊ မြန်မာလို ရူပက္ခန္ဓာလို့ ခန္ဓကို ခန္ဓာလို့ ဒါလောက်ကလေးပြင်ပြီးတော့ ပြောတယ်။ ဒါတွေက ဘာလဲ၊ ရူပ်တရားရဲ့ ရူပ်ခန္ဓာက တစ်ပါး၊ ဝေ-ဝေဒနာကို ဝေဒနာက္ခန္ဓာက တစ်ပါး၊ သညာတဲ့၊ သညာက္ခန္ဓာက တစ်ပါး၊ သင်္ခါရာ-သင်္ခါရက္ခန္ဓာက တစ်ပါး၊ သင်္ခါရ တရားတွေ၊ သင်္ခါရပေမယ့် ဒီသင်္ခါရက တစ်မျိုး၊ သဗ္ဗေ သင်္ခါရာ မဟုတ်ဘူး။ ဒီသင်္ခါရက ဒါကပြုပြင်တတ်တဲ့ သင်္ခါရတွေ၊ ဟိုက သဗ္ဗေ သင်္ခါရကတော့ ပြုပြင်အပ်တဲ့ သင်္ခါရတွေ၊ ဒီ သင်္ခါရက ပြုပြင်တတ်တဲ့ သင်္ခါရ ဝိညာတဲ့၊ ဝိညာက ဝိညာဉ်၊ ဝိညာဏာထိအောင် မထည့်နိုင်တော့ မြန်မာလက််ာလဲ ချောအောင်ဆိုတော့ ဝိညာတွင်ရပ်ထားရဟယ်။ ဝိညာဏ-ဝိညာဉ်ခေါ်တဲ့ ဝိညာဉ်ဆိုတာ စိတ်ပါပဲ။ တစ်နေ့က ပြောခဲ့ပြီ။ သူက တစ်ပါးပေါ့။ အဲဒီ ခန္ဓာငါးပါး၊ **"ရူပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဏ်ါးတန်"** ဥပါဒါနက္ခန္ဓာငါးပါးဆိုတာ ဒီတရားတွေပဲ။

သူသတ်ပမာ ငါးခန္ဓာ

ဒီတရားတွေဟာ ငါဟူ၍လဲ စွဲလမ်းနိုင်တယ်။ ငါ၏ဥစ္စာအနေအားဖြင့်လဲ သာယာပြီးတော့ အဲဒီလိုစွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေဟာ သူသတ် ယောက်ျားကြီး ၅-ယောက်ပဲတဲ့။ ဒါပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာ အသီးအသီး ဒီခန္ဓာငါးပါးတရားတွေရှိနေကြတယ်၊ သူသတ်ယောက်ျားကြီးတွေတဲ့။ ကိုယ်ထဲမှာ သူသတ်သမားတွေ လက်ခံထားကြတယ်။ သူသတ်သမားကြီးငါးဦး ကိုယ့်ကိုယ်ထဲ ရောက်နေတယ်။ တကယ့်ရန်သူကြီးတွေ၊ ကိုယ့်ကိုယ်ထဲ ရောက်နေတာရောက်မှန်း မသိဘူး၊ မိတ်ဆွေတွေ အောက်မေ့ပြီး လက်ခံထားတာ။

ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုရင် လူတစ်ယောက်ဟာ ရန်သူဖြစ်တဲ့ ပုဂ္ဂိုလ်ကို သတ်ဖို့ရာ ကြံစည်တယ်တဲ့။ ဒါပေမယ့်လို့ အဲဒီသူမုန်းတဲ့ပုဂ္ဂိုလ်က အင်္ဂြေ အရံတွေနဲ့ အစောင့်အရှောက်တွေနဲ့ အစစအရာအရာ ပြည့်စုံနေတော့ သတ်ဖို့ရာ မလွယ်ဘူးတဲ့၊ ထင်ထင်ရှားရှားသတ်ဖို့ရာ မလွယ်ဘူး။ ပူးပေါင်းပြီး သတ်မှပဲလို့ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်က အဲဒီပုဂ္ဂိုလ်ထံသွားပြီးတော့ ခစားတယ်တဲ့။ အသင့်ထံမှာ

http://www.dhammadownload.com

ဝတ်ကြီး ဝတ်ငယ်ပြုချင်ပါတယ်ဆိုပြီး ရင်းရင်းနှီးနှီးဖြစ်အောင်လို့ အမှုကိစ္စတွေမှာ ဆောင်ရွက်ဖို့ရာ သူ့ဆီသွားပြီး အခွင့်တောင်းတယ်။ အခုကာလမှာဆိုရင် သူ့ဆီမှာသွားပြီး အလုပ်တောင်းတယ်၊ ဘာပဲပေးပေး ပေးတဲ့အလုပ် ကျွန်တော်လုပ်ချင်ပါတယ်၊ ခင်ဗျားမှိပြီးသကာလ အသက်မွေးချင်ပါတယ် ဆရာကြီး။ ကျွန်တော့်ကို အလုပ်ကလေးပေးပါဦးဆိုပြီးတော့ ရင်းရင်းနှီးနှီးတစ်ခါတည်း ဆောင်ရွက်ရအောင်လို့ အဲဒီမှာ အပြောကောင်းကောင်းနဲ့ ချိုချိုသာသာနဲ့ပြောတော့ လူကြီးဖြစ်တဲ့ပုဂ္ဂိုလ်က လူကောင်းပဲမှတ်ပြီးတော့ သူ့ကိုရင်းရင်းနှီးနှီးအလုပ်တွေ ပေးတယ်၊ တာဝန်တွေ ပေးတယ်၊ အလုပ်တွေ တာဝန်တွေပေးတော့ သူကလဲပဲ ကျေကျေပွန်ပွန် ဆောင်ရွက်တယ်၊ ကျေနပ်အောင်လို့ လုပ်ရတာပေါ့လေ။ အခွင့်ရအောင် ရိုးရိုးသားသားနဲ့ ဖြောင့်ဖြောင့်မတ်မတ်နဲ့ မခိုမကပ်မှက်မှောက်ရော မှက်ကွယ်ရော သူ့အမှုကိစ္စတွေကို ပြီးပြတ်အောင်လို့ ပြည့်စုံအောင်လို့ ကောင်းကောင်းဆောင်ရွက်ပြီး ပေးတယ်တဲ့။ ကောင်းကောင်းဆောင်ရွက်ပေးတော့ လူကြီးဖြစ်တဲ့ ပုဂ္ဂိုလ်က ဘယ်နှယ်အောက်မေ့လဲဆိုတော့ ဩော် . . ဒီလူတော့ လူကောင်းပဲ၊ ငါ့မိတ်ဆွေပဲ၊ အင်မတန်ကောင်းတဲ့ မိတ်ဆွေပဲ၊ ငါ့အကျိုးစီးပွားတွေလိုလားတဲ့ မိတ်ဆွေပဲဆိုပြီး အင်မတန် ရင်းရင်းနှီးနှီး အာရုံပြုတယ်တဲ့၊ ချီးမြှောက်လဲ ထားတယ်တဲ့။

နောက်တစ်နေ့ တစ်ချိန်ကျတဲ့အခါကျတော့ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်က ဒီအချိန် ဒီအခါကာလတော့ဖြင့်ရင် သတ်နိုင်တဲ့ အချိန်ပဲဆိုပြီးတော့ အဲဒီပုဂ္ဂိုလ်ကို တော စခန်းမှာဖြစ်စေ၊ သင့်တော်တဲ့ တစ်နေရာမှာဖြစ်စေ၊ အိမ်တစ်ခုထဲ တစ်နေရာထဲမှာ အတူတူ ၂-ယောက်ထဲနေရတဲ့အခါ အခွင့်ရတာပေါ့လေ။ အဲဒီလိုနေရာမှာ တခြား သောပုဂ္ဂိုလ်တွေ ကူညီမယ့်ပုဂ္ဂိုလ်မရှိဘူး။ သက်သေသက္ကာယလဲ မရှိဘူး။ ဒီလူတော့ဖြင့် ငါသတ်မှ တော်မှာပဲဆိုပြီးတော့ အိပ်ပျော်နေတုန်းပဲ ဖြစ်ဖြစ်ပေါ့လေ။ အမှုမဲ့ အမှတ်မဲ့နေတုန်းပဲဖြစ်ဖြစ် သတ်လိုက်ပါတယ်တဲ့၊ သတ်လိုက်တော့ သေရတာပေါ့။

အဲဒီလို အသတ်ခံရတဲ့ပုဂ္ဂိုလ်နဲ့ သတ်တဲ့ပုဂ္ဂိုလ် ၂-ဦးရှိတယ်။ အသတ်ခံရတဲ့ပုဂ္ဂိုလ်က လူကောင်း၊ သတ်တဲ့ပုဂ္ဂိုလ်က လူဆိုး၊ အသတ်ခံရတဲ့ပုဂ္ဂိုလ်က သတ်တဲ့

http://www.dhammadownload.com

လူဆိုးကို စောစောကသူလက်ခံတယ်။ ရင်းရင်းနှီးနှီးနဲ့ ခင်ခင်မင်မင်နဲ့ လက်ခံတယ်။ သူကလဲပဲ အသတ်ခံရတဲ့ပုဂ္ဂိုလ်ရဲ့ အကျိုးကိစ္စတွေကို သူဆောင်ရွက်ခဲ့တယ်။ အဲဒီလို ရင်းရင်းနှီးနှီးနဲ့ ဆောင်ရွက်ပြီးတော့ နေတုန်းကလည်းပဲ ရန်သူပါပဲတဲ့၊ သူသတ်သမားပဲ။ အချိန်မကျသေးလို့ မသတ်တာပဲ၊ သတ်ဖို့ရာ တမင်တကာလာတာကိုး။ စောစောက အင်မတန်ရင်းနှီးတဲ့မိတ်ဆွေအဖြစ်နဲ့ အာရုံပြုပြီးတော့ စောင့်ရှောက်ကျွေးမွေးပြုစုပြီး ထားပြန်တုန်းကလဲပဲ ဒီလူဟာ လူဆိုးပဲတဲ့၊ လူသတ်သမားပါတဲ့၊ နောက်အခွင့်ရလို့ သတ်လိုက်တဲ့ အချိန်ကာလကလဲ သူသတ်သမားပဲတဲ့၊ အတူတူပါပဲတဲ့။

ကိုယ့်ဘဝ ကိုယ်သာယာ

အဲဒါလိုပါပဲ။ အခု ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာ အသီးအသီးရှိပြီးတော့ နေကြတဲ့ ခန္ဓာငါးပါးတရားတွေဟာ သူသတ်သမားတွေတဲ့။ ဒါတွေဟာ ပဋိသန္ဓေရကတည်းက စပြီးတော့ ခန္ဓာငါးပါးစပြီး ရလာကြတယ်။ ပဋိသန္ဓေတုန်းကတော့ မသိသေးဘူးပေါ့လေ။ ဒါပေမယ့် မသိပေမယ့် သာယာမှုတွေရှိတယ်။ ကိုယ့်ကိုယ်ကိုတော့ သာယာတယ်။ ကျမ်းဂန်တွေအနေအားဖြင့် ပြောရမယ် ဆိုလို့ရှိရင် ပထမဆုံး စဉ်းစားစိတ်ကူးစဉ်ကတည်းက ကိုယ့်ကိုယ်ကို သာယာတဲ့စိတ်ကလေးက စဖြစ်တယ်။ **ဘဝနိကန္တိက လောဘစေတ**လဲ ခေါ်တယ်။

ရှေးဘဝက ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ယခုဘဝအသစ် ပဋိသန္ဓေစိတ်ကလေးဖြစ်လာတယ်။ ရှေးကပြုခဲ့တဲ့ကံကို အာရုံပြုပြီး ဂတိနိမိတ်ကို အာရုံပြု၍ဖြစ်စေ၊ ရှေးဦးစွာ စိတ်ကလေးဖြစ်တယ်။ အဲဒါ **ပဋိသန္ဓေစိတ်**ခေါ်တယ်။ အဲဒီ ပဋိသန္ဓေစိတ်ပြီးတော့လဲပဲ အလားတူ စိတ်တွေဆက်ပြီးတော့ဖြစ်တယ်။ **ဘဝင်စိတ်**တွေခေါ်တယ်။ ဒါတွေကတော့ စဉ်းစားတဲ့ ကြံစည်တဲ့ စိတ်တွေမဟုတ်သေးဘူး။ ဒါကတော့ အိပ်ပျော်နေတဲ့အခါဖြစ်တဲ့ စိတ်မျိုးနဲ့တူတယ်။ အိပ်မောကျပြီးတော့ ကောင်းကောင်းမွန်မွန် အိပ်ပျော်နေတဲ့အခါ ဘာမှမသိဘူး။ အဲဒီစိတ်မျိုးတွေကို ဘဝင်စိတ်တွေခေါ်တယ်။ နောက်အဲဒီဘဝင် စိတ်တွေက တစ်ဆယ့်ခြောက်ကြိမ်ဖြစ်ပြီးတော့ ဒီဘဝင်စိတ်ပြတ်သွားတယ်ဆိုရင် ရှေးဦးစွာစဉ်းစားတဲ့စိတ်ဖြစ်လာ

http://www.dhammadownload.com

တယ်။ စဉ်းစားတော့ ဘယ်လိုစဉ်းစားတုန်း။ ကိုယ့်ကိုယ်လေးစဉ်းစားတယ်။ **မနောဒွါရဝဇ္ဇန်း**နဲ့ မနောဒွါရထဲမှာ စိတ်ကူးစိတ်ကလေး ကိုယ့်ကိုယ်ကိုစဉ်းစားတယ်။ ဘယ်ရောက်နေပါလိမ့်။ ဘာပါလိမ့်။ ကိုယ့်ကိုယ်ကို တစ်ခါတည်းစဉ်းစားတဲ့စိတ်ကလေး၊ **မနောဒွါရဝဇ္ဇန်း** စိတ်ကလေးဖြစ်ပြီးတာနဲ့ ကိုယ့်ကိုယ်ကို သာယာတဲ့စိတ်ကလေးဖြစ်တယ်။ **ဘဝနိကန္တိတလောဘဇော** ၇-ကြိမ်ဖြစ်တယ်တဲ့။ ပြီးတော့ **တဒါရုံ** ၂-ကြိမ်ဖြစ်တယ်။ ပြီးတော့ကို ဘဝင်ကျသွားတယ်။ အဲဒီကစပြီး ကိုယ့်ကိုယ်ကို သာယာလာတာ။ ပထမဦးစွာကိုယ့်ကိုယ်ကို သာယာတာဘယ်ဘဝပဲဖြစ်ဖြစ်၊ ဒီလို ချည်းထဲပဲ။

အပါယ် ၄-ဘုံဖြစ်လဲ ကိုယ့်ဘဝကလေးနဲ့ကိုယ် သာယာတာပဲ။ ငရဲကျရင် ငရဲမှန်းဘာမှန်း ဘယ်သိလိမ့်မှာတုန်း၊ ဖြစ်ခါစကတော့ ကိုယ့်ကိုယ်ကို ကလေးတော့ သာယာတာပဲ၊ ပဋိသန္ဓေလဲ သာယာတာပဲ၊ ပြိတ္တာဖြစ်လဲ သာယာတာပဲ၊ ကိုယ့်ဟာနဲ့ကိုယ် လူဖြစ်တဲ့အခါလဲ သာယာတာပဲ၊ နတ်ဖြစ်တဲ့အခါလဲ သာယာတာပဲ၊ ဗြဟ္မာဖြစ်တဲ့အခါလဲ ဗြဟ္မာဘဝတွေကို သာယာတာပဲ၊ အဲဒီလို မသာယာတဲ့ဘဝတစ်ခုပဲရှိတယ်၊ အသည်းသတ်ဘုံဆိုတာ စိတ်မရှိလို့ သူတစ်ခုပဲ သာယာစရာမရှိဘူး။ ဘဝနိကန္တိကလောဘဇော မတွေ့ရဘူး၊ ဒီပြင် ဘုံဘဝတွေမှာလဲ ဖြစ်တိုင်းဖြစ်တိုင်း ကိုယ့်ဘဝကလေးနဲ့ကိုယ် စစချင်းသာယာတာ၊ နောက်လဲ သာယာတာပဲ၊ ကိုယ့်ကိုယ်ကလေးနဲ့ ကိုယ်ကတော့ သာယာနေတာပဲ၊ အဲဒီတော့ ကိုယ့်ဘဝကိုယ့်ခန္ဓာလေးတွေနဲ့ စောစောကတည်းက သာယာနေတာတွေ ခုနက ရန်သူကို လက်ခံပြီးတော့ သာယာနေတာနဲ့တူတယ်တဲ့။

အထူးအားဖြင့်တော့ တော်တော်လေး သိတတ်လာတဲ့အခါကျတော့မှ နှစ်သက်သာယာမှုမျှားလာပါတယ်၊ တော်တော်လေးကြီးပြင်းလာလို့ တော်တော်သိတတ်လာပြီဆိုတဲ့အခါမှာ အဲဒီအခါမှာ သာယာမှုမျှားတယ်၊ ပျိုပျိုရွွယ်ရွွယ်ဖြစ်လာတဲ့အခါကျတော့ ပိုပြီးသာယာတာပေါ့လေ၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ ကိုယ့်ရုပ်အဆင်းကလေးကြည့်ပြီးတော့လဲ သာယာလိုက်၊ ကိုယ့်အသံကလေး သာယာလိုက်၊ ကိုယ့်ကိုယ်ရဲ့အခြေအနေကလေးကြည့်ပြီး သာယာလိုက်၊ အသား

http://www.dhammadownload.com

အရေကလေးတွေ စမ်းသပ်ပြီးတော့လဲ သာယာတာ။

ပထဝီဓာတ်တွေ ခက်မာကြမ်းတမ်းတဲ့သဘော နူးညံ့တဲ့သဘောတွေ၊ ချောညက်တဲ့သဘောတွေ သာယာတာရှိတာပေါ့လေ။ လက်ထဲက ဖြစ်ဖြစ်၊ ခြေထဲက ဖြစ်ဖြစ်၊ ကိုယ်ထဲကဖြစ်ဖြစ် သာယာနေတာပဲ၊ စိုစိုပြည်ပြည် ဖြစ်ပြီးတော့နေတဲ့ သဘောတွေ၊ အာပေါဓာတ်တွေ၊ အာပေါဓာတ်တွေ စိုစိုပြည်ပြည် ဖြစ်ပြီးတော့ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်နေတာတွေကို သာယာနေတယ်၊ ဝါယောဓာတ်တွေ တောင့်တောင့်တင်းတင်းနဲ့ ကွေးလိုက်ဆန့်လိုက်၊ ထိုင်လိုက်ထလိုက်၊ သွားလိုက်လာလိုက်၊ လူပ်ရှားလိုက်၊ ဒါတွေကိုသာယာနေတယ်။ တေဇောဓာတ်တွေ ကိုယ်ထဲက အခိုးအငွေ့ကလေးတွေ အဲဒါကလေးတွေ ကောင်းတာလေးတွေ သာယာနေတယ်။ ပေါ့ပေါ့ပါးပါး ဖြစ်နေတာတွေ သာယာတယ်၊ မျက်စိကြည်ကြည်လင်လင်ရှိလို့ သာယာတယ်၊ နားကြည်ကြည်လင်လင်ကောင်းလို့ သာယာတယ်၊ နှာခေါင်းကောင်းလို့ သာယာတယ်၊ လျှာကောင်းလို့သာယာတယ်၊ ကိုယ်ကလဲပဲ အသားအတွေ့တွေ ကောင်းလို့ သာယာတယ်၊ စိတ်ကူးစဉ်းစား ကြံစည်ပြီးတော့နေတဲ့ အသိတွေလဲ သာယာတယ်၊ အကုန်လုံးလျှောက်သာယာနေတာ။ ခန္ဓာငါးပါးတွေ ကိုယ့်သန္တာန်မှာ ရှိတဲ့ တရားတွေကို သာယာနေကြတာပဲ။ အကုန်လုံးသာယာနေတာ၊ ဘေးက ပုဂ္ဂိုလ်အနေအားဖြင့် ရွံစရာစက်ဆုပ်စရာဖြစ်နေပေမယ့် သူ့ကိုယ်သူကတော့ သာယာနေတာပဲ၊ သာယာစရာတွေဖြစ်နေတယ်။ အဲဒါ ခန္ဓာငါးပါး သူသတ်တရားတွေကို မိတ်ဆွေမှတ်ပြီးတော့ လက်ခံနေကြ၊ သာယာနေကြတာတဲ့။

ခန္ဓာငါးဖြာသာယာနေကြခြင်း

တစ်နေ့က မြွေကြီး ၄-ကောင်တုန်းကလဲပဲ မြွေကြီးတွေကို အကောင်းမှတ်ပြီးတော့ သာယာနေတာကိုး၊ အခုခန္ဓာငါးပါးတရားတွေလည်းပဲ သာယာနေကြတာ။ ခန္ဓာငါးပါးတရားတွေ ရုပ်ကိုယ်ကြီးတစ်ခုလုံး။ ကိုယ့်ကိုယ်ထဲမှာရှိတဲ့ ရုပ်ကိုယ်ကြီးတစ်ခုလုံးဟာ ဘယ်အစိတ်အပိုင်းဖြစ်ဖြစ် သူဟာအသုံးကျတာလေးတွေပဲ။ ကိုယ်ထဲမှာဖြစ်နေတဲ့အခါမှာ အသုံးကျတယ်။ ကိုယ်မှာပေါက်နေတဲ့ အမွေးအမျှင်ကလေးတစ်ခုပဲဖြစ်ဖြစ် အသုံးကျနေတာပဲ။ သူများက နုတ်ပြီးယူသွားမယ်ဆိုရင် တယ်ပြီး

http://www.dhammadownload.com

မကြိုက်ပေဘူး၊ လက်မခံနိုင်ပေဘူး။ မျက်ခုံးမွေးပဲဖြစ်ဖြစ်၊ နူတ်ခမ်းမွေးဖြစ်ဖြစ်၊ အမွေးအမျှင်ကလေးတစ်ခုပေမယ်လို့ သူများကနုတ်ယူမယ်ဆိုရင် မကြိုက်ဘူး။ သူများက ဒါတွေ မီးနဲ့ရှို့မယ်ဆိုရင် ဘယ်ကြိုက်လိမ့်မှာတုန်း၊ သာယာနေတယ်၊ သဘောကျနေတယ်၊ ကိုယ့်ကိုယ်ထဲက ရုပ်တွေအကုန်လုံး သာယာတယ်။

နာမ်တရားတွေတဲ့၊ ဝေဒနာခံစားမှုတွေ သာယာတယ်၊ သညာမှတ်သားမှုတွေ သာယာတယ်၊ ဝိညာဉ်သိမှုတွေ သာယာတယ်၊ သခ်ါရခေါ်တဲ့ ပြုပြင်အားထုတ်မှုတွေ၊ ကွေးအောင်, ဆန့်အောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင်, မြင်အောင်, ကြားအောင် စသည်ဖြင့် ပြုပြင်အားထုတ်မှုတွေ၊ အဲဒါတွေ သခ်ါရတရားတွေခေါ်တယ်။ အဲဒါတွေကို သာယာနေတယ်၊ အဲဒါတွေ အချိန်အစား ကျနေတဲ့အခါကာလဆိုရင် ဒါလေးတွေဟာ ကိုယ့်မိတ်ဆွေလေးအနေအားဖြင့်ပဲ အားကိုးကြတယ်။ ကိုယ့်သန္ဓာန်က ရုပ်ကြီးလဲ အားကိုးရတယ်။ ဒီရုပ်ရှိလို့ပဲ၊ ဒီရုပ်ရှိတဲ့အတွက်ပဲ။ ဒီလို အာရုံကလေးတွေ ခံစားရတယ်။ မျက်စိကလေးရှိလို့ ကြည့်ချင်တာတွေကြည့်ရတယ်။ နားရှိလို့ကြားချင်တာလေးတွေကြားရတယ် စသည်ဖြင့် ကိုယ့်သန္ဓာန်က ရုပ်တွေအကုန်လုံး သူ့အစိတ်အပိုင်းနဲ့သူ အသုံးကျပြီး မိတ်ဆွေတွေ ဖြစ်နေတယ်၊ အင်မတန်ရင်းရင်းနှီးနှီးဖြစ်နေတယ်၊ ဒါတွေကို အင်မတန်သာယာပြီး သဘောကျပြီးတော့နေတယ်။

ခုနက ရန်သူ သူသတ်သမား ကိုယ့်အိမ်ရောက်လာတာကို မိတ်ဆွေမှတ်ပြီးတော့ လက်ခံထားတာနဲ့တူတယ်၊ နေရာကောင်းတွေထား၊ အကောင်းအမွန်တွေကျွေးပြီးတော့ စောင့်ရှောက်ထားတာနဲ့တူတယ်၊ အဲဒါ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေကို ငါ၏ဥစ္စာအနေအားဖြင့် သာယာတယ်တဲ့။ ငါကောင်အနေအားဖြင့်လဲပဲ ထင်မှတ်စွဲလမ်းပြီးတော့နေတယ်။ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေဟာ လူသတ်သမားကြီးတွေ။

ခန္ဓာရှိလို့သေရခြင်း

တစ်နေ့ကျတော့ သေလို့ရှိရင် ဘယ်သူကြောင့်သေတုန်း၊ ခန္ဓာငါးပါးရှိလို့ သေရတယ်၊ ခန္ဓာငါးပါးရှိလို့ သေတာ၊ လောကမှာ အကြောင်းဆိုတာတော့ ရှိတာ

http://www.dhammadownload.com

ပေါ့လေ၊ ဒီလိုဆိုလို့ရှိရင် သေတယ်ဆိုလို့ရှိရင်တော့ တစ်စုံတစ်ယောက်က သတ်လို့ သေလို့ရှိရင် ဘယ်သူသတ်လို့ သေရတယ်ဆိုတာကတော့ ရှိတာပေါ့၊ ရန်သူက သတ်လို့သေတယ်၊ မြွေကိုက်လို့ သေတယ်စသည်ဖြင့် အကြောင်းကတော့ လောကမှာ ပြောစရာရှိတယ်၊ ရေနစ်လို့သေတယ်၊ သစ်ပင်ပေါ်ကကျသေတယ်၊ မီးလောင်ပြီးသေတယ် စသည်ဖြင့် ပုဂ္ဂိုလ်မဟုတ်ဘဲနဲ့ အလွတ်အကြောင်းတွေလဲ ရှိတယ်၊ ဒါပေမယ်လို့ ဘာကြောင့်ပဲဖြစ်ဖြစ် သေတတ်တဲ့ခန္ဓာငါးပါး တရားရှိလို့ သေတာပါပဲတဲ့၊ သေတတ်တဲ့ ခန္ဓာငါးပါးမရှိရင်မသေဘူး၊ ရောဂါဝေဒနာ တစ်မျိုးမျိုးဖြစ်ပြီးတော့သေတယ်၊ သေတတ်တဲ့ ခန္ဓာငါးပါးထဲမှာလဲ အထူးအားဖြင့်တော့ ရုပ်ခန္ဓာတွေက အရေးကြီးတယ်။

အဋ္ဌကထာများမှာ ပြထားတာကတော့ ခန္ဓာငါးပါးတရားတွေဟာ ရုပ်ခန္ဓာကလဲပဲ နာမ်ခန္ဓာတွေသတ်တယ်တဲ့၊ နာမ်ခန္ဓာကလဲ ရုပ်ခန္ဓာတွေသတ်တယ်တဲ့၊ ခန္ဓာငါးပါး အချင်းချင်းလဲပဲ တစ်ခုတစ်ခု သတ်တတ်တယ်တဲ့၊ အဲဒီလိုပြတယ်၊ ဒါကတော့ သိဖို့ရာ တယ်မလွယ်ဘူး။

ရုပ်ရှိလို့ဆေးရဖြင်း

အများသိလွယ်တာကတော့ ရုပ်ခန္ဓာက သူကအထင်ရှားဆုံး၊ ဒီရုပ်ခန္ဓာရုပ်ရှိလို့ သေမှုတွေထင်ရှားတာ၊ နာမ်ကတော့ နာမ်တရားသက်သက်ကတော့ သူက မထင်ရှားဘူး၊ နာမ်တရားသက်သက်လဲ အရူပဘုံတွေမှာ အသက်တမ်းကုန်တဲ့အခါ သေတော့သေတာပဲ၊ ဒါပေမယ့် သူတို့က သိပ်မထင်ရှားဘူး၊ ရုပ်ခန္ဓာတွေကတော့ ထင်ရှားတယ်။

လူတစ်ဦးတစ်ယောက်ကနေပြီးတော့ ဓားနဲ့ထိုးလို့သေရတယ်၊ တုတ်နဲ့ရိုက်လို့ သေရတယ်၊ လှံနဲ့ထိုးလို့ သေရတယ်၊ သေနတ်နဲ့ပစ်လို့သေရတယ် စသည်ဖြင့်ပေါ့လေ၊ လက်နက်နဲ့သေအောင်လုပ်လို့ သေရတယ်ဆိုတာတော့ ဘယ်သူကြောင့်တုန်း၊ ရုပ်ရှိလို့ပဲ၊ ရုပ်မရှိလို့ရှိရင် ဓားနဲ့ခုတ်လို့လဲ မခုတ်နိုင်ဘူး၊ စိတ်နာမ်တရားချည်းပဲ ရှိနေတယ်ဆိုပါတော့ စိတ်နာမ်တရားချည်းပဲရှိနေတဲ့ပုဂ္ဂိုလ်ကို ဓားနဲ့လဲ မခုတ်နိုင်ဘူး၊ တုတ်နဲ့လဲ မရိုက်နိုင်ဘူး၊ လှံနဲ့လဲ မထိုးနိုင်ဘူး၊ သေနတ်နဲ့လဲ မပစ်နိုင်ဘူး၊

http://www.dhammadownload.com

အခုကာလပေါ်နေတဲ့ ပုံးတွေနဲ့ဘာမှမလုပ်နိုင်ဘူး၊ အခု အင်မတန်ကောင်းတဲ့ ရှူကလီးယားလက်နက်တို့ ဘာမှမလုပ်နိုင်ဘူး။ ဒါတွေလဲပဲ မလောင်ကျွမ်းစေနိုင်ဘူး၊ မပျက်စေနိုင်ဘူး၊ ဘယ်နှယ်မှမတတ်နိုင်၊ စိတ်သက်သက်ကိုး။

အခုရုပ်ရှိလို့ ရုပ်ခန္ဓာရှိတော့ကို ရုပ်ခန္ဓာကိုပျက်စီးစေတတ်တဲ့ လက်နက်နဲ့ ဖျက်ဆီးရတယ်။ ရောဂါဝေဒနာတွေဖြစ်တယ်ဆိုတာလဲပဲ ရောဂါဝေဒနာအထူး အဆန်းတွေ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည်ဖြင့်ပေါ့လေ။ တခြားရောဂါတွေလဲ ရှိပါတယ်။ အဲဒီရောဂါတွေဟာလဲ ရုပ်မှီဖြစ်တာပဲ၊ စိတ်သက်သက်နဲ့ဆိုရင် မဖြစ်နိုင်ဘူး၊ စိတ်သက်သက်ဆိုရင် ရောဂါမဖြစ်နိုင်ဘူး၊ ရောဂါပိုးတွေဆိုတာ ရှိသေးတယ်၊ ရောဂါပိုးတွေဆိုတာလဲပဲ စိတ်သက်သက်ဆို ဒီရောဂါပိုးတွေ ဘယ်နှယ်မှ မဖြစ်နိုင်ဘူး၊ ရောဂါဖြစ်ပြီးတော့လဲ မသေနိုင်ဘူး၊ အခုသတ္တဝါတွေ သေနေတာဟာ ရုပ်ခန္ဓာကြီးရှိလို့ ရုပ်ခန္ဓာက ဆန့်ကျင်ဘက်တရားတွေနဲ့ တွေ့ပြီးတော့ သေရတယ်၊ ရေနစ်ပြီးတော့ သေရတယ်၊ မီးလောင်ပြီးတော့ သေရတယ် စသည်ဖြင့် ဒီလိုဟာတွေလဲပဲ ရုပ်ခန္ဓာရှိလို့ပဲ၊ စိတ်နာမ်တရား သက်သက်တော့ မသေနိုင်ဘူး၊ ဒီတော့ ရုပ်ခန္ဓာတရားဟာ သတ္တဝါတွေကို သတ်တယ်ဆိုတာ အင်မတန်ထင်ရှားပါတယ်။

ရုပ်နာမ်ရှိလို့ သေရတာ

ဒီတော့ ရုပ်သက်သက်သာလားဆိုတော့ နာမ်မရှိရင်လဲဘဲ ဒါကအရေးမကြီးဘူး၊ ရုပ်သက်သက်ဆိုရင် နာမ်ကလေးကလဲပဲ ရှိတယ်၊ ရုပ်သက်သက်တွေဆိုရင် ကျောက်ခဲတစ်လုံးဆိုပါတော့ ကျောက်ခဲတစ်လုံး တူနဲ့ထုလိုက်လို့ကွဲသွားလဲ မသေသေးဘူးဆိုရမယ်၊ နာမ်မှမရှိဘဲဟာကိုး၊ နာမှန်း ကျင်မှန်းလဲ မသိဘူး၊ ဝေဒနာမရှိလို့ နာခြင်း ကျင်ခြင်း မရှိဘူး၊ မီးနဲ့ဖုတ်လိုက်၊ ဘာမှမဖြစ်ဘူး၊ သစ်တုံးတစ်ခုမီးနဲ့ဖုတ်လိုက် ပြာကျသွားရင် ဘာမှမဖြစ်ဘူး၊ ပူခြင်းမရှိဘူး၊ နာခြင်းမရှိဘူး၊ ဓားနဲ့ခုတ်လိုက်၊ လုံနဲ့ ထိုးလိုက် ဘာမှမဖြစ်ဘူး၊ ဘာပြုလို့တုန်းဆိုတော့ သူမှာ နာမ်တရားမရှိဘူး၊ သိတတ်တဲ့ စိတ်မရှိဘူး၊ ခံစားတတ်တဲ့နာခြင်း၊ ကျင်ခြင်း၊ ပူခြင်း၊ အခံရခက်ခြင်းသဘော ဝေဒနာသူမှာမရှိဘူး၊ အဲဒီဖြစ်ပေါ်လာသမျှ သူမှာမှတ်သားတဲ့

http://www.dhammadownload.com

သညာလဲ မရှိဘူး။ တစ်စုံတစ်ရာဖြစ်အောင် ပြုလုပ်တတ်တဲ့ သင်္ခါရလဲမရှိဘူး၊ အဲဒီ နာမ်တရားတွေ မရှိတဲ့အတွက်ကြောင့် ကျောက်ခဲတို့၊ တုံးတို့၊ တိုင်တို့၊ ဒီလိုဟာတွေဟာ ဘယ်လိုပဲ ဖျက်ဆီးပေမယ်လို့ ဘာမှမဖြစ်ဘူး၊ သေတယ်လို့ မဆိုရဘူး။

အဲဒီတော့ အခုပုဂ္ဂိုလ်တွေမှာ သတ္တဝါတွေမှာတော့ ရုပ်လဲရှိတယ်၊ နာမ်လဲရှိတယ်၊ ရုပ်ပျက်ရင်လဲ နာမ်ပျက်၊ နာမ်ပျက်ရင်လဲ ရုပ်ပျက်တယ်၊ များသောအားဖြင့်တော့ ရုပ်ပျက်လို့နာမ်ပျက်တာပဲများပါတယ်၊ ဒါပေမယ့် နာမ်ပျက်လို့ ရုပ်ပျက်တာလဲ ရှိတယ်၊ နာမ်ပျက်လို့ ရုပ်ပျက်တာက စိတ္တဇရောဂါတွေဆိုတာ နာမ်ကပျက်တာ၊ ရုပ်ကမပျက်ဘူး၊ သူတို့ရုပ်က အကျန်းမာကြီး၊ အကောင်းချည်းပဲ။ စိတ္တဇရောဂါစိတ်က ပူလောင်တာကိုး၊ သားသမီးဆွေမျိုးတွေ၊ အင်မတန် ချစ်ခင်ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ မရှုမလှပျက်စီးသွားတာတွေ မြင်ရလို့ စိတ်မချမ်းမသာဖြစ်ပြီး တချို့ရူးသွပ်သွားပြီး ဒီလိုလဲသေတယ်၊ အဖိုးတန်ပစ္စည်းတွေ၊ အလေးအမြတ်ပြုနေတဲ့ ပစ္စည်းတွေ သူများယူသွားလို့ မီးလောင်သွားလို့ ပျက်စီးတယ် စသည်ဖြင့် အဲဒီလိုဟာ အကြောင်းပြုပြီးတော့ စိတ်ထဲမှာ သောကပူဆွေးပြီးတော့ တချို့သေတယ်၊ အဲဒါ နာမ်ပျက်လို့ ရုပ်ပျက်တာ။

အဲဒီတော့ ရုပ်ခန္ဓာပျက်လို့ သေတာလဲရှိတယ်၊ နာမ်ခန္ဓာပျက်လို့ သေတာလည်းရှိတယ်၊ ဘေးကပုဂ္ဂိုလ်တွေက ဘယ်လိုပဲ သတ်ဖြတ်ဖျက်စီးစေကာမူ သေတတ်တဲ့ ရုပ်နာမ်ခန္ဓာတွေမရှိရင် မသေနိုင်ဘူး၊ သေတတ်တဲ့ ရုပ်နာမ်ခန္ဓာတွေရှိလို့သေရတယ်တဲ့၊ ဒါကြောင့် ဘဝတိုင်း ဘဝတိုင်း သတ္တဝါတွေသေနေတာဟာ ဘယ်သူကြောင့်တုန်းဆို လက်သည်အရင်းခံက ဒီရုပ်တရား နာမ်တရား သေတတ်တဲ့ တရားတွေရှိလို့ သေရတာတဲ့။

ဒီတော့ သေသေချာချာစာရင်းတွက်ကြည့်လိုက်တယ် ဆိုလို့ရှိရင် ရုပ်နာမ်ခန္ဓာတွေဟာ သူသတ်သမားတွေပဲ။ သူတို့သတ်နေတာ၊ ဘဝတိုင်း ဘဝတိုင်း ဘဝအသစ်ဖြစ်ရာဘဝမှာ သေရတယ်တဲ့။ သူတို့သတ်နေတာပဲ။ ဒါကြောင့် -

ဘိက္ခဝေ၊ ရဟန်းတို့။ **ပစ္စတ္ထိကာ၊** ရန်သူကြီးတို့ဖြစ်ကုန်သော၊ **ပဋိဝေရောတိ ခေါ ဝေ၊** ငါးဦးသော သူသတ်သမားတို့ဟူသော ဤအမည်သည်။ **ပဋိနိ့၊** ငါးပါး

http://www.dhammadownload.com

ကုန်သော။ **ဥပါဒါနက္ခန္ဓာနှစ်**၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

သူသတ်ကြီး ငါးယောက်ဆိုတာ တခြားမဟုတ် သတ္တဝါတွေသန္တာန်မှာ အသီးအသီးရှိပြီးတော့နေကြတဲ့ ဥပါဒါနက္ခန္ဓာလို့ခေါ်တဲ့ ခန္ဓာငါးပါးတရားတွေပဲ၊ အကျဉ်းချုပ်လိုက်လို့ရှိရင် ရုပ်နာမ်တရားတွေပေါ့၊ ရုပ်ခန္ဓာကတစ်မျိုး၊ နာမ်ခန္ဓာက ၄-မျိုးရှိတယ်၊ ၄-မျိုးကိုနာမ်အဖြစ်နဲ့ပေါင်းလိုက်ရင် နာမ်တရား ရုပ်တရား ၂-ခု ပါပဲ၊ ရုပ်နာမ်ခန္ဓာတွေ အဲဒီရုပ်နာမ်ခန္ဓာတရားတွေ ရှိနေလို့သေရတယ်၊ ရုပ်နာမ်ခန္ဓာတရားတွေဟာ သတ္တဝါတွေကို သတ်နေတာ၊ ၃၁-ဘုံမှာရှိသမျှသတ္တဝါတွေဟာ တစ်နေ့ကျတော့သေရတယ်၊ ဘယ်သူကြောင့် သေရတုန်း၊ သူတို့သန္တာန်မှာသေတတ်တဲ့ ရုပ်နာမ်တွေ ရှိနေလို့သေရတယ်၊ အကယ်၍သာ သေတတ်တဲ့ ရုပ်နာမ်တွေမရှိလို့ရှိရင် မသေဘူး၊ သေတတ်တဲ့ ရုပ်နာမ်တွေရှိလို့ တစ်နေ့ကျတော့သေရတယ်၊ ဒီတော့ သတ္တဝါတွေ သေရတာဟာ ဘယ်သူကသတ်သလဲဆိုရင် ရုပ်ခန္ဓာတွေကသတ်သည်၊ ရုပ်နာမ်ခန္ဓာတရားတွေဟာ သူသတ်ကြီးငါးယောက်။

အဲဒီသူသတ်ကြီး ငါးယောက်ကဲ့သို့ မိမိတို့သန္တာန်မှာရှိတဲ့ ရုပ်နာမ်ခန္ဓာတွေကို မြင်ရမှာ၊ မြင်ဖို့ကတော့ တယ်မလွယ်လှဘူး၊ ရုပ်နာမ်ခန္ဓာတွေပဲ အားကိုးနေရတာ၊ ခုနက မိတ်ဆွေယောင်ဆောင်ပြီးတော့ လာတဲ့ရန်သူကို အိမ်ထဲမှာသွင်းပြီးတော့ နေရာကောင်းတွေပေး၊ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြီးတော့ ခိုးမြောက် ထားတာနဲ့တူနေတယ်၊ ဒီခန္ဓာငါးပါးတရားတွေကို ကိုယ့်ကိုယ်ထဲကဟာကိုယ် မြောက်စားထားရတာ၊ သူကို ယုယုယယနဲ့ ပြုစုရတယ်၊ စောင့်ရှောက်ရတယ်၊ နေ့တိုင်းနေ့တိုင်း တစ်ခါတည်းအိပ်ရာက နိုးကတည်းက ညောင်းညာနေလို့ရှိရင် ဇက်ကလေးတွေ ကွေးတာကလေးတွေဆန့်လိုက်၊ ဆန့်တာလေးတွေကွေးလိုက်၊ ဟိုဘက်လှည့် ဒီဘက်စောင်း၊ ဒီလိုလုပ်ရတယ်၊ သက်သာခွင့်ရအောင်လို့ လုပ်ရတယ်၊ ပြုစုရတယ်၊ ရန်သူကြီးတွေကို မိတ်ဆွေအနေနဲ့ ပြုစုနေရတာ၊ မပြုစုရင်လဲသေမှာ၊ မြန်မြန်သတ်မယ်၊ ဒင်းတို့ရန်သူတွေ ငါမပြုစုပါဘူးဆိုပြီးနေရင် သူတို့သတ်လို့ မြန်မြန်သေလိမ့်မယ်၊ သတ်မယ့်သူက ကြောက်စရာတော့ကောင်းတယ်။

http://www.dhammadownload.com

အဲဒါ အိပ်ရာကထတော့ မျက်နှာလေးသစ်ရ၊ ရေတို့ခ်ိန်းရ၊ အစားကောင်း အသောက်ကောင်းလေးတွေ ကျွေးရတယ်၊ အစစအရာရာ နေသာထိုင်သာရှိအောင်လို့ အမြဲတမ်းပြုစုနေရတယ်၊ ဒီရုပ်နာမ်ခန္ဓာတွေကို ရန်သူကြီးတွေပဲ၊ ငါ မပြုစုပါဘူးဆိုပြီး ပစ်ထားရင်လဲ မြန်မြန်သေမှာပဲ၊ ပြုစုဦးမှဖြစ်မှာ မပြုစုပဲထားလဲပဲ နေရာတော့မကျဘူး၊ အဲဒီတော့ ရန်သူကြီးတွေပဲ၊ ဒီရန်သူကြီးတွေပြုစုပြီးတော့နေတာ တစ်နေ့ကျလို့ရှိရင် ဒီရန်သူကြီးတွေ ဖောက်ပြန်ပျက်စီးပြီးသကာလ သေကုန်ကြမယ်၊ သေတဲ့အခါ ကာလကျတော့ လူတွေပျက်စီးသွားပြီ၊ သေသွားပြီလို့ ပြောရတယ်။

အဲဒါ လူသတ်သမားကြီးငါးယောက်၊ အကျဉ်းအားဖြင့်တော့ ရုပ်သူသတ်သမားကတစ်ယောက်၊ နာမ်သူသတ်သမားကတစ်ယောက် ၂-ယောက်ဆိုရင်လဲပဲ ဖြစ်နိုင်ပါတယ်၊ ရုပ်နာမ် ၂-ပါး၊ အဲဒီ ရုပ်နာမ် ၂-ပါး ခန္ဓာငါးပါး တရားတည်းဟူသော သူသတ်သမားတွေက လွတ်မြောက်အောင်လို့ ပြေးရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားထားတယ်။

တြောတ်ရင် တရားအားထုတ်ထြ

တစ်နေ့ကပြောခဲ့တဲ့ မွေးကြီး ၄-ကောင်ကြောက်လို့လဲ ပြေးရမယ်၊ ခန္ဓာငါးပါးတည်းဟူသော သူသတ်သမားတွေကြောက်လို့လဲ ပြေးရမယ်၊ ပြေးတယ်ဆိုတာဘာတုန်း။ ဝိပဿနာတရားတွေ အားထုတ်နေတာပဲ၊ ဝိပဿနာတရား အားထုတ်လို့ရှိရင် ဒါပြေးတာပဲ၊ ရွှတိုင်းရွှတိုင်းဟာ ခြေတစ်လှမ်း တစ်လှမ်းပြေးနေတာနဲ့တူတယ်။

မရွှဘဲနဲ့နေတဲ့ ပုဂ္ဂိုလ်တွေမပြေးဘူး။ ဒါကတော့ သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပေါ့လေ၊ ဘာမှတရားအားမထုတ်ဖူးဘူး၊ မွေးကြီး ၄-ကောင်လဲ သူမကြောက်ဘူး၊ ရန်သူကြီးငါးဦး သူသတ်သမားတွေလဲ သူမကြောက်ဘူး၊ လာခဲ့ကြ၊ ငါကကိစ္စမရှိဘူး၊ ငါကြာလှပြီ၊ ဘဝတိုင်း ဘဝတိုင်းက ငါအသတ်ခံလာတာ၊ မွေးကြီး ၄-ကောင်ကိုက်လို့ သေခဲ့တာလဲ များလှပြီ၊ ခန္ဓာငါးပါး သူသတ်ယောကျ်ားကြီးတွေ သတ်လို့ သေခဲ့တာလဲများလှပြီ၊ ငါမင်းတို့ကို မကြောက်ဘူး၊ လာကြခဲ့ဆိုပြီးတော့ လက်ခံနေတာနဲ့တူတယ်။

http://www.dhammadownload.com

အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ အားထုတ်ရတယ်၊ ကြောက်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်ရတယ်၊ သံသာရဘီရုကပုဂ္ဂိုလ်တဲ့၊ သံသရာကို ကြောက်တဲ့ ပုဂ္ဂိုလ်၊ အဲ . . ဟိုပုဂ္ဂိုလ်တွေက သံသရာကို မကြောက်တဲ့ပုဂ္ဂိုလ်တွေ၊ သံသရာ မကြောက်တဲ့ ပုဂ္ဂိုလ်တွေဟာ နောက်ဆုံးကျတော့ ဘာဖြစ်တတ်သလဲဆိုတော့ တခို့ပုဂ္ဂိုလ်တွေက ကျမ်းဂန်တွေကဆိုထားတာပဲ၊ သံသာရခါဏုက-သံသရာ သစ်ငုတ်တို ဖြစ်တတ်တယ်၊ သံသရာထဲက မလွတ်မြောက်ဘဲနဲ့ နေတတ်တယ်လို့ ပြောတယ်၊ ဒါကပုဂ္ဂိုလ်တိုင်းတော့ မဟုတ်ပါဘူး၊ အစွဲအလမ်းကြီးတဲ့ ပုဂ္ဂိုလ်။

အဲဒီတော့ မြတ်စွာဘုရား ဆုံးမတဲ့အတိုင်း ဝိပဿနာရှုပြီး တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ မြွေကြီး ၄-ကောင်ကြောက်လို့ ပြေးနေတာမည်တယ်၊ ခန္ဓာငါးပါး သူသတ်တရားတွေဆိုတာ ဘယ်ဟာတွေတုန်းဆိုရင် တခြားမဟုတ်ဘူး၊ မိမိတို့သန္တာန်မှာ ရှိတယ်၊ မိမိတို့သန္တာန်မှာ ကိုယ်ကြီး တစ်ကိုယ်လုံးဟာ ရုပ်တရား၊ ရုပ်ခန္ဓာတွေပဲ၊ အလွယ်တကူပြောရမယ်ဆိုရင် ရုပ်ကိုယ်ကြီးတစ်ခုလုံး ခေါင်းနဲ့ လက်နဲ့ ကိုယ်နဲ့ခြေထောက်နဲ့ မျက်စိနဲ့လဲ မြင်ရတယ်၊ စမ်းသပ်ကြည့်မယ်ဆိုရင်လဲ တွေ့ရတယ်၊ ကိုယ့်ကိုယ်လဲ တွေ့ရတယ်၊ သူများကိုယ်လဲ တွေ့ရတယ်၊ အဲဒီ အကောင်အထည်ကြီးလိုက် တည်ရှိပြီးတော့နေတာဟာ ရုပ်တရားတွေပဲ၊ ရုပ်တွေ အများကြီး စုပေါင်းပြီးတော့ ဖြစ်နေတဲ့ရုပ်တရား။

ရုပ်တရား ထင်ရှားရာ ၆-ခု

ဒါပေမယ်လို့ ဒီရုပ်တရားတွေဟာ ဘယ်မှာထင်ရှားသလဲဆိုရင် ဒွါရ ၆-ပါးမှာ ထင်ရှားတယ်၊ မျက်စိက မြင်ရတဲ့အခါမှာ ထင်ရှားတယ်၊ နားက ကြားရတဲ့ အခါမှာ ထင်ရှားတယ်၊ နှာခေါင်းက နံရတဲ့အခါမှာ ထင်ရှားတယ်၊ လျှာက အရသာ တွေ့တဲ့အခါမှာ ထင်ရှားတယ်၊ ကိုယ်က တွေ့ထိတဲ့အခါမှာ ထင်ရှားတယ်။ စိတ်ကူး စဉ်းစားတဲ့အခါမှာ ထင်ရှားတယ်၊ ၆-ဌာနကနေပြီး ထင်ရှားတယ်။

အဲဒီ ၆-ဌာနမရှိလို့ရှိရင် မထင်ရှားဘူး၊ မျက်စိမရှိရင် ကိုယ်မြင်ရတဲ့အဆင်းတွေ မမြင်ရဘူး၊ မြင်ရတဲ့အဆင်းတွေ အကုန်လုံးမြင်ရတဲ့ရုပ်တွေ လုံးလုံးမထင်ရှားကော့ဘူး၊ ပြောလို့လဲမဖြစ်ဘူး၊ ပဋိသန္ဓေကတည်းကစပြီးတော့ မျက်စိမမြင်တဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်ကို အဆင်းအကြောင်းပြောလို့ ဘာမှနားမလည်ဘူး၊ အခုလူတွေပြောလိုက်လို့ရှိရင် မျက်စိနဲ့မြင်ရတာ အဆင်းရုပ်ခေါ်ဆိုရင် မြင်ဘူးတဲ့ပုဂ္ဂိုလ်တွေ မျက်စိရှိတဲ့ပုဂ္ဂိုလ်တွေဆိုတော့ လွယ်လွယ်နဲ့သိတာပေါ့၊ အခုမမြင်တောင်မှ ရှေးကမြင်တာနဲ့ နားလည်သေးတယ်ဆိုတာ သိသွားတယ်။

ပဋိသန္ဓေကတည်းကစပြီးတော့ မသိတဲ့ပုဂ္ဂိုလ်များ ဘာမှနားမလည်ဘူး။ အဋ္ဌကထာက ဥပမာတစ်ခု ပုံစံကလေးတစ်ခုပြောတာ ကြားဖူးတယ်၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ်က သူ့မိတ်ဆွေတွေမေးမယ်၊ ဟေး - မင်းတို့ ဘာတွေများစားသောက်လာကြသလဲ၊ နွားနို့သောက်လာတယ်၊ နွားနို့ဟာ ဘယ့်နှယ်နေတုန်းကွ၊ နွားနို့က ဖြူဖြူပါပဲ၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ် နွားနို့ကိုလဲ သူကမသိတော့ နွားနို့ဟာ ဘယ့်နှယ်နေတုန်းလို့မေးတော့ ဖြူဖြူပါပဲတဲ့ ပြောတယ်၊ မျက်စိမမြင်တဲ့လူက နားမလည်ဘူး၊ ဖြူဖြူဆိုတာ ဘယ့်နှယ်နေတုန်းကွ၊ ဖြူဖြူဆိုတာ ထုံးလိုပါပဲကွာ၊ ထုံးလဲ သူက မြင်ဖူးတာ မဟုတ်ဘူး၊ မျက်စိမမြင်တဲ့လူက ထုံးဟာ ဘယ့်နှယ်နေတုန်း၊ ထုံးဟာ ဗျိုင်းလိုပါပဲကွာ၊ ဖြူနေတာပါပဲ၊ ဗျိုင်းလိုပေါ့၊ ဗျိုင်းလဲ သူက မြင်ဖူးတာမဟုတ်တော့ ဗျိုင်းက ဘယ့်နှယ်နေတုံးကွ မေးတယ်၊ အဲဒီတော့ အနားနားမှာ ကောက်ဆွဲလေးရှိတယ်ဆိုတာကိုး၊ ကောက်ဆွဲလေးက အဖျားပိုင်းကလေးက ဗျိုင်းခေါင်းနဲ့ နည်းနည်းတူတယ်၊ ဗျိုင်းဆိုတာ ဟောဒီကောက်ဆွဲကလေးလိုပါပဲ၊ ဗျိုင်းခေါင်းဟာ ကောက်ကောက်ကလေးကွာလို့ဆိုတော့ မျက်စိမမြင်တဲ့လူက စဉ်းကြည့်တယ်၊ စဉ်းကြည့်တော့ သြော်-နွားနို့ဆိုတာ ဒီလိုကောက်ကောက်ကလေးကိုးလို့ အောက်မေ့တယ်တဲ့၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ် အဆင်းအကြောင်းသွားပြောလို့ ဥပမာပေးတော့ လွဲကုန်တာ မသိနိုင်ဘူး၊ မျက်စိမမြင်တဲ့ပုဂ္ဂိုလ် အဆင်းအကြောင်း မသိနိုင်ဘူး။

နားမကြားတဲ့ပုဂ္ဂိုလ်၊ ဒါကတော့ ပြောလို့မဖြစ်ဘူး၊ သူကတော့ ကြပ်တယ်၊ နားမကြားမှတော့ အသံအကြောင်း သူမသိနိုင်ဘူး။

နှာခေါင်းမရှိတဲ့ပုဂ္ဂိုလ်ဆိုရင်လဲပဲ အနံ့အကြောင်း သူမသိနိုင်ဘူး၊ နှာခေါင်းမရှိတဲ့ပုဂ္ဂိုလ်ကလဲ ရှားတယ်၊ ဒါပေမယ့် တစ်ဦးတလေတော့ရှိတယ်၊ ဘုန်းကြီးများ ခပ်ငယ်ငယ်တုန်းက ကိုယ်တော်တစ်ပါးတွေ့ဖူးတယ်၊ သူမှာ ဘာမှအနံ့မရဘူး၊

http://www.dhammadownload.com

မွေးတဲ့အနံ့လဲမရဘူး၊ ပုပ်တဲ့အနံ့လဲ မရဘူး၊ ဒါ ငယ်ငယ်ကတည်းကစပြီးတော့ အနံ့မရဘူး၊ ရေမွေးတွေ ခေါင်းအုံးပေါ်ဖြန်းထားလို့လဲ သူမှာမမွေးဘူး၊ ဘာမှ မဖြစ်ဘူးတဲ့၊ ပုပ်တဲ့အနံ့လဲမရဘူး၊ ဘာနံ့မှမရဘူး၊ ဘယ်လိုမှမရဘူး၊ အဲဒီပုဂ္ဂိုလ် အနံ့အကြောင်းပြောရင် မသိနိုင်ဘူး၊ အရသာအကြောင်းကတော့ လျှာမရှိတဲ့ ပုဂ္ဂိုလ်ကတော့ မရှိပါဘူး၊ လျှာမရှိရင် သေရုံရှိတော့တာပဲ၊ လျှာကတော့ ရှိရတယ်၊ ကိုယ်အတွေ့အထိကလဲပဲ မသိတဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိနိုင်ဘူး၊ ဒါကတော့ အတွေ့အထိမသိရင်လဲ သေရုံရှိတာပဲ။

အဲဒီတော့ ဒီရုပ်တရားတွေဟာ တစ်ကိုယ်လုံးရှိနေသော်လဲပဲ ထင်ရှားတဲ့ အခါကာလမှာ မျက်စိက မြင်ရာကနေပြီး ထင်ရှားတယ်၊ ကြားရာက, နံရာက, စားရာက, တွေ့ထိရာက, စိတ်ကူး စဉ်းစား ကြံစည်ရာက ထင်ရှားတယ်၊ ၆-ဌာနက ထင်ရှားတယ်။

နာမ်တရားတွေကတော့ သူက ဒွါရ ၆-ပါးမှာပဲဖြစ်တယ်၊ ရုပ်တရားတွေလို အမြဲတမ်းရှိမနေဘူး၊ ရုပ်တရားကတော့ သိချင်သိ၊ မသိချင်နေ၊ ကိုယ်ကြီးတစ်ကိုယ်လုံးက အမြဲတမ်းရှိနေတာပဲ၊ ပဋိသန္ဓေကတည်းကစပြီးတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ ခဏတိုင်း ခဏတိုင်းဖြစ်နေတယ်၊ စိတ်ကြောင်းဖြစ်တဲ့ရုပ်တွေလဲ စိတ်တိုင်း စိတ်တိုင်း ဖြစ်နေတယ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်တွေလဲ ခဏတိုင်း ခဏတိုင်း ဖြစ်နေတယ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေကလဲပဲ အာဟာရစားသည်ကစပြီးတော့ ခဏတိုင်း ခဏတိုင်း မပြတ်ဖြစ်နေတယ်၊ တစ်ကိုယ်လုံးမှာ ရုပ်တွေဟာ အသစ်အသစ်ဖြစ်နေတယ်၊ အဟောင်းတွေကပျက်သွား၊ အသစ်တွေကဖြစ်နေတယ်၊ တစ်ကိုယ်လုံးမှာ ရုပ်တွေ အမြဲတမ်းရှိနေတယ်။

နာမ်တရားတွေကတော့ တစ်ကိုယ်လုံး နေရာတကာမှာရှိနေတာမဟုတ်ဘူး၊ နာမ်တရားဆိုတာကတော့ ဒွါရ ၆-ပါးက ပေါ်ခိုက် ပေါ်ခိုက်ရှိတယ်၊ အမြဲတမ်းအားဖြင့် ဘဝင်ဆိုတာက အဋ္ဌကထာဆရာတွေပြတဲ့အထဲမှာ ဟဒယဝတ္ထုမှာ ဟဒယဝတ္ထုရုပ်ကလေးမှီပြီးတော့နေတယ်၊ နှလုံးရုပ်ထဲက နှလုံးသွေးထဲမှာ တည်နေတယ်၊ စိတ်၏တည်ရာမှီရာဖြစ်တဲ့ ရုပ်ကလေးတစ်ခုရှိတယ်၊ အဲဒီရုပ်ကလေးကို

http://www.dhammadownload.com

မှီပြီးတော့ ဘဝင်ဆိုတဲ့စိတ်တွေ ဖြစ်နေတယ်၊ ဒီဘဝင်စိတ်တွေက ဘာကို အာရုံပြုနေတုန်းဆိုတော့ ခုနကပြောခဲ့တဲ့အတိုင်း ပဋိသန္ဓေကရခဲ့တဲ့ အာရုံကလေး အိပ်မောကျနေတဲ့အခါမှာ ဖြစ်နေတဲ့စိတ်မျိုးတွေ၊ အဲဒီဘဝင်စိတ်က -

မြင်စိတ်စသည်ဖြစ်

ရှေးကံအားလျော်စွာ ဒီဘဝင်စိတ်တွေ ဆက်ခါဆက်ခါ ဖြစ်သေးမှ ကာလပတ်လုံး အသက်ရှင်နေတာပဲ၊ ရှေးကံက အားကြီးကြီးက, အားကောင်းကောင်းကနေပြီး အကျိုးပေးလိုက်ရင် ဘဝင်စိတ်တွေ အများကြီး၊ အစဉ်အတန်းကြီး ကြာရှည်လေးမြင့်စွာဖြစ်တယ်၊ အဲဒါ အသက်ရှင်နေတာပဲ၊ အဲဒီဘဝင်စိတ်ထဲကမှ ထပြီးတော့ မြင်စရာအဆင်းပေါ်လာတဲ့အခါ မြင်တယ်၊ မျက်စိထဲမှာ အဆင်းထင် လာတဲ့အခါ ဘာလဲလို့ စဉ်းစားလိုက်တော့ မြင်သွားရော၊ မြင်တဲ့စိတ် အစဉ်အတန်းကြီးဖြစ်သွားတယ်ပေါ့လေ။

အခုတော့ ခပ်ရှင်းရှင်းပဲပြောရမယ်၊ ရှေ့တုန်းကတော့ အကျယ်လဲပြောဖူးပါတယ်၊ ဝီထိတွေချပြီးတော့ မြင်တဲ့အခါ မြင်စိတ်ဖြစ်တယ်၊ နားထဲမှာ အသံကျ လာတဲ့အခါကျတော့ ဒီမှာ အသံကြားတဲ့စိတ်ဖြစ်တယ်၊ နှာခေါင်းထဲမှာ အနံ့ ရောက်လာတဲ့အခါ အနံ့မွှေးတဲ့စိတ်ဖြစ်တယ်၊ လျှာမှာ အရသာလျှာပေါ်ရောက်လာတဲ့အခါမှာ အရသာသိတဲ့စိတ်ဖြစ်တယ်၊ ကိုယ်ကလဲ တွေ့ထိတဲ့အခါဆိုတော့ အတွေ့အထိတွေက များတယ်၊ တစ်ကိုယ်လုံး အသွေးအသားတွေ စိုကောင်းနေတဲ့ နေရာတွေဟူသမျှဟာ အကုန်လုံး အတွေ့အထိက ထိနိုင်တာပဲ၊ အတွင်းကရော အပြင်ကရော အပ်ဖျားကလေးနဲ့ အင်မတန်ထက်တဲ့အပ်ဖျားကလေးနဲ့ထောက်ပြီးတော့ ဘယ်နေရာထောက်ထောက် အဲဒီထောက်တဲ့နေရာလေးဟာ အတွေ့အထိလေး တွေ့ထိတာပဲ၊ အတွင်းကဖြစ်ဖြစ်၊ အပြင်ကဖြစ်ဖြစ်၊ ခေါင်းကပဲဖြစ်ဖြစ်၊ လက်ကပဲဖြစ်ဖြစ်၊ ခြေထောက်ကပဲဖြစ်ဖြစ်၊ ရင်ဘတ်ကပဲဖြစ်ဖြစ်၊ ကျောကပဲဖြစ်ဖြစ်၊ ဘယ်နေရာကပဲဖြစ်ဖြစ် အပ်ဖျားကလေးနဲ့ တို့လိုက်လို့ရှိရင် တို့လိုက်တဲ့နေရာမှာ ဒီအတွေ့အထိကတော့ သိနိုင်တာပဲ၊ အဲဒီတော့ အတွေ့အထိတွေကတော့ ပေါတယ်၊ အဝတ်နဲ့တွေ့ထိနေတာတွေရှိတယ်၊ ကိုယ့်လက် လက်ချင်း တွေ့ထိနေ တာရှိတယ်၊ ဘေးက အပူ, အနွေး, အအေးတွေနဲ့

http://www.dhammadownload.com

တွေ့ထိနေတာရှိတယ်။ လေတွေနဲ့ တွေ့ထိနေတာရှိတယ်၊ ပြည့်လို့ပါ၊ အတွေ့အထိ တွေကတော့ အများကြီးပါပဲ။

အတွင်းကလဲပဲ ဝိုက်ထဲကနေပြီး တွေ့ထိနေတာတွေ အများကြီးရှိတယ်၊ မျက်စိမှိတ်လိုက်၊ ဖွင့်လိုက်ဆိုရင် အဲဒီမှာ အတွေ့အထိတွေရှိတယ်၊ ပါးစပ်ထဲကလဲ လျှာကလေးနဲ့ ဟိုထိ ဒီထိ တွေ့ထိနေတာတွေရှိတယ်။ လည်ချောင်းထဲလျှောက်ပြီးတော့ တံတွေး စသည်တွေနဲ့ တွေ့ထိနေတာတွေရှိတယ်၊ အူထဲ အသည်းထဲကနေပြီး တွေ့ထိနေတာတွေလဲရှိတယ်၊ ပြည့်လို့ပါပဲ၊ အတွေ့အထိတွေကတော့ အဲဒီ အတွေ့အထိပေါ်တဲ့အခါကျရင် တွေ့ထိတဲ့သဘောလေးတွေရှိတယ်။

စိတ်ကူးစဉ်းစားတာတွေကလဲ မပြတ်လိုပဲ၊ မြင်ပြီးရင် စိတ်ကူးနေတာ၊ ကြားပြီးရင်လဲ စိတ်ကူးတယ်၊ နံပြီးရင်လဲ စိတ်ကူးတယ်၊ တွေ့ထိပြီးရင်လဲ စိတ်ကူးတယ်၊ စိတ်ကူးကတော့ နောက်က အမြဲတမ်းလိုက်နေတယ်၊ မြင်ပြီးတာနဲ့ မြင်တာကိုစဉ်းစားတယ်၊ ကြားပြီးတာနဲ့ ကြားတာကိုစဉ်းစားတယ်၊ ခဲခဲယဉ်းယဉ်းမဟုတ်ဘူး၊ မြင်ပြီးတာနဲ့ စဉ်းစားပြီးသားဖြစ်သွားပြီ၊ အင်မတန်မြန်တဲ့ဥစ္စာတွေ၊ စိတ်တွေက အင်မတန်ကို မြန်တာတွေ။

အဲဒီ ဒွါရ ၆-ပါးက နာမ်တရားတွေလဲ ဒွါရ ၆-ပါးမှာ ဖြစ်ခိုက်ဖြစ်ခိုက်မှာ သူကလဲ ထင်ရှားတယ်၊ အဲဒီ ထင်ရှားတဲ့တရားတွေဟာ ခန္ဓာငါးပါးတွေပဲ၊ ဒီခန္ဓာငါးပါးတွေဟာ တခြားမှာရှိတာမဟုတ်ဘူး၊ ဒွါရ ၆-ပါးက ထင်ရှားပေါ်နေတဲ့ တရားတွေတဲ့။

အဲဒီ ထင်ရှားပေါ်လာတဲ့တရားတွေကို ဝိပဿနာမရှုမှတ်လို့ရှိရင် တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းပြီးတော့ သွားနိုင်တယ်၊ ဥပါဒါနက္ခန္ဓာ-ဥပါဒါန်၏ အာရုံတွေ ဖြစ်သွားနိုင်တယ်၊ တဏှာနဲ့သာယာပြီးတော့ စွဲလမ်းနိုင်တယ်၊ ဒိဋ္ဌိနဲ့ အထင်မှားပြီးတော့ စွဲလမ်းနိုင်တယ်။

မြင်ရာမှာ ခန္ဓာငါးပါး

မျက်စိက မြင်တယ်ဆိုလို့ရှိရင် မျက်စိမှ ရုပ်၊ မြင်ရတဲ့အဆင်းက ရုပ်၊ မြင်သိတာက နာမ်၊ မြင်သိတာကလေးထဲက မြင်သိတာကလေး သိရုံကလေးက

http://www.dhammadownload.com

ဝိညာဉ်ခေါ်တယ်၊ ဝိညာဏကွန္ဓာ၊ မြင်လို့ကောင်းတာ မကောင်းတာရှိတယ်၊ ဝေဒနကွန္ဓာ၊ မြင်ရတာလေးကို မှတ်မိလိုက်တဲ့သဘောလေး၊ လက်ခံ စာရင်းမှတ်ပြီး တော့ထားသလိုပဲ၊ ဘာလေးပဲလို့ မှတ်သားထားတာက သညာလေး၊ အဲဒါ သညာကွန္ဓာခေါ်တယ်၊ မြင်မှုဖြစ်အောင်လို့ စူးစိုက်မှု၊ နှလုံးသွင်းမှု၊ အဲဒါက သခ်ါရကွန္ဓာခေါ်တယ်၊ မြင်မှုဖြစ်အောင် ဖန်တီးပေးတယ်၊ မြင်စရာအဆင်းက ရှိနေပေမယ်လို့ နှလုံးသွင်းမှု စူးစိုက်မှုမရှိရင် မမြင်ဘူး။

အထူးအားဖြင့် ဘယ်လိုဟာသိသလဲဆိုတော့ ကြားတာမှာသာ သိတယ်၊ ကိုယ်က တစ်ခုခုအရေးကြီးတာကလေးကို တစ်ခါတည်း စိတ်ကလေးနဲ့စိုက်ပြီး ကြဲနေတုန်း အနှာ နှားကနေ စကားပြောရင် မကြားဘူး၊ ဘေးပတ်ဝန်းကျင်က စကားတွေပြောနေကြပေမယ့် အဲဒါမကြားဘူး၊ ဘာပြောနေမှန်းမသိဘူး၊ မကြားဘူး၊ ကိုယ်က အရေးတကြီး ဒီမှာ စာရင်းအင်းတွေ တွက်နေတယ်ဆိုပါတော့၊ ငွေရေးကြေးရေး စာရင်းအင်းတွေ အင်မတန်အရေးကြီးနေလို့ ဒီမှာ အရေးတကြီး တွက်ပြီးနေရင် အဲဒီလိုလုပ်နေတဲ့အခါမှာ အနီးအပါး စကားပြောနေတာ၊ အသံတွေတော့ ရှိတာပေါ့၊ မော်တော်ကားတွေသွားနေတဲ့အသံတွေရှိတယ်၊ ဘယ်ကြားမှာတုန်း၊ အဲဒါတွေ မကြားဘူး၊ အဲဒါ နှလုံးသွင်းမှုရှိမှ ကြားမှုက ဖြစ်တယ်၊ နှလုံးသွင်းမှုရှိမှ မြင်မှုဖြစ်တယ်၊ အဲဒါကြောင့် နှလုံးသွင်းမှု, စူးစိုက်မှု အဲဒါတွေက သခ်ါရ-ပြုပြင်ပေးမှုတွေတဲ့၊ မြင်မှုဖြစ်အောင် ပြုပြင်ပေးတယ်၊ ကြားမှုဖြစ်အောင် ပြုပြင်ပေးတယ်၊ ဒီလိုပြုပြင်ပေးလို့ သခ်ါရတွေခေါ်တယ်။

ဒီတော့ မြင်တယ်ဆိုတာလေးတစ်ခုမှာကို ခန္ဓာငါးပါးလုံး ပါဝင်တယ်၊ မျက်စိနဲ့အဆင်းက ရုပ်၊ ရူပကွန္ဓာ၊ မြင်သိတာက နာမ်၊ နာမကွန္ဓာ ၄-ပါး၊ မြင်သိရုံမှာက ဝိညာဏကွန္ဓာ၊ မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာကွန္ဓာ၊ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာကွန္ဓာ၊ မြင်မှုဖြစ်အောင် နှလုံးသွင်းစူးစိုက်တာက သခ်ါရကွန္ဓာ၊ နာမကွန္ဓာ ၄-ပါး၊ ရုပ်ခန္ဓာတစ်ပါးနဲ့ပေါင်းရင် ငါးပါးဖြစ်တယ်။

http://www.dhammadownload.com

ဝိပဿနာမဂ္ဂင် ဥပါဒါန်ဖြစ်

အဲဒီခန္ဓာငါးပါးတရားတွေဟာ ဝိပဿနာမဂ္ဂလို့ရှိရင် ဒီမြင်မှုနဲ့စပ်ပြီးတော့ သာယာမှုဖြစ်တယ်၊ မြင်ရတဲ့အဆင်းကလေးကို သဘောကျသွားတယ်၊ သာယာသွားတယ်၊ တဏှာ ဥပါဒါန်နဲ့ စွဲလမ်းသွားတာကိုး၊ မျက်စိကြည်လင်တာ ကောင်းတာလေး၊ ဒီမျက်စိကလေးကောင်းလို့ မြင်ရတယ်ဆိုရင် မျက်စိကလေးကို သာယာစွဲလမ်းသွားတဲ့ တဏှာဥပါဒါန်ဖြစ်တယ်၊ မြင်သိတာကလေးကို သဘောကျသွားတယ်၊ တဏှာဥပါဒါန်ဖြစ်တယ်၊ မြင်လို့ကောင်းတာကလေးကို သဘောကျတယ်၊ တဏှာဥပါဒါန်ဖြစ်တယ်၊ မြင်ရတာလေး မှတ်သားမိတာလေး တခို့ ပြောတတ်တယ်၊ ဩော် - တစ်ခါလောက်မြင်ပြီးရင် တို့ကမှတ်မိတာ၊ မှတ်သားမိတာကလေးကို သဘောကျတယ်၊ အဲဒါက သညာကလေးကို သာယာနှစ်သက်သွားတာ၊ စွဲလမ်းသွားတယ်၊ မြင်မှုဖြစ်အောင် အားထုတ်ပေးတဲ့သဘော နှလုံးသွင်းမှုကလေး၊ ဒါလေးလဲ သာယာသွားတယ်၊ ဒါကတော့ အထူးအားဖြင့်တော့ ကွေးမှု၊ ဆန့်မှု၊ ထိုင်မှု၊ ထမှု၊ အဲဒီလို တမင်တကာ တကူးတကန့်လုပ်တဲ့နေရာမှာ သာပြီးတော့ပေါ်တယ်၊ ဒီမြင်ရာကြားရာတွေမှာ ဒါလောက်မပေါ်ဘူး၊ သခါရကွန္ဓာရဲ့ လုပ်ငန်းစဉ်က တကယ်ကိုယ်အမှုအရာတွေပြုတဲ့အခါ နှုတ်အမှုအရာဖြင့်ပြောတဲ့အခါ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါ အဲဒီလိုအခါတွေမှာ သခါရကွန္ဓာသဘောလေးကပိုပြီးတော့ ပေါ်တယ်၊ မြင်ရုံကြားရုံကလေးတွေက ဒါလောက်မပေါ်ဘူး၊ အဲဒီတော့ မပေါ်သည်ဖြစ်စေ၊ ပေါ်သည်ဖြစ်စေ၊ သခါရကွန္ဓာကတော့ ရှိတာပဲ။

အဲဒီ ခန္ဓာငါးပါးလုံးမြင်တဲ့အခိုက်မှာရှိတယ်၊ ကြားတဲ့အခါတွေ နံတဲ့အခါတွေလဲ အတူတူပဲ၊ အဲဒါလေးတွေကို ဝိပဿနာမဂ္ဂမှတ်လို့ရှိရင်ဖြင့် ဒါလေးသာယာနေတာ၊ အခု ဝိပဿနာဓ္ဓတာ တခြားမဟုတ်ဘူး၊ သာယာပြီးတော့ စွဲလမ်းတဲ့ တဏှာဥပါဒါန်မဖြစ်အောင်လို့ မြင်တိုင်း မြင်တိုင်း ရှုနေရတာ၊ ဒီဌဉ်ပါဒါန်ကလဲ ဒီအတိုင်းပဲ။

ဝိပဿနာမဂ္ဂလို့ အမှန်အတိုင်းမသိရင် မြင်တဲ့အဆင်း၊ ကိုယ့်လက်ကို မြင်တယ်ဆိုပါတော့၊ ငါပဲဆိုပြီးတော့ ငါ့လက်ကိုငါမြင်တယ်ဆိုပြီး မြင်တာနဲ့ မြင်

http://www.dhammadownload.com

ရတာနဲ့ အတူတူပဲ၊ တစ်ယောက်တည်းပဲ၊ ဘာပြုလို့ စွဲလမ်းသွားတာလဲ၊ မြင်ရတာက မျက်စိလဲပဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်သိတာကိုလဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်လို့ကောင်းတာကိုလဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်ရတဲ့အာရုံကို မှတ်သားတဲ့အခါ မှတ်မိတာလေးလဲ ငါပဲဆိုပြီး စွဲလမ်းတယ်၊ မြင်မှုဖြစ်အောင် နှလုံးသွင်းတာ စူးစိုက်တာလဲ ငါပဲလို့ဆိုပြီး စွဲလမ်းတယ်၊ အဲဒါ ဒိဋ္ဌိနဲ့စွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်ဖြစ်လို့ပဲ။

မြင်တိုင်းဝိပဿနာရှု

အဲဒီ တဏှာ၊ ဒိဋ္ဌိ ဥပါဒါန်တွေ မဖြစ်ရအောင်လို့ မြင်တိုင်း မြင်တိုင်း ရှုနေရတယ်၊ မြင်တိုင်းမြင်တိုင်းရှုလို့ မြင်တဲ့အခါကာလမှာ ထင်ရှားတဲ့ရုပ်တရားက တစ်မျိုး၊ နာမ်တရားကတစ်မျိုး။ ဒါလေး ၂-ခုပဲရှိတယ်လို့ သိလာလို့ရှိရင် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အစွဲအလမ်းတွေပျောက်တယ်၊ အဲဒီ မြင်တိုင်း မြင်တိုင်း ဖြစ်ပြီးပျက်သွားလို့ မမြဲတဲ့တရားတွေချည်းပဲလို့ သိလာလို့ရှိရင်ဖြင့် တဏှာနဲ့ သာယာမှုတွေလဲပဲ မဖြစ်တော့ဘူး၊ မမြဲတာတွေ ဆင်းရဲပဲ၊ ဆင်းရဲတာတွေ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ တရားတွေပဲလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေသိပြီးတော့ သာယာမှုတွေလဲ ကင်းနိုင်တယ်၊ အဲဒီ တဏှာ, ဒိဋ္ဌိ အစွဲအလမ်းတွေကင်းအောင်လို့ မြင်တိုင်း မြင်တိုင်းတွေ ရှုရတယ်တဲ့၊ ကြားတိုင်းရှုရတယ်၊ နံတိုင်းရှုရတယ်၊ စားတိုင်းရှုရတယ်၊ တွေ့ထိတိုင်းရှုရတယ်၊ ဒါတွေ အကုန်လုံးအတူတူပဲ၊ ဒီတော့ကို ခန္ဓာငါးပါးကလေးကို ဆိုကြဦးစို့ရဲ့။

ဒွါရ ၆-ပါးမှာရှိတဲ့ ရုပ်နာမ်ခန္ဓာရှု

တချို့က ခန္ဓာငါးပါးဆိုတာ စာထဲကပြောတဲ့အတိုင်းသာ ခန္ဓာငါးပါး ဒီလို အောက်မေ့နေတာကိုး၊ မဟုတ်ဘူး၊ ဝိပဿနာမှာ အရေးကြီးတာက ကိုယ်မြင်နေတာ၊ ကြားနေတာ၊ အရေးကြီးတာ၊ စာအုပ်ထဲကဟာတွေက ကိစ္စမရှိဘူး၊ စာအုပ်က သူဟာသူနေတာ၊ အခုကာလ စာအုပ်နဲ့ရေးထားလို့သာပဲ၊ ရှေးတုန်းကဆို စာအုပ်တောင် ဘာမှရှိတာမဟုတ်ဘူး၊ ပါးစပ်ထဲမှာ ရှိနေတာ၊ ပါးစပ်ထဲမှာလဲ ရွတ်တဲ့အခါမှရှိတာ၊ မရွတ်တဲ့အခါဆိုရင် စိတ်ကူးထဲမှာရှိတယ်၊ ဒီတော့ ခန္ဓာငါးပါးတရားတွေဆိုတာ အမှန်ရှိတာက မိမိတို့မြင်ခိုက်၊ ကြားခိုက်၊ ဒွါရ ၆-ပါးမှာ ရှိနေတာ၊ ဒီတရားတွေကို သိဖို့ရာလွယ်တယ်။

http://www.dhammadownload.com

ဒီတရားတွေ မသိလို့ရှိရင် တဏှာတို့၊ ဒိဋ္ဌိတို့၊ ကိလေသာတွေ ဒီကနေ ဖြစ်တာ၊ ကိလေသာမဖြစ်အောင်လို့ဟာ ဝိပဿနာနဲ့ ဒီကရှုရတယ်၊ တချို့က စာအုပ်ထဲကဟာလောက်သိနေတာ၊ ရုပ်ဆိုလို့ရှိရင် မဟာဘုတ် ၄-ပါးနဲ့ ဥပါဒါန်ရုပ် ၂၄-ခုက ရုပ်တရား၊ ရူပက္ခန္ဓာ။ စာအုပ်ထဲကခန္ဓာတွေ သိနေတာ။ စာအုပ်မရှိခင်ကဆိုရင် ခက်ရမှာ။ စာအုပ်မရှိခင်ကဆိုရင် ခန္ဓာငါးပါးတွေ ဘယ်မှာသွား ထားရမှန်းမသိဘူး။ ခုတော့ စာအုပ်တွေရှိလို့ တော်တော်ရှိသေးတယ်။ အမှန်က တော့ အဲဒါတွေဟာ ပညတ်တွေပါပဲ။ ပရမတ်မဟုတ်ပါဘူး။ မဟာဘုတ်လေးပါး ဆိုတဲ့ အမည်ပညတ်၊ ဥပါဒါန်ရုပ် ၂၄-ပါးဆိုတဲ့ အမည်သန်္ဓာတွေ။ အဲဒါတွေကို ပရမတ်တွေ မှတ်နေကြတာကိုး။

အဲဒါ ရူပက္ခန္ဓာ၊ ဝေဒနာစေတသိက်က ဝေဒနက္ခန္ဓာ။ သညာစေတသိက်က သညာက္ခန္ဓာ။ ဖဿအစရှိသော စေတသိက်က သခါရက္ခန္ဓာ။ စိတ်က ဝိညာဏက္ခန္ဓာ၊ စာထဲကကျမ်းဂန်ထဲကဆိုတာ ဒါတွေက နာမည်တွေပဲ။

မြင်ဆဲရုပ်နာမ်ရှု

အမှန်စင်စစ်ကတော့ ဖြစ်ဆဲကြားဆဲမှာ ထင်ရှားဖြစ်နေတဲ့တရားတွေ၊ ဒီ ခန္ဓာငါးပါးတွေဟာ တခြားမှာရှိတာမဟုတ်ဘူး။ မြင်ဆဲ၊ ကြားဆဲမှာပဲ။ မြင်တိုင်း ကြားတိုင်းတွေ ဖြစ်နေတယ်။ အဲဒါတွေ နားလည်ထားဖို့ရာ လိုပါတယ်။ ဆိုရမယ်။

မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက **ရူပတွေ့ခြင်း**၊
မြင်သိတာက **ဝိညာဏတွေ့ခြင်း**၊
မြင်လို့ကောင်းတာ မကောင်းတာက **ဝေဒနာတွေ့ခြင်း**၊
မြင်ရတဲ့အဆင်းကိုမှတ်သားတာက **သညာတွေ့ခြင်း**၊
မြင်မှုဖြစ်အောင် နှလုံးသွင်းစူးစိုက်တာက **သင်္ခါရတွေ့ခြင်း**၊

ဒီခန္ဓာငါးပါးအစုံပဲ။ မြင်ဆဲခဏမှာဖြစ်တဲ့ ခန္ဓာငါးပါးတဲ့။ အဲဒီခန္ဓာငါးပါး တွေ အမှန်အတိုင်းမသိလို့ရှိရင် တဏှာနဲ့သာယာပြီးတော့ စွဲလမ်းတယ်။ ဥပါဒါ နက္ခန္ဓာလို့ခေါ်တယ်။ တဏှာနဲ့မသာယာရင်ကော မသာယာလဲ ဥပါဒါနက္ခန္ဓာပါပဲ။

http://www.dhammadownload.com

စွဲလမ်းနိုင်တဲ့တရားတွေ၊ ဘုရားရဟန္တာပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ မြင်တိုင်းမြင်တိုင်း မြင်မှန်စေပဲတဲ့ ခန္ဓာငါးပါးတွေဖြစ်တယ်။ သူတို့တော့ သာယာစွဲလမ်းမှုမရှိပါဘူး။ မရှိပေမယ့် ဥပါဒါနက္ခန္ဓာပဲခေါ်ရတယ်။ ဥပါဒါန်ရဲ့အာရုံဖြစ်နိုင်တဲ့တရားတွေ။ သူတို့ကသာ ဥပါဒါန်နဲ့ အာရုံမပြုတာကိုး။ ဒီပြင်ပုဂ္ဂိုလ်တွေက ဥပါဒါန်နဲ့ အာရုံပြုတယ်။

ဘုရားရဟန္တာတွေမြင်ထားတဲ့အဆင်းကို ဒီပြင်ပုဂ္ဂိုလ်တွေက ကြည့်ပြီး နှစ်သက်သာယာပြီး တဏှာနဲ့စွဲလမ်းနိုင်တာပဲ။ ဘုရားရဟန္တာတွေက မြင်ထားတဲ့ပုဂ္ဂိုလ်တွေရဲ့သန္တာန်က အဆင်းရုပ်ကို ငါပဲဆိုပြီး အဲဒီပုဂ္ဂိုလ်စွဲလမ်းနေတာပဲ။ ဒီတော့ ကိလေသာမကင်းသေးတဲ့ပုဂ္ဂိုလ်တွေက တဏှာဥပါဒါန်နဲ့ စွဲလမ်းနိုင်တဲ့ လောကီခန္ဓာတွေဟူသမျှဟာ ဘယ်သူ့သန္တာန်မှာရှိရှိ ဥပါဒါနက္ခန္ဓာလို့ပဲ ခေါ်ရတယ်။

ဥပါဒါနက္ခန္ဓာရှုပါ

အဲဒါ ဥပါဒါနက္ခန္ဓာ မြင်ဆဲခဏမှာ ဥပါဒါနက္ခန္ဓာငါးပါး။ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးတွေ အမှန်အတိုင်းသိအောင်လို့ ရှုရတာ။ ဝိပဿနာရှုတယ်ဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးလို့ ရှုရတယ်လို့ သိလဝန္ဆသုတ်တို့၊ သုတဝန္ဆသုတ်တွေမှာ အရှင်မဟာကောဋ္ဌိက ကမေးလို့ အရှင်သာရိပုတ္တရာက ဖြေထားတယ်။

သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ သုတနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တရားတွေရှုရသလဲ။ နှလုံးသွင်းရပါသလဲလို့ဆိုပြီးတော့မေးတော့ ဥပါဒါနက္ခန္ဓာငါးပါးတရားရှုရတယ်လို့ ဖြေထားပါတယ်။ ဥပါဒါနက္ခန္ဓာငါးပါးရှုရင် ဘာအကျိုးရှိသလဲဆိုရင် ရှုနေရင်းနဲ့ သောတာပတ္တိဖိုလ်ကို ရောက်နိုင်ပါတယ်။ သောတာပန် ဖြစ်နိုင်ပါတယ်။

သောတာပန်ဖြစ်လို့ရှိရင်လဲပဲ ဘယ်တရားတွေရှုရသလဲ။ ဥပါဒါနက္ခန္ဓာငါးပါးရှုရတာပါပဲ။ ရှုရင် ဘယ်အကျိုးရှိသလဲဆိုရင် ဥပါဒါနက္ခန္ဓာငါးပါးရှုရင် သောတာပန်ပုဂ္ဂိုလ်က သကဒါဂါမိဖိုလ်ရောက်ပြီး သကဒါဂါမ်အဖြစ်ကို ရောက်သွားနိုင်ပါတယ်။

http://www.dhammadownload.com

သကဒါဂါမိမဂ္ဂင်္ဂလိက ဘယ်တရားရှုရသလဲ၊ ဥပါဒါနက္ခန္ဓာငါးပါး ရှုရတာပဲ။ ဘယ်အကျိုးရှိသလဲ။ ဒီလိုရှုရင်းနဲ့ သကဒါဂါမိမဂ္ဂင်္ဂလိက အနာဂါမိဖိုလ်ရောက်ပြီး အနာဂါမ်အဖြစ် ရောက်သွားနိုင်တယ်။

အနာဂါမိမဂ္ဂင်္ဂလိရှုတော့ အနာဂါမိမဂ္ဂင်္ဂလိကတော့ ဘယ်တရားရှုရသလဲလို့ မေးတော့ အနာဂါမိမဂ္ဂင်္ဂလိကလဲ ဥပါဒါနက္ခန္ဓာငါးပါး ရှုရတာပဲ။ ဘယ်အကျိုးရှိသလဲ ဆိုရင် အဲဒီလိုရှုနေရင်းနဲ့ အရဟတ္တဖိုလ်ရောက်ပြီးတော့ ရဟန္တာဖြစ်သွားနိုင်ပါတယ်တဲ့။

ရဟန္တာဖြစ်သွားလို့ရှိရင်တော့ ဘာတရားရှုရသေးသလဲဆိုရင် ရှုချင်လို့ရှုရင် ရဟန္တာပုဂ္ဂိုလ်ကလဲ ဥပါဒါနက္ခန္ဓာငါးပါးပဲ ရှုရတာပဲ။ ဘာအကျိုးရှိသလဲဆိုတော့ ရဟန္တာပုဂ္ဂိုလ်က ပစ္စေကဗုဒ္ဓါဖြစ်တယ်။ ဘုရားဖြစ်တယ်။ ဒီလိုတော့ အဆင့်အတန်းတော့ မတက်တော့ဘူး။ ဘာအကျိုးရှိသလဲဆိုတော့ သတိသမ္ပဇဉ် အမြဲယှဉ်ခြင်း အကျိုးရှိတယ်။ ဒီဌဓမ္မသုခဝိဟာရ-မျက်မှောက်မှာ ချမ်းသာစွာနေရခြင်းအကျိုးရှိတယ်တဲ့။

ရဟန္တာပုဂ္ဂိုလ်လဲ တရားနှလုံးမသွင်းဘဲနဲ့ မရှုမှတ်ဘဲနေလို့ရှိရင် သတိသမ္ပဇဉ်တွေ အလေ့အကျင့်တွေ မရဘူးပေါ့လေ။ အမြဲတမ်းရှုမှတ်နေတော့ သတိသမ္ပဇဉ်တွေ အမြဲတမ်းဖြစ်နေတယ်။ မျက်မှောက်အတ္တဘောမှာလဲ ချမ်းသာတယ်တဲ့။ ဝိပဿနာရှုနေရတော့ မြင်တိုင်း, ကြားတိုင်းတွေ ဖြစ်လိုက်, ပျက်လိုက် ဒါလေးတွေရှုပြီးတော့နေတော့ ချမ်းသာတယ်။ ဒီအတိုင်း အလွတ်နေလို့ရှိရင်တော့ ဝိပဿနာချမ်းသာနဲ့ မပြည့်စုံဘူးပေါ့လေ။ ဒီပြင်အနေနဲ့တော့ သူဆင်းရဲနေတယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဝိပဿနာချမ်းသာနဲ့ မပြည့်စုံဘူး။ ဒါကြောင့် သတိသမ္ပဇဉ်နဲ့ပြည့်စုံခြင်း၊ မျက်မှောက်အတ္တဘောဌ် ချမ်းချမ်းသာသာ နေရခြင်းအကျိုးတွေကို ရဟန္တာပုဂ္ဂိုလ်မှာလဲ ဝိပဿနာရှုရင် ရပါတယ်တဲ့။

အဲဒီမှာ ဥပါဒါနက္ခန္ဓာငါးပါး ရှုတယ်လို့ ပြောထားပါတယ်။ သောတာပန်ဖြစ်အောင်လဲ ဒီဟာရှုရတာပဲ။ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်အောင်လဲ ဒါတွေရှုရတာပဲ။ ရဟန္တာဖြစ်ပြီးတော့လဲ ဒီတရားတွေ ရှုရတာပဲ။ ဝိပဿနာရှုတယ်ဆိုရင် ဥပါဒါနက္ခန္ဓာငါးပါးလို့ခေါ်တဲ့ လောကီခန္ဓာငါးပါးတရားတွေ ရှုရပါတယ်။

http://www.dhammadownload.com

ပေါ်လာတဲ့အခါ လောကီခန္ဓာရှု

လောကီခန္ဓာငါးပါးတရားတွေ ဘယ်လိုရှုရသလဲဆိုရင် ဖြစ်ပေါ်လာတဲ့အခါ ရှုရတယ်။ မဖြစ်ပေါ်တဲ့တရားတွေကို စာအုပ်ထဲကပါတဲ့အတိုင်း မှန်းတန်းပြီးတော့ ရှုလို့ဒီလိုမဖြစ်ဘူး။ တချို့က စာအုပ်ထဲပါတဲ့ဥစ္စာတွေကိုမှ အမှန်မှတ်နေတယ်။ ရုပ္ပနလက္ခဏာလေးပဲ။ ဖောက်ပြန်တဲ့သဘောလေးရှုမှတ်၊ ဒါမှသဘာဝကျမယ်။ ဒီလိုပြောလဲပြောကြတယ်။ တချို့စာအုပ်တွေလဲ ရေးထားကြတယ်။ အဲဒါက သူတို့လက်တွေ့လုပ်ငန်းမရှိဘဲနဲ့ စာအုပ်ထဲကြည့်ပြီးတော့ ပြောနေကြတာ။ တကယ်လက်တွေ့လုပ်ငန်းက ဒီလိုအားထုတ်မှဖြစ်တယ်။

ရုပ်တရားလဲပဲ ဒွါရ ၆-ပါးကပေါ်တဲ့ အခိုက်အတန့်ပဲရှုရတယ်။ မပေါ်တဲ့အခိုက်အတန့်ရှုလို့မဖြစ်ဘူး။ မပေါ်တဲ့အခိုက်အတန့်ရှုလို့ ဘယ်ကရုပ်တရားတွေ့လိမ့်မှာလဲ။ ရုပ်ပေါ်တဲ့အခိုက်အတန့်မှာ ရုပ်ရှုရတယ်။ နာမ်ပေါ်တဲ့အခိုက်အတန့်မှာ နာမ်ရှုရတယ်။ မရှုရင်လဲဘဲ ဒီရုပ်နာမ်တရားတွေက အဲဒီပေါ်ခိုက်ပေါ်ခိုက်မရှုရင် ကိလေသာဖြစ်တယ်။ ပေါ်ခိုက်တရားတွေ မရှုမိကတည်းက အဝိဇ္ဇာကျတယ်။ မသိတာဟာ အဝိဇ္ဇာပဲကိုး။ မသိတာအဝိဇ္ဇာတဲ့၊ အနုသယကျတယ်။ နောင်ပြန်စဉ်းစားလို့ရှိရင်ဖြင့် အဲဒီမသိတဲ့အတိုင်းပဲ ပြန်ပြီးပေါ်တယ်။ မသိဆိုလဲပဲ လုံးလုံးမသိတာမဟုတ်ဘူး။ မဟုတ်တာတွေတော့ သိနေတာ၊ ပြန်ပြီးစဉ်းစားတဲ့အခါကျတော့ နိစ္စ, သုခ, အတ္တ အနေအားဖြင့် စွဲလမ်းဖို့ရာ တွေ့မြင်တာလေးတစ်ခုမြင်တုန်းကမရှုမိလို့ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ မတွေ့ခဲ့ဘူးဆိုရင် အဲဒါနောင်အခါ ပြန်စဉ်းစားတဲ့အခါကျတော့ အဲဒီ မြင်ဆဲခဏမှာရှိတဲ့ မျက်စိနဲ့အဆင်းသဏ္ဌာန်ကိုလဲ နိစ္စ-မြဲတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်၊ အတ္တ-ငါပဲ၊ ပုဂ္ဂိုလ်ပဲ။ ဒီလိုစွဲလမ်းတယ်။

မြင်သိတာလေးလဲပဲ ရှုမှတ်ပြီး အနိစ္စ, ဒုက္ခ, အနတ္တ မသိရင် အဲဒါလေးပြန်စဉ်းစားတဲ့ အခါကျရင် ခုနကမြင်ခဲ့တာဟာငါပဲ၊ ခုနကမြင်ခဲ့တာ အခုထက်ထိငါပဲ၊ မြဲနေတယ် အောက်မေ့တယ်၊ ခုနကမြင်တာလေးက ကောင်းတယ်၊ ချမ်းသာတယ်၊ သုခအနေအားဖြင့် စွဲလမ်းတယ်၊ အဲဒီလို အစွဲအလမ်းတွေဖြစ်နိုင်တယ်၊ အဲဒါ မြင်ရာကနေပြီးတော့ နိစ္စ, သုခ, အတ္တ အစွဲအလမ်းတွေ ဖြစ်ပုံ။

http://www.dhammadownload.com

အဲဒီလို အစွဲအလမ်းတွေဖြစ်တာဟာ ဘာလဲဆိုရင် ဥပါဒါန်တွေပဲ။ ဥပါဒါန်တရားတွေ မဖြစ်ရအောင်လို့ ဥပါဒါန်တရားဖြစ်ရင် ဘာအဖြစ်ရောက်တုံးဆိုတော့ ဥပါဒါနပစ္စယာ ဘဝေါ၊ ဥပါဒါန်ဖြစ်လို့ရှိရင် ဘဝဖြစ်တယ်တဲ့၊ စွဲလမ်းမှတော့ စွဲလမ်းတဲ့ အလုပ်တစ်ခုကို အောင်မြင်အောင် တစ်နည်းနည်းနဲ့ ပြုလုပ်အားထုတ်တယ်၊ အားထုတ်လို့ရှိရင် ကမ္မဘဝဖြစ်တယ်၊ ကုသိုလ်ကံ အကုသိုလ်ကံဖြစ်တယ်။ များသောအားဖြင့် အကုသိုလ်ကံဖြစ်တတ်တယ်၊ အကုသိုလ်ကံဖြစ်ရင် အကုသိုလ်မကောင်းတဲ့ဘဝတွေ အကျိုးပေးမယ်၊ ကုသိုလ်ကံပြုရင် ကောင်းတဲ့ဘဝတွေ အကျိုးပေးမယ်၊ ဘဝပစ္စယာဇာတိ၊ အကုသိုလ်ကံပြုရင် အပါယ် ၄-ပါးဇာတိဖြစ်မယ်၊ ကုသိုလ်ကံပြုရင် သုဂတိဘုံဇာတိဖြစ်မယ်၊ ဇာတိဖြစ်ရင် ဇရာမရဏ၊ အိုခြင်း, သေခြင်းတွေ၊ အပါယ် ၄-ဘုံမှာဖြစ်ရင် အဲဒီဘုံမှာ အိုရ, သေရမယ်၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေ ရောက်ရမယ်၊ လူဘဝနတ်ဘဝ၊ သုဂတိဘုံဖြစ်လို့ရှိရင် အဲဒီဘုံမှာ အိုရ၊ နာရ၊ သေရမယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေရောက်ရမယ်။ အဲဒီ ဆင်းရဲတဲ့ အကျိုးတွေရောက်ပြီးတော့ သွားမယ်တဲ့။

အဲဒီလိုမရောက်ရအောင်လို့ ဒွါရ ၆-ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေကို ဝိပဿနာရှုရတယ်။ အခု မြင်ဆဲခဏမှာ မျက်စိနဲ့ အဆင်းကရုပ်၊ မြင်တာကနာမ်၊ မြင်သိတာမှာလဲ မြင်သိရုံမျှက ဝိညာဏကွန္ဓာ၊ မြင်လို့ကောင်းတာမကောင်းတာက ဝေဒနာကွန္ဓာ၊ မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာကွန္ဓာ၊ မြင်မှုဖြစ်အောင် နှလုံးသွင်းမှု စူးစမ်းမှုက သခါရကွန္ဓာ၊ ခန္ဓာငါးပါး၊ ကြားသိဆဲခဏလဲ ဒီအတိုင်းပဲ။ ဒါတွေဆိုကြအုံးမှ၊ ဒါပေမယ့်လို့ စာပေဗဟုသုတ အခြေခံမရှိတဲ့ပုဂ္ဂိုလ်တွေက သိပ်ပြီးတော့မသိဘူး။ မမှတ်မိဘူး။ မမှတ်မိတော့ သူတစ်ပါးကမေးတော့ မပြောတတ်ဘူး။ နည်းနည်းလေးတော့ ပြောတတ်အုံးမှ၊ မပြောတတ်ရင် ဘေးကပုဂ္ဂိုလ် တွေက ဟုတ်တယ်လို့မထင်ဘူး။ ပြောတတ်မှ၊ ပြောတတ်လို့ရှိရင်လဲ နည်းနည်း ဟုတ်တယ်လို့ ထင်လာတယ်။

ကြားဆဲခဏ၌၊ နားနဲ့အသံက **ရုပ်ခန္ဓာ။**
ကြားသိတာက **နာမ်ခန္ဓာ။**

http://www.dhammadownload.com

ကြားသိရုံမျှက **ဝိညာဏတွန်း၊**
ကြားလို့ကောင်းတာမကောင်းတာက **ဝေဒနာတွန်း၊**
ကြားရတဲ့အသံကို မှတ်သားတာက **သညာတွန်း၊**
ကြားမှုဖြစ်အောင် နှလုံးသွင်းမှုစူးစိုက်မှုက **သင်္ခါရတွန်း၊**
နံမှုတို့၊ စားမှုတို့တော့ ထားလိုက်ပါတော့၊ တွေ့ထိမှုတို့တော့ ဆိုရမယ်။

တွေ့ဆဲ ရုပ်နာမ်၌ -

တွေ့ဆဲခဏ၌၊ ကိုယ်နဲ့အတွေ့အထိက **ရူပတွန်း၊**
ထိသိရုံမျှက **ဝိညာဏတွန်း၊**
တွေ့ထိလို့ကောင်းတာမကောင်းတာက **ဝေဒနာတွန်း၊**
တွေ့ထိရတဲ့အာရုံကို မှတ်သားတာက **သညာတွန်း၊**
တွေ့ထိအောင် နှလုံးသွင်းမှုစူးစိုက်မှုက **သင်္ခါရတွန်း၊**

တွေ့ထိဆဲခဏမှာ တွေ့ထိတယ်ဆိုတာ ခုနကပြောခဲ့တဲ့အတိုင်းအများချည်းပဲ။ တွေ့ထိတိုင်း တွေ့ထိတိုင်းဟာ ကိုယ်အကြည်ရုပ်ဆိုတာရှိတယ်၊ ကိုယ်တစ်ကိုယ်လုံး နေရာတိုင်း အတွင်းကရော အပြင်ကရော၊ အနှံ့အပြားအဆင်း ရုပ်ထင်လောက်အောင် မှန်အကြည်များလိုပဲ အတွေ့အထိထင်လောက်အောင် ကိုယ်အကြည်ရုပ်ဆိုတာ သူကတစ်မျိုးရှိတယ်၊ ဒီကိုယ်အကြည်ရုပ်ကလေးရှိတဲ့ နေရာမှာ အတွေ့အထိကဖြစ်တယ်၊ အသားအရေခြောက်နေလို့ သို့မဟုတ် အသားတွေပျက်နေရင် အဲဒီနေရာမှာဆိုရင် ထိမှန်းမသိဘူး၊ အဲဒါ ကာယပသာဒ၊ ကိုယ်အကြည်ရုပ်မရှိတဲ့နေရာမှာ ထိရင်ထိမှန်းမသိဘူး၊ အကြည်ရုပ်ရှိတဲ့ နေရာထိတော့ နည်းနည်းကလေးထိရင် နည်းနည်းကလေးသိတယ်။

အဲဒီ ကိုယ်အကြည်ရုပ်ကလဲ ထင်ရှားတယ်၊ တွေ့ထိရတဲ့အာရုံကလဲ ထင်ရှားတယ်၊ တွေ့ထိရတဲ့အာရုံဆိုတော့ အပြင်ကအာရုံ၊ အတွင်းကအာရုံအမျိုးမျိုးရှိတာပေါ့၊ အတွင်းမှာတွေ့ထိရင် ကိုယ်တွင်းကအာရုံပေါ့၊ ကွေးတယ်၊ ဆန့်တယ်၊ ထိုင်တယ်၊ ထတယ်ဆိုတဲ့နေရာတွေမှာ ကိုယ်ထဲက အတွေ့အထိတွေ၊ တခြားက အတွေ့အထိမဟုတ်ဘူး၊ ဒါကတော့ ကွေးတဲ့အခါကာလမှာ လက်ပဲကွေးကွေး၊

http://www.dhammadownload.com

ခြေပဲကွေးကွေး၊ လက်ထဲခြေထဲကနေပြီး တောင့်တင်းတာ လှုပ်ရှားတာတွေ ကိုယ်ထဲကနေပြီးတော့ထိတာပဲ၊ ဒါကိုယ်ထဲကတွေ့အထိတွေ့၊ ကွေးတယ် ကွေးတယ် မှတ်ရင်း တောင့်တင်းတာ၊ လှုပ်ရှားတာ၊ အဲဒီတွေ့ထိရတဲ့ အာရုံက ထင်ရှားတယ်။ ရုပ်တွေ၊ အဲဒါ ရူပက္ခန္ဓာတွေ။

သွားတဲ့အခါကာလမှာလဲပဲ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ လွယ်လွယ်ကူကူပြောလို့ လွယ်အောင်လို့ ဒီလို ပြောနေကျအတိုင်းပြောတာ၊ အမှန်ကတော့ အဲဒီထဲမှာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ခြေထောက်ထဲကနေပြီးတောင့်တာတို့၊ တင်းတာတို့၊ တွန်းကန်တာတို့၊ တွေ့ထိရတာတွေဟာ ခြေထောက်ထဲကနေ တွေ့သိတယ်၊ ဒါမျက်စိနဲ့ကြည့်လို့ မြင်တာမဟုတ်ဘူး၊ ခြေထောက်ထဲကနေပြီး တောင့်တာတင်းတာ၊ တွန်းကန်တဲ့ သဘောဟာ ခြေထောက်ထဲကပဲတွေ့ထိပြီး သိသွားတာပဲ၊ ကိုယ်ကိုကြွလိုက်တဲ့ အခါကာလမှာ ပေါ့ပြီးတက်လာတာ၊ ကိုယ်ကိုထိုင်ချတဲ့အခါကျတော့ လေးကျသွားတာတွေ၊ အဲဒါတွေလဲ ကိုယ်ထဲကနေ အတွေ့အထိတွေပဲ၊ ဒါက တေဇောဓာတ်အတွေ့အထိ၊ အာပေါဓာတ်အတွေ့အထိတွေ၊ ပေါ့တက်လာတာက တေဇောဓာတ် အတွေ့အထိ၊ လေးကျသွားတာက အာပေါဓာတ်အတွေ့အထိ၊ တောင့်တင်းတာ လှုပ်ရှားတာ တွန်းကန်တာတွေက ဝါယောဓာတ်အတွေ့အထိ၊ ခက်မာတဲ့သဘောတွေ၊ နူးညံ့တဲ့ သဘောတွေ၊ အစိုင်အခဲသဘောတွေနဲ့ အမာခံသဘောတွေနဲ့ တွေ့ထိရတာက ပထဝီနဲ့တွေ့ထိတာ။

မနေ့ကပြောခဲ့တဲ့အတိုင်းပဲ၊ ခြေတစ်လှမ်းအတွင်းမှာ ဓာတ်လေးပါးရုပ်တွေကို တွေ့နေတာ၊ တစ်ကွေးတစ်ဆန့်အတွင်းမှာလဲပဲ ဓာတ်လေးပါးရုပ်တွေကို တွေ့နေတာပဲ၊ ရူပက္ခန္ဓာတရားတွေတဲ့၊ ကိုယ်အကြည်ရုပ်နဲ့ တွေ့ထိရတဲ့ရုပ်က ရူပက္ခန္ဓာ၊ ကိုယ်အကြည်ရယ်၊ တွေ့ရတာရယ်၊ အဲဒါ ရူပက္ခန္ဓာတွေ၊ ဒါတွေက ထင်ရှားပါတယ်။

အဲဒီကထိသိတာတွေ ဒါက နာမက္ခန္ဓာ၊ ထိသိတာက နာမက္ခန္ဓာ၊ ထိသိပြီးတော့ ကောင်းတာလဲရှိတယ်။ မကောင်းတာလဲရှိတာကိုး၊ မကောင်းတာတွေကတော့ ညောင်းလိုက်ပူလိုက်နာလိုက်၊ ကျင်လိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊ အဲဒါတွေကတော့ မကောင်းတာတွေပေါ့လေ၊ မကောင်းတဲ့အတွေ့အထိတွေ။

http://www.dhammadownload.com

ကောင်းတာတွေကတော့ ညောင်းနေတဲ့အခါ လက်ကလေး ကွေးရာကဆန့်လိုက်တော့ အညောင်းပြေပြီး ကောင်းသွားတာ။ ဆန့်ထားရာကနေပြီး တောင့်တင်းနေတာကိုး။ အဲဒီမှာ ကွေးလိုက်တော့ အညောင်းပြေပြီးတော့ နေသာထိုင်သာဖြစ်တယ်၊ ကိုယ်ကထိုင်နေရတာပင်ပန်းတော့ ခါးထဲကတောင့်ပြီးတော့ အခံခက်နေတာကို အဲဒီမှာ လှဲအိပ်ချလိုက်လို့ရှိရင် အဲဒီမှာ အညောင်းပြေပြီးသွားတာဟာ ကိုယ်အတွေ့အထိတွေကောင်းသွားတယ်။ အမျိုးမျိုးပေါ့လေ၊ အတွေ့အထိတွေဆိုတာ အမျှားကြီးရှိပါတယ်။ အကောင်းတွေ၊ ပူအိုက်နေတဲ့အခါ အအေးကလေးတွေရလို့ ကောင်းတာလည်းရှိတယ်။ အေးချမ်းနေတဲ့အခါကာလ အနွေးကလေးနဲ့တွေ့ရလို့ ကောင်းသွားတာရှိတယ်။

အတွေ့အထိတွေ မူလကမကောင်းတဲ့ အတွေ့အထိနဲ့ တွေ့ထိနေရာမှာ ပြောင်းလဲပြီးတော့ ဆန့်ကျင်ဘက်အတွေ့မျိုးနဲ့တွေ့ရင် ကောင်းပြီးတော့ သွားတတ်တယ်။ အပူနဲ့တွေ့ထိနေလို့ ဆင်းရဲနေရင် အအေးနဲ့တွေ့ရတဲ့အခါ ကောင်းသွားတယ်။ အအေးနဲ့တွေ့ရတာ ဆင်းရဲနေရင် အပူတွေနဲ့တွေ့ရတာ ကောင်းတယ်။ အဲဒီလိုပဲ အတွေ့အထိတွေ အမျိုးမျိုးရှိပါတယ်။

အဲဒီလို ကိုယ်ထဲကတွေ့ထိပြီးတော့ ကောင်းသွားတာ။ သုခဝေဒနာခေါ်တယ်၊ ကိုယ်ထဲက တွေ့ထိပြီးတော့ မကောင်းနေတာ၊ နာတာ၊ ကျင်တာ၊ ကိုက်ခဲတာတွေဟာ ဒုက္ခဝေဒနာခေါ်တယ်။ အဲဒီတော့ တွေ့ထိလို့ကောင်းတာ မကောင်းတာက ဝေဒနာကွန္ဓာ၊ ဒါတွေပဲတွေ့နေတာပဲ၊ မှတ်ရင်းမှတ်ရင်း တွေ့နေတယ်၊ သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း, တွေ့ထိလို့ကောင်းတာ မကောင်းတာတွေ ဝေဒနာကွန္ဓာတွေ တွေ့နေတာပဲ။

တွေ့ထိရတာတွေ၊ မှတ်သားတာလေးကလဲ ရှိတယ်၊ မှတ်မိတယ်၊ သူကဘယ်လိုတွေ့တာပဲ၊ ဘယ်လို ထိတာပဲ၊ ကွေးလိုက်တာပဲ၊ ဆန့်လိုက်တာပဲ စသည်ဖြင့် သူကသိနေတယ်၊ မှတ်မိနေတယ်၊ မှတ်မိတယ်ဆိုတာက သညာကွန္ဓာ။

အဲဒီတွေ့ထိမှု ထိသိမှုကလေးဖြစ်အောင်လို့ နှလုံးသွင်းလိုက်၊ စူးစိုက်တာက သခ်ါရကွန္ဓာတဲ့၊ အထူးအားဖြင့်တော့ ဒီကွေးမှုဖြစ်အောင်၊ ဆန့်မှုဖြစ်အောင် စူးစိုက်

http://www.dhammadownload.com

အားထုတ်မှုတွေရှိတယ်။ ကွေးတဲ့အခါမှာ ကွေးအောင်လို့ စိတ်ကလှုံ့ဆော်ပြီးတော့ ပေးတာပဲ။ ဘယ်သူကမှ ကွေးအောင် လုပ်ပေးနေတာမဟုတ်ဘူး။ ကွေးစေလို့ စီရင်ချက်ချသလိုပဲ၊ ကွေးချင်တဲ့စိတ်ကလေးကစပြီးတော့ ဖြစ်လာတယ်။ ကွေးလိုက် ကွေးလိုက်လို့ ခိုင်းနေသလိုပဲ၊ ဆန့်လိုက်ဆန့်လိုက် ခိုင်းနေသလိုပဲ၊ တစ်ခါတစ်ရံမျှား ထိုင်နေရာကကို ခြေထောက်ကလေးက ညောင်းနေလို့ရှိရင် ဆန့်လိုက်- ဆန့်လိုက် ခိုင်းနေသလိုပဲ၊ ဆန့်လိုက်ဦးမှပါပဲ၊ သွားလိုက်ဦးမှပါပဲ၊ ရေတက်နေလို့ရှိရင် ရေသွား သောက်လိုက်ဦးမှပါပဲ၊ ဘာလုပ်လိုက်ဦးမှပါပဲ စသည်ဖြင့် အဲဒီလို တိုက်တွန်းနေတဲ့ စိတ်ကလေးရှိတယ်၊ အဲဒီလို တိုက်တွန်းနေတဲ့သဘောတွေဟာ သခ်ၤါရက္ခန္ဓာတွေ။

သူစေ့ဆော်ပေးနေတာ ကောင်းသောအမှု မကောင်းသောအမှုတွေ ပြုနေတာ သူကြောင့်ပြုနေတာ၊ ဒါနတွေပြုနေတာလဲ သူကြောင့်ပဲ၊ သီလတွေပြုနေတာလဲ သူကြောင့်ပဲ၊ ဘာဝနာအမှုတွေပြုနေတာလဲ သူ့ကြောင့်ပဲ၊ အဲဒါကြောင့် ဒီစေတနာကို ကံလို့ခေါ်တယ်၊ ကောင်းသောအမှုတွေပြုလို့ရှိရင် ဒါက ကုသိုလ်ကံ၊ မကောင်းသောအမှုတွေပြုလို့ရှိရင် အကုသိုလ်ကံစေတနာတွေ စေ့ဆော်တိုက်တွန်းပေးနေတာ။

အဲဒီတော့ အတွေ့အထိထဲမှာ ကွေးတာ, ဆန့်တာ, ထိုင်တာ, ထတာ, အမှုအရာတွေပြုအပ်နေတဲ့နေရာမှာ အမှုအရာတစ်ခုပြုမှုပြီးအောင်လို့ စေ့ဆော်တိုက်တွန်းပေးနေတာတွေ၊ သခ်ၤါရက္ခန္ဓာတွေရှိတယ်။ အဲဒါတွေလဲပဲ ကွေးရင်း၊ ဆန့် ရင်း၊ ထိုင်ရင်း၊ ထရင်း၊ ဒါတွေမှတ်ရင်းနဲ့သိနေတာပဲ။ ကွေးရင်ကွေးတယ်မှတ်၊ စောစောကတည်းက ကွေးချင်တဲ့စိတ်ကလေးက စပြီးသိလာတော့ ကွေးလိုက်လို့ မခိုင်းသော်လည်း ခိုင်းသကဲ့သို့ စေတနာတွေ စေ့ဆော်တိုက်တွန်းမှုတွေသိရတယ်။ အဲဒါ သခ်ၤါရက္ခန္ဓာတွေသိတာတဲ့။

ဒီတော့ကို ကွေးမှု၊ ဆန့်မှု၊ ထိုင်မှု၊ ထမှု အစရှိသော အမှုအရာတွေမှတ်ရင်း ယင်းခန္ဓာငါးပါးတွေကို အမှန်အတိုင်းသိနေတာ။ ဒီလိုသိအောင်လို့ပဲ မှတ်ရတယ်။ ဆိုရမယ်။

"ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာကရုပ်၊ မှတ်သိတာကနာမ်။"

http://www.dhammadownload.com

"ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရှုပကွန္ဓာ၊ မှတ်သိတာက နာမကွန္ဓာ။"

"ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရှုပကွန္ဓာ၊ ကွေးရန် ကြံစည်ခိုက်၌ ရွှင်လန်းတာ၊ မရွှင်လန်းတာက ဝေဒနာကွန္ဓာ။"

ကွေးမယ်လို့ ကြံစည်တဲ့အခါ တချို့လဲ ဝမ်းမြောက်ဝမ်းသာနဲ့ ကွေးလိုတဲ့စိတ်ဖြစ်တယ်။ အချို့လဲ စိတ်ဆိုးမာန်ဆိုးနဲ့ ကွေးနေတာရှိတယ်။ အဲဒီမှာ ရွှင်ရွှင်လန်းလန်းဖြစ်ရင် သောမနဿဝေဒနာခေါ်တယ်။ မရွှင်မလန်းဖြစ်ရင် ဒေါမနဿဝေဒနာခေါ်တယ်။

"ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရှုပကွန္ဓာ၊ ကွေးရန်ကြံစည်တာက ဝိညာဏကွန္ဓာ။"

"ရွှင်လန်းတာ မရွှင်လန်းတာက ဝေဒနာကွန္ဓာ၊ ကွေးသောအခြင်းအရာကို မှတ်သားမိတာက သညာကွန္ဓာ။"

ဒါကလဲ ဝိပဿနာရှုတာပြောတာမဟုတ်ဘူး။ မကွေးခင်ကတည်းက ကွေးဖို့ရာအာရုံကလေး စိတ်ထဲမှာထင်လာတယ်။ အဲဒါ မှတ်သားမှုကလေးရှိတယ်။

"ကွေးသော အခြင်းအရာကို မှတ်သားမိတာက သညာကွန္ဓာ။"

"ကွေးမှုဖြစ်အောင် စေ့ဆော်တိုက်တွန်းတာက သခါရကွန္ဓာ။"

ခန္ဓာငါးပါးပဲ၊ ကွေးမှုဖြစ်အောင် ဆန့်မှုဖြစ်အောင်၊ ထိုင်မှု၊ ထမှု၊ သွားမှု၊ လာမှုဖြစ်အောင် သူကချည်းလုပ်နေတာ၊ သခါရကွန္ဓာက အလုပ်တွေသိပ်များတယ်။ အလုပ်လုပ်တာ။

ရှုပကွန္ဓာဆိုတာက ရုပ်တရား၊ သူဟာသူ အသေသဘောပဲ၊ ဝေဒနာကွန္ဓာဆိုတာလည်း အကောင်းအဆိုး အတွေ့အထိလေးတွေကို အကြောင်းပြုပြီးတော့ ကောင်းသောအခြင်းအရာ၊ မကောင်းသော အခြင်းအရာနဲ့ ခံစားရုံပဲ။ သူမှာ ဘာမှအစွမ်းသတ္တိရှိတာမဟုတ်ဘူး။ သညာကွန္ဓာဆိုတာလဲပဲ ဖြစ်ပေါ်လာတဲ့အတိုင်းမှတ်တမ်းတင်ပြီး မှတ်သားရုံကလေးပဲ။ သူဘာမှ အစွမ်းသတ္တိရှိတာမဟုတ်ဘူး။ ဝိညာဏကွန္ဓာဆိုတာလဲပဲ ပေါ်လာတဲ့အာရုံကလေး သိရုံအာရုံပြုမိရုံကလေး၊ သူမှာ

http://www.dhammadownload.com

ဘာမှအစွမ်းသတ္တိရှိတာ မဟုတ်ဘူး။ သခ်ၤါရကွန္ဓာတွေက အစွမ်းသတ္တိရှိတာ။ သူက အလုပ်တွေလုပ်နေတယ်။

သူက ကွေးအောင်ဆန့်အောင်၊ ထိုင်အောင် ထအောင်၊ သွားအောင်၊ လာအောင် အလုံးစုံသော အမူအရာတွေကို သူလုပ်နေတာပဲ။ ကောင်းသောအမှု၊ မကောင်းသောအမှုတွေ သူလုပ်နေတာပဲ။ စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊ အဲဒါတွေလဲပဲ သူကပြုတာပဲ။ သီလဆောက်တည်မှုတွေ ကျင့်သုံးမှုတွေ၊ ဘာဝနာပွားများမှုတွေလဲ သူကပြုတာပဲ။ ရှုမှတ်မှုတွေ သူကပြုတယ်။ အခုလိုတရားဟောမှုတွေလဲ သူက ပြုတာပဲ။ တရားဟောတဲ့အခါမှာလဲပဲ ဟောဖို့ရာ စဉ်းစားပြီးသကာလ ဒီအလုံး ပြောလိုက်၊ ဟိုအလုံးပြောလိုက် မခိုင်းသော်လဲ ခိုင်းသလိုပဲ။ ဒီဥစ္စာက ဒါက စေတနာတွေ တိုက်တွန်းနေတာ၊ တရားနာတဲ့ပုဂ္ဂိုလ်မှာလဲ ထို့အတူပဲ၊ တရားနာဖို့ သူကတိုက်တွန်းထားလို့ နာနေရတာ။ စေတနာကနေပြီး ခိုင်းလို့ ဒီလိုထိုင်ရမယ်၊ ဒီလိုနှလုံးသွင်းရမယ်၊ စေတနာကခိုင်းနေတယ်၊ အဲဒါက ကောင်းသောအမှုတွေပါ။

မကောင်းသော အမှုကတော့ ပါဏာတိပါတာ၊ သူများအသက်ကို သတ်လို့ ရှိရင် အဲဒါလဲပဲ သတ်လိုက်လို့မပြောသော်လဲ ပြောသလိုပဲ၊ ခိုင်းနေတယ်၊ သူများဥစ္စာခိုးလို့ မပြောသော်လဲ ပြောသလိုခိုင်းနေတယ်၊ စေ့ဆော်တိုက်တွန်း နေတာတွေက သခ်ၤါရကွန္ဓာတွေခေါ်တယ်၊ အဲဒါတွေဟာ စေတနာပြဌာန်းတာပဲ၊ ဒါကြောင့်မို့ သူကအကျိုးပေးတာ။

တော်တော်ကြာတော့ အဲဒါတွေဟာ အကွေးအဆန့်အတွင်းမှာကို၊ ခန္ဓာ ငါးပါး သိပုံနှားလည်အောင်လို့ ကွေးဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရူပကွန္ဓာ တဲ့။ တောင့်တာတင်းတာ၊ တွန်းကန်တာ၊ ရွေ့လျားတာ၊ အဲဒါတွေကိုသိလို့ရှိရင် ဒါရူပကွန္ဓာသိနေတာပဲ၊ မကွေးခင်ကတည်းက ကွေးမယ်လို့ကြံစည်တဲ့ စိတ်ကလေး ကို သိတာ၊ စိတ်ကလေးသိတာက ဝိညာဏကွန္ဓာ၊ အဲဒီလို ကွေးမယ်လို့ ကြံစည်တဲ့ အခါကာလမှာ ဝမ်းမြောက်ဝမ်းသာနဲ့ နေတာရှိတယ်။ စိတ်ပျက်နေတာ ရှိတယ်၊ အဲဒါလေးတွေကတော့ ဝေဒနာလေးတွေပဲ၊ ကောင်းမကောင်းတဲ့သဘောလေး၊ ဝေဒနကွန္ဓာ၊ ကွေးဖို့ရာ အခြင်းအရာလေးအနေအားဖြင့် စိတ်ထဲမှာကွေးလိုက်၊

http://www.dhammadownload.com

ဒီလိုလုပ်လိုက်၊ ဟိုလိုလုပ်လိုက် နှလုံးသွင်းတဲ့အခါမှာ ကွေးတဲ့အခြင်းအရာ ဆန့်တဲ့အခြင်းအရာအားဖြင့် ပေါ်လာတာ၊ အဲဒါလေး မှတ်သားထားတာ သညာကွန္ဓာ၊ ကွေးမှုဖြစ်အောင် တိုက်တွန်းနှိုးဆော်ပေးတဲ့သဘော၊ ဆန့်မှုဖြစ်အောင် တိုက်တွန်းနှိုးဆော်ပေးတဲ့သဘော၊ ဟိုလိုလုပ်လိုက် ဒီလိုလုပ်လိုက်လို့ မခိုင်းသော်လဲ ခိုင်းဘိသကဲ့သို့ စိတ်ထဲကတိုက်တွန်းနေတယ်၊ တိုက်တွန်းတာလဲ အင်မတန် ထင်ရှားပါတယ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်က အင်မတန်ထင်ရှားပါတယ်၊ အဲဒါက သခ်ါရကွန္ဓာခေါ်တယ်။

အရေးကြီးတဲ့ကိစ္စများမှာ အခွင့်မသာလို့ မပြုနိုင်တဲ့အခါ၊ အရေးကလဲကြီးနေတော့ စိတ်ထဲကလဲ တိုက်တွန်းနေတယ်။ သူက အင်မတန်ထင်ရှားတယ်။ တစ်ခါတစ်ရံ ညကလဲဖြစ်လို့ စာကလဲရေးစရာရှိတယ်။ အဲဒါစိတ်ထဲက သွားပြီး စာရေးနေတယ်။ ညဖြစ်လို့ မရေးလဲမရေးနိုင်ဘူး။ စာကရေးနေတယ်။ လူတစ်ယောက်နဲ့ သွားတွေ့ဖို့ရာလဲပဲ ဟိုမှာမသွားနိုင်တဲ့ အချိန်ကာလကြီး၊ ဟိုလူနဲ့ သွားတွေ့ပြီး သွားစကားပြောနေတယ်၊ အလုပ်လုပ်နေတာ စေတနာ တိုက်တွန်းနေပုံလေး၊ အင်မတန်ထင်ရှားပါတယ်။ သခ်ါရကွန္ဓာတွေပေါ့လေ။

အဲဒီတော့ တစ်ကွေးတစ်ဆန့်အတွင်းမှာ ခန္ဓာငါးပါးလုံး သိနိုင်ပုံက သူက ထင်ရှားနေတယ်။ ကွေးတယ်၊ ဆန့်တယ်၊ မှတ်နေရင် အဲဒီထဲမှာ ရူပ်ခန္ဓာလဲသိတယ်၊ နာမ်ခန္ဓာလဲ သိတယ်၊ ခြေတစ်လှမ်း အတွင်းမှာလဲ ဒီအတိုင်းပဲ၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်မှတ်ရင် အဲဒီမှာ တောင့်တင်းတာ၊ လှုပ်ရှားတာကလေးက ရူပ်ခန္ဓာကလေး၊ အဲဒီကြွဖို့ လှမ်းဖို့ရာ အားထုတ်တဲ့စိတ်တွေက နာမ်ခန္ဓာတွေ၊ အဲဒီ ရူပ်ခန္ဓာ နာမ်ခန္ဓာတွေ အကုန်သိနေတာပဲ၊ ရှုရှုင်းရှုရှုင်း အကုန်သိနေတယ်။

အဲဒီတော့ ကိုယ်အမူအရာတွေ မှတ်တိုင်းမှတ်တိုင်းမှာ ရူပ်နာမ်ခန္ဓာငါးပါးလုံးကိုသိတယ်တဲ့။ အဲဒီ ရူပ်နာမ်ခန္ဓာငါးပါးလုံးကိုသိအောင်လို့ ရှုမှတ်နေရတယ်။ အဲဒီ ရူပ်နာမ်ခန္ဓာငါးပါးတွေက ဘာတွေတုန်းလို့ ဆိုလို့ရှိရင် ဒီရူပ်နာမ်ခန္ဓာငါးပါးတွေက သူသတ်ယောက်ျားတွေပဲတဲ့။ အဲဒီ သူသတ်ယောက်ျားတွေကို အခုသိအောင်လို့ ဝိပဿနာရှုရတာ။

http://www.dhammadownload.com

သူသတ်ယောက်ျားတွေနဲ့တူတဲ့ ဒီရုပ်နာမ်ခန္ဓာတွေရှုလို့ရှိရင် ဝိပဿနာ ဉာဏ်တွေ အစဉ်အတိုင်းတက်ပြီးတော့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရောက်၊ အရဟတ္တမဂ်ဖိုလ်ရောက်တဲ့ အခါကာလကျတော့ ဒီသူသတ်ယောက်ျားတွေက လွတ်မြောက်ပြီးတော့ သွားနိုင်တယ်။ ဒါကြောင့် အခုိန်ကလဲ ကုန်ပါပြီ။ သိမ်းမှ၊ တရားက မပြီးတတ်သေးဘူး။ ခန္ဓာငါးပါးတရားတွေ ဆက်ပြီးတော့ဟောရဦးမယ်။ ဆိုရဦးမယ်။

"မြွေလေးကောင်ကား (လ) ဘုရားမြတ်ပေတည်း။"

အာသီဝိသောပမသုတ္တန် တရားတော်ကြီးကို ရှိသေစွာနာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်ကြောင့်၊ ဘေးရန်အန္တရာယ်ဟူ သမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ ဤသုတ္တန်တရားတော်၌လာသော ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော သူသတ်ယောက်ျားတို့ကို သူသတ်ယောက်ျား အနေအားဖြင့် ထင်မြင်နိုင်ကြ၍ ဤဥပါဒါနက္ခန္ဓာငါးပါးတရားတို့ကို အမှန်အတိုင်း သိအောင် ဝိပဿနာရှုကြ၍ ဝိပဿနာဉာဏ်အစဉ်ဖြင့် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် တို့ကိုရောက်၍ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်နိုင်ကြပါစေ။

× × × × ×

http://www.dhammadownload.com

အာသဝိဝိဓေသာပမသုတ်

တရားတော်

၁၃၂၈-ခု၊ ပထမဝါဆိုလကွယ်နေ့ ဟောကြားတော်မူသည်။

ခန္ဓာငါးပါးဥဒ္ဓိ ဝိပဿနာရှုပုံ

အာသီဝိသောပမသုတ်တရားတော် တစ်နေ့က မဟာဘုတ် ၄-ပါး အကြောင်းရောက်လာပြီး၊ "မြွေ ၄-ကောင်ကား၊ ၄-ပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်"၊ မြွေ ၄-ကောင်ကားဆိုတာက မဟာဘုတ် ၄-ပါး၊ သူသတ်ငါးဖြာဆိုတာက ခန္ဓာငါးပါးရောက်လာပြီ။ အဲဒီ ခန္ဓာငါးပါးဟောခဲ့တာ တော်တော်တောင်စုံသွားပါပြီ။ အခု အဲဒီခန္ဓာငါးပါးနဲ့စပ်ပြီးတော့ ဝိပဿနာဉာဏ်ဖြစ်ပုံကို ပြောဖို့ရာအပိုင်းပဲ ကျန်ပါတော့တယ်။

ပဌဝဓာတာ ပစ္စတ္တိကာတိ ဓါဓါ ဘိတ္တဝေ ပဌဝေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ၊ သောယ္ယထိဒံ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊

(သဠာယတနဝဂ္ဂသံယုတ်၊ စာမျက်နှာ -၃၈၃)

http://www.dhammadownload.com

ဆိတ္တဝေ၊ ရဟန်းတို့။ **ပဠဝဓေတာ ပစ္စတ္တိကာတိ ဓေါ စတေ၊** ငါးဦးသော ရန်သူကြီးဖြစ်ကုန်သော သူသတ်ယောက်ျားတို့ဟူသည်။ **ပဠန္နံ၊** ငါးပါးကုန်သော။ **ဥပါဒါနက္ခန္ဓာနံ၊** ဥပါဒါနက္ခန္ဓာ တရားတို့၏။ **အဓိဝစနံ၊** အမည်ပေတည်း။

မြွေထိန်းယောက်ျားနဲ့ ရွေးကတည်းက ရန်ညှိုးရှိခဲ့တဲ့ရန်သူကြီး ငါးဦးတဲ့။ အဲဒါ ဘုရင်မင်းမြတ်က တွေ့ရာမှာသတ်ဖို့ရာ အမိန့်ချလိုက်လို့ လက်နက်ကိုယ်စီဆွဲ ကိုင်ပြီးတော့ မြွေထိန်းယောက်ျားပြေးရာ လိုက်ရှာပြီးတော့သတ်ဖို့ရာ နောက်က လိုက်ကြတယ်။ အဲဒီလိုလိုက်ပြီးတော့ တွေ့ရာသတ်ဖို့ လိုက်နေတဲ့ရန်သူကြီး ငါးဦးဆိုတာဟာ ဘယ်သူလဲဆိုရင် ဥပါဒါနက္ခန္ဓာငါးပါးပဲတဲ့။ ဥပါဒါနက္ခန္ဓာငါးပါး အကြောင်း တစ်နေ့က တော်တော်စုံသွားပါပြီ။

တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ၊ ခန္ဓာငါးပါးတို့၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ဆိုတာ အနေကြီးတာ၊ မှတ်ရအောင်လို့ လျှော်က်ပြီးတော့ဟောနေတာ။ တိုတို ပြောလို့ရှိရင်လဲပဲ တိုတိုနဲ့ပြီးတာပဲ။ ဒါပေမယ်လို့ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေ များသောအားဖြင့်တော့ အားထုတ်ပြီသားပုဂ္ဂိုလ်တွေပဲ တရားနာတာ။ ဒီတော့ မိမိတို့အားထုတ်ထားတဲ့ တရားနဲ့စပ်ပြီးတော့ ခန္ဓာငါးပါး ဆိုတာဟာ ဘယ်လိုဟာလဲ။ ဒါလေးကသိဖို့ရာလိုတယ်။ နို့မို့ရင် မပြောတတ်ဘူး။ ဒါကြောင့်မို့ ခန္ဓာငါးပါး၊ သရုပ်အဓိပ္ပာယ်တွေ နားလည်အောင်လို့ ပြီးခဲ့တဲ့လပြည့်နေ့ သီတင်းက ဟောခဲ့တာ တော်တော်စုံသွားပါပြီ။ ရူပခန္ဓာနဲ့ နာမ်ခန္ဓာနဲ့၊ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးရဲ့ အမည်ပဲတဲ့။

သတ္တဝါတွေက တစ်ဘဝ တစ်ဘဝဖြစ်လို့ရှိရင် တစ်ခါတစ်ခါတော့ သေကြရတာပဲ။ မသေအောင်လို့တော့ မတတ်နိုင်ဘူး။ သေကြရမှာပဲ။ လူ့လောကဖြစ်ရင် လူအဖြစ်နဲ့သေရမှာပဲ။ ပထမက ပဋိသန္ဓေကနေပြီးတော့ကလေး ကလေးဖြစ်ပြီးတော့ မွေးတော့လဲကလေး ကလေးဖြစ်ပြီးကြီးလာတယ်။ ပျိုပျိုရွယ်ရွယ်ဖြစ်လာတယ်။ တစ်နေ့ကျလို့ရှိရင်ဖြင့် လူအိုကြီးဖြစ်ပြီး အဘိုးကြီးအို၊ အဘွားကြီးအို ဖြစ်လာပြီး။ အဲဒီလို အိုမင်းပြီးတော့ သေရတယ်။ ဒါကလဲ ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ။ ကံမကောင်းတဲ့ ပုဂ္ဂိုလ်တွေက အိုသည့်တိုင်အောင်မနေပါဘူး။

http://www.dhammadownload.com

ငယ်ငယ်နဲ့ သေသွားတာတွေလဲ အများကြီးပါပဲ။ ဘယ်ပုံဘယ်နည်းနဲ့သေသေ၊ သေတဲ့ဥစ္စာဟာ ခန္ဓာငါးပါးရှိလို့ သေရတာပဲ။ ခန္ဓာငါးပါးမရှိရင်တော့ မသေဘူးတဲ့။ ဒါကြောင့် သူသတ်ယောက်ျားကြီး ငါးယောက်နဲ့တူပါတယ်တဲ့။ အဆင်မသင့်တဲ့ အခါကာလမှာ သတ်ဖို့ရာပဲ။

ခန္ဓာငါးပါးဟာ မိမိတို့သန္တာန်မှာရနေတယ်။ ခန္ဓာငါးပါးကလဲ တခြားမှာ ရှိတာမဟုတ်ဘူး။ ကိုယ့်ကိုယ်မှာရှိတာပဲ။ နတ်ဖြစ်လို့ရှိရင်လဲ နတ်ဘဝမှာသေရမှာပဲ။ ဗြဟ္မာဖြစ်လို့ရှိရင်လဲ ဗြဟ္မာဘဝမှာသေရမှာပဲ။ အပါယ်ဘုံတွေမှာတော့ အထူးပြောနေစရာမလိုဘူး၊ ခန္ဓာငါးပါးရှိနေသမျှကာပတ်လုံး တစ်နေ့ကျလို့ရှိရင်တော့ အဲဒီဖြစ်ရာဘဝမှာ သေရတယ်၊ ဒီသေတာ ဘယ်သူကြောင့်တုန်းဆိုရင် ခန္ဓာငါးပါး ရှိလို့တဲ့။

ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေအနေအားဖြင့်ဆိုရင် ဒီခန္ဓာငါးပါးကပဲ သာယာစရာဖြစ်နေတယ်။ ရုပ်ခန္ဓာဆိုရင် မိမိရထားတဲ့ ရုပ်ကိုအကြောင်းပြုပြီးတော့ သာယာနေရတယ်။ မျက်စိရှိလို့လဲ သာယာရတယ်။ မြင်ရတဲ့အဆင်းတွေရှိလို့လဲ သာယာရတယ်။ နားရှိလို့လဲ သာယာရတယ်။ အသံကလေးတွေက ရှိလို့လဲ သာယာရတယ်။ နှာခေါင်းရှိလို့လဲ သာယာရတယ်။ အနံ့ကလေးတွေကလဲ ရနေလို့သာယာရတယ်။ စားတဲ့အခါမှာ လျှာရှိနေလို့လဲ အရသာကလေးပေါ်ပြီးတော့ သာယာရတယ်။ အရသာကလေးတွေ စားရတာကလဲ သာယာရတယ်။ ကိုယ်ရှိလို့ ကိုယ်တွေ့ချင်တာကလေး တွေ့ရ၊ ထိရ၊ ကိုယ်ရှိလို့လဲ သာယာရတယ်။ တွေ့ထိရတာကလေးတွေလဲ သာယာရတယ်။ ရုပ်ကိုယ်ထဲမှာရှိတဲ့ တရားတွေဟာ စိတ်ထဲမှာပေါ်သလောက်ဟာတော့ သာယာစရာတွေ ဖြစ်နေတယ်။ သူနေရာနဲ့သူတော့ အသုံးကျနေတယ်၊ ကျန်းကျန်းမာမာ ဖြစ်နေတဲ့အခါဆိုရင် ကိုယ့်ကိုယ်ကလေးနဲ့ ကိုယ်ဟာ သာယာစရာဖြစ်နေတယ်၊ ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလို သာယာနေတာပဲ။

အမှန်စင်စစ်အားဖြင့်တော့ ဒီရုပ်တရားတွေဟာ ရူပက္ခန္ဓာတရားတွေပဲ။ လူသတ်သမားတွေ ရုပ်ခန္ဓာတွေပျက်စီးပြီး တစ်နေ့ကျတော့သေရတာပဲ။

http://www.dhammadownload.com

နာမ်ခန္ဓာတွေကလဲ သာယာစရာတွေဖြစ်နေတယ်။ စိတ်ရှိလို့လဲပဲ အာရုံကလေးတွေ တွေ့သိပြီးတော့ ခံစားရတယ်။ ဒီစိတ်ကိုလဲ သာယာရတယ်။ ဝေဒနာခံစားမှုကို သူမရှိရင်လဲပဲ အရသာပေါ်မှာမဟုတ်ဘူး။ ဝေဒနာကလဲ သာယာရတယ်။ သညာမှတ်သားမှုကလဲ သာယာရတယ်။ မမှတ်မိလို့ရှိရင်လဲပဲ ဘာမှအသုံးကျမှာ မဟုတ်ဘူး။ မှတ်မိတာကလေးလဲ သာယာရတယ်။ ပြီးတော့ တစ်စုံတစ်ခုဖြစ်အောင်လို့ ပြုပြင်မှု အားထုတ်မှုစတဲ့ သခါရက္ခန္ဓာတရားတွေ သူတို့ကလဲ သာယာရတယ်။ ဒါမရှိလို့ ရှိရင်လဲ ဘာမှဖြစ်မှာမဟုတ်ဘူး။ မြင်မှု၊ ကြားမှု၊ ဆန့်မှု၊ ကိုယ်အမှုအရာတွေ စိတ်အမှုအရာတွေ ဘာကိစ္စမှပြီးမှာမဟုတ်ဘူး။ အဲဒီတော့ သခါရက္ခန္ဓာတွေရှိလို့ ဒီအမှုကိစ္စတွေပြီးနေရတော့ သူတို့ကလဲ သာယာစရာတွေဖြစ်နေတယ်။

အဲဒါကြောင့် ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် ဒီခန္ဓာငါးပါးကို သာယာပြီးတော့နေကြတယ်၊ အဲဒီခန္ဓာငါးပါးဟာ သူသတ်ယောကျ်ားကြီးတွေပဲ၊ သူသတ်သမားကြီးတွေပဲ။ ဘဝတိုင်း ဘဝတိုင်းလိုက်ပြီးတော့ သတ်နေတယ်တဲ့၊ သေသေချာချာသိတယ်ဆိုရင်တော့ ကြောက်စရာပေါ့လေ။ ဒီလိုက မထင်သေးတော့လဲ မကြောက်ကြသေးဘူး။ သာယာမှုကရှိနေသမျှကာလပတ်လုံး ကြောက်စရာလို့ မထင်သေးဘူး။ သာယာမှုတွေ ကင်းသွားတဲ့အခါ အမှန်အတိုင်း သိသွားတဲ့ အခါကျမှ ကြောက်စရာတွေပဲ ဆိုတာထင်လာတယ်။ ကောင်းကောင်းကြီးထင်တာက ရဟန္တာဖြစ်မှထင်တာ။ ရဟန္တာမဖြစ်သေးရင်တော့ ဝိပဿနာရှုတဲ့ အခိုက်အတန့်မှာ အတော်အတန်တော့ ထင်တတ်တာပေါ့။ ဝိပဿနာရှုတဲ့အခိုက်အတန့်မှာ အဖြစ်အပျက်တွေမြင်ရတော့ ကြောက်စရာတွေပါတကားလို့၊ ထင်တတ်ပါတယ်။ အဲဒီ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေရဲ့ သူသတ်ယောကျ်ားဆိုတာ သူတို့ရဲ့အမည်ပဲတဲ့။

သေယျထိဒံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်နည်းဟူမူကား။ **ရူပုပါဒါနက္ခန္ဓော၊** ရုပ်ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏ လည်းကောင်း။ **ဝေဒနုပါဒါနက္ခန္ဓော၊** ဝေဒနာဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ **သညုပါဒါနက္ခန္ဓော၊** သညာဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ **သင်္ခါရုပါဒါနက္ခ-**

http://www.dhammadownload.com

နွယ်၊ သခ်ါရဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ **ဝိညာဏုပါဒါနက္ခန္ဓ-ာ**၊ ဝိညာဉ်ဟုဆိုအပ်သော ဥပါဒါနက္ခန္ဓာ၏လည်းကောင်း။ **အဓိဝစနံ**၊ အမည်ပေတည်း။

ဥပါဒါန်

ခန္ဓာငါးပါး "ထင်လွဲသာယာ၊ စွဲနှိုင်တာ၊ နှစ်ဖြာဥပါဒါန်" တစ်နေ့က အကျယ်ပြောခဲ့ပြီ။ ဥပါဒါနက္ခန္ဓာ ၂-ခုတွဲထားတာကို ဥပါဒါနက္ခန္ဓာဆိုတာ ဥပါဒါနနဲ့ ခန္ဓာနဲ့ တွဲထားတာ ဥပါဒါန်ဆိုတာက စွဲလမ်းနှိုင်တဲ့တရားတွေတဲ့။ အကျဉ်းချုပ်လိုက် လို့ရှိရင် ဥပါဒါန် ၄-ပါးထဲက ၂-ပါးထဲရတယ်။ တဏှာ ဒိဋ္ဌိ နှစ်ပါးပဲရှိတယ်။ တဏှာက သာယာပြီးတော့ စွဲလမ်းတယ်။ ဒိဋ္ဌိကအထင်မှားပြီးတော့ စွဲလမ်းတယ်။ ဒါကြောင့် "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်"၊ ဆောင်ပုဒ်ကလေး၊ ထင်လွဲတယ်၊ ဒိဋ္ဌိနဲ့သာယာတယ်။ တဏှာနဲ့အထင်လွဲပြီးတော့ စွဲလမ်းတယ်။ သာယာပြီးတော့လဲ စွဲလမ်းတယ်။ ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်၊ ဒါလေး ဆိုရဦးမယ်။

"ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်း"

အထင်လွဲပြီး စွဲလမ်းတာကဒိဋ္ဌိ၊ သာယာပြီး စွဲလမ်းတာကတဏှာ၊ မြဲတယ်။ ချမ်းသာတယ်၊ ကောင်းတယ်ထင်ပြီးတော့ သာယာပြီးတော့ စွဲလမ်းတယ်။ တဏှာနဲ့ စွဲလမ်းတာ၊ ရုပ်ကိုလဲ စွဲလမ်းတယ်။ နာမ်ကိုလဲ စွဲလမ်းတယ်။ ကိုယ့်ကိုယ်က ရုပ်ကို သာယာနေတာပဲ။ ကိုယ့်ရုပ်ကလေးနဲ့ ကိုယ်ကတော့ သာယာနေတာပဲ။ မသာယာဘဲ မရှိဘူး။ မသာယာလို့တော့ မဖြစ်ဘူး။ ဒီဥစ္စာက ကိုယ်ရထားတာကိုး။ သာယာရမှာပဲ။ ကိလေသာမကင်းသေးတဲ့ ပုဂ္ဂိုလ်ဖြစ်ရင် ကိုယ့်ရုပ်နဲ့ကိုယ် သာယာနေရမှာပဲ။ သာယာရမှာ၊ နှစ်သက်ရမှာ၊ သဘောကျရမှာပဲ၊ ဒါကြောင့် ကိုယ့်သန္တာန်ကရှိတဲ့ ရုပ်ကလေးတွေ သာယာနေတယ်တဲ့။ ကိုယ့်သန္တာန်ကသာ မဟုတ်ဘူး။ သူများသန္တာန်ရုပ်တွေလဲ သာယာတာပဲ။ မြင်ရတာ၊ ကြားရတာစသည်ဖြင့် သာယာနေတယ်။ နှစ်သက်သာယာသဘောကျနေတယ်။ အဲဒါ တဏှာနဲ့စွဲလမ်းတုန်းဆိုတော့ ငါ၊ ငါ့ဥစ္စာစွဲနိုင်တာ၊ ဥပါဒါနက္ခန်၊ ငါလို့လဲ စွဲလမ်းတယ်။ အထင်လွဲပြီး စွဲလမ်းတယ်။ ငါလို့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့စွဲလမ်းတယ်။ ငါ့ဥစ္စာလို့ဆိုတာကတော့ သာယာတဲ့

http://www.dhammadownload.com

သဘောပါပဲ။ ဒါကတဏှာနဲ့ စွဲလမ်းတာ။ ငါ-ငဲ့ဥစ္စာ-ဒါက ကျမ်းဂန်ထဲမှာ ရှေးတုန်းကသုံးတဲ့ ဝေါဟာရတွေပေါ့လေ။ ငဲ့ဥစ္စာလို့ စွဲလမ်းတဲ့ဥစ္စာတဏှာပဲ။

ဇတံ မမ၊

ဇတံ-ဤသည်ကား၊ **မမ**-ငဲ့ဥစ္စာတည်း။

ဒါက တဏှာစွဲလမ်းတာ၊ ဒီဠိကတော့ -

ဇသော မေ အတ္ထော၊

ဇသော-ဤသည်ကား။ **မေ**-ငါ၏။ **အတ္ထော**-အတ္တကိုယ်ထည်တည်း။

ဒါကငါပဲ၊ ငဲ့ကိုယ်ပဲ၊ ငါပဲလို့စွဲလမ်းတာ။ အဲဒါကတော့ ဒီဠိနဲ့စွဲလမ်းတာတဲ့။ အဲဒီအထင်လွဲပြီး စွဲလမ်းတာ။ ငါငဲ့ကိုယ်ပဲ။ အသက်ရှိနေတဲ့အကောင်ပဲ။ ဒီလို အထင်လွဲပြီးတော့ စွဲလမ်းတာဟာ ဒီဠိနဲ့စွဲလမ်းတာ။ ငဲ့ဥစ္စာပဲအနေနဲ့ ကိုယ့်ကိုယ် ထဲမှာဆိုရင်တော့ ငဲ့ဥစ္စာပဲဆိုတဲ့အနေနဲ့ စွဲလမ်းမှာပဲ။ ငဲ့မျက်စိ၊ ငဲ့နား၊ ငဲ့လက်၊ ငဲ့ကိုယ်၊ ငဲ့အဆင်းစသည်ဖြင့် ဒီလိုပဲစွဲလမ်းပါတယ်။ နာမ်တရားတွေလည်း ငဲ့စိတ်၊ ငဲ့ဝေဒနာ၊ စာမြောနဲ့ဝေဒနာပေါ့၊ အရုပ်သုံးနဲ့ဆိုရင်တော့ ငါ၏ကောင်းတာတွေ မကောင်းတာတွေ၊ အဲဒီလိုစွဲလမ်းတာ။ သခီရက္ခန္ဓာကျရင် ငါရဲ့အပြုအမူတွေ၊ ငါ တွေးမှုတွေ၊ ငါကြံမှုတွေဆိုပြီး စွဲလမ်းတာကိုး၊ အဲဒီလို ငဲ့ဥစ္စာအနေနဲ့ နှစ်သက်သာ ယာပြီး စွဲလမ်းတာတဏှာနဲ့စွဲလမ်းတယ်။ တဏှာဥပါဒါန်နဲ့စွဲလမ်းတယ်။

ဥပါဒါနက္ခန္ဓာ

အဲဒီလို ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာအနေနဲ့လည်းကောင်း စွဲလမ်းနိုင် တဲ့တရားတွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်သည်။ ဥပါဒါန်ရဲ့ အာရုံဖြစ်တဲ့တရားတွေ၊ စွဲလမ်းမှု၏ အာရုံဖြစ်တဲ့တရားတွေ၊ ဥပါဒါနက္ခန္ဓာလို့ခေါ်သည်။ ဒါလေးမှတ်ထား၊ တဏှာနဲ့စွဲလမ်းမှု၏ အာရုံ၊ ဒီဠိနဲ့စွဲလမ်းမှု၏အာရုံ၊ တဏှာနဲ့ စွဲလမ်းမှု၏အာရုံဆိုတာ သာယာအပ်တဲ့တရားတွေပဲ။ နှစ်သက်အပ်တဲ့တရားတွေ၊ ဒီတရားကို သာယာတယ် ဆိုရင် အဲဒီတရားဟာ တဏှာနဲ့ စွဲလမ်းတဲ့တရား။ ဒီတရားကို ပုဂ္ဂိုလ်သတ္တဝါလို့ သိနေလို့ရှိရင် အဲဒီတရားဟာ ဒီဠိနဲ့စွဲလမ်းတဲ့တရား။

http://www.dhammadownload.com

အဲဒါမြင်တဲ့အခါကာလမှာ မျက်စိကို ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် မျက်စိနဲ့ တကွ တစ်ကိုယ်လုံးဟာ ငါပဲလို့ ထင်လို့ရှိရင်ဖြင့် သူဟာ ဒိဋ္ဌိနဲ့စွဲလမ်းတာပဲ။ မျက်စိနဲ့ တကွ တစ်ကိုယ်လုံးကို နှစ်သက်သာယာမှုဖြစ်လို့ရှိရင် တဏှာနဲ့စွဲလမ်းတာ။ မြင်သိမှု ဆိုပါတော့။ မြင်သိမှုကို ငါပဲလို့ အသက်ရှင်နေတဲ့ အကောင်ပဲလို့ တကယ်ထင်ရင်ပေါ့။ အဲဒါဟာ ဒိဋ္ဌိနဲ့စွဲလမ်းတာပေါ့။ အဲဒီမြင်သိမှုကလေးကိုပဲ သဘောကျသာယာနှစ်သက်ပြီးတော့ သူ့ကိုပဲ သဘောကျပြီးတော့နေတာ။ ဒါက တဏှာနဲ့စွဲလမ်းတာ။ အဲဒီတဏှာနဲ့၊ ဒိဋ္ဌိနဲ့စွဲလမ်းနိုင်တဲ့တရား၊ စွဲလမ်းအပ်တဲ့တရားတွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်တဲ့။ ဒါကို နားလည်အောင်လို့ "ငါ-ငဲ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"လို့ ဆောင်ပုဒ်ပေးထားတယ်။ ငါဟူ၍ စွဲနိုင်တဲ့တရား, ငါလို့ ထင်မှတ်ရတဲ့တရား၊ ငဲ့ဥစ္စာလို့ထင်မှတ်ပြီး သာယာနှစ်သက်နိုင်တဲ့တရား၊ အဲဒီလိုတရားကို ဥပါဒါနက္ခန္ဓာဟူ၍ ခေါ်သည်။ ဆိုရမယ်။

"ငါ-ငဲ့ဥစ္စာ၊ စွဲနိုင်ထာ၊ ဥပါဒါနတွန်"။

ဝိပဿနာမရှုရတဲ့တရား

အခု ဝိပဿနာရှုနေတာဟာ အဲဒီ ဥပါဒါနက္ခန္ဓာတွေ ရှုရတာပဲ။ စွဲလမ်းတဲ့ တရားတွေရှုရတာ တဏှာနဲ့ ဒိဋ္ဌိနဲ့စွဲနိုင်တဲ့တရားတွေကို ဝိပဿနာရှုရတယ်။ တဏှာ ဒိဋ္ဌိနဲ့ မစွဲနိုင်တဲ့တရားတွေတော့ ဝိပဿနာရှုဖို့ရာမလိုဘူး။ တဏှာ ဒိဋ္ဌိနဲ့ မစွဲနိုင်တာတွေက ဘာတွေတုန်းဆိုတော့ လောကုတ္တရာတရားတွေပဲ။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား၊ အဲဒါတွေကတော့ တဏှာနဲ့လဲပဲ မစွဲလမ်းနိုင်ဘူး။ ဒိဋ္ဌိနဲ့လဲပဲ မစွဲလမ်းနိုင်ဘူး။ ဒိဋ္ဌိဆိုတာက ပုထုဇဉ်ရဲ့သန္တာန်မှာရှိတယ်။ အရိယာပုဂ္ဂိုလ်မှာ မရှိဘူး။ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဆိုတာက အရိယာဖြစ်ပြီးမှ ဒီမှာသိရတာကိုး။ ရောက်တဲ့အချိန်ကစပြီးတော့ သိရတယ်။ ဒီတော့ ဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တာကတော့ ထင်ရှားနေပါတယ်။ အရိယာအဖြစ်လဲရောက်ရော၊ ဒိဋ္ဌိကလဲ မရှိဘူး။ ဒီကျမှလဲပဲ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို တွေ့ရတာ။ ဒီတရားတွေကိုတော့ ဒိဋ္ဌိနဲ့မစွဲလမ်းဘူး။ ငါပဲ၊ မဂ်တရားကိုငါပဲ၊ ဖိုလ်တရားကို ငါပဲ။ နိဗ္ဗာန်တရားကို ငါပဲ၊ ဒီလိုတော့ မစွဲလမ်းဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီ မဂ်ဖိုလ်

http://www.dhammadownload.com

နိဗ္ဗာန်က အရိယာဖြစ်မှသိရတာ။ အရိယာဖြစ်တော့ ဒိဋ္ဌိကလဲမရှိဘူး။ ရူပ်တရား နာမ်တရားတွေပဲ။ ဖြစ်ပျက်နေတဲ့တရားတွေပဲဆိုတာ ပိုင်ပိုင်နိုင်နိုင် သဘောကျသွား ရှင်းသွားပြီ။

အရိယာမှာ သက္ကာယဒိဋ္ဌိတင်းပုံ

အမှုမဲ့ အမှတ်မဲ့နေလို့ရှိရင်တော့ သူများလိုပဲ သွားလိုက်လာလိုက်၊ စားလိုက် သောက်လိုက်၊ စကားပြောလိုက်ဆိုတော့ အတူတူလိုဖြစ်နေတယ်။ ငါလို့အစွဲအလမ်း ရှိသေးသလိုပဲ။ စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း ငါကလေးက ပျောက်နေ တယ်။ အရိယာပုဂ္ဂိုလ်က ဒိဋ္ဌိအစွဲအလမ်းမရှိဘူး။ "ရူပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"၊ အရိယာ မဂ်ဖိုလ်ရသွားပြီးတဲ့ပုဂ္ဂိုလ်ဟာ ဆင်ခြင်ကြည့်လိုက်မယ်ဆိုရင် ဒီကိုယ်ထဲမှာ ရူပ်နာမ်မျှပဲ။ ဖြစ်ပျက်နေတဲ့ တရားမျှပဲဆိုတာ ရှင်းနေတယ်။ တရား အားထုတ်စဉ် အခါကာလက တွေ့ထားတယ်။ ဝိပဿနာရှုတိုင်း ရှုတိုင်း၊ ဝိပဿနာ ရှုတုန်းက အဖြစ်အပျက်တရားကလေးတွေ တွေ့ထားတယ်။ အဲဒီအဖြစ်အပျက် တရားလေးတွေပဲပြန်ပြီးတော့ ပေါ်လာတယ်။ ဒီလိုဖြစ်ပျက်နေတဲ့ တရားမျှသာရှိ တာပဲ။

ဒါကိုပဲ ငါလို့၊ သူလို့၊ ယောကျ်ားလို့။ မိန်းမလို့၊ ပုဂ္ဂိုလ်လို့၊ သတ္တဝါလို့ ခေါ် နေကြတယ်တဲ့။ အမှန်စင်စစ်တော့ ဒီထဲမှာငါကောင်၊ သတ္တဝါကောင်၊ ပုဂ္ဂိုလ်ကောင် မရှိဘူးဆိုတာ အသိဉာဏ်ကရှင်းနေတယ်။ စဉ်းစားတိုင်း စဉ်းစားတိုင်း ရှင်းနေ တယ်။ မစဉ်းစားဘဲနဲ့ အမှတ်တမဲ့နေတဲ့အခါတော့ သူများလိုပဲ သွားလိုက်လာလိုက်၊ စားလိုက်သောက်လိုက်၊ စကားပြောလိုက်၊ ဘေးကနေပြီး ကြည့်မယ်ဆိုလို့ရှိရင် ဒီလိုပါပဲ။ ဒီအရိယာပုဂ္ဂိုလ် သောတာပန်၊ သကဒါဂါမ်တို့ဟာ သူများလိုပဲလို့ ထင် ရလောက်အောင်ပါပဲ။ သိပ်မကွာဘူး သူက။

ဒါပေမယ်လို့ သူစိတ်ထဲ သူဉာဏ်ထဲမှာတော့ စဉ်းစားတိုင်း စဉ်းစားတိုင်း ပုဂ္ဂိုလ်သတ္တဝါအစွဲအလမ်းပျောက်နေတယ်။ ဝိပဿနာရှုမယ်ဆိုရင်တော့ အထူး ပြောစရာမလိုဘူး။ ရှုလိုက်မှတ်လိုက်လို့ရှိရင် အဖြစ်အပျက်ကလေးတွေ တစ်ပိုင်း စီ တစ်ပိုင်းစီကလေးတွေ ပိုင်းခြားပြီးတော့သိတယ်။ ဒီတော့ ဒိဋ္ဌိအစွဲအလမ်း

http://www.dhammadownload.com

သူမှာ မရှိဘူးတဲ့။ "ရုပ်နာမ်အစု ငါကောင်ဟု ထင်မှုမရှိပါ"တဲ့။ ရုပ်နာမ်အစုမျှကို ငါကောင်ပဲ၊ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်မှတ်စွဲလမ်းခြင်း မရှိတော့ဘူးတဲ့။ ဒီလိုဖြစ် နေပါတယ်။

ဒါကြောင့်မို့ အရိယာဖြစ်တဲ့အချိန်မှာ ဒိဋ္ဌိကမရှိဘူး။ အရိယာဖြစ်ပြီးမှသိရတဲ့ မဂ်တရား၊ ဖိုလ်တရားတွေ ဒိဋ္ဌိကမရှိတော့ ဘယ်မှာစွဲလမ်းတော့မှာတုန်း။ မစွဲလမ်းနိုင်ဘူး။ မဂ်တရား ဖိုလ်တရားသာမဟုတ်ဘူး။ အရိယာပုဂ္ဂိုလ်က ရုပ်နာမ်တရားတွေ သာမန်တရားတွေလဲ သူကမစွဲလမ်းတာ။ အရိယာဖြစ်ပြီးတဲ့နောက်တော့ ရုပ်နာမ်တရားတွေမြင်မှုတို့၊ ကြားမှုတို့၊ အဲဒါတွေလဲ ငါကောင်ပဲလို့ မစွဲလမ်းဘူး။ စွဲလမ်းမှုသူကင်းနေတယ်။ သာမန်အားဖြင့်တော့ကို ငါပဲ။ သူပဲလို့ ဒီလိုပြောရတာပဲ။ ငါပဲ၊ သူပဲ၊ ငါသွားတယ်၊ ငါးစားတယ်၊ ငါနေတယ်၊ ငါထိုင်တယ်စသည်ဖြင့် ဒီလိုတော့ ပြောပါတယ်၊ စိတ်ကူးထဲလဲ ဒီလိုစိတ်ကူးလဲ ရှိပါတယ်။ ဒါပေမယ်လို့ အသက်ရှင်နေတဲ့ ငါကောင်ကလေး၊ အသက်ကောင်ကလေးရှိတယ်လို့တော့ ဒီလို စွဲလမ်းမှုက မရှိဘူး။ အဲဒီဒိဋ္ဌိကင်းတယ်။ ဒါကြောင့်မို့ "ရုပ်နာမ်အစု၊ ငါကောင်ဟု ထင်မှုမရှိပါ"။ ဒါအရိယာ ပုဂ္ဂိုလ်မှာသက္ကာယဒိဋ္ဌိကင်းနေပုံ။ ဆိုစမ်းပါဦး။

"ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။"

အရိယာဖြစ်ပြီးတဲ့ပုဂ္ဂိုလ်က ရုပ်နာမ်တရားမျှကို ငါကောင်ပဲလို့ အသက်ရှင်နေတဲ့ အကောင်ဟုတ်တယ်လို့ စွဲလမ်းတဲ့ အစွဲအလမ်းမရှိဘူးတဲ့။ သာမညအားဖြင့်တော့ ဒီလိုပါပဲ။ ငါပဲ၊ သူပဲ၊ သာမညတော့ ဒီလိုအထင်ကလေးတွေ ရှိနေတာပါပဲ။ စဉ်းစားဆင်ခြင်လိုက်ရင်တော့ ငါမဟုတ်ဘူး။ ရုပ်နာမ်မျှပဲ ဖြစ်ပျက်နေတဲ့ တရားမျှပဲဆိုတာ သဘောက်နဲ့သူရှင်းပြီးတော့သိတယ်။

ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒီလိုမရှင်းဘူး။ သူက အသက်ကလေး၊ အကောင်ကလေးက တကယ်ရှိသလိုလို ဘာလိုလိုရှိတယ်လို့လဲ ထင်နေတာပါပဲ။ စာပေကျမ်းဂန်အရနဲ့တော့ ရုပ်မျှပဲ၊ နာမ်မျှပဲ၊ ဒါလောက်တော့သိတာပဲ၊ သိပေမယ်လို့ စဉ်းစားဆင်ခြင်လိုက်လို့ရှိရင်ဖြင့် စဉ်းစားဆင်ခြင်နေတာကိုက ငါဟုတ်နေတာလိုလို ဖြစ်နေတယ်။

http://www.dhammadownload.com

ဖြစ်ပျက်သိရင် မစွဲလမ်း

ဝိပဿနာရှုထားတဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီစဉ်းစားဆင်ခြင်တဲ့ စိတ်ကလေး ကလဲပဲ (တစ်စိတ်ချင်း တစ်စိတ်ချင်း၊ တစ်ခုချင်းတစ်ခုချင်းဖြစ်နေတယ်ဆိုတာ ဝိပဿနာရှုခဲ့တုန်းကတည်းက သိခဲ့ပြီးသားဖြစ်နေတယ်။ ဒါကြောင့် သူဥစ္စာဖြစ်ပျက်နေတဲ့ တရားမျှပဲလို့ ပိုင်ပိုင်နိုင်နိုင်ရှင်းနေပါတယ်။ အကောင်းကလေးမရှိဘူး။ အဲဒီတော့ လောကီတရားမြင်ကြားနေတဲ့ တွေ့ထိသိနေတဲ့ လောကီရုပ်နာမ်တရားတွေ အပေါ်မှာတောင်မှ သူကစွဲလမ်းခြင်းမရှိဘဲ အရိယာဖြစ်ပြီးမှ သိရတဲ့မဂ်တရား။ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ ဘယ်မှာစွဲလမ်းခြင်းရှိတော့မှာလဲ။ ဒါကြောင့် မဂ်ဖိုလ် နိဗ္ဗာန်တရားဆိုတာကတော့ ဒိဋ္ဌိနဲ့က လုံးလုံးကိုမစွဲလမ်းနိုင်ဘူး။ ဇာဏ်ကတော့ တချို့အရိယာပုဂ္ဂိုလ်မှာရှိတယ်။ သာယာမှုကတော့၊ ဒါပေမယ့်လည်း မဂ်တရား ဖိုလ်တရားတွေကိုတော့ သူကမစွဲလမ်းဘူး။ မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေက စွဲလမ်းဖို့ရာမဟုတ်ဘူး။ မဂ်ဖိုလ်ဖြစ်တဲ့ အခါကာလ ရုပ်နာမ်သခ်ါရ ငြိမ်းတဲ့သဘောလေးရောက်သွားတယ်။ ငြိမ်းတဲ့သဘောက နိဗ္ဗာန်၊ ငြိမ်းတဲ့သဘောကို ရောက်သွားတာက မဂ်တရား၊ ဖိုလ်တရား။ သူဟာသာယာစရာ မက်မောစရာတော့ မဟုတ်ဘူး။ ကောင်းတယ်လို့တော့ သိရတယ်။ ငြိမ်းနေတာဟာ ကောင်းတာပဲ။ မြင်လိုက် ကြားလိုက် တွေ့လိုက် ထိလိုက် ဒါတွေက ဒုက္ခရောက်နေတာပဲ။ ငြိမ်းနေတာကတော့ ကောင်းတယ်လို့ ဒီလိုတော့သိရတယ်။ ဒါပေမယ်လို့ အဲဒီဥစ္စာတွေက သာယာစရာအနေအားဖြင့် ဒီလိုမထင်ဘူး။ သာယာပြီးတော့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို မစွဲလမ်းဘူးတဲ့။ အရိယာပုဂ္ဂိုလ်က။

စွဲလမ်းနိုင်တာကတော့ လောကီတရားတွေသာ စွဲလမ်းတာ၊ ပကတိမြင်နေတာတွေ ကြားနေတာတွေ အရိယာဖြစ်ပြီးပေမယ့်လဲ တဏှာနဲ့ကတော့ သာယာပြီး စွဲလမ်းသေးတာပဲ။ ဒိဋ္ဌိနဲ့ကတော့ မစွဲလမ်းဘူး။ မြင်မှု၊ ကြားမှုတွေ၊ သာယာနေသေးတာပဲ။ ကိလေသာမကင်းသေးသမျှ ကာလပတ်လုံး သာယာနေတယ်။ သာယာလို့ အဲဒီသောတာပန်တို့၊ သကဒါဂါမ်တို့ဆိုတာ ကာမဂုဏ်တွေက ကင်းမှ မကင်းသေးပဲ။ အနာဂါမ်ဖြစ်ပြီးတော့သွားမှ ကာမဂုဏ်အာရုံတွေသာယာမှုကင်း

http://www.dhammadownload.com

သွားတာ။ ဒါတောင်မှ သူဟာရူပရာဂ၊ အရူပရာဂဆိုတာ ရှိတယ်။ ရူပဩဇာဘဝမျိုး၊ အရူပဘုံဘဝ ဩဇာမျိုး၊ အဲဒီဟာတွေ သာယာမှုတွေ အဲဒီရုပ်နာမ်တွေတော့ သာယာနေသေးတာပဲ။ ရူပဘဝ၊ အရူပဘဝ၊ ရူပဈာန်၊ အရူပဈာန်၊ အဲဒီတရားတွေတော့ သဘောကျတုန်း၊ သာယာတုန်း၊ နှစ်သက်တုန်း ရှိသေးတယ်။ အဲဒီကို သာယာပြီးတော့ စွဲလမ်းနိုင်တဲ့တရားတွေ၊ ဥပါဒါနက္ခန္ဓာတွေ၊ အဲဒီဥပါဒါနက္ခန္ဓာ တရားတွေကို သာယာပြီးတော့ စွဲလမ်းမှုမဖြစ်ရအောင် အထင်မှားပြီးတော့ စွဲလမ်းမှုမဖြစ်ရအောင်လို့ ဒါတွေရှုရတာ။

စွဲလမ်းမှုမဖြစ်အောင် ဝိပဿနာရှု

ဝိပဿနာရှုတယ်ဆိုတာ မြင်တိုင်း၊ ကြားတိုင်း၊ ဖွါရ-၆ပါးက ပေါ်တိုင်း ပေါ်တိုင်းတွေ ရှုနေရတာ။ တစ်နေ့ကခွဲခဲ့ပြီ။ မြင်တာလဲပဲ ရုပ်နဲ့နာမ်ပဲ။ ကြားတာလဲပဲရုပ်နဲ့နာမ်ပဲ။ တစ်နေ့ကခွဲပြီးပါပြီ။ အဲဒီရုပ်နာမ်တွေကို "ငါ ငဲ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"ဆိုတာ ဘာတွေတုန်းဆိုလို့ရှိရင် "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာဏ်ငါးတန်" ဥပါဒါနက္ခန္ဓာတရားဟာ ဘာလဲဆိုရင် ရုပ်၊ ဝေ-ရုပ်တရား၊ ဝေ-က ဝေဒနာတရား၊ ရုပ်ဝေ သညာက သညာက္ခန္ဓာ၊ သင်္ခါရာက သင်္ခါရက္ခန္ဓာ၊ ရုပ်ဝေ သညာ သင်္ခါရာ၊ ဝိညာ-ဝိညာက ဝိညာဉ်၊ ဝိညာဏက္ခန္ဓာ၊ အဲဒီငါးပါးသော တရားတွေပဲတဲ့၊ ခေါင်းစဉ်ကလေးသိရုံပဲ၊ ဒီမှာ ထည့်ထားတယ်။ ဥပါဒါနက္ခန္ဓာ ငါးပါး တရားဆိုတာ ဘာတုံး "ရုပ်, ဝေ, သညာ, သင်္ခါရာ, ဝိညာ ဤငါးတန်" ဒါလေးဆို စမ်းပါဦး။

"ရုပ်, ဝေ, သညာ, သင်္ခါရာ, ဝိညာ ဤငါးတန်း"

ဒီဆောင်ပုဒ်ကလေး ရသောအားဖြင့် ဥပါဒါန်ဆိုတာ ဘာလဲဆိုတာ အဓိပ္ပါယ်နားလည်ရမှာကိုး။ ဥပါဒါန်ဆိုတာ စွဲလမ်းတာ၊ ဘယ်လိုစွဲလမ်းတာလဲ "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်" ထင်လွဲပြီး စွဲလမ်းတာ ဒီဌိ၊ သာယာပြီးစွဲလမ်းတာက တဏှာ၊ အဲဒါဥပါဒါန်တွေတဲ့။ နှစ်ဖြာဥပါဒါန် စွဲလမ်းတော့ ဘယ်လိုလုပ်စွဲသတုန်းဆိုတော့ ငါ-ငဲ့ဥစ္စာတဲ့။ ငါဟူ၍လည်းကောင်း၊ ငဲ့ဥစ္စာဟူ၍လည်းကောင်း စွဲလမ်းသည်တဲ့။ အဲဒီလို စွဲလမ်းနိုင်တဲ့ဥစ္စာတွေကို ဥပါဒါနက္ခန္ဓာဟူ၍

http://www.dhammadownload.com

ခေါ်တယ်။ "ငါ-ငါ့စွာ၊ စွဲနိုင်တာ၊ ဥပါဒါနကွန်"၊ ဥပါဒါနကွန္ဓဆိုတာ ငါဟူ၍လည်း ကောင်း၊ ငါ့စွာဟူ၍လည်းကောင်း စွဲနိုင်တဲ့တရားတွေ၊ ရူပ်တရား နာမ်တရားတွေပေါ့။ မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးကပေါ်တဲ့တရားတွေပါပဲ။ အဲဒီတရားတွေ ဥပါဒါန်ဖြင့် စွဲလမ်းတယ်။ ဥပါဒါန်၏အာရုံဖြစ်လို့ ဥပါဒါနကွန္ဓာလို့ခေါ်တယ်။

အဲဒီဥပါဒါနကွန္ဓာတွေသရုပ်အားဖြင့် ဘယ်နှစ်ပါးရှိတုန်းဆိုရင် ငါးပါးရှိတယ်။ အဲဒါ ဘာတွေတုန်းဆိုလို့ရှိရင် ရူပ်, ဝေ, သညာ၊ သခါရာ၊ ဝိညာ ဤငါးတန် "ရူပ်ကရူပ် တစ်မျိုး၊ ဝေက ဝေဒနာကတစ်မျိုး၊ သညာက သညာပါပဲ။ သူကတော့၊ သခါရာ, ဝိညာဉ် အဲဒီငါးပါးပဲတဲ့။ အဲဒါ တစ်နေ့က ဟောပြီးသားပါပဲ။ ခေါင်းစဉ်ကလေးပြန်ပြီးတော့ ဖော်ရတယ်။ တရားတစ်ပတ်နဲ့တစ်ပတ်က ဝေးသွားတော့ ပြန်ဖော်ရတယ်။

အဲဒီ ဥပါဒါနကွန္ဓာငါးပါးသော တရားတွေဟာ သူသတ်ယောက်ျားကြီးတွေပါပဲ။ သတ္တဝါတွေလိုက်ပြီးတော့ သတ်နေတာသူတို့ပဲ။ ခန္ဓာငါးပါးရှိတဲ့ ဘုံဘဝတွေမှာ ခန္ဓာငါးပါးက သူသတ်ယောက်ျားငါးဦးပဲ။ ခန္ဓာ ၄-ပါးရှိတဲ့ ဘဝရှိတယ်။ အရူပဘဝတွေ၊ စိတ်နာမ်တရားချည်းထဲပဲ၊ ရူပ်မရှိဘူး။ အဲဒီမှာတော့ ဝေဒနာကွန္ဓာ၊ သညာကွန္ဓာ၊ သခါရကွန္ဓာ၊ ဝိညာဏကွန္ဓာ ၄-ပါးပဲ။ သူသတ်ယောက်ျား ၄-ဦးပဲရှိတယ်။ အသညသတ်ဘုံဆိုတာက ရူပ်တစ်မျိုးတည်းရှိတယ်။ ရူပကွန္ဓာတစ်ပါးတည်းပဲ။ ဝေဒနာ၊ သညာ၊ သခါရ၊ ဝိညာဉ်မရှိဘူး။ ရူပ်ချည်းတည်း ရှိတယ်။ အဲဒီမှာတော့ သူသတ်ယောက်ျားတစ်ယောက်တည်းပေါ့။ တစ်ဦးတည်းပဲရှိတယ်။ ရူပကွန္ဓာတစ်ခုတည်း ခန္ဓာတစ်ပါးသာရှိတဲ့ အသညသတ်ဘုံမှာ ရူပ်ခန္ဓာကသူသတ်သမားပဲ။ ခန္ဓာ ၄-ပါးရှိတဲ့ အရူပဘုံမှာ ခန္ဓာ ၄-ပါးက သူသတ်သမား ၄-ဦးပဲ။ ခန္ဓာငါးပါးရှိတဲ့ ပဉ္စဝေါကာရဘုံမှာ ပါဠိလိုခေါ်တယ်။ ပဉ္စဝေါကာရ၊ ပဉ္စ ၅-ခု၊ ဝေါကာရ-က ခန္ဓာပဲ။ ခန္ဓာငါးပါးရှိတဲ့ဘုံ၊ ဒါတွေကတော့ အခုလူဘုံတို့၊ အပါယ် ၄-ဘုံတို့၊ နတ်ပြည် ၆-ထပ်တို့၊ ပြီးတော့ကို စိတ်ဝိညာဉ်နဲ့တစ်ကွ ဖြစ်နေတဲ့ ရူပါဝစရဘုံတွေ အဲဒီဘုံတွေက ၁၅-ခုရှိတယ်။ အဲဒီ ၁၅-ဘုံ၊ အဲဒါတွေဟာ ခန္ဓာငါးပါးလုံးရှိတော့ ခန္ဓာ ၅-ပါးလုံး သူသတ်သမားတွေပဲ။

http://www.dhammadownload.com

ခန္ဓာ ၅-ပါးမှ လွတ်အောင် တရားအားထုတ်

အဲဒီသူသတ်သမားတွေမှ လွတ်မြောက်အောင်လို့ တရားအားထုတ်ရတယ်။ အဲဒီ သူသတ်သမားတွေမှ လွတ်အောင်လို့ ပြေးရတယ်။ ခုနက ဥပမာမှာ ပေးထားတဲ့ မြွေထိန်းယောကျ်ား၊ သူသတ်သမားကြီး ၅-ယောက်က နောက်က တွေ့ရာသတ်ဖို့ လိုက်နေတယ်ဆိုတာမြင်ပြီးတော့ ကြောက်လို့ပြေးရသလို၊ ဒီမှာလဲပဲ ဒီခန္ဓာ ၅-ပါးတရားတွေမှ လွတ်မြောက်အောင်လို့ တရားအားထုတ်ရတယ်။ မြင်တိုင်း မြင်တိုင်း ရှုမှတ်နေတာဟာ ခန္ဓာငါးပါးမှ လွတ်မြောက်အောင်လို့ ပြေးနေတာ။ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်ရှားတိုင်း၊ စိတ်ကူးစဉ်းစားကြံစည်တိုင်း၊ ရှုမှတ်နေတဲ့ ဥစ္စာတွေဟာ ဒီခန္ဓာငါးပါး သူသတ်တရားတွေလက်မှ လွတ်အောင်လို့ပြေးတာပဲ။ တစ်ခါမှတ်လိုက်ရင် တစ်ခါပြေး၊ တစ်ခါမှတ်လိုက်ရင် တစ်ခါပြေး၊ မမှတ်ဘဲနဲ့နေတဲ့ ပုဂ္ဂိုလ်ကတော့မပြေးဘူး။ ဒါကတော့ တစ်ခါမှတ်လိုက်လို့ရှိရင်လဲ ဒီမှတ်မိတဲ့အာရုံနဲ့စပ်ပြီးတော့ ကိလေသာမဖြစ်နိုင်ဘူး။

ဝိပဿနာဉာဏ်ဖြင့်မှတ်လို့ ရုပ်တရား, နာမ်တရား အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ အမှန်အတိုင်း သိရတဲ့အာရုံမှာ ကိလေသာမဖြစ်ဘူး။ ကိလေသာမဖြစ်တော့ အဲဒီအာရုံနဲ့စပ်ပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံတွေမဖြစ်ရဘူး။ ကံက နေပြီး အကျိုးပေးတဲ့ ဘဝတွေလဲမဖြစ်ရဘူး။ မနာရဘူး၊ မသေရဘူး၊ ခန္ဓာငါးပါးက မသတ်ရတော့ ခန္ဓာငါးပါး အသတ်မခံရတော့ဘူး။ ခန္ဓာငါးပါး အသတ်ခံရခြင်းမှ လွတ်သွားတယ်တဲ့။ တစ်ခါမှတ်ရင် တစ်ခါလွတ်တာပဲ။ တစ်ခါမှတ်ရင် တစ်ခါလွတ်၊ မှတ်တိုင်း မှတ်တိုင်းလွတ်တယ်။

ဘဝဉာဏ်ရောတော်မှ လွတ်တာ

အဲဒါ ဘယ်လောက်ကစပြီးတော့ လွတ်တုန်းဆိုရင် သေသေချာချာဆိုရင်တော့ ဘင်္ဂဉာဏ်လောက်ကမှ စပြီးတော့လွတ်တယ်။ အောက်နားပိုင်းတွေက သိပ်ပြီးတော့ မလွတ်သေးဘူး။ ဘင်္ဂဉာဏ်ကနေပြီးတော့ အပျက်ကလေးတွေ ထင်လာမှ အဲဒါ ဒီကနေ့ ဝိပဿနာဉာဏ်ကလေး နည်းနည်းဟောရမယ်။ ရုပ်ခန္ဓာ နာမ်ခန္ဓာ

http://www.dhammadownload.com

ကွဲပုံကအစ တစ်နေ့ကတည်းကပြောတော့ ပြောပြီးပါပြီ။ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေကတော့ မြင်တိုင်း၊ ကြားတိုင်း၊ ဒွါရ ၆-ပါးက ပေါ်လာသမျှတွေဟာ ရုပ်နဲ့နာမ် ချည်းထဲပဲ။ တစ်နေ့ကပြောပြီးပြီ။

မြင်ဆဲခဏမှာ မျက်စိကရုပ်၊ မြင်ရတာကရုပ်၊ ရုပ်ခန္ဓာ ၂-ခု မြင်သိတာက နာမ်၊ နာမ်ခန္ဓာက ပေါင်းစုလိုက်ရင် တစ်မျိုးပေါ့လေ။ မြင်သိတာလေး၊ တစ်ခုတည်းမှာပဲ ခွဲလိုက်လို့ရှိရင် သိကာမျှဝိညာဏက္ခန္ဓာရှိတယ်။ မြင်လို့ကောင်းတာ မကောင်းတာ ဝေဒနက္ခန္ဓာရှိတယ်။ မြင်ရတာလေး မှတ်သားတဲ့သဘော သညာက္ခန္ဓာရှိတယ်။ မြင်မှုဖြစ်အောင်လို့ ကြောင့်ကြစိုက်အားထုတ်ပေးတဲ့သဘော သခါရက္ခန္ဓာရှိတယ်။ နာမ်ခန္ဓာ ၄-ပါးလုံးပါတယ်။ မြင်မှုထဲမှာ မြင်တယ်ဆိုတာဟာ ပေါင်းလိုက်လို့ရှိရင် ရုပ်ခန္ဓာနဲ့နာမ်ခန္ဓာ အကုန်လုံးခန္ဓာငါးပါးပဲ။ ဥပါဒါနက္ခန္ဓာငါးပါးလုံး၊ အဲဒီ ငါးပါးလုံးမှာ ခုနကပြောခဲ့တဲ့ တဏှာနဲ့ဒိဋ္ဌိနဲ့က စွဲလမ်းနေတယ်။ တဏှာနဲ့သာယာပြီးတော့လည်း စွဲလမ်းနိုင်တယ်။ ဒိဋ္ဌိနဲ့ငါပဲဆိုပြီးတော့ အထင်မှားပြီးတော့လဲ စွဲလမ်းနိုင်တယ်။

တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် အကုန်လုံးစွဲလမ်းနေတာပဲ။ အားထုတ်တဲ့ပုဂ္ဂိုလ်တောင် မရှုမိ မမှတ်မိတဲ့အာရုံနဲ့စပ်ပြီးတော့ စွဲလမ်းတုန်းပဲ။ ဘယ်ကျမှ အစွဲအလမ်းကင်းသွားတုန်းဆိုတော့ ခုနကပြောတဲ့ ဘင်္ဂဉာဏ်ဆီကနေပြီး အဲဒီကနေပြီး ရှုတိုင်းမှတ်တိုင်း အာရုံကလေးမှာ ကင်းသွားတယ်။ ဒါလဲပဲ အမြဲတမ်းကင်းတာမဟုတ်ဘူး။ ရှုမိတဲ့အာရုံကလေးမှာ ကင်းတာ။ မရှုမိတဲ့ အာရုံကလေးကတော့ စွဲလမ်းတုန်းပဲ။ အရိယာအဖြစ် ရောက်သွားတဲ့အခါကျတော့ ခုနကပြောခဲ့တဲ့အတိုင်း၊ ဒိဋ္ဌိနဲ့စွဲလမ်းမှုတစ်ခု ကင်းသွားတယ်။ တဏှာနဲ့စွဲလမ်းမှုကတော့ တစ်ချို့ အရိယာမှာရှိသေးတယ်။ အဲဒါ ဘယ်ကျမှ လုံးလုံးကင်းတုံးဆိုရင် အရဟတ္တမဂ်ရောက်မှ ရဟန္တာဖြစ်မှပဲ။ ဒီအစွဲအလမ်း လုံးလုံးကင်းမယ်။ အဲဒီရောက်အောင် အားထုတ်ရမယ်။

အဲဒီတော့ မြင်ဆဲခဏမှာ မျက်စိနဲ့အဆင်းက ရုပ်ခန္ဓာ၊ မြင်သိမှုက နာမ်ခန္ဓာ၊ ရုပ်နဲ့နာမ်နဲ့ ၂-ခုပဲခွဲတော့မယ်။ ဒါလွယ်လွယ်ပဲ၊ အဲဒီကစပြီး ကွဲရမှာ၊ ရုပ်တရား

http://www.dhammadownload.com

နာမ်တရားခွဲရလို့ရှိရင် ဒီလိုကွဲရမှာ၊ မြင်ဆဲခဏာ၌ မျက်စိနဲ့အဆင်းတစ်ကိုယ်လုံးက၊ ကိုယ့်သန္တာန်ကဆိုရင်တော့ တစ်ကိုယ်လုံးမြင်ရတဲ့အဆင်းနဲ့တကွ တစ်ကိုယ်လုံး၊ သူများသန္တာန်ကဆိုရင်တော့ တစ်ကိုယ်လုံးမြင်ရတဲ့ အဆင်းနဲ့တကွ တစ်ကိုယ်လုံး ရူပ်တရားတွေချည်း၊ ဒါက အာရုံကိုမသိတတ်တဲ့ တရားတွေပဲ။ တုံး၊ တိုင်၊ ကျောက်ခဲ၊ မြေကြီးခဲများလို အာရုံကိုမသိတတ်တဲ့ တရားတွေပဲ။ ဆန့်ကျင်ဘက်အကြောင်းနဲ့တွေ့ရင်တော့ ဖောက်ပြန်တတ်လို့ သူတို့ကိုရူပ်လို့ခေါ်တယ်။ အအေးနဲ့တွေ့ရင်လဲ တစ်မျိုးတစ်မည်ပြောင်းလဲတယ်။ အပူနဲ့တွေ့ရင်လဲ တစ်မျိုးတစ်မည်ပြောင်းလဲတယ်။ အဲဒီလို ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ တွေ့တိုင်းပြုပြင်ပြောင်းလဲတတ်လို့ ရူပ်လို့ခေါ်တယ်။

မြင်သိသွားတာကလေးက နာမ်ခန္ဓာ၊ မြင်ရတဲ့အာရုံကလေး မြင်သိသွားတယ်။ ပြီးတော့ ရှုမှတ်ပြီး သိသွားတာကလေးကလည်း နာမ်ခန္ဓာ။

ဒါကြောင့်မို့ မြင်တာ၊ သိတာက နာမ်၊ မြင်ဆဲခဏာ၌ မျက်စိနဲ့အဆင်းကရူပ်၊ မျက်စိဆိုရင် မျက်စိနဲ့တကွ တစ်ကိုယ်လုံးပဲ။ အဆင်းဆိုရင်လဲပဲ အဆင်းတည်ရာဌာန တစ်ကိုယ်လုံးပဲ။ ကိုယ့်သန္တာန်က ဖြစ်ဖြစ်၊ သူများသန္တာန်က ဖြစ်ဖြစ်၊ တစ်ကိုယ်လုံးပဲ။ အဲဒါ ရူပ်တရားပဲ။ အသက်ရှင်နေတဲ့ သဘောမျိုးမဟုတ်ဘူး။ သိတတ်တဲ့သဘောမျိုးမဟုတ်ဘူး။ မသိတတ်တဲ့သဘောမျိုး၊ ဆန့်ကျင်ဘက်နဲ့တွေ့လို့ရှိရင် တစ်မျိုးတစ်မည် ပြောင်းလဲဖောက်ပြန်တတ်တဲ့တရားဟာ ရူပ်တရားပဲ။ မြင်တာသိတာတဲ့။ မြင်တာဟာလဲ နာမ်တရားပဲ။ မြင်တာကို မှတ်သိသွားတာရှိတယ်။ မြင်တာ သိတာက နာမ်တရား၊ ရူပ်နဲ့နာမ် ဝိပဿနာရှုရင် ဒီလိုကွဲရမှာကိုး၊ ဆိုရမယ်။

"မြင်ဆဲခဏာ၌ မျက်စိနဲ့အဆင်းကရူပ်၊ မြင်တာ သိတာကနာမ်။"

မျက်စိဆိုတာက မြင်မှု၏ တည်ရာလေးကို၊ ဒီကနေပြီးတော့ မြင်တယ်လို့ ထင်ရတယ်။ မျက်လုံးကြီး ပုံသဏ္ဌာန်ကြီးရယ်လို့ မဟုတ်ပါဘူး။ မြင်ရာဌာနကလေးပေါ့။ အဆင်းဆိုတာကလဲ မြင်ရတဲ့အရာပဲ။ ဒါပါပဲ။ မျက်စိနဲ့အဆင်းကရူပ်၊ ဒီအဆင်းကလေးက အမှုန်ကလေးသေးသေးလေးကလေးပဲလို့ ဒီလိုထင်ရမယ်လို့ မဟုတ်ပါဘူး။ သေးသေးရယ်လို့ မဟုတ်ပါဘူး။ မြင်ရတာဆိုရင် ပြီးတာပါပဲ။

http://www.dhammadownload.com

မြင်ရတဲ့ဥစ္စာသေးသေးဆို သေးသေးရှိမှာပဲ။ ကြီးကြီးမြင်ရတဲ့အခါ ကြီးကြီးရှိမှာပဲ။ သေးတယ် ကြီးတယ်တွေဆိုတာကတော့ ဒါကမနောဒွါရနဲ့ကြဲဆပြီးတော့ ယူအပ်တဲ့ပညတ်တွေ၊ မြင်ရတဲ့သဘောဟာ မြင်ရတဲ့သဘောပါပဲ။ သေးတာကြီးတာ ပဓာနမဟုတ်ဘူး။ မျက်စိနဲ့အဆင်း မျက်စိရယ်, မြင်ရတဲ့အဆင်းရယ် အဲဒီဥစ္စာရုပ်တရားတဲ့။

မျက်စိဆိုတာဟာ မြင်မှု၏တည်ရာပဲ။ မျက်စိအနေအားဖြင့် မျက်လုံးကြီးနဲ့ ထင်ရမှ မဟုတ်ဘူး။ မြင်မှုတည်ရာအနေအားဖြင့် မြင်မှုကလေး၊ ဒီကနေဖြစ်သွားတယ်ဆိုပြီးတော့ မြင်တယ်လို့ ရှုမှတ်တဲ့အခါမှာ ဒီလိုသိရတယ်။ အဲဒီလို သိတဲ့ဥစ္စာ မျက်စိကိုသိတာ။ မျက်စိသိလိုက်လို့ရှိရင် မျက်စိနဲ့တကွ မျက်စိ၏တည်ရာဖြစ်တဲ့ တစ်ကိုယ်လုံးရုပ်တွေအကုန်လုံးပါသွားတယ်။ ဒါကြောင့် မျက်စိနဲ့အဆင်းကရုပ်၊ မြင်တာသိတာ၊ မြင်တာကတော့ ရိုးရိုးမြင်တာ။ သိတာကတော့ ရှုမှတ်ပြီးတော့ သိတာ။ သိတာက နာမ်။

နားကကြားဆဲခဏမှာ အတူတူပဲ။ နားနဲ့အသံက ရုပ်၊ နားဆိုရင် ကြားရာဌာနပဲ။ နားရွက်ကြီး ဘာကြီးနဲ့ ထင်ရမှာမဟုတ်ဘူး။ ဒီကနေကြားတယ်လို့ ကြားရာဌာနကလေး၊ ကြားရာဌာန ရုပ်ကလေးက တစ်ခု၊ အဲဒီကြားတဲ့နား ရုပ်နဲ့တကွတစ်ကိုယ်လုံးပဲ။ သူက ရုပ်ခန္ဓာထင်သွားတာကိုး။ ကြားရတဲ့အသံ၊ အသံနဲ့တကွ အသံ၏တည်ရာကိုယ်ကြီး တစ်ကိုယ်လုံးပေါ့လေ။ ကိုယ့်အသံဖြစ်ရင်လဲ ကိုယ့်ကိုယ်ကြီး တစ်ကိုယ်လုံးပါသွားတယ်။ သူများအသံဖြစ်ရင်လဲ သူများကိုယ်ကြီး တစ်ကိုယ်လုံးပါတယ်။ အဲဒီဥစ္စာကရုပ် နားနဲ့ အသံကရုပ်၊ ကြားတာ သိတာကနာမ်တဲ့၊ ကြားသွားတာကကလေးက တစ်ခု၊ ရှုမှတ်လိုက်လို့ သိတာကလေးက တစ်ခု၊ အဲဒါက နာမ်တရားပဲတဲ့။ အာရုံကို သိတတ်တဲ့တရားပေါ့လေ။ ဆိုရမယ်။

"ကြားဆဲခဏ၌၊ နားနဲ့အသံတရုပ်၊ ကြားထာသိတာတနာမ်။"

နှာခေါင်းက နံတာတို့၊ စားတာတို့ကတော့ တစ်ခါတစ်ရံပဲ တွေ့ရပါတယ်။

"နံဆဲခဏ၌၊ နှာခေါင်းနဲ့အနံ့တရုပ်၊ နံတာသိတာတနာမ်။"

"စားဆဲခဏ၌၊ လျှာနဲ့အရသာတရုပ်၊ အရသာသိတာတနာမ်။"

http://www.dhammadownload.com

ဒီမှာတော့ကို စားတာသိတာက လောကဝေါဟာရမရှိဘူး။ ၂-လုံးလုပ်ဖို့ရာ တယ်ဆိုလို့မကောင်းဘူး။ အရသာသိတာဆိုရင် စားတော့ကိုအရသာပေါ်ပြီးသိတာ။ ရှုမှတ်ပြီးသိတာ၊ ဒါလဲ ပေါင်းလိုက်မှဖြစ်မှာ။

တွေ့ထိဆဲခဏရောက်ပြီး တွေ့ထိဆဲခဏအတွေ့ကတော့ အများဆုံးမှတ်ရတယ်။

"ထိဆဲခဏ၌ ကိုယ်နဲ့အတွေ့တရုပ်၊ ထိတာသိတာတနာမ်၊"

ထိတယ်ဆိုတာကတော့ တစ်ကိုယ်လုံးနေရာတကာမှာရှိတယ်။ အသွေးအသားစိုနေတဲ့နေရာဆိုရင် အကုန်လုံးပဲ သူကထိပြီးသိတာပဲ။ ကာယပသာဒပဲ့နဲ့ပြီး တည်နေတာတဲ့။ ကိုယ်ဆိုတာ ကာယပသာဒကိုဆိုတယ်။ ဒီကိုယ်ကောင်အထည်ကြီးပြောတာမဟုတ်ဘူး။ ကာယပသာဒရုပ်ဆိုတာ တစ်ကိုယ်လုံးမှာ စိုနေတဲ့နေရာဆိုရင် အကုန်လုံးရှိတယ်။ အပ်ဖျားလေးတစ်နေရာလောက်မှာလဲရှိတာပဲ။ အပ်ဖျားကလေးနဲ့ နေရာတကာကနေ တို့ကြည့်၊ အကုန်လုံးသိတယ်။ ဘယ်နေရာကတို့တို့ အထိကိုသိနေတာပဲ။ နာနာတို့လိုက်လို့ရှိရင် နာတဲ့ဝေဒနာတောင်ရောက်သွားသေးတယ်။ ထိရုံတွင်မကဘူး။ ဒုက္ခဝေဒနာတောင်ပေါ်လာသေးတယ်။ အဲဒါနေရာတိုင်းမှာ ရှိတယ်။ အသားထဲသာမဟုတ်ဘူး။ အရိုးထဲလဲ ရှိတာပဲ။ သူကသွားထဲမှာလဲ ရှိတာပဲ။ အံ့သြစရာတော်တော်ကောင်းတယ်။ သွားထဲမှာလဲ ပသာဒရုပ်တွေရှိနေတာပဲ။ ဒါကြောင့် သွားကို သွားမှာအအေးနဲ့ဖြစ်စေ၊ အပူနဲ့ဖြစ်စေထိလိုက်ရင် သူဟာအသိသာချည်းပဲ။ အအေးအပူထိလိုက်လို့ရှိရင် သိတာပဲ။ သူထိလိုက်တာနဲ့ သူသိလိုက်တော့တာပဲ။ သွားကနေပြီးထိတာ သိတယ်။

အဲဒါ နေရာတကာမှာရှိတယ်။ အတွင်းကရော အပြင်ကရော၊ အဲဒီအတွေ့အထိတွေဟာ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ သမာဓိဉာဏ် တော်တော်အားကောင်းလာတဲ့အခါကျတော့ အတွေ့အထိသာမှတ်မယ်ဆိုရင် အတွေ့အထိတွေပြည့်လို့ တစ်ကိုယ်လုံးနေရာတကာမှာရှိတယ်။ တစ်ကိုယ်လုံးရှုနိုင် မှတ်နိုင်တာပဲ။ ခြေထောက်ကနေပြီး ခေါင်းအထိ၊ ခေါင်းကနေပြီး ခြေထောက်အထိ၊ လက်တွေရော၊ အကုန်လုံးပေါ့လေ၊ အတွင်းရောအပြင်ရော ကိုယ်ထဲမှာစိုက်ပြီးတော့ကြည့်လိုက်ရင်

http://www.dhammadownload.com

သမာဓိဉာဏ်အားကောင်းလာတဲ့အခါ ဘယ်နေရာမှာဖြစ်ဖြစ် အတွေ့အထိကလေး ဟာ ထင်တယ်။ ထိတယ်-ထိတယ် မှတ်မယ်ဆိုရင် ထိလိုက်ပျောက်လိုက် ထိလိုက် ပျောက်လိုက်၊ အဲဒါလေးတွေ တွေ့တယ်။

အဲဒီထိတဲ့အခါကာလမှာ ထိရာဌာနကကိုယ်ဆိုတာ အဲဒီထိရာဌာနကလေး မှာရှိတဲ့ ကာယပသာဒရုပ်ကို ကိုယ်လို့ခေါ်တာပါပဲ။ ခုနက နားဆိုတဲ့နေရာမှာ နားရွက်ကြီးတွေ ဘာတွေ ရည်ရွယ်တာမဟုတ်သလိုပဲ။ ကိုယ်ကြီးကလည်းပဲ လက်နဲ့ ခြေနဲ့ခေါင်းနဲ့ အကောင်အထည် အထည်ဖြစ်ကြီးကိုပြောတာမဟုတ်ဘူး။ ထိရာဌာန အထိသဘောကလေးကိုဖမ်းပြီးတော့ သိရာဌာနကလေး၊ ဒါလေးကို ကာယပသာဒ လို့ခေါ်တယ်။ ဒီကနေထိတယ်ဆိုတာ ထင်ရှားတယ်။ ထိတယ်ဆိုရင် ဘယ်နေရာက ဖြစ်ဖြစ် ရွမ့တ်လိုက်ရင် ဒီနေရာကလေးက ထိတာပဲ။ ဟိုနေရာကလေးကထိတာပဲ ဆိုတာ အထင်ရှားကြီးပဲ။

အခုထိုင်နေရင်းလဲပဲ အားမထုတ်ရသေးတဲ့ပုဂ္ဂိုလ်ပဲထားပါတော့။ အား ထုတ်ပြီးသားပုဂ္ဂိုလ်တွေမှာတော့ အင်မတန်ထင်ရှားနေတယ်။ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တောင်မှ စိုက်ပြီးတော့ကြည့်လိုက်ရင် ညာဘက်ခြေထောက်ကနေပြီးတော့ ထိနေတာ။ စိုက်ကြည့်လိုက်ရင် အဲဒီနေရာက ထင်ရှားတာပဲ။ ဘယ်ဘက်ခြေ ထောက်ကထိတာ စိုက်ကြည့်လိုက်ရင် ထိရာကထင်ရှားသားပဲ။ ခြေထောက်တောင် မှ အဖျားကနေပြီးထိတာ။ စဉ်းစားရင် အဖျားကထင်ရှားတယ်။ ပေါင်ရင်းတို့ ဘယ် တို့ကစဉ်းစားရင် အဲဒီနေရာက ထင်ရှားတယ်။ သူဟာ နှလုံးသွင်းရာ နှလုံးသွင်းရာ ကနေ စဉ်းစားရင် အထိကလေးတွေ ထင်ရှားတယ်။

အဲဒီတော့ ထိရာဌာန ရုပ်ကလေးက ကိုယ်ရုပ်တဲ့။ ကိုယ်ရုပ်ဆိုတာ ဒါက လေးပဲ။ အဲဒီ ကိုယ်ရုပ်တွေပျက်နေတာရှိတယ်။ ပသာဒရုပ်ပျက်နေတဲ့အခါမှာ ထိမှန်းမသိဘူး။ အသားတွေထုံနေသလိုဖြစ်ပြီးတော့ ထိလို့ထိမှန်းမသိတာတွေရှိ တယ်။ ဒါက ပသာဒရုပ်ပျက်နေတာ၊ ဒီမှာတော့ ကိုယ်ရုပ်မရှိဘူး။ ကိုယ်ရုပ်ကောင်း နေတဲ့နေရာတွေမှာ အကုန်လုံးထိတိုင်းထိတိုင်းဟာ ထိတာကလေးတွေသိတယ်။ အဲဒီလို ထိရတဲ့သဘောကလေးတွေကို အတွေ့လို့မြန်မာစကားက ဒီလို သုံးရတာကိုး။ မြန်မာစကားက ဝေါဟာရကောင်းကောင်းမရှိဘူး။

http://www.dhammadownload.com

အတွေ့ဆိုတာ ဖဿသဘောရှိတယ်။ ဒါပေမယ်လို့ တွေ့ရတဲ့အာရုံကို ခေါ်စရာစကားမရှိလို့ အတွေ့ဆိုပြီးတော့ သုံးထားရတာ။ ဝေါဟာရကတွေ့ရတဲ့သဘောကလေး၊ တွေ့ထိရတဲ့သဘောကလေးပဲ။ အတွေ့ဆိုတာ အဲဒီတွေ့ထိရတဲ့သဘောဟာ ဘယ်လိုဟာတွေတုန်းဆိုလို့ရှိရင် ကျမ်းဂန်နာမည်နဲ့ ပြောမယ်လို့ဆိုရင်ဖြင့် ပထဝီ၊ တေဇော၊ ဝါယောတဲ့၊ ဓာတ် ၃-ပါးတဲ့၊ ပါဠိလိုကတော့ ဖောဋ္ဌဗ္ဗရုပ်ဆိုပြီး နာမည်ပေးထားတယ်။ ဖောဋ္ဌဗ္ဗရုပ်၊ ဖောဋ္ဌဗ္ဗာရုံလို့လည်းခေါ်တယ်။ ရုံဆိုတာ အာရုံပါပဲ။ အာရမ္မဏအာရုံလို့ ဘာသာပြန်ထားတယ်။ ဖောဋ္ဌဗ္ဗာရုံတဲ့၊ ဖောဋ္ဌဗ္ဗရုပ်တဲ့ မြန်မာလို တိတိကျကျပြန်မယ်ဆိုရင်တော့ ထိအပ်တဲ့ရုပ်ပေါ့။ ထိရတဲ့ရုပ်၊ တွေ့ထိရတဲ့ ရုပ်လို့ ဒီလိုအဓိပ္ပာယ်ခွဲရတယ်။ တွေ့ထိရတဲ့အာရုံ၊ တွေ့ထိရတဲ့ရုပ်၊ ဒါပေမယ်လို့ စကားရှည်နေမှာစိုးလို့ အတိုကလေးနဲ့ပြီးအောင်လို့ အတွေ့ဆိုပြီးတော့ ဘာသာပြန်ပြောရတယ်။

အတွေ့ ၃-မျိုး

အတွေ့ဆိုတာ တွေ့ထိရတဲ့သဘောကလေးကိုး။ အဲဒီတွေ့ထိရတဲ့သဘောဟာ ၃-မျိုးရှိတယ်။ ပထဝီအတွေ့အထိရှိတယ်။ တေဇောအတွေ့အထိရှိတယ်။ ဝါယောအတွေ့အထိရှိတယ်။ ဓာတ် ၄-ပါးထဲမှာ အာပေါဆိုတဲ့သဘောက မတွေ့ထိနိုင်ဘူးတဲ့။ သူက သူ့ကိုနုတ်ထားရတယ်။ အာပေါဆိုတာ အရေသဘောကိုး၊ သူကတွေ့လို့ထိလို့မရဘူး။ အခုရေတွေစမ်းသပ်လို့ တွေ့ထိပြန်လဲပဲ အာပေါတွေ့တာမဟုတ်ဘူးတဲ့။ ဒါက ပထဝီရင်လဲတွေ့မယ်။ တေဇောရင်လဲတွေ့မယ်။ ဝါယောရင်လဲတွေ့မယ်။ ဒီ ၃-ခု တစ်ခုခုတွေ့မှာ။ ရေထဲလက်နှိုက်ပြီး စမ်းလို့ အေးတာတွေ့ရင်လဲပဲ တေဇောဓာတ်၊ ပူတာတွေ့ရင်လဲပဲ တေဇောဓာတ်ပဲ၊ ရေထဲလက်နှိုက်ပြီးစမ်းတဲ့အခါကာလ တောင့်မာနေတဲ့သဘော၊ မာနေတဲ့သဘော၊ အဲဒီလိုဟာ တွေ့လို့ရှိရင်တော့ ဒါက ပထဝီဓာတ်ကိုတွေ့တာ၊ မာတဲ့သဘောရှိတယ်။ ဘယ်လိုမှ မထင်ရှားလို့ရှိရင် ရေတို့ဘာတို့ကို လက်နဲ့ဘာနဲ့ ရိုက်လို့ရှိရင် လက်တောင် တော်တော်နာသွားတယ်။ ရိုက်လိုက်လို့ရှိရင် မာတဲ့သဘော ရှိတယ်။ ပထဝီကို သွားပြီးတော့ တွေ့တယ်။ ရေမှာတောင့်ခံနေတဲ့သဘော ရှိတယ်။

http://www.dhammadownload.com

တောင့်ပြီးတော့နေတဲ့ သဘော၊ အဲဒီဥစ္စာကလဲပဲ ဝါယောဓာတ်ခေါ်တယ်။ အဲဒါ သွားတွေ့တယ်။

ကိုယ်ထဲမှာလဲ ဒီအတိုင်းပဲ။ တွေ့တာဟူသမျှတွေမှာ မာမာကြမ်းကြမ်း နူးနူးညံ့ညံ့တွေ့ရင် ပထဝီတဲ့၊ တစ်နေ့က ဓာတ် ၄-ပါးတုန်းက ဒါတွေဟောခဲ့ပါပြီ။ မာတာ, ကြမ်းတာ, နူးညံ့တာ ပထဝီဓာတ်တဲ့။ မာတာ၊ ကြမ်းတာ၊ နူးညံ့တာ တိုက်ခံပြီးတော့နေတာ ပထဝီဓာတ်လို့ တစ်နေ့က ဟောလို့လဲ ပြီးခဲ့ပြီ။ တဇောဓာတ်က ပူတာ, နွေးတာ, အေးတာ, ပေါ့တက်တာ။ ဒါက တဇောဓာတ်တဲ့။ ဝါယောဓာတ်က တောင့်တင်းတာ၊ လှုပ်ရှားတာ အဲဒါတွေက ဝါယောဓာတ်၊ တောင့်တင်းလှုပ်ရှားတာက ဝါယောဓာတ်၊ အဲဒါတွေ အဲဒီအတွေ့ ၃-မျိုးရှိတယ်။

အဲဒီအတွေ့ ၃-မျိုးဟာ ရုပ်တရားတွေပဲ။ ဒါကြောင့် "ထိဆဲခဏမှာ ကိုယ်နဲ့အတွေ့ကရုပ်"၊ ကိုယ်နဲ့အတွေ့ကတော့ မာတာ, ကြမ်းတာ တွေ့ချင်လဲတွေ့မယ်။ ပူတာ, အေးတာ, နွေးတာတွေ့ချင်လဲတွေ့မယ်။ တောင့်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ ဒါတွေ့ချင်လဲတွေ့မယ်။ ဒီ ၃-မျိုးထဲက တစ်မျိုးမျိုးတွေ့တယ်။ ဘယ်ဟာတွေ့တွေ့ပဲ။ တစ်မျိုးထဲပဲ။ ၂-မျိုး ၃-မျိုးလုံး ပေါင်းတွေ့လို့ မဖြစ်ဘူး။ ၂-မျိုး ၃-မျိုးတစ်ပြိုင်တည်းမတွေ့ဘူး။ တစ်မျိုးတစ်ခါပဲ တွေ့တယ်။ တွေ့ရင်တစ်မျိုးပဲတွေ့တယ်။ အဲဒီအတွေ့ရုပ်ကို ကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ ပြုပြင်တဲ့အခါမှာ များသောအားဖြင့် ဝါယောဓာတ်တွေကို တွေ့တယ်။ ကွေးလိုက်တဲ့အခါမှာ တောင့်တာတင်းတာ။ တွန်းကန်တာ၊ လှုပ်ရှားတာ၊ လက်ထဲနေပြီးတော့ တောင့်တာရင်လဲ တွေ့မယ်။ တင်းတာရင်လဲ တွေ့မယ်။ တွန်းကန်တာရင်လဲ တွေ့မယ်။ လှုပ်ရှားတာရင်လဲ တွေ့မယ်။ လှုပ်ရှားတာကတော့ အမြဲလိုပဲ တွေ့နေတယ်။ ကွေးတဲ့ဆန့်တဲ့ လှုပ်ရှားတဲ့အခါကာလမှာ အဲဒါဝါယောဓာတ် တွေ့တာ။ ဒီထဲကနေပြီး ပေါ့သွားတာ တွေ့လို့ရှိရင်ဖြင့် တဇောဓာတ်တွေ့တာ၊ လေးသွားတာတွေ့လို့ရှိရင်တော့ကို ပထဝီဓာတ်လို့ ဆိုရမှာပေါ့လေ။ ဒါပေမယ့် အထူးလေးတဲ့အခါမှာတော့ အာပေါဓာတ်လို့လဲ ဆိုပါတယ်။ ပထဝီတွေ့ပြီးမှ အာပေါကတွေ့မှာပါ။

http://www.dhammadownload.com

အဲဒီတော့ အတွေ့ကကွေးလိုက်၊ ဆန့်လိုက်၊ ထိုင်လိုက်၊ ထလိုက်၊ လှုပ်ရှားလိုက် လုပ်တဲ့အခါကာလမှာ များသောအားဖြင့် ဝါယောဓာတ်ကို တွေ့တယ်။ တောင့်တာတင်းတာ တွန်းကန်တာ၊ လှုပ်ရှားတာတွေ တွေ့တယ်။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေမှာ လမ်းလျှောက်တဲ့အခါတွေမှာ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မှတ်နေတာ။ အဲဒီလိုအခါကာလတွေမှာ တောင့်တာကလေးတွေ့၊ တင်းတာကလေးတွေ့၊ လှုပ်ရှားတာကလေးတွေ့၊ ရွေ့လျားတာကလေးတွေ့ ဒါလေးတွေတွေ့တာဟာ ဝါယောဓာတ်ကိုတွေ့နေတာ။ အတွေ့တွေ၊ အဲဒါဘယ်ကနေတွေ့တုန်းဆိုတော့ လက်ထဲ၊ ခြေထဲ၊ ကိုယ်ထဲကနေပြီး တွေ့နေတာပဲ။ လက်လှုပ်ရင်လက်ထဲကတွေ့တယ်။ ခြေလှုပ်ရင်ခြေထဲကတွေ့တယ်။ ကိုယ်လှုပ်ရင် ကိုယ်ထဲကတွေ့တယ်။ အဲဒါ ကိုယ်ရုပ်နဲ့ အတွေ့တွေထင်ရှားနေတာ။

အဲဒါလဲ ကိုယ်နဲ့အတွေ့ကရုပ်တဲ့။ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ အဲဒီလိုပဲ။ ပုဂ္ဂိုလ်သတ္တဝါထင်နေတာပဲ။ ကွေးလိုက်ဆန့်လိုက်လို့ရှိရင် ငါပဲ။ တောင့်တင်း လှုပ်ရှားတာတွေငါပဲလို့ ပုဂ္ဂိုလ်သတ္တဝါထင်တယ်။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး။ တွေ့ရတဲ့သဘောလေးပဲ။ တောင့်ရင်လဲတောင့်တာ၊ တင်းရင်လဲတင်းတဲ့ သဘောလေးပဲ။ ကိုယ်နဲ့အတွေ့ကရုပ်၊ ထိတာ သိတာက နာမ်တဲ့။ ကောင်းရင်ကောင်းတယ်။ ဆိုးရင်ဆိုးတယ်။ ထိရင်ထိသွားတာလေး၊ ထိပြီးတော့ နောက်ကရှု မှတ်လိုက်လို့ သိတာရှိတယ်။ ထိတာသိတာကနာမ်၊ ထိတယ်-ထိတယ်-ကိုယ်မှာ သမာဓိဉာဏ်အားကောင်းလာတဲ့အခါ ကိုယ်ထဲမှာစိုက်ပြီးမှတ်နေရင် ဘယ်နေရာကပဲ မှတ်မှတ်၊ ထိတယ်-ထိတယ်လို့မှတ်လို့ရှိရင် ထိတဲ့သဘောလေးထင်ရှားတယ်။ ထိတယ်လို့ မှတ်သိလိုက်တဲ့သဘောလဲ ထင်ရှားတယ်။ ထိရာဌာနက ထိရတဲ့သဘောလဲ ထင်ရှားတယ်။ ထိရာဌာနလေးလဲ ထင်ရှားတယ်။ ထိရာဌာနက ဘယ်နေရာကပဲ အဲဒါကိုရုပ်ကလေးထင်ရှားတာ။ ပြီးတော့ တွေ့ထိရတဲ့သဘော၊ အဲဒီမှာ နွေးကနဲ, အေးကနဲ စသည်ဖြင့်တွေ့ထိရတဲ့ သဘောကလေးရှိတယ်။ တွေ့ထိတဲ့ သဘောကလေးက အတွေ့ကလေးပဲ။

http://www.dhammadownload.com

အဲဒါ ကြမ်းတမ်းနူးညံ့တဲ့ပထဝီဓာတ်ကို တွေ့ထိရင်လဲတွေ့ထိမယ်။ ပူနွေးအေးတဲ့ တေဇောတွေ့ထိတာ ဖြစ်ရင်လဲဖြစ်မယ်။ တောင့်တင်းတဲ့၊ လှုပ်ရှားတဲ့၊ တွန်းကန်တဲ့ ဝါယောဓာတ်၊ တွေ့ထိတာရင်လဲ ဖြစ်မယ်။ အဲဒီအတွေ့ရုပ် ၃-ပါး ထဲက တစ်မျိုးမျိုးဖြစ်မှာပဲ။ အဲဒါရုပ်တရား၊ အဲဒီတွေ့ထိတဲ့အတိုင်းပဲ။ နူးညံ့တယ်၊ ကြမ်းတမ်းတယ်၊ ပူတယ်၊ အေးတယ်စသည်ဖြင့် သိသိသွားတာကလေးရှိတယ်။ ဒါလဲပဲ သူကအထိအသိကလေးပဲ။ သူကလဲနာမ်ပဲ။ ထိတာ ထိသိတာကလေး၊ နောက်တစ်ခါ ရှုမှတ်လိုက်လို့သိသွားတာကလေး၊ ထိတယ်လို့ ရှုတဲ့စိတ်ကလေး အထိကလေးရှိတယ်။ အဲဒါလဲနာမ်။

အဲဒီတော့ ထိဆဲခဏမှာ ယောဂီပုဂ္ဂိုလ် မှတ်တိုင်းမှတ်တိုင်းဟာ ရူပ်နဲ့နာမ်ကလေးတွေ၊ ဒီလိုကွဲပြီးတော့ ထင်ရှားနေတယ်။ ကိုယ်ရုပ်နဲ့ ကိုယ်ရုပ်ဟိုထိရာ ဌာနမှာ ကိုယ်ရုပ်နဲ့အတွေ့နဲ့ ကိုယ်နဲ့အတွေ့ကရုပ်၊ သူက အသေသဘောပဲ။ ထိသိသွားတာရယ်၊ မှတ်လို့ထိသိသွားတာရယ်၊ ထိတာသိတာ ဒီ ၂-ခုက နာမ်သဘောပဲ။ ဒါလေး ၂-ခု ရှိတယ်ဆိုတာသိတယ်။

တွေးဆဲ၌ ဝိပဿနာရှုပုံ

ဒီပြင် တစ်နည်းအားဖြင့်လဲ ကွေးတဲ့ဆန့်တဲ့ လှုပ်ရှားတဲ့အခါကာလတွေမှာတော့ ရူပ်နဲ့နာမ် ၂-မျိုးကွဲတာလဲ ရှိတယ်။ ဘယ်လိုတုန်းဆိုတော့ ကွေးမယ်၊ ဆန့်မယ်၊ လှုပ်မယ်ကြံတဲ့ နာမ်ကလေးကလဲ ထင်ရှားတယ်။ ကွေးလိုက်၊ ဆန့်လိုက်၊ လှုပ်ရှားလိုက်တဲ့ လှုပ်ရှားတဲ့ရုပ်ကလဲ ထင်ရှားပြီးတော့ မှတ်တဲ့အသိကလေးကလဲ တစ်ခုထင်ရှားတယ်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ

အဲဒီတော့ အဲဒါကွေးဆဲခဏ၌ ဒါလေးခွဲကြဦးစို့။ ဒါ ဝိပဿနာအမြဲမှတ်နေတာ၊ ဆိုရမယ်။

"ကွေးဆဲခဏ၌ ကွေးချင်တာနဲ့ မှတ်သိတာတ နာမ်၊ ကွေးတာလှုပ်ရှားတာတ ရူပ်၊"

http://www.dhammadownload.com

ဒါက နာမ်နဲ့ရုပ်၊ နာမရူပရိစ္ဆေဒဉာဏ်၊ နာမ်ကစတာလဲရှိတယ်။ နာမ ရူပ နာမ်နဲ့ရုပ်ပဲတဲ့။ ဆန့်မယ်၊ ထိုင်မယ်၊ ထမယ်၊ သွားမယ်၊ လာမယ်၊ အကုန်လုံးပေါ့၊ ဒီတစ်ခုသိရင် အကုန်လုံးသိရတယ်။ အဲဒီလို တစ်ခုံတစ်ခုအမူအရာကလေး ပြုလုပ်မယ်လို့ကြံတာကလေးက နာမ်၊ အဲဒါလေးလဲ မှတ်လိုက်သေးတာပဲ။ ကွေးချင်ရင် ကွေးချင်တယ်။ ဆန့်ချင်ရင် ဆန့်ချင်တယ်။ ထိုင်ချင်ရင် ထိုင်ချင်တယ်။ ဒါလေး မှတ်လိုက်တာ။ မှတ်သိတာလေးလဲ ပါသွားတယ်။ ကွေးချင်တာနဲ့ မှတ်သိတာ။ နောက်တော့ ကွေးတာ။ နောက်တော့ ကွေးမှုရောက်လာတယ်။ ကွေးတဲ့အခါကျ တော့ ကွေးတယ် ကွေးတယ်မှတ်တော့ လက်ထဲကနေပြီးတော့ တောင့်တင်းလှုပ်ရှား တဲ့သဘောကို အဲဒါကို လောကဝေါဟာရအားဖြင့် ကွေးတယ်လို့ပဲဆိုရမယ်။ အမှန် အားဖြင့် ယောဂီပုဂ္ဂိုလ်မှာ ထင်ရှားတာကတော့ တောင့်တာတင်းတာ။ လှုပ်ရှားတာ၊ တရွေ့ရွေ့ချင်း တောင့်လိုက်တင်းလိုက်ရွေ့လိုက်၊ ရွေ့ရွေ့သွားတာတွေ၊ ဒါလေး တွေထင်ရတာကိုး၊ အဲဒါကလေးတွေက ရုပ်တရား၊ သူတို့က အာရုံကိုမသိတတ်ဘူး။ အဲဒီမှာလဲ ကွေးတယ် ကွေးတယ်လို့ မှတ်တိုင်းမှတ်တိုင်း၊ သိသိသွားတဲ့ မှတ်သိ တာလေးတွေလဲ ပါတယ်။ အဲဒါတွေ အကုန်လုံးပေါင်းပြီးတော့ ကွေးချင်တာနဲ့ မှတ်သိတာကနာမ်၊ ကွေးတာလှုပ်ရှားတာကရုပ်၊ အဲဒီလို ရုပ်နဲ့နာမ် ၂-ခုရှိတာပဲ။

ကွေးတဲ့အခါမှာ ကွေးချင်တယ်ဆိုတာလဲပဲ နာမ်တရားပဲ။ မှတ်သိလိုက် တာလဲ နာမ်တရားပဲ။ ကွေးတယ် ကွေးတယ်လို့ မှတ်သိတာလဲ နာမ်တရားပဲ။ ကွေးတယ် ကွေးတယ်မှတ်သိတော့ အဲဒီမှာ လှုပ်ရှားတဲ့သဘော၊ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ အဲဒီသဘောကလေးတွေက ရုပ်တရား၊ ဒါရှိတာပဲ။ ရုပ်နဲ့နာမ်၊ နာမ်နဲ့ရုပ်၊ ဒါ ၂-ခုရှိတာပဲလို့ ယောဂီပုဂ္ဂိုလ်ဟာ မှတ်ရင်း မှတ်ရင်း ကိုယ်ပိုင်ဉာဏ် နဲ့ကွဲတဲ့ဥစ္စာတွေ စာနဲ့ကွဲတာမဟုတ်ဘူး။ စာထဲက သရုပ်တွေ ဘာတွေမဟုတ်သေး ဘူး။ အဲဒါက စာထဲကဟာကတော့ နောက်မှတ်မိအောင်လို့ သညာနဲ့မှတ်သားထား ရတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့တော့ မသိဘူး။ မဖြစ်နိုင်ဘူး။

ကိုယ်ပိုင်ဉာဏ်ကတော့ ရုပ်နာမ် ထင်ရှားရာသာ၌ အဲဒီ ထင်ရှားတဲ့ ရုပ်နာမ် လောက်ပဲ ပိုင်းခြားပြီးသိတယ်။ အဲဒီကနေပြီး ရုပ်နဲ့နာမ် ၂-ခုထဲလို့ ရုပ်ကတခြား၊

http://www.dhammadownload.com

နာမ်ကတခြားပဲ၊ ဒီထဲမှာ ပုဂ္ဂိုလ်သတ္တဝါအကောင် အထည်မရှိဘူးလို့ ရှုရင်းရှုရင်း ကွဲပြားပြီးတော့ သိတာ။ အဲဒါ နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တယ်။ သူကအရေးကြီးပါတယ်။ ဝိပဿနာ ရှုတယ်ရှုတယ်ဆိုပြီး နာမရူပပရိစ္ဆေဒဉာဏ်ကို အချိုးမကျဘဲနဲ့ နေရင် သူဟာမဖြစ်ဘူး။

ဒီက သတိပဋ္ဌာန်နည်းနဲ့ ကျကျနနရှုလို့ရှိရင် နာမရူပပရိစ္ဆေဒဉာဏ်က မကွဲလို့ကိုမဖြစ် မခွဲတတ်ရင်သာရှိရမယ်။ သူဥစ္စာ မှတ်လိုက်ရင် ကွဲနေတာပဲ။ ကွေးတယ်-ကွေးတယ်ဆိုရင် ကွေးတဲ့သဘောကတစ်ခု၊ မှတ်သိတာက တစ်ခု၊ သူဟာသူ ကွဲနေတာပဲ။ ဒါရောလို့ကိုမဖြစ်ဘူး။ ကွေးတဲ့တောင့်တင်းလှုပ်ရှားတဲ့ သဘောက တစ်ခုပဲ။ မှတ်သိတာက တစ်ခုပဲ။ မှတ်သိတာက တောင့်တင်းလှုပ်ရှားတာ မဟုတ်ဘူး။ တောင့်တင်းလှုပ်ရှားတာက မှတ်သိတာမဟုတ်ဘူး။ သူဟာ တခြားစီပဲ။ ခဲနဲ့ နံရံပေါက်လိုက်တော့ ခဲကတခြား၊ နံရံကတခြား ကွဲနေသလိုပဲ။ အဲဒီလို ကွဲနေတာ။ သွားတဲ့အခါကာလ ကြွတယ်။ လှမ်းတယ်၊ မှတ်တယ်၊ အဲဒီမှာလဲ ကြွတယ်၊ လှမ်းတယ်၊ ချတယ်မှတ်ရင် ကြွတက်လာတာကတစ်ခု၊ ကြွတယ် မှတ်သိတာကတစ်ခု ကွဲနေတာပဲ။ ကြွတာကရူပ်၊ မှတ်သိတာက နာမ်၊ ကြွတာရူပ်ဆိုတာ ဘာတုန်းဆိုရင် ကြွတဲ့အထဲမှာပါတဲ့ တောင့်တာတင်းတာ၊ ပေါ့တက်တာ၊ အဲဒီ သဘောတွေဟာ ရူပ်တရားတွေပဲ။ အဲဒါတွေ အမူအရာလေးတွေပါပဲ။

ပကတိ ပုဂ္ဂိုလ်တွေအနေကတော့ ကြွတယ်ဆိုတာ သူမျှားလိုပဲ ခြေထောက် ကြီး ကြွသွားတာ။ ဒီလိုပဲ သိမှာပါပဲ။ ဒီလိုမဟုတ်ဘူး။ ဟိုမှာတော့ အမူအရာကလေး တွေ သဘောကလေးတွေ ဟိုမှာရှုရင်းမှတ်ရင်း ထင်ရှားပြီးတော့သိတယ်။ အဲဒီဥစ္စာ မှတ်တိုင်းမှတ်တိုင်းဟာ မှတ်ရတဲ့အာရုံကရူပ်၊ မှတ်သိတာကနာမ်၊ ရူပ်အမူအရာကို မှတ်တိုင်းမှတ်တိုင်း မှတ်ရတဲ့အာရုံကရူပ်။ မှတ်သိတာကနာမ် ဒီလိုကွဲတယ်။

ရူပ်အမူအရာကို မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့ အာရုံကရူပ်၊ မှတ်သိတာက နာမ်။

ရူပ်အမူအရာတွေဆိုတာ ဘာတွေတုန်းဆိုရင် ကွေးတာဆန့်တာ, ထိုင်တာ ထတာ, အကုန်လုံးပေါ့၊ ဖောင်းတာပိန်တာလဲပါတယ်။ ဖောင်းတယ်မှတ်ရင်

http://www.dhammadownload.com

ဖောင်းတာကရုပ်အမူအရာပဲ။ ကိုယ်အမူအရာပဲ။ ဖောင်းတက်လာတာကရုပ်၊ မှတ်သိတာကနာမ် ကွဲနေတယ်။ ၂-ခုမခွဲလို့ကိုမဖြစ်ဘူး။ သမာဓိဉာဏ်အားကောင်းလာလို့ရှိရင် မှတ်လိုက်ရင် ခဲကလေးနဲ့ပစ်လိုက်တာလိုပဲ။ မှတ်သိစရာလေးက ဟိုက ပေါ်လာတာနဲ့ ဒီကမှတ်လိုက်တာနဲ့ဟာ အာရုံနဲ့အသိနဲ့ဟာ ဆိုင်ကျသွားတယ်။ အာရုံကတခြားပဲ အသိကတခြားပဲ။ ဖောင်းတက်လာတဲ့ သဘောကလေးကတခြား၊ မှတ်သိလိုက်တာလေးကတခြား၊ တခြားစီ ကွဲတာပဲ။ အဲဒါနာမ်နဲ့ ရုပ်နဲ့ကွဲတာက နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ဒီလိုသိရတယ်။

ဘယ်ဟာမှတ်မှတ် ရုပ်မှတ်လို့ရှိရင် ရုပ်အာရုံကလေးကတခြား၊ မှတ်သိတာကလေးကတခြား ဒီလိုကွဲတာပဲ။ အဲဒီလိုကွဲပြားနေလို့ရှိရင် ဒါနာမရူပပရိစ္ဆေဒဉာဏ်ပဲ။ ဒီလိုမှ မကွဲပြားသေးပဲနဲ့ ဝိပဿနာဉာဏ်တွေက ဟိုတက် ဒီတက်တက်နေတာ၊ ဒီဥစ္စာတွေက သဘာဝမကျဘူး၊ မပြောတတ်ရင်သာ ရှိရမယ်။ ဉာဏ်ထဲမှာတော့ ကွဲရမယ်။ မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့အာရုံကလေးကတခြား၊ မှတ်သိတဲ့ စိတ်ကလေးကတခြား ဒီလိုကွဲရမယ်။ ဒီလိုကွဲရင် နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

အဲဒီက နာမ်နဲ့ရုပ်ကွဲပြားပြီးတော့ အစဉ်အတိုင်း ရှုမှတ်လာလို့ရှိရင် အကြောင်းအကျိုးတွေလဲ ထိုက်သည့်အားလျော်စွာ သိပါတယ်။ ဒါကတော့ ကိုယ့်ဉာဏ်မြင်သလောက်ပဲ သိတယ်။ အကျယ်ချဲ့ရယ်လို့တော့ မဟုတ်ဘူး။ အကြောင်းနဲ့အကျိုး တော်တော်တန်တန်သိတာလဲ ရှိတယ်။ တချို့လဲ တော်တော်ကျယ်ကျယ်ပြန့်ပြန့် သိတယ်။ အနည်းဆုံး ကိုယ့်အမူအရာ တစ်စုံတစ်ခုပြုလို့ရှိရင် ပြုမယ့်ကြံတဲ့ စိတ်ကလေးအကြောင်း သိတယ်။ ကွေးမယ် ဆန့်မယ် ထိုင်မယ် ထမယ် စသည်ဖြင့် ကြံတာကလေး၊ ဒါကလေးကစ သိတယ်။ နောက်မှကွေးလိုက်, ဆန့်လိုက်, ထိုင်လိုက်, ထိလိုက်, အဲဒါလေးတွေ ရှုရမှတ်ရမယ်။ ဒီတော့ ကွေးမှု တစ်ခုဖြစ်ဖို့ရာ ဘယ်သူက လုပ်ပေးသလဲ။ ဘယ်သူမှလုပ်ပေးတာ မဟုတ်ဘူး။ ဆန့်မယ်ကြံတဲ့စိတ်ကလေးကြောင့် ကွေးမယ်ကြံတဲ့စိတ်ကလေးကြောင့် ကွေးမှု

http://www.dhammadownload.com

ဖြစ်လာတယ်။ ဆန့်ရုပ်ကလေးဖြစ်လာတယ်။ အကြောင်းနဲ့အကျိုးလေးတွေ ပိုင်းခြား သိတယ်။ ဒါက ပစ္စယပရိဂ္ဂဟဉာဏ်ခေါ်တယ်။

အာရုံကလေးတွေရှိလို့ အသိကလေးတွေ ရှိရတယ်။ ဖောင်းတာရှိလို့ ဖောင်းတာ မှတ်သိတာ ဖြစ်ရတယ်၊ ပိန်တာရှိလို့ ပိန်တယ် မှတ်သိတာ ဖြစ်ရတယ်၊ ကွေးတာရှိလို့ ကွေးတယ် မှတ်သိတာဖြစ်ရမယ်၊ စကြိသွားနေတဲ့အခါ ကြွတာလေး ရှိလို့ ကြွတာ မှတ်သိတာလေး ဖြစ်ရတယ်၊ လှမ်းတာရှိလို့ လှမ်းတယ် မှတ်သိတာ လေး ဖြစ်ရတယ် စသည်ဖြင့်ပေါ့လေ။ အာရုံရှိလို့ အသိလေးတွေ ဖြစ်တယ်။ အလွတ်ဖြစ်တဲ့ စိတ်ကူးထဲ ပေါ်လာတဲ့အာရုံတွေ ရှိသေးတယ်။ အဲဒီ အာရုံတွေ ရှိလို့လဲပဲ ဒီအသိလေးဖြစ်ရတယ်။

အာရုံမရှိရင် အသိစိတ်မဖြစ်နိုင်

အာရုံမရှိရင် အသိဆိုတာ မဖြစ်နိုင်ဘူး။ အာရုံမရှိဘဲနဲ့ စိတ်ဟာ မဖြစ်နိုင် ဘူး။ အာရုံဖြစ်ပြီးမှ ဘာနဲ့တူသလဲဆိုရင် စိတ်နာမ်တရားများဟာ အားမရှိတဲ့ လူမမာများ အိပ်ရာက ထတော့မယ်ဆိုရင် အားပြုစရာလေး ရှိရမယ်။ ထိုင်ရင်လဲပဲ ဆွဲကိုင်ပြီးတော့ ထရမယ်၊ နံရံရင်လဲပဲ အားပြုပြီးတော့ ထရမယ်။ ဒီတိုင်း မထနိုင် ဘူး။ သို့မဟုတ် တောင်ဝှေးနဲ့ဘာနဲ့လဲ ထောက်ပြီးတော့ ထရမယ်။ နာမ်တရား က သဘာသက်သက်ဖြင့် မဖြစ်နိုင်ဘူးတဲ့။ အားမရှိတဲ့လူမမာနဲ့ တူတယ်တဲ့။ အာရုံ ကလေးကိုရှိမှ မြင်စရာအာရုံကလေး၊ ကြားစရာအာရုံကလေး၊ နံစရာ စားစရာ တွေ့ထိစရာ စိတ်ကူးထဲမှာပေါ်လာတဲ့ စဉ်းစားစရာအာရုံကလေး၊ အဲဒီလို အာရုံ တစ်ခုခုရမှပဲ စိတ်ဆိုတာဖြစ်နိုင်တယ်တဲ့။ အာရုံကိုမှီပြီးတော့ ဖြစ်ရတယ်တဲ့။

ဒီတော့ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်က အာရုံကလေးပေါ်လာတာနဲ့ အသိစိတ် ကလေးဖြစ်လာတာကိုး။ ခဏခဏမှတ်နေရတော့ အာရုံရှိလို့ မှတ်သိစိတ်ဖြစ်ရတာ ပဲ။ အာရုံကြောင့် အသိစိတ်ဖြစ်ရသည်ဆိုတာ ပေါ်လာတယ်။ ပထမက စိတ်ကူး ထားတယ်။ ဘာလုပ်ဦးမယ်၊ ဘယ်သွားဦးမယ် စိတ်ကူးထားတယ်။ တော်တော် ကြာ အဲဒီစိတ်ကူးပြန်ပေါ်လာတယ်။ ဒီတော့ ရှေ့စိတ်ကူးလေးရှိလို့ နောက်စိတ်ကူး ဖြစ်ရတယ်။ အကြောင်းအကျိုးလေးတွေ ဆက်စပ်ပြီးတော့ ပေါ်လာတယ်။ အဲဒီလို

http://www.dhammadownload.com

အကြောင်းနဲ့အကျိုးမျှရှိတာပဲလို့ ရွှင်းရွှင်းသဘောကျတာကို ပစ္စယပရိဂ္ဂဟဉာဏ် ခေါ်တယ်။

သမ္မသနဉာဏ်

ရှုရမှတ်ရတဲ့ အာရုံကလေးတွေ အစပေါ်လာတယ်။ ပထမပေါ်လာကတည်းက မှတ်ရတယ်။ တော်တော်ကြာတော့ မှတ်ရင်းမှတ်ရင်းနဲ့ ပျောက်သွားတယ် မရှိတော့ဘူး။ ပေါ်ပြီးပျောက်သွားလို့ မမြဲတဲ့တရားပဲလို့ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာထင်ရှားပါတယ်။ အဲဒါ သမ္မသနဉာဏ်ခေါ်တယ်။ မမြဲဘူးဆိုတာ သုံးသပ်တယ်။ အာရုံနိမိတ်တွေမှာ ပိုပြီးတော့ထင်ရှားပါတယ်။ အာရုံနိမိတ်ကလေးတွေ ထင်လာရော၊ မြင်တယ် မြင်တယ်မှတ်ရင် တဖြည်းဖြည်းနဲ့ပျောက်သွားရင် မမြဲတဲ့တရားပဲ။ အာရုံကမမြဲတာတော့ မဟုတ်ဘူး။ အဲဒီမှာ အာရုံကိုသိနေတဲ့ အာရုံကို ထင်မြင်နေတဲ့ အထင်အမြင်စိတ်ကလေးတွေက မမြဲတာပဲ။ အဲဒါလေးတွေလဲ ပျောက်သွားတော့ မြင်တယ် မြင်တယ် မှတ်နေရင်း တော်တော်ကြာတော့ ပျောက်သွားတယ်။ မမြဲတဲ့တရားပဲ။

ဝေဒနာကလေးတွေ ပေါ်လာတယ်။ ကိုယ်ထဲ ညောင်းတာပူတာကလေးတွေ စိုက်ပြီးတော့မှတ်တယ်။ ညောင်းတယ်၊ ပူတယ်ပူတယ်မှတ်တော့ တော်တော်ကြာတော့ မမြဲတဲ့တရားပဲ။ ရှေးတုန်းကတော့ ဒီလိုပျောက်သွားတာ ဘယ်မှာသိလိမ့်မှာတုန်း၊ မရှုခင်မမှတ်ခင်ကမသိဘူး။ ဒီဥစ္စာတွေဟာ ကိုယ်ထဲမှာညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာတွေ ပျောက်သွားတာရယ်လို့ မသိဘူး။ အခုတော့ ရှုမှတ် နေရင်း ပျောက်ပျောက်သွားတာတွေ့ရတော့ မမြဲတဲ့တရားတွေပဲဆိုပြီး သဘောကျတယ်။ သမ္မသနဉာဏ်ခေါ်တယ်။

အနိစ္စ-မမြဲတာ သုံးသပ်တယ်။ ဒုက္ခ-ဆင်းရဲတာသုံးသပ်တယ်။ အနတ္တ-ပုဂ္ဂိုလ်သတ္တဝါမဟုတ်လို့ သုံးသပ်တယ်။ အဲဒီကနေ အစဉ်အတိုင်းရှုမှတ်ပြီး တက်လာလို့ရှိရင် ခဏချင်းခဏချင်းဖြစ်ပြီး ပျောက်သွားတာတွေ့ရတယ်။ သမ္မသနဉာဏ်ကဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူးဆိုပေမယ့်လို့ ချက်ချင်းမဟုတ်သေးဘူး။ တော်တော်လေးကြာမှ ပျောက်တယ်။ သူကချက်ချင်းပျောက်တာ မဟုတ်သေးဘူး။

http://www.dhammadownload.com

ဥဒယဗ္ဗယဉာဏ်

ဥဒယဗ္ဗယအဖြစ် အပျက်ကလေးတွေ သိတယ်ဆိုတဲ့အခါကျတော့ကို ဖြစ်ပြီး ပျောက်, ဖြစ်ပြီးပျောက် ချက်ချင်း ချက်ချင်း၊ ပျောက်ပျောက်သွားတာလေးတွေ တွေ့ရတယ်။

ဘင်္ဂဉာဏ်

အဲဒီကနေပြီး တက်လာတဲ့အခါကျတော့ အပျက်တွေထင်လာတယ်။ အပျက်ဆိုတာ ပျောက်တာပါပဲ။ တချို့ အပျက်ဆိုရင် အိမ်ကြီးပြိုသွားသလို မီးလောင်သွားတာလို ပြာကျသွားတာလို အဲဒီလိုအောက်မေ့တာ။ ဒီလိုမဟုတ်ဘူး။ သူဥစ္စာရုပ်တရား နာမ်တရားတွေ မရှိသေးတဲ့ တရားတွေအသစ်ပေါ်လာတာကို ဖြစ်တယ်လို့ခေါ်တယ်။ ပေါ်ပြီးသားတရားတွေမရှိဘဲ ပျောက်သွားတာကို ပျက်တယ်လို့ခေါ်တယ်။ ကောင်းကင်မှာ လျှပ်စီးလက်တာနဲ့ ဥပမာပေးတယ်။ လျှပ်စစ်ရောင်လက်လာတဲ့အခါမှာ အစကမရှိသေးဘဲနဲ့ လက်ခနဲအရောင်လေးပေါ်လာတာ ဖြစ်တယ်လို့ခေါ်တယ်။ အဲဒီ လက်ခနဲအရောင်ကလေးက တော်တော်ကြာတော့ မရှိဘူး။ ပျောက်သွားတယ်။ အဲဒါကို ပျက်တယ်လို့ခေါ်တယ်။

ရှိပြီးသား တရားလေးမရှိဘဲနဲ့ ဖြစ်သွားတာကို ပျောက်တယ်လို့ခေါ်တယ်။ အစကမရှိသေးဘဲနဲ့ သဘောတစ်ခုပေါ်လာတာကို ဖြစ်တယ်လို့ခေါ်တယ်။

ဒီမှာ ပကတိပုဂ္ဂိုလ်တွေဆိုရင်တော့ အဲဒီလို ကိုယ်ထဲက ရုပ်နာမ်တွေအစပေါ်လာတာလဲ မတွေ့ပါဘူး။ အလယ်ပိုင်းလောက်ပဲ တွေ့တယ်။ အလယ်ပိုင်းလောက် တွေ့တော့လဲ ပျောက်သွားတယ်လို့ မတွေ့ဘူး။ အကြာချည်းနေမှပဲ တည်နေတယ်လို့ ထင်တယ်။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာတော့ ပေါ်ပေါ်ချင်းပေါ်စကလေးလဲပဲ သိတယ်။ ကိုယ်ထဲ အမြဲစိုက်ပြီးတော့ ရှုနေတော့ တစ်စုံတစ်ခု ဖြစ်လာတော့ အဲဒီ ဖြစ်လာတာလေးသိတယ်။ စိတ်ကူးကလေးဖြစ်လာရင် စိတ်ကူးလေး ချက်ချင်းသိတယ်။ ဝေဒနာလေးတွေ ညောင်းတာ ပူတာကလေးတွေ ဖြစ်လာရင် အဲဒါလေး ချက်ချင်းသိတယ်။ သိပြီးတော့ ပျောက်သွားတာလဲ သိတယ်။ မှတ်ရင်းလဲ ဖြုတ်ခနဲဆို မှတ်ရင်းပဲပျောက်သွားတာလဲသိတဲ့ ဥဒယဗ္ဗယဉာဏ်ပဲ။

http://www.dhammadownload.com

အဲဒီဉာဏ်က လွန်သွားတဲ့အခါကျတော့ ပေါ်လာတာ မထင်ရှားဘဲနဲ့ ပျောက်တာချည်းပဲ ထင်ရှားတယ်။ မှတ်လိုက်ရင်း ပျောက်သွား၊ မှတ်လိုက်ရင်း ပျောက်သွား၊ အာရုံရော အသိရော ပျောက်ပျောက်သွားတာချည်း တွေ့မြင်ရတယ်တဲ့။ ဒီဉာဏ်က မြင်ဆဲခဏမှာ ရုပ်နဲ့နာမ်ခန္ဓာငါးပါး၊ ကြားဆဲခဏမှာ ရုပ်နဲ့နာမ်၊ ဘယ်ဟာဖြစ်ဖြစ် မှတ်တိုင်း မှတ်တိုင်းဟာ ပေါ်ပြီးရင် ပျောက်သွားတယ်။ ပျောက်သွားတာချည်းပဲ တွေ့ရတယ်။ မြင်တာမှတ်လိုက် ပျောက်သွား၊ ကြားတာလေးတွေ အသံကလေးတွေ မှတ်လိုက်ရင် ပျောက်သွား၊ ကိုယ်ထဲက အတွေ့အထိကလေးတွေ မှတ်လိုက်ရင် ပျောက်သွား၊ ကွေးတာ ဆန့်တာကလေးတွေ မှတ်လိုက်လဲ ပျောက်သွား၊ ဖောင်းတာ ပိန်တာလေးတွေလဲ ရိပ်ခနဲ ရိပ်ခနဲပျောက်တာပဲ ထင်ရှားနေတယ်။ ပုံသဏ္ဌာန် အထည်ဖြပ်မရှိဘူး။ ပကတိမှတ်ခါစတုန်းက ဆိုလို့ရှိရင် ရှုရမယ်ဆိုလို့သာ ရှုနေရတာ။ လက်တွေခြေတွေနဲ့ ဒီအတိုင်းပါပဲ။ ဗိုက်ကလဲ ပုံသဏ္ဌာန် အထည်ဖြပ်ကြီးနဲ့ ဒီလိုပဲဖြစ်နေတယ်။ ဝိပဿနာဉာဏ်က ဘင်္ဂဉာဏ်တိုင်အောင်ရင့်လာတဲ့ အခါကျတော့ ပုံသဏ္ဌာန်အထည်ဖြပ် မပေါ်တော့ဘူး။ ရိပ်ခနဲ ပျောက်လိုက်, ရိပ်ခနဲ ပျောက်လိုက် ဒီလိုပဲတွေ့ရတယ်။ ဒါတွင် မဟုတ်ဘူး။ မှတ်သိနေတဲ့ စိတ်ကလေးတွေပါ ပျောက်သွားတာထင်တယ်။

ကွေးတယ် မှတ်ရင် ရွှေ့ကနဲ တရွှေ့ရွှေ့ပျောက်လိုက်၊ ကွေးတယ်လို့ မှတ်သိတာလေး ပျောက်သွားလိုက်၊ နောက်တစ်ခါ တရွှေ့ရွှေ့လိုက်၊ ကွေးတယ်လို့မှတ်လိုက်၊ အဲဒီ အသိကလေးလဲ ပျောက်သွားလိုက်၊ ဒီလိုပဲ တစ်ကွေးတစ်ကွေးမှာ အရွှေ့ပေါင်းလဲ အများကြီး၊ အသိပေါင်းလဲ အများကြီးပဲ။ ကွေးတယ်၊ ကွေးတယ် ရွှေ့တယ် ရွှေ့တယ်ဆို၊ ရွှေ့တိုင်းရွှေ့တိုင်း ရွှေ့လိုက် ပျောက်လိုက် ရွှေ့လိုက် ပျောက်လိုက် ဒီလိုလိုက်လာတာကိုး။ စကြိလျှောက်နေတဲ့အခါလဲ ကြွတယ်, လှမ်းတယ်, ချတယ်ဆိုရင် အဲဒါရွှေ့တိုင်း ရွှေ့တိုင်း တစ်ရွှေ့က တစ်ရွှေ့မရောက်ပဲ ပျောက်သွားတယ်။ အရွှေ့ကလေးတွေကလဲ ရွှေ့ပြီးပျောက်၊ အသိကလေးတွေကလဲ သိပြီးပျောက်လိုက်နေတာလေးတွေ တွေ့ရတယ်။ အဲဒါ ဘင်္ဂဉာဏ်ခေါ်တယ်။ အပျက်ကလေးတွေ တွေ့တာတဲ့။ အဲဒီလို အပျက်ချည်းပဲတွေ့ရတော့ မမြဲဘူး

http://www.dhammadownload.com

ဆိုတာ အင်မတန်ရှင်းနေတာပဲ။ ပေါ်လာသမျှ အာရုံတွေဟာလဲ ပျောက် ပျောက် သွားတာချည်းပဲဆိုတော့ မြဲတယ်လို့ ဘယ်မှာစွဲလမ်းစရာရှိတော့မှာလဲ မှတ်သိတဲ့ စိတ်ကလေးတွေကလဲပဲ သိပြီးပျောက် သိပြီးပျောက်ဆိုတော့ သူကလဲ စွဲလမ်းစရာ မရှိဘူး။ မှတ်သိတဲ့ စိတ်ကလေး၊ နှလုံးသွင်းတဲ့ စိတ်ကလေးရဲ့ အပျက်ကိုလဲ မမြင်ပါပဲနဲ့ ရုပ်နာမ်တရားတွေဟာ ခဏမစဲပျက်နေတယ်လို့ နှလုံးသွင်းနေလို့ အဲဒါကတော့ အာရုံကပျက်နေပေမယ်လို့ နှလုံးသွင်းတဲ့ စိတ်ကလေးကပေမယ့် မြဲနေတတ်တယ်။ နှလုံးသွင်းတဲ့စိတ်ကလေး ဆင်ခြင်တဲ့စိတ်ကလေးရဲ့ အပျက်ကို မမြင်ဘူး။

ပကတိအတိုင်း စဉ်းစားဆင်ခြင်ပြီး သိတဲ့ဝိပဿနာတွေဆိုရင် ဒီလိုချည်း ထဲပဲ။ အာရုံသာ ပျက်တယ်လို့ သူဟာဖန်တီးနေတာကိုး၊ ကိုယ်ထဲမှာ တရွရွ တမွမွ နဲ့ ပျက်နေတယ်ဆိုပြီးတော့ ဆင်ခြင်တော့ ဆင်ခြင်ပါများတော့လဲ နှလုံးသွင်းတဲ့ အတိုင်း ရွရွမွမွတွေ ပျက်နေတယ်လို့ ထင်မှာပေါ့။ ဒါပေမယ်လို့ အဲဒီလိုနှလုံးသွင်း တဲ့ ရှုတဲ့စိတ်ကလေးပျက်တာ တွေ့ရဲ့လားဆို ဒီလိုတော့မတွေ့ဘူး။ ဘယ်တွေ့မလဲ သူက ရှုမှမရှုပဲဟာကိုး။

အဲဒီ နှလုံးသွင်းတဲ့စိတ်ကလေး မရှုဘူး။ မရှုတော့ နှလုံးသွင်းတဲ့စိတ်ကလေး ရဲ့ အပျက်အပျက်ကလေးတွေ သူကမသိဘူး။ နှလုံးသွင်းတဲ့စိတ်ကတော့ တသမတ် တည်းပဲ။ နှလုံးသွင်းနေတယ်လို့ ဒီလိုထင်နေတယ်။ အဲဒီလိုဆိုရင် ဝိပဿနာဟာ မစင်ကြယ်ဘူး။ ရှုရတဲ့ပေါ်လာတဲ့ အာရုံကလေးပျောက်နေတာကို သိပေမယ့်ရှုတဲ့ စိတ်ကလေး၊ နှလုံးသွင်းနေတဲ့ စိတ်ကလေးက အမြဲတည်နေတယ်လို့ ထင်နေလို့ ရှိရင် ဒါဝိပဿနာမစင်ကြယ်သေးဘူး။ နိစ္စ အစွဲရှိတယ်။ အတ္တအစွဲရှိတယ်။ ဒါကြောင့် ဘုန်းကြီးများဆီက သတိပဋ္ဌာန်နည်းနဲ့ ပေါ်တိုင်းပေါ်တိုင်း မှတ်ပါ။ အဲဒီလို အစွဲတွေ မကျန်ဘူး။ ဘင်္ဂဉာဏ်ရောက်လို့ရှိရင် ပေါ်လာတဲ့အာရုံတွေလဲ တရိပ်ရိပ်နဲ့ပျောက်နေတာ တွေ့တာပဲ။ တမင်တကာ ဒီကဖျောက်ယူရတာ မဟုတ် ဘူး။ သူဟာနဲ့သူ အပိုင်းအပိုင်းပေါ်လိုက် ပျောက်လိုက် ပေါ်လိုက်ပျောက်လိုက်နဲ့ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပျောက်နေတယ်။ မှတ်သိနေတဲ့ စိတ်ကလေးတွေလည်း သိပြီးရင်း

http://www.dhammadownload.com

ပျောက်လိုက်။ သိပြီးရင်း ပျောက်ရင်း၊ ဒါလဲပဲ ကိုယ်ကဖျောက်ယူရတာ မဟုတ်ဘူး။ မှတ်လိုက် ပျောက်လိုက် မှတ်လိုက် ပျောက်လိုက် အပိုင်းအပိုင်းကလေး။

ဒီတော့ မြဲတဲ့တရား ဘယ်ရှာလို့ ရတော့မှာလဲ။ ပေါ်လာတဲ့ အာရုံတွေကလဲ ပေါ်ပြီးပျောက်၊ ရှူတဲ့စိတ်ကလေးကလဲ ရှူပြီးပျောက်၊ ဘယ်မှာ မြဲတာရှိမှာလဲ။ အပြင်ကလဲ မမြဲဘူး။ အတွင်းကလဲ မမြဲဘူး။ မမြဲတော့ အတ္တပဲ။ အသက်ရှင်နေတဲ့ အကောင်ကလေးပဲလို့လဲ ဒီအထဲမှာ စွဲလမ်းစရာ ဘာမှမရှိဘူး။ အဲဒါ အစွဲအလမ်းတွေ ကင်းနေတာတဲ့။ ခုနက "ထင်လွဲသာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်" မြင်တိုင်းကြားတိုင်း မရှုမမှတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ကောင်းတယ် ထင်ပြီးတော့ သာယာစရာတွေ ထင်လာတယ်။ သာယာစရာတွေထင်ပြီးတော့ သာယာပြီးတော့ စွဲလမ်းတယ်။ ငါပဲလို့ထင်ပြီးတော့လဲ စွဲလမ်းတယ်။ မြင်ရတာလဲ ငါပဲ။ ကြားရတာလဲ ငါပဲ။ ထင်စရာတွေပေါ့။ အဲဒီလိုပဲ ထင်မြင်စွဲလမ်းနေတယ်။

အခု ဘင်္ဂဉာဏ်ရောက်ပြီး မြင်တိုင်း ကြားတိုင်းတွေဟာ တရိပ်ရိပ်နဲ့ မြင်ရကြားရတာတွေကလဲ ပေါ်ပြီးပျောက်၊ မှတ်သိတဲ့စိတ်ကလေးကိုလဲ သိပြီးပျောက်၊ တရိပ်ရိပ်နဲ့ပျောက်ပြီးတော့ နေတာချည်းပဲတွေ့ရတဲ့အခါ ဘယ်မှာ စွဲလမ်းစရာရှိမှာလဲ။ သာယာစရာလဲ ဘယ်ကမှရှာလို့မရဘူး။ မရှိတော့ဘူး။ ငါပဲလို့ တစ် သက်လုံးတစ်ဘဝလုံးတည်နေတဲ့ ငါကောင်ပဲလို့ စွဲလမ်းစရာလဲ ဒီအထဲမှာ ဘာမှ မရှိတော့ တရိပ်ရိပ်နဲ့ပျောက်နေတာချည်းပဲ တွေ့တော့တယ်။ အနိစ္စ-မမြဲတဲ့တရား၊ မမြဲလို့ပဲ ဒုက္ခ-အားကိုးစရာမရှိတဲ့ ဆင်းရဲတရားတွေ၊ မမြဲလို့ အားကိုးစရာမရှိလို့ အနတ္တ-ဘာမှအစိုးမရဘူး။ မြဲအောင်လဲ မတတ်နိုင်ဘူး။ အားကိုးစရာဖြစ်အောင် ချမ်းသာအနေအားဖြင့်လဲ မတတ်နိုင်ဘူး။ သူသဘောအတိုင်း သူဖြစ်ပျက်နေတာပဲဆိုပြီးတော့ ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်မှာ ရှင်းနေရတယ်။ မပြောတတ်ရင်သာရှိရမယ်။ ရှူတိုင်းမှတ်တိုင်း ဒီအသိကလေးတွေကတော့ ရောက်နေတယ်။ စာတတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ စာမတတ်လဲပဲ အသိဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်မှာ သိနေတာပဲ။ ဒီဥစ္စာကလေးတွေဟာ တရိပ်ရိပ်ပျောက်နေတာ။ မမြဲတဲ့ တရားချည်းထဲပဲ။ အမြင်က မြင်ရာကြားရာက ပေါ်လာတာတွေကလဲပဲ တရိပ်ရိပ်နဲ့ ပျောက်နေတာ။

http://www.dhammadownload.com

ရှုမှတ်သိတဲ့စိတ်တွေကလဲပဲ သိပြီး ပျောက် သိပြီးပျောက် မမြဲတဲ့တရားပဲ။ မမြဲလို့ ဒီဟာတွေချမ်းသာတယ်လို့ စွဲလမ်းစရာ မဟုတ်ဘူး။ ဆင်းရဲတရားပဲ။ အဲဒီတော့ တရိပ်ရိပ်ပျောက်နေတဲ့ တရားတွေဟာ အသက်ရှင်နေတဲ့အကောင်ကလေးပါလို့ ဘယ်စွဲလမ်းစရာရှိမှာလဲ။ သူသဘောအတိုင်း ဖြစ်နေတဲ့တရားတွေပဲ။ ချက်ချင်း ပျက်နေတဲ့ တရားတွေပဲလို့ ရှင်းလာတယ်။

အဲဒီလိုသိတော့ တဏှာနဲ့စွဲလမ်းမှုဥပါဒါန်မဖြစ်နိုင်ဘူးတဲ့။ ဒိဋ္ဌိနဲ့ငါကောင်ပဲလို့ စွဲလမ်းလို့ ဥပါဒါန်မဖြစ်နိုင်ဘူးတဲ့။ အဲဒီဥပါဒါန်တွေ ကင်းအောင်လို့ ဒါတွေ ရှုရတာ။ ဒါက ဥပါဒါနက္ခန္ဓာနဲ့စပ်ပြီးတော့ ပြောတာ။ အမှန်ကတော့ ကိလေသာတွေ အကုန်ကင်းတယ်။

အဲဒီရောက်လို့ရှိရင် တစ်ခါမှတ်လိုက် အဲဒီမှတ်ရတဲ့အာရုံနဲ့စပ်ပြီးတော့ မှတ်သိရတဲ့အာရုံနဲ့စပ်ပြီးတော့ ဖြစ်မယ့်ကိလေသာမဖြစ်ဘူး။ သာယာမယ့်ကိလေသာတွေမဖြစ်ဘူး။ ငါပဲလို့အထင်မှားမယ့် ဒိဋ္ဌိတွေမဖြစ်ဘူး။ အဲဒီကိလေသာတွေက ဆက်ပြီးဖြစ်မယ့် ကုသိုလ်ကံ အကုသိုလ်ကံတွေလဲ အားမထုတ်နိုင်ဘူး။ ဒီကံက အကျိုးပေးမယ့်ဥစ္စာတွေလဲ ကံမှမရှိပဲ။ ဘယ်မှာ အကျိုးပေးနိုင်မှာလဲ။ မပေးနိုင်ဘူး။ မျိုးစေ့မကြဲဘဲနဲ့ အပင်ဘယ်ပေါက်လိမ့်မှာလဲ။ မပေါက်နိုင်ဘူး။ ကံကမရှိတော့ပဲ။ အကျိုးမပေးရင် ဘဝအသစ်မဖြစ်နိုင်ဘူး။ ဘဝအသစ်မှမရှိတော့ပဲ။ အဲဒီဘဝအသစ်မှာ ဇာတိပဋိသန္ဓေနေမှု ဘယ်မှာရှိမလဲ။ အိုခြင်းဘယ်ဖြစ်နိုင်မှာလဲ။ ကောင်းကင်မှာ ဆေးရေးလို့မရသလို သေရခြင်းမရှိဘူး။ အဲဒါ သူသတ်ကြီးငါးဦး၊ ခန္ဓာငါးပါး တည်းဟူသော သူသတ်ကြီးငါးယောက်က မသတ်နိုင်တာ။ တစ်ခါမှတ်လိုက် သူသတ်ကြီးငါးယောက်လက်က တစ်ခါလွတ်သွားတာပဲ။

သေမင်းလွတ်အောင် တရားအားထုတ်

သုတ္တနိပါတပါဠိ ၄၄၈-မှာ-

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါ သတော၊

http://www.dhammadownload.com

မောဃရာဇ၊ မောဃရာဇရသေ့။ **လောကံ၊** လောကကို။ **ဆုညတေ၊** အတ္တမှ ဆိတ်သည်ဟု။ **အဝေက္ခဿု၊** သိလေလော။

ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ၊

တရိပ်ရိပ်နဲ့ပျောက်ပြီးတော့ နေတာချည်းပဲ၊ မြင်ရာကလဲ ပျောက်၊ ကြားရာကလဲ ပျောက်၊ နံရာ၊ စားရာ၊ တွေ့ထိရာကလဲ ပျောက်၊ မှတ်သိတဲ့စိတ်ကလေးကလဲ ပျောက်၊ ဘယ်ဟာမှမြဲမနေဘူး။ အကုန်လုံးတရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲ ဆိုတော့ ဒီအထဲမှာ အတ္တကိုရှာလို့မရဘူး။ အသက်ရှင်နေတဲ့အကောင်မရှိဘူး။ မြဲတဲ့သဘောလဲ ဒီအထဲမှာမရှိဘူး။ ချမ်းသာတဲ့သဘောလဲ ဒီအထဲမှာ မရှိဘူး။ ပုဂ္ဂိုလ်သတ္တဝါပဲလို့ စွဲလမ်းစရာလဲ ဒီအထဲမှာမရှိဘူး။ ဆိတ်သုဉ်းနေတယ်တဲ့။ တောထဲရောက်တဲ့အခါ လူမရှိလို့ လူဆိတ်နေသလိုပဲ။ အသံမရှိတဲ့ နေရာအားနားထောင်လို့ရှိရင် ဘာသံမှလဲမကြားရလို့ တိတ်ဆိတ်နေသလိုပဲ။ မြင်တိုင်း၊ ကြားတိုင်း၊ ဖွါရ ၆-ပါးက တရိပ်ရိပ်ပေါ်တဲ့တရားချည်းထဲက ရွှေနေတာကိုး။ အမှတ်ကောင်းတဲ့အခါမှာ ဒါက အမှတ်ကောင်းဖူးတဲ့ ပုဂ္ဂိုလ်တွေမှသိမယ်။ မကောင်းသေးတဲ့ မှတ်ခါစပုဂ္ဂိုလ်ကတော့ အဲဒီလောက်ပြောပေမယ့် မသိပါဘူး။ အဲဒီဘင်္ဂဉာဏ်ရောက်လို့ အထူးအားဖြင့်တော့ သခါရုပေက္ခာဉာဏ်ကျမှပိုပြီးတော့ ရှင်းတာပေါ့လေ။

ရွှေတိုင်း ရွှေတိုင်းဟာ တရိပ်ရိပ်နဲ့ ပျောက်နေတာကလေးတွေက တသိတည်းသိနေရတာ။ တသိတည်းသိတော့ သိပြီးရင်ပျောက် သိပြီးရင်ပျောက်နေတော့ မပျောက်တဲ့ မြဲတည်နေတဲ့တရားတစ်ခုမှ မရှိဘူး။ ဒီတော့ မြဲတဲ့တရားလဲပဲ အဲဒီအထဲမှာမရှိဘူး။ မမြဲတော့ ချမ်းသာတဲ့တရားလဲပဲ မရှိဘူး။ အားကိုးစရာမရှိဘူး။ အသက်ရှင်နေတဲ့ အကောင်ပဲ။ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ထင်မှတ်စွဲလမ်းစရာလဲ မရှိဘူး။ အကုန်လုံးဆိတ်နေတာကိုး၊ မြဲတဲ့သဘောလဲ ဆိတ်နေတယ်။ ချမ်းသာတဲ့သဘောလဲ ဆိတ်နေတယ်။ ကောင်းတယ်၊ လှပတယ်၊ တင့်တယ်တယ်၊ ဒီလိုထင်နေတဲ့ သဘောလေးပေါ့လေ။ အစတုန်းကတော့ အင်မတန်ဟန်ကြီးပန်ကြီး ဖြစ်နေတာ။ ကိုယ့်

http://www.dhammadownload.com

ကိုယ်နဲ့ကိုယ်ဟာ ယခုတရိပ်ရိပ်နဲ့ ပျောက်နေတာချည်းတွေ့ရတော့ ဘာမှအသုံးမကျ တာတွေ တွေ့နေတယ်။ ကောင်းတဲ့သဘော၊ သုခသဘောတွေ၊ ချမ်းသာတဲ့သဘော တွေ၊ ဒါတွေလဲ တိတ်ဆိတ်နေတယ်။ အစတုန်းကတော့ အသက်ရှင်နေတဲ့ အကောင်ကြီး၊ တကယ်ဟုတ်နေတယ်လို့ ထင်တယ်။ အခုတော့ အကောင်လဲ မရှိဘူး။ သူဟာ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲ တွေ့တော့ အတ္တသဘောလဲ ဆိတ်နေတယ်။ နိစ္စ၊ သုခ၊ အတ္တသဘောတွေဆိတ်နေတယ်တဲ့။ အဲဒီလိုရှုလို့ရှိရင် ရှုတိုင်း ရှုတိုင်း ဘာဖြစ်သတုန်းဆိုတော့ -

၈၀ လောကံ အဝေတွန္တံ၊ မစ္စုရာဇာ န ပဿတိ၊

၈၀၊ ဤသို့။ နိစ္စသဘော, သုခသဘော, အတ္တသဘောမှ ဆိတ်သောအား ဖြင့်။ **လောကံ၊** လောကကို။ **အဝေတွန္တံ၊** ရှုမြင်နိုင်သော ပုဂ္ဂိုလ်ကို။ **မစ္စုရာဇာ၊** သေမင်းသည်။ **နပဿတိ၊** မမြင်မတွေ့တော့ပြီ။

သေမင်းကြီး မတွေ့နိုင်တော့ဘူးတဲ့။ သေမင်းက ပုန်းနိုင်ပြီဆိုတာကိုး။ လောကမှာ တူတူပုန်းတယ်ဆိုတာလို တူတူပုန်းတယ်ဆိုတာ အဖော်တွေမမြင်ရ အောင် ကွယ်တဲ့နေရာပုန်းရတာကိုး။ အပုန်းကောင်းလို့ရှိရင် မတွေ့ဘူး။ အပုန်း မကောင်းလို့ရှိရင်တော့ တွေ့သွားတယ်။ အခု သေမင်းကြီးက မမြင်နိုင်အောင်လို့ အခုတရားအားထုတ်ရတာကိုး။

ခန္ဓာငါးပါးသေမင်း

သေမင်းဆိုတာ ဘယ်သူတွေတုန်းဆိုတော့ အရင်းစစ်တော့ ခန္ဓာငါးပါးပါပဲ။ ဒီခန္ဓာငါးပါးက လိုက်သတ်နေတာ။ အဲဒီခန္ဓာငါးပါးက မသတ်နိုင်အောင်လို့ တရား အားထုတ်တယ်တဲ့။ တရားအားထုတ်တော့ ဘင်္ဂဉာဏ်ကစပြီးတော့ အဲဒီအထက် ပိုင်းဟာ ရှုတိုင်းရှုတိုင်းဟာ တရိပ်ရိပ်နဲ့ပျောက်ပြီးတော့ နေတာတွေတွေ့ရတယ်။ ငါးမိနစ်လောက်မှတ်နေရင် ငါးမိနစ်လောက် တရိပ်ရိပ်နဲ့ ပျောက်နေတာတွေ့ရ တယ်။ ၁၀-မိနစ်လောက်မှတ်ရင် ၁၀-မိနစ်လောက် တရိပ်ရိပ်နဲ့ပျောက်နေတာတွေ့ ရတယ်။ သခ်ါရုပေက္ခာဉာဏ်ကျလို့ရှိရင် သာပြီးတော့ကောင်းတယ်။ တစ်နာရီ လောက်လဲ တရိပ်ရိပ်နဲ့နေတာချည်းပဲရှိတယ်။ ဘာမှ ပုဂ္ဂိုလ်သတ္တဝါ အကောင်

http://www.dhammadownload.com

အထည်ရယ်လို့ မပေါ်ဘူး။ ကိုယ့်ကိုယ်လဲ မစဉ်းစားမိဘူး။ သူများကိုလဲ မစဉ်းစားမိဘူး။ လောကအကြောင်းလဲ မစဉ်းစားမိဘူး။ တရိပ်ရိပ်နဲ့ ပျောက်နေတာပဲတွေ့နေတယ်။ အဲဒီတော့ သုညတောနိစ္စ-မြဲတဲ့သဘောမှလဲ ဆိတ်နေတာကိုလဲ တွေ့တယ်။ အားကိုးစရာချမ်းသာကလေးကောင်းတဲ့အနေအားဖြင့် အဲဒီ သုခသဘောလေး ဆိတ်နေတာတွေ့တယ်။ ပုဂ္ဂိုလ်သတ္တဝါအသက်ရှင်နေတဲ့ အကောင်ကလေးအနေအားဖြင့် အတ္တသဘောလဲမရှိဘူး။ ဒီမှာ ဆိတ်နေတယ်။ နိစ္စ၊ သုခ၊ အတ္တတွေမှ ဆိတ်နေတယ်။ အဲဒီ ဆိတ်တဲ့သဘောလေးရှုရမယ်တဲ့။ အဲဒီလို ရှုနေလို့ရှိရင် ရှုတိုင်းရှုတိုင်း -

ဝံ၊ ဤသို့။ နိစ္စ သုခ အတ္တမှဆိတ်သောအားဖြင့်။ **လောကံ**။ လောကကို၊ ခန္ဓာငါးပါးတည်းဟူသော လောကကို။

လောကဆိုတာ

လောကဆိုတာ ခန္ဓာငါးပါးပဲ။ မြင်မှု၊ ကြားမှုတွေပဲ၊ ဒါတွေပဲ၊ ဝိပဿနာရှုနေလို့ လောကဆိုလို့ မြေပြင်ကြီးနဲ့ ကောင်းကင်ကြီးနဲ့ ဂြိုဟ်တွေတာရာတွေ၊ ဒါတွေပြောတာ မဟုတ်ဘူး။ မိမိသန္တာန်မှာရှိတဲ့ ရုပ်နာမ်တရားတွေ၊ ခန္ဓာငါးပါးတွေကိုဆိုတာ။

လောကီခန္ဓာငါးပါးတည်းဟူသော လောကကို၊ ခန္ဓာငါးပါးဆိုတာ ဘာလဲဆိုတော့ မြင်မှု၊ ကြားမှုတွေပဲ၊ ခန္ဓာငါးပါးဆိုတာ အလုံး-အလုံးတွေမဟုတ်ဘူး။ မြင်တာ ခန္ဓာငါးပါးပဲ။ ကြားတာ ခန္ဓာငါးပါးပဲ။ နံတာ၊ စားတာ၊ တွေ့ထိတာ ခန္ဓာငါးပါးပဲ။ စိတ်ကူးစဉ်းစား ကြံစည်တာလဲ ခန္ဓာငါးပါးပဲ။ ရှုမှတ်တာလဲ ခန္ဓာငါးပါးပဲ။ ခန္ဓာငါးပါးတွေ ခုနက ခွဲခဲ့ပြီ။

ရှုမှတ်တော့ ဘယ့်နှယ်လုပ် ခန္ဓာငါးပါးဖြစ်တုန်းဆိုတော့ ရှုမှတ်တဲ့အခါကာလမှာ ရှုမှတ်တဲ့စိတ်က နာမ်ခန္ဓာလေးပါးပေါ့။ ရှုမှတ်တယ်ဆိုတာ မှတ်တိုင်းမှတ်တိုင်း မှတ်သိတာကခန္ဓာလေးပါး။ သိရုံမျှလေးက ဝိညာဏက္ခန္ဓာ၊ မှတ်သိတဲ့သဘောထဲမှာ ဝမ်းမြောက်ဝမ်းသာနဲ့ မှတ်သိနေတာလဲရှိတယ်။ ဥဒယဗ္ဗယဉာဏ်တွေမှာ ဝမ်းသာလို့ကောင်းတယ်။ ဥပေက္ခာနဲ့လဲ ရှုတယ်။ အဲဒီဝမ်းမြောက်ဝမ်း

http://www.dhammadownload.com

သာ မဖြစ်လို့ရှိရင် ဥပေက္ခာနဲ့အညီအမျှ ရှုနေတယ်။ အဲဒါဝေဒနာပဲ။ သူက နှလုံးမသာတော့ဘူး။ ရှုမှတ်တဲ့အခါမှာတော့ နှလုံးမသာတော့ပါဘူး။ နှလုံးမသာရောက်သွားရင် အဲဒါ ဝိပဿနာမဟုတ်ဘူး။ အပြင်ကဟာတွေ ဝေဒနာပါတယ်။ အဲဒီမှတ်သိတဲ့သဘောကလေးလဲပဲ သူက နောက်ကလိုက်ပြီး မှတ်သားတဲ့သဘော၊ သညာကလဲ ပါသေးတာပဲ။ ဒါကြောင့် ပြန်စဉ်းစားလို့ရှိရင် ဘယ်လိုသိတာပဲဆိုတာလေးပေါ်လာတယ်။ သညာလေးလဲ ပါတယ်။ မှတ်သိမှုဖြစ်အောင် အားထုတ်ပေးနေတဲ့ သဘောက သခ်ါရ၊ သခ်ါရကွန္ဓာ၊ နာမ်ခန္ဓာလေးပါ။ အဲဒီ နာမ်ခန္ဓာလေးပါးက် မှီရာဖြစ်တဲ့ ရုပ်ကရုပ်ခန္ဓာပဲ။ မှီရာဖြစ်တဲ့ရုပ်က အကြမ်းအားဖြင့်တော့ ကိုယ်ကြီးလို့ဆိုရမှာပေါ့။ အဋ္ဌကထာဆရာတွေ ပြောတဲ့အတိုင်းဆိုရင် နှလုံးရုပ်တဲ့။ နှလုံးသားထဲမှာရှိတဲ့ ဟဒယဝတ္ထုခေါ်တဲ့ နှလုံးရုပ်၊ အဲဒီမှာ အမှီပြုပြီးတော့ဖြစ်တယ်တဲ့။ လိုရင်းကတော့ ဒီကိုယ်ကြီးကိုမှီဖြစ်တယ်ဆိုပြီး သိရင်တော်ပါပြီ။ ဒါပါပဲ။ မှီရာရုပ်၊ မှီရာရုပ်က ရုပ်ခန္ဓာ၊ မှတ်သိနေတဲ့သဘောက နာမ်ခန္ဓာ၊ ပေါင်းလိုက်လို့ရှိရင် ခန္ဓာငါးပါးပဲ။ ဒါကြောင့် မှတ်သိနေတာကလဲ ခန္ဓာငါးပါးပဲ။

လောက်-ခန္ဓာငါးပါးတည်းဟူသော လောကဆိုတာ ဘာတွေလဲ။ မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ တွေ့တာ၊ သိတာ၊ မှတ်သိတာ၊ ရှုတာ၊ အကုန်လုံးခန္ဓာငါးပါးချည်းထဲပဲ။ အဲဒီ ခန္ဓာငါးပါးတရားကို နိစ္စ၊ သုခ၊ အတ္တ၊ မြဲတဲ့သဘောလဲမရှိဘူး။ ချမ်းသာတဲ့ သဘောလဲမရှိဘူး။ ပုဂ္ဂိုလ် သတ္တဝါသဘောလဲ မရှိဘူး။ ဆိတ်နေတယ်ဆိုတာကို မြင်အောင်ရှုရမယ်တဲ့။ ဒါက မြဲတဲ့သဘောမရှိဘူး။ ချမ်းသာ မရှိဘူး။ အတ္တ မရှိဘူး။ ဒီလိုဆိုနေရမှာမဟုတ်ဘူး။ ဒီလိုငြင်းနေရင် ငြင်းတာပဲ။ ဘာမှ ထင်မှာမဟုတ်ဘူး။

ဖြစ်တိုင်း ဖြစ်တိုင်း ရုပ်နာမ်တွေကို ရှုမယ်ဆိုရင်တော့ တရိပ်ရိပ်နဲ့ ဘင်္ဂာဏ်ရောက်တဲ့အချိန်ကစပြီးတော့ ဒီအတိုင်းထင်တယ်။ တရိပ်ရိပ်နဲ့ ပျောက်နေတာချည်းပဲ။ မှတ်ရတဲ့အာရုံလဲ ရိပ်ခနဲပျောက် မှတ်သိတဲ့စိတ်ကလေးကလဲ သိပြီးပျောက်သိပြီးပျောက်၊ ဒီထဲမှာ မြဲတဲ့သဘော ချမ်းသာတဲ့သဘော ရှာလို့မရဘူး။ အစိုးရတဲ့သဘော ရှာလို့မရဘူး။ ရှာလဲမရှာပါဘူး။ အတ္တအသက်ရှင်နေတဲ့ အကောင်ကလေး

http://www.dhammadownload.com

ဆိုတာလဲ ဒီအထဲမှာ ရှာလို့မရပါဘူး။ ရှာလဲမရှာပါဘူး။ ယောဂီက မှတ်ရုံမှတ်သွားတာ တရိပ်ရိပ်နဲ့ သူကရှင်းနေတယ်။

အဲဒီတော့ နိစ္စ၊ သုခ၊ အတ္တမှ ဆိတ်တဲ့သဘောကို ရှုရမယ်ဆိုတာ အလိုလိုပြီးနေပါတယ်။ မှတ်နေရုံနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တဲ့ သဘောတွေဟာ တွေ့တယ်။ တွေ့တိုင်း တွေ့တိုင်း အဲဒီ တွေ့တဲ့အာရုံနဲ့စပ်ပြီးတော့ ဘာမှစွဲလမ်းမှု မရှိဘူး။ တဏှာနဲ့သာယာပြီး စွဲလမ်းမှုတွေမလာဘူး။ မစွဲလမ်းဘူး။ ဒိဋ္ဌိနဲ့ထင်မှတ်ပြီး စွဲလမ်းဦးမလား။ မစွဲလမ်းဘူး။ မစွဲလမ်းတော့ ကောင်းစား ချမ်းသာအောင်လို့ ကုသိုလ်အမှု အကုသိုလ်အမှုတွေ သူပြုဦးမလားဆိုတော့ မပြုတော့ဘူးတဲ့။ မြင်မှု၊ ကြားမှုကို အကြောင်းပြုပြီးတော့ ဝိပဿနာရှုစဉ်က ပေါ်လာတဲ့ အာရုံတို့ အသိတို့ အကြောင်းပြုပြီးတော့ ဘာမှသူမလုပ်ပါဘူးတဲ့။ ကံမဖြစ်ဘူး။ ကံမဖြစ်တော့ကို ဘဝအသစ်အကျိုးမပေးဘူး။ မပေးတော့ ဇာတိတို့၊ ဇရာတို့၊ မရဏတို့၊ ဖြစ်ခြင်း၊ အိုခြင်း၊ သေခြင်းဆိုတာ မရှိဘူးတဲ့။ အဲဒါဟာ သေမင်းကနေပြီး လွတ်မြောက်နေတာတဲ့။ ရှုတိုင်း သေမင်းလက်က လွတ်မြောက်တယ်။

နောက်ပြီး အစဉ်အတိုင်းသွားလို့ အရိယမဂ်ဉာဏ်တွေ ဖိုလ်ဉာဏ်တွေ ရောက်သွားလို့ နောက်ဆုံးအရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ အဲဒီမှာ ကိလေသာတွေ အကုန်ကုန်တယ်။ အဲဒီ ဘဝရုပ်နာမ်ခန္ဓာဆုံးတဲ့အခါ ပရိနိဗ္ဗာန်စုတိဆိုပြီးတော့ ဘဝသစ်လုံးလုံး မဖြစ်ရတော့ဘူး။ အဲဒီမှာတော့ အိုခြင်း, နာခြင်း, သေခြင်းဆိုတာ လုံးလုံးမရှိတော့ဘူး။ အဲဒီကျတော့ လုံးဝကင်းတယ်။ အဲဒီ မရောက်ခင်တော့ ရှုမှတ်မိတဲ့အာရုံတွေနဲ့စပ်ပြီးတော့ အိုခြင်း, နာခြင်း, သေခြင်းတွေ ကင်းတယ်။ အဲဒါ အကြောင်းပြုပြီးတော့ -

သုညတော (လ) ခစ္ဆရာဇာ နံ ပသတိ။

မောဃရာဇ၊ မောဃရာဇရသေ့။ **လောကံ၊** လောကကို။ **လောကံ၊** မြင်မှု ကြားမှု အစရှိသော ခန္ဓာငါးပါးတည်းဟူသော လောကကို။ **သုညတော၊** မြဲတဲ့ သဘောမှဆိတ်သည်ဟု ချမ်းသာတဲ့သဘောမှ ဆိတ်သည်ဟု အတ္တသဘောမှ ဆိတ်သည်ဟု။ **အဝေက္ခဿု၊** ရှုလိုက်ပါလော့။ **ဓံ၊** ဤသို့မြဲတဲ့သဘော ချမ်းသာတဲ့

http://www.dhammadownload.com

သဘော အတ္ထကောင်သဘောမှ ဆိတ်သည်ဟု။ **လောကံ**၊ လောကကို။ **ဝါ-လောကံ** မြင်မှု ကြားမှုအစရှိသော ခန္ဓာငါးပါးတည်းဟူသော လောကကို။ **အဝေတ္ဘုန်**၊ ရှုရှု၍နေသော ပုဂ္ဂိုလ်ကို။ **မစ္စုရာဇာ**၊ သေမင်းကြီးသည်။ **နု ပဿတိ**၊ မမြင်တော့ပြီ။

သေမင်းမမြင်နိုင်ဘူး။ သေခြင်းတရား ကင်းရာ လွတ်ရာကို ရောက်အောင် ဒီလိုအားထုတ်ရမယ်တဲ့။ ခန္ဓာငါးပါးတည်းဟူသော သူသတ်သမားကြီးမမြင်အောင် လို့ကို အားထုတ်ရတာကိုး။ အဲဒါပါပဲ။ အဲဒီကဝိပဿနာဉာဏ် အစဉ်အတိုင်းတက်သွားလို့ နောက်ဆုံးအရိယမဂ်ဉာဏ်တွေ အစဉ်အတိုင်းတက်လို့ အရဟတ္တမဂ်ဉာဏ် ရောက်တဲ့အခါကျတော့ လုံးလုံးသေမင်းကြီးက မမြင်တော့ဘူးတဲ့။ သေမင်းကြီး မသတ်နိုင်တော့ဘူးတဲ့။ ဒါပါပဲ၊ ဒီအသွားအတိုင်း အားထုတ်ရအောင်လို့ ခန္ဓာငါးပါးဟာ သူသတ်ယောက်ျားကြီးငါးဦးနဲ့ တူတယ်တဲ့။ ဒီ**အာသီဝိသောပမသုတ်**မှာ ဟောထားတာ။ ဖြစ်အောင် အားထုတ်ဖို့ရာပဲ။ ဒါ ကမ္မဋ္ဌာန်းတစ်ခုပဲ။

ဒီ ခန္ဓာငါးပါးနဲ့စပ်ပြီးတော့လဲ နိဗ္ဗာန်ရောက်အောင် အားထုတ်တဲ့နည်းတစ်ခုပဲ။ အခု ဘုန်းကြီးပြောတာလဲ အဲဒီရောက်သွားပြီ စုံနေပြီ။ အဲဒီတော့ မြတ်စွာဘုရားလက်ထက်က သာဓကကလေးတစ်ခုတော့ ထည့်ရဦးမယ်။

ဝဇီရာသုတ်

မြတ်စွာဘုရားလက်ထက်တော်က ဝဇီရာဆိုတဲ့ ရဟန်းမိန်းမ၊ ဘိက္ခုနီမ ဝဇီရာဆိုတာက စိန်ဟောတာပဲ။ နားကပ်တို့ဘာတို့ဝတ်တဲ့ စိန်မျိုးပဲ။ ဒီတော့ မြန်မာနာမည်နဲ့ ခေါ်မယ်ဆိုရင်ဖြင့် မစိန်လို့ခေါ်ရမှာပေါ့လေ။ ဒေါ်စိန်လို့ခေါ်ချင်လည်း ခေါ်နိုင်တာပဲ။ ပါဠိလိုကတော့ ဝဇီရာလို့ဆိုတယ်။ ရဟန်းမိန်းမတဲ့။

အဲဒါ သူက ရဟန္တာမပါပဲ။ **အန္ဓ**တောမှာ **ဝိဝေက**-ဆိတ်ငြိမ်ရာရအောင်လို့ နေ့သန့်စင်တယ်တဲ့။ ရဟန္တာတွေလဲ အဲဒီအန္ဓတောမှာနေတယ်။ ဆိတ်ဆိတ်ငြိမ်ငြိမ် ဖြစ်အောင်လို့ ဇေတဝန်ကျောင်းတော်ကတော့ သံဃာတွေကများတာကိုး။ သံဃာတွေများတော့ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေမှာပေါ့။ တရားနှလုံးသွင်းလို့ သိပ်မဖြစ်ဘူး။ ဒီတော့ အန္ဓတောဆိုတာ ဇေတဝန်ကျောင်းတော်ရဲ့ မြောက်ဘက်ကတဲ့။ သာဝတ္ထိမြို့ရဲ့ အနောက်ဘက်မှာရှိတယ်တဲ့။ လူတိုင်း လူတိုင်း မသွားဝံ့ဘူးတဲ့။

http://www.dhammadownload.com

ဒီတော့ ဟိုတုန်းက လူသိပ်များပုံမရဘူး။ မြို့ကြီးနားမှာပဲ။ ဒီတောကြီး ရှိနေတယ် ဆိုတော့ လူတွေသိပ်မများလို့။ လူတွေများလို့ရှိရင် ဒီတောကြီးခုတ်ပြီး လယ်လုပ်တာ နဲ့ကုန်မှာ၊ ဘာရှိတုန်းဆိုတော့ အဲဒီတော့ အခုတော့ ပဲစဉ်းငုံတောတွေပဲ။ လူတွေ များလာတော့ တောတွေလဲမခံနိုင်ဘူး။ စာပေကျမ်းဂန်က ခုနစ်ကုဋေဆိုတာ များတယ်။ တစ်ကုဋေဆိုတာ နည်းတာမဟုတ်ဘူး။ တစ်ကုဋေဆိုတဲ့ဥစ္စာ မြို့ တစ်မြို့မှာ တစ်ကုဋေရှိဖို့အတော်ခဲယဉ်းတယ်။ အင်မတန်ကြီးမှဖြစ်မယ်။ အဲဒါ ခုနစ်ကုဋေတောင်ဆိုတော့ ဒီကုဋေက ဘာကုဋေနေမယ်မသိဘူး။ အခုကုဋေတော့ ဟုတ်မယ်မထင်ပါဘူး။

အဲဒီတောကြီးမှာ လူတွေဘာတွေ အသွားအလာမရှိဘူး။ တိတ်ဆိတ်နေ တယ်ဆိုတာကိုး။ အဲဒီမှာ ရဟန္တာရှင်သာရိပုတ္တရာတို့ အစရှိတဲ့မထေရ်တွေလဲ အဲဒီတောကိုသွားတော့ နေ့လယ်နေ့ခင်း သမာပတ်တွေဝင်စားပြီး ချမ်းသာစွာနေကြ ပါတယ်။ ဘိက္ခုနီမတွေကလဲ သူတို့လဲ သွားပြီးတော့နေကြတယ်။ အမျိုးသမီး ရဟန္တာမတွေလဲ ကြောက်စရာတော့ မရှိပါဘူး။ တန်ခိုးဣဒ္ဓိပါဒ်တွေလဲ သူတို့က ရှိနေတာ။ အဲဒီမှာ သွားနေကြတယ်။

မာရ်နတ်နှင့် ဝဇီရာရဟန်းမ

မာရ်နတ်က နည်းနည်းထိုင်းထိုင်းမှိုင်းမှိုင်းထင်ရတဲ့ ပုဂ္ဂိုလ်ဆီလာပြီးတော့ သူကဇဝေဇဝါဖြစ်အောင် လုပ်တတ်တယ်။ အခုကာလမှာ နောက်တောက်တောက် လူတွေနဲ့ တူပါတယ်။ အခုကာလ နောက်တောက်တောက်လူတွေကလည်း ဒီလိုပဲ။ တယ်မဟုတ်သေးဘူးထင်တဲ့ သူတွေကို သူတို့သွားပြီး ဇဝေဇဝါဖြစ်အောင် တောင် ပြောမြောက်ပြောတွေ ပြောတတ်တယ်။ အဲဒါ မာရ်နတ်ကလာပြီးတော့ တောထဲ ဟိုမှာ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တရားနှလုံးသွင်းပြီးတော့နေတဲ့ ရဟန္တာမဆိုတော့ တိုး တက်အောင် နှလုံးသွင်းတာတော့ မဟုတ်ပါဘူး။ ဒိဋ္ဌမွေသုခဝိဟာရ မျက်မှောက် မှာ ချမ်းသာတယ်တဲ့။ တရားနှလုံးသွင်းပြီးတော့နေတာ သတိသမ္ပဇည-သတိသမ္ပ ဇဉ်ဖြစ်အောင် နှလုံးသွင်းပြီးတော့နေတယ်။ အဲဒီမှာ မာရ်နတ်က ဘာသွားပြော သလဲဆိုတော့ -

http://www.dhammadownload.com

သဂါထာဝဂ္ဂသံယုတ်၊ ဝဇီရာသုတ်၊ စာမျက်နှာ ၁၃၆-မှာ-

ကေနာယံ ပဟတော သတ္တော၊ ကုဝံ သတ္တဿ ကာရကော။
ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ။

ဘိက္ခုနီမကို သူကမေးခွန်းလာထုတ်တယ်။ လူတစ်ယောက်အနေနဲ့ပေါ့လေ။ လူအနေနဲ့ သူကလာပြီးတော့ မွေးခွန်းထုတ်တယ်။

အယျေ၊ အရှင်မဝဇီရာ။ **အယံ သတ္တော၊** ဤသတ္တဝါကို။ **တေန၊** အဘယ် ပုဂ္ဂိုလ်က။ **ပဟတော၊** ပြုအပ် ဖန်ဆင်းအပ်ပါသနည်း။

ဒီသတ္တဝါဖြစ်လာအောင် ဘယ်သူက ဖန်ဆင်းတုန်းတဲ့

ဘယ်သူကဖန်ဆင်းလို့ ဒီသတ္တဝါဖြစ်လာသလဲတဲ့။ ဖန်ဆင်းတဲ့ ဝါဒအရ ဆိုရင်ဖြင့် ဘုရားသခင်ဖန်ဆင်းလို့ ဖြေလိုက်ရမှာပေါ့လေ။ ဒီလိုဖြေမှာပဲ။ ဒီလို ဝါဒရှိတဲ့ပုဂ္ဂိုလ်တွေက များတယ်။ ဟိုတုန်းကတော့ ဗြဟ္မာကြီးဖန်ဆင်းတယ်လို့ ယူဆကြပါတယ်။ ဗြဟ္မာကြီးလဲ ဘုရားသခင်ပါပဲ။ ဗြဟ္မာကြီး ဖန်ဆင်းတယ်လို့ ယူဆကြတယ်။

အယျေ၊ အရှင်မဝဇီရာ။ **အယံ သတ္တော၊** ဤသတ္တဝါကို။ **တေန၊** အဘယ် ပုဂ္ဂိုလ်က။ **ပဟတော၊** ဖန်ဆင်းအပ်ပါသနည်း။ **သတ္တဿ၊** သတ္တဝါကို။ **ကာရကော၊** ပြုသောပုဂ္ဂိုလ် ဖန်ဆင်းသောပုဂ္ဂိုလ်သည်။ **ကုဝံ၊** အဘယ်မှာရှိနေပါသနည်း။

ဒီသတ္တဝါကို ဖန်ဆင်းလိုက်တာ ဘုရားသခင်က ဖန်ဆင်းတယ်ဆိုရင် အဲဒီ

ဘုရားသခင်ဟာ ဘယ်နားမှာရှိနေသလဲ၊ ဘယ်မှာရှိတုန်း။

သတ္တော၊ သတ္တဝါသည်။ **ကုဝံ၊** အဘယ်အရပ်၌။ **သမုပ္ပန္နော၊** စ၍ဖြစ်ပေါ် ခဲ့ပါသနည်း။

သတ္တဝါဟာ ဘယ်တ စဖြစ်လာတုန်း အရှင်မ-တဲ့။

သတ္တော၊ သတ္တဝါသည်။ **ကုဝံ၊** အဘယ်အရပ်၌။ **ဝါ၊** အဘယ်ဌာန၌။ **နိရုဇ္ဈတိ၊** လုံးဝချုပ်ငြိမ်း ပျောက်ပျက်သွားပါသနည်း။

မေးခွန်းမေးတယ်။ တရားနှလုံးသွင်းတာ ပျက်အောင်လို့ အနှောင့်အယှက် လုပ်တာ၊ သူက ရဟန္တာမမှန်းလဲ သိမယ်မထင်ပါဘူး။ တရားအားထုတ်ရင် တရား

http://www.dhammadownload.com

တွေ တိုးတက်သွားမှာ သူကစိုးရိမ်တယ်။ သူက လောကကြီးပွားရေးဘက်ကကိုး။ လူထဲမှာ သတ္တဝါနည်းသွားမှာစိုးရိမ်ဟန်တူပါတယ်။ ပရိနိဗ္ဗာန်စံကုန်ရင် နည်းကုန်မှာကိုး။ အဲဒါ မနည်းရအောင် အလုပ်ပျက်အောင်လို့လာပြီးတော့ နှောင့်ယှက်တယ်။

အဲဒီသတ္တဝါတို့ ဘယ်သူကဖန်ဆင်းသလဲ၊ အဲဒီတန်ခိုးရှင်ကြီးဟာ ဘယ်မှာ ရှိထားတုန်း။ ဒါလဲဖြေဖို့ရာ တော်တော်ခဲယဉ်းတယ်။ အခုဖန်ဆင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ဖန်ဆင်းတယ်လို့သာပြောတာ။ သူတို့ဖန်ဆင်းတဲ့ပုဂ္ဂိုလ်ဟာ ဘယ်အနားနေသလဲ။ ကောင်းကင်ဘုံမှာနေတယ်။ ကောင်းကင်ဘုံက ဘယ်အနားမှာလဲဆိုရင် ခက်တာပဲ။ ဒီကနေ ဘယ်နှစ်မိုင်လောက်ဝေးသတုန်းဆိုလို့ရှိရင် ဖြေဖို့ခဲယဉ်းပါတယ်။ ဗဟုစ္စာကတော့ မမြင်ရတာနဲ့ ကောင်းကင်ဘုံချထားတယ်။ တချို့ကလဲ ကောင်းကင်မှာ မတွေ့ဘူး။ **အဲဒီသတ္တဝါဟာ ဘယ်ကစဖြစ်လာပါသလဲလို့** ဘယ်အရပ်၊ ဘယ်ဒေသ ဘယ်ဌာနက ဘယ်ကာလက စပြီးတော့ဖြစ်လာပါသလဲ။ **ဒီ သတ္တဝါဟာ ဘယ်လောက်ကြာလို့ရှိရင် ဘယ်ဌာနက ဘယ်ကာလမှာ သူ့ဖျစ်ပျောက်ပြီး သွားမှာထုန်း**လို မေးခွန်းလာပြီးတော့မေးတော့။ ဝဇီရာဘိက္ခုနီမက ရဟန္တာမဆိုတော့ အသိဉာဏ်တွေကလဲရ အားလုံးပြည့်စုံထားတော့။ ဆင်ခြင်ကြည့်လိုက်တော့ မာရ်နတ်မှန်းသိတယ်။

သဂါထာဝဂ္ဂသံယုတ်၊ ဝဇီရာသုတ်၊ စာမျက်နှာ ၁၃၇-မှာ-

တီ နုသတ္ထောတိ ပဝေဒယိ၊ မာရဒိဋ္ဌဝတံ နု ထေ၊
သုဒ္ဓသင်္ခါရပုဇ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ၊

မာရ အသင်မာနတ်။ **တံ**၊ သင်သည်။ **တီ နု**၊ အဘယ်အရာကို၊ **သတ္တောတိ**၊ သတ္တဝါဟူ၍။ **မညသိ**၊ အောက်မေ့မှတ်ထင်ပါသနည်း။

မာရ်နတ်တဲ့ ဒီကိုယ်ထဲမှာ ဘယ်အရာမျှား သင်ကသတ္တဝါလို့ ထင်တုန်းတဲ့၊ သတ္တဝါလေး အတ္တကလေး အကောင်ကလေးဆိုတာ သင်ကဘယ်ဟာမျှားမှတ်ထင်နေပါသလဲ။

မာရ၊ မာရ်နတ်၊ **ထေ**၊ ဤသတ္တဝါရှိသည်ဟုထင်ခြင်း ယူဆခြင်းသည်၊ **တေ**၊ သင်၏၊ **ဒိဋ္ဌိဝတံ နု**၊ မှားသောအယူပါပေတည်း။

http://www.dhammadownload.com

သင်က ဒီကိုယ်ထဲမှာ သတ္တဝါလေး အတ္တကောင်လေးရှိတယ်လို့ ထင်နေတာဟာ မိစ္ဆာဒိဋ္ဌိ-မှားသောအယူမျှပဲတဲ့။ အထင်မှားယုံမှားမှုပဲတဲ့။ သင်ယူတာ။

အယ်၊ ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်၌ရှိသော တရားအပေါင်းသည်။ သုဒ္ဓသခ်ီရပုဂ္ဂေ၊ သက်သက်သော သခ်ီရအစုအဝေး မျှသာလျှင်တည်း။ ဝါ-အယ်၊ ဤပုဂ္ဂိုလ်သတ္တဝါစသည်ဖြင့် ခေါ်အပ်သော တစ်လံမျှလောက်သော ခန္ဓာကိုယ်အတွင်း၌ ပါဝင်သောတရားအပေါင်းသည်။ **သုဒ္ဓသခ်ီရာပုဂ္ဂေ**၊ သက်သက်သော သခ်ီရတရားအစုအဝေးမျှသာလျှင်တည်း။

ဒီတစ်ကိုယ်လုံးဟာ လူရယ်၊ နတ်ရယ်၊ ယောကျ်ားရယ်၊ မိန်းမရယ်လို့ ခေါ်ကြပါတယ်တဲ့။ လောကဝေါဟာရအားဖြင့် အဲဒီလိုခေါ်ရတဲ့ဥစ္စာဟာ အနှစ်ချကြည့်ရင် ဒီအထဲမှာဘာရှိတုန်း၊ သခ်ီရတရားအစုပါပဲတဲ့။ မြင်တာဟာ သခ်ီရတရား၊ ကြားတာဟာ သခ်ီရတရား၊ နံတာ သခ်ီရတရား၊ စားသိတာ သခ်ီရတရား၊ တွေ့ထိတာက သခ်ီရတရား၊ တွေ့ထိတာတွေက အများကြီးပေါ့။ ကွေးတာတွေ၊ ဆန့်တာတွေ၊ ထိုင်တာ၊ ထတာ၊ လှုပ်ရှားတာ၊ ကွေးတာတွေ၊ အကုန်လုံးပါတယ်၊ သခ်ီရတရားချည်းထဲပဲ၊ သခ်ီရတရားအစုမျှချည်းထဲပဲ။

ဣဓ၊ ဤသခ်ီရတရား အပေါင်း၌။ **သတ္တော**၊ သတ္တဝါကို။ **နပုဂ္ဂေါပသ္သတိ**၊ မရအပ်ပေ။

ဒီအထဲမှာ သတ္တဝါလို့ခေါ်စရာတရားမရှိဘူးတဲ့။ သတ္တဝါလို့ ဘယ်မှာမှမရှိပါဘူးတဲ့။ သခ်ီရတရားမျှပဲရှိတယ်တဲ့။ ဖြေကြားပါတယ်။ အခုတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ ကောင်းကောင်းပိုင်ပိုင်နိုင်နိုင်သိနေတဲ့ အချိန်မှာဆိုရင် ဒီအတိုင်းထင်နေတာပဲ။ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ဒီအထဲမှာမရှိဘူး။ တရိပ်ရိပ်နဲ့ ပျောက်နေတဲ့ သဘောတရားပဲ။ ရှုပ်နာမ်မျှပဲရှိတယ်။

ရထားပမာ သတ္တဝါ

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ၊
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ၊

(သဂါထာဝဂ္ဂသံယုတ်၊ ဝဇိရာသုတ် - ၁၃၇။)

http://www.dhammadownload.com

ယထာပိ၊ ဥပမာအားဖြင့်ပြောရလျှင်၊ **အဝိဿမ္ဘာရာ**၊ ဘီး-ဝင်္ကိုးအစရှိသော ရထား၏အင်္ဂါအစိတ်အပိုင်း အင်္ဂါအပေါင်းကြောင့်။ **ရထောတိသဒ္ဒေါ**၊ ရထားဟူသောအမည်သည်။ **ဟောတိယထာ**၊ ဖြစ်သကဲ့သို့။

ဥပမာနဲ့ပြောတယ်။ ရထားဆိုတာ လောကမှာခေါ်ကြတယ်တဲ့။ ရထားဆိုတာ ဘီးရှိရမယ်၊ ဝင်္ကိုးရှိရမယ်၊ ရထားလက်တန်ရှိရတယ်၊ ရထားအိမ်ရှိရတယ်၊ အခင်းရှိရတယ်၊ အမိုးရှိရတယ် စသည်ဖြင့်ပေါ့လေ။ သူ့အစိတ်အပိုင်းကလေးတွေ အဲဒါတွေဟာ အခုမြင်နေကြတဲ့ မြင်းရထားတွေ လှည်းဆိုရင်လဲပဲ လှည်းကပိုပြီးတော့ ထင်ရှားတယ်။ လှည်းအစိတ်အပိုင်းကလဲ မမျှားလှဘူး။ ဘီးရယ်၊ ဝင်ရိုးရယ်၊ လှည်းသဲ့ရယ်၊ လှည်းသံပေါ်က အခင်းတို့၊ မန်တိုင်တို့လဲရှိတယ်။ ထမ်းပိုးရှိတယ်။ အဲဒီအစိတ်အပိုင်းတွေအကုန်လုံး သူ့နေရာနဲ့သူ စုထားတဲ့အခါမှာ လှည်းလို့ခေါ်ရတယ်။ ဒီတိုင်းတစ်ခုစီတစ်ခုစီ ချထားရင်တော့ ဘီးဟာရထားလား။ ဘီးဟာ ဘီးပဲ။ ရထားမဟုတ်ဘူး။ ဝင်ရိုးဟာ ရထားလား။ ဝင်ရိုးဟာ ဝင်ရိုးပဲ။ ရထား မဟုတ်ဘူး။ လက်တံကကော လက်တံက လက်တံပဲ။ အခင်းကလည်း အခင်းပဲ။ ဘယ်ဟာမှ တစ်ခုချင်းလိုက်မေးရင် မဟုတ်ဘူး။ ၂-ခုမေးလို့လဲ ရထားမဟုတ်ဘူး။ ၃-ခု ၄-ခုမေးလို့လဲ ရထားမဟုတ်ဘူး။ အဲဒီရထားခေါ်တဲ့ဟာတွေ အကုန်လုံး စုပုံထားရင်လဲ ရထားမခေါ်ရဘူး။ သူက သူ့နေရာကလေးနဲ့သူ တပ်ဆင်ထားမှ ဘီး ၂-ခု ဝင်ရိုးနဲ့တပ်၊ ဝင်ရိုးပေါ်မှာ လက်တံနဲ့ လက်တံအပေါ်မှာ အခင်းက ခင်းလို့ ကာတန်တာကာလို့၊ သူ့ရထား အချိုးအစားလေးနဲ့ တပ်ဆင်လိုက်တဲ့အခါကျတော့ ရထားခေါ်ရတယ်။ ရထားဆိုတဲ့အမည်ကလေးပေါ်လာတယ်။ အဲဒီလိုပါပဲတဲ့။ ဥပမာ။

စဝံ၊ ဤအတူ။ **ခန္ဓေသု**၊ ငါးပါးသောခန္ဓာတို့သည်။ **သန္ထေသု**၊ ရှိကုန်လတ်သော်။ **သတ္တောတိ-ဆမ္မုတိ**၊ သတ္တဝါဟူသော အမည်ပညတ်သည်။ **ဟောတိ**၊ ဖြစ်ပေါ်၍လာခဲ့၏။

ခန္ဓာငါးပါးပေါင်းစပ်မိတဲ့အခါ သတ္တဝါလို့ခေါ်ရတာပဲတဲ့။ ခန္ဓာတစ်ပါးတည်း။ ရုပ်တစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူး။ ဝေဒနာခံစားမှုတစ်ခုတည်းလဲ သတ္တဝါမဟုတ်။ သညာမှတ်သားမှုလေး တစ်ခုတည်းလဲမဟုတ်ဘူး။ သင်္ခါရ

http://www.dhammadownload.com

အားထုတ်မှုလေး ကြောင့်ကြစိုက်မှုလေးတစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူး။ ဝိညာဉ်အာရုံကို သိမှုလေးတစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူးတဲ့။ ဒီငါးခု သူ့အကြောင်းအားလျော်စွာ သူ့အကျိုးတရား၊ ဒီငါးခုဆက်စပ်ပြီးတော့ ဖြစ်နေတဲ့အခါမှာ သတ္တဝါလို့ ခေါ်ရတယ်။ ရုပ်ကလဲ ရှိတယ်။ စိတ်ကလဲ ရှိတယ်။ ၂-ခုပေါင်းလိုက်တော့ သတ္တဝါလို့ထင်စရာပေါ့လေ။

ရုပ်ချည်းထဲဆိုလို့ရှိရင်လဲ သတ္တဝါလို့ခေါ်လို့မဖြစ်သေးဘူး။ နာမ်ချည်းထဲဆိုရင်လဲ မြင်ရမှာမဟုတ်ဘူး။ သတ္တဝါလို့ခေါ်ဖို့ ပဋ္ဌဝေါကာရဘုံမှာဆိုရင် မဖြစ်ဘူး။ အရူပဘုံတွေမှာတော့ နာမ်ချည်းထဲလဲ ရှိတော့ရှိတာပေါ့။ သူ့နေရာနဲ့သူ ရှိတယ်။ နာမ်ခန္ဓာထဲမှာလဲ တစ်ပါးချင်းတစ်ပါးချင်းဆိုရင် သတ္တဝါမဟုတ်ဘူး။ အစိတ်အစိတ်ကလေးဆိုရင် သတ္တဝါမဟုတ်ဘူး။

အခုရုပ်တွင်ပဲ သရုပ်ခွဲကြည့်ပါဦး။ တချို့ဆံပင်ကလေးတစ်ခုထဲမေးရင်လဲ သတ္တဝါမဟုတ်ဘူး။ အမွေးတွေ တစ်ပင်စီတစ်ပင်စီဆိုရင် သတ္တဝါမဟုတ်ဘူး။ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြောစသည်ဖြင့် ၃၂-ကောဋ္ဌာသ အစိတ်အပိုင်းတွေ တစ်ပိုင်းစီတစ်ပိုင်းစီ ထုတ်မေးရင် ဘယ်ဟာသတ္တဝါ မဟုတ်ဘူး။ မျက်စိရုပ်ကလေးတစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူး။ နား ရုပ်ကလေးတစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူး။ မြင်တာလေးတစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူး။ ကြားတာလေး တစ်ခုတည်းလဲ သတ္တဝါမဟုတ်ဘူး။ အကုန်လုံးစုပေါင်းလိုက်မှ သတ္တဝါရယ်လို့ ဖြစ်တယ်။

အဲဒီတော့ ခန္ဓာငါးပါးရှိလို့ ခန္ဓာငါးပါးအစွဲပြုပြီး သတ္တဝါရယ်လို့ခေါ်ရတာပဲတဲ့။ တရားကိုယ်အစစ်ကတော့ ခန္ဓာငါးပါးပါပဲ။ ခုနက လှည်းဆိုတာဟာ ဝေဟာရမျှ၊ အမှန်ရှိတာကတော့ လှည်းရဲ့အစိတ်အပိုင်းတွေပဲ။ ရထားလို့ခေါ်တာလဲ ဝေဟာရမျှပဲ။ ရှိတာကတော့ ရထားရဲ့အစိတ်အပိုင်းတွေပဲ။ အဲဒါဖြေကြားပါတယ်။ အင်မတန်ကောင်းပါတယ်။ ဒါက အင်မတန်အားကိုးရတဲ့ အကိုးအကားလေးတွေ၊ အဋ္ဌကထာဆရာကြီးတွေလဲပဲ နာမ်နဲ့ရုပ်နဲ့ကွဲပုံလေး ပြောမယ်ဆိုတော့ ဒီဝဇီရာထေရီမ ဖြေကြားထားတဲ့ စကားလေးကို အကိုးအကားပြုရတယ်။ ဒါ အင်မတန် ထင်ရှားတဲ့ဥစ္စာ၊ နားလည်လွယ်တယ်။

http://www.dhammadownload.com

ဒုက္ခဖြစ်တည်ပုံကို

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

(သဂါထာဝဂ္ဂသံယုတ်၊ ဝဇီရာသုတ် ၁၃၇။)

မာရ အသင်မာရ်နတ်။ **ဒုက္ခမေဝ၊** ဆင်းရဲအစုမျှသည်သာလျှင်။ **သမ္ဘောတိ၊** ဖြစ်ပေါ်၏။ **ဒုက္ခဝေ၊** ဆင်းရဲအစုသည်သာလျှင်။ **တိဋ္ဌတိ၊** တည်၏။ **ဒုက္ခဝေ၊** ဆင်းရဲအစုမျှသည်သာလျှင်။ **ဝေတိစ၊** ပျက်စီး၏။

ဖြစ်ပေါ်လာတယ်ဆိုတာလဲ ဒုက္ခပဲ။ တည်တဲ့နေတယ်ဆိုတာလဲ ဒုက္ခပဲ။ ပျက်သွားတယ်ဆိုတာလဲ ဒုက္ခပဲ။ အခုလောက ဝေါဟာရနဲ့ ပြောမယ် ဆိုရင်တော့ လူတစ်ယောက်မွေးလာတယ်။ ဖြစ်လာတယ်ဆိုရင် လူလို့ပြောရတာ မွေးလာတယ် ဖြစ်လာတယ်။ အမှန်အားဖြင့် ဒုက္ခဖြစ်လာတာပါပဲတဲ့။ ဒီဥစ္စာလူ တစ်ယောက်ဟာ အသက်ရှင်နေတယ်လို့ ပြောရတယ်။ တည်နေတယ်။ ဒုက္ခတွေ တည်နေတာပါပဲ။ လူရယ်လို့မရှိပါဘူးတဲ့။ ခုနကခန္ဓာငါးပါးတရားတွေ၊ ခန္ဓာငါးပါးတရားဟာ ဒုက္ခတွေပဲဟာကိုး။ ခန္ဓာငါးပါးတရားတွေဟာ ဖြစ်လိုက်၊ ပျက်လိုက်၊ ဒုက္ခတရားတွေပဲ။ ပထမပဋိသန္ဓေတည်ကတည်းက ခန္ဓာငါးပါးက စဖြစ်လာတော့ ဒုက္ခတွေဖြစ်လာတာတဲ့။ ပုဂ္ဂိုလ်သတ္တဝါတွေမရှိဘူးတဲ့။ နောက်တည်နေတယ်တဲ့။ မပျက်သေးဘူး။ လူဖြစ် ပြီးတော့ ၁၀-နှစ် ၁၅-နှစ်၊ အနှစ် ၂၀-စသည်ဖြင့် တည်နေတယ်။ ဒါလဲ ဒုက္ခတွေ အဆက်ဆက်ဖြစ်နေတာတဲ့။ ဖြစ်ပြီးတော့ တည်နေတာပဲတဲ့။ ဒုက္ခတွေပါပဲတဲ့။ သခါရတရားတွေ ခန္ဓာငါးပါးတရားတွေ ဝိပဿနာရှုတဲ့အခါ တရိပ်ရိပ်နဲ့ ဖြစ်နေတာ မြင်လိုက်၊ ကြားလိုက်၊ ဒါတွေဟာ ဒုက္ခတွေပဲ၊ ဖြစ်ပျက်နေတဲ့ တရားတွေ၊ ဒုက္ခတွေ၊ နောက်လူတစ်ယောက် သေသွားတယ်လို့ခေါ်ရတယ်ဆိုရင် လူသေတာ မဟုတ်ပါဘူး။ ဒုက္ခတွေပျက်သွားတာပဲ။ ဒုက္ခတွေချုပ်သွားတာပါပဲ။ သခါရဒုက္ခတွေ ပျက်သွားတာပါပဲ။ ဒါပဲရှိတယ်လို့ ဆိုလိုတယ်။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ၊

(သဂါထာဝဂ္ဂသံယုတ်၊ ဝဇီရာသုတ် ၁၃၇။)

http://www.dhammadownload.com

မာရ၊ အသင်မာရ်နတ်။ **ဒုတ္ထမေဝ**၊ သခ်ီရဒုက္ခဆင်းရဲအစုမျှ သည်သာလျှင်။ **သမ္ဘောတိ**၊ ဖြစ်ပေါ်လာ၏။ **ဒုတ္ထမေဝ**၊ သခ်ီရဒုက္ခ ဆင်းရဲအစုမျှသည်သာလျှင်။ **တိဋ္ဌတိ**၊ တည်လျက်ရှိ၏။ **ဒုတ္ထမေဝ**၊ သခ်ီရဒုက္ခဆင်းရဲ အစုမျှသည်သာလျှင်။ **ဝေတိစ**၊ ပျက်စီး၍သွားလေတော့၏။ **အညတြဒုက္ခာ**၊ ဒုက္ခကို ကြဉ်ဖယ်ထား၍။ **အညံ**၊ တစ်ပါးသောတရားသည်။ **ဝါ-အညော**၊ တစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါသည်။ **နိရုဇ္ဈတိ**၊ ဖြစ်ပေါ်လာသည်မဟုတ်။ **ဒုက္ခာ**၊ ဆင်းရဲမှ။ ဝါ၊ ဆင်းရဲကို။ **အညတြ**၊ ကြဉ်ထား၍။ **အညော**၊ တစ်ပါးသောပုဂ္ဂိုလ်သတ္တဝါသည်။ **နသမ္ဘောတိ**၊ ဖြစ်ပေါ်လာသည်မဟုတ်။ အဲဒီသခ်ီရဒုက္ခတွေ၊ ခန္ဓာငါးပါး သခ်ီရဒုက္ခတွေဖြစ်ပျက်နေတဲ့တရားတွေ နုတ်လိုက်လို့ရှိရင်တဲ့။ သည်မှတစ်ပါး ပုဂ္ဂိုလ်သတ္တဝါဖြစ်လာတာ မရှိပါဘူး။

ဒုက္ခာ၊ ဆင်းရဲဒုက္ခမှ။ **ဒုက္ခာ**၊ သခ်ီရဒုက္ခမှ။ **အညံ**၊ ဟစ်ပါးသော အရာဝတ္ထုသည်။ **နာ နိရုဇ္ဈတိ**၊ ချုပ်သည်မဟုတ်။

ချုပ်သွားတယ်၊ ပျက်သွားတယ်၊ သေသွားတယ်ဆိုတာလဲပဲ ဒုက္ခပါပဲတဲ့၊ ဒုက္ခမှတစ်ပါးသော ချုပ်တာပျက်တာရယ်လို့ မရှိပါဘူး။

မာရ်နတ်က မေးတာက ဘယ့်နှယ်မေးတုန်းဆိုတော့၊ ဒီသတ္တဝါကို ဘယ်သူက ဖန်ဆင်းသလဲ၊ သတ္တဝါကိုဖန်ဆင်းတဲ့ပုဂ္ဂိုလ်က ဘယ်မှာနေသလဲ၊ ဒီသတ္တဝါဟာ ဘယ်ကစပြီးတော့ ဖြစ်ပေါ်လာသလဲ၊ ဒီသတ္တဝါဟာ ဘယ်မှာအဆုံးသတ်သွားသလဲ၊ ဒီလိုမေးတာကိုး။

သတ္တဝါနဲ့မေးတာ ထိုင်ပြီးတော့ ဝဇီရာထေရီမကဖြေတော့ သတ္တဝါရယ်လို့ မရှိဘူးတဲ့ သခ်ီရဒုက္ခတွေရှိတာ။ ခန္ဓာငါးပါးတွေပဲတဲ့။ ရထားက အစိတ်အပိုင်းတွေပဲ အရင်းခံရှိတယ်။ အစိတ်အပိုင်းတွေ သူနေရာနဲ့သူ ချထားလိုက်တဲ့အခါ ရထားခေါ်ရတယ်။ အဲဒါလိုပဲ ခန္ဓာငါးပါးတရားတွေက တစ်ခုနဲ့တစ်ခု ယှဉ်တွဲပေါင်းစပ်ပြီးတော့ အစဉ်ဖြစ်နေတဲ့ဥစ္စာကို သတ္တဝါလို့ခေါ်ရတာ။ အမှန်စင်စစ်အားဖြင့် သခ်ီရဒုက္ခ ခန္ဓာငါးပါးတရားပဲ ရှိတယ်။ ခန္ဓာတွေဖြစ်ပျက်နေတဲ့တရားတွေ၊ ဖြစ်လိုက် ဖြစ်ပြီး ပျက်လိုက်၊ ကြားလိုက်ဖြစ်ပြီးပျက်၊ ဒါတွေပဲမြင်တယ်။ ကြားတယ်ဆိုတာ အသေးစိတ်ကလေး၊ ဒါလေးတွေ အင်မတန်သေးနုတ်တယ်။ အမှန်စင်စစ်အားဖြင့်

http://www.dhammadownload.com

ပုဂ္ဂိုလ် သတ္တဝါလို့ဆိုတာလဲ ဒါတွေပဲ။ ဒါတွေအကုန်လုံးပေါင်းစပ်ပြီး ပုဂ္ဂိုလ်သတ္တဝါ ထင်နေတာ။ အဲဒီတော့ ဒါ သခ်ါရဒုက္ခတွေပါပဲတဲ့။ ဖြစ်ရင်လဲ သခ်ါရဒုက္ခ၊ ပျက်ရင်လဲ သခ်ါရဒုက္ခတွေဟာ ပါဠိလိုက လူတိုင်းလူတိုင်း ကျက်လို့ရမှာ မဟုတ်တော့ ဘုန်းကြီးက ဆောင်ပုဒ်ကလေးပေးရဦးမယ်။

အစိတ်အပိုင်းများ၊ ရထားခေါ်တွင်း၊
ခန္ဓာငါးဝ၊ သတ္တမည်တွင်း၊
ဖြစ်တည်ဆင်းရဲ၊ ပျက်လဲသူပင်၊
ဆင်းရဲမှု၊ အပ ဖြစ်ကင်းစင်၊
ဆင်းရဲမှု၊ အပ ချုပ်ကင်းစင်၊

"အစိတ်အပိုင်းများ၊ ရထားခေါ်တွင်" ကြားဖူးနေပါပြီ။ ရှင်းနေပါပြီ။ အစိတ်အပိုင်းတွေကို ရထားဟူ၍ ခေါ်သည်။ ရထားဟူ၍ သီးသန့်မရှိ။ ထို့အတူပဲ "ခန္ဓာငါးဝ၊ သတ္တမည်တွင်" ခန္ဓာငါးပါးပဲ။ သတ္တဝါရယ်လို့ ခေါ်ရတယ်၊ ခန္ဓာငါးပါးမှ အလွတ်သတ္တဝါဟူ၍မရှိ။ "ဖြစ်တည်ဆင်းရဲ၊ ပျက်လဲသူပင်" ဖြစ်တယ်၊ တည်နေတယ် ဆိုတာဟာလဲ ဆင်းရဲတွေပါပဲတဲ့။ ဆင်းရဲပဲဖြစ်တယ်။ ပုဂ္ဂိုလ်သတ္တဝါဖြစ်တာ မဟုတ်၊ တည်နေတယ် အသက်ရှင်နေတယ်ဆိုတာလဲပဲ ဆင်းရဲတွေပါပဲတဲ့။ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူးတဲ့။ ပျက်လဲသူပင်-တဲ့၊ သေတယ် ပျက်တယ် ဘယ်သူဟာဖြင့် သေသွားရှာပြီဆိုတာ အမှန်ကတော့ ဆင်းရဲတွေ ပျက်သွားတာပါပဲတဲ့။

ဒီတော့ ပရိနိဗ္ဗာန်စံသွားတယ်ဆိုတာလဲပဲ ပုဂ္ဂိုလ်သတ္တဝါကြီး ပျောက်သွားတာ မဟုတ်ဘူး။ ရုပ်နာမ်အစဉ် ဖြစ်ပျက်နေတဲ့ သဘောတွေ ချုပ်သွားတာ၊ ဒါပဲ။ "ဖြစ်တည်ဆင်းရဲ၊ ပျက်လဲသူပင်"၊ "ဆင်းရဲမှု၊ အပ ဖြစ်ကင်းစင်" ဆင်းရဲမှုတပါး ဆင်းရဲမှုအဖြစ်မှ ဆင်းရဲကို နုတ်ထားပြီး ဒီပြင်ဟာဆိုရင် ဖြစ်တယ်ဆိုတာ မရှိပါဘူးတဲ့၊ ဖြစ်တယ်ဆိုလို့ရှိရင် ဆင်းရဲပဲတဲ့။ ဆင်းရဲမှုအပ ဖြစ်ကင်းစင်၊ နာညတြဒုက္ခ သမ္ဘောတိ-ကို သူအသွားနဲ့ ကိုက်အောင်လို့လဲ ဆိုရတယ်။

ဒုက္ခ - ဆင်းရဲမှု။ **အညတြ** - ကြဉ်၍။ **န သမ္ဘောတိ၊** မဖြစ်။

http://www.dhammadownload.com

ဆင်းရဲမှုကြောင့်၍ဆိုတော့ ဆင်းရဲမပါဘူး၊ ဆင်းရဲမရှိဘူး-တဲ့။ "ဆင်းရဲမှု၊ အပ ဖြစ်ကင်းစင်" **နာညံ ဒုက္ခာ နိရုဇ္ဈတိ၊ ဒုက္ခာ** - ဆင်းရဲမှု။ **အညံ** - တစ်ပါးသော အရာသည်။ **န နိရုဇ္ဈတိ** - ချုပ်သည် ပျက်သည် မဟုတ်။

ချုပ်တယ် ပျက်တယ် ဆိုတာဟာ ဆင်းရဲမှုအပ မရှိပါဘူးတဲ့။ ဆင်းရဲပါပဲတဲ့။ ဒါကြောင့်မို့ "ဆင်းရဲမှု၊ အပ ဖြစ်ကင်းစင်။ ဆင်းရဲမှု၊ အပ ချုပ်ကင်းစင်" ငါးပိုဒ်။

အစိတ်အပိုင်းများ၊ ရထားဒေါ်တွင်း၊
ခန္ဓာငါးဝ၊ သတ္တမည်တွင်း၊
ဖြစ်တည်ဆင်းရဲ၊ ပျက်လဲ သုပင်း၊
ဆင်းရဲမှု၊ အပ ဖြစ်ကင်းစင်း၊
ဆင်းရဲမှု၊ အပ ချုပ်ကင်းစင်း၊

ဒါခန္ဓာငါးပါး ဖြစ်တယ်ဆိုတာလဲပဲ ခန္ဓာငါးပါး၊ ပျက်တယ်ဆိုတာလဲ ခန္ဓာငါးပါးပဲတဲ့။ ဆင်းရဲတရားတွေပဲတဲ့။ ဒါတွေ ရှိတယ်ဆိုတော့ ဝဇီရာထေရီမက ဖြေ ကြားလိုက်ပါတယ်၊ ပြန်ကြားလိုက်ပါတယ်၊ ဒီတော့ မာရ်နတ်က ငါ့အကြောင်း သိသားပဲဆိုပြီးတော့ ပြန်သွားတယ်။ မဖြစ်ဘူးတဲ့။ ဒါကြောင့်မို့ ဇဝေဇဝါ လာလုပ်တယ်။ ဘိက္ခုနီမ ရဟန္တာမလဲဖြစ်၊ ရဟန္တာလဲဖြစ်တော့ ကောင်းကောင်းပြောတတ်ဟောတတ်နေတာကိုး။

အခုတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလဲ အတော်အတန် ဗဟုသုတလေးရှိပြီးမှတ်သားမိမှ နေရာကျတယ်။ တော်တော်ကြာ တရားက ထွက်သွားတော့ ဟိုကမေး ဒီကမေး မဖြေနိုင်တော့ မဟုတ်ပါဘူးလို့ ထင်တတ်တယ်။ နည်းနည်းလဲ ရုပ်ကလေး နာမ်ကလေး မှတ်ထားဦးမှ၊ ဒါကြောင့် ဘုန်းကြီးက ရုပ်တွေ နာမ်တွေ ကွဲအောင်လို့ ဟောနေရတာ၊ တိုတိုလေးဟောရင် တိုတိုလေး ပြီးတာပဲ။ ဒါကြောင့် ယောဂီပုဂ္ဂိုလ်တွေ မှတ်ရ သားရအောင်လို့ ခန္ဓာငါးပါးအကြောင်းတွေကို တဖြည်းဖြည်းချင်းရှုပုံ မှတ်ပုံတွေရော သိပုံတွေရော ဉာဏ်ဖြစ်ပုံတွေရော လိုက်ပြီးတော့ ရှင်းဟောနေတယ်။ တရားကတော့ မပြီးနိုင်ဘူး၊ မပြီးနိုင်ပေမယ့် ဒီဥစ္စာက စာသင်တာလိုပဲ၊ ဘုန်းကြီးက မှတ်မိအောင်လို့ ပြောနေတာ၊ တော်တော်စုံသွားပါပြီ။ ကနေ့ တော်ဦးမှပဲ။ ဆောင်ပုဒ်ဆိုဦးမှပဲ။

http://www.dhammadownload.com

မြွေလေးကောင်ကား (လ) ဘုရားမြတ်စွာတည်း။

ဤအာသီဝိသောပမသုတ္တန်တရားတော်ကို ရှိသေစွာ နာခံမှတ်သားရသော ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ ဤသုတ္တန်ဒေသနာ၌ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားနည်းလမ်းတို့ကို ရှိသေစွာ လိုက်နာကျင့်သုံးသောအားဖြင့် ဤဒေသနာ၌ လာရှိသော ဥပါဒါနက္ခန္ဓာငါးပါးတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ သတည်း။

× × × × ×

http://www.dhammadownload.com

အာသီဝိဒေဒနာပဗ္ဗဝဏ္ဏနာ

တရားတော်

၁၃၂၈-ခု၊ ဒုတိယဝါဆိုလပြည့်နေ့ ဟောကြားတော်မူသည်။

အတွင်းရန်သူ နှိမ်ရောဂ

ခန္ဓာရှိလို့ သေရတာ

အာသီဝိသောပမသုတ်တဲ့၊ သိတင်းနေ့တိုင်းလာနိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ကြားပြီးသားပါပဲ။ အဲဒါကြောင့် ဒီခန္ဓာငါးပါးတရားတွေဟာ သူသတ်ယောက်ျား တွေပဲ။ ပဋိသန္ဓေရကတည်းက ဒီခန္ဓာငါးပါးနဲ့ လူရယ်လို့လာဖြစ်တာ နောက်ဆုံး တစ်နေ့ကျတော့ ဒီခန္ဓာငါးပါးရှိလို့သေရတာပဲ။ နတ်ဖြစ်ရင်လဲ ခန္ဓာငါးပါးနဲ့ နတ်ဖြစ်ရတယ်။ နောက်ဆုံးတစ်နေ့ကျတော့ ဒီနတ်သေရတာလဲ ဒီခန္ဓာငါးပါးရှိလို့ သေရတာပဲ။ ငြဟ္မာဖြစ်မှာလဲပဲ ခန္ဓာငါးပါးရှိတဲ့ ငြဟ္မာရှိတယ်။ ခန္ဓာ ၄-ရှိလို့ ငြဟ္မာ ရှိတယ်၊ ခန္ဓာတစ်ပါးတည်းရှိတဲ့ ငြဟ္မာရှိတယ်၊ အဲဒီ ခန္ဓာတွေရှိလို့ ငြဟ္မာတွေ ဖြစ်နေတာ။ နောက်ဆုံးတစ်နေ့ကျတော့ ဒီခန္ဓာတွေပျက်တဲ့အခါကျတော့ ဒီငြဟ္မာ သေတာပဲ။ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ကျမှ အေးမယ်တဲ့။ ဒါကြောင့် ဒီခန္ဓာငါးပါးဟာ သူသတ်ယောက်ျားကြီးငါးယောက်နဲ့တူတယ်တဲ့။ ဘယ်အချိန်မဆို အကြောင်း မညီညွတ်ရင် သတ်ဖို့ရာအသင့်ပဲတဲ့။ ဒါကြောင့် ဒီခန္ဓာငါးပါးတည်းဟူသော

http://www.dhammadownload.com

ရန်သူကြီးငါးယောက်ကိုလဲ ကြောက်ပြီးတော့ပြေးရမယ်လို့ မြတ်စွာဘုရားက ညွှန်ကြားတာပါပဲ။

အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီခန္ဓာငါးပါးရန်ကို ကြောက်ပြီးတော့ တရားအားထုတ်နေတာပဲ။ ပြေးနေတာပဲ။ ဒီတရားအားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေ အားထုတ်လိုတဲ့စိတ်ဆန္ဒမရှိသေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီခန္ဓာငါးပါးကို သူတို့ကမကြောက်ဘူး။ သတ္တိကောင်းတယ်။ သတ်ချင်လဲ သတ်၊ သေချင်လဲ သေ၊ ကိစ္စမရှိဘူးဆိုပြီးတော့ နေတာနဲ့တူပါရဲ့။ သတ္တိကောင်းတယ်။

ငယ်ပေါင်းမိတ်ဆွေဖြစ်တဲ့ ရန်သူလိုက်

ဒါကြောင့် "မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်၊ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်" မိတ်ညာ-ငယ်ငယ်ကတော့ မိတ်ဆွေပဲ။ အခုတော့ကို မိတ်ဆွေအဖြစ်နဲ့ညာပြီးတော့ နေတဲ့ရန်သူဖြစ်နေပြီတဲ့။ မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်" ငယ်ငယ်တုန်းက အင်မတန်ချစ်ခင် ရင်းနှီးနေတဲ့ မိတ်ဆွေတစ်ယောက်ပဲ။ သူကလိုက်ပြီးတော့ သတ်ဖို့ရာလိုက်လာတယ်။ အဝေးကနေပြီးတော့ ပို့တယ်တဲ့။ အဝေးကလှမ်းပြီးတော့ပြောတယ်။ တစ်ဆင့်စကားကမ်းပြီးတော့လဲ ပြောတယ်။ စာတွေလဲ ရေးပေးမှာပေါ့လေ။ အခုကာလလိုဆိုရင် ကြေးနန်းတွေလဲ ရိုက်လိုက်ဦးမှာပေါ့။ တယ်လီဖုန်းလဲ ပြောချင်ပြောဦးမယ်။ အခုကာလလိုဆိုရင် အဝေးကနေပြီးတော့ "ဟေ့မိတ်ဆွေ မင်းမပြေးနဲ့ ငါလာပြီ၊ ဘာမှကိစ္စမရှိဘူး၊ ငါတာဝန်ခံတယ်၊ မင်းပြန်လာခဲ့၊ မင်းနဲ့သားမယားတွေလဲပဲ ဒုက္ခရောက်လှပြီ၊ လွမ်းဆွတ်ပူဆွေးနေကြတယ်၊ ကလေးတွေက ဘယ်လိုပြောတယ်၊ ပြန်လာခဲ့ပေါ့ကွာ၊ မင်းတောထဲ တောင်ထဲပြေးမနေနဲ့၊ ငါတာဝန်ခံတယ်၊ ပြန်လာခဲ့ပါ" ဆိုပြီးတော့ သူကသတင်းပို့ပြီးခေါ်နေတာကိုး။

ခေါ်နေတော့ ခုနကအကျိုးစီးပွားကိုလိုလားတဲ့ ပုဂ္ဂိုလ်ကပြောတယ်တဲ့။ "ဟေ့-မင်းအဲဒီလူဟာ အရင်တုန်းကတော့ မင်းမိတ်ဆွေဟုတ်တယ်။ ငယ်ငယ်တုန်းက မင်းနဲ့အင်မတန် ရင်းနှီးနေတဲ့မိတ်ဆွေပဲ။ အကျိုးကို လိုလားနေတဲ့ပုဂ္ဂိုလ်ပဲ။ အခုတော့ ဒီလိုမဟုတ်ဘူး။ ဘုရင်မင်းမြတ်က သူကိုရာထူးဌာနန္တရအကြီးကြီးပေး

http://www.dhammadownload.com

ပြီးတော့ မင်းကိုသတ်ဖို့ရာ လွှတ်လိုက်တာ။ မင်းကိုသတ်နိုင်လို့ရှိရင် ရာထူးဌာနန္တရ ရမယ်ဆိုပြီးတော့ လိုက်လာတာ။ မယုံနဲ့။ မင်းပြန်သွားရင် ဒုက္ခဖြစ်မယ်" လို့ ညွှန်ကြားတာဟာ အဲဒါဘယ်သူတုန်းဆိုရင် မြတ်စွာဘုရားတဲ့။

နန္ဒိရာဂ

အဲဒီတော့ အဲဒီလို မိတ်ညှာရန်ဖက်ဆိုတာ ဘယ်သူတုန်းဆိုလို့ရှိရင် -

ဆဋ္ဌော အန္ဓရုစရော ဝေကော ဥက္ကိဏ္ဏာသိကောတိဓေါ သိတ္ထဝေ နန္ဒိရာဂ သေတံ အဓိဝစနံ၊

(သဠာယတန ဝဂ္ဂသံယုတ်၊ နှာ - ၃၈၃)

သိတ္ထဝေ၊ ရဟန်းတို့။ ဆဋ္ဌော၊ ခြောက်ယောက်မြောက်ဖြစ်သော။ **အန္ဓရုစရော**၊ အတွင်းသားဖြစ်သော။ ဝါ-ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းဖြစ်သော။ **ဥက္ကိဏ္ဏာသိတော**၊ ချိမိုးအပ်သောသန်လျက်၊ ချိမိုးအပ်သော ဓားရှိသော။ ခုတ်တော့မလို့ ချိမိုးပြီးတော့လိုက်လာတယ်။ **ဝေကောတိတော်**၊ သူသတ်ယောက်ျားဟူသော ဤ အမည်သည်။ **နန္ဒိရာဂဿ**၊ နှစ်သက်တပ်စွဲသော ရာဂ၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

နန္ဒိရာဂ၊ နန္ဒိဆိုတာ နှစ်သက်တယ်, သာယာတယ်, လက်ခံတယ်၊ ရာဂဆိုတာကတော့ တပ်စွဲတယ်၊ ဆေးမျှားလို ဆိုးတဲ့ဆေးမျှားဟာ ထိရင်စွဲတာပဲ၊ အဲဒါလို တပ်စွဲတဲ့သဘောလဲ ရှိတယ်။ နှစ်သက်သာယာတဲ့သဘောလဲ ရှိတယ်။ နှစ်သက်သာယာပြီးတော့ တပ်စွဲတဲ့သဘော၊ ရာဂဆိုတာ သူကတော့ကောင်းတာဆိုရင် လာခဲ့ မပယ်ဘူး၊ သူကလက်မတားဘူး၊ မြင်စရာအာရုံတွေ ကောင်းတာတွေလာခဲ့၊ အဆင်းတွေဟူသမျှ လာခဲ့ လက်ခံတယ်၊ သူကတော့ မပယ်ဘူး။ ကြားစရာ အာရုံ အကောင်းတွေလာခဲ့၊ နံစရာတွေ၊ စားစရာတွေ၊ တွေ့ထိစရာတွေ၊ စိတ်ကူးထဲမှာ ပေါ်လာတဲ့ အကောင်းအာရုံတွေ၊ အကောင်းတွေဟူသမျှ သူက အကုန်လုံးလက်ခံတယ်၊ အဲဒါ နန္ဒိရာဂခေါ်တယ်။ နန္ဒိရာဂတဲ့၊ နှစ်သက်တပ်စွဲတာတဲ့၊ ဒီနန္ဒိရာဂ ကလေးက ကြိုက်တယ်။ လူတွေက သိပ်ကြိုက်တယ်။ ခုနက မိတ်ဆွေအချင်းချင်း ခင်နေတာလိုပဲ သူကတယ်ကြိုက်တယ်၊ နန္ဒိရာဂကိုး။

http://www.dhammadownload.com

နန္ဒီရာဂမရှိရင် လောကထဲလဲ မနေနိုင်ဘူး။ ကြိုက်လဲကြိုက်ဦးမှ ဖြစ်မှာ။ သူဟာ အပြစ်လဲပြောလို့တော့ မဖြစ်ဘူး။ နန္ဒီရာဂမရှိတဲ့ ရဟန္တာတွေက လောကထဲမှာ နေမှမနေနိုင်တော့ပဲ။ မနေနိုင်ဘူး၊ ဘာမှ ပျော်စရာမရှိဘူး။ အကုန်လုံး အနှစ်သာရဘာမှမရှိတော့ဘူး။

နန္ဒီရာဂကလေးရှိနေတော့ သာယာမှုကလေးတွေနဲ့ ပျော်စရာကလေးဖြစ်နေတာကိုး။ ပျော်စရာ မဟုတ်ပေမယ့်လို့ ပျော်စရာကလေးဖြစ်နေတယ်။ အရေးကြီးတယ်သူက၊ အဲဒါကြောင့် အဲဒီနန္ဒီရာဂတဲ့၊ ခြောက်ဒွါရကကျလာတဲ့ အာရုံဟူသမျှ အကောင်းတွေကို လက်ခံပြီးတော့နေတဲ့ နန္ဒီရာဂ၊ အဲဒီ နန္ဒီရာဂဟာ တခြားမဟုတ်ဘူး။ ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေနဲ့တူတယ်တဲ့။ ဟိုတုန်းက မိတ်ဆွေ၊ အခုတော့ ရန်သူပေါ့လေ အဲဒါနဲ့ တူပါတယ်တဲ့။ ဒါကိုပြောတာတဲ့။

နန္ဒီရာဂဆိုတာ သူ့ကို အပြစ်မြင်ခဲတယ်။ သူကလဲ အစွမ်းသတ္တိ သိပ်ကောင်းတယ်။ ဘယ်ထိအောင်လိုက်တုန်းဆိုရင် အရိယမဂ်ဖိုလ်နားထိအောင်ကို လိုက်တယ်။ အရိယမဂ်ဖိုလ်ဖြစ်ခါနီးထိအောင် သူကလိုက်ပြီးတော့ သာယာတာပဲ။ အင်မတန် အားကောင်းပါတယ်။ သာမန်တရားအားမထုတ်ဘဲနေတဲ့ပုဂ္ဂိုလ် တရားသဘောမသက်ဝင်တဲ့ပုဂ္ဂိုလ်ဆိုတော့ ဒီနန္ဒီရာဂက အားကြီးဖြစ်နေတာပဲ။ ဒီနန္ဒီရာဂဖြစ်အောင်လို့ပဲ လူတွေက ကြောင့်ကြစိုက်နေရတာ၊ အမြင်ကောင်းကလေးတွေ မြင်ရအောင်၊ အကြားကောင်းကလေးတွေ ကြားရအောင်၊ အနံ့ကောင်းကလေးတွေ နံရအောင်၊ အရသာကောင်းကလေးတွေ စားရအောင်၊ အတွေ့အထိကောင်းကလေးတွေ တွေ့ထိရအောင်၊ ဝမ်းမြောက်ဝမ်းသာစရာ အာရုံကလေးတွေနဲ့ တွေ့ရအောင်၊ အိပ်ရင်းလဲပဲ သူစိတ်ကူးနေတာပဲ။ သူတစ်နေ့သော် ကောင်းနိုးနိုး၊ တစ်နေ့သော် ကောင်းနိုးနိုး၊ ဒါတွေပဲ စိတ်ကူးနေတယ်။ အိပ်ရင်းလဲ စိတ်ကူးနေတယ်။ နိုးနေရင်တော့ ပြောစရာမရှိဘူး၊ အိပ်ရင်းလဲ တစ်ခါတစ်ခါ အိပ်မက်ထဲတောင်မှ စိတ်ကူးလိုက်သေးတယ်၊ သာယာစရာတွေ လျှောက်ပြီးတော့ ကြံနေတယ်။ နန္ဒီရာဂတွေ ဖြစ်နေတယ်။

အဲဒီ နန္ဒီရာဂဟာ ဖြစ်ဖြစ်ချင်း သူကပညာတည်းဟူသော ဦးခေါင်းကို ကျစေသည်တဲ့။ အဋ္ဌကထာက ဒါကတော့ ပညာရှိတွေနဲ့မှဟုတ်မှာ။ ဒါပေမယ့်လို့

http://www.dhammadownload.com

အဋ္ဌကထာကပြောတော့ ပညာရှိတွေက သေသေချာချာစဉ်းစားဦးမှပေါ့။ ဘုန်းကြီးကပြောရတယ်။ လှည့်ပြီးတော့ ပညာက ဦးခေါင်းနဲ့တူတယ်။ တရားဘက်ကနေပြီးတော့ကြည့်ရင် ပညာက ဦးခေါင်းနဲ့တူတယ်၊ ဦးခေါင်းရှေ့သွားပဲ၊ သမ္မာဒိဋ္ဌိ ရှေ့သွားခေါင်းဆောင်လို ဦးခေါင်းနဲ့တူတယ်တဲ့။ ပညာတည်းဟူသော ဦးခေါင်းဟာ နန္ဒိရာဂဖျက်လိုက်တာနဲ့ သူကျသွားတယ်။

မျက်စိဖြင့်အဆင်းကို မြင်ရတယ်ဆိုပါတော့တဲ့။ အဋ္ဌကထာက ဥပမာပြတယ်။ နှစ်သက်သာယာစရာ အဆင်းကလေးမြင်သည်တဲ့။ ဣဋ္ဌာရုံကလေး ခေါ်တယ်။ အခု ကာမဘုံအနေအားဖြင့် ပြောရရင်တော့ ယောက်ျားမိန်းမဆိုတဲ့ အာရုံတွေပါပဲ။ တခြားမဟုတ်ဘူး။ ယောက်ျားတွေရဲ့ နှစ်သက်စရာအာရုံ၊ မိန်းမတွေရဲ့ နှစ်သက်စရာအာရုံ၊ ဒါလေးတွေရှိတယ်။ အဲဒီနှစ်သက်စရာအာရုံကလေး တွေ့ပြီတဲ့။

မြင်ရာမှ စိတ်အစဉ်ဖြစ်ပုံ

မြင်ပြီဆိုရင် ဝီထိကလေး ချရဦးမယ်။ စိတ်အစဉ်ကလေး ဖြစ်ပုံကလေး ပကတိပုဂ္ဂိုလ်တွေ သိနေတာကတော့ မြင်ရင်ဖြင့် ငါမြင်တာပဲ။ တစ်ချက်ထဲ မြင်သွားတယ်လို့ အောက်မေ့တယ်။ ဒီလိုမဟုတ်ဘူး။ တစ်ချက်တည်း စိတ်ကူးကလေးပေါ်လာတယ်၊ အောက်မေ့တယ် ဒီလိုမဟုတ်ဘူး၊ စိတ်တွေကအဆင့်ဆင့်ဖြစ်ရတာ။ အလွယ်ကလေးမဟုတ်ဘူး။ သူဖြစ်နေတော့ အလွယ်သား၊ ဟောဒီတရားသဘောနဲ့ ဖြစ်စဉ်ကလေးတွေပြောရင် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဖြစ်ရတယ်။ အတော်များများဖြစ်တယ်။

မျက်စိထဲမှာ အဆင်းအာရုံက ကျလာတယ်။ အဆင်းအာရုံ အဆင်းအရိပ်ကလေး ထင်လာတာပေါ့လေ။ အဆင်းရိပ်ကလေးထင်လာတော့ နှလုံးသွင်းဆင်ခြင်တယ်တဲ့။ ဘာပါလိမ့်တုန်းဆိုပြီးတော့ ဆင်ခြင်လိုက်တာ။ ဥပမာအားဖြင့် လူတစ်ယောက် သရက်ပင်အောက် အိပ်နေတယ်။ သရက်ပင်ပေါ်က သရက်သီးကဗိုင်းကနဲဆို ကြွေကျလိုက်တာ။ အနားနား အနီးအပါးကြွေကျတယ်။ လူက အိပ်ပျော်နေတယ်။ အိပ်ပျော်နေတော့ ဗိုင်းကနဲကျတော့ မနိုးဘူးလား။ ဘာပါလိမ့်လို့ စဉ်းစားတယ်။

http://www.dhammadownload.com

ဘဝင်စိတ်ဖြစ်

အဲဒါလိုပဲတဲ့၊ အဆင်းအာရုံမျက်စိထဲမှာ မထင်လာခင်က ကဲ စောစောက အိပ်ပျော်နေသလို ဘဝင်ကျနေသလို ရှိတယ်၊ ညအိပ်နေတဲ့အခါတွေလဲ ဘဝင်စိတ်တွေပဲ။ နေ့လဲဒီလိုပဲ၊ မြင်ကြားနေတဲ့အခါလဲ ဘဝင်စိတ်တွေ ကြားထဲမှာ အများကြီးရှိတယ်။ ဒါပေမယ်လို့ ရှေ့ကသိတဲ့စိတ် နောက်ကသိတဲ့ စိတ်တွေက ဆက်နေတော့ တဆက်တည်းဖြစ်နေတယ်လို့ အောက်မေ့တယ်။ ဒီလို မဟုတ်ဘူး။ ကြားထဲမှာ အိပ်ပျော်နေတဲ့စိတ်ကလေးတွေလဲ အများကြီးရှိသေးတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ နည်းနည်းထူတယ်၊ အ-တယ်၊ န-တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒီလူတွေ ဘဝင်တွေ များများကျနေတယ်။ သူ့စိတ်ကူး ရုတ်တရက် မဖြစ်ဘူး။ ဘေးကလူပြောပေမယ့် ရုတ်တရက်သူနားမလည်ဘူး။ ဟိုမှာ ဘဝင်တွေက အများကြီးကျနေတော့ ထိုင်းနေတာခေါ်တယ်။

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစသည်ဖြစ်

အဲဒီလို အိပ်ပျော်နေရာက နိုးလာသလိုပဲ ဘဝင်ကနေပြီးထလာတော့ ခုနက စဉ်းစားတယ်။ မျက်စိထဲ အဆင်းကျလာတာ ဘာပါလိမ့်မတုန်းဆိုပြီး စဉ်းစားတယ်။ အဲဒါကို အဘိဓမ္မာဝေါဟာရနဲ့ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းလို့ခေါ်တယ်။ ပဋ္ဌ-ကငါးခု၊ ဒ္ဓါရ-ကဒ္ဓါရ၊ အာဝဇ္ဇန်း-က-ဆင်ခြင်တယ်တဲ့။ ပဋ္ဌဒ္ဓါရမှာဆင်ခြင်တာတဲ့။ မျက်စိမှာအဆင်းကျလာရင်တဲ့ ဆင်ခြင်တဲ့စိတ်ဖြစ်တယ်။ ဒါက တစ်ခုပေါ့လေ။ နားမှာအသံကျလာရင်တဲ့ ဆင်ခြင်တဲ့စိတ်ဖြစ်တယ်တဲ့။ ၂-ခု၊ နှာခေါင်းမှာ အနံ့ကျလာရင်တဲ့ ဆင်ခြင်တယ်။ လျှာမှာအရသာပေါ်လာရင်တဲ့ ဆင်ခြင်တယ်တဲ့။ ကိုယ်မှာတစ်နေရာရာက အတွေ့အထိကလေးပေါ်လာရင်တဲ့ ဆင်ခြင်တယ်။ ဒီငါးဒွါရမှာဆင်ခြင်လို့ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းလို့ ငါးဌာနမှာ ဆင်ခြင်တဲ့စိတ်ကလေးဖြစ်တယ်တဲ့။ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းလို့ ပါဠိလိုခေါ်တယ်။ စာပေတတ်တဲ့ပုဂ္ဂိုလ်တွေအဖို့တော့ သူကလွယ်လွယ်ကလေးပဲ။ စာမသင်ဖူးတဲ့ပုဂ္ဂိုလ်တွေ နားလည်အောင်လို့ ဘုန်းကြီးက ပြောနေတယ်။ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း-ငါးဒွါရမှာ ကျရောက်လာတဲ့အာရုံကို ဘာပါလိမ့်တုန်းလို့ ဆင်ခြင်တာတဲ့။ မြင်ပလား၊ ကြားပလားဆိုရင် မမြင်သေးဘူး။ ဆင်ခြင်တာပဲ ရှိသေးတယ်။

http://www.dhammadownload.com

ခုနက အိပ်ရာကနိုးလာတော့ ကမ္ဘာသောပါးနဲ့ နိုးလာတော့ ဘာပါလိမ့် မတုံးလို့ ဆင်ခြင်တော့ သရက်သီးမှန်းမသိသေးဘူး။ ဆင်ခြင်လိုက်တော့ တော်တော် ကြာတော့ မြင်သွားတယ်တဲ့၊ ဆင်ခြင်ပြီးတာနဲ့ မြင်သွားတာပါပဲ၊ ချက်ချင်းပဲ၊ အဲဒါက ဘာနဲ့တူတုန်းဆိုတော့ ခုနက အိပ်ရာက နိုးလာတဲ့ပုဂ္ဂိုလ်က ဘာပါလိမ့်မတုန်းဆို ကြည့်လိုက်တော့ သရက်သီးမြင်တာလိုပဲ၊ သရက်သီးကြွေတာပဲဆိုတာ သိတယ်၊ အဲဒါနဲ့ တူတယ်။

မြင်ပြီးတော့ မြင်တဲ့စိတ်ကလေးကလဲ ပျောက်သွားတာပဲ၊ ဆင်ခြင်တဲ့ စိတ်ကလေးကလဲ ဆင်ခြင်ပြီးပျောက်သွားတာ၊ မြင်တဲ့စိတ်ဖြစ်လာ၊ မြင်ပြီးတော့ ပျောက်သွားတယ်။ မြင်ပြီးတော့ ပျောက်ပြီးတော့ ဘာဖြစ်သတုန်းဆိုတော့ သမ္မဋ္ဌိဆိုင်းတဲ့။ သမ္မဋ္ဌိဆိုင်းပါဦးလို့ သမ္မဋ္ဌိဆိုင်းဆိုပြီးတော့ မြန်မာကပြန်ထားတယ်။ အလွယ်တကူ ခေါ်ရအောင်လို့ လက်ခံတဲ့စိတ်ကလေးပါပဲ။ ခုနကမြင်တဲ့အာရုံ ကလေးကို လက်ခံထားလိုက်တယ်။ မှတ်ပုံတင်ထားလိုက်တယ်။ အဲဒီစိတ်ကလေး ဖြစ်တယ်။ အဲဒါက ဘာနဲ့တူတုန်းဆိုတော့ အိပ်ရာကနိုးလာတော့ ခုနက သရက်သီးမြင်လို့ လှမ်းကောက်လိုက်တာနဲ့ တူတယ်တဲ့။ သရက်သီးလေး ယူထားလိုက်တယ်။

နောက်ပြီးတော့ အဲဒီလက်ခံတဲ့စိတ်ကလေးကတဲ့ လက်ခံပြီးပျောက်သွား တယ်။ သမ္မဋ္ဌိဆိုင်းကပျောက်သွားတော့ သန္ဋီရဏ-စုံစမ်းတယ်တဲ့။ အဲဒီအာရုံက ကောင်းသလား၊ ဘယ့်နှယ်ဟာတုန်း၊ ချစ်စရာလား၊ မုန်းစရာလား၊ ကြည်ညို စရာလားလို့ စုံစမ်းတယ်။ သန္ဋီရဏလို့ခေါ်တယ်။ ပါဦးလို့၊ မြန်မာလိုတော့ စုံစမ်းတဲ့ စိတ်ပါပဲ။ ခုနက သရက်သီးကောက်ယူတဲ့လူက ကောက်ယူပြီးတော့ သရက်သီးဟာ မှည့်ပြီလား၊ စားလို့ကောင်းပြီလားလို့ လက်နဲ့နှိပ်ကြည့်သလို၊ အဲဒါနဲ့တူတယ်တဲ့။

နောက်ပြီးတော့ စုံစမ်းပြီးတော့ ဆုံးဖြတ်တယ်။ ချစ်စရာ ကောင်းတယ်။ မုန်းစရာကောင်းတယ်။ ကြည်ညိုစရာကောင်းတယ်စသည်ဖြင့် အဲဒါ ဝုဋ္ဌောစိတ်တဲ့ ပါဦးလို့၊ ပါဦးက ဝေါဋ္ဌဗ္ဗန၊ မြန်မာလို ဝုဋ္ဌောဆိုပြီး ဘာသာပြန်ထားတယ်။ ဆုံးဖြတ် တဲ့စိတ်ကလေး၊ ဆုံးဖြတ်ချက်ချလိုက်တာ၊ ရုံးမှုားမှာ ဒီကရီချတယ်ဆိုတာမျှားလို ဆုံးဖြတ်ချလိုက်တယ်။ ချစ်စရာကောင်းသည်-လို့ ဆုံးဖြတ်လိုက်ရင် လောဘတွေ ဖြစ်တော့မယ်။ မုန်းစရာကောင်းသည်-လို့ ဆုံးဖြတ်လိုက်ရင် မုန်းတော့မယ်၊ စိတ်

http://www.dhammadownload.com

ဆိုးတော့မယ်၊ ရွံစရာကောင်းသည်လို့ ဆုံးဖြတ်လိုက်ရင် ရွံတော့မှာ။ ကြည်ညိုစရာ ကောင်းသည်လို့ ဆုံးဖြတ်လိုက်ရင် ကြည်ညိုမှာ၊ သဒ္ဓါတရားတွေ၊ ကုသိုလ်တွေဖြစ်မယ်၊ ခုနက သရက်သီးကို နှိပ်နယ်ပြီးကြည့်တဲ့အခါ ဟာ. . မှည့်ပြီ။ စားလို့ကောင်းပြီ ဆုံးဖြတ်လိုက်ရင် စားမှာပေါ့လေ၊ စားတော့မယ်။

အဲဒီဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ်ဆုံးသွားတဲ့အခါ ဇောစိတ်တွေဖြစ်လာတယ်။ ဇောစိတ်တွေအရှိန်နဲ့ တစ်ခါတည်းပြင်းပြင်းထန်ထန် ခုနကဟာလေးတွေကတော့ အားမကောင်းဘူး။ ဇောစိတ်ကတော့ အဟုန်နဲ့ ပြင်းပြင်းထန်ထန်ဖြစ်လာတယ်။ သန်သန်စွမ်းစွမ်းကြီး ဖြစ်လာတယ်။ ဇောစိတ်တွေ အကုသိုလ်ဇောစိတ်ရှိတယ်။ ကုသိုလ်ဇောစိတ်ရှိတယ်။ အကုသိုလ်ဇောစိတ်က နှစ်သက်သာယာပြီးဖြစ်တဲ့ လောဘဇောရှိတယ်။ စိတ်ဆိုးပြီးဖြစ်တဲ့ ဒေါသဇောရှိတယ်။ မောဟဇောလဲ ရှိတယ်။ ကုသိုလ်ဇောကတော့ဖြင့်ရင် ၇-ခုရှိပါတယ်။ ကြည်ညိုပြီးဖြစ်တာတို့ စသည်ဖြင့် ကုသိုလ်စိတ်ဇောတွေဖြစ်တယ်။ ဇောစိတ် ၇-ကြိမ် တစ်ကြိမ်ပြီး တစ်ကြိမ်၊ တစ်ခါတည်း အရှိန်မပြေဘဲနဲ့ ထပ်ခါထပ်ခါဖြစ်သော ၇-ကြိမ်တိတိဖြစ်တယ်။ ခုနက သရက်သီးကို မှည့်ပြီလို့ဆုံးဖြတ်လိုက်တော့ စားလို့ကောင်းပြီလို့ ဆုံးဖြတ်လိုက်တော့ကို ပါးစပ်နဲ့စပ်ပြီးတော့ အရသာခံသလို အရသာခံတယ်၊ စားတယ်၊ တစ်ခါကိုက်လိုက် စားလိုက်၊ တစ်ခါကိုက်လိုက် စားလိုက်လုပ်သလိုပဲ။ ဇောတွေ အကြိမ်ကြိမ်ဖြစ်တယ်၊ ၇-ကြိမ်တိုင်တိုင်ဖြစ်တယ်တဲ့။

ဇော ၇-ကြိမ်ဖြစ်ပြီးတဲ့အခါ ဘာတွေဖြစ်တုန်းဆိုတော့ တဒါရုံဆိုတာ၊ ဇောပြီးတော့ကို ဇောလောက်တော့ အရှိန်မကောင်းတော့ဘူး။ ဒါပေမယ့် ခုနကဟာတွေ စားမြုံ့ခတ်သလိုပဲ ပြန်ပြီးအာရုံပြုတာလေး တဒါရုံက ၂-ကြိမ်ဖြစ်တယ်တဲ့။ စိတ်ကလေးတွေ၊ သရက်သီးစားပြီးတဲ့ ပုဂ္ဂိုလ်ကလဲ စားပြီးတဲ့ သရက်သီးရတာကလေးပြန်ပြီး စဉ်းစားတာကလေး၊ နောက်က ဖြစ်သလိုကို၊ ပြီးတော့ သရက်သီးရတာလေး စဉ်းစားရင်း စဉ်းစားရင်းနဲ့ အိပ်မျော်သွားတယ်တဲ့။ အဲဒါလိုပဲတဲ့၊ ခုနက တဒါရုံပြီးတော့လဲ ဘဝင်ကျပြီးတော့ အိပ်မျော်သွားပြန်ပြီတဲ့။ နောက်တစ်ခါလဲ သူပြန်နိုးဦးမယ်၊ စဉ်းစားဦးမှာပဲ၊ အဲဒါက မြင်တဲ့ဝီထိပြီးတာ။

http://www.dhammadownload.com

ကြားရင်လဲ ဒီအတိုင်းပဲ။ နံရင်, စားရင်, တွေ့ထိရင်, ဒီအတိုင်းပဲ။ စိတ်အစဉ်တွေကဖြစ်တယ်။ အဲဒီလိုဖြစ်ရမှာတဲ့။ ဝုဋ္ဌောကဆုံးဖြတ်လိုက်လို့ ချစ်စရာကောင်းတယ်, လှတယ်, တင့်တယ်တယ်, ချစ်စရာကောင်းတယ် ဆုံးဖြတ်လိုက်လို့ ရှိရင် နောက်က နှစ်သက်သာယာတဲ့ လောဘဇောဖြစ်တယ်တဲ့။ အခု နန္ဒိရာဂခေါ်တဲ့ တရားဖြစ်လာပြီတဲ့။ ဖြစ်ရင် ဘယ့်နှယ်နေတုန်းဆိုတော့ ပညာပျောက်သွားပြီ။ ပညာခေါင်းတွေ ဒီမှာပျောက်တယ်၊ စလာကတည်းက ပညာမရှိတဲ့ပုဂ္ဂိုလ်ကတော့ ခေါင်းမရှိဘဲနဲ့ တူပါလိမ့်မယ်။ သူက ဒါမပါဘူး။ အဋ္ဌကထာက ဘုန်းကြီးစဉ်းစားတယ်၊ အစကတည်းက ဝိပဿနာရှုနေတာမဟုတ်တော့ ပညာက အစကတည်းက မရှိဘူး၊ မရှိတော့သူမှာ ခေါင်းတော့ပြုတ်စရာတော့မရှိဘူး၊ အစကတည်းက ခေါင်းမရှိဘဲ ဖြစ်နေတယ်၊ ခေါင်းမပေါက်နိုင်ဘဲ ဖြစ်နေတယ်လို့ ဆိုရမှာနဲ့တူတယ်။

ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်ကတော့ မြင်ရင်ရှု၊ ကြားရင်ရှု၊ မြင်ရင် မြင်တာမှတ်၊ ကြားရင် ကြားတာမှတ်၊ နံတာ, စားတာ, တွေ့ထိတာတွေမှတ်၊ ဖြစ်တိုင်းဖြစ်တိုင်း ရှုနေရတာကိုး။ ရှုတိုင်းရှုတိုင်းဟာ ဝိပဿနာပညာတွေဖြစ်နေတာ၊ မြင်ရင်မြင်မြင်ချင်း ရှုလိုက်၊ ဝိပဿနာပညာဖြစ်တယ်။ ကြားကြားချင်းရှုလိုက်၊ ဝိပဿနာပညာဖြစ်တယ်။ ဖောင်းတယ် ပိန်တယ် ရှုလိုက်၊ ဝိပဿနာပညာဖြစ်တယ်။ ရှုတိုင်းရှုတိုင်းဟာ ဝိပဿနာပညာဉာဏ်ကလေးတွေဖြစ်နေတယ်။ ရှုတိုင်းရှုတိုင်းဟာ ဝိပဿနာပညာဉာဏ်ကလေးတွေ ဖြစ်နေတယ်။

အဲဒါ အခုဝုဋ္ဌောကနေပြီး ချစ်စရာကောင်းတယ် ဆုံးဖြတ်လိုက်လို့ မြင်ရတဲ့ဟာလေးကို ချစ်ခင်နှစ်သက်တဲ့ သာယာတဲ့စိတ်ကလေး ဖြစ်သွားလို့ရှိရင်တဲ့ နန္ဒိရာဂ ဖြစ်ရင် ခုနကပညာက မဖြစ်တော့ဘူး။ ပညာခေါင်းပြုတ်သွားပြီတဲ့။ အဲဒါဟာ ခုနက ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ မိတ်ဆွေကနေပြီးတော့ ဓားနဲ့ခုတ်ချလိုက်တာနဲ့ တူပါတယ်တဲ့။ မိတ်ဆွေအရင်းပဲဆိုပြီးတော့ လက်ခံထားလိုက်တာနဲ့ တစ်ခါတည်း ဓားနဲ့ခုတ်ချလိုက်တော့ သေရော၊ အဲဒါနဲ့တူတယ်တဲ့။ အဲဒါ နန္ဒိရာဂက ဒီလို သတ်တတ်ပါတယ်တဲ့။

http://www.dhammadownload.com

နောက်တစ်နည်းအားဖြင့်တော့ကို ဘဝတွေမှာဖြစ်စေပြီးတော့လဲ သတ်တတ်တဲ့နန္ဒီရာဂက နှစ်သက်သာယာပြီးတော့ ဘဝတွေမှာဖြစ်ရတယ်။ ဖြစ်ရာဘဝမှာ ဘဝတိုင်း ဘဝတိုင်း သေနေရတာပေါ့လေ။ လူတွေသေနေတာ ဒါတွေပဲ။ ဘယ်သူဖြင့် ရေနစ်လို့သေတယ်။ ဘယ်သူဖြင့် မီးလောင်လို့သေတယ်။ အိမ်ပိလို့ သေတယ်။ ရောဂါဝေဒနာဖြစ်လို့ သေတယ်။ လိမ့်ကျလို့ သေတယ်စသည်ဖြင့် ပြောကြတယ်။ ဘယ်သူကသတ်လို့သေတယ် စသည်ဖြင့် ဒီလိုပဲပြောကြတယ်။ အမှန်ကတော့ သူများကြောင့်သေတာ မဟုတ်ဘူး။ ဘဝထဲဖြစ်ချင်တဲ့တဏှာကလေးရှိလို့ ဒီတဏှာကလေးကြောင့် ဘဝထဲ ထပ်ခါထပ်ခါဖြစ်ရတယ်။ ဖြစ်ရာဘဝမှာ သေရတာ ဒီတဏှာကအရင်းခံပဲ။ ဒါကြောင့် လူဘဝ, နတ်ဘဝ, ပြဟ္မာဘဝ (၃၁)ဘုံဘဝတွေမှာ ဖြစ်တတ်တဲ့တဏှာကြောင့် သူတို့မရှိရင် တယ်မနေတတ်ဘူး။ ခြောက်သွေ့သွေ့ဖြစ်ပြီးတော့ ပျင်းနေတယ်။ အခုလို ဘုန်းကြီးများတရားဟောနေတာ နန္ဒီရာဂ တယ်မပါဘူး။ မပါတော့ ခြောက်သွေ့သွေ့ဖြစ်တယ်။ လူတိုင်း လူတိုင်း မနာနိုင်ဘူး။ ဒီတရားမျိုးဟာ။

မြို့ထဲက ဘိုင်စကုတ်ရုံတွေကျတော့ သိပ်သဘောကျတာပေါ့။ နန္ဒီရာဂတွေက များတာကိုး။ ဟိုမှာတော့ လူတွေများတန်းစီနေလိုက်တာ ဘုန်းကြီးများသွားရင်း လာရင်းကြည့်တော့ လူတွေ တော်တော်ဒုက္ခရောက်ကြရှာတယ်။ လက်မှတ်ရဖို့ရာ စီတန်းပြီးတော့များနေရတယ်။ ဒါနန္ဒီရာဂက ခိုင်းတာ။ ဒုက္ခတွေရောက်အောင်လို့၊ တရားပွဲတွေ မကြိုက်ဘူး။ လူတွေက နန္ဒီရာဂမှ သဘောကျတယ်။ တရားအားထုတ်ကြစို့ ဆိုပြီး တရားအားထုတ်ပါပြီတဲ့။ တရားအားထုတ်ပြန်တော့လဲ တရားထဲမှာလဲ နန္ဒီရာဂက ဝင်လာသေးတယ်။ သူက သတ္တိကောင်းချည်း၊ တရားလေး တော်တော်မှတ်ကောင်းလာပြီဆိုရင် သဘောကျနေတယ်၊ သူလဲ နန္ဒီရာဂပဲ၊ အဲဒီအမှတ်ကောင်းတာလေး သဘောကျနေလို့ရှိရင် ဒါလေး လက်ခံထားရင်လဲ တရားကမတက်ပြန်ဘူး သူက။

ဒါကြောင့် ကမ္မဋ္ဌာန်းဆရာတွေက ပြောရတာ။ နှစ်သက် သဘောကျနေလို့ရှိရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ အားရဝမ်းသာနဲ့ ကမ္မဋ္ဌာန်းဆရာကို

http://www.dhammadownload.com

ပြောတယ်။ ကမ္မဋ္ဌာန်းဆရာက အဲဒါလေးမှတ်လိုက်ဦးဆိုရင် သဘောမကျဘူး။ သူက ဒါလေးကောင်းနေတာ ဘယ့်နှယ် ဒါလေးမှတ်လိုက်ဦးဆိုတော့ ဒါလေးရှိလို့ ကောင်းလာတဲ့ဥစ္စာ ကမ္မဋ္ဌာန်းဆရာက မှတ်ပစ်ရမယ်လို့ ဘယ့်နှယ်ကြောင့် ပြောပြန် ပါလိမ့်မတုန်းဆိုပြီး သဘောမကျဘူး။

အထူးအားဖြင့်တော့ ဥဒယဗ္ဗယဉာဏ်ထဲ ရောက်တဲ့အခါကျရင် တရားအား ထုတ်တဲ့ ပုဂ္ဂိုလ်တွေက သိပ်သဘောကျတယ်။ ဥဒယဗ္ဗယဉာဏ်ကျတော့ တရား အားထုတ်ပြီးသား ယောဂီတွေလဲ ဒီမှာတော့မျှားပါတယ်။ အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ပါတန်သလောက်တော့ ပါလိမ့်မယ်။ အဲဒါတွေလဲပဲ မှန်းဆပြီးတော့ ကြည့်ကြပေါ့လေ။ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့ အခါကျတော့ ဘယ်လောက် ကောင်းသတုန်းဆိုတော့ ကြောင့်ကြဗျာပါရ မစိုက်ရဘူး၊ အမှတ်ကလေးတွေက သူ့ဟာသူဖြစ်တယ်။ စအားထုတ်ခါစ ပုဂ္ဂိုလ်တွေကတော့ အမှတ်ဖြစ်အောင် တော်တော်ကြောင့်ကြစိုက်ရတယ်၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတာလေး ၂-ခုတောင်မှ သူ့ဟာမလွယ်ဘူး။

တချို့ဘေးကပုဂ္ဂိုလ်တွေက အရမ်းကာရောပြောနေကြတယ်။ ဟာ. . ဒီ ဖောင်းတယ်၊ ပိန်တယ်ဆိုတာ လွယ်လွယ်ကူကူကလေးသိနေတာလို့ ပြောတယ်။ သူမှအားထုတ်မကြည့်ဘဲ၊ တကယ်ဆိုတော့ မလွယ်ဘူး။ အခက်ကြီး၊ ဒီထက်ခက် တာ ဘယ်ရှိလိမ့်မှာတုန်း။ တစ်ခါနှစ်ခါသိရုံနဲ့ ပြီးတာမှမဟုတ်ပဲ၊ စိတ်တိုင်း စိတ်တိုင်း သိနေရတာ အနားမရှိဘူး၊ တောက်လျှောက်သိနေရတာ၊ အနည်းဆုံး တစ်စက္ကန့် ကို တစ်ကြိမ်လောက်သိနေရတာ၊ စိတ်ဘယ်မှ မသွားရဘူး၊ ဒီလိုလုပ်နေရတာ မလွယ်ပါဘူး၊ လွယ်မယ်လို့ ထင်နေတာ။

မသွားတတ်သေးဘူး

အမှန်ကတော့ သေသေချာချာ အားမနာတမ်းပြောမယ်ဆိုရင် မသွားတတ် သေးဘူးဆိုရင် ဘယ်သူတွေတုန်းဆိုရင် အဲဒီတရားအားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေ ဟာ သွားကိုမသွားတတ်သေးဘူး။ ဘာပြုလို့တုန်းဆိုတော့ သွားရင်း သူ့ကိုယ်သူ သွားတာ သိမှမသိဘဲ၊ တချို့က ကိုယ်သွားတာ ကိုယ်သိပါတယ်လို့ တချို့က

http://www.dhammadownload.com

ပြောတယ်၊ ဘယ်ဟုတ်လိမ့်မှာတုန်း၊ ကိုယ်သွားတာ ကိုယ်မသိဘူး၊ သွားတဲ့အခါ ဘာတွေစိတ်ကူးသွားနေသလဲ၊ ကိုယ့်ဟာကို စဉ်းစားကြည့်ပေါ့၊ အရောင်းအဝယ် ကိစ္စရှိတဲ့ ပုဂ္ဂိုလ်ကလဲ အရောင်းအဝယ်စိတ်ကူးပြီး သွားနေတာပဲ။ ရုံးကိစ္စရှိတဲ့ပုဂ္ဂိုလ်ကလဲ ရုံးကိစ္စတွေ စိတ်ကူးပြီး သွားနေတယ်။ မိတ်ဆွေနဲ့ ဘာနဲ့တွေ့ဖို့ရာ စိတ်ကူးတဲ့ ပုဂ္ဂိုလ်ကလဲ မိတ်ဆွေနဲ့တွေ့ဖို့ရာပဲ စိတ်ကူးနေတယ်၊ ဘာပြောရမယ် ဘာလုပ်ရမယ် စသည်ဖြင့် အဲဒီစိတ်ကူးတွေနဲ့ သွားနေတာ၊ တစ်ခါတစ်ရံ ခလုတ်တိုက်လိုက်မှ သိတယ်၊ ငါဒီမှာ ခလုတ်တိုက်သွားပါပြီကော၊ ဒီတော့မှ ကိုယ့်ဆီပြန်ရောက်လာတယ်၊ ဟိုတခြားကို သွားနေတယ်၊ ကိုယ်သွားနေတာ ကိုယ်မသိဘူး။

ယခု ယောဂီပုဂ္ဂိုလ်တွေမှာတော့ သွားမယ်ဆိုလို့ရှိရင် ခြေထောက်ကြွတိုင်း၊ လှမ်းတိုင်း၊ ချတိုင်း၊ အကုန်လုံးသိနေကြတာ၊ ခြေထောက်ကြွတာကစပြီး ခြေထောက်ချသည့်တိုင်အောင်ဟာ ကြွတယ်, လှမ်းတယ်, ချတယ်, ရွှေ့တိုင်း ရွှေ့တိုင်း အကုန်သိရတယ်၊ အဲဒီလို အကုန်လုံးသိပြီးတော့ သွားနေရင်တော့ သွားတတ်ပြီ။ လက်ကလေး ကွေးလိုက်ပြန်လို့ရှိရင်လဲ ကွေးတယ်, ကွေးတယ်, ရွှေ့တိုင်း ရွှေ့တိုင်း အကုန်သိရမယ်၊ စားတဲ့အခါမှာဆိုရင်လဲ ကိုယ်အမူအရာတွေပြုတိုင်း အရသာတွေပေါ်တိုင်း အဲဒါတွေအကုန်လုံး မှတ်နိုင်လို့ရှိရင် ဒါစားတတ်ပြီတဲ့၊ သွားတတ်ပြီ၊ စားတတ်ပြီ၊ နေတတ်ထိုင်တတ်ပြီလို့ ဆိုရမယ်။

ဒီလို မရှုမမှတ်ဘဲနဲ့ အလွတ်နေနေလို့ရှိရင်တော့ ခုနကပြောတဲ့ နန္ဒီရာဂတွေ ဝင်နေတာ၊ အဲဒါတွေက မသွားတတ် မစားတတ်၊ မနေတတ်၊ မထိုင်တတ်တဲ့ ကလေးများနဲ့ တူတယ်တဲ့။

ဒီဥဒယဗ္ဗယညာဏ်ရောက်တဲ့ အခါကာလကျတော့ ကြောင့်ကြဖျာပါရမစိုက် ရဘဲနဲ့ အမှတ်ကလေးတွေက သူဟာသူသွားနေတယ်၊ အရောင်အလင်းတွေလဲ ပေါ်တတ်တယ်၊ အုံဩစရာ အင်မတန်ကောင်းတယ်၊ အရောင်အလင်းတွေများသိပ်လင်းတာ၊ တချို့များသိပ်လင်းတာ၊ အရောင်အလင်းတွေ မီးမထွန်းပဲနဲ့လင်းတယ်၊ သိပ်နေရာကျတာ၊ ပီတိတွေတဲ့ ကိုယ်ထဲမှာ ဖြိုးဖြိုးဖျဉ်းဖျဉ်း တစိမ့်စိမ့် တငြိမ့်ငြိမ့်နဲ့ ဖြစ်နေတယ်၊ ကိုယ်တွေများ ပေါ့ပါးပြီးတော့ ကောင်းကင်များလွင့်နေသလိုပဲ

http://www.dhammadownload.com

တက်နေသလိုပဲ၊ နေလို့ထိုင်လို့ကလဲ ကောင်းပါဘိနဲ့။ အဲဒါတွေ တွေ့တာကိုး၊ ဝမ်းမြောက်ဝမ်းသာစရာတွေဖြစ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာနေတာလဲ ရှိတယ်။ ဒီလောက် ဝမ်းသာတာ စိမ်ချမ်းသာတာတော့ ဘယ်တော့မှ မတွေ့ဖူးဘူး၊ လူ့လောကမှာ ဒါလောက်ချမ်းသာတာ မတွေ့ဖူးဘူး၊ အဲဒါတွေ တွေ့နေတယ်။

သဘောကျမနေနဲ့ မှတ်လိုက်ဦး

အဲဒါတွေတွေ့နေတာ ယောဂီပုဂ္ဂိုလ်က သဘောကျတယ်။ သဘောကျတာ ဘာလဲဆိုတော့ နန္ဒီရာဂကလေးဝင်လာတာ သာယာလာပြီ၊ အဲဒါ အားရပါးရနဲ့ ပြောတယ်၊ အချင်းချင်းလဲ ပြောတာပဲ၊ ကမ္မဋ္ဌာန်းဆရာတွေကိုလဲ ပြောတာပဲ၊ ပြောတော့ ပြောရမယ့် ဥစ္စာပါပဲ၊ ပြောတဲ့အခါကျတော့ ကမ္မဋ္ဌာန်းဆရာက ဘာပြောတုန်းဆိုတော့ ကမ္မဋ္ဌာန်းဆရာလဲ သဘောကျပါတယ်။ ဒီလိုဟာတွေ တွေ့တာ တွေ့ဖို့ရာပဲ၊ အားထုတ်ရတာပဲ။ သူလဲ တွေ့ခဲ့တဲ့ဥစ္စာတွေပေါ့၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာက ပြောတာ၊ ဒါပေမယ့် ဒီတွင် ရပ်နေမှာစိုးလို့ ရှေ့မတိုးဘဲနေမှာစိုးလို့ ကမ္မဋ္ဌာန်းဆရာက ဘာပြောပြန်သလဲဆိုတော့ အဲဒါလေးတွေ မှတ်လိုက်ဦးလို့ဆိုတော့ ယောဂီက သိပ်သဘောမကျဘူး၊ နန္ဒီရာဂကို သဘောကျနေတယ်၊ နန္ဒီရာဂဖြစ်နေတာလေးကို သူကြိုက်နေတယ်၊ ဒါလေး မှတ်လိုက်လို့ပျောက်သွားမှာ သူက စိုးရိမ်နေတယ်။

တချို့များ ဖွင့်လဲလျှောက်တယ်၊ ဘယ်နှယ်လျှောက်သလဲဆိုတော့ တစ်နေ့လောက်ဘုရား။ ဒါလေးနဲ့နေစမ်းပါရစေဦး၊ ဒီအတိုင်းပဲ နေချင်ပါသေးတယ်၊ မမှတ်ဘဲနဲ့ ဒီလိုကိုး၊ သူဥစ္စာကောင်းပါတယ်၊ နေလဲ ကောင်းပါတယ်လို့၊ အလိုက်သင့်ပဲ ပြောရတယ်၊ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ်လို့ မှတ်တော့လဲ မှတ်ပါဦး၊ ဒါလေးကို ကောင်းတော့ကောင်းတာပဲ။ မှတ်လဲ မှတ်ပါဦး၊ ဒီကောင်းတဲ့အာရုံတွေ ပေါ်နေတာလဲ သဘောကျပြီး လက်ခံနေတာလဲ ကိစ္စတော့မရှိပါဘူး။ ဒါပေမယ့် မှတ်တော့မှတ်ပါဦး၊ အချက်တိုင်း အချက်တိုင်း မှတ်လို့၊ ဒါလို ပြောရတယ်။

http://www.dhammadownload.com

ဂေါတြဘူထိအောင် သာယာတဲ့နန္ဒီရာဂ

အဲဒီလို ရှုမှတ်သွားတော့ အစဉ်အတိုင်းတက်သွားတော့ ဘယ်ရောက်သွားတုန်းဆိုတော့ နောက်ဆုံးသခါရုပေက္ခာဆိုတာ ရောက်သွားတယ်။ သခါရုပေက္ခာဆိုတာ အင်မတန်ကောင်းပါတယ်။ အရိယာမဂ်နားရောက်တော့မှာ၊ မဂ်ဖိုလ်ရောက်တော့မှာ၊ အင်မတန်ကို ကောင်းတယ်၊ ခုနက ဥဒယဗ္ဗယဉာဏ်မှာ ကောင်းတာတွေထက် အဆပေါင်းများစွာ ကောင်းတယ်၊ သူဟာသိမ်မွေ့ပြီးတော့ အင်မတန်ကောင်းတယ်။ အာရုံပေါ်လိုက်၊ သိလိုက်၊ ပျောက်လိုက်၊ အာရုံပေါ်လိုက်၊ သိလိုက်၊ ပျောက်လိုက်၊ အာရုံရော အသိရော ပျောက်နေတာကလေးတွေ မစဉ်းစား မကြံစည်ရဘဲနဲ့ ကြောင့်ကြဗျာပါရ မစိုက်ရဘဲနဲ့ တစ်သိပြီးတစ်သိ၊ တစ်သိပြီးတစ်သိ၊ အာရုံရော အသိ ရော၊ အာရုံရော အသိရောပျောက်လိုက်နေတဲ့ အနိစ္စသဘောတွေဆိုတာ အင်မတန် ရှင်းတယ်။ အဲဒီကျတော့လဲပဲ ရှုလို့မှတ်လို့ကောင်းပြီးနေတာကိုး၊ သာယာနှစ်သက်ပြီးတော့ သဘောကျနေတယ်။ ခုနကလိုပဲ ကိုယ်ထဲမှာ နေလို့ ထိုင်လို့ကောင်းပြီး ပေါ့ပါးနေတာတွေဟာလဲပဲ အင်မတန်ပဲထူးခြားပါတယ်၊ နှစ်သက်သာယာနေတယ်၊ နှစ်သက်သာယာနေတာ ဘယ်ထိအောင်တုန်းဆိုရင် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဆိုတဲ့ အရိယာမဂ်ဆီတက်တော့မလို့ ပြေးလာသလိုအမှတ်တွေမြန်လာတာရှိတယ်၊ အဲဒီထိအောင်လိုက်တယ်၊ ဂေါတြဘူထိအောင်လဲ လိုက်တယ်လို့ဆိုတာပဲ။ အဲဒီထိအောင် သာယာတတ်တယ်တဲ့။

အဲဒီလို သာယာတတ်တဲ့ နန္ဒီရာဂဟာ ဝိပဿနာမရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ အကုန်လုံးလက်ခံတယ်။ ရှုမှတ်တဲ့ပုဂ္ဂိုလ်တွေက ဝိပဿနာထဲမှာ ထူးထူးခြားခြားဖြစ်လာလို့ရှိရင် နှစ်သက်သာယာပြီးတော့ လက်ခံတတ်တယ်တဲ့။ ဒါဟာ ငယ်ငယ်ကပေါင်းလာတဲ့ မိတ်ဆွေနဲ့တူတယ်တဲ့။ သူက သတ်တာတဲ့။ ဒီတိုင်း နှစ်သက်သာယာနေလို့ တရားကရှေ့မတက်လို့ အရိယာ မဂ်ဖိုလ်ဉာဏ်မရောက်လို့ရှိရင် ဘဝသံသရာထဲထပ်ခါထပ်ခါဖြစ်ရမယ်။ ဖြစ်ရာဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရမယ်တဲ့။ ဒါကြောင့်မို့ -

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ **ဆဋ္ဌော၊** ခြောက်ယောက်မြောက်ဖြစ်သော။ **အန္ဓရစ ရော၊** အတွင်းသားဖြစ်သော။ **ဥက္ခိတ္တဿိတော၊** ချိမိုးအပ်သော ဓားသန်လျက်ရှိ သော။ **ဝဓကောဘိစတံ၊** သူသတ်ယောက်ျားဟူသော ဤအမည်သည်။ **နန္ဒိရာဂဿ၊** နှစ်သက်တပ်စွဲတတ်သော နန္ဒိရာဂ၏။ **အဓိဝစန်၊** အမည်ပေတည်း။

အဲဒီလို မြတ်စွာဘုရားက ဟောထားတယ်။ ခုနက ဆောင်ပုဒ်ကလေးကို ဆိုကြဦးစို့။

ရွာပျက်ပမာ ခြောက်ဒွါရာ

"မြွေလေးကောင်ကား (လ) ခြောက်ဒွါရသို့၊ ရောက်ကတစ်ဖုံ" ခုနကမြွေ ၄-ကောင်ကလိုက်၊ ရန်သူကြီး ငါးဦးကလိုက်၊ ကိုယ့်မိတ်ဆွေအရင်းဖြစ်တဲ့ မိတ်ညာ ရန်ဖက်ကလိုက်၊ အဲဒီရန်သူတွေကြောင့် ပြေးရတာ ဘယ်ရောက်တုန်းဆိုတော့ "ရွာ ပျက်သည်၊ ခြောက်ဒွါရသို့၊ ရောက်ကတစ်ဖုံ" ရွာပျက်သည်-လူတွေမနေနိုင်တဲ့ ရွာ ပျက်ကုန်း၊ အိမ်တော့ရှိတယ်။ အိမ်စုတ်အိမ်ပဲ့ကလေးတွေတော့ ရှိတယ်။ ဒါပေမယ် လို့ လူတွေမနေနိုင်ဘူး။ ဒီရွာပျက်သုည ခြောက်ဒွါရ ရောက်လာပြီတဲ့။ ရောက်လာ တော့ ဘာဖြစ်ပြန်တုန်း။ ရွာပျက်သုည ခြောက်ဒွါရ၊ အဲဒီမှာရွာထဲမှာ မောမော ပန်းပန်းနဲ့ စားစရာသောက်စရာတွေ လိုက်ရှာတယ်၊ ဘာမှမရှိဘူးတဲ့၊ လူမှမနေဘဲ ဟာကိုး။ အိုးရှိပေမယ်လို့ အိုးထဲရေရှိမလားလို့ကြည့်တော့ ရေလဲမရှိဘူး။ စားစရာ ရှိမလားလို့ကြည့်တော့ ဘာမှစားစရာမရှိဘူး၊ ရွာပျက်သုည လူလဲမရှိဘူး။ သုံး ဆောင်စရာလဲမရှိတဲ့ အသုံးမကျတဲ့ရွာဖြစ်နေတယ်။ ရွာပျက်ကုန်းကိုး၊ အဲဒါ ရွာပျက် သုညဆိုတာ ဘာတုန်းဆိုတော့ ခြောက်ဒွါရတဲ့၊ နောက်မှဟောရမယ်၊ ဒီကနေ့ မဟောနိုင်သေးဘူး၊ ဒွါရ ၆-ပါးပဲတဲ့။ မျက်စိတို့, နားတို့, နှာခေါင်းတို့, လျှာတို့, ကိုယ်တို့, ပကတိပုဂ္ဂိုလ်တွေမှာတော့ ဒါကရွာပျက်မဟုတ်ဘူး။ အင်မတန်စည်ကား တဲ့ ရွာကြီး၊ မြို့ကြီး၊ သိပ်သာယာနေတာ၊ မျက်စိကလဲသာယာစရာ၊ နားကလဲ သာယာစရာ၊ ဒါပေမယ့် ယောဂီပုဂ္ဂိုလ်မှာတော့ ရွာပျက်သုည၊ သုညလိုပဲ ဘာမှ အသုံးမကျဘူးဆိုတာ ထင်လာအောင် "ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်က တစ်ဖုံ" ဆို။

http://www.dhammadownload.com

ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်တတစ်ဖုံ၊
ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊ ဝင်လာကြ၍။

ဓားပြပမာ ၆-ဖြာအာရုံ

ရွာပျက်က စားစရာမရှိပေမယ့် သစ်ပင်ရိပ်မှာ ခဏတဖြုတ် မောမော ပန်းပန်းနဲ့ နားလိုက်ဦးမှပဲဆိုပြီးတော့ နားနေတုန်း အကျိုးစီးပွားကို လိုလားတဲ့ မိတ်ဆွေက လာပြောပြန်တယ်တဲ့။ ခုနက ကိုယ်စောင့်နတ်လို့ ဆိုရမှာပေါ့ "ဟေ့ မင်းဒီလိုနေလို့ မဖြစ်သေးဘူး၊ ဒီရွာကို ဓားပြကြီး ၆-ယောက်ဝင်လာပြန်ပြီ၊ ရွာထဲလူတွေ့ရင် သတ်မယ်လို့၊ ပစ္စည်းရှိရင်လဲ ယူမယ်လို့လာကြပြီ"ဆိုတော့ ထွက်ပြေးရတာကိုး။ ဒါကို "ခြောက်အာရုံဟု၊ သုံးစုံဓားပြ၊ ဝင်လာကြ၍" ဓားပြကြီးခြောက်ယောက်ဆိုတာ ဘာလဲဆိုတော့ အာရုံခြောက်ပါးပါပဲ။ မြင်ရတဲ့အဆင်းအာရုံ၊ ကြားရတဲ့ အသံအာရုံ၊ နံရတဲ့အနံ့အာရုံ၊ စားရတဲ့အရသာအာရုံ၊ တွေ့ထိရတဲ့ အတွေ့အထိအာရုံ၊ စိတ်ကူးစဉ်းစား ကြံစည်ရတဲ့သဘောအာရုံ၊ ဒီအာရုံခြောက်ပါး ဓားပြကြီးခြောက်ယောက်တဲ့။ အဲဒါဓားပြကြီးတွေတဲ့။

ပကတိပုဂ္ဂိုလ်တွေအနေတော့ ဓားပြတွေမဟုတ်ပါဘူး။ ဒီဥစ္စာကလဲ မိတ်ဆွေတွေပဲ၊ ဒီဥစ္စာ သူတို့ရှိလို့ပဲ၊ ဒီကာမအာရုံတွေမရှိလို့ရှိရင် နေလို့မကောင်းဘူး၊ သူက သာယာစရာတွေ၊ မိတ်ဆွေကြီးတွေ၊ တရားဘက်ကနေကြည့်ရင် ဓားပြ ကြီးတွေတဲ့၊ ဒီရှုပါရုံဝင်လာရင်လဲ ကုသိုလ်တရားတွေပျက်တယ်။ ဝိပဿနာ ဘာဝနာတွေ အကုန်လုံးပျက်တယ်။ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အကုန်လုံး အာရုံ ၆-ပါးတွေ၊ ဒွါရ ၆-ပါးက ကျရောက်ပြီးတော့ ကုသိုလ်တရားတွေဖျက်ဆီး နေတာ။ ဒီဥစ္စာတွေက နောက်မှဟောရမယ်။ ဒီနေ့တော့ မဟောနိုင်သေးပါဘူး။ နည်းနည်းပါးပါး အရိပ်နိမိတ်ကလေးသိအောင်လို့ နည်းနည်းပြောနေတာ။ "ရွာပျက်သုည၊ ခြောက်ဒွါရသို့၊ ရောက်ကတစ်ဖုံ၊ ခြောက်အာရုံနှင့်၊ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ "ဝင်လာကြတော့ ထွက်ပြေးရတယ်။ ပြေးတယ်၊ "ဩယလေးသွယ်၊ မြစ်ပင်လယ်" ဆို -

ဩယလေးသွယ်၊ မြစ်ပင်လယ်၏ (လ) ဟိုကမ်းဌာန်သို့။

http://www.dhammadownload.com

ဩဃလေးသွယ် မြစ်ပင်လယ်

ဩဃလေးသွယ်၊ မြစ်ပင်လယ်၊ ရေပြင်ကျယ်ကြီး ရောက်သွားတယ်တဲ့၊ ရေပြင်ကျယ်ကြီးရောက်သွားတော့ ကူးစရာပဲ ရှိတော့တယ်။

ဒီဘက်ကမ်းပမာ သဏ္ဌာယာ

အဲဒီမှာ ဒီဘက်ကမ်းက ဟိုဘက်ကမ်းရောက်အောင် ကူးရမှာ။ နောက်က ရန်သူတွေမလိုက်နိုင်အောင် နောက်ကမြွေကြီး ၄-ကောင်လဲ လိုက်လာတယ်၊ ရန်သူကြီးငါးယောက်ကလဲ လိုက်လာတယ်၊ ကိုယ့်မိတ်ဆွေ ရန်သူလဲ လိုက်လာတယ်၊ ပြီးတော့ ဓားပြကြီး ၆-ယောက်ကလဲ လိုက်လာတယ်၊ အဲဒါတွေက လွတ်မြောက်အောင် ဟိုဘက်ကမ်းရောက်မှ လွတ်မြောက်မယ်ဆိုတာကိုး၊ ဟိုဘက်ရောက်အောင် ကူးရမှာကိုး၊ ဘာမှကူးစရာမရှိတော့ ဤဘက်ကမ်းက ဘာတုန်းဆိုတော့ သဏ္ဌာယတဲ့၊ ခန္ဓာငါးပါးပါပဲ။

မဂ္ဂင်ဖောင်ဖွဲ့ကူး

"ဤဝယ်ကမ်းစ၊ သဏ္ဌာယမှ၊ ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့" ဟိုကမ်းဆိုတာ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ရောက်မှ အေးမှာကိုး။ ဘာနဲ့ကူးရမလဲဆိုတော့ "ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍" အဲဒီမှာပြေးတဲ့ ပုဂ္ဂိုလ်က ရှိသမျှအမှိုက်တို့၊ မြက်တို့၊ နွယ်တို့နဲ့ ရသမျှကလေးစုပြီးတော့ လူတစ်ကိုယ်ခံရုံပေါ့လေ။ ဖောင်ကလေး လုပ်ပြီးတော့ အဲဒီမှာဝမ်းလျှားမှောက်ပြီးတော့ လက်နဲ့ခြေနဲ့ယက်ပြီးတော့ကူးရတယ်တဲ့။ အဲဒါလိုပဲ။ အခုမဂ္ဂင်ရှစ်ပါးနဲ့ ကူးရမှာကိုး။ "ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်" အတွင်ကူးယက်တဲ့၊ ဝီရိယနဲ့ကူးလိုက်တဲ့အခါမှာ ဟိုဘက်ကမ်းရောက်သွားတယ်တဲ့။

ဟိုဘက်ကမ်းရောက်တော့ နောက်က မြွေ ၄-ကောင်ရန်သူလဲ မလိုက်နိုင်ဘူး၊ ရန်သူကြီး ငါးယောက်လဲ မလိုက်နိုင်ဘူး၊ ကိုယ့်မိတ်ဆွေရန်သူလဲ မလိုက်နိုင်ဘူး၊ ဟိုဘက်ကမ်းက ပိုင်နက်မဟုတ်ဘဲဟာကိုး၊ ဟိုဘက်ထိအောင် မလိုက်နိုင်ဘူး၊ ဓားပြကြီးတွေလဲ မလိုက်နိုင်ဘူးတဲ့။ ဘေးရန်အန္တရာယ်တွေ အကုန်လုံးကင်းပြီး

http://www.dhammadownload.com

လွတ်မြောက်သွားတယ်တဲ့၊ အဲဒါ ဘယ်သူတုန်းဆိုတော့ ရဟန္တာဖြစ်သွားတာတဲ့၊ ရဟန္တာဖြစ်တော့ သံသရာနဲ့ပတ်သက်တဲ့ ဘေးရန်အန္တရာယ်တွေ ဘာမှမရှိတော့ဘူး၊ အကုန်လုံးလွတ်မြောက်ပြီးတော့ သွားတယ်၊ အဲဒါကို ဆိုတယ်၊ ကိုင်းဆိုရမယ်။

သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ (လ) ဘုရားမြတ်ပေတည်း။

နန္ဒီရာဂ

အဲဒီရောက်အောင် အားထုတ်ရမယ်တဲ့၊ ကနေ့နန္ဒီရာဂအကြောင်းနဲ့ စပ်ပြီးတော့ ပြောရမယ်၊ နန္ဒီရာဂဆိုတာ ခုနကပြောတဲ့အတိုင်း ကောင်းတဲ့အာရုံတွေတွေ့တိုင်းတွေ့တိုင်း နှစ်သက်သာယာနေတာတဲ့၊ သူရှိတဲ့အတွက်ကြောင့် ဘဝသံသရာထဲမှာ ဒုက္ခရောက်ရတယ်တဲ့။ ဘဝသံသရာထဲမှာ ဒီတွယ်တာမှုကလေးကြောင့် တွယ်တာတဲ့နေရာလေးမှာ ဒုက္ခရောက်ရတယ်။

သောဏကုဋိကဏ္ဏမထေရ်အကြောင်း

သောဏကုဋိကဏ္ဏမထေရ်ဆိုတာ မြတ်စွာဘုရားလက်ထက်က အင်မတန်ထင်ရှားတဲ့ ရဟန္တာမထေရ်ကြီးတစ်ပါးပါပဲ။ သောဏမထေရ်ပါပဲ။ သောဏမထေရ်က ၂-ပါးရှိတယ်။ သောဏမထေရ် ကောဋိဝိသဆိုတဲ့ သောဏမထေရ်ကတော့ အင်မတန်နူးညံ့သိမ်မွေ့တယ်၊ ငယ်ငယ်ကလဲ အင်မတန်ချမ်းသာတဲ့ နေရာကနေပြီးတော့ အင်မတန်နူးညံ့သိမ်မွေ့ပြီး အင်မတန်ချမ်းချမ်းသာသာနဲ့ ကြီးပွားလာရတယ်၊ ခြေဖဝါးများတောင်မှ ခြေဖမိုးများမှာ အမွေးပေါက်သလို အမွေးတွေပေါက်နေတယ်တဲ့၊ အဲဒီ သောဏမထေရ်ဆိုတာက တစ်ပါးရှိတယ်၊ ချမ်းသာတဲ့ပုဂ္ဂိုလ်ပါပဲ။

ဒီကုဋိကဏ္ဏဆိုတာကလဲ သူကလဲချမ်းသာတဲ့ သူဌေးသားတစ်ယောက်ပါပဲ။ ကုဋေတန်တဲ့ နားအဆင်းတန်ဆာရှိလို့ ကုဋိကဏ္ဏသောဏမထေရ်၊ ဒီသောဏမထေရ်ရဲ့ အတ္ထုပ္ပတ္တိထဲမှာတွေ့ခဲ့ရတဲ့ အကြောင်းအရာကလေးက တော်တော်စိတ်ဝင်စားစရာကောင်းတယ်။ သူမိဘတွေက သူဌေးမျိုးတွေဆိုတော့ ငယ်ငယ်ကတည်းက ကြီးပွားချမ်းသာပြီးတော့ အရွယ်ရောက်တဲ့အခါကာလမှာ ဘာမှ

http://www.dhammadownload.com

မလုပ်ရ မကိုင်ရပါဘူး။ မိဘဆိုတော့ သားသမီးကို အင်မတန်ချစ်ကြတာကိုး။ ရာသီဥတုသုံးပါးနဲ့ လိုက်လျောတဲ့တိုက်အိမ်ကြီးတွေ၊ အဆောက်အအုံကြီးတွေ၊ ၃-မျိုးဆောက်ပြီးတော့ မိုးရာသီမှာ သင့်တော်တဲ့အဆောက်အအုံမှာ မိုးတွင်းမှာနေ၊ ဆောင်းရာသီမှာ သင့်တော်တဲ့အဆောက်အအုံ ဆောင်းတွင်းမှာနေ၊ နွေရာသီမှာ သင့်တော်တဲ့ အဆောက်အအုံ နွေခါမှာနေ၊ အခြေအရံတွေနဲ့ အလုပ်အကျွေးတွေနဲ့၊ အတီးအမှုတ်တွေနဲ့ တစ်ခါတည်းပျော်ပွဲတွေဆင်ပြီးတော့ နေတာကိုး၊ ပျော်ပွဲတွေဆင်နေကြတယ်။

အဲဒီလိုနေရာက သူ့အဖေကတော့ စီးပွားရေးတွေ လုပ်ရတယ်ဆိုတာကိုး။ စီးပွားရေးတွေ၊ လယ်ထွန်ဖို့၊ စိုက်ပျိုးဖို့၊ စိုက်ပျိုးရေးတွေဘာတွေ အမြဲတမ်းစီမံခန့်ခွဲနေတော့ မေးကြည့်တယ်တဲ့။ အဖေစိုက်ပျိုးရေးတွေ တယ်လုပ်ရပါကလား။ ဘယ့်နှယ်ကြောင့်လုပ်ရသလဲ။ ဟာဒီလို လုပ်ရတယ် လူလောကဆိုတာ၊ မင်းလိုချည်းပဲ ဘာမှမလုပ်ဘဲနဲ့နေရင် ဘယ်တို့အိမ်မှာစားစရာရှိမှာတုန်း၊ စိုက်ပျိုးရေးဆိုတာ လုပ်ရတယ်။ ကိုယ်လုပ်မှ ကိုယ်ရတာ၊ ဘယ်သူက လာရအောင်လုပ်ပေးမလဲ။ စိုက်ပျိုးရေးဆိုတာ လုပ်ရတယ်၊ ဒီလိုဆိုရင်တော့ အဖေချည်းပဲလုပ်နေလို့မဖြစ်ဘူး၊ ကျွန်တော်လဲ လုပ်ဦးမှဖြစ်မှာပဲ၊ ငါ့သားမလုပ်ပါနဲ့၊ ဟာ ကျွန်တော်လဲ လုပ်ဦးမှဖြစ်မှာ၊ အဖေချည်းပဲလုပ်နေလို့ မဖြစ်ဘူး။

ရှေးတုန်းက ကုန်ကူးသန်းရောင်းဝယ်မှုတွေ လုပ်ကြတာကိုး။ တစ်ခါတည်း လှည်းကုန်သည်တွေနဲ့ လှည်းပေါင်းငါးရာနဲ့ ကူးသန်းရောင်းဝယ်ရေးတွေ သူကထွက်လုပ်တာကိုး။ ကူးသန်းရောင်းဝယ်ရေးထွက်တော့ ပင်လယ်ထိအောင် ခရီးတောင်မှသွားလိုက်သေးတယ်ဆိုတာကိုး။ ထားပါတော့၊ အဲဒါကတော့ သိပ်အရေးမကြီးပါဘူး။ ကူးသန်းရောင်းဝယ်ရေးက အဲဒီမှာ အဖိုးတန်တဲ့ပစ္စည်းတွေ ဒီကယူသွားတာ။ ဟိုမှာရောင်း၊ ဟိုကပစ္စည်းတွေ ယူလာ၊ သူတို့အရပ်က အဝန်ဖိုင်း၊ အိန္ဒိယထဲမှာ အဝန်ဖိုင်းဆိုတာရှိပါတယ်။ ဆန်ချီတို့ အနားကပေါ့လေ။ အဝန်ဖိုင်း ဝါသဝဆိုတဲ့ ရွာကလေးတစ်ခုရှိတယ်။ တော်တော်ကြီးတဲ့ ရွာနဲ့တူပါတယ်။ အဲဒီရွာက ဆိုတာပဲ။

http://www.dhammadownload.com

အဲဒီကနေပြီး ပြန်လာခဲ့အခါ တစ်နေ့သောအခါကာလကျတော့ သူကမော မောပန်းပန်းနဲ့ တစ်နေရာမှာအိပ်နေတယ်။ လှည်းကုန်သည်တွေနဲ့ ရောနှောပြီးတော့ အိပ်လို့ရှိရင် ဆူဆူညံညံရှိမယ်ဆိုပြီးတော့ သူက ဆိတ်ငြိမ်တဲ့နေရာလေးတစ်နေရာ သွားပြီးတော့ အိပ်နေတယ်။ အိပ်မောကျသွားတယ်။

အဲဒီနေ့မှာ လှည်းကုန်သည်တွေကလဲပဲ သူတို့အချိန်အခါကာလ အားလျော်စွာ ကုန်ပစ္စည်းတွေတင်ပြုပြီးသကာလ ခရီးတစ်ထောက်ထွက်တာကိုး။ ထွက်တော့ အမှတ်တမဲ့နဲ့ သူတို့ခေါင်းဆောင်ဖြစ်တဲ့ သောဏကလှည်းကုန်သည် ခေါင်းဆောင်ကြီးပါပဲ။ ဆရာကြီးမေ့နေတယ်၊ ခေါင်းဆောင်ကြီးမေ့နေတယ်၊ ငယ်သားတွေက သူ့အချိန်နဲ့သူ ထွက်သွားကြတယ်။ ထွက်သွားလို့ အင်မတန်ခရီးတွေ လွန်လာတော့မှ သူတို့ခေါင်းဆောင် လှည်းကုန်သည်ကြီးရှင်သောဏပါရဲ့လားလို့ ရှေ့ကပါမှာပါပဲ၊ နောက်က လူတွေက ရှေ့သွားမေးတော့လဲ နောက်ကပါမှာပါပဲလို့ ပြောတယ်။ အလယ်လဲ မရှိ၊ ရှေ့လဲ မရှိ၊ နောက်လဲ မရှိ၊ သူနဲ့ရင်းနှီးတဲ့ သူတပည့်တွေက ဟေ့. . . . နေကြဦး၊ ဒီလိုဆိုရင် မဖြစ်သေးဘူး၊ တို့ဆရာမပါဘူး၊ ဘယ့်နှယ် လုပ်မတုန်း၊ ပြန်ဦးမှ ဖြစ်မယ်၊ ပြန်လို့လဲ မဖြစ်ဘူး၊ လှည်းကုန်သည်တွေ များတာနဲ့၊ ဒီတော့ တို့အကုန်လုံး သေကုန်လိမ့်မယ်၊ မဖြစ်ဘူးဆိုတော့၊ ဒါနဲ့ မပြန်ကြဘူး၊ ဒီတိုင်း သွားကြတာ။

သွားကြတော့ သောဏက သူမြည်းရထားလေးနဲ့ဆိုတာကိုး။ သူ့အဖေက မြင်းတို့ဆိုတာ ကြမ်းတယ်ဆိုပြီး မြည်းရထားကလေးကို သူစီးဖို့ရာပေးထားတယ်။ အဲဒီ မြည်းရထားလေး တစ်ခုပဲကျန်တယ်။ အဲဒါလေးနဲ့ စီးပြီးတော့ တစ်ယောက်တည်း ဘယ်ကဘယ်သွားရမှန်းလဲ မသိဘူး။ လမ်းလဲ သိမှာမဟုတ်ဘူး။ အဲဒါနဲ့သူက နောက်ကလိုက်လာတယ်။ နောက်ကလိုက်ဆို လှည်းကြောင်းတွေ ရှိရင်တော့ လိုက်လို့ရမှာပေါ့၊ လှည်းကြောင်းမရှိရင်တော့ ခက်တာပဲ၊ အခုကာလလို လမ်းပန်းအဆက်အသွယ်တွေကလဲ အခုလိုမှမဟုတ်ဘဲ၊ ရှေးတုန်းကဆို တောလမ်းတွေက တော်သလိုသွားကြရတာ။ အခုခေတ်မှာတောကို လမ်းတွေက ကောင်းအောင် လုပ်ထားတာကိုး။ ဟိုတုန်းက လမ်းပန်းတွေကလည်း ဒီလို အဆက်အသွယ်

http://www.dhammadownload.com

ကောင်းတာမဟုတ်ဘူး။ သူခိုး, ဓားပြတွေက ပေါက ပေါပါဘိသနဲ့၊ ဟိုတုန်းက အုပ်ချုပ်ရေးကလဲ အတော်ညံ့သေးတာကိုး၊ သူခိုး ဓားပြတွေကလဲ လူစုသူစုတွေနဲ့ လှည်းကုန်သည်တွေကို ဖမ်းဆီးလိုက်တာပဲ၊ လှည်းကုန်သည်တွေထဲမှာလဲပဲ ဒီလို ဓားပြတွေ တိုက်လို့ရှိရင် ဓားပြတွေကိုခုခံဖို့ရာ လူမိုက်တွေ လူစွမ်းကောင်းတွေ အများကြီးပါရသေးတယ်၊ လေးသမားတွေပါရတယ်၊ ဒီလိုသွားရတယ်၊ သက်သက် သာသာ မဟုတ်ဘူး။ ဒါတောင်မှလဲပဲ ဟိုက လမ်းကအုပ်စုက နိုင်လို့ရှိရင် အကုန်လုံး တိုက်ခိုက်သတ်ဖြတ်ပြီး ယူကုန်တာပဲ။

အဲဒီတော့ သူက နောက်ကလိုက်ရတယ်ဆိုပေမယ့်လို့ သူမှာ လမ်းမှန်ချင်မှ မှန်မှာ၊ ဘယ်က ဘယ်ရောက်နေမှန်း မသိပါဘူး။ အဲဒါနဲ့ သူမြည်းရထားကလေးနဲ့ လိုက်ပြီးတော့ လာတော့ မြည်းတွေက အနံ့ခံပြီးတော့ သွားနေတယ်ဆိုတာကိုး။ ရှေ့ကသွားတဲ့လမ်း အနံ့ခံခံပြီးတော့ သွားနေတော့ သူကလဲပဲ ရထားတွေလဲ မောင်းဖူးတာဟုတ်ပုံမရပါဘူး။ သူအခုမှ စွန့်စားပြီးထွက်လာတာ၊ တစ်ခါတည်း အလုပ်က သူကလုပ်ဖူးတာ ဟုတ်ပုံမရဘူး။ အဲဒီတော့ မြည်းက တကတည်း အနံ့ခံခံပြီးတော့ လမ်းကို အနံ့ခံခံပြီးလိုက်နေတာ၊ အားမရတော့ နှေးလှပါလားဆိုပြီးတော့ ရိုက်နှက်လုပ်တော့ တစ်ခါမြည်းတွေ ဒုက္ခရောက်ကုန်တော့ သူစဉ်းစားတယ်တဲ့။ သူတို့လဲ မောလှပန်းလှပြီ၊ လမ်းမသိလို့ သူတို့အနံ့ခံပြီး ဖြည်းဖြည်း ဖြည်းဖြည်းသွားနေတာ ငါသွားရိုက်မိတယ်ဆိုပြီးတော့ သူက သူတော်ကောင်း စိတ်ပေါက်ပြီးတော့ ကရုဏာဖြစ်တယ်။ သူတော်ကောင်းတွေဟာ သနားတတ်တယ်။

ဒီတော့ သနားစိတ်ဖြစ်တယ်ကွာ၊ ငါလဲ ရိုက်မိတယ်၊ ငါလဲပဲ မင်းတို့ကို မည့်ဉီးဆဲတော့ပါဘူး၊ ကဲ . . မင်းတို့လဲ မင်းတို့အလိုရှိရာ သွားကြတော့ကွာ။ မင်းတို့စားချင်ရာစား၊ သွားချင်ရာသွားကြတော့။ ငါလဲ မင်းတို့ကို မခိုင်းတော့ပါဘူး၊ ငါလဲ ငါ့ခြေထောက်နဲ့ငါပဲ လမ်းလျှောက်တော့မယ်ဆိုပြီး မြည်းတွေ လွှတ်ပြီး သူက ခြေကျင်လျှောက်တာကိုး။

http://www.dhammadownload.com

ပြိတ္တာမြို့ရောက်

ခြေကျင်လျှောက်တော့ ရှေးဦးစွာဘယ်ရောက်သွားတုန်းဆိုတော့ ပြိတ္တာမြို့ကြီးတစ်မြို့ကို ရောက်သွားတယ်တဲ့။ ပြိတ္တာမြို့ဆိုတာရှိတယ်။ ရှေးက မြန်မာပြည်ကလဲပဲ ဒီလိုပဲ လူတွေပြောတယ်။ ကျတ် သရဲတို့ရွာကြီးတွေ ရှိနေတာပဲ။ ပြိတ္တာမြို့ကြီး တစ်မြို့ရောက်သွားတယ်။ ရေကလဲ မသောက်ရလို့ ရေကလဲ ငတ်တော့ မြို့ကြီးတစ်မြို့ရောက်သွားတော့ သူကရေပေးကြပါ၊ ရေးပေးကြပါလို့ သွားတောင်းတော့ ဟိုက ပြိတ္တာမြို့ကလဲ သူတို့ကအစောင့်ရှိတယ်၊ ဒီမှာရေမရှိဘူး၊ မြို့ထဲသွားပေတော့၊ မြို့ထဲရောက်တော့ သူကရေပေးကြပါ၊ ရေပေးကြပါလို့ တောင်းတယ်။ ဟိုက ပြိတ္တာမြို့က ပြိတ္တာတွေကပြောတယ်တဲ့။ အောင်မယ် သောဏ မင်းပြောလို့ တို့ရေကြားရတာ၊ အစကဆို ကြားတောင်မကြားဖူးဘူး၊ ရေသောက်ဖို့ရာ နေနေသာ သူတို့ကရေတောင်မကြားဖူးဘူး၊ မင်းပြောလို့ အခုမှကြားရတယ်ဆိုတော့ ခွကျတာပဲဆိုပြီး ခင်ဗျားတို့က ဘာတုန်း။ ကျုပ်တို့ကပြိတ္တာတွေ၊ ဟိုလူက ဒါ ပြိတ္တာမြို့လို့ ပြောလို့ရှိရင် အစကဒီထဲမဝင်ဘူး၊ ပြိတ္တာမြို့ထဲ ငါရောက်နေပြီဆိုတော့ ညည်း တာကိုး၊ ညည်းတော့ ဟိုကပြိတ္တာတွေက သောဏ အသင်္ကတော့ ကုသိုလ်ကောင်းမှုတွေ ရှိပါတယ်။ ပြိတ္တာမဖြစ်နိုင်ပါဘူးပေါ့လေ၊ သူတို့သာ ကောင်းမှုမရှိလို့ ဖြစ်နေတယ်၊ မင်းကတော့ ဘုန်းကံရှိတယ်၊ မင်းတော့ မဖြစ်ဘူးတဲ့၊ ကဲ . . ကဲ . . လာတဲ့လမ်းအတိုင်းပဲ ပြန်သွားပေတော့ဆို ပြန်သွားတယ်။

လမ်းပေါက်ရာရောက်တော့ ခုနကစောင့်တဲ့ လူတွေ့တော့ ပြောတယ်။ ခင်ဗျားဗျာ နေရာမကျလိုက်တာ၊ ပြိတ္တာမြို့လို့ပြောရင် ကျုပ်မသွားဘူး။ ရှင်သောဏတော့ ကုသိုလ်ကောင်းမှုတွေ ပြည့်စုံပါတယ်၊ ဘုန်းကံရှိပါတယ်၊ ဘာမှမဖြစ်နိုင် ပါဘူး၊ ခင်ဗျားလွတ်ရာသာ သွားပေတော့ဆိုတော့ နောက်တော့ သူတို့လဲပဲ နောက်ဆုံး ပစ္ဆိမဘဝိကဖြစ်တော့ သံဝေဂရအောင်လို့ သံသရာက ကျွတ်လွတ်ရမယ့် လူမို့တွေ့တာနဲ့တူပါတယ်၊ မျက်မှောက်တွင် ကိုယ်တွေ့တွေ့ရတာ၊ ကိုယ်တွေ့ မတွေ့ရင်လဲ သံဝေဂဖြစ်ချင်မှ ဖြစ်မှာ၊ ခုတော့ ကိုယ်တွေ့တွေ အခုတွေ့ရတယ်။

http://www.dhammadownload.com

နှေခံ ညစ်

နောက်တစ်ခါ ဒီမာန်ကြီးတစ်ခုနဲ့ တွေ့ပြန်တယ်။ နတ်သမီး ၄-ယောက်နဲ့ အင်မတန်လှပပြီး တင့်တင့်တယ်တယ် ဆင်ယင်ဝတ်စားပြီးတော့နေတဲ့ လူတစ်ယောက်နဲ့တွေ့တယ်။ ဒါတော့ နတ်လားမသိဘူး။ နဂါးလား၊ ဂဠုန်လား၊ ဘာလဲ မသိဘူးဆိုပြီးတော့ သူကသွားတော့ ဟိုကဆီးပြီးတော့ နှုတ်ဆက်တယ်တဲ့။ သောဏလာခဲ့ပေတော့ မင်းလာတာအခြိန်ကောင်းပဲ။ ကောင်းသောလာခြင်းပဲ။ လာပါလာပါလို့ခေါ်တယ်။ အဲဒီလိုပြောပြီးနှုတ်ဆက်တော့ နေရာကျပြီ။ ရေတော့သောက်ရတော့မှာ၊ စားရတော့မှာ။ ဟိုက ပြောသေးတယ်တဲ့၊ ဒီမှာရေငတ်တဲ့လူ မရှိရဘူး၊ ဆာတဲ့လူ မရှိရဘူး၊ ရေမငတ်ရဘူး၊ မဆာရဘူး၊ စားရေးသောက်ရေး ပြည့်စုံရမယ်လို့ ဟိုကပြောတော့ သူကအားတက်ပြီး အေးဗျာဆာလိုက်တာ ရေကိုမပြောပါနဲ့တော့၊ ရေကလေးသောက်ပါရစေ၊ စားစရာလေး စားပါရစေ၊ ကိစ္စမရှိဘူး၊ ရေတွေချိုးပြုပေးပြီး ရေတွေလဲသောက်၊ အစားတွေလည်း ကျွေးမွေးပြီးတော့ ဧည့်ခံတယ်တဲ့။

ဧည့်ခံပြီးတော့ ဒီနေ့ညတစ်ညလုံး သူကနတ်စည်းစိမ်တွေ ခံစားနေတာကိုး။ နတ်လို ဝေမာတိကပြိတ္တာပါပဲ၊ သူကလဲ ခံစားနေတဲ့အခါ မနက်လဲ နေထွက်ခိုန်လဲ ရောက်လာရောတဲ့။ ပြောတယ်တဲ့။ ဟေ့ သောဏ မင်းဒီမှာနေလို့မဖြစ်ဘူး။ ဘေးရန်အန္တရာယ်တွေ ရောက်တော့မယ်လို့ပြောတယ်။ ဒါနဲ့သူလဲ ဖယ်နေတယ်။ ဖယ်နေရင်း အဝေးကကြည့်နေတော့ ဘုံဒီမာန်ကြီးပျောက်သွားတယ်။ ခုနက နတ်သမီး ၄-ယောက်လဲ ပျောက်သွားတယ်၊ မရှိဘူး၊ ဘာတွေဖြစ်လာသလဲဆိုတော့ တော်တော်ကြာတော့ ခွေးကြီး ၄-ကောင်ရောက်လာတယ်တဲ့၊ ခွေးကြီး ၄-ကောင်က သူ့ကို အတင်းဝင်ပြီးတော့ သူ့ကို ကိုက်ကြ စားကြတာပဲတဲ့၊ ကိုက်ပြီးတော့ အသားတွေအတင်းဝါးပြီးတော့ စားကြတာပဲ၊ ခံနေရတယ်၊ တစ်နေ့လုံး နေလဲဝင်သွားရောတစ်ခါတည်းနေဝင်သွားတာနဲ့ ဒီခွေးကြီးတွေပျောက်သွားတယ်။ ဒီမာန်ကြီးလဲပြန်ပေါ်လာတယ်။ ဘုံဒီမာန်ကြီးပြန်ပေါ်လာပြီးတော့ နတ်သမီး လေးယောက်လဲရောက်လာတယ်။ သူလဲပဲ ခုနကပြိတ္တာကလဲပဲ နတ်ဝတ် နတ်စားတွေနဲ့

http://www.dhammadownload.com

တင့် တင့် တယ် တယ်ကြီး တစ်ခါတည်း သူလဲဝတ်စားလို့ စားကောင်း သောက်ဖွယ်တွေလဲ စားသောက်လို့ နတ်စည်းစိမ်တွေကို သုံးဆောင်ခံစားနေတယ် ဆိုတာကိုး။

နေ့ခံညစံဖြိတ္ထာရဲ့ အတိတ်ဇာတ်ကြောင်း

ခင်ဗျားတို့ နေစမ်းပါဦး ဘာတွေတုန်း၊ ဘာတွေဖြစ်နေကြတာလဲ၊ ကျုပ်တို့ ပြိတ္တာတွေပဲ၊ ဘာပြုလို့ဒီလိုဖြစ်ရတာလဲ၊ သူဖြစ်ခဲ့တာပြောတယ်၊ ကျုပ်က ရှေးက သိုးတွေ သတ်ပြီးတော့လာခဲ့တယ်၊ သိုးသတ်ယောက်ျားဖြစ်ခဲ့တယ်၊ သိုးသတ် ယောက်ျားဖြစ်လာတော့ ရှင်မဟာကစ္စည်းက သနားလို့ သူလာပြီး ဆုံးမတယ်တဲ့၊ မင်းမကောင်းမှု အကုသိုလ်တွေ သိပ်မပြုနဲ့၊ ရှောင်ကြဉ်ရမယ်လို့ပြောတယ်။ အသက်မွေးဝမ်းကျောင်းဆိုတော့ ကျုပ်ကလဲ မရှောင်နိုင်ဘူး၊ မရှောင်နိုင်တော့ ရှင်မဟာကစ္စည်းက ထပ်ထပ်ပြီးတော့ပြောတယ်၊ မရှောင်နိုင်တော့ နေဦးကွာ၊ မင်းဒါလောက်ရှိလှတယ်၊ မင်းသိုးသတ်တဲ့အလုပ်က ဘယ်အချိန်လုပ်ရသလဲ၊ နေ့လုပ်ရတယ်။ ဒါဖြင့်ကွာ နေ့လုပ်ရလို့ရှိရင် ညတော့သီလလေး ဆောက်တည်စမ်း ပါဦး၊ သူတတ်နိုင်တဲ့ဘက်ကနေ ကူညီရတာကိုး၊ ခုနက ကရုဏာဆိုတာ သနား တာ၊ ဒီပုဂ္ဂိုလ်ဒုက္ခရောက်ရှာတော့မယ်ဆိုတာ မြင်ပြီးတော့ သနားတယ်။ အဲဒါနဲ့ ညတော့သီလလေးဆောက်တည်ဦးမှပဲလို့ဆိုပြီး ညကျတော့ ငါးပါးသီလဆောက် တည်ပေါ့လေ။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-စသည်ဖြင့် ပေါ့လေ၊ နေ့တော့ သူကဟက်နေတာ၊ ဒါလဲပဲ သူဟာအကျိုးရှိတန်သလောက်တော့ ရှိတယ်၊ လုံးလုံးမဆောက်တည်တာနဲ့စာရင် သူကတော်သေးတာပဲ၊ အမှန်ကတော့ စင်စစ် စင်းလုံးချောဆောက်တည် ကျင့်သုံးနိုင်မှ ပိုကောင်းပါတယ်။ ဒါပေမယ့် သူအတွက်တော့ နည်းနည်းတော်သေးတာပေါ့။ သူကအစက လုံးလုံးမဆောက် တည်ဘဲနေတာ၊ နေ့ရောညရော၊ ခုနကပြောသလို ခွေးတွေက အစားခံ အကိုက်ခံ နေရမှာ၊ အခုတော့ ညည သူက သီလဆောက်တည်ပြီး နေ့ကျတော့ သူက သီလ ပျက်တော့ ညဆိုလို့ရှိရင်တော့ စည်းစိမ်တွေခံစားပြီးတော့ နေရတယ်၊ နေ့ဆိုလို့ ရှိရင်ဖြင့် သူမှာခွေးစားခံနေရတယ်၊ ဒုက္ခရောက်နေရတယ်။

http://www.dhammadownload.com

အဲဒါတွေပြောပြီးတော့ အဲဒီပြိတ္တာက မှာလိုက်သေးတယ်ဆိုတာကိုး။ မင်းလဲ ဝါသဝန္ဓာကပဲ၊ ငါလဲ ဝါသဝန္ဓာကပဲ၊ အဲဒီမှာရောက်တဲ့အခါကျရင် ဟိုမှာ ငှါသားရှိတယ်၊ သူလဲငှါလိုပဲ မကောင်းမှုတွေလုပ်နေတယ်၊ အဲဒါတွေ ပြောလိုက်စမ်း ပါကွာ၊ မင်းအဖေဟာ မကောင်းမှုတွေလုပ်လို့ မကောင်းကျိုးတွေ ပေးနေတယ်လို့ ငှါသားကို ပြောလိုက်စမ်းပါဦးလို့ သူကမှာလိုက်တာကိုး၊ သတင်းနဲ့ မှာတယ်။

မှာတော့ သောဏလုလင်ကပြောတယ်၊ ခုနက ခင်ဗျားပဲပြောတယ်၊ ဇမ္ဗူဒီပ်က လူတွေဟာ မယုံတတ်ဘူး၊ သူများပြောရင် မယုံတတ်ဘူးပြောတာ၊ ကျုပ်ပြောရင်လဲ ဘယ်ယုံလိမ့်မှာတုန်း၊ ယုံမှာမဟုတ်ဘူး၊ ယုံအောင်လို့ ငါသက်သေသာဓက ပေးလိုက်ပါ့မယ် မင်းကို၊ ငါသိုးတွေသတ်တဲ့နေရာမှာ စဉ်းတုံးရှိတယ်၊ စဉ်းတုံး အောက်မှာ ရွှေအိုးမြှုပ်ထားတာ ရှိတယ်၊ အဲဒါ ပြောပေါ့ကွ၊ အဲဒါ ပြောလိုက်လို့ရှိရင် အဲဒီရွှေတွေဖော်ယူပြီးတော့ သူလဲပဲ သုံးဆောင်စားသောက်ပါစေ၊ ကုသိုလ်ကောင်းမှုလဲ ပြုပါစေ၊ ကုသိုလ်ကောင်းမှုပြုပြီး တို့လဲအမျှဝေပြီးပေး၊ အမျှဝေလို့ရှိရင် ဒီအကုသိုလ်ကံတွေ ပျောက်ချင်လဲပျောက်သွားမယ်၊ မပျောက်တောင်မှဘဲ သက်သာရာရမယ် ပြောပါ၊ ဒီလိုဆိုရင် ယုံမှာပါပဲလို့ သက်သေခံပေးတယ်။

ကင်းခြေများကြီး စားခံရတဲ့ပြိတ္တာ

အဲဒီကနေပြီးတော့ ထွက်လာပြန်တော့ နောက်လည်း ဒီပြင်ပြိတ္တာတွေလဲ ဒီလိုပဲ။ ဗိမာန်နဲ့လူတစ်ယောက် နတ်သမီးတစ်ယောက်တွေ့တယ်။ အဲဒီမှာလဲပဲ ကောင်းကောင်းမွန်မွန်ကျွေးမွေးလို့ ဒီလူကတော့ကို ရှေးဘဝက သူကလူဖြစ်စဉ် တုန်းက ဗြဟ္မဏပုဏ္ဏားမျိုးဖြစ်ပြီး ရုပ်ရေရှုပက သာယာလှပတော့ သူက ကာမေသုမိစ္ဆာစာရကံတွေ ကျူးလွန်ထားတယ်ဆိုတာကိုး။ ရုပ်ရေရှုပကာယလှတဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုပဲ။ အမျိုးသမီးတွေ ဖျက်ဆီးတတ်တယ်။ သူတို့ဟာ အဲဒါနဲ့သူများမယားတွေလိုက်ပြီး ပြစ်မှား၊ မကောင်းမှုမပြုနဲ့ဆိုတာ မနေနိုင်လို့သူက ဒီလိုပဲ။ ညညကို သူတစ်ပါးအိမ်ရာတွေကို ပြစ်မှားနေတော့ သီလဆောက်တည်ဖို့ပြောတော့ နောက်တော့ ဆောက်တည်တယ်။

http://www.dhammadownload.com

ဒီတော့ နေ့အခါကာလမှာ နတ်စည်းစိမ်တွေရတယ်။ ညကျတော့ သူမှာ ဘုံဗိမာန်တွေရော နတ်စည်းစိမ်တွေရော အကုန်လုံးကွယ်ပျောက်ပြီး ဘာဖြစ်လာတုန်းဆိုတော့ ကင်းခြေများကြီး၊ အကြီးကြီးဆိုတာကိုး၊ ကြောက်စရာတော်တော်ကောင်းတယ်။ ဘုန်းကြီးတောင် စာဖတ်ရင်းတော်တော်ကြောက်တယ်။ ကင်းခြေများကြီးက နေဝင်လို့ရှိရင်လဲ သူနတ်ဘုံဗိမာန်တွေက အကုန်လုံးပျောက်သွားတာပဲ။ ခုနက သူ့ကိုပြုစုပြီးတော့နေတဲ့ နတ်သမီးတွေလည်း မရှိတော့ဘူး။ နတ်ဝတ်နတ်စားတွေလဲ မရှိတော့ဘူး။ သာမာန်လူတစ်ယောက်ဖြစ်ပြီးတော့ ကင်းခြေများကြီးက အင်မတန်ကြောက်စရာကောင်းတယ်။ အကြီးကြီးဆိုတာကိုး။ အဲဒီ ကင်းခြေများကလာပြီးတော့ သူ့ကိုတစ်ကိုယ်လုံး ပတ်တော့တာပဲတဲ့။ နှေးက အတွေ့အထိဖောင္ဒ္ဒ အာရုံတွေ သာယာတာကိုး၊ သဘာဝတော့ကျတယ်၊ ဟုတ်တယ်၊ ကင်းခြေများကြီးက တစ်ကိုယ်လုံးပတ်ပြီးတော့ ကိုက်ခဲစားတာပဲတဲ့၊ သူ့ကို တယ်ကြောက်စရာကောင်းတယ်၊ သူဟာ အဲဒီလိုတစ်ညလုံး သူဒုက္ခရောက်နေတယ်၊ မနက်မိုးလင်းလာပြီ၊ နေထွက်လာပြီဆိုတဲ့အခါကျတော့ ကင်းခြေများကြီးလဲ ပျောက်သွားရော၊ နတ်ဘုံဗိမာန်လဲ ပြန်ပေါ်တယ်၊ နတ်သမီးရော ပြန်ပေါ်တယ်၊ အဲဒီမှာ နတ်စည်းစိမ်တွေ သုံးဆောင်ခံစားရတယ်တဲ့။

အဲဒီပုဂ္ဂိုလ်ကလဲ မှာလိုက်သေးတယ်တဲ့၊ သူသားရှိပါတယ်၊ သူလဲ မကောင်းမှုတွေ ပြုနေတယ်၊ အဲဒါလဲပဲ ရှောင်ကြဉ်ပါဆိုပြီးတော့ မှာလိုက်တယ်၊ အဲဒါလဲ သူသက်သေခံနဲ့ပါပဲ၊ သူသိမ်းဆည်းထားခဲ့တဲ့ ရွှေဇိုးနဲ့ သူကလဲမှာလိုက်တယ်။

နတ်သမီးနှင့် ပြိတ္တာ ၄-ယောက်

နောက်တစ်ခါထပ်ပြီးသွားတော့ အမျိုးသမီးတစ်ယောက်တဲ့၊ အင်မတန်တင့်တင့်တယ်တယ် ဝတ်စားဆင်ရင်လို့၊ ဘုံဗိမာန်နဲ့ပလ္လင်ပေါ်မှာ ပလ္လင်ဆိုတာကလဲ မြန်မာတွေနားလည်တာကတော့ ပလ္လင်ကြီး၊ ဘုရားထိုင်တဲ့ပလ္လင်လို ဒီလို မဟုတ်ဘူး၊ လေးတောင့်အိပ်ရာတစ်မျိုးပါပဲ။ လေးထောင့်ဖြစ်လို့ သူပလ္လင်လို့ခေါ်တယ်။ အဲဒီမှာ ခြေထောက် ၄-ချောင်းပါတယ်။ ခြေထောက်က ၄-ချောင်းရှိတယ်၊ အဲဒီခြေထောက် ၄-ချောင်းမှာ ပြိတ္တာ ၄-ကောင်ရှိတယ်တဲ့၊ ကြိုးနဲ့ချည်ထားတယ်၊

http://www.dhammadownload.com

ဒီပြိတ္တာတွေ ဘယ်မှမပြေးနိုင်ဘူး၊ ခြေထောက်တစ်ချောင်း ပြိတ္တာတစ်ကောင်၊ ခြေထောက်တစ်ချောင်း ပြိတ္တာတစ်ကောင်၊ အပေါ်ကတော့ သူကနတ်သမီးအနေမျိုး၊ သူကတော့ နတ်သမီးလဲ နတ်သမီးပါပဲ၊ သူကတော့ အကုသိုလ်မရှိပါဘူး၊ အဲဒါတွေ့တော့ ဒါဆိုလို့ရှိရင်တော့ နတ်သမီးဖြစ်မှာပဲ၊ ဒါမှမဟုတ်ရင်လဲ နဂါးမဖြစ်မလား၊ ဂဠုန်မဖြစ်မလား၊ တန်ခိုးရှိတဲ့ ချမ်းသာတဲ့ပုဂ္ဂိုလ်ပဲဆိုပြီး အဲဒီကိုသွားတော့၊ ဟိုက ခုနကပြောတဲ့အတိုင်း နှုတ်ဆက်ပါတယ်၊ လာခဲ့ပါ၊ လာခဲ့ပါ၊ မင်းလာတာကောင်းသောလာခြင်းပဲ၊ ဒီမှာရေမငတ်ရဘူး၊ အစာမဆာရဘူး၊ ချမ်းချမ်းသာသာနေရမယ်ပေါ့လေ။

အဲဒီလိုခေါ်တော့ သူကပြောတယ်၊ အမကြီး ကျွန်တော်ဖြင့်ရင် အင်မတန်ရေငတ်နေပါတယ်၊ ဆာလဲ အင်မတန်ဆာနေပါတယ်၊ လာလာ မဆာရဘူး၊ မဆာရဘူးဆိုပြီး ဘုံဗိမာန်ပေါ်တင်ပြီး ရေမိုးချိုးပေး၊ အစာတွေလဲကျွေး၊ ကျွေးပြီးတဲ့အခါကာလကျတော့ သူက အဲဒီအောက်က ပြိတ္တာ ၄-ကောင်ရဲ့အကြောင်းကို သိစေချင်လို့၊ သူက လက်တွေ့သိစေချင်တာနဲ့ အဲဒီနတ်သမီးက သူကပြိတ္တာမဟုတ်လို့ ဒုက္ခမခံရပါဘူး၊ သူကတော့ မကောင်းမှုမရှိဘူး၊ ကောင်းမှုပဲရှိတယ်။ သူက မှာထားခဲ့တယ်၊ သောဏ ဟောဒီအကောင်တွေ တောင်းလို့ရှိရင် ဘာမှမကျွေးလေနဲ့၊ မပေးလေနဲ့ဆိုပြီးတော့ သူက အခန်းထဲဝင်သွားတယ်။

အခန်းထဲဝင်သွားတော့ ဟိုကပြိတ္တာတွေက တောင်းကြတယ်၊ သောဏမင်းကတော့ အင်မတန်ဘုန်းကံကောင်းတယ်၊ ခင်ဗျားက အင်မတန်ဘုန်းကံရှိတယ်၊ ခင်ဗျားက သနားလဲသနားတတ်ပါတယ်၊ ကျုပ်တို့ကို ကျွေးစမ်းပါဦးဗျာ၊ ကျုပ်တို့ဆာလိုက်တာ၊ မစားရဘူးဆိုတော့၊ အဲဒီမှာသူက ပထမဆုံးလူတယောက်ကို စားစရာပစ်ပြီးတော့ ပေးလိုက်တာနဲ့ ဘာဖြစ်တုန်းဆိုတော့ ဖွဲတွေရွက်မှော်တွေပေါ့လေ၊ ဖွဲတွေရွက်မှော်တွေ ဖြစ်သွားတယ်တဲ့၊ ဖွဲတွေအဖျင်းတွေ ဖြစ်သွားတယ်၊ ဒီကအကောင်းပေးတာ၊ မုန့်တွေပေးတာကိုး၊ ဖွဲတွေအဖျင်းတွေဖြစ်ပြီးတော့ စားရတယ်၊ နောက်တစ်ယောက် တစ်ခါပေးလိုက်တဲ့ အခါကာလကျတော့လဲ သံတုံးသံခဲကြီးဖြစ်သွားတယ်တဲ့၊ အဲဒီ သံတုံးသံခဲကြီးကိုပဲ ဝါးပြီးစားတော့စားရတယ်။

http://www.dhammadownload.com

နောက်တစ်ယောက်ပေးလိုက်တဲ့ အခါကာလကျတော့ ဘာဖြစ်သွားသလဲဆိုတော့ အသားတွေကို ခြစ်ချွတ်ပြီးတော့ စားရတယ်တဲ့၊ နောက်တစ်ယောက်ကို ပေးလိုက်တဲ့ အခါကျတော့ ဘာဖြစ်သွားသလဲဆိုတော့ ပြည်တွေ သွေးတွေဖြစ်ပြီးတော့ အဲဒါတွေကို စားရတယ်တဲ့၊ တိုင် ၄-ချောင်းမှာ ချည်ထားတဲ့ပြိတ္တာ ၄-ယောက် အကြောင်း အဲဒါတွေမြင်ရတယ်။

ခုနက အခန်းထဲကနတ်သမီးက ပြန်ထွက်လာတယ်။ ပြန်ထွက်လာတဲ့အခါ သောဏကို သူကပြောတယ်၊ သောဏ ငါပြောသားပဲ၊ မင်းဒီကောင်တွေ မကျွေးနဲ့၊ သူတို့ဒုက္ခရောက်ကုန်မယ်၊ မကျွေးနဲ့လို့ပြောတာ မင်းကျွေးတာကိုး၊ ဟုတ်တယ်ဗျာ သနားတာကိုး၊ သနားတော့ မကျွေးဘဲမနေနိုင်ဘူးဗျ၊ သနားတော့ ကျွေးမိတာပဲ၊ မင်းကသနားတာ ဟုတ်သားပေါ့၊ ငါက မင်းထက်ပိုပြီးတော့ သနားမိတာပဲ၊ ငါက မင်းထက်ပိုပြီးတော့ သနားဦးမှာ၊ မင်းက ငါ့ထက်သနားရဦးမလားလို့ သူကဒီလို ပြောတော့ သူကမေးတယ်။

နတ်သမီးနှင့် ပြိတ္တာ ၄-ယောက်တို့၏ အတိတ်ဇာတ်ကြောင်း

ခင်ဗျားက ဒီဟာတွေနဲ့ ဘယ်လိုလုပ် ဆွေမျိုးတော်စပ်လို့တုန်း၊ ဘယ်လို စပ်တုန်းဆိုတော့ ပြောတာကိုး၊ ဒီဟာတစ်ယောက်က သူ့ရှေးဘဝတုန်းက ခင်ပွန်း သည်ယောက်ျားပဲတဲ့၊ တစ်ယောက်က သားပဲတဲ့၊ တစ်ယောက်က ချွေးမ၊ တစ်ယောက်က သူ့အိမ်မှာ ခိုင်းစေနေတဲ့ ကျွန်မ၊ ဒီဥစ္စာတွေ ဆွေမကင်း မျိုးမကင်း တွေပဲတဲ့။

အဲဒါတွေ ဘာ့ကြောင့် ဒီလိုဖြစ်ရတာတုန်းဆိုတဲ့အခါကျတော့ နက္ခတ်ပွဲ သဘင် ရှေးကတော့ကို နက္ခတ်ပွဲသဘင်တွေဆိုတာရှိတယ်။ ကောင်းကင်နက္ခတ် တွေ, နတ်တွေကိုရည်ရွယ်ပြီးတော့ လုပ်တဲ့ပွဲတွေပဲဖြစ်ပါလိမ့်မယ်။ အိန္ဒိယ၊ အဲဒီ ပူဇော်ပွဲလုပ်တဲ့အခါကာလကျတော့ စားကောင်းသောက်ဖွယ်မုန့်တွေဆိုတာ လုပ်ကြတာပေါ့လေ၊ သူ့အရပ်အလိုက် မြန်မာပြည်လည်း မြန်မာပြည်အလိုက် မုန့်ဆီကြော်ဆိုတာ လုပ်ကြတာပဲ၊ ရှေးက ဒီလိုလုပ်ရတယ်။ အခုတော့ ကိုယ်တိုင် မလုပ်ကြဘဲနဲ့ ဆိုင်ကဝယ်ကြတယ်။ ရှေးတုန်းကတော့ ဒီလိုလုပ်ရတာ၊ အထက်

http://www.dhammadownload.com

အရပ် တောရွာတွေဆိုရင် အခုထက်ထိလုပ်တုန်းပါပဲ၊ မုန့်ဖက်ထုပ်တို့ ဒါတွေ လုပ်ရတယ်၊ အဲဒါ အခါကြီး ရက်ကြီးကျရင် မုန့်တွေလုပ်ပြီးတော့ ဟိုအရပ် ဒီအရပ်တွေ ပေးရကမ်းရတယ်၊ ကျွေးရတယ်၊ ကိုယ့်မိတ်ဆွေတွေကျွေးရ၊ မိတ်ဆွေတွေဆီ သွားပြီးတော့ မုန့်တွေစားကြတယ်၊ သူတို့ဟာလဲ အပျော်သား၊ ကောင်းနိုးနိုး ဒီလိုပဲ လုပ်ကြတာ၊ မြို့ကတော့ အဲဒီလို ထုံးစံတယ်မရှိဘူး၊ တောမှာတော့ တစ်ရွာနဲ့ တစ်ရွာ ဟိုအရပ်နဲ့ ဒီအရပ်ပွဲလမ်းသဘင်တွေ ရှိတယ်၊ ဘုရားပွဲတို့ ကျောင်းပွဲတို့ ပေါ့လေ၊ ဒီလိုပွဲတွေပါပဲ၊ အဲဒီလို ပွဲတွေမှာ လက်ဆောင်ပေး စားကြသောက်ကြ ဒီလိုလုပ်ကြတယ်။

အဲဒီလိုလုပ်တဲ့အခါ စားကောင်းသောက်ဖွယ်တွေ သူက ပြင်ဆင်ထားပြီးတော့ အသင့်ရှိနေတဲ့အခါမှာ ရှင်မဟာကစ္စည်းမထေရ်က သူ့အိမ်ဆွမ်းခံကြွလာတယ်တဲ့။ ဆွမ်းခံကြွလာတော့ ရှင်မဟာကစ္စည်းရဲ့ ကာယဖြေငြိမ်သက်ပုံ၊ သန့်ရှင်းပုံ စသည်တွေကို မြင်ရတယ်တဲ့။ စိတ်အားဖြင့်လဲပဲ မှန်းဆပြီးတော့ စိတ်လဲ ကြည်ကြည်လင်လင် ရှိတယ်။ စိတ်တွေ အင်မတန်သန့်ရှင်းစင်ကြယ်တယ်ဆိုတာ သူသိရတယ်တဲ့။ ဒီလို ကြည်ညိုပြီးတော့ သူက ရှင်မဟာကစ္စည်းမထေရ်ကို စားဖွယ်သောက်ဖွယ်တွေကို လှူဖူးတယ်တဲ့။ သူက အစတုန်းက ဗုဒ္ဓဘာသာမဟုတ်ပါဘူး၊ ဟိုတုန်းကလဲ ဗုဒ္ဓသာသနာက စပြီးထွန်းကားစ ရှိသေးတယ်။ ရှင်မဟာကစ္စည်းတောင်မှ အဲဒီမှာ သင့်တော်သလိုကြည့်ပြီးတော့ နေရတာနဲ့တူပါတယ်။ အခုအခါ တောင်တန်းသာသနာပြုသွားတာနဲ့ ခပ်တူတူပါပဲနဲ့ တူပါတယ်။ ဟိုမှာ ရဟန်းသံဃာတွေလဲ သိပ်မရှိဘူး။

အဲဒီတော့ ဒီအမျိုးသမီးက ဗြာဟ္မဏအမျိုးပဲတဲ့။ ပုဏ္ဏားမခေါ်တာပေါ့လေ။ မြန်မာကပုဏ္ဏားမလို့ခေါ်တယ်။ ဗြာဟ္မဏကိုပုဏ္ဏားဆိုပြီး မြန်မာကပြန်တယ်။ ဘာဖြစ်လို့ ပုဏ္ဏားလို့ပြန်သလဲဆိုတော့ တဖြည်းဖြည်းပြောင်းလာတာတဲ့။ ဗြာဟ္မဏကနေ ပြီးတော့ ဗဟ္မဏဆိုပြီးတော့ ဗဟ္မဏဆိုတာ အာသောက ကျောက်စာတွေမှာလဲ ရှိတယ်။ ဗဟ္မဏကနေပြီး တဖြည်းဖြည်း မြန်မာပြည် ရောက်လာတော့ မွန်တွေကလဲ ဗဟ္မဏကနေပြီး ပုဏ္ဏားဖြစ်လာတယ်ဆိုတာကိုး၊ ဟုတ်လောက်စရာရှိတယ်။

http://www.dhammadownload.com

ဒီလိုပြောင်းလာတာ ပုဏ္ဏားက ပြည့်စုံတဲ့အနက်တော့မဟုတ်ဘူး၊ သူဟာ အသံပြောင်းလာတာ။ ဗြာဟ္မဏကနေပြီး ပုဏ္ဏားဖြစ်လာတာ။ ဗြဟ္မဏကပုဏ္ဏား၊ ပုဏ္ဏားအမျိုးသမီးဆိုတော့ "ဗြာဟ္မဏီ" ပါဠိလို ဒီလိုခေါ်တယ်။ မြန်မာလိုကျတော့ ပုဏ္ဏားမလို့ခေါ်တယ်။ ပုဏ္ဏေးမ၊ သူက နွေးကပုဏ္ဏေးမဖြစ်ခဲ့တယ်တဲ့။ သူ့ယောကျ်ားက ဗြာဟ္မဏပုဏ္ဏားမျိုးတွေ ဗြာဟ္မဏမျိုးတွေ ဗြာဟ္မဏမျိုးတွေဆိုတာကတော့ ဗုဒ္ဓတရားဘာသာနဲ့ သူတို့ကတော်တော်ဆန့်ကျင်တာပဲ။ ဘာပြုလို့တုန်းဆိုတော့ ဗြာဟ္မဏတွေက သူတို့လောကမှာ လူထူးလူမြတ်တွေလုပ်နေတာ။ အစတုန်းက သူတို့က ဆရာတွေပဲ။ သူတို့က အပူဇော်ခံဆရာတွေ၊ သူတို့က ဗြာဟ္မာကြီးရဲ့သားတွေဆိုပြီးမှ သူတို့က ပူဇော်ခံဆရာတွေ၊ သူတို့မှသာလျှင် ဗြာဟ္မာကြီးရဲ့သားဖြစ်ပြီးတော့ ဗြာဟ္မာကြီးရဲ့ အမွေအနှစ်ခံထိုက်တယ်။ တရားကျင့်သုံးလို့ရှိရင် သူတို့ပဲ ဗြာဟ္မလောကကို ရောက်နိုင်တယ်။ ဒီပြင် ပုဂ္ဂိုလ်တွေမရောက်နိုင်ဘူးဆိုပြီးတော့ ဒီလိုသူတို့က တီထွင်ထားတာ။ ဒါလူတွေကို ဝါဒဖြန့်ထားတာပေါ့လေ။ မဟုတ်ပေမယ်လို့ လူတွေက အဟုတ်ယုံနေကြတယ်။ သူတို့က ပညာရှိတွေကိုး။

အဲဒီတော့ ဗုဒ္ဓမြတ်စွာဘုရားပေါ်လာတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားက ဗြာဟ္မဏဝါဒတွေကို အမြဲတမ်းမဟုတ်မမှန်တာတွေကို ထုတ်ဖော်ပြီးဟောနေတာ။ သူတို့ဟောတဲ့အတိုင်းမဟုတ်ဘူး။ ဒီဟာတွေမဟုတ်ဘူး။ ဒီဟာတွေမဟုတ်ဘူး စသည်ဖြင့်ဟောနေတော့ သူတို့နဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်။ သူတို့ဝါဒနဲ့ မတူဘူး။ မတူတော့ သူတို့က ဗုဒ္ဓဘာသာနဲ့ တော်တော်ကိုမတည့်ဘူး။ ဒါပေမယ့်လို့ အဲဒီအမျိုးသမီးကတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့အမျိုးသမီးဖြစ်တော့ ရှင်မဟာကစ္စည်းလာတော့ ကြည်ညိုပြီးသကာလ ဆွမ်းကပ်တယ်။ ဆွမ်းစားပြီးတော့ သူမှာတော့ ကုသိုလ်တွေဖြစ်လို့ ပီတိပါမောဇ္ဇတွေနဲ့ ဒီလို ကြည်ညိုဖွယ်ရာကောင်းတဲ့ ကိုယ်အမူအရာနဲ့ပြည့်စုံတဲ့ နှုတ်အမူအရာနဲ့ပြည့်စုံတဲ့ စိတ်အမူအရာနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို လှူဒါန်းရပါပေတယ်ဆိုပြီး သူစိတ်ထဲမှာ ကြည်ညိုပြီးတော့နေတယ်။

http://www.dhammadownload.com

သံဃာ့ဂုဏ်အာရုံပြု

တစ်နေ့က ဟောခဲ့တဲ့အတိုင်း (သုပ္ပဋိပန္နော၊ လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းသောအကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။) သံဃာတော်ကို အာရုံပြုတဲ့အခါ ဒီလိုအာရုံပြုရတယ်။ သံဃာအာရုံပြုတယ်ဆိုတာ ငါနဲ့ရင်းနှီးလို့ ဒီဘုန်းကြီးငါ့ကိုကျွေးဖူးတယ်၊ မွေးဖူးတယ်၊ ဝေယျာဝစ္စ ဆောင်ရွက်ဖူးတယ်။ ငါ့အကျိုးဆောင်ဖူးတယ်ဆိုပြီး ဒီလိုကြည်ညိုရတာမဟုတ်ဘူး။ သီလ, သမာဓိ, ပညာဂုဏ်တွေကို အာရုံပြုပြီး ကြည်ညိုရတယ်။ လောဘကင်းအောင်၊ ဒေါသကင်းအောင်၊ မောဟကင်းအောင်၊ သီလအကျင့် သမာဓိအကျင့်၊ ပညာအကျင့်တွေနဲ့ ကြည်ညိုရတာ။ အဲဒီအမျိုးသမီးက ရှင်မဟာကစ္စည်းမထေရ်ကို ကြည်ညိုတာ ဒီနည်းနဲ့ ကြည်ညိုတာ။ ဘာမှရှေ့က သိဖူးတာမဟုတ်ဘူး။ သူ့အကျိုးလဲ ဘာမှ မဆောင်ရွက်ဘူး။ နောက်လဲ ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ချက်မရှိဘူး။ သူက (သုပ္ပဋိပန္နော-လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းမွန်စွာ ကျင့်ကြံတော်မူတတ်ပါပေ၏။) လောဘကင်းအောင်, ဒေါသကင်းအောင်, မောဟကင်းအောင်, သီလအကျင့်တွေကို ကျင့်တယ်။ သမာဓိပညာအကျင့်တွေကို ကျင့်တယ်။ အခု ဒီမှာတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ပိုပြီးသိတာပေါ့လေ။ တရားအားထုတ်တယ်ဆိုတာ လောဘ, ဒေါသ, မောဟတွေကင်းအောင်လို့ ကျင့်နေတာ။ ကိုယ်လဲကျင့်လို့ ကင်းတန်သလောက်ကင်းနေတာပဲ။ အင်မတန်ထင်ရှားနေတယ်။ ကိုင်း. . ဆိုရမယ်။ သံဃာဂုဏ်အားပြုပုံကလေး။

သုပ္ပဋိပန္နော၊ လောဘ, ဒေါသ, မောဟကင်းကြောင်း ကောင်းမွန်စွာ
ကျင့်ကြံတတ်သော သံဃာတော်မြတ်ပါပေတကား။

အဲဒီဂုဏ်နဲ့ အာရုံပြုရတယ်တဲ့။ မထေရ်ကြီးပဲဖြစ်ဖြစ်၊ ရဟန်းငယ်ပဲဖြစ်ဖြစ်၊ ကိုရင်ကလေးပဲဖြစ်ဖြစ်၊ လောဘ, ဒေါသ, မောဟ, ကင်းအောင်ကျင့်တဲ့ သံဃာတော်ပဲလို့ သံဃာတော်ကိုအာရုံပြုပြီးတော့ အရိုအသေပေးရတယ်။ ရှိခိုးရတယ်။ ဆည်းကပ်ရတယ်။

http://www.dhammadownload.com

ဘုရားအစစ်ကိုရှိခိုးတာ

ဘာလို့တုန်းဆိုလို့ရှိရင် အခု မြတ်စွာဘုရားရဲ့ ဆင်းတုတော်, ရုပ်ပွားတော်တွေ, စေတီတော်တွေ, တွေ့တဲ့အခါ ရှိခိုးရတယ်။ အရိုအသေပြုရတယ်။ အမှန်စင်စစ်တော့ ဒါက ဘုရားအစစ်တော့မဟုတ်ဘူး။ နှစ်ပေါင်း ၂၅၀၀-ကျော် ကာလက ထင်ရှားရှိခဲ့တဲ့ ပရိနိဗ္ဗာန်စံဝင်သွားပြီးဖြစ်တဲ့ ကိုယ်တော်, ဆင်းတုတော်တွေလုပ်ထားတယ်။ စေတီတော်တွေတည်ထားတယ်။ အဲဒီဆင်းတုတော်, စေတီတော်တွေကို အာရုံပြုပြီးတော့ ဆင်းတုတော်, စေတီတော်တွေဟာ နွေးတုန်းက သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ကိုယ်တော်စားတွေပဲ။ အထိမ်းအမှတ်တွေပဲ။ ဒီလိုသိပြီးတော့ နွေးကသက်တော်ထင်ရှားတဲ့ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ရှိခိုးရတယ်။ ပူဇော်ရပါတယ်။ ဘုရားရှိခိုးတယ်ဆိုတာ ဟိုဘုရားအစစ်ကို ရှိခိုးရတာ။ အခု ဒီက ရှိတဲ့ အုတ်ပုံကြီး၊ ဒါကြီး ရှိခိုးတာမဟုတ်ဘူး။

ဘေးက ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ မြန်မာတွေဟာ ဗုဒ္ဓဘာသာတွေဟာ အုတ်ပုံကြီးတွေရှိခိုးတယ်လို့ပြောကြတယ်။ အုတ်ပုံကြီးရှိခိုးတာ မဟုတ်ဘူး။ ဘုရားအစစ်ကိုရှိခိုးတာ။ ဒါကမှတ်တိုင်, ဒီဟာက အထိမ်းအမှတ်သဘောပဲ။ စေတီကြီးရှေ့တို့၊ ဆင်းတုတော်ရှေ့တို့သွားပြီး ရှိခိုးလို့ရှိရင်ဖြင့် ဘုရားအစစ်ကို ပိုပြီးတော့သတိရတယ်။ အဲဒါကြောင့် ဒီလိုနေရာသွားပြီးတော့ ရှိခိုးရတယ်။ ရှိခိုးတဲ့အခါကျတော့ ဘုရားအစစ်ကို အာရုံပြုရတယ်။ ဆီမီးတွေထွန်းလို့ရှိရင်လဲ အဲဒီဘုရားအစစ်ကို အာရုံပြုပြီးတော့ ဆီမီးထွန်းရတယ်။ ရေချမ်းတို့လှူရတယ်။ နို့-ဒီဆီမီးက ဘယ်မှာလင်းတုန်းဆိုတော့ ထွန်းတဲ့နေရာမှာတွင် လင်းတာပေါ့။ ဟိုနှစ်ပေါင်း ၂၅၀၀-ကပွင့်တော်မူခဲ့တဲ့ ဘုရားထဲမှာတော့ ဘယ်သွားလင်းမလဲ။ ဒါပေမယ်လို့ စေတနာအားဖြင့်တော့ အဲဒီနှစ်ပေါင်း ၂၅၀၀-က ဘုရားကိုအာရုံပြုပြီးတော့ လှူဒါန်းတော့ ဒီအလှူဟာ ဘုရားကိုလှူရာမည်တယ်လို့ ဆိုရတယ်။

ဒါလိုပဲ သုပွဋိပန္နအစရှိသော သံဃာ့ဂုဏ်တွေအာရုံပြုပြီး သံဃာကိုရှိခိုးလိုက်လို့ရှိရင် သံဃာအစစ်ကို ရှိခိုးရာရောက်တယ်။ ကိုယ့်ရှေ့ရောက်နေတဲ့ပုဂ္ဂိုလ်ကတော့ မထေရ်ကြီးလဲ ဖြစ်ချင်ဖြစ်မယ်။ မထေရ်ငယ်လဲ ဖြစ်ချင်ဖြစ်မယ်။ ကိုရင်ကလေး

http://www.dhammadownload.com

လဲ ဖြစ်ချင်ဖြစ်မယ်။ တစ်ပါးတည်းလဲ ဖြစ်ချင်ဖြစ်မယ်။ အများလဲ ဖြစ်ချင်ဖြစ်မယ်။ ဘာပဲဖြစ်နေကိုယ့်စိတ်ထဲကတော့ မြတ်စွာဘုရား၏ တပည့်သံဃာတော် ရှိခိုးပါ၏။ ပူဇော်ပါ၏။ လှူဒါန်းပါ၏လို့ ဒီလိုရှိခိုးရတယ်။ မြတ်စွာဘုရားလက်ထက်တော်က ရှိခဲ့တဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်ကစပြီး ယခုထက်တိုင် လောဘကင်း အောင်၊ ဒေါသကင်းအောင်၊ မောဟကင်းအောင်၊ သီလ, သမာဓိ, ပညာအကျင့် တွေကို ကောင်းကောင်းကျင့်နေတဲ့ သံဃာတော်ပဲလို့ သံဃာတော်ပဲလို့ သံဃာတော် တွေကို ရှိခိုးပါ၏။ သံဃာတော်တွေ အကုန်လုံး မနည်းဘူး။ တစ်ပါးတည်း, နှစ်ပါးတည်း မဟုတ်ဘူး။ ပရိနိဗ္ဗာန်စံပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်တွေလဲ အများကြီးပါ သွားတယ်။ ဒီအထဲမှာ အများကြီးပါတယ်။ အခု လောလောဆယ်လည်း ကောင်းကောင်းမွန်မွန် ကျင့်နေတဲ့ပုဂ္ဂိုလ်တွေ အများကြီးပါသွားတယ်။ အဲဒါတွေ အာရုံပြုပြီးတော့ ရှိခိုးရတယ်။ ပူဇော်ရတယ်။ လှူဒါန်းရတယ်။ ကိုင်း. . . ဆို။

သုပ္ပဋိပန္နော၊ လောဘ ဒေါသ (လ) သံဃာတော်မြတ်ပါပေတကား။

အဲဒီသံဃာ့ဂုဏ်တွေကို အာရုံပြုပြီး ရှင်မဟာကစ္စည်းကို ဆွမ်းကပ်လိုက်ရတာ။ ဒီအမျိုးသမီးကတော့ အင်မတန်ကို ပီတိပါမောဇ္ဇတွေ ဖြစ်သွားတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ အခုလဲ ဒီလိုပဲ။ သံဃာ့ဂုဏ်တွေကို အာရုံပြုပြီးတော့ လှူဒါန်းရတဲ့အခါမှာ အမျိုးသမီးတွေရော အမျိုးသားတွေရော ဝမ်းမြောက်ဝမ်းသာတွေ သိပ်ဖြစ်စရာကောင်းတာပဲ၊ အခုဝါဆိုဦး အခါကာလမှာ ဝါဆိုသင်္ကန်းတွေ လှူဒါန်း တယ်။ ဒီအတိုင်းပဲ၊ သုပ္ပဋိပန္နအစရှိတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့သံဃာတော်တွေ လှူဒါန်း ပါ၏။ အာရုံပြုပြီးလှူလိုက်ရတာ အင်မတန်ကိုအားရစရာ၊ ဝမ်းသာစရာ၊ အားတက်စရာ အင်မတန်ကောင်းပါတယ်။ အဲဒီလို ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့နေတယ်။

ခင်ပွန်းပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

ဒီအမျိုးသမီးက သူ့ခင်ပွန်းကို ကုသိုလ်ရစေချင်တယ်။ အစားကောင်းလေး စားရလို့ရှိရင် ချစ်တဲ့သူကိုသတိရတယ်။ လောကပြောလေ့ရှိတယ်။ ဟုတ်တယ် ကုသိုလ်ကောင်းမှုကလေး ကိုယ့်သန္တာန်မှာဖြစ်တော့ သူ့ခင်ပွန်းဖြစ်တဲ့ ပုဂ္ဂိုလ်ကိုလဲ

http://www.dhammadownload.com

ကုသိုလ်ကောင်းမှုဖြစ်စေချင်တယ်။ သူက ငါပြုတဲ့ကုသိုလ်ကောင်းမှုကို သူ့ပြောလိုက်ရလို့ရှိရင် သူလဲပဲဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သာဓုခေါ်မှာပဲ။ ကုသိုလ်ကောင်းမှုတွေ သူလဲ ဖြစ်သွားမှာပဲလို့ သူလဲ အကျိုးရှိပါစေဆိုပြီးတော့ အကျိုးဖြစ်စေချင်လို့ ဒီအမျိုးသမီးက သူ့ခင်ပွန်းကိုပြောတယ်။

အရှင်ပုဏ္ဏား၊ ယနေ့လေ ကျုပ်တို့ကံကောင်းတယ်။ ရှင်မဟာကစ္စည်းမထေရ် အိမ်ကြွလာလို့ မွန်မြတ်တဲ့စားဖွယ်သောက်ဖွယ်တွေ လှူဒါန်းလိုက်ရတယ်။ အင်မတန်ဝမ်းမြောက်ဝမ်းသာစရာ ကောင်းတယ်။ ဒါတွေကို ဝမ်းမြောက်ပါလို့ပြောတော့ အမျိုးသမီးကသာ သဒ္ဓါတရားရှိလို့ စိတ်ကောင်းနှလုံးကောင်း ဝင်နေတာကိုး။

အမျိုးသားပုဏ္ဏားကတော့ စိတ်ကောင်းနှလုံးကောင်း မဝင်ဘူး။ မဝင်တော့ သူကဘယ်နှယ်ပြောသလဲဆိုတော့ နင်ဟာတဲ့ တို့ပြာဟူဏတွေ အမြင့်အမြတ်တွေကိုလည်း ရှေးဦးစွာမလှူသေးဘဲနဲ့ ဆွေမျိုးဉာတိတွေလည်း ရှေးဦးစွာမပေးရ မကမ်းရ မကျွေးရသေးဘဲနဲ့ ဘာ့မဟုတ်တဲ့ ဒီရဟန်းယုတ်ကို သွားပြီးတော့လှူတာ နေရာမကျဘူး။ သူက အစကတည်းက ရဟန်းနဲ့မှမတည့်ဘဲဟာကိုး အယူဝါဒက ပြောင်းပြန် ဖြစ်နေလို့ရှိရင် မြင်တိုင်း၊ တွေ့တိုင်း၊ ကြားတိုင်းဟာ အကုသိုလ်တွေပွားနေတာ။ အင်မတန် ကြောက်စရာကောင်းတယ်။ အယူကလွဲနေပြီဆိုမှတော့ တော်တော်ကို ကြောက်စရာကောင်းတယ်။ ကြည်ညိုရမယ့်ပုဂ္ဂိုလ်ကို မုန်းစရာ သွားဖြစ်နေတာကိုး။ ကြည်ညိုရမယ့်ပုဂ္ဂိုလ် ကြည်ညိုရင် ကုသိုလ်ဖြစ်ရမှာ။ ကုသိုလ်မဖြစ်ဘဲနဲ့ အကုသိုလ်တွေ ပြောင်းပြန်ဖြစ်နေတယ်။ အင်မတန် ကြောက်စရာကောင်းတယ်။ အဲဒါနဲ့ သူက ကျိန်ဆဲတဲ့သဘောပေါ့လေ။ သူက ပြောတယ် တဲ့။

တဿာ သော မုဏ္ဍကော သမဏော၊
ဘူသပလာလံ နဒတ္ထုယတိတိ။

တဿာ၊ အဘယ့်ကြောင့်။ **မုဏ္ဍကော**၊ ဦးပြည်းယုတ်ဖြစ်သော။ **သမဏော**၊ ထိုရဟန်းယုတ်သည်။ **ဘူသပလာလံ**၊ ဖွဲအဖျင်းကို။ **နဒတ္ထုယတိ**၊ မစားလေသနည်း။

ဖွဲအဖျင်းနဲ့တန်တာပဲ၊ ဖွဲအဖျင်းတွေ စားပါလား၊ သူဘာမှ အသုံးမကျဘူးပေါ့လေ။ ဘာမှ သူအလုပ်လုပ်ဖော်မရဘူး။ သူအပိုပဲ၊ ဒီလိုယူဆတာကိုး။

http://www.dhammadownload.com

ဒီလိုလဲ ယူဆကြတာရှိတယ်။ ဘာပြုလို့လဲဆိုတော့ အပိုပဲ သူတို့လောကမှာ ဘာမှ ကြီးပွား ရေးမရှိဘူး။ ဖွဲအဖျင်းတွေနဲ့တန်တယ်။ တခို့ကလဲ စိတ်ကူးတယ်။ အလုပ်သမား တွေ ကျွေးလိုက်ရရင်လေ ငါ့အလုပ်သမားတစ်ယောက် ကျွေးလိုက်ရရင် ငါ့အလုပ် ကောင်းကောင်းလုပ်မှာ၊ သူကိုကျွေးလို့ ဘာအကျိုးရှိမလဲ။ ဒီရဟန်းကျွေးလိုက်တဲ့ အတွက်ဟာ အလကားဆုံးရှုံးသွားတာပဲ။ ဒီတော့ ဒီအမျိုးသမီးကို သူက သဘော မကျတာနဲ့ သူက ကျိန်ဆဲတဲ့သဘောလုပ်တာ။ ကတုံးဦးပြည်းရဟန်းယုတ်ကို ဘာဖြစ်လို့လျှုရသလဲ။ ကတုံးဦးပြည်းရဟန်းယုတ်ဟာ သူနဲ့ထိုက်တန်တဲ့ ဖွဲအဖျင်း မစားဘဲနဲ့ ဘာဖြစ်လို့ဒီအကောင်းတွေ စားသွားရသလဲ။ အဖိုးတန်တွေ ဆုံးရှုံးသွား တယ်လို့ သူကယူဆတာကိုး။ ကျိန်ဆဲတယ်။

ဒါကြောင့်မို့တဲ့ သူမှာနောက်ဘဝကျတော့ အဲဒီအမျိုးသမီးက နတ်သမီးဖြစ် ပြီးတော့ သူအမျိုးသားက တိုင်မှာချည်ပြီးတော့ ပြိတ္တာဖြစ်နေရတာကိုး။ စားစရာ တွေ သူကိုကျွေးတိုင်းကျွေးတိုင်း သူမှာဖွဲတွေဖြစ်ပြီးတော့ စားနေရတာတဲ့။ ကြောက် စရာတော်တော်ကောင်းတယ်။ ဘာမှကြီးကြီးကျယ်ကျယ်မဟုတ်ဘူး။ သေးသေး ကလေးနဲ့ပေမယ့် သူက အကုသိုလ်သိပ်ပြီးတော့ အကျိုးပေးသွားတာ။ အင်မတန် ကြောက်စရာကောင်းတယ်။

သားပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

နောက်ပြီးတော့ အမျိုးသမီးက သူယောကျ်ားတော့ဖြင့် ပြောလို့ပြုလို့မရဘူး။ ငါ့သားလေးတော့ဖြင့် ကုသိုလ်ဖြစ်ပါစေတော့ဆိုပြီး သူ့သားကလေးကို သူသတိရလာတာကိုး။ သူ့သားလေးကို ကုသိုလ်ပေးချင်ပြန်တာ။ သူ့သားကလေးကိုလဲ ပေးတယ်။ ရှင်မဟာကစ္စည်းကို ဆွမ်းကျွေးတဲ့အလှူအတွက် ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ဖို့ရာပေါ့။ ပီတိပါမောဇ္ဈတွေ ဖြစ်မှာပဲ။ ဖြစ်ပြီး သူကုသိုလ်တွေပွားလိမ့်မယ် အောက်မေ့ပြီးတော့ သူ့သားပြောပြန်တာ၊ သားကလဲပဲ ထို့အတူပဲ၊ သူ့ အဖေလိုပဲ၊ သူကလဲပဲ ဗြာဟ္မဏဝါဒဖြစ်နေတော့ ဒီရဟန်းယုတ်ကိုလှူတာ အလကားပဲလို့ ယူဆထားတော့ သူကလဲပဲ ကျိန်ဆဲသလိုပဲပြောပြန်တယ်။ ဒီပုဂ္ဂိုလ်လဲ အတူတူပါပဲ။

http://www.dhammadownload.com

တသ္မာ သော မုဏ္ဍကော သမဏကော အယောဂုဠ္ဠံ
နံ ဘက္ခယတိတိ၊

တသ္မာ၊ အဘယ်ကြောင့်။ **မုဏ္ဍကော**၊ ခေါင်းတုံးဦးပြည်းဖြစ်သော။ **သော သမဏကော**၊ ထိုရဟန်းယုတ်သည်။ **အယောဂုဠ္ဠံ**၊ သံတွေ သံခဲတုံးတွေကို။ **နံ ဘက္ခယတိ**၊ မစားလေဘိသနည်း။

သူနဲ့တော်တာကတော့ သံတုံးနဲ့တော်တာပဲ။ သံတုံးတွေမစားဘဲနဲ့ ဘာပြုလို့ တို့အိမ်က အကောင်းစားတွေ စားသွားပါလိမ့်မတုန်း။ ဒီလိုကိုး။ ဒါနဲ့ သူနောက်ဘဝကျတော့ အဲဒီမှာ တိုင်တစ်တိုင်ချည်ရက်နဲ့ ပြိတ္တာဖြစ်နေတယ်။ သူ့ကို စားစရာသောက်စရာ ပေးတိုင်းပေးတိုင်း သူမှာသံတုံးသံခဲတွေ ကောက်စားနေရတယ်။ ခုနက သောဏကကျွေးလိုက်တာ အကောင်းတွေပဲ။ မုန့်တွေ စားစရာ အကောင်းတွေကျွေးတယ်။ သူကျတော့ သံတုံးသံခဲတွေဖြစ်တယ်။

ချွေးမပြိတ္တာ၏ အတိတ်ဇာတ်အကြောင်း

ဒါနဲ့ အဲဒီပုဏ္ဏားမက သူမှာချွေးမတစ်ယောက်ရှိတယ်။ သူ့ချွေးမက ပွဲလမ်းသဘင်ရှိတဲ့အခါကျတော့ မိတ်ဆွေသူငယ်ချင်းတွေက ဆွေမျိုးတွေက လက်ဆောင်ကလေးတွေ ပေးကြတယ်။ ခုနကပြောခဲ့တဲ့အတိုင်း လက်ဆောင်အဖြစ် စားဖွယ်သောက်ဖွယ် အကောင်းတွေပေးတော့ ချွေးမက အကောင်းတွေ သူကိုယ်တိုင်စားပြီးတော့ မကောင်းတဲ့ဥစ္စာတွေ သူယောကျ့ာမကိုပေးတာကိုး။

ယောကျ့ာမပေးတော့ နောက် သူ့ဆွေမျိုးတွေနဲ့ တွေ့တဲ့အခါကျတော့ မေးကြည့်တယ်။ ဟေး. . မင်းတို့အင်မတန် စားနပ်ရိက္ခာတွေ ရှာပါးနေသလား။ ခုနေခါ ငတ်မွတ်ခေါင်းပါးမျာနေကြသလား။ ပွဲလမ်းသဘင်ရှိတဲ့အခါ လက်ဆောင်ပေးတာက ညှဉ်လှပါကလား။ တို့အိမ်ပေးလိုက်တာတွေ ညှဉ်လိုက်တာ။ ဘာတွေဘာတွေ ပေးတယ်။ ဟိုက ဆွေမျိုးတွေက အံ့ဩြတယ်။ ဘယ့်နှယ်လဲ တို့ဆီက ပေးလိုက်တာကတော့ အကောင်းတွေပေးတာပဲ။ မဟုတ်ဘူး။ ဒီကအကောင်းတွေ မုန့်တွေ ဘယ်လိုဘယ်လိုလုပ်ပြီးတော့ ပေးလိုက်တာ။ အကောင်းတွေ မရှားပါဘူး။ တို့လဲ ပေါပါတယ်။ ကောင်းကောင်းတွေ ပေးလိုက်တာပဲ။ မင်းချွေးမကို တို့ပေးလိုက်တာ

http://www.dhammadownload.com

ကောင်းကောင်းတွေဆိုတော့ ရွှေးမကမမြောင့်ဘူး။ ငါ့ရွှေးမက အကောင်းတွေ သူစားပြီးတော့ မကောင်းတာတွေ ငါ့ကိုပေးတာပဲဆိုပြီး ရွှေးမကို သူကပြောတာကိုး။

ဟဲ့ . . ရွှေးမ ဆွေမျိုးတွေက လက်ဆောင်ပေးတဲ့အခါ အကောင်းတွေ ပေးတယ်ဆိုပါကော၊ နင်က ငါ့ကိုပေးတော့ မကောင်းတာတွေပေးတယ်။ နင်က ကောင်းတာတွေစားပြီး ငါ့ကို မကောင်းတာတွေပေးတယ်။ နေရာမကျဘူးလို့ပြော တော့ ရွှေးမကလဲ သူမဟုတ်ရတဲ့အကြောင်း၊ သူအပေါ် အပြစ်ရောက်လာတာကိုး။ မဟုတ်ရတဲ့အကြောင်း၊ အမှန်ကတော့ ဟုတ်ရင်လဲ ဟုတ်တဲ့အတိုင်း ဝန်ခံပြီးတော့ တောင်းပန်လိုက်ရင် ဒါက သက်သာတယ်၊ အပြစ်သိပ်မကြီးဘူး။ အခု တော့ သူက သူ့အပေါ် အပြစ်ရောက်လာတာတွေလွတ်အောင်လို့ဆိုပြီး ကျိန်ဆဲတဲ့သဘောမျိုး သူလုပ်တယ်။ အဲဒါမျိုးတွေဟာ အင်မတန်နစ်နာတယ်။ ဒါမျိုးတွေဟာ အင်မတန် ကြောက်စရာကောင်းတယ်။ အမျိုးသမီးတွေဟာ ကျိန်တတ်တယ်။ အဲဒီတော့ အမျိုးသမီးက ရွှေးမကလဲ ကျိန်ဆဲတဲ့သဘောနဲ့ -

တီ သမံသံ နံ ဘတ္ဆယတိ ယာ ထုယ့် ဗိန္ဓာနိ ပဟေဏာတာနိ ဘတ္ဆယတိတိ၊

ယာ၊ အကြင်အမျိုးသမီးသည်။ **ထုယ့်**၊ အရှင်မအား။ **ဗိန္ဓာနိ**၊ ပေးအပ်ကုန် သော။ **ပဟေဏာတာနိ**၊ လက်ဆောင်တို့ကို။ **ဘတ္ဆယတိ**၊ စားဘိ၏။ **သာ**၊ ထိုအမျိုး သမီးသည်။ **သမံသံ**၊ မိမိ၏အသားကို။ **တီ**၊ အဘယ်သို့။ **နံ ဘတ္ဆယတိ**၊ မစားဘဲရှိအံ့နည်း။

ဆိုလိုတာကတော့ ယောက္ခမအမိဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့လက်ဆောင်တွေကို ကျွန်မစားမိလို့ရှိရင် နောက်ဘဝကျရင် ကိုယ့်အသားကို ကိုယ်ခြစ်ချုပ်ပြီးတော့ စား ရပါစေ။ ဒီလိုကျိန်လိုက်တာကိုး။ အဲဒါနဲ့ ခုနက သောဏကကျွေးလိုက်တဲ့ အခါ ကာလကျတော့ မုန့်တွေ အကောင်းတွေကျွေးတာ။ သူကျတော့ ကိုယ့်ကိုယ်က အသားကို ခြစ်ချုပ်စားရတယ်။ အဲဒီလို အကျိုးပေးတာတဲ့။

http://www.dhammadownload.com

ကျွန်မပြိတ္တာ၏ အတိတ်ဇာတ်ကြောင်း

နောက်တစ်ခါ ကျွန်မက သူ့အိမ်ကပွဲလမ်းသဘင်ရှိတဲ့အခါ လက်ဆောင်တွေ ဆွေမျိုးမိတ်ဆွေတွေဆီသွားပြီး အပေးခိုင်းတယ်။ အကောင်းတွေပဲ ပေးလိုက်တာပဲ။ ကျွန်မကလဲ ဒီလိုပဲလမ်းမှာ သွားရင်းလာရင်းနဲ့ အကောင်းတွေသူစားပြီး မကောင်းတာတွေကို သွားပေးတာကိုး။

အဲဒီလိုပေးတော့ ဟိုကမိတ်ဆွေတွေ၊ ဆွေမျိုးတွေက နောက်တွေ့တဲ့အခါ ကျတော့ပြောတယ်။ ဘယ့်နှယ်လဲဟေ့ မင်းတို့ရှားပါးပြီးတော့မှား နေသလား။ မုန့်လုပ်စရာများ မရှိရော့သလား။ ဘယ့်နှယ် တို့ကိုလက်ဆောင်ပေးလိုက်တာ မကောင်းတာ၊ တော်တော်ညံ့တဲ့ ဥစ္စာတွေပေးလိုက်တာကိုးဆိုတော့ သူကလဲအံ့သြတယ်။ ငါပေးတုန်းက အကောင်းတွေ မဟုတ်ဘူး၊ ဒီကပေးတုန်းက အကောင်းတွေပေးလိုက်တယ်။ ဘယ်လိုမုန့်တွေပဲ၊ အကောင်းတွေပေးလိုက်တာပါဆိုပြီး အိမ်ကျတော့ သူကျွန်မခေါ်ပြီး ဘယ့်နှယ်လဲဟေ့ မင်း. . . ငါတစ်နေ့က ဘယ်ကဘယ်ကို ဘယ်လိုမုန့်တွေပေးလိုက်တာ ဟိုမှာ ကောင်းကောင်းမပေးဘူးဆိုပါကော။ ဘယ်လိုမုန့်တွေ၊ မကောင်းတာတွေ ပေးတယ်ဆိုပါကောဆိုတော့၊ ကျွန်မဆိုတော့ကြောက်ရမှာ၊ ပြောပုံမတော်ရင် သူကအရိုက်ခံရမှာကိုး။ သူကလဲ သူ့အပေါ် အပြစ်ရောက်မှာစိုးတော့ သူကလဲ ကျိန်ရတာကိုး၊ ဒါလဲ မကျိန်ဘဲနဲ့ အရိုက်ခံလိုက်ရင် တော်ဦးမယ်။ အခုကျိန်လိုက်တော့ တစ်ဘဝလုံး နှစ်နာသွားတယ်။ တော်တော်ကို ကျပ်တယ်။ သူကျိန်ပုံကလဲ အတူတူပါပဲ။

ကိ နု ပုဗ္ဗလောဟိတံ နု ဆတ္ထယတိ ယာ ဒိန္နာနိ ပဟေဏကာနိ ဆတ္ထယတိတိ၊

ယာ၊ အကြင်အမျိုးသမီးသည်၊ **တယာ**၊ ရှင်မသည်။ **ဒိန္နာနိ**၊ ပေးအပ်ကုန်သော။ **ပဟေဏကာနိ**၊ လက်ဆောင်တို့ကို။ **ဆတ္ထယတိ**၊ ခိုးဝှက်၍ စားမိ၏။ **သာ**၊ ထိုအမျိုးသမီးသည်။ **ပုဗ္ဗလောဟိတံ**၊ သွေးပြည်ကို။ **ကိံ နု ခဆတ္ထယတိ**၊ အဘယ်ကြောင့် မစားရဘဲ ရှိအံ့နည်း။ ပြည်နှင့်သွေးတို့ကို စားရပါစေဟု ကျိန်ဆို၏။

http://www.dhammadownload.com

ရှင်မပေးလို့ လက်ဆောင်အကောင်းတွေကို ကျွန်မခိုးစားခဲ့လို့ရှိရင် နောက်ဘဝတွေမှာ သွေးတွေပြည်တွေ စားသောက်ရတဲ့ကိုယ် ဖြစ်ရပါလိုင်ဆိုပြီး ကျိန်တာကိုး။ ဒါနဲ့ ခုနက သောဏကပေးတဲ့ မုန့်ကောင်းတွေ အစားကောင်းတွေ သူ့ကို ကျွေးလိုက်တော့ သူမှာသွေးတွေပြည်တွေဖြစ်ပြီး ဒါတွေစားရတာကိုး။ အဲဒါတွေကြောင့် ဒီလိုဖြစ်တာတဲ့။ ဒါတွေကတော့ သံဝေဂရစရာပါပဲ။ စာထဲပါနေလို့သာပဲ။ ဒါတွေကတော့ လိုရင်းမဟုတ်သေးဘူး။ နန္ဒီရာဂကသာလိုရင်း၊ နန္ဒီရာဂမရောက်သေးဘူး၊ ပြောချင်တာက နန္ဒီရာဂကလေး၊ ဒီပြင်ဟာတွေက အသုံးတော့ ကျပါတယ်။

ပုဏ္ဏားမနတ်သမီး၏ အတိတ်ဇာတ်ကြောင်း

သူကတော့ဘာဖြစ်လို့ ဒီလိုဖြစ်ရလဲဆိုတော့ သူဖြစ်ပုံကလေးလဲ ပြောတယ်။ သူဖြစ်ပုံကတော့ ခပ်ရှည်ရှည်ပဲ။

တတြ ပဇိဿ ဝကေ္ကယျံ၊ ယတြ တေ သမ္မေ သတံ သတံ၊
ကမ္မဖလံ ပဋိဘုဉ္ဇမာနေ ပဿေယျမီတိ၊

တတြ၊ အကြင်ဘုံဘဝ၌။ **သမ္မေ**၊ အလုံးစုံကုန်သော။ **တေ**၊ ဤခင်ပွန်းလင်နှင့်သား သွေးမအစေခံတို့သည်။ **သတံ သတံ ကမ္မဖလံ**၊ မိမိ မိမိ၏ကံ၏အကျိုးကို။ **ပဋိဘုဉ္ဇမာနေ**၊ သုံးဆောင်ခံစားနေသည်ကို။ **ပဿေယျံ**၊ မြင်နိုင်ရာ၏။ **တတြ**၊ ထိုဘုံ၌။ **ပဇိဿ**၊ ပဇိသန္မေကို။ **ဝကေ္ကယျံ**၊ ယူအပ်၏။ ရယူလို၏ဟူ၍ တောင့်တခြင်းဖြစ်ခဲ့၏။

ဒါ နန္ဒီရာဂကလေး၊ ငါ့ခင်ပွန်းရယ်, ငါ့သားရယ်, ငါ့သွေးမရယ်, ငါ့အိမ်က အစေခံကျွန်မရယ်၊ သူတို့ပြုထားတဲ့ အမှုတွေရဲ့အကျိုးတွေကို ခံစားနေတာကို ငါမြင်ချင်တယ်။ မြင်နိုင်တဲ့ဘဝဖြစ်ရပါစေလို့ ဒီလိုဆုတောင်းတာကိုး။ သူစိတ်ထဲက အလိုရှိတာ။

အခုလဲပဲ လူတွေဒီလိုရှိတတ်တယ်။ ဥပမာ ကိုယ့်သားလေး ဘာဖြစ်နေတာ မြင်ချင်သေးရဲ့။ သမီးကလေး ဘာဖြစ်နေတာ မြင်ချင်သေးရဲ့။ နောက်ဘဝကျလို့ရှိရင်လဲ သူနဲ့တွေ့ချင်သေးရဲ့။ မကောင်းတဲ့ ပုဂ္ဂိုလ်နဲ့တွေ့ရင် ကိုယ်ကလဲ အဲဒီမှာ မကောင်းရာလိုက်ရမှာ၊ ကိုယ်က ကောင်းရာသွားနိုင်ပေမယ့်လဲ ကိုယ်က

http://www.dhammadownload.com

မကောင်းရာလိုက်ရမှာ၊ မကောင်းတာတော့မဟုတ်ဘူး။ ကြိုးနဲ့တွဲထားသလို ဖြစ်နေတယ်။ ကြိုးနဲ့တွဲထားတော့ ကိုယ်က အထက်တက်ချင်ပေမယ်လို့ မတက်နိုင်ဘူး။ ကိုယ်က အောက်က ဒိဗြင်ပုဂ္ဂိုလ်ကဆွဲထားတော့ အဲဒီကိုပါသွားရမှာ။ ဒါ သူက ဒီလိုဖြစ်နေတယ်။ ဒါလဲ အင်မတန် စဉ်းစားစရာ ကောင်းတယ်။

မိမိအိမ်သားဖြစ်တဲ့လင်၊ သားဖြစ်တဲ့သူ၊ ချွေးမဖြစ်တဲ့သူ၊ အစေခံဖြစ်တဲ့သူ၊ သူတို့ကံအကျိုးပေးတာကို ငါမြင်ချင်တယ်။ အဲဒီလို မြင်နိုင်တဲ့နေရာဌာန ငါဖြစ်ပါစေ။ ဖြစ်ရရင်ကောင်းမှာပဲလို့ ဒီလိုဆုတောင်းတယ်တဲ့။ ဒါ ဘာထင်တုန်း၊ ခုနက ပြောတဲ့ နန္ဒီရာဂကလေး မတွယ်ရမှာလေး သွားတွယ်တာ။

ကျွန်ပုဏ္ဏ၏ နန္ဒီရာဂ

ဟိုရှေးတုန်းက မေဏ္ဍကသူဌေးကြီးဆိုတာရှိတယ်။ သူ့အိမ်မှာ သိုးရုပ်တွေဆိုတာရှိတယ်။ ပတ်ဝန်းကျင်မှာ သိုးရုပ်တွေကနေပြီးတော့ အလိုရှိတဲ့ အသုံးအဆောင်တွေလဲ ရနေတယ်။ အဝတ်အထည်ရော အစားအသောက်တွေရော၊ ဒါရှေးဘဝကနေပြီး ကုသိုလ်ကောင်းမှုတွေပြုခဲ့တယ်။ အဲဒီ ကုသိုလ်ကောင်းမှုတွေပြုတဲ့ ဘဝတုန်းက သူ့ခင်ပွန်းလဲ ရှိတယ်။ သူ့သားလဲ ရှိတယ်။ သူ့ချွေးမလဲ ရှိတယ်။ သူ့အိမ်က အစေခံကျွန်မလဲ ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ အသီးသီးကုသိုလ်ကောင်းမှုအတူပြုပြီး ဆုတောင်းကြတယ်။ အကျိုးပေးတော့ အကုန်လုံး အတူတူပေးနိုင်တယ်။

ဒါပေမယ်လို့ အဲဒီအထဲမှာ ကျွန်ဖြစ်တဲ့ပုဂ္ဂိုလ်က မောင်ပုဏ္ဏတဲ့၊ သူကလဲပဲ သူများဆုတောင်းတော့ သူဌေးကြီးက ဆုတောင်းတော့လဲ ဘဝတိုင်း ဘဝတိုင်း ဒီလိုဆင်းရဲမျိုး မတွေ့ပါရစေနဲ့၊ ချမ်းသာတဲ့ဘဝ ချမ်းသာတဲ့ဘဝချည်းပဲဖြစ်ပါစေ။ ဖြစ်ရာဖြစ်ရာဘဝမှာလဲပဲ ဒီခင်ပွန်းနဲ့၊ ဒီသားနဲ့၊ ဒီချွေးမနဲ့၊ ဒီကျွန်နဲ့ ဖြစ်ပါစေ ဆိုပြီးတော့ သူတို့ကဆုတောင်းတယ်၊ တောင်းတော့ ဟိုအထက်ကလူတွေက ဆုတောင်းတာတော့ ကိစ္စမရှိပါဘူး၊ သူတို့ကတော့ တောင်းထိုက်ပါတယ်။

ကျွန်ကလဲ ရှေးနည်းအတိုင်း တောင်းတာကိုး၊ သူက ဘယ့်နှယ်တောင်းတုန်း ဆိုတော့ သူက ရှင်ပစ္စေကဗုဒ္ဓါကို အလှူအတန်းတော့ အတူတူပဲပြုတာပဲ။ စေတနာလဲ အတူတူပဲ၊ အလှူဝတ္ထုလဲ အတူတူပဲ။ အတူတူ အကျိုးပေးနိုင်တာပဲ။

http://www.dhammadownload.com

သူဌေးဖြစ်အောင် ဆုတောင်းရင်လဲ သူဌေးဖြစ်မယ်။ မင်းဖြစ်အောင် ဆုတောင်းရင်လဲ မင်းဖြစ်မယ်။ နိဗ္ဗာန်ရောက်အောင် ဆုတောင်းရင်လဲ နိဗ္ဗာန်ရမယ်။ အလိုရှိတာကို တောင်းရင် အလိုရှိတာကိုရနိုင်တယ်။ ဒါပေမယ်လို့ သူက ဘယ့်နှယ် ဆုတောင်းသလဲဆိုတော့ သူ့အရှင်သခင်ဆီကို ခင်မင်တွယ်တာနေတယ်။ နန်ဒီရာဂ ကြောင့် ဖြစ်လေရာ ဖြစ်လေရာဘဝမှာ ဒီသူဌေး၊ ဒီသူဌေးကတော်နဲ့၊ ဒီသူဌေးသား၊ ဒီချွေးမ သူတို့ရဲ့ကျွန်ပဲ ဖြစ်ပါစေဆိုပြီးတော့ သူကဆုတောင်းတယ်။ ကြောက်စရာ တော်တော်ကောင်းတယ်။ ဒီသခင်တွေနဲ့ မခွဲခွင်တာကိုး။ ကျွန်တော့ ဖြစ်တယ်။ ကျွန်ကြီးတော့ဖြစ်ပါရဲ့။ ကျွန်ဟာကျွန်ပဲ။ နေရာမကျဘူး။ အဲဒါ နန်ဒီရာဂ ပဲ။

ဆုတောင်းမှားလို့ ပြိတ္တာမ ဖြစ်ရ

အခုလဲ ဒီလိုပဲ။ နန်ဒီရာဂကနေပြီး မကောင်းမှုရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ အတူတူ သွားဖြစ်ပါစေလို့ ဆုတောင်းတာကိုး။ ဆုတောင်းတော့ အဲဒီအတိုင်းဖြစ်တာ။

ယာယ မယာ အယျမဟာကစ္စာယနံ ဝိဏ္ဏာကေန ပဋိပါဒယိတ္ထာ
ပဏီတေ တာဝတိံသေ ဒေဝနိကာယေ ဥပပဇ္ဇိတုံ သာဟံ မိစ္ဆာ
ပဏိဓာနဝသာ ပေတမယိဒ္ဓိကာ သံဝတ္တာ။

ယာယ၊ အကြောင်အလိုရှိခြင်း တောင့်တခြင်းကြောင့်။ **မယာ**၊ ငါသည်။ **အယျ မဟာကစ္စာယနံ**၊ ရှင်မဟာကစ္စည်းမထေရ်ကို။ **ဝိဏ္ဏာကေန**၊ ဆွမ်းဖြင့်။ **ပဋိပါဒယိတ္ထာ**၊ လှူဒါန်းကျွေးမွေးပြီး၍။ **ပဏီတေ**၊ မွန်မြတ်သော။ **တာဝတိံသေ**၊ တာဝတိံသာဖြစ်သော။ **ဒေဝနိကာယေ**၊ နတ်အပေါင်း၌။ **ဥပပဇ္ဇိတုံ**၊ ကပ်ရောက်၍ဖြစ်နိုင်၏။ **သာဟံ**၊ ထိုကျွန်မသည်။ **မိစ္ဆာပဏိဓာနဝသာ**၊ ဆုတောင်းမှားခြင်းတည်းဟူသော အကြောင်းကြောင့်။ **ပေတမယိဒ္ဓိကာ**၊ တန်ခိုးကြီးသော ပြိတ္တာမသည်။ **သံဝတ္တာ**၊ ဖြစ်ရလေတော့သည်။

ဝမ်းနည်းစရာတော်တော်ကောင်းတယ်။ တာဝတိံသာနတ်ပြည်မှာ ဖြစ်နိုင်တယ်တဲ့။ သူကောင်းမှုဟာ တာဝတိံသာမှာ တန်ခိုးကြီးတဲ့နတ်သမီးတစ်ယောက် ဖြစ်နိုင်တာတဲ့။ ရှင်မဟာကစ္စည်းရဟန္တာမထေရ်ကို စေတနာထက်ထက်သန်သန်နဲ့ လှူဒါန်းလိုက်ရတဲ့ဒါနကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်နိုင်ပါတယ်တဲ့။ သူတို့ရဲ့

http://www.dhammadownload.com

အကျိုးပေးကလေးမြင်ချင်တာနဲ့ သူတို့အကျိုးပေးကလေး မြင်ရတဲ့ဌာနမှာ ဖြစ်ပါစေလို့ စိတ်ကညွတ်မိလို့။ ဒါကြောင့် တာဝတိံသာမှာ မဖြစ်ရဘဲနဲ့ ပြိတ္တာဖြစ်ရတယ်တဲ့။ တန်ခိုးကြီးတဲ့ ပြိတ္တာဖြစ်ရတယ်တဲ့။

ပြိတ္တာတွေနဲ့ ရောဖြစ်လို့သာ ပြိတ္တာတော့မဟုတ်ဘူး။ နတ်ပါပဲ။ နတ်ပေမယ့်လို့ ပြိတ္တာနဲ့ရောဖြစ်နေတော့ သူက ပြိတ္တာလို့နာမည်တပ်ထားတယ်။ ပြိတ္တာတော့ မဟုတ်ပါဘူး။ သူမှာတော့ ဘာမှဆင်းရဲမရှိပါဘူး။ အဲဒီသူမှာဖြစ်ရတဲ့ဆင်းရဲက သူနဲ့စပ်တဲ့ပြိတ္တာတွေ ဒုက္ခရောက်နေတာတွေ တွေ့ရမြင်ရတော့ စိမ်မချမ်းသာတဲ့ဆင်းရဲပဲရှိမှာပါပဲ။ ဒါကတော့ ရွှေဘဝက သံယောဇဉ်နဲ့ဆိုတော့ မြင်တိုင်းမြင်တိုင်း သူစိတ်မချမ်းသာနိုင်ဘူး။ အဲဒါတော့ရှိလိမ့်မယ်။

ဒါဘာ့ကြောင့်တုန်းဆိုရင် ရွှေဘဝကတည်းက၊ သူတို့နဲ့ အတူတကွဖြစ်ပြီး သူတို့ရဲ့အကျိုးပေးပုံတွေကို မြင်ချင်လို့၊ အဲဒီလို လိုလားတောင့်တခဲ့တာလေး ရှိတယ်တဲ့။ ဒါကြောင့်မို့တဲ့ အဲဒါဟာ ဘာထင်တုန်းဆိုတော့ နန္ဒီရာဂပဲတဲ့။

နန္ဒီရာဂက ဆွဲဆွထားတာ၊ ကုသိုလ်ကောင်းမှုကတော့ တာဝတိံသာနတ်ပြည်မှာလဲ ဖြစ်နိုင်တယ်။ သူကြိုက်သလိုလဲ ဖြစ်နိုင်ပါတယ်။ ရှင်မဟာကစ္စည်းကို လှူတဲ့ကုသိုလ်တွေ အင်မတန်ထက်သန်တဲ့ ကုသိုလ်တွေ၊ ဒါပေမယ့်လို့ သူက သူ့အိမ်သူ့အိမ်သားတွေနဲ့ အတူတကွတွေ့မြင်ပြီးတော့ နေချင်တာနဲ့ အဲဒီမှာ ဖြစ်ပါစေလို့ သူကစိတ်ညွတ်မိတာနဲ့ သူတို့နဲ့အတူတကွဖြစ်ရတာတဲ့။

အဲဒါနဲ့မှာလိုက်သေးတယ်။ သူက သောဏတဲ့။ မင်း ဝါသဝန္တာကို မင်းသွားမယ်မဟုတ်လားတဲ့။ မင်းသွားလို့ရှိရင် ငါ့သမီးရှိတယ်တဲ့။ ငါ့သမီးလဲ မကောင်းမှုတွေ မပြုလုပ်အောင် မင်းပြောလိုက်ပါကွယ်တဲ့။ မင်းအမေတွေလဲ တွေ့ခဲ့တယ်။ အဖေတွေလဲ တွေ့ခဲ့တယ်။ မင်းမောင်လဲ တွေ့ခဲ့တယ်။ မင်းယောက်မလဲ တွေ့ခဲ့တယ်။ မင်းတို့အိမ်က အစေခံမလဲ တွေ့ခဲ့တယ်။ ဒီလိုဒုက္ခ သုက္ခတွေ ရောက်နေတာ တွေ့ခဲ့ရတယ်။ အမေကတော့ မဆင်းရဲပါဘူး။ အမေကတော့ ချမ်း သာနေတာပါပဲ။ အဲဒါတွေကိုမှာလိုက်တယ်။ မကောင်းမှုတွေမပြုနဲ့၊ မကောင်းမှုဆိုတာ မကောင်း သောအကျိုးတွေပေးတတ်တယ်လို့ အဲဒီလိုမှာလိုက်တယ်လို့ ပြောလိုက်ပါဆိုတော့ သောဏက ပြောတယ်။

http://www.dhammadownload.com

အမကြီးခုနကပြောတယ်၊ ဇမ္ဗူဒီပ်က လူတွေဟာ မယုံတတ်ဘူးလို့ ပြောတယ်၊ ကျုပ်ပြောလို့လဲ ယုံမှာမဟုတ်ဘူး၊ ဘယ့်နှယ်လုပ်မတုန်း၊ သူတို့ယုံစရာ သက်သေအထောက်အထား ပေးလိုက်မယ်၊ သူအရင် အဖေ့အိမ်အောက်မှာ စဉ်အိုး ၄-လုံးရှိတယ်၊ ရွှေတွေအပြည့်နဲ့ ကြေးအိုးတွေဆိုတာ၊ ရွှေအိုးတွေရှိတဲ့ နေရာနဲ့ ပြောလိုက်တယ်၊ ပြီးတော့ကို ရွှေကာရားလဲရှိတယ်။ မင်းမသွားချင်ဘူးလား။ သွားချင်ပါတယ်။ ပြိတ္တာတွေက တန်ခိုးတော့ရှိတယ်။ စားတာသာ မစားရတာ။ တန်ခိုးတော့ရှိတယ်။ အဲဒီပြိတ္တာတွေကို သူကခိုင်းတယ်။ သောဏကို သူအရပ်ထိအောင်ပို့ရမယ်လို့ သူ့အဖေရဲ့ဥယျာဉ်ထဲ သွားပို့ရမယ်လို့ဆိုတော့ သူအဖေဥယျာဉ်ထဲ သွားပို့လိုက်ရတယ်။ ဥယျာဉ်ထဲပို့ ထားခဲ့တယ်။ အိပ်ရာကနိုးတဲ့အခါ ကြည့်လိုက်တဲ့အခါကျတော့ သူအဖေဥယျာဉ်ထဲမှာ ရောက်တာကိုး။ အဲဒီဥယျာဉ်ထဲမှာ အားလုံး ၁၂-နှစ်ကြာတယ်ဆိုတာကိုး။ ပျောက်နေတာ။ အဲဒီနတ်ဘုံဗိမာန်ထဲမှာ သူတော်တော်ကြာဟန်တူပါတယ်။ အဲဒီမှာ တံခွန်ကုက္ကားတွေ ဆွဲထားတာ တွေ့ရတယ်တဲ့။

ဟိုကလှည်းကုန်သည်တွေ ပြန်လာတဲ့အခါကျတော့ စုံစမ်းပြီးတော့ စုံစမ်းလို့ဘာမှမရလို့ ဧကန်သေပြီလို့ဆိုပြီးတော့ တံခွန်ကုက္ကားတွေနဲ့ ဆွမ်းတွေသွပ်လို့ ပေါ့လေ။ မသေသေးလို့ရှိရင်လဲပဲ မြန်မြန်လာပါစေဆိုပြီးတော့ ဆုတောင်းစာတွေနဲ့ ဆွဲထားတယ်။ အဲဒါတွေကို သူကတွေ့တော့ ငါ့ကိုသေပြီလို့ အောက်မေ့တာကိုး။ ဟိုမှာ စာတွေဆွဲထားတယ်။ ငါသေပြီလို့ အောက်မေ့မှတော့ ငါ့အမေ၊ အဖေတွေဆီ မသွားတော့ပါဘူး။ ရှင်မဟာကစ္စည်းဆီသွားပြီး သင်္ကန်းပဝတ်တော့မယ်လို့ စိတ်ကူးတာကိုး။ စိတ်ကူးပြီးတော့ ရှင်မဟာကစ္စည်းဆီသွားတယ်။ ရှင်မဟာကစ္စည်းဆီသွားပြီးတော့ ရှင်မဟာကစ္စည်းကမေးတယ်။ ရှင်မဟာကစ္စည်းက သိပြီးသား ဖြစ်နေတာကိုး။ ဘယ့်နှယ်တုန်း သောဏ မင်းတမလွန်လောကအကြောင်းတွေ တွေ့ခဲ့ပြီးမဟုတ်လား။ မျက်မှောက်လောကအကြောင်းလဲ တွေ့ခဲ့ပြီမဟုတ်လား။ တွေ့ခဲ့ ပါပြီဘုရားတဲ့။ တပည့်တော်အမျိုးမျိုးတွေ့ခဲ့ပါပြီ။ တွေ့ခဲ့တော့ သံဝေဂ ဖြစ်တယ်တဲ့။ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရားလို့ တောင်းပန်တော့ မင်းဒီလို မဖြစ်သေးဘူးတဲ့။

http://www.dhammadownload.com

မင်း . . ဟိုက မှာလိုက်တာတွေ ရှိပါသေးကော။ အဲဒါတွေ မင်းဝန်ခံလာတာတွေ သူတို့ဆွေမျိုးတွေသွားပြောဦး။ သွားပြောဦးမှ ဖြစ်မှာဆိုတော့ သွားပြောတော့ ဟိုကလူတွေမယုံပါဘူး။ မကြားဘူးပါဘူး။ တမလွန်လောက ပြိတ္တာလောကက ပြန်ပြီးလာတဲ့ပုဂ္ဂိုလ်တွေ တစ်ခါမှမတွေ့ဘူးသေးဖူး။ ခင်ဗျားပြောတာမယုံဘူး။ မဟုတ်နိုင်ဘူးဆိုပြီးတော့ ငြင်းကြတာကိုး။ ငြင်းကြတော့ သူကသက်သေဖော်ပြတယ်။ ရွှေအိုးတွေ ဘာတွေထိုးပြတယ်။ ထိုးပြတော့မှ အဲဒါတွေတွေ့တယ်။ မကြားတော့ မကြားဖူးဘူး။ ဒါပေမယ့်လို့ ဟုတ်လို့တွေ့လို့ရှိရင်တော့ သူပြောတာဟုတ်မှာပဲဆိုပြီးတော့ တူးကြည့်တော့ သူမှာလိုက်တဲ့အတိုင်း ရွှေအိုးတွေက တွေ့တာကိုး။ တွေ့တော့မှယုံကြည်တယ်။ မျက်မှောက်သဒ္ဓါတရား။

သောဏ ရဟန္တာဖြစ်

သောဏက စဉ်းစားတယ်။ ငါ့တော့်မယုံဘူး။ ဆွေမျိုးတွေ ပုဂ္ဂိုလ်တွေက သွားပြော။ ပြောလို့အမေအဖေတွေက မယုံပါဘူး။ ၁၂-နှစ်တောင်ကြာပြီ။ မဟုတ်နိုင်ပါဘူး။ သောဏ ရောက်လာတယ်ဆိုတာ မဟုတ်နိုင်ဘူးဆိုပြီးတော့ မယုံကြဘူး။ မယုံကြတော့ သွေးစွာအသံကြားတော့ သိတာကိုး။ အဲဒီမှာ ပြောကြဆိုကြ ငိုကြရယ်ကြပေါ့လေ။ အဲဒီကနေပြီးတော့ သူအမေ အဖေတွေဆီမှာ သူက ရဟန်းခံဖို့ရာတောင်းပန်တယ်။

တောင်းပန်တဲ့အခါကျတော့ အမေအဖေတွေကကွယ်တဲ့။ မင်း ၁၂-နှစ်တောင်ပဲ၊ မင်းသေပြီအောက်မေ့လို့ တို့မှာတစ်ခါတည်း မျက်ရည်နဲ့မျက်ခွက် ငိုလိုက်ရတာတွေတဲ့။ မျက်စိများတစ်ခါတည်း ကျိန်းလို့တဲ့။ မျက်စိများမမြင်လောက်အောင် ဖြစ်နေတာ။ ငါသားရောက်လာမှ မျက်စိများလဲ မြင်မြင်ထင်ထင်ရှနိုင်ကြည့်နိုင်တာတဲ့။ မင်းကတစ်ခါ ရဟန်းပြုဦးမယ်ဆိုရင် တို့အမေအဖေတွေ ဘာအားကိုးရာရှိတော့မှာလဲတဲ့။ ဒီတော့ ရဟန်းမပြုပါနဲ့ဦးဆိုတော့ တားထားကြတယ်။ တို့သေပြီးတဲ့အခါကျမှ ရဟန်းပြုပါတော့ဆိုပြီးတော့ တားထားလို့သူက ရဟန်းမပြုရဘူး။ မိဘတွေသေမှ ရဟန်းပြုရတဲ့အဖြစ်ရောက်သွားတယ်။ ရဟန်းပြုပြီးတော့လဲ ရဟန်းက ရုတ်တရက်မဝတ်ရသေးဘူး။ ကိုရင်ဝတ်တယ်။

http://www.dhammadownload.com

အဲဒီအရပ်က ရဟန်းရှားတာကိုး။ ဘုရားလက်ထက်က သာသနာက ထွန်းကား ကာစဆိုတော့ မြတ်စွာဘုရားက သိက္ခာပုဒ်ပညတ်ထားတာရှိတယ်။ ရဟန်းခံရင် ၁၀-ပါးစေ့မှ ရဟန်းခံနိုင်တယ်။ ၁၀-ပါးရဟန်းက စုဖို့ရာမလွယ်ဘူးဆိုတာကိုး။ ဟိုမှာတစ်ပါး၊ ဒီမှာတစ်ပါး၊ အင်မတန်ရှားတယ်ဆိုတာကိုး။ တောင်ပေါ်တွေမှာ ဘုန်းကြီးရှားသလို ဟိုနိုင်ငံတွေမှာလဲ ဒီလိုပဲ။ ရဟန်းတွေက ရှားကရှားပါးဘိသနဲ့။ တစ်ပါးနှစ်ပါး ဆယ်ပါးဆိုတာ အင်မတန်ရဖို့ရာ ခဲယဉ်းတယ်။ အဲဒီတော့ ဟိုမှာ ၁-ပါး ၂-ပါး ရှင်မဟာကစ္စည်းက ရဟန်းခံဖို့ရာပင့်လာပြီး စောင့်နေပါဦးဆိုရင် ဒီကကိုယ်တော်တွေက မနေချင်တာနဲ့ သွားရင်းနဲ့ အကြာကြီးသွားရတယ်။ စုဆောင်းပြီးတော့ ရဟန်းခံပေးရတယ်ဆိုတာကိုး။ ၁၀-ပါးပြည့်အောင်။

အဲဒါနဲ့ နောက်ကျတော့ ရဟန်းပြုပြီးတော့ ခုနက ရှင်သောဏက ရှင်မဟာကစ္စည်းထံ ခွင့်ပန်တဲ့အခါမှာ မဟာကစ္စည်းကမှာလိုက်တယ်။ မြတ်စွာဘုရားထံ ရောက်တဲ့အခါကျတော့ သင့်လျော်တဲ့အချိန်မှာ ဝိနည်းပညတ်တွေကို ခွင့်တောင်းခဲ့ပါလို့။ ပစ္စန္တရစ်အရပ်၊ အစွန်အဖျားကျတဲ့အရပ်တွေမှာ သံဃာနည်းပါတယ်။ ၁၀-ပါးမဟုတ်ပဲနဲ့ ၁၀-ပါးထက်လျော့ပြီးတော့ ရဟန်းခံနိုင်အောင် စသည်ဖြင့် ပေါ့လေ။ ခွင့်တောင်းခိုင်းတယ်။ ဒါလေးတွေတော့ များပါတယ်။ ရေချိုးတာနဲ့စပ်ပြီးတော့ အမြဲတမ်းရေချိုးဖို့၊ ဖိနပ်လဲပဲ သားရေအထပ်ထပ်ရှိတဲ့ဖိနပ်စီးဖို့။ ပြီးတော့ သားရေလဲပဲ သိုးရေတို့၊ ဆိတ်ရေတို့သုံးဆောင်ဖို့၊ အဲဒီလိုဟာတွေအားလုံး ၅-ခု ရှိပါတယ်။ မျက်ကွယ်မှာလှူတဲ့ အလှူသက်နိုးတွေလဲ လက်ရောက်မှပဲ ကိုယ့် ပစ္စည်းအဖြစ်နဲ့ အသိအမှတ်ပြုပြီးတော့ အဓိဋ္ဌာန်တင်ဖို့ရာတွေ ဝိနည်းတွေနဲ့စပ်ပြီးတော့ တောင်းခံတဲ့စကားတွေ၊ အတိုချုပ်ပြောမယ်။ ဒါတောင် နည်းနည်းစီပါသွားအောင်။

မြတ်စွာဘုရားထံ ရောက်တဲ့အခါကာလကျတော့ မြတ်စွာဘုရားက အရှင်အာနန္ဒာကို အမိန့်ပေးတယ်။ သောဏအတွက်အိပ်ရာနေရာ ပြင်လိုက်ပါလို့ပြောတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားရဲ့အလုပ်အကျွေးဆိုတော့ မြတ်စွာဘုရားရဲ့အခြေအနေကိုသိတယ်။ မြတ်စွာဘုရားကိုယ်တိုင် ဒီပုဂ္ဂိုလ်တစ်ယောက်ရဲ့ နေရာပြင်ဖို့သိတယ်ဆိုလို့ရှိရင် တခြားမှာပြင်ဖို့မဟုတ်ဘူး။ မြတ်စွာဘုရားသီတင်းသုံးတဲ့

http://www.dhammadownload.com

ဂန္ဓကုဋီတိုက်မှာပဲ သီတင်းသုံးဖို့ခိုင်းတယ်။ ဘုရားသီတင်းသုံးတဲ့ ဂန္ဓကုဋီတိုက်မှာ ဘယ်သူမှ အတူတူနေရဖူးတာမရှိဘူး။ ရှင်သောဏတစ်ယောက်ပဲ နေရဖူးတယ်။ အဲဒီမှာသီတင်းသုံးတော့ မြတ်စွာဘုရားလဲပဲ ဘုရားတို့ဗုဒ္ဓကိစ္စတွေကို နှလုံးသွင်းဆင်ခြင်ပြီးတော့ နေတယ်။ အဲဒီရှင်သောဏကလဲ တရားနဲ့နှလုံးသွင်းပြီးတော့ ဒီလိုပဲနေတယ်။ နှလုံးသွင်းနေတဲ့အခါမှာ မနက်စောစောကျတော့ကို သောဏသင်ရဲ့တရားတွေကို ရွတ်ဖတ်ဦး။ ငါဘုရား နာမည်ဆိုတော့ ဘုရားဟောထားတဲ့ဂါထာတွေကို သူက သံနေသံထားနဲ့ အချိုးကျကျရွတ်တယ်ဆိုတာကိုး၊ ရွတ်တော့ အိန္ဒိယအသံတော့ ကြိုက်မှာမဟုတ်ဘူး။ မြန်မာသံနဲ့ ရွတ်ရမှာ။ နည်းနည်းတော့ ရွတ်ရဦးမယ်။

ကာမဂုဏ်မရရင် ပျက်စီးသွားနိုင်

ကာမံ၊ ကာမဂုဏ်အာရုံဝတ္ထုကို။ **ကာမယမာနဿ**၊ အလိုရှိသော။ **တဿ ဧဿနေ**၊ ထိုပုဂ္ဂိုလ်အား။ **တေကာမာ**၊ ထိုကာမဂုဏ်တရားတို့သည်။ **သစေ ဂမိဿန္တိ** အကယ်၍ ကျူးလွန်သည်ဖြစ်ငြားအံ့။ **ဓဝံ**၊ ဤသို့ကျူးလွန်သည်ရှိသော်။ **ဆုဒ္ဓိ**၊ နှစ်သက်အားရခြင်း ဝမ်းမြောက်ခြင်းသို့။ **အာဝဋ္ဋတိ**၊ ရောက်လေတော့၏။

ကာမဂုဏ်အာရုံတွေကို နှစ်သက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေ၊ ကာမဂုဏ်အာရုံတွေရလို့ရှိရင်တော့ နှစ်သက်အားရ ဝမ်းမြောက်ခြင်းတွေဖြစ်တယ်တဲ့။ အဲဒီလို ကာမဂုဏ်အာရုံတွေကို လိုချင်နှစ်သက်နေတဲ့ ပုဂ္ဂိုလ်ဟာ ကာမဂုဏ်အာရုံတွေကမရဘူး။ ပျက်စီးသွားတယ်ဆိုလို့ရှိရင်တော့ **"ဆဿတိဒ္ဓါဝ ဝိဇ္ဈတိ"** မြားမှန်တဲ့ ပုဂ္ဂိုလ်လိုပဲတဲ့။ ရှုပ်တွေကဖောက်ပြန်ပြီး ပျက်စီးပြီးတော့သွားတယ်တဲ့။ ဆင်းရဲဒုက္ခရောက်ပြီးတော့ သွားတယ်။ အဲဒီဂါထာတွေကို မြတ်စွာဘုရားဟောတော်မူတဲ့ အသံတော်နည်း ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ မြတ်စွာဘုရားကို လျှောက်ထားတယ်။ အဲဒီလို လျှောက်ထားရင်း ရဟန္တာဖြစ်သွားတယ်ဆိုတာကိုး။

အဲဒါ အကြောင်းပြုပြီးတော့လဲ မြတ်စွာဘုရားက ရှင်သောဏမထေရ်ကို ဂန္ဓကုဋီတိုက်မှာ သီတင်းသုံးဖို့ရာ ခွင့်ပြုတယ်။ ဒီလိုခွင့်ပြုမှ ဒီဂါထာတွေကို ရွတ်ရမယ်။ ဒီဂါထာတွေရွတ်ပြီးတော့မှ သူ ရဟန္တာဖြစ်မယ်။ အဲဒါတွေကို မြတ်စွာ

http://www.dhammadownload.com

ဘုရားက ဒီမှာအနေခိုင်းတာကိုး။ ဒီလိုအရွတ်ခိုင်းပြီးတော့ ခွင့်ပြုပြီး သာဓု အနုမောဒနာ ခေါ်တယ်။

နောက်တော့မှ ရှင်မဟာကစ္စည်းမှာလိုက်တဲ့ ၁၀-ပါးသော ဒသဝဂ်သံယာနဲ့ ရဟန်းခံခြင်းလဲ လျှောပြီးတော့ နည်းတဲ့ဝဂ်နဲ့ ရဟန်းခံနိုင်ဖို့ရာ ခွင့်ပြုဖို့ကစပြီးတော့ ရှင်မဟာကစ္စည်းမှာလိုက်တာတွေကို လျှောက်ထားတယ်။ လျှောက်ထားတော့ မြတ်စွာဘုရားက ဒီမှာခွင့်ပြုပါတယ်။ အဲဒီခွင့်ပြုလို့ အိန္ဒိယအလယ်ပိုင်း မဟုတ်တဲ့ ဒီပြင်နေရာတွေမှာ ၅-ပါးနဲ့ ရဟန်းခံလို့ရတယ်။ မြန်မာပြည်တို့လဲ ၅-ပါးနဲ့ ရဟန်းခံလို့ရတယ်။ ဒီပြင်လဲပဲ အမြဲတမ်းရေချိုးခြင်းတို့၊ သားရေအထပ်ထပ် အလွှာလွှာရှိတဲ့ ဖိနပ်ကိုစီးခြင်း၊ အသားရေအခင်းတွေကို သုံးဆောင်ခြင်း၊ အဲဒီလို ဟာတွေကို ဒီမှာသုံးဆောင်နိုင်တယ်။ ပြီးတော့ မျက်ကွယ်ပြုလုပ်တဲ့ အဝတ်သင်္ကန်း တွေကိုလဲ သင်္ကန်းတွေဆိုရင် လှူသည့်အချိန်ကစပြီးတော့ မယူဘဲနဲ့ ကိုယ့်လက် ရောက်တဲ့အချိန်ကစပြီးတော့ ၁၀-ရက်အတွင်း အဓိဋ္ဌာန်တင်ပြီးတော့ သုံးဆောင် နိုင်တဲ့ ဝိနည်းသိက္ခာပုဒ်တွေ အဲဒီကနေပြီး တစ်ဆင့်ခွင့်ပြုတယ်။ အဲဒီ ရှင်သောဏ မထေရ်ရဲ့ ဝတ္ထုအတ္ထုပ္ပတ်အစဉ်က -

တာမံ ကာမယမာနဿ၊ ဆန္ဒဇာတဿ ဧန္တုနော၊
အဒ္ဓါ ပီတိမနော ဟောတိ၊ တဿဧတေ သမိဇ္ဈတု၊

ကာမံ၊ ကာမဂုဏ်အာရုံဝတ္ထုကို။ **ကာမယ မာနဿ**၊ အလိုရှိသော။ **တဿ ဧန္တုနော**၊ ထိုပုဂ္ဂိုလ်အား။ **တေသံ**၊ ထိုအလိုရှိအပ်သော ကာမဂုဏ်ဝတ္ထုတို့၏။ **ဧေ သမိဇ္ဈတိ**၊ အကယ်၍ပြည့်စုံသည်ဖြစ်ငြားအံ့။ **အဒ္ဓါ**၊ မချွတ်ဧကန်။ **သော**၊ ထိုပုဂ္ဂိုလ်သည်။ **ပီတိမနော**၊ ဝမ်းမြောက်သော စိတ်နှလုံးရှိသည်။ **ဟောတိ**၊ ဖြစ်သတည်း။

ကာမဂုဏ်ဆိုတာ ဘေးရန်အန္တရာယ်

ကာမဂုဏ်အာရုံတွေ အလိုရှိနေတဲ့ပုဂ္ဂိုလ်ဟာ ကာမဂုဏ်အာရုံတွေပြည့်စုံရင် ဝမ်းမြောက်တယ်။ ကာမဂုဏ်အာရုံတွေ အလိုရှိနှစ်သက်နေတဲ့ပုဂ္ဂိုလ်ဟာ

http://www.dhammadownload.com

ကာမဂုဏ်အာရုံတွေ ပျက်စီးသွားလို့ရှိရင် ရဖို့ရာတွေမရလို့ရှိရင် စိတ်ပျက်တယ်။ မြားမှန်တဲ့ပုဂ္ဂိုလ်လိုပဲ ဖောက်ပြန်ချွတ်ယွင်းပြီးတော့သွားတယ်။ ပုံမတော်ရင် သေလဲသေတတ်တယ်။ ချွဲလဲ ချွဲတတ်တယ်။ ရောဂါဝေဒနာတွေ စွဲကပ်တတ်တယ်။ အဲဒီလို ဒုက္ခတွေ ရောက်တယ်လို့ဆိုပါတယ်။

ကာမဂုဏ်အာရုံဆိုတာ ဘေးရန်အန္တရာယ်တွေပဲလို့ ဒီကစပြီးတော့ တရားဂါထာတွေ အဲဒီဂါထာတွေရွတ်ဖတ်ပြီးတော့ လျှောက်ထားတာ။ အဲဒီအရှင်သောဏမထေရ်ဝတ္ထုထဲမှာ ခုနက ပုဏ္ဏားမကနေပြီးတော့ တန်ခိုးကြီးတဲ့ဝေမာတိကပြတ္တာမလို့ ဆိုရမှာပေါ့။ ပြိတ္တာဆိုပေမယ်လို့ နတ်ပါပဲ။ အဲဒီဝတ္ထုမှာ နန္ဒီရာဂကြောင့် သူအိမ်သားဖြစ်တဲ့ ခင်ပွန်းသည်နှင့် သူသားနဲ့၊ သူချွေးမနဲ့၊ သူကျွန်မနဲ့အတူတူဖြစ်တော့ နေရအောင်။ [ဤမျှသာရှိသည်၊ တရားနိဂုံးမပါ။]

သောဏရဟန်း ဆုငါးပါးတောင်းဆဖြင့်
ဘုရားရှင် ခွင့်ပြုတော်မူခြင်း

၁။ ပစ္စန္တရစ်တို့၌ ရဟန်းရှားပါးသောကြောင့် ဝိနည်းခိုရ် ပုဂ္ဂိုလ်လျှင် ငါးပါးရှိသော ရဟန်းအပေါင်းဖြင့် ရဟန်းပြုကံဆောင်နိုင်ခြင်း။

၂။ ပစ္စန္တရစ်တို့၌ မြေကြမ်းတမ်းသောကြောင့် အထပ်ထပ်သောဖိနပ်ကို စီးနင်းနိုင်ခြင်း။

၃။ ပစ္စန္တရစ်တို့၌ လူတို့သည် အလေးပြု၍ ရေချိုးလေ့ရှိသောကြောင့် အမြဲ ရေချိုးနိုင်ခြင်း။

၄။ ပစ္စန္တရစ်တို့၌ ဖျာအလား သားရေခင်းလေ့ရှိကြသောကြောင့် ဆိတ်သား ရေ, သမင်းသာရေတို့ကို ခင်းသုံးနိုင်ခြင်း။

၅။ အရပ်တစ်ပါး သွားဆဲရဟန်းအား လှူသောသင်္ကန်းကို လက်သို့ရောက်မှ ရက်ရေတွက်၍ ဆယ်ရက်အတွင်း ဝိနည်းကံပြုရခြင်း။

× × × × ×

http://www.dhammadownload.com

အာသီဝိဝေဘမသုတ်

တရားတော်

၁၃၂၈-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် (၈) ရက်နေ့ ဟောကြားတော်မူသည်။

ရွာပျက်ပမာ ၆-ဖြာ ဒွါရ ရှုမြင်ကြ

အာသီဝိသောပမသုတ္တန် တရားတော်၊ ပထမမွေ့ ၄-ကောင်အကြောင်း ဟောပြီးပြီ။ မဟာဘုတ်ကြီး ၄-ပါးဟာ မွေ့လေးကောင်နဲ့တူတယ်ဆိုတာ ဟောပြီးသွားပါပြီ။ "သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်" သူသတ်သမားကြီးငါးဦးက ခန္ဓာငါးပါးနဲ့တူတယ်ဆိုတာလဲ ဟောပြီးသွားပါပြီ။ "မိတ်ညာရန်ဖက် တပ်စွဲချက်ကြောင့်" ဆဋ္ဌ ၆-ခုမြောက် အန္တရဆိုတာ အတွင်းသားပုဂ္ဂိုလ်၊ အတွင်းသားဖြစ်တဲ့ သူသတ်သမား၊ နန္ဒီရာဂ နှစ်သက်တပ်စွဲမှုပဲဆိုတာလဲ ဟောပြီးသွားပြီ။ တစ်နေ့ကသိတင်းကပြီးသွားပြီ။

ရွာပျက်ကုန်းပမာ ၆-ဖြာ ဒွါရ

ဒီကနေ့ အလှည့်ကျတာကတော့ "မိတ်ညာရန်ဖက်၊ တပ်စွဲချက်ကြောင့်၊ ရောက်ကတစ်ဖုံ၊ ရွာပျက်သည်" ရွာပျက်ကုန်း ဒွါရ ၆-ပါး၊ ရွာပျက်ကုန်းရောက်တယ်။ အဲဒါ ဒီကနေ့ဟောရတယ်။

http://www.dhammadownload.com

မြွေ ၄-ကောင်ကို ဘုရင်မင်းရဲ့အမိန့်အရ ထိန်းကျောင်းနေရတဲ့ မြွေထိန်းသမားဟာ မြွေတွေအိပ်ပျော်နေတဲ့အခါ မြွေကြီးတွေအသာချပြီးတော့ ထွက်ပြေးတယ်။ အာဇာဖီဆန်မှုနဲ့ ဘုရင်းမင်းမြတ်က သူ့ကိုသတ်နိုင်တဲ့ပုဂ္ဂိုလ် တွေ့ရာသတ်ဖို့ ကြေငြာတဲ့အခါကျတော့ သူ့ရဲ့ ရန်သူကြီးငါးဦးပေါ် ထွက်လာတယ်။ ရန်သူကြီးငါးဦးလဲ တွေ့ရာသတ်ဖို့ရာ အမိန့်ပေးလို့ ရန်သူကြီးငါးဦးလဲ နောက်ကလိုက်၊ မြွေကြီး ၄-ကောင်ကလဲ နောက်ကကိုက်ဖို့ရာ သူသွားရာအနံ့ခံပြီးတော့ လိုက်လာတယ်။ မြွေထိန်းယောကျ်ားက ပြေးနေရတယ်။ ဒီလို ပြေးနေရာမှာ သူ့ရဲ့မိတ်ဆွေဖြစ်တဲ့ ငယ်ပေါင်းကြီးဖော် အင်မတန်ရင်းနှီးတဲ့ပုဂ္ဂိုလ်ကလဲ ဘုရင်မင်းမြတ်က ပူးသတ်ဖို့ရာ သူလဲ ရာထူးဌာနန္တရပေးမယ်ဆိုပြီးတော့ သူလဲ တွေ့ရာသတ်ဖို့ လွှတ်လိုက်တယ်။ အဲဒီလူကလဲ နောက်က အဝေးကသတင်းပို့ပြီးတော့ ပူးပြီးတော့ သတ်ဖို့ရာ အားထုတ်တယ်။

အဲဒီလို ထွက်ပြေးနေရတာ နောက်က မြွေ ၄-ကောင်ကလဲ တွေ့ရာကိုက်မယ်ဆိုပြီးတော့ လိုက်နေတယ်။ သူသတ်သမားကြီး ငါးယောက်ကလဲ တွေ့ရာသတ်ဖို့ရာ လိုက်နေတယ်။ သူ့ရဲ့မိတ်ဆွေဖြစ်တဲ့ အင်မတန်ရင်းနှီးတဲ့ ပုဂ္ဂိုလ်ကလဲပဲ ရာထူးဌာနန္တရတွေ မက်မောပြီးတော့ တွေ့ရာသတ်ဖို့ရာ သူကလဲ ပူးပေါင်းပြီးတော့ သတ်ဖို့ရာ ချော့ပြီးပူးပေါင်းသတ်ဖို့ရာ သူကလဲ နောက်ကလိုက်လာတယ်။

အဲဒါတွေ သတင်းကြားရတာနဲ့ မြွေထိန်းယောကျ်ားက အင်မတန်ကြောက်ပြီးတော့ ထွက်ပြေးနေရတယ်။ ဘယ်ရောက်သွားတုန်းဆိုတော့ ရွာပျက်ကုန်းရောက်သွားတယ်တဲ့။ အိမ် ၆-အိမ်ရှိတဲ့ ရွာပျက်ကုန်းရောက်သွားတယ်။ နွေးက လူနေအိမ်ခြေ လူတွေနေတဲ့ရွာ၊ အခုတော့ အကြောင်းတစ်ခုခုကြောင့် မနေနိုင်လို့ ရွာစွန့်ပစ်ပြီးတော့ တခြားကို လူတွေထွက်ပြေးသွားတဲ့ လူမရှိတဲ့ရွာကိုရောက်တယ်။ ရွာပျက်ကုန်းခေါ်တာပေါ့။ သုညဂါမ-သုညလူဆိတ်နေတဲ့ ဘာမှလူမရှိတဲ့ ဂါမ-ရွာ၊ လူမရှိတဲ့ ရွာပျက်ကုန်းလို့ မြန်မာလိုကတော့ ဒီလိုပဲဘာသာပြန်ရတယ်။ အဲဒီရောက်သွားတယ်။

ရောက်သွားတော့ မောမောပန်းပန်းနဲ့ ဒီရွာဖြင့်ရင် စားစရာတွေသောက်စရာတွေ ရကောင်းပါရဲ့ဆိုပြီး ရွာထဲဝင်သွားတော့ လူတစ်ယောက်မှမတွေ့ဘူး။

http://www.dhammadownload.com

အိမ်တွေမှာ တက်ကြည့်တော့လဲ လူတစ်ယောက်မှမတွေ့၊ အသုံးအဆောင်လဲ ဘာမှမတွေ့၊ အိုးတွေခွက်တွေဖွင့်ပြီး နှိုက်ပြုကြည့်တော့လဲ အိုးတွေခွက်တွေထဲမှာလဲ ဘာမှမရှိဘူး၊ ရေတောင် သောက်စရာမရှိဘူး။ ရွာက လူမရှိတဲ့ရွာဖြစ်နေတယ်။

ဒီတော့ မူလက ဒီရွာဖြင့်ရင် အားကိုးစရာဖြစ်မှာပဲ။ စားဖို့ သောက်ဖို့ရာတွေ တစ်စတစ်စရမှာပဲလို့ အားကိုးတကြီးနဲ့ဝင်လာတာ။ ဘာမှအားမကိုးရတဲ့ ရွာပျက်ကုန်းကြီးဖြစ်နေတာကို သိရတယ်တဲ့။ အဲဒါက ဘာတုန်းဆိုလို့ရှိရင် ဒွါရ ၆-ပါး ပါပဲတဲ့။

ဓာတ်ကြီး ၄-ပါးကြောက်လို့ တရားအားထုတ်ခြင်း

မြတ်စွာဘုရား၏ ညွှန်ကြားချက်အရနဲ့ မွေ့ ၄-ကောင်နဲ့တူတဲ့ မဟာဘုတ် ၄-ပါးကိုလဲ လွန်မြောက်နိုင်အောင် တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဟာ ယောဂီပုဂ္ဂိုလ်တွေပါပဲ။ မိမိတို့သန္တာန်မှာရှိတဲ့ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄-ပါးကိုကြောက်ပြီးတော့ ဒီဓာတ်ကြီး ၄-ပါးဖောက်ပြန်ပြီးတော့ ဘဝတိုင်းဘဝတိုင်းလဲ သေခဲ့လှပြီ။ ယခုဘဝလဲ တစ်နေ့ကျရင် ဒီဓာတ်ကြီး ၄-ပါး ဖောက်ပြန်ပြီးတော့ သေရလိမ့်မယ်။ နောက်နောက်သော ဘဝတွေမှာလဲ ကိလေသာမကင်းသေးရင် ဘဝတွေကရှိသေးတော့ ဖြစ်လာတဲ့ဘဝမှာ ဓာတ်ကြီး ၄-ပါးကတော့ အရင်းခံရှိရမှာကိုး။ ရုပ်ရှိတဲ့ဘုံဆိုရင် ရှိရမှာပဲ။ အဲဒီဓာတ်ကြီး ၄ -ပါး ဖောက်ပြန်ပြီး အဲဒီဘဝတွေမှာလဲ ဒီလိုပဲ သေသေပြီး သွားရဦးမယ်ဆိုတော့ မွေ့ကြီး ၄-ကောင်ဟာ ဘဝတိုင်းဘဝတိုင်း လိုက်ကိုက်နေတာနဲ့ တူတယ်။ ကြောက်စရာကောင်းတယ်လို့ မွေ့ကြီး ၄-ကောင်ကြောက်သလိုပဲ။ မိမိတို့သန္တာန်မှာရှိတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄-ပါးကိုကြောက်ပြီးတော့ တရားအားထုတ်ကြရတာကိုး။

ဒီမှာ ယောဂီပုဂ္ဂိုလ်တွေ တရားအားထုတ်တယ်ဆိုတာ ဒါပဲ။ တခြားမဟုတ်ဘူး။ မိမိတို့သန္တာန်မှာရှိတဲ့ ဓာတ်ကြီး ၄-ပါးကို ကြောက်ပြီးတော့အားထုတ်နေရတာ။ မကြောက်ရင်တော့ အားထုတ်စရာမလိုဘူး။ မကြောက်တဲ့ပုဂ္ဂိုလ်တွေက သေချင်လဲသေ ကိစ္စမရှိဘူးဆိုရင် သူကတော့ အားထုတ်စရာမလိုဘူး။ အခုတော့ ဒီဓာတ်

http://www.dhammadownload.com

ကြီး ၄-ပါး ဘဝတိုင်းဘဝတိုင်း လိုက်ပြီးတော့ ဖောက်ပြန်ပြီး သတ်နေတယ်။ ဓာတ်ကြီး ၄-ပါးဟာ မြွေကြီး ၄-ကောင်နဲ့တူတယ်။ အင်မတန်ကြောက်စရာကောင်းတဲ့ တရားတွေပဲ။ ဓာတ်ကြီး ၄-ပါးကို ကြောက်ရွံ့ပြီးတော့ အခု တရားအားထုတ်နေကြတယ်။

ခန္ဓာ ၅-ပါး သူသတ်သမား

မြတ်စွာဘုရားဟောကြားတဲ့ ခန္ဓာငါးပါးဟာ သူသတ်သမားကြီးတွေ၊ ခန္ဓာငါးပါးဟာ ကောင်းနေတဲ့အခါလဲပဲ သတ်တတ်တဲ့သဘောရှိတာပဲ။ နောက်ဆုံးတစ်နေ့ကျရင် ဖောက်ပြန်ပြီးတော့ ခန္ဓာငါးပါးထဲက တစ်ပါးဖြစ်စေ၊ ၂-ပါးဖြစ်စေ၊ ၃-ပါး၊ ၄-ပါး၊ ၅-ပါးလုံးဖြစ်စေ ဖောက်ပြန်ပျက်စီးပြီးတော့ သတ္တဝါဟာသေရတယ်တဲ့။ ခန္ဓာငါးပါးမဖောက်ပြန်ရင်တော့ သူမသေဘူး။ ဖောက်ပြန်လို့သာ သေသွားတာ။ ခန္ဓာငါးပါးမဖောက်ပြန်ဘဲလဲ မနေဘူး။ တစ်နေ့ကျရင် ဖောက်ပြန်မှာပဲ။ ခန္ဓာငါးပါးရှိနေတဲ့ပုဂ္ဂိုလ်ဆိုရင် ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် အခုခန္ဓာငါးပါးဟာ တစ်နေ့ကျတော့ ဖောက်ပြန်လာတာပဲ။

လူခန္ဓာ ဘယ်လိုကျန်းမာရေးတွေဝရုစိုက် ဘယ်လောက်ပဲဝရုစိုက်နေစေကာမူ အသက်ရှည်အောင်လို့ အသက်ရှည်ဆေးတွေနဲ့ ဆေးတွေဝါးတွေနဲ့ ဘယ်လိုပြုပြင်နေစေကာမူ တစ်နေ့ကျရင် ဒီခန္ဓာငါးပါးဟာ ဖောက်ပြန်ပျက်စီးရတာ၊ မဖောက်ပြန် မပျက်စီးဘဲနဲ့မနေဘူး။ သူကတော့ အိုမင်းပြီးတော့လဲ ဖောက်ပြန်ပျက်စီးတတ်တယ်။ တစ်နေ့ကျရင် ပျက်စီးရတာပဲ။ တည်မနေနိုင်ဘူး။

လူခန္ဓာသာ မဟုတ်ဘူး။ နတ်ခန္ဓာတွေလဲပဲ တစ်နေ့ကျရင် ဒီလိုပဲပျက်စီးရတာပဲ။ ဗြဟ္မာခန္ဓာတွေလဲ တစ်နေ့ကျရင် ပျက်စီးရတာပဲ။ ရုပ်ခန္ဓာသာ မဟုတ်ဘူး၊ နာမ်ခန္ဓာသက်သက် အရှုပဘုံတွေ၊ စိတ်ချည်းထဲ စေတသိက်နာမ်တရားတွေချည်းထဲဖြစ်နေတဲ့ အရှုပဘုံကရှိသေးတယ်။ အဲဒီခန္ဓာတွေလဲ တစ်နေ့နောက်ဆုံးကျရင် ပျက်ရတာပဲ။ ဒီတော့ ခန္ဓာငါးပါးဟာ သူသတ်သမားကြီးငါးယောက်နဲ့တူတယ်။ သူသတ်သမားကြီး ငါးယောက်တွေ့ရာသတ်မယ်လို့ လိုက်နေသလိုပဲ။

http://www.dhammadownload.com

တစ်နေ့ကျရင် ဒီခန္ဓာငါးပါးဖောက်ပြန်ပြီးတော့ သေကြမှာ။ သေခဲ့လှပြီ။ ရှေးရှေးသောဘဝတွေလဲ သေခဲ့ပြီ။ ယခုဘဝလဲ တစ်နေ့ကျတော့ ဒီလိုပဲသေကြမှာတွေ။ အခု အသက်ရှည်ပြီးတော့ နေကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီခန္ဓာငါးပါးဖောက်ပြန်တော့ သေကြမှာတွေ၊ သေလဲ သေသွားပြီ။ အဲဒီခန္ဓာငါးပါး ဖောက်ပြန်တာပဲ။ ဆေးရုံတွေမှာ အစကတည်းက မကျန်းမာလို့ ဆေးရုံတက်နေတာ သေလုသေခါနီးတွေ၊ တချို့ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒါတွေနောက်ဆုံးတစ်နေ့ကျတော့ ဆေးကုလို့မရတော့ သေကြတယ်။ ခန္ဓာငါးပါးဖောက်ပြန်ပြီး ပျက်စီးပြီးသေတာပဲ။ သုသာန်သချိုင်းမှာသွားပြီးစောင့်နေ မသာတွေ မသာတွေချလာတာ။ သေလာတာတွေဟာ ခန္ဓာငါးပါးပျက်စီးပြီးတော့ သေတာတွေချည်းထဲပဲ။

လူသတ်သမားခန္ဓာကလွတ်အောင် တရားအားထုတ်

ဒီခန္ဓာငါးပါးဖောက်ပြန်ပြီးသေတာတွေ မီးလောင်လို့သေသည်ဖြစ်စေ၊ ရေနစ်လို့သေသည်ဖြစ်စေ၊ ဘာကြောင့်ပဲ သေသေခန္ဓာငါးပါးဖောက်ပြန်ပျက်စီးလို့သေရတာပဲ။ အဲဒီခန္ဓာငါးပါးဟာ ရှေးရှေးသောဘဝတွေကတည်းက ဖောက်ပြန်ပျက်စီးပြီး သတ်ခဲ့လှပြီ၊ ယခုဘဝလဲ တစ်နေ့ကျတော့ သတ်ဦးမယ်။ နောက်နောက်သော ဘဝတွေမှာလဲ ကိလေသာမကင်းသေးရင် ဘဝအသစ်တွေဖြစ်ရတယ်။ ဖြစ်ရာဖြစ်ရာဘဝမှာ ဒီလိုခန္ဓာငါးပါးတွေနဲ့ပဲ ဒီခန္ဓာငါးပါးတွေဖောက်ပြန်ပြီး တစ်နေ့ကျလို့ရှိရင် ဒီလိုသေသေပြီး သွားရမယ့်ဟာတွေချည်းပဲ။

အဲဒါတွေမြင်ပြီး ခန္ဓာငါးပါးသူသတ်သမားတွေကို ကြောက်သောအားဖြင့် ဒီခန္ဓာငါးပါးက လွတ်မြောက်အောင် အခု တရားအားထုတ်ရတယ်။ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ခန္ဓာငါးပါးတည်းဟူသော သူသတ်သမားကြီးတွေကြောက်လို့ အားထုတ်နေကြတာ။

နန္ဒိရာဂမှလွတ်အောင် တရားအားထုတ်

ဒီထဲမှာ နန္ဒိရာဂခေါ်တဲ့ နှစ်သက်တပ်စွဲမှုတဲ့။ သူကတော့ ငယ်ငယ်ကတည်းက အင်မတန်ရင်းရင်းနှီးနှီးပေါင်းလာတဲ့ မိတ်ဆွေတွေနဲ့တူတယ်။ သူကပေါင်းပြီးတော့ သတ်တတ်တယ်။ နေရာတကာမှာ သူက နှစ်သက်သာယာမှုတွေရှိနေတော့

http://www.dhammadownload.com

ဘဝအသစ်တွေ ထပ်ခါထပ်ခါဖြစ်ရတယ်။ ဖြစ်တိုင်း ဖြစ်တိုင်း ဘဝတွေမှာ သေရ တာဟာ သူကြောင့်ပဲ။ ဘဝအသစ်ဖြစ်ရတယ်ဆိုရင် နန္ဒီရာဂရှိနေလို့ပဲ။ နှစ်သက် သာယာမှုကလေးကြောင့် သူက ဖြားယောင်းပြီးတော့ ဘဝအသစ်ကို ဆွဲဆောင် သွားသလိုပဲ ရောက်ရာဘဝကျတော့ သေရပြန်တယ်။ နန္ဒီရာဂကလဲ ပူးပေါင်းပြီး တော့ သတ်နေတာပဲတဲ့။ ဒီတော့ နန္ဒီရာဂတည်းဟူသော မိတ်ဆွေရင်းနဲ့တူတဲ့ သူသတ်သမားကိုလဲ ကြောက်ရွံ့သောအားဖြင့် အခုတရားအားထုတ်နေကြတယ်။ ဒီလိုအာရုံတွေ နှစ်သက်သာယာမှုတွေမဖြစ်အောင် အမြဲတမ်းအားထုတ်ကြတယ်။ အဲဒါ မြွေထိန်းယောက်ျားပြေးတာနဲ့ တူပါတယ်တဲ့။

ရွာပျက်ပမာ ၆-ဖြာ ဒွါရ

နောက်ဆုံးဘယ်ရောက်လာတုန်းဆိုတော့ အခုပြောတဲ့ ရွာပျက်ကုန်းရောက် လာတယ်။

သုညော ဝါမော တိ ဧဓါ ဘိက္ခဝေ ဆန္နံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ **သုညော ဂါမောတိ၊** လူသူ ဆိတ်သုဉ်းသော ရွာပျက် ကုန်းဟူသော ဤအမည်သည်။ **ဆန္နံ၊** ခြောက်ပါးကုန်သော။ **အဇ္ဈတ္တိကာနံ၊** ကိုယ် တွင်း သန္ဓာန်၌ဖြစ်ကုန်သော။ **အာယတနာနံ၊** အာယတနတရားတို့၏။ **အဓိဝစနံ၊** အမည်ပေတည်း။

ရွာပျက်ကုန်းဆိုတာ တခြားမဟုတ်ဘူးတဲ့။ မိမိတို့သန္ဓာန်မှာရှိပြီးတော့ နေတဲ့ အာယတန ၆-ပါးတဲ့။ အတွင်းအာယတန ၆-ပါး၊ အဲဒီ အတွင်းအာယတန ၆-ပါးရဲ့အမည်ပဲတဲ့။ အတွင်းအာယတန ၆-ပါးဆိုတာ အာယတနဆိုတာလဲ ပါဠိ စကားပဲ။ မြန်မာစကားနဲ့ သူ့ကိုအမည်တစ်ခုပြောလိုက်ရင် အဓိပ္ပာယ်က ဒီပြင်နေရာတွေလဲ လွဲသွားနိုင်တယ်။ အာယတနဟာ အာယတနလို့ပဲပြောရတယ်။ အာယတနဟာ သူအနက်အဓိပ္ပာယ်နဲ့ဖော်မယ်ဆိုရင် အာယတနဆိုတာဟာ စိတ်စေတသိက်တို့၏ ဖြစ်ရာဌာနတဲ့။ ဒီလိုလဲရတယ်။ စိတ်စေတသိက်တို့၏ ဖြစ်ကြောင်းတရားတဲ့။ ဒီလိုလဲ ရတယ်။ စိတ်စေတသိက်တို့၏ အလုပ်လုပ်ရာဌာန

http://www.dhammadownload.com

အလုပ်ရုံလဲ ဖြစ်သည်တဲ့။ ဒီလိုလဲရတာပဲ။ သူဟာအနက်တွေ အများကြီး ရှိတာပဲ။ ဒီတော့ အာယတနဟာ အာယတနပဲထားပေါ့။ စိတ်, စေတသိက်တွေဖြစ်ကြောင်း တရားပဲလို့ သာမည ဒီလိုမှတ်ထား။

စိတ်, စေတသိက်ဖြစ်ဖို့ရာတွေ ဘာတွေတုန်းဆိုတော့ ပါဠိလိုတော့ စက္ခု၊ သောတ, ဃာန, ဇိဇှာ, ကာယ, မန-တဲ့၊ ၆-ခုရှိပါတယ်။ မြန်မာလိုဆိုရင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံး, ၆-ခု၊ အဲဒါမှတ်ဖို့ရာ ခေါင်းကနေပြီးတော့ အထက်ဆုံးကမျက်စိ၊ မျက်စိရဲ့အောက်နားက နည်းနည်းလေးကျတော့ နား။ နားရဲ့ အောက်နား နည်းနည်းကျတော့နှာခေါင်း။ နှာခေါင်းရဲ့အောက်နားက ပါးစပ်ထဲကရှိတဲ့လျှာ၊ ပြီးတော့ တစ်ကိုယ်လုံး၊ ကိုယ်ပြီးတော့ကိုယ်နှလုံး၊ စိတ်နှလုံး၊ ဒါ ၆-ခုပါပဲ။ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, စိတ်နှလုံး, အာယတန ၆-ပါးတဲ့။ စိတ် စေတသိက်တွေဖြစ်ကြောင်း ဖြစ်တဲ့တရားတွေပဲတဲ့။ စိတ်စေတသိက်တွေဖြစ်ဖို့ရာ အကြောင်းတရားတွေ၊ စိတ်စေတသိက်တို့၏ ဖြစ်ရာဌာနတွေလဲ ဟုတ်တယ်တဲ့။ စိတ်စေတသိက်တွေ အလုပ်လုပ်ရာဌာနတွေလဲ ဟုတ်တယ်တဲ့။ ဒီဟာတွေ။

မြင်မှုဖြစ်ကြောင်း

မျက်စိဆိုတာက မြင်မှု စိတ်စေတသိက်တို့က ဖြစ်ကြောင်းတရားပဲ။ မျက်စိ မရှိရင် မမြင်နိုင်ဘူး။ ဒါက ထင်ရှားတယ်။ မျက်စိမရှိတဲ့ပုဂ္ဂိုလ် မြင်လို့မရဘူး။ မမြင်နိုင်ဘူး။ မျက်စိရှိမှပဲ မြင်နိုင်တယ်။ ဒီတော့ မြင်မှုစိတ်စေတသိက်တွေ မြင်မှု နာမ်တရားတွေဖြစ်ဖို့ရာ အကြောင်းတရားပဲတဲ့။ အဲဒါဟာ မျက်စိ၊ တစ်နည်းအားဖြင့် မြင်တဲ့စိတ်စေတသိက်တွေ၏ ဖြစ်ရာဌာန၊ ဒီမှာဖြစ်တာပဲ။ ဟုတ်တယ်။ မြင် တဲ့စိတ်စေတသိက်တွေ အလုပ်လုပ်ရာဌာန၊ မြင်မှုကိစ္စ ဒီကနေပြီးလုပ်နေတာ။ မြင်မှုကိစ္စတွေ အခုအလုပ်ရုံတွေမှာ အလုပ်သမားတွေ အလုပ်လုပ်နေသလိုပဲ။ အဆင်းကို မြင်တဲ့ကိစ္စမှာ မျက်စိကနေပြီး အလုပ်လုပ်တာပဲ။ ဒီပြင်နေရာကနေပြီး မြင်လို့မဖြစ်ဘူး။ အဲဒါ အလုပ်လုပ်ရာဌာနလဲဟုတ်တယ်။ အဲဒါကြောင့် မျက်စိဟာ အာယတနတစ်ခုပဲတဲ့။ မျက်စိကပါဠိလိုတော့ စက္ခုအာယတနလို့ခေါ်တယ်။ စက္ခုနဲ့အာယတနကိုပေါင်းလိုက်တော့ စက္ခာယတနလို့ ပါဠိလေးက ဒီလိုတွဲနေ

http://www.dhammadownload.com

တယ်။ မြန်မာလိုတော့ မျက်စိဆိုတဲ့ ဖြစ်ကြောင်းတရား၊ မျက်စိဆိုတဲ့ဖြစ်ရာဌာန၊ မျက်စိဆိုတဲ့ အလုပ်ရုံကြီး၊ ဒီလိုဆိုရမှာပေါ့။

မျက်စိဆိုတဲ့ ဖြစ်ကြောင်းတရားဆိုတော့ မြင်မှုဖြစ်ကြောင်းပေါ့။ မြင်မှုတရားတွေဖြစ်ကြောင်း၊ မျက်စိ၏ဖြစ်ရာဌာန၊ မြင်မှု၏တည်ရာဌာန၊ မျက်စိအလုပ်ရုံ၊ မြင်မှုအလုပ်ရုံပေါ့။ မျက်စိမှာတော့ မြင်မှုတွေက ဒီမှာအလုပ်လုပ်တာကိုး။ အဲဒါ မျက်စိအာယတန။

နားအာယတန၊ စက္ခုအာယတန၊ သောတအာယတန၊ ပါဠိလိုလဲဟောမှ၊ ပါဠိလိုမပါလို့ရှိရင် အချို့က တရားမှန်းတယ်မသိဘူး။ ပါဠိထဲက အသံကလေးနဲ့မှ တချို့က တရားမှတ်တယ်။ ဒီတိုင်း မြန်မာလို ရိုးရိုးအဓိပ္ပာယ်နားလည်တာလေးတွေဆိုရင် သူက တရားမမှတ်ဘူး။ အရပ်ထဲက စကားနဲ့ဆိုရင် အရပ်စကားပဲထင်နေတယ်။ တရားမှန်းမသိဘူး။ တချို့က ပါဠိထဲက ပါဠိအမည်လေးနဲ့ဆိုလို့ရှိရင် ဒါမှတရားဆိုပြီး သဘောကျတယ်။ အဲဒါလေး အမည်လေးက ဆိုကြဦးစို့ရဲ့။

"စက္ခုအာယတန၊ သောတအာယတန၊ ဃာနအာယတန၊ ဇိဝှာ-
အာယတန၊ ကာယအာယတန၊ မနအာယတန၊ ၆-ခုရှိတယ်။"

အများအားဖြင့် ရလဲရနေကြပါတယ်။ ဒါပေမယ့် ဘုန်းကြီးက အာသီဝိသောပမသုတ်ထဲမှာ ဒီလိုပဲ ဖြည်းဖြည်းဟောနေတယ်။ မှတ်လဲမှတ်မိအောင်လို့ အကုန်လုံးမှတ်မိအောင်လို့ ဒီမှာရုပ်တွေ၊ နာမ်တွေ၊ ဖြည်းဖြည်းချင်းပဲ ဟောနေတာ။ မမှတ်မိတာကတော့ မတတ်နိုင်ဘူး။ ဘုန်းကြီးဟောတာတော့ မှတ်မိအောင်လို့ပဲ ဟောနေတာပဲ။ မှတ်မိအောင် နားလည်အောင်မေးလို့ရှိရင် ပြောတတ်အောင် ဟောနေတယ်။ ဆိုရမယ်။

"စက္ခုအာယတန၊ သောတအာယတန၊ ဃာနအာယတန၊ ဇိဝှာ
အာယတန၊ ကာယအာယတန၊ မနအာယတန၊ ၆-ခုရှိတယ်။"

သိပ်မခက်ပါဘူး။ ဒီဥစ္စာ၊ ဒါကိုတရားတွေ ခဏခဏနာနေတော့လဲ တချို့ အလွတ်ရနေကြမှာပါ။

စက္ခုအာယတနဆိုတာ မျက်စိပဲ၊ သောတက နားပဲ၊ ဃာနဆိုတာ နှာခေါင်းပဲ၊ ဇိဝှာဆိုတာ လျှာပဲ၊ ကာယဆိုတာကတော့ မြန်မာလို ကိုယ်ဆိုပြီး ပြန်ထားတယ်။

http://www.dhammadownload.com

မနဆိုတာက မြန်မာလိုစိတ်နှလုံးဆိုတော့ နည်းနည်းပိုပြီး နားလည်လာတာပေါ့။ မြန်မာလိုလဲ တစ်ခါဆိုရဦးမယ်။

မျက်စိအာယတန၊ နားအာယတန၊ နှာခေါင်းအာယတန၊ လျှာအာယတန၊ ကိုယ်အာယတန၊ စိတ်နှလုံးအာယတန။

အဖွဲတွဲက အာယတန ၆-ပါးဆိုတာ ဒီဥစ္စာကိုခေါ်တာပဲ။ အဲဒီ အဖွဲတွဲက အာယတန ၆-ပါးဟာ ရွာပျက်ကုန်းနဲ့တူတယ်တဲ့။ ရွာပျက်ကုန်းဟာ ပထမကြည့်လိုက်တော့ရွာပဲ။ လူတွေရှိမှာပဲလို့ ထင်ရတယ်။ အားကိုးရမလိုပဲ။ ဒါပေမယ်လို့ တကယ်တမ်း ဝင်ကြည့်လိုက်တဲ့အခါကျတော့ ဒီရွာထဲမှာ အိမ်တိုင်းအိမ်တိုင်းတက်ပြီးတော့ ကြည့်တော့ဘယ်အိမ်မှလူမရှိဘူး။ စားစရာ သုံးစရာ ဘာတစ်ခုမှမရှိဘူး။ အိုးတွေခွက်တွေထဲမှာလဲ လှန်လှောန်ကိုက်ပြီးတော့ကြည့်တော့ စားစရာ သုံးစရာ သောက်စရာ ဘာတစ်ခုမှမရှိဘူး။ အဲဒီတော့ ဗလာအချည်းနှီးဖြစ်နေတယ်တဲ့။

အဲဒါလိုပဲ။ ဒီအာယတန ၆-ပါးဟာလဲ ပကတိအတိုင်းဆိုရင်တော့ မြဲတဲ့အနေလိုလို ချမ်းသာတဲ့အနေလိုလို ငါကောင် သူကောင် သတ္တဝါကောင်ဟုတ်နေသလိုလို ထင်ရပါတယ်။ ဒီလိုပဲထင်ရတယ်။ ပကတိဆိုရင် မျက်စိဆိုလို့ရှိရင် ပကတိအတိုင်းကတော့ ပသာဒရုပ်ကလေးတစ်ခုတည်းကွက်ပြီးတော့ နှလုံးသွင်းတာမဟုတ်ဘူး။ သူကတော့ သသမ္ဘာရစက္ခုတဲ့။ အကြောင်းအဆောက်အအုံတွေနှင့်တကွ အပေါင်းလိုက်ဖြစ်တဲ့ မျက်စိတစ်ခုလုံးကိုအာရုံပြုပြီးတော့ ဖြစ်ပါတယ်။

ပကတိပုဂ္ဂိုလ်တွေအနေကတော့ ပကတိအနေအားဖြင့်တော့ မျက်လုံးဟာလဲပဲ မျက်နက်ဝန်းလဲ ရှိတယ်၊ မျက်ဖြူဝန်းလဲ ရှိတယ်၊ မျက်လုံးနှစ်ဘက်မှာ အတွင်းက ဘေးပတ်ဝန်းကျင်ကနေပြီးတော့ ဖြူနေတဲ့ဥစ္စာကို မျက်ဖြူဝန်း၊ အလယ်က မည်းနေတာက မျက်နက်ဝန်းလို့ခေါ်ကြတာကိုး။ မျက်နက်ဝန်း မျက်ဖြူဝန်းလို့ နောက်ပြီးတော့ မျက်ခုံး၊ မျက်ခွံလဲ ရှိတယ်။ မျက်ခုံး မျက်ခွံမှာ မျက်တောင်မွေးတွေကလဲ ရှိတယ်၊ မျက်ခုံးမှာလဲပဲ မျက်ခုံးမွေးတွေကလဲ ရှိသေးတယ်၊ ဒီမှာ အသားအရောင်အားဖြင့်လဲပဲ အသားက ဖြူတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ ညိုတဲ့ပုဂ္ဂိုလ်လဲ ရှိတယ်၊ မည်းတဲ့ပုဂ္ဂိုလ်လဲ ရှိတယ်၊ အမျိုးမျိုးပေါ့လေ။

http://www.dhammadownload.com

အဲဒီ မျက်လုံးဟာ ပကတိအတိုင်းဆိုလို့ရှိရင် သာယာစရာ နှစ်သက်စရာ ဖြစ်နေတယ်။ ကိုယ့်မျက်စိ မျက်လုံးတစ်ခုလုံးလဲပဲ သာယာနှစ်သက်ဖွယ်ဖြစ်နေတယ်။ သူများ မျက်စိတစ်ခုလုံးလဲပဲ သာယာနှစ်သက်ဖွယ်ဖြစ်နေတယ်။ တကယ့်ကို အမြဲတည်ရှိနေတဲ့ မျက်လုံးပဲလို့ထင်ရတယ်။ လှပတင့်တယ်နေတာပဲလို့ ထင်ရတယ်။ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရတဲ့အစိတ်အပိုင်းတစ်ခုပဲ။ ဒီလို ထင်ရတယ်။ တကယ်ဟုတ်နေတယ်လို့ ထင်ရတယ်။ မျက်စိကို အားကိုးစရာကြီးပဲ တင့်တင့်တယ်တယ်ကြီးပဲ အင်မတန် ဟန်ကျနေတယ်လို့ ထင်ရတယ်။

ပကတိအတိုင်းဆိုလို့ရှိရင် ခုနက ရွာမျက်ကုန်းရောက်သွားတဲ့ ပုဂ္ဂိုလ်က ရွာထဲမှာ စားစရာ သောက်စရာ သုံးစရာတွေရှိလိမ့်မယ်။ လူတွေရှိလိမ့်မယ်လို့ မျှော်လင့်သလိုပဲ။ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ဒီမျက်လုံးကြီးဟာ သာယာစရာဖြစ်နေတယ်။

မျက်လုံး အသုံးမတျ အနှစ်မရှိ

မြတ်စွာဘုရားလက်ထက်တော်က သုဘာဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်။ သုဘာဆိုတာက ပါဠိလိုတော့ တင့်တယ်တယ်လို့ အဓိပ္ပာယ်ရှိပါတယ်။ တင့်တယ်တယ်လို့လဲ ပြန်နိုင်တယ်။ လှတယ်လို့လဲ ပြန်နိုင်တယ်။ မြန်မာလိုဆိုတော့ တင့်တယ်ဆိုတာကတော့ တယ်မသုံးဘူး။ လှတာကတော့ သုံးတယ်။ မတင့်တယ်လို့ ဒီလိုတော့ ခေါ်လေ့မရှိဘူး။ အမည်ပေးတာ မကြားဖူးဘူး။ တယ်, မပါဘဲနဲ့ မတင့်ဆိုတာတော့ရှိတယ်။ ဒါလိုတော့ မတင့်ဆိုရင်တော့ ဖြစ်နိုင်တာပေါ့လေ။ မလှတို့ဆိုတာတော့ ရှိတယ်။ လှလှတို့ ဘာတို့ရှိတယ်။ တင့်တင့်တို့ ဘာတို့တော့ ရှိတယ်။ ဒီနာမည်မျိုးပါပဲ။ သုဘာတဲ့။

အဲဒီတော့ အဲဒီသုဘာက ရုပ်ရည်ရုပကာယ လှပတင့်တယ်လို့ သူ့ကို သုဘာလို့ နာမည်ပေးထားတယ်။ မိခင် ဘခင်တွေက ငယ်ငယ်ကတည်းက သုဘာလို့ နာမည်ပေးထားတယ်။ လှပတင့်တယ်။ အရွယ်ရောက်လို့ ကြီးမြင့်လာတဲ့အခါ

http://www.dhammadownload.com

ကာလကျတော့ သံသရာဝဋ်ဆင်းရဲတွေကလဲ ငြီးငွေ့ပြီးတော့ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရအောင်လို့ သာသနာတော်ဝင်ပြီးတော့ ရဟန်းမိန်းမပြုတယ်။ သုဘာထေရီဆိုတာ ရဟန်းမိန်းမပြုပြီးတော့နေတော့ အဲဒီမှာ တရားတွေလဲ ကောင်းကောင်းမွန်မွန် ကျင့်သုံးအားထုတ်ပြီးတော့ နေပါတယ်။

တစ်နေ့သောအခါကာလကျတော့ လမ်းသွားရင်း လာရင်းနဲ့ လူတစ်ယောက်က လမ်းကနေပြီး ဆီးတားတယ်။ အရက်တွေသောက်၊ မူးရူးပြီးတော့ လမ်းကနေ ဆီးတားထားတယ်။ ခွင့်တောင်းလို့ မရဘူး။ ဆီးမတားပါနဲ့ သွားပါရစေလို့ ခွင့်တောင်းလို့မရဘူး။ ဘာဖြစ်လို့ တားတာတုန်းဆိုတော့ မျက်လုံးလေးက လှလွန်းလို့တဲ့။ မျက်လုံးကလေးလိုချင်လို့တဲ့ သူက ပြောတယ်။ ဒီလိုဆိုလို့ရှိရင် မျက်လုံးကို လိုချင်လို့ရှိရင် မျက်လုံးပေးရမှာပဲ။ ဒီလိုဆိုရင် သူကလဲ အင်အားကြီးတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဆိုတော့ သူလဲပဲ လွန်ဆန်လို့မဖြစ်တော့ မျက်လုံးကိုပေးမယ်ဆိုပြီး မျက်လုံးကို အတင်းနှိုက်ထုတ်ပြီးတော့ ပေးတယ်ဆိုတာကိုး။ စာထဲမှာပါတဲ့အတိုင်း ပြောရတာကိုး။ မျက်လုံးဆိုတာ ဒီတိုင်းနှိုက်ထုတ်ပေးဖို့ရာကတော့ တယ်တော့ မလွယ်ဘူး။ ဒါပေမယ့်လို့ သူ့အကြောင်းအားလျော်စွာ ဖြစ်တော့နေမှာပေါ့လေ။

ဒီတော့မှ မျက်လုံးသက်သက်ဆိုတော့ ဘာမှလှတာမဟုတ်ဘဲဟာကိုး။ ဒီပြင် မျက်နှာနဲ့ အကုန်လုံးပေါင်းစပ်ပြီးတော့မှ သူဟာလှတယ်လို့ ထင်ရတာ။ မျက်လုံးကလေး တစ်လုံးတည်းဆိုတော့ အသားဆိုင်အလုံးကလေးဖြစ်နေတာ။ ဘာမှသုံးလို့လဲ မရဘူး။ သူဟာ အဲဒီမှာ အရက်မူးတဲ့လူကလဲ အရက်မူးတွေပြေပြီးတော့ သွားတယ်တဲ့။

အဲဒီတော့ မျက်လုံးဟာ ဒီအတိုင်းဆိုလို့ရှိရင်တော့ သူအကုန်လုံးအစိတ်အပိုင်းတွေ ပေါင်းစပ်ပြီးတော့ကြည့်လိုက်တော့ ဒီမျက်လုံးဟာ လှတယ်လို့ထင်ရတယ်။ လူတိုင်းလူတိုင်းလဲ ကိုယ့်မျက်လုံးနဲ့ကိုယ်ကတော့ လှပတင့်တယ်တယ်လို့ ထင်နေတာပါပဲ။ အလွန်ကြီး မလှပပေမယ့်လို့လဲ အတော်အတန်တော့ ကြည့်လို့ရှုလို့ကောင်းသေးတယ်လို့ ဒီလိုထင်တာပဲ။ ကိုယ့်မျက်လုံးကလေး ကိုယ်သာယာနေကြတယ်။ သူများမျက်လုံးတွေလဲပဲ ကိုယ်နဲ့ရွယ်တူတန်းတူတွေ ကိုယ့်အောက်

http://www.dhammadownload.com

ကပုဂ္ဂိုလ်တွေ ဒီလိုဟာတွေ လှပတင့်တယ်တယ်လို့ပဲ ထင်နေကြတာပဲ။ သာယာနေကြတာ။ ယောက်ျား မိန်းမတွေအချင်းချင်း ဒီမျက်လုံးအကြောင်းပြုပြီးတော့ မျက်လုံးကလေးကိုက လှနေတယ်လို့ ထင်ကြတယ်။ စာထဲမှာလဲ ဖွဲ့နွဲ့ပြီးတော့ ရေးကြတယ်။ မျက်လုံးအကြောင်းနဲ့စပ်ပြီးတော့ မျက်လုံးလှပတဲ့အကြောင်းများ ရေးကြတယ်။ စာရေးဆရာတွေက စိတ်ထဲမှာတစ်ခါတည်း ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင်လို့ မျက်လုံးကလေးအကြောင်းများ ရေးထားလိုက်ကြတာ တစ်ခါတည်း စာရေးဆရာတွေ၊ တယ်အရေးတော်တဲ့ပုဂ္ဂိုလ်တွေပဲ။ ရုပ်ပုံမမြင်ရဘဲနဲ့ စိတ်ထဲ စိတ်ကူးပြီးတော့ နှစ်သက်သာယာစရာဖြစ်အောင် သူတို့ရေးတတ်တယ်။

အဲဒီတော့ ပကတိမျက်လုံးအပေါ်မှာ လူတွေက အမြဲတည်နေတဲ့ အနေမျိုးနဲ့ သာယာနေကြတယ်။ လှပတင့်တယ်တဲ့အနေနဲ့လဲ သာယာပြီးတော့ နေကြတယ်။ ပုဂ္ဂိုလ်သတ္တဝါကောင်ရဲ့ အစိတ်အပိုင်း ပုဂ္ဂိုလ်သတ္တဝါပဲလို့လဲပဲ ဒီလို ထင်မှတ်ပြီးတော့ သာယာနှစ်သက်ပြီးတော့ နေကြတယ်။ ဒါပေမယ့်လို့ ဒီမျက်လုံးဟာဖြင့်ရင် ဘာမှမြဲတဲ့အနှစ်သာရလဲ မရှိပါဘူးတဲ့။ လှပတင့်တယ်တဲ့ ချမ်းသာတဲ့ ကောင်းတဲ့ အနှစ်သာရလဲ မရှိပါဘူးတဲ့။ ဒီထဲ ငါပဲ သူပဲ ငါ့အစိတ်အပိုင်းပဲ။ သူ့အစိတ်အပိုင်းပဲ။ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ခေါ်ဆိုရလောက်တဲ့ အတ္တအနှစ်သာရလဲ ဒီထဲမှာ ဘာမှမရှိဘူးတဲ့။ သူဟာသူ ဖြစ်ပျက်ပြီးတော့နေတဲ့ သဘောတရားပဲ။ ဒါကြောင့် -

စက္ခုတော စေပိနံ ဘိက္ခဝေ ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဥပပရိက္ခတိ၊ ရိတ္တကညေဝ ခါယတိ၊ တုစ္ဆကညေဝ ခါယတိ၊ သုညကညေဝ ခါယတိ၊

(နှာ - ၃၈၃)

ဘိက္ခဝေ၊ ရဟန်းတို့။ **ဗျတ္တော၊** တတ်သိလိမ္မာသော။ **မေဓာဝီ၊** ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသော။ **ပဏ္ဍိတော၊** ပညာရှိပုဂ္ဂိုလ်သည်။ **စက္ခုတောပိ၊** မျက်စိမှလည်း။ **နံ၊** ထိုသဘောတရားကို။ **စေ ဥပပရိက္ခတိ၊** အကယ်၍ ရှုဆင်ခြင်ကြားအံ့။ **ရိတ္တကညေဝ၊** အနှစ်သာရမရှိသည်ဖြစ်၍သာလျှင်။ **ခါယတိ၊** ထင်၏။ **တုစ္ဆကညေဝ၊**

http://www.dhammadownload.com

အချည်းနှီးဖြစ်၍သာလျှင်။ **ခါယတိ**၊ ထင်၏။ **သုညတညေဝ**၊ အနှစ်သာရမှ ကင်းဆိတ်သည်ဖြစ်၍သာလျှင်။ **ခါယတိ**၊ ထင်လေတော့၏။

မျက်စိကလဲပဲ ပညာရှိပုဂ္ဂိုလ်တဲ့။ **ပဏ္ဍိတော**-ပညာရှိပုဂ္ဂိုလ်ဆိုပေမယ့် ဒီမှာတော့ ယောဂီပုဂ္ဂိုလ်ပဲ ယူရမှာပါပဲ။ စာတွေ ပေတွေ အများကြီးတတ်နေတဲ့ ပုဂ္ဂိုလ်ရယ်လို့တော့ မဟုတ်ပါဘူး။ တတ်တဲ့ပုဂ္ဂိုလ်လဲ ရှိမယ်။ မတတ်တဲ့ပုဂ္ဂိုလ်လဲ ရှိတယ်။ **ဗျတ္တော**၊ တတ်သိလိမ္မာသော ပုဂ္ဂိုလ်လို့ဆိုပြန်တယ်။ ဒါလဲပဲ တရားအားထုတ်မှုဌ် ကျွမ်းကျင်တတ်သိပြီးတော့နေတဲ့ ပုဂ္ဂိုလ်ပဲယူရမယ်။ **မေဓာဝီ**-ဆိုတာ ဓမ္မောဇပညာဆိုတာ ဆင်ခြင်တတ်တဲ့၊ ထိုးထွင်းပြီးတော့ သိတတ်တဲ့ ပညာရှိတဲ့ ပုဂ္ဂိုလ်တဲ့။ ဒါကလဲပဲ တရားအားထုတ်ရာမှာ သိသင့်သိထိုက်တဲ့ တရားလေးတွေကို သိနိုင်တဲ့ ပင်ကိုဉာဏ်ရှိတဲ့ပုဂ္ဂိုလ်။

တချို့ပုဂ္ဂိုလ်တွေက စာသာမသင်ရတာ ပင်ကိုယ်ဉာဏ်ရှိတယ်။ တရားအားထုတ်တဲ့အခါကာလကျ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းသိတယ်။ တချို့ပုဂ္ဂိုလ်တွေက စာတွေအများကြီးသင်ထားပေမယ့် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း သိပ်မသိဘူး။ အဲဒါ မေဓာဝီလို့ခေါ်တဲ့ထိုးထွင်းပြီးတော့သိတဲ့ အသိဉာဏ်ချင်းကွာခြားနေတဲ့ လက္ခဏာဟာရှိတယ်။ ကွာခြားနေတဲ့လက္ခဏာပဲလို့ မှတ်သားဖို့ပါပဲ၊

အဲဒါ အခုဟာကတော့ အဲဒီတရားအားထုတ်မှုနဲ့စပ်ပြီးတော့ သိသင့်သိထိုက်တာလေးတွေ တတ်သိနားလည်တယ်။ တရားအားထုတ်တဲ့အခါကာလမှာ ထိုးထွင်းပြီးတော့ သဘာဝကလေးတွေကို ပိုင်ပိုင်နိုင်နိုင်သိသွားတယ်တဲ့။ အဲဒီလိုသိတဲ့ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ပဏ္ဍိတောပါပဲ။

ဟို ပိဋကတ်သုံးပုံတွေတတ်နေတာနဲ့ ပဏ္ဍိတဒီလိုမဟုတ်ဘူး။ လောကမှာ ခေတ်ပညာတွေ အများကြီးတတ်နေတဲ့ ပဏ္ဍိတဒီလိုမဟုတ်ပါဘူး။ တရားအားထုတ်လို့ သိတဲ့ပုဂ္ဂိုလ်ပဲ။ စာတွေတတ်ချင်လဲတတ် မတတ်ချင်လဲနေ၊ ဒီမှာတော့ဖြင့် ရှုတဲ့အခါကာလကျရင် ရှုပုံရှုနည်းသဘာဝကျပြီးတော့ ရုပ်တရား နာမ်တရားတွေကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းသိသွားတဲ့ အသိအလိမ္မာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာတော့ ပဏ္ဍိတပါပဲ။ ဒီမှာဒါကြောင့် -

http://www.dhammadownload.com

သိက္ခတေ၊ ရဟန်းဟို့။ **ဗျတ္တော**၊ တတ်သိလိမ္မာသော။ **မေဓာဝီ**၊ ဆင်ခြင်နိုင်သောဉာဏ်ပညာရှိသော။ **မေဓာဝီ**၊ ထိုးထွင်း၍သိနိုင် ဆင်ခြင်နိုင်သောဉာဏ်ပညာရှိသော။ **ပဏ္ဍိတော**၊ ပညာရှိပုဂ္ဂိုလ်သည်။ **စက္ခုတော ပိ**၊ မျက်စိမှလည်း။ **နံ**၊ ထိုတရားသဘောကို။ **စေဥပဓိကွတိ**၊ အကယ်၍ ရှုဆင်ခြင်ငြားအံ့။ (**ဥပဓိကွတိ**တဲ့၊ **ဥပ**ဆိုတာ သဒ္ဒါအနက်ဆိုရင် **ဥပ**-ဆိုတော့ကပ်၍တဲ့။ စူးစူးစိုက်စိုက် စိုက်ပြီးတော့၊ **ပဓိ**-ကတော့ ထက်ဝန်းကျင်တဲ့။ ပတ်ဝန်းကျင်အကြွင်းမရှိ အကုန်လုံးလို့ဆိုတယ်။ ပူးကပ်ပြီးတော့ စူးစူးစိုက်စိုက်နဲ့ သိသင့်သိထိုက်တာတွေ အကုန်လုံး။ **ဂ္ဂတွတိ**-က ရှုတယ်တဲ့။ ဒါကို မြန်မာလို့ရှုဆင်ခြင်တယ်ဆိုပြီး ပြန်ထားပါတယ်။ အဲဒါ စူးစိုက်ပြီးတော့ အကြွင်းမဲ့ရှုခဲ့လို့ရှိရင်တဲ့။) **ဥပဓိကွတိ**၊ အကယ်၍ ဆင်ခြင်ငြားအံ့။ **ရိတ္တကညော**၊ အနှစ်သာရ ကင်းသည်ဖြစ်၍သာလျှင်။ **ခါယတိ**၊ ထင်၏။ **တုစ္ဆကညော**၊ အချည်းနှီးဖြစ်၍သာလျှင်။ **ခါယတိ**၊ ထင်၏။ **သုညကညော**၊ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍သာလျှင်။ **ခါယတိ**၊ ထင်၏။

မျက်စိတို့ရှုမှတ်သိ

မျက်စိကို ဝိပဿနာဉာဏ်နဲ့ ရှုတဲ့အခါကာလကျတော့တဲ့။ ဒီမျက်စိကလေးဟာ ဘာမှအနှစ်သာရမရှိတာ တွေ့ပါလိမ့်မယ်တဲ့။ ပကတိအတိုင်းဆိုတော့ ဒီမျက်စိဟာ လှပတင့်တယ်နေတာပဲ။ လှတယ်လို့ သဘောကျနေကြတာပဲ။ ကိုယ့်မျက်စိနဲ့ ကိုယ်တော့ မျက်စိတွေ သာယာနေကြတယ်။ အဲဒီမြင်တဲ့အခိုက်အတန့်မှာ ရှုလိုက်တဲ့အခါကျတော့ အရင်းခံမျက်စိဆိုတာကလေးက ပဿာဒရုပ်ကလေး စက္ခုပသာဒရုပ်တဲ့။ ဒါက အရင်းခံပဲ။

ဒီပြင်ဟာတွေကတော့ သမ္ဘာရတွေခေါ်တယ်။ စက္ခုရဲ့ တည်ရာမှီရာအဆောက်အဦတွေ အစိတ်အပိုင်းတွေ၊ စက္ခုပသာဒခေါ်တဲ့ မျက်စိအကြည်ရုပ်ကလေးရဲ့ တည်ရာမှီရာတွေကိုး။ မျက်ခုံးရယ်, မျက်လုံးရယ်, မျက်နှာဝန်း, မျက်ဖြူဝန်း, ဒီဥစ္စာတွေက တည်ရာမှီရာတွေ၊ ဒီထဲမှာ မျက်နှာဝန်းကလေးအလယ်ခေါင်မှာ အရိပ်ထင်ရာအရုပ်မှာရှိတာတဲ့။

http://www.dhammadownload.com

မျက်စိအကြည်ကလေးဆိုတာ ဘာနဲ့တူသလဲဆိုရင် ဂွမ်းလွှာထဲမှာ ဆီတွေ ထည့်လိုက်တဲ့အခါ ဂွမ်းက ၇-လွှာဆင့်ပြီးတော့ထား၊ ဆီပေါက်ကလေးထည့်လိုက်လို့ရှိရင် ဆီပေါက်ကလေးစိမ့်ပြီးတော့ တစ်ခါတည်း ဂွမ်းလွှာ ၇-လွှာလုံးပျံ့နှံ့ပြီးတော့ သွားသလိုပဲတဲ့။ ဒီမျက်လွှာ ၇-ခုမှာ မျက်စိအကြည်ကလေးက ပြန့်ပြီးတော့ တည်နေတယ်တဲ့။

မျက်စိအကြည် ရုပ်ဟာ ရုပ်တစ်ခုတည်းတော့ ဘယ်ဟုတ်မှာလဲ။ ရုပ်တွေ အများကြီးပေါ့။ မျက်စိအကြည်ရုပ်တွေအများကြီး၊ တစ်ခါတည်း အဲဒီမျက်လွှာ ၇-ခုမှာ ပျံ့နှံ့ပြီးတော့ တည်နေတယ်တဲ့။ နှမ်းဆီများကြည်နေသလိုပဲ။ ရေများကြည်နေသလိုပဲ။ မျက်လုံးထဲမှာ အကြည်ဓာတ်ကလေး ကြည်နေတာကလေးရှိတယ်။

အဲဒီအကြည်ဓာတ်ကလေးရှိလို့ ဒီအကြည်ဓာတ်မှာ အရိပ်ကလေးတွေ ထင်တာကိုး။ ရှေ့ကလူလာရပ်လို့ရှိရင် လူရိပ်ထင်တယ်။ ရှေ့ကရထားတို့၊ မော်တော်ကားတို့ ရှေ့နားရောက်လာရင် ရထားမော်တော်ကား အရိပ်ထင်တာပဲ။ နွားရောက်လာလို့ရှိရင် နွားအရိပ်ထင်တာပဲ။ လှည်းရောက်လာရင် လှည်းအရိပ်ထင်တာပဲ။ ခွေးရောက်လာရင်လဲ ခွေးအရိပ်ထင်တာပဲ။ သစ်ပင်ရှေ့တည့်တည့်ကို ရုပ်လိုက်လို့ရှိရင် သစ်ပင်လာထင်တာပဲ။ ဘာဖြစ်ဖြစ် ဒီထဲမှာအရိပ်တွေလာထင်တယ်။ အဲဒီ အရိပ်ထင်ရာဌာန အကြည်ရုပ်ကလေးတဲ့။ မှန်အကြည်များလို ဆီအကြည်များလို၊ ရေအကြည်များလို၊ မျက်စိထဲမှာရှိတဲ့ အကြည်ရုပ်ကလေးဟာ အဲဒါကို စက္ခုပသာဒလို့ခေါ်တယ်။ မြင်တယ်ဆိုတဲ့ သဘောကလေးက ဒီမှာတည့်တည့်မှီပြီးတော့ဖြစ်လာ။

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊

စက္ခုံစ၊ မျက်စိကိုလည်း။ **ပဋိစ္စ**၊ စွဲ၍။ **ရူပေစ**၊ အဆင်းတို့ကိုလည်း။ **ပဋိစ္စ**၊ စွဲ၍။ **စက္ခုဝိညာဏံ**၊ မြင်သိမှုစက္ခုဝိညာဉ်သည်။ **ဥပ္ပဇ္ဇတိ**၊ ဖြစ်ပေါ်လာ၏။

မြင်သိမှုကလေးဖြစ်တာ၊ ဘယ်ကနေ ဖြစ်တုန်း။ မျက်စိကိုလဲစွဲပြီး ဖြစ်တယ်။ အဆင်းကိုလဲ စွဲမှီပြီးဖြစ်တယ်။ မျက်စိကတော့ တည်ရာအဖြစ်နဲ့ စွဲမှီပြီးတော့ ဖြစ်တာ။ အဆင်းကတော့ကို သူကတော့ အာရုံပြုပြီးတော့ အာရုံအဖြစ်နဲ့ စွဲမှီ

http://www.dhammadownload.com

ပြီးတော့ဖြစ်တယ်။ အဲဒီတော့ မြင်တဲ့အခါကာလမှာ ရှုမှတ်လိုက်လို့ရှိရင် မျက်စိရှုပ်က ဘယ့်နှယ်လုပ် ထင်ရှားလာတုန်းဆိုရင် မြင်မှု၏တည်ရာအဖြစ်နဲ့ လာပြီးတော့ ထင်ရှားတယ်တဲ့။

ရူပါဘိယာတာရဟ ဘူတပွသာဒ လတွကာ, ဒဋ္ဌုကာမတာ နိဒါန ကမွသမုဋ္ဌာန ဘူတပွသာဒလတွကာ ဝါ စက္ခု။ လိုရင်းကတော့ **ရူပါဘိယာတာရဟ ဘူတပွသာဒလတွကာ။**

ရူပါဘိယာတာရဟ၊ အဆင်းထိခိုက်ခြင်းငှာထိုက်သော။

သဒ္ဒါနည်းက အဆင်းထိခိုက်ခြင်းငှာထိုက်သော အဆင်းထင်လောက်သော **ဘူတပွသာဒ**၊ ဘူတရုပ်တို့ကို ကြည်လင်စေခြင်းဟာ အဲဒါ**စက္ခုပသာဒ**ရုပ်ပဲ။ ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်ကလေးပေးထားတယ်။ "အဆင်းထင်ကြောင်း၊ ကောင်းကောင်းသူကြည်"၊ အဆင်းထင်လောက်အောင်လို့ ကြည်တဲ့ဥစ္စာကလေးဟာ စက္ခုပသာဒရုပ်ပဲ။ အဆင်းအရိပ်ကလေးတွေ ထင်လောက်အောင်လို့ ကြည်လင်တဲ့သဘောကလေး မျက်လုံးထဲမှာရှိတယ်။ အဲဒါမြင်တယ်လို့ ရှုတဲ့အခါကာလမှာ မြင်မှုကလေး အဲဒီကနေဖြစ်နေတာကိုး။ အဆင်းထင်လောက်အောင် ကြည်လင်တဲ့ အကြည်ဓာတ်ကလေးရှိလို့ ဒီအကြည်ဓာတ်မှာ အဆင်းလာထင်လို့ မြင်မှု ကလေးက ဒီကနေဖြစ်ရတယ်။ "အဆင်းထင်ကြောင်း၊ ကောင်းကောင်းသူကြည်"၊ စက္ခုဝိညာဉ်၏တည်ရာမှီရာသဘောပဲ။ ပြီးတော့ အဆင်းအာရုံဆီကို စိတ်ဓာတ်ကို ဆွဲဆောင်ပြီး ပို့သွားတာနဲ့တူတယ်တဲ့။

ရူပေသု အာဝိဉ္ဇနရသံ၊

ရူပေသု၊ အဆင်း ရုပ်တို့၌။ **ဝါ**၊ အဆင်းအာရုံတို့၌။ **အာဝိဉ္ဇနရသံ**၊ ဆွဲဆောင်ခြင်းကိစ္စရှိသည်။

လူတစ်ယောက်ကိုဆွဲပြီးတော့ ပြလိုက်သလို၊ ဥပမာ လူတစ်ယောက်က ပြတင်းပေါက်ကနေပြီးတော့ လမ်းမက သွားတဲ့လာတဲ့လူတွေကိုရပ်ပြီးတော့ ကြည့်နေတယ်ဆိုပါတော့။ ဒီပြင်လူတွေက ကြမ်းပြင်ပေါ်မှာ အသာလေး ထိုင်နေကြတော့ လမ်းကသွားတဲ့လူတွေကို မမြင်ရဘူး။ အဲဒီတော့ ပြတင်းပေါက်က

http://www.dhammadownload.com

နေပြီးကြည့်တဲ့ ပုဂ္ဂိုလ်ကပြောတယ်။ ဟော့. . . အခု ဟိုကမော်တော်ကား တစ်စီး လာတယ်။ လူတစ်ယောက်လမ်းလျှောက်လာတယ်။ ဒီကနေပြီး လူတစ်ယောက် လမ်းလျှောက် သွားတယ်။ အဲဒါလို သူမြင်တာတွေလျှောက်ပြီးတော့ ပြောတယ်။ ပြောလို့ရှိရင် ထိုင်နေတဲ့လူတွေက သူတို့မမြင်ပါဘူး။ မမြင်ပေမယ့်လို့ အဲဒီ ကြားပြီးတော့ကို မော်တော်ကားလာတယ်ဆိုရင် မော်တော်ကားလာတယ်လို့ သူစိတ်ထဲထင်သွားရော၊ လူတစ်ယောက် ဟိုကလမ်းလျှောက်လာတယ်ဆိုရင် လမ်းလျှောက်လာတဲ့အနေ ဟိုကထင်သွားတယ်။ ဒီကလူ ၂-ယောက် ဟိုသွားပြန်ပြီ ဆိုရင်၊ လူ ၂-ယောက်ဟိုသွားနေတဲ့အနေ စိတ်ထဲကထင်တာကိုး။ ထိုင်နေတဲ့ သူတွေက မမြင်ရဘူး။

အဲဒီတော့ အဲဒီပြတင်းပေါက်ကနေပြီးတော့ မြင်တာတွေကိုပဲ ပြောကြားနေတဲ့ ပုဂ္ဂိုလ်က ဘာနဲ့တူသလဲဆိုရင် အခုစက္ခုပသာဒကလေးကနေ ဆွဲဆောင်ပို့သလို၊ ထိုင်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ စိတ်ဓာတ်ကိုဆွဲပို့သလို ဟိုမှာလမ်းပေါ်ကသွားနေတဲ့ မော်တော်ကားသွားနေပုံ။ လူလမ်းလျှောက်နေပုံ။ အဲဒါတွေကို အဲဒီအာရုံတွေဆီ စိတ်ရောက်သွားအောင်လို့ ဆွဲပို့တဲ့သဘောရှိတယ်။

အဲဒါလိုပဲ၊ မျက်စိအကြည် ရုပ်ကလေးက အဲဒီ မျက်စိအကြည်ရုပ်ကလေး ရှိတဲ့အတွက် ဒီအကြည်ထဲမှာ အဆင်းရိပ်လာထင်တယ်။ ဒီအဆင်းရိပ်လာထင်တော့ကို နှလုံးသွင်းဆင်ခြင်လိုက်တဲ့အခါ မြင်သွားတယ်။ အဆင်းရုပ်ကလေးက မြင်တတ်တဲ့ စက္ခုဝိညာဉ်စိတ်နဲ့ မြင်ရတဲ့အဆင်းရုပ်နဲ့ ဒီ ၂-ခုကို သူကဆက်စပ်ပေးတာလို၊ ပွဲစားများအရောင်းအဝယ်ပြုတဲ့လူ ၂-ယောက်ကို ဆက်စပ်ပေးတာနဲ့လဲတူပါတယ်။ အဲဒါကြောင့် -

ရူပေသု၊ အဆင်းအာရုံတို့၌။ **အာဝိဉ္ဇနရသံ၊** ဆောင်ပို့ခြင်းကိစ္စရှိ၏။

အဆင်းအာရုံဆီကိုရောက်အောင်လို့ အဆင်းအာရုံကိုမြင်သွားအောင်လို့ မျက်စိဟာ ဆွဲဆောင်ပို့ခြင်းကိစ္စရှိပါတယ်။ မြင်အောင်လို့ ကျေးဇူးပြုတာကို ဆိုလိုပါတယ်။ အတိုချုပ်တော့ ဒါပါပဲ၊ မြင်အောင်လို့ သူက ကျေးဇူးပြုတယ်တဲ့။ မျက်စိက "အဆင်းဆီသို့၊ ဆောင်ပို့ပေးသည်" လို့၊ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။ နောက်ပြီးတော့ -

http://www.dhammadownload.com

စတ္တာဝီညာဏသဒ္ဓါ အာဓာရဏာဝပစ္စုပဋ္ဌာနံ၊

စတ္တာဝီညာဏသဒ္ဓါ၊ စတ္ဂါဝီညာဉ်၏၊ **အာဓာရဏာဝပစ္စုပဋ္ဌာနံ**၊ တည်ရာ၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ ရှေ့ရှုထင်သည်။

ပစ္စုပဋ္ဌာန်ဆိုတာ ယောဂီပုဂ္ဂိုလ်ရှုတဲ့အခါမှာ ဉာဏ်ထဲမှာပေါ်လာတဲ့ အခြင်း အရာလေး၊ ဒီတရားလေးဟာ ဘာကလေးနဲ့တူတယ်။ ဒီလိုသဘောကလေးပဲလို့ ဉာဏ်ထဲရှုရင်းရှုရင်း ထင်လာတဲ့ဥစ္စာဟာ **ပစ္စုပဋ္ဌာန်**ခေါ်တယ်။ မြင်တယ်လို့ မှတ်လိုက်တဲ့အခါကာလမှာ မျက်စိမှာ ပေါ်လာတာ ဘယ်လိုပေါ်လာတုန်းဆိုတော့ မြင်မှုကလေးရဲ့ တည်ရာအနေနဲ့ပေါ်လာတယ်။ မြင်တာကလေးဟာ ဒီကနေ မြင်တာပဲ။ နားကကြားတယ်မှတ်တဲ့အခါ ဒီကနေကြားတာပဲ။ အနံ့နံ့တဲ့အခါ နံတယ်လို့ မှတ်လိုက်လို့ရှိရင် နှာခေါင်းထဲက ဒီကနေပြီးတော့ နံတာပဲ။ အနံ့လာ သိတာ ဒီကပဲ။ ဒီဌာနကပဲ။ အရသာစားတဲ့ အခါကာလမှာ အရသာသိတာလဲ ဒီကပဲဆိုပြီး လျှာပေါ်ကနေပြီးတော့ အရသာသိနေတာပဲလို့ ဒီလိုထင်ရှားတယ်။ ကိုယ်က အတွေ့. အထိတွေမှတ်တဲ့အခါလဲပဲ ထိတယ်ထိတယ်မှတ်ရင်း အတွေ့. အထိ သိတာလေးဟာ သည်နေရာကနေပြီးတော့ ဖြစ်တာပဲလို့ ဖြစ်ရာဌာနကလေး အနေအားဖြင့် ကိုယ်အကြည်ရုပ် ထင်တယ်။ ဒါလိုပဲ အကုန်လုံး ဒီလိုချည်းပဲ ထင်တယ်။

ဝိညာဉ် ၆-ပါးကို မှတ်တဲ့အခါကာလ ဝိညာဉ် ၆-ပါး၏တည်ရာဟာ သူ့အလိုလိုပေါ်လာတာကိုး။ စာထဲပေထဲ တွေးကြည့်နေရတာမဟုတ်ဘူး။ စာနဲ့ပေနဲ့ ကျက်ပြီး မှတ်ရတာမဟုတ်ဘူး။ ရှုရင်းရှုရင်းနဲ့ကို သူဟာသူပေါ်လာတာ။ ဒီမှာ မြင်တာ မှတ်လိုက်ရင် မြင်မှုလေး၏ တည်ရာအနေနဲ့ -

စတ္တာဝီညာဏသဒ္ဓါ၊ စတ္ဂါဝီညာဉ်၏၊ **အာဓာရဏာဝပစ္စုပဋ္ဌာနံ**၊ တည်ရာ၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ရှေ့ရှုထင်၏။ မြင်သိမှုကလေးရဲ့ တည်ရာအနေ အားဖြင့် ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ ထင်တယ်တဲ့။ "သူဌာနက မြင်ရပေသည်"တဲ့။ အဲဒီဌာနကပဲ မြင်ရတယ်။ မျက်စိဆိုတဲ့ သည်ဌာနက မြင်ရတယ်။

"မျက်စိ၌၊ သိထိုက် ဤသုံးမည်" မျက်စိကို အဲဒီသုံးပါးနဲ့ သိရမယ်။ ပထမက လက္ခဏာ၊ ဒုတိယက ရသ၊ တတိယက ပစ္စုပဋ္ဌာန်၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သိပုံ၊ ပဒဋ္ဌာန်သိပုံကတော့ သိပ်အရေးမကြီးလို့ လက််က ၃-ပိုဒ်ပဲ ထည့်ထားပါ

http://www.dhammadownload.com

တယ်။ ဝိပဿနာရှုတယ်ဆိုတာ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် တစ်မျိုးမျိုးနဲ့သိရတယ်၊ ဒီလိုသိမှ ဟူကသဘာဝကျတယ်။ ဒါက လိုရင်းပဲ။ ဒါကြောင့်မို့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်နဲ့ သိပုံလေးသဘောပေါက်အောင်လို့ ဘုန်းကြီးကဆောင်ပုဒ်ကလေးတွေ ပေးထားပါတယ်။ ဒါလေး ဆိုရမယ်။

"အဆင်းထင်တြောင်း၊ တောင်းတောင်း သူတြည်၊
အဆင်းဆီသို့၊ ဆောင်ပို့ပေးသည်၊
သူဌာနတ၊ မြင်ရပေသည်၊
မျက်စိ၌၊ သိထိုက် ဤသုံးမည်၊"

မြင်တယ်လို့ မှတ်တဲ့အခါကာလမှာ **စတ္တုပဿာဒ**ခေါ်တဲ့ မျက်စိရုပ်ကလေး ဒီရုပ်ကလေးထင်ရင် တစ်နည်းနည်းထင်ရမှာ၊ ယောဂီပုဂ္ဂိုလ်က ဒါကတွေးယူနေရတာ မဟုတ်ဘူး။ မှတ်ရင်း မှတ်ရင်းနဲ့ သူဟာသူပေါ်လာတာ။ မြင်တယ်ဆိုတာနဲ့ အဆင်းထင်လောက်အောင် ကြည်လင်တဲ့မျက်စိ၊ ဒီမှာ ရှိနေတာပဲ။ မျက်စိကောင်းနေတာပဲ၊ ဒါ သူပေါ်လာတယ်။

ပြီးတော့ မြင်အောင်လို့ ဒီမျက်စိက ကျေးဇူးပြုတာပဲ။ မြင်အောင်လို့ ကျေးဇူးပြုတယ်။ အဆင်းဆီကို ဆောင်ပို့ပေးတယ်။

သူက သူ့ဌာနက မြင်ရပေသည်တဲ့။ မြင်ဆိုတာ ဒီဌာနက မြင်တာပဲ။ တစ်နည်းအားဖြင့် "မျက်စိမှီပြု၊ မြင်မှုဖြစ်သည်"၊ ဒီလိုလဲပဲ အစားထိုးနိုင်ပါတယ်။ မျက်စိအမှီပြုပြီးတော့။ မျက်စိကို အမှီပြုပြီးတော့ မြင်မှုကလေးဖြစ်ရသည်။ **"မျက်စိမှီပြု၊ မြင်မှုဖြစ်သည်၊ သူဌာနတ၊ မြင်ရပေသည်"**ဆိုတာ အကုန်လုံးဒါလည်း ပြီးတော့ဆိုနိုင်ပါတယ်။ အဲဒါ **စတ္တုပဿာဒရုပ်၊**

စတ္တုပဿာဒရုပ်၊ မျက်စိအကြည်ရုပ်ဟာ လက္ခဏာအားဖြင့် အဆင်းထင်လောက်အောင် ကြည်လင်တဲ့သဘောကလေးပဲ။ ရသအားဖြင့် အဆင်းဆီကို ဆောင်ပို့ပေးတဲ့သဘောပဲ။ အဆင်းမြင်အောင်လို့ ကျေးဇူးပြုတဲ့ ထောက်ပံ့နေတဲ့ သဘောကလေးပဲ။ ပစ္စုပဋ္ဌာန်အားဖြင့် မြင်မှုကလေးရဲ့ တည်ရာပဲ။ မြင်မှုကလေးက ဒီကနေပြီးမြင်နေတာပဲ။ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာထင်ရမယ်တဲ့။ အထူးအားဖြင့် **ပစ္စုပဋ္ဌာန်**က အထင်များတယ်။ မြင်တယ် မြင်တယ် မှတ်ရင် ဒီကနေမြင်တယ်။

http://www.dhammadownload.com

ဒီကနေ မြင်တယ်လို့ သူကထင်နေတာပဲ။

မြင်တယ်မှတ်လိုက်ရင် ခြေထောက်ကနေမြင်တယ်လို့ ဒီလိုမထင်ဘူး။ သူက လက်ကနေမြင်တယ်လို့ မထင်ဘူး။ ကျောကနေမြင်တယ်လို့ မထင်ဘူး။ ခေါင်းကလဲ နောက်ဘက်ကနေ မြင်တယ်လို့မထင်ဘူး။ မျက်စိက ဒီကနေပြီးမြင်တယ်ဆိုတာ သူဟာမှတ်ရင်း မှတ်ရင်းနဲ့ ဒီကပဲ မြင်မှုကလေးထွက်သွားသလိုပဲ။ အဲဒီလို ထင်ရတယ်၊ အဲဒီလိုထင်လို့ရှိရင် ဒါက စက္ခုပသာဒကို ပစ္စုပဋ္ဌာန်နဲ့ သိနေတာပဲ။ မြင်မှု၏ တည်ရာအဖြစ်နဲ့ ပသာဒရုပ်ကလေး ဒီအခိုက်အတန့်မှာ ဒီလိုဖြစ်တယ်ဆိုတာ ဒီလိုသိရတယ်။

အဲဒီ စက္ခုပသာဒရုပ်ကလေးကို ပုံပန်းသဏ္ဌာန်နဲ့ ပြားပြားကလေးပဲ၊ ရှည်ရှည်ကလေးပဲ၊ ဝိုင်းဝိုင်းကလေးပဲ၊ ဒီလိုသိရမှာ မဟုတ်ဘူး။ အခုပြောခဲ့တဲ့အတိုင်း အဆင်းထင်လောက်အောင်လို့ ကြည်လင်တဲ့သဘောကလေးရှိတယ်။ အဆင်းကို မြင်ရအောင် ကျေးဇူးပြုတဲ့သဘောကလေးပဲ။ ပြီးတော့ မြင်မှု၏တည်ရာဌာနပဲ။ ဒီကနေပြီး မြင်နေတာပဲလို့ ဒီလို ထင်လို့ရှိရင် ဒါ သူဟာဝိပဿနာဉာဏ် အသိမှန်ပြီ၊ ဒါဒီတိုင်းလဲ သိပါတယ်၊ မြင်တယ် မြင်တယ် မှတ်တိုင်း မှတ်တိုင်းဟာ ဒီလိုပဲ ထင်တယ်၊ အဲဒါဟာ **စတ္ခာယတန၊ စတ္ခုဿာယတန** မျက်စိအာယတနတဲ့။

ဒီ မျက်စိအာယတနဟာ ဝိပဿနာမရှုခင်တုန်းကတော့ မျက်လုံးကြီး တစ်လုံးလုံးဟာ လှုပတင့်တယ်တဲ့အနေအားဖြင့် ထင်တယ်။ ဝိပဿနာရှုတဲ့ အခါကာလကျတော့ မြင်တယ်လို့မှတ်လိုက်ရင် မြင်မှု၏တည်ရာရော၊ မြင်မှုကလေးရော တစ်ခါတည်း ဒီတိုင်းပျောက်သွားတယ်၊ ဖြစ်ပြီး ပျောက်သွား၊ ဖြစ်ပြီး ပျောက်သွား၊ မြင်တိုင်း မြင်တိုင်းဟာ ပျောက်သွားတာပဲ။ ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်တော့ ဒီမြင်တာက မလွယ်ဘူး၊ သူက ပကတိပုဂ္ဂိုလ်အနေအားဖြင့်တော့ မြင်တာဟာ မြနေတယ်လို့ ထင်တယ်၊ မျက်စိကလဲမျက်စိပဲလို့ ထင်တယ်။ ဝိပဿနာဉာဏ်ကောင်းလို့ စင်စင်ကြယ်ကြယ် ဖြစ်လာပြီဆိုလို့ရှိရင် မြင်တာကလေးဟာ မြင်လိုက် ပျောက်လိုက်၊ မြင်လိုက် ပျောက်လိုက်နဲ့ ဒီလိုအပိုင်းအခြားကလေးနဲ့ ထင်လာတဲ့အခါကျတော့ကို ဖြစ်ပြီးပျောက်သွားလို့မမြဲတဲ့ သဘောတရားပဲ၊ အနိစ္စပဲ၊ နိစ္စမြဲတဲ့ အနှစ်သာရ ဒီမှာမရှိဘူး၊ ဖြစ်ပြီးပျောက်သွားလို့ ကြောက်စရာသဘောပဲ။

http://www.dhammadownload.com

လှုပတင့်တယ်တဲ့သဘော၊ နှစ်သက်သာယာစရာသဘော ဒီထဲမှာမရှိဘူး။ ဖြစ်ပြီး ပျောက်သွားလို့ ကိုယ့်အလိုအတိုင်း အစိုးရတဲ့သဘော ဒီမှာဘာမှမရှိဘူး။ ငါကောင် ငါပဲလို့ ထင်မှတ် စွဲလမ်းစရာ ဒီမှာမရှိဘူး။ သူသဘောအတိုင်း သူဖြစ်ပြီးပျောက် သွားတာပဲ။ ဒီလို သိရတာကိုး။ အနတ္တကို အဲဒီလိုသိရတယ်။ မျက်စိဆိုတာ သူ့ကို အစိုးမရဘူး။ အနတ္တလက္ခဏသုတ်မှာ ဟောထားတဲ့အတိုင်း စိစစ်ကြည့်လို့ရှိရင် အင်မတန် ထင်ရှားတယ်။ ဟိုမှာတော့ -

ရူပံ ဘိက္ခဝေ အနတ္တာ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **ရူပံ၊** ရုပ်သည်။ **အနတ္တာ၊** အစိုးရသော အတွင်းသား အတ္တကောင်မဟုတ်။

ရုပ်ဟာ အစိုးရတဲ့အတွင်းသား အတ္တကောင်မဟုတ်ဘူး။ ပကတိလူတွေ ကတော့ ရုပ်ကိုယ်ကြီးတစ်ခုလုံးဟာ ငါပဲ ငါ့အလိုအတိုင်း သွားချင်သွား၊ စားချင်စား၊ ထိုင်ချင်ထိုင်၊ ကွေးချင်ကွေး၊ ဆန့်ချင်ဆန့်၊ လုပ်ချင်တာတွေလုပ်၊ ကိုယ့်အလိုအတိုင်း ကိုယ့်ကိုယ်ကြီးပဲ ကိုယ့်ကိုယ်ကို အစိုးရနေတဲ့ ငါပဲဆိုပြီးတော့ အောက်မေ့နေကြ တယ်။ အဲဒါ အမှန်အားဖြင့်တော့ အစိုးရတဲ့ အတ္တကောင်မဟုတ်ပါဘူးတဲ့။ သူဟာ သူ ဖြစ်ပျက်နေတဲ့ သဘောတရားပဲ။

အပြင်ဘက်မှာ လေတဟူးဟူးနဲ့ တိုက်သွားနေတယ်၊ အဲဒါတွေဟာ ငါပဲ။ အစိုးရတဲ့ ငါပဲလို့ ဘယ်သူမှ အစိုးမရဘူး။ လေအလွတ်က ဟာတွေပဲ၊ သူတို့ သဘောတရားတွေ သူဟာသူဖြစ်နေတာပဲ အဲဒါတွေနဲ့ အတူတူပဲတဲ့။ ဒီကိုယ်ထဲက ရုပ်တွေဟာလဲ အတူတူပါပဲ။

ဒီတိုင်း စဉ်းစားကြည့်လို့တော့ မထင်နိုင်ဘူး။ သူဟာ ဝိပဿနာဉာဏ်နဲ့ရှုမှ၊ ဝိပဿနာဉာဏ်နဲ့ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေ ပေါ်လာတဲ့အခါမှထင်တာ။ ဒီတိုင်းဆိုတော့ ခဲယဉ်းပါတယ်။ ဒီကိုယ်က ရုပ်နဲ့အပြင်ဘက်ကဟာတွေနဲ့ အတူတူပဲ။ မှတ်ဖို့ ခဲယဉ်းပါတယ်။

မြတ်စွာဘုရားကတော့ ဒါတွေ အတူတူပဲ။ **အဗျတ္တိတ** ရုပ်ဖြစ်စေတဲ့ **ဗဟိဒ္ဓက** ရုပ်ဖြစ်စေတဲ့ အတူတူပါပဲတဲ့။ ပထဝီဖြစ်ရင်လဲ ပထဝီချင်းအတူတူပဲတဲ့။

http://www.dhammadownload.com

တေဇောဖြစ်ရင်လဲ တေဇောချင်းအတူတူပဲ။ ဝါယောဖြစ်ရင်လဲ ဝါယောချင်း အတူတူပဲ။ အပြင်ဘက်က လေတွေနဲ့ ကိုယ်ထဲက လေတွေ၊ ကွေးလိုက်ဆန့်လိုက် ထိုင်လိုက် ထလိုက် လှုပ်ရှားလိုက် တွန်းကန်လှုပ်ရှားနေတဲ့ ဝါယောဓာတ်နဲ့ အပြင်ဘက်က သူ့ဟာသူ အလိုလိုတွန်းကန်လှုပ်ရှားနေတဲ့ ဝါယောဓာတ်ဟာ ဝါယောဓာတ်ဆိုရင် အတူတူပဲတဲ့၊ မထူးဘူးလို့ ဒီလိုဟောထားပါတယ်။

ယောဂီပုဂ္ဂိုလ် ဉာဏ်ဖြစ်လာတဲ့အခါလဲ အတူတူပဲ ထင်ရတာပဲ၊ သဘော အားဖြင့် အတူတူပဲ၊ ဘာမှ ထူးတာမဟုတ်ဘူး၊ အဲဒီတော့ ပကတိပုဂ္ဂိုလ်အနေ အားဖြင့် ရှုပ်ကြီးကို ငါကောင်အသက်ရှင်နေတဲ့ အကောင်လို့ ထင်နေပေမယ်လို့ မြတ်စွာဘုရားက -

ရူပံ ဆိတွေဝေ အနတ္တံ၊

ဆိတွေဝေ၊ ရဟန်းတို့။ **ရူပံ**၊ ရုပ်တရားသည်။ **အနတ္တံ**၊ အတ္တမဟုတ်။ အဲဒီအထဲမှာ စက္ခုလဲ ပါသွားတယ်။ မျက်စိရုပ်ဟာ အတ္တမဟုတ်၊ အဲဒါလေး ပါတယ်။

ရူပဉ္စ ဟိဒံ ဆိတွေဝေ အတ္တာ အဿဝိဿ၊
နလိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊

(အနတ္တလက္ခဏသုတ်)

ဆိတွေဝေ၊ ရဟန်းတို့။ **ဟိ**၊ အကြောင်းပြု၍ ရှင်းရလျှင်၊ **ဣဒံရူပံ**၊ ဤရုပ်သည်။ **အတ္တာ**၊ အစိုးရသော အတွင်းသား အတ္တကိုယ် အတွင်းသား အတ္တကောင်သည်။ **အဿဝိဿ**၊ အကယ်၍ဖြစ် ငြားအုံး။ **ဣဒံရူပံ**၊ ဤရုပ်သည်။ **အာဗာဓာယ**၊ နှိပ်စက် ခြင်းငှာ။ **နံ သံဝတ္တေယျ**၊ မဖြစ်တန်လေရာ။

ရုပ်ကနှိပ်စက်ပုံ

ဒီရုပ်ဟာ အတ္တကောင်ဟုတ်ခဲ့လို့ရှိရင် အတွင်းသားအတ္တကောင် ဟုတ်ခဲ့ လို့ရှိရင် နှိပ်စက်မှာမဟုတ်ပါဘူးတဲ့။ ရုပ်ကဘယ်လိုနှိပ်စက်တုန်းဆိုလို့ရှိရင် ရုပ်က မမြဲပြီးတော့လဲ နှိပ်စက်တယ်၊ အနာရောဂါ ဝေဒနာတွေဖြစ်ပြီးတော့လဲ နှိပ်စက် တယ်၊ အိုမင်းပြီးတော့လဲ နှိပ်စက်တယ်၊ အဲဒီလို နှိပ်စက်တာတွေရှိတယ်။ ကိုယ့်

http://www.dhammadownload.com

အလိုအတိုင်းမဖြစ် ပြီးတော့လဲ နှိပ်စက်တယ်၊ အဲဒီလိုနှိပ်စက်မှုတွေရှိတယ်။ ကျန်းမာနေတဲ့အခါ၊ ကောင်းနေတဲ့အခါ သိပ်မသိဘူး။ မကျန်းမာတဲ့အခါ သိပ်သိတယ်။ ရုပ်က နှိပ်စက်တာ အင်မတန်ထင်ရှားတယ်။ မကျန်းမာတဲ့အခါ ဖျားနာနေပြီဆိုရင် အပူခိုန်တွေများတက်လို့ ပျောက်ပါတော့ ပျောက်ပါတော့ဆိုပေမယ့် မပျောက်ဘူး၊ ရုပ်က အင်မတန်ဒုက္ခပေးတာပဲ။ ဒီရုပ်ကြီးရှိနေလို့ ရုပ်မရှိရင် မဖျားဘူး၊ ရုပ်မရှိရင် ဘယ်ကလာပြီး အပူတက်မလဲ၊ မတက်ဘူး၊ အနာကြီးတစ်လုံးပေါက်လာတယ်ဆိုပါတော့ ဒီအနာကြီးပျောက်ပါစေဆိုလို့ မပျောက်ဘူး၊ ရုပ်မရှိရင် ဒီအနာကြီးဖြစ်ပါ့မလား မဖြစ်ဘူး၊ ရုပ်ရှိလို့အနာဖြစ်တာ၊ ဘာအနာပဲဖြစ်ဖြစ်ပေါ့လေ မျက်စိနာပဲဖြစ်ဖြစ်၊ နားနာပဲဖြစ်ဖြစ်၊ ကိုယ်အရေပေါ်မှာဖြစ်တဲ့ အရေပြားနာပဲဖြစ်ဖြစ်၊ ဘယ်အနာပဲဖြစ်ဖြစ်၊ အတွင်းကိုယ်ထဲကဖြစ်တဲ့ ကင်ဆာလိုအနာတွေပဲဖြစ်ဖြစ်၊ အဲဒါတွေဟာ ရုပ်ရှိလို့ဖြစ်တာ၊ ရုပ်မရှိရင်မဖြစ်ဘူး၊ ရုပ်ကိုမှီပြီးတော့ဖြစ်တယ်၊ မဖြစ်ပါစေနဲ့လို့ တောင့်တလို့လဲမရဘူး။ ဒါကြောင့် ရုပ်ဟာနှိပ်စက်တယ်။

ရုပ်ကကိုယ့်အတ္တကောင်၊ ကိုယ့်ဟာကိုယ်ဆိုလို့ရှိရင် ဘယ်ဖြစ်လိမ့်မှာလဲ။ ဒါကြောင့် စက္ခုမျက်စိကလဲ နှိပ်စက်သည်တဲ့။ မျက်စိမှာပသာဒလေးသက်သက်နဲ့ကတော့ သူကတော့သိပ်ပြီးတော့ မထင်ရှားဘူး။ သမ္ဘာရအဆောက်အဦနဲ့တကွပြောမှ၊ အဲဒီကနေပြီး မျက်စိနာတယ်၊ မျက်စိကျိန်းတယ် စသည်ဖြင့်ပေါ့လေ။ မျက်စိရောဂါတွေဖြစ်တယ်၊ မျက်စိမှုန်နေပြီ၊ မျက်စိဟာ ကြည့်လို့မကောင်းဘူးစသည်ဖြင့် အဲဒီမျက်စိကနေပြီးတော့ အနှောင့်အယှက်တွေ အများကြီးပေးနေတယ်။ အဆင်မပြေပြီဆိုရင်၊ အဆင်ပြေနေတဲ့အခါတော့ အကောင်းသားပဲ။ အဆင်မပြေတဲ့အခါကျတော့ ဒီမျက်စိက ဒုက္ခတွေ ပေးတယ်၊ အဆင်ပြေတုန်းကမျက်စိနဲ့ အဆင်မပြေတဲ့မျက်စိနဲ့ ဘာထူးသလဲ၊ အတူတူပါပဲ။ ဒီမျက်စိပါပဲ။ ကိုယ့်မျက်စိဟာ ကိုယ့်မျက်စိပဲ၊ အဆင်မပြေတုန်းကလဲ ငါလို့စွဲလမ်းတယ်၊ အဆင်ပြေတော့လဲ ငါလို့ပဲ စွဲလမ်းတယ်၊ အတူတူပဲ စွဲလမ်းတယ်၊ အဲဒီမျက်စိဟာ နှိပ်စက်တတ်တယ်တဲ့ မိမိအတ္တကောင်ဟုတ်ခဲ့လို့ရှိရင် နှိပ်စက်မှာမဟုတ်ပါဘူးတဲ့။

http://www.dhammadownload.com

ရုပ်၌ အစိုးမရခြင်း

လဇ္ဇေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ။

ရူပေ၊ ရုပ်၌။ **မေ ရူပံ**၊ ငါ၏ရုပ်သည်။ **ဧဝံဟောတု**၊ ဤသို့ကောင်းကောင်း မွန်မွန်ချည်းဖြစ်ပါစေ။ **မေ ရူပံ**၊ ငါ၏ရုပ်သည်။ **ဧဝံမာအဟောသီ**၊ ဤသို့ဆိုးဆိုးသွမ်း သွမ်းမကောင်းတာ မဖြစ်ပါစေနှင့်။ **ဣတိ**၊ ဤသို့စိမ်တောင့်တခြင်း ခန့်ခွဲခြင်းကို။ **လဇ္ဇေထ**၊ ရလည်းရလေရာ၏။

ကိုယ်ပိုင်အတ္တ ဟုတ်ခဲ့လို့ရှိရင် ရုပ်ဟာ ကိုယ့်အလိုအတိုင်းဖြစ်မှာတဲ့။ ဒီရုပ်ကြီးဟာ လူတွေကဘယ်လို အလိုရှိတုန်းဆိုရင် နုနုပျိုပျိုကလေး လှလှပပတင့်တင့်တယ်တယ်ကလေး အလိုရှိကြတယ်။ နုနုပျိုပျိုကလေးပဲ နေပါစေ၊ မအိုပါစေနဲ့၊ ဆံပင်တွေဆိုလို့ရှိရင်လဲ မဖြူပါစေနဲ့၊ အရေတွေဆိုရင်လဲ မတွန့်ပါစေနဲ့၊ သွားတွေဆိုရင် မကျိုးပါစေနဲ့၊ မျက်စိတွေဆိုရင် မမှုန်ပါစေနဲ့၊ နားဆိုရင်လဲ မထိုင်းပါစေနဲ့၊ အားအင်ဗလတွေဆိုရင် မလျော့ပါစေနဲ့၊ သန်သန်စွမ်းစွမ်းပဲရှိပါစေ၊ ပေါ့ပေါ့ပါးပါးပဲရှိပါစေ၊ ဒီရုပ်ကြီးဟာ ရောဂါဝေဒနာတွေမဖြစ်ပါစေနဲ့၊ ကျန်းကျန်းမာမာပဲ ဖြစ်ပါစေဆိုပြီး အလိုရှိကြတယ်။ လှချင်ပချင်တဲ့ အရွယ်ဆိုလို့ရှိရင်ဖြင့် အသားအရေလေးတွေလဲပဲ စင်စင်ကြယ်ကြယ်နဲ့ ဖြူဖြူစင်စင် အလိုရှိကြတယ်။

ဒီထဲမှာ အဆင်မပြေလို့ အနာကလေးများ ပေါက်ရင်ခက်တာပဲ။ မျက်နှာမှာ လှချင်တုန်းမှာ မျက်နှာမှာအနာပေါက်လို့ရှိရင် စဉ်းစားတိုင်း စဉ်းစားတိုင်း စိတ်ညစ်စရာဖြစ်နေတယ်။ အဲဒီလို ကိုယ့်ရုပ်ကို အလိုရှိတိုင်း တောင့်တလို့ အတ္တဟုတ်ရင် ကိုယ်တောင့်တတဲ့အတိုင်း ကိုယ့်အလိုအတိုင်းဖြစ်မှာတဲ့။ အဲဒီထဲမှာ စက္ခုလဲ ပါသွားတယ်။ မျက်စိဟာ ကိုယ့်အလိုအတိုင်း ဖြစ်မှာတဲ့။ မျက်စိဟာ မမှုန်ပါစေနဲ့၊ မပျက်ပါစေနဲ့၊ မျက်စိမကျိန်းပါစေနဲ့၊ မနာပါစေနဲ့၊ ကိုယ်အလိုရှိတဲ့အတိုင်း တောင့်တတဲ့အတိုင်း ဖြစ်ရမှာ၊ အခုတော့ တောင့်တတဲ့အတိုင်းမဖြစ်ဘူးတဲ့။ ဒါက မျက်စိနာခြင်း၊ မျက်စိကျိန်းခြင်း၊ မျက်စိမှုန်ခြင်း၊ အဲဒီလိုအကြောင်းတွေ ဖြစ်လာတဲ့အခါမှာ ပိုပြီးတော့ ထင်ရှားတယ်။ ဘာမှမဖြစ်တဲ့အခါ မထင်ရှားဘူး။ ဒါလူတိုင်းလူတိုင်း

http://www.dhammadownload.com

အသက်အတိုင်း နေသွားလို့ရှိရင် တစ်နေ့ကျရင် မျက်စိဆိုတာ ဒီလိုပဲ ချွတ်ယွင်းတာပါပဲ။ နောက်ဆုံးကျရင် ဒီလိုတွေ့ရတာပဲ၊ မတွေ့ဘဲနဲ့ မရှိဘူး၊ တွေ့ကြရတာပါပဲ၊ ကိုယ့်အလိုအတိုင်း မဖြစ်ဘူးတဲ့။

ယဿာ စ ဧဓါ ဆိတ္တဝေ ရူပံ အနတ္ထာ၊
ထဿာ ရူပံ အာဗာဓေယ သံဝတ္တထိ၊

ဆိတ္တဝေ၊ ရဟန်းတို့။ **ယဿာ**၊ အကြင်ကြောင့်။ **ရူပံ**၊ ရုပ်သည်။ **အနတ္ထာ**၊ အစိုးရသော အတ္တကောင်မဟုတ်ခြေ။

အမှန်အားဖြင့်တော့ ရုပ်ဟာ အစိုးရတဲ့ အတ္တကောင်မဟုတ်ဘူး။

ထဿာ၊ ထို့ကြောင့်။ **ရူပံ**၊ ရုပ်သည်။ **အာဗာဓေယ**၊ နှိပ်စက်ခြင်းငှာ။ **သံဝတ္တထိ**၊ ဖြစ်လေတော့၏။

နစ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု ဧဝံ မေ ရူပံ မာ အဟောသီတိ၊

ရူပေ၊ ရုပ်၌၊ **မေ ရူပံ**၊ ငါ၏ရုပ်သည်။ **ဧဝံဟောတု**၊ ဤသို့ကောင်းကောင်း မွန်မွန်ချည်းဖြစ်ပါစေ။ **မေ ရူပံ**၊ ငါ၏ရုပ်သည်။ **ဧဝံမာအဟောသီ**၊ ဤသို့ဆိုးဆိုးသွမ်းသွမ်းမဖြစ်ပါစေလင့်၊ **ဣတိ**၊ ဤသို့စိမ်ခန့်ခွဲခြင်းငှာ၊ **နစ လဗ္ဘတိ**၊ ရလဲမရအပ်သည်သာတည်း။

အဲဒါရုပ်ခန္ဓာနဲ့စပ်ပြီးတော့ စကျွလဲပါတယ်။ မျက်စိဟာ အတ္တဟုတ်ခဲ့လို့ရှိရင် ကိုယ့်အလိုအတိုင်းဖြစ်မှာတဲ့။ အခုတော့ ကိုယ့်အလိုအတိုင်းလဲ မဖြစ်ဘူးလို့ဆိုလိုပါတယ်။ အတိုချုပ်ကတော့ မျက်စိဟာ ကိုယ့်အလိုအတိုင်းမဖြစ်ဘူး။ ယောဂီပုဂ္ဂိုလ်က ဘယ်နှယ်လုပ်သိတုန်းဆိုတော့ ရှုတိုင်းရှုတိုင်း မျက်နေတာလေးပဲ တွေ့ရတယ်။ ရှုတိုင်းရှုတိုင်းဟာ မြင်တယ်မြင်တယ်လို့ ရှုတိုင်းရှုတိုင်း မြင်တာလေးနဲ့တကွ မြင်မှု၏တည်ရာဖြစ်တဲ့ မျက်စိက တစ်ခါတည်း ပျောက်ပျောက်သွားတာကိုး။ ရိပ် ကနဲရိပ်ကနဲ ပျောက်သွားတာတွေ့ရတယ်။ ဒါက ဝိပဿနာဉာဏ် အင်မတန်သန့်ရှင်းတဲ့ ပုဂ္ဂိုလ်တွေတွေ့တာကိုး။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းကတော့ ပြတ်ပြတ်သားသား ရှင်းချင်မှရှင်းမယ်။

ဒါပေမယ့် **"ပဏ္ဍိတော၊ ဗျတ္တော မေဓာဝီ"**ကိုး။ **ဗျတ္တော**၊ တတ်သိလိမ္မာတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်သည်။ ဒါကတော့ ဝိပဿနာရှုနည်းနဲ့ နားလည်ပြီးတော့ ရှုတဲ့ပုဂ္ဂိုလ်။ **မေဓာဝီ၊** ဓမ္မောဇပညာနဲ့ ပြည့်စုံတယ်ဆိုပြီး။ ဓမ္မောဇ ဓမ္မတွေကို သဘောတရားတွေကို ထိုးသွင်းပြီးတော့သိတတ်တဲ့ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တဲ့။ သဘောတရားတွေ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းသိနိုင်တဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်တွေ ပြတ်ပြတ်သားသား သိတတ်ပါတယ်။ အဲဒါက မျက်စိနဲ့ စပ်ပြီးတော့ သိပုံ၊ မြင်တိုင်းမြင်တိုင်း မှတ်ပြီးတော့ တရိပ်ရိပ်နဲ့ ပျောက်နေတာလေးတွေ့ရတဲ့အခါကာလကျတော့ ခုနက ပြောခဲ့တဲ့ -

ရိတ္တကညော ခါယတီ၊

ရိတ္တကညော၊ အနှစ်သာရမှ ကင်းသည်ဖြစ်၍သာလျှင်။ **ခါယတီ၊** ထင်လေတော့၏။

အစတုန်းကတော့ မျက်စိဟာ ဟန်ဟန်ပန်ပန် တင့်တင့်တယ်တယ်ကြီး၊ လှလှပပကြီး၊ ငါပဲ ငါယောကျ်ားပဲ၊ ငါမိန်းမပဲ၊ ငါ့မျက်စိက လှတယ်စသည်ဖြင့် ဟန်ဟန်ပန်ပန်ကြီးဖြစ်နေတယ်။ အခု မှတ်တိုင်းမှတ်တိုင်း တရိပ်ရိပ်နဲ့ပျောက်နေတာ ကလေးတွေ့ချည်းတွေ့ရတော့ ဒီထဲမှာမြဲတဲ့သဘောလဲမရှိဘူး။ ချမ်းသာတဲ့သဘော၊ တင့်တယ်တဲ့သဘော၊ လှတဲ့သဘောလဲမရှိဘူး။ ငါပဲလို့ ငါ့အလိုအတိုင်းဖြစ်တဲ့ ငါပဲလို့စွဲလမ်းစရာလဲ မရှိဘူး။ အနှစ်သာရကင်းပြီးတော့ ထင်တယ်တဲ့။ ဘာအနှစ်သာရမှ မရှိဘူး၊ မြဲတဲ့အနှစ်လဲ မရှိ၊ လှပတင့်တယ်တဲ့အနှစ်လဲ မရှိဘူး။ ပုဂ္ဂိုလ်သတ္တဝါ အသက်ရှင်နေတဲ့ အကောင်ပဲလို့ စွဲလမ်းရာအနှစ်သာရလဲ မရှိဘူး။ အနှစ်သာရကင်းမဲ့ပြီးတော့ ထင်တယ်။

တုစ္ဆကညော၊ အချည်းနှီးဖြစ်၍သာလျှင်။ **ခါယတီ၊** ထင်လေတော့၏။

အနှစ်သာရကင်းမဲ့တာနဲ့ အချည်းနှီးဖြစ်တာနဲ့ အတူတူပါပဲ။ ပါဠိကလဲ ၃-ပုဒ်ရှိလို့ ဘုန်းကြီးကလဲ အနက်ကွဲအောင်လို့ပေးရတယ်။ ပါဠိနဲ့က ရိတ္တနဲ့ တုစ္ဆဆိုတာ တစ်ပုဒ်ထဲဆိုရင် ရိတ္တလည်းအချည်းနှီးပဲ။ တုစ္ဆလဲ အချည်းနှီးပဲ၊ ဗလာအချည်းနှီး ဘာမှမရှိဘူးလို့ အဓိပ္ပာယ်ရှိပါတယ်။ ဒီမှာတော့ ကွဲအောင်လို့ ရိတ္တဆိုတာကတော့ ဟိုဘက်ဒီဘက် လှိုးလိုက်ဖြတ်လိုက်တော့ အလယ်ပိုင်းဘာမှ မကျန်ပဲ ဖြစ်သွားတာမျိုးကို သဒ္ဒါနက်အားဖြင့် ရိတ္တခေါ်တယ်။ ကင်းတယ်လို့

http://www.dhammadownload.com

သဒ္ဒါ အရင်းက ပြန်ဆိုထားတယ်။ ဒါကြောင့် အနှစ်သာရမှကင်းသည်ဖြစ်၍သာလျှင်။

တုစ္ဆကညော၀၊ အချည်းနှီးဖြစ်၍သာလျှင်။ **သုညကညော၀၊** ဆိတ်သည်ဖြစ်၍သာလျှင်။

ဆိတ်-ဆိုတာလဲ ခုနက အနှစ်သာရတွေ ဆိတ်နေတာ။ မြဲတဲ့အနှစ်သာရလဲ ဒီမှာရှာလို့မတွေ့ဘူး။ ညအခါကာလ လူခြေတွေတိတ် အိပ်နေတဲ့အခါ ကာလမျှားမှာ လူသံ သူသံတွေ တိတ်ဆိတ်နေသလိုပဲ။ ဒီမှာ နှစ်သက်သာယာဖွယ်ဖြစ်တဲ့ မြဲတဲ့သဘောလဲ အနှစ်သာရမရှိဘူး၊ တင့်တယ်လှပတဲ့ အနှစ်သာရလဲ မရှိဘူး၊ ပုဂ္ဂိုလ်သတ္တ၀ါလို့ခေါ်ရမယ့် အနှစ်သာရလဲ ဒီမှာမရှိဘူး၊ အတ္တအနှစ်သာရ ဘာမှမရှိဘူးတဲ့၊ အနှစ်သာရတွေမှ ကင်းဆိတ်ပြီးတော့နေသည်တဲ့၊ မြင်တယ်မှတ်လိုက်ဖြစ်ပြီးပျောက်သွား ဘာမှအနှစ်သာရမရှိပါဘူး၊ တရိပ်ရိပ်နဲ့ တကယ်ဉာဏ်တက်နေတဲ့အခါကျတော့ မြင်တယ် မြင်တယ်ဆိုတာ အခုပြောသလောက်တောင် ကြာနေတာမဟုတ်ဘူး။ တရိပ်ရိပ်နဲ့ မြင်တိုင်း မြင်တိုင်းဟာ ရိပ်ကနဲပျောက်၊ ရိပ်ကနဲပျောက်၊ ဒီလိုချည်းပဲ ထင်နေတာ၊ ဒီတော့ ဘာမှအနှစ်သာရမရှိဘူး၊ အဲဒီလို ထင်ရပါတယ်တဲ့။

ခုနက ရွာပျက်ကုန်းကြီးတွေ့တာနဲ့ တူတယ်တဲ့။ အစကတော့ ရွာကြီးဆိုတော့ ဟန်ကျလိမ့်မလား အောက်မေ့တယ်။ အတွင်း၀င်ကြည့်တဲ့အခါ လူလဲမရှိသုံးဆောင်စရာလဲ ဘာမှမရှိ၊ ယူစရာ ကောက်စရာ ဘာမှမရှိလို့ ဘာမှအသုံးမကျတဲ့ ရွာပျက်ကုန်းပဲလို့ သိရသလိုပဲ၊ မြင်မှုက ရှုတိုင်းရှုတိုင်းဟာ အဲဒါတွေ့ရပါတယ်။

ထို့အတူ ကြားမှုကလဲ ဒီအတိုင်းပါပဲ။ မြင်မှုတစ်ခုက သဘောပေါက်သွားရင် ဟိုဟာတွေလဲ သဘောပေါက်ပါတယ်။ ဒေသနာအစဉ်က မြင်မှုကစပြီးတော့ ဟောထားတော့ ဘုန်းကြီးများကလဲ မြင်မှုကဟောနေရတယ်။ ဆရာကြီးတစ်ယောက်က ဘုန်းကြီးကို လျှောက်ထားတောင်းပန်ဖူးပါတယ်။ ဒေသနာအစဉ်အတိုင်းဟောရင် လူတွေသိပ်နားမလည်ဘူးဘုရားတဲ့။ သိလွယ်တဲ့နေရာကစပြီး ဟောပါတဲ့။ ဘုန်းကြီးကလဲ သိလွယ်တဲ့နေရာကစပြီးတော့ ဟောချင်တဲ့စိတ်တော့

http://www.dhammadownload.com

ပေါက်တယ်။ ဒါပေမယ်လို့ ဒေသနာအစဉ်ကျော်ပြီး ဟောဖို့ရာ နည်းနည်းဝန်လေးတယ်။ သူ့အစဉ်အတိုင်းဟောမှပဲ နေရာကျမှာပဲ။ လိုရင်းကျမှ များများပြောရမှာပဲ။ ဒါကြောင့် ဒေသနာအစဉ်နဲ့ပဲ ဒီမှာဟောနေတယ်။

မြင်မှုတဆိုင်ခဲ

အများအားဖြင့်တော့ မြင်မှုက အခုဘုန်းကြီးပြောသလို ရှင်းရှင်းလင်းလင်းသိတဲ့ ပုဂ္ဂိုလ်ကတော့နည်းတယ်။ ယောဂီပုဂ္ဂိုလ်ရာခိုင်နှုန်းနဲ့ဆိုရင် တစ်ရာမှာ ငါးဆယ်လောက်၊ တစ်ဝက်လောက်ပဲ နည်းနည်းပါးပါး သိပုံပေါ်တယ်။ များများတော့ သိပုံမပေါ်ဘူး။ မြင်မှုဟာ ပိုင်ပိုင်နိုင်နိုင်သိခဲတယ်။ ဘုန်းကြီးများ ပထမစပြီးတော့ ကမ္မဋ္ဌာန်းပြစဉ်တုန်းက မြင်မှုကနေ ပိုင်ပိုင်နိုင်နိုင်တွေ့တဲ့ပုဂ္ဂိုလ်တွေ တော်တော်တွေ့ဖူးပါတယ်။

ဘင်ဥာဏ်ရောက်ခဲ

ဒကာတစ်ယောက် ဘုန်းကြီးရဲ့ဆွေမျိုးထဲကပါပဲ။ သူတရားအားထုတ်တော့ အစဉ်အတိုင်းရှေ့လာတော့ ဘင်ဥာဏ်ရောက်တယ်။ မြင်တာလေးဆိုရင် မြင်တာလေးလဲပျောက်၊ မှတ်သိတာလေးလဲပျောက်၊ ကြားတယ်ဆိုရင် ကြားတဲ့အသံကလေးလဲပျောက်၊ ကြားတယ်လို့ မှတ်သိတာကလေးလဲ ပျောက်နေတယ်။ ကိုယ်ထဲကနာကျင်ကိုက်ခဲတဲ့ ဝေဒနာကလေးတွေ ဖြစ်လာခဲ့လို့ရှိရင် အဲဒီဥစ္စာလဲပဲ နာကျင်တာကလေးလဲ ရိပ်ကနဲဆိုပေါ်ပြီး ပျောက်သွားလိုက်၊ မှတ်သိတာကလေးလဲ သိပြီးပျောက်လိုက်၊ ကွေးတယ် ဆန့်တယ်မှတ်ပြန်ရင်လဲ လက်ကလေးတွေ ရွှေ့တိုင်းရွှေ့တိုင်းဟာ ရွှေ့လိုက်ပျောက်လိုက် ရွှေ့လိုက်ပျောက်လိုက်နဲ့ ရွှေ့ပျောက်ရုံတွင်မဟုတ်ဘူး။ အဲဒီရွှေ့ပျောက်သိတာကလေးကလဲပဲ နောက်ပျောက်သွားတယ်လို့ သိတဲ့စိတ်ကလေးလဲ သိပြီးပျောက်သွားတာပဲ။ ရွှေ့လိုက် ရွှေ့တာလေးပျောက်လိုက်၊ သိတာလေး ပျောက်လိုက်၊ ရွှေ့တာလေး ပျောက်လိုက်၊ သိတာလေး ပျောက်လိုက်၊ အာရုံရော အသိရော ၂-ခုလုံး ၂-ခုလုံး ပျောက်ပျောက်နေတာချည်း တွေ့ရတယ်။

အပြင်ဘက်က ပေါ်လာတဲ့အာရုံတွေလဲပဲ နီစွ, သုခ, အတ္တစွဲလမ်းစရာ

http://www.dhammadownload.com

မရှိဘူး။ အတွင်းက ရှုနေတဲ့ စိတ်ကလေးလဲပဲ ရှုသိပြီးနေတာလေးလဲ နိစ္စ, သုခ, အတ္တစွဲလမ်းစရာ မရှိဘူး။ သူ့အခိုက်အတန့်နဲ့သူပျောက်ပြီး တရိပ်ရိပ်ပျောက်နေတာချည်းပဲ တွေ့ရတယ်။ အဲဒါ ဘင်္ဂဉာဏ်ခေါ်တယ်။ အင်မတန် အရေးကြီးပါတယ်။ ဒီဘင်္ဂဉာဏ်ဟာလဲ တော်တော်ရောက်ခဲတယ်။

အခု ကမ္မဋ္ဌာန်းတွေဆိုတာ အမျိုးမျိုးဟောနေကြတာ။ ဟိုကဟော ဒီကဟောနဲ့ အများကြီးပါပဲ။ ဟောနေကြတယ်။ ဒီဉာဏ်က တော်တော်ရောက်ခဲတယ်။ တချို့ပုဂ္ဂိုလ်တွေက သူတို့အကြီးအကျယ်လုပ်ပြီးတော့ စာတွေ ပေတွေနဲ့ ခဲ့ခဲ့ညားညားကြီးလုပ်ပြီးတော့ ဟောနေကြတယ်။ ဟောသာ ဟောတာ၊ အဟောသာရှိတာ၊ တရားကတော့ ဒီကိုရောက်ဖို့ရာ တော်တော်မလွယ်ဘူး၊ အပြောနဲ့မဖြစ်ဘူး။

ဒီဉစ္စာ တချို့စာတွေပေတွေနဲ့ထုတ်ပြီးတော့ အကြီးအကျယ်ပါပဲ။ သူတို့မှ သဘာဝကျတယ်။ ဒီပြင် ပုဂ္ဂိုလ်တွေက နေရာမကျတဲ့အနေမျိုး တချို့က ရေးလို့သားလို့ ဟောပြောနေတာတွေ တွေ့ရတယ်။ ဩဝ်. . . ဒီပုဂ္ဂိုလ်တွေလဲပဲ သူဟာတွေနဲ့သူ မာန်မာနကလေးနဲ့ လုပ်နေတာပဲလို့ ဘုန်းကြီးကတော့ အောက်မေ့တယ်။ သူတို့ကိုယ်တိုင်လဲ ဒီလိုဖြစ်ပျက်နေတာတွေလဲ တကယ်လဲ တွေ့တာမဟုတ်ဘဲနဲ့။ သူတို့ မာန်မာနကလေးနဲ့ ရေးသားပြောဟောနေတာကိုးလို့ ဘုန်းကြီးက အောက်မေ့တယ်။ ဒါတွေ တွေ့ရတယ်။

တရားထူးရဖို့လို့ ထင်နေကြ

တချို့ ပုဂ္ဂိုလ်တွေကလဲ အဲဒီနေရာတော့ အဝေးကြီးပါပဲ။ အာရုံနိမိတ်ကလေးတွေ အမျိုးမျိုးထင်တာနဲ့ပဲ တရားထူးတွေရသွားပြီလို့ ဒီလိုထင်တာလဲ ရှိပါတယ်။ အခုနေအခါကာလ တရားပေါက်ရောက်နေတဲ့အနေမျိုး၊ တချို့ကလဲ ရဟန္တာဖြစ်နေတဲ့ အနေမျိုးပေါ့လေ။ သတင်းကြီးပြီးတော့ ဟောပြောနေတာတွေရှိတယ်။ ဘာမှ သဉ္ဇစ္စာတရားလဲပဲ ထိထိရောက်ရောက်ရှိတာ မဟုတ်ဘူး။

ဝေဒနာပျောက်ရင် သောတာပန်လို့ဟောကြ

အာရုံလေးတစ်ခုပျောက်သွားတာနဲ့, ဝေဒနာကလေးတစ်ခုရှုနေရင်ဖြစ်ပေါ်လာတာ ပျောက်သွားတာနဲ့, သောတာပန်ဖြစ်တယ်။ ဒီလိုလဲ

http://www.dhammadownload.com

သူတို့ကဟောတာပဲ။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက သဘောကျတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ သောတာပန်က ဖြစ်လွယ်တာကိုး။ သူဥစ္စာ ဒါက ဝေဒနာကလေးက၊ ဝေဒနာဆိုတာ မြဲတာမှမဟုတ်ဘဲ၊ ရှုပြီးရင် ပျောက်ရမှာပေါ့။ ဝေဒနာပျောက်တာက သူဖာသာ သူပျောက်တာပဲ၊ အရိယမဂ်နဲ့ပျောက်တာမှမဟုတ်ဘဲ။ ဝေဒနာက အလကားနေလဲ ပျောက်တာပဲ၊ ဝေဒနာဆိုတာ ယားနေတယ်ဆိုပါတော့။ လူတစ်ယောက်က ဘာမှတရားအားမထုတ်ဘူး၊ အခု ယားနေပေမယ်လို့ တော်တော်ကြာတော့ ရှိသေးရဲ့လားဆိုရင် ဘယ်ရှိတော့မှာတုန်း။ ယားတာလဲ ပျောက်တာပဲ၊ နာနေတယ်ဆိုပါတော့ ဒီနာနေတဲ့ဥစ္စာ အခု နာပေမယ်လို့ တော်တော်ကြာသွားမေးရင် မရှိတော့ဘူး။ ဝေဒနာဆိုတာ သူဟာသူလဲ ပျောက်တာပဲ၊ အဲဒါ အရိယမဂ်နဲ့ ပျောက်တာမဟုတ်ဘူး၊ ဒါကိုပဲ ဝေဒနာလေးတစ်ခု ပျောက်ဆုံးသွားလို့ရှိရင် သောတာပန်ဖြစ်တယ်၊ ဒီလိုဆရာက အဆုံးအဖြတ်ပေးတယ် ဆိုတာကိုး။

ဒါတွေကလဲ သက်သေခံတွေကရှိတယ်။ ကြိုးတွေနဲ့ ဖမ်းထားတာရှိတယ်။ သူတို့ဟောတဲ့တရားတွေက ပို့လို့သိနေရတယ်။ အဲဒါ သူ့ဆရာနဲ့ သူ့တပည့်ကတော့ သိပ်သဘောကျနေတယ်။ တပည့်ကလဲ သောတာပန်ဖြစ်တယ်လို့ ဆုံးဖြတ်ပေးလိုက်ရင် သောတာပန်က တယ်ဖြစ်ချင်ကြတာကိုး။

အသုဘထင်လျှင် သကဒါဂါမ်လို့ဟောကြ

တစ်ခါ အာရုံနိမိတ်တွေနဲ့ အသုဘနိမိတ်တွေထင်ပြန်ပြီဆိုလို့ရှိရင် အနိုးစုကြီးတွေထင်လိုထင်၊ သူသေကောင်ကြီးတွေ ထင်လိုထင်၊ အပုပ်အပွကြီးတွေ ထင်လိုထင်၊ အဲဒီလို အသုဘအနေအားဖြင့် ထင်လို့ရှိရင် ဒါကသကဒါဂါမ်ဖြစ်ပြီး သူဟာသူ ဆုံးဖြတ်လိုက်တာကိုး။ ဒါလဲ သူဥစ္စာသဘောကျတယ်။ ဆုံးဖြတ်ခဲ့ရတဲ့ပုဂ္ဂိုလ်က သူက တရားကရချင်နေတာကိုး၊ သဘောကျတယ်။

သမာဓိအာရုံနိမိတ်

အဲဒါတွေက အမှန်စင်စစ်အားဖြင့်တော့ အခု ဘင်္ဂဉာဏ်မရောက်သေးဘူး။ အဝေးကြီးရှိသေးတယ်။ ဟိုမှာအစနားက သမာဓိအာရုံနိမိတ်ပဲ ထင်တတ်ပါတယ်။

http://www.dhammadownload.com

ဘုန်းကြီးများ ရွှေဘိုမှာ ကမ္မဋ္ဌာန်းပထမပြခါစက လူကလေးတစ်ယောက် ကမ္မဋ္ဌာန်း ကျောင်းရောက်ခါရှိပါသေးတယ်။ သူတရားအားထုတ်တော့ တရားအားထုတ်နေ ရင်း သူ့ဘေးနားမှာ လူသေကောင်ကြီးကပေါ်လာတယ်။ ဘယ်ဘက်ကလဲ လူသေ ကောင်၊ ညာဘက်ကလဲ လူသေကောင်၊ လူသေကောင်ကြီး ၂-ခု ဖြစ်နေတယ်။ ခက်တာပဲ၊ ရှေ့နားလဲ လူသေကောင်ရှိတာပဲ၊ နောက်နားကလဲ လူသေကောင်တွေ သူ့ကို ဝိုင်းနေတယ်၊ အသေကောင်တွေ ထင်နေတယ်။ အဲဒါ တချို့ပုဂ္ဂိုလ်တွေ ဟောပုံပြောပုံဖြင့် သူ သကဒါဂါမ်ဖြစ်ပြီပေါ့။ အသုဘကောင်တွေ ဖြစ်နေတာကိုး။

ဒါဘာမှမဟုတ်သေးဘူး။ နာမရူပ ပရိစ္ဆေဒဉာဏ်တောင်မရောက်သေးဘူး။ နာမ်ရုပ်တောင် သူပိုင်းခြားမသိသေးဘူး။ ကမ္မဋ္ဌာန်းကျောင်းရောက်ခါစ ရှိသေး တယ်။ ဒီလိုပုဂ္ဂိုလ်တွေက ဘယ်လိုဟာထင်တတ်သတုန်းဆိုတော့ ဘဝါဘဝက သူတို့ ပါရမီဖြည့်လာတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ သူတို့ အသုဘကမ္မဋ္ဌာန်းတွေ နှလုံး သွင်းလာတယ်၊ တရားအားထုတ်ဖူးတဲ့ ပါရမီမျိုးစေ့တွေကြောင့် အာရုံနိမိတ်တွေက ထင်လွယ်တာ၊ ဒီအာရုံနိမိတ်တွေ သူလာထင်တယ်။ ဒါ စခါစပဲရှိသေးတယ်။ ဒါ ဘာမှ မဟုတ်သေးဘူး။

အခု ဘင်္ဂဉာဏ်ဆိုတာကတော့ အင်မတန်ကိုကောင်းနေပါပြီ။ အာရုံနိမိတ် တွေကျော်လွန်လို့ အာရုံနိမိတ်တွေကျော်လွန်သွားပါပြီ။ ဒီအာရုံနိမိတ်တွေက အစ နားမှာမြင်တတ်ပါတယ်။ သမ္မသန, ဥဒယဗ္ဗယ ကျော်သွားပါပြီ။ ဘင်္ဂဆိုတော့ အင်မတန်ကျော်နေပါပြီ။ အဲဒါ အခုဒီမှာတရားအားထုတ်တော့ ဘင်္ဂဉာဏ်ရောက် တဲ့အခါမှာ ရှုတိုင်းရှုတိုင်း အာရုံကလေးတွေရှုပြီးရင်း ပျောက်သွားရင်း ရှုပြီးရင်း ပျောက်သွားရင်း ဒါကလေးလဲ သိပြီးရင်း ပျောက်သွားရင်း ဒီလိုထင်နေတာကိုး။ အင်မတန်ကောင်းပါတယ်။ ဘင်္ဂဉာဏ်။

ဘင်္ဂဉာဏ်ရောက်ရင် ပုံသဏ္ဌာန်တည်နေမှုမရှိ

အဲဒီလို ဘင်္ဂဉာဏ်ရောက်တဲ့အခါမှာ ဘယ်ဟာမှ ပုံသဏ္ဌာန်နိမိတ်နဲ့ တည်နေတာမရှိဘူး။ သူဟာပုံသဏ္ဌာန်အထည်ဖြစ်နဲ့ တည်နေတာတော့မရှိဘူး။ ကွေးတယ် ကွေးတယ်လို့မှတ်၊ ပကတိပုဂ္ဂိုလ်တွေအနေအားဖြင့်တော့ ကွေးတယ်ဆို ရင် လက်ကြီးနဲ့ဒီနားကနေ ဟိုနားရွှေ့လာတယ်လို့ ဒီလိုသိလိမ့်မယ်လို့ အောက်

http://www.dhammadownload.com

မေ့ကြတာ၊ ဒီလိုမဟုတ်ဘူး။ ယောဂီပုဂ္ဂိုလ်မှာ ဘင်ဉာဏ်ရောက်လာတော့ လက်ပုံသဏ္ဌာန်မထင်ဘူး။ ကွေးတယ်ဆိုရင် တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ ရွှေ့တဲ့သဘောလေးဟာ တစ်နေရာက တစ်နေရာတွန်းလိုက်, ရွှေ့လိုက်, ပျောက်လိုက်၊ ရွှေ့လိုက် တွန်းလိုက် ပျောက်လိုက်၊ ကွေးတယ်လို့ မှတ်တဲ့ စိတ်ကလေးကလဲပဲ မှတ်လိုက်ပျောက်လိုက်၊ ဟိုက ကွေးလိုက်ပျောက်လိုက်၊ ဒီက သိလိုက်ပျောက်လိုက်၊ ရွှေ့တာနဲ့ အပျောက်နဲ့၊ သိတာနဲ့ အပျောက်နဲ့ဟာ ရှေ့ဆင့်နောက်ဆင့်ပဲ၊ တစ်ခါတည်း သွားနေတာ။ ဒီထဲမှာ မြွှတယ်လို့ စွဲလမ်းစရာ မရှိဘူး။ ချမ်းသာတယ် ကောင်းစားတယ်လို့ စွဲလမ်းစရာမရှိဘူး။

အဲဒီတော့ အဲဒီဘင်ဉာဏ်ကျတော့ ခုနကပြောလိုရင်းက ပထမဆုံးတရားအားထုတ်တဲ့ ပုဂ္ဂိုလ်အကြောင်းပြောမယ်လို့ အဲဒီပုဂ္ဂိုလ်က သူမှာ မြင်တိုင်းမြင်တိုင်း ရိုးရိုးရွှရွှတွေပျောက်နေတာ တွေ့တာကိုး၊ မြင်တိုင်းမြင်တိုင်း အထူးကိုကြောင့်ကြစိုက် ရှုမှတ်နေရတာ မဟုတ်ဘူး။ အသိတွေဟာ အလိုလိုလိုက်နေလို့ မြင်တိုင်းမြင်တိုင်းဟာ တရိပ်ရိပ်နဲ့ပျောက်နေတာတွေ သူထင်နေတယ်၊ မြေကြီးကြည့်လိုက်လဲ တရိပ်ရိပ်နဲ့ပျောက်၊ ရေကြည့်လိုက် ရေတွေက တရိပ်ရိပ်နဲ့ပျောက်၊ သစ်ပင်ကြည့်လိုက်လဲ သစ်ပင်ကလဲ တရိပ်ရိပ်နဲ့ပျောက်နေတာတွေ့ရတော့ သူ စိတ်ထဲမှာ တစ်မျိုးထင်လာတယ်။ ငါ့ဥစ္စာ ဘယ့်နှယ်လဲ မျက်စိကပဲဝေလို့လား၊ ဖောက်ပြန်လို့လား၊ ငါရှေးက မှတ်ထားတာနဲ့တော့ မကိုက်ဘူး။ ငါရှေးကမှတ်ထားတာကတော့ ဒီသစ်ပင်, တောင်, တောင်, မြေကြီး၊ ဗဟိဒ္ဓရုပ်တွေဟာ ဥတုဇရုပ်ကြမ်းတွေပဲ။ ဒါတွေဟာ ရုတ်တရက် ခဏချင်း ပျောက်သွားတာမဟုတ်ဘူး။ ကြာမှ ပျောက်တဲ့ဥစ္စာတွေပဲ။ အခုဟာကတော့ တရိပ်ရိပ်နဲ့ပျောက်နေတာချည်းပဲ တွေ့နေရပါလားလို့ သူစိတ်ထဲမှာ သံသယဖြစ်လာတာ ဘုန်းကြီးကိုမေးတယ်။

ရှင်းပြီးတော့ ပြောရတယ်။ ဒီအတိုင်းပဲ အသာကလေးရှုနေလို့ သဗ္ဗေသခ်ါရာအနိစ္စာ-ဆိုတာ သခ်ါရတရားဆိုတာ အနိစ္စချည်းထဲပဲ။ အဖျက်တရယ်လို့ အကွဲအပြားမရှိဘူး၊ ဉာဏ်မမီရင် မထင်ဘူး၊ ဉာဏ်မီရင် ထင်ရတယ်၊ အလုံးစုံ အကုန်လုံး သခ်ါရတရားတွေဟာ ခဏမစဲဖြစ်ပျက်နေတာချည်းထဲပဲလို့ ပြောရတယ်။

http://www.dhammadownload.com

အဲဒီတော့ ခုနကပြောခဲ့တဲ့ **မေဓာဝီ**-ထက်မြက်တဲ့ထိုးထွင်းဉာဏ်၊ ဆင်ခြင်ဉာဏ်နဲ့ သိတဲ့ပုဂ္ဂိုလ်ဆိုရင် အဲဒီလိုထင်တတ်ပါတယ်။ မြင်တိုင်း မြင်တိုင်းဟာ တရိပ်ရိပ်နဲ့ မြင်ရတဲ့အာရုံတွေရော မြင်သိတာတွေရော, ထိသိတာတွေရော မြင်မှုရဲ့တည်ရာတွေရော တရိပ်ရိပ်နဲ့ပျောက်ပြီးတော့ နေတာတွေထင်တတ်တယ်၊ အဲဒီလိုထင်တဲ့အခါကျတော့ -

ရိတ္တကညော၊ အနှစ်သာရမှ ဆိတ်သည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။ တုစ္ဆကညော၊ အချည်းနှီးဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။ သုညကညော၊ ဆိတ်သည်ဖြစ်၍သာလျှင်။ ခါယတိ၊ ထင်လေတော့၏။

ပထမက မြဲတဲ့အနေအားဖြင့် အနှစ်သာရကြီးထင်တာတဲ့။ သာယာစရာဖြစ်နေတယ်၊ ချမ်းသာတယ်၊ လှပတယ်၊ တင့်တယ်တဲ့အနေအားဖြင့် အနှစ်သာရကြီးဖြစ်ပြီး ထင်နေတယ်။ ငါပဲ ပုဂ္ဂိုလ်သတ္တဝါပဲ။ ယောကျ်ားဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ ငါယောကျ်ားပဲ၊ မိန်းမဖြစ်တဲ့ပုဂ္ဂိုလ်ကလဲ ငါမိန်းမပဲလို့ အကောင်အထည်ကြီးလိုက်ထင်ပြီးတော့ အနှစ်သာရနဲ့တကွ အောက်မေ့တယ်၊ အဲဒါတွေကို သာယာစရာဘာမှမရှိတော့ဘူးတဲ့။ ခုနက သုညောဂါမ-ဆိတ်သုဉ်းနေတဲ့ရွာတဲ့၊ လူမရှိတဲ့ရွာတဲ့၊ ရွာဆိုးကုန်းပျက်ကြီးနဲ့တူတယ်ဆိုတဲ့ သဘောဟာပေါ်လာတယ်။ အဲဒါ မြင်ရာကနေပြီးပေါ်ပုံ။

နားရုပ်၌ ရှမှတ်သိ

ထို့အတူ ကြားရာကလဲ စက္ခာယတန၊ ပြီးတော့ သောတအာတယန၊ နားအာယတန၊ နားက နားဆိုတာလဲ ခုနကမျက်စိနဲ့အတူတူပါပဲ။ "အဆင်းမြင်ကြောင်း၊ ကောင်းကောင်းသူကြည်" ဆိုတာကို "အသံထင်ကြောင်း၊ ကောင်းကောင်းသူကြည်" ဆိုပြီး အတူတူပါပဲ။ အဆင်းထင်ဖို့ရာ ကြည့်သလိုပါပဲ၊ အသံထင်လောက်အောင် ကြည်တာပဲ၊ နားထဲမှာ။ မျက်စိရုပ်ကတော့ကို မျက်နှာဝန်းအလယ်ခေါင် အရိပ်ထင်ရာအရပ်မှာ တည်တယ်။ နားရုပ်ကတော့ နားထဲမှာ အမွေးနုကလေး စီပြီးတော့ပေါက်နေတာ၊ သောတပသာဒရဲ့ တည်ရာတဲ့။ အဲဒီဟာက ဝါယာလက်တိုင်များလို ဝါယာလက်တိုင်တွေမှာ အသံတွေ ဒီကနေပြီး

http://www.dhammadownload.com

ဖမ်းတယ်။ အဲဒါလိုပဲ အဲဒီအမွေးနုကလေးတွေ စီပြီးပေါက်နေရာကနေ ပဿဒရုပ်တွေ အဲဒီမှာရှိတယ်တဲ့။ အဲဒီကနေပြီးတော့ အသံတွေကိုဖမ်းတယ်။ အသံတွေဖမ်းပြီးတော့ သောတဝိညာဉ်က ကြားပြီးတော့သိတယ်။

ဒါကြောင့် "အသံထင်ကြောင်း ကောင်းကောင်းသူကြည်၊ အသံဆီသို့၊ ဆောင်ပို့ပေးသည်" ဆိုတော့ အသံဆိုလို့ စိတ်ကရောက်တယ်။ ဒါကတော့ တော်တော်ကို ထင်ရှားတယ်။ လူတစ်ယောက်ဟာ ရှေ့ဘက်လှည့်နေပေမယ်လို့ နောက်ဘက်က အသံကြားရင် နောက်ဘက်ကိုလှည့်လာတယ်။ နောက်ဘက်ကို လှည့်ကြည့်လိုက်တယ်။ ဘာပါလိမ့်မလဲ။ ဘေးဘက်ကကြားရင် ဘေးဘက်ကိုလှည့်ကြည့်တယ်။ လူကိုဆွဲပို့လိုက်သလို ဆွဲလှည့်လိုက်သလိုပဲ၊ တစ်ခါထဲ အသံကြားရာဆီနားကနေပြီး လှည့်ပေးတယ်။ ဒါကြောင့် "အသံထင်ကြောင်း၊ ကောင်းကောင်းသူကြည်၊ အသံဆီသို့၊ ဆောင်ပို့ပေးသည်၊ သဋ္ဌာနက၊ ကြားရပေသည်၊ နားရုပ်မှီပြု၊ ကြားမှုဖြစ်သည်။" နားရုပ်မှီပြုဆိုတော့ ပိုပြီးပေါ်လွင်တာပေါ့၊ သဋ္ဌာနဆိုတော့ ဘယ်ဋ္ဌာနမှန်းမသိပဲ နေလိမ့်မယ်။ အဲဒီလိုပဲ ကောင်းတယ်။ "နားရုပ်၌၊ သိထိုက် ဤသုံးမည်" သောတပသာဒသိရင် အဲဒီလို သုံးခုနဲ့သိရမယ်။ အသံထင်လောက်အောင် ကြည်လင်တဲ့သဘောပဲ။ အသံဆီကို ဆောင်ပို့ပေးတယ်။ အသံကြားအောင်လို့ ကျေးဇူးပြုတဲ့ သဘောပဲ။ ဒါကရသ-ပြီးတော့ ဒီကနေပြီးကြားတာပဲ။ ကြားတယ်မှတ်လိုက် ဒီကပဲ၊ ကြားတယ်မှတ်လိုက် ဒီကပဲ၊ ဒီလိုမှီပြီးတော့ ကြားနေတာပဲ။ ညာဘက်က ကြားတာလဲ ရှိတယ်။ ဘယ်ဘက်က ကြားတာလဲ ရှိတယ်။

ယောဂီပုဂ္ဂိုလ်တွေ ခုနကထက်မြက်တဲ့ ဉာဏ်မျိုးနဲ့ပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်တွေကျတော့ ခွဲခြားပြီးသိတယ်။ ညာဘက်က ကြားတာနဲ့ ဘယ်ဘက်ကကြားတာတွေ၊ ရှေ့ကယောဂီတစ်ဦးက သေသေချာချာပြောဖူးတယ်။ ညာဘက်က ကြားတာကလေးက တမျိုးတဲ့၊ ဘယ်ဘက်ကကြားတာက တစ်မျိုးတဲ့၊ ညာဘက်ကကြားတာက ဘယ်ဘက်ကမကြားဘူးတဲ့၊ ဘယ်ဘက်ကကြားတဲ့အခါ ညာဘက်ကမကြားဘူးတဲ့၊ တစ်ခုချင်း ကြားနေတာပဲတဲ့။ ဒီယောဂီက သူဟာသေသေချာချာ ပိုင်းပိုင်းခြားခြားသိတာ၊ အဲဒီပုဂ္ဂိုလ်လဲပဲ တွေ့ဖူးတယ်၊ အဲဒါကြောင့် "နားရုပ်မှီပြု၊

http://www.dhammadownload.com

ကြားမှုဖြစ်သည်" နားရုပ်အမှီပြုပြီးတော့ ကြားမှုကလေးဖြစ်သည်။ ကြားမှုကလေးဟာ ဒီနေရာကနေပြီး ကြားနေတာပဲလို့ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာထင်တယ်။ ဆိုရမယ်။

"အသံထင်ကြောင်း၊ ကောင်းကောင်းသူကြည်၊
အသံဆီသို့၊ ဆောင်ပို့ပေးသည်၊
နားကိုမှီပြု၊ ကြားမှုဖြစ်သည်၊
နားရုပ်၌၊ သိထိုက် ဤသုံးမည်၊"

နားကိုသိရင် အသံထင်ကြောင်း ကောင်းကောင်းကြည်တဲ့ လက္ခဏာနဲ့သိရမယ်။ ဒါမှမဟုတ်ရင် အသံဆီသို့ဆောင်ပို့ပေးသည်။ ကြားအောင်ကျေးဇူးပြုတဲ့ သဘောတရားတစ်မျိုးပဲ။ ဒီလိုသိတာက ရသနဲ့သိတာ။ ဒါမှမဟုတ်ရင်လဲ ပစ္စုပ္ပဋ္ဌာန်နဲ့ နားရုပ်ကိုမှီပြီးတော့ ဒီနေရာကနေပြီး ကြားနေတာပဲ၊ ကြားမှုဟာ ဒီကနေဖြစ်တာပဲ။ ကြားတယ်ဆို နားထဲက။ လက်ကနေကြားတယ်လို့ မထင်ဘူး၊ ခြေထောက်ကနေ ကြားတယ်လို့ မထင်ဘူး၊ ကျောကနေ ကြားတယ်လို့ မထင်ဘူး၊ ဒီနားထဲကပဲ ဒီကနေ ကြားတယ်လို့ ထင်တယ်။ ဒါတောင်မှ ရှင်းရှင်းလင်းလင်း သိတဲ့ပုဂ္ဂိုလ်ဆိုရင် ညာဘက်ကနားထဲကကြားတယ်၊ ဘယ်ဘက်ကနားထဲက ကြားတယ်လို့ တစ်ခုစီ တစ်ခုစီ ပိုင်းခြားပြီးတော့သိတယ်။ ဒါကြောင့် ပစ္စုပ္ပဋ္ဌာန် အားဖြင့် ကြားမှု၏တည်ရာအနေနဲ့ ယောဂီပုဂ္ဂိုလ်မှာထင်ပါတယ်။ ဒီလို ထင်ရတာကိုး။

နားရုပ်ကလေးဟာ ပသာဒရုပ်က ရှည်ရှည်လေးပဲ၊ လုံးလုံးကလေးပဲ၊ ဝိုင်းဝိုင်းကလေးပဲ၊ ပြားပြားကလေးပဲစသည်ဖြင့် ဒီလိုပုံသဏ္ဌာန်နဲ့ ဖြစ်ရမှာမဟုတ်ဘူး။ တချို့က အမှုန့်အမှုန့်ကလာပ်တွေနဲ့လုပ်ပြတော့ အမှုန့်အမှုန့်ကလေးတွေ ဖြစ်ရမယ်ပေါ့။ အမှုန့်အမှုန့်လဲ မဟုတ်ဘူး၊ အမှုန့်ရယ်လို့လဲ ဒီမှာမရှိဘူး၊ ကြားမှု၏တည်ရာအနေအားဖြင့် ယောဂီပုဂ္ဂိုလ်က ဒီလိုပဲသိရတယ်၊ အဲဒါ။

နာခေါင်းရုပ်ကို ရှုမှတ်သိ

နာခေါင်းရုပ်၊ **ဃာနပသာဒ** နာခေါင်းရုပ်၊ ဒါကတော့ နာခေါင်းထဲမှာ နာခေါင်းခွမှာ ဆိတ်ခွာသဏ္ဌာန်ရှိတဲ့အရုပ်မှာ ပသာဒရုပ်ကြည်လင်တဲ့ ရုပ်ကလေးရှိ

http://www.dhammadownload.com

တယ်တဲ့။ "အနုံထင်ကြောင်း ကောင်းကောင်းသူကြည်" မျက်စိထဲမှာ အရိပ်ထင်သလိုပဲ။ ဈာခေါင်းထဲမှာ အနုံရုပ်ကလေး ကွဲလောက် ထင်လောက်အောင် သူကလဲကြည်တာတစ်မျိုးပဲ။ "အနုံထင်ကြောင်း၊ ကောင်းကောင်းသူကြည်၊ အနုံဆီသို့၊ ဆောင်ပို့ပေးသည်၊" ဒီဈာခေါင်းရုပ်ကလေးရှိလို့ပဲ အနုံဆီစိတ်ရောက်သွားတာ၊ ဈာခေါင်းမရှိတဲ့ပုဂ္ဂိုလ်က အနုံဆီစိတ် မရောက်ဘူး။ အနုံကို မသိဘူး။ "ဈာခေါင်း မှီပြု၊ နံမူဖြစ်သည်" ဆိုတော့ ဈာခေါင်းကို အမှီပြုပြီး ဒီကနေပြီးတော့ အနုံရတယ်။ နံတယ်ဆို ဘယ်ကလဲ၊ ဈာခေါင်းထဲက နံတယ်ဆိုတာ ဘယ်ကလဲ၊ ဈာခေါင်းထဲက အနုံကို ဒီကနေပြီးသိတယ်လို့ ယောဂီပုဂ္ဂိုလ်မှာ မှတ်ရင်းမှတ်ရင်းနဲ့ ရှင်းပြီးတော့ သိတယ်။ အဲဒါ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်နဲ့သိတာ။

လျှာဒွိရူဗုတ်ဆိ

ပြီးတော့ လျှာရောက်လာပြီ။ လျှာကတော့ "အရသာထင်ကြောင်း၊ ကောင်းကောင်းသူကြည်" အရသာ ထင်လောက်အောင်လို့ လျှာကလည်းကြည်တာပဲ။ လျှာ ပျက်နေတဲ့အခါကျတော့ အရသာကောင်းကောင်းမပေါ်ဘူး။ "အရသာထင်ကြောင်း၊ ကောင်းကောင်းသူကြည်၊ အရသာဆီသို့၊ ဆောင်ပို့ပေးသည်"တဲ့။ ချိုတဲ့ချဉ်တဲ့ အရသာလေးဆီ စိတ်ကိုဆောင်ပို့ပေးသလိုပဲ။ အရသာသိအောင်လို့ ကျေးဇူး ပြုပေးတယ်။ "လျှာကိုမှီပြု၊ သိမူဖြစ်သည်" လျှာကိုအမှီပြုပြီးတော့ အရသာသိမှု ကလေးဖြစ်တယ်။ အရသာသိတယ်ဆိုတာ ဒီကပဲ၊ ချိုတယ်ဆို ဒီကပဲ၊ ချဉ်တယ် ဆိုဒီကပဲ၊ လျှာပေါ်မှာသိတာ၊ အဲဒါ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်နဲ့ သိရမယ်တဲ့။ လျှာသိပုံ။

ကိုယ်ရုပ်ဒွိရူဗုတ်ဆိ

ကိုယ်ကို သွားရမယ်။ "အတွေ့ထင်ကြောင်း၊ ကောင်းကောင်းသူကြည်"တဲ့။ အတွေ့အထိတွေ ကောင်းကောင်းတွေ့တွေ့၊ ဆိုးဆိုးတွေ့တွေ့၊ တစ်ကိုယ်လုံးမှာ မှန်ထဲ အရိပ်ထင်သလိုပဲ။ သူကလဲပဲ အတွေ့အထိတွေထင်တာ၊ အတွေ့အထိတွေ တိုက်ခိုက်ပြီးတော့ထင်တာ၊ တစ်ကိုယ်လုံးမှာ ရှိပါတယ်၊ အနုံ့အပြားပဲ။ အသွေး

http://www.dhammadownload.com

အသားတွေ စိုနေတဲ့နေရတွေဟူသမျှ အကုန်လုံးရှိတယ်။ အတွင်းရော အပြင် ရောပဲ၊ ခါတိုင်းခါတိုင်း ခဏခဏလဲ ဘုန်းကြီးကလဲ ပြောနေပါတယ်။ အပ်ဖျားကလေးတစ်နေရာလောက်ဆိုလဲ ရှိနေတာပဲ။ ဘယ်နေရာက ထောက်ကြည့်ကြည့် ထိတယ်ဆို အပ်ကလေးနဲ့ထောက်လိုက်တယ်ဆို နာရင်သိနေတာပဲ။ အတွေ့အထိကလေးက နာပြီးသိတယ်။ အဲဒါကြောင့် တစ်ကိုယ်လုံးအနှံ့အပြားမှာ သူ့ရဲ့ထင်ကြောင်း ကြည်လင်တဲ့ရုပ်ကလေးရှိတယ်တဲ့။ "အတွေ့ထင်ကြောင်း၊ ကောင်းကောင်းသူကြည်"တဲ့။

ဒါလေးကတော့ အရေးကြီးတယ်၊ တော်တော်ကြာတော့ ဆိုရမယ်၊ "အတွေ့ဆီသို့ ဆောင်ပို့ပေးသည်" အတွေ့အထိဆီ သူကဆောင်ပို့ပေးတယ်။ ခြေထောက်က ယားနေတယ်ဆိုရင် စိတ်က အဲဒီကိုရောက်သွားတာပဲ။ လက်ကယားနေတယ်ဆိုရင် ရောက်တယ်။ ခြေထောက်ထဲက ပူနေတယ်ဆိုလဲ ရောက်တယ်။ လက်ထဲက ပူနေတယ်ဆိုလဲ ရောက်တယ်။ ခေါင်းထဲကနေပြီး နာနေတယ်ဆိုရင် ရောက်တယ်။ ရွရွ ရွရွဆိုရင်လဲ အဲဒီရောက်သွားတယ်။ တွေ့ထိရာကို စိတ် ကလေးက ရောက်တယ်။ အဲဒါ စိတ်ကို အတွေ့အထိကို ရောက်အောင်လို့ ကိုယ် အကြည်ဆိုတဲ့ အကြည်ရုပ်ကနေပြီး ဆောင်ပို့ပေးတာ၊ ကျေးဇူးပြုပေးတာ။ "ကိုယ် ရုပ်မှီပြု၊ ထိမှုဖြစ်သည်"တဲ့။ ကိုယ်ရုပ်ကိုမှီပြီးတော့ ထိမှုဖြစ်တာ။

ကိုယ်ရုပ်မထိတဲ့နေရာကတော့ ထိမှုမဖြစ်ဘူး။ ကိုယ်ရုပ်ခြောက်သွေ့နေတဲ့ အစိတ်အပိုင်းဆိုရင် ထိမှုမဖြစ်ဘူး။ ဆံပင်ဆိုပါတော့ ဆံပင်ရှည်ရှည်မှာဆိုရင် ဆံပင်ရဲ့အဖျားပိုင်း အလယ်ပိုင်းတွေမှာ အဲဒီကိုယ်အကြည်ရုပ်မရှိဘူး။ အဲဒီမှာ ထိလို့လည်း ဘာမှမဖြစ်ဘူး။ မီးနဲ့ရှို့လို့လဲ မပူဘူး။ သူက ကာယ ပသာဒမရှိလို့ ဆံပင်ရဲ့အရင်းပိုင်းကျတော့ သိတယ်၊ နာရင်နာမှန်းသိတယ်၊ အဲဒီနားမှာ သွားတို့လိုက်လို့ ရှိရင် နာရင် နာမှန်းသိရတယ်၊ ဒါကြောင့် ကိုယ်ရုပ်ကိုအမှီပြုပြီးတော့ သိမှုကလေးဖြစ်တယ်တဲ့။ ထိသိမှုကလေးဖြစ်တယ်။ "ကိုယ်ရုပ်မှီပြု၊ ထိမှုဖြစ်သည်" ကိုယ်ရုပ်၌ ကာယပသာဒရုပ်၌ အဲဒီသုံးမျိုး လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်သုံးမျိုးနဲ့သိရမည်တဲ့။ ဒါလေးဆိုပြီးတော့မှ တစ်ခါပြောရဦးမယ်။ ဒါကလေးက အရေးကြီးတယ်။ ကိုယ်

http://www.dhammadownload.com

အတွေ့အထိက -

"အတွေ့ထင်ကြောင်း၊ တောင်းကောင်းသူကြည်၊
အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်၊
ကိုယ်ရုပ်မှိုပြု၊ ထိမှုဖြစ်သည်၊
ကိုယ်ရုပ်၌၊ သိထိုက် ဤသုံးမည်၊"

အတွေ့ထင်ကြောင်း၊ အတွေ့အထိရုပ်တွေထင်လောက်အောင် ကြည်လင်တဲ့ သဘောတစ်မျိုးပဲ။ ကိုယ်ထဲမှာ "အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်"တဲ့။ အတွေ့အထိကလေး သိအောင်လို့ သူကကျေးဇူးပြုပေးတယ်တဲ့။ အတွေ့အထိဆီကို စိတ်ကလေးကိုဆောင်ပို့တယ်တဲ့။ အတွေ့ဆီသို့ ဆောင်ပို့ပေးသည်။ ကိုယ်ရုပ်မှိုပြု၊ သိမှုဖြစ်သည်တဲ့။ ကိုယ်ရုပ်ကလေးမှိုပြီးတော့ အဲဒီကြည်တဲ့ကိုယ်ရုပ်ကလေး မှိုပြီးတော့ သိမှုဖြစ်တာ၊ ထိတယ်ဆိုရင် ဒီနေရာက လက်ထဲကနေပြီးထိရင် အဲဒီထဲကပဲ ခြေကနေပြီးထိရင် အဲဒီထဲကပဲ လက်ထဲခြေထဲမှာလဲ သူအစိတ်အပိုင်း ကလေးတွေ ရှိတယ်။ သူ့နေရာကလေးပဲ။ ဒီနေရာကလေးက ဟိုနေရာကလေးက ဆိုပြီး နေရာကလေးတွေ ရှိတယ်။ နေရာကလေးတွေ ကာယပသာဒ ကိုယ်အကြည် ရုပ်ကလေးဆိုတာ ရှိတယ်။ အဲဒီနေရာကနေပြီးတော့ အထိအသိကလေးတွေ ဖြစ်နေတာ အတွေ့ထင်မှု သိမှုဖြစ်သည်။ ရှုမှတ်တဲ့ အခါကာလမှာ သိတယ် ထိတယ်ဆိုရင် ကိုယ်ထဲမှာ ခြေထောက်ကထိနေတာ စိုက်မှတ်လိုက်၊ အဲဒီကနေပြီး ကိုယ်ရုပ်ကလေးက ထိမှု၏တည်ရာကလေးပဲ။

ကာယဝိညာဏာဿ အာဓာရဆာဝပစ္စုပဋ္ဌာနံ၊

ကာယဝိညာဏာဿ၊ ကာယဝိညာဉ်စိတ်၏။ ကာယဝိညာဉ်ဆိုတာ ထိသိမှုကလေးပဲ။ ထိသိမှုစိတ်၏ **အာဓာရဆာဝပစ္စုပဋ္ဌာနာ**၊ တည်ရာအဖြစ်ဖြင့် ယောဂီ၏ဉာဏ်အား ရှေ့ရှုထင်၏။

ယောဂီပုဂ္ဂိုလ်မှာ ထိတယ်မှတ်လိုက်ရင် ထိသိမှုကလေးရဲ့ တည်ရာအနေအားဖြင့် ခြေထောက်ကနေပြီး ထိတာကလေးကို ထိတယ်လို့စိုက်ပြီး မှတ်လိုက်ရင် ခြေထောက်ထဲက ထိမှု၏တည်ရာ ကိုယ်အကြည်ရုပ်ထင်ရှားတယ်။ ကိုယ်ရုပ်ဆိုတာ

http://www.dhammadownload.com

အကောင်ကြီးမဟုတ်ဘူး။ ကိုယ်အကြည်သဘောကလေး၊ သူကတစ်မျိုးပဲ၊ အဆင်းထင်အောင် ကြည်တာလိုပဲ။ အတွေ့အထိထင်လောက် စွဲငြိလောက်အောင် ကြည်တဲ့သဘောတမျိုးပဲ။ ဓာတ်တစ်မျိုးပေါ့လေ။ ဖမ်းတဲ့ကိရိယာမျိုးလိုပဲ။ အတွေ့အထိတွေကို ဖမ်းတဲ့ဓာတ်တစ်မျိုးပဲ။ ကိုယ်ထဲမှာ အတွေ့အထိကို ဖမ်းတဲ့ဓာတ်တစ်မျိုး၊ ဒါက ကာယပသာဒ ကိုယ်အကြည်ရုပ်လို့ခေါ်တယ်။ အဲဒါ ဘယ်နေရာကဖြစ်ဖြစ် ထိတာကလေး မှတ်လိုက်လို့ရှိရင် ကိုယ်ထဲမှာစူးစိုက်ပြီးတော့ မှတ်လိုက်လို့ရှိရင် ထိတယ်လို့ ဘယ်ကနေမှတ်မှတ်ပဲ။ အဲဒါ ထိရာကနေပြီးတော့ ထိသိမှုကလေး၏ တည်ရာ ဒီကနေပြီးတော့ ထိသိမှုကလေးဖြစ်တာပဲလို့ ဉာဏ်ထဲမှာရှင်းပြီးတော့ သိရတယ်။ လက်ထဲကထိတာမှတ်ရင် လက်ထဲကပဲ ထိသိမှုကလေး ထင်ရှားတယ်။ ခေါင်းထဲကထိတာမှတ်ရင် ခေါင်းထဲက ထိသိမှုထင်ရှားတယ်။ ပူတယ်, နာတယ်, ကျင်တယ်, ကိုက်ခဲတယ်စသည်ဖြင့် မှတ်တာတွေလဲ ဒီထိမှုတွေပဲ။ အကုန်လုံးဒါတွေ ထိသိမှုတွေ၊ ပူရင်ပူတာ၊ နာရင်နာတာ၊ ကျင်ရင်ကျင်တာ၊ ကိုက်ရင်ကိုက်တာ၊ ဒါတွေဟာ ရှုရတဲ့ဥစ္စာတွေပါပဲ။

ရမ်းသန်းပြီးဟောကြ

အဲဒါလဲပဲ စာပေကျမ်းဂန်ဗဟုသုတမရှိ၊ ဘာမှမရှိ၊ ရမ်းသန်းပြီးတော့ ဟောတဲ့ပုဂ္ဂိုလ်တွေက မဟုတ်တရုတ်တွေ လျှောက်ဟောတယ်လို့ကြားတယ်။ အဲဒါတွေဘုန်းကြီးများက မပြောချင်ဘဲနဲ့ အခုတော့ပြောနေရတယ်။ ကိုယ့်တရားလေး ကိုယ်ဟောနေရင်တော့ ပြီးတော့ပြီးတယ်။ ဒါပေမယ့် မဟုတ်တရုတ်ဟောတာတွေ ကလဲရှိနေတော့ ဘုန်းကြီးများကလဲ ထည့်ပြီးတော့ ဟောနေရတယ်။

နာတဲ့ဝေဒနာများ နာတယ် နာတယ်လို့ မှတ်လို့ရှိရင် တချို့က ဒုက္ခဝေဒနာမမှတ်ကောင်းဘူးလို့ တချို့ကဟောတယ်။ စာနဲ့ပေနဲ့ရေးထားတာလဲ တွေ့ဖူး ပါတယ်။ အဲဒါကတော့ ဒီပုဂ္ဂိုလ်တွေကတော့ တော်တော်ကိုညံ့သေးတာပါပဲ။ ဘုရား ဟောနဲ့ တိုက်ရိုက်ဆန့်ကျင်ဘက်ရေးတာ ဟောတာပဲ။

http://www.dhammadownload.com

ဒုက္ခဝေဒနာလဲ ရှုရမယ်

ဘုရားက ဝေဒနာနုပဿနာမှာ ဝေဒနာ ၃-မျိုးလုံးရှုဖို့ ဟောထားတာပဲ။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဝေဒနာသုံးမျိုးလုံး၊ ဒီဝေဒနာသုံးမျိုးမှာ သာမိသဝေဒနာတဲ့၊ နိရာမိသဝေဒနာတဲ့၊ ခွဲထားလိုက်သေးတယ်။ ကာမဂုဏ်နဲ့စပ်တဲ့ဝေဒနာ သာမိသဝေဒနာခေါ်တယ်။ ဝေဒနာသုံးမျိုးရှိတယ်။ အဲဒါလဲ ရှုရမယ်တဲ့၊ ကာမဂုဏ်နဲ့မစပ်တဲ့ နိရာမိသဝေဒနာသုံးမျိုးလဲ အဲဒါလဲ ရှုရမယ်တဲ့။ သတိပဋ္ဌာန်မှာ ဟောထားတယ်။

ဒုတ္ထံ ဝါ ဝေဒနံ ဝေဒယမာနော၊ ဒုတ္ထံ ဝေဒနံ၊ ဝေဒယာမီတိ ပဇာနာတိ၊

ဒုတ္ထံ ဝါ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကိုလည်း။ **ဝေဒယမာနော၊** ခံစားသည်ရှိသော်။ **ဒုတ္ထံ ဝေဒနံ၊** ဆင်းရဲသော ခံစားမှုကို။ **ဝေဒယာမီတိ၊** ခံစားသည်ဟူ၍။ **ပဇာနာတိ၊** သိ၏။

ဆင်းရဲတဲ့ခံစားမှုဆိုတာ အခုကိုယ်ထဲက နာတာကျင်တာ ကိုက်ခဲတာတွေဟာ ဆင်းရဲတဲ့ခံစားမှုပဲ။ စိတ်ထဲကနေပြီး စိတ်မချမ်းသာတာတွေလဲ ဆင်းရဲတဲ့ခံစားမှုပဲ၊ ၂-မျိုးပဲရှိတယ်။ ဒုက္ခဝေဒနာ ကိုယ်ထဲက ဆင်းရဲတာ၊ စိတ်ထဲကဆင်းရဲတာ၊ ကိုယ်ထဲက ဆင်းရဲတာပဲဖြစ်ဖြစ် စိတ်ထဲက ဆင်းရဲတာပဲဖြစ်ဖြစ် ဆင်းရဲတွေချည်းထဲပဲ။ ဆင်းရဲတွေရှုတာဟာ ဒုက္ခဝေဒနာတွေ ရှုနေတာပဲ။ ဝေဒနာနုပဿနာ ဘုရားက ရှုရမယ်လို့ ဟောထားတယ်။

ဒုတ္ထံ ဝါ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကိုလည်း။ **ဝေဒယမာနော၊** ခံစားသည် ရှိသော်။ **ဒုတ္ထံ ဝေဒနံ၊** ဆင်းရဲသောခံစားမှုကို။ **ဝေဒယာမီတိ၊** ခံစားသည်ဟူ၍။ **ပဇာနာတိ၊** သိ၏။

ခံစားသည်ဟု သိသည်။ ခံစားသည်ဟု သိတယ်ဆိုတာ ဆင်းရဲသောခံစားမှု၊ ခံစားသည်ဟုဆိုတာ၊ ဆင်းရဲသော ဝေဒနာခံစားသည်ဟု ဆိုတာ၊ နာရင် နာသည်ဟုဆိုတာနဲ့ အတူတူပဲ။ ဘာမှမထူးဘူး။ နာရင် နာသည်ဟုသိ၏။ နာရင် နာတယ်လို့ သိတာ၊ နာတယ်လို့သိတာပဲ၊ ပူရင် ပူတယ်လို့သိတယ်၊ ကျင်ရင် ကျင်တယ်လို့

http://www.dhammadownload.com

သိတယ်၊ ယားရင် ယားတယ်လို့ သိတယ်၊ ဒါက မြတ်စွာဘုရားဟောတဲ့အတိုင်း ဘုန်းကြီးက တရားရှုဖို့ရာတွေ ညွှန်ကြားထားရပါတယ်။

သတိပဋ္ဌာန် ၄-ပါးထဲမှာ သူဖြစ်တဲ့အမူအရာအတိုင်း မြင်ရင်မြင်တာကိုရှု၊ ကြားရင် ကြားတာကိုရှု၊ နံရင် နံတာကိုရှု၊ စားသိရင် စားသိတာကိုရှု၊ တွေ့ထိရင် တွေ့ထိတာကိုရှု၊ တွေ့ထိတာတွေက အများကြီးရှိနေတယ်။ တွေ့ထိတာထဲမှာ ကွေးတာလဲ တွေ့ထိတာပဲ။ ကွေးရင် ကွေးတာရှု၊ ဆန့်ရင် ဆန့်တာရှု၊ ထိုင်ရင် ထိုင်တာရှု၊ သွားရင် သွားတာရှု၊ ရပ်ရင် ရပ်တာရှု၊ လှုပ်ရင် လှုပ်တာရှု၊ အကုန်လုံးပဲ။ ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း ဒီထဲကနေပြီး ညောင်းရင် ညောင်းတာရှု၊ ဒါလဲ ကိုယ်က အတွေ့အထိပဲ။ တွေ့ထိပြီးတော့ ညောင်းတာ၊ မတွေ့ဘဲနဲ့ ညောင်းတာ မဟုတ်ဘူး။ တွေ့ထိရာကနေပြီးတော့ ညောင်းတယ်ဆိုတာ ဒုက္ခဝေဒနာ၊ ညောင်းရင် ညောင်းတာရှု၊ နာရင် နာတာရှု၊ ပူရင် ပူတာရှု ဆိုတာဟာ -

ဒုတ္ခံ ဝါ ဝေဒနံ၊ ဆင်းရဲသော ခံစားမှုကိုမူလည်း။ **ဒုတ္ခံ ဝါ ဝေဒယာမီတိ၊** ဆင်းရဲသော ခံစားသည်ဟူ၍။ **ပဇာနာတိ၊** သိ၏။

ဘုရားကို ပုတ်ခတ်ရာရောက်ခြင်း

ဆင်းရဲသောခံစားမှုကိုခံစားရင် ဆင်းရဲသောခံစားမှုကို ခံစားတယ်ဆိုတာ သိရမယ်။ ရှုရမယ်လို့ ဆိုပါတယ်။ အဲဒါနဲ့ ဒီသတိပဋ္ဌာန်နဲ့ လျော်ညီစွာ နာရင်နာတယ်လို့ ရှုနေတာဟာ ဘုရားအလိုတော်ကျပဲ။ အဲဒါကိုရှုတာ အပြစ်တင်တဲ့ပုဂ္ဂိုလ်၊ မရှုကောင်းဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်၊ အပြစ်တင်တဲ့ပုဂ္ဂိုလ်ဟာ ဒါ ဘုရားဒေသနာတော်တွေကို ပုတ်ခတ်တာပဲ။ ဘုရားဒေသနာတော်တွေ မသိလို့ရှိရင်လဲ ဖြစ်ပါလိမ့်မယ်။ နားမလည်လို့ရှိရင်လဲ ဖြစ်ပါလိမ့်မယ်။ ဒီဥစ္စာက ဘုရားဒေသနာတော်တွေကို ပုတ်ခတ်ပြီးတော့ မှားတာကိုး။ သူတို့ထင်တော့ အခု ဘုန်းကြီးများ ဟောနေတာလေးလောက် သူတို့ကသိမှာကိုး။ အခု ဘုန်းကြီးများ ဒီကဟောနေတဲ့ဟာလောက် သူတို့ပုတ်ခတ်တဲ့အနေနဲ့ပြောပါလိမ့်မယ်။ ပြောတာကတော့။

ဒါပေမယ့် ဘုရားဆီရောက်နေတယ်၊ ဇာတ်နိပါတ်ထဲက ပါတာလိုဖြစ်နေတယ်၊ ဇာတ်နိပါတ်ထဲမှာ အမေကြီးက ယင်ကောင်နားနေတော့ ယင်ကောင်နဖူးမှာ

http://www.dhammadownload.com

နားနေတော့ သူသမီးကို ယင်ကောင်ခြောက်ပါဟဲ့လို့ပြောတော့ သမီးက နေဦး နေဦး ငါခြောက်လိုက်မယ်ဆိုပြီးတော့ ကျည်ပွေ့နဲ့ယင်ကောင်ရိုက်လိုက်တော့ ယင်ကောင်ဘယ်ရိုက်မိမတုန်း ယင်ကောင်က ပျံသွားတယ်၊ ရိုက်မိတာက သူ့အမေ ရိုက်မိတော့ သေရှာပါရော။

အဲဒီလိုပဲပြောတော့ လောလောဆယ်မှာ ပြောဟောနေတဲ့ပုဂ္ဂိုလ်တွေ မလို မုန်းထားလို့ ပြောတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ။ မသိလို့ ပြောတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့။ အဲဒီလိုပြောတဲ့ပုဂ္ဂိုလ်ဟာ ဘုရားကို ပုတ်ခတ်ရာရောက်တယ်။ ဘုရား ဒေသနာတော် ဒီအတိုင်းရှိနေတာချည်း။ ဝေဒနာဟာ ဒုက္ခဝေဒနာ မမှတ်ရဘူး။ မရှုရဘူးလို့ ဒီလို ဟောနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်လို့ကြားတယ်။

ဒါကတော့ တချို့ပုဂ္ဂိုလ်တွေက ဗဟုသုတနည်းတဲ့ပုဂ္ဂိုလ်တွေက အကောင်း မှတ်ချင်လဲ မှတ်သွားမှာပေါ့လေ။ ဗဟုသုတများနေတဲ့ပုဂ္ဂိုလ်တွေ အချို့ကတော့ ဘုန်းကြီးကပြောနေဖို့ မလိုပါဘူး။ သိပြီးသား၊ ဗဟုသုတနည်းတဲ့ပုဂ္ဂိုလ်တွေ အဲဒီလို ဟာတွေ အကောင်းမှတ်ပြီးတော့ ဒါပြတ်ပြတ်သားသားရှိတယ်။ ဒီပုဂ္ဂိုလ်ဟောတာက နေရာကျတယ်လို့ တချို့က ဒီလိုချီးမွမ်းတာလဲ ရှိသေးတာကိုး။ အံ့ဩစရာတော့ ကောင်းတာပဲ။ ဟောတဲ့ပုဂ္ဂိုလ်ကလဲ မသိလို့ဟောနေတဲ့ဥစ္စာ၊ သူထင်ရာတွေ လျှောက်ပြီး ဟောနေတဲ့ဥစ္စာ၊ ဒါကို ကောင်းတယ်လို့ ချီးမွမ်းနေတာလဲ ဒါလဲ အံ့ဩစရာတော်တော်ကောင်းတယ်လို့ ဘုန်းကြီးများက အောက်မေ့တယ်။

တရားစစ်တဲ့အခါကျတော့ သတိပေးတရားလေး ထည့်ထည့်ဟောရတယ်။ အဲဒါအတွေ့အထိကို မှတ်တဲ့အခါကာလ ထိတယ်ထိတယ်လို့ ဘယ်ကမှတ်မှတ်၊ ထိရာဌာနကလေး၊ ဒီကနေထိတယ်၊ ဒီကနေ ထိတယ်၊ ထိရာဌာနအနေအားဖြင့် ကာယပဿဒ္ဓ ကိုယ်အကြည်ရုပ်က ယောဂီပုဂ္ဂိုလ်ဉာဏ်မှာ ထင်ရှားတယ်။

ဒါကြောင့် "အတွေ့ထင်ကြောင်း၊ ကောင်းကောင်းသူကြည်၊ အတွေ့ဆီသို့၊ ဆောင်ပို့ပေးသည်၊ ကိုယ်ရုပ်မှီပြု၊ ထိမှုဖြစ်သည်၊ ကိုယ်ရုပ်၌၊ သိထိုက်ဤသုံးမည်"၊ ကိုယ်ရုပ်သိလို့ရှိရင် အဲဒီ ၃-ပါးနဲ့သိရမယ်။ သွားတဲ့အခါ သွားတယ်မှတ်၊ ထိုင်တဲ့အခါ ထိုင်တယ်မှတ်၊ ရပ်တဲ့အခါ ရပ်တယ်မှတ်၊ ကွေးတဲ့အခါ ကွေးတယ်မှတ်၊

http://www.dhammadownload.com

ဆန့်တဲ့အခါ ဆန့်တယ်မှတ်၊ ကိုယ်အမူအရာတွေ ပြုပြင်တိုင်း ပြုပြင်တိုင်း ပြုပြင်တာတွေမှတ်ဆိုတာ ဘာတွေတုန်းဆိုရင် ဒါတွေအထိတွေပဲ။ သွားတဲ့အခါ သွားတဲ့ကိုယ်အစိတ်အပိုင်းက အတွေ့အထိတွေရှိတယ်။ ခြေထောက် အစိတ်အပိုင်း၊ ကိုယ်အစိတ်အပိုင်း လှုပ်ရှားရာကနေပြီး အဲဒီမှာ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောတွေ အဲဒီမှာ တွေ့ထိတယ်။

တစ်နေ့က ဓာတ်ကြီး ၄-ပါးတုန်းကလဲ ဟောခဲ့ပါပြီ။ ဒါတွေက ခြေတစ်လှမ်းမှာ ကြွလိုက်တဲ့အခါကာလ တေဇောဓာတ်လွန်ကဲနေလို့ တေဇောဓာတ်ထင်ရှားတယ်။ ကျမ်းဂန်တွေအရ ယူရတာကိုး။ အဋ္ဌကထာတွေ ပြတဲ့အတိုင်း ကြွတက်လာတဲ့ ပေါ့တက်လာတဲ့အခါ တေဇောကလွန်ကဲတာ တေဇောဓာတ်ထင်ရှားတာတဲ့။ လှမ်းလိုက်တဲ့အခါကာလကျတော့ ဝါယောဓာတ်က ရှေ့ဆောင်သွားတယ်။ တွန်းကန်သွားတဲ့သဘော၊ အဲဒါတွန်းကန်တဲ့သဘော၊ ဝါယောဓာတ် ထင်ရှားတာတဲ့။ ခြေထောက်အရှိန်လွတ်လိုက်တဲ့အခါကျတော့ အောက်ကိုလေးကျသွားတာရှိတယ်။ လေးကျသွားတာက ဘာတုန်းဆိုတော့ ဓာပေါဓာတ်၊ လေးတဲ့သဘောရှိတဲ့ ဓာပေါဓာတ်ထင်ရှားတာတဲ့။ တစ်ခါ နင်းလိုက်တဲ့အခါကျတော့ မြေကြီးထိတဲ့အခါ မြေကြီးနဲ့တိုက်ခံနေတဲ့သဘော၊ မြေကြီးကလဲ တိုက်ခံနေတယ်။ ခြေထောက်ကလဲ တိုက်ခံနေတယ်။ အဲဒါ ပထဝီဓာတ်သဘော ထင်ရှားတာတဲ့။ ပထဝီလွန်ကဲတယ်တဲ့။ ခြေတစ်လှမ်းအတွင်းမှာ ဓာတ်ကြီး ၄-ပါးသိပုံ၊ တစ်နေ့က ဓာတ် ၄-ပါး အပိုင်းမှာ ဘုန်းကြီးကပြောခဲ့ပါပြီ။

အခု ဒီမှာလဲပဲ အတွေ့အထိကအတူတူပဲ။ အတွေ့အထိကတော့ ထင်ရှားနေတာပဲ။ သွားတဲ့အခါမှာ မှတ်တိုင်းမှတ်တိုင်းဟာ တွေ့ထိရာကနေပြီး ခြေထောက်ထဲက ပေါ့တဲ့အတွေ့အထိ၊ လေးတဲ့အတွေ့အထိ၊ တွန်းကန်တဲ့အတွေ့အထိ၊ လှုပ်ရှားတဲ့အတွေ့အထိတွေ ဒီမှာထင်ရှားတယ်။ ကွေးတဲ့ဆန့်တဲ့အခါလဲ ဒီအတိုင်းပဲ။ လက်ထဲကနေပြီးတော့ မြွှောက်လိုက်တဲ့အခါမှာဆိုရင် ပေါ့တယ်ဆိုရင် တေဇောဓာတ်ထင်ရှားတာကိုး။ လက်ချလိုက်တဲ့အခါဆိုရင် လေးသွားတာထင်ရှား

http://www.dhammadownload.com

တော့ အာပေါဓာတ်ထင်ရှားတာပဲ။ လူပ်ရှားတဲ့ တွန်းကန်တဲ့အခါကာလကျတော့ လူပ်ရှားတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ လူပ်တယ်၊ တွန်းတယ်၊ တောင့်တယ်၊ အဲဒီ အခါကာလကျတော့ ဝါယောဓာတ်ထင်ရှားတယ်။ တစ်နေရာရာကို တိုက်ထိသွား တဲ့အခါကျတော့ ပထဝီဓာတ်ထင်ရှားတယ်။ တကွေးတဆန့်အတွင်းမှာလဲ ဓာတ် ၄-ပါးစလုံးရှိတယ်။ အဲဒါလေးတွေကို သိရတယ်။ အဲဒါတွေ့ထိရာကနေပြီးတော့ သိတာပဲ။

ဗိုက်ထဲက ဖောင်းတက်လာလိုက်၊ ပိန်ကျသွားလိုက်၊ ဒါလဲ အတူတူပဲ၊ ဒါလဲ တွေ့ထိတာပဲ၊ ဗိုက်ထဲကနေပြီးတော့ ဖောင်းတယ်၊ ပိန်တယ်ဆိုလို့ရှိရင် ဗိုက်ထဲမှာလဲ ကာယပသာဒရုပ်ကရှိတာပဲ။ ဗိုက်ထဲအတွင်းကရော အပြင်ကရော၊ ဗိုက်တစ်ပြင်လုံး အကုန်လုံးမှာ ကာယပသာဒ အသွေးအသားတွေစိုနေတာ၊ အကုန်လုံးလဲ စိုနေ တာပဲ။ နေရာတိုင်းမှာရှိတယ်။ ဗိုက်ကနေရာတိုင်းက အပ်ဖျားကလေးနဲ့ ဘယ် နေရာက ထောက်ထောက် ထောက်တဲ့နေရာမှာ အတွေ့အထိကလေး သိရတယ်။ သူအလိုလိုအသက်ရှူနေတဲ့အခါ ဖောင်းတက်လာလိုက်၊ ပိန်ကျသွားလိုက်၊ ဗိုက် ထဲကနေပြီး အတွေ့အထိတွေထင်ရှားနေတယ်။ ဖောင်းတက်လာတဲ့အခါ ပိန်ကျ သွားတဲ့အခါ မျက်စိနဲ့မကြည့်လဲ ဗိုက်ထဲကနေတောင့်တဲ့ သဘော၊ တင်းတဲ့သဘော ထင်ရှားနေတာပဲ၊ တောင့်တာထင်ရှားတယ်၊ တင်းတာထင်ရှားတယ်၊ လူပ်ရှားတာ ထင်ရှားတယ်၊ တောင့်တဲ့တင်းတဲ့သဘောလေး တွန်းကန်တဲ့သဘောလေးလဲ ထင်ရှားတယ်၊ လူပ်ရှားတဲ့သဘောထဲမှာလဲ တွန်းကန်တဲ့သဘောလေးလဲ ထင်ရှား တယ်။ အဲဒါတွေဟာ ဝါယောဓာတ်တွေပဲ။ အဲဒီဝါယောဓာတ်တွေဟာ ဗိုက်ထဲက နေပြီး တွေ့ထိနေတာ၊ အဲဒီလို တွေ့ထိနေတာ တွေ့ထိရာဌာနက ကာယပသာဒ ကိုယ်အကြည်ရုပ်ကလေးဟာ "ကိုယ်ရုပ်မှီပြု၊ ထိမှုဖြစ်သည်" ဆိုတာ ဖောင်းတယ် မှတ်လိုက်ရင် တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လူပ်ရှားတဲ့သဘော ထိသိမှု ကလေးဟာ ဒီဗိုက်ထဲကပဲတည်ပြီးတော့ ဖြစ်တယ်။ ဗိုက်ထဲမှာဖြစ်တဲ့ ကာယပသာဒ ရုပ်ဟာ သူ့ရဲ့တည်ရာဌာနပဲ၊ သူ့ရဲ့ဖြစ်ရာ ဌာနပဲ၊ ယောဂီပုဂ္ဂိုလ်မှာ ထင်ရှားတယ်တဲ့။

http://www.dhammadownload.com

စိတ်တို့ရှုမှတ်သိ

အဲဒီတော့ အခု ၅-ဒွါရတော့ ခုံသွားပါပြီ။ ဒွါရတစ်ခုပဲ ကျန်တော့တယ်။ **မနောဒွါရ** မနောဒွါရကတော့ စိတ်ပဲ။ သူကတော့ ရုပ်မဟုတ်ဘူး။ သူကတော့ ဒါပေမယ်လို့ ဝိပဿနာနေရာမှာတော့ ဟဒယဝတ္ထုကို အရင်းခံပြုပြီးတော့ ဝိသုဒ္ဓိမဂ်က ပြထားပါတယ်။ မနောဝိညာဉ်သိတဲ့ အခါကာလကျလို့ရှိရင် ဟဒယဝတ္ထုကိုလဲ သိတယ်တဲ့။ မှီရာတည်ရာရုပ်ကိုလဲ သိတယ်။ ဒီတော့ကို စိတ်ကူးတယ်, စဉ်းစားတယ်, ကြံစည်တယ်, ရွှတယ်, မှတ်တယ်စသည်ဖြင့် စိတ်အသိကလေးတွေ ရှုတိုင်း, ရှုတိုင်း, မှတ်တိုင်း, စိတ်အသိကလေးတွေ ထင်ရှားတိုင်း ထင်ရှားတိုင်းဟာ မနောဒွါရ ထင်ရှားတယ်၊ မနောဒွါစိတ်သဘောလဲ ထင်ရှားတယ်၊ စိတ်သဘောဆိုတော့ ဒုက္ခသိနေတဲ့စိတ်တွေပေါ့လေ။ စိတ်မျိုးအဆက်မပြတ်ရှိလို့ အသိကလေးတွေ ပေါ်လာတာ။ စာပေကျမ်းဂန်နဲ့ဆိုရင် ဘဝင်လို့ခေါ်တယ်။ ဘဝင်ရယ်လို့တော့ ပြောတတ်မှာ မဟုတ်ဘူး။ စိတ်မျိုးကလေးရှိနေလို့ နောက်စိတ်တွေ ဆက်ဖြစ်နေတာ၊ ဒီမှာ နောက်ပြီးတော့ တည်ရာဌာန နှလုံးရုပ်၊ ကိုယ်ရုပ်ပေါ့လေ၊ ကိုယ်ကြီးတစ်ခုလုံးကို အကြမ်းဖျင်းအားဖြင့်တော့ ဒီလိုပဲသိမှာပဲ။ စာပေကျမ်းဂန်နဲ့ ဗဟုသုတနဲ့ဆိုရင်တော့ နှလုံး၊ တချို့ကလဲ ခေါင်းထဲကလဲ ထင်ချင်လဲထင်လိမ့်မယ်။ ပြောလို့ မဖြစ်ဘူး။ ဒါကတော့ အဲဒါတည်ရာဌာန စိတ်ကူးစဉ်းစားကြံစည်မှုတွေ တည်ရာ ဌာနရုပ်ကလေးနဲ့ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်ဆိုလို့ရှိရင် ဒီကိုယ်ရုပ်ကြီးမှီပြီးဖြစ်နေတာပဲ။ ဒီကိုယ်ထဲကရုပ်ကို မှီပြီးဖြစ်နေတာပဲလို့ ထင်ရှားတယ်။ အဲဒါက သူက ခုနကပြောခဲ့တဲ့ မနာယတနထင်ရှားပုံ။

ဒွါရ ၆-ဖြာ အသုံးမတျ အချည်းနှီးသော

တစ်နည်း အာယတန ၆-ခုဟာ မရွှေ့ခင်တုန်းကတော့ မျက်စိရော၊ နားရော၊ နှာခေါင်းရော၊ ကိုယ်ရော၊ သိနေတဲ့စိတ်ရော၊ အဲဒါတွေဟာ မြဲတဲ့အနေအားဖြင့်လဲ အနှစ်သာရရှိတယ်လို့ ထင်ရတယ်တဲ့။ လှုပတင့်တယ်တဲ့အနေနဲ့လဲ အနှစ်သာရရှိတယ်ထင်ရတယ်။ ချမ်းသာတယ်၊ ကောင်းတဲ့အနေအားဖြင့်လဲ အနှစ်သာရထင်ရတယ်။ ပုဂ္ဂိုလ်သတ္တဝါကောင်ပဲလို့လဲ အနှစ်သာရအနေအားဖြင့် ထင်ရတယ်။

http://www.dhammadownload.com

ဝိပဿနာရှုတဲ့အခါကျတော့ ရှုတိုင်းရှုတိုင်းဖြစ်ပြီး ပျောက်သွားတဲ့သဘောလေးပဲ။ မြဲတဲ့သဘောမရှိဘူး၊ တင့်တယ်တဲ့သဘော၊ ချမ်းသာတဲ့သဘောမရှိဘူး၊ အစိုးရတဲ့သဘော၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် တည်နေတဲ့သဘော ဒီမှာမရှိဘူးတဲ့၊ ဖြစ်ပြီးပျက်သွားတဲ့ သဘောကလေးမျှသာ ထင်ရှားပါတယ်တဲ့။ အဲဒါကြောင့် -

ဆိတ္တဝေ၊ ရဟန်းတို့။ **ဗျတ္တော၊** တတ်သိလိမ္မာသော။ **မေဓာဝီ၊** ထိုးသွင်း၍ သိနိုင်သောဆင်ခြင်ဉာဏ်ရှိသော။ **ပဏ္ဍိတော၊** ပညာရှိပုဂ္ဂိုလ်သည်။ **ဓတ္ထုတောဝီ၊** မျက်စိမှလည်း။ **သောတတောဝီ၊** နားမှလည်း။ **ဃာနတောဝီ၊** နှာခေါင်းမှလည်း။ **ဇိဗ္ဘာတောဝီ၊** လျှာမှလည်း။ **ကာယတောဝီ၊** ကိုယ်မှလည်း။ မနတောဝီ၊ စိတ်နှလုံးမှလည်း။ **နံ၊** ထိုသဘောကို။ **စေဥပဓိကိတ္တိံ၊** အကယ်၍ ရှုဆင်ခြင်သည်ဖြစ်အံ့။ **ရိတ္တကညော၀၊** အနှစ်သာရမှ ကင်းသည်ဖြစ်၍သာလျှင်။ **ထုန္နကညော၀၊** အချည်းနှီး ဖြစ်၍သာလျှင်။ **ထုညကညော၀၊** ဆိတ်သည်ဖြစ်၍သာလျှင်။ **ခါယတိ၊** ထင်လေ တော့၏။

အဲဒီရွာပျက်ကုန်းကိုတွေ့တာနဲ့ တူတယ်တဲ့။ ယောဂီပုဂ္ဂိုလ်တွေဟာ ဘင်ဉာဏ်က အထက်ရောက်လို့ရှိရင် ဒီအတိုင်းဖြစ်တတ်ပါတယ်။ **အထူးအားဖြင့်** တော့ အာဒီနဝဉာဏ်မှာတွေ့တတ်တယ်တဲ့။ ရှုတိုင်းရှုတိုင်းဟာ ဘာမှအသုံးမကျပါကလား၊ တရိပ်ရိပ်နဲ့ပျောက်နေတာချည်းပါကလား၊ ဘာမှ အသုံးမကျဘူး။ အဲဒီလို ယောဂီပုဂ္ဂိုလ်ရဲ့ဉာဏ်ထဲမှာ ရှင်းပြီးတော့သိတတ်ပါတယ်။ ဒီလိုသိဖို့လဲပဲ လိုပါတယ်။ ဒီလိုအသိမျိုးသိပြီးတော့မှ အရိယာမဂ်ဆိုတာ နောက်မှရောက်ရမှာ၊ ဒါမရောက်သေးဘူး။ ဝိပဿနာပဲရှိသေးတယ်။ အဲဒီလိုသိပြီးတော့ အစဉ်အတိုင်း တက်သွားလို့ရှိရင် အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရောက်ပါတယ်။

နောက် ဘယ်ပုံဘယ်နည်းနဲ့ရောက်နိုင်တုန်းဆိုတော့ ဒီအာယတန ၆-ခု ထဲမှာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ဆိုတာတွေက ရုပ်တွေ၊ နှလုံးဆိုတာ ကတော့ စိတ်နှလုံးဆိုတာကတော့ သူကတော့နာမ်၊ ဒါရုပ်နဲ့နာမ် ၂-ပါးပဲ။ နောက်ပြီးတော့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, ရုပ် ထင်ရှားတဲ့အခါမှာလဲပဲ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မီးပြီးတော့ဖြစ်တဲ့ မြင်သိမှု, နံသိမှု, စားသိမှု, တွေ့ထိသိမှု,

http://www.dhammadownload.com

ဒါတွေက နာမ်တရားတွေ၊ မြင်တယ်လို့မှတ်တဲ့အခါ မျက်စိကရုပ်၊ မြင်သိတာကနာမ်၊ နာမ်နဲ့ရုပ်ပဲ၊ **ရွှမှတ်တဲ့** စိတ်ကလေးကလဲပဲနာမ်၊ မှတ်တိုင်း မှတ်တိုင်းဟာ ရုပ်နဲ့ နာမ်၊ ဒီ ၂-ခုပဲရှိတယ်ဆိုတာ ယောဂီပုဂ္ဂိုလ်ကထင်ရှားတယ်။

ဖြစ်ဆဲစသည်၌ ဝိပဿနာဂ္ဂ

တစ်နေ့တုန်းက ရှေ့နားပိုင်းတုန်းကလဲ ပြောခဲ့ပါပြီ။ မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းကရုပ်၊ ဒီမှာတော့ မျက်စိပဲ။ အဆင်းမပါသေးဘူး။ အခုပြောနေတာ၊ မျက်စိကရုပ်ဆို၊ မျက်စိတွင်မကဘူး။ မျက်စိနဲ့တကွ တစ်ကိုယ်လုံးပဲ မြင်မှု**၏**တည်ရာဖြစ်တဲ့ မျက်စိနဲ့တကွ တစ်ကိုယ်လုံးကရုပ်၊ မြင်သိသွားတာကနာမ်၊ မှတ်သိတာကနာမ်၊ ရုပ်နဲ့ နာမ် ၂-ပါးပဲ။ ဒီကစပြီးတော့ ပိုင်းခြားသိရတာ၊ နည်းနည်းလေးဆို ဦးမှပဲ၊ ဆိုမှပဲ စဉ်းစားဖို့အချိန်ရတယ်။ ဘုန်းကြီးက ဒီအတိုင်းလျှောက်ပြောနေတော့ နောက်ကနာတဲ့ ပုဂ္ဂိုလ်တွေကမမှတ်နိုင်ဘူး။ ဒီမှာက အဆင်းတို့၊ အသံတို့၊ အာရုံတွေမထည့်သေးဘူးနော် အာရုံတွေဘာပြုလို့ လျှော့ထားပါလိမ့်မလဲလို့ အောက်မေ့မယ်။ အာရုံတွေက သူနေရာမရောက်သေးလို့၊ အခုဟာက စက္ခာယတန၊ စက္ခုအာယတန၊ မျက်စိအာယတနတွေ ပြောနေတာ၊ ရူပါယတနအဆင်းအာယတနပြောတဲ့ အခန်းမဟုတ်သေးဘူး။ သူ့ကို ဒီမှာတော့ **နှုတ်ထားရမယ်**။

"မြင်ဆဲခဏ၌၊ မျက်စိနဲ့တစ်ကိုယ်လုံးကရုပ်၊
မြင်တာသိတာက နာမ်၊"

အခုဟာ ရုပ်နဲ့နာမ်ကွဲပုံကလေး၊ မြင်တယ်မှတ်လိုက်ရင် မြင်မှု**၏**တည်ရာကလေး၊ ဒီကနေမြင်တာပဲ၊ တည်ရာဌာနရုပ်ကလေးတစ်ခု၊ ပြီးတော့ မြင်သိသွားတာကလေးက တစ်ခု၊ မြင်တယ်လို့ရှုလိုက် သိလိုက်တာလေးတစ်ခု၊ အဲဒီသုံးခုမှာ မျက်စိနဲ့တစ်ကိုယ်လုံးကရုပ်၊ သူကအာရုံမသိတတ်ဘူး။ တည်ရာဌာနပဲ၊ **မြင်တာနဲ့** ရှုပြီးတော့သိတာ။ ဒီ ၂-ခုကတော့ အာရုံကိုသိတတ်တဲ့နာမ်တရား၊ ရုပ်နဲ့နာမ်လေး။ ဒါပဲ ပုဂ္ဂိုလ်သတ္တဝါ ဒီထဲမှာမရှိဘူး။ ဒီရုပ် ဒီနာမ်ပဲရှိတယ်ဆိုတာ ရှုရင်းရှုရင်း ပိုင်း ခြားပြီးသိရမယ်။

http://www.dhammadownload.com

"ကြားဆဲခဏ၌ နားနဲ့တစ်ကိုယ်လုံးက ရုပ်၊
ကြားထာ သိထာတ နာမ်း"

ကြားတဲ့အခါမှာ ကြားတယ် ကြားတယ်မှတ်၊ ကြားမှု၏ တည်ရာဖြစ်တဲ့ နားရုပ်နှင့်တကွ တစ်ကိုယ်လုံးဟာရုပ်ပဲတဲ့။ အာရုံကိုမသိတတ်ဘူး။ ကြားသွားတာကလေး သိသွားတာကလေး၊ ရှုသိတာကလေး နာမ်တရားပဲ။ ဒီရုပ် ဒီနာမ် ဒါ ၂-ခုပဲ ရှိတယ်ဆိုတာ သိရမယ်။

"နံဆဲခဏ၌ နှာခေါင်းနဲ့ တစ်ကိုယ်လုံးကရုပ်း
နံထာ သိထာတ နာမ်း"
"စားသိဆဲခဏ၌ လျှာနဲ့တစ်ကိုယ်လုံးကရုပ်၊
အရသာ သိထာမှတ်သိထာတ နာမ်း"

စားတဲ့အခါကာလမှာ ထမင်းလုတ်ပြင်တာတွေကတော့ တွေ့ထိတာတွေနဲ့ ဆိုင်တယ်။ ထမင်းလုတ်ပြင်တာတို့၊ ခွဲတာတို့၊ ဝါးတာတို့၊ အဲဒါတွေကတော့ တွေ့ထိတာနဲ့ဆိုင်တယ်။ ကိုယ်ထဲက အတွေ့အထိကနေပြီးတော့သိတယ်။ ဒါပေမယ်လို့ ရှုတော့ စားတဲ့အနေအားဖြင့် ပြောတာပါပဲ။ ထမင်းလုတ်ပြင်တာ၊ ယူတာ မြိုချတဲ့အခါ လည်ချောင်းမှာ လျှောက်ထိသွားတာတို့၊ ပူတာတို့၊ အေးတာတို့ ရှိတာပေါ့ လေ၊ အဲဒါတွေအကုန်လုံး အတွေ့အထိနဲ့ဆိုင်တယ်။ ဒါကတော့ ဇီဟ္ဂါဒွါရနဲ့ သူက မဆိုင်ဘူး။ ဒါကြောင့်မို့ ဘုန်းကြီးက လျှာတွင်ပြောထားတယ်။ သူတို့ကို အဲဒါတွေက မပါဘဲနဲ့ ကျန်နေတယ် အောက်မေ့နေကြမယ်။ ဒီလို ဘုန်းကြီးက ရှင်းပြောရတယ်။

အဲဒီတော့ စားဆဲခဏ၌ အရသာသိတာကလေး ဒါကပဓာန၊ အရသာသိဆဲခဏ၊ စားသိဆဲခဏမှာ လျှာနဲ့ တစ်ကိုယ်လုံးက အရသာကလေးသိတယ်။ ချိုတယ်၊ချဉ်တယ်၊ အဲဒါလို အသိကလေးတွေကို မှတ်တဲ့အခါ ဒီအသိကလေးက အရသာသိတာလေးက လျှာပေါ်ကပဲထင်ရှားတယ်။ ဒီကနေပြီး ဖြစ်နေတာပဲ။ အရသာသိမှု၏ တည်ရာအဖြစ်နဲ့ ဇီဟ္ဂါပသာဒရုပ်ထင်ရှားတယ်။ ဇီဟ္ဂါပသာဒထင်ရှားပြီးရင် ဇီဟ္ဂါပသာဒရုပ်၏တည်ရာဖြစ်တဲ့ လျှာရုပ်တော့ တစ်ကိုယ်လုံးရုပ်ကြီးတော့ ရုပ်အနေအားဖြင့် အာရုံမသိတတ်တဲ့ ရုပ်တရားကြီးအနေအားဖြင့် ထင်ရှားတယ်။ သူက

http://www.dhammadownload.com

ရုပ်ပဲတဲ့၊ နောက်ပြီးတော့ အရသာသိတယ်ဆိုတာ အချိုအချဉ်လေးကို သိသွားတာ။ နောက် မှတ်သိပြီးတော့ သိတာကတော့ ချိုတယ်၊ ချဉ်တယ် စသည်ဖြင့် နောက်က နေမှတ်တော့ အဲဒီသဘောလေးဖြစ်သွားတာလေးသိသွားတယ်။ အဲဒါက နာမ်တရား၊ ရုပ်နဲ့နာမ် ၂-ခုရှိတယ်။ ဒါလေးရှုရင်း မှတ်ရင်းသဘောကျပြီး ပိုင်းခြားပြီးတော့ သိရမယ်။

"တွေ့.ထိဆဲခဏ၌ တွေ့.ထိရာဌာနကိုယ်ရုပ်နှင့်
တစ်ကိုယ်လုံးတရုပ်၊ ထိတာသိတာတ နာမ်။"

ကိုယ်ရုပ်ကတော့ ကာယပသာဒ၊ ရုပ်ကကိုယ်ရုပ်ကို၊ ထိရာဌာနကလေးက အထိ၏တည်ရာဌာနကလေး၊ နေရာကလေးထင်ရှားတယ်။ အဲဒီကိုယ်အကြည်ရုပ်ကလေး၏ တည်ရာဖြစ်တဲ့တစ်ကိုယ်လုံး ရုပ်ကြီးရောပဲထင်ရှားတာ။ ထိတယ်ဆိုရင် ထိရာဌာနက ထိသိမှုကလေး၏တည်ရာအနေအားဖြင့် ရုပ်ထင်ရှားတယ်။ အဲဒီရုပ်ထင်ရှားတော့ တစ်ကိုယ်လုံးကရုပ်တွေလဲပဲ အာရုံမပြုတတ်တဲ့ ရုပ်တရားအနေအားဖြင့် ထင်ရှားတယ်။ တစ်ကိုယ်လုံးဟာက အာရုံကိုမသိတတ်တဲ့ရုပ်တရားပဲ။ အာရုံမပြုတတ်တဲ့တရားတွေပဲ။ ထိသိသွားတာကလေးက ထိသိတဲ့သဘောလေး၊ အဲဒါထင်ရှားတယ်။ အဲဒါက နာမ်တရား၊ ရှသိတာလေးလဲ ထင်ရှားတယ်။ နာမ်တရား၊ ထိတိုင်း ထိတိုင်း ဒီလိုထင်ရှားတယ်။ ဒီထဲမှာ ကွေးတာဆန့်တာတွေပါပါတယ်။ ဒီထဲမှာ အကုန်လုံးဒါလေးလဲ ပြောရဦးမယ်။

"တွေးဆဲခဏ၌၊ တောင့်ထင်းလှုပ်ရှားတာတရုပ်၊
ထိသိတာက နာမ်။"

သွားဆဲစသည်မှာလဲ ဒီအတိုင်းပဲ အကုန်လုံး။

"ကြုံသိဆဲခဏ၌ ကြုံသိမှု၏တည်ရာ နှလုံးနှင့်ထစ်ကိုယ်လုံးတရုပ်၊
ကြုံသိတာ မှတ်သိတာတ နာမ်။"

ကြုံသိတာ စိတ်ကူးတာတွေကို စိတ်ကူးတယ်၊ ကြုံတယ်၊ သိတယ်၊ နှလုံးသွင်းတဲ့အခါကာလ ရှုမှတ်တဲ့အခါကာလတွေမှာ ကြုံသိမှု၏တည်ရာဖြစ်တဲ့ နှလုံးရုပ်ပေါ့။ စာပေကျမ်းဂန်အရ နှလုံးကို ဟဒယဝတ္ထုလို့ခေါ်တယ်။ အဲဒီဟဒယဝတ္ထုနဲ့

http://www.dhammadownload.com

တစ်ကိုယ်လုံးက တည်ရာမှီရာဖြစ်တဲ့ ရုပ်ကြီးအနေအားဖြင့် ထင်ရှားတယ်။ နောက်ပြီးတော့ ကြဲသိတဲ့စိတ်ကလေး၊ အဲဒီကြဲသိတာကလေးကို ရှုမှတ်ပြီးတော့သိတာကလေးက ကြဲတယ်သိတယ်၊ စဉ်းစားတယ်၊ နောက်ကလိုက်မှတ်တယ်။ မှတ်သိတာလေး သူကလဲနာမ်၊ အဲဒီရုပ်နဲ့ နာမ် ၂-ခုပဲဆိုတာ မှတ်ရင်းမှတ်ရင်း ဒီလိုကွဲပြားပြီးတော့သိတယ်။

သမ္မသနဉာဏ်စသည်ဖြစ်

အဲဒီလိုရုပ်နာမ်သိပြီးတော့ သူ့ဆိုင်ရာအကြောင်း တရားတွေလဲသိ၊ ဒီအတိုင်း ရှုရင်းရှုရင်းနဲ့ ဖြစ်ပျက်သွားတာသိတော့ အနိစ္စမမြဲဘူး၊ ဒုက္ခဆင်းရဲတယ်၊ အနတ္တ အတ္တမဟုတ်ဘူးလို့ သုံးသပ်ဆင်ခြင်ပြီးတော့ သမ္မသနဉာဏ်ဖြစ်တယ်။ သမ္မသနဉာဏ်ဖြစ်ပြီးတော့ အဖြစ်အပျက်ကလေးတွေ ပိုင်းခြားပြီးသိတာက ဥဒယဗ္ဗယ ဉာဏ်၊ အရောင်အလင်း၊ ပီတိပါမောဇ္ဇတွေနဲ့ ဝမ်းမြောက်စရာတွေနဲ့ ဖြစ်ပါတယ်။ ဥဒယဗ္ဗယဉာဏ်က တက်လာတဲ့အခါ ခုနက ဘင်္ဂဉာဏ်ရောက်တယ်။ ရှုတိုင်း မှတ်တိုင်း အာရုံကလေးရော၊ အသိကလေးရော၊ မှတ်တိုင်း မှတ်တိုင်း ပျက်နေတာချည်းပဲ။ တရိပ်ရိပ်နဲ့ တွေ့နေရတော့ ဘယ-ကြောက်စရာ ကောင်းတယ်လို့ ထင်လာတယ်။

အာဒီနဝဉာဏ်ဖြစ်ပုံ

အာဒီနဝ၊ အပြစ်မြင်လာတယ်တဲ့။ အာဒီနဝ အပြစ်မြင်တယ်ဆိုတာ အခုဉာဏ်ပဲ။

"သုညောဂါမော" - သုညော၊ လူဆိတ်သော။ ဂါမော၊ ရွာကြီးနဲ့တူတယ်တဲ့၊ ရွာပျက်ကြီး၊ ရွာပျက်ကုန်းနဲ့တူတယ်လို့ ဘယ်နေရာကမှတ်မှတ်၊ မျက်စိကမြင်တယ်။ မှတ်လိုက်လဲ မူလကထင်တဲ့အတိုင်း မြဲတဲ့သဘောလဲမရှိ၊ ချမ်းသာတဲ့သဘောလှပတဲ့သဘောလဲမရှိ ပုဂ္ဂိုလ်သတ္တဝါလဲမရှိ ဆိတ်သုဉ်းနေတာ တွေ့ရတယ်၊ နားကကြားတာ မှတ်တော့လဲ ဒီလိုပဲ ဆိတ်သုဉ်းနေတာ တွေ့ရတယ်၊ နှာခေါင်းကလဲ ဆိတ်သုဉ်းနေတာ တွေ့ရတယ်၊ လျှာကလဲ ဆိတ်သုဉ်းနေတာ တွေ့ရတယ်။

http://www.dhammadownload.com

ကိုယ်က အတွေ့အထိတွေလဲပဲ တွေ့ထိတာတွေကတော့ ရိုးရိုးတွေ့ထိတာတွေလဲ ရှိတယ်။ ညောင်းတာပူတာ၊ နာကျင်ကိုက်ခဲတာတွေလဲ ရှိတယ်။ ကွေးတာဆန့်တာ လှုပ်ရှားတာတွေလဲရှိတယ်။ ဘယ်ဟာပဲဖြစ်ဖြစ်ပေါ့လေ အတွေ့အထိတွေ ဆိတ်သုဉ်းနေတာပဲ တွေ့ရတယ်။ ပုဂ္ဂိုလ်သတ္တဝါရှာလို့ မတွေ့ဘူး၊ မြဲနေတာလဲ မတွေ့ဘူး၊ ချမ်းသာနေတာလဲ မတွေ့ဘူး၊ လှုပတင့်တယ်နေတာလဲ မတွေ့ဘူး။

ပြီးတော့ စိတ်ကူးစဉ်းစားကြံစည်တာမှတ်လိုက်လဲပဲ ဒီမှာ မူလတုန်းကတော့ စိတ်ကူးစဉ်းစား ကြံစည်နေတာဟာ တစ်ကတည်းမြဲနေတဲ့ ငါကောင်ကြီးပဲလို့ တင့်တယ်နေတယ်လို့ ထင်ရတယ်။ ကောင်းနေတယ်လို့ ထင်ရတယ်။ စိတ်ကူးစဉ်းစားနေရတာကို ချမ်းသာနေတယ်လို့ ထင်ရတယ်။ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ထင်ရတယ်။ အဲဒါတွေဟာ အခုစိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ် မှတ်လိုက်တော့ ပျောက်ပျောက်သွားတာကလေးတွေ တွေ့တယ်။ ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာ၊ ဒီထဲမှာလဲပဲ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ စွဲလမ်းစရာ မရှိဘူး။ မြဲနေတယ်လို့ စွဲလမ်းစရာမရှိဘူး။ တင့်တယ်တယ်၊ လှုပတယ်၊ ချမ်းသာတယ်၊ ကောင်းတယ်လို့ စွဲလမ်းစရာမရှိဘူး။ ဘာမှ အနှစ်သာရမရှိတဲ့ အနှစ်သာရကင်းမဲ့နေတဲ့ ဆိတ်သုဉ်းနေတဲ့သဘောပဲလို့ ထင်တယ်။

သုညောဂါမော၊ ရွာပျက်ကုန်းကြီးနဲ့တူတာတဲ့။ အဲဒါ အာဒီနဝဉာဏ်မှာ ဒီလို ထင်တတ်တယ်လို့ ဝိသုဒ္ဓိမဂ်က ပြထားတယ်။ အာဒီနဝဉာဏ်ဖြစ်ပုံကို ပြတာတဲ့။ ယောဂီပုဂ္ဂိုလ်တွေ ဉာဏ်ထူးတဲ့ပုဂ္ဂိုလ်တွေဆိုရင် အဲဒီအတိုင်းပဲ တိတိကျကျလေး ထင်တတ်ပါတယ်။ ဒီအတိုင်း တိတိကျကျမဟုတ်တောင် ခပ်ဆင်ဆင်တော့ ထင်တတ်တယ်။ ယောဂီပုဂ္ဂိုလ်က ဒီရောက်လာလို့ရှိရင် တချို့က ခပ်ဆင်ဆင်ပဲ။ ပြီးငွေ့ဖွယ်ဖြစ်ပြီးတော့ ထင်လာတယ်။ ဒါကတော့ နေရာမကျဘူး။ ဘယ်ဟာမှ တစ်ခါတည်း မြဲတဲ့သဘောလဲ မရှိဘူး။ ချမ်းသာတဲ့သဘောလဲ မရှိဘူး။ လှုပတင့်တယ်တာလဲမရှိဘူး။ ကောင်းနေတာလဲ မရှိဘူး။ ဒီထဲမှာ ဂုဏ်ယူစရာတွေ ဘာမှမရှိဘူး။ သူဟာသူ တရိပ်ရိပ်နဲ့ဖြစ်ပျက်နေတဲ့ဟာချည်းထဲပဲ။ ဒါကတော့ ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း ဒါလောက်ကတော့ ထင်တယ်။

http://www.dhammadownload.com

ခုနက ရွာပျက်ကုန်းကြီးလိုပဲ ဆိုတာကတော့ ဥပမာက ရွာပျက်ကုန်းကိုလဲ သိဉီးမှ ဖြစ်မှာကိုး။ တချို့က ရွာပျက်ကုန်းလဲ မသိဘူး၊ တွေ့လဲ မတွေ့ဖူးဘူး၊ ပြောတာ ဟောတာ ကြားဖူးမှပဲ ဥပမာက ဥပမေယျထက် သူက နက်နဲသလို ဖြစ်နေတယ်။

တချို့ဥပမာက ဥပမေယျထက်ခက်

တချို့ ဥပမာတွေက ဥပမေယျထက် ခက်နေတယ်။ မြတ်စွာဘုရားခီးမွမ်းထားတာတွေရှိတယ်။ မြတ်စွာဘုရား၏အသံတော်ဟာတဲ့ ကရဝိက်ဉက်သံလိုပဲတဲ့။ သာယာတယ်လို့ ခီးကျူးထားတယ်။ ကရဝိက်ဉက်သံကို မကြားဖူးတော့ ခက်နေ တာ၊ မကြားဖူး မတွေ့ဖူးတော့ ကရဝိက်ဉက်က ဘယ့်နှယ်နေမှန်းမသိတော့ ခက်တယ်။ ပြီးတော့ မြတ်စွာဘုရား၏ခြေတော်ဟာ ဧကီဇင်္ဂတဲ့။ ဧကီသားကောင်ရဲ့ ခြေသလုံးမျှားလိုပဲ သွယ်ပျောင်းပြီးတော့ တင့်တယ်တယ်တဲ့။ ခီးကျူးထားတယ်။ ဧကီသားကောင်ကို မမြင်ဖူး မတွေ့ဖူးတဲ့ ပုဂ္ဂိုလ်ကတော့ ခက်တာပဲ။ သီဟ ပုဗ္ဗဒ္ဓကာယော၊ မြတ်စွာဘုရား၏ကိုယ်တော်ဟာ ခြင်္သေ့ရဲ့ ရှေ့ပိုင်းကိုယ်များလိုပဲ ပြည့်ဝတယ်တဲ့။ ခီးကျူးထားတယ်၊ ခြင်္သေ့မမြင်ဖူးတဲ့ပုဂ္ဂိုလ် ခက်တာပေါ့၊ တချို့ ဥပမာတွေက ဒီတိုင်း ပြောတာက နားလည်လိမ့်ဉီးမယ်။ ဥပမာ စဉ်းစားနေရတာနဲ့ ခက်နေတယ်။ တချို့ နားမလည်တာလဲ ရှိတယ်။ သူဟာ အဲဒါလိုပဲ။

အခု ရွာပျက်ကုန်းဆိုတာ ရွာပျက်ကုန်းကို ကြားဖူး သိဖူးမှဖြစ်မှာ၊ မတွေ့ဖူးလို့ရှိရင်တော့ ယောဂီပုဂ္ဂိုလ်က ထင်တတ်မှာမဟုတ်ဘူး။ သိဖူးတဲ့ပုဂ္ဂိုလ်ဆိုရင် ထင်မှတ်မှာပါပဲ။ မြင်တိုင်းကြားတိုင်းတွေမှတ်တော့ ဘယ်ကမှအနှစ်သာရမရှိဘဲနဲ့ မူလတုန်းက ထင်တဲ့အတိုင်း မြဲနေတဲ့သဘောလဲ ဒီမှာမရှိဘူး။ အစတုန်းကတော့ မျက်စိရော၊ နားရော၊ နှာခေါင်းရော၊ လှုပတင့်တယ် အကောင်းချည့်ပဲထင်နေတာ၊ သာယာစရာချည်းထဲပဲ။ အခု ရှုတိုင်းရှုတိုင်းဟာ တရိပ်ရိပ်နဲ့ပျောက်နေတာလေးတွေ့ရတော့ ဘယ်မှာနှစ်သက်သာယာစရာရှိမလဲ။ မြဲတဲ့ အနှစ်သာရလဲ မရှိဘူး၊ ချမ်းသာတဲ့အနှစ်သာရလဲ မရှိဘူး၊ လှပတင့်တယ်တဲ့ အနှစ်သာရလဲ မရှိ၊ ငါပဲ သူပဲ ယောကျ်ားပဲ၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါပဲလို့ ဟန်ဟန်ပန်ပန်ပဲလို့လဲ စွဲလမ်းစရာ

http://www.dhammadownload.com

မရှိဘူး၊ သူသဘောအတိုင်း သူဖြစ်ပျက်နေတဲ့ တရားချည်းထဲပါလားလို့ ရှုရင်း ရှုရင်း သဘောကျတယ်။ အဲဒါ ရွာပျက်ကုန်းကြီးများထင်သလို ထင်နေတာတဲ့။

ဒီလိုထင်ရမှာ အာဒီနဝဉာဏ်၊ အာဒီနဝဉာဏ်ထင်လို့ ပြီးပလားဆိုတော့ မပြီးသေးပါဘူး။ **နိဗ္ဗိန္ဒ**-ငြီးငွေ့တာရောက်ဦးမယ်၊ ငြီးငွေ့ပြီးရင် လွတ်မြောက်လိုတဲ့ အသိဉာဏ်ဖြစ်ရဦးမယ်။ **မုဉ္စိတုကမျတာ**-လွတ်မြောက်လိုပြီးတော့ အားထုတ်တော့ကို **ပဋိသင်္ခါ**တဲ့။ **အနိစ္စ, ဒုက္ခ, အနတ္တ**တွေပိုပြီးတော့ ရှင်းရှင်းလင်းလင်းသိတဲ့ဉာဏ်တွေ ဖြစ်ရဦးမယ်။ ပဋိသင်္ခါကပြီးတော့မှ **သင်္ခါရုပေက္ခာ**-သင်္ခါရတွေကို ကြောင့်ကြမစိုက်ဘဲနဲ့ လျစ်လျူရှုပြီးတော့ သိနိုင်တဲ့သင်္ခါရုပေက္ခာဉာဏ်တွေဆိုတာ ဖြစ်ရဦးမယ်။ သင်္ခါရုပေက္ခာဉာဏ်တွေက ပြည့်စုံတဲ့အခါကျမှ **ဝုဋ္ဌာနဂါမိနီ** ဝိပဿနာဆိုပြီးတော့ **အရိယာမဂ်**ဆီတက်တဲ့ အင်မတန်လျင်မြန်တဲ့ အသိဉာဏ်တွေ ထင်ရှားတဲ့အသိဉာဏ်တွေ ဖြစ်လာပါတယ်။ အဲဒီ ဉာဏ်တွေတစ်ခါတည်း ပြေးလာသလို လျင်လျင်မြန်မြန် သွက်သွက်လက်လက်ဖြစ်ပြီးတော့ **သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်**ကို ရောက်သွားပါတယ်။ အဲဒီ နိဗ္ဗာန်ရောက်မှ ဒါမှ သူက **သောတာပတ္တိမဂ်ဉာဏ်**ခေါ်တယ်။ ဒါက ပထမဆုံးစပြီးတော့ မြင်တာကို သောတာပတ္တိမဂ်ဉာဏ်လို့ ခေါ်ပါတယ်။

အာရုံချုပ်ဆုံးရုံဟာ နိဗ္ဗာန်မဟုတ်

အာရုံကလေးတစ်ခု ချုပ်ဆုံးသွားရုံနဲ့ နိဗ္ဗာန်မြင်တာမဟုတ်ဘူး။ ဒါနိဗ္ဗာန်မှ မဟုတ်ဘဲ။ အာရုံချုပ်ဆုံးတာ၊ ချုပ်ဆုံးတာပေါ့။ ပကတိအတိုင်းလဲ ချုပ်ဆုံးတာပဲ။ ခုနက ပြောခဲ့တဲ့အတိုင်း အခုနာနေပေမယ့်လို့ တော်တော်ကြာတော့ နာတာမရှိဘူး။ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်လဲ ဒါတွေကတော့ ပျောက်နေတာပေါ့။ ခြင်ကိုက်လို့ ဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ်၊ တစ်နေရာက ယားနေတယ်။ တော်ကြာတော့ ဒီအယားဟာ သူဟာသူလဲ ပျောက်သွားတာပေါ့။ ဒါနဲ့ဘယ်ကလာ နိဗ္ဗာန်ဟုတ်ရမှာလဲ။ နိဗ္ဗာန်မဟုတ်ဘူး။

တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တိုင်း ဝေဒနာလေးတွေတွေ့လို့ မှတ်ရင်း မှတ်ရင်းနဲ့ အဲဒီ ဝေဒနာပျောက်သွားတာနဲ့ နိဗ္ဗာန်ပဲ။ တရားဆုံးသွားတယ်။

http://www.dhammadownload.com

သောတာပတ္တိမဂ်ရောက်သွားတယ်လို့ တချို့က ဗဟုသုတမရှိ ဘာမရှိနဲ့ပေါ့လေ။ အဲဒါတွေကို ပြောဟောနေကြတယ်။ တချို့ကလည်းပဲ အဲဒါတွေကို သဘောကျတယ်။ ဒါပြတ်ပြတ်သားသားရှိတယ်လို့ တချို့ကထင်ကြတယ်။

သောတာပန်စသည်ဖြစ်တယ်လို့ မပြော

ဘုန်းကြီးများ ဒီက ဒီလိုမပြောပဲကိုး။ ဘယ်သူ သောတာပန်ဖြစ်တယ်လို့ မပြောဘူး၊ သကဒါဂါမ်ဖြစ်တယ်လို့ မပြောဘူး၊ ဘယ်သူအနာဂါမ်ဖြစ်တယ်လို့ မပြောဘူး။ ဘယ်သူ ရဟန္တာဖြစ်မယ်လို့မပြောဘူး၊ ဘာပြုလို့ မပြောသလဲဆိုတော့ မပြောကောင်းလို့ မပြောတာ၊ မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှပြောတာမရှိဘူး။ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်သာရိပုတ္တရာတောင်မှ ဘယ်သူဟာ သောတာပန်၊ သကဒါဂါမ်ဖြစ်တယ်လို့ မပြောဘူး။ အဲဒီတော့ ရှင်သာရိပုတ္တရာမှ မပြောတဲ့ဥစ္စာ အခုကာလတော်စွာ လျော်စွာပုဂ္ဂိုလ်တွေက ပြောနေတယ်ဆိုရင် ဒီဥစ္စာက တော်တော်ခက်တာပဲ။ ဒီဥစ္စာဟုတ်ဖို့ရာလဲ အကြောင်းမရှိပါဘူး။ ဒီဥစ္စာပဲ တချို့က ပြတ်ပြတ်သားသားရှိတယ်လို့ ထင်နေတယ်။

ဒီသာသနာ့ရိပ်သာက တရားအားထုတ်တာကတော့ တရားအားထုတ်ခိုင်းတာပဲ၊ ရှုမှတ်ခိုင်းတာပဲ၊ ဘာမှမပြောဘူး၊ မပြောကောင်းလို့ မပြောရတဲ့ဥစ္စာတွေ၊ ပြောကောင်းလို့ ပြောရင်လဲပဲ အဲဒီပုဂ္ဂိုလ်တွေကလဲ အဲဒီပုဂ္ဂိုလ်တွေဟာ တရားလဲပဲ ဘာမှဟုတ်မှာ မဟုတ်သေးပါဘူး။ အင်မတန် စိတ်ပျက်မယ်။ အဲဒီ ပုဂ္ဂိုလ်တွေက ဒီမှာအားထုတ်သွားလို့ နာမ်ရုပ်တောင်ကွဲပြားချင်မှ ကွဲပြားမယ်။ မကွဲပြားတော့ သူပြောလို့ရှိရင် မင်းဥစ္စာ နာမရူပပရိစ္ဆေဒဉာဏ်တောင် မဖြစ်သေးဘူးပြောရင် စိတ်ပျက်မှာပေါ့၊ ဘာမှ အကျိုးရှိမှာမဟုတ်ဘူး။

ဒီပြင်နေရာကတော့ကို ဒီဥစ္စာတွေက ပြောတာကိုး။ ဒီဥစ္စာ ဝေဒနာကလေး တစ်ခုချုပ်သွားတာနဲ့တည်းပဲ သောတာပန်ဖြစ်ပြီလို့ပြော၊ အသုဘကောင်ထင်နေတာနဲ့လဲပဲ သကဒါဂါမ်ဖြစ်ပြီပြော၊ ပြောတာက ကိစ္စမရှိဘူး။ ကိလေသာကင်းမှ ကိလေသာကင်းဖို့ရာက အရေးကြီးပါတယ်။

http://www.dhammadownload.com

ကိလေသာတင်းမှ အရိယာ

အရိယာဖြစ်တယ်ဆိုတာ ကိလေသာကင်းမှ၊ ဒီမှာ ကိလေသာတွေ စစ်ဆေးတယ်၊ သောတာပန်ဆိုလို့ရှိရင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းရမယ်။ အပါယ်လားကြောင်းဖြစ်တဲ့ အပါယဂမနိယ ဒုစရိုက် အကုသိုလ်ကံကြီးတွေ ကင်းရမယ်။ မကင်းဘူးလား ကင်းသလား ဆင်ခြင်ရမယ်၊ မကင်းသေးရင် မဟုတ်သေးဘူးလို့ ဘုန်းကြီးများက ရှင်းရှင်းလင်းလင်း ဒီလိုပဲပြောပါတယ်။ အနာဂါမ်ဖြစ်လို့ရှိရင်လဲ ကာမရာဂ ဗျာပါဒတွေကင်းဖို့၊ အဲဒါတွေဟာ ဒီကဟောပါတယ်။ ရဟန္တာဖြစ်လို့ရှိရင်လဲ ကိလေသာတွေအကုန်လုံးကင်းဖို့၊ ဒါကတော့ အင်မတန်ပဲ သိမ်မွေ့နေပါပြီ။ အဲဒါကတော့ ကိလေသာတွေ မကင်းသေးဘဲနဲ့ အရိယာဖြစ်နေတယ်ဆိုရင် ဒီဥစ္စာကတော့ တန်ဖိုးမရှိတဲ့အရိယာဖြစ်မှာပါပဲ၊ နာမည်လောက်ပေါ့။ သမုတိအရိယာလို့ ဆိုရမှာပေါ့လေ၊ သမုတ်ထားတဲ့ အရိယာလို့ ဆိုရလိမ့်မယ်။ အဲဒါတွေဟာ အရေးကြီးပါတယ်။

ဉာဏ်စဉ်ဖြစ်ရန် အရေးကြီး

အဲဒါကြောင့် ဝိပဿနာဉာဏ်တွေဟာ အစဉ်အတိုင်းဖြစ်ဖို့ အရေးကြီးပါတယ်။ အောက်ထစ်ဆုံးအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားသိဖို့ရာ အရေးကြီးတယ်။ နောက်ဥဒယဗ္ဗယဉာဏ်နဲ့ အဖြစ်အပျက်သိဖို့ရာ အရေးကြီးတယ်။ အခုတော့ တချို့က ဖြစ်ပျက်ဆိုပြီးတော့ ရှုနေတယ်။ အဖြစ်အပျက်လည်း တွေ့တာမဟုတ်ဘူး။ သူဟာ ဖြစ်ပျက်ဖြစ်တယ်ဆိုပြီးတော့ ရှုနေတယ်။ ဖြစ်ပျက်ဖြစ်ပျက် တချို့ကရှုနေတယ်။ အဖြစ်အပျက်က ပါးစပ်ကဖြစ်ပျက်နေတာပဲ။ ရုပ်နာမ်အာရုံက ဖြစ်ပျက်တာမဟုတ်ဘူး၊ ရှုတဲ့စိတ်ကလဲ ဖြစ်ပျက်တာမဟုတ်ဘူး၊ ပါးစပ်ကဖြစ်ပျက်နေရုံနဲ့တော့ ဒါနာမည်ရှိမှာပဲ၊ နာမပညတ်ခေါ်တယ်။ ဒါမသိတဲ့ပုဂ္ဂိုလ်တွေကတော့ ဖြစ်ပျက်တာ ပထမဒီလိုအောက်မေ့တာကိုး။

ဉာဏ်ထဲဖြစ်ပျက်မြင်အောင်ရှု

ဖြစ်ပျက်ဆိုရုံနဲ့ကတော့ ပရမတ်မဟုတ်ဘူး။ ဒီလိုဆိုတဲ့အတိုင်း ပရမတ်ဖြစ်ရင် သူဥစ္စာလွယ်လွယ်လေးပေါ့။ ကိုယ်ကဆိုနေရင်း လွယ်လွယ်ကလေးဖြစ်မှာပေါ့။

http://www.dhammadownload.com

ဆိုရုံနဲ့ မဟုတ်ဘူး။ ဉာဏ်ထဲမှာကို ပရမတ်သဘောလေး။ ဝေဒနာဆိုရင် ခံစားတဲ့ သဘောလေးထင်မှ၊ ဥပမာနာရင်လဲ နာတဲ့ဝေဒနာလေး၊ အခိုက်အတန့်အားဖြင့် နာတဲ့ သဘောလေး၊ နာတဲ့သဘောလေး ကိုယ်ထဲတိုးပြီးတော့ ဝင်လာသလိုဖြစ်လာ တာလေးတွေ့ရမယ်၊ ပျောက်သွားတာလေးတွေ့ရမယ်၊ ပေါ်လာလိုက် ပျောက်သွား လိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ တချို့ရေစီးထဲမျှားရှိတဲ့ တုတ်ချောင်း ကလေး ရေစီးကဖိလိုက်တဲ့အခါ မြုပ်သွားလိုက်၊ တော်ကြာ သူက ထောင်လာလိုက်၊ အဲဒီလိုဟာလေးတွေ ရှိတတ်ပါတယ်။ ရေစီးကြောင်းထဲမှာ အဲဒါငုတ်လိုက် ပေါ်လိုက်၊ အဲဒါလိုပဲ၊ ဝေဒနာကလေးရဲ့ အဖြစ်အပျက်ကို မြင်တယ်ဆိုတာ နာတယ်နာတယ် မှတ်ရင် နာတာလေးပေါ်လာလိုက်၊ မှတ်ရင်း ပျောက်သွားလိုက်၊ နာတာလေး ပေါ်လာလိုက်၊ မှတ်ရင်းပျောက်သွားလိုက်၊ အဲဒီလိုတွေ့မှ ဒါက ပရမတ်စစ်တယ်။ ဒါ ဖြစ်ပျက်တွေ့တာ။

အဲဒီလိုမဟုတ်ပဲနဲ့ နာတာကို ဖြစ်ပျက်ဖြစ်ပျက်ဆိုနေ၊ နာတာကလဲ ပေါ် တာလဲ မတွေ့ဘူး၊ ပျောက်တာလဲ မတွေ့ဘူး၊ ဒါကတော့ ပါးစပ်ကဖြစ်ပျက်ပဲ။ ဒီဥစ္စာ ပညတ်ခေါ်တယ်၊ ဒီဥစ္စာ ပရမတ်မဟုတ်ဘူး၊ အဲဒါ ဒီပြင်ဟာတွေလဲ ဒီလိုချည်းထဲပဲ။ ရွှရှင်းရွှရှင်းနဲ့ တစ်ခါတည်း ပေါ်လာလိုက်ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ဒါလေးတွေသိမှ အဖြစ်အပျက်ကို တကယ်သိ တာ၊ ဒီလိုမဟုတ်ပဲနဲ့ ပါးစပ်ကနေပြီး ဖြစ်ပျက်ဖြစ်ပျက်ဆိုရင်တော့ ဒါက ပါးစပ်က ဖြစ်ပျက်ပဲ။

အနိစ္စဝိပဿနာ စသည်

ဒါတချို့ အနိစ္စ အနိစ္စဆိုနေပြန်တယ်။ ဒါလဲ ပါးစပ်အနိစ္စပဲ။ တကယ်ဖြစ်ပြီး ပျောက်သွားတာလေးတွေ့မှ အနိစ္စတကယ်သိတာ၊ တချို့ ဒုက္ခ, ဒုက္ခ နှုတ်က တက် နေတယ်၊ နေရာတိုင်း ဒုက္ခ, ဒုက္ခဆိုနေတယ်၊ ဒါက ညည်းနေတာပဲ။ ဒီဥစ္စာ တကယ်ဒုက္ခ ထင်နေတာမဟုတ်ဘူး။ ဒုက္ခ, ဒုက္ခလို့ ညည်းနေတာပဲဖြစ်မယ်။ ဖြစ်ပြီး ပျောက်သွားတဲ့ သဘောကလေးကိုသိမှ အဲဒါမှ ဝိပဿနာဒုက္ခခေါ်တယ်။ ကိုယ်ထဲ မှာ အခံခက်လို့, နာလို့, ပင်ပန်းလို့ ဒုက္ခလို့ထင်တာမျိုး၊ ဒါကတော့ ဝိပဿနာဒုက္ခ

http://www.dhammadownload.com

ရယ်လို့ မဆိုနိုင်ပါဘူး။ ဒီဥစ္စာကတော့ ဝိပဿနာမရွှဘဲနဲ့ နာချင်နာမှန်း ပကတိ အားဖြင့် သိနေရတာပဲ။ အဲဒါကတော့ ဝိပဿနာဒုက္ခမဟုတ်ဘူး။ ဝိပဿနာ ဒုက္ခ အစစ်ကတော့ကို ဖြစ်ပြီးပျက်သွားတဲ့သဘောကိုသိမှ၊ ဥဒယဗ္ဗယပဋိပီဠနဒုက္ခလို့ ဖြစ်ပျက်မှုက နှိပ်စက်နေလို့တဲ့။ ဖြစ်ပြီးပျောက်သွားလို့ ဘာမှနှစ်သက်စရာ သာယာ စရာ မရှိဘူးလို့။ အဲဒီလို သိလို့ရှိရင် ဒါဒုက္ခထင်တာခေါ်တယ်။ အနတ္တဆိုတာလဲပဲ အနတ္တ, အနတ္တဆိုရုံနဲ့ပြီးတာမဟုတ်ဘူး။ သူ့သဘောအတိုင်းသူ ဖြစ်သွားတာလေးပဲ။ သဘောတရားမျှလေးပဲလို့ ရှုရင်းရှုရင်း သဘောကျပြီးတော့သွားမှ အနတ္တာနုပဿနာဖြစ်ပါတယ်။

ဒါကြောင့် အခု သုညောဂါမော ရွာပျက်ကုန်းကဲ့သို့ ထင်တာဟာ ဒါကအာဒီနဝဉာဏ်မှာထင်တယ်တဲ့။ အဲဒီ အာဒီနဝဉာဏ်နဲ့လဲ မပြီးသေးဘူး။ အာဒီနဝက အပြစ်မြင်ပြီးတော့ နိဗ္ဗိန္ဒဌိးငွေ့တာ၊ ဒီမှာ အပြစ်မြင်မှတော့ ငြီးငွေ့လာတာပါပဲ။ ငြီးငွေ့လို့ရှိရင်လဲ လွတ်မြောက်ချင်တဲ့ မုဉ္စိတုကမျတာဖြစ်တော့တာပါပဲ။ လွတ်မြောက်ချင်ရင်လဲပဲ လွတ်မြောက်အောင် အားထုတ်တဲ့ ပဋိသခါဉာဏ်ဖြစ်တော့တာပါပဲ။ ပဋိသခါဉာဏ်ဖြစ်ရင် သခါရုပေက္ခာဉာဏ် ဆက်ဖြစ်သွား၊ ဒီလိုတော့ မဟုတ်ဘူး။ ဒါ ပဋိသခါဉာဏ်ကတော့ တော်တော်လေးအားထုတ်မှ သခါရုပေက္ခာဉာဏ်ရောက်တယ်။ ရင့်ကျက်မှရောက်တယ်။ ပဋိသခါဉာဏ်က ရင့်ကျက်ပြီးသွားတဲ့အခါကျတော့ သခါရုပေက္ခာဉာဏ်ရောက်တယ်။ သခါရုပေက္ခာဉာဏ်ရောက်ရင် အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်ရောက်ပါလားလို့ ဒီလိုလဲ ပြုန်းကနဲရောက်တာ မဟုတ်သေးဘူး။ တချို့လဲ မြန်မြန်ရောက်တာရှိပါတယ်။ အဲဒီမှာ သခါရုပေက္ခာဉာဏ် ရင့်ကျက်ပြီဆိုတဲ့ ဒီမှာ သခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်တာကိုး။ ဒါက ဝေဒနာလေး၊ ခုနက အများပြောဆိုနေတာလေး၊ တစ်ဦးတစ်ဦး နည်းနည်းပါးပါးပဲ ပြောနေတာ။ ဘုန်းကြီးက ဘယ်သူ့ရယ်လို့ ခေါင်းမဖော်ချင်ဘူး။ ဝေဒနာကလေး တစ်ခု ပျောက်သွားတာနဲ့ အရိယမဂ်ရောက်တယ်။ ဒါမျိုးမဟုတ်ဘူး။ ရုပ်နာမ်သခါရတွေ မှတ်ရတဲ့ အာရုံတွေရော၊ မှတ်သိနေတဲ့စိတ်တွေရော၊ နှလုံးသွင်းနေတဲ့စိတ်တွေရော၊ ရုပ်နာမ်သခါရတွေ ချုပ်ငြိမ်းတဲ့သဘောကို တွေ့ရမယ်။ အဲဒီချုပ်ငြိမ်းသွားတဲ့

http://www.dhammadownload.com

သဘော၊ နိဗ္ဗာန်သဘောကိုတွေ့သွားပြီ။ အဲဒီရောက်သွားလို့ရှိရင်တော့ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ရောက်ပြီ။ အဲဒါ ဝိပဿနာဉာဏ်ဖြစ်ပုံ၊ အဲဒီနည်းဖြင့်သာ ရောက်နိုင်ပါတယ်တဲ့။

ဒွါရ ၆-ပါး နိဗ္ဗာန်ရောက်ကြောင်းတရား

ဒါကြောင့် အခု သုညောဂါမောဆိုတဲ့ အပိုဒ်ကလေးတစ်ခုသည်ပင်လျှင် နိဗ္ဗာန်ရောက်ကြောင်းတရားပဲလို့ အဋ္ဌကထာကဖော်ပြထားပါတယ်။

သုညောဂါမောတိ ဘိက္ခဝေ ဆန္နေတံ အဗျတ္တိကာနံ အာယတနာနံ အဓိဝစနံ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သုညောဂါမောတိ ဧတံ၊** ဆိတ်သေခြာ၊ လူဆိတ်သေ ရွာ၊ ရွာပျက်ကုန်းဟူသော ဤအမည်သည်။ **ဆန္နံ၊** ခြောက်ပါးကုန်သော။ **အဗျတ္တိ ကာနံ၊** ကိုယ်တွင်းသန္တာန်၌ ဖြစ်ကုန်သော။ **အာယတနာနံ၊** အာယတနတရားတို့၏။ **ဝါ၊** မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ဟူသော အာယတနတရားတို့၏။ **အဓိဝစနံ၊** အမည်ပေတည်း။

သုညဂါမ ရွာပျက်ကုန်းဆိုတာ အဗျတ္တိကာယတနခြောက်ပါး၊ ကိုယ်တွင်းသန္တာန်ကဖြစ်ပြီးနေတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်-ဆိုတဲ့ အာယတနခြောက်ပါး၊ ဒွါရခြောက်ပါးရဲ့ အမည်ပဲ။ ရှုတိုင်းရှုတိုင်း မျက်စိကလဲပဲ နိစ္စ, သုခ, အတ္တ, သဘောမရှိ ဆိတ်သုဉ်းနေတာတွေ့ရမယ်။ နားကလဲပဲ ဒီလိုဆိတ် သုဉ်းနေတာ တွေ့ရမယ်။ နှာခေါင်းက နံတဲ့အခါ၊ လျှာက အရသာစားတဲ့အခါ၊ ဆိတ်သုဉ်းနေတာ တွေ့ရမယ်။ ကိုယ်က တွေ့တဲ့အခါ၊ ကွေးတဲ့ထိတဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါ၊ လှုပ်ရှားတဲ့အခါ ကိုယ်အမူအရာပြုပြင်တဲ့ အခါတိုင်းအခါတိုင်း ရှုလိုက်လို့ရှိရင် နိစ္စ, သုခ, အတ္တသဘောတွေ ဆိတ်သုဉ်းနေတာတွေ့ရမယ်။ စိတ်ကူးစဉ်းစားကြံစည်တာတွေ့၊ ရှုတာတွေ့၊ သိတာတွေ့၊ မှတ်တာတွေ့၊ နှလုံးသွင်းတာတွေ့၊ အဲဒါတွေလဲပဲ နိစ္စ, သုခ, အတ္တသဘောတွေ မြတ်စွာဘုရားဟောတဲ့အတိုင်း အဲဒါ ရွာပျက်ကုန်းတွေ့ပြီ၊ အဲဒီလို တွေ့ရမယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

အဖျတ္တိကာယတန ၆-ပါးနဲ့ ဗာဟိရာယတန ၆-ပါးတွဲဟောဖို့ရာ အဖျတ္တိကာယတနတွေ ပြောနေရတာနဲ့ပဲ အချိန်ကကုန်သွားပြီ။ ထပ်ခါထပ်ခါလဲ ဘုန်းကြီးက ပြောရတယ်။ ဘာပြုလို့တုန်းဆို ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်တွေ နားလည်အောင်လို့ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ ဘုန်းကြီးပြောနေတာ တော်တော်ပို လိမ့်မယ်။ ထပ်ခါထပ်ခါပြောနေတာပဲလို့ အောက်မေ့လိမ့်မယ်။ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီလို ထပ်ခါထပ်ခါပြောမှ နားလည်မှာ။ ဒါကြောင့် ထပ်ထပ်ပဲ အခုပြောနေရတာ အချိန်ကုန်သွားပြီ။ တရားသိမ်းဦးမှ၊ နောက်သီတင်းကျမှ ဆက်ပြောရမယ်။ ဗာဟိရာယတန ၆-ပါးနဲ့ ဓားပြကြီး ၆-ယောက်နဲ့ တူတယ်လို့ ဥပမာပေးထားတယ်။ အဲဒါကတော့ နောက်သီတင်းကျမှ ဟောရမယ်။ ဒီကနေ့ ရွာပျက်ကုန်းအကြောင်းတော့ နားလည်လောက်ပါပြီ။ စုံပါပြီ။ ကဲ ဆိုရမယ်။

မြွေလေးကောင်ကား (လ) ဘုရားမြတ်စွာတည်း။

ဤအာသီဝိသောပမသုတ္တန်တရားတော်ကို ရှိသေစွာနာခံ မှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ ဤဒေသနာတော်၌ လာသည့်အတိုင်း မြွေကြီးလေးကောင်နှင့်တူသော ဓာတ်ကြီး ၄-ပါးတို့ကိုလည်းကောင်း၊ သူသတ်ကြီးငါးယောက်နှင့် တူသော ခန္ဓာငါးပါးတို့ကိုလည်းကောင်း၊ မိတ်ညီရန်ဖက်နှင့်တူသော နန္ဒီရာဂကိုလည်းကောင်း အမှန်အတိုင်းသိအောင် အားထုတ်နိုင်ကြ၍ ရွာပျက်ကုန်းနှင့် တူသော ဒွါရ ၆-ပါးတို့ကိုလဲ အမှန်အတိုင်းသိအောင် အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

× × × × ×

http://www.dhammadownload.com

အာဇီဝဒေဿနာမဖဇဉ္ဇဝဏ္ဏနာ

တရားတော်

၁၃၂၈-ခု၊ ဝါခေါင်လပြည့်နေ့ ဟောကြားတော်မူသည်။

ဤဘက်ကမ်းစ သက္ကာယ

မြွေလေးကောင်ကား (လ) ဤဝယ်ကမ်းစ၊ သက္ကာယမှ။

ဘေးရန်ထူပြွမ်း ဒီဘက်ကမ်း

မြွေထိန်းယောကျ်ား အကျိုးစီးပွားကိုလိုလားတဲ့ ပုဂ္ဂိုလ်တွေကပြောကြလို့ ထွက်ပြီးတော့ ပြေးတဲ့အခါမှာ မြွေကြီး ၄-ကောင်ကလိုက်တယ်။ နောက်က ရန်သူကြီးငါးဦးကလဲ လိုက်တယ်။ ငယ်ငယ်က အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲပဲ တွေ့ရာသတ်ဖို့ရာလိုက်တယ်။ ပြေးနေရာက ရွာပျက်ကုန်းရောက်တော့လဲ ဓားပြကြီး ၆-ယောက်ကဝင်လာလို့ တစ်ခါထွက်ပြီးတော့ ပြေးရတာကိုး။ ရေပြင်ကျယ်ကြီး ရောက်သွားတယ်တဲ့။ တစ်နေ့က ရေပြင်ကျယ်အကြောင်း ပြောပြီးပြီ။ ဩဃလေးပါး၊ အဲဒီရေပြင်ကျယ်အကြောင်းနဲ့ပတ်သက်ပြီး ကမ္မဋ္ဌာန်းတွေနဲ့ သိပ်မကွာပါဘူး။ ရေပြင်ကျယ်ကြီးရောက်သွားတဲ့အခါကျတော့-

ဩရိမံ တီရံ သာသတီ သပ္ပဋိဘယံ၊
ပါရိမံ တီရံ ခေမံ အပ္ပဋိဘယံ၊

http://www.dhammadownload.com

ဆြရိမံ တိရံ ဤမှာဘက်ကမ်းသည်။ **သာသင်္ကီ** ရွံရှာဖွယ်ရှိ၏။ **သမ္ပဋိဘယံ** ကြောက်ဖွယ်ဘေးဘျမ်းနဲ့တကွရှိ၏။

ဒီဘက်မှာနေမယ်ဆိုရင် စိုးရိမ်ရတယ်။ နောက်ကလိုက်လာတဲ့မြွေကြီးတွေ အနှံခံပြီးလိုက်လာခဲ့ရင် မီလာလိမ့်မယ်၊ ကိုက်သတ်လိမ့်မယ်၊ ရန်သူကြီးငါးဦးကလဲပဲ ရောက်လာမှာပဲတဲ့။ ပြီးတော့ ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းဖြစ်တဲ့ သူကလဲပဲ ရောက်လာမှာပဲ။ ဓားပြကြီး ၆-ယောက်ကလဲ လိုက်လာတာ၊ သူတို့လဲ ရောက်လာမှာပဲ။ ရွာထဲကထွက်ပြေးတော့ ထွက်ပြေးတဲ့နေရာကို ဦးတန်းပြီးတော့ လိုက်လာ တယ်။ ဓားပြကြီး ၆-ယောက်လဲ မီလာမယ်တဲ့။ ဒီတော့ ဒီဘက်ကမ်းမှာ နေလို့ရှိရင် **သာသင်္ကီ** • ရွံရှာဖွယ်ရှိသည်။ စိတ်မချရဘူး။ ဘေးရန်အန္တရာယ်တွေကို စိတ်မချရ ဘူး။ **သမ္ပဋိဘယံ** • ကြောက်ဖွယ်ဘေးတွေလဲ ရှိနေတာပဲ။ စိတ်မချရဘူး။ စိတ်မချ တဲ့ ဘေးတွေရှိတယ်။

ဘေးရန်မသန်း ဟိုဘက်ကမ်း

ပါရိမံ တိရံ ဟိုမှာဘက်ကမ်းသည်။ **ခေမံ** ဘေးငြိမ်း၏။ **အပ္ပဋိဘယံ** ကြောက်ဖွယ်ဘေးမရှိ၊ ဟိုဘက်ကမ်းမှာတော့ဖြင့်ရင် မူလက သူ့ကိုအုပ်စိုးပြီးတော့ နေတဲ့ ဘုရင်မင်းမြတ်နယ်ပယ်မဟုတ်ဘူး။ ဟိုဘက်ကမ်းကတော့ နိုင်ငံတစ်ခုလို့ဆို ရမှာပေါ့လေ။ လောကအနေနဲ့ပြောလို့ရှိရင် ဥပမာ ဒီဘက်ကမ်းက နိုင်ငံတစ်ခု၊ ဟိုဘက်ကမ်းက နိုင်ငံတစ်ခု၊ ဒီဘက်ကမ်းက အပြစ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဟိုဘက်ကမ်း ရောက်သွားလို့ရှိရင် နိုင်ငံတစ်ခုဖြစ်သွားပြီ၊ ဟိုဘက်မှာတော့ အပြစ်မရှိဘူး၊ လွတ် ပြီးတော့ သွားတယ်။

ဒါကြောင့် အခုနေကာလလဲ တစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာ ဒီလိုပဲအရေး အကြောင်းရှိတဲ့အခါကျရင် တခြားနိုင်ငံထွက်ပြီးပြေးတာတွေရှိတယ်၊ အဲဒါ ဟိုဘက် ကမ်းကတော့ ဘေးမရှိတော့ဘူးတဲ့။ ပထမဈာနာရှင်မင်းရဲ့ တိုင်းပြည်မဟုတ်လို့ တဲ့။ မြွေကြီးတွေကလဲ သူတို့မလိုက်နိုင်ဘူးတဲ့။ ရန်သူကြီးငါးဦးကလဲ သူတို့ ဟိုဘက်နိုင်ငံကို မဝင်နိုင်ဘူး။ သူ့ရဲ့ငယ်ပေါင်းမိတ်ဆွေရင်းဖြစ်တဲ့ ရန်သူကလဲပဲ ဟိုဘက်ကိုမလိုက်နိုင်ဘူး။ ဓားပြကြီး ၆-ယောက်ကလဲ မလိုက်နိုင်ဘူး။ ဟိုဘက်

http://www.dhammadownload.com

ရောက်လို့ရှိရင်တော့ **ခေမံ** - ဘေးငြိမ်းသွားတာပဲ။ ဟိုဘက်ကျရင် ဘေးရန်တွေ ဘာမှမရှိဘူး။ **အပ္ပဋိဘယံ** - ကြောက်ဖွယ်တွေမရှိဘူးတဲ့။ ဒီလိုဟောထားတယ်။

ဒီတော့ ရေပြင်ကျယ်ကြီးကူးပြီးတော့ ဟိုဘက်သွားဖို့ရာက အရေးကြီးတယ်။ ကူးပုံကလဲ နောက်မှပြောရမယ်။ တရားအားထုတ်နေတာဟာလဲ ကူးနေတာပါပဲ။ အမှန်ကတော့ နောက်မှ အသေးစိတ်ခွဲပြီးတော့ ဟောရမယ်။ ကနေ့ကတော့ ဤမှာဘက်ကမ်းပဲ ဟောရမယ်။

ဆြရိမံ တီရံ သာသင်္ကီ သပ္ပဋိဘယန္တိ ဧဓါ ဘိက္ခဝေ၊
သတ္ထာယသ္ဆေတံ အဓိဝစနံ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သာသင်္ကီ**၊ ရွံရှာဖွယ်ရှိသော။ **သပ္ပဋိဘယံ**၊ ကြောက်ဖွယ်ဘေးနှင့်တကွဖြစ်သော။ **ဆြရိမံ တီရံ တိ ဧဓါ စတံ**၊ ဤမှာဘက်ကမ်းဟူသော ဤအမည်သည်။ **သတ္ထာယဿ**၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

သတ္ထာယ

ဒီဘက်ကမ်းဟာ ဘေးရှိတယ်။ စိတ်မချရဘူးဆိုတာ တခြားမဟုတ်ဘူး။ **သတ္ထာယ၏** အမည်ပဲတဲ့။ ဒီဘက်ကမ်းမှာနေတယ်ဆိုတာ **သတ္ထာယ**ရှိနေတာကို ခေါ်တယ်။ **သတ္ထာယ**ဆိုတာ ဘာတုန်းဆိုလို့ရှိရင် ထင်ရှားရှိတဲ့ရုပ်နာမ်အပေါင်းပါပဲ။ **သတ္ထာယဆိုတာ၊**

သန္တော ကာယော သတ္ထာယော၊

သန္တော၊ ထင်ရှားရှိသော။ **ကာယော**၊ အပေါင်း။ **ကာယ** ဆိုတာ ပါဠိလိုက အပေါင်းခေါ်တယ်။ ထင်ရှားရှိတဲ့အပေါင်း၊ အပေါင်းပေမယ်လို့ အခြားတစ်ပါး အပေါင်းတွေမဟုတ်ဘူး။ ရုပ်အပေါင်း နာမ်အပေါင်း၊ တိရစ္ဆာန်အပေါင်း၊ ဒီလို အပေါင်းတွေမဟုတ်ဘူး။ သစ်ပင်အပေါင်း ဒီလိုဟာတွေမဟုတ်ဘူး။ သူက ဒီမှာတော့ ရုပ်နာမ်အပေါင်းတွေတဲ့။ သဘောတရား အပေါင်းတွေပဲတဲ့။ သဘောတရား အပေါင်းအစု။

http://www.dhammadownload.com

သန္တော၊ ထင်ရှားရှိသော။ **ကာယော**၊ ရုပ်နာမ်အပေါင်း။ **သက္ကာယော**၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း။

သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းအစုကို ခေါ်သည်တဲ့။ တကယ်ကို ရှိနေတာ၊ ဒါတွေကတော့ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်း၊ ဒါကြောင့် သံယုတ်ပါဠိတော်စသည်မှာ **သက္ကာယ**လို့ သရုပ်ဖော်ပြီး မြတ်စွာဘုရားဟောထားတယ်။ သက္ကာယတရားက တစ်မျိုး၊ **သက္ကာယ**ဖြစ်ကြောင်းတရားက တစ်မျိုး၊ သက္ကာယချုပ်ငြိမ်းရာတရားက တစ်မျိုး၊ သက္ကာယချုပ်ငြိမ်းရာသို့ ရောက်ကြောင်း တရားက တစ်မျိုး၊ သစ္စာလေးပါးကို **သက္ကာယ**အခြေခံပြီးတော့ ဟောထားတယ်။ **ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ** သစ္စာလေးပါးဟော သလိုပဲ၊ **သက္ကာယ၊ သက္ကာယ သမုဒယ၊ သက္ကာယနိရောဓ၊ သက္ကာယ နိရောဓဂါမိနိပဋိပဒါ** ဆိုပြီးတော့ ၄-မျိုးဟောထားတယ်။ သစ္စာလေးပါးပါပဲ။ အဲဒီသုတ်မှာ -

တတမော ဘိက္ခဝေ သက္ကာယော ပဠုပါဒါနက္ခန္ဓာတိဿ ဝစနီယံ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓဿ ဝေဒနုပါဒါနက္ခန္ဓဿ သညုပါဒါနက္ခန္ဓဿ သင်္ခါရုပါဒါနက္ခန္ဓဿ ဝိညာဏုပါဒါနက္ခန္ဓဿ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သက္ကာယော**၊ သက္ကာယဟူသည်။ **သက္ကာယော**၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်းဟူသည်။ **တတမော**၊ အဘယ်ပါနည်း။

သက္ကာယ သက္ကာယနိရောဓ စသည်ဖြင့် ၄-ချက်ခွဲတဲ့နေရာမှာ သက္ကာယဆိုတာဘယ်ဟာလဲ မေးခွန်းထုတ်ပါတယ်။

ပဠုပါဒါနက္ခန္ဓာတိဿ ဝစနီယံ၊

ပဠုပါဒါနက္ခန္ဓာတိ၊ ငါးပါးသော **ဥပါဒါနက္ခန္ဓာ**တို့ဟူ၍။ **ဝစနီယံ**၊ ဆိုအပ်သည်။ **အဿ**၊ ဖြစ်ရာ၏။

ဥပါဒါနက္ခန္ဓာငါးပါးပဲ ဖြစ်ရမယ်။ **သက္ကာယ**ဆိုတာဘာလဲ၊ **ဥပါဒါနက္ခန္ဓာ**ငါးပါးပဲ။ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းဆိုတာ ဘယ်ဟာလဲ။ **ဥပါဒါနက္ခန္ဓာ**ငါးပါးပဲလို့ ဖြေရမယ်။

သေယျထိဒံ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်နည်းဟူမူကား။

http://www.dhammadownload.com

ရူပါဓါ နတ္ထိဿ၊ ရူပါဓါနတ္ထိနာ၏၊ ဝေဒနုပါဓါနတ္ထိဿ၊ ဝေဒနုပါဓါနတ္ထိနာ၏။ သညုပါဓါနတ္ထိဿ၊ သညုပါဓါနတ္ထိနာ၏။ သင်္ခါရုပါဓါနတ္ထိဿ၊ သင်္ခါရုပါဓါနတ္ထိနာ၏။ ဝိညာဏုပါဓါနတ္ထိဿ၊ ဝိညာဏုပါဓါနတ္ထိနာ၏၊ အဓိဝစန်၊ အမည်ပေတည်း။

ဥပါဓါနတ္ထိနာငါးပါးဆိုတာ တစ်နေ့ကဟောခဲ့ပြီးသားပါပဲ။ ရန်သူကြီးငါးဦးဆိုတာနဲ့ အတူတူပဲ ဘာမှမထူးဘူး။ အတူတူပဲ။ ဒီမှာ ပထမတုန်းက "မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ၊ ငါးခန္ဓာနှင့်"ဆိုပြီး တစ်နေ့ကဟောခဲ့ပြီးပြီ။ အဲဒီခန္ဓာငါးပါးနဲ့ အခုသင်္ဂါယဆိုတဲ့ **ဥပါဓါနတ္ထိနာ** ငါးပါးအတူတူပါပဲ။ အရာအားလျော်စွာ မြတ်စွာဘုရားက အမည်အမျိုးမျိုးတပ်ပြီးတော့ ဟောထားတဲ့တရားပါပဲ။

ဒီတရားတစ်ပုဒ်ထဲ ဟိုနေရာတုန်းကတော့ သူသတ်ကြီးငါးယောက်နဲ့တူတယ်လို့ဆိုပြီးတော့ **ဥပါဓါနတ္ထိနာ**ငါးပါးကို ဟောတယ်။ **ဥပါဓါနတ္ထိနာ**ငါးပါးဟာ သူသတ်သမားကြီးတွေတဲ့။

အခုဒီနေရာရောက်တော့ ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းနဲ့ ပြောတော့မယ်ဆိုတော့ ဒီဘက်ကမ်းပဲတဲ့။ **သင်္ဂါယ**ဆိုတာ ဒီဘက်ကမ်း၊ **ဥပါဓါနတ္ထိနာ**ငါးပါးတဲ့၊ **ဥပါဓါနတ္ထိနာ**ငါးပါးတွေ ရှိသမျှကာလပတ်လုံး နိဗ္ဗာန်မဟုတ်သေးဘူး။ နိဗ္ဗာန်မှာဆိုရင် ဥပါဒါနက္ခန္ဓာငါးပါးတရားမရှိဘူး။ အဲဒီလို ဟိုဘက်နဲ့ဒီဘက် အလင်းနဲ့အမှောင်နဲ့တူတယ်။ အမှောင်ထဲမှာ အလင်းမရှိဘူး။ အလင်းထဲမှာလဲ အမှောင် မရှိဘူး။ အမှောင်ထဲမှာနေရင် အလင်းမရောက်ဘူး။ အလင်းထဲမှာနေနေရင် အမှောင်မရှိဘူး။ အဲဒါအလင်းနဲ့ အမှောင်နဲ့ တွဲနေသလိုပဲ။ **သင်္ဂါယ**ဆိုတဲ့ **ဥပါဓါနတ္ထိနာ**ငါးပါးတွေ မချုပ်ငြိမ်းသေးသမျှကာလပတ်လုံး ဒါဟိုဘက်ကမ်း မရောက်သေးဘူး။ ဟိုဘက်ကမ်းမဟုတ်ဘူး။ ဒီဘက်ကမ်းပဲရှိသေးတာတဲ့။ **ဥပါဓါနတ္ထိနာ**ငါးပါးတွေ ချုပ်ငြိမ်းသွားပြီဆိုရင် ဒီဘက်ကမ်းမဟုတ်ဘူး။ ဟိုဘက်ကမ်းဖြစ်သွားပြီ။ ဟိုဘက်ကမ်းရောက်သွားပြီ။

http://www.dhammadownload.com

ဘေးရန်မဆန်း နိဗ္ဗာန်ဟိုဘက်ကမ်း

အဲဒါကြောင့် ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းလေး ၂-ခုစလုံးပေါင်းပြောမှ ဖြစ်မယ်။

ပါရိမံ တီရံ ဧဝံ အပ္ပဋိဘယန္တိ ဧဝါ ဘိတ္ထဝေ
နိဗ္ဗာနဿေတံ အဓိဝစနံ၊

(နှာ - ၃၈၃။)

ဘိတ္ထဝေ၊ ရဟန်းတို့။ **ဧဝံ**၊ ဘေးငြိမ်းရာဖြစ်သော။ **အပ္ပဋိဘယံ**၊ ကြောက်မက်ဖွယ် ဘေးမရှိသော။ **ပါရိမံတီရံတိဧဝါ ဧတံ**၊ ဟိုမှာဘက်ကမ်းဟူသော ဤအမည်သည်။ **နိဗ္ဗာနဿ**၊ နိဗ္ဗာန်၏။ **အဓိဝစနံ**၊ အမည်တည်း။

ဘေးမရှိရာဟဲ့ ဘေးရန်တွေငြိမ်းပြီးတော့နေတဲ့ ဟိုတက်ကမ်းဆိုတာ တခြား မဟုတ်ဘူး နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ကို ဟိုတက်ကမ်းလို့ ဒီမှာဆိုလိုတယ်တဲ့။ ဒီတော့ ဒီဘက် ကမ်းဆိုတာကတော့ **ဥပါဒါနက္ခန္ဓာ**ငါးပါး သက္ကာယ၊ ဒါဒုက္ခသစ္စာတရားပဲ။ ဟိုတက် ကမ်းဆိုတာက နိဗ္ဗာန်၊ **နိရောဓသစ္စာ**တရား၊ **ဒုက္ခသစ္စာ**နဲ့ **နိရောဓသစ္စာ** ဒီ ၂-ခုပဲ။ တော်တော်ကြာတော့ မဂ္ဂင်ရှစ်ပါးနဲ့ ဟိုဘက်ကူးတယ်ဆိုရင် **မဂ္ဂသစ္စာ** တော်တော်ကြာတော့ ပါလာလိမ့်မယ်။ **သမုဒယသစ္စာ**ကတော့ ဒီမှာတော့ အထူးမဟောဘူး။ မိတ်ညာ ရန်ဖက်ဆိုတဲ့ဥစ္စာ **သမုဒယသစ္စာ**ကို ဟောတာပဲ။ အခု ဟောတဲ့အထဲမှာ သစ္စာ ၄-ပါးအကုန်ပါတယ်။

သက္ကာယ-ဥပါဒါနက္ခန္ဓာ

ထင်ရှားရှိတဲ့ ရူပနာမ်အပေါင်းက **သက္ကာယ**၊ ရူပနာမ်အပေါင်းဆိုတာလဲ ဘာလဲဆိုရင် **ဥပါဒါနက္ခန္ဓာ**ငါးပါး၊ ရှေ့ကပြောခဲ့ပြီ။ **ရူပဥပါဒါနက္ခန္ဓာ, ဝေဒနာဥပါဒါနက္ခန္ဓာ, သညာဥပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဉ်ဥပါဒါနက္ခန္ဓာ**၊ တနေ့က ပြောခဲ့ပြီ၊ ငါ ငါ့ဥစ္စာခွဲနိုင်တာ **ဥပါဒါနက္ခန္ဓာ**လို့ တစ်နေ့ကပြောခဲ့ပြီ။ ငါပဲ ငါ့ဥစ္စာပဲ လို့ထင်မြင်စွဲလမ်းနိုင်တဲ့တရားတွေကို **ဥပါဒါနက္ခန္ဓာ**၊ ရူပ်, ဝေ, သညာ, သင်္ခါရာ, ဝိညာ, ဤငါးတန်၊ ခန္ဓာငါးပါး သရုပ်၊ ရူပ်, ဝေ, သညာ, သင်္ခါရာ, ဝိညာ-ဝိညာဉ်, ခန္ဓာငါးပါး တရားပဲတဲ့။ အဲဒီခန္ဓာငါးပါးတရားတွေဟာ ငါပဲလို့ထင်ရတယ်။ **ငါ၏** ဥစ္စာတွေ ငါနဲ့ဆိုင်တယ်လို့လဲ ထင်ရတယ်။ ဒါတွေဟာ **ဥပါဒါနက္ခန္ဓာ**တွေပဲ။

http://www.dhammadownload.com

သူတို့ဘယ်မှာရှိတုန်းဆိုတော့ တစ်ကိုယ်လုံးမှာရှိနေတယ်။ မျက်စိကမြင်တဲ့အခါကာလ မြင်ရာကနေပြီးတော့ ထင်ရှားပေါ်တယ်တဲ့။ တစ်ကိုယ်လုံးရှိနေပေမယ့် အခါခပ်သိမ်းတော့ ပေါ်နေတာမဟုတ်ဘူး။ မြင်တဲ့အခါကာလ မြင်ရာကနေပေါ်တယ်။ မြင်မှု၏ တည်ရာဖြစ်တဲ့မျက်စိ၊ မြင်ရတဲ့အဆင်းက ရုပ်ခန္ဓာပဲ၊ အဲဒီရုပ်ခန္ဓာကိုလည်း ငါလို့လဲထင်တယ်။ ငါ၏ဥစ္စာလို့လဲ ထင်တယ်။ မျက်စိနဲ့တကွ တစ်ကိုယ်လုံးငါပဲ ဒီလိုထင်တယ်။ မြင်ရတဲ့အဆင်းလဲ ကိုယ့်ကိုယ်ကို မြင်ရလို့ရှိရင် အဲဒီမြင်ရတဲ့ဥစ္စာလဲ ငါပဲ။ ဒီလိုထင်တယ်၊ ငါလို့စွဲပုံ၊ အဲဒါ မြင်ရာကနေပြီး စွဲလမ်းပုံ၊ ရုပ်ကိုစွဲလမ်းပုံ။

ကြားရာကလဲ ဒီအတိုင်းပဲ။ ကြားမှု၏တည်ရာဖြစ်တဲ့ နားရုပ်နဲ့ကြားရတဲ့အသံရုပ်၊ နားနှင့်တကွ တစ်ကိုယ်လုံး ငါပဲ၊ နှာခေါင်းနှင့်တကွ တစ်ကိုယ်လုံး ငါပဲ၊ လျှာနဲ့တကွ တစ်ကိုယ်လုံးငါပဲ၊ တွေ့ထိရာဌာနက တွေ့ထိမှုကို ခံယူတဲ့ ကာယပသာဒ ကိုယ်အကြည်ရုပ်ခေါ်တယ်။ အဲဒီကိုယ်အကြည်နဲ့တကွ တစ်ကိုယ်လုံးဟာ ငါပဲ။ ဒီလိုထင်နေတာကိုး၊ စိတ်နှလုံးကလဲ ငါပဲ၊ မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရ၊ သိရတဲ့အာရုံတွေလဲ ကိုယ့်သန္ဓာန်ကဖြစ်လို့ရှိရင် အဲဒါတွေ ငါပဲလို့ ဒီလိုထင်တာကိုး။ ငါ၏ဥစ္စာလို့လဲ ထင်တယ်။ ငါ့လက်ပဲ၊ ငါ့ခြေပဲ၊ ငါ့ကိုယ်ပဲ၊ ငါ့မျက်စိပဲ၊ ငါ့နားပဲ စသည်ဖြင့် ငါ၏ဥစ္စာအနေအားဖြင့်လဲ ထင်တယ်။

ဒါကြောင့် **"ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန္ဓာ"** ဥပါဒါနက္ခန္ဓာဆိုတာ ငါ ငါ့ဥစ္စာ စွဲနိုင်တာ၊ **ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ**ဆိုတာ ငါ ငါ့ဥစ္စာလို့စွဲနိုင်တဲ့တရား တွေတဲ့။ **နီဝရဏ**တယ်လို့လဲ စွဲတယ်၊ သုခချမ်းသာတယ်၊ ကောင်းတယ်၊ လှပတယ်၊ တင့်တယ်တယ်လို့လဲ စွဲတယ်၊ အတ္တအသက်ရှင်နေတဲ့ ငါပဲလို့လဲ စွဲတယ်၊ အဲဒီလို စွဲတတ်တဲ့တရားတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ်။

အခု ဝိပဿနာရှုနေရတာဟာ ဒါတွေရှုနေတာပါပဲ။ ဒါက **ရှုပ်ဥပါဒါနက္ခန္ဓာ**ကိုပြောတာ။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ နာမ်ခန္ဓာတွေ၊ ဒါတွေလဲပဲ မြင်ရာကြားရာကနေ ထင်ရှားနေတာပဲ။ မြင်သိမှုထဲမှာ **နာမတ္တန္ဓာ ၄-ပါး**ပါတယ်။ ဟိုတုန်းက အကျယ်ပြောပြီးပါပြီ။ မြင်ခါမျှသဘောက **ဝိညာဏက္ခန္ဓာ**၊ မြင်ရတဲ့အာရုံ

http://www.dhammadownload.com

အကောင်းအဆိုးလေးတွေ ကောင်းသွားတယ်, မကောင်းသွားဘူးလို့ သိတာက ဝေဒနက္ခန္ဓာ၊ မြင်ရတဲ့အာရုံမှတ်ထားတာက **သညာက္ခန္ဓာ**၊ မြင်အောင်လို့ ကြောင့်ကြ စိုက်တာက သခါရက္ခန္ဓာ၊ မြင်ရအောင်လို့ သူကဖန်တီးပေးတယ်။ **သခါရက္ခန္ဓာ**ပဲ၊ အဲဒါ **နာမ်ခန္ဓာ ၄-ပါး** အဲဒီ**နာမ်ခန္ဓာ ၄-ပါး**ဟာလဲပဲ ငါ, ငါ့ဥစ္စာလို့ စွဲနေတာပဲ။ မြင်မှုဟာငါပဲ၊ ငါကမြင်တာပဲ၊ ငါ့အမြင်ပဲ၊ ဒီလိုစွဲလမ်းနေတာ။ ကြားပြန်လဲ ဒီလိုပဲ၊ ငါပဲ ငါ့ဥစ္စာပဲ, ငါကြားတာပဲ, စွဲလမ်းတယ်၊ နံရာ, စားရာ, တွေ့ထိရာ, စိတ်ကူး စဉ်းစားကြံစည်ရာ, အကုန်လုံး ဒီလိုချည်းပဲ စွဲလမ်းနေတာ။ ငါ ငါ့ဥစ္စာအနေအားဖြင့် ဒီလိုပဲစွဲလမ်းနေတယ်။ အဲဒီလို စွဲလမ်းနိုင်လို့ ဒါတွေ **ဥပါဒါနက္ခန္ဓာ**လို့ခေါ်တယ်တဲ့။

အဲဒီ **ဥပါဒါနက္ခန္ဓာ ၅-ပါး**တရားတွေဟာ ဒါဟာ**သက္ကာယ**ပဲ။ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းတွေ၊ ဒါတွေကတော့ တကယ်ရှိနေတာဟုတ်တယ်။ တကယ် မရှိတာမဟုတ်၊ မြင်တဲ့အခါမှာ မျက်စိဟာ တကယ်ကို ရှိတယ်။ မြင်မှု၏တည်ရာ အနေနဲ့ တကယ်ရှိတယ်။ မရှိရင်မမြင်နိုင်ဘူး။ မြင်မှု၏တည်ရာ မျက်စိရုပ်ပျက် နေတဲ့ ပုဂ္ဂိုလ်တွေ မမြင်နိုင်တော့ဘူး။ မြင်စရာအဆင်းတွေကလဲ တကယ်ကို ရှိတယ်။ မရှိပဲနဲ့ စိတ်နဲ့မှန်းပြီး အလကားသာ ထင်နေတာမဟုတ်ဘူး။ ဖြူရင် ဖြူတယ်၊ မဲရင် မဲတယ်၊ သူဖြစ်တဲ့အတိုင်း မြင်သွားတာ။ အဲဒီတော့ မျက်စိကလဲ တကယ်ရှိတယ်၊ မြင်ရတဲ့အဆင်းကလဲ တကယ်ရှိတယ်၊ မြင်သိတာလေးကော တကယ်ရှိတာပဲ။ မမြင်ပဲနဲ့ မြင်တယ်လို့ အလကားပြောနေတာမဟုတ်ဘူး။

ဒါကြောင့် မျက်စိ, အဆင်း, မြင်သိမှု ဒီ ၃-ခုအတိုချုပ်အားဖြင့် ဒါကထင်ရှား ရှိတဲ့ ရုပ်နာမ်အပေါင်းပဲ၊ အဲဒီ ရုပ်နာမ်အပေါင်းကို **သက္ကာယ**ခေါ်တယ်။ **သက္ကာယ** က တခြား၊ **ဒိဋ္ဌိ**ကတခြား၊ **သက္ကာယနဲ့ဒိဋ္ဌိ**နဲ့မတူသေးဘူး။ **သက္ကာယ**အရ ပြောရမယ်။ ဆောင်ပုဒ်ကလေးဆိုဦးမယ်။

"ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ။"

ထင်ရှားရှိတဲ့ ရုပ်တရားနာမ်တရားတွေဟာ **သက္ကာယ**လို့ခေါ်သည်။ ပါဠိ သ, နဲ့ ကာယနဲ့ ၂-ခုတွဲထားတယ်။ သ, က ထင်ရှားရှိသည်။ သန္တ-က သ, ဖြစ်လာ တယ်။ သန္တ-ထင်ရှားရှိသည်၊ သန္တ-က သ, ဖြစ်လာတယ်၊ ကာယနဲ့ပေါင်းလိုက်တော့

http://www.dhammadownload.com

သန္တ-က သ-တစ်လုံးထဲ ယူရတယ်။ နောက်က ကာယမှာ ၂-လုံးဆင့်ပြီးတော့ **သဏ္ဌာယ**၊ အိန္ဒိယသီဟိုဠ်အဖတ်နဲ့ဆိုရင် သထာကာယလို့ဖတ်ရတယ်။ မြန်မာကတော့ မြန်မာအသံနဲ့ လိုက်ပြီးတော့ သက်ဖြစ်နေတယ်။ သန္တာက သတ်ဖြစ်လာတယ်။ တဝမ်းပူအသတ်ကလေးနဲ့၊ တဝမ်းပူအသတ်ကလေးကို ကကြီးကို နှစ်လုံးဆင့်ပြီးတော့ သတ်ကာယ၊ မြန်မာက **သဏ္ဌာယ**လို့ဖတ်တယ်။ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို **သဏ္ဌာယ**လို့ခေါ်သည်။ **"ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသဏ္ဌာယ"**၊ ထင်ရှားရှိတဲ့ ရုပ်နာမ်တွေဟူသမျှဟာ သဏ္ဌာယတွေပဲ။ ဒီဟာက ဒိဋ္ဌိမဟုတ်ဘူး။ အဲဒီ သဏ္ဌာယ ဒုက္ခသစ္စာတရားပဲ။ **ဒုတ္ထသစ္စာထရား၊ သမုဒယသစ္စာ** ကိလေသာတွေ မဟုတ်ဘူး။ အကုသိုလ်တရားတွေလည်း မဟုတ် ဘူး။ ရုပ်နာမ်သာမည်ပဲ။ **"ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသဏ္ဌာယ"**။

ဥပါဒါနက္ခန္ဓာကို ဝိပဿနာရှု

အဲဒီတိုင်းထင်ရှားရှိနေတဲ့ တရားတွေမြင်တာကို ရှုရတယ်။ ကြားတိုင်းရှုရတယ်။ နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, ကွေးဆန့်တိုင်း, လှုပ်ရှားတိုင်း, စိတ်ကူးယဉ်စဉ်းစားကြံစည်တိုင်း **သဏ္ဌာယ**တွေချည်းထဲပဲ။ **ဥပါဒါနက္ခန္ဓာ ငါးပါး**တရားတွေပဲ။ ဒါ ဒုက္ခသစ္စာ တရားတွေချည်းပဲတဲ့။

တတ္ထမဋ္ဌ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ
ပဋ္ဌပါဒါနက္ခန္ဓာတိဿ ဝစနီယံ

ဘိက္ခဝေ၊ ရဟန်းတို့။ **ဒုက္ခံအရိယသစ္စံ**၊ ဒုက္ခအရိယသစ္စာသည်။ **ဝါ**၊ အရိယာတို့သိအပ်သော ဆင်းရဲအမှန်တရားသည်။ **တတ္ထမဋ္ဌ**၊ အဘယ်နည်းဟူမူကား။ **ပဋ္ဌပါဒါနက္ခန္ဓာတိ**၊ ငါးပါးသောဥပါဒါနက္ခန္ဓာတို့ဟူ၍။ **ဝစနီယံ**၊ ဖြေဆိုအပ်သည်။ **အဿ**၊ ဖြစ်ရာ၏။

ဥပါဒါနက္ခန္ဓာငါးပါးလို့ အဖြေပေးရမယ်။ ဒုက္ခသစ္စာဟာ ဘယ်တရားလဲ။ **ဥပါဒါနက္ခန္ဓာငါးပါး**၊ သဏ္ဌာယဆိုတာ ဘယ်တရားလဲ။ **ဥပါဒါနက္ခန္ဓာငါးပါး၊ သဏ္ဌာယ, ဒုက္ခသစ္စာ, ဥပါဒါနက္ခန္ဓာငါးပါး**။ ဒီဟာအတူတူပဲ။ ဒုက္ခသစ္စာတရားတွေ အတူတူချည်းထဲပဲ။ ဝိပဿနာရှုရင် **ဥပါဒါနက္ခန္ဓာငါးပါး**ပဲရှုရတယ်။ ဒုက္ခသစ္စာ

http://www.dhammadownload.com

တရားရှုရတယ်။ **သက္ကာယ**မည်တဲ့တရားတွေကို ရှုရတယ်။ အခုမြင်တိုင်း, ကြားတိုင်း, ဒွါရခြောက်ပါး ပေါ်တိုင်းပေါ်တိုင်း လိုက်ပြီးတော့ရှုနေတာဟာ ဒါဟာ **ဒုတ္ထ သစ္စာ**တရားရှုတယ်ဆိုရင်လဲ ဟုတ်တာပါပဲ။ သက္ကာယမည်တဲ့ တရားရှုနေတယ်ဆိုတာလဲ ဟုတ်တာပဲ။ **ဥပါဒါနက္ခန္ဓာငါးပါး** ရှုနေတယ်ဆိုလဲ ဟုတ်တာပဲ။

မှန်တယ်၊ ဝိပဿနာအခြေခံတရားထဲမှာ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။ **"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း၊ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း"**၊ ဒီဥပါဒါနက္ခန္ဓာငါးပါးတရားရှုရတယ်လို့ ဒီလို ဆောင်ပုဒ်ပေးထားတယ်။ ယခုပြောနေတာနဲ့ အတူတူပဲ။ **သက္ကာယ**ဆိုတာနဲ့ **ဥပါဒါ နက္ခန္ဓာငါးပါး**ဆိုတာနဲ့ **ဒုတ္ထသစ္စာ**ဆိုတာနဲ့အတူတူပဲ။ အဲဒါလေး ဆိုကြဦးစို့။

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း၊"

ဝိပဿနာဉာဏ်ဆိုတာ အင်မတန်ပေါ်နေပါတယ်။ ဘယ်ဟာရှု၍ ဖြစ်သလဲ၊ တစ်ခုခုတော့ ရှဦးမှပေါ့။ ဝိပဿနာဆိုတာ ဘယ်ဟာရှုရတာတုန်းဆိုတော့ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း" ဒါက အဖြေကလေး။

"စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း၊"

ဒါကရှင်းနေတယ်၊ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါးကိုရှုပြီးတော့ ဝိပဿနာဉာဏ်ဖြစ်သည်။ အဲဒါလေးက လူတိုင်းလူတိုင်း ယောဂီပုဂ္ဂိုလ်တွေဟာ ရနေစရာကောင်းတယ်။ ဒါက ဘယ်သူမှမငြင်းနိုင်ဘူး။ ဝိပဿနာရှုတယ်ဆိုတာ ဘယ်ဟာရှုရသလဲ။ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးရှုသည်။ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးပဲ။ ဥပါဒါန-စွဲလမ်းတတ်တဲ့တရားတဲ့။ ခန္ဓာဆိုတာက အပေါင်းအစု၊ စွဲလမ်းတတ်တဲ့ ဥပါဒါန်၏အာရုံဖြစ်တဲ့တရားဟုဆိုလိုတယ်။ ဥပါဒါန-ဥပါဒါန်ရဲ့ ခန္ဓာအာရုံဖြစ်သော တရားအပေါင်းပေါ့။ အဲဒါ ဥပါဒါန်၏အာရုံဖြစ်တယ်ဆိုတော့ မြန်မာကတော့ သိပ်နားမလည်ဘူး။ နားလည်အောင်လို့ ဘုန်းကြီးက စွဲလမ်းနိုင်တာလို့ ဥပါဒါန်၏အာရုံဖြစ်တယ်ဆိုတာ ဥပါဒါန်ကစွဲလမ်းတာ၊ စွဲလမ်းနိုင်တဲ့ဥစ္စာတွေ စွဲလမ်းမှုရဲ့အာရုံဖြစ်တဲ့ဥစ္စာတွေ၊ စွဲလမ်းမှုရဲ့ လက်လှမ်းမှီရရာတရားတွေလို့ ဆိုလိုတယ်။ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း"၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးရှုပြီးတော့ဖြစ်တယ်။

http://www.dhammadownload.com

ဒိဋ္ဌိရှုနှင့် ဝိပဿနာရှု

အဲဒီခန္ဓာငါးပါးရှုတာကလဲ နည်းမှန်နဲ့နည်းမှား နှစ်ခုတော့ ရှိသေးတယ်။ ဒိဋ္ဌိဖြစ်တာကလဲ စွဲလမ်းနိုင်တဲ့ခန္ဓာငါးပါးကိုရှုပြီးတော့ ဒိဋ္ဌိကဖြစ်တာပဲ။ ဝိပဿနာဉာဏ်ကလဲ ဒီဟာရှုပြီးတော့ ဖြစ်တာပဲ။ ပြီးတော့ ဘာထူးတုန်းဆိုတော့ အမှားအမှန် နည်းမှန်နှင့်နည်းမှား နှစ်ခုကွာတယ်။

ဒိဋ္ဌိဖြစ်လို့ရှိရင် မှားသောအားဖြင့် စွဲလမ်းနိုင်တဲ့ ဒီခန္ဓာငါးပါးပဲ။ သူကလဲ ရှုပြီးတော့ ဖြစ်တာပါပဲ။ သူကလဲ ဒီခန္ဓာငါးပါးကိုပဲ ငါဆိုတဲ့အနေနဲ့ ငါကောင်အသက်ရှင်နေတဲ့အကောင်အနေ ဒီလိုရှုပြီးတော့ ဖြစ်တယ်။ အဝိဇ္ဇာကရှုပြီးတော့ ဖြစ်တဲ့အခါလဲ နီစွ၊ အတ္တမြတယ်, ချမ်းသာတယ်, အတ္တကောင်ပဲဆိုတဲ့အနေနဲ့ ရှုတယ်၊ ရှုပြီးတော့ သူလဲ ဖြစ်တယ်။ အဲဒါက နည်းမှားနဲ့ဖြစ်ပြီးတော့ ရှုတယ်။

ဝိပဿနာတရားကတော့ နည်းမှန်နဲ့ရှုပြီးတော့ အမှန်အတိုင်းဖြူလျှင် ဖြူတဲ့အတိုင်း၊ မဲရင် မဲတဲ့အတိုင်း၊ ဖြစ်ရင် ဖြစ်တဲ့အတိုင်း၊ ပျက်ရင် ပျက်တဲ့အတိုင်း၊ မမြဲရင် မမြဲတဲ့အတိုင်း၊ သူဖြစ်တဲ့အတိုင်းကလေး ရှုတယ်၊ ပိုပြီးတော့ မရှုဘူး။ အဲဒါကြောင့် ဒါကစွဲလမ်းနိုင်ရာ ငါးခန္ဓာ စာကဆိုပြီးတော့ အမှန်ရှုရမယ်ဆိုပြီးတော့ မှန်စွာလေးထည့်ထားတယ်။ "ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ဖြစ်သလဲ" ဆိုလို့မေးတယ်။ ဝိပဿနာဉာဏ်ဆိုတာ ခန္ဓာငါးပါးရှုပြီးတော့ ဖြစ်တယ်လို့ဖြေတယ်။ ဒီပြင် ဒိဋ္ဌိတို့ ကိလေသာတို့ကလဲ ခန္ဓာငါးပါးရှုပြီးတော့ဖြစ်တာပဲ။ ဘာထူးသေးသလဲဆိုတော့ အမှန်နဲ့အမှား ကွာတယ်။

အမှန်အတိုင်းရှု

"ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ဖြစ်သတည်း" အမှန်အတိုင်းရှုပြီးတော့ဖြစ်တာ၊ မြင်ရင်မြင်တာကို မြင်တဲ့အတိုင်းပဲရှုရမယ်။ မြင်တာက တကယ်ဖြစ်တာကိုး။ ကြားရင်လဲကြားတာ တကယ်ဖြစ်တာပဲ၊ မဖြစ်ဘဲနဲ့ အလကားစိတ်နဲ့ကူးပြီးတော့ ရှုတာမဟုတ်ဘူး၊

http://www.dhammadownload.com

အလကားစိတ်ကူးပြီးတော့ ရှုလို့ရှိရင်မမှန်ဘူး၊ အဲဒါတွေဟာ သဘာဝမကျဘူး၊ သဘာဝကျတာမဟုတ်ဘူး။

အဆင်းတွေ၊ ဥပမာ ကိုယ်မှာမမြင်ပါဘဲနဲ့ ရုပ်အဆင်းတွေဖြစ်နေတယ်၊ ပျက်နေတယ် စဉ်းစားလို့ရှိရင် ဒီဥစ္စာသဘာဝမကျဘူး။ အဲဒီ အခိုက်အတန့်မြင်တာမှ မဟုတ်ဘဲ။ ရှုပါရုံမမြင်ပဲနဲ့ ရှုပါရုံတွေမှာဖြစ်ပျက်နေတယ်လို့ ရှုလို့ရှိရင် အဲဒါဟာ သဘာဝမကျဘူး။ သဒ္ဒါရုံအသံကိုမကြားပါဘဲနဲ့ သဒ္ဒါရုံအသံတွေဟာ ဖြစ်ပျက်နေတယ်ဆိုလို့ ရှုလို့ရှိရင် အဲဒါသဘာဝမကျဘူး။ စာပြောတော့ ဟုတ်တော့ ဟုတ်တာပေါ့။ သူရှုတဲ့အခါမှာမရှိဘဲနဲ့ စိတ်ကူးပြီးတော့ရှုနေတယ်။ အဲဒါဟာ နာမည်ပဲရှိတယ်။ အသံလဲ မဟုတ်ဘူး။ ဖြစ်တယ်ဆိုလဲ သူဟာသူဖြစ်တာပဲ။ ပျက်တယ်ဆိုလဲ သူဟာသူ ပျက်တာပဲ။ တကယ်ဖြစ်တာ ပျက်တာမဟုတ်ဘူး။

ပထဝီဓာတ်တို့ အာပေါဓာတ်တို့ တေဇောဓာတ် ဝါယောဓာတ်တို့လဲ ဒီအတိုင်းပဲ။ အဲဒါတွေ ကိုယ်ကမတွေ့ဘဲနဲ့ ပထဝီဓာတ် ခက်မာကြမ်းတမဲ့နေတာဟာ ဖြစ်ပျက်နေတဲ့တရားတွေပဲ။ အဲဒီအခိုက်အတန့်မှာ ပထဝီဓာတ်တစ်ခုခုကို တွေ့ထိပြီး ရှုရင်တော့မှန်တယ်။ တွေ့ထိတာမဟုတ်ဘဲနဲ့ အလွတ်ဆိုရင် ဒါမှန်တယ်လို့ မဆိုနိုင်ဘူး။ အဲဒီပထဝီဓာတ်ဟာ ခက်မာကြမ်းတမ်းတဲ့သဘောဟာ ဖြစ်ပျက်နေတယ်။ ဖြစ်ပြီးပျက်တယ်ဆိုတော့ စာပြောတော့ သူကအမှန်ပေမယ်လို့ အဲဒီလို ပထဝီဓာတ်ကို ဖြစ်ပျက်တယ်လို့ ရှုနေတဲ့ပုဂ္ဂိုလ်မေးကြည့်ရင် ဘယ်အနားက ဖြစ်ပျက်တာတုန်း။ ပထဝီဓာတ်က ဘယ်အနားကတုန်း၊ ခေါင်းထဲက ပထဝီဓာတ်လား၊ ကိုယ်ထဲက ပထဝီဓာတ်လား၊ လက်ထဲကလား၊ ခြေထောက်ကလား၊ ဘယ်အနားကအပိုင်းက ပထဝီဓာတ်တုန်း၊ အဲလိုစဉ်းစားရှုတဲ့ပုဂ္ဂိုလ်က ဘယ်အနားပိုင်းကမှ မဟုတ်ဘူး။ ပုဂ္ဂိုလ်က ဘယ်အနားပိုင်းကမှ မဟုတ်ဘူး။ ပထဝီဓာတ်ဆိုတဲ့ နာမည်နဲ့ ခက်မာကြမ်းတမ်းတယ်ဆိုတဲ့ အမည်ဝေါဟာရတွေနဲ့ ဒါတွေကို ရှုနေတာပဲ။ စိတ်ကူးဉာဏ်ခေါ်တယ်။ စာထဲကပါတယ်။ ကျမ်းဂန်ထဲကဆိုထားတဲ့ အမည်တွေဟာလဲ အမည်ပဲ၊ ပညတ်ပဲ၊ ဘာမှမဟုတ်ဘူး။ ပရမတ်ဆိုတာကတော့ တကယ်ကိုခက်မာကြမ်းတမ်းတဲ့ သဘောကလေးတွေ တွေ့နေမှ၊ ဒါမှ ပရမတ်။

http://www.dhammadownload.com

ပူအေးတဲ့ တေဇောဓာတ်တွေ ဖြစ်ပျက်နေတယ်လို့ ဒီလိုရှုနတဲ့ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ။ အဲဒီအခိုက်အတန့်မှာ တကယ်ပူတာ အေးတာကလေးတွေကို တွေ့ပြီဆိုရင်တော့ ဟုတ်မှာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ ပူတဲ့သဘော၊ အေးတဲ့သဘော၊ နွေးတဲ့သဘော၊ တေဇောဓာတ်တရား ဖြစ်ပျက်နေတယ်၊ မမြဲဘူးလို့ ဆင်ခြင်နေတယ်။ အဲဒီဆင်ခြင်တဲ့ပုဂ္ဂိုလ်ကို မေးမြန်းစစ်ဆေးကြည့်ရင် ဘယ်ကမှမဟုတ်ဘူး။ ခေါင်းထဲက ပူတာလား၊ လက်ထဲက ပူတာလား၊ ကိုယ်ထဲက ပူတာလား၊ ခြေထဲက ပူတာလား၊ ဘယ်အနားအပိုင်းက ဘယ်လိုပူနေတာတုန်းမေးလို့ရှိရင် ဘယ်အနားကမှ မဟုတ်ဘူး။ စာပေကျမ်းဂန်တွေကပါတဲ့အတိုင်း ဆင်ခြင်ပြီးတော့ သူရှုနေတာ။ အဲဒီဥစ္စာ သဘာဝမကျဘူး။ ဒီဥစ္စာ နာမည်တွေ ပညတ်တွေခေါ်တယ်။

တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်တွေ ဖြစ်ပျက်နေတယ်ဆိုပြီး ရှုပြန်ရော၊ အဲဒါကလဲပဲ သူ့ကိုယ်တိုင်တွေ့ပြီးတော့ ရှုတာမဟုတ်လို့ရှိရင် ဒါလဲ သဘာဝမကျဘူး၊ ဘယ်အနားက ဝါယောဓာတ်တုန်း၊ တောင့်တင်းတာ ဘယ်အနားကတောင့်တာတုန်း၊ ခေါင်းထဲကလား၊ လက်ထဲကလား၊ ကိုယ်ထဲကလား၊ ဘယ် အနားအစိတ်အပိုင်းက တောင့်တာတုန်း၊ ဘယ်အနား အစိတ်အပိုင်းက တင်းနေ တာတုန်း၊ ဘယ်နားက လှုပ်ရှားတာတုန်းမေးလို့ရှိရင် စဉ်းစားဆင်ခြင်ရှုနေတဲ့ ပုဂ္ဂိုလ် ဟာ ဖြေစရာမရှိဘူး၊ အမည်ပဲဖြစ်နေတယ်၊ အဲဒါတွေဟာ သဘာဝမကျဘူး။

သဘာဝကျကျဆိုရင် တကယ်တွေ့တဲ့တရားရှုရတယ်။ တကယ်တွေ့တဲ့ တရားတွေကို တကယ်ဖြစ်နေတဲ့တရားတွေရှုရတယ်။ တကယ်ဖြစ်နေတဲ့ တရားတွေ့မြင်တဲ့အခါကာလ မြင်ရတဲ့အဆင်း၊ မြင်ရာဌာနမျက်စိ၊ မြင်မှုသဘော၊ ဒါက တကယ့်ကိုဖြစ်သွားတာပဲ။ ဒါကြောင့်မို့ **သဏ္ဌာယ** ထင်ရှားရှိတဲ့တရား၊ အဲဒါ တကယ်ရှိတာ၊ ကြားတဲ့အခါကာလလဲ နားရုပ်ရယ်၊ ကြားရာဌာန နားရုပ်၊ အသံကြားသိနေတဲ့သဘော၊ အဲဒါတွေဟာ ထင်ရှားရှိနေတာပဲ။ ဒါတွေရှုရတယ်။ နံရာ, စားရာတွေလဲ အတူတူပဲ။ တွေ့ထိရာတွေမှာလဲ ကိုယ်ရုပ်နဲ့ တွေ့ထိရတဲ့ရုပ်နဲ့ တွေ့ထိပြီးတော့ သိနေတဲ့စိတ်နဲ့၊ အဲဒါ တကယ်ရှိနေတဲ့တရားတွေ ဒါတွေကို ရှုရတယ်။ အဲဒီ ထင်ရှားရှိတာလေးတွေရှုမှ သဘာဝကျတယ်။ အဲဒါလေးတွေ

http://www.dhammadownload.com

ရှုမှ ပရမတ္ထသဘောအမှန်လေးတွေ တွေ့တာ။

အဲဒီပုဂ္ဂိုလ်တွေမှာ မြင်တိုင်း, ကြားတိုင်း၊ ဒွါရခြောက်ပါးက ပေါ်တိုင်းတရား တွေ ရှုနေတယ်။ တကယ်ရှိတာတွေရှုနေတာ၊ ဟုတ်တာတွေ ရှုနေတာ၊ တွေးပြီး စဉ်းစားပြီး ရှုနေတာမဟုတ်ဘူး။ တကယ်ရှိတာရှုနေတာပဲ။ ဖောင်းတယ် ပိန်တယ်ရှုနေတယ်။ ဗိုက်ထဲကနေပြီး ဖောင်းတက်နေတဲ့သဘော၊ ပိန်ကျသွားတဲ့သဘော၊ အဲဒါတွေဟာ တကယ်ရှိနေတဲ့သဘော၊ မဟုတ်ပဲနဲ့ တွေးပြီးရှုနေတာ မဟုတ်ဘူး။ ဝေါဟာရအားဖြင့် ဖောင်းတယ် ပိန်တယ်ဆိုတာ ဗိုမှာဗိုက်ထဲကနေပြီး တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို တကယ့်ကို ရှိနေတယ်။ တကယ်ရှိနေတာရှုနေလို့ ဒါသဘာဝကျတယ်။ တကယ်မရှိတာကို ရှုလို့ရှိရင် သဘာဝမကျဘူး။ ဝါယောဓာတ်ဆိုတာ တောင့်တယ်၊ တင်းတယ်၊ တွန်းကန်တယ်၊ လှုပ်ရှားတယ်ဆိုတာ ကိုယ်၌တွေ့ထိပြီးတော့ သိရတဲ့တရားပဲ။ **ကာယဝိညေယျ**တရားခေါ်တယ်၊ **စက္ခုဝိညေယျ**တရားမဟုတ်ဘူး၊ **မနောဝိညေယျ**တရားတော့ ရှိပါတယ်။

ဒါပေမယ်လို့ သဘာဝအရင်းခံကတော့ **ကာယဝိညေယျ**တရားဆိုတာ ကာယဝိညာဏ်နဲ့တွေ့ပြီးတော့သိရတယ်။ အဲဒါ အရှင်ဘုရားမျက်စိထဲမှာမြင်ပြီးတော့ ဖြစ်ပျက်သွားတာက အမှန်ရှိတာက၊ **စက္ခုဝိညေယျ**တရားဟာ **ရူပါရုံ**တွေတရားတဲ့။ **ရူပါရုံ**တွေ အဆင်းတွေ မြင်ပြီးပျက် မြင်ပြီးပျက် **ရူပါရုံ**တွေပျက်နေတာတဲ့။ အဆင်းပျက်တာ၊ အဲဒီနေရာပျက် ဟိုနေရာပျက် အဲဒါတွေပျက်နေတာ၊ အဲဒါ အရှင်ဘုရားရှုတယ်ဆိုရင် မှန်တယ်။ အခုအရှင်ဘုရား **ဝါယောဓာတ်**တွေ ဖြစ်ပျက်နေတယ်ဆိုတာ မှားနေတယ်။ ဒီမှာ ကျေနပ်သွားတယ်။ ဒွါရ, အာရုံ, ဝိညာဏ်တွေ မကိုက်လို့ရှိရင် သဘာဝမကျပုံကလေး၊ ဒွါရ, အာရုံ, ဝိညာဏ်ကိုက်ပြီးတော့ရှုမှ၊ ဒါကြောင့် အခု ခန္ဓာငါးပါးရှုတယ်ဆိုပေမယ့်လို့ သဘာဝလဲ ကျကျရှုမှ၊ မှန်မှန်ကန်ကန် အမှန်အတိုင်း သဘောလေးတွေသိလို့ သိပြီးတော့ရှုမှ၊ "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း" ဒီစွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတွေ အမှန်အတိုင်း ရှုရမည်။ မြင်တဲ့ အခိုက်အတန့်မှာရှိတဲ့ ခန္ဓာငါးပါး၊ ကြားတဲ့အခိုက်အတန့်၊

http://www.dhammadownload.com

နံတဲ့အခိုက်အတန့်၊ စားသိတဲ့အခိုက်အတန့်၊ တွေ့ထိတဲ့အခိုက်အတန့်၊ စိတ်ကူးစဉ်း စားကြံစည်တဲ့ အခိုက်အတန့်မှာဖြစ်တဲ့ ခန္ဓာငါးပါးတရားတွေ အမှန်အတိုင်းရှုရမည်။ ဖြစ်ပေါ်လာတဲ့အတိုင်း သူပေါ်လာတာလေးပဲ ကြည့်နေရုံပါပဲ။ ဘာမှလုပ်ယူရတာ မဟုတ်ပါဘူး။ ခန္ဓာငါးပါးတရားတွေဆိုတာ သူ့ဟာသူဖြစ် သူ့ဟာသူပျက်နေတာတွေ ကိုယ်ကမရှုနိုင်ရင် မသိဘူး။ ရှုနိုင်ရင်တော့ သိရမှာပဲ။ မရှုပဲနဲ့နေလို့ရှိရင် မသိဘူး။ ရှုလို့ရှိရင် သိရမယ်။

ရှုလဲရှုကာစမှာတော့ သတိတို့, သမာဓိတို့, ဉာဏ်တို့ဟာ အားနည်းနေသေးတော့ အမှန်အတိုင်းမသိသေးဘူးပေါ့။ ရှုခါစပုဂ္ဂိုလ်မမှီသေးဘူး။ ရုပ်နာမ်တွေက အင်မတန်မြန်နေတဲ့တရားတွေ၊ ကိုယ်ကစပြီးရှုခါစဆိုတော့ ရှုလို့သိတဲ့ဉာဏ်ကလေးက မမြင်သေးဘဲဟာကိုး။ နှေးနေတယ်၊ သတိတို့ သမာဓိတို့ ဉာဏ်တို့ဟာ နှေးနေသေးတယ်၊ နှေးနေတော့ သူလောက်မမြန်တော့ကို အမှန်အတိုင်း သဘောလေးတွေ မသိသေးဘူး။ ရှေ့နောက်တရားတွေ ဆက်စပ်ပြီးတော့ ဒီလိုရှိနေသေးတာပဲ။

အဲ သတိ, သမာဓိဉာဏ်တွေ အားကောင်းလာတဲ့အခါကာလ တကယ်ဖြစ်ပေါ်တဲ့တရားလေးတွေကို အမှန်အတိုင်းသိတာပဲ။ ဖြစ်တဲ့အတိုင်း တကယ်သိ၊ သိတဲ့အတိုင်း တကယ်ရှိ၊ ဖြစ်တဲ့အတိုင်း သိရုံတွင်မကဘူး တော်တော်ကြာတော့ အစနဲ့ အဆုံးနဲ့ တစ်ပိုင်းစီ တစ်ပိုင်းစီကလေးတွေ ပိုင်းခြားသိလာတယ်။ မြင်တာလေးဟာ မြင်ပြီးပျောက်၊ ကြားတာလေးဟာ ကြားပြီးပျောက်၊ နံတာ, စားတာ, တွေ့ထိတာလေး တွေ့ထိပြီးပျောက်၊ စိတ်ကူးစဉ်းစား ကြံစည်တာလေးလဲ စိတ်ကူးစဉ်းစား ကြံစည်ပြီးပျောက်၊ ရှုတာလေးလဲ ရှုသိပြီးပျောက်၊ ချက်ချင်း ချက်ချင်း တစ်ခါတည်းပျောက်၊ ပေါ်ပြီးပျောက်နေတာလေးတွေကို ပိုင်းခြားပြီး သိရတယ်။ အဲဒါ ကျက်မှတ်ထားရတာမဟုတ်ဘူး။ ဖြစ်ခိုက် ဖြစ်ခိုက်တွေ လိုက်ရှုရင်တော့ ကိုယ်တိုင်တွေ့တာပဲ။ ဒီလိုတွေ့မှ သဘောဝကျတယ်။

အဲဒီလို "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း" စွဲလမ်းနိုင်တဲ့ တရားလေးတွေကို ခန္ဓာငါးပါးတရားလေးတွေ အမှန်အတိုင်းရှုပါ။ ပထမကတော့

http://www.dhammadownload.com

ဖြစ်ခိုက်ဖြစ်ခိုက်ကလေးတွေ လိုက်ရှု၊ ဖြစ်ခိုက် ဖြစ်ခိုက်တွေ ရှုပါများလာတဲ့အခါ အစနဲ့အဆုံးလေးတွေ တွေ့လာတော့ အဲဒါမမြဘူးလို့လဲ သိလာတယ်။ ဒါမှန်စွာ ရှုတာပဲ။ ဒုက္ခဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲချည်းထဲပဲ။ ဘာမှကောင်းတဲ့တရားတွေ မဟုတ်ဘူးလို့ ရှုရင်းရှုရင်းနဲ့သိလာတယ်။ ဒါ မှန်စွာရှုတာပဲ။ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲ၊ တို့အစက ထင်ထားတဲ့အတိုင်း အသက်ရှင်နေတဲ့ အကောင်လဲ မဟုတ်ဘူး၊ သဘောတရားလေးမျှပဲ၊ ရှုရင်း ရှုရင်း သဘောကျပြီး သိတာ၊ ဒါမှန်စွာ ရှုတာပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ အမှန်အတိုင်း သိအောင်လို့ ရှုရတယ်။

ပထမတော့ သူသဘောမှန်ကလေးတွေသိရုံမျှပဲ။ သဘောမှန်ကလေးတွေ ဥပမာ အတွေ့အထိဆိုလို့ရှိရင် တောင့်ရင် တောင့်တာလေး သဘောမှန်ပေါ့။ လှုပ်ရင် လှုပ်တာလေး သဘောမှန်ဒီလောက်ပဲ။ တေဇောဓာတ်ရှုတဲ့အခါလဲ ပူရင် ပူတာလေးဟာ သဘောမှန်ပဲ။ အေးရင် အေးတာလေးဟာ သဘောမှန်ပဲ။ နွေးရင်လဲ နွေးတာလေးဟာ သဘောမှန်ပဲ။ ပထဝီဓာတ်ရှုနေတဲ့ အခါကာလလဲပဲ ခက်မာတဲ့အတိုင်း ကြမ်းတာ ကြမ်းတဲ့အတိုင်း၊ နူးညံ့တာ နူးညံ့တဲ့အတိုင်း၊ ချောတာ ချောတဲ့အတိုင်း၊ လေးတာ လေးတဲ့အတိုင်း၊ အဲဒါလေးတွေကို သိသွားတာဟာ ဒါတွေ သဘောမှန်ပဲ။ နောက်ပိုင်းကျတော့ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သိလာတဲ့ သဘောမှန်ပဲ။ အဲဒါကြောင့် "စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း"၊ စွဲလမ်းနိုင်တဲ့ ခန္ဓာငါးပါးတရားတွေကို အမှန်အတိုင်းရှုရတယ်။ အမှန်အတိုင်းရှုလို့ ရှိရင် စွဲလမ်းတတ်တဲ့ ကိလေသာတွေမဖြစ်ဘူး။

ဖြစ်တိုင်း မှတ်ရှု

"ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှု ဝင်ရောက်သည်"၊ ဖြစ်ခိုက်မှာ မရှုလို့ရှိရင် အဲဒီရုပ်နာမ်အစုပေါ်မှာ စွဲလမ်းတယ်။ နိစ္စ-မြဲတယ်လို့လဲ ထင်လိမ့်မယ်။ သုခ ချမ်းသာတယ် ကောင်းတယ် လှပတယ်လို့လဲ ထင်လိမ့်မယ်။ တင့်တယ်တယ်လို့လဲ ထင်လိမ့်မယ်။ အတ္တ-ငါကောင်ပဲ အသက်ရှင်နေတဲ့ အကောင်ပဲလို့လဲ ထင်လိမ့်မယ်။ အဲဒါ ဖြစ်ခိုက်တရားတွေမရှုလို့ ပကတိပုဂ္ဂိုလ်တွေမှာ မြင်ခိုက်မှာမရှုဘူး။

http://www.dhammadownload.com

ကြားခိုက်မှာလဲမရှု၊ မြင်တာတွေ ကြားတာတွေ အကုန်လုံးမြဲနေတယ်လို့လဲ ထင်တယ်။ ငါပဲတင့်တယ်တယ် လှပတယ် ဒီလိုလဲထင်နေတာပဲ။ **"ဖြစ်ခိုက် မရှု ရှုပ်နာမ်စု၊ ခွဲမှုဝင်ရောက်သည်"၊ မြဲတယ် ကောင်းတယ်၊ ငါကောင်းတယ်၊ တကယ် ထင်တတ်သည်၊** မြဲတယ်လို့လဲ ထင်လိမ့်မယ်၊ ကောင်းတယ်လို့လဲ ထင်လိမ့်မယ်၊ ငါကောင်လို့လဲ ထင်လိမ့်မယ်။

ဝိပဿနာအခြေခံတရားမှာ ဘုန်းကြီးဆောင်ပုဒ်ကလေးတွေ ပေးထားပါတယ်။ **"ဖြစ်တိုင်း မှတ်ရှု၊ ရုပ်နာမ်စု၊ ခွဲမှု ကင်းပျောက်သည်"၊** ဖြစ်တိုင်း ဖြစ်တိုင်းကို မှတ်ပါတဲ့။ မြင်တိုင်း ကြားတိုင်း ဖြစ်တိုင်းဖြစ်တိုင်းတွေကို မှတ်ရုံကလေးသာမှတ် နေပါ။ ခွဲလမ်းမှုတွေ ပျောက်သွားပါလိမ့်မယ်။ ဖြစ်တိုင်း ဖြစ်တိုင်းရှုရင်တော့ ဖြစ်ပြီး ပျောက်သွားတာတွေ့တာပေါ့။ တွေ့တော့ အနိစ္စ-မမြဲဘူးဆိုတာ သူ့ဟာသူ သိလာတယ်။ ဒုက္ခ-ဆင်းရဲချည်းထဲပဲ။ ဘာမှကောင်းတဲ့ တရားတွေ မဟုတ်ဘူးဆိုတာ သူ့ဟာသူ သိတယ်။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ သဘောတရားမျှပဲဆိုတာ သူ့ဟာသူ သိတယ်။ အဲဒီတော့ **"ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ ခွဲမှုကင်းပျောက်သည်၊ မမြဲဆင်းရဲ သဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်။"** မမြဲတဲ့တရားပဲ၊ ဆင်းရဲချည်းထဲပဲ၊ သဘောတရားမျှချည်းထဲပဲ၊ အနတ္တချည်းထဲပဲ၊ အသိဉာဏ်ထဲမှာ ရှင်းသွားပါလိမ့်မယ် ဆိုတာပါပဲ၊ ခွဲလမ်းမှုတွေကင်းရင် နိဗ္ဗာန်ရောက်ရင် ဟိုဘက်ကမ်းရောက်တော့တာပဲ။ ခွဲလမ်းမှုတွေ မကင်းသေးရင် ဒီဘက်ကမ်းတွင်နေမှာပဲ။

ဘိက္ခဝေ၊ ရဟန်းတို့။ **သာသင်္၊** ရွံရှာဖွယ်ရှိသော။ **သမ္ပဋိဆယ်၊** ကြောက်ဖွယ်ဘေးနှင့် တကွဖြစ်သော။ **ဆြရိမ်တိရွစ္ဆိဓေါ်၊** ဤမှာဘက်ကမ်းဟူသော ဤအမည် သည်။ **သတ္ထာယသဒ်၊** သတ္ထာယတရား၏။ **ဝါ-သတ္ထာယသဒ်၊** ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ **အဓိဝစနံ၊** အမည်ပေတည်း။

ဘေးရန်အန္တရာယ်တွေရှိနေတယ်။ စိုးရိမ်စရာတွေရှိနေတယ်။ စိတ်မချရဘူးဆိုတဲ့ ဒီဘက်ကမ်းဟာ တခြားမဟုတ်ဘူး။ သတ္ထာယခေါ်တဲ့ တရားတွေ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတရားတွေပဲ။ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ထင်ရှားတွေ့နေရတဲ့တရားတွေ၊ ဒါတွေဟာလဲ တခြားမှာရှိတာမဟုတ်ဘူး။ ကိုယ်ထဲအမြဲတွေ့နေတဲ့တရားတွေ၊ အဲဒါတွေဟာ ဒီဘက်ကမ်းပဲ။ ဒါတရားအားထုတ်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com

မှာ အဆုံးတိုင်ရောက်သွားတဲ့အခါ အင်မတန်ရှင်းပါတယ်။ ဒီဘက်ကမ်းရှုပ်နာမ်တွေရှုနေရာက ဟိုဘက်ကမ်းနိဗ္ဗာန်ကို ကူးသွားတာကိုး။ နိဗ္ဗာန်ကူးပုံတွေ အင်မတန်ကို ရှင်းနေပါတယ်။ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း အရှင်းချည်းပဲ။

ရုပ်နာမ်ရှုရင်းနဲ့ နိဗ္ဗာန်ရောက်

ဒီဘက်က ဝိပဿနာရှုနေတာဟာ အစကတည်းက ဒီဘက်မှာချည်းထဲပဲ၊ ဟိုဘက်ကမ်း မရောက်သေးဘူး။ တချို့ဟာ ဟိုဘက်ကမ်းရောက်ချင်လို့ စိတ်ကူးပြီး ရောက်နေတာ၊ အဲဒါသဘာဝမကျဘူး။ စိတ်ကူးရောက်တာက တကယ်ရောက်တာမှ မဟုတ်ပဲ။ ကူးတာလေး ရှုရင်းရှုရင်းနဲ့ သူ့အလိုလိုရောက်သွားမယ်။ စိတ်မကူးဘဲနဲ့ ရောက်သွားမယ်။ ဒါမှသဘာဝကျတယ်။ ဒါကြောင့် ဘုန်းကြီးများဆီမှာ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ ဟိုဘက်ရောက်ပုံကို စောစောက ပြောမထားဘူး။ စောစောကပြောထားရင် အလိုလိုရောက်ကုန်မှာ၊ စိတ်ကူးစိတ်ကူးပြီးတော့ ရောက်ကုန်မှာ၊ စိတ်ကူးပြီးတော့ရောက်တော့ တော်တော်ကြာ မဟုတ်ဘဲနဲ့ ခက်တာပဲ။ သဘာဝမကျဘူး၊ အဲဒီတော့ စောစောကရောက်ပုံတွေ ဘာမှပြောမထားဘူး၊ ရှုမှတ်ရုံသာရှုနေ၊ နောက်တော့ သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ ဝိပဿနာဉာဏ်တွေ ပြည့်စုံလာတဲ့အခါကျတော့ ရုပ်ခန္ဓာတွေရှုရင်းရှုရင်းနဲ့ ဟိုဘက်ကမ်း သူဟာသူရောက်သွားတာ။ သူဟာသူလွှင့်ကျသွားတာ အင်မတန်ဟန်ကျတာ။ အဲဒီလို သူဟာသူရောက်သွားမှ သဘာဝကျတယ်၊ မှန်တယ်။

သက္ကာယနှင့် သက္ကာယဒိဋ္ဌိ

ဒါကြောင့် ဒီဘက်ကမ်းဆိုတာ သက္ကာယမည်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးတရားပဲ။ "ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်၊ ငါ ငါ့ဥစ္စာဟုစွဲနိုင်တဲ့တရားတွေ၊" ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာဏ် ဤငါးတန်၊ "ခန္ဓာငါးပါးတရားတွေပဲ၊ ခန္ဓာငါးပါးတရားတွေကို သက္ကာယလို့ခေါ်သည်။ အတိုချုပ်အားဖြင့်ဆိုလျှင် မြင်ဆဲခဏမှာ မျက်စိရှုပ်၊ အဆင်းရှုပ်၊ မြင်သိတဲ့နာမ်၊ ဒါဥပါဒါနက္ခန္ဓာပဲ၊ သက္ကာယပဲ၊ ဒီဘက်ကမ်းပဲ၊ မြင်ဆဲခဏ၌ မျက်စိရှုပ်၊ အဆင်းရှုပ်၊ မြင်သိမှု ဒီဘက်ကမ်းပဲ။ သက္ကာယမည်တဲ့ ဒီဘက်

http://www.dhammadownload.com

ကမ်း၊ ကြားဆဲခဏမှာ နားရှုပ်၊ အသံရှုပ်၊ ကြားသိမှု သက္ကာယမည်တဲ့ ဒီဘက်ကမ်းပဲ။ အဲဒါတွေအကုန်လုံး ဒီလိုချည်းထဲပဲ။ နံဆဲခဏ နှာခေါင်းရှုပ်၊ အနံ့ ရှုပ်, နံသိမှု သက္ကာယမည်တဲ့ ဒီဘက်ကမ်းပဲ။ စားသိဆဲခဏမှာ လျှာရှုပ်, အရသာရှုပ်, အရသာသိမှု ဒီဘက်ကမ်း သက္ကာယပဲ။ တွေ့ထိဆဲခဏမှာ ကိုယ်ရှုပ်၊ အတွေ့ထိရှုပ် အတွေ့. အထိ ထိသိတဲ့သဘော သိတဲ့နာမ်၊ အဲဒါ ဒီဘက်ကမ်းသက္ကာယပဲ။ စိတ်ကူးစဉ်းစားကြံစည်ဆဲခဏမှာ စိတ်နှလုံးသဘော အာရုံကြံသိမှု၊ ဒါ ဒီဘက်ကမ်းပဲ၊ သက္ကာယပဲ၊ ငါ ငါ့ဥစ္စာစွဲနိုင်တဲ့တရားပဲ။

ဒါတွေကို ငါ ငါ့ဥစ္စာလို့ မစွဲရအောင်လို့ပဲ။ ဝိပဿနာ ရှုနေရတာ။ ဒီသက္ကာယတွေကို အမှန်အတိုင်းသိပြီးတော့ နိစ္စ, သုခ, အတ္တ အစွဲအလမ်းတွေ မဝင်နိုင်အောင်လို့ အကုန်လုံးရှုနေရတယ်။ ဝိပဿနာဉာဏ် ရင့်လေလေ အစွဲလမ်းတွေ ကင်းလေလေပဲ။ နောက်ဆုံးကျတော့ အစွဲအလမ်းတွေ လုံးဝကင်းပြီး ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းသူဟာသူ ရောက်သွားမှာပဲ။ ဘာမှ အထူးကြောင့်ကြနေစရာမရှိဘူး။ အလိုလိုရောက်သွားမယ်။

အဲဒါကြောင့် **"ထင်ရှားရှိနေ၊ ရှုပ်နာမ်တွေ၊ မှတ်လေသက္ကာယ"၊** ထင်ရှားရှိတဲ့ရုပ်နာမ်တွေဟူသမျှဟာ သက္ကာယတွေ၊ မြင်ဆဲခဏ ကြားဆဲခဏ အခုနက အကုန်လုံးပြောပြီးပြီ။ ဒီခြောက်ဌာနကလွတ်ပြီးတော့ ဒီပြင်လဲ မရှိဘူး။ မြင်ဆဲ, ကြားဆဲ, ဒွါရခြောက်ပါးက ထင်ရှားတဲ့တရားတွေ၊ အဲဒါ သက္ကာယတရားတွေပဲ။

အဲဒီသက္ကာယတရားတွေကို ငါကောင်ပဲ။ အသက်ရှင်နေတဲ့ ငါပဲထင်လို့ရှိရင် ဒါ ဒိဋ္ဌခေါ်တယ်။ သက္ကာယကတခြား၊ ဒိဋ္ဌကတခြား၊ မြန်မာပြည်မှာတော့ သက္ကာယကို ဒိဋ္ဌမှတ်နေတယ်။ သက္ကာယက တခြား၊ ဒိဋ္ဌကတခြားပဲ၊ သက္ကာယဆိုတာက ရုပ်နာမ်အပေါင်း ဥပါဒါနက္ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရား၊ ဒိဋ္ဌဆိုတာကတော့ သူက ကိလေသာပဲ။ အဲဒီရုပ်နာမ်သက္ကာယတွေကို ငါပဲလို့ အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်မှတ်စွဲလမ်းနေတာ သက္ကာယဒိဋ္ဌ။

သက္ကာယဒိဋ္ဌဆိုတာ "ရှုပ် အတ္တတော သမနုပဿတိ" ရှုပ်၊ ရုပ်ကို။ **အတ္တတော၊** အတ္တဟု။ အသက်ရှင်သော အကောင်ဟု ငါဟု။ **သမနုပဿတိ၊**

http://www.dhammadownload.com

ရှုမြင်၏။ ရှုမြင်ဆိုတာ ထင်တာပါပဲ။ အသိအမှတ်ပြုတာပါပဲ။ သူက ဝိပဿနာရှုသလို တမင် တကာရှုနေတာ မဟုတ်ပါဘူး။ အနိစ္စန္တိ သမနုပဿတိ-ဆိုတာမှာလဲ အနိစ္စရှုတာ၊ ပါဠိဟာအတူတူပဲ။ အတ္ထတော၊ အတ္ထဟု။ သမနုပဿတိ၊ ရှု၏။ အတ္ထကောင်ပဲ လို့ ရှုတယ်။ ဒီမှာလဲ ရှုတယ်လို့ပဲ ဟောတာပဲ။ ဒါပေမယ်လို့ သူကတော့ ဝိပဿနာ ရှုသလို တမင်တကာတော့ မဟုတ်ဘူး။ ရုပ်ဟာ အတ္ထပဲစသည်ဖြင့် တမင်တကာ နှလုံးသွင်းနေရတာတော့ မဟုတ်ဘူး။ သူဟာသူ ရုပ်တရားတွေကို အာရုံပြုနေတိုင်း ပြုနေတိုင်း အဲဒီအစွဲအလမ်း သူဟာသူပင်ရောက်နေတယ်။ မြင်တိုင်း မြင်တိုင်း မျက်စိနဲ့အဆင်းဟာ ငါပဲ။ မြင်သိတာပါပဲ။ ဒီလိုစွဲလမ်းနေတာကိုး။ "ရုပ်အတ္ထတော သမနုပဿတိ၊ ဝိညာဏ် အတ္ထတော သမနု ပဿတိ" ရုပ်၊ ရုပ်ကို။ အတ္ထတော၊ အတ္ထဟု။ သမနုပဿတိ၊ ရှု၏။ ဝိညာဏ်၊ ဝိညာဏ်ကို။ ဝါ-စိတ်ကို။ အတ္ထတော၊ အတ္ထဟု။ သမနုပဿတိ၊ ရှု၏။ နောက် သခါရေ၊ ဝေဒနာသညာ သခါရတို့ကိုလည်း။ အတ္ထတော၊ အတ္ထဟု။ သမနုပဿတိ၊ ရှု၏။ ခန္ဓာငါးပါးကို အတ္ထဟုရှုပုံကိုတွေ့ပါတယ်။ နှစ်ဆယ်တောင်ရှိပါတယ်။ ဟောထားတာ။

ဒီတစ်ခုလောက်ဆိုရင် တော်ပါပြီ။ နည်းနည်းရှုပ်နေလို့ "ရုပ် ဝန္ဆံ ဝါအတ္ထာနံဝါ, အတ္ထနိဝါရုပ်, ရုပသို့ ဝါ အတ္ထာနံ" ဒါတွေကပြောရနည်းနည်းရှုပ်တယ်။ ဒီလောက်ဆိုရင် လုံလောက်နေပါပြီ။ ရုပ်ကို အတ္ထဟုရှု၏။ ရုပ်ကိုအတ္ထထင်တယ်။ အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်တယ်။ တချို့က ရုပ်ကိုပဲထင်နေတာပဲ။ ရုပ်ဟာ အသက်ရှင်နေတဲ့အကောင်ပဲ ထင်နေတယ်။ တချို့က ဝေဒနာခံစားမှုကို အကောင်ဆုံးခံစားနေတာ ငါပဲ။ အသက်ရှင်နေတဲ့ အကောင်ပဲလို့ ထင်နေတယ်။ တချို့ကလဲ မှတ်မှုကို ငါမှတ်မိတယ်။ မှတ်မိနေတာ ငါပဲ၊ မှတ်သားတာဟာ ငါပဲ။ သညာကို အတ္ထလို့ထင်နေတယ်။ တချို့က ဝိညာဏ်ကို သိတာလေးတွေ မြင် သိလိုက်, ကြားသိလိုက်, စိတ်ကူးစဉ်းစားကြံစည်လိုက်, သိတာလေးတွေဟာ ငါသိ နေတာပဲ။ အဲဒီလို ထင်နေတယ်။ သခါရ အတ္ထထင်တာကတော့ သခါရက ကွေးအောင်, ဆန့်အောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင်, ပြု လုပ်နေတာငါပဲ။ သခါရတွေကို၊ သခါရဆိုတာရှိတယ်။ သူကပဲလုပ်နေတာ၊ အမှု ကိရိယာတွေဟူသမျှ သူကပဲလုပ်နေတယ်။

http://www.dhammadownload.com

ရုပ်ဆိုတာကလဲ သူကတော့ ဘာမှလုပ်တာမဟုတ်ဘူး၊ သူမျှားကခိုင်း စေရာဖြစ်နေရသလိုပဲ၊ အသေသဘောမျိုးပဲ။ နာမ်ကတိုက်တွန်းပေးမှ ရုပ်က လှုပ်ရှားမှုတွေ ဖြစ်နိုင်တယ်။ သူက ဘာမှကြောင့်ကြစိုက်ရတဲ့သဘောမရှိဘူး။

ဝေဒနာဆိုတာကလဲ ခံစားရုံမျှပဲ။ အကောင်းအဆိုးခံစားရုံမျှပဲ ကောင်းတဲ့သဘော၊ ဆိုးတဲ့သဘောလေးမျှပဲ။ ကောင်းကောင်းလိုက် ဆိုးဆိုးလိုက်ဖြစ်သွားကာမျှပဲ၊ ဘာမှကြောင့်ကြစိုက်ရတဲ့ သဘောမရှိဘူး။

သညာဆိုတာကလဲ ပေါ်လာသမျှ မှတ်ရုံမျှလေးပဲ။ ရုံးမျှားမှတ်တမ်းရေးတဲ့ စာရေးမျှားလိုပဲ။ သူက ဘာမျှကြိုတင်ပြီး လုပ်ရတာမဟုတ်ဘူး။ သူမျှားရေးပြီးသား ကူးပြီးသား မှတ်တမ်းတင်ရုံပဲ။ ကြဲဖန်ပြီးတော့ ဘာမှလုပ်စရာမလိုဘူး။ သူရှိတဲ့ အတိုင်း လုပ်ရတယ်။ လူမျှားစာရင်းပေး ပေးတဲ့အတိုင်း မှတ်ရုံပဲ။ အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ်က တမင်တကာကူးပြီး တစ်မျိုးတစ်မည်ရေးလို့ရှိရင် လွဲကုန်မှာ။ ငွေတစ်ရာ ရေးလာတဲ့ဥစ္စာ ဒီကနေပြီးတော့ ကိုးဆယ်ရေးရင် လွဲကုန်တာပေါ့။ တစ်ရာ့တစ်ဆယ်ရေးရင်လဲလွဲမှာ သူဟာရှိတဲ့အတိုင်း ရေးရမှာပဲ။ သူက မှတ်တမ်းတင်ရုံပဲ။ အခု ရကော်ဒါတွေ မှတ်တမ်းတင်တာနဲ့ တူတယ်။ ရကော်ဒါတွေဟာ ဒီက အသံဟာပြောနေရင် ပြောတဲ့အတိုင်းပဲ၊ မှားတဲ့အတိုင်းပဲ ပါသွားတော့တာပဲ။ မတတ်နိုင်ဘူး၊ ဒီဥစ္စာက မှားတာ၊ ငါပြင်ပြီး အသံဖမ်းလိုက်ဦးမှပဲလို့ ကြောင့်ကြစိုက်မှုမရှိဘူး။ ဒီကဘုန်းကြီးက မှားတာပြောလဲ မှားတာပါသွားမှာပါပဲ။ မှန်တာပြောလဲ မှန်တာပါသွားမှာပါပဲ။ ဒီကမပြောဘဲနဲ့ နားနေရင်လဲ နားနေတာသူပါတယ်။ ဒီနားမှာ တော်တော်ကြာတယ်။ နားနေတာ၊ ထင်ရှားတာပဲ၊ သူရှိတဲ့အတိုင်းပဲ မှတ်သွားတယ်။ အဲဒီလိုပဲ သညာလဲ ဒီအတိုင်းပဲ။ မြင်ရတဲ့အာရုံ၊ ကြားရတဲ့အာရုံ၊ နံရ, စားရ, တွေ့ထိရတဲ့အာရုံ စိတ်ကူးစဉ်းစား ကြဲစည်မိတဲ့ အာရုံပေါ်လာတဲ့အာရုံတွေ ပေါ်တဲ့အတိုင်းပဲ သူမှတ်သွားတာပဲ၊ မှတ်တမ်းတင် သွားတယ်၊ သညာကလေးက။

ဝိညာဏ်ဆိုတဲ့ စိတ်ကလေးကလဲပဲ သိရုံမျှလေးပဲ။ ဘာမှ ကြောင့်ကြဗျာပါဒ စိုက်တဲ့ သဘောမရှိဘူး၊ အမှုကိရိယာတွေပြီးအောင် လုပ်နေတာကသခ်ါရက

http://www.dhammadownload.com

လုပ်နေတာ၊ ဒါကြောင့် သခ်ါရကပြုပြင်တတ်တယ်၊ သူက ကွေးအောင်, ဆန့်အောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင်, အမျိုးမျိုးသော ကိုယ်အမူအရာတွေဖြစ်လာအောင်၊ အမျိုးမျိုးသော ကိုယ်အမူအရာတွေ ဖြစ်လာအောင် ဟာ သခ်ါရက လုပ်နေတယ်၊ ဝိပဿနာယောဂီတွေမှာ ကွေးတယ်, ဆန့်တယ်, ထိုင်တယ်, ထတယ်, စသည်ဖြင့် ရှုမှတ်နေရတာ အဲဒီသခ်ါရတွေမှတ်နေရတာ၊ အဲဒီသခ်ါရတွေမှတ်နေတာ၊ သခ်ါရက္ခန္ဓာတရားတွေ သူတို့လုပ်နေတာ၊ ပြီးတော့ စကားပြောမယ်လုပ်ပြန်ပြီ။ နှုတ်ကပြောမယ် ဟိုစကားလုံးပြောမယ်။ ဒီစကားလုံးပြောမယ်။ ပြောချင်လို့ စိတ်ကူးတယ်။ အဲဒါ စကားပြောတဲ့ ပြောမှုဆိုမှုတွေပြီးအောင်လဲပဲ ဒီသခ်ါရကလုပ်တာပဲ။ သူကတိုက်တွန်းပြီးတော့ လုပ်နေတာ။ စိတ်ကူးစဉ်းစားကြံစည်မှုတွေလဲပဲ သူပဲကြံနေတာပဲ။ အကြံအစည်တွေဖြစ်အောင် သူပဲ အားထုတ်နေတာပဲ။ မြင်မှု, ကြားမှုတွေပြီးအောင်လဲ အားထုတ်မှုပါသေးတာပဲ။ မြင်မှု, ကြားမှုတွေပြီးအောင်လဲ အားထုတ်မှုပါသေးတာပဲ။ စူးစိုက်မှု၊ ကြောင့်ကြစိုက်မှုတွေပါနေတာပဲ။ အမှုကိရိယာတွေ ကိုယ်အမူအရာ၊ အမှုကိရိယာတွေ၊ နှုတ်အမူအရာ အမှုကိရိယာတွေ၊ စိတ်ကူးကြံစည်မှုကိရိယာတွေ အဲဒီလို အမူအရာတွေဟူသမျှ ဘယ်သူကလုပ်နေသလဲ။ သခ်ါရက္ခန္ဓာက လုပ်နေတာ၊ အဲဒါ အဲဒီသခ်ါရက္ခန္ဓာကို ငါလို့မှတ်ထင်တယ်၊ ငါထင်တတ်တယ်၊ ထင်လဲထင်စရာ ကောင်းတယ်၊ သူက အလုပ်လုပ်နေတာကိုး။

အတ္တစွဲအမျိုးမျိုး

ကျမ်းဂန်နဲ့အတ္တစွဲပုဂ္ဂိုလ်ကတော့ ဘယ်လိုစွဲထားတုန်းဆိုတော့ ကာရကတဲ့။ ကာရက အမှုကိရိယာပြုလုပ်တဲ့ ဥစ္စာဖြစ်ရင်ဖြင့် အတ္တကောင်ပဲ။ အတ္တအကောင်က လုပ်တာ၊ အသက်ရှင်နေတဲ့ အကောင်မရှိဘဲ ဘယ်လုပ်တတ်မလဲ။ ကျောက်ခဲတို့, တုံးတို့, တိုင်တို့, ဘာမှမလုပ်တတ်ဘူးတဲ့။ ကွေးအောင်, ထိုင်အောင်, ထအောင်, သွားအောင်, လာအောင် လုပ်တတ်တယ် အဲဒီလို လုပ်တာအသက်ရှင်နေတဲ့ အကောင်က လုပ်တာ၊ ကောင်းအောင်လဲ လုပ်တယ်။ မကောင်းအောင်လဲ လုပ်တယ်။ ပြောပြန်ဆိုပြန်လဲ ရှင်တဲ့အခါပြောတာပဲ၊ သေတဲ့အခါကာလ မပြောဘူး။

http://www.dhammadownload.com

စိတ်ကူးစဉ်းစား ကြံစည်နေတာလဲ အတ္တ အသက်ရှင်နေတဲ့ အကောင်က ပြောနေတယ်။ အဲဒီတော့ အမျိုးမျိုးသောအမူအရာတွေ လုပ်နေတာဟာ သခ်ါရက္ခန္ဓာ၊ စာသဘောနဲ့ဆိုရင်တော့ သခ်ါရက္ခန္ဓာလို့ပြောရတာပေါ့လေ။ ဒါပေမယ်လို့ စွဲလမ်းတဲ့ပုဂ္ဂိုလ်တွေမှာ အတ္တစွဲတဲ့ပုဂ္ဂိုလ်တွေကတော့ ငါပဲလို့ စွဲလမ်းနေတယ် အဲဒီ သခ်ါရက္ခန္ဓာတွေကို။ အဲဒါကြောင့် ခန္ဓာငါးပါးတွေကို ငါဟူ၍စွဲလမ်းတာဟာ ဒိဋ္ဌိတဲ့။ တကယ်ထင်လို့ရှိရင် ဒါတွေဒိဋ္ဌိပဲ။ ပကတိပုဂ္ဂိုလ်တွေကတော့ ဒီလိုထင်နေတာပဲ။ စာပေတွေအရရယ်လို့ မဟုတ်ဘူး။

အတ္တစွဲထားလဲ ကျမ်းဂန်တွေက **သာမီအတ္တ, နိဝါသီအတ္တ, ကာရက အတ္တ, ဝေဒကအတ္တ,** အတ္တတွေကျမ်းဂန်တွေနဲ့ ကျကျနနရှိတယ်။ အိန္ဒိယ ဟိန္ဒူကျမ်း တွေမှာ ရှိတယ်။ **သာမီ**တဲ့၊ ခန္ဓာအိမ်ကြီးကို အစိုးရတယ်။ သူအလိုရှိသလိုလုပ်လို့ ရတယ်။ **နိဝါသီ**၊ ခန္ဓာအိမ်ထဲမှာ အမြဲရှိနေတဲ့အတ္တလေး၊ တချို့လဲ ခန္ဓာအိမ် တစ်ခုလုံး ပြည့်နေတယ်လို့ ပြောတယ်။ အတ္တက ခန္ဓာအိမ်ကြီးသလောက် အတ္တကလဲ ကျယ်ပြန့်ပြီးတော့ ခန္ဓာအိမ်ငယ်လို့ရှိရင်လဲ ငယ်သလောက် သူကသေးပြီး တော့ ရော်ဘာများလိုပဲ။ ရော်ဘာဟာ ဆွဲလိုက်ရင် ရှည်လာတယ်၊ ပြန်လွှတ်လိုက်လို့ ရှိရင် ငယ်ငယ်ကလေး ပြန်ဖြစ်သွားတာပဲ။ အတ္တကလဲ အကြီးအငယ်ရှိတယ်။ ဆင်ကြီးတွေရဲ့ ကိုယ်ထဲမှာဝင်တဲ့ အတ္တကျတော့ ကြီးတယ်။ ဆင်ကောင်ကြီးဟာ အကြီးကြီးဖြစ်နေလို့။ ပိုးမွှားကလေးအသေးတွေကျတော့ အတ္တက သေးတယ်။ ကြီးချင်တဲ့အခါကြီး ငယ်ချင်တဲ့အခါငယ် အတ္တဟာဒီလိုပဲ။ တစ်ကိုယ်လုံးပြန့်နေတယ်လို့ ဒီလိုလဲယူကြတယ်။ ဒါကြောင့် ကိုယ်တစ်ကိုယ်လုံးပြည့်ပြီးတော့ တည်နေတယ်တဲ့။ တချို့က ကိုယ်တစ်ကိုယ်လုံးတည်နေတယ်မဟုတ်ဘူး။ နှလုံးအိမ်ထဲမှာ တည်နေတယ်ဆိုပြီး တချို့က ဒီလိုယူကြတယ်။ ကိုယ်ထဲမှာ ဒီအတ္တက အမြဲတမ်း တည်နေတယ်လို့ယူဆတယ်။ ဒီခန္ဓာကိုယ်ကြီးက တစ်ခုပျက်သွားပြန်တော့လဲ ခန္ဓာကိုယ်တစ်ခုကို ပြောင်းသွားတယ်လို့ ဒီလိုဆိုတာကိုး။ ကျမ်းတစ်ခုက ဆို ထားတယ်။ ဒီကိုယ်ထဲမှာ ကိုယ်အကြမ်းနဲ့ကိုယ်အနု နှစ်ခုရှိတယ်လို့ ဒီလိုယူဆတယ်။ သေတဲ့အခါကာလကျတော့ ကိုယ်အကြမ်းကြီးကတစ်ခါတည်း ပုပ်ပွပြီးတော့ပျက်စီး

http://www.dhammadownload.com

သွားတယ်။ သေသွားတယ်ပေါ့လေ။ ကိုယ်အနုကလေးက ဒီအတိုင်းထွက်သွားတယ် လို့ပြောတယ်။ ဘဝသစ်သွားဖြစ်တယ်။ ဒီလိုယူဆတာကိုး၊ အတ္တစွဲက ဒီလို ယူတယ်။ အတ္တစွဲက သာမိအတ္တ၊ တစ်ကိုယ်လုံးကို အစိုးရတဲ့ အသက်ရှင်နေတဲ့အတ္တ အကောင်ရှိတယ်လို့ ယူဆတာက သာမိအတ္တ၊ ခန္ဓာကိုယ်ထဲ၌ အမြဲတည်ရှိနေတယ် လို့၊ အသက်ရှင်နေတဲ့အကောင်ဟာ အမြဲတည်ရှိနေတယ်လို့ ဆိုတာက **နိဝါသီ အတ္တ၊ ကာရကအတ္တ**၊ အမျိုးမျိုးသော အမူအရာကိရိယာတွေ ပြုလုပ်တတ်တဲ့ အကောင်ဟာ ရှိတယ်တဲ့။ အသက်ရှင်နေတဲ့အကောင် ငါကောင်ကပဲ ကိရိယာတွေ ပြုလုပ်နေတယ်လို့ ယူဆတာက **ဒါကာရကအတ္တ**၊ အကောင်းအဆိုးအမျိုးမျိုးကို ခံစားနေတယ်။ ငါကပဲ ခံစားနေတယ်လို့ထင်တာက **ဝေဒကအတ္တ**၊ ဝေဒက-ပါဠိလိုက ခံစားတတ်တယ်လို့ ဆိုလိုတယ်။ သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက, အဓိဋ္ဌာယကနဲ့ ခုနက ကာရကနဲ့သိပ်မကွာလှဘူး။ စီမံခန့်ခွဲတတ်တယ်။ အမျိုးမျိုး သော ကိစ္စတွေပြီးမြောက်အောင်လို့ စီမံခန့်ခွဲတတ်တာ၊ ဒီကိုယ်ထဲမှာရှိတယ်။ အဲဒီလို စီမံခန့်ခွဲတတ်တဲ့ အကောင်ကလေးဟာ ကိုယ်ထဲရှိနေတယ်တဲ့ သူအတ္တပဲ။ ဒီလိုစွဲလမ်းကြတာကိုး။ အဲဒါကျမ်းဂန်တွေနဲ့ ကျကျနနစွဲလမ်းတဲ့ပုဂ္ဂိုလ်တွေ။

အဲဒီလို မဟုတ်သော်လဲပဲ သာမန်ပုဂ္ဂိုလ်တွေအနေအားဖြင့်တော့ ဒီ အတိုင်း စွဲလမ်းတာပဲ။ မြင်တိုင်း မြင်တိုင်းဟာကတော့ ငါပဲ၊ ကြားရင်လဲ ငါပဲ၊ နံရင်လဲငါပဲ၊ ငါချည်းထဲပဲ၊ အကုန်လုံးစွဲလမ်းတယ်။ ရုပ်ကိုယ်ကို အကြောင်းပြုပြီးတော့ ရုပ်ကိုယ် ကြီးတစ်ခုလုံးကိုလဲ ငါပဲလို့စွဲလမ်းတယ်။ "ရူပံ အတ္တတော သမနုပဿတိ" တဲ့။ အကောင်းအဆိုး ခံစားမှုတွေအကြောင်းပြုပြီးတော့လဲ ငါပဲ၊ ငါခံစားတယ်၊ ငါကောင်းတယ်၊ ငါဆိုးတယ်၊ ငါအနေခက်နေတယ်ဆိုတာ၊ ငါဝမ်းသာနေတယ်၊ ငါစိတ်ညစ်နေတယ် စသည်ဖြင့် တကယ်အကောင်ကလေးဟုတ်နေတဲ့ အနေ အားဖြင့် စွဲလမ်းတယ်။ ဒါအတ္တစွဲခေါ်တယ်။ သက္ကာယဒိဋ္ဌခေါ်တယ်။ ဒီတော့ သညာမှတ်သားတာကလဲပဲ မှတ်မိတာတွေဟာ ငါပဲထင်နေလို့ရှိရင် ဒါသညာကို စွဲလမ်းတာပဲ၊ သခ်ါရပြုမူတွေ အားထုတ်မှုတွေ ဒါလဲ ငါပြုလုပ်တယ်၊ ငါအားထုတ် နေတာပဲ၊ ဒါက သခ်ါရစွဲလမ်းတာ။ သိတာလေးစွဲလမ်းလို့ရှိရင် ငါသိတယ်၊

http://www.dhammadownload.com

ငါမြင်တယ်၊ ငါကြားတယ် စသည်ဖြင့် စွဲလမ်းရင် ဒါဝိညာဏ် စွဲလမ်းတယ်။ ခန္ဓာငါးပါး အကုန်လုံးစွဲပါတယ်။ ပကတိပုဂ္ဂိုလ်တွေ ဒီအတိုင်းစွဲနေတာပဲ။ ဒီအတိုင်း အစွဲအလမ်းတွေရှိနေတာပဲ။

မြတ်စွာဘုရားဟောတဲ့ တရားတော်တွေကြားနာရလို့ ဒီကိုယ်ထဲမှာ ရုပ်တရား နာမ်တရားမျှရှိတယ်လို့ ဒီလိုသိထားတဲ့ပုဂ္ဂိုလ်တွေ နည်းနည်းသက်သာတယ်။ သိပ်ပြီးတော့ အစွဲအလမ်းမကြီးဘူးပေါ့လေ။ ဒါပဲရှိတယ်။ လုံးလုံးကင်းသလား၊ လုံးလုံးတော့မကင်းဘူး။ လုံးလုံးကင်းတာကတော့ အရိယာမဂ်ဖိုလ်ရောက်မှပဲ ကင်းတယ်။ ဝိပဿနာတရား အားထုတ်လို့ ရုပ်နာမ်အဖြစ်အပျက်ကလေးတွေကို အမှန်အတိုင်း သိနေပြီဆိုတဲ့အခါကျရင်ဖြင့် အစွဲအလမ်းမရှိပါဘူး။ မူလတုန်းက တို့ထင်နေတာ မြင်တာလဲ ငါပဲ၊ ကြားတာလဲ ငါပဲ၊ ဒီလို အောက်မေ့နေတာ။ အပြီးသတ်တော့ မြင်တာလေးဟာလဲ မြင်ပြီးပျောက်သွားတာပဲ၊ မမြဲတဲ့သဘောတရား။ ကြားကြားပြီး ပျောက်သွားတာပဲ၊ ထိသိတာလဲ ထိသိပြီးပျောက်သွားတာပဲ၊ စိတ်ကူးစဉ်းစားကြံစည်တာလေးလဲ စိတ်ကူးစဉ်းစားကြံစည်ပြီး ပျောက်သွားတာပဲ၊ ရှူတဲ့စိတ်ကလေးလဲ ရှူပြီးပျောက်သွားတာပဲ၊ ဘာမှမြဲတည်နေတာမရှိဘူး။ သူ့ အခိုက်အတန့်ဖြစ်ပြီး ပျက်သွားတဲ့သဘောတရားမျှပဲ။ ရှူရင်းရှူရင်း ရှင်းပြီးတော့ သိတယ်။ အဲဒီအခါကျရင် ဒီအတ္တစွဲဟာ ဒီမှာအစွဲဘူး။ အတ္တစွဲကင်းသွားတယ်။ အဲဒါ အခိုက်အတန့်လေး ကင်းသွားတယ်။ ဝိပဿနာရှုတိုင်းရှုတိုင်း ဒီအမှန်အတိုင်း သိနေလို့ရှိရင် ဒီအတ္တစွဲဟာ သက္ကာယဒိဋ္ဌိစွဲကင်းတယ်။ အရိယမဂ်ဉာဏ်ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီအစွဲလုံးလုံးမရှိတော့ဘူး။ ပြန်စဉ်းစားတိုင်း စဉ်းစားတိုင်းဟာ ဒီရုပ်နာမ်တရားတွေ ဒီရုပ်နာမ်တရားတွေပဲ။ အမှန်အတိုင်းပြန်ပြီးတော့ သိတယ်။ အဲဒီအတ္တဟာ ပျောက်ပါတယ်။ အဲဒီမရောက်သေးဘူးဆိုလို့ရှိရင်တော့ ခုနကပြောတာ အနည်းနဲ့အများတော့ရှိတယ်။ အဲဒီအစွဲကို သက္ကာယဒိဋ္ဌိလို့ ခေါ်ပါတယ်။ သက္ကာယဆိုတာက ထင်ရှားရှိတဲ့နာမ်အပေါင်း၊ "ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ၊" ခုနကဆိုပြီးပြီ။ သက္ကာယဆိုလျှင် ရုပ်နာမ်အပေါင်းပဲ။ ဒိဋ္ဌိ မဟုတ်သေးဘူး။ ဒါလေးခွဲထားရတယ်။

http://www.dhammadownload.com

"ထင်ရှားရှိနေ၊ ရုပ်နာမ်တွေ၊ မှတ်လေသက္ကာယ၊
သက္ကာယမှာ၊ ငါထင်တာ၊ သက္ကာယဒိဋ္ဌမှတ်၊"

သက္ကာယကို ငါပဲလို့ထင်တဲ့ဥစ္စာဟာ သက္ကာယဒိဋ္ဌ၊ သက္ကာယဆိုတာ ဘာလဲ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်း၊ သက္ကာယဒိဋ္ဌဆိုတာဘာလဲ။ ထင်ရှားရှိတဲ့ ရုပ်နာမ်တွေကို ငါကောင်, အသက်ကောင်, သတ္တဝါကောင်လို့ ထင်မြင်တာတဲ့။ စွဲလမ်းပုံသာမန်ထင်ရုံမဟုတ်ဘူး။ စွဲကိုစွဲလမ်းတာကို သက္ကာယဒိဋ္ဌခေါ်တယ်။ မြင်ဆဲကြားဆဲစသည်၌ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းက သက္ကာယ၊ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင်၊ သတ္တဝါကောင်ဟုထင်တာက သက္ကာယဒိဋ္ဌ။

သက္ကာယနဲ့ သက္ကာယဒိဋ္ဌဆိုတာ ကွဲသွားတယ်။ သက္ကာယဆိုတာ ထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်း၊ မြင်ဆဲမှာ ထင်ရှားရှိတယ်။ မျက်စိရုပ် မြင်ရတဲ့အဆင်း၊ မြင်သိတဲ့နာမ်၊ အဲဒါ ခန္ဓာနဲ့ဖွဲ့မယ်ဆိုရင် ခန္ဓာငါးပါးတရားပဲ။ အဲဒါ သက္ကာယ တရား၊ သစ္စာလေးပါး နဲ့ပြောမယ်ဆိုရင် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာတရားပဲ။ ဒုက္ခသစ္စာ တရား၊ ဥပါဒါနက္ခန္ဓာတရား၊ သက္ကာယမည်သောတရား၊ ထင်ရှားရှိတဲ့ ရုပ်နာမ် အပေါင်း၊ ဒါက ဒိဋ္ဌမဟုတ်သေးဘူး။ အဲဒီထင်ရှားရှိတဲ့ ရုပ်နာမ်အပေါင်းကို ငါကောင်ပဲ အသက်ရှင်နေတဲ့ အကောင်ပဲ၊ သတ္တဝါပဲ၊ သတ္တဝါနဲ့ ငါနဲ့ အသက်ရှင်နေ တာနဲ့ အတူတူပဲ။ အဲဒီလို အသက်ရှင်နေတဲ့ အကောင်အနေအားဖြင့်ထင်လို့ရှိရင် အဲဒါဟာ သက္ကာယဒိဋ္ဌ ခေါ်တယ်။

သက္ကာယဒိဋ္ဌကင်းရန် အရေးကြီး

အရေးအကြီးဆုံးက အဲဒီသက္ကာယဒိဋ္ဌကင်းအောင်လို့ ကျင့်ရမှာ။ သက္ကာယဒိဋ္ဌကင်းသွားမှ အပါယ်လေးပါးက အစဉ်ထာဝရလွတ်မြောက်သွားတယ်။ တချို့ကတော့ ပြောတတ်ကြတယ်။ တရားအားထုတ်လို့ရှိရင် သက္ကာယဒိဋ္ဌကင်းရမယ်။ ဒီလိုလဲ ဆိုကြတယ်။ သက္ကာယဒိဋ္ဌကင်းရမယ်။ သက္ကာယဒိဋ္ဌမကင်းလို့ရှိရင် နိဗ္ဗာန်မရောက်နိုင်ဘူး။ ဒီလိုလဲ ပြောကြတယ်။ အဲဒါကတော့ ဒီလိုတော့မဟုတ်တတ်ဘူး။ သက္ကာယဒိဋ္ဌ စောစောကင်းနေရင် သောတာပန်ဖြစ်နေမှာပဲ။ အားထုတ်စရာ မလိုတော့ပါဘူး။ ပြီးနေပြီ။ သောတာပန်တောင် ဖြစ်နေပြီ။ အဲဒါကတော့

http://www.dhammadownload.com

မဟုတ်ဘူး။ တချို့ပုဂ္ဂိုလ်တွေက အဲဒီလိုပြောတတ်တယ်။ လူတွေကို ချောက်တွန်းအားကြီးရာရောက်တယ်။ သက္ကာယဒိဋ္ဌိဟာ စောစောက ကင်းရမယ်ဆိုတော့ မဖြစ်နိုင်ဘူး။ သက္ကာယဒိဋ္ဌိဆိုတာ ဘယ်ကျမှကင်းသလဲဆိုတော့ သောတာပတ္တိမဂ် ရောက်မှ ကင်းတယ်။ သောတာပတ္တိမဂ်မရောက်သေးခင် ဝိပဿနာရှုနေတုန်း သခ်ါရုပေက္ခာဉာဏ်ရောက်နေလဲ ကင်းတယ်လို့တော့မဆိုရဘူး။ သို့သော်လဲ ဖြစ်တော့ဖြစ်ခဲတာပေါ့လေ။ ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်တွေဖြစ်လိုက် ပျက်လိုက် တွေ့ရှမှတ်ပြီးတော့ တွေ့နေတဲ့ပုဂ္ဂိုလ်က ဒီကိုယ်ထဲမှာ အတ္တကောင်ရယ်လို့ မရှိဘူး။ ဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုတာ ရှင်းပြီးတော့ သိနေပါတယ်။ ဒါပေမယ်လို့ အဲဒါလောက်နဲ့ရပ်ထားလို့ရှိရင် တော်တော်ကြာတော့ အတ္တလေးဟုတ်ထင်ပါရဲ့ ဖြစ်လာမှာ။ ဝိစိကိစ္ဆာရောက်လာမှာ။ ဝိစိကိစ္ဆာအားကောင်းလာပြီးတော့ အတ္တတွေရှိနေတာပါပဲဆိုပြီးတော့ အတ္တဒိဋ္ဌိပြန်ဖြစ်နိုင်တယ်။ ဖြစ်နိုင်တဲ့ သဘောရှိတယ်။ ဝိပဿနာဉာဏ်စဉ်အတိုင်း အားထုတ်လို့ အနုလောမ ဉာဏ်ကနေပြီးတော့ ဂေါတြဘူဉာဏ်၊ နောက်ဆုံး အရိယမဂ်ဉာဏ်ရောက်ပြီး အရိယမဂ်ဉာဏ်ရောက်၊ အဲဒီကစပြီးတော့ ဒီအတ္တစွဲဟာ ပြန်မဖြစ်နိုင်တော့ဘူး။

သူများလိုပဲ သာမန်နေတဲ့အခါတော့ သူများလိုပါပဲ။ မထူးပါဘူး။ သောတာပန်ဆိုတာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းတာကိုး။ ဒီပြင် ကိလေသာတွေ ကင်းတာမဟုတ်တော့ လောဘလဲရှိနိုင်သမျှ ရှိသေးတာပဲ။ အပါယ်လေးပါးကျလောက်တဲ့ ကြမ်းတမ်းတဲ့ လောဘတွေသာမရှိတာကိုး၊ အပါယ်လေးပါးကျတတ်တဲ့ ဒေါသတွေသာ မရှိတာ၊ သာမန်လောဘ, ဒေါသကတော့ သူမှာကင်းတာမဟုတ်တော့ သူများလိုပဲ စီးပွားရေးလုပ်ရကိုင်ရ၊ သွားရလာရ ကာမဂုဏ်အာရုံတွေ သုံးဆောင်ခံစားမှုတွေ ဒီလိုဟာတွေ သူမှာရှိနေတာကိုး။ ရှိနေတော့ အမှတ်တမဲ့ကြည့်မယ်ဆိုရင်တော့ အတူတူပဲ အောက်မေ့ရတယ်။ သူများလိုပဲ သွားလိုက် လာလိုက်၊ စားလိုက် သောက်လိုက်၊ လုပ်လိုက်ကိုင်လိုက်၊ ဒီလိုနေနေတော့ အတူတူပဲထင်ရတယ်။ ဒါပေမယ်လို့ သူကအတ္တစွဲလေးမဟုတ်ဘူး။ အတ္တစွဲမရှိဘူး။ နှလုံးသွင်းရင် အတ္တတွေ သူပျောက်နေတယ်။

http://www.dhammadownload.com

ဒီပြင် ပုဂ္ဂိုလ်တွေကတော့ သောတာပတ္တိမဂ်ကို မရောက်သေးတဲ့ ပုဂ္ဂိုလ်တွေက စဉ်းစားတိုင်း စဉ်းစားတိုင်း အတ္တစွဲတွေရောက်လာတယ်။ ရုပ်နာမ်ကို လုံးလုံးမသိသေးတဲ့ပုဂ္ဂိုလ်တွေဆိုရင် စဉ်းစားရင်းတကယ့်ကို အတ္တဟာရှိနေတာပါပဲ။ ဥပမာ ဝိပဿနာရှုတောင်မှ ဝိပဿနာဉာဏ်မရင့်သေးတဲ့ ပုဂ္ဂိုလ်ဆိုရင် အတ္တစွဲလေးဟာ ကောင်းကောင်းကင်းတာ မဟုတ်သေးဘူး။ ရှိနေတာပဲ။ သခ်ါရုပေက္ခာက နားထားတဲ့ ပုဂ္ဂိုလ်တောင်မှ အတ္တစွဲဟာ ပြန်ပြီးဝင်လာမယ်ဆိုရင် ဝင်လာနိုင်သေးတယ်။ အကောင်းကလေးရှိ ထင်ပါရဲ့၊ ရှိတာဟုတ်တာပါပဲလို့ ဒီလိုလဲ စွဲလမ်းနိုင်သေးတယ်။

အရိယမဂ်ဉာဏ်ရောက်ပြီးသား ပုဂ္ဂိုလ်ကတော့ စဉ်းစားဆင်ခြင်တိုင်း အတ္တလေးမရှိဘူး။ အခု ရုပ်နာမ်တွေ ဝိပဿနာရှုတုန်းက ဖြစ်ပျက်နေတဲ့တရားတွေတွေ့ခဲ့တဲ့အတိုင်းဟာ ဒီအတိုင်းပါပဲ။ သူဖြစ်ပျက်နေတာပဲ။ ဒီလိုပဲ ရုပ်နာမ်ပဲဆိုတာ ရှင်းပြီးတော့ အကောင်လေးမရှိဘူး။ အဲဒါကြောင့် "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"၊ သက္ကာယဒိဋ္ဌကင်းပုံကို ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။ ပထမဆုံးဒီဟာက အရေးကြီးတယ်။ အဲဒါလေး ကင်းသွားမှ ဒါလေး ကင်းသွားလို့ရှိရင် အပါယ်လေးပါးကျနိုင်တဲ့ အကုသိုလ်ကံလေသာတွေလဲ ကင်းတယ်။ ဒါလေး အရေးကြီးတယ်။ ဒီဒိဋ္ဌကင်းတာနဲ့ အပါယ်ကျလောက်တဲ့ အကုသိုလ်တွေအကုန်ကင်းတာ။ ဘာပြုလို့တုန်း၊ ဒီဒိဋ္ဌနဲ့အစွဲသန်နေရင် ငါကောင်ပဲလို့ အစွဲသန်နေတဲ့အတွက် ငါချမ်းသာရအောင် ငါကောင်းစားရအောင် ငါနဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ ချမ်းသာရအောင် ကောင်းစားရအောင်လို့ဆိုပြီးတော့ သူမလုပ်သင့်တာတွေလုပ်တာ။

ဒီအတ္တစွဲမရှိတဲ့ပုဂ္ဂိုလ်က ငါကောင်းစားအောင်လို့ မကြောင့်ကြတော့ဘူး။ ဘာပြုလို့လဲဆိုတော့ ငါဆိုတဲ့အစွဲမရှိပဲဟာကိုး။ ရုပ်နာမ်သခ်ါရတရားတွေပဲ။ ဒီသခ်ါရတရားတွေအတွက် ငါကောင်းအောင် မလုပ်နိုင်ပါဘူး။ မတော်တာတွေ မလုပ်ဖြစ်ဘူး။ နောက်ပြီးတော့ သူတစ်ပါးတွေလဲ ငါလို့သတ္တဝါလို့ မထင်ဘဲ သေပါစေ၊ ပျက်ပါစေစသည်ဖြင့် ဒီထိအောင်လဲ သူကကြောင့်ကြမစိုက်ဘူး။ အဲဒါကြောင့် သူမှာ အပါယ်လေးပါးကျလောက်တဲ့ အပါယ်လေးပါးကျစေနိုင်တဲ့ကိလေသာတွေကင်းတယ်။ ဒါကြောင့် သက္ကာယဒိဋ္ဌကင်းဖို့ရာ အရေးကြီးပါတယ်။

http://www.dhammadownload.com

အခုနကပြောတဲ့ ထင်ရှားရှိတဲ့ရုပ်နာမ်အပေါင်းကို ငါကောင်၊ သတ္တဝါကောင်ဟု ထင်တာကတော့ သက္ကာယဒိဋ္ဌိ၊ မြင်တိုင်း, ကြားတိုင်း, တကယ်ရှိတာ ဟုတ်နေတာပဲ။ မြင်တဲ့အခါကာလ တကယ်ရှိတာဟုတ်တယ်။

သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သက္ကာယေ၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၌။ **ဒိဋ္ဌိ**၊ ငါပဲ သတ္တဝါကောင်ပဲ, အသက်ရှိတဲ့အကောင်ပဲ, ထင်မြင်ယူဆ စွဲလမ်းခြင်းသည်။ **သက္ကာယဒိဋ္ဌိ**၊ သက္ကာယဒိဋ္ဌိမည်၏။

ထင်ရှားရှိနေတဲ့ ရုပ်နာမ်တွေကိုပဲ ရုပ်နာမ်ရယ်လို့မသိဘဲနဲ့ ဖြစ်ပျက်နေတဲ့ တရားလို့ မသိပဲနဲ့။ အနိစ္စ, ဒုက္ခ, အနတ္တရယ်လို့မသိဘဲနဲ့ အသက်ရှင်နေတဲ့ အကောင်ကလေးပဲ။ ဒီလိုထင်မှာ အဲဒါ သက္ကာယဒိဋ္ဌိခေါ်တယ်။ အဲဒီ သက္ကာယဒိဋ္ဌိဟာ အရိယမဂ်အောက်ထစ်ဆုံး သောတာပတ္တိမဂ်ရောက်ရင်ကို ဒါကင်းရတယ်။ ဒါကြောင့်မို့ "ရုပ်နာမ်အစု၊ ငါကောင်ဟု" ရုပ်နာမ်အစုဆိုတာ ခုနက ရှုတိုင်းရှုတိုင်း ရုပ်နာမ်အစုဆိုတာနဲ့ အတူတူပဲ။ "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"၊ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။ ဒါကလေးဟာ ဆိုင်ရာ ဆိုင်ရာ ခဏခဏ ဆိုရတယ်။

"ရုပ်နာမ်အစု၊ ငါတောင်ဟု၊ ထင်မှုမရှိပါ။"

ရုပ်နာမ်အစု မြင်ဆဲခဏမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ ကြားဆဲခဏမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ နံဆဲ, စားဆဲ, ထိဆဲ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ ကွေးဆဲ, ဆန့်ဆဲ, လှုပ်ရှားပြုပြင်ဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ ရှုဆဲမှတ်ဆဲမှာ ထင်ရှားရှိတဲ့ ရုပ်နာမ်အစု၊ အကုန်လုံး ရုပ်နာမ်အစုတွေချည်းထဲပဲ။ အဲဒီ ရုပ်နာမ်အစုတွေပဲ ငါကမြင်တယ်၊ ငါက ကြားတယ်၊ ငါက နှလုံးသွင်းတယ်၊ ငါ ဆင်ခြင်တယ်၊ ငါ ရှုတယ်၊ ငါ ကွေးတယ်၊ ငါ ဆန့်တယ် စသည်ဖြင့် အသက်ရှင်နေတဲ့ အကောင်က တကယ်လုပ်နေတယ်။ အဲဒီလို ထင်လို့ရှိရင် ဒါသက္ကာယဒိဋ္ဌိလို့ ခေါ်တယ်။ ထင်ရှားရှိတဲ့ ရုပ်နာမ်ကို အသက်ရှိတဲ့သတ္တဝါကောင်၊ ငါကောင်ပဲလို့ ထင်တာ။ အဲဒါ သက္ကာယဒိဋ္ဌိ၊ အဲဒီ သက္ကာယဒိဋ္ဌိမျိုးမရှိဘူး။ အရိယာပုဂ္ဂိုလ်မှာ မရှိဘူး။

http://www.dhammadownload.com

ဒါကို "ရုပ်နာမ်အစု၊ ငါကောင်ဟု"၊ ထင်ရှားရှိနေတဲ့ ရုပ်နာမ်အစုကို အသက်ရှင်နေတဲ့ ငါကောင်ပဲလို့ ထင်မှတ်စွဲလမ်းမှုမရှိပါဘူး။ ဒါတွေ မရှိအောင်လို့ အားထုတ်ရမှာ၊ အဲဒီ သက္ကာယဒိဋ္ဌိ၊ ဒါက စပ်လို့ပြောတာ။

ဒီနေရာမှာ သက္ကာယဒိဋ္ဌိကတော့မပါဘူး။ သက္ကာယတဲ့ ဒီမှာပါတယ်။ ဒီမှာ မပါပေမယ်လို့ သက္ကာယနဲ့ သက္ကာယဒိဋ္ဌိလုံးနေမှာစိုးလို့ သက္ကာယဒိဋ္ဌိနဲ့ ခွဲပြောနေရတယ်။ ဒီသုတ်ထဲမှာ သက္ကာယဒိဋ္ဌိက မပါဘူး။ သက္ကာယတင်ပဲ။ သက္ကာယက ဒီဘက်ကမ်း၊ နိဗ္ဗာန်က ဟိုဘက်ကမ်း၊ ဒါပဲ။ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေ ရှုရတယ်။ ခုနက ပြောတဲ့အတိုင်း **"ဝိပဿနာ ဉာဏ်ဆိုတာ ဘယ်ဟာရှုရှု ဖြစ်သနည်း။ စွဲလမ်းနိုင်ရာ ငါးခန္ဓာ၊ မှန်ရာရှုရှု ဖြစ်သတည်း"**၊ စွဲလမ်း နိုင်တဲ့ ငါးခန္ဓာဆိုတာ သက္ကာယတရားတွေပဲ။ အဲဒါတွေ ရှုရတယ်။

နိဗ္ဗာန်ကို ရွှေ့လို့မရ

အဲဒီတော့ ဒီဒုက္ခသစ္စာတရားတွေ ဝိပဿနာရှုနေရတာ ဘယ်ရောက်နေလဲဆိုတော့ ဒီဘက်ကမ်းပဲရှိသေးတယ်။ ဟိုဘက်ကမ်း မရောက်သေးဘူး။ ဒါဖြင့် ဟိုဘက်ကမ်းကျော်ပြီး ရှုလိုက်ပါလားဆိုတော့ အဲဒီလိုကျော်ရှုလို့တော့မဖြစ်ဘူး။ ဒီလိုရှုလို့ရှိရင် လွယ်လွယ်လေးနေမှာပေါ့။ နိဗ္ဗာန် ဟိုဘက်ရွှေ့လိုက်ပါလားဆိုတော့ ကိုယ့်ဟာကိုယ်ရွှေ့လို့မဖြစ်ဘူး။

ကိုယ့်တာသာဉာဏ်စဉ်တက်ကြ

တခို့တရားအားထုတ်ကြတယ်။ ဝိပဿနာဉာဏ်တွေဟာ သူတို့ဟာသူတို့ပဲ အဆင့်ဆင့်တက်ကြတယ်။ နာမရူပပရိစ္ဆေဒဉာဏ်ဆိုပြီးတော့လဲ နာမ်တရား ရုပ်တရား နာမ်နဲ့ရုပ်သာရှိတယ်ဆိုပြီးတော့ နှလုံးသွင်းပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်လုပ်တာကိုး။ ဒီတော့ အကြောင်းနဲ့အကျိုးတရားတွေ ဆင်ခြင်ပြီးတော့ အကြောင်းအကျိုးတရား၊ နာမရူပပရိစ္ဆေဒဉာဏ် အတော်ကြေပြီလို့ ယူဆပြီးတော့ သူဟာသူပစ္စယပရိဂ္ဂဟဉာဏ်ရောက်၊ အကြောင်းနဲ့အကျိုး ဆင်ခြင်ပြန်ရော၊ အကြောင်းနဲ့အကျိုးဆင်ခြင်တာ အတော်ကလေးကြာတော့ ကျေနပ်ပြီဆိုပြီးတော့

http://www.dhammadownload.com

တစ်ခါ သမ္မသနဉာဏ်၊ အနိစ္စ, ဒုက္ခ, အနတ္တသုံးသပ်တဲ့ဉာဏ် သမ္ဘာသူသုံးသပ်ရာက ကျေပြီဆိုပြီးတော့ ဥဒယဗ္ဗယအဖြစ်အပျက်ဆိုပြီးတော့ နှလုံးသွင်းတယ်။ အဖြစ်အပျက်ကလဲ ကျေပြီထင်ပြန်တဲ့အခါ လာပြန်ရော ဘင်ဉာဏ်အပျက်တွေရှုတာ၊ တော်တော်ကြာတော့ ဘယကြောက်ဖွယ်ဆိုပြီးတော့ ဆင်ခြင်ပြီးတော့ရှု အာဒီနဝ အပြစ်တွေ ဆင်ခြင်ပြီးတော့ရှု နိဗ္ဗိန္ဒဉာဏ်ငွေ့ပြီးတော့ရှု မုဉ္စိတုကမျတာ လွတ်မြောက်ချင်ပြီးတော့ရှု ပဋိသင်္ခါတဲ့၊ အနိစ္စ, ဒုက္ခ, အနတ္တတွေအထူးတဖန်ရှု သင်္ခါရုပေက္ခာနဲ့ တစ်ခါတည်း သင်္ခါရုပေက္ခာမှာလဲ ရှုပုံတွေပါသေးတာကိုး။ ကျမ်းဂန်ထဲမှာ လျစ်လျူရှုပုံတွေ တစ်ခါတည်းနှလုံးသွင်းပုံတွေ တစ်ခါတည်း ဒီလိုသူတို့ကိုယ့်ဟာကိုယ် ဉာဏ်တွေကို တက်တာကိုး။

ဒါပေမယ်လို့ သူဘယ်ကျတော့ ရပ်သွားတုန်းဆိုတော့ သင်္ခါရုပေက္ခာ ကနေပြီးတော့ အရိယမဂ်ဉာဏ်ကျတော့ ဒီတော့တက်လို့မဖြစ်ဘူး။ သင်္ခါရုပေက္ခာ ဉာဏ်ကျပြီး ဒီတစ်ခါဖြင့် အနုလောမဉာဏ်ကနေပြီးတော့ မဂ်ဉာဏ်တက်လိုက်မှာပဲ လို့ ဒီလိုတက်လို့တော့ မဖြစ်ဘူး။ ဒီလိုတက်တော့ ဟုတ်မှာမှမဟုတ်ပဲကိုး။ တော်တော်ကြာတော့ ရှေ့ကအပိုင်းတွေက ကိစ္စမရှိဘူး။ ဝိပဿနာဉာဏ်ဆိုတာကတော့ သူဟာ တက်ချင်တက် ကျချင်ကျ ကိစ္စမရှိဘူး။ အရိယာမဂ်ဉာဏ်က တစ်ခါတက်ပြီးရင် ကျလို့မဖြစ်ဘူး။ သူကခက်တယ်။ အရိယာမဂ်ဉာဏ်က တက်ပြီးရင်တော့ သောတာပတ္တိမဂ်ဖိုလ်ရောက်တယ်ဆိုရင်ဖြင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတွေကင်းနေရမယ်။ အနာဂါမိ မဂ်ဖိုလ်ရောက်ရင်ဆိုလဲပဲ ကာမရာဂ ဗျာပါဒတွေ ကင်းရမယ်။ အရဟတ္တမဂ်ရောက်တယ်ဆိုလို့ရှိရင် ကိလေသာတွေ အကုန်လုံးကင်းရမယ်။ ဒီတော့ ကိလေသာကင်းဖို့ဟာ လိုသေးတာပေါ့။ ကိုယ့်ဟာကိုယ်ရွှေ့လိုက်လို့ မဖြစ်သေးဘူး။ ရွှေ့လိုက်လို့ဖြစ်တာမဟုတ်ဘူး။ အဲဒါကြောင့် သင်္ခါရုပေက္ခာဉာဏ်ရောက်ပြီ ဆိုလို့ရှိရင် နောက်ပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်က ကျန်သေးတာကိုး။ ဒီလို ဝိပဿနာရှုတာတွေရှိတယ်။ အဲဒါက ဒါကတော့ ကိုယ်ရွှေ့ချင်တိုင်းရွှေ့တာ၊ ရွှေ့ လို့မဖြစ်ဘူး။ ရွှေ့လို့ရရင် အလွယ်လေးပေါ့။

http://www.dhammadownload.com

ရွှေ့လို့ရှိရင်ဖြင့် ရုပ်နာမ်သက္ကာယခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးက ဟိုဘက်ကမ်း၊ ဒီတော့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်းတွေ ရှုနေတာဟာ ဒီဘက်ကမ်းရောက်နေတာပဲ။ ဟိုဘက်ကမ်းမရောက်သေးဘူး။ ဟိုဘက်ကမ်းရောက်အောင်လို့ နိဗ္ဗာန်ရည်မှန်းပြီးတော့ တက်လိုက်မှပဲဆိုပြီးတော့ လှမ်းတက်လိုက်လို့ရှိရင် အလွယ်လေးနေမှာပေါ့။ အဲဒီလိုတက်လို့မဖြစ်ဘူး။ အစဉ်အတိုင်းရှုလို့ ဝိပဿနာဉာဏ်ရင့်မှ သူဟာသူတက်သွားမှဖြစ်တာ။ အခု ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေမှာ ဒီဘက်ကမ်းကပဲရှုရပါတယ်။ ဒီဘက်ကမ်းကတရားတွေ အမှန်အတိုင်းသိအောင်ရှုတယ်။ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက အင်မတန်သဘာဝကျပါတယ်။ သဘာဝကျတာတွေသိရအောင် ခုနကပြောပြီးပြီ။ အဲဒါ ဒီဘက်ကမ်းတရားတွေ ရှုနေရတာ။ ဒီဘက်ကမ်းတရားတွေ ရှိနေသမျှကာလပတ်လုံး ဘေးရန်တော့မကင်းသေးဘူးပဲ။ မကင်းသေးရင် ဟိုဘက်ရှုပါတော့လားဆိုတော့ ကိုယ့်ဟာကိုယ် ရှုလို့တော့မဖြစ်ဘူး။ ဒီလိုပဲ ရှုရတာ၊ ဒီလိုရှုပြီးတော့သွားမှ ဟိုဘက်ကမ်းရောက်မယ်။ ဒါကြောင့် -

ဆီကွဲဝေ၊ ရဟန်းတို့။ **သာသကီ၊** ရွံရှာဖွယ်ရှိသော။ **သမ္ဘဒိုဘယံ၊** ကြောက်ဖွယ်ဘေးရှိသော။ **ဩရိမံတီရမ္ဟိ ဓေါ၊** ဤမှာဘက်ကမ်းဟူသော ဤအမည်သည်။ **သဏ္ဌာယဿ၊** ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ **ဝါ-သဏ္ဌာယဿ၊** ဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၏။ **ဝါ-သဏ္ဌာ ယဿ၊** ဒုက္ခသစ္စာ၌ အတွင်းဝင်သော ရုပ်နာမ်အပေါင်း၏။ **အဓိဝစနံ၊** အမည်ပေတည်း။

မဂ်ဖိုလ်မှ နိဗ္ဗာန်ကို နှလုံးသွင်းနိုင်

ထင်ရှားရှိတဲ့ရုပ်နာမ် အပေါင်းအမည်ပဲ။ ထင်ရှားရှိတဲ့ ရုပ်နာမ်တွေ တွေ့နေသမျှကာလပတ်လုံး ဒီဘက်ကမ်းပဲရှိသေးသည်။ ဒါပေမယ်လို့ ဒီဘက်ကမ်းအသုံးကျပါတယ်။ ဒီဘက်ကမ်းကပဲရှုပြီးတော့ ရောက်ရမယ်။ ဟိုဘက်ကမ်းကိုမျှော်ရှုလို့မဖြစ်ဘူး။ တချို့ပုဂ္ဂိုလ်တွေ ဗဟုသုတလည်းရှိပုံမရပါဘူး။ သူတို့ဟောပြောနေတဲ့လူတွေ နိဗ္ဗာန်အာရုံပြုတယ်။ တရားအားထုတ်တယ်ဆိုတော့ နိဗ္ဗာန်နှလုံးသွင်းပြီးတော့ ရှုရင်ပြီးတာပဲ။ ဒီလိုပြောတယ်။ နိဗ္ဗာန်နှလုံးသွင်းတယ်ဆိုတာက အရိယ

http://www.dhammadownload.com

မင်္ဂိုလ်မှ နှလုံးသွင်းလို့ဖြစ်တယ်။ ဒီပြင်စိတ်နဲ့နှလုံးသွင်းလို့ဖြစ်တာ မဟုတ်ဘူး။ အဲဒါမဖြစ်နိုင်တဲ့ အလုပ်တွေပါပဲ။ ဒါပေမယ့် ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်ကပြော၊ ဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်က ယုံပြီးတော့ အားထုတ်နေတာတွေလဲ ရှိတာပဲ။ အဲဒါ သဘာဝမကျတဲ့ ဥစ္စာတွေ။

ဥပါဒါနတွန္နာတို့ရှု

သဘာဝကျတဲ့တရားကတော့ ဒီလို ဥပါဒါနက္ခန္ဓာငါးပါးတရားတွေပဲ ရှုရမယ်။ ဥပါဒါနက္ခန္ဓာငါးပါးတရားတွေ အမှန်အတိုင်းသိလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေ အမှန်အတိုင်းမြင်ပြီဆိုရင်တော့ နောက်ဆုံးဘယ်ရောက်သွားလဲဆိုတော့ ခုနက ပြောခဲ့တဲ့အတိုင်း **"ဖြစ်တိုင်းမှတ်ရှု ရွပ်နာပ်စု၊ စွဲမှုတင်းဖျောက်သည်"** ဖြစ်တိုင်း ဖြစ်တိုင်းမှတ်ပါ။ မြင်တိုင်း, ကြားတိုင်း ဖွါရခြောက်ပါးက ထင်ပေါ်လာတဲ့ သက္ကာယ ခေါ်တဲ့ ဒုက္ခသစ္စာတရားတွေကို တွေ့တိုင်းတွေ့တိုင်းမှတ်ပါ။ မှတ်လို့ရှိရင် ဘာဖြစ်တုန်းဆိုတော့ စွဲလမ်းမှုတွေပျောက်သွားလိမ့်မယ်။ မမြဲ, ဆင်းရဲသဘောပဲ။ ဉာဏ်ထဲရှင်းတော့သည်၊ ရှုရင်မစွဲဘူးလို့လဲ သိသွားပါလိမ့်မယ်။ ဆင်းရဲတွေချည်းထဲပဲလို့ သိသွားလိမ့်မယ်။ အနတ္တသဘောတရားမျှပဲဆိုတာလဲ သိပါလိမ့်မယ်။ ဒီလို သိအောင်လို့ အားထုတ်ရတယ်။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်တွေ သမ္မသနဉာဏ်ကစပြီးတော့ ဒါလေးတွေဟာသိလာပါတယ်။ တို့ရှေးတုန်းကမသိလို့ပဲ။ ရှုတော့မြင်တာလေးတွေ ကြားတာလေးတွေ ခဏမစဲဖြစ်ပျက်နေတဲ့တရားတွေပဲ။ မြဲတဲ့တရား ဘာမှမရှိဘူး။ ဘာမှကောင်းတဲ့ တရားတွေလဲ မဟုတ်ဘူး။ ဖြစ်ပြီးပျောက်သွားတာပဲ။ သူသဘောအတိုင်း သူဟာသူဖြစ်ပျက်နေတာပဲ။ တို့အစတုန်းကတော့ တစ်သက်လုံးယူဆနေတဲ့ အသက်ရှင်နေတဲ့အတ္တကောင်၊ အသက်ရှင်နေတဲ့ ငါရှိနေတယ်လို့ အောက်မေ့တယ်။ ဒီလိုမရှိဘူး။ ဖြစ်ပျက်နေတဲ့သဘောချည်းထဲပဲ။ အနိစ္စ, ဒုက္ခ, အနတ္တတွေရှင်းပြီးတော့ သိနေပုံ။ သမ္မသနဉာဏ်က ဒီလိုသိပါတယ်။ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ထက်သလောက် သိတယ်။

http://www.dhammadownload.com

ဥဒယဗွယဆိုတာသာ သိလာတာပဲ။ ဘင်္ဂဉာဏ်မှာပိုသိတယ်။ ဘယ, နိဗ္ဗိန္ဒတွေ အကုန်လုံးသိသွားတာပါပဲ။ သခါရုပေက္ခာဉာဏ်ဆိုလျှင် ပြောစရာမရှိဘူး။ အနိစ္စ, ဒုက္ခ, အနတ္တတွေသိတယ်။ အဲဒါ မမြဲဆင်းရဲသဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်၊ အထက်ဉာဏ်တွေရောက်လေလေ ကိုယ်ပိုင်ဉာဏ်လဲ ရှင်းလေလေပဲ၊ ဒီလိုသိဖို့ရာ အရေးကြီးတယ်။

အဝတ်လျော်ခြင်းပမာ ဝိပဿနာရှုပါ

အခုတရားအားထုတ်တာတွေတော့ ဒီလိုနာရီပိုင်းကလေးမဟုတ်ဘဲနဲ့ တစ်နေ့လောက်မဟုတ်ပဲနဲ့၊ နှစ်ရက်၊ သုံးရက်လောက်လဲမဟုတ်ဘဲနဲ့ တော်တော်ကြာအောင်အားထုတ်ရတယ်။ ဘာပြုလို့အားထုတ်ရတာတုန်း။ ဒီဉာဏ်တွေ ကိုယ့်ဟာကိုယ်ရှင်းအောင်လို့ လုပ်နေတာ။ ကိုယ့်ဟာကိုယ်အားထုတ်မှ ကိုယ့်ဟာကိုယ် ရှင်းမှာ။ ဆရာကနေပြီးတော့ ရွှေပေးလို့ဒီလိုမဖြစ်ဘူး။ ကိုယ့်ဟာကိုယ်ရှင်းမှ ကိုယ်ရှုမှ ရှင်းတာကလဲပဲ အဖန်ဖန်မလေ့လာလို့ရှိရင် ဉာဏ်ဆိုတာကတော့ ရှင်းတာမဟုတ်ဘူး။ ဖြုန်းကနဲတော့ မရှင်းနိုင်ဘူး။ ဘာနဲ့တူလဲဆိုတော့ အဝတ်လျှော်တာများနဲ့တော့ တူတယ်။ အဝတ်လျှော်တာ ရေလေးနဲ့ဆွတ်လိုက် ညှစ်ထုတ်လိုက်၊ ဆေးကျွတ်ပလား၊ မကျွတ်သေးလို့ရှိရင် ဆပ်ပြာလေးတိုက်လိုက်၊ တစ်ခါရေနဲ့လောင်းလိုက်၊ ပွတ်လိုက်နယ်လိုက် ညှစ်လိုက်၊ စင်ကြယ်ရဲ့လား၊ မစင်ကြယ်သေးဘူး။ မစင်ကြယ်သေးလို့ရှိရင် တစ်ခါ ဆပ်ပြာနဲ့တစ်ခါတိုက်လိုက် ရေနဲ့တစ်ခါတည်းနယ်ပြီးတော့ ညှစ်ထုတ်လိုက်၊ အဲဒီလို အထပ်ထပ်လုပ်ရတယ်။ အကြိမ်ပေါင်းများစွာလုပ်တဲ့အခါကျတော့ ချေးညှော်တွေအကုန်လုံးစင်ကြယ်သွားတယ်။ အဲဒါလိုပဲ၊ ဝိပဿနာဉာဏ်က တစ်ကြိမ်နှစ်ကြိမ်နည်းနည်းကလေးရှုရုံနဲ့ ကိလေသာအညစ်အကြေးက စင်တာမဟုတ်ဘူး။

ပါရမီဆုတောင်းနဲ့လာခြင်း

ဘုရားလက်ထက်တော် အခါကာလတုန်းက ရှုမှတ်ရင်းနဲ့ တစ်ထိုင်အတွင်း မဂ်ဖိုလ်ရသွားတာရှိတယ်။ အဲဒါတွေကတော့ ရှေ့ရှေ့သောဘဝတွေက မဂ်ဖိုလ်ရခါ

http://www.dhammadownload.com

နီးပုဇ္ဈိလ်တွေ၊ ဟိုးရှေးတုန်းက သူက မဂ်ဖိုလ်ကိုမယူသေးလို့သာ ပါရမီဆုတောင်းခဲ့လာတယ်။ အခု ဂေါတမမြတ်စွာဘုရားလက်ထက်ကျမှ ကျွတ်တမ်းဝင်ဖို့ ဆုတောင်းလာတာရှိတယ်။ မဂ်ဖိုလ်တွေရလောက်တဲ့ အခြေအနေရှိပေမယ်လို့ သူက မသွားချင်သေးဘဲဟာကိုး။ မသွားချင်သေးရင် မသွားဘူး။ အရင်တစ်နေ့ကလဲ တစ်ခါပြောပြီးပါပြီ။ သီဟိုဠ်က မထေရ်ကြီးတစ်ပါး အသည်းအသန်မကျန်းမမာဖြစ်တော့ ပတ်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာက ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန်စံလိမ့်မယ်ဆိုပြီးတော့ လာကြတယ်။ ပရိနိဗ္ဗာန်စံတာလာပြီးတော့ ဖူးမြော်ကြ၊ ပူဇော်ကြ၊ ကန်တော့ဖို့လာကြတယ်။ လာကြတော့ တပည့်ရဟန်းတစ်ပါးက ထပ်ပြီးတော့ သူဆရာတော်ကြီးကိုမေးတယ်။ အရှင်ဘုရား ရဟန်းကိစ္စများပြီးပါပလားလို့၊ ဟ-ငါရဟန်းကိစ္စမပြီးသေးဘူး။ ဘာဖြစ်လို့တုန်း၊ ငါ အရိမေတ္တေယျမြတ်စွာဘုရား ဖူးမလို့၊ အရိမေတ္တေယျ မြတ်စွာဘုရားလက်ထက်ကျမှ ငါ နိဗ္ဗာန်ယူမယ်လို့ ဒီလို ဆုတောင်းထားတယ်။ အရှင်ဘုရား-ဒီလိုဆိုလို့ရှိရင် လူတွေကတော့ ပတ်ဝန်းကျင်က လာကြတယ်ဘုရား၊ ရဟန္တာပရိနိဗ္ဗာန်စံမယ်ဆိုပြီးတော့ ဖူးမြော်ကန်တော့ကြမလို့ လာကြတယ်။ ဒီလိုရဟန်းကိစ္စမပြီးသေးဘူးဆိုရင် သူတို့စိတ်မချမ်းသာတွေ ဖြစ်ကုန်တော့မှာပါပဲဘုရားလို့ လျှောက်တော့ အဲဒီမထေရ်ကြီးကပြောတယ်။ ဒါဖြင့်ရင် ငါ့ထူပေးဦး၊ ဒါနဲ့ ထူပေးတယ်၊ ထူပေးပြီးတော့ နည်းနည်းအပြင်ဘက်ထွက်ဦး၊ ဆိတ်ဆိတ်ငြိမ်ငြိမ် တစ်ပါးတည်း တရားအားထုတ်လိုက်ဦးမှပဲဆိုပြီး တရားအားထုတ်တာကိုး။ တပည့်ရဟန်းကလဲ အပြင်ဘက်ထွက်၊ တံခါးလေးပိတ်ပြီးခါရှိသေးတယ်။ ကြမ်းခေါက်လိုက်တယ်။ ဒေါက်ဒေါက်ဆိုပြီးတော့၊ သြော် ဆရာတော်ကြီး ဘာများပြောစရာရှိလိမ့်မလဲဆိုပြီးတော့ တပည့်ကပြန်လာတယ်။ ဘာကိစ္စရှိလို့ပါလဲဘုရား၊ ဘာကိစ္စမှမရှိပါဘူး။ ကိစ္စပြီးပြီ။ ဒီ့ ဘုရား မြန်လှပါလား။ မြန်တာတော့မပြောနဲ့။ အရေးကြီးတာက သီလစင်ကြယ်ဖို့အရေးကြီးတယ်။ ဝါ-ခြောက်ဆယ်ဆိုတော့ အသက်ရှစ်ဆယ်လောက်ရှိမှာပေါ့။ အဲဒါလောက် ရောက်သည့်တိုင်အောင် သီလဟာ ညှိုးနွမ်းတယ်လို့မရှိခဲ့ဘူး။ သီလမစင်ကြယ်တာလို့ မရှိခဲ့ဘူးတဲ့။ သီလစင်ကြယ်ဖို့ဟာ အရေးကြီးတယ်။ သီလစင်ကြယ်လို့ရှိရင် တရားအားထုတ်လိုက်ရင် ဖြစ်ပါတယ်ဆိုပြီးတော့ အားပေးစကားပြောတယ်။

http://www.dhammadownload.com

အဲဒါ ခုပြောချင်တာကတော့ တခြားမဟုတ်ဘူး၊ အဲဒီမထေရ်ကြီးဟာ သူ အခုဘဝတွင် လွယ်လွယ်လေးတရားအားထုတ်လို့ မဂ်ဖိုလ်ရနိုင်တယ်။ ရဟန္တာဖြစ် နိုင်တဲ့ပုဂ္ဂိုလ်ကြီး၊ ဒါပေမယ့်လို့ သူ အရိမေတ္တေယျဘုရားဖူးမယ်ဆိုပြီးတော့ နေနေ တယ်။ အကယ်၍သာ တပည့်ရဟန်းကမလျှောက်ရင် အဲဒီအတိုင်းပဲ သူသွားတော့ မှာ သွားပြန်တော့ အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်ကျပြန်တော့ သူအလွယ် လေး မဂ်ဖိုလ်နိဗ္ဗာန်ရောက်မှာပေါ့။ အခုပဲရောက်တော့မယ့် ဥစ္စာပဲ။ အခု ဘုရား လက်ထက် အခုဘဝတွင်တောင်မှ မဂ်ဖိုလ်လွယ်လွယ်ကူကူလေး သူက ခဏလေး ထိုင်ပေးပါဦးဆိုပြီးတော့ အပြင်ဘက် ထွက်ရုံကလေး ဘယ်လောက်ကြာမလဲ၊ တစ်မိနစ်, နှစ်မိနစ်လောက်ရှိမှာပေါ့။ ဒီလောက်ကလေးနဲ့ မဂ်ဖိုလ်ရောက်နိုင်တဲ့ ပါရမီ အခြေခံတွေရင့်နေတာ ရှေ့ကဝိပဿနာတွေ သူအားထုတ်ပါလိမ့်မယ်။ အား ထုတ်ပြီးသား ဖြစ်ပါလိမ့်မယ်။ ဝိပဿနာတွေက သူ သခ်ါရုပေက္ခာဉာဏ်ရောက် အောင် ပိုင်ပိုင်နိုင်နိုင်ကြီး အားထုတ်ထားတာ ဖြစ်ပါလိမ့်မယ်။

အဲဒီတော့ ရှေးရှေးသောဘဝတွေက ဝိပဿနာဉာဏ်တွေ ရင့်ပြီးတော့နေ အောင် အားထုတ်ပြီးတော့ ဂေါတမဘုရားလက်ထက်ကျမှပဲ ကျွတ်တမ်းဝင်လို တဲ့ပုဂ္ဂိုလ်တွေ ဆုတောင်းရှိတဲ့ပုဂ္ဂိုလ်တွေက ဒီမှာ မြတ်စွာဘုရား တရားဟောတဲ့ အခါ တစ်ပုဒ်တစ်ဂါထာနာကြားရုံနဲ့ တစ်ခဏကလေးအတွင်းမှာ မဂ်ဖိုလ်နိဗ္ဗာန် တွေ ရောက်ကြတာ။ အဲဒါတွေဟာ ပါရမီရင့်နေတဲ့ပုဂ္ဂိုလ်တွေ၊ ဒါကြောင့် ရောက် ကြတယ်။

သက္ကာယဒေါ်ရုပ်နာမ်ကို ဝိပဿနာရှုကြ

အဲဒီလို မရင့်သေးတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင်တော့ သူကအားထုတ်ရတယ်။ တော်တော်အားထုတ်ရုံနဲ့ မဖြစ်ဘူး။ အတော်ကို အားထုတ်ရတယ်။ ကြေနေအောင် အားထုတ်ရတယ်။ အဲဒီလိုကျင့်ပြီးသားပုဂ္ဂိုလ်တွေက အခုဘဝတွင် မဂ်ဖိုလ်မယူ သေးဘူးဆိုရင်လဲ နောက်တစ်ခါကျတော့ လွယ်လွယ်ကူကူနဲ့ မဂ်ဖိုလ်ရောက်မယ့် ပုဂ္ဂိုလ်တွေပါပဲ။ အဲဒါကြောင့် မြင်တိုင်း ကြားတိုင်း ဒါရခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်း ရူပနာမ်တွေရှုလို့ ကြေနေအောင်လို့ အားထုတ်ရတယ်။ အဲဒီလို ကြေနေ

http://www.dhammadownload.com

အောင် အားထုတ်ထားတော့ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို သူဟာသူ သွားမှာပဲ။

ဒီဘက်ကမ်းလို့ခေါ်ဆိုရတဲ့ ထင်ရှားတဲ့ရုပ်နာမ်အပေါင်း မြင်တိုင်း, ကြားတိုင်း ဒွါရခြောက်ပါးမှ ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်အပေါင်းဟာ သက္ကာယခေါ်သည်။ ဒုက္ခသစ္စာဟူ၍လဲ ခေါ်သည်။ ဥပါဒါနက္ခန္ဓာငါးပါးဟူ၍လဲ ခေါ်သည်။ ဒီတရားတွေကို ဝိပဿနာရှုရတယ်။ ဒီတရားတွေရှုလို့ရှိရင် "ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်" မမြဲဆင်းရဲသဘောပဲ၊ ဉာဏ်ထဲရှင်းပါလိမ့်မယ်တဲ့။ ဘာပြုတုန်းလို့ဆို ဖြစ်တိုင်းဖြစ်တိုင်း တရားတွေဟာ ရုပ်နာမ်ခွဲလို့ရှိရင် ရုပ်နဲ့နာမ်ချည်းထဲပဲ မှက်စိက မြင်ဆဲခဏ၌ မှက်စိနဲ့အဆင်းကရုပ်၊ မြင်တာသိတာက နာမ်၊ ရှေ့ကခွဲခဲ့ပြီ။ မြင်ဆဲခဏမှာ ရုပ်နာမ်တို့အတူ ကြားဆဲခဏလဲ ဒီအတိုင်းပဲ။ နားနဲ့အသံကရုပ်၊ ကြားတာသိတာက နာမ်၊ နံဆဲခဏ, စားဆဲခဏ အတူတူပဲ။ တွေ့ထိဆဲခဏ၌ ကိုယ်နဲ့အတွေ့ကရုပ်၊ ထိတာသိတာက နာမ်၊ ရှေ့က ခွဲခဲ့ပြီ။ အဲဒီတော့ ရုပ်နာမ်တရားတွေပဲ။

အဲဒီ ရုပ်နာမ်တရားတွေကို အဖြစ်အပျက်လေးတွေသိလာတဲ့အခါမှာ အနိစ္စစသည်ပေါ်လာပြီး ပျောက်သွားလို့ ဒါမမြဲတဲ့တရားပဲလို့ သုံးသပ်ဆင်ခြင်တာ၊ သမ္မသနဉာဏ်၊ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေချည်းထဲပဲ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက် ဘာမှအသုံးကျတဲ့တရားတွေမဟုတ်ဘူး။ ကောင်းတဲ့တရားတွေ မဟုတ်ဘူး။ နှစ်သက်စရာ အားကိုးစရာတရားတွေမဟုတ်ဘူး။ ဆင်းရဲချည်းထဲပဲလို့ သဘောကျတယ်။ ဆင်းရဲဆိုပေမယ်လို့ အခံခက်တဲ့သဘောမဟုတ်ဘူး။ အားကိုးစရာမရှိတဲ့တရားတွေပဲ။ သခ်ါရဒုက္ခလို့ ခေါ်တယ်။ အဲဒါ မြင်ဖို့ရာအရေးကြီးတယ်။ ဒီဝေဒနာဒုက္ခမြင်တာကတော့ ဒါကတော့ အကောင်းလဲ ရှိတယ်။ အားမကိုးလောက်တာလဲ ရှိတယ်။ ပကတိပုဂ္ဂိုလ်တွေ ဝေဒနာတွေဒုက္ခမြင်နေတာကတော့ အားမကိုးရဘူး။ ဒါကတော့ ခွေးတွေကစပြီးတော့ နာရင်နာမှန်းသိတယ်။

အခုဝိပဿနာရှုရင်း သိတာကတော့ နာရင် နာတာလေးဖြစ်ပျက်တာ၊ ဒီလိုသိတာကတော့ အဖိုးတန်ပါတယ်။ ဒါပေမယ်လို့ အရေးကြီးတာကတော့ သခ်ါရ

http://www.dhammadownload.com

ဒုက္ခမြင်ဖို့ရာ အရေးကြီးတယ်။ ဖြစ်ပျက်သွားလို့ ဆင်းရဲတွေပဲလို့ဆိုတာ မြင်ရမယ်။ သူ့သဘောအတိုင်း သူဖြစ်ပျက်သွားလို့ အနတ္တတရားတွေပဲလို့ မြင်ရမယ်။ ဒီလို ရှုရင်းရှုရင်းနဲ့ သိနေတာ သမ္မသနဉာဏ်သုံးသပ်တယ်။ သမ္မသနဉာဏ်။

သူဟာသူ ပျက်တယ်။ သမ္မသနဉာဏ်ရင့်လာတဲ့အခါ အဖြစ်အပျက်ကလေးတွေ ပိုင်းခြားပြီးတော့ သိလာတယ်။

ဥဒယဗ္ဗယဉာဏ် အဖြစ်အပျက်တွေ နိုင်လာတဲ့အခါကျတော့လဲ အဖြစ်တောင် မထင်တော့ဘူး။ အပျက်ချည်းထဲပဲ မှတ်တိုင်းမှတ်တိုင်းဟာ အပျက်ချည်းတည်းပဲ ထင်နေတာ ဘင်္ဂဉာဏ်၊ မှတ်ရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော ဖြစ်ပြီးရင်း ပျောက်ရင်း၊ ဖြစ်ပြီးရင်း ပျောက်ရင်း။

ဘင်္ဂဉာဏ်ပြီးတော့ နောက်ဘယ၊ ဘေးထင်တာ ကြောက်စရာကောင်း တယ်။ ထင်လာတယ်။ အာဒီနဝ အပြစ်မြင်လာတယ်။ နိဗ္ဗိန္ဒဉာဏ်ဖွင့်လာတယ်။ မပျော်တော့ဘူး။ မကောင်းတဲ့ဟာဆိုတော့ ဘယ်ပျော်တော့မှာတုန်း ကောင်းတယ် ထင်လို့ ပျော်နေတာ။ နိဗ္ဗိန္ဒဉာဏ်ဖွင့်လာတော့ လွတ်မြောက်ချင်တဲ့ မုဉ္စိတုကမျတာ ဉာဏ် ဖြစ်လာတယ်။ လွတ်မြောက်ချင်တော့ လွတ်မြောက်အောင်အားထုတ်တဲ့ ပဋိသခါဉာဏ် ဖြစ်လာတယ်။ ပဋိသခါဉာဏ်က အားထုတ်လို့ရင့်ကျက်လာတဲ့အခါ လျစ်လျူရှုတဲ့ သခါရုပေက္ခာဉာဏ် တစ်ခါဖြစ်လာတယ်။ အဲဒီလို ဝိပဿနာဉာဏ် တွေ အစဉ်အတိုင်း တက်ပြီးဆိုတော့ နောက် အနုလောမဉာဏ်ကနေပြီးတော့ ရုပ်နာမ်သခါရ ငြိမ်းတဲ့တရားကိုတော့ ဟိုဘက်ကမ်းရောက်သွားရမှာ။ ဒီဘက်ကမ်း တရားတွေ ရှုနေရင် ဟိုဘက်ကမ်း သူ့အလိုလိုရောက်ရမှာ။ အဲဒါ အရေးကြီးပါတယ်။

ဒီကနေ့တော့ ဟိုဘက်ကမ်းတော့ မပြောသေးဘူး။ ဟိုဘက်ကမ်းက နောက်နားကျမှပြောရမယ်။ ဒီနေ့တော့ ဒီဘက်ကမ်းတွင်ပဲ။ ဒီဘက်ကမ်းတရားတွေရှု၊ ဒီဘက်ကမ်းတရားတွေမှာ အနိစ္စ, ဒုက္ခ, အနတ္တတွေ ပိုင်ပိုင်နိုင်နိုင်သိရင် ဟိုဘက်ကမ်းကိုရောက်သည်။ ဒါပဲ။ "ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်"၊ ဖြစ်တိုင်းမှတ်ရှု ရုပ်နာမ်စုတွေ ဘယ်လိုကင်းတုန်း။ "မမြဲဆင်းရဲ၊ သဘောပဲ၊ ဉာဏ်ထဲရှင်းတော့သည်" စွဲမှုကင်းပျောက်ရင် "စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ ဆိုက်

http://www.dhammadownload.com

ရောက်နိဗ္ဗာန်ပြည်"၊ စွဲမှုကင်းပျောက်လို့ရှိရင်တော့ ဟိုဘက်ကမ်းနိဗ္ဗာန်ကို ရောက်ပါလိမ့်မည်။ ဒီသုံးပုဒ်ကလေးတော့ ဆိုကြဦးစို့။

"ဖြစ်တိုင်းမှတ်၌ ရွှမ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။"

"မမြဲဆင်းရဲ၊ သဘောပဲ၊ ညက်ထဲရှင်းတော့သည်။"

"စွဲမှုကင်းပျောက်၊ မဝံလမ်းပေါက်၊ ဆိုက်ရောက်နိဗ္ဗာန်ပြည်။"

ဒီဘက်ကမ်းနဲ့တူတဲ့ ဒီဘက်ကမ်းလို့ဆိုရတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတရားသက္ကာယတရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုပါတဲ့။ ဖြစ်တိုင်းမှတ်ရှုလို့ရှိရင်ဖြင့် သက္ကာယရှုပ်နာမ်တရားတွေ စွဲလမ်းမှုတွေ ကင်းသွားပါလိမ့်မယ်။ စွဲလမ်းမှုကင်းလို့ရှိရင် အရိယမဂ်ဉာဏ်တွေပေါ်ပြီးတော့ ဟိုဘက်ကမ်းနိဗ္ဗာန်ကို ရောက်သွားပါလိမ့်မယ်။ အဲဒီလို ဆိုလိုပါတယ်။ ဟိုဘက်ကမ်းရောက်ပုံကတော့ နောက်နားကျမှ ပြောရဦးမယ်။ ဒီကနေ့တော့ ဆောင်ပုဒ်ကလေးဆိုပြီးတော့ သိမ်းကြဦးစို့။

မြွေလေးကောင်ကား (လ) ကယ်သူကား၊ ဘုရားမြတ်ပေတည်း။

ဤ အာသီဝိသောပမသုတ္တန်တရားတော်ကို ရှိသေစွာမှတ်သားကြရသော ဓမ္မသဝဏကုသိုလ်ကံတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ် သူတော်ကောင်းအပေါင်းတို့သည် ဤသို့ ဒေသနာ၌လာသည့်အတိုင်း သိသင့်သိထိုက်သော တရားတို့ကိုသိအောင် ရှုမှတ်အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

× × × × ×

http://www.dhammadownload.com

အာသီဝိဒေသနာပမာသုတ်

တရားတော်

၁၃၂၈-ခု၊ ဝါခေါင်လကွယ်နေ့ ဟောကြားတော်မူသည်။

ရှစ်တန်မဂ္ဂင် ဖောင်ဖွဲ့ဆင်

အာသီဝိသောပမသုတ် နောက်ဆုံးပိုင်း ရောက်နေပါပြီ။

မြွေလေးကောင်ကား (လ) သုံးစုံဓားပြ၊ ဝင်လာကြ၍၊ ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍။

မဂ္ဂင်ရှစ်ပါးဖောင်ဖွဲ့ပုံပြီးခဲ့တဲ့သီတင်းက အဲဒီလို ရောက်သွားပါပြီ။ မြွေထိန်းယောကျ်ား၊ မြွေကြီး ၄-ကောင်မှ လွတ်ကင်းအောင်လို့ထွက်ပြေး၊ မြွေကြီး ၄-ကောင်ကလည်း နောက်ကလိုက်တယ်။ နောက်ဘုရင်မင်းမြတ်က တွေ့ရာဖမ်းပြီးသတ်ဖို့ရာ သူ့ရန်သူကြီး ၅-ယောက်ကိုလဲပဲ အမိန့်ပေးပြီးတော့ လွတ်လိုက်လို့ ရန်သူကြီး ငါးယောက်ကလဲပဲ လက်နက်တွေစွဲကိုင်ပြီးတော့ လိုက်တယ်။ သူ့ရဲ့အင်မတန်ရင်းနှီးတဲ့ ငယ်သူငယ်ချင်းကလဲပဲ ဘုရင်မင်းမြတ်က အမိန့်ပေးလိုက်လို့ သူကလဲပဲ ဓားကိုင်ပြီးသကာလ တွေ့ရာသတ်ဖို့ရာ လိုက်တယ်။ ထွက်ပြေးတော့ နောက်ရွာပျက်ကုန်းရောက်တယ်။ ရွာပျက်ကုန်းမှာလဲ ဓားပြကြီး ၆-ယောက်ကဝင်လာလို့ ထွက်ပြီးတော့ပြေးရတယ်။ ဓားပြကြီး ၆-ယောက်က နောက်ကလိုက်လျက်၊

http://www.dhammadownload.com

ရန်သူကြီး ၅-ယောက်ကလဲ နောက်ကလိုက်လျက်၊ မိတ်ဆွေဖြစ်တဲ့ ရန်သူကလဲ နောက်ကလိုက်လျက်၊ ဓားပြကြီး ၆-ယောက်ကလဲနောက်က ၊ အဲဒီလို လိုက်တော့ ကြောက်တာနဲ့ အတင်းပြေးတော့ ရေပြင်ကျယ်ကြီးကိုရောက်သွားတယ်။ အဲဒီ ရေပြင်ကျယ်ကြီး ရောက်သွားတဲ့အခါကျတော့ ဟိုဘက်ကမ်းကူးဖို့ရာ တံတားကလဲ မရှိ လှေကလဲမရှိ ဖောင်လဲမရှိ ဘာမှလဲမရှိတော့ ရသမျှ မြက်, သစ်ခက်, ဝါး, သစ်သား ရသမျှတွေ စုဆောင်းပြီးတော့ ဖောင်ကလေးလုပ်ပြီး ဖွဲ့ပြီးတော့ ကူးရတယ်တဲ့။ အဲဒီရောက်သွားပြီ။ အဲဒီ ဖောင်ကလေးဆိုတာ ဘာတုန်းဆိုရင် မဂ္ဂင်ရှစ်ပါးပဲတဲ့။

ဘေးရန်ထူပြောမ်း ဒီဘက်ကမ်း

"ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍"၊ ဒီဘက်ကမ်းမှာနေလို့ရှိရင် နောက်ကလိုက်လာတဲ့ ဘေးရန်အန္တရာယ်တွေနဲ့ မလွတ်နိုင်ဘူး။ မြွေကြီး ၄-ကောင်ဆိုတဲ့ ဓာတ်ကြီး ၄-ပါးကလဲပဲ ကိုယ်ထဲရှိနေတာပဲ။ ရန်သူကြီး ၅-ယောက်ဆိုတဲ့ ခန္ဓာငါးပါးကလဲ ဒီကိုယ်ထဲတွင်ရှိနေတာပဲ၊ သူသတ်သမားကြီး ၅-ယောက်။ ကိုယ့်အတွင်း သားဖြစ်တဲ့ မိတ်ဆွေဖြစ်တဲ့ ရန်သူဆိုတာကလဲပဲ နန္ဒိရာဂဆိုတာ ကိုယ်ထဲတွင် ရှိနေတာပဲ။ ဓားပြကြီး ၆-ယောက်ဆိုတာလဲ တခြားမှာမဟုတ်ဘူး။ ဒွါရ ၆-ပါးမှာ ကျလာတဲ့ အာရုံ ၆-ပါးတွေပဲ။ ဒါတွေကလဲ အမြဲတမ်းကျရောက်နေတာပဲ။ ဒီဘက်ကမ်းမှာ နေရင်တော့ ဒီဘေးရန်တွေနဲ့ တွေ့နေရမှာပဲ။

ဒီဘေးရန်တွေလွတ်တာက ဘယ်မှာတုန်း။ ဟိုဘက်ကမ်းရောက်မှ၊ ဟိုဘက်ကမ်းဆိုတာ ဘာလဲဆိုတော့ နိဗ္ဗာန်ပဲတဲ့။ နိဗ္ဗာန်ရောက်မှ ဓာတ်ကြီး ၄-ပါးလဲပဲ မရှိဘူး။ ခန္ဓာငါးပါး သူသတ်သမားတွေလဲပဲ မရှိဘူး။ နိဗ္ဗာန်ရောက်တော့ အေးသွားတယ်။ နန္ဒိရာဂခေါ်တဲ့ အတွင်းရန်သူလဲပဲ မရှိဘူး။ ဓားပြကြီး ၆-ယောက်ဆိုတဲ့ အာရုံ ၆-ပါးတရားတွေလဲ မနှိပ်စက်နိုင်တော့ဘူး။ နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းရောက်မှဖြစ်မယ်တဲ့။ ဒါကြောင့် ဟိုဘက်ကမ်းကိုကူးဖို့ရာ ဖောင်ဖွဲ့ဆင်ရမယ်တဲ့။ ဖောင်ဖွဲ့ရမယ်။ ဖောင်ဆိုတာ ဘာလဲဆိုတော့ အဲဒီမဂ္ဂင်ရှစ်ပါးတရား။

http://www.dhammadownload.com

ယုံကြည်မှု သဒ္ဓါတရားအရေးကြီး

အဲဒီ မဂ္ဂင်ရှစ်ပါးတရားတည်းဟူသောဖောင်ကို ဖွဲ့တဲ့အခါ သန်ဖို့လိုတယ်။ လက်လဲသန်ဖို့ လိုတယ်။ ခွန်အားဗလလဲ ပြည့်စုံဖို့ရာလိုတယ်တဲ့။ ဟုတ်တယ်။ ဒီဟာလိုတယ်ပြောခဲ့ပြီ။ အဲဒီအထဲမှာ လက်ဆိုတာက သဒ္ဓါတရား၊ ယုံကြည်မှု အရေးကြီးတယ်။ မြတ်စွာဘုရားလက်ထက်ကလဲပဲ မြတ်စွာဘုရားတရားနာပြီး ကျွတ်တမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲပဲ ယုံကြည်လို့ပဲ ကျွတ်တမ်းဝင်တာ။ မယုံတဲ့ ပုဂ္ဂိုလ်တွေ ဘုရားလက်ထက်ကလဲ တစ်ပုံကြီးပဲ။ ပုရာဏကဿပ, မက္ခလိ ဂေါသာလ အစရှိတဲ့ တပည့်ကြီးတွေက ဘုရားကို သူတို့ဘာမှ မယုံကြည်ဘူး။ အထင်အမြင်မကြီးဘူး။ သာမန်လူတစ်ယောက်အနေနဲ့ပဲ အောက်မေ့တာပဲ။ အခုကာလလဲပဲ ဒီလိုပဲ။ ဗုဒ္ဓဘာသာမဟုတ်တဲ့ အပြင်ဘက်ကပုဂ္ဂိုလ်တွေ အမြင်နဲ့ကြည့်လိုက်ရင် ဗုဒ္ဓဘာသာရဲ့ အထွက်အထိပ်ဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားဟာ သာမန်လူတစ်ယောက်အနေပဲ သူတို့မြင်တာပဲ။ ဘာမှ လေးလေးစားစား ယုံကြည်မှုမရှိဘူး။

အဲဒီ မယုံကြည်တဲ့ပုဂ္ဂိုလ်တွေက ယုံမှမယုံဘဲ။ ဘုရားစကားကို လိုက်နာပြီးတော့ သူတို့မကျင့်ဘူး။ မကျင့်တော့ သူတို့မှာဖြစ်သင့်ဖြစ်ထိုက်တဲ့ ကုသိုလ်တရားတွေလည်း မဖြစ်ဘူး။ မဂ္ဂင်ရှစ်ပါးတရားတွေဆိုတာ ဝေးရောပဲ။ ဘယ်ဖြစ်လိမ့်မှာတုန်း၊ အဝေးကြီး အဲဒါယုံကြည်တဲ့ သဒ္ဓါတရားက အရေးကြီးတယ်။ ဘုရားပရိနိဗ္ဗာန် စံပြီးတဲ့နောက်လဲပဲ ဒီအတိုင်းပဲ။ မြတ်စွာဘုရားရဲ့ တပည့်သားဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ဟောကြားတဲ့တရားတွေ ယုံကြည်တဲ့ပုဂ္ဂိုလ်တွေ ကျင့်ကြပြီးတော့ ကျွတ်တမ်းဝင် ကုန်ကြတာပဲ။ ခုနေ အခါကာလလဲဒီအတိုင်းပဲ။ မြတ်စွာဘုရားဟောကြားတဲ့ တရားတွေ ဘုရားလဲ ယုံကြည်ရမယ်။ တရားလဲ ယုံကြည်ရမယ်။ သံဃာလဲ ယုံကြည်ရမယ်။ မိမိတို့ကျင့်တဲ့ မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်ကိုလဲ ယုံကြည်ရမယ်တဲ့။ စောစောကတည်းက ယုံကြည်ရတယ်။

တချို့က ဟောကြတယ်။ ယုံတယ်ဆိုတာကတော့ ဒါကမျက်စိမှိတ်ပြီးတော့ မယုံနိုင်ဘူးတဲ့။ တချို့က ဒီလိုလဲ ပြောတယ်။ ကိုယ်တိုင်တွေ့ပြီးမှ ယုံကြည်နိုင်မယ်လို့ပြောတယ်။ ကိုယ်တိုင်တွေ့ပြီးမှ ယုံကြည်ရတာလဲ ရှိတယ်။ မတွေ့ခင်

http://www.dhammadownload.com

စောစောကနေပြီး ယုံကြည်ရတာလဲ ရှိတယ်။ ၂-မျိုးရှိတယ်။ မတွေ့ခင် စောစော က ဘယ်လိုဟာယုံကြည်ရလဲဆိုရင် အခုလောကထဲလဲ မတွေ့ခင်ယုံကြည်ရတာလဲ ရှိပါတယ်။ ကိုယ်မရောက်ဖူးတဲ့ အရပ်တွေ ခရီးသွားကြတယ်။ ခရီးသွားတော့ ရောက်ဖူးတဲ့သွားဖူးတဲ့ပုဂ္ဂိုလ်တွေက ပြောတယ်။ ဒီလမ်းက ဒီလိုသွားရတယ်။ ဒီလိုသွားရင် ဒီရောက်တယ်။ ဥပမာ ရထားနဲ့သွားရတယ်၊ မော်တော်ကားနဲ့ သွား ရတယ်၊ သင်္ဘောနဲ့သွားရတယ်၊ လှေနဲ့သွားရတယ်၊ လေယာဉ်ပျံနဲ့သွားရတယ် စသည်ဖြင့် သူလမ်းခရီးမှာရှိတဲ့ ယာဉ်ရထားတွေက ညွှန်ကြားတယ်။ သို့မဟုတ် လဲပဲ လမ်းလျှောက်ပြီးတော့သွားရတယ်။ ဒီလမ်းအတိုင်းသွား၊ ဒီကနေပြီးတော့ ဘယ်သွား၊ ဘယ်လောက်ရောက်တဲ့အခါကျတော့ ဘယ်ရွာတွေ့လိမ့်မယ်၊ ဘယ် လမ်း တွေ့လိမ့်မယ်၊ အဲဒီကနေပြီးတော့ ဘယ်ဘက်ကိုသွားစသည်ဖြင့် ရောက်ဖူး သွားဖူးတဲ့ပုဂ္ဂိုလ်က ညွှန်ကြားရင် အဲဒီဥစ္စာယုံကြည်ရတယ်။ ကိုယ်မသွားဘူးတာနဲ့ ကိုယ်မရောက်သေးတာနဲ့ မယုံဘဲနေရင် အဲဒီပုဂ္ဂိုလ်က သူသွားချင်တဲ့နေရာကို မရောက်တော့ဘူး၊ မရောက်နိုင်တော့ဘူး။

ဒီကနေပြီး မန္တလေးသွားချင်တယ်ဆိုရင် ရထားစီးသွားရမယ်ဆိုတာ သွားဖူး တဲ့ပုဂ္ဂိုလ်ကပြောတော့ ယုံရတာပဲ။ သူများတွေလဲ သွားနေတော့ သူဟာရောက် လောက်တယ်ဆိုတာ ခန့်မှန်းနိုင်တယ်။ သင်္ဘောလမ်းက သွားချင်လို့ရှိရင်လဲ သင်္ဘောခရီးက သွားရင်လဲ ရောက်တယ်ဆိုလဲ ယုံကြည်ရတာပဲ။ ကိုယ် မရောက်ဖူး သေးတာနဲ့ သူများပြောတာ မယုံကြည်သေးပါဘူး။ မယုံနိုင်ပါဘူးဆိုပြီးတော့ မယုံပဲနေရင် အဲဒီပုဂ္ဂိုလ်ကတော့ သွားဖြစ်တဲ့ခရီးကိုမရောက်ဘူး။ အဲဒါ စောစောက နေပြီးတော့လဲ ယုံကြည်ထားရတယ်။ ယုံကြည်ပြီးတော့ သွားလဲသွားရတယ်။ သွားပြီးတော့ ဟိုရောက်တဲ့အခါကျမှ ကိုယ်ရောက်ချင်တဲ့နေရာ ဟုတ်သလား မဟုတ်သလား စုံစမ်းပေါ့။ ဟုတ်လို့ရှိရင် ဒါယုံကြည်ရမှာပေါ့။ ငါ လာခဲ့တဲ့လမ်း မှန်တယ်။ ဟိုပုဂ္ဂိုလ်တွေ ဟိုပုဂ္ဂိုလ်တွေ ညွှန်ကြားလိုက်တဲ့ ခရီးလမ်းဟာလဲ မှန်တယ်လို့ သေသေချာချာယုံကြည်ပြီး ဆုံးဖြတ်ရမယ်။ တွေ့တဲ့အခါကျတော့ မတွေ့ခင်ကလဲပဲ အသင့်ယုတ္တိရှိတဲ့ဥစ္စာဆိုတာယုံရတယ်။ ယုံမှ ဖြစ်တယ်။

http://www.dhammadownload.com

ဖြစ်တိုင်း လိုက်ရှု မြင်သိမယ်

မြတ်စွာဘုရားဟောကြားထားတယ်။ မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးတရား တွေကျင့်လို့ရှိရင် အိုခြင်း, နာခြင်း, သေခြင်းကင်းတဲ့ နိဗ္ဗာန်တရားတွေ့တယ်လို့ ဟောထားတယ်။ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်ဆိုတဲ့ မဂ် ၄-ပါး ဖိုလ် ၄-ပါးကိုရတယ်လို့ ဟောထားတယ်။ ဒီတော့ ဟောထားတဲ့အတိုင်းဟာ ဟုတ်သလား မဟုတ်သလားစဉ်းစားကြည့်ပေါ့။ စဉ်းစားလို့ရှိရင် ဟုတ်လောက်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ သူဟာသူပေါ်လာပါတယ်။ မဂ္ဂင်ရှစ်ပါးတရားတွေဆိုတာ ကျင့်လို့ရှိရင် ဖြစ်နိုင်တဲ့အဓိပ္ပာယ်တွေပေါ်လာတယ်။ သမ္မာဒိဋ္ဌိအမှန်အတိုင်းမြင်အောင်ဟာ ဘယ်နှယ်လုပ်ရမလဲဆိုတော့ သမ္မာဒိဋ္ဌိ ရှုပ်နာမ်တရားတွေ အမှန်အတိုင်းမြင်အောင်လိုက်ရှုရတာပဲ။ အခုလဲ ဒီလိုပဲ။ ရှုရင် သိတာပဲ။ ဒီတော့ ဒီဥစ္စာဖြစ်နိုင်တယ်ဆိုတာ ယုံကြည်ရမှာပေါ့။ မရှုဘဲနေလို့ရှိရင် ဖြင့် မမြင်ဘူး။ မသိဘူး။ ရှုလို့ရှိရင် မြင်မယ်၊ သိမယ်၊ ဒါယုံကြည်စရာပါပဲ။

ကိုယ်ထဲမှာ ရှုပ်တရားနာမ်တရားတွေဟာ ခဏမစဲဖြစ်ပျက်နေတယ်။ အဲဒီ ဖြစ်ပျက်နေတဲ့တရားတွေကို ဖြစ်တိုင်း ဖြစ်တိုင်းလိုက်ပြီးတော့ ရှုလို့ရှိရင် အမှန် အတိုင်းမြင်တယ်။ သမ္မာဒိဋ္ဌိဖြစ်တယ်။ ရှုပ်နာမ်သဘောတရားတွေဖြစ်ပြီးတော့ ပျက် သွားလိုမမြဘူးဆိုတာလဲ တွေ့ရတယ်။ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲဆိုတာလဲ တွေ့ရတယ်။ သူသဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားတွေ ဆိုတာလဲ တွေ့ရတယ်။ မြတ်စွာဘုရားတရားတော်က ဒီလိုဟောထားတယ်။ အဲဒါ စဉ်းစားကြည့်ပေါ့။ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ ဖြစ်တိုင်း ဖြစ်တိုင်း ရှုပ်နာမ်တွေလိုက်ရှုရင် အမှန်အတိုင်းသိရမှာပေါ့။ ရှုပ်နာမ်တွေက သူဟာဖြစ်ပျက် နေတာပဲ။ အမြဲတည်နေတာမှမဟုတ်၊ ခဏမစဲဖြစ်ပျက်နေတာ၊ ခဏမစဲဖြစ်ပျက် နေတော့ ဖြစ်တိုင်း ဖြစ်တိုင်းစောင့်ပြီးတော့ ကြည့်ရှုနေလို့ရှိရင် ဒီရှုပ်နာမ်တရားတွေ ရဲ့ အဖြစ်အပျက်ကို တွေ့ရမှာပေါ့။ ဘယ်သူကမှ ပြောဟောနေဖို့ရာမလိုဘူး။ ခက်ခက်ခဲခဲ ကြံနေဖို့ရာ မလိုဘူး။ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့သာရှု ရှုလို့ရှိရင် ဖြစ်ပြီးပျောက်သွား ဖြစ်ပြီးပျောက်သွား ဒီတရားဟာမတွေ့ဘဲ မနေဘူး တွေ့ရမှာပဲ။

http://www.dhammadownload.com

ဘယ်သူဖြစ်ဖြစ် ဒီအတိုင်းရှုရင် သူတို့တွေ့ရမှာပဲ။ မတွေ့ဘဲနဲ့ ပုန်းပြီးကွယ်ပြီးတော့ မနေနိုင်ဘူး။ အဲဒီတော့ သမ္မာဒိဋ္ဌိအမှန်အတိုင်း မြင်တယ်ဆိုတာ ဖြစ်နိုင်တယ် ဆိုတာ သဘောပေါက်ဖို့ ယုံကြည်ဖို့ပါပဲ။

စောစောကတည်းက ဒါက တရားအားမထုတ်ခင်ကတည်းက စဉ်းစားကြည့်ရင် ဒီဟာဖြစ်နိုင်တယ်။ ယုံကြည်ဖို့ရာ တချို့၊ အဲဒီ ဘဝနာကမ္မဋ္ဌာန်းတရားတွေ ဟောကြတယ်။ ရုပ်တရား၊ နာမ်တရားတွေဟာ အနိစ္စ, ဒုက္ခ, အနတ္တဖြစ်တဲ့ အကြောင်းတွေ ဟောတယ်။ ဘယ်လိုလုပ်ရမတုန်းဆိုတော့ ရုပ်ကဒီတရား၊ နာမ်က ဒီတရား၊ ဒီလိုဖြစ်တယ်၊ ဒီလိုပျက်တယ်၊ ဒါမှတ်ထား၊ မှတ်ပြီးတော့ အဖန်ဖန်နှလုံးသွင်း ဆင်ခြင်ရမယ် ဟောတာကိုး။ အဲဒါကို စဉ်းစားကြည့်လိုက်လို့ရှိရင် နှလုံးသွင်း ဆင်ခြင်တဲ့အတိုင်း စိတ်ညွတ်တဲ့အတိုင်းတော့ တကယ်ထင်ချင်ထင်မယ်။ တကယ် ဖြစ်ပျက်တဲ့တရား တွေ့ချင်မှတွေ့မှာ၊ ပုံတော်လို့ရှိရင်လဲပဲ တကယ်ဖြစ်ပျက်တဲ့ တရားတွေ့ချင်ရင်လဲ တွေ့သွားမှာပေါ့လေ။ လုံးလုံးမတွေ့ဘူးလို့ တော့ မဆိုနိုင်ဘူး။ စောစောစီးစီးကနေပြီး ရုပ်တရား နာမ်တရားအကြောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ အကြောင်းတွေ သေသေချာချာလေ့ကျက်ပြီးတော့ အဖန်ဖန် နှလုံးသွင်းရမယ်။

သညာပြောင်းလိုက်ရံပဲ

တချို့က ဒီလိုဟောတယ်။ အဲဒါလဲ စဉ်းစားစရာရှိပါတယ်။ တစ်ခါက ဆရာတော်ကြီးတစ်ပါး ဗဟုသုတတွေရှိတဲ့ ဆရာတော်ကြီးတစ်ပါး ဝိပဿနာ အကြောင်းနဲ့ ပတ်သက်ပြီးတော့ တရားဆွေးနွေးရင်း ပြောတာပါပဲ။ တရားဟော တာတော့ မဟုတ်ပါဘူး။ အလွယ်လေးပဲတဲ့၊ သူကပြောတယ်၊ သညာပြောင်းလိုက် ရုံပါပဲတဲ့။ မူလက နိစ္စ, မြဲတယ်လို့ ထင်နေတာ၊ အနိစ္စ, မမြဲဘူးပြောင်းလိုက်ရင်ပြီး တာပဲတဲ့။ သုခချမ်းသာလို့ ထင်နေတာ၊ ဒုက္ခ, ဆင်းရဲလို့ ပြောင်းလိုက်ရင် ပြီးတာပဲ တဲ့။ မူလက အတ္တ, ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ပဲလို့ ထင်နေတာဟာ အနတ္တ, ပုဂ္ဂိုလ်သတ္တဝါအကောင်တွေမဟုတ်ဘူး။ သဘောတရားမျှပဲလို့ သညာပြောင်းလိုက် ရင် ပြီးတာပဲလို့ အဲဒီဆရာတော်ကြီးက အဓိန့်ရှိဖူးပါတယ်။

http://www.dhammadownload.com

အဲဒါဟာ ဘုန်းကြီးကစဉ်းစားတယ်။ သညာပြောင်းရင် သညာဖြစ်မှာပဲ။ ပညာမဖြစ်ဘူး။ ပကတိအနေအားဖြင့် မြင်ရ, ကြားရ, တွေ့ရတဲ့ဥစ္စာတွေဟာ အမြဲတမ်းမြင်နေတယ်။ အမြဲတမ်းကြားနေတယ်။ အမြဲတမ်း တည်နေတယ်လို့ ပကတိပုဂ္ဂိုလ်တွေက ထင်နေတာကိုး။ အဲဒါတွေကို မမြဲဘူး။ မမြဲဘူးလို့ပြောရင် ကိုယ့်ဉာဏ်ထဲက ကိုယ့်စိတ်ထဲက တကယ်ထင်ဖို့ရာအရေးကြီးတာကိုး။ မမြဲဘူးလို့ပြောင်းရမယ်ဆိုလို့သာ အတင်းပြောင်းရတာကိုး။ ကိုယ့်စိတ်ထဲက မထင်တော့ ပါးစပ်က မမြဲဘူး ဆိုလိုက်၊ စိတ်ထဲက မြဲတယ်မြဲတယ်လို့ မြင်လိုက်၊ ဒီလိုဖြစ်နေမှာ ကိုယ်ပိုင်က မဖြစ်လို့ရှိရင် ကိုယ်ကနှလုံးသွင်းတော့ မမြဲဘူး မမြဲဘူးလို့ နှလုံးသွင်း၊ ပကတိအသိကလဲ မြဲတယ် မြဲတယ်လို့ လိုက်ပြီးတော့ငြင်းနေမှာ ထင်ပါတယ်။ သူဟာသိပ်ပြီးတော့ မသေချာပါဘူး။ အဲဒါက သညာပြောင်းတာက မသေချာဘူး။

ကြာကြာကြီးနှလုံးသွင်းပါများတော့ အနိစ္စသညာလဲပဲ တော်တော်တန်တန်ခိုင်မြဲဖို့ရာ အကြောင်းတော့ရှိပါတယ်။ ဒါပေမယ်လို့ ကိုယ်တိုင်တွေ့ ကိုယ်တိုင် သိမဟုတ်တော့ ပျက်သွားနိုင်သေးတာပဲ။ စာတွေကို ကျက်ထားတာလိုပဲ။ ငယ်ငယ် က ကျက်ထားတဲ့ ဥစ္စာတွေများ အင်မတန်ကြေနေတာပဲ။ မမေ့နိုင်ဘူးလို့ အောက် မေ့ရတယ်။ ဒါပေမယ့် မလေ့လာပဲနဲ့ပစ်ထားရင် ကြာတော့မေ့ပါတယ်။ ဒါက ဘာပြု လို့တုန်းဆိုတော့ သညာနဲ့မှတ်ထားတာကိုး။ သညာနဲ့မှတ်ထားတယ်ဆိုတာက သညာနဲ့လေ့လာနေမှ၊ မလေ့လာရင် ပျောက်သွားတယ်။ အဲဒီတော့ အဲဒီလို သညာ ပြောင်းရုံမျှကလေးတော့ မသေချာဘူး။ ပြီးတော့ နောက်တစ်ခုက ပထမကတည်း က အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲလို့ စိတ်ကညွတ်ညွတ်ပြီးတော့ယူလို့ရှိရင် ကိုယ့်ဟာ ကိုယ် လုပ်ယူတာကိုး။ ကိုယ်က ဉာဏ်မသင့်ဘဲနဲ့ အနိစ္စမထင်ဘဲနဲ့ အနိစ္စနှလုံး သွင်းယူ၊ ဒုက္ခမထင်ပဲနဲ့ ဒုက္ခနှလုံးသွင်းယူဆိုတော့ ဒီဥစ္စာတွေက သဘာဝ သိပ် မကျဘူး။

ဗုဒ္ဓဘာသာမဟုတ်တဲ့ အပြင်ဘက်က ဘာသာခြားပုဂ္ဂိုလ်တွေက ပြောကြတယ်။ ဗုဒ္ဓဘာသာတွေဟာ သူတို့အနိစ္စ, ဒုက္ခ, အနတ္တတွေ နှလုံးသွင်းတယ်။ အနိစ္စ, ဒုက္ခ, အနတ္တတွေ ထင်တယ်ဆိုတာ ဟုတ်မှာပေါ့တဲ့။ ဘာပြုလို့တုန်းဆိုတော့ အစကတည်းက ဒီအတိုင်းထင်ပြီး နှလုံးသွင်းတာကြာတော့ နှလုံးသွင်းစိတ်ထဲကထင်

http://www.dhammadownload.com

တာပဲ။ တကယ်သိတာမဟုတ်ဘူးဆိုပြီးတော့ အဲဒီလိုအပြင်ဘက်က ပုဂ္ဂိုလ်တွေကလဲ ပြောကြပါတယ်။ အဲဒီတော့ စိတ်ညှတ်ရုံကလေးကတော့ သိပ်ပြီးတော့ မသေချာဘူး။ သူက ကိုယ်တိုင်သိဖို့ရာ အရေးကြီးတယ်။

ဖြစ်တိုင်းရှုရုံဆာရှုပါ

အခု သတိပဋ္ဌာန်ဒေသနာတော်နည်းအရ ဒီမှာတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ စိတ်ညှတ်ဖို့ရာမဟုတ်ပါဘူး။ ဆရာတွေကပြောထားရတယ်။ ရုပ်နာမ်ဆိုပြီးတော့ စိတ်မညှတ်နဲ့နော်။ ဒါက ရုပ်လား၊ နာမ်လား သွားစဉ်းစားမနေနဲ့၊ ရုပ်ပဲ၊ နာမ်ပဲဆိုပြီး သွားနှလုံးသွင်းမနေနဲ့။ ဒါဖြစ်တာလား ပျက်တာလားဆိုပြီး နှလုံးမသွင်းနဲ့။ ဖြစ်တယ်ပျက်တယ်ဆိုပြီးတော့လဲ နှလုံးမသွင်းနဲ့။ သူက ဖြစ်တိုင်း ဖြစ်တိုင်း ရှုမြဲတိုင်း ရှုပါ၊ ရှုရုံကလေးသာရှုပါ၊ ဘာမှနှလုံးမသွင်းပါနဲ့၊ သူဖြစ်တဲ့အတိုင်း လောကပြောရိုးဆိုစဉ်အတိုင်း ဖြူရင်ဖြူတဲ့အတိုင်း၊ မည်းရင်မည်းတဲ့အတိုင်း ဆိုတာကိုပဲ။ သူဖြစ်ပေါ်လာတဲ့တရားတွေ ဖြစ်တဲ့အတိုင်းပဲရှုနေပါ။ ကမ္မဋ္ဌာန်းဆရာများက ဒီလိုဟောထားရမယ်။ ညွှန်ကြားထားရတယ်။ ညွှန်ကြားထားတဲ့အတိုင်း ဖြစ်ခိုက်ကလေး လိုက်ရှုရတယ်။ ဘာမှ နှလုံးမသွင်းရသေးဘူး။ ရှုခါစ ဆိုရင်ဖြင့် ဘာမှ သိပ်ပြီးတော့တောင် မသိဘူး။

သို့သော်လဲ သုတမယညာဏ် ဖြစ်သင့်သလောက်ဖြစ်အောင် နည်းနည်း တော့ ပြောထားရတယ်။ ကိုယ်ထဲမှာ ရုပ်နာမ်နှစ်ပါးသာရှိတဲ့အကြောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောတရားမျှရှိတဲ့အကြောင်း၊ ဒုက္ခသစ္စာတရားတွေ သမုဒယသစ္စာတရားတွေသာ ရှိတဲ့အကြောင်း၊ ဒါတွေကို ပြောထားရတယ်။ ဒါလောက်ကတော့ သာမညတော့သိရတယ်။ စောစောက ရုပ်နာမ်မျှပဲ။ အနိစ္စ, ဒုက္ခ, အနတ္တပဲလို့ မထင်သေးပေမယ့်လို့ ကိုယ်ထဲမှာရုပ်နာမ် ၂-ပါးမျှသာရှိတယ်။ အနိစ္စ, ဒုက္ခ, အနတ္တ မျှသာရှိတယ်။ မြဲတည်နေတာမရှိဘူး။ ပုဂ္ဂိုလ်သတ္တဝါရယ်လို့တော့ မရှိဘူးဆိုပြီး ဒါလောက်တော့ သိထားဦးမှ။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိဖြစ်ပုံ

ဒါကြောင့် ဒီသမ္မာဒိဋ္ဌိဖြစ်ပုံက -

ဒုက္ခေ ညာဏံ ဒုက္ခသမုဒယေ ညာဏံ ဒုက္ခနိရောဓေ ညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ညာဏံ။

လို့ တစ်နေ့ကဟောခဲ့တဲ့ သမ္မာဒိဋ္ဌိဉာဏ် ၄-ပါးဖြစ်ပုံ၊ သစ္စာလေးပါးနဲ့ ဝေဖန်ပြီး ဟောတယ်။

မဂ္ဂ, နိဗ္ဗာဝသစ္ဆာရအောင် အားထုတ်ကြ

အဲဒီထဲမှာ နိဗ္ဗာဝသစ္ဆာ၊ မဂ္ဂသစ္ဆာဆိုတာ လောကုတ္တရာသစ္ဆာတွေပဲ။ ဒီသစ္ဆာတွေကတော့ စောစောကတည်းက မသိနိုင်ဘူး။ စိတ်ညွှတ်ရုံမျှပဲ။ နိဗ္ဗာဝသစ္ဆာဆိုတာဟာ နိဗ္ဗာန်တရား၊ **ဣဒ္ဓံ တန္တံ မနာပံ၊ ဣဒ္ဓံ၊** အလိုရှိအပ်တဲ့တရား။ **တန္တံ၊** နှစ်သက်အပ်တဲ့တရား။ **မနာပံ၊** မြတ်နိုးအပ်တဲ့ တရားပဲ။ ကောင်းတဲ့တရားပဲလို့ ဆိုလိုပါတယ်။ မဂ္ဂသစ္ဆာဆိုတာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသိတဲ့ အရိယမဂ္ဂသစ္ဆာတရား၊ ဒါလဲ (ဣဒ္ဓံ ကန္တံ မနာပံ) အလိုရှိအပ်တဲ့တရား၊ နှစ်သက်အပ်တဲ့တရား၊ မြတ်နိုးအပ်တဲ့တရားပဲလို့ စောစောကနေ ဒီလိုသိထားရမယ်။ အဲဒီလိုသိပြီးတော့ (ဣဒ္ဓံ ကန္တံ မနာပံ) ဖြစ်တဲ့ မဂ္ဂသစ္ဆာ မိမိသန္တာန်ဖြစ်အောင် နိဗ္ဗာဝသစ္ဆာကို မျက်မှောက်တွေ့ရအောင် အဲဒီလိုလောက်စိတ်ညွှတ်ပြီး သကာလအားထုတ်ရမယ်တဲ့။ စိတ်ညွှတ်ဆိုတာ တမင်တကာပို့ရမှာမဟုတ်ပါဘူး။

အဲဒီနိဗ္ဗာဝသစ္ဆာ မဂ္ဂသစ္ဆာတွေ မျက်မှောက်ပြုနိုင်တဲ့နည်းလမ်း ကျင့်ရမှာပါပဲ။ ဘာလို့တုန်းဆိုလို့ရှိရင် အခု အလုပ်လုပ်ကြသလိုပဲ။ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ နေ့စားနဲ့အလုပ်လုပ်ရတဲ့ပုဂ္ဂိုလ် တစ်နေ့ကို ၅-ကျပ်ရတယ်ဆိုပါတော့၊ အဲဒီငွေ ၅-ကျပ်ရဖို့ရာ သူကစိတ်ညွှတ်ပြီးတော့ အလုပ်လုပ်ရတာ။ အလုပ်လုပ်နေတဲ့အခါ ၅-ကျပ်ကလေးရပါစေလို့ ဆိုနေရတာမဟုတ်ပါဘူး။ ၅-ကျပ်ရပါစေလို့ စိတ်ကလဲ ညွှတ်မနေရပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကလေးတွေလုပ်၊ အချိန်ကုန်တဲ့အခါကာလကျတော့ ၅-ကျပ်ရမှာပဲ။ ၁၀-ရစရာအလုပ်ကို လုပ်လို့ရှိရင် လဲပဲရမယ့် ၁၀-ကို စိတ်ညွှတ်ပြီးတော့ ဒါကလေးရချင်တာနဲ့ အလုပ်ဝင်လုပ်ရတယ်။

http://www.dhammadownload.com

ပင်ပင်ပန်းပန်းတွေလဲ လုပ်ရတယ်။ လုပ်နေတဲ့အတွင်းမှာတော့ စိတ်က မညွတ်ရပါဘူး။ ၁၀-ရပါစေ၊ ရပါစေလို့ စိတ်ထဲက အောက်မေ့မနေရပါဘူး။ ဒါဂရုစိုက်နေဖို့ မလိုပါဘူး။ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ကလေးတွေကို တာဝန်ကျေအောင် လုပ်ရုံပဲ။ လုပ်လို့အခြံနှံကုန်တဲ့ အခါကာလကျလို့ရှိရင် ရသင့်ရထိုက်တဲ့ ငွေ ၁၀-သူရမှာပဲ။

အဲဒါလိုပဲ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာစိတ်ညွတ်ပြီးတော့ အားထုတ်ရတယ်ဆိုတာ ဒီနိရောဓသစ္စာ၊ မဂ္ဂသစ္စာကိုရစေနိုင်တဲ့ အကျင့်လမ်းတွေကို အားထုတ်ရတာပါပဲ။ အားထုတ်တဲ့အခါကာလမှာ ရပါစေ၊ ရပါစေ၊ နိရောဓမဂ္ဂတွေကိုစိတ်ညွတ်ပြီး တမင်တကာပို့နေရတာမဟုတ်ပါဘူး။ ရစေနိုင်တဲ့အလုပ်ကို နည်းလမ်းမှန်အတိုင်း အချိုးတကျလုပ်သွားရင် ပြီးတာပါပဲ။ ဒါကြောင့် နိရောဓသစ္စာ၊ မဂ္ဂသစ္စာတွေကတော့ စိတ်ညွတ်ရုံမျှပဲတဲ့။

ဒုက္ခနှင့် သမုဒယကို ရှု

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုရှုရတယ်တဲ့။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာတွေ၊ ဒုက္ခသစ္စာတွေဆိုတာ ဘာတုန်းဆိုတော့ တစ်နေ့က ခဏခဏလဲ ဟောခဲ့ပါပြီ။ ဥပါဒါနက္ခန္ဓာတရားတဲ့။ သက္ကာယနဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတရားပဲတဲ့။ အဲဒါတွေက ဘယ်မှာရှိတာတုန်းဆိုရင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, စိတ်ကူးစဉ်းစားကြံစည်တိုင်း ဒွါရ ၆-ပါးမှာ မမြဲတမ်းပြနေ၊ ဖြစ်နေတဲ့တရားတွေပဲတဲ့။ ဒီတရားတွေခဏမစဲ ဖြစ်နေတဲ့တရားတွေ၊ အဲဒီတရားတွေကိုရှုပါတဲ့။ ဒါတွေရှုရမှာ၊ ဒါတွေဒုက္ခသစ္စာတရားတွေ မရှုရင်မသိဘူး၊ ရှုရင်သိမယ်။

အဲဒီ ဒုက္ခသစ္စာတရားတွေကိုပဲ ကောင်းတယ်လို့ ထင်ပြီးတော့ သာယာနှစ်သက်တဲ့သဘောက သမုဒယသစ္စာပဲတဲ့။ မြင်ရတာကောင်းတယ်ထင်ပြီး သာယာနှစ်သက် သဘောကျတယ်။ ကြားရတာကောင်းတယ်ထင်ပြီး သာယာနှစ်သက် သဘောကျတယ်။ နံရ စားရတာတွေ ကောင်းတယ်ထင်ပြီး သာယာနှစ်သက်သဘောကျတယ်။ တွေ့ထိရတာတွေ အတွေ့အထိအမျိုးမျိုးတွေ ကောင်းတယ်ထင်ပြီး သာယာ

http://www.dhammadownload.com

သဘောကျတယ်။ နံရစားရတာတွေ ကောင်းတယ်ထင်ပြီး သာယာနှစ်သက် သဘောကျတယ်။ တွေ့ထိရတာတွေ အတွေ့အထိအမျိုးမျိုးတွေ ကောင်းတယ်ထင် ပြီး သာယာနှစ်သက် သဘောကျတယ်။ ကွေးရ, ဆန့်ရ, ထိုင်ရ, ထရ, သွားရ, လာရ, ရပ်ရ, ပြုံးရ, ရယ်ရ, ဒီလိုဟာတွေပေါ့လေ။ အကုန်လုံး ကိုယ်အမူအရာတွေ အဲဒါတွေကောင်းတယ်ထင်ပြီး နှစ်သက်သဘောကျတယ်။ စိတ်ကူးစဉ်းစားကြံစည် ရတာတွေ၊ စဉ်းစားကြံစည်ပြီးတော့နေရတာ။ အဲဒါတွေ ကောင်းတယ်ထင်ပြီးတော့ နေရတာ။ အဲဒါတွေကောင်းတယ်ထင်ပြီးတော့ သာယာနှစ်သက်သဘောကျတယ်။ သာယာနှစ်သက်သဘောကျတာက သမုဒယသစ္စာပဲ။ ဒါပဲရှိပါတယ်တဲ့။

သာယာနှစ်သက် သဘောကျတဲ့ သမုဒယသစ္စာနဲ့၊ မြင်တိုင်း ကြားတိုင်း ဖြစ်ပေါ်ပြီးတော့နေတဲ့ ဒုက္ခသစ္စာနဲ့ ဒီဟာ ၂-ခုပဲရှိတယ်တဲ့။ အဲဒီ ဒုက္ခသစ္စာဆိုတာ ဘယ်လိုသဘောတုန်းဆိုလို့ရှိရင် ဒုက္ခသစ္စာဆိုတာ ဖြစ်ပြီးပျက်နေတဲ့တရားတွေ။

ဖြစ်ပျက် အမြဲနိုပ်စက်

အဘိဏှပဋိပီဠနာဒုက္ခာ -

အဘိဏှပဋိပီဠနာ၊ မပြတ်နိုပ်စက်ခြင်းဟူသော အနက်သဘောကြောင့်။ **ဒုက္ခာ**၊ ဆင်းရဲပဲတဲ့။

မပြတ်နိုပ်စက်တယ်။ ဘာက မပြတ်နိုပ်စက်တုန်းဆိုတော့ **(ဥဒယဝယပဋိပီဠနာ)** ဖြစ်မှုပျက်မှုတွေ အမြဲနိုပ်စက်နေတယ်တဲ့။ ဒီတရားတွေဟာ ပကတိပုဂ္ဂိုလ် တွေထင်တာကတော့ မဖြစ်မပျက်ပဲနဲ့ အမြဲတည်နေတယ်လို့ထင်ရတယ်။ မြင်ရတာ မြဲနေသလို၊ ကြားတာမြဲနေသလို၊ နံတာ, စားတာ, တွေ့ထိတာတွေ မြဲနေသလို၊ စိတ်ကူးစဉ်းစားကြံစည်တာတွေ မြဲနေတယ်လို့ထင်ရတယ်။ အမှန်အားဖြင့် ခဏမစဲ ဖြစ်မှုပျက်နေတာတွေ၊ အဲဒီဖြစ်မှုပျက်မှုတွေဟာ ခဏမစဲနိုပ်စက်နေလို့ ဒီတရားတွေ ဆင်းရဲတွေပဲ။ ဘာမှ နှစ်သက်သာယာစရာမရှိဘူး။ ခဏမစဲပျက် ခဏမစဲသေ၊ ခဏမစဲ ပျက်စီးပြီးတော့ သေကြေနေတဲ့သဘောတွေဖြစ်လို့ ကြောက်စရာကောင်းတယ်။ ဒီတရားတွေ အဲဒီလိုကြောက်စရာကောင်းတဲ့အတွက် ဒီဟာ ဒုက္ခသစ္စာ ဆင်းရဲတွေပဲ။

http://www.dhammadownload.com

အဲဒီဒုက္ခသစ္စာတရားတွေ၊ အကြမ်းဖျင်းအားဖြင့် စောစောက ဒါလောက်တော့ သိထားရမယ်။ အဲဒီလို သိပြီးတော့၊ ဖြစ်တိုင်းဖြစ်တိုင်းတွေ ရှုရုံပဲ။ ရှုတဲ့အခါကျတော့ ဒါကဒုက္ခသစ္စာပဲလို့ စဉ်းစားနေဖို့မလိုပါဘူး။ ဖြစ်ပျက်နေတာလဲ စဉ်းစားဖို့မလိုဘူး။ သူသိသင့်တဲ့ အချိန်ကျတော့သိမှာပဲ။ ပထမစခါစကတော့ ဖြစ်တိုင်းဖြစ်တိုင်းလိုက်ပြီးတော့ရှုနေရုံပဲ။ မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးက ပေါ်တိုင်းပေါ်တိုင်းလိုက်ရှုနေရင် ပထမအစဖြစ်ပေါ်တဲ့ တရားကလေးတွေ အမှန်အတိုင်းသိရတယ်။ အတွေ့အထိဆိုပါတော့၊ အတွေ့အထိကနေစပြီးတော့ ရှုရတယ်။ အတွေ့အထိက စပြီးတော့ရှုရတော့ ပထဝီဓာတ်အတွေ့အထိရှိတယ်။ တေဇောဓာတ် အတွေ့အထိရှိတယ်။ ဝါယောဓာတ် အတွေ့အထိရှိတယ်။ ၃-မျိုးရှိတယ်။ ပထဝီဓာတ်အတွေ့အထိဆိုတာ ခက်မာတာတဲ့၊ ကြမ်းတမ်းတာတဲ့၊ နူးညံ့တာတဲ့၊ ချောညက်တာတဲ့၊ ဒါကလေးတွေလဲ ခဏခဏဟောနေရတာပါပဲ။ ဒါပေမယ်လို့ ထပ်ခါထပ်ခါ ပြောမှပဲ နားလည်တယ်။ အဲဒါတွေဟာ အတွေ့အထိတွေဟာ အတွင်းကဖြစ်၊ အပြင်ကဖြစ်၊ အတွေ့အထိတွေရှုတဲ့အခါ ပထဝီဓာတ် တွေ့ထိလို့ရှိရင် ဒီလို တွေ့တာပဲ။ ခက်မာကြမ်းတမ်းတာတွေ့တယ်၊ နူးညံ့တာတွေ့တယ်၊ ချောညက်တာ တွေ့တယ်၊ ပထမတွေ့စက ဒီအတိုင်းပါပဲ။

နောက်တော့မှ ဒါကလက်ပဲ, ခြေပဲ, ခေါင်းပဲ, ကိုယ်ပဲ, ဒါကအသားပဲ၊ ဆံပင်ပဲစသည်ဖြင့် နောက်ဒီဟာတွေကို ရောက်သွားတာ။ အစကတွေ့ခါစ၊ ထိခါစတုန်းကတော့ မာမာကြမ်းကြမ်းတွေ့ရင် မာမာကြမ်းကြမ်းပဲသိတာပဲ။ ညမှောင်ထဲမှာဆိုပါတော့ ညမှောင်ထဲမှာ ကိုယ်မှာလာပြီးတော့ ထိတယ်ဆိုပါတော့။ ကိုယ်မှာလာပြီးတော့ထိလိုက်လို့ရှိရင် မာမာကြမ်းကြမ်းနဲ့ထိရင် မာမာကြမ်းကြမ်းပဲသိမှာပဲ။ တုတ်ကလေးနဲ့လာထိရင် မာတာဖြစ်ရင် မာတာသိမှာပဲ။ အဲဒါတုတ်ပဲ။ ငှဲလာထိတာတုတ်ပဲလို့ ထိထိချင်းမသိသေးပါဘူး။ သူက လူတစ်ယောက်က လက်နဲ့အသာကလေးသွားပြီးတော့ တို့လိုက်တယ်ဆိုရင်ပဲ အဲဒီမာတာတွေ့ရင် မာတာသိမှာပဲ။ ကြမ်းတာတွေ့ရင် ကြမ်းတမ်းတာသိမှာပဲ။ ဒါလက်ပဲ၊ ဒါကလူပဲ၊ ယောကျ်ားလက်ပဲ၊ မိန်းမလက်ပဲ စသည်ဖြင့် မသိသေးပါဘူး။ ပထမစခါစ ထိခါစထိတဲ့သဘောပဲသိပါတယ်။ အဲဒါ သဘောမှန်ကလေးတွေ၊ ပထမရွေးဦးစွာပေါ်လာတယ်။

http://www.dhammadownload.com

ဖြစ်တိုင်းလိုက်ရှုနေ

အဲဒါဖြစ်ခိုက်ကို ရှုမှတ်မယ်ဆိုရင် အဲဒါလောက်ပဲသိတယ်။ ထိသာမှတ်လိုက်ရင် ထိတဲ့သဘောပဲသိတယ်။ ပူတာ, အေးတာ, နွေးတာနဲ့ထိတဲ့အခါ ပူတာ, အေးတာ, နွေးတာပဲသိတယ်။ တောင့်တင်းတာ၊ လှုပ်ရှားတာ, တွေ့ထိတဲ့အခါ တောင့်တင်း လှုပ်ရှားတာ၊ တွန်းကန်တာ၊ ဒါလောက်ပဲသိတယ်။ ဗိုက်က ဖောင်းတာ, ပိန်တာရှု နေလို့ရှိရင် အထူးအားဖြင့် တောင့်တာ, တင်းတာ, လှုပ်ရှားတာ, တွန်းကန်တာ, ဒါတွေပဲ သိနေတာပဲ။ သဘောမှန်ကလေးတွေ စသိတယ်။

နာမ်တရားထဲကဆိုလို့ရှိရင် စိတ်အာရုံဆီသွားတာ။ အာရုံဆီသွားတဲ့သဘောပဲသိတယ်။ သွားတာ သွားတဲ့သဘော၊ နှစ်သက်ရင် နှစ်သက်တဲ့သဘော၊ လိုချင်ရင် လိုချင်တဲ့သဘော၊ သဘောမှန်ကလေးတွေ စပြီးတော့သိတယ်။ ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာ, ဝေဒနာတွေဆိုလို့ရှိရင်လဲ အခံခက်တဲ့သဘော ကလေးတွေ၊ ဒါပဲသိတယ်။ စိုက်ပြီးတော့ရှုလိုက်ရင် သဘောကလေးတွေသိတယ်။ မရှုဘဲနေတဲ့ပုဂ္ဂိုလ်ကတော့ ညောင်းလို့ရှိရင် ငါညောင်းတယ်၊ နာရင်လဲ ငါနာတယ်၊ ဒီလိုထင်နေတာ စိုက်ပြီးတော့ရှုနေတဲ့ပုဂ္ဂိုလ်မှာ အခံခက်တဲ့သဘောလေးတွေပဲ။ ဆက်ခါဆက်ခါ ဖြစ်နေတာတွေ့ရတယ်။ အဲဒီတော့ ပထမစပြီးတော့ ရှုရှုချင်း ဒီသဘောမှန်ကလေးတွေသိပါတယ်။

အသိဉာဏ်တွေက မြန်လာတဲ့အခါကျတော့ အဲဒီဖြစ်ပေါ်တဲ့သဘောလေးတွေ အစနဲ့အဆုံးနဲ့ပိုင်းခြားပြီးတော့ အဖြစ်အပျက်ကလေးတွေသိတယ်။ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးဆိုတာလေးတွေလဲ သိရတယ်။ ဖြစ်ချည်ပျက်ချည်နဲ့ဆင်းရဲချည်းထဲပဲ ဘာမှကောင်းတဲ့တရားတွေ မဟုတ်ဘူးလို့လဲပဲ သိရတယ်။ သူသဘောအတိုင်း သူဟာသူဖြစ်ပျက်နေတာပဲ။ ဖြစ်အောင်လို့လဲ တောင့်တလို့ မရဘူး။ မဖြစ်အောင်လို့လဲ တောင့်တလို့မရဘူး။ ကိုယ့်အလိုအတိုင်း ဘာမှမဖြစ်ဘူး။ သူဟာသူ အသစ်အသစ်တွေ ဖြစ်ဖြစ်ပြီး ပျက်သွားတာချည်းထဲပဲ။

ဥပမာအားဖြင့် အခုလေတွေတိုက်နေတယ်။ ဒီလေတွေလာအောင်လို့ တောင့်တလို့မဖြစ်ဘူး။ မလာပါနဲ့လို့ ဒီလိုပြောလို့လဲ မဖြစ်ဘူး။ တိုက်ပြီးတော့

http://www.dhammadownload.com

လွန်သွားတာတွေမသွားပါနဲ့လို့ တားထားလို့လဲ မရဘူး။ အဲဒါလိုပဲ ကိုယ်ထဲမှာ ရှိနေတဲ့တရားတွေကလဲပဲ ဒီလိုပဲ သူသဘောအတိုင်း သူဟာသူ ဖြစ်ပြီးပျောက်သွားတာပဲ။ အခုလေတွေတိုက်နေတာနဲ့ တော်တော်ကိုတူပါတယ်။ အဲဒီလို သူသဘောအတိုင်းဖြစ်ပျက်နေလို့ အနတ္တတရားပဲဆိုတာ သူဟာသူသိတယ်။ အဲဒီ တော့ တရားအားမထုတ်ခင်ကတည်းက သေသေချာချာစဉ်းစားကြည့်မယ်ဆိုလို့ ရှိရင် ဒီသတိပဋ္ဌာန်နည်းနဲ့ ဖြစ်ခိုက်ဖြစ်ခိုက်ကလေးရှုလို့ရှိရင် သဘောအမှန်ကလေး တွေ့ကန်သိနိုင်တယ်။ ဖြစ်ပြီးပျောက်သွားတဲ့ အစနဲ့အဆုံးလဲ သိနိုင်တယ်။ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူးဆိုတာလဲ ကိုယ်ပိုင်ဉာဏ်နဲ့သိနိုင်တယ်။ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး သိလို့ရှိရင် ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေ မကောင်းတာတွေဘဲဆိုတာ သိနိုင်တယ်။ သူသဘောအတိုင်း သူဖြစ်ပျက်နေလို့ အနတ္တသဘောတရားတွေပဲ ဆိုတာ သိနိုင်တယ်ဆိုတာ စောစောကတည်းကပဲ ယုံကြည်ရတယ်။ သဒ္ဓါတရား ယုံကြည်မှုဟာ အရေးကြီးတယ်။ ယုံကြည်တဲ့ပုဂ္ဂိုလ်တွေအားထုတ်တာ၊ တချို့က မယုံကြည်ဘူး။ မယုံကြည်ရုံတင် မဟုတ်ဘူး။ ဒီလိုအားထုတ်တဲ့ဥစ္စာ မဖြစ်နိုင်ဘူး ဆိုပြီးတော့ အဲဒီလိုဆန့်ကျင်ဘက်တွေ လျှောက်ပြောဟောနေတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတာပဲ။

သတ္တဝါအကျိုးအတွက် ဘုရားပွင့်လာ

ဒီပုဂ္ဂိုလ်တွေကတော့ သူတို့ကတော့ အကုသိုလ်တွေပွားနေတာပါပဲ။ ဘုန်းကြီးက စဉ်းစားကြည့်တယ်။ လောကမှာ -

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သမ္မပါဏိနံ၊

လောကေ၊ လောက၌။ **ဗုဒ္ဓေါ**၊ မြတ်စွာဘုရားသည်။ **သမ္မပါဏိနံ**၊ အလုံးစုံသော သတ္တဝါအပေါင်းတို့၏။ **ဟိတာယ**၊ အကျိုးစီးပွားအလို့ငှာ။ **သမုပ္ပန္နော**၊ ပွင့်ထွန်းပေါ်ပေါက်လာပါပေ၏။

မြတ်စွာဘုရားလောကမှာ ပွင့်ထွန်းလာတယ်ဆိုတာ ဘယ်သူအတွက်တုန်း ဆိုရင် အားလုံးသောသတ္တဝါတွေအတွက်ပဲတဲ့။ လူတွေအတွက်ရော၊ နတ်တွေ အတွက်ရော၊ ဗြဟ္မာတွေအတွက်ရော၊ တိရစ္ဆာန်တွေအတွက်ရော၊ အားလုံးသော

http://www.dhammadownload.com

သတ္တဝါ တွေအတွက်၊ လူထဲကဆိုလို့ရှိရင် အထက်တန်းစားပုဂ္ဂိုလ်တွေအတွက်သာ မဟုတ်ဘူး။ အောက်တန်းစားပုဂ္ဂိုလ်တွေအတွက်သာ မဟုတ်ဘူး။ အားလုံး ပုဂ္ဂိုလ်တွေအတွက်ပဲ၊ အားလုံးသောသတ္တဝါတွေအတွက် ပွင့်လာတယ်။ အဲဒီ အားလုံးသတ္တဝါတွေ ဘာရဖို့ရာလဲဆိုရင် **တိတ္ထိယ**-အကျိုးစီးပွားများဖို့ပဲတဲ့။ အကျိုး စီးပွားများဖို့ရာ ပွင့်လာတယ်တဲ့။ ဟုတ်တော့ ဟုတ်ပါတယ်။ ဘုရားပွင့်လာတာက အကုန်လုံးအတွက် အကျိုးများအောင်လို့ ပွင့်လာတယ်။

ဒါပေမယ်လို့ ဘုရားကိုမကြည်ညိုနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ဘုရား လက်ထက်က ဘုရားကိုမကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ်တွေ၊ ပုရာဏကဿပ၊ မက္ခလိဂေါ သာလ အစရှိတဲ့ပုဂ္ဂိုလ်တွေရော၊ အများကြီးရှိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကတော့ ဘုရားပွင့်လာတာ သူ့ခမြာတွေမှာ အကျိုးစီးပွားမရှိဘူး။ အကုသိုလ်အများကြီး ဖြစ်တယ်။ ဘုရားကတော့ အားလုံးသောသတ္တဝါတွေ အကျိုးများအောင်ပွင့်တယ်။ ဒါပေမယ်လို့ ဘုရားမကြည်ညိုနိုင်တဲ့ပုဂ္ဂိုလ်တွေမှာ အကုသိုလ်ဖြစ်တယ်။ သူတို့ အကျိုးမဲ့ဖြစ်ဖို့ရာ ဘုရားပွင့်လာသလိုဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတယ်။

အဲဒါလိုပဲ၊ အခုမြတ်စွာဘုရားသာသနာမှာလဲပဲ တရားနည်းလမ်းမှန်တွေ ကို ဟောတဲ့ပုဂ္ဂိုလ်တွေကဟော၊ အဲဒီလိုဟောတဲ့ပြောတဲ့ ပုဂ္ဂိုလ်တွေဟာ အားလုံး သော သတ္တဝါတွေအကျိုးများဖို့ရာပဲ။ မြတ်စွာဘုရားတရားတွေကျင့်ပြီးတော့ အကျိုး များဖို့ရာတွေ ဟောတာပဲ။ ဒါပေမယ်လို့ အဲဒါတွေမယုံကြည်တဲ့ပုဂ္ဂိုလ်တွေက တစ်တောင့်တစ်နားကနေပြီးတော့ ဒီလိုဟာမဖြစ်နိုင်ဘူး။ ဟိုလိုဟာ မဖြစ်နိုင်ဘူး စသည်ဖြင့် အဲဒီလိုကဲ့ရဲ့ပြစ်မှားပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီလိုဟာတွေ ရှိသေးတာပဲ။ သူတို့ အကုသိုလ်တွေများနေမှာပဲ။ စဉ်းစားကြည့်ရတာ။

အဲဒီတော့ အဲဒီလိုမယုံကြည်တဲ့ပုဂ္ဂိုလ်တွေဟာ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကြီးကို ဘယ်လိုဖွဲ့နိုင်လိမ့်မှာတုန်း၊ မဂ္ဂင်ရှစ်ပါးဖောင်၊ စဉ်းတောင်မစဉ်းစား ပါဘူး။ သူဒါမဖြစ်နိုင်ပါဘူးဆိုပြီးတော့ နှလုံးတောင်မသွင်းဘူး။ **သဒ္ဓမ္မဝိမုခခေါ်** တယ်။ **သဒ္ဓမ္မ**၊ သူတော်ကောင်းတရားကို။ **ဝိမုခ**၊ မျက်နှာမမူဘဲနဲ့ ကျောပေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ **သဒ္ဓမ္မဝိမုခ**၊ သူတော်ကောင်းတရားနဲ့ မျက်နှာမမူဘဲနဲ့ နောက်ကျောပေး

http://www.dhammadownload.com

နေတဲ့ ပုဂ္ဂိုလ်တွေလို့ခေါ်တယ်။ အဲဒီလို ပုဂ္ဂိုလ်တွေမှာဆိုရင် မဂ္ဂင်ရှစ်ပါးတရား တည်းဟူသော ဖောင်ကြီးကိုမဖွဲ့နိုင်ဘူးတဲ့။ ဒါကြောင့် အဋ္ဌကထာက သဒ္ဓါတရား တည်းဟူသောလက်ဟာ အရေးကြီးတယ်။ သဒ္ဓါတရားတည်းဟူသော လက်ရှိမှ ယုံကြည်မှုပဲဖွဲ့နိုင်မယ်။ ဟုတ်တာပဲ ယုံကြည်မှုဖြစ်မှာ။ ခုနကပြောတဲ့ဥပမာထဲမှာ ခရီးသွားတဲ့ပုဂ္ဂိုလ်တွေဟာ ဒီရထားစီးရင် ဒီနေရာရောက်ပါလိမ့်မယ်လို့ ယုံကြည်မှုပဲစီးမှာ။ မယုံကြည်ရင် မစီးဘူး။ ယုံကြည်လို့စီးမှလဲ ကိုယ်လိုတဲ့ခရီးရောက်မယ်။

သဒ္ဓါ, သီလ, ဝီရိယ ရှိဖို့လို

အဲဒီတော့ သဒ္ဓါတရားတည်းဟူသော လက်ကောင်းရမယ်။ သဒ္ဓါတရား လက်ကောင်းလို့ရှိရင် ခြေလဲ သန်တော့တာပါပဲ။ သီလတည်းဟူသော ခြေ သန်သန် စွမ်းစွမ်းရှိရမယ်။ ပြီးတော့ ဝီရိယတည်းဟူသော ခွန်အားကလဲ ရှိရမယ်။ အလုပ်တစ်ခုလုပ်တယ်ဆိုရင် ခွန်အားရှိမှကိုး။ နေမကောင်းထိုင်မသာဖြစ်ပြီး ချည့်နဲ့နေတဲ့ပုဂ္ဂိုလ် ဘာမှမလုပ်နိုင်ဘူး။ အလုပ်လုပ်ဖို့နေနေသာသာ သူ့ကိုယ်သူတောင်မှ သက်သက်သာသာ မနေနိုင်ဘူး။ အဲဒီတော့ ခွန်အားဗလလဲ ပြည့်စုံဖို့ရာလိုတယ်တဲ့။ မဂ္ဂင်ရှစ်ပါးတရားတည်းဟူသော ဖောင်ဖွဲ့တဲ့ပုဂ္ဂိုလ်ဟာ သဒ္ဓါတရားတည်းဟူသောလက် သန်သန် စွမ်းစွမ်း ရှိရမယ်၊ သီလတည်းဟူသော ခြေသန်သန် စွမ်းစွမ်း ရှိရမယ်၊ ဝီရိယတည်းဟူသော ခွန်အားဗလကြီး ပြည့်စုံရမယ်လို့ အဲဒီလို ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဟာ မဂ္ဂင်ရှစ်ပါးတရားကို ဖောင်ဖွဲ့နိုင်ပါတယ်။

ယခု သာသနာ့ရိပ်သာမှာ လာရောက်ပြီးတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီသဒ္ဓါတရားကလဲ ယုံကြည်လို့၊ အခုလို တရားနာနေတဲ့ ပုဂ္ဂိုလ်တွေဆိုတာ သဒ္ဓါတရားရှိလို့ လာတရားနာတာ။ ယုံကြည်လို့ လာတာ၊ မယုံကြည်တဲ့ပုဂ္ဂိုလ်တွေဟာ လာကိုမလာနိုင်ဘူး။ တရားနာဖို့ကို မလာနိုင်ဘူး။ ယုံကြည်မှ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က ယုံကြည်တဲ့အတွက် တရားနာတယ်။ တရားနာတော့လဲ ပိုပြီးတော့သဒ္ဓါတရားက ယုံကြည်လာတယ်။ မနာရလို့ရှိရင် သိပ်မယုံကြည်ဘူး။ နာရလို့ရှိရင် နည်းနည်းယုံကြည်လာတယ်။ ယုံကြည်လို့တရားနာတော့ ပိုပြီးတော့ သဒ္ဓါတရားဖြစ်တယ်။ သဒ္ဓါတရားဖြစ်တော့ အားထုတ်ချင်တဲ့ ဆန္ဒနဲ့လုံ့လ

http://www.dhammadownload.com

ဝီရိယတွေကလဲ ကောင်းကောင်းလာတယ်။ အဲဒီမှာ တရားအားထုတ်ဖြစ်တာ။ အားထုတ်လိုက်တဲ့ အခါကာလကျတော့လဲ သမာဓိဉာဏ်ကလေးတွေ ရင့်လာလေလေ သဒ္ဓါတရားဖြစ်လေလေပါပဲ။

တချို့ပုဂ္ဂိုလ်တွေ တရားလုပ်ငန်းစဉ်မဝင်ခင်က အပြင်ကနေတော့ သာမန်ခပ်ပေါ့ပေါ့လောက် အောက်မေ့ရတယ်။ တရားဝင်ပြီးအားထုတ်တဲ့အခါကျတော့တွေ့တာကိုး။ တရားက သူက **သန္ဓိဋ္ဌိကော**-ကျင့်ကြံအားထုတ်က မုချကိုယ်တွေ့ဖြင်နိုင်တဲ့တရားတဲ့။ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင်တွေ့တယ်တဲ့။ မကျင့်ရင်တော့ မတွေ့ဘူး။ ကျင့်မှပဲတွေ့တယ်။ ကျင့်ကြည့်လို့ရှိရင် တရားကကိုယ်တိုင်တွေ့ရတယ်။ ဖြစ်တိုင်း ဖြစ်တိုင်းကလေးတွေ လိုက်ပြီးတော့ရှုနေရင် သမာဓိကလေးတွေဖြစ်ပြီးတော့ ဉာဏ်ဖြစ်လာတယ်။ တော်တော်ကြာတော့ ရုပ်တရားနာမ်တရားတွေ ကိုယ်တိုင်တွေ့တယ်။ တခြားတစ်ပါး စိတ်တွေပျံ့လွင့်ပြေးသွားတာကလေးတွေ အဲဒါကလေးတွေလဲ တွေ့ရတယ်။ ဒါလေးတွေ တွေ့ပြီးတော့ ဒါလေးတွေဟာ တော်တော်ကြာတော့ သိလာတယ်။ စိတ်တွေမပျံ့လွင့်ဘူး မှတ်ရတဲ့အာရုံ၊ မှတ်သိတဲ့စိတ်နဲ့ တစ်ခါတည်း လူတစ်ယောက်ကနေပြီးတော့ ဆိုင်ပေးနေသလိုပဲ။ မှတ်စရာအာရုံနဲ့ မှတ်သိတာနဲ့၊ မှတ်စရာအာရုံနဲ့ မှတ်သိတာနဲ့၊ အတွဲလိုက်အတွဲလိုက် ဆင့်ဆင့်ပြီးတော့ ကျလာတယ်။ အဲဒါ **ခဏိကသမာဓိ**တွေ ဖြစ်လာတာ။

ခဏိကသမာဓိ

ရှုမိတဲ့ အာရုံကလေး အခိုက်အတန့် ကပ်ခနဲ ကပ်ခနဲ သိသွားတာ။ အဲဒီ **ခဏိကသမာဓိ**ကလေး ဖြစ်လာတဲ့အခါမှာ သဒ္ဓါတရားတွေ တိုးတက်လာတယ်၊ ယုံကြည်လာတယ်၊ စောစောက ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ဘူး။ အခု တကယ်ဝင်အားထုတ်လိုက်တဲ့အခါကျတော့ ဒါလေးတွေကတွေ့ရတယ်။ ဒါကစိတ်ကူးကြံစည်မှုတွေ မများတဲ့ပုဂ္ဂိုလ်ဆိုလို့ရှိရင် မကြာပါဘူး ၂-ရက် ၃-ရက်လောက်ဆိုရင် တွေ့တယ်။ တစ်ရက်လောက်အတွင်းလဲ တွေ့တာပါပဲ။ ဒီလို အတွေ့တွေပါဦိကလေးကတော့ **ခဏိကသမာဓိ**ကလေးခေါ်တယ်။ တစ်ရက်လောက်အတွင်းလဲ တွေ့တာပဲ။ နာရီပိုင်းလောက်နဲ့လဲ တွေ့တာပဲ။ ကြိုးကြိုးစားစားအားထုတ်၊ ဆရာသမား

http://www.dhammadownload.com

ပြောတဲ့အတိုင်းအားထုတ်၊ ဘာမှစိတ်ကူးမျှားမနေနဲ့၊ အဲဒီလိုဆိုလို့ရှိရင် တစ်ခါတည်း မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်နဲ့ ကိုက်ကိုက်ပြီးတော့ကျနေတဲ့ **ခဏိကသမာဓိ**လေး ဖြစ်လာတယ်။

အဲဒီ **ခဏိကသမာဓိ**လေးဖြစ်လာရင် သဒ္ဓါတရားဖြစ်လာတယ်။ စောစောက ဒါတွေမတွေ့ဘူးတာတွေ တွေ့လာတာကိုးဆိုပြီးတော့ သဒ္ဓါတရားတွေဖြစ်လာတယ်။ တော်တော်ကြာတော့ ရုပ်နဲ့နာမ်ကလေးတွေလဲ ကွဲလာတယ်။ **ခဏိကသမာဓိ**ဖြစ်ရင် မကြာဘူး ရုပ်နာမ်ကလေးတွေ မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်နဲ့ တခြားစီကွဲလာတယ်။ မှတ်ရတဲ့အာရုံရုပ်ကတခြား၊ မှတ်သိနေတဲ့စိတ်ကလေးက တခြား၊ အစတုန်းကတော့ ရုပ်နဲ့နာမ်နဲ့ဟာခွဲလို့မရဘူး။ ပကတိပုဂ္ဂိုလ်တွေမှာ စာသဘောနဲ့ပြောရင်သာ ရုပ်နဲ့နာမ်ကွဲနေတာ။ နှလုံးသွင်းဆင်ခြင်လိုက်လို့ရှိရင်ဖြင့် ရုပ်ကိုယ်ကြီးနဲ့သိတဲ့စိတ်ဟာ တစ်ယောက်တည်းက တစ်ကိုယ်တည်းဖြစ်နေတာ အတူတူပဲဖြစ်နေတယ်။ စာသဘောနဲ့ဆိုရင်တော့ ကွဲတာပဲ။ ဒါပေမယ်လို့ ပကတိအသိနဲ့ ပြန်စဉ်းစားလိုက်တဲ့အခါမှာ ဒီလိုပဲ။ တစ်ကိုယ်တည်းဖြစ်နေတယ်။ ရောနေတယ်။ အဲဒါ**ခဏိကသမာဓိ**လေး ပိုင်ပိုင်နိုင်နိုင်ဖြစ်လာတဲ့အခါကျတော့ မှတ်ရတဲ့အာရုံရုပ်ကတခြား၊ မှတ်သိနေတဲ့စိတ်ကလေးကတခြား၊ ဒါလေး ၂-ခုက ကွဲလာတယ်။ အရေးကြီးပါတယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ရုပ်နဲ့နာမ် ၂-ခုရှိတယ်။ ဒီပြင် ဘာမှမရှိဘူးဆိုတာ ဒီကနေပြီးတော့ ရှင်းလာတာအခြေခံပဲ။ အဲဒီ **နာမရူပ ပရိစ္ဆေဒ**ကလေးက အချိုးကျမှ နောက်ကဉာဏ်တွေကလဲ အမှန်အတိုင်းဖြစ်ရမှာ။ ရှေ့က အချိုးမကျလို့ရှိရင် နောက်ဉာဏ်တွေ တက်ချင်တိုင်းတက်နေ မဖြစ်ပါဘူး။ အဲဒီတော့ ရုပ်နဲ့နာမ်ကလေးပိုင်းခြားပြီးတော့ သိလာတယ်။ အဲဒီရုပ်နဲ့ နာမ်ကလေးတွေ အစဖြစ်ပေါ်လာတာသိတယ်။ ဖြစ်ပြီး ပျက်သွားတာသိတယ်။ အစနဲ့အဆုံး အပိုင်းအခြားကလေးတွေနဲ့သိတာ။ နည်းနည်းလောက် သိလာရင်ကို သဘောပေါက်လာပြီ။ သဒ္ဓါတရားတွေ ဖြစ်လာပြီ။ တိုးတက်လာပြီ။ သဒ္ဓါတရား အားကောင်းလာလေ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကြီးဖွဲ့ဖို့ရာ ပြည့်စုံလေလေပါပဲ။

http://www.dhammadownload.com

အဲဒါကြောင့် တစ်နေ့က မဂ္ဂင်ရှစ်ပါးထဲက **သမ္မာဒိဋ္ဌိ**ဆိုတာ ဖြစ်ပုံတော်တော်လေး ပြောခဲ့ပါပြီ။ **သမ္မာဒိဋ္ဌိ**ဆိုတာ သစ္စာလေးပါးတရားသိတဲ့ဉာဏ်၊ အဲဒီသစ္စာ ၄-ပါးမှာလဲပဲ ဝိပဿနာရှုဆဲမှာဆိုရင်တော့ **ဒုက္ခသစ္စာ**နဲ့ **သမုဒယသစ္စာ**ကိုရှုပြီးတော့ သိတဲ့ဉာဏ်၊ အဲဒါကို ပွားများရတာပဲ။ **နိရောဓသစ္စာ**နဲ့ **မဂ္ဂသစ္စာ**ကိုအာရုံပြုပြီးတော့ သိတဲ့ဉာဏ်ကတော့ မဖြစ်နိုင်ဘူး။ ဒါကတော့ တချို့ပုဂ္ဂိုလ်တွေ နားမလည်တဲ့ ပုဂ္ဂိုလ်တွေကတော့ နိဗ္ဗာန်ကိုအာရုံပြုပြီးတော့ တရားအားထုတ်၊ မဂ်ကိုအာရုံပြုပြီး တရားအားထုတ်၊ ဒီလိုဟာတွေ ပြောဟောလုပ်ကိုင်တဲ့ ပုဂ္ဂိုလ်လဲရှိမှာပေါ့လေ။ သူကနားမှမလည်ပဲ၊ ဒီလိုလုပ်လို့ မဖြစ်ပါဘူး။

ပုထုဇဉ် နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့အချိန်

နိဗ္ဗာန်ဆိုတာက ပုထုဇဉ်ပုဂ္ဂိုလ်အနေနဲ့ အာရုံမပြုနိုင်ဘူး။ အာရုံပြုနိုင်တဲ့အချိန်ကလေးရှိပါတယ်။ ဘယ်အချိန်တုံးဆိုတော့ **အရိယမဂ်**ရောက်ခါနီး **ဝေါတြဿူ**ဆိုတဲ့ စိတ်ကလေးရှိတယ်။ မဂ်ရောက်တဲ့အလှည့်မှာ **ဝီထိစဉ်**အားဖြင့် **ပရိကံ**တဲ့၊ **ဥပစာ**တဲ့၊ **အနုလုံ**တဲ့၊ **ဝေါတြဿူ**တဲ့၊ ရှေ့**ကာမာဝစရစိတ်**က ၄-ကြိမ်ကျတယ်။ **ကာမာဝစရစိတ် ဇောစိတ်** ၄-ကြိမ်ကျတယ်။ အဲဒီ ၄-ကြိမ်ထဲမှာ **ပရိကံ, ဥပစာ, အနုလုံ**ဆိုတာကတော့ ရုပ်နာမ်အဖြစ်အပျက်၊ **အနိစ္စ, ဒုက္ခ, အနတ္တ**ကို အာရုံပြုတယ်။ **ဝေါတြဿူ**ဆိုတာကတော့ **ရုပ်နာမ်သဒ္ဓါရ**တွေချုပ်ပြီးတော့ **နိဗ္ဗာန်**အာရုံထဲကို ပြေးဝင်သွားတယ်တဲ့။ သူက အဲဒီအချိန်ကလေး **ဝေါတြဿူ**စိတ်ကလေးတကြိမ်မှာ **ပုထုဇဉ်အဖြစ်နဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်။** အာရုံပြုတယ်ဆိုပေမယ့်လို့ နိဗ္ဗာန် ဆီကိုညွှတ်ကိုင်းပြီးတော့ သွားတဲ့သဘောကလေးပဲ။ ပိုင်ပိုင်နိုင်နိုင်သိတာ မဟုတ်ပါဘူး။ အဲဒီ အချိန်ပဲရှိတယ်။

ဒီပြင်အချိန်အနေနဲ့ စောစောစီးစီးက နိဗ္ဗာန်အာရုံပြုတာကတော့ မဖြစ်နိုင်ဘူး။ တစ်ခုမေးစရာရှိတယ်။ ဒါဖြင့်ဗျာ အခုကုသိုလ်ကောင်းမှုတွေပြုကြ၊ ဒါန သီလ ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ရပါလို့၏လို့ ဆုတောင်းနေတယ်။ အဲဒီအခါမှာ နိဗ္ဗာန်ကိုအာရုံပြုတာပဲ မဟုတ်လားလို့ မေးစရာရှိတယ်။ ဒါကတော့ သာမညပဲ။ ဒါကတော့ ဒါက နိဗ္ဗာန်အစစ်ကို ထိထိရောက်ရောက် အာရုံပြုတယ်

http://www.dhammadownload.com

လို့ မဆိုနိုင်ဘူး။ ဒါကတော့ နာမည်လောက်နဲ့မှန်းပြီးတော့ အာရုံပြုရတာ။ ဒါလောက်ပဲ ရှိသေးတာကိုး။ သေသေချာချာနိဗ္ဗာန်ကိုမြင်တာ မဟုတ်သေးဘူး။ အဲဒီလို တချို့နိဗ္ဗာန်တွေ သိပ်ငြင်းကြတာ။ ငါ့နိဗ္ဗာန်က မှန်တယ်၊ သူနိဗ္ဗာန်က မှားတယ်၊ နိဗ္ဗာန်တွေအမျိုးမျိုး ငြင်းကြတာ၊ ဘယ်သူမှ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သေသေချာချာသိတာ မဟုတ်ဘူး။ ဒါကြောင့် **ဝိပဿနာရှုတဲ့အခါကာလ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ မဖြစ်ဘူး။**

မဂ်ဆိုတာကတော့ ပုထုဇဉ်အဖြစ်နဲ့ အရိယမဂ်ကို ဘယ်လိုမှအာရုံမပြုနိုင်ဘူး။ **မဂ်**အာရုံပြုနိုင်တာက ဘယ်ကျမှတုန်းဆိုရင် အောက်ထစ်ဆုံးအားဖြင့် သောတာပန်ဖြစ်ပြီးတော့မှ၊ အဲဒီတော့မှ **ပစ္စဝေက္ခဏာ**နဲ့ပြန်ဆင်ခြင်တယ်။ အဲဒီမှ အာရုံပြုနိုင်တယ်။ အဲဒီကနောက်တော့ ကိုယ်ရပြီးသား **မဂ်**ကို ဘယ်အချိန်မဆို အာရုံပြုနိုင်ပါတယ်။ ဒါက ကိုယ်ရပြီးသား အမွေ၊ သူများရတဲ့ဟာတွေနဲ့တော့ မဆိုင်ဘူး။ ကိုယ်ရတဲ့ ကိုယ့်သန္တာန်ဖြစ်ဖူးတဲ့ဟာလေး ကိုယ်ပြန်နှလုံးသွင်းဆင်ခြင်နိုင်တယ်။ အဲဒါကြောင့် **နိရောဓသစ္စာ**နဲ့ **မဂ္ဂသစ္စာ**ကိုအာရုံပြုပြီးတော့ တရားအားထုတ်ဖို့ မလိုပါဘူး။ **ဒုက္ခသစ္စာ**နဲ့ **သမုဒယသစ္စာ** ဒီ ၂-ပါးဖြစ်တိုင်းဖြစ်တိုင်း ရှုရတယ်တဲ့။

ဒုက္ခသစ္စာရှု

အခု ဒီမှာတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ **ဒွါရ ၆-ပါး**က ဖြစ်တိုင်းဖြစ်တိုင်းတွေ ရှုနေတာ။ ဘာတွေတုန်းဆိုရင် များသောအားဖြင့် **ဒုက္ခသစ္စာ**တွေရှုနေတာပဲ။ နှစ်သက်သာယာမှုကလေးတွေဖြစ်တဲ့အခါရှုရင် ဒါ**သမုဒယသစ္စာ**လို့ ဆိုရမှာပေါ့။ နှစ်သက်သာယာမှုကလေးတွေလဲ တစ်ခါတစ်ခါရှုရတယ်။ **သမုဒယသစ္စာ**ကို ရှုတယ်လို့ပဲဆိုရမှာပေါ့။ မြင်တိုင်း ကြားတိုင်း **ဒွါရ ၆-ပါး**က ပေါ်တိုင်းပေါ်တိုင်းတွေ ရှုနေတယ်။ ရုပ်တရား နာမ်တရားတွေ၊ ဖြစ်ပျက်နေတာတွေတွေ့နေတယ်။ ဒါ **ဒုက္ခသစ္စာ**တရားတွေပဲ။

တထာမဂ္ဂ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **ဒုက္ခံ အရိယသစ္စံ**၊ အရိယာတို့သိအပ်သော ဆင်းရဲအစစ်အမှန်တရားသည် **တထာမဂ္ဂ**၊ အဘယ်နည်းဟူမူကား။ ဒုက္ခသစ္စာတရားတွေ

http://www.dhammadownload.com

ဟာ ဘယ်ဟာလဲဆိုရင် -

ပဋ္ဌပါဒါနက္ခန္ဓာ တိဿဝေနိယံ၊

ပဋ္ဌပါဒါနက္ခန္ဓာ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည်။ **ဣတိ**၊ ဤသို့။ **ဝေနိယံ**၊ ဖြေဆိုအပ်သည်။ **အာသေ**၊ ဖြစ်ရာ၏။

ဒုက္ခသစ္စာဟာ ဥပါဒါနက္ခန္ဓာငါးပါးပဲ။ ဥပါဒါနက္ခန္ဓာဆိုတာလဲ ခဏခဏ ဟောနေတာ။ အဲဒါ မြင်တိုင်းကြားတိုင်း ထင်ရှားနေတဲ့တရားတွေပဲ။ မြင်ခိုက်မှာ ထင်ရှားတဲ့တရား ဥပါဒါနက္ခန္ဓာငါးပါး၊ ကြားခိုက်မှာ ထင်ရှားတဲ့တရား ဥပါဒါနက္ခန္ဓာငါးပါး၊ နံခိုက်, စားခိုက်မှာ ထင်ရှားတဲ့တရားဟာ ဥပါဒါနက္ခန္ဓာငါးပါး၊ တွေ့ထိခိုက်မှာ ထင်ရှားတဲ့တရား ဥပါဒါနက္ခန္ဓာငါးပါး၊ ကွေးဆဲ ဆန့်ဆဲ လှုပ်ရှားဆဲ ဒါတွေလဲ ဥပါဒါနက္ခန္ဓာငါးပါးပဲ။ စိတ်ကူးစဉ်းစားကြံစည်တဲ့အထဲမှာ ရှိနေတဲ့ တရားတွေလဲ ဥပါဒါနက္ခန္ဓာငါးပါးပဲ။ ဒုက္ခသစ္စာတရားတွေ အဲဒါတွေကို ရှုနေရတယ်။

အနိစ္စာနုပဿနာဉာဏ်

အဲဒီ ဒုက္ခသစ္စာတရားတွေရှုတော့ ပထမရှေးဦးစွာ ခုနက ပြောခဲ့တဲ့အတိုင်း သဘောတရား အမှန်ကလေးတွေသိတယ်။ သမာဓိဉာဏ်ရင့်လာတဲ့အခါကျတော့ အဖြစ်အပျက်ကလေးတွေ အစနဲ့အဆုံးနဲ့ ပိုင်းခြားပြီးတော့သိတယ်။ အနိစ္စ မမြဲဘူး ဆိုတာ သိတယ်။ ဒီမှာသူဟာ ဉာဏ်ဖြစ်တာ၊ ဒါက ကိုယ်ပိုင်ဉာဏ်၊ စာနဲ့ကျက်ပြီးတော့ မှတ်ထားတာမဟုတ်ဘူး။ ရှုရင်းရှုရင်းနဲ့ ပျောက်ပျောက်သွားတာလေးတွေ သိတော့မမြဲတဲ့တရားပဲ။ ဥပမာဆိုပါတော့-ဖောင်းတယ်ပိန်တယ်စသည်ဖြင့် ရှုနေရင်း စိတ်ကလေးက တခြားထွက်သွား၊ အဲဒီ စိတ်ကလေး မှတ်လိုက် မရှိဘူး၊ ပျောက်သွားပြီ။ ပထမတုန်းကတော့ စိတ်ဟာတစ်ယောက်တည်း တစ်ကိုယ်တည်းမြဲတည်နေတယ် အောက်မေ့တယ်။ အခု စိတ်ကလေးတခြားထွက်လိုက်တာနဲ့ ထွက်တယ် မှတ်လိုက် မရှိဘူး၊ သွားတယ်မှတ်လိုက် မရှိဘူး၊ နှစ်သက်တယ် မှတ်လိုက် မရှိဘူး၊ ပျောက်သွားတာကို တွေ့ရတယ်၊ ဒီတော့ မမြဲတဲ့တရားပဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သိရတယ်။ ဆရာသမားတွေက ဟောနေဖို့မလိုဘူး၊ သူဟာသူ သိတယ်။ ကိုယ်ထဲ

http://www.dhammadownload.com

မှာ ဝေဒနာကလေးတွေဖြစ်တယ်။ ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတာလေး တွေဖြစ်တယ်။ အဲဒါလေးတွေလဲ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့မှတ်တော့ ပျောက်ပျောက်သွားတာတွေ့ရတော့ မမြဲတဲ့တရားတွေပဲဆိုတာ တွေ့ရတယ်။ အဲဒီလိုပဲ ရှုတိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာကလေးတွေ တွေ့ရတော့ မမြဲဘူးလို့ တွေ့တဲ့ဥစ္စာ ဒါ**အနိစ္စာနုပဿနာညာဏ်** ဒါ**ဆမ္မာဒိဋ္ဌိ**ပဲ။ ရှုမှတ်ဆဲတွင်ပေါ်လာပြီး နောက် ပျောက်ပျောက်သွားတာကိုတွေ့ရ၍ မမြဲဟုသိတာက **အနိစ္စာနုပဿနာညာဏ်**၊ အဲဒါ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။ ဒါ အရေးကြီးတယ်။ ရှုမှတ်ဆဲသိရမှာ။ ကိုယ့်ဟာကိုယ် စိတ်ကူးစဉ်းစားကြံစည်ပြီးတော့ သဘောပေါက်နေတာတွေ့၊ အဲဒါတွေ့ မဟုတ်သေးဘူး။ ရှုရင်းမှတ်ရင်းကို ပျောက်ပျောက်သွားတာတွေ့မှ မမြဲဘူးလို့ ဒီလိုသိမှ ဝိပဿနာဉာဏ်ခေါ်တယ်။ ဆိုရမယ်။

"ရှုမှတ်ဆဲတွင် ပေါ်လာပြီးနောက်၊ ပျောက်သွားတာကိုတွေ့ရ၍ မမြဲဟု သိတာက၊ အနိစ္စာနုပဿနာညာဏ်၊"

အနိစ္စာနုပဿနာဆိုတာ ပေါ်ပြီးလို့ပျောက်သွားလို့ မမြဲဘူးလို့ ကိုယ်ပိုင်ဉာဏ်နဲ့သိမှ **အနိစ္စာနုပဿနာညာဏ်**လို့ခေါ်တယ်။ ခုနက ပထမကပြောခဲ့တဲ့ **သညာ**ပြောင်းတာမိုးလေးမဟုတ်ဘူး။ **သညာ**ပြောင်းရင် သညာပဲဖြစ်နေမှာ။ ပညာမဟုတ်ဘူး။ **ပညာနဲ့သညာက** တခြားစီပဲ။ သညာဆိုတာကတော့ ကိုယ်သင်ထားတဲ့အတိုင်း သူမှတ်မိပြီးတော့ သိနေတာကို ဒါ**သညာ**ခေါ်တယ်။ **ပညာ**ကတော့ သင်ပေးတာ မဟုတ်ဘူး။ ကိုယ့်ဟာကို ကိုယ်တိုင်တွေ့ပြီးတော့ သဘောပေါက်ပြီး သေသေချာချာသိတာ။ အဲဒါကိုထိုးသွင်းသိတယ်ဆိုပြီး ရှေးကဘာသာပြန်ကြတယ်။ **ပဋိဝေဓညာဏ်**ဆိုပြီးတော့ ထိုးထွင်းပြီးတော့ သိတာတဲ့။ အရင်ကမသိနိုင်တဲ့ အရာတွေကို တစ်ခါတည်း အကာအဆီးကြီးကို ဖောက်ထွင်းပြီးတော့ သိသွားသလိုပဲ။ အစကမြဲတယ်ထင်နေတာဟာ မမြဲဘူးဆိုတာ ဖောက်ထွင်းပြီးတော့သိသွားတာကို ထိုးထွင်းသိတယ်လို့ ပြောတယ်။ အဲဒါ ပေါ်လာပြီး ပျောက်သွားတာတွေ တွေ့မှတဲ့။

အနိစ္စဿ အနုပဿနာ အနိစ္စာနုပဿနာ၊

အနိစ္စဿ၊ မမြဲသောတရားကို။ **အနုပဿနာ**၊ ရှုသောသိမြင်သော သဘောသည်။ **အနိစ္စာနုပဿနာ**၊ အနိစ္စာနုပဿနာမည်၏။

http://www.dhammadownload.com

အနိစ္စ-မမြဲတဲ့သဘောရှိတာ၊ သိမြင်တာတဲ့၊ တစ်နည်းအားဖြင့် -

အနိစ္စန္တိ အနုပဿနာ အနိစ္စာနုပဿနာ၊

အနိစ္စန္တိ၊ မမြဲဟူ၍။ **အနုပဿနာ၊** ရှုမြင်သိမြင်သော သဘောသည်၊ **အနိစ္စာနုပဿနာ၊** အနိစ္စာနုပဿနာမည်၏။

အနိစ္စမမြဲဘူးလို့ ဒီလိုသိမြင်သွားတာကို အဲဒါဟာ ဘယ်လိုမြင်ရမလဲဆိုရင် အနိစ္စလက္ခဏာကလေးက ဘာတုန်းဆိုရင် အနိစ္စလက္ခဏာလေးဆိုတာ -

ဟုတ္ဝာ အဘာဝါကာရော အနိစ္စလက္ခဏာ၊

ဟုတ္ဝာ၊ ဖြစ်ပေါ်ပြီး၍။ **အဘာဝါကာရော၊** မရှိသောအခြင်းအရာသည်။ **အနိစ္စလက္ခဏာ၊** အနိစ္စလက္ခဏာမည်၏။

ဖြစ်ပေါ်ပြီးတော့ မရှိပဲနဲ့ဖြစ်သွားတာတဲ့။ ပျောက်သွားတာတဲ့၊ ဒါ**အနိစ္စလက္ခဏာ**ပဲတဲ့။ **အနိစ္စ**ကိုမှတ်သားရခြင်းရဲ့ အထိမ်းအမှတ်ပဲတဲ့။ မမြဲဘူးလို့ မှတ်သားရခြင်းရဲ့ အထိမ်းအမှတ်၊ ရုပ်နာမ်တရားတွေကို မမြဲဘူးလို့ဘာကြောင့် ခေါ်ရသလဲဆိုရင် ပျောက်သွားလို့တဲ့။ **ဟုတ္ဝာ၊** ဖြစ်ပေါ်ပြီး၍။ **အဘာဝါကာရော၊** မရှိသောအခြင်းအရာ ပျောက်သွားသော။

ဖြစ်ပေါ်လာပြီး အစကမရှိသေးဘူး၊ မရှိသေးတဲ့တရား မြန်းကနဲဖြစ်လာတယ်။ ဥပမာအားဖြင့် မိုးရွာတဲ့အခါမှာ လျှပ်ရောင်ကလေးများ လက်လာသလို၊ လျှပ်ရောင်ကလေးဟာ အစကမရှိသေးဘူး။ အသစ်ပေါ်လာတယ်။ လက်ခနဲပေါ်လာတယ်။ ပေါ်လာပြီးနောက် သူမရှိတော့ဘူး။ အဲဒီလိုဟာပေါ်ပြီးတော့ ပျောက်သွားတယ်။ အခုမြင်တာတွေ၊ ကြားတာတွေ၊ နံတာ, စားတာတွေ, တွေ့ထိတာတွေ၊ ဒါတွေဟာ အစကမရှိဘဲနဲ့ပေါ်လာတာပဲ။ အသစ်အသစ်ပေါ်တာတွေ၊ စိတ်ကူးစဉ်းစား ကြံစည်တာလေးတွေ၊ အစကမရှိဘဲနဲ့ ပေါ်လာတာ။ ကိုယ်ထဲမှာ ညောင်းတာပူတာ နာကျင်ကိုက်ခဲတာတွေ အစကမရှိဘဲနဲ့ အသစ်ပေါ်လာတာတွေပဲ။ အဲဒီပေါ်လာတာလေးတွေ ရှုရင်းရှုရင်းနဲ့ ပျောက်ပျောက်သွားတာလေးတွေ တွေ့ရတယ်။ ပျောက်ပျောက်သွားတာကလေးတွေ တွေ့တော့ ဩော်. . မမြဲတဲ့တရားပဲ။ တို့ရှေးတုန်းက မရှုခဲ့လို့ပဲ။ ကိုယ်ထဲမှာ မြဲတဲ့တရားမရှိဘူး။ ဒီလိုဖြစ်ပြီး ဒီလိုပျောက်နေတာ

http://www.dhammadownload.com

ချည်းပဲ။ မမြဲတဲ့တရားတွေပဲလို့ ရှုရင်းမှတ်ရင်း ကိုယ်ပိုင်ဉာဏ်နဲ့သိရမှာ။ အဲဒီလို သိတာ**အနိစ္စာနုပဿနာဉာဏ်**ခေါ်တယ်။ ကိုင်း ဆိုရဦးမယ်။ ဒါလေးရသွားအောင် -

"ရှုမှတ်ဆဲတွင် ပေါ်လာပြီးနောက် ပျောက်သွားတာကိုတွေ့ရ၍၊ မမြဟုသိတာက အနိစ္စာနုပဿနာဉာဏ်း"

မြင်တိုင်း၊ ကြားတိုင်း ၌ရ ၆-ပါးက ပေါ်လာတိုင်း, ပေါ်လာတိုင်းတွေကို လိုက်ပြီးရှုရင်းရှုရင်းနဲ့ ပျောက်ပျောက်သွားတာကလေးတွေကို တွေ့လိမ့်မယ်တဲ့။ ယောဂီပုဂ္ဂိုလ်တွေ၊ အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေ၊ ယောဂီဟောင်းတွေကများတယ်။ တွေ့ပြီးသားတွေပါ။ မတွေ့သေးတဲ့ ပုဂ္ဂိုလ်တွေလဲ အခုအားထုတ်ရင်တွေ့မှာပဲ။ မှတ်သာမှတ်နေ၊ ပေါ်တိုင်းပေါ်တိုင်းသာ လိုက်မှတ်နေမရှိဘူး။ စိတ်ကလေးတွေများဖြစ်ခိုက်မှတ်မှ တော်တော်ကြာမရှိလို့ မှတ်တောင်မမှတ်ရဘူး။ စိတ်ကူးတွေ ဟိုမှာ မမှတ်ရဘူး။ မရှိပဲဖြစ်နေတာနဲ့ မမှတ်ရဘူး။ အဲဒီတော့ အင်မတန်ထင်ရှားပါတယ်။ ဖြစ်တိုင်းဖြစ်တိုင်း လိုက်မှတ်နေလို့ရှိရင်ဖြင့် ပေါ်ပြီးပျောက်သွားလို့ မမြဘူးဆိုတာ အင်မတန်ကို ထင်ရှားတယ်၊ ဘွားကြဲမနေဘူး။

ဒီအတိုင်းပဲ ဒီလိုဖြစ်ခိုက်ကိုမရှဘဲနဲ့ အနိစ္စဖြစ်အောင်လို့ တွေးရတာကတော့ တယ်မလွယ်ဘူး။ ဉာဏ်နဲ့တော်တော်ကူရတယ်။ ဟိုမှာမီးနဲ့ရှိုကြည့်ရ၊ ကြိတ်ချေကြည့်ရ၊ ဘာလုပ်ကြည့်ရ၊ အလုပ်တွေအင်မတန်များတယ်။ တချို့ဝိပဿနာတရားတွေ ဒီလိုဟောတာပဲ။ အမျိုးမျိုးကိရိယာတန်ဆာတွေနဲ့ ဖျက်ကြည့်လိုက်၊ ဘာလုပ်ကြည့်လိုက်၊ ကြိတ်ချေကြည့်လိုက်၊ မြှာချကြည့်လိုက်၊ ဘာလုပ်ကြည့်လိုက်နဲ့ လုပ်နေရတာ။ ဒီဟာတွေ ကိရိယာတန်ဆာပလာတွေချဲ့နေရတာ။

ဖြစ်တိုင်း ဖြစ်တိုင်းကလေးတွေ လိုက်ပြီးတော့ရှုရှုနေလို့ရှိရင် ဘာမှမကျန်စေရဘူး။ ရှုနေတာနဲ့ ဟိုကရှုရင်း ရှုရင်းပျောက်လိုက်နေတာ။ ရှုတဲ့စိတ်ကလေးတွေလဲ ရှုပြီးပျောက်တာပဲ။ တည်နေတာ မဟုတ်ဘူး။ ရှုလိုက် ပျောက်လိုက်၊ မှတ်လိုက် ပျောက်လိုက်၊ မှတ်လိုက် ပျောက်လိုက် မရှိဘူး။ မရှိဘဲနဲ့ ပျောက်ပျောက်သွားတာကလေးတွေ အဲဒါ မမြတာပဲ။ အဲဒီမမြတာကလေးတွေတွေ့တော့ မမြဘူးလို့

http://www.dhammadownload.com

ရှုရင်းရှုရင်း သဘောကျတယ်။ မမြဘူး မမြဘူးဆိုနေစရာမလိုဘူး။ ငြင်းနေစရာ မလိုပါဘူး။ သူကကို မမြနေတာပဲ။ ရုပ်နာမ်တရားတွေဟာ အစကမမြဲပဲ။ အခုမှ မမြတာမဟုတ်ဘူး။ ရှေးကတည်းကပဲ မမြနေတာပဲ။ ရုပ်နာမ်တွေဟာ ဘုရားလက်ထက်ကလဲ မမြနေတာပဲ။ ဘုရားမပွင့်ခင်ကလဲ မမြနေတာပဲ။

လောကကြီးမှာ ရုပ်နာမ်တွေရှိနေတာ ဘယ်တုန်းကရယ်လို့ မပြောတတ်ဘူး။ **အနမတဂ္ဂ**သံသရာအစ မထင်ဘူးဆိုတဲ့ ရှေးကလဲပျက် ဖြစ်နေတယ်တဲ့၊ ရုပ်နာမ်တွေချည်းပဲ။ ဘယ်တော့ကမှမမြဲခဲ့ဘူး။ ဒါပေမယ့်လို့ မရှုတဲ့ပုဂ္ဂိုလ်တွေမှာ မြနေတယ်။ ဖြစ်ခိုက်ကလေးတွေ လိုက်ရှုတဲ့ပုဂ္ဂိုလ်မှာမမြတာ အမှန်အတိုင်းသိတယ်။ ဒီတော့ မြနေတဲ့တရားတွေကို ရှုရင်းရှုရင်းနဲ့ ဖြစ်ပေါ်ပြီးပျောက်သွားလို့မမြဘူး။ ဖြစ်ပေါ်ပြီးပျောက်သွားလို့ မမြဘူးဆိုတာဟာ ဆိုမနေရပါဘူး။ ရှုနေရင်းနဲ့ ထင်ရှားနေတာပဲ၊ လက်တွေ့ပဲ။ လက်နဲ့ကိုင်ကြည့်သလို သေသေချာချာတွေ့နေတာ။ အဲဒီလို မမြတာလေးတွေတွေ့တာဟာ ဒါဘာလဲဆိုရင် **ဆမ္မာဒိဋ္ဌိ**မှန်စွာမြင်ခြင်းဆိုတာပါပဲ။ အမှန်အတိုင်းမြင်တာ၊ အမြင်မှန်ဖြစ်တယ်။

ပထမတုန်းက အမြဲတမ်းတည်နေတယ်လို့ ကိုယ့်စိတ်ထဲက ထင်နေတယ်။ စာပေကျမ်းဂန်တွေက ခဏမစဲဖြစ်ပျက်နေတယ်လို့ ပြောပါတယ်။ ဘုရားကိုအားနာလို့ ယုံပါရဲ့ဆိုပါတော့။ ဆရာသမားတွေအားနာလို့ ယုံပါရဲ့။ ယုံနေရတာ။ အားနားပါးနာနဲ့ ယုံနေရတာ။ ကိုယ့်စိတ်ထဲက ထင်တာကတော့ တည်နေတယ်လို့ပဲ ထင်နေတယ်။ အဲဒါကတော့ အမှန်မမြင်သေးဘူး။ အမြင်မှန်မဟုတ်သေးဘူး။ အခု ရှုရင်းရှုရင်းနဲ့ဖြစ်ပေါ်ပြီး ပျောက်သွားလို့မမြတာကိုသိသွားပြီ။ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား၊ မမြတာချည်းထဲပဲလို့ ရှုရင်းရှုရင်း သဘောကျတယ်။ အဲဒါက အမြင်မှန်ဖြစ်လာတာ။ **ဆမ္မာဒိဋ္ဌိ**အမှန်အတိုင်းမြင်တာတဲ့။ မမြတဲ့တရားကို မမြဘူးလို့မြင်တာ။ အမှန်အတိုင်းမြင်တာ ရုပ်နာမ်တွေကမြဲနေပေမယ့် ကိုယ်ကမမြဘူး။ မမြဘူး။ သွားပြီး ငြင်းချက်ထုတ်နေရင်တော့။ ဒါကအမှန်မဟုတ်ဘူး။ အခုရုပ်နာမ်တွေက သူကမမြလို့ပဲ မမြဘူးလို့မြင်တာအမှန်ပဲ။ သူက ဖြစ်ပြီးပျောက်သွားလို့ပဲ မမြဘူး။ ဒီက မှတ်ရင်းမှတ်ရင်းနဲ့ပဲ မမြဘူး။ မမြဘူးလို့ သဘောပေါက်သွားတာဟာ အဲဒါအမြင်မှန်ခေါ်တယ်။ **ဆမ္မာဒိဋ္ဌိ**ပဲ အဲဒါ။

http://www.dhammadownload.com

ဒုတ္ထဉ္ဉာဏ်၊ ဒုတ္ထေ ဒုက္ခသစ္စာတရား၌။ **ဉာဏ်၊** အမှန်အတိုင်းသိသော ဉာဏ်။

ဒုက္ခသစ္စာတရားကို အမှန်အတိုင်းသိတာတဲ့။ မြင်ရာကဖြစ်ဖြစ်၊ ကြားရာကဖြစ်ဖြစ်၊ နံရာ, စားရာ, တွေ့ထိရာကဖြစ်ဖြစ်၊ ကွေးရာ, ဆန့်ရာကဖြစ်ဖြစ်၊ လှုပ်ရှားရာကဖြစ်ဖြစ်၊ ဖောင်းရာ, ပိန်ရာကဖြစ်ဖြစ်၊ စိတ်ကူးစဉ်းစားကြံစည်တာပဲဖြစ်ဖြစ်၊ ဘယ်ကပဲဖြစ်ဖြစ်၊ မှတ်တိုင်းမှတ်တိုင်းဟာ မှတ်ရာကနေပြီးတော့ ပေါ်ပြီးပျောက်သွားလို့ မမြဲဘူး။ ပေါ်ပြီး ပျောက်သွားတာလေးတွေ့နေလို့ မမြဲဘူးဆိုပြီး ဉာဏ်ထဲမှာ ရှင်းပြီးတော့သိတာ။ **အနိစ္စာနုပဿနာဉာဏ်**တွေ၊ **သမ္မာဒိဋ္ဌိ**တွေ၊ ဒီဒုက္ခသစ္စာတရားတွေကို အမှန်အတိုင်းသိတဲ့ ဉာဏ်တွေဖြစ်နေတာတဲ့။ အဲဒီဉာဏ်တွေ ပွားရမယ်။ အဲဒါဟာ မဂ္ဂင်ဖောင်ပဲ။ မဂ္ဂင်ဖောင်ရဲ့တစ်စိတ်တစ်ပိုင်းလို့ ဆိုရမှာပေါ့။ မဂ္ဂင်က အင်္ဂါရှစ်ပါးရှိတာကိုး။ **သမ္မာဒိဋ္ဌိ**ဖြစ်တယ်တဲ့။

သမ္မာဒိဋ္ဌိဖြစ်ရင် ကျန်မဂ္ဂင်ခုနှစ်ပါးလဲဖြစ်

သမ္မာဒိဋ္ဌိဖြစ်ရင် **သမ္မာသင်္ကပ္ပ**တွေက တခြားလုပ်ရည်မှာလားဆိုတော့ မလုပ်ရပါဘူး။ **သမ္မာဒိဋ္ဌိ**ဖြစ်ရင် **သမ္မာသင်္ကပ္ပ**လဲ ဖြစ်တယ်။ **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ**တွေလဲ ဖြစ်တယ်။ **သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ**တွေလဲ အကုန်လုံးပဲဖြစ်ပါတယ်။ ဒါပေမယ့်လို့ ဒေသနာကတော့ တစ်ခုချင်းဟောမှ၊ လုံးဟောလို့မဖြစ်ဘူး။ ဘာပြုလို့တစ်ပေါင်းတည်း ဖြစ်သလဲဆိုရင် အမှန်အတိုင်းသိအောင်လို့ ရှုရ အားထုတ်ရတဲ့အခါမှာ အားထုတ်မှုကလေးက ပါတာကိုး။ အားထုတ်မှုကလေးက **သမ္မာဝါယာမ**ခေါ်တယ်။ အချက်တိုင်းအချက်တိုင်း မှတ်မိအောင် အားထုတ်ပေးနေတဲ့သဘောလေးဟာရှိတယ်။ အဲဒီကြောင့်ကြတဲ့လုံလဝီရိယ ကလေးမရှိရင် **သမ္မာဒိဋ္ဌိ**မဖြစ်ဘူး။ အခုဖောင်းတာ မှတ်မိအောင် ပိန်တာ မှတ်မိအောင် အမြဲကြောင့်ကြစိုက်ပေးနေရတာပဲ။ မြင်တာ ကြားတာတွေမှာလဲ ကြောင့်ကြစိုက်ပေးနေတယ်။ အဲဒီကြောင့်ကြစိုက်ပေးနေတာ အချက်တိုင်း အချက် တိုင်းပါနေတယ်။ အဲဒါ **သမ္မာဝါယာမ**ခေါ်တယ်။ **သမ္မာဝါယာမ**မဂ္ဂင်တဲ့။

ကြောင့်ကြစိုက်ပေးတော့ အမှတ်ရမှု သတိကလေးလဲ ရှိတယ်။ မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့သတိကလဲ မဖြစ်ဘဲကို မနေနိုင်ဘူး။ ဖြစ်ရမှာ၊ သူကမှတ်ရာမှာ သတိကလေးက ဖြစ်ရမယ်။ မှတ်ရတဲ့သတိက **သမ္မာသတိ**မဂ္ဂင်တဲ့။

http://www.dhammadownload.com

မှတ်ရတဲ့အာရုံကလေးမှာ တည်ကြည်သွားတယ်။ အခိုက်အတန့်အားဖြင့် မှတ်ရတဲ့အာရုံနဲ့မှတ်စိတ်နဲ့ ကပ်ခနဲ ကပ်ခနဲ တည်သွားတာဟာ **ခဏိကသမာဓိ** ကလေး၊ သူက **သမ္မာသမာဓိမဂ္ဂင်**တဲ့။

အဲဒီ ရုပ်နာမ်တရားတွေ၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေ အမှန်အတိုင်းကို သိအောင်ဟာ စိတ်ညွှတ်တဲ့သဘောကလေး ရှိတယ်။ မှန်တဲ့အာရုံကလေးကို စိတ်က တန်းခနဲ တန်းခနဲသွားတာ။ တခြားဘက်ကိုမလှည့်ဘူး။ ရုပ်နာမ်တရား၊ ရုပ်နာမ်တရားအတိုင်း ပုဂ္ဂိုလ်သတ္တဝါအနေလို့ သူကမလှည့်ဘူး။ မမြဲတာမမြဲတဲ့အတိုင်းပဲ။ သူက အမှန်အတိုင်းရှုဖို့ရာ စိတ်ညွှတ်ပြီးတော့သွားတယ်။ မြဲတဲ့အနေအားဖြင့် ငြင်းချက်ထုတ်ပြီးတော့ ဟိုဘက်ကိုမသွားဘူး။ အဲဒီလို အမှန်အတိုင်း ညွှတ်ညွှတ်ပြီးတော့သွားတဲ့သဘောကလေး ဦးတန်း ဦးတန်းပြီးသွားတဲ့သဘောကလေး၊ ဘာနဲ့တူသလဲဆိုလို့ရှိရင် အားနည်းတဲ့ပုဂ္ဂိုလ်များကို အားရှိတဲ့ပုဂ္ဂိုလ်က လက်တွဲပြီးဆွဲခေါ်သွားသလိုပဲ။ အားနည်းတဲ့ပုဂ္ဂိုလ်ကို အားရှိတဲ့ပုဂ္ဂိုလ်က မြင်တဲ့နေရာတို့ကိုဆွဲပြီးတော့ တင်သွားသလိုပဲ။ မှန်တဲ့အာရုံပေါ်ကို ဆွဲတင်သလိုပဲ။ **သမ္မာသင်္ကပ္ပ**ဆိုတဲ့သဘောကဖြစ်တယ်။ ဒါကို ကြံစည်တယ်လို့လည်း ပြောတယ်။

ပကတိကြံစည်တာတွေလဲ ဒီအတိုင်းပဲ။ ပကတိအားဖြင့် **ကာမဝိတက်**တို့၊ **ဗျာပါဒဝိတက်**တို့၊ **ဝိဟိံသဝိတက်**တို့ဆိုတာတွေကို ကြံနေတာတွေရှိတယ်။ **ကာမဝိတက်**ဆိုတာ ကာမဂုဏ်အာရုံတွေပေါ့လေ။ ဒါတွေကြံနေတာ၊ အဲဒါ**ဝိတက်**ကနေပြီးဆွဲခေါ်သွားတာ။ စိတ်တွေကိုဟိုမှာ **ကာမအာရုံ**တွေဆီခေါ်ခေါ်သွားတယ်။ မခေါ်ပါနဲ့လို့ ပြောလို့မရဘူး။ သူက မတော်တာတွေ လျှောက်ပြီးစိတ်ကူးနေတာကလည်း ကြံနေတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီကာမဂုဏ်အာရုံတွေ လျှောက်ကြံနေတာပါပဲ။ အဆင်းအာရုံတွေ အမျိုးမျိုးလျှောက်ကြံ၊ အသံအာရုံတွေ အမျိုးမျိုးလျှောက်ကြံ၊ အနံ့အာရုံတွေ, အရသာအာရုံတွေ, အတွေ့အထိအာရုံတွေ လျှောက်ကြံနေတာပဲ။ သူများမသိလို့သာ။ သိရင် တော်တော်မုန်းစရာကောင်းမယ်။ အဲဒီလို နှစ်သက်စရာ, သာယာစရာအာရုံတွေကို ကြံနေတာဟာ **ကာမဝိတက်**တွေတဲ့။ အဲဒီလို ကြံတဲ့ **ဝိတက်**နောက်လိုက်ပြီးတော့ စိတ်တွေကလိုက်ဖြစ်နေရတာ။ သူဆွဲခေါ်သွားတာ။

http://www.dhammadownload.com

စိတ်ဆိုးနေတဲ့အခါတွေကျတော့ စိတ်ဆိုးစရာအာရုံနဲ့ **ဗျာပါဒ**တွေဖြစ်နေတယ်။ **ဗျာပါဒ**တွေ သက်ရှိသက်မဲ့အာရုံတွေကို ပျက်စီးစေလိုတဲ့သဘောတွေနဲ့ သွားပြီး တိုက်ခိုက်နေတယ်။ ခဏခဏသွားပြီးတော့ ခလုပ်တိုက်နေသလိုပဲ။ သွားသွားတိုက်နေတာ အဲဒီမှာလည်း **ဗျာပါဒ**ဝိတက်ကနေပြီး ဆွဲသွားတာ။ စိတ်ကူးက စိတ်ဟာ စိတ်ဆင်းရဲမှု၊ စိတ်မချမ်းသာမှုတွေများလေလေ အဲဒီအကြံအစည်တွေ များလေလေပဲ။ အိပ်လို့တောင်မပျော်တတ်ဘူး သူက။

ဝိဟိံသဝိတက်ဆိုတာလဲပဲ တစ်ဖက်သားဆန့်ကျင်ဘက်ပုဂ္ဂိုလ်ကို ညှဉ်းဆဲဖို့, နှိပ်စက်ဖို့, ဖျက်ဆီးဖို့ကို သူကလည်းကြံနေတယ်။ အဲဒါ **ဝိဟိံသဝိတက်**၊ အဲဒါလိုပဲ။ အခု ရှုမှတ်တဲ့အခါကာလကျတော့ အမှန်အတိုင်းသိဖို့ရာ ရုပ်နာမ်အဖြစ်အပျက် အမှန်တရားတွေဆီကို ဦးတည်ပြီးတော့ သူက တက်တက်သွားတယ်။ လာကြပေ့လို့ ဆွဲခေါ်သွားသလိုပဲ။ ဒါကြောင့် **အာရမ္မဏာဘိနိရောပန လက္ခဏာ**ရှိတယ်တဲ့။

ဝိတက္ကော၊ ဝိတက်သည်။ **အာရမ္မဏာဘိနိရောပနလက္ခဏာ**၊ အာရုံသို့သမ္မယုတ်တရားတို့ကို တင်ပေးခြင်းလက္ခဏာရှိသည်။

ပြတင်းပေါက်က လူပမာ ဝိတက္ကော

သမ္မယုတ်တရားတွေကို အာရုံပေါ်တက်သွားအောင် ဆွဲတင်လိုက်သလိုပဲတဲ့။ တစ်နည်းအားဖြင့် လူတစ်ဦးက အိမ်တို့, တိုက်တို့ အခန်းထဲမှာနေနေတယ်။ လူတစ်ယောက်က ပြတင်းပေါက်ကနေပြီးတော့ လမ်းဘက်ကိုမျက်နှာမူပြီးတော့ ကြည့်နေတယ်။ လမ်းက ဖြတ်သန်းသွားလာတဲ့လူတွေကို ပြတင်းပေါက်က ကြည့်နေတဲ့လူကမြင်တယ်။ မြင်တော့ သူကပြောတယ်။ ဟေ့. . . ဟိုက မော်တော်ကားတစ်စီးလာတယ်။ လူတွေအများကြီးပါလာတယ်။ ဟိုက မော်တော်ကားတစ်စီးလာ ပြန်ပြီ။ ရဟန်း, သံဃာတွေပါလာတယ်။ ဟိုက မော်တော်ကားတစ်စီးလာပြန်ပြီ။ ကုန်တွေပစ္စည်းတွေနဲ့ စသည်ဖြင့်ပေါ့လေ။ အဲဒီလူက ပြတင်းပေါက်ကလူကပြောတယ်။ ဟိုအိမ်ခန်းထဲဝင်ထိုင်နေတဲ့သူတွေကတော့ မမြင်ပါဘူး။ မမြင်ပေမယ်လို့ သူပြောတဲ့အတိုင်း ဟိုကကားတစီးလာပြန်ပြီလို့ စိတ်ကူးထဲမှာ ကားနဲ့လူတွေနဲ့

http://www.dhammadownload.com

စိတ် ကူးထဲမှာ ပေါ်လာတယ်။ ဟိုက ကားနဲ့ရဟန်းသံဃာတော်တွေနဲ့ ကားနဲ့ကုန်ပစ္စည်းတွေနဲ့တစ်ခါတည်း ဒါတွေသူပေါ်လာတယ်။ အဲဒါပြတင်းပေါက်ကနေတဲ့လူက ဟိုကလူတွေကို အာရုံပေါ်ဆွဲတင်နေတဲ့သဘောပဲ။

ရှုတိုင်း မဂ္ဂင်ရှစ်ပါးဖောင်ဖွဲ့

အဲဒါလိုပဲ၊ **ဝိတက်**ဆိုတဲ့သဘောက သူနဲ့ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့စိတ်စေတသိက်တွေကို အာရုံပေါ်ကိုတင်ပေးခြင်းသဘောလေးပဲ။ ကြဲစည်ခြင်း သဘောဆိုတာ အခုဝိပဿနာရှုမှတ်ရာမှာလည်း ဒီအတိုင်းပဲ။ တမင်တကာ နဖူးလက်တင်အကြောကြီးတော့ စဉ်းစားနေရတာ မဟုတ်ဘူး။ ဒီမှာတော့ ရှုရင်းရှုရင်း တစ်ခါတည်း ရုပ်နာမ်အဖြစ်အပျက်တရားကလေးတွေကို အမှန်အတိုင်း သဘောကလေးတွေသိရအောင် အမှန်အတိုင်း သဘောကလေးတွေဆီကို ဦးတန်းပြီး ရှေဦးစွာတက်သွားတဲ့ သဘောဖြစ်တယ်။ အဲဒါ **သမ္မာဆတိ**ပဲတဲ့။

မှတ်တိုင်း မှတ်တိုင်း သူက ရှေကတက်သွားတယ်။ သူက တက်သွားတော့ **သမ္မာဖိဋ္ဌိ**က အမှန်အတိုင်းမြင်လိုက်တယ်။ နောက်ကနေပြီး ဖြစ်ရင်ဖြစ်တဲ့သဘော၊ ပျက်ရင်ပျက်တဲ့သဘောကို မမြဲဘူးဆိုရင်လည်း မမြဲတဲ့သဘောတရားအတိုင်း နောက်ကနေပြီး ဆုံးဖြတ်ချက်ချလိုက်နေတယ်။ အဲဒါ **သမ္မာဖိဋ္ဌိ**ဖြစ်တယ်။

အဲဒီ **သမ္မာဝါယာမ**က အားထုတ်ပေးလို့ **သမ္မာဆတိ**က အမှတ်ရတယ်။ အမှတ်ရတော့ **သမ္မာသမာဓိ**က စူးစိုက်တည်ကြည်တယ်။ စူးစိုက်တည်ကြည်တဲ့အာရုံပေါ်မှာ **သမ္မာဆတိ**ပဲက ရှေဦးစွာတက်တယ်။ **သမ္မာဖိဋ္ဌိ**ကနေပြီးတော့ အမှန်အတိုင်းမြင်တယ်။ မဂ္ဂင် ၅-ပါး တစ်ပြိုင်တည်းဖြစ်တာ။

အမှတ်တစ်မှတ်မှာ ဒီ ၅-ပါး အကုန်လုံးပါတယ်။ မှတ်တိုင်းမှတ်တိုင်း ကြောင့်ကြစိုက်မှုကလေးကလဲရှိတာပဲ။ အမှတ်ရမှုလဲ ရှိတာပဲ။ မှတ်ရာအာရုံကလေးကို ကပ်ကနဲ ကပ်ကနဲ တည်သွားတဲ့ သဘောကလေးလဲ ရှိတာပဲ။ မှတ်ရာအာရုံဆီကို တက်သွားတဲ့သဘောလေးရှိတာပဲ။ မှတ်ရတဲ့ အာရုံကလေးတွေ အဖြစ် အပျက်ကလေးတွေ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးဆိုတာ သိသွားတာလေးတွေ **သမ္မာဖိဋ္ဌိ**ကလဲရှိလာတယ်။ မဂ္ဂင် ၅-ပါးလုံးဟာ တစ်မှတ်တစ်မှတ်မှာ တစ်ခါတည်း ဖြစ်လာတယ်။

http://www.dhammadownload.com

အမှတ်ကောင်းတဲ့အခါကာလမှာ ဒီ ၅-ပါးလုံးတစ်ပြိုင်တည်း တစ်ပြိုင်တည်း ဖြစ်နေတယ်။ ထင်လဲ ထင်ရှားတယ်။ တစ်ပြိုင်တည်း တစ်ပြိုင်တည်း အကုန်လုံး ထင်ရှားတယ်။ အဲဒါ မဂ္ဂင်တရား ၅-ပါး။

ဒီမဂ္ဂင်တရား ၅-ပါးဖြစ်ရင် **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ**ဆိုတဲ့ မဂ္ဂင် ၃-ပါးကလဲ စောစောကတည်းက သီလဆောက်တည်ထားလို့ ပြည့်စုံနေပါပြီတဲ့။ ဒီတော့ ဒီ ၃-ခုနဲ့ ပေါင်းလိုက်လို့ရှိရင် မဂ္ဂင်ရှစ်ပါးတရားဖြစ်တယ်။ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ခါမှတ်လိုက်၊ မဂ္ဂင်ရှစ်ပါးတရားတည်းဟူသော ဖောင်တစ်ခါဖွဲ့လိုက်၊ တစ်ခါမှတ်လိုက် ဖောင်တစ်ခါဖွဲ့လိုက်၊ မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရား ဖောင်ဖွဲ့နေတာ နိဗ္ဗာန်ကို သွားလဲသွားနေတာပါပဲ။ တော်တော်ကြာတော့ ဝိရိယခန်းကျတော့ ဝိရိယက လက်နဲ့ခြေနဲ့ယက်ပြီးတော့ ကူးနေတာနဲ့တူတယ်။ အဲဒါ မှတ်တိုင်းမှတ်တိုင်း **နိဗ္ဗာန်မင်္ဂဖိုလ်နိုး**တာ၊ နိဗ္ဗာန်ဘက်ဆီ ကူးနေတာ။

> **ကုလ္လန္တိ ဓေါ ဘိက္ခဝေ အရိယသ္သေတံ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ၊ သေယ္ယထိဒံ သမ္မာဒိဋ္ဌိယာ သမ္မာသင်္ကပ္ပဿ သမ္မာဝါစာယ သမ္မာကမ္မန္တဿ သမ္မာအာဇီဝဿ သမ္မာဝါယာမဿ သမ္မာသတိဿ သမ္မာသမာဓိဿ၊**

ဘိက္ခဝေ၊ ရဟန်းတို့။ **ကုလ္လန္တိ ဓေါတေ**၊ ဖောင်ဟူသော ဤအမည်သည်၊ **အဋ္ဌင်္ဂိကဿ**၊ အဂ်ီရှစ်ပါးရှိသော။ **အရိယမဂ္ဂဿ**၊ အရိယမဂ်၏။ **အဓိဝစနံ**၊ အမည်တည်း။ **ဣတိ**၊ ဤမဂ္ဂင်ရှစ်ပါးတရားသည်။ **သေယ္ယထိဒံ**၊ အဘယ်နည်းဟူမူကား။ **သမ္မာဒိဋ္ဌိယာ**၊ သမ္မာဒိဋ္ဌိ၏။ **သမ္မာသင်္ကပ္ပဿ**၊ သမ္မာသင်္ကပ္ပ၏။ **သမ္မာဝါစာယ**၊ သမ္မာဝါစာ၏။ **သမ္မာကမ္မန္တဿ**၊ သမ္မာကမ္မန္တ၏။ **သမ္မာအာဇီဝဿ**၊ သမ္မာအာဇီဝ၏။ **သမ္မာဝါယာမဿ**၊ သမ္မာဝါယာမ၏။ **သမ္မာသတိဿ**၊ သမ္မာသတိ၏။ **သမ္မာသမာဓိဿ**၊ သမ္မာသမာဓိ၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

အဲဒီ မဂ္ဂင်ရှစ်ပါးတရားဟာ ဖောင်ပဲတဲ့။ ရှုတိုင်းရှုတိုင်းဟာ မဂ္ဂင်ရှစ်ပါးတရား ဖောင်ဖွဲ့နေတာ၊ ဒီဖောင်ဖွဲ့နေတာ ခုနကပြောခဲ့တဲ့အတိုင်း သဒ္ဓါတရားတည်းဟူ

http://www.dhammadownload.com

သော လက်ရှိလို့လဲ ဖွဲ့နိုင်ကြတယ်။ သဒ္ဒါတရားကောင်းတဲ့ပုဂ္ဂိုလ်တွေမှလဲ ရှုနိုင်မှတ်နိုင်တာပဲ။ သဒ္ဒါတရားကောင်းတော့ သီလကလဲ စင်ကြယ်တယ်။ သီလစင်ကြယ်တော့ သီလတည်းဟူသော ခြေလဲရှိတဲ့ပုဂ္ဂိုလ်တွေ၊ စိတ်ဆန္ဒကလဲရှိ၊ လုံ့လဝီရိယတည်းဟူသော ခွန်အားလဲ ရှိကြတယ်။ အဲဒီ ခွန်အားနဲ့လဲ ပြည့်စုံနေလို့တဲ့။ မဂ္ဂင်ရှစ်ပါးတရားတွေကို ရှုမှတ်ပြီးတော့ ဖွဲ့နေကြတယ်။ ဝီရိယနဲ့ ပြောမယ် ဆိုရင်လဲ နိဗ္ဗာန်ဘက်ဆီကူးနေကြတာပဲ။ တဖြည်းဖြည်း တဖြည်းဖြည်း နိဗ္ဗာန်ဘက်နီးနေတယ်။ ကိုယ်က ဘယ်လောက်နီးနေတယ်သာမသိတာ နီးတော့နီးနေတာပဲ။ ရှုတိုင်းရှုတိုင်း မှတ်တိုင်းမှတ်တိုင်းဟာ နိဗ္ဗာန်ဘက်ကို နီးနေတယ်။ အင်မတန် အားတက်စရာကောင်းပါတယ်။

အမှန်အတိုင်းမြင်

အဲဒီတော့ **သမ္မာဒိဋ္ဌိ**ဆိုတာ အခုအမှန်အတိုင်းမြင်ပုံ၊ ဒုက္ခသစ္စာတရားတွေ မှတ်တိုင်းမှတ်တိုင်း အနိစ္စအမှန်အတိုင်းမြင်သည်။ အနိစ္စမြင်ရင် ဒုက္ခလဲပဲမြင် ပါတယ်။ ဖြစ်ပြီးပျက်သွားလို့ မမြဲဘူးဆိုရင် ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းထဲပဲ။ ဘာမှ နှစ်သက်စရာ သာယာစရာမဟုတ်ဘူး။ ပကတိကတော့ မြဲတယ်, တည်နေ တယ် အောက်မေ့လို့ အကောင်းမှတ်နေတာကိုး။ အခု ဖြစ်လိုက်ပျက်လိုက်ဆိုတော့ ဘာမှတည်တဲ့စရာ အားကိုးစရာမဟုတ်ဘူး သေဖို့ရာပဲ။ တဖြည်းဖြည်း ပျက်သွား၊ ပျက်သွားပြီးတော့ နောက်ထပ်မဖြစ်လာလို့ရှိရင် သေသွားတာပဲ။ အဲဒီတော့ သေဖို့ရာ အချိန်ချည်းထဲပဲ။ ဒါကြောင့် သတ္တဝါတွေဟာ ဘယ်အချိန်မဆို သေနိုင်တယ်လို့ ဒေသနာတွေမှာလဲ ဟောထားပါတယ်။ ဘယ်အချိန်မဆို သေလဲသေနိုင်ပါတယ်။ အကြောင်းမညီညွတ်ရင် သေတာပဲ။ အဲဒီတော့ ခဏမစဲဖြစ်ပျက်နေတာတွေ တွေ့ရတော့ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲဆိုတာ သိရောပေါ့။

ပြီးတော့ သူဟာသူဖြစ် သူဟာသူပျက်နေတော့ ဘယ်သူကမှ ဖြစ်အောင် လုပ်လို့မဖြစ်၊ မပျက်အောင်လုပ်လို့လဲပဲ တားလို့မရ၊ အဖြစ်အပျက်တွေကို တွေ့နေတာပဲ။ သူဟာသူဖြစ် သူဟာသူ ပျက်သွားတာပဲ။ မဖြစ်ပါစေနဲ့လို့ တောင့်တလို့ မရဘူး၊ မပျက်ပါစေနဲ့လို့လဲ တောင့်တလို့မရဘူး။ ဘယ်ဟာမှ ကိုယ့်အလိုအတိုင်း

http://www.dhammadownload.com

မဖြစ်ဘူး။ အဲဒီတော့ သူသဘောအတိုင်း သူဟာသူဖြစ်နေတဲ့တရားတွေ အနတ္တ တရားတွေပဲဆိုတော့ ဒီလိုပဲဟုတ်မှန်တဲ့အတိုင်းသိတယ်။ အနိစ္စ, ဒုက္ခ, အနတ္တတွေ ရှုတိုင်းရှုတိုင်း သိတယ်။

တစ်ခါရှုမှတ်ရင် လက္ခဏာ ၃-ပါး တစ်ခုချင်းသိ

သို့သော်လဲ တစ်ခါမှတ်တဲ့အချိန်မှာ အနိစ္စတစ်ခုရင်လဲ သိမယ်၊ ဒုက္ခ တစ်ခုရင်လဲ သိမယ်၊ အနတ္တတစ်ခုရင်လဲ သိမယ်၊ အဲဒီလို တစ်ခုချင်း သိမယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ တစ်ပြုံလုံးစုပြီးတော့ သိတာတော့မဟုတ်ဘူး။ ဒီလိုသိလို့ မဖြစ်ဘူး။ သာမညပြောတဲ့အခါတော့ လုံးရိုက်ကြိုးပဲ နှလုံးသွင်းလို့ပြုလို့ရပါတယ်။ ဒါပေမယ်လို့ တကယ်တရားအားထုတ်တဲ့အခါ သိတာကတော့ တစ်ခုချင်းပဲ သိတယ်။ အနိစ္စဆိုရင် အနိစ္စပဲ သိတာပဲ။ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားလို့ မမြဲတာကိုတွေ့ပြီးတော့ မမြဲဘူးလို့သဘောကျသွားရင် ဒါတစ်ခုပဲသိတယ်။ ဖြစ်ပြီး ပျောက်သွားတယ်သိရင် အနိစ္စပါပဲ။ ဖြစ်ပြီးပျောက်သွားတာသိလို့ ဆင်းရဲတာ မကောင်းဘူးလို့ စိတ်ထဲမှာထင်တာ ဒုက္ခသဘောအတိုင်း သူဟာသူဖြစ်နေတဲ့ တရားတွေပဲလို့ ရှုရင်းရှုရင်းသဘောကျရင် အနတ္တကိုသိတာ။

အဲဒီအနိစ္စ, ဒုက္ခ, အနတ္တတွေ ရှုရင်းရှုရင်း မြင်နေတာဟာ ဒါအမှားလား အမှန်လားဆိုရင် အမှန်တွေတဲ့။ မရှုလို့မသိတာ ရှုရင်သိမယ်။ အနိစ္စမမြဲတာလဲ ဟုတ်တယ်။ ဒုက္ခ-ဆင်းရဲဆိုတာလဲ ဟုတ်တယ်။ အနတ္တ-ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားဆိုတာလဲ ဟုတ်တယ်။ အဲဒီအမှန်တွေကိုမြင်လို့ **သမ္မာဒိဋ္ဌိ**မှန်စွာ မြင်ခြင်း၊ ဒါက ဝိပဿနာက မြင်တာနော်။

အဲဒီ ဝိပဿနာမြင်တာတွေဟာ အစဉ်အတိုင်းမြင်သွားလို့ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တအစအဆုံးမြင်တာ **သမ္မသနဉာဏ်**ပဲရှိသေးတယ်။ **သမ္မသနဉာဏ်**ထက် အားကောင်းတဲ့ **ဥဒယဗ္ဗယ**အဖြစ်အပျက်ကို မြင်တယ်။ **အရောင်အလင်း ပီတိ ပဿဒ္ဓိ**တွေ မြင်တယ်။ အဲဒါတွေဟာ တယ်လဲဝမ်းသာစရာကောင်းပါတယ်။ ယောဂီတွေ ခဏခဏလဲတွေ့ပါတယ်။ ဒီနေရာရောက်သွားလို့ရှိရင်လဲ ဟန်ကျပြီ။ အဲဒီ ယောဂီတွေဟာ သဒ္ဓါတရားတွေလဲ အထူးတိုးတက်လာတယ်။ တစ်ခါတည်း

http://www.dhammadownload.com

ကိုယ်တိုင်တွေ့ကလေးက ရှိလာတာကိုး။ အလုပ်တစ်ခုဆိုတာ အကျိုးကျေးဇူး ကလေးပေါ်လာမှလဲ စိတ်အားတက်တယ်။ အကျိုးကျေးဇူးက မပေါ်သေးရင် တယ်ပြီးတော့ စိတ်အားမတက်ဘူး။ တရားအားထုတ်နေရာမှာ ဟောဒီ**ဥဒယဗ္ဗယ ဉာဏ်**ရောက်ရင် အကျိုးကျေးဇူးကလေးဟာပေါ်လာတယ်၊ တော်တော်လဲ သဘောကျတယ်။

ဘင်ဉာဏ်ရောက်ရင် ပုံသဏ္ဌာန်မရှိ

အဲဒီ **ဥဒယဗ္ဗယဉာဏ်**ပြီးရင် **ဘင်ဉာဏ်**ဆိုတာ အင်မတန် ကောင်းပါတယ်။ မှတ်တိုင်းမှတ်တိုင်း အာရုံကလေးတွေဟာ ပျောက်တာပဲတွေ့ရတယ်။ ပုံသဏ္ဌာန် အထည်ဖြစ်မရှိဘူး။ တချို့ပုဂ္ဂိုလ်တွေကတော့ ဖောင်းတယ်၊ ပိန်တယ်၊ ကွေးတယ် ဆန့်တယ်၊ ကြွတယ်၊ လှုပ်းတယ်၊ ခဲတယ်၊ မှတ်နေတယ်လို့ ကြားတော့ တချို့ပုဂ္ဂိုလ် တွေက သူတို့က ရယ်စရာအောက်မေ့နေတယ်။ ဖောင်းတယ် ပိန်တယ်ဆိုတာဟာ တရားမှမဟုတ်ပဲ။ တရားထဲမပါဘူး။ ပညတ်တွေပဲ၊ ကွေးတယ်ဆန့်တယ်ဆိုတာ တွေလဲ ပညတ်တွေပဲ၊ ကြွတယ်လှုပ်းတယ်ဆိုတာလဲ ပညတ်တွေပဲ၊ ဒါတွေ ရှုလို့ရှိရင် ကိုးနှိုးကားရားနဲ့ လက်တွေကိုးနှိုးကားရား ခြေတွေကိုးနှိုးကားရား ရောက်နေမှာပေါ့။ ဒီဥစ္စာ ဘာမှသဘာဝမကျဘူးဆိုပြီးတော့ တချို့က ပြက်ရယ်ပြုပြီး ပြောကြတာတွေ ရှိတယ်။ ပြက်ရယ်ပြီးပြောကြတယ်။ သူတို့က အားမှမထုတ်ဘူးပဲ။ အခု ဒါဘုရားက ဟောတာ -

ဆမိဓိတော၊ ကွေးသည်ရှိသော်။ **ပသာရိတော**၊ ဆန့်သည်ရှိသော်။ **သမ္မဇာန-ကာရီ** အသိဉာဏ်ဖြင့်ပြုလေ့ရှိသည်။ **ဟောတိ**၊ ဖြစ်၏-လို့ မြတ်စွာဘုရားက ဟော ထားတယ်။ ဘုရားက ဒီလိုရှုသင့်လို့ ဒီလိုဟောတာပေါ့။ မရှုသင့်ရင် ကွေးတာဆန့်တာကို သိတယ်လို့ မဟောပါဘူး။ ဘယ်လိုဟောမလဲဆိုရင် ကွေးတဲ့ဆန့်တဲ့အခါ ကာလ ရုပ်နာမ်မျှဟုသိသည်။ ဒီလိုဟောမှာပေါ့။ ရုပ်နာမ်မျှတွေ ဘာတွေမပါဘူး။ **သမ္မဇာနကာရီ** အသိဖြင့်ပြုလေ့ ရှိသည်တဲ့။ သိရင် ပြီးပါပြီ။

ဝစ္ဆန္တော၀ါ ဝစ္ဆာမိတိ ပဇာနာတိ၊

http://www.dhammadownload.com

ဝစ္ဆဂ္ဂေါတ်။ သွားသည်ရှိသော်လဲ။ **ဝစ္ဆာမိတိ**၊ သွားသည်ဟူ၍။ **ပဇာနာတိ**၊ သွားသည်ဟူ၍သိ၏။

သွားတဲ့အခါလဲ သွားတာလေးသိဖို့ပဲ။ သွားတာကလေးသိနေလို့ရှိရင် သွားတဲ့အခိုက်အတန့်မှာ ဖြစ်ပေါ်တဲ့သွားစိတ်တွေ၊ သွားတဲ့ရုပ်တွေ၊ အဆင့်ဆင့် ဖြစ်ပြီးတော့ ပျက်သွားတာတွေ ကိုယ်တိုင်တွေ့ရတာပဲ။ အဲဒါတွေကို မြတ်စွာဘုရား ဟောထားတယ်။ ဟောထားတာ ဟောထားတဲ့အတိုင်းရှုပါ။ ရှုလို့ရှိရင် ဒါလေးတွေ တွေ့နေပါတယ်။ ကိုယ်တိုင်တွေ့နိုင်တဲ့တရားလို့ ဘုရားကဟောထားတာ။ ဘုရား ဟောတဲ့အတိုင်းပဲ ကိုယ်တိုင်တွေ့ပါတယ်။ ရုပ်နာမ်တရားတွေ အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေတွေ့တယ်။ ဒါကြောင့် **ဆစ်ဥဏ်**ရောက်လာတဲ့အခါကျတော့ ပုံသဏ္ဌာန် မရှိဘူးတဲ့။

ရုပ်နာမ်တရားကလေးတွေ ဖောင်းတယ်၊ ပိန်တယ်လို့ ဒီကပြောသာပြော နေရတာပဲ။ ဖောင်းတာ ပိန်တာကလေးမှာလဲ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ တရွေ့ရွေ့နဲ့ ရွေ့လိုက်ပျောက်လိုက်သဘောပဲ ရှိတယ်။ ပုံသဏ္ဌာန်အထည်ဖြပ်မရှိဘူး။ ကွေးတယ်၊ ဆန့်တယ်မှတ်ရင်လဲ ဒီအတိုင်းပဲ။ လက်တွေ ခြေတွေပေါ်နေတာ မဟုတ်ပါဘူး။ လက်ထဲကနေပြီးတောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ ရွေ့တဲ့သဘောတွေ ရွေ့လိုက်ပျောက်လိုက်, ရွေ့လိုက်ပျောက်လိုက်, တစ်ရွေ့က တစ်ရွေ့နေရာကိုမရောက်ဘူး။ ပျောက်နေ တယ်။ ဒါကတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေက သူတို့ကိုယ်တိုင်ပဲပြောတယ်။ ဒါက စာတတ်ပေတတ် ပုဂ္ဂိုလ်တွေပြောတာမဟုတ်ဘူး။ စာမတတ်တဲ့ပုဂ္ဂိုလ်တွေ ကကို ပြောတယ်။ ကလေးတွေ ငယ်ငယ်ကလေးတွေကလဲ ပြောတာပဲ။

သူတို့က ရွေ့တိုင်းရွေ့တိုင်းပျောက်နေတယ်။ တစ်နေရာက တစ်နေရာ မရောက်ဘူး။ ရွေ့လိုက်ပျောက်လိုက်၊ ဒါလေးတွေတွေ့ရတယ်၊ သွားတဲ့အခါကာလ မှာလဲ ကြွတယ်, လှမ်းတယ်, ချတယ်ဆိုရင် ရွေ့တိုင်းရွေ့တိုင်းဟာ ပျောက်လိုက် နေတယ်။ တစ်ရွေ့ကတစ်ရွေ့ နေရာမရောက်ဘူး။ ရွေ့လိုက်, ပျောက်လိုက်, ရွေ့လိုက် ပျောက်လိုက်၊ ရှုမှတ်တဲ့စိတ်တွေကလဲ ရှုမှတ်၊ သိပြီးရင်းပျောက်ရင်း သိပြီးရင်း

http://www.dhammadownload.com

ပျောက်ရင်း၊ အဲဒါလေးတွေတွေ့ရတယ်။ ဟိုမှာ ပုံသဏ္ဌာန်အထည်ဖြပ်တွေ မပါဘူး။ လက်သဏ္ဌာန်, ခြေသဏ္ဌာန်, ခေါင်းသဏ္ဌာန်, ကိုယ်သဏ္ဌာန် အထည်ဝတ္ထုတွေ ဘာမှမပါဘူး။ သဘောတရားလေးတွေ ချည်းထဲပဲ။ ရိပ်ကနဲ ပျောက်လိုက် ရိပ်ကနဲ ပျောက်လိုက်နဲ့ ပျောက်နေတာချည်းထဲပဲတွေ့ရတယ်။ မှတ်ရတဲ့အာရုံရော၊ မှတ်သိနေတဲ့ စိတ်တွေရော ပျောက်နေတာချည်းထဲပဲ တွေ့ရတယ်။ အင်မတန် ကောင်းပါတယ်။ ဒီကျတော့ အနိစ္စ, ဒုက္ခ, အနတ္တက မထင်စရာမရှိဘူး။ သူဟာတွေ အင်မတန်ရှင်းတယ်။ ဒုက္ခဆိုတဲ့ ဆင်းရဲသဘောတွေ အင်မတန်ရှင်းတယ်။ အနတ္တဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောတွေလဲ သိပ်ပြီတော့ ရှင်းတယ်။

အဲဒီကနေပြီးတော့ **ဘင်ဉာဏ်**တွေဖြစ်၊ **အာဒီနဝ**အပြစ်မြင်၊ **နိဗ္ဗိန္ဒဉာဏ်**ငွေ့၊ **မုဉ္စိတုကမျတာ**ကျတော့ လွတ်ထွက်ချင်တဲ့သဘောတွေဖြစ်၊ **ပဋိသင်္ခါ**ကျတော့ လွတ်မြောက်အောင်လို့ တဖန်ကြိုးစားပြီးတော့ရှု၊ **သင်္ခါရုပေက္ခာ**သင်္ခါရတွေ လျစ်လျူရှုတဲ့နေရာတွေ အစဉ်အတိုင်းတက်သွားတယ်။ ကြောင့်ကြမစိုက်ရဘူး၊ အဲဒီလို အသိဉာဏ်ကလေးတွေဖြစ်တယ်။

နိဗ္ဗာဝဿစွာသိခြင်း

အဲဒီကနေပြီး ဉာဏ်ရင့်ကျက်တဲ့အခါကျတော့ ရှုရင်းမှတ်ရင်းနဲ့ နိဗ္ဗာန်တရား ကိုရောက်သွားတယ်။ ခုနကပြောတဲ့ **ပရိက်၊ ဥပစာ၊ အနုလုံ**ဆိုတဲ့ **ဂေါတြဘူဇောဖြစ်ပြီးတော့ နိဗ္ဗာန်အာရုံ**တွေကျတယ်။ နိဗ္ဗာန် အာရုံဆီကို အရိယမဂ်ဉာဏ်ကလေးဖြစ်တယ်။ မဂ်ဉာဏ်ပြီးတော့ ဖိုလ်ဉာဏ် ကလေးဖြစ်တယ်။ ဖြစ်ပျက်တဲ့ရုပ်နာမ်တွေ လုံးဝဆိတ်သုဉ်းတဲ့ **နိဗ္ဗာန်အာရုံ**ထဲကို ကျရောက်ပြီးတော့ သစ္စာလေးပါးလုံးသိတဲ့ဉာဏ်ဟာ ပြည့်ပြည့်စုံစုံဖြစ်တယ်။ ဒီမှာ **သောတာပတ္တိမဂ်ဉာဏ်**ကိုရောက်တယ်။ အဲဒီတော့ ဘယ့်နှယ်သိတုန်းဆိုတော့ **နိဗ္ဗာဝဿစွာ**ကို ဆိုတယ်။

ဒုက္ခနိရောဓေ ဉာဏ်၊

ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌။ **ဉာဏ်**၊ အမှန်အတိုင်း သိသောဉာဏ်။

http://www.dhammadownload.com

အဲဒီဉာဏ်ကလေးဖြစ်တယ်။ အဲဒီဉာဏ်ဖြစ်တော့ သစ္စာလေးပါးလုံးလဲ သိတယ်တဲ့။ သစ္စာလေးပါးလုံး တစ်ပြိုင်နက် သိတယ်ဆိုပေမယ့်လို့ ၄-ခုလုံးစုပြီး သိတာတော့ မဟုတ်ဘူး။ တစ်ခုပဲသိတာပါပဲ။ နိဗ္ဗာနသစ္စာပဲ သိတယ်။

နိဗ္ဗာနေ အာရမ္မဏာတော၊

နိဗ္ဗာနေ၊ နိဗ္ဗာနသစ္စာ၌။ **အာရမ္မဏာတော၊** အာရုံပြုသောအားဖြင့် သိသည်။

နိဗ္ဗာနသစ္စာကို အာရုံပြုသောအားဖြင့် ထိုးထွင်းပြီးသိသွားတယ်။ **တီသု၊** နိဗ္ဗာနသစ္စာမှတစ်ပါးသော ဒုက္ခသစ္စာ, သမုဒယသစ္စာ, အရိယမဂ္ဂသစ္စာတို့၌၊ **ကိစ္စတော၊** သိမှုကိစ္စပြီးသောအားဖြင့်။ **ပဋိဝိဒ္ဓတိ၊** ထိုးထွင်း၍သိ၏။

သိမှုကိစ္စပြီး

ကျန်တဲ့ကိစ္စ ၃-ပါးကတော့ သိမှုကိစ္စပြီးတာတဲ့။ နိဗ္ဗာနနိဗ္ဗာန်ဆိုတဲ့တရား အမှန်ကလေးသိလိုက်တာနဲ့ ဒုက္ခသမုဒယ၊ မဂ္ဂတွေလဲသိပြီးသား ဖြစ်သွားပါတယ်တဲ့။ ဘယ်လိုသိတာတုန်းဆိုတော့ မဂ္ဂသစ္စာဆိုတာ ပွားရတာကိုး။ (ဘာဝနာဘိသမယ) ခေါ်တယ်။ မိမိသန္တာန်မှာ ဖြစ်စေရတယ်။ နိဗ္ဗာန်သိတဲ့အခါကာလမှာ ဘယ်သူနဲ့သိတုန်းဆိုရင် အဲဒီမဂ္ဂသစ္စာနဲ့ပဲဖြစ်ပြီးတော့ သိရတယ်။ သမ္မာဒိဋ္ဌိအမှူးရှိတဲ့ မဂ္ဂင်ရှစ်ပါးတရားဖြစ်ပြီးတော့သိတယ်။ အဲဒီတော့ အဲဒီမဂ္ဂင်ရှစ်ပါးတရား မိမိသန္တာန်မှာ တကယ်ကိုဖြစ်သွားတာပဲ။ ဖြစ်သွားတော့ ဒါဘာဝနာဘိသမယခေါ်တယ်။ မိမိသန္တာန်မှာ ဖြစ်စေသောအားဖြင့် သိသည်တဲ့။ ကိုယ့်သန္တာန်မှာဖြစ်ရင် သိရောပေါ့။ ကိုယ့်သန္တာန်မှာဖြစ်လို့ရှိရင် ပြန်စဉ်းစားသိတော့တာပေါ့။

ကိုယ့်သန္တာန်မှာ မဖြစ်ဘူးတဲ့တရားဆိုရင်တော့မသိဘူး။ လောကုတ္တရာတရားမပြောနဲ့ ရောဂါဝေဒနာတောင် ကိုယ်မဖြစ်ဘူးရင်မသိဘူး။ ခေါင်းမကိုက်ဘူးတဲ့ပုဂ္ဂိုလ်ဟာ ခေါင်းကိုက်တဲ့ဥစ္စာ သူများပြောပေမယ့်လို့ မသိဘူး၊ သွားမနာဘူးတဲ့ ပုဂ္ဂိုလ်ဟာ သွားနာတာ သူများပြောပေမယ့်လို့ မသိဘူး၊ မဖျားဘူးတဲ့ပုဂ္ဂိုလ်ဟာ ဖျားတယ်ဆိုတာ ဘယ့်နှယ်နေတယ်ဆိုတာမသိဘူး၊ ကိုယ်ကိုယ်တိုင် ဖြစ်မှသိတာ၊ အဲဒါက လောကီတရား အကြမ်းချည်း ရှိသေးတယ်။

http://www.dhammadownload.com

လောကုတ္တရာအရိယမဂ်တရားဆိုတာလဲ ဒီအတိုင်းပဲ။ ကိုယ့်သန္တာန်မဖြစ်ဘဲနဲ့တော့ မသိဘူး။ ကိုယ့်သန္တာန်မှာဖြစ်မှ သိတယ်။ ကိုယ့်သန္တာန်ဖြစ်တဲ့အခါ ရုပ်နာမ်သဓါရငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်သွားတဲ့သဘောကို သိရတာကိုး။ ကိုယ်တိုင်တွေ့ရတော့ အဲဒီဟာ မိမိသန္တာန်မှာဖြစ်သွားပြီတဲ့။ ကိုယ်တိုင်လဲ သိသွားပြီတဲ့။ **ဘာဝနာဘိသမယ**အားဖြင့် သိတာတဲ့။ ပြန်စဉ်းစားမယ်ဆိုရင် ကိုယ့်သန္တာန်မှာ ဖြစ်သွားတဲ့တရားကို ပြန်စဉ်းစားရင် ပေါ်နေတာပဲ သိနေတာပဲ။

နောက်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ ငြိမ်းအေးတဲ့တရားတွေ့ရလို့ ဖြစ်ပျက်နေတဲ့ မငြိမ်းအေးတဲ့ ဒုက္ခသစ္စာတွေလဲပဲ သူသိသွားတယ်တဲ့။ အရင်က ဝိပဿနာရှုတုန်းက ဖြစ်ပျက်နေတဲ့တရားတွေ အကုန်လုံးဟာ နှစ်သက်သာယာစရာမရှိလို့ ဆင်းရဲချည်းထဲပဲ။ ဖြစ်ပျက်နေတဲ့တရားတွေ ဘာမှအားမကိုးလောက်ဘူး။ ငြိမ်းနေတဲ့တရားတွေ ကောင်းတယ်ဆိုတာ သဘောကျပြီးတော့သိတယ်။ အဲဒီနိရောဓငြိမ်းတဲ့ နိဗ္ဗာန်ကို သိသောအားဖြင့် ဒုက္ခသစ္စာကိုလဲပဲ ပိုင်းခြားပြီးတော့သိတယ်။

အဲဒီ ဒုက္ခဆင်းရဲတွေပဲလို့သိနိုင်တော့ အကောင်းတွေထင်ပြီး သာယာမယ့် သမုဒယသစ္စာလဲ မဖြစ်နိုင်တော့ဘူး။ သူလဲပယ်ပြီးသား ဖြစ်သွားတယ်။ (ပဟာနာဘိသမယတဲ့) ပယ်သောအားဖြင့် ကင်းငြိမ်းသောအားဖြင့် သိခြင်းကိစ္စ ပြီးတယ်တဲ့။ အဲဒီတော့ ဝိပဿနာရှုလို့ အဖြစ်အပျက်တွေ သိရင်းသိရင်းနဲ့ ရုပ်နာမ် သဓါရငြိမ်းတဲ့ နိဗ္ဗာန်ကလေးကို နိဗ္ဗာန်အာရုံထဲကို ပြေးဝင်ပြီးသိသွားလိုက်တဲ့အချိန်မှာ နိဗ္ဗာန်တစ်ခုကိုသိလိုက်တာနဲ့ မဂ္ဂသစ္စာ မိမိသန္တာန်ဖြစ်သောအားဖြင့် သိခြင်းကိစ္စပြီးသွားပြီတဲ့။ ဒုက္ခသစ္စာတွေလဲ သိခြင်းကိစ္စပြီးသွားပြီတဲ့။ ဒုက္ခကိုသာယာပြီး ဖြစ်မယ့် တဏှာလဲ ပယ်ခြင်းကိစ္စပြီးသွားပြီတဲ့။

ပယ်တယ်ဆိုလဲပဲ သူ့အင်အားရှိသလောက် ပယ်တာပေါ့လေ။ သောတာပတ္တိမဂ်က ဘယ်လောက်ထိအောင် ပယ်သလဲဆိုရင် သက္ကာယဒိဋ္ဌိတဲ့။ ဝိစိကိစ္ဆာတဲ့။ အပါယ် ၄-ပါးကျနိုင်တဲ့ အကုသိုလ်ကံတွေတဲ့။ ဒါတွေပယ်တယ်။ အဲဒါလောက်တဏှာပဲ ပယ်တယ်။ ဒီပြင် လူဘဝ နတ်ဘဝတွေ သာယာတဲ့ကာမရာဂတွေ ဒီတဏှာတွေတော့ မပယ်နိုင်သေးပါဘူး။ အပါယ်လေးပါးကျလောက်တဲ့ တဏှာ

http://www.dhammadownload.com

တွေကို ပယ်တယ်။ ရူပဘဝ, အရူပဘဝဖြစ်မယ့် တဏှာတွေဆိုတော့ ဝေးပါသေးတယ်။ မပယ်နိုင်သေးပါဘူး။ ဒါကြောင့် သူပယ်နိုင်သလောက်ကလေးကို ပယ်သွားပါတယ်။ ပယ်သွားတဲ့ဥစ္စာဟာ ပဟာနာဘိသမယဖြင့် သမုဒယသစ္စာကိုပယ်ပြီး သိသွားပါတယ်တဲ့။ ဒီတော့ -

ဒုတ္ထေ ညာဏံ၊ ဒုတ္ထသမုဒယေ ညာဏံ၊ ဒုတ္ထနိရောဓေ ညာဏံ၊ ဒုတ္ထနိရောဓ ဂါမိနိယာ ပဋိပဒါယ ညာဏံ။

ဆိုတဲ့ သစ္စာလေးပါးသိတဲ့ဉာဏ်ဟာ သမ္မာဒိဋ္ဌိတဲ့။ အဲဒီ သမ္မာဒိဋ္ဌိဟာ ဝိပဿနာဉာဏ်ကနေ အစဉ်အတိုင်းရှလို့ အရိယမဂ်ဉာဏ်ရောက်တဲ့အခါမှာ ပြည့်စုံပါတယ်။ အရိယမဂ်မှာလဲ သောတာပတ္တိမဂ်ဆိုရင်တော့ တစ်စိတ်တစ်ပိုင်း ရှိသေးတာပေါ့လေ။ နောက် သကဒါဂါမိမဂ်ရောက်အောင်လဲ အားထုတ်ရဦးမယ်။ အနာဂါမိမဂ်ရောက်အောင်လဲ အားထုတ်ရဦးမယ်။ အရဟတ္တမဂ်ရောက်အောင်လဲ အားထုတ်ရဦးမယ်။ အရဟတ္တမဂ်ရောက်တဲ့အခါကျမှ အကုန်လုံး၊ သစ္စာလေးပါး တရား သိခြင်းကိစ္စ ပြည့်စုံပါတယ်။ အဲဒီရောက်မှ သူဟာသမ္မာဒိဋ္ဌိ မဂ္ဂင်အကြောင်းကို ဒီတွင်ပဲရပ်ထားကြဦးစို့။

သမ္မာသင်္ကပ္ပ

သမ္မာသင်္ကပ္ပပြောရမယ်။ မဂ္ဂင်ရှစ်ပါးတရား မဂ္ဂင်ဖောင်ဖွဲ့ပုံ၊ ဖောင်ဖွဲ့ဆိုပေမယ့် တခြားဖွဲ့တာတော့မဟုတ်ဘူး။ ရှုမှတ်နေတာဟာ မဂ္ဂင်ဖောင်တွေဖွဲ့နေတာပဲ။ အဲဒါ သမ္မာဒိဋ္ဌိက၊ ဒါလောက်ဆိုရင် နားလည်လောက်ပါပြီ။ နောက်ကဟာတွေက ကျဉ်းကျဉ်းပြောလို့ရပါတယ်။ အရေးကြီးတာကို အရေးကြီးသလို ခပ်ကျယ်ကျယ်ပြောနေရတယ်။ သမ္မာသင်္ကပ္ပ။

ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သမ္မာသင်္ကပ္ပေါ**၊ သမ္မာသင်္ကပ္ပမဂ္ဂင်သည်။ **ကတမောစ**၊ အဘယ်ပါနည်း။

သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတာ ဘာလဲ၊

http://www.dhammadownload.com

ယော ဓေါ ဘိက္ခဝေ နေတ္တမ္မသက်ပွေါ်၊ အဗျာပါဒသက်ပွေါ်၊ အဝိဟိသ သက်ပွေါ်၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသက်ပွေါ်။

ဘိက္ခဝေ၊ ရဟန်းတို့။ **ယော ဓေါ နေတ္တမ္မသက်ပွေါ်၊** အကြင်ကာမမှ ထွက်မြောက်သော အကြံအစည်လည်းကောင်း။ **ယော ဓေါ အဗျာပါဒသက်ပွေါ်၊** အကြင် မဖျက်စီးစေလိုသော အဗျာပါဒသက်ပွလည်းကောင်း။ **ယော ဓေါ အဝိဟိသသက်ပွေါ်၊** အကြင် မညှဉ်းဆဲလိုသော အဝိဟိသသက်ပွလည်းကောင်း။ **အယံ၊** ဤ ၃-ပါးသော သက်ပွကို။ **သမ္မာသက်ပွေါ်၊** မှန်ကန်သော အကြံအစည် သမ္မာသက်ပွဟူ၍။ **ဝုစ္စတိ၊** ခေါ်ဆိုအပ်၏။

သက်ပွ ၃-မျိုး

သမ္မာသက်ပွဆိုတာ ၃-ပါးရှိတယ်တဲ့။ **နေတ္တမ္မသက်ပွ, အဗျာပါဒသက်ပွ, အဝိဟိသသက်ပွ** ၃-ပါးပဲတဲ့။ ပယ်ရမယ့် သက်ပွက ၃-ပါးရှိတယ်။ သူက **ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိသဝိတက်**ဆိုတဲ့ ဝိတက် ၃-ပါးနဲ့ ပြောင်းပြန်ပဲ။

နေတ္တမ္မသက်ပွ

နေတ္တမ္မသက်ပွဆိုတာ **ကာမဝိတက်**နဲ့ပြောင်းပြန်ပဲ။ **နေတ္တမ္မ**ထွက်မြောက်တယ်ဆိုတာ ဘယ်ကထွက်မြောက်သလဲ။ ကာမနှစ်သက်သာယာမှုတွေမှ ထွက်မြောက်တာတဲ့ နှစ်သက်သာယာစရာ နှစ်သက်သာယာမှုက ထွက်မြောက်တယ်တဲ့။

အဲဒါဟာ အမျိုးမျိုးရှိပါတယ်။ ဒါနကုသိုလ်နဲ့စပ်ပြီးတော့လဲပဲ **နေတ္တမ္မသက်ပွ**ရှိပါတယ်။ ဒါနကုသိုလ်နဲ့စပ်ပြီးတော့ စွန့်ကြေပေးကမ်းလှူဒါန်းဖို့ရာ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါကာလမှာ မိမိပိုင်ဆိုင်တဲ့ နှစ်သက်ဖွယ် သာယာဖွယ်တွေကို စွန့်လွှတ်တဲ့သဘောနဲ့ သူကဖြစ်တယ်။ စွန့်လိုတဲ့သဘောနဲ့ ဖြစ်တယ်။ အဲဒီ စွန့်လိုတဲ့ **နေတ္တမ္မသက်ပွ**ဖြစ်လာတဲ့ပုဂ္ဂိုလ်တွေဟာ ဒါနကုသိုလ်အောင်မြင်နေတာပဲ။ **နေတ္တမ္မသက်ပွ**မဖြစ်ဘဲနဲ့ **ကာမဝိတက်**တွေ အားကြီးနေတဲ့ပုဂ္ဂိုလ်က ကိုယ်ပိုင်ဆိုင်တာကလေးဟာ မစွန့်နိုင်ဘူး။ သာယာနေတာနဲ့ ဒါနကုသိုလ်မဖြစ်ဘူး။ ဒါနကုသိုလ် ပြုချင်ပေမယ့်လို့ မဖြစ်နိုင်ဘူး။ နှစ်သက်သာယာမှုတွေရှိနေရင် အဲဒီနှစ်သက်

http://www.dhammadownload.com

သာယာမှုကလေးကို ကျော်လွန်ပြီးတော့ စွန့်လွှတ်နိုင်တဲ့သဘော ဖြစ်လာတဲ့ဥစ္စာ **ဒါနေကွမ္မသက်ပွတရွှေ့ဆောင်ပြီးတော့** ဖြစ်တာ။ အဲဒီတော့မှ ဒါနကုသိုလ်ဖြစ်တယ်။

သီလကုသိုလ်တွေလဲ ဒီလိုပဲ။ သီလမစောင့်ထိန်းလို့ရှိရင် ရရှိမယ့်နှစ်သက်သာယာစရာ အာရုံဝတ္ထုတွေရှိတယ်။ အဲဒါတွေကို ခင်မင်တွယ်တာနေလို့ရှိရင် သီလကုသိုလ် မစောင့်ထိန်းနိုင်သေးဘူး။ အခု ငယ်ပါသေးတယ်။ နောက်မှပဲ စောင့်ရမှာပါပဲ။ အခုတော့ဖြင့်ရင် ဒေါင်ကျကျပြားကျကျ ဒီလိုလုပ်ရဦးမှာပဲဆိုပြီး ဒီလိုလုပ်နေတာတွေရှိတာကိုး။ အဲဒါ **ကာမသက်ပွ** နောက်လိုက်နေတာ၊ **နေကွမ္မသက်ပွ** က အားကောင်းလာတဲ့ အခါကာလကျတော့ ကာမအာရုံတွေ မလိုက်ဘူး။ သီလတွေ စောင့်ဦးမှပဲ။ သီလစင်ကြယ်အောင်လို့ စောင့်ထိန်းတယ်။

ဘာဝနာပွားများရာလဲ ဒီအတိုင်းပဲ။ ဘာဝနာတရားအားထုတ်ဖို့ဟာ **ကာမသက်ပွတွေ** အားကြီးတဲ့ပုဂ္ဂိုလ်က **ကာမဝိတက်**တွေနဲ့ စိတ်ကူးစဉ်းစားနေတာကိုး။ တရားအားထုတ်လိုက်ရင် အလုပ်တွေပျက်ကုန်တော့မယ်။ တချို့ဒီလိုကို ပြောတတ်တယ်။ တရားဘက် မလိုက်သေးပါဘူးတဲ့။ လိုက်လို့ရှိရင်ဖြင့် ဒီမှာလုပ်ငန်းတွေပျက်ကုန်မှာစိုးလို့တဲ့။ ဒီလိုပြောတယ်။ တချို့ဇနီးခင်ပွန်း ၂-ဦးဟာ ယောကျ်ားဖြစ်တဲ့ပုဂ္ဂိုလ်ကနေပြီးတော့ တရားတွေအားထုတ်မယ်လို့ဆိုရင် အိမ်သူဖြစ်တဲ့ပုဂ္ဂိုလ်က သိပ်သဘောမကျဘူး။ တရားထဲ စိတ်ဝင်သွားရင် နောက်အိမ်ပြန်မလာမှာစိုးတယ်။ စီးပွားရေးလုပ်ငန်းတွေ ပျက်ကုန်မှာစိုးရိမ်တယ်။ အဲဒီလိုဟာတွေရှိပါတယ်။ ဒါက ဘုန်းကြီးက အတွေးနဲ့ပြောတာမဟုတ်ဘူး။ ဘုန်းကြီးရှေ့တွင်ပဲ တချို့ပြောတာတွေရှိတယ်။ တရားအားထုတ်ဖို့ရာပြောတော့ မဖြစ်ဘူးဘုရားတဲ့။ တော်တော်ကြာလို့ရှိရင် အိမ်ပြန်လာမှာမဟုတ်ဘူး။ ဒီလိုကိုး။ အဲဒါနဲ့ တရားအားထုတ်လိုက်လို့ရှိရင် တရားထဲစိတ်ဝင်သွားပြီး အိမ်မပြန်နိုင်ပဲနေမှာစိုးလို့ တရားအားမထုတ်ဘူး။ ဒီလိုနေနေတာတွေရှိတယ်။ အဲဒါ **ကာမသက်ပွ၊ ကာမဝိတက်**ကဦးစီးပြီးဟော့ လွှမ်းမိုးနေတာ၊ တရားအားထုတ်ဖို့ရာ စိတ်မကူးနိုင်ဘူး။ တရားအားထုတ်ဖို့ကို မပြောနဲ့ တရားနာဖို့ရာတောင် စိတ်မကူးနိုင်ဘူး။ **ကာမဝိတက်**တွေအားကြီးပြီး ကာမဘက်

http://www.dhammadownload.com

ကနေ အားကြီးနေတဲ့ပုဂ္ဂိုလ်တွေက တရားနာဖို့ရာတွေမလာနိုင်ဘူး။ ဒီလာလို့ ရှိရင်ဖြင့် အလုပ်တွေက ပျက်ကုန်မှာကိုး။ ရမယ့်ဥစ္စာတွေ မရဘဲဖြစ်ကုန်မှာ။ အဲဒါကြောင့် တရားမနာနိုင်ဘူး။ တရားအားထုတ်ဖို့ရာ စိတ်မကူးနိုင်ဘူး။ ဒီလိုဟာတွေ ရှိတယ်။

နေကွမ္မသက်ပွဦးစီးလာတဲ့ပုဂ္ဂိုလ်တွေကတော့ တရားနာဖို့ရာ စိတ်ကူးတယ်။ တရားနာဖို့ရာ တရားနှလုံးသွင်းဖို့ရာ တရားအားထုတ်ဖို့ရာ စိတ်ကူးတယ်။ စိတ်ကူးတဲ့အတိုင်း အားလဲထုတ်တယ်။ အားထုတ်တဲ့အခါကာလမှာတော့ အထူးပြောနေစရာမရှိဘူး။ အားထုတ်တော့ အားထုတ်တိုင်း အားထုတ်တိုင်းဟာ နှစ်သက်သာယာမှုတွေ ပယ်နေတာပဲ။ မြင်ရာက ဖြစ်မယ့်နှစ်သက်သာယာမှုတွေ၊ မြင်တယ်မှတ်ပြီးတော့ ပယ်သွားရော၊ မြင်ပြီးဖြစ်ပျက်သွားတဲ့ သဘောသိရင် ရှုလို့ ဝိပဿနာဉာဏ် ရင့်လေလေ နှစ်သက်သာယာမှုတွေကို ပယ်ခြင်းကိစ္စတွေဟာ ပြီးစီးလေလေပါပဲ။ အင်မတန်ကောင်းပါတယ်။ သူက **နေကွမ္မသက်ပွ**ဖြစ်တယ်။ **အနိစ္စ, ဒုက္ခ, အနတ္တ**တွေ သိလေလေ နှစ်သက်သာယာမှုတွေ ပယ်ခြင်းကိစ္စ ဖြစ်လေလေပဲ။

မြင်ရာကလိုပဲ ကြားရာက, နံရာက, စားရာက၊ တွေ့ထိရာက, စိတ်ကူးစဉ်းစားကြံစည်ရာက နှစ်သာယာမှုတွေ ဖြစ်ခွင့်မရအောင်လို့ **အနိစ္စ, ဒုက္ခ, အနတ္တ**တွေ လိုက်ပြီးတော့ သိနေတာ။ ဒါ **နေကွမ္မသက်ပွ**တွေ ဖြစ်နေတယ်။

အဗျာပါဒသက်ပွ

အဗျာပါဒသက်ပွတဲ့၊ **ဗျာပါဒ၏ ဆန့်ကျင်ဘက် ဗျာပါဒဝိတက်**၊ ဒါကတော့ အခါခပ်သိမ်းဖြစ်တာတော့ မဟုတ်ပါဘူး။ **ဗျာပါဒ**ဆိုတာတော့ သူတစ်ပါးသေပါ စေ၊ ပျက်ပါစေဖြစ်အောင်ဖြစ်တဲ့ဥစ္စာမျိုး။ **ဗျာပါဒ**ဆိုတာ ပျက်စီးစေချင်တဲ့ သဘောအကြံအစည်၊ ဒါကတော့ ဆန့်ကျင်ဘက်ဖြစ်တဲ့ပုဂ္ဂိုလ်တွေမှာ ဖြစ်တတ်ပါတယ်။ လောလောဆယ်အားဖြင့် ဆန့်ကျင်ဘက်တွေ အရေးတကြီးဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ တွေ့တတ်တယ်။ အခု **အဗျာပါဒသက်ပွတ** အဲဒါရဲ့ပြောင်းပြန် ဆန့်ကျင်ဘက်ပဲ၊ **အဗျာပါဒ** မေတ္တာတွေ ပွားနေတဲ့အခါဆိုရင် ထင်ရှားပါတယ်။ အခု တရားအားထုတ်တဲ့အခါလဲ ဒီအတိုင်းပါပဲ။ တရားအားထုတ်တဲ့အခါမှာတော့

http://www.dhammadownload.com

အဲဒီမေတ္တာသဘောမျိုးနဲ့ ချမ်းသာပါစေလို့ နှလုံးသွင်းနေတာတော့မဟုတ်ပါဘူး။ ဒါပေမယ့်လို့ မြင်ရာကြားရာကနေပြီးတော့ မြင်တိုင်းကြားတိုင်းတွေ အမှန်အတိုင်း ရှုပြီးတော့ သိပြီးတော့နေတဲ့ပုဂ္ဂိုလ်ဟာ အဲဒီမြင်မှုကြားမှုနဲ့စပ်ပြီး **ဗျာပါဒ**မဖြစ်ဘူး။ သေပါစေ၊ ပျက်ပါစေမဖြစ်ဘူး။ မြင်ရာ ကြားရာကနေပြီးတော့ ရှုတိုင်းရှုတိုင်းဟာ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား၊ နောင်ပြန်စဉ်းစားရင်လဲပဲ အဲဒီဝတ္ထုတွေနဲ့ စပ်ပြီးတော့ သေပါစေ၊ ပျက်ပါစေဆိုတဲ့ စိတ်ကူးတွေပြန်မဖြစ်လာဘူး။ ငြိမ်းနေတယ်။ အဲဒါကြောင့် မှတ်တိုင်းမှတ်တိုင်း **အဗျာပါဒသတိ**ပဋ္ဌာန်းပွလဲ ဖြစ်ပါတယ်တဲ့။

အဝိဟိံသ သတိပဋ္ဌာန်း

အဝိဟိံသ သတိပဋ္ဌာန်းတဲ့၊ **အဝိဟိံသ သတိပဋ္ဌာန်း**ဆိုတာ ကရုဏာနဲ့စပ်တယ်။ **ဝိဟိံ သာက** ညှဉ်းဆဲတာကိုး။ သူများကိုညှဉ်းဆဲတယ်၊ နှိပ်စက်တယ်၊ ကိုယ်နဲ့ညှဉ်းဆဲတယ်၊ နှုတ်နဲ့ညှဉ်းဆဲတယ်၊ ကိုယ်နဲ့နှုတ်နဲ့ သူတစ်ပါးဒုက္ခရောက်အောင်လို့ ညှဉ်းဆဲလိုတဲ့ အကြံအစည်တွေဟာ **ဝိဟိံသသတိပဋ္ဌာန်း**ခေါ်တယ်။ **ဝိဟိံသသတိပဋ္ဌာန်း** အားကြိုးတဲ့ ပုဂ္ဂိုလ်ဟာ သူများဒုက္ခရောက်အောင် ညှဉ်းဆဲဖို့ရာ ကြံနေတာပဲ။ သူများတွေကို ညှဉ်းဆဲတယ်၊ သနားရမှန်းဘာမှန်းမသိဘူး၊ ညှဉ်းဆဲတယ်၊ အခု **အဝိဟိံသသတိပဋ္ဌာန်း** အားကြိုးတဲ့ပုဂ္ဂိုလ်တွေကတော့ ကရုဏာဖြစ်တယ်၊ သနားတယ်၊ သူများတွေ ညှဉ်းဆဲဖို့ မပြောနဲ့ သူများညှဉ်းဆဲတာတွေမြင်ရ၊ ကြားရ၊ တွေ့ရလို့ရှိရင် သူက သနားတယ်၊ ဆင်းရဲကလွတ်ပါစေလို့ ဆင်းရဲလွတ်စေချင်တဲ့ စိတ်ကူးတွေဖြစ်နေတယ်။ အဲဒါ **အဝိဟိံသသတိပဋ္ဌာန်း** ခေါ်တယ်။

အခု တရားအားထုတ်တဲ့အခါကာလမှာလဲ မြင်တိုင်း၊ ကြားတိုင်း၊ ဒွါရ ၆-ပါးက ပေါ်တိုင်းပေါ်တိုင်းတွေ ရှုနေတော့ အဲဒီပေါ်သမျှအာရုံတွေနဲ့ စပ်ပြီး ညှဉ်းဆဲလိုတဲ့ စိတ်တွေမဖြစ်ရဘူး၊ ဖြစ်ခွင့်ကို မရှိဘူး၊ လုံးလုံးငြိမ်းနေတယ်။ ဒါကြောင့် မှတ်တိုင်းမှတ်တိုင်း **အဝိဟိံသသတိပဋ္ဌာန်း**ဖြစ်သည်။ ရှုလို့မှတ်လို့ ရုပ်နာမ်မျှ သိခဲ့လို့ရှိရင်၊ အဖြစ်အပျက်မျှသိခဲ့လို့ရှိရင်၊ **အနိစ္စ, ဒုက္ခ, အနတ္တ**တွေကို သိခဲ့လို့ရှိရင် ဒါတွေကို သိတိုင်းသိတိုင်းဟာ ဒီအာရုံနဲ့စပ်ပြီးတော့ ညှဉ်းဆဲလိုမှုတွေ ဖြစ်ခွင့်ကို မရှိဘူးတဲ့။ ငြိမ်းနေတယ်၊ ဒါကြောင့် **အဝိဟိံသသတိပဋ္ဌာန်း** ဖြစ်သည်။ မှတ်တိုင်း မှတ်တိုင်း

http://www.dhammadownload.com

နေကွမ္မသက််ပွလဲ ဖြစ်သည်။ **အဗျာပါဒသက််ပွလဲ** ဖြစ်သည်။ **အဝိဟိသ သက််ပွလဲ** ဖြစ်သည်။ ဝိပဿနာမှာတော့ ၃-မျိုးစလုံးရတယ်။

ဝိပဿနာမဟုတ်တဲ့ ဒီပြင်စိတ်တွေမှာတော့ နှစ်သက်စရာ, သာယာစရာ အာရုံတွေကို စွန့်လွှတ်တဲ့အခါကာလတွေမှာ **နေကွမ္မသက််ပွ**ဖြစ်တယ်။ သူတစ်ပါးတွေ ချမ်းသာပါစေလို့ မေတ္တာပွားတဲ့အခါမှာ **အဗျာပါဒသက််ပွ** ဖြစ်တယ်။ သူတစ်ပါးတွေ ဆင်းရဲမှလွတ်ပါစေလို့ ကရုဏာပွားတဲ့အခါကာလမှာ **အဝိဟိသ သက််ပွ**ဖြစ်တယ်။

ဝိပဿနာရှုတဲ့အခါမှာတော့ အဲဒီရှုတိုင်းရှုတိုင်း အဲဒီ ၃-မျိုးလုံးကို တစ်ခါတည်းဖြစ်ပြီးနေတယ်။ ရှုမိတဲ့အာရုံနဲ့စပ်ပြီးတော့ ကာမဆိုတဲ့နှစ်သက်သာယာမှုလောဘမဖြစ်နိုင်ဘူး။ ဖြစ်ခွင့်မရှိဘူး။ **ဗျာပါဒ**ဆိုတဲ့ ပျက်စီးပါစေဆိုတဲ့ ဒေါသမဖြစ်ဘူး။ **ဝိဟိသ**ဆိုတဲ့ ညှဉ်းဆဲလိုမှုဒေါသတွေမဖြစ်၊ သူတို့ ၂-ခုဟာ ဒေါသချည်းထဲပဲ။ **ဗျာပါဒနဲ့ ဝိဟိသ**ကကွာတာက **ဗျာပါဒ**က မေတ္တာ၏ဆန့်ကျင်ဘက်၊ **အဗျာပါဒ**ဆိုတာက **ဗျာပါဒ၏**ဆန့်ကျင်ဘက်။ **အဗျာပါဒ**ဆိုတာ မေတ္တာပဲ။ **ဝိဟိသ**ဆိုတာက ညှဉ်းဆဲလိုမှုကိုး။ ကရုဏာ၏ဆန့်ကျင်ဘက် အခု**အဝိဟိသ**ဆိုတာက ကရုဏာ၊ အဲဒီ ဝိပဿနာရှုတဲ့အခါကာလ အဲဒီ ၃-ခုလုံး တစ်ခါတည်း ဒီသက််ပွ ၃-ခုလုံး တစ်ခါတည်းပြီးတယ်တဲ့။ အဲဒါဟာ တစ်ခါမှတ်လိုက်ရင် **နေကွမ္မသက််ပွ**လဲ ဖြစ်တယ်။ **အဗျာပါဒသက််ပွ**လဲ ဖြစ်တယ်။ **အဝိဟိသသက််ပွ**လဲ ဖြစ်တယ်။ အဲဒါ ၃-ခုလုံးဟာ ပွားနေတာပဲ။ ဒါလဲ ဖောင်ဖွဲ့နေတာပဲ။

သမ္မာဝါစာ

ဒီတော့ **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ**၊ အဲဒီသီလမဂ္ဂင် ၃-ပါးရှိတယ်။ အဲဒီ သီလမဂ္ဂင် ၃-ပါးက **သမ္မာဝါစာ**ဆိုတာ ဝစီက်ကနေပြီး **ဝစီဒုစရိုက်**တွေကို ပယ်တဲ့သဘော၊ **သမ္မာဝါစာ**က **ဝစီဒုစရိုက်**တွေပယ်တာတဲ့။

ကတမာစ ဘိက္ခဝေ သမ္မာဝါစာ၊ ယာ ခေါ်ဘိက္ခဝေ မုသာဝါဒါ ဝိရတိ၊ ပိသုဏဝါစာဝိရတိ၊ ဖရုသာယဝါစာယ ဝိရတိ၊ သမ္မပ္ပလာပါ ဝိရတိ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ **သမ္မာဝါစာ၊** သမ္မာဝါစာမဂ္ဂင်ဟူသည်။ **တတမာ၊** အဘယ်နည်း။ **သမ္မာဝါစာ၊** မှန်သောပြောဆိုခြင်း၊ အမှန်ပြောခြင်း၊ အမှန်ပြောခြင်း ဆိုပေမယ့် တကယ်ပြောမှမဟုတ်ဘူး။ မပြောဘဲနဲ့လဲ ဖြစ်ပါတယ်။ **ဝိရတိ၊** ကြဉ်တဲ့ သဘောပဲ။ မဂ်လသုတ်မှာပါတဲ့ **အာရတိဝိရတိတွေပဲ။ မုသာဝါဒါ၊** မမှန်သောစကား ကို ပြောဆိုခြင်းမှ။ **ယာဝိရတိ၊** အကြင် ကြဉ်ရှောင်ခြင်းလည်းကောင်း။ **ဖိသုဏာယဝါစာယ၊** ကုန်းတိုက်ခြင်းမှ။ **ယာဝိရတိ၊** အကြင် ကြဉ်ရှောင်ခြင်းလည်းကောင်း။ **ဖရုသာယဝါစာယ၊** ကြမ်းတမ်းသော ဆဲဆိုစကားမှ။ **ယာဝိရတိ၊** အကြင် ကြဉ်ရှောင်ခြင်းလည်းကောင်း။ **သမ္ဖပ္ပလာပါ၊** အပြိန်အဖျင်းစကားမှ။ ယာဝိရတိ၊ အကြင် ကြဉ်ရှောင်ခြင်းလည်းကောင်း။ **အယံ၊** ဤကြဉ်ရှောင်ခြင်းကို။ **သမ္မာဝါစာ၊** သမ္မာဝါစာမဂ္ဂင်ဟူ၍။ **ဝုစ္စတိ၊** ခေါ်ဆိုအပ်၏။

သမ္မာဝါစာဆိုတာ **မိစ္ဆာဝါစာ** ၃-ခုမှ ကြဉ်ရှောင်တာပါပဲတဲ့။ အခု သီလ ဆောက်တည်တဲ့ပုဂ္ဂိုလ်တွေ သီတင်းသုံးကျင့်နေတဲ့ပုဂ္ဂိုလ်တွေမှာ ဆောက်တည်တဲ့ အခါမှာလဲ **ဗီဝိရတိ**တွေ သာမညအကြမ်းဖျင်းဖြစ်တယ်လို့ ဆိုရမှာပေါ့။ အထူး အားဖြင့်တော့ အရေးအကြောင်းရှိလို့ ရှောင်ကြဉ်တဲ့အခါကာလမှာ ဒါရှောင် ကြဉ်တာဖြစ်တယ်။ လိမ်ပြောစရာအကြောင်းက ပေါ်လာပြီတဲ့။ ဒီဥစ္စာလိမ်ပြောမှပဲ နေကျမယ်လို့ အကြောင်းကလေးပေါ်လာပြီတဲ့၊ ဒီဥစ္စာလိမ်ပြောမှနေရာကျမယ်လို့ အကြောင်းကလေးပေါ်လာတယ်။ မလိမ်လို့ရှိရင်ဖြင့် ကိုယ်ကျိုးပျက်စီးစရာ အကြောင်းရှိတယ်။ လိမ်လိုက်မှပဲ မိမိတို့မှာ လွတ်ကင်းချမ်းသာသွားမယ်လို့ အဲဒီ အကြောင်းကလေးတွေ ရှိတတ်ပါတယ်။ ကိုယ့်အမှုတွေ ကိုယ့်အပြစ်တွေ မပေါ် အောင်လို့ပေါ့လေ။ သူများကမေးလို့ရှိရင် အဲဒီလိမ်ရမယ့်ဥစ္စာတွေ ရှိတတ်ပါတယ်။ သူများအကျိုးမဲ့ဖြစ်အောင်လို့ လိမ်ရတာလဲ ရှိပါတယ်။ အဲဒီလိုအကြောင်းလေးတွေ ပေါ်လာတဲ့အခါမှာ လိမ်မပြောဘဲနဲ့ လိမ်ပြောခြင်းမှ ကြဉ်ရှောင်တာတဲ့။ **မုသာ ဝါဒါဝိရတိ၊ မုသာဝါဒါ**-လိမ်လည်ပြောဆိုခြင်းမှ၊ **ဝိရတိ**-ကြဉ်ရှောင်ခြင်းတဲ့။

"မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဆိုပြီး ဆောက်တည်တဲ့ အခါ ကာလမှာ နောက်တကယ်ကြုံတဲ့အခါကာလလဲပဲ မဆောက်တည်ဘဲဖြစ်ဖြစ်၊

http://www.dhammadownload.com

ဆောက်တည်ထားလို့ပဲဖြစ်ဖြစ်ပေါ့လေ တကယ်ကြုံတဲ့အခါမှာ လိမ်လည်စရာ အကြောင်းရှိတဲ့အခါမှာ မလိမ်ဘဲနဲ့ ရှောင်လိုက်လို့ရှိရင် အဲဒါ**သမ္မာဝါစာမပျက်**ဖြစ်တယ်။ ဒါကတော့ သီလကို ရိုရိုသေသေ လေးလေးစားစားဆောက်တည်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလိုဖြစ်နေတာပါပဲ။ အမှန်အတိုင်း ပြောဆိုပြီးတော့ လိမ်စရာ အကြောင်းကလေးတွေ မလိမ်ဘဲနဲ့ အမှန်အတိုင်းပြောဆိုပြီးတော့ ကျင့်သုံးနေရင် ဒါ**သမ္မာဝါစာ**ဖြစ်တယ်။

ပိသုဏဝါစာ-ကုန်းတိုက်စကားမှတဲ့၊ လူနှစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့မုန်းတီးအောင်လို့ ပြောဆိုတဲ့စကားဟာ **ပိသုဏဝါစာ** ခေါ်တယ်။ ကုန်းတိုက်တာခေါ်တယ်။ အဲဒီလို ပြောစရာအကြောင်းရှိတဲ့အခါ မပြောပဲနဲ့ ကြဉ်ရှောင်လိုက်ရင် ဒါ**ပိသုဏဝါစာဝိရတီ**ဆိုတဲ့ **သမ္မာဝါစာမပျက်**ဖြစ်တယ်။

ဖရုသဝါစာ-ကြမ်းတမ်းသောစကားတွေကို ပြောဆိုတာ၊ ဆဲရေးကျိန်ဆိုခြင်း, ဆဲဆိုခြင်း, နားမချမ်းသာတဲ့စကားတွေကို စိတ်ဆိုးတဲ့အခါကျရင် အဲဒါတွေကို ပြောတတ်တယ်။ လူဆိုတာ စိတ်ဆိုးပြီးမှဖြင့် ပြောတတ်တာပဲ။ အများအားဖြင့်တော့ ကိုယ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်တွေ ပြောရတာများပါတယ်။ ဒါက တခြားကကိုယ်နဲ့မသိတဲ့ ပုဂ္ဂိုလ်တွေသွားပြီး ဆိုဆဲနေတာကတော့ ဒီလိုကတော့ ရှိမယ်မထင်ဘူး။ ဒီလို ဆိုဆဲရင် ခံမှာမဟုတ်ဘူး၊ မဆိုင်တဲ့ ပုဂ္ဂိုလ်တွေ ဆိုဆဲရင် သူကလဲ ခံမှာမဟုတ်ဘူး။ အဲဒီတော့ ကိုယ်နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဆဲဆိုမှု, ကြိမ်းမောင်းမှုတွေဖြစ်တတ်တယ်။ အထက်လူကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တွေက အောက်လူတွေကို ဆိုဆဲကြိမ်းမောင်းမှုတွေ၊ ဒီလိုဟာတွေရှိတတ်တယ်။ အဲဒါတွေ နားမခံသာအောင်လို့ ဆိုဆဲခြင်းတဲ့။ တချို့က ငယ်ငယ်ကတည်းက အလေ့အကျင့်ရနေတယ်။ အဲဒါတွေ ဆိုတတ်ဆဲတတ်တယ်။ စိတ်က သိပ်မပါပေမယ်လို့ နှုတ်ကဒီလိုကြမ်းနေတာတွေ ရှိတတ်တယ်။ အဲဒီမှာ တကယ်စိတ်ဆိုးပြီးတော့ စိတ်လိုက်မာန်ပါနဲ့ သူတစ်ပါးတွေနားမချမ်းသာအောင်လို့ ဆိုလိုက်ဆဲလိုက် ကြိမ်းလိုက်မောင်းလိုက်လုပ်နေတာတွေ အဲဒါတွေဟာ **ဖရုသဝါစာ** ခေါ်တယ်။ အဲဒါ ကြဉ်ရှောင်ရတယ်။ အဲဒီပြောစရာဆိုစရာတွေ မကျေနပ်မှုတွေ

http://www.dhammadownload.com

ပေါ်လာတဲ့အခါ စိတ်ထဲက ပြောချင်ပြီဆိုရင် မပြောတော့ဘူးလေ။ ငါ့မှာ သီလ ဆောက်တည်ထားတာ၊ သီလစင်ကြယ်အောင်လို့ မပြောပါဘူး။ သူတော်ကောင်း တရားတွေ ငါကျင့်နေတာပဲ၊ ငါမပြောပါဘူးဆိုပြီး ကြဉ်ရှောင်လိုက်လို့ရှိရင် အဲဒါဟာ **ဆမ္မာဝါစာမဂ္ဂင်**၊ ဒါလဲ အရေးကြီးတယ်။ အင်မတန်လဲ ကောင်းတယ်။ ဒါလေးတော့ အထူးကျင့်စရာ ကောင်းတယ်။

ဒီပြင်ဟာတွေထားပါတော့ ဒါကတော့ အထူးပေါ်တယ်။ ဒီပြင်ဟာတွေက ဒါလောက် ကိစ္စမရှိပါဘူး။ ဒါက အထူးပေါ်တယ်။ **မုသာဝါဒါ** လိမ်ပြောတယ်ဆိုတာ ကမှ အလိမ်ခံရတဲ့ပုဂ္ဂိုလ်က သူတစ်ယောက်တည်း သိချင်လဲသိမယ်။ ဒီပြင် ပုဂ္ဂိုလ်တွေသိမှာမဟုတ်ဘူး။ တချို့လဲ အလိမ်ခံရတာတွေကို မသိတာတွေလဲရှိတာပါပဲ။ လိမ်တဲ့ပုဂ္ဂိုလ်က ပိပိရိရိလိမ်တာတွေဆိုတာရှိတယ်။ အဲဒါတွေ အလိမ်ခံရတဲ့ ပုဂ္ဂိုလ်တွေ တချို့မသိဘူး။ ဒီလိုဟာတွေ ရှိတယ်။ ဒါကတော့ သိပ်ကိစ္စမရှိဘူး။ သူနည်းနည်းတော့ တော်သေးတယ်လို့ဆိုရမှာပေါ့။ သူဟာအပြစ်ကတော့ ရှိတာပေါ့လေ။ ဒါပေမယ်လို့ လောကအနေအားဖြင့်တော့ လူသိသူသိ သိပ်ပြီးတော့ မရှိဘူး။

ဖရုသဝါစာရှောင်ဖို့ အရေးကြီး

ဟောဒီ **ဖရုသဝါစာ**ဆိုတဲ့ ကြမ်းကြမ်းတမ်းတမ်းပြောဆိုတာက လူသိပ်သိတယ်။ ဆိုင်ရာပုဂ္ဂိုလ်တွေတင်မဟုတ်ဘူး ဘေးကပုဂ္ဂိုလ်တွေကပါ အကုန်လုံးသိကုန်တယ်။ တယ် နေရာမကျဘူး၊ နှုတ်ကြမ်းတယ်၊ မစောင့်စည်းဘူး၊ သူတော်ကောင်းတရား ဒီပုဂ္ဂိုလ်သိပ်မကပ်သေးဘူး။ ဘေးကပုဂ္ဂိုလ်တွေက ခိုနိုးထိုးတယ်။ ကြမ်းကြမ်းတမ်းတမ်းတွေ ပြောပြီဆိုလို့ရှိရင် တချို့က သူတရားသာ အားထုတ်ထားတာပါ။ သူက ကြမ်းတာပဲ၊ ဆဲလိုက်တာ, ဆိုလိုက်တာမပြောပါနဲ့တော့ နေရာမကျသေးဘူး ဆိုပြီးတော့ ဘေးကပုဂ္ဂိုလ်တွေက ခိုနိုးထိုးခံရတယ်။ အထင်အမြင်အသေးခံရတယ်။ သိပ်နေရာမကျဘူး။ ပြီးတော့ကို အဲဒီလို ကြိုးကြိုးစားစား ကြမ်းကြမ်းတမ်းတမ်း ပြောတတ်တဲ့ပုဂ္ဂိုလ်အနားကို လူတွေက တယ်လဲမကပ်ချင်ကြဘူး။ မလွဲသာလို့သာပဲ ချဉ်းကပ်ရင် ချဉ်းကပ်ရမယ်။ တယ်မကပ်ချင်ဘူး။ အပေါင်းအဖော် တယ်မလုပ်

http://www.dhammadownload.com

ချင်ဘူး။ ဘာပြုလို့လဲဆိုတော့ သူက ကြမ်းကြမ်းတမ်းတမ်းတွေပြောတတ်လို့ အဲဒါ အရေးကြီးတယ်၊ လူမုန်းများတယ်၊ နှုတ်က ချိုချိုသာသာပြောတတ်တဲ့ပုဂ္ဂိုလ်များ လူချစ်လူခင်များတယ်၊ အဲဒါဟာ တချို့ကတော့ ယော်ယော်ကတည်းက အကျင့်ပါလာတာ မဖြစ်နိုင်ပါဘူးလို့လဲ ပြောတတ်တယ်။ ပြင်ပါဦးမှပေါ့။ ယော်ယော်ကတည်းက အကျင့်ပါတိုင်း ဒီလိုလုပ်နေလို့ ဘယ်ဖြစ်လိမ့်မတုန်း။ ယော်ယော်တုန်းက အဝတ်မဝတ်ဘဲနဲ့ ကိုယ်တုံးလုံးနေလာတာတွေကို အဝတ်မဝတ်လို့ ဘယ်ဖြစ်လိမ့်မှာတုန်း။ ပြင်ပါဦးမှပေါ့၊ ပြင်ရသေးတယ်၊ သိတတ်တဲ့အရွယ် သိတတ်တဲ့အရွယ်အလိုက် ပြင်ရသေးတယ်။ သူတော်ကောင်းတရားတွေ လေ့လာနေတဲ့ အချိန်မှာ အသက်အရွယ်တွေ ကြည့်ပြီးတော့ ပြင်ရတယ်၊ ပြင်မှ ဟောဒီတရားအားထုတ်ထားလို့ တကယ်ကို တရားတွေအချိုးကျနေပြီဆိုတဲ့ပုဂ္ဂိုလ်ကျတော့ ဒီလို သိပ်လဲမဖြစ်ပါဘူး။ ဆဲလောက်အောင် ဆိုလောက်အောင် စိတ်တွေဆိုတာ မဖြစ်ပါဘူး။ သက်သာရာရတယ်။ အဲဒါအရေးကြီးပါတယ်။

သမ္မပ္ပလာပါ-တဲ့ အပြိန်အဖျင်းတွေတဲ့။ မဟုတ်က ဟုတ်ကတွေ အခုအခါကာလ ဒဏ္ဍာရီဝတ္ထုမျိုးတွေပေါ့လေ။ သူများတွေက တကယ်အဟုတ်ထင်ပြီးတော့ နားထောင်တယ်။ အချိန်ကုန်လူပန်း အလကားအကျိုးမဲ့ဖြစ်အောင်လို့ အဲဒီလိုဟာတွေ ပြောဆိုခြင်းဟာလဲပဲ ဒါလဲကြဉ်ရှောင်ရမယ်၊ ပြောချင်တဲ့အခါကာလ မပြောတော့ဘူး။ ကြဉ်ရှောင်နေလိုက်ရင် **သမ္မာဝါစာမဂ္ဂင်**ဖြစ်ပြီတဲ့။

အခု တရားအားထုတ်တဲ့အခါကာလကျတော့ ရှုမှတ်ရုံနဲ့ပြီးပါတယ်။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း လိမ်စရာအကြောင်းလဲ ဒီအထဲပါမှာပဲ။ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုစရာအကြောင်းလဲ ပါမှာပဲ။ ကုန်းတိုက်စရာအကြောင်းလဲ ပါမှာပဲ၊ အပြိန်အဖျင်းပြောစရာအကြောင်းလဲ ရှိမှာပဲ။ မြင်ရာ, ကြားရာကနေပြီးတော့ ဒါပေမယ်လို့ ဒီဝိပဿနာရှုနေတာနဲ့ လိမ်ပြောဖို့ရာစိတ်ကူးလဲမပေါ်လာဘူး။ ကြမ်းကြမ်းတမ်းတမ်း ပြောဖို့ရာလဲ မဖြစ်ဘူး။ ကုန်းတိုက်ပြောဖို့ရာလဲ မဖြစ်ဘူး။ အပြိန်အဖျင်းပြောဖို့ရာစကားလဲ မဖြစ်ဘူး။ အကုန်လုံးငြိမ်းနေတယ်။ မှတ်တိုင်းမှတ်တိုင်း ငြိမ်းနေတယ်။ အဲဒါကြောင့် **သမ္မာဝါစာမဂ္ဂင်**လဲပဲ ရှုရင်း မှတ်ရင်း အလိုလိုပြီးပြီတဲ့။

http://www.dhammadownload.com

မရှုတဲ့အခါမှာဆိုရင်တော့ ခုနကပြောခဲ့တဲ့အတိုင်း **မုဿာဝါဒါ**ပြောစရာရှိတဲ့အခါမှာ မပြောဘဲနဲ့ကြဉ်ရှောင်လိုက်ရုံပဲ။ **ဖရုသဝါစာ** အကြမ်းပြောစရာရှိတဲ့အခါမှာလဲ မပြောဘဲနဲ့၊ **ပိသုဏဝါစာ** ကုန်းတိုက်ပြောစရာရှိတဲ့အခါ ကုန်းတိုက် မပြောဘဲနဲ့၊ **သမ္ဖပ္ပလာပါ** အပြိန်အဖျင်းပြောစရာရှိတဲ့အခါ မပြောဘဲနဲ့ ကြဉ်ရှောင်ရင် **သမ္မာဝါစာမဂ္ဂင်**ဖြစ်ပြီတဲ့။ ဒီအတိုင်းဖြစ်ရမှာ၊ ဒါကတော့ လူတိုင်းလူတိုင်း ကျင့်နိုင် ပါတယ်။ ကျင့်လဲကျင့်ရမယ့်ဥစ္စာတွေ ဒါက တရားအားမထုတ်ဘဲလဲ ကျင့်နိုင်တာပဲ။ **သီလမဂ္ဂင်** ခေါ်တယ်။

သမ္မာကမ္မန္တ

သမ္မာကမ္မန္တတဲ့။ အလွယ်တကူပဲ ပြောတော့မယ်။ **သမ္မာကမ္မန္တ**ဆိုတာ **ကာယ ဒုစရိုတ်** ၃-ပါးမှ ကြဉ်ရှောင်တာ။ **ပါဏာတိပါတာ**မှ ကြဉ်ရှောင်ခြင်း၊ **အဒိန္နာဒါနာ**မှ ကြဉ်ရှောင်ခြင်း၊ **ကာမေသုမိစ္ဆာစာရာ**မှ ကြဉ်ရှောင်ခြင်း၊ ဒီလိုပြောရင် မြန်မြန်ပြီးပါတယ်။ ပါဠိတွေကတော့ ကြည်ညိုဖွယ်ဖြစ်အောင်လို့ ဘုန်းကြီးကပြောနေတာ။ သူတစ်ပါးအသက်ကို သတ်စရာအကြောင်းရှိတဲ့အခါ မသတ်ဘဲနဲ့ကြဉ်ရှောင်တယ် တဲ့။ သီလဆောက်တည်ထားလို့ဖြစ်စေ၊ မဆောက်တည်ဘဲနဲ့ဖြစ်စေ၊ ဥပမာ ဆိုပါတော့ လူကို ခြင်ကကိုက်နေတယ်။ ရိုက်သတ်လိုက်ဖို့အကြောင်းတော့ ရှိတာပေါ့လေ။ ငါ့ကိုလာကိုက်တာ နင်သေရောဟဲ့ဆိုပြီးတော့ ရိုက်သတ်စရာအကြောင်းတော့ ရှိတာပဲ။ ဒါပေမယ်လို့ သူတစ်ပါးအသက်ကိုမသတ်ဘူး၊ ငါသီလပျက်သွားတော့မယ် ဆိုပြီး သီလကိုရှိသေသောအားဖြင့် ကျင့်ရမယ်။ အသာလေး ခြောက်ပစ်လိုက်တယ်။ ပုရွက်ဆိတ်က လာကိုက်နေတယ်။ ဒီလိုပဲ အသာကလေးခါပြီးတော့ ချလိုက်တယ်။ **ပါဏာတိပါတာ ဝေရမဏီ**တဲ့။ ဒါ**သမ္မာကမ္မန္တမဂ္ဂင်**ဖြစ်သွားတယ်။

သူတစ်ပါးဥစ္စာတွေ ခိုးစရာရှိလာတယ်တဲ့။ သူတစ်ပါးဥစ္စာတွေခိုးတယ်ဆိုတာ **အဒိန္နာဒါန်**ဆိုတာ သူတစ်ပါးသိမ်းဆည်းထားတဲ့ ဥစ္စာတွေရင်လဲ ဖြစ်ရမယ်။ သူတစ်ပါးသိမ်းဆည်းတဲ့ ဥစ္စာရယ်လို့လဲ အမှတ်ရှိရမယ်။ ခိုးလိုသောစိတ်လဲ ဖြစ်ရမယ်။ ကြောင့်ကြဟာပါရစိုက်ပြီး ခိုးယူတဲ့အဖြစ်လဲ ဖြစ်ရမယ်။ တစ်နည်းနည်းနဲ့ သူဥစ္စာကို နေရာမှရွှေ့ခြင်းစသည်ဖြင့်လဲ ခိုးတာဖြစ်မယ်။ ပြောင်းရွှေ့ခြင်းလဲ

http://www.dhammadownload.com

ဖြစ်ရမယ်။ အဲဒီအင်္ဂါငါးပါးစုံလို့ရှိရင်ဖြင့် **အဒိန္နဒါန်**ကံထိုက်တယ်။ အဲဒီတော့ သူတစ်ပါးဥစ္စာတွေ အလွယ်တကူရလို့ဖြစ်စေ၊ တစ်နည်းနည်းနဲ့ဖြစ်စေ ခိုးစရာ အကြောင်းရှိလာတယ်။ ခိုးစရာလုစရာအကြောင်း ရှိလာတယ်။ အဲဒီလိုအခါကျရင် မခိုးဘဲနဲ့ကြဉ်ရှောင်နေတယ်တဲ့။ ဒါက အခုလိုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါကဒေသနာအစဉ်မို့သာ ပြောရတာပါ။ ခိုးစရာအကြောင်းမရှိပါဘူး။ ဒါကတော့ ကြဉ်ရှောင်နေကြမှာပဲ။ သူတော်ကောင်းတရားတွေ လေ့လာနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါတွေအင်မတန်ဝေးကွာနေကြပါတယ်။ **အာရတီဝိရတီ**လို့ ဆိုတယ်။ မဂ်လသုတ်မှာ ဟောထားတဲ့အတိုင်း -

အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊

ပါပါ၊ မကောင်းမှုမှ။ **အာရတိ**၊ **ဝေးစွာကြဉ်ရှောင်ခြင်း**။ **ဝိရတိ**၊ အထူးသဖြင့် ကြဉ်ရှောင်ခြင်း။ ဝေးစွာကြဉ်ရှောင်ခြင်း၊ စိတ်ထဲက ကြဉ်ရှောင်ရမယ်။ **ဝိရတိ** ကတော့ **ကာယက် ဝစီက်**မြောက်မကျူးလွန်ပဲနဲ့ ကြဉ်ရှောင်ရမယ်။ စိတ်ထဲကပြင် လိုက်မယ်ဆိုရင်တော့ သာပြီးတော့ဝေးတာပေါ့လေ။ စိတ်ထဲကကို မကောင်းမှုပြုလိုတဲ့စိတ်တွေမရှိဘူးဆိုရင် ပိုပြီးတော့ဝေးတာပေါ့၊ **အာရတီ**၊ ဝေးစွာကြဉ်ရှောင်ခြင်း။ အဲဒီတော့ သူတော်ကောင်းတရားတွေ ပွားများနေတဲ့ပုဂ္ဂိုလ်တွေမှာတော့ ဒုစရိုက် အကြမ်းတွေက ဝေးစွာကြဉ်ရှောင်ခြင်း ဖြစ်နေရမှာပဲ။ စောစောကပဲ အခုတော့ ဒေသနာမို့ ဒေသနာထဲမှာ ဒီလိုပဲပြောရတယ်။ ဒီလိုပြောမှလဲ နားလည်တယ်။ သူတစ်ပါးဥစ္စာတွေ ခိုးစရာ, လုစရာ, ယက်စရာအကြောင်းရှိတဲ့ အခါကာလကျလို့ ရှိရင် အဲဒါကြဉ်ရှောင်လိုက်ပြီတဲ့။ စိတ်ထဲကိုက မတရားသဖြင့်ယူလိုစိတ်၊ ရလိုစိတ် မရှိပဲနဲ့ ကြဉ်ရှောင်လိုက်ရင် **အာရတီ**၊ ဝေးစွာကြဉ်ရှောင်ခြင်းပေါ့။ ကိုယ်နဲ့ကျူးလွန်မှု၊ စိတ်ကဖြစ်ပင်ဖြစ်ငြားသော်လည်း ကိုယ်နဲ့ကျူးလွန်မိအောင် မရောက်ဘူးဆိုလို့ရှိရင် ဖြင့် ဒါက**ဝိရတိ**ကိုး။ **ဝိရတိ**ဖြစ်သွားတယ်။ အဲဒါ **သမ္မာကမ္မန္တမဂ္ဂင်**ပဲ။

ကာမေသုမိစ္ဆာစာရာဝိရတိ၊ ကာမေသုမိစ္ဆာစာရာ၊ မပိုင်မဆိုင်သော ကာမဂုဏ်။ **ကာမေသု**၊ ကိုယ်နဲ့မပိုင်မဆိုင်တဲ့ ကာမဂုဏ်တို့၌ မကျူးလွန်သင့်တဲ့ ကာမဂုဏ်တို့၌ ကျူးလွန်ခြင်းမှ ကြဉ်ရှောင်သည်တဲ့။ ဒါကလဲ သူတော်ကောင်းတွေ အဖို့မှာ ကြဉ်ရှောင်နေရမှာပါပဲ။ ဝေးစွာကြဉ်ရှောင်ဆိုတာ စိတ်ကိုက မရောက်

http://www.dhammadownload.com

အောင် ဝေးစွာကြဉ်ရှောင်နေရမယ်။ စိတ်က ဖြစ်လာတောင်မှ ကိုယ်ကမရောက်ဘဲနဲ့ ကြဉ်ရှောင်ရမယ်။ အဲဒါ **သမ္မာကမ္မန္တမဂ္ဂင်**တဲ့။

တရားအားထုတ်နေတဲ့အခါမှာတော့ မြင်တိုင်းကြားတိုင်း ဒွါရ ၆-ပါးက ပေါ်တိုင်းပေါ်တိုင်း မှတ်နေတော့ **ပါဏာတိပါတ**ဆိုတာ ဖြစ်ဖို့ရာ၊ ပါဏ-သတ္တဝါပဲ ဆိုတဲ့ အဲဒီထိအောင်မရောက်ရဘူး။ မြင်ရင် မြင်ရုံမျှ၊ ကြားရင် ကြားရုံမျှကလေးကို သတ်ချင်တဲ့စိတ်ဆိုတာအဝေးကြီး မဖြစ်ရဘူး။ ခိုးစရာဆိုတဲ့ဥစ္စာလဲပဲ ဘာရယ် ညာရယ်လို့မရှိဘူး။ မြင်ပြီးပျောက်၊ ကြားပြီးပျောက်ဖြစ်နေတော့ ခိုးစရာရယ်လို့လဲ မရှိရဘူး။ မတရားသဖြင့် ကျူးလွန်ဖို့ကာမဂုဏ်အာရုံဆိုတာ ယောက်ျားမိန်းမ အာရုံတွေပဲ။ အဲဒါတွေလဲပဲ ဒီထိအောင် မရောက်ရတော့ဘူး။ မြင်ရင် မြင်ရုံမျှ၊ ကြားရင် ကြားရုံမျှနဲ့ မြင်ပြီးပျောက်၊ ကြားပြီးပျောက်၊ ဒီတင်ရပ်ရမှာ၊ ကာမဂုဏ် အာရုံတွေ လွန်ကျူးဖို့ဆိုတာ အဝေးကြီးပဲ။ အဲဒါကြောင့် ရှုတိုင်းမှတ်တိုင်း **သမ္မာကမ္မန္တမဂ္ဂင်**လည်းပဲပြီးတယ်တဲ့။

သမ္မာအာဇီဝ

သမ္မာအာဇီဝမဂ္ဂင်၊ သမ္မာအာဇီဝဆိုတာကတော့ -

ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **ဣဓ**၊ ဤသာသနာတော်၌။ **အရိယသာဝကော**၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သောပုဂ္ဂိုလ်သည်။ **မိစ္ဆာအာဇီဝံ**၊ မတရားသဖြင့် အသက်မွေးမှုကို။ **ပဟာယ**၊ ပယ်စွန့်၍။ **သမ္မာအာဇီဝေန**၊ မှန်စွာတရားသော အသက်မွေးမှုဖြင့်။ **ဇီဝိတံ**၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြု၏။

မတရားသဖြင့် အသက်မွေးခြင်း ကြဉ်ရှောင်ပြီးတော့တဲ့။ တရားသဖြင့် ပစ္စည်းရှာတာပါပဲ။ မတရားသဖြင့်ပစ္စည်းရှာမှုကို မပြုဘူးပေါ့လေ။ အသက်မွေးတယ်ဆိုတာ ရှာရတာပဲ။ ကိုယ့်အသက်လေး အသက်ရှင်ရအောင် စားရေး, သောက်ရေး, နေရေး, ထိုင်ရေးပြည့်စုံရအောင်လို့ ပစ္စည်းရှာရတာပဲ။ အသက်မွေးတယ်ဆိုတာ ရှာတာပဲ။ တစ်နည်းနည်းနဲ့ရှာတာပဲ။

http://www.dhammadownload.com

အဲဒီတော့ ဘယ်နည်းနဲ့ရှာတုန်းဆိုတော့ မတရားသဖြင့်ရှာတာတွေ ခုနက **ဝစီတံ** ၄-ပါးနဲ့ရှာတာရှိတယ်။ **ကာယတံ** ၃-ပါးနဲ့ **ဒုစရိုက်** ၃-ပါးနဲ့ ရှာတာရှိတယ်။ သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီးတော့ အသက်မွေးတယ်။ သူတစ်ပါးတွေ သတ်ဖြတ်ပြီးတော့ ရောင်းချတာတွေလည်း ရှိတာပေါ့လေ။ သတ်ဖြတ်တဲ့လုပ်ငန်းတွေလုပ်တာလဲ ရှိတာပေါ့လေ။ ဒီဥစ္စာတွေဟာ အဲဒါတွေနဲ့ရလာတဲ့ ပစ္စည်းတွေနဲ့ ကိုယ်တိုင်သုံး၊ သားမယားတွေကျွေး၊ အသက်မွေးဝမ်းကျောင်းတွေ လုပ်နေတာကိုး။ ဒါဟာ **မိစ္ဆာအာဇီဝ**ပဲတဲ့။ အဲဒီလိုဟာတွေကို ကြဉ်ရှောင်ရမယ်တဲ့။ သူတစ်ပါးဥစ္စာတွေခိုးယူလုယက်မတရားသဖြင့် တစ်နည်းနည်းနဲ့ မတရားသဖြင့်ရအောင်လုပ်ပြီးသကာလ လုပ်တဲ့ဥစ္စာတွေဟာ **မိစ္ဆာအာဇီဝ**ပဲတဲ့။ ဒါတွေကြဉ်ရှောင်ရတယ်။ လိမ်လည်ပြီးတော့ သူတစ်ပါးဥစ္စာတွေဟာ မရသင့်ပဲနဲ့ရအောင်လိမ်လည်ပြီးတော့ ရတာယူ အဲဒါ**မိစ္ဆာအာဇီဝ**တဲ့။ **ဇရာဆဝါစာ**နဲ့ အကြမ်းပြောပြီးရတဲ့နည်းနဲ့လဲ ပြောပြီး ခြိမ်းခြောက်ပြီးလုပ်တာတွေလဲ ရှိမှာပေါ့လေ။ **ပိသုဏဝါစာ**နဲ့ ကုန်းတိုက်ပြီးတော့ ကိုယ်ကြီးပွားရေးစီးပွားရေးလုပ်တာတွေ ဒါတွေလဲရှိတာပဲ။ ဒါတွေကတော့ အများကြီးပါပဲ။ အဖွဲ့အသင်းအပင်းတွေ ဘာတွေနဲ့ဆိုရင် တစ်ဦးနဲ့တစ်ဦး အကွဲကွဲအပြားပြားဖြစ်အောင်လုပ်ပြီးတော့ ကိုယ်ကျိုးကိုယ့်စီးပွားရှာရတာတွေလဲ ရှိပါတယ်။

အဲဒီလိုဟာတွေ ကြဉ်ရှောင်တယ်တဲ့။ လိုရင်းတော့ မတရားသဖြင့် ပစ္စည်းရှာမှုတွေ မလုပ်ဘူးပေါ့လေ။ မတရားသဖြင့် မရသင့်မရထိုက်တဲ့ ပစ္စည်းတွေကို မတရားသဖြင့် ရှာကြံမှုမပြုဘူးတဲ့။ တရားသဖြင့် ရသင့်ရထိုက်တဲ့ပစ္စည်းလောက်ပဲ ရှာတယ်။ ကောင်းသောအလုပ်အကိုင်ဖြင့် တရားသဖြင့်ရတဲ့ပစ္စည်းကလေးလောက်ပဲ မျှတပြီးတော့နေတယ်တဲ့။ ဒီဥစ္စာဟာ **သမ္မာအာဇီဝမဂ္ဂင်**၊ ရဟန်းများမှာဆိုရင်ဖြင့် **မိစ္ဆာအာဇီဝ**တွေ အများကြီးရှိပါတယ်။ ရဟန်းများမှာ ရိုးရိုးဘုရားခွင့်ပြုထားတဲ့ အတိုင်း ပစ္စည်း ၄-ပါးရှာမှီးရတဲ့နည်းတွေရှိပါတယ်။ ပစ္စည်း ၄-ပါးမှာ ဆွမ်းဆိုလို့ ရှိရင်ဖြင့် အချိန်တန်ရင်ဆွမ်းခံဖို့၊ သင်္ကန်းဆိုလို့ရှိရင်လဲ ပုံသကူစသည်ရှာဖို့၊ အကယ်၍ ပုံသကူရှာလို့မရလို့ရှိရင်လဲပဲ ဒကာ-ဒကာမတွေရှေ့မှာ **ကာယ ဗိညတ်**နဲ့ ရပ်မေး၊ မေးမှပဲပြောရမယ်။ သွားပြီးတော့ အလှူမခံရဘူးတဲ့။ အဲဒီလို နည်းတွေ

http://www.dhammadownload.com

ရှိပါတယ်။ **ဏာဃဝိညတ်**နဲ့လောက်ပဲအလှူခံဖို့ရာ နည်းတွေရှိပါတယ်။ ဒီလို မဟုတ်ပါဘဲနဲ့။ မိမိကိုယ်ကို အထင်ကြီးအောင်လုပ်ပြီးသကာလ မဟုတ်တဲ့ ဂုဏ်တွေနဲ့ ကြည်ညိုအောင် အထင်ကြီးအောင်လုပ်ပြီးတော့ ပစ္စည်းရှာတာ၊ ဒီလိုဟာတွေလဲ ရှိတယ်။ ဒါတွေကလဲပဲ အများကြီးရှိတယ်။ ပြီးတော့ မတရားသဖြင့် အလှူခံတာတွေ အရမ်းတောင်းခံနေတာတွေ ရှိတာပေါ့လေ။ ဒီလိုပုဂ္ဂိုလ်တွေဆိုလို့ရှိရင် ပြောလို့လဲ သိပ်မကောင်းပါဘူး။ ဒီလိုပုဂ္ဂိုလ်တွေ ရှိပါတယ်။ အဲဒီလိုဟာတွေက **ဏာဃဝိညတ်**မဟုတ်ပါဘူး။ **ဝစီဝိညတ်**ရော ဘာရော တောင်းခံနေတာတွေရှိပါတယ်။ တချို့ မသက်ဆိုင်တဲ့ဥစ္စာတွေ ငွေအလှူခံ ဘာအလှူခံ ဒါတွေလဲ ရှိပါတယ်။ အဲဒါတွေကတော့ သူတို့က စောင့်စည်းမှုတွေက လုံးလုံးပျက်ကွက်နေတဲ့ သဘောရှိနေတာပါပဲ။ ဒီဥစ္စာတွေကတော့ အထူးပြောနေစရာမလိုပါဘူး။ အဲဒီလို မတရားသဖြင့် ရှာမှီးမှုတွေတဲ့။ ရဟန်းတွေမှာ အများကြီးရှိပါတယ်။ **တုဟနလဟန** စသည်ဖြင့် အဲဒါတွေလဲ ကင်းရမယ်တဲ့။

အဲဒီလို မတရားသောအသက်မွေးမှုတွေ အကုန်လုံးကြဉ်ရှောင်ပြီးတော့ ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ်တရားသဖြင့် တရားနဲ့အညီရှာမှီးပြီးတော့နေတာက **သမ္မာအာဇီဝမဂ္ဂင်**တဲ့။

နောက် **သမ္မာဝါယာမ၊ သမ္မာတမ္ဘန္တ၊** တရားအားထုတ်တဲ့အခါမှာတော့ ရှုတိုင်းမှတ်တိုင်း **ဒီသမ္မာအာဇီဝ**က ပြီးပါတယ်။ မြင်ရာကြားရာကနေပြီးတော့ မတရားသဖြင့် ဖြစ်ခွင့်တွေမရဘူး။ ရှုရင်းမှတ်ရင်းနဲ့ **အနိစ္စ, ဒုက္ခ, အနတ္တ**တွေသိနေတော့ အဲဒီတရားအားထုတ်တုန်းက မြင်ခဲ့ကြားခဲ့တဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ မတရားရှာမှီးမှုတွေဟာ စိတ်ကူးထဲမှာကို မပေါ်လာဘူး။ ငြိမ်းနေတယ်။ **သမ္မာအာဇီဝမဂ္ဂင်**လည်းပြီးပြီတဲ့။

ဒီတော့ ကျန်တာက **သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊** မဂ္ဂင် ၃-ပါးကျန်တယ်။ အဲဒီမဂ္ဂင် ၃-ပါးပြီးတော့မှ မဂ္ဂင်ဖောင်ဖွဲ့ပြီး ဟိုဘက်ကူးပုံပြောရမယ်။ နောက်သီတင်းများ ပြီးမှပြီးပါ့မလားမသိဘူး။ ပြီးတော့ပြီးချင်လှပြီ။ ကိုင်း ဒါလေးဆိုရမယ်။

http://www.dhammadownload.com

"မှန်စွာမြင်သိ၊ ကြံမိမှန်တန်၊
မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်၊
မှန်စွာကြောင့်ကြ၊ မှတ်ရမှန်တန်၊
စူးစိုက်တပ်၊ ရှစ်ရပ်မဂ်လမ်းမှန်၊"

'မှန်စွာမြင်သိ'ဆိုတာ **သမ္မာဒိဋ္ဌိ**ကိုး။ **သမ္မာဒိဋ္ဌိ**-မှန်စွာမြင်ခြင်း 'ကြံမိမှန်ကန်' **သမ္မာသင်္ကပ္ပ**၊ မှန်စွာကြံစည်ခြင်း၊ ဒါ**သမ္မာဒိဋ္ဌိ**နဲ့ **သမ္မာသင်္ကပ္ပမဂ္ဂင်** ၂-ခု၊ မှန်စွာပြု တယ်။ လမ်းမှန်အတိုင်းရှာတယ်။ **သမ္မာဝါစာ**၊ မှန်စွာပြောခြင်း၊ **သမ္မာကမ္မန္တ**၊ မှန်စွာ ပြုခြင်း၊ မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်၊ **သမ္မာအာဇီဝ**ပစ္စည်းရှာမှု အသက်မွေးဖို့ရာ စားသုံးဖို့ရာပစ္စည်းရှာမှုဟာ **ပါဏာတိပါတ**အစရှိတဲ့ ဒုစရိုက်တွေနဲ့မရှာဘူးတဲ့။ တရားသဖြင့် လမ်းမှန်အတိုင်းရှာတယ်တဲ့။ ဒါ**သမ္မာအာဇီဝ**ကိုး။ ဒါက သဘာဝ ကလေးကို ရေးထားတယ်။ တိုတိုနဲ့လဲပြီးအောင်လို့ **"မှန်စွာမြင်သိ၊ ကြံမိမှန်တန်၊ မှန်စွာပြောပြု၊ ရှာမှုလမ်းမှန်၊"**

နောက် **သမ္မာဝါယာမ**ကတော့ မှန်စွာကြောင့်ကြစိုက်သည်တဲ့။ **'မှန်စွာ ကြောင့်ကြ၊ မှတ်ရမှန်တန်'**တဲ့။ အမှန်အတိုင်းမှတ်သည်တဲ့။ **သမ္မာဝါယာမ၊ သမ္မာ သတိ**၊ 'စူးစိုက်ကပ်၊ မှန်စွာအာရုံကို" စူးစိုက်ကပ်ပြီးတော့ တည်နေတာ။ **သမ္မာ သမာဓိ**တဲ့၊ 'စူးစိုက်ကပ် ရှစ်ရပ်မဂ်လမ်းမှန်၊' အဲဒီ ၈-ခုဟာ မဂ်လမ်းမှန်မဂ္ဂင်ရှစ်ပါး တရားပဲတဲ့။ ဒီလိုဆိုပါတယ်။ ဒါလေးကလဲ အလွယ်လေးပဲ။

၁။ သမ္မာဒိဋ္ဌိ - မှန်စွာမြင်ခြင်း။
၂။ သမ္မာသင်္ကပ္ပ - မှန်စွာကြံခြင်း။
၃။ သမ္မာဝါစာ - မှန်စွာပြောခြင်း
၄။ သမ္မာကမ္မန္တ - မှန်စွာပြုခြင်း။
၅။ သမ္မာအာဇီဝ - မှန်စွာအသက်မွေးခြင်း။
၆။ သမ္မာဝါယာမ - မှန်စွာအားထုတ်ခြင်း။
၇။ သမ္မာသတိ - မှန်စွာသတိရခြင်း။

http://www.dhammadownload.com

၈။ သမ္မာသမာဓိ - မှန်စွာစူးစိုက်တည်ကြည်ခြင်း။
ဤတရား ၈-ပါးကို မဂ္ဂင် ၈-ပါးဟုခေါ်သည်။
"မှန်စွာမြင်သိ ကြံမိမှန်ကန်။
(လ)
စူးစိုက်ကပ် ရှစ်ရပ်မင်္ဂလမ်းမှန်။"

အခုမဂ္ဂင်ရှစ်ပါးတရားတွေ အသီးသီးလဲပဲ အိပ်နေရင်း၊ သွားရင်း လာရင်း လဲပဲ မဂ္ဂင်ရှစ်ပါးတရားတွေ ဒီထဲမှာပွားပုံတွေပါသွားပြီ။ ဒါနနဲ့ရော၊ သီလနဲ့ရော၊ ဘာဝနာနဲ့ရော၊ အကုန်လုံးပါသွားပါပြီ။ နောက်က **ဆမ္မာဝါယာမ, ဆမ္မာဆတိ, ဆမ္မာသမာဓိ**ကတော့ နောက်သီတင်းကျမှပြောရမယ်။

ဤ**အာသီဝိသောပမသုတ္တန်**တရားတော်ကို ရိုသေစွာနာခံမှတ်သားရသော **ဓမ္မသဝနတုသိုလ်တံ**၏ အစွမ်းအာနုဘော်ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်းကင်းလွတ် ငြိမ်းကြဝေးကွာကြ၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ၍ ဤသုတ်၌လာသော မဂ္ဂင်ရှစ်ပါးတရားတည်းဟူသော ဖောင်ကိုဖွဲ့ကြ၍ ထိုမဂ္ဂင်ရှစ်ပါးတရားတည်းဟူသောဖောင်ဖြင့် ဟိုဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်ရောက်အောင် ကြိုးစားအားထုတ်၍ ကူးနိုင်ကြပါစေ။ ကူးတဲ့အတိုင်းလဲ အောင်မြင်၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာဆိုက်ရောက်ကြပါစေ။

× × × × ×

http://www.dhammadownload.com

အာဝဇ္ဇီဝဓေဘရဟတ္ထိ

တရားတော်

၁၃၂၈-ခု၊ တော်သလင်းလဆန်း ၈-ရက်နေ့ ဟောကြားတော်မူသည်။

သုံးတန်သမာဓိမဂ္ဂင် ဓမ္မာင်မွဲ့ဆင်

အာသီဝိသောပမသုတ်တော်ကြီးဟောလာတာ သီတင်းပေါင်းတော်တော်များလာပြီ။ အဆုံးပိုင်းရောက်လာပြီ။

မဂ္ဂင်ဖောင်

"မြွေလေးကောင်ကား (လ) အတွင်ကူးယက်၊ အားထုတ်ချက်ဖြင့်"

အဲဒီအပိုင်းရောက်နေပါပြီ။ မြွေထိန်းယောကျ်ားထွက်ပြေးရာမှာ မြွေကြီး ၄-ကောင်ကလဲ နောက်ကလိုက်နေတယ်။ ရန်သူကြီးငါးဦးကလဲ နောက်ကလိုက်နေတယ်။ ငယ်ငယ်က အင်မတန်ရင်းနှီးခင်မင်တဲ့ မိတ်ဆွေသူငယ်ချင်းကလဲပဲ တွေ့ရာသတ်ဖို့ရာ လက်နက်စွဲကိုင်ပြီးတော့ လိုက်နေတယ်တဲ့။ လိုက်နေလို့ ပြေးနေရင်း ရွာပျက်ကုန်းရောက်တယ်။ လူမရှိတဲ့ရွာပျက်၊ အဲဒီမှာရှာဖွေလိုက်တော့ ဘာမှမတွေ့တာနဲ့ ခေတ္တခဏနားမယ်လို့ လုပ်နေတုန်း ရွာပြင်ကနေပြီး ဓားပြကြီး ၆-ယောက်ဝင်လာကြပြန်ပြီဆိုတာကြားရတော့ မနားနိုင်ပဲနဲ့ ထွက်ပြီးတော့ ပြေးရတာ၊ ရေပြင်ကျယ် ပင်လယ်ကမ်းစပ်ရောက်ပြီးတော့သွားတယ်။ ဒီဘက်ကမ်း

http://www.dhammadownload.com

မှာနေလို့ရှိရင် နောက်ကမြွေကြီး ၄-ကောင်ကလဲ မီလာမယ်။ ရန်သူကြီး ၅-ဦးကလဲ မီလာတယ်။ ငယ်သူငယ်ချင်း ရန်သူကလဲ မီလာမယ်။ ဓားပြ ၆-ယောက်ကလဲ သူတို့နောက်ကလိုက်လာလို့ မီလာမယ်။ ဘေးရန်အန္တရာယ်တွေနဲ့ မလွတ်နိုင်ဘူး။ ဟိုဘက်ကမ်းရောက်သွားလို့ရှိရင်တော့ ဘေးရန်အန္တရာယ်တွေကင်းမယ်။ ဒီဘက်ကမလိုက်နိုင်ဘူး။ ကူးစရာလှေလဲမရှိ၊ သင်္ဘောလဲမရှိ၊ ဖောင်လဲမရှိ၊ တံတားလဲမရှိဆိုတော့၊ ကိုယ့်ဟာကိုယ်ဖြစ်သလိုနဲ့ ဖောင်ဖွဲ့ရမယ်။ **တိဏကဋ္ဌပဋ္ဆာဗံ**၊ မြက်တို့ သစ်ခက်တို့ သစ်ကိုင်းတို့ သစ်သားခြောက်တို့ သစ်ရွက် အမှိုက်၊ အဲဒီလိုဟာတွေ စုပြီးတော့ လူတစ်ကိုယ်ခိုင်ရုံ ဖောင်ကလေးလုပ်ပြီးတော့ ဟိုဘက်ကူးရမယ်တဲ့။ ဖောင်ကလေးဆိုတာ ဘာတုံးဆိုတော့ -

ကုလ္လန္တိ ဓေါ ဘိက္ခဝေ အရိယသောတံ၊ အဒ္ဓဂိတဿ
မဂ္ဂဿ အဓိဝစနံ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ (လ) သမ္မာသမာဓိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **ကုလ္လန္တိ ဓေါ ဇေတံ**၊ ဖောင်ဟူသော ဤအမည်သည်။ **အရိယဿ**၊ မြင့်မြတ်စင်ကြယ်သော။ **အဒ္ဓဂိတဿ**၊ အဂီရှစ်ပါးနှင့်ပြည့်စုံသော။ **မဂ္ဂဿ**၊ အရိယမဂ်၏။ **အဓိဝစနံ**၊ အမည်ပေတည်း။ **ဣတိ**၊ ဤအရိယမဂ်သည်။ **သေယျထာတတမော**၊ အဘယ်နည်းဟူမူကား။ **သမ္မာဒိဋ္ဌိ**၊ မှန်စွာမြင်ခြင်း။ **သမ္မာသင်္ကပ္ပေါ**၊ မှန်စွာကြံခြင်း။ **သမ္မာဝါစာ**၊ မှန်စွာပြောဆိုခြင်း။ **သမ္မာကမ္မန္တော**၊ မှန်စွာပြုလုပ်ခြင်း။ **သမ္မာအာဇီဝေါ**၊ မှန်စွာအသက်မွေးခြင်း။ **သမ္မာဝါယာမော**၊ မှန်စွာအားထုတ်ခြင်း။ **သမ္မာသတိ**၊ မှန်စွာအမှတ်ရခြင်း။ **သမ္မာသမာဓိ**၊ မှန်စွာစူးစိုက်တည်ကြည်ခြင်း။

နည်းတောင်း လမ်းတောင်း

မဂ္ဂင်ရှစ်ပါးတရားတွေ၊ အဲဒါဟာ ဟိုဘက်ကမ်းရောက်ဖို့ရာ ဖောင်ပဲတဲ့။ ဖောင်ဆိုတာ မဂ္ဂင်ရှစ်ပါးတရားပဲတဲ့။ မြတ်စွာဘုရားသာသနာတော်မှာ မဂ္ဂင်ရှစ်ပါးတရားတော်ဟာ အရေးအကြီးဆုံးအချုပ်အခြာ ကိုယ်ကျင့်တရားပါပဲ။ အင်မတန်ကောင်းတဲ့တရား၊ ဒီကိုယ်ကျင့်ရမယ့်တရားလေး မသိကြတဲ့အတွက်ကြောင့် သံသရာထဲက မထွက်မြောက်နိုင်ဘဲ ဖြစ်နေတယ်။ အင်မတန်ကောင်းတဲ့ နည်း

http://www.dhammadownload.com

ကောင်းလမ်းကောင်းကလေးပဲ။ ဘေးရန်အန္တရာယ်တွေ ရောက်နေကြတဲ့ပုဂ္ဂိုလ် တွေ၊ ဘေးရန်အန္တရာယ်တွေက လွတ်မြောက်တဲ့ နည်းကောင်းလမ်းကောင်းကလေး များရလာလို့ဆိုရင် အင်မတန်ဝမ်းသာကြတယ်။

အဲဒီ နည်းကောင်းလမ်းကောင်းကလေးကို လိုက်နာပြီးတော့ ဘေးရန် အန္တရာယ်က လွတ်မြောက်အောင် အားထုတ်ရမယ်။ ရောဂါဝေဒနာတစ်ခုခွဲကပ် နေတယ် ဆိုပါတော့။ ရောဂါဝေဒနာဟာ ဆေးကုလို့ဖြင့်တော့ မပျောက်နိုင်ဘူး။ တယ်ပျောက်ခဲတယ်။ ဒီရောဂါဟာ ဘယ်ဆေးနဲ့မှ မပျောက်နိုင်ဘူးဆိုလို့ရှိရင် အဲဒီမှာ ဒီရောဂါဝေဒနာကို ဒိဋ္ဌပျောက်စေတတ်တဲ့ နည်းကောင်းလေးများ တစ်စုံ တစ်ယောက်သောသူက ပြောမယ်ဆိုရင် အင်မတန်ဝမ်းသာကြတယ်။ ဒါသေသေ ချာချာ ကိန်းသေပျောက်ပါတယ်။ ပျောက်တဲ့လူတွေ များလှပြီ။ အလွယ်တကူနဲ့ ဒီလိုပျောက်သွားတယ်ဆိုရင် အင်မတန်ဝမ်းသာကြတယ်၊ အဲဒီ နည်းကောင်း ကလေးရပြီးတော့ ပြုကျင့်ရတယ်။ ဆေးကုရတယ်။ ရောဂါဝေဒနာပျောက်သွားရင် ဝမ်းသာစရာပဲ။

အဲဒါလိုပဲ။ သံသရာထဲမှာ ဘဝအသစ်ဖြစ်ရတယ်။ အိုရတယ်, နာရတယ်, သေရတယ်။ သံသရာဆင်းရဲတွေပဲ။ ကံမကောင်း အကြောင်းမသင့်တဲ့အခါကာလ ကျတော့ အပါယ် ၄-ပါးကျရတယ်။ ငရဲကျရောက်ပြီး ငရဲမှာဒုက္ခတွေခံနေရတယ်။ ဘယ်မှမပြေးနိုင်ဘူး။ လူပြည်လောကမှာတော့ အခွင့်အရေးရှိသည်အားလျော်စွာ လူတွေခပ်စွာစွာ ခပ်ထောင်ထောင်တွေလဲ ပြည့်နေတာပေါ့လေ။ သူဟာနဲ့သူ သူအစွမ်းရှိသလောက်တော့ သူအစွမ်းသတ္တိပြချင်တယ်။

အပါယ်ဒုက္ခ

အဲဒီပုဂ္ဂိုလ်တွေဟာ တစ်နေ့ကျတော့ ငရဲရောက်သွားရင် ဘယ့်နှယ်မှမတတ် နိုင်ဘူး။ အစွမ်းမပြနိုင်တော့ဘူး။ ဟိုကျတော့ ဘာမှအစွမ်းသတ္တိမရှိတော့ဘူး။ ဘယ် မှလည်းပြေးလို့ မလွတ်ဘူး။ ဒီထဲမှာ ဒုက္ခရောက်နေတယ်။

လောကမှာ ရာဇဝတ်အပြစ်ဒဏ်သင့်တဲ့ ပုဂ္ဂိုလ်များလိုပဲ။ တစ်ချိန်ကနေပြီး တော့ သူများတွေအကျိုးမဲ့ဖြစ်အောင်လို့ ပြုလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ တစ်နေ့ကျတော့

http://www.dhammadownload.com

ကံမကောင်းအကြောင်းမသင့်တော့ သူတို့ကိုအပြစ်ဒဏ်ပေး ထောင်ထဲရောက် ဘယ်မှမပြေးနိုင်ဘူး။ ဒုက္ခရောက်နေတယ်။ ဒါက ဒါလောက်မညည်းဆဲသေးဘူး။ ဟိုမှာတော့ ငရဲဆိုတာအမြဲတမ်းပဲ ငရဲမီးတွေတဟုန်းဟုန်းနဲ့ လောင်နေတဲ့အထဲမှာ ဒီအတိုင်းနေနေရတာ၊ ခံနေရတာ။ ဘယ်မှာလဲ ပြေးလို့မလွတ်ဘူး။ မီးမလောင်တဲ့ နေရာလဲမရှိဘူး။ အကုန်လုံး လောင်နေတယ်၊ ငရဲထိန်းတွေက နှိပ်စက်နေတယ် ဆိုပြန်ရင်လဲပဲ အဲဒီမှာလဲပဲ ခုတ်လိုက်၊ ဖြတ်လိုက်၊ ထစ်လိုက်ခံနေရတာ ဘယ့်နှယ်မှ မတတ်နိုင်ဘူး၊ ဘယ်သူမှကယ်မယ့်သူလဲ မရှိဘူး၊ အဲဒီမှာ ဒုက္ခတွေရောက်နေတယ်၊ ဒါက ငရဲဒုက္ခမမြင်ရဘူး။

ပြိတ္တာတွေဆိုတာကလဲ ငတ်မွတ်ခေါင်းပါးပြီးတော့ ပြိတ္တာဖြစ်တဲ့နေ့က စပြီးတော့ တစ်ခါမှမစားရဘဲနဲ့ ရေတစ်ခါမှမသောက်ရဘဲနဲ့ ဒုက္ခရောက်နေတာတွေ ပြည့်လို့၊ ပြိတ္တာတွေလဲပဲ ဒါတွေပဲ ဒုက္ခရောက်နေတာပဲ။

တိရစ္ဆာန်တွေတဲ့၊ ငရဲ့တို့ ပြိတ္တာတို့ကတော့ မမြင်ရဘူး။ တိရစ္ဆာန်တွေ ကတော့ဖြင့် မြင်နေတွေ့နေရတာပဲ။ အကောင်ကြီးတွေ ကျွဲတို့၊ နွားတို့၊ ဆင်တို့၊ မြင်းတို့၊ အကောင်ကြီးတွေ တွေ့နေရတယ်။ အကောင်ငယ်တွေကတော့ အများကြီး ပါပဲ။ ကြက်တို့၊ ဝက်တို့၊ ဘဲတို့၊ ဆိတ်တို့၊ သိုးတို့ စတဲ့အကောင်တွေ၊ အဲဒါတွေကို လူတွေကသတ်ဖြတ်ပြီးတော့ စားသောက်နေကြတဲ့အကောင်တွေ၊ တယ် သနားစရာကောင်းတယ်။ ဒီအကောင်တွေလဲပဲ သတ္တဝါတွေ၊ လူတွေက သတ်ဖြတ်စား ညည်းဆဲ ဒုက္ခတွေရောက်နေကြတယ်။ အဲဒါလောက်မကြီးမားတဲ့ အင်မတန်သေး မွှားတဲ့ သတ္တဝါအကောင်ကလေးတွေဆိုတာရှိတယ်။ ဒီအကောင်တွေကတော့ ချမ်းသာရယ်လို့ တယ်ရှိကြမယ်မထင်ပါဘူး။ ပိုးကောင်ငယ်ကလေးတွေ အများကြီး။ အဲဒီလိုအပါယ် ၄-ဘုံတွေလဲ ကျရောက်ပြီးတော့ ဒုက္ခရောက်တယ်တဲ့။

အဲဒီလို ဒုက္ခရောက်ပြီးတော့နေတဲ့ သံသရာထဲမှာမနေချင်လို့လဲ မတတ် နိုင်ဘူးတဲ့။ ဘယ်မှ မပြေးနိုင်ဘူး။ အဲဒီ သံသရာထဲက လွတ်မြောက်အောင်လို့ လုပ်နိုင်တဲ့လုပ်ငန်းကို ရှာဖွေကြတယ်။ သံသရာဝဋ်ဆင်းရဲထဲက လွတ်မြောက် အောင်လို့ ရှာဖွေကြတယ်။ သာသနာပအခါကာလမှာ ဘုရားအလောင်းပညာရှိ

http://www.dhammadownload.com

ကြီးတွေ၊ ဘုရားလောင်းနဲ့ ဘုရားအလောင်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးတွေရှိကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေဟာ ဝဋ်ဆင်းရဲကလွတ်မြောက်ရာ လွတ်မြောက်ကြောင်းတွေကို တောထွက် ရသေ့ရဟန်းပြုပြီးတော့ ရှာဖွေကြတယ်။

ဒါပေမယ်လို့ နည်းလမ်းက မတွေ့ဘူး။

အခုလို မြတ်စွာဘုရားသာသနာတော် ထွန်းကားနေတဲ့အခါ ဖြစ်ပေမယ်လို့ ဗုဒ္ဓသာသနာတော်ကို မသက်ဝင်မယုံကြည်နိုင်တဲ့ အလွတ်ကပုဂ္ဂိုလ်တွေက အများကြီးရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေမှာလဲပဲ သူတို့လိုပဲ သူတို့ရဲ့ ဆရာ့ဆရာတွေက နေပြီး သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဆိုပြီးတော့ ဟောပြောထားခဲ့တဲ့ ဘာသာတရားတွေအရ သူတို့လဲကျင့်နေကြတယ်။ ဒါ မဖျိမပဋိပဒါခေါ်တဲ့ မဂ္ဂင်ရှစ်ပါးတရားမပါဘူး။ ဟိုဘက်ကမ်းကူးတဲ့ဖောင် မဟုတ်ဘူး။ သူတို့ဥစ္စာ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို မရောက်နိုင်ဘူး။

မြတ်စွာဘုရားပွင့်လာတော့မှ ဒီမဂ္ဂင်ရှစ်ပါးတရားတွေကို မြတ်စွာဘုရားက ဟောရတယ်။ မြတ်စွာဘုရားဟောတော့လဲ ကိုယ်တိုင်ကျင့်ပြီး ကိုယ်တိုင်လက်တွေ့ဖြစ်ပြီးမှ ဟောတာ။ မြတ်စွာဘုရားက စိတ်ကူးစဉ်းစားပြီး ဒီလိုဖြင့်ဖြစ်တန်ရဲ့ ဟိုလိုဖြင့် ဖြစ်တန်ရဲ့လို့ ဒီလိုတွေးဆပြီးတော့ ဟောထားတာတော့မဟုတ်ဘူး။ ကိုယ်တိုင်တွေ့ပြီးမှ ဟောထားတဲ့တရား၊ အဲဒီ မဂ္ဂင်ရှစ်ပါးတရားဟာ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်တဲ့ဟိုဘက်ကမ်းကူးဖို့ရာ ဖောင်ပဲတဲ့။ ဒီဥစ္စာအရေးကြီးပါတယ်။ မဂ္ဂင်ရှစ်ပါးတရား။

နိဗ္ဗာန်ရဖို့ ဝိပဿနာအားထုတ်တာ

ဒါနကုသိုလ်ဆိုလဲ မဂ္ဂင်ရှစ်ပါးတရားပါဝင်တာပဲ။ **နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီးတော့ ဒါနကုသိုလ်တွေပြု** သူလဲ မဂ္ဂင်ရှစ်ပါးတရားပါဝင်နေတာပဲ။ **နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီးသကာလသီလကို ဆောက်တည်ကျင့်သုံး**ရင်လဲပဲ မဂ္ဂင်ရှစ်ပါးတရားပါဝင်တာပဲ။ **နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်မှန်းပြီးတော့ ဘာဝနာတွေ ပွားများအားထုတ်၊ သမထဘာဝနာတွေအားထုတ်**လဲ မဂ္ဂင်ရှစ်ပါးပါနေတာပဲ။ **ဝိပဿနာဘာဝနာဆိုတာကတော့ အထူးပြောစရာမလိုဘူး။ သူကတော့ နိဗ္ဗာန်မဂ်ဖိုလ်ကို ရည်စူး**

http://www.dhammadownload.com

ပြီးတော့ အားထုတ်ရတယ်။ လူချမ်းသာ, နတ်ချမ်းသာ, ငြိမ်းချမ်းသာရဖို့ အားထုတ်ရတာမဟုတ်ဘူး။ ဝိပဿနာရှုတာဟာ နိဗ္ဗာန်မင်္ဂိုလ်ရဖို့ပဲ။ နိဗ္ဗာန်မင်္ဂိုလ်တောင်မှ နောင်အခါကာလမှာရဖို့မဟုတ်ဘူး။ လက်ငင်းရဖို့ရာ အားထုတ်ရတာ၊ ဝိပဿနာအားထုတ်လို့ ဝိပဿနာဉာဏ်ပြည့်စုံလို့ရှိရင် ယခုလက်ငင်း တစ်ထိုင် အတွင်းလဲပဲ ရနိုင်တယ်၊ ၇-ရက်အတွင်းလဲပဲ ရနိုင်တယ်၊ ၁၅-ရက်အတွင်းလဲ ရနိုင်တယ်၊ တစ်လအတွင်းလဲ ရနိုင်တယ်၊ မြတ်စွာဘုရားက ၇-နှစ်ထိအောင် ဟောထားတယ်။ ဒါမှ မရလို့ရှိရင်လဲ သေခါနီးရနိုင်တယ်တဲ့။ သေခါနီးမှမရလို့ ရှိရင်လဲ ဘဝသစ်ရောက်တဲ့အခါကျတော့ နတ်ပြည်ကိုရောက်လို့ရှိရင် ရောက်ပြီး မကြာခင်အတွင်းပဲ တရားထူးတွေရနိုင်တယ်တဲ့၊ အဲဒီလို အဆင့်ဆင့် တရားထူးတွေ ရနိုင်သွားပါတယ်။

အဲဒီတော့ ဒီမဂ္ဂင်ရှစ်ပါးတရားဟာ သံသရာကထွက်မြောက်ရာ သံသရာရေအလျဉ်ကြီးကနေပြီးတော့ ဟိုဘက်ကိုကူးပြီးတော့ လွန်မြောက်သွားဖို့ရာ ဖောင်ပဲတဲ့။ မဂ္ဂင်ရှစ်ပါးတရားတွေဟာ ဖောင်ပဲ။ အဲဒီဖောင်အကြောင်းတစ်နေ့က ၂-သိတင်းရှိသွားပြီ။ သမ္မာဒိဋ္ဌိ-မှန်စွာမြင်သည်။ သမ္မာသင်္ကပ္ပ-ပြောပြီးပြီ။ ပညာမဂ္ဂင် ၂-ပါးပြီးသွားပြီ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ သီလမဂ္ဂင် ၃-ပါး၊ အဲဒါ တစ်နေ့ကပြောပြီးသွားပြီ။

သမ္မာဝါယာမ

ဒီကနေ့သမာဓိမဂ္ဂင် ၃-ပါးထဲမှာ **သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ** ဆိုတဲ့ အဲဒီသမာဓိမဂ္ဂင် ၃-ပါး။

တတမော စ ဘိက္ခဝေ သမ္မာဝါယာမော၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သမ္မာဝါယာမော၊** သမ္မာဝါယာမ မဂ္ဂင်ဆိုတာဘာလဲလို့ မေးခွန်းထုတ်တယ်။

အကုသိုလ်မဖြစ်အောင် အားထုတ်

ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ ဝီရိယံ ပဂ္ဂဏှာတိ၊ ပဓေတိ၊

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့၊ **ဣဏ၊** ဤသာသနာတော်၌ **ဘိက္ခု** ရဟန်းသည်။ **အနုပ္ပန္နာနံ၊** မဖြစ်ကုန်သေးသော။ **ပါပကာနံ၊** ယုတ်ညံ့ကုန်သော။ **အကုသလာနံ ဓမ္မာနံ၊** အကုသိုလ်တရားတို့၏။ **အနုပ္ပါဒါယ၊** မဖြစ်ခြင်းငှာ။ **ဆန္ဒံ၊** လိုလား အားထုတ်မှုဆန္ဒကို။ **ဇနေတိ၊** ဖြစ်စေ၏။ **ဝါယမတိ၊** လှုံ့လပြု၏။ **စိတ္တံ၊** စိတ်ကို။ **ပဂ္ဂဏှာတိ၊** ဦးမြှောက်၏။ **ပဓဟတိ၊** အားထုတ်၏။

မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်အောင်အားထုတ်တယ်တဲ့။ အတိုချုပ်ကတော့ ဒါပါပဲ။ **သမ္မာဝါယာမ**ပဲ။ ကိုယ့်မှာမဖြစ်ဖူးသေးဘူး။ သူများတွေဖြစ်တာကိုမြင်ရတယ်။ ကြားရတယ်။ အဲဒီအကုသိုလ်မျိုးတွေပေါ့။ ကိုယ်မဖြစ်သေးဘူး။ သူများတွေဖြစ်နေတယ်ဆိုရင် အဲဒီကုသိုလ်တွေမဖြစ်အောင် ကြိုးစားရမယ်။ အဲဒီလို ကြိုးစားတာ **သမ္မာဝါယာမ**ပဲ။

ဥပမာဆိုပါတော့ ပုဂ္ဂိုလ်တစ်ယောက်က ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေပြောဆိုနေတယ်။ သူစိတ်ဆိုးလို့ ဒေါသအလျောက်ကိုပြောနေတယ်။ ဆဲရေးတိုင်းထွာခြင်း စသည်တွေပြောနေတယ်။ စိတ်မဆိုးတဲ့ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ကြည့်ရင် တော်တော်အရုပ်ဆိုးတာပဲ။ ပြောနေတဲ့စကားတွေဟာ ဘာမှကောင်းတဲ့စကားတွေ မဟုတ်ဘူး။ ကိုယ်နဲ့မစပ်တဲ့ပုဂ္ဂိုလ်ပြောရင်တော့ မထူးဘူး။ အဲဒါကတော့ စဉ်းစားစရာမလိုပါဘူး။ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်၊ ကိုယ်ချစ်ခင်ရင်းနှီးတဲ့ပုဂ္ဂိုလ်က ပြောတောင်မှ ကြမ်းကြမ်းတမ်းတမ်းပြောတာတော့ မကြိုက်ဘူး။ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုနေတာတွေ၊ ကြိုးတို့ကြမ်းတမ်းတွေ ပြောနေတာမကြိုက်ဘူး။ အဲဒီတော့ ဒေါသမဖြစ်တဲ့ပုဂ္ဂိုလ်က ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ အပြုအမူတွေမြင်ရတဲ့အခါ ဒါတွေမကောင်းဘူးဆိုတာ သိရတယ်။ ဒါတရားမလိုက်စားတဲ့ပုဂ္ဂိုလ်တောင်မှ သိတတ်ပါတယ်။ တရားထဲမှာစိတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ အင်မတန်ထင်ရှားတာပဲ။ အဖြူထဲအမဲကွက်ကျတာလိုပဲ။ ပဝါဖြူဖြူကလေးကို အမဲကလေးစွန်းသွားလို့ရှိရင် အင်မတန်ထင်ရှားတယ်။ အဲဒါလိုပဲ။ သူတော်ကောင်းတရား နှလုံးသွင်းနေတဲ့ပုဂ္ဂိုလ်တွေအဖို့မှာ ကြမ်းကြမ်းတမ်းတမ်းတွေ ပြောတယ်ဆိုရင် အဲဒါတွေကြားရင် သူ့ခမျာ မထိန်းသိမ်းနိုင်လို့ ကြမ်းကြမ်းတမ်းတမ်းတွေပြောတယ်။ ရုန့်ရင်းကြမ်းတမ်းတဲ့

http://www.dhammadownload.com

စကားတွေပြောတယ်။ **ဖရူဆဝါစာ**တွေ ခေါ်တာပေါ့လေ။ ဒီတော့ အဲဒီလိုကြားရတဲ့ ပုဂ္ဂိုလ်က ငါ့မှာတော့ ဒီတရားတွေ မနှိပ်စက်သေးဘူး။ ငါအနှိပ်စက်မခံရအောင် ကြိုးစားမယ်လို့ ဒီလိုနှလုံးသွင်းရမှာကိုး။ သူလိုမထိန်းမသိမ်းနိုင်လို့ ပြောမှားဆိုမှား တွေ မဖြစ်စေဘူး။ ငါစောင့်ရှောက်မယ်ဆိုပြီးတော့ နှလုံးသွင်းပြီးတော့ စောင့်ရှောက်လိုက်ရမယ်။ အဲဒီလိုစောင့်ရှောက်နေတာကို ဒါက**သမ္မာဝါယာမ မဂ္ဂင်**ပဲတဲ့။ ပြောစရာတကယ်ကြုံလာပြီဆိုတောင်မှ ငါဒီစကားမျိုးကိုမပြောဘူး။ သူများတွေ ဖြစ်ပေမယ့် ငါမဖြစ်စေဘူးလို့ နှလုံးသွင်းရမှာပေါ့လေ။ အဲဒီလိုအားထုတ်တာ **သမ္မာဝါယာမ မဂ္ဂင်**၊ ဒါက ပုံစံထုတ်ပြတာ။

အကုသိုလ်ဟူသမျှတွေ အကုန်လုံးပဲ **ပါဏာတိပါတ**-သူအသက်ကိုသတ်ခြင်း၊ သတ်တာမဟုတ်တောင်မှ ညှဉ်းဆဲခြင်း၊ သူများတွေဒုက္ခရောက်အောင်လို့ ပြုလုပ်ပြောဆိုခြင်း၊ **အဒိန္နာဒါန**၊ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း။ ခိုးယူတယ်၊ လိမ်ယူတယ်၊ လှည့်စားပြီးတော့ယူတယ်။ အနိုင်အထက် နှိပ်စက်ပြီးတော့ယူတယ်။ ဘယ်နည်းနဲ့ပဲယူယူပေါ့လေ အဲဒါ **အဒိန္နာဒါန်**ခေါ်တယ်။ အင်အားရှိ၊ ရှိတဲ့အလိုက် နှိပ်စက်ပြီးတော့ ယူလို့ရှိရင်လဲ ဒါလဲအဒိန္နာဒါန်ပဲ။ ခိုးယူတယ်လို့ပဲခေါ်တယ်။ အဲဒီလို သူတကာတွေ ခိုးယူတာတွေကို မိမိက ဟာ, ငါတော့ဒါမျိုးမဖြစ်စေရဘူးလို့ နှလုံးသွင်းပြီးတော့ အားထုတ်ရတာကိုး။ အားထုတ်လို့မဖြစ်ရအောင် သူများတွေလို မဖြစ်အောင် ဘာနဲ့တူတုန်းဆိုတော့ လူတစ်ယောက်ရောဂါဝေဒနာ ဖြစ်နေတာတွေ့ရလို့ရှိရင် ကိုယ့်ရောဂါဝေဒနာမဖြစ်ရအောင်လို့ စောင့်ရှောက်ရတာကိုပဲ ရာသီဥတုတွေပြောင်းတဲ့အခါမှာ ဖျားတက်နာတတ်တယ်။ သူများတွေရေခဲျးမှားလို့၊ အစားမှားလို့၊ ဟိုလူဖြင့်ဖျားပြီ၊ ငါတော့ ရေခဲျးမမှားအောင်နေမှပဲ။ အစားမမှားအောင်လို့ ရှောင်မှပဲလို့ သတိပြုရမယ်။ အကုန်လုံး အသွားအလာအနေအထိုင်တွေ သတိပြုရတယ်။ အဲဒီလိုသတိပြုပြီးတော့ သွားလာလို့ရှိရင် ဒါဖျားနာမှုတွေ ကင်းတတ်တယ်။ ပြီးတော့ ကိုယ်မှာအသွေးအသားတွေ ညီညွတ်အောင်ပြုပြင်ဖို့ရာ ဆေးလေးရှိရင်လဲ ဒါပြုပြင်ပေးရတယ်။ ဝမ်းတွေချုပ်နေရင် မချုပ်အောင်ဆေးနဲ့ ပြုပြင်ပေး၊ အဲဒီလိုလုပ်လို့ရှိရင် ရောဂါဝေဒနာတွေ သူများသာဖြစ်တယ်။ ကိုယ်

http://www.dhammadownload.com

မဖြစ်ဘူး။ အထူးအားဖြင့်တော့ ဝမ်းရောဂါတို့ဆိုတာ ကြောက်စရာကောင်းတာပေါ့။ ဝမ်းရောဂါတို့၊ ကျောက်ရောဂါတို့ဆိုတာ အင်မတန်ကြောက်စရာကောင်းတယ်။ အဲဒါတွေဖြစ်တဲ့အခါကျတော့ မဖြစ်အောင်လို့ စောစောကကာကွယ်ထားရတယ်။ ကျန်းမာရေးဌာနတွေက အကာအကွယ်တွေလုပ်ရတယ်။

အဲဒါလိုပဲ မကောင်းမှုအကုသိုလ်တရားတွေ သူများဖြစ်တာတွေ့ရတယ် ဆိုရင် အဲဒီအကုသိုလ်တွေမဖြစ်အောင် အားထုတ်တယ်တဲ့။ ဒါဟာ**သမ္မာဝါယာမ မဂ္ဂင်**ပဲ။ သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးခြင်း၊ မပိုင်မဆိုင်တဲ့ ကာမဂုဏ်တွေကို မှားယွင်းကျူးလွန်ခြင်းတဲ့။ **ကာယကံဒုစရိုက် ၃-ပါး**။ အဲဒါနဲ့စပ်ပြီး တော့လဲ အဆွယ်အပွားတွေရှိတာပေါ့လေ။ **ပါဏာတိပါတာ** သူအသက်သတ်တယ် ဆိုပေမယ်လို့ သေအောင်သတ်မှမဟုတ်ဘူး။ ညှဉ်းဆဲနှိပ်စက်တာတွေလဲ ပါသွား တာပေါ့။ သူများဥစ္စာခိုးတယ်ဆိုရင်လဲ ခိုးမှမဟုတ်ဘူး။ သူများဥစ္စာတွေ ပျက်စီးရာ ပျက်စီးကြောင်းလုပ်တာတွေလဲ အကုန်ပါသွားတာပါပဲ။ ပြီးတော့ **မုသာဝါဒ**-လိမ်လည်ပြောဆိုခြင်း၊ **ပိသုဏဝါစာ**-ကုန်းတိုက်ခြင်း၊ **ဖရုသဝါစာ**-ကြမ်းတမ်းသော စကားဆဲရေးသီဆိုခြင်း၊ သမ္ဖပ္ပလာပ-အပြိန်အဖျင်းစကားတွေပြောခြင်းတဲ့။ **ဝစီကံ**တွေ၊ အဲဒါတွေလဲ သူများအကျိုးမဲ့ဖြစ်အောင် ပြောတာအကုန်ပဲ။ အဲဒါတွေ သူများပြောသံကြားရင် သူများပြောတာကို ကြားရတွေ့ရသိရ လို့ရှိရင် ငါတော့ ဒီစကားမျိုးမပြောဖြစ်အောင် အားထုတ်မယ်လို့ နှလုံးသွင်းပြီး အားထုတ်ရတယ်။ **သမ္မာဝါယာမမဂ္ဂင်**ပဲ ကောင်းတယ်။ ဒီဟာ **ဒီသမ္မာဝါယာမမဂ္ဂင်**ဟာ အရေးကြီး တယ်။ သူပါအားထုတ်မှ ကုသိုလ်ဖြစ်တာ၊ သူပါ အားမထုတ်လို့ရှိရင် ကုသိုလ် မဖြစ်ဘူး။ သူကပျင်းတဲ့လူ၊ ပျင်းတာနဲ့ အလုပ်မလုပ်ဘဲနဲ့အိပ်နေရင် ဘာမှမဖြစ် သလိုပဲ။ **သမ္မာဝါယာမက** အလုပ်မလုပ်ဘူးဆိုရင်, **သမ္မာဝါယာမ** မရှိဘူးဆိုရင်, ဒီပုဂ္ဂိုလ်ကုသိုလ်မဖြစ်ဘူးဆိုရင်, အကုသိုလ်တွေဖြစ်တတ်တယ်။ **ဝိစ္ဆာဇာဒီဝ**၊ မတရားသဖြင့် စီးပွားရှာမှုလဲ သူများတွေရှာနေတာ ငါတော့ ဒါမျိုးမလုပ်ဘူးလို့ ကြဉ်ရှောင်ရတာကိုး။ အဲဒါလဲပဲ **သမ္မာဝါယာမ မဂ္ဂင်**ပဲ။

http://www.dhammadownload.com

အနုပ္ပန္နာနံ မဖြစ်ကုန်သေးသော။ **ပါပကာနံ** ယုတ်ညံ့ကုန်သော။ အကုသလာနံဓမ္မာနံ အကုသိုလ်တရားတို့၏။ **အနုပ္ပာဒါယ** မဖြစ်ရန်အလို့ငှာ။ ဆန္ဒံ လိုလားအားထုတ်ခြင်းဆန္ဒကို။ **ဇနေတိ** ဖြစ်စေ၏။ **စိတ္တံ** စိတ်ကို။ **ပဂ္ဂဏှာတိ** ချီးမြှောက်၏။ **ပဓဟတိ** အားထုတ်၏။

အကုန်လုံး အားထုတ်တာတွေပါပဲ။ အဲဒါက သူများအကုသိုလ်တွေဖြစ်နေတာ မြင်ရကြားရလို့ ကိုယ့်မှာတော့ ဒါမျိုးမဖြစ်စေရဘူးလို့ အားထုတ်တာ။

ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ၊ ပဟာနာယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ၊

ဥပ္ပန္နာနံ ဖြစ်ဖူးကုန်သော။ **ပါပကာနံ** ယုတ်ညံ့ကုန်သော။ **အကုသလာနံ ဓမ္မာနံ** အကုသိုလ်တရားတို့ကို။ **ပဟာနာယ** ပယ်ခြင်းငှာ။ **ဆန္ဒံ** လိုလားအားထုတ်ခြင်းကို။ **ဇနေတိ** ဖြစ်စေ၏။ **ဝါယမတိ** အားထုတ်၏။ **ဝီရိယံ** လုံ့လကို။ **အာရဘတိ** အားထုတ်၏။ **စိတ္တံ** စိတ်ကို။ **ပဂ္ဂဏှာတိ** ချီးမြှောက်၏။ **ပဓဟတိ** ကြိုးစားအား ထုတ်၏။

အကုန်လုံးအားထုတ်တာချည်းထဲပါပဲ။ မြန်မာက ကြိုးစားအားထုတ်တဲ့ဥစ္စာကို ကြိုးစားတယ်၊ အားထုတ်တယ်၊ လုံ့လပြုတယ်၊ ကြောင့်ကြစိုက်တယ်၊ ဟိုမှာ ၄-ပုဒ်လောက်ရှိတယ်။ ပါဠိကလဲ ဒီလိုပဲ ၄-ပုဒ်လောက်ပဲ။ ပရိယာယ်တွေနှင့် လုပ်ထားတာ၊ အတူတူပါပဲ။ မိမိမှာဖြစ်ဖူးတဲ့အကုသိုလ်တွေတဲ့။ ပယ်နိုင်အောင် အားထုတ်ရတယ်တဲ့။ **အယောနိသောမနသိကာရ**ကြောင့် မသင့်မတင့်နှလုံးသွင်းမိလို့ အကုသိုလ်တစ်စုံတစ်ရာဖြစ်ပေါ်လာရင် အဲဒီအကုသိုလ်တွေပယ်ရတယ်။ စိတ်ထဲတွင်ဖြစ်ရင် စိတ်ထဲတွင်ပျောက်သွားအောင် ပယ်လိုက်ရတာကိုး။ စိတ်ထဲကမတော်တာသွားပြီး စဉ်းစားမိပြီ။ သူများကိုညှဉ်းဆဲလိုတဲ့ သဘောပေါ်လာပြီဆိုရင် အဲဒါတွေဖျောက်လိုက်တယ်၊ ဒါမတော်တဲ့လမ်းလွဲသွားပြီ၊ ခြေလှမ်းလွဲသွားပြီ၊ ဒါမျိုးနောက်ထပ် မဖြစ်စေရဘူး၊ နောက်ဆက်ပြီးတော့ အားမထုတ်ဘူး၊ မကောင်းမှုန်းသိရက်သားနဲ့ အားထုတ်လို့ရှိရင် ဘယ်နေရာကျမလဲ။ လမ်းသွားတဲ့အခါ ခလုတ်တိုက်ရင် ခလုတ်တိုက်တာဟာ ကိုယ်ကနေရာမကျလို့ တိုက်တာပဲ။ အဲဒီလိုခလုတ်

http://www.dhammadownload.com

တိုက်လို့ရှိရင် ဒီလမ်းကခလုတ်ရှိတယ်။ ခြေထောက်ကို ခပ်မြင့်မြင့်ကလေးကြွသွားမှ၊ သတိနဲ့သွားမှဖြစ်မယ်၊ အမှတ်တမဲ့သွားလို့ မဖြစ်ဘူး။ အမှတ်တမဲ့သွားလို့ တစ်ကြိမ် တိုက်မိပြီ။ နောက်ထပ်မတိုက်ရအောင် ခြေထောက်ကိုဂရုစိုက်ပြီးတော့ ကြွပြီးသွားရတယ်။ အဲဒါ ငါဒီခလုတ်တိုက်ရမလားဆိုပြီး ထပ်တိုက်လို့ရှိရင် ကိုယ်နာရုံရှိတာပဲ။ ခလုတ်ကတော့ ဘာမှကိစ္စမရှိဘူး။ လမ်းသွားရင်း ဆူးစူးပြီတဲ့။ ဒီလမ်းကဆူးရှိတယ်။ ဆူးရှိတော့ ငါဆူးမစူးအောင်ကြည့်ပြီးတော့ နင်းမှပဲဆိုပြီး ဂရုစိုက်ပြီးတော့ သွားရတယ်။ ဒီဆူးဟာ စူးရမလားဆိုပြီး စူးဟ စူးဟဆိုပြီး ထပ်နင်းလို့ရှိရင် ကိုယ်နာရုံရှိမှာပဲ။ ဘာမှအကျိုးမများဘူး။

ဖြစ်ပြီးအကုသိုလ် ပယ်နိုင်အောင်အားထုတ်

အဲဒါလိုပဲ။ အကုသိုလ်တရားပြစ်မှားမိလို့ရှိရင် ရှောင်ကြဉ်ရတယ်တဲ့။ ဒီအကုသိုလ်ဟာ ငါဖြစ်လာပြီ။ ရောဂါ ဝေဒနာဖြစ်လာရင် ရောဂါဝေဒနာမကောင်းမှန်းသိရတော့ ရောဂါဝေဒနာတွေ ဆက်လက်ပြီးတော့ မဖြစ်အောင်ဆေးကုရမယ်။ ရောဂါပျောက်သွားအောင် အားထုတ်ရတယ်။ ဒီရောဂါဖြစ်ချင်ဖြစ်ပါစေဆိုပြီး မွေးမထားရဘူး။ ပယ်နိုင်အောင် အားထုတ်ရတယ်။ အဲဒါလိုပဲ။

ဥပ္ပန္နာနံ ဖြစ်ပေါ်ကုန်ပြီသော။ **ပါပကာနံ** ယုတ်ညံ့ကုန် သော။ **အကုသလာနံဓမ္မာနံ** အကုသိုလ်တရားတို့ကို၊ **ပဟာနာယ** ပယ်ခြင်းငှာ။ **ဆန္ဒံ** လိုလားအားထုတ်ခြင်းကို၊ **ဇနေတိ** ဖြစ်စေရမယ်။

အကုသိုလ်တရားတွေ၊ **ပါဏာတိပါတာ၊ အဒိန္နာဒါန်**နဲ့စပ်တဲ့ သူများပစ္စည်းတွေသွားပြီးတော့ လိုချင်တဲ့စိတ်တွေပေါ်လာရင် အဲဒီကတည်းက စိတ်ထဲတွင်ပယ်ရမယ်။ ကိုယ်ထိအောင် မရောက်စေရဘူး။ **ကာယတံ ဝစီကံ**တွေမရောက်စေရဘူး။ **ကာမေသုမိစ္ဆာစာရ**နဲ့ စပ်ပြီးတော့လဲ ကိုယ်နဲ့မသက်ဆိုင်တဲ့ ကာမဂုဏ်အာရုံတွေဆီ စိတ်ထဲကရောက်သွားလို့ရှိရင် ဒါလေးကိုပြန်ပြီးတော့ ပယ်ထားရမယ်။ တယ်ပြီးတော့မလွယ်ပါဘူး။ တရားအားထုတ်နေမှဖြစ်တယ်။ တရားအားထုတ်ရင်းတောင် စိတ်ဆိုတာ တယ်ခက်တာကိုး။ သွားချင်တိုင်း သွားနေတယ်။ ကြိုးနဲ့ချည် ထားလို့လဲ မရဘူး၊ ဒီစိတ်ဟာ။

http://www.dhammadownload.com

ဒါပေမယ်လို့ စိတ်ဟာ မတော်ရာဘက်လှည့်သွားပြီး မတော်တဲ့စိတ်ကူးတွေ ကြံပြီဆိုရင် ဒီစိတ်ကလေးကိုဖမ်းပြီးတော့ ပြန်ဆွဲထားလိုက်၊ တရားအားမထုတ်နဲ့ ဦးတော့ မတော်တာငါပြုပါပကော၊ ရဟန်းများမှာ **ကျင့်ဖွယ်သဲ့ဝရသီလ**ဆိုတာ ရှိတယ်။ **ကျင့်ဖွယ်သဲ့ဝရသီလ**ဆိုတာကတော့ **ကျင့်ဖွဲ့ ၆-ပါး၊ ဖွါရ ၆-ပါး**ပါပဲ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဒီ ၆-ဌာနကနေပြီးတော့ အကုသိုလ်မဖြစ်အောင် စောင့်စည်းရမယ်။ မြင်တဲ့အခါမှာလဲ မြင်ရုံမျှတွင် ဂရုမစိုက်နဲ့တဲ့။ နှစ်သက်စရာ သာယာစရာတွေ သွားမစဉ်းစားနဲ့တဲ့။ မုန်းစရာတွေလဲ မစဉ်းစားနဲ့တဲ့။ မြင်ခါမျှတွင် ဖြစ်ပါစေတဲ့။ ဒါယောက်ျားပဲ၊ မိန်းမပဲ၊ ဒါကလှတာပဲ၊ ဒါကတော့ မုန်းစရာ ကောင်းတာပဲ၊ ရွံစရာကောင်းတာပဲလို့ ဒါတွေကိုသွားပြီးတော့ မစဉ်းစားနဲ့တဲ့၊ မြင်ရင်မြင်ရုံမျှတွင် နေပေစေတဲ့။ ဂရုမစိုက်နဲ့တဲ့။ အကယ်၍ စိတ်က မထိန်းသိမ်းမိလို့ ရောက်သွားပြီ။ နှစ်သက်စရာသာယာစရာပဲလို့ စဉ်းစားလိုက်မိပြီဆိုရင် ဘယ့်နှယ်လုပ်ရမတုန်းဆိုရင် ဒါကလေးက ဆောက်တည်လိုက်ရမယ်တဲ့။

နံ ပုနေဝံ တရိဿာမိ၊

အဟံ၊ ငါသည်။ **စဝိ**၊ ဤသို့သောနည်းဖြင့်။ **ပုန**၊ တဖန်။ **နံ တရိဿာမိ**၊ မပြုတော့အံ့။

ဒီလိုစိတ်ကူးမျိုး နောက်တစ်ခါ ငါမဖြစ်စေရပါဘူးလို့ နှလုံးသွင်းပြီးတော့ ပယ်ရတယ်တဲ့။ ဒါကတစ်ပါးတည်း ဒေသနာကြားတယ်လို့ဆိုတယ်။ အာပတ်သင့်တာတော့ မဟုတ်ပါဘူး။ ကျင့်ဖွယ်သဲ့ဝရသီလ ပျက်သွားတယ်တဲ့။ မြင်ရာကနေပြီးတော့ နှစ်သက်သာယာမှုတွေဖြစ်သွားရင် သို့မဟုတ် စိတ်ဆိုးမှုဒေါသတွေဖြစ်သွားရင် ကျင့်ဖွယ်သဲ့ဝရသီလပျက်သွားတယ်။ ကြားရာကနေပြီးတော့ နှစ်သက်သာယာမှု ဖြစ်သွားလို့ရှိရင်၊ စိတ်ဆိုးမှုဖြစ်သွားလို့ရှိရင်၊ ဒါက ကျင့်ဖွယ်သဲ့ဝရသီလပျက်တယ်တဲ့။ နံရာက စားရာက ထို့အတူနှစ်သက်သာယာမှုဖြစ်သွားရင်၊ စိတ်ဆိုးမှုဖြစ်သွားရင်၊ ဒါကျင့်ဖွယ်သဲ့ဝရသီလ ပျက်တယ်။ ကိုယ်ကတွေ့ထိရာက နှစ်သက်သာယာမှု၊ စိတ်ဆိုးမှုဖြစ်ခဲ့လို့ရှိရင် ကျင့်ဖွယ်သဲ့ဝရသီလပျက်တယ်။ စိတ်ကူးစဉ်းစား ကြံစည်တဲ့ နေရာကနေပြီးတော့ စိတ်ကူးပြီးတော့ နှစ်သက်သာယာမှုဖြစ်မယ်။ စိတ်ဆိုးစရာ

http://www.dhammadownload.com

တွေ စိတ်ကူးပြီးသကာလ စိတ်ဆိုးခဲ့မယ်။ ပြစ်မှားခဲ့မယ်ဆိုရင် ဒါက္ကန္ဒြိယသံဝရသီလ ပျက်တယ်တဲ့။

မမြင်ရရင် ကိလေသာကြိမ်းတယ်

ခဲယဉ်းပါတယ်။ ဒီက္ကန္ဒြိယသံဝရသီလ လုံဖို့ရာကတော့ တရားအားမထုတ်ဘဲနဲ့ အလိုလို ဒီပြင်နည်းနဲ့ စင်ကြယ်အောင် အားထုတ်ဖို့ရာကတော့ ခက်ပါတယ်။ ဒါကြောင့်မို့ ရဟန်းတော်များ တောကျောင်းတွေမှာနေကြတာ၊ တောထဲသွားနေတော့ နည်းနည်းတော့တော်တာပေါ့လေ။ မြို့ထဲရွာထဲဆိုတော့ များသောအားဖြင့် လောဘနဲ့ဒေါသဟာ လောဘပဲအဖြစ် များပါတယ်။ ဒေါသကတော့ တစ်ခါတစ်ရံမှ ခလုတ်တိုက်မှဖြစ်တာ ခလုတ်မတိုက်ရင် ဒေါသမဖြစ်သေးဘူး။ လောဘကတော့ အလကားအားအားရှိရင် စိတ်ကူးနေတာပဲ။ ရာဂဆိုတာ ကာမရာဂဆိုတာ ဆိုးတယ်။ ကာမဘုံသားတွေဟာ ကာမအာရုံတွေသဘောကျပြီး ကာမအာရုံတွေ စိတ်ကူးပြီး သာယာနေကြတာ။ စိတ်ကူးသာယာရုံကတော့ တော်သေးတာပေါ့လေ။ မြင်နေကြားနေတွေ့နေရင်သာ ဆိုးတာပေါ့။ မမြင်မကြားရလို့ရှိရင်တော့ နည်းနည်း တော့ တော်တယ်။ မြင်မှဖြစ်မယ့်ဟာ ကြားမှဖြစ်မယ့်ဟာတွေမဖြစ်ဘူး။ တော်တော်သက်သာပါတယ်။ ဒါကြောင့်ဘုန်းကြီးက မာလုက္ကျပုတ္တသုတ်မှာ ဆောင်ပုဒ်ပေးထားတယ်။ "မမြင်ရရာ၊ ကိလေသာ၊ သူဟာသူငြိမ်းသည်"တဲ့။ ဒါတရားအားထုတ်တာ မဟုတ်ဘူး။ မမြင်ရတာနဲ့ သူဟာသူ ငြိမ်းတယ်တဲ့။ မမြင်ရာသွားနေရင် ငြိမ်းတာပဲ။ မမြင်ရတဲ့ဆီ နှစ်သက်သာယာစရာ ဘယ်လောက်ကောင်းနေနေ ကိုယ်ကမမြင်ရဘူး မတွေ့ရဘူးဆိုရင် ဘယ်ကိလေသာဖြစ်လိမ့်မှာတုန်း။ သိမှ မသိဘဲ၊ အာရုံရှိမှန်း မသိဘူး။

ကိုယ်မမြင်ဖူးတဲ့လူတွေရှိတယ်။ ယောက်ျားမိန်းမတွေပါပဲ။ အဲဒါ ကိုယ်မမြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ ဟိုရွာဒီရွာ၊ ဟိုမြို့ဒီမြို့၊ ဟိုနိုင်ငံ ဒီနိုင်ငံအများကြီးရှိတယ်။ လူပြည်က အပြင် နတ်ပြည်က နတ်တွေဆိုရင်တော့ နှစ်သက်သာယာစရာ ရှုပါရုံတွေ အကောင်းတွေဆိုတာပဲ။ သူများမြင်ရင် ရူးတောင်ရူးတတ်တယ်ဆိုတာပဲ။ ရှေးကရာဇဝင်ထဲမှာ မင်းတစ်ယောက်ဟာ အဲဒီနတ်သမီးနဲ့တွေ့ပြီး စိတ်ဖောက်ပြန်

http://www.dhammadownload.com

ပြီး သေတယ်။ သူကဲကကိုလဲ ဖြစ်နေတယ်ထင်ပါရဲ့။ တချို့လဲ နတ်တွေနဲ့ တွေ့ပြီး ရူးပြီးစိတ်ဖောက်ပြန်တာတွေလဲ ရှိတာပဲ။ ဥစ္စာစောင့်တွေနဲ့ တချို့ဖောက်ပြန်တယ်။ နတ်ရုပ်တွေ မြင်လို့ရှိရင် ဖောက်ပြန်တတ်တယ်။ အဲဒီတော့ အဲဒီနတ်တွေလဲ ရှိတယ်။ လူတွေလဲ ရှိတယ်။ မမြင်ရတော့ အဲဒီမမြင်ဖူးတဲ့ အာရုံနဲ့စပ်ပြီးတော့ နှစ်သက်သာယာမှုတွေ မဖြစ်ပါဘူး။ ဘယ်နှယ်လုပ် နှစ်သက်လို့မဖြစ်ဘူး။ ကိုယ်မှ မမြင်ဘူးဘဲနဲ့ ရှိမှန်းမှမသိဘဲနဲ့။ အဲဒီလူကို အကြောင်းပြုပြီးတော့ နှစ်သက်မှု သာယာမှု ဘယ့်နှယ်ဖြစ်နိုင်မှာတုန်း။ မဖြစ်နိုင်ဘူး။ အဲဒီမုန်းစရာတွေ၊ ကိုယ်မမြင်ဘူး တဲ့ လူတွေ၊ မုန်းစရာတွေ ရွံ့စရာတွေရှိပါတယ်။ မမြင်ရလို့ရှိရင်ဖြင့် အဲဒီအာရုံနဲ့ စပ်ပြီးတော့ မုန်းမှု, မြင်မှု, စိတ်ဆိုးမှု, မဖြစ်ဘူး။ လောဘ ဒေါသတွေငြိမ်းနေတယ်။ အဲဒါကို ရည်ရွယ်ပြီးတော့ "မမြင်ရရာ၊ ကိလေသာ၊ သူဟာသူငြိမ်းသည်"လို့ ဘုန်းကြီးက ဆောင်ပုဒ်ပေးထားတယ်။

အချို့က တရားအားထုတ်တာ မှတ်နေတယ်၊ တရားအားထုတ်တာ မဟုတ်သေးပါဘူး၊ ဒါက အားမထုတ်ဘဲနဲ့ သူဟာသူ ငြိမ်းတယ်လို့ပြောတာ၊ ဒါလေးဆိုကြဦးစို့။

"မမြင်ရရာ ကိလေသာ သူဟာသူငြိမ်းသည်၊"

မမြင်ရရင် မြင်လို့ဖြစ်မယ့်ဥစ္စာ မမြင်တာနဲ့မဖြစ်ဘူး။ မမြင်ရ၊ မကြားရရင် မဖြစ်ဘူးတဲ့။ "မကြားရရာ၊ ကိလေသာ၊ သူဟာသူငြိမ်းသည်" အတူတူပဲ "မနံ့ရရာ ကိလေသာ သူဟာသူငြိမ်းသည်၊ မစားရရာ ကိလေသာ သူဟာသူငြိမ်းသည်၊ မတွေ့ရရာ ကိလေသာ သူဟာသူငြိမ်းသည်၊ မကြဲမိရာ ကိလေသာ သူဟာသူငြိမ်းသည်" အကုန်လုံးပဲ မတွေ့ရ မထိရလို့ရှိရင် ကိလေသာသူဟာသူငြိမ်းနေတယ်တဲ့။

မြင်ရင်ကိလေသာဖြစ်

မြင်ရင်ကြားရင်ဖြင့် ကိလေသာကဖြစ်တတ်တယ်တဲ့။ မြင်လာမှတော့ ကိလေသာဖြစ်လိမ့်မယ်တဲ့။ **"မြင်ရရာမှာ ကိလေသာ ကိန်းကာဖြစ်တတ်သည်"**၊ မြင်ရရာမှာ ကိလေသာ ကိန်းပြီးတော့ဖြစ်တာကိုး။ ကိလေသာကိန်းတယ်လို့ ခေါ်တာပေါ့လေ။ မြင်ပြီးမှတော့ အဲဒီအာရုံစဉ်းစားပြီးတော့ ကိလေသာတွေ

http://www.dhammadownload.com

ဖြစ်နိုင်ပါတယ်။ **"မြင်ရရာမှာ၊ ကိလေသာ၊ ကိန်းခါဖြစ်နိုင်သည်၊"** မြင်ရရာမှာတော့ ကိလေသာတွေ ကိန်းသွားတယ်။ အာရမ္မဏာနုသယအားဖြင့် ကိန်းသွားတယ်တဲ့။ ကိလေသာဖြစ် နိုင်တယ်တဲ့။ ကြားရရာ, နံရရာ, စားရရာ, တွေ့ထိရရာ, အဲဒါတွေမှာ ဖြစ်နိုင်တယ်။ အဲဒီတော့ မြင်ရရာမှာ ကိလေသာမဖြစ်အောင်လို့ အားထုတ်ရမှာကိုး။ ဒါကို သဘောပေါက်အောင် မြင်ရတဲ့ အာရုံတွေမှာ ကိလေသာဖြစ်တတ်တယ်။ ဖြစ်တတ်တဲ့ကိလေသာတွေ မဖြစ်အောင်လို့ပဲ မြင်ပေမယ့်လဲ ကိလေသာမဖြစ်အောင်လို့ အားထုတ်ရမယ်။ ဒါကို ရည်ရွယ်ပြီးတော့ ဆောင်ပုဒ်ပေးထားတယ်။

"မြင်ရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြင့်နိုင်သည်၊"

မြင်ရရာမှာ ကိလေသာကိန်းပြီးတော့ ဖြစ်တတ်သည်တဲ့။ ကြားရာမှာ, နံရာမှာ, စားရာမှာ, တွေ့ထိရာမှာ, ကိလေသာကိန်းပြီးတော့ ဖြစ်နိုင်သည်တဲ့။ စိတ်ကူးစဉ်းစားကြဲစည်မိရာတွေလဲ ကိလေသာကိန်းပြီးတော့ ဖြစ်နိုင်သည်တဲ့။ အဲဒီ ဖြစ်နိုင်တဲ့ အာရုံတွေမဖြစ်အောင်လို့ ဝိပဿနာရှုရတယ်။ ဝိပဿနာက မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, အဲဒီ အာရုံတွေမှာ ဝိပဿနာရှုပြီးတော့ ပယ်ရမယ်တဲ့။ အဲဒီလိုဆိုပါတယ်။ မာလုက္ကျပုတ္တသုတ်က ---------

အခုပြောလိုတာကတော့ အခုဟာကတော့ တောကျောင်းတွေသွားသွားနေတဲ့ အကြောင်းတွေပြောနေတာ။ မမြင်ရတဲ့နေရာ၊ မြင်ရခဲတဲ့နေရာ၊ တောကျောင်းတွေသွားနေတာ၊ ဒေါသ ဖြစ်စရာဆိုတာကတော့ သူကတွေ့ခဲပါတယ်။

ရာဂဖြစ်စရာတွေက အမြဲတမ်းတွေ့ရတယ်။ မြို့တွေရွာတွေမှာဆိုရင် ရာဂဖြစ်စရာတွေကများတယ်။ ရဟန်းတော်များဆိုတော့ ယောကျ်ားဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝိသဘာဂအာရုံတွေက မာတုဂါမတွေဆိုတာရှိတာကိုး။ ဒါတွေက ကာမတွေ၊ ဒါတွေ မတွေ့ရအောင်လို့ အတွေ့အကြုံနည်းအောင်လို့ တောကျောင်း, တောင်ကျောင်းတွေမှာ သွားပြီးတော့နေကြတယ်။ အဲဒီတော့ မမြင်ရတဲ့အတွက် နည်းနည်းတော့ တော်တာပေါ့လေ။ မြင်ရလို့ရှိရင်ဖြင့် စိတ်ကူးပြီးတော့ ရောက်နိုင်တယ်။ မမြင်ရတော့ နည်းနည်းတော့တော်နေတယ်။ သက်သာခွင့်ရတယ်။ လုံးလုံးကင်း

http://www.dhammadownload.com

သလားဆိုတော့ လုံးလုံးတော့မကင်းသေးပါဘူး။ စိတ်ကူးတွေရှိနေတယ်။ အဲဒီတော့ ဘာဝနာကမ္မဋ္ဌာန်းတစ်ခုခုကို အားမထုတ်ဘဲနဲ့ ကိလေသာတွေ ဒွါရ ၆-ပါးက ဝိညာဉ် ၆-ပါးက ကိလေသာနိုင်နင်းအောင် စောင့်စည်းထိန်းသိမ်းနိုင်အောင်ဟာ မလွယ်ဘူး။ ဒါပေမယ်လို့ တတ်နိုင်သမျှတော့ စောင့်စည်းရတာပေါ့လေ။ တရား အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း မတော်တဲ့စိတ်ကူးဖြစ်လို့ရှိရင် ဒီစိတ်ကူးမျိုး မဖြစ်စေဘူး။

နာ ပုနေဝံ တရိဿာမိ။

ပုန၊ တဖန်။ **ဧဝံ**၊ ဤသို့။ **နာ တရိဿာမိ**၊ မပြုတော့အံ့

နောက်တစ်ခါ ဒီစိတ်ကူးမျိုးမဖြစ်စေဘူး။ ဒီလို လုပ်ရတာကိုး။ **နာ ပုနေဝံ တရိဿာမိ**-တဲ့။ ကောင်းတယ်၊ နေရာတကာအသုံးကျပါတယ်။ ချွတ်ယွင်းလွဲမှားသွားတိုင်း မတော်တဲ့ဟာတွေ နောက်ထပ်ဒါမျိုးတွေ မပြုတော့ဘူးလို့ နှလုံးသွင်းပြီးရှောင်ရတယ်။ ဒါအင်မတန်ကောင်းတဲ့ဥစ္စာပါပဲ။ **အာယတိံသံဝရခေါ်**တယ်။ အဲဒီလိုရှောင်သွားလို့ရှိရင်ဖြင့် အပြစ်ကင်းပါတယ်။ ချွတ်ယွင်းသွားလို့ရှိရင် နောင် ဒါမျိုးမဖြစ်စေဘူးလို့ နှလုံးသွင်းပြီးတော့ ကြဉ်ရှောင်ပါတဲ့။ ဒါ ဘာတုန်း။

ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ **ပါပကာနံ**၊ ယုတ်ညံ့ကုန်သော။ **အကုသလာနံ ဓမ္မာနံ**၊ အကုသိုလ်တရားတို့ကို။ **ပဟာနာယ**၊ ပယ်ခြင်းငှာ။ **ဆန္ဒံ**၊ လိုလားအားထုတ်ခြင်းကို။ **ဇနေတိ**၊ ဖြစ်စေ၏။ **ဝီရိယံ**၊ လုံ့လကို။ **အာရဘတိ**၊ အားထုတ်၏။ **စိတ္တံ**၊ စိတ်ကို။ **ပဂ္ဂဏှာတိ**၊ ကြိုးစားအားထုတ်၏။ **စိတ္တံ**၊ စိတ်ကို။ **ပဓေတိ**၊ ချီးမြှောက်၏။ **ပဓဟတိ**၊ အားထုတ်၏။

ကိုယ့်သန္တာန်မှာ အကုသိုလ်တစ်ခုခုဖြစ်လာလို့ရှိရင်တဲ့ အဲဒီအကုသိုလ် နောင်ဒါမျိုးမဖြစ်တော့ဘူးလို့ ကြဉ်ရှောင်တယ်တဲ့။ အဲဒီလို ကြဉ်ရှောင်ဖို့ရာ အားထုတ်တိုင်း အားထုတ်တိုင်းဟာ ဒါဘာတုန်းဆိုတော့ **သမ္မာဝါယာမမဂ္ဂင်**ဖြစ်တာ။ ဒါက သူတော်ကောင်းစိတ်တွေဝင်မှ တယ်မလွတ်လှဘူး။ သူတော်ကောင်းစိတ်တွေဝင်နေရင်ဖြင့် ဒီဟာကကြဉ်ရှောင်ဖို့ရာ ဖြစ်နိုင်တယ်။ ဒီလိုမဟုတ်လို့ရှိရင်တော့ အဲဒီမကောင်းမှုအကုသိုလ်တွေထဲမှာပဲ ပျော်ပိုက်နေတာပဲ။ နောင်ကြဉ်ရှောင်မယ်ဆိုတဲ့စိတ်မရှိဘူး။ အခုလည်း ပြုမှာပဲ။ နောင်လည်း ပြုဦးမှာပဲ။ ထပ်ခါထပ်ခါပြုဖို့ရာပဲ စိတ်ကူးနေတယ်။

http://www.dhammadownload.com

အဲဒါတွေမှာ အရိယာပုဂ္ဂိုလ်နဲ့ ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ ဒီဥစ္စာကွာတယ်တဲ့။ အရိယာပုဂ္ဂိုလ်များ၊ သောတာပန်, သကဒါဂါမ်, ကာမဂုဏ်အာရုံတွေနဲ့ မကင်းသေးပေမယ့် မကောင်းရင်တော့ မကောင်းမှန်းသူကသိတယ်။ မကောင်းရင် မကောင်းဘူးဆိုတာသိတယ်။ မလွဲသာလို့သာလျှင် သူကာမဂုဏ်အာရုံတွေ သုံးဆောင်ခံစားနေရတာ။ ဒီဥစ္စာတွေတစ်နေ့ကျတော့ ပယ်ရမှာပဲလို့ ပယ်ဖို့ရာသိတယ်။ ပုထုဇဉ်တွေရဲ့ စိတ်က ဒီလိုပယ်ဖို့ရာမဟုတ်ဘူး။ နောက်တိုးဖို့ရာ ချဲ့ဖို့ရာဒီမှာရှိနေတာကိုး။ တိုးဖို့, ချဲ့ဖို့, များဖို့, ထပ်ပြီးတော့ပွားဖို့, ဒီဘက်က သူဖြစ်နေတယ်။ ဟိုဘက်ကနည်းဖို့, လျော့ဖို့ရာဖြစ်တယ်။ အရိယာပုဂ္ဂိုလ်က အကုသိုလ်အမှုတွေလျော့ဖို့ရာဘက်က ပုထုဇဉ်တွေက တိုးဖို့ရာဘက်က၊ အဲဒီမှာ ကွာနေတယ်။ အဲဒါဖြစ်ပြီးသော အကုသိုလ်များပယ်ဖို့ရာ အားထုတ်ခြင်း။

ကုသိုလ်ဖြစ်အောင်အားထုတ်

မဖြစ်သေးတဲ့ ကုသိုလ်တွေ ထို့အတူပါပဲ။

အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဓတိ၊

မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်လို့ အားထုတ်ခြင်း၊ သူများတွေတော့ ဖြစ်ကြပြီ။ ငါမဖြစ်သေးဘူး။ သူများတွေဒါနကုသိုလ်တွေပြုကြတယ်။ ငါမပြုရသေးဘူး။ ပြုနိုင်လျက်သားနဲ့ဆိုရင် ပြုရမှာပေါ့။ မပြုနိုင်တော့လဲ မတတ်နိုင်ဘူး။ ကိုယ်တတ်နိုင်တဲ့ ဒါနကုသိုလ်တွေပြုရမှာပေါ့။ သူများတွေငါးပါးသီလ စင်စင်ကြယ်ကြယ် ဆောက်တည်ကြတယ်။ ငါ့မှာ စင်ကြယ်အောင်, ပြည့်စုံအောင် မဆောက်တည်ရသေးဘူးဆိုပြီး စင်ကြယ်အောင်ဆောက်တည်ရမယ်။ သူများတွေ ရှစ်ပါးသီလ ဥပုသ်သီတင်း သီလဆောက်တည်ကြတယ်။ ငါ့မှာ မဆောက်တည်ရသေးဘူးဆိုရင် ဆောက်တည်ရမယ်။ ကျင့်သုံးရမယ်။ သူများတွေ ဘာဝနာတရားတွေ အားထုတ်ကြတယ်။ ငါ့မှာ အားမထုတ်ရသေးဘူး။ ငါ အားထုတ်ရမယ်၊ အားထုတ်ဖို့ရာ ကြိုးစားရမယ်။ မဖြစ်သေးတဲ့ ကုသိုလ်တွေဖြစ်အောင်တဲ့။ အကျဉ်းချုပ်ကတော့ သုံးခုပေါ့လေ။ ဒီဥစ္စာတွေဖြစ်အောင် အားထုတ်ရတယ်။ အဲဒီလို အားထုတ်တိုင်း အားထုတ်တိုင်းဟာ သမ္မာဝါယာမမဂ္ဂင်တဲ့။

http://www.dhammadownload.com

ဖြစ်ပြီး ကုသိုလ်တိုးပွားအောင်လုပ်

ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဋ္ဌိတိယာ အသမ္မောသာယ ဘိယ္ယော ဘာဝါယ ဘာဝနာယ ပါရိပူရိယာ၊ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ၊

ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေတဲ့။ ဒီကုသိုလ်တရားတွေ ဋ္ဌိတိယာ အသမ္မောသာယ၊ တည်နေဖို့, ပျက်စီးမသွားဖို့, ဆုတ်ယုတ်မသွားဘို့, တိုးတက်လာဖို့တဲ့။ ဘယ်ထိအောင် တိုးတက်ရမလဲ။ ဘာဝနာယ ပါရိပူရိယာ၊ ပွားများမှုပြည့်စုံသွားအောင် မိမိတို့အလိုရှိကြတဲ့ အရိယမဂ်ရောက်သွားအောင် အားထုတ်တယ်တဲ့။ ဒါကုသိုလ် တစ်ခါပြုဖူးပြီ။ နောက်ထပ်လဲ ပြုနိုင်အောင် ကြိုးစားရမယ်။ သီလတွေ စင်ကြယ်အောင် စောင့်ရှောက်ဖူးပြီ။ နောက်ထပ်လဲ စင်ကြယ်အောင် စောင့်ရှောက်ရမယ်။ ငါးပါးသီလဆိုတာ အမြဲတမ်းစောင့်ရှောက်ရတယ်။ ရှစ်ပါးသီလတွေလည်းပဲ ထပ်ခါထပ်ခါဆောက်တည်နိုင်အောင် ကြိုးစားရတယ်။ ဒါလောက်ကျင့်ပြီးတော်လောက်ပါပြီလို့ ဒီလိုအားရကျေနပ်ရတာမဟုတ်ဘူး။ ငါးပါးသီလတွေလဲ ထပ်ခါထပ်ခါ အားထုတ်ရတယ်။ ဘာဝနာကုသိုလ်တွေ ပွားများအားထုတ်ဖူးပြီဆိုရင် ထပ်ပြီးတော့ ပွားများအားထုတ်ရတယ်။ ဘာဝနာပွားများတယ်ဆိုတာက ဘယ်ကျမှပြီးတုန်းဆိုတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကျမှပြီးတာ။

သီလပြည့်စုံရုံမျှ စိတ်ချပြီးမနေနဲ့

အဲဒီမရောက်သေးခင်တော့ပြီးပြီလို့ စိတ်မချရသေးဘူးတဲ့။ လမ်းဆုံးတိုင်အောင် တတ်နိုင်လို့ရှိရင် တတ်နိုင်သလိုအားထုတ်ရမယ်လို့ မြတ်စွာဘုရားက ဓမ္မပဒမှာ ဟောထားတယ်။

နံ သီလမ္ဘတမတ္ထေန၊ ဗာဟုသစ္စေန ဝါ ပန၊
အထဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မ သုခံ၊ အပုထုဇ္ဇနသေဝိတံ၊
ဘိက္ခု ဝိဿာသမာပါဒိ၊ အပ္ပတ္ထော အာသဝက္ခယံ။

http://www.dhammadownload.com

ဓမ္မပဒမှာ ဟောထားတယ်။ တချို့သော ရဟန်းတော်တွေက ငါသီလ စင်ကြယ်နေတာပဲ။ ဘယ်အချိန်မဆို တရားအားထုတ်လိုက်ရင် မင်္ဂဖိုလ်ရဖို့ရာ မဝေးဘူး ဆိုပြီးတော့ သီလစင်ကြယ်တာ အားကိုးပြီးတော့ တရားအားမထုတ်ကြဘူး။ သီလလောက်နဲ့ အားရနေကြတယ်။ အဲဒီ ရဟန်းတွေလဲ ရှိတယ်တဲ့။ မြတ်စွာဘုရား ဒီဂါထာတရားဟောတဲ့အခါမှာ ဒီပရိသတ်တွေကလဲ ရှိတယ်။ တချို့ကလဲ ဓုတင်အကျင့်တွေနဲ့ ပြည့်စုံပြီးနေတာနဲ့ မင်္ဂဖိုလ်ဆိုတာ မခက်ပါဘူး။ အားထုတ်လိုက်ရင် ရောက်တော့မှာပါပဲ။ အဲဒီလို အောက်မေ့ပြီးတော့ သူကတရား အားမထုတ်ဘူး။ ဓုတင်အကျင့်ကလေးနဲ့ အားရနေတယ်။ တချို့ကလဲ စာပေ ဗဟုသုတတွေ ပြည့်စုံနေလို့တဲ့။ စာပေကျမ်းဂန်တွေ တတ်သိနားလည်နေတယ်။ အားထုတ်နည်းတွေ သိနေတယ်ပေါ့လေ။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ,ဣန္ဒြေတွေ, သဘောတွေ ကွဲနေတယ်။ ငါအားထုတ်လိုက်ရင် မခက်ပါဘူး။ အရဟတ္တမဂ် အရဟတ္တဖိုလ် မကြာခင်ရမှာပဲဆိုပြီးတော့ အေးအေးဆေးဆေးနေတယ်။ ဒါကတော့ အခုနေအခါတော့ ဒီလိုပုဂ္ဂိုလ်တွေဖြစ်နေတယ်။

ဗဟုသုတပြည့်စုံရုံမျှ စိတ်ချမ်းမြေနဲ့

တချို့က အဲဒီလိုပဲ ခန္ဓာ, အာယတနဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် သရုပ်သဘောတွေကို နားလည်သဘောပေါက် ကွဲပြားနေတာနဲ့ နိဗ္ဗာန်ဟာ သိပ်မဝေးဘူးလို့လဲ ပြောကြတယ်။ ဝိပဿနာဆိုတာ မခက်ပါဘူးတဲ့။ ဝိပဿနာဆိုတာ လွယ်လွယ်ကလေးပါတဲ့။ အားထုတ်လိုက်ရင် ဖြစ်တာပါပဲလို့ ပြောကြတယ်။ ဒါကတော့ သူကိုယ်တိုင်အားထုတ်မကြည့်လို့ စိတ်ကူးနဲ့သာလွယ်နေတာ တကယ်ကျတော့ မလွယ်ဘူး။ လွယ်တဲ့ဥစ္စာ မဟုတ်ဘူး။ ဘယ်လွယ်လိမ့်မှာတုန်း။ ဗဟုသုတ ရှိတာက ဗဟုသုတက တခြားပဲ။ သမာဓိပညာက အားထုတ်မှဖြစ်တာ။ ဗဟုသုတ ပညာတွေက သူ့နေရာနဲ့သူ အသုံးကျတာ။ သမာဓိပညာက တခြားပဲ။ အခု လောကဘက်ကနေပြီး ခေတ်ပညာတွေများ တချို့သိပ္ပံပညာတွေများ ထူးချွန်ပြီး တတ်နေတာတွေရှိတယ်။ ဓာတ်တွေအမျိုးမျိုးခွဲ စဉ်းစားလို့တောင် သူတို့တွက်ချက်ပုံတွေ စဉ်းစားလို့ မမီနိုင်လောက်အောင် ထူးချွန်နေတယ်။

http://www.dhammadownload.com

ဒါပေမယ်လို့ ဒါတွေက သူ့လမ်းနဲ့သူ သွားနေတာ။ မင်္ဂဖိုလ်ရဖို့ရာကတော့ မဖြစ်နိုင်ဘူး။ စာပေဗဟုသုတတွေကလဲ ဒီအတိုင်းပဲ။ စာပေဗဟုသုတတွေဟာ မှတ်သားထားလို့ မှတ်မိနေတာပဲ။ နှလုံးမသွင်းဘဲနေရင် ဒါတွေကမှေ့သွားမှာ။ အဲဒါတွေနဲ့လဲ မင်္ဂဖိုလ်နဲ့နီးနေတယ်လို့ စိတ်ကမအောက်မေ့ရဘူး။

ဘုရားလက်ထက်တုန်းက ရဟန်းတွေက အဲဒီလိုပဲ။ ဗဟုသုတများတာနဲ့ သူတို့က ဘုရားဟောတဲ့တရားတွေ အနက်အဖွင့်အဋ္ဌကထာတွေ ဒါတွေသူတို့ သဘောပေါက်နားလည်နေတော့ တို့-တရားအားထုတ်လိုက်ရင် မဝေးပါဘူး။ မင်္ဂဖိုလ်နိဗ္ဗာန်မကြာခင်ရမှာပဲဆိုပြီးတော့ သူတို့က ဗဟုသုတလောက်နဲ့ကျေနပ်နေတာ။ ဒါကတော့ အခုခေတ်မှာ အတော်များတယ်။ ဒီလိုပဲ များနေကြတာပဲ။ တရားကို အားမထုတ်ကြဘူး။

အမှန်ကတော့ မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်တွေဟာ အားထုတ်ဖို့ ကျင့်ဖို့ရာချည်းထဲပဲ။ ကျက်မှတ်ရွတ်ဖတ်နေဖို့ရာတွေ မဟုတ်ဘူး။ လူတွေ ကျက်ရအောင် ဖတ်ရအောင်လို့ မြတ်စွာဘုရားက တမင်တကာ တီထွင်ပေးထားခဲ့တာမဟုတ်ဘူး။ တချို့ ဒီလိုကျက်မှတ်ရွတ်ဖတ်နေရုံနဲ့ ပြီးရောဆိုပြီးနေကြတာ၊ ဘယ်ဟုတ်မလဲ၊ ကိုယ်တိုင်သိဖို့ရာ ကိုယ်တိုင်ကျင့်ဖို့ရာ ဘုရားဟော ထားတာ ကိုယ်တိုင်ကျင့်ဖို့ ကိုယ်တိုင်သိဖို့ရာမြတ်စွာဘုရားက နည်းလမ်းပေးထားတဲ့ တရား။ ဆေးစာတွေနဲ့ တူတယ်။ ဆေးစာတွေဟာ လူရှေ့သူရှေ့ အသံကောင်းကောင်းနဲ့ ရွတ်ဖတ်ဖို့ရာ ဆရာကြီးက တီထွင်ခဲ့တာမဟုတ်ဘူး။ အဲဒီ ဆေးစာအတိုင်း ဆေးဖော်ပြီးတော့ ရောဂါဝေဒနာဖြစ်တဲ့ပုဂ္ဂိုလ်၊ ဆေးစားဖို့ရာ, ရောဂါဝေဒနာ ဆေးကုဖို့ရာ တီထွင်ထားခဲ့တာ။ ဆေးစာတွေရွတ်နေရုံနဲ့ ရောဂါပျောက်မှာ မဟုတ်ဘူး။ မပျောက်နိုင်ပါဘူး။

အဲဒါလိုပဲ။ ဘုရားဟောတဲ့တရားတော်တွေ ရွတ်ဖတ်နေလို့ ဒီလိုလုပ်နေရုံနဲ့ ပြီးမှာ မဟုတ်ဘူး။ တရားကိုအားထုတ်မှ ဒေသနာအစဉ်ကတော့ မပြီးဘူး။ မြတ်စွာဘုရားလက်ထက်က အချို့သောရဟန်းတွေဟာ ဒီလိုပဲဗဟုသုတလောက်နဲ့ ကျေနပ်ပြီးတော့ အားရဝမ်းသာနေတာရှိတယ်တဲ့။ တချို့ကလဲ တောကျောင်း တောင်

http://www.dhammadownload.com

ကျောင်းတွေနေတော့ တို့ဟာ လူသူမနီးတဲ့ တောကျောင်း တောင်ကျောင်းတောင် နေနိုင်တာပဲ။ တရားအားထုတ်လိုက်ရင် မခက်ပါဘူးဆိုပြီး တောကျောင်းနေနိုင်တာနဲ့ဝုဏ်ယူပြီးတော့ အေးအေးဆေးဆေးနေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်တဲ့။ ဒီအထဲမှာ အနာဂါမိမဂ်ဖိုလ်ရနေတဲ့ ပုဂ္ဂိုလ်တွေကလဲ ပါသေးတယ်ဆိုတာကိုး။ အနာဂါမ်တွေက အနာဂါမ်ဆိုတော့ ရဟန္တာဖြစ်တော့မှာ နီးနီးကလေးရှိတော့တယ်လို့ ထင်ရတာပါပဲ၊ အဲဒီ ပုဂ္ဂိုလ်တွေကလဲ တို့အနာဂါမိမဂ်ဖိုလ်တောင်မှ ရနေမှပဲ။ အရဟတ္တမဂ်ဖိုလ်ဆိုရင် မဝေးတော့ပါဘူးဆိုပြီး ခပ်အေးအေးနေတယ်။ အဲဒါကြောင့် မို့မြတ်စွာဘုရားက ဒီဂါထာကိုဟောတာ။

နံ သီလပုတမတ္တေန (လ) အပ္ပတ္တော အာသဝက္ခယံ။

သိတ္ဝါ၊ ရဟန်း။ **သီလပုထုမတ္တေန**၊ သီလဓုတင်အကျင့်မျှဖြင့်။ **ဝိဿာသံ**၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ **နံ အာပါဖိ**၊ မရောက်လေလင့်။

သီလပြည့်စုံရုံမျှ၊ ဓုတင်အကျင့်နဲ့ပြည့်စုံရုံမျှနဲ့၊ စိတ်ချအားရပြီး မနေနဲ့ဦး။ ဘယ်ရောက်အောင် အားထုတ်ရမလဲဆိုရင် -

အပ္ပတ္တော အာသဝက္ခယံ၊ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ မရောက်သေးပါပဲ။ **ဝိဿာသံ**၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ **နံ အာပါဖိ**၊ မရောက်လေလင့်။

သီလလောက် ပြည့်စုံရုံမျှနဲ့ စိတ်ချအားရမနေနဲ့ဦး။ ဓုတင်အကျင့်နဲ့ ပြည့်စုံရုံမျှနဲ့လည်း အားရမနေပါနဲ့တဲ့။

ဗဟုသစ္စေန ဝါ ပန၊ အကြားအမြင် များရုံမျှဖြင့်လည်း။ **ဝိဿာသံ**၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ **နံ အာပါဖိ**၊ မရောက်လေလင့်။ အကြားအမြင်များရုံမျှနဲ့လဲ စိတ်ချမနေနဲ့တဲ့။ ဘုရားဟောတော်မူတဲ့ ပါဠိအဋ္ဌကထာဋီကာတွေ ကောင်းကောင်းတတ်သိရုံနဲ့ ဗဟုသုတရှိနေတာနဲ့လဲစိတ်မချနဲ့တဲ့။ ကမ္မဋ္ဌာန်း တရားအားထုတ်တဲ့နည်းတွေသိနေရုံနဲ့ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ,ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တွေ သရုပ်ကွဲနေရုံနဲ့ ဟောတတ်ပြောတတ်ရုံနဲ့လဲ စိတ်ချမနေနဲ့ဦး။ ဘယ်ထိအောင် အားထုတ်ရမလဲဆိုတော့ အရဟတ္တမဂ်ဖိုလ်ရောက်အောင် အားထုတ်ပါတဲ့။

http://www.dhammadownload.com

အပွတ္ထော အာသဝတ္ထယံ။

အာသဝတ္ထယံ၊ အာသဝေါတရား၏ ကုန်ရာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို။ **အပွတ္ထော**၊ မရောက်သေးပါပဲ။ **ဝိဿာသံ**၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ **န အာပါဒိ**၊ မရောက်လေလင့်။

ဈာန်ရရုံမျှနဲ့ စိတ်ချပြီးမနေနဲ့

အထဝါ သမာဓိလာဘေန

အထဝါ။ တစ်နည်းအားဖြင့်သော်ကား။ **သမာဓိလာဘေန**၊ ဈာန်သမာဓိကို ရရုံမျှဖြင့်။ **ဝိဿာသံ**၊ စိတ်ချလက်ချအားရ၍ နေခြင်းသို့။ **န အာပါဒိ**၊ မရောက်လေလင့်။

တချို့က အဲဒီဈာန်သမာဓိရတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ရူပဈာန် ၄-ပါး အရူပဈာန် ၄-ပါး၊ သမာဓိတွေရနေတာ၊ တို့တရားအားထုတ်လိုက်ရင် မခက်ပါဘူး ဆိုပြီးတော့ ဈာန်ရနေတဲ့ပုဂ္ဂိုလ်တွေကို ဈာန်သမာဓိရနေရုံနဲ့လည်း စိတ်ချမနေနဲ့တဲ့။

ဆိတ်ငြိမ်ရာ နေနိုင်ရုံမျှစိတ်ချပြီးမနေနဲ့

ဝိဝိတ္တဆယနေန ဝါ၊ ဆိတ်ငြိမ်သောတောကျောင်း တောင်ကျောင်း၌ နေရုံမျှဖြင့်လည်း။ **ဝိဿာသံ**၊ စိတ်ချလက်ချ အားရ၍နေခြင်းသို့။ **န အာပါဒိ**၊ မရောက်လေလင့်။

တောကျောင်းတွေ, ကမ္မဋ္ဌာန်းကျောင်းတွေနေနိုင်ရုံနဲ့လည်း စိတ်ချပြီးတော့ မနေနဲ့ဦးတဲ့။

အနာဂါမ်ဖြစ်ရုံမျှ စိတ်ချပြီးမနေနဲ့

အပုထုဇ္ဇနဘေဝိတံ၊ များစွာသောပုဂ္ဂိုလ်တို့ မမှီဝဲမရောက်နိုင်သော။ **နေတ္တမ္မံ သုခံ**၊ ကာမမှလွတ်မြောက်သော အနာဂါမိမဂ် အနာဂါမိဖိုလ်ချမ်းသာကို။ **ဖုသာမိ**၊ ရောက်ရတွေ့ရပေပြီဟူ၍ နှလုံးသွင်း၍လည်း။ **ဝိဿာသံ**၊ စိတ်ချလက်ချ အားရ၍ နေခြင်းသို့။ **န အာပါဒိ**၊ မရောက်လေလင့်။

http://www.dhammadownload.com

အများပုဂ္ဂိုလ်တွေမရောက်နိုင်တဲ့ တို့အနာဂါမိမဂ်ဖိုလ်တောင် ရောက်နေပြီ။ ကာမရာဂ, ဗျာပါဒတွေကင်းနေပြီ။ ဒါလောက်တော့ အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ နီးပါပြီ၊ မဝေးတော့ပါဘူးဆိုပြီးတော့ စိတ်ချအားရပြီးမနေနဲ့တဲ့။ ဘယ်ထိအောင် အားထုတ်ရမလဲဆိုတော့ -

အာသဝက္ခယံ၊ အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့။ **အပ္ပတ္ထော**၊ မရောက်သေးပါပဲ။ **ဝိဿာသံ**၊ စိတ်ချလက်ချအားရ၍နေခြင်းသို့။ **န အာပါဒိ**၊ မရောင်လေလင့်။

အဲဒီရောက်အောင် အားထုတ်ပါတဲ့။ မြတ်စွာဘုရားက အဆုံးရောက်မှ ကြိုက်တယ်။ တော်တော်လေးအားထုတ်ပြီးလို့ နားနေရင်မကြိုက်ဘူး။ သီလပြည့်စုံရုံနဲ့လဲ ဒါလဲပဲ စိတ်မချနဲ့ဦးတဲ့။ ဓုတင်ပြည့်စုံရုံနဲ့လဲ စိတ်မချနဲ့ဦးတဲ့။ တောကျောင်းတောင်ကျောင်းနေနိုင်ရုံနဲ့ စိတ်မချနဲ့ဦးတဲ့။ ဈာန်ရရုံနဲ့တောင် စိတ်မချနဲ့ဦးတဲ့။ အရိယမဂ်ရတာတောင်မှ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်ကို ထားလိုက်ဦး၊ အနာဂါမိမဂ်ဖိုလ်ရောက်တာတောင် စိတ်မချနဲ့ဦး။ အရဟတ္တမဂ်ရောက်အောင် အားထုတ်ပါ။ ဒီလို တိုက်တွန်းထားပါတယ်။

အဲဒီတော့ ဖြစ်ပြီးသားပုဂ္ဂိုလ်တွေဟာ ဘာဝနာကုသိုလ်တွေ တစ်ကြိမ်လောက် အားထုတ်ပြီးရင်၊ တို့တရားအားထုတ်ပြီးပြီ။ ၇-ရက်တောင် အားထုတ်ပြီးပြီ။ ဒါလောက်တောင် အားထုတ်ပြီးပြီဆိုပြီးတော့ အားရမနေနဲ့တဲ့။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်အောင် တတ်နိုင်လို့ရှိရင် အားထုတ်ရမယ်။ မရောက်တာကတော့ မတတ်နိုင်ဘူးပေါ့လေ။ မရောက်တာကတော့ သူပါရမီအကြောင်းအားလျော်စွာ ဣန္ဒြေမရင့်ကျက်သေးရင်လဲ မရောက်ပဲနေမှာပဲ။ သို့သော်လဲပဲ စိတ်ချလက်ချမနေပါနဲ့တဲ့။

ဒါကြောင့် ဖြစ်ပြီးသော ကုသိုလ်တရားတွေကို တည်တံ့နေအောင်၊ တိုးပွားအောင်၊ ပြည့်စုံသွားအောင်၊ တည်တံ့တိုးပွားပြည့်စုံသွားအောင် အားထုတ်ပါတဲ့။ အဲဒီလိုအားထုတ်တိုင်း အားထုတ်တိုင်းဟာ ဒါသမ္မပ္ပဓာန် ဝီရိယတွေဖြစ်တယ်။ အဲဒါ သမ္မပ္ပဓာန်ဝီရိယ ၄-ခုရှိသွားပြီနော်၊ မှတ်လို့တော့လွယ်ပါတယ်။

http://www.dhammadownload.com

- မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မဖြစ်အောင်အားထုတ်ခြင်းတစ်ခု ၁ -နံပါတ်။
- ဖြစ်ပြီးသော အကုသိုလ်တရားတွေ မဖြစ်အောင်အားထုတ်ခြင်း၊ မဖြစ်နိုင်အောင် ပယ်နိုင်အောင် အားထုတ်ခြင်း၊ ၂-နံပါတ်။
- မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်အောင်အားထုတ်ခြင်း။ ဖြစ်ပြီးသော ကုသိုလ်တရားတွေ တည်တံ့ပွားများပြည့်စုံသွားအောင် အားထုတ်ခြင်း။

တည်တံ့ရုံနဲ့လဲ မဟုတ်သေးဘူး။ ပွားလဲပွားရမယ်။ ပွားရုံနဲ့လဲ မဟုတ်သေးဘူး။ ပြည့်စုံသွားအောင်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်သွားအောင် အားထုတ်ရမယ်။ အဲဒါ သမ္မပ္ပဓာန် ၄-ပါးခေါ်တယ်။ အဲဒါ မဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဝါယာမ မဂ္ဂင်ပဲတဲ့။ ဆိုရမယ် -

- **မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် အားထုတ်ခြင်း။**
- **ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင် အားထုတ်ခြင်း။**
- **မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်အားထုတ်ခြင်း။**
- **ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးတက်ပွားများပြည့်စုံသွားအောင် အားထုတ်ခြင်း။**

ဤအားထုတ်ခြင်း ၄-ပါးကို သမ္မပ္ပဓာန် ၄-ပါး၊ သမ္မာဝါယာမ မဂ္ဂင်ဟုခေါ်သည်၊ သမ္မာဝါယာမ မဂ္ဂင်ဆိုတာ ဒါပဲ။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

အယံ၊ ဤအားထုတ်ခြင်း ၄-ပါးကို။ **သမ္မာဝါယာမော**၊ သမ္မာဝါယာမ မဂ္ဂင်ဟူ၍။ **ဝုစ္စတိ**၊ ခေါ်ဆိုအပ်၏။

သမ္မာဝါယာမ မဂ္ဂင်ဆိုတာ ဒီဟာ ၄-ပါးပဲတဲ့။ ဒါက ရှေးအဖို့ကအားထုတ်ခြင်း၊ ဝိပဿနာရှုတဲ့အခါမှာတော့ ရှုတိုင်းရှုတိုင်း သမ္မပ္ပဓာန် ၄-ပါးတော့ပါနေတယ်။ ရှုတိုင်းရှုတိုင်းဟာ မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်အောင်အားထုတ်နေတာပဲ။ မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးက အာရုံ ၆-ပါးကျလာတဲ့အခါ

http://www.dhammadownload.com

မသင့် တင့်တဲ့နှလုံးသွင်းရင် အကုသိုလ်ဖြစ်မယ်။ မဖြစ်သေးတဲ့ အကုသိုလ်တွေ၊ မြင်ရတဲ့ အာရုံကို အကြောင်းပြုပြီးတော့ လောဘဖြစ်နိုင်တယ်။ ကြားရ, နံရ, စားရ, တွေ့, ထိရတဲ့အာရုံ၊ စိတ်ကူးစဉ်းစား ကြံစည်မိတဲ့အာရုံတွေနဲ့စပ်ပြီး လောဘ, ဒေါသ, မောဟဖြစ်နိုင်တယ်။ အဲဒီလိုဖြစ်မယ့် လောဘ, ဒေါသ, မောဟတွေ မဖြစ်သေးဘူး။ အဲဒီ မဖြစ်သေးတာတွေကို မဖြစ်အောင်လို့ အားထုတ်ရတယ်တဲ့။ မြင်တိုင်း, ကြားတိုင်း, ရှုနေတာဟာ မဖြစ်သေးတာကို မဖြစ်အောင် အားထုတ်တာလဲ မည်တာပဲ။ ဖြစ်ပြီးတာတွေလဲ မဖြစ်အောင် အားထုတ်တာမည်တယ်။ ရှေ့က မြင်ဖူး၊ ကြားဖူးလို့ ဒီလိုဟာတွေဖြစ်ဖူးတာပဲ။ လောဘ, ဒေါသ, မောဟတွေ၊ အဲဒါတွေကို မဖြစ်အောင်လို့တဲ့။ အဲဒါကို အားထုတ်တယ်။ ဖြစ်ပြီးတဲ့ အကုသိုလ်တွေ မဖြစ်အောင် အားထုတ်တာမည်တယ်။ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပယ်နိုင်အောင်ပေါ့လေ။ ပယ်တတ်တယ်ဆိုတာ မဖြစ်အောင်အားထုတ်တာပါပဲ။ ပယ်နိုင်အောင် အားထုတ်သည် မည်တယ်။

ပြီးတော့ မဖြစ်သေးတဲ့ ကုသိုလ်တွေလဲ ဖြစ်အောင်အားထုတ်တာ။ ရှေ့က ဝိပဿနာ မရှုဖူးသေးဘူးဆိုရင် အဲဒီဝိပဿနာဉာဏ်ဟာ မဖြစ်သေးတာတွေပေါ့။ **နာမရူပ ပရိစ္ဆေဒဉာဏ်**မဖြစ်ဖူးသေးဘူး။ ဖြစ်အောင်အားထုတ်ရမယ်။ ဒါ မဖြစ်သေး တဲ့ ကုသိုလ်တွေဖြစ်အောင် အားထုတ်တာပဲ။ **ပစ္စယပရိဂ္ဂဟဉာဏ်**၊ အကြောင်း အကျိုးကို သိတဲ့ဉာဏ်မဖြစ်သေးတာ ဖြစ်အောင်အားထုတ်ရမယ်။ **သမ္မသနဉာဏ်**၊ အနိစ္စ, ဒုက္ခ, အနတ္တတွေ ကိုယ်ပိုင်ဉာဏ်နဲ့သိအောင် အခု စာပေကျမ်းဂန်အရတွေ နဲ့ ကျက်မှတ်ပြီးနှလုံးသွင်းနေတာတွေ၊ ဒါမျိုးတော့ မဟုတ်ဘူး။ အဲဒါ ကျက်မှတ်ပြီး နှလုံးသွင်းနေတာကတော့ ကျက်မှတ်ထားတာကိုး။ ကျက်မှတ်ထားတဲ့အတိုင်း ရူပအနိစ္စ, နာမ်အနိစ္စ, စသည်ဖြင့် ဒါကတော့ အလွယ်သားပဲ။ ဉာဏ်ထဲမထင်ဘဲနဲ့ ပါးစပ်ကဆိုနေတာ။ ရွတ်ဖတ်နေတာပေါ့။ ရွတ်ဖတ်နေတာကို ဝိပဿနာဖြစ်နေ တယ်လို့ ထင်နေတာ။

မြင်တိုင်း, ကြားတိုင်း, ဒွါရ ၆-ပါးက ပေါ်တိုင်း, ပေါ်တိုင်းတွေရှုနေလို့၊ ဖြစ်ပြီးပျောက်သွား။ ဖြစ်ပြီးပျောက်သွားတဲ့ တရားတွေတွေ့လို့ အနိစ္စ-မမြဲတဲ့တရား

http://www.dhammadownload.com

ပဲ။ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတဲ့တရားချည်းထဲပဲ။ သူသဘောအတိုင်း သူဖြစ်ချင်သလို ဖြစ်နေလို့ သဘောတရားမျှပဲလို့ တွေ့တဲ့အခါမှာ အနိစ္စ, ဒုက္ခ, အနတ္တပဲလို့ သုံးသပ်ဆင်ခြင်တယ်။ အဲဒါတွေဟာ မဖြစ်သေးတာတွေဖြစ်အောင်လို့ ဒီလိုရှုမှတ်နေရတာ။ **ဥဒယဗ္ဗယဉာဏ်** အဖြစ်အပျက်တွေ ပိုင်ပိုင်နိုင်နိုင်သိအောင် ရှုမှတ်အားထုတ်နေရတယ်။ ဘင်္, ဘယ, အာဒီနဝ, စသည် အကုန်လုံးပေါ့လေ။ အရိယမဂ်ဉာဏ်တိုင်အောင် မဖြစ်သေးတာတွေ ဖြစ်အောင်လို့လုပ်နေတာပဲ။ ဝိပဿနာရှုတိုင်းရှုတိုင်းဟာ မဖြစ်သေးတဲ့ အထက်အထက် ကုသိုလ်ဉာဏ်တွေဖြစ်အောင်လို့ပဲ အားထုတ်နေရတာ။ မဖြစ်သေးသောကုသိုလ်တရားကို ဖြစ်အောင်အားထုတ်ခြင်းဆိုတာ မှတ်တိုင်းမှတ်တိုင်းမှာ ပါနေတယ်။

ဖြစ်ပြီးသော ကုသိုလ်တရားတွေကို တည်တဲ့အောင်လို့ အားထုတ်တယ်တဲ့။ ဖြစ်အောင်အားထုတ်တယ်။ ပြည့်စုံပွားများအောင်အားထုတ်တယ်တဲ့။ ဒါလဲပဲ သူဟာရှုတိုင်းရှုတိုင်းဖြစ်ပြီးတဲ့ ဝိပဿနာဉာဏ်တွေ ဆင့်ဆင့်ပြီးတော့ ပွားနေတာ။ ဘာဝနာဆိုတာ ပွားတာတဲ့။ ကိုယ့်ကိုယ်မှာပွားတာ၊ တစ်ခါရှုလိုက် တစ်ခါဖြစ်၊ နောက်တစ်ခါရှုလိုက် နောက်တစ်ခါဖြစ်၊ ရှုတိုင်းရှုတိုင်း အသစ်အသစ်တွေ ဖြစ်နေတာဟာ ပွားနေတာပဲတဲ့။ ၁၀-ခါရှုရင် နောက်ထပ် ၉-ခုဟာ ပွားလာတာပဲ။ အခါတစ်ရာရှုရင် ၉၉-ခုက နောက်ထပ်ပွားလာတာ။ အဲဒီလို ရှုတိုင်းရှုတိုင်း အသစ်အသစ်တွေပွားနေတယ်။ အဲဒါပွားတာ ဖြစ်ပြီးသောကုသိုလ်တရားတွေ ပွားများအောင် အားထုတ်ထားတာပဲတဲ့။ ပွားများရုံမကဘူး။ ပွားများမှပြည့်စုံသွားအောင်လို့ မိမိတို့အလိုရှိအပ်တဲ့ **အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်**တွေရောက်အောင် သောတာပတ္တိမဂ်ဖိုလ်ဆိုရင် **သောတာပတ္တိ မဂ်ဖိုလ်**ရောက်အောင် ပွားများနေတာပဲ။ ဒီတင်လည်းမပြီးသေးဘူး။ မြတ်စွာဘုရားက **အရဟတ္တမဂ်, အရဟတ္တဖိုလ်**ရောက်အောင် အဲဒီရောက်အောင် အခုပွားများနေကြတာပဲ။ ဒီတော့ ဝိပဿနာ တစ်ခါရှုလိုက်ရင် သမ္မပ္ပဓာန် ၄-ချက်၊ တစ်ခါတည်းပြီးတယ်တဲ့။

မြင်တာကလေး တစ်ခါရှုလိုက်၊ မြင်တယ်မှတ်လိုက်၊ အဲဒီမှာမြင်တယ် မှတ်မိအောင် အားထုတ်တဲ့ ဝီရိယကလေးပါတယ်။ ဒါသမ္မာဝါယာမမဂ္ဂင်၊ ဝီရိယလေးနဲ့

http://www.dhammadownload.com

ကြောင့်ကြဣာပါရစိုက်ပြီး မှတ်လို့မြင်တယ်။ ကြောင့်ကြ ဣာပါရစိုက်ပြီးပေးလို့ မြင်တယ်လို့ ရှုမှတ်မှုဖြစ်တယ်။ အဲဒီ ဝီရိယကလေးက မဖြစ်သေးတဲ့အကုသိုလ်တွေလဲ မဖြစ်ရအောင် အားထုတ်လိုက်တာပဲ။ ဖြစ်ပြီးသားအကုသိုလ်တွေလဲ ပယ်နိုင်တာပဲ။ သူက အားထုတ်လိုက်လို့ မဖြစ်သေးတဲ့ကုသိုလ်တွေလဲ အခု ရှုမှတ်မှုကလေး ဖြစ်သွားပြီ။ ဖြစ်ပြီးသားကုသိုလ်လေးတွေလဲ ထပ်ခါထပ်ခါ ဖြစ်နေတာပဲ။ သမ္မပ္ပဓာန် ၄-ချက်လုံးပြီးတယ်။ ဖောင်းတယ်, ပိန်တယ် စသည်ဖြင့် မှတ် ရတယ်။ မမှတ်ပဲနေရင်ဖြင့် အကုသိုလ်ဆိုတာ ဖြစ်နိုင်တယ်။ မှတ်လိုက်တော့ မဖြစ် ဘူး။ ဖြစ်ပြီးသား ကုသိုလ်တွေလဲ ထပ်ပြီးတော့ ဖြစ်နိုင်တယ်။ ဒါကြောင့် မဖြစ် သေးတာလဲ မဖြစ်ဘူး။ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ထပ်ပြီးတော့မဖြစ်ဘူး။ မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ မှတ်တိုင်းမှတ်တိုင်း ဖောင်းတာမှတ် အသစ်ဖြစ် တာပဲ။ ပိန်တာမှတ်လဲ အသစ်ဖြစ်တာပဲ။ မှတ်တိုင်းမှတ်တိုင်း အသစ်ချည်းထဲပဲ။ ပိန်တာမှတ်လဲ အသစ်ဖြစ်တာပဲ။ မှတ်တိုင်းမှတ်တိုင်း အသစ်ချည်းထဲပဲ။ မဖြစ် သေးတဲ့ ကုသိုလ်တွေထပ်ပြီးတော့ ဖြစ်တယ်။

ဒါတွင်မကဘူး။ ခုနကပြောတဲ့အတိုင်း ဝိပဿနာဉာဏ်စဉ်အတိုင်း နာမ်ရုပ် ကွဲပြားပြီးသိတဲ့ နာမရူပဝိစ္ဆေဒဉာဏ်ဖြစ်နိုင်တယ်။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်နိုင် တယ်။ သမ္မသနဉာဏ်ဖြစ်နိုင်တယ်။ ဥဒယဗ္ဗယဉာဏ်တိုင်အောင် အကုန်လုံး လျှောက်ပြီးတော့ ဖြစ်နိုင်တယ်။ အဲဒီလို မဖြစ်သေးတဲ့ကုသိုလ်တရားတွေ ဖြစ်အောင်အားထုတ်သည်မည်တယ်။ ဖြစ်ပြီးသား ကုသိုလ်တရားတွေလဲ ရှုတိုင်း ရှုတိုင်း ပွားနေတာပဲ။ ဒါကြောင့် မှတ်တိုင်းမှတ်တိုင်း မှတ်မိအောင် ကြောင့်ကြစိုက် ပေးတာက **သမ္မပ္ပဓာန် ဝီရိယ၊ သမ္မာဝါယာမ မဂ္ဂင်**ဟုခေါ်သည်တဲ့။ ဆိုရမယ်။

"မှတ်တိုင်း မှတ်တိုင်း မှတ်မိအောင် ကြောင့်ကြစိုက်ပေးတာက၊
သမ္မပ္ပဓာန်ဝီရိယ သမ္မာဝါယာမ မဂ္ဂင်ခေါ်သည်၊"

မှတ်တိုင်းမှတ်တိုင်းဟာ ကြောင့်ကြစိုက်ပေးမှုပါတယ်။ ကြောင့်ကြမစိုက်ရင် ဘယ်မှတ်မိလိမ့်မှာတုန်း။ လမ်းလျှောက်နေတယ်ဆိုပါတော့။ ကြွတယ်, လှမ်းတယ်,

http://www.dhammadownload.com

ချတယ်မှတ်ရမယ်။ ကြောင့်ကြမစိုက်လို့ရှိရင် ကြွတာလဲ မှတ်မိမှာမဟုတ်ဘူး။ လှမ်းတာလဲ မှတ်မိမှာမဟုတ်ဘူး။ မှတ်နေရင်းတောင်မှ ဝိရိယကြောင့်ကြစိုက်မှုက လျော့နေတဲ့အခါ မမှတ်မိဘဲနဲ့ လွတ်သွားတာတွေ တော်တော်များတယ်။ ဝိရိယက ကြောင့်ကြစိုက်ပေးမနေလို့ရှိရင် သူကလျော့သွားတယ်။

ဘာနဲ့တူသလဲဆိုတော့ ကလေးတွေစာစံတာနဲ့တူတယ်။ ဘုန်းကြီးကျောင်း များမှာ ကလေးတွေစာစံတယ်။ ဘုန်းကြီးအမြဲတမ်းသတိပေးနေရတယ်။ သတိ မပေးပဲနဲ့ ဒီလိုနေရင် ကလေးတွေက ကောင်းကောင်းမစံကြဘူး။ ဘုန်းကြီးက ကျိုးကျောင်းနဲ့တုတ်နဲ့ရိုက်ပြီး သတိပေးရတယ်။ အဲဒီလိုသတိပေးလိုက်ရင် အော်ပြီး စံကြရှာတယ်။ တော်တော်လေးကြာတော့ လျော့သွားတယ်။ ဒုန်းကနဲဘုန်းကြီး ရိုက်လိုက်ပြန်၊ အဲဒီတော့မှ အော်အော်ပြီး စာစံကြတာကိုး။

အဲဒါလိုပဲ။ ကိုယ့်တစ်ကိုယ်တည်းပေမယ်လို့ ဒီလို ကြောင့်ကြစိုက်မှု **သမ္မာဝါယာမ**ကလေးက အမြဲတမ်းပေးနေမှ အမှတ်ကလေးတွေကဖြစ်တယ်။ အားလေး လျော့သွားလို့ရှိရင် နေရာမကျဘူး။ အမှတ်တွေမေ့သွားပြီ။ တခြားရောက်သွား၊ လွင့်သွားကုန်ပြီ၊ ပျက်ကုန်တာ၊ အဲဒါ **သမ္မပ္ပဓာန် ဝီရိယ**တဲ့။ မှတ်တိုင်းမှတ်တိုင်း မှတ်မိအောင်ကြောင့်ကြစိုက်ပေးတာတဲ့။ ကြောင့်ကြစိုက်ပေးတာလေး ပါတယ်တဲ့။ ဒါလေးဟာ **သမ္မပ္ပဓာန်ဝီရိယ**ခေါ်တယ်တဲ့။ မဖြစ်သေးတဲ့ အကုသိုလ်တွေမဖြစ် အောင် အားထုတ်တာလည်းမည်တယ်။ ဖြစ်ပြီးသားအကုသိုလ်တွေ ပယ်နိုင်အောင် အားထုတ်တာလည်းမည်တယ်။ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင်အားထုတ် တာလည်းမည်တယ်။ ဖြစ်ပြီးတဲ့ကုသိုလ်တွေ တိုးတက်ပွားများပြည့်စုံသွားအောင် အားထုတ်တာလဲ မည်တယ်တဲ့။ **သမ္မပ္ပဓာန်ဝီရိယ၊ သမ္မာဝါယာမ မဂ္ဂင်**လို့ခေါ် တယ်တဲ့။ ဒါကတော့ နားလည်ပါပြီ။

သမ္မာသတိမဂ္ဂင်

ကတမာစ ဘိက္ခဝေ သမ္မာသတိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သမ္မာသတိ**၊ မှန်စွာအမှတ်ရခြင်းသည်။ **ကတမာ စ**၊ အဘယ်ပါနည်း။ **သမ္မာသတိ**-မှန်စွာအမှတ်ရတယ်ဆိုတာ ဘာလဲဆိုတော့

http://www.dhammadownload.com

ဣမံ ဘိက္ခဝေ ဘိက္ခူ၊ တာယေ တာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

သတိပဋ္ဌာန် ဥဒ္ဒေသကအတိုင်းပါပဲ။ **ဘိက္ခဝေ၊** ရဟန်းတို့။ **ဣမံ၊** (လ) **ဝိဟရတိ၊** နေ၏။

ရုပ်သဘောတရား မိအောင်ရှု

ရုပ်အပေါင်းကို ရုပ်အပေါင်းဟု ရှုနေသည်။ ဒါကို လွယ်လွယ်အောက်မေ့ရတယ်။ ရုပ်သဘောတရား အမှန်ကလေးသိအောင်ရှုရမှာ။ ဒါလွယ်လွယ်ကလေးမဟုတ်ဘူး။ အမှန်ကလေးကိုရှုရမှာ၊ ဘယ်လိုအမှန်လဲဆိုတော့ ရုပ်တရားဟာ အနိစ္စသဘောရှိသည်၊ ဒုက္ခသဘောရှိသည်၊ အနတ္တသဘောရှိသည်၊ အသုဘသဘောရှိသည်။ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘညီအောင်လို့ ရှုရမယ်တဲ့။

အဋ္ဌကထာတွေကတော့ သီးသန့်ခွဲခြားလိုက်မယ်ဆိုလို့ရှိရင် ကာယာနုပဿနာက အသုဘနဲ့ ဆိုင်တယ်ဆိုပြီးတော့ အသုဘကို အလေးပေးပြီးတော့ ဖွင့်ပြထားပါတယ်၊ ဒါပေမယ့်လို့ အကုန်လုံးပါပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တ အသုဘတွေ ထင်မြင်အောင်လို့ ရှုရမယ်။

ရုပ်ဆိုတာ မမြဲတဲ့သဘော၊ ရုပ်ဆိုတာ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတဲ့သဘောရှိတယ်။ ဆင်းရဲဆို နှစ်သက်သာယာမှုမရှိတာပေါ့လေ။ အခံခက်နေတာတွေ၊ ဒီလိုတော့မဟုတ်ပါဘူး။ အဲဒီနှစ်သက်သာယာဖွယ်မရှိတဲ့ ဆင်းရဲတဲ့သဘောရှိတဲ့ ဆင်းရဲသဘောကိုမြင်အောင်ရှုရမယ်။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားပဲ။ သူဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားပဲ။ အနတ္တ သဘောရှိတယ်။ အဲဒီ အနတ္တကိုမြင်အောင်ရှုရမယ်။ ပြီးတော့ အသုဘသဘောရှိတယ်တဲ့။ အသုဘဆိုတာ တင့်တယ်တဲ့သဘောမဟုတ်ဘူးတဲ့။

လောကမှာ ရုပ်က တင့်တယ်တဲ့သဘော ဖြစ်နေတာပေါ့လေ။ သူဟာနဲ့သူ တင့်တယ်တဲ့သဘောဖြစ်နေတာ။ မတင့်တယ်လို့လဲပဲ မဖြစ်ပေဘူး။ တင့်တယ်လဲ တင့်တယ်ဦးမှပဲ လူတွေမျော်ကြမှာ၊ သတ္တဝါတွေဟာ ကိုယ့်ရုပ်နဲ့ကိုယ်လဲ တင့်တယ်

http://www.dhammadownload.com

တယ် ထင်တာပဲ။ သူများရုပ်တွေလဲ တင့်တယ်တယ် ထင်တာပဲ။ ကြည့်လို့ရှုလို့ သုံးစွဲလို့ဖြစ်မှာ နို့မို့လို့ရှိရင် ဘာမှမတင့်တယ်ဘူး။ ရွံစရာတွေချည်းထဲပဲဆိုရင် ဘာမှနေလို့ ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် လောကအလိုက်တော့ သူဟာတင့်တယ် တယ်ဆိုတာလဲ အသုံးတော့ကျနေတာပဲ။

ဒါပေမယ့်လို့ အမှန်အားဖြင့် ရုပ်ဆိုတာ မတင့်တယ်တဲ့သဘောပဲတဲ့။ မတင့် တယ်တဲ့သဘောလဲ မြင်ရမယ်။ အထင်အရှား မတင့်တယ်တာကတော့ ကောဌာသ အဖို့ အစုတွေနဲ့ရှုလိုက်ရင် ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ စသည်ဖြင့်ပေါ့လေ။ ကိုယ်ကြီးတစ်ကိုယ်လုံးမှာ ရွံစရာအကောင်းဆုံးကတော့ ကျင်ကြီးကျင်ငယ်တို့၊ ချွဲသလိပ်၊ တံတွေးစတဲ့ ဒီဥစ္စာတွေပေါ့လေ။ အဲဒါတွေဟာ ရွံစရာအကောင်းဆုံးတွေပါပဲ။ စဉ်းစားကြည့်လို့ရှိရင်တော့ စက်ဆုပ်ရွံရှာဖွယ်တွေပဲ။ ဒီရုပ်ကိုယ်ကြီးဟာ ဒါပေမယ့်လို့ ဝိပဿနာအရာမှာ လိုရင်းကတော့ ဖြစ်ပျက်နေတဲ့ သဘောသိဖို့လိုတယ်။ ဖြစ်ပျက်နေတဲ့အတွက်ပဲ မတင့်တယ်ဘူး။ ဖြစ်လိုက်ပျက် လိုက် မတင့်တယ်တဲ့သဘောဖြစ်နေတယ်။ အဲဒါကြောင့် -

တာယေ၊ ရုပ်အပေါင်းကိုယ်၌။ **တာယေ၊** မမြဲဆင်းရဲအစိုးလည်းမရ၊ မလှပ မတင့်တယ်သော ရုပ်အပေါင်းကိုယ်၌။ **ကာယာနုပဿီ၊** မမြဲဆင်းရဲအစိုးလဲမရ မလှပ မတင့်တယ်သော ရုပ်အပေါင်းမျှဟူရှုမြင်လျက်။ **ဝိဟရတိ၊** နေ၏။

အနိစ္စသဘော ရှုမြင်ပြီးတော့နေရမယ်။ ဒုက္ခသဘောရှုမြင်ပြီးတော့ နေရ မယ်။ အနတ္တသဘောရှုမြင်နေရမယ်။ အသုဘသဘော ရှုမြင်နေရမယ်။ ဒီ ၄-ပါးထဲက တစ်ခုခုတော့ မြင်ရမှာပေါ့။ ကေသာ, လောမာစသည်ဖြင့် ရှုမြင်လို့ရှိရင်တော့ အသုဘက အမြင်များမှာပါပဲ။ နောက် **သီဝထိကပဗ္ဗနဲ့** ရှုတဲ့အခါလဲပဲ အသုဘမြင်တာပဲ။ ဒီပြင်အပိုင်းနဲ့ရှုရင်တော့ အနိစ္စ, ဒုက္ခ, အနတ္တ၊ ဒီ ၃-ပါးထဲက တစ်ခုခုတွေ့မှာပဲ။ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဒီ ၄-ပါးထဲက တစ်ခုခုမြင်ရင် ပြီးတာပါပဲ။

အဲဒါ မြင်အောင်ရှုဖို့ရာ အခုသွားရင် သွားတာကိုမှတ်ရတယ်။ ကြွတယ်, လှမ်းတယ်, ချတယ်, ကြွတာကလေးကလဲ ကြွပြီးပျောက်၊ လှမ်းတာကလေးကလဲ

http://www.dhammadownload.com

လှမ်းပြီးပျောက်၊ ချတာကလေးကလဲ ချပြီးပျောက်၊ ဒီအထဲမှာ မြဲတဲ့သဘောမရှိဘူး။ တစ်နေရာက တစ်နေရာရွှေ့ပြီး ပျောက်သွားတာပဲ။ မြဲတဲ့သဘောမရှိဘူး။ ကွေးတယ်ဆန့်တယ် ဆိုပါတော့ ကွေးတယ် ကွေးတယ်မှတ်ရင်း ရွှေ့တိုင်း ရွှေ့တိုင်း ဟာ ကွေးချင်တဲ့စိတ်နဲ့ ကွေးတဲ့ရုပ်တွေဟာ ရွှေ့လိုက် ပျောက်လိုက်၊ ရွှေ့လိုက် ပျောက်လိုက်နဲ့ ရှုတဲ့စိတ်ကလေးလဲ ပါသေးတယ်။ ရွှေ့လိုက်ပျောက်လိုက်၊ ရွှေ့လိုက် ပျောက်လိုက်၊ ကွေးတယ်ဆိုရင် ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား၊ မမြဲတဲ့ သဘောတွေ၊ မမြဲဘဲဖြစ်ပြီးပျောက်သွားလို့ ဆင်းရဲလို့လဲ ခေါ်ရတယ်။ နှစ်သက် သာယာစရာ အားကိုးစရာမရှိဘူး။ ဒီအထဲမှာ ပကတိပုဂ္ဂိုလ်တွေက ကိုယ့်ရုပ် ကိုယ့်ကိုယ် အားကိုးနေကြတာ။ မြဲတည်နေတယ်လို့ အောက်မေ့လို့ ခဏမစဲဖြစ်ပျက် နေတယ်ဆိုတော့ ဘာအားကိုးစရာရှိမလဲ။ နှစ်သက်သာယာစရာ အားကိုးစရာမရှိ ဘူး။ ဒုက္ခပဲ၊ ဒုက္ခဆင်းရဲပဲတဲ့။ မကောင်းဘူးလို့ ဆိုတာပေါ့လေ။ အနတ္တ-ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူးတဲ့။ အသက်ရှင်နေတဲ့ အစဉ်ထာဝရတစ်ခါတည်းတည်နေတဲ့ အကောင်ကလေးမဟုတ်ဘူးတဲ့။ သူသဘောအတိုင်း ဖြစ်ပျက်နေတာ။ ကိုယ့်အလို ရှိတဲ့အတိုင်း ဘာမှမဖြစ်ဘူး။ အစိုးမရတဲ့ သဘောပဲတဲ့။ ကွေးလိုက် ရွှေ့လိုက် ပျောက်လိုက်၊ ရွှေ့လိုက် ပျောက်လိုက်နဲ့ ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်း အဲဒီကိုယ်အမူအရာတွေ ရှုတိုင်းရှုတိုင်းဟာ ဖြစ်ပြီးပျောက်သွားလို့မမြဲဘူး။ ဖြစ်ချည် ပျောက်ချည်နဲ့ နေလို့ဆင်းရဲပဲ။ သူဟာသူဖြစ်ပျက်နေတယ် ကိုယ့်အလိုအတိုင်း မဟုတ်ဘူး။ ကိုယ့်အလိုအတိုင်း အစိုးမရဘူး။ သူဟာသူဖြစ်ပျက်နေတဲ့ သဘော တရား အနတ္တတရားပဲတဲ့။ အစိုးရတဲ့ အသက်ရှင်နေတဲ့ ငါကောင်သတ္တဝါကောင် အကောင်အထည် ဒီအထဲမှာဘာမှမရှိဘူး။ သဘောတရားမျှဆိုတာ ရှုရင်းရှုရင်း သိတယ်။ ရုပ်အပေါင်းကို အဲဒီလိုရှုပြီးတော့သိရမယ်တဲ့။

အဲဒီလိုရှုနိုင်အောင်က ပြောတော့လွယ်လွယ်ရယ်၊ ပြောတော့ အနိစ္စ, ဒုက္ခ, အနတ္တရှုတယ်ဆိုတော့ လွယ်လွယ်ရယ်၊ တကယ်ကျတော့ နိစ္စပဲထင်နေတာ။ ရုပ်ကိုယ်ကြီးဟာ အနိစ္စဆိုရင် နိစ္စမြဲတယ်။ သူက ငြင်းချက်ထုတ်နေတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ကို သူကအမေမွေးလာကတည်းက မြဲတည်ဖြစ်လာခဲ့တာ။

http://www.dhammadownload.com

အခုမှမမြဘူးလို့ငြင်းလို့ သူက လက်မခံဘူး။ ပကတိစိတ်တရားတွေ အစကတည်းက ငယ်ငယ်ကတည်းက မွေးကတည်းက ဒီရုပ်ကြီးဒီကိုယ်ကြီးဟာ ဒီအတိုင်းတည်နေတယ်လို့ အထင်အရှားတွေ့နေပါလျက်နဲ့ အခုမှ စာပေကျမ်းဂန်တွေအရနဲ့ မမြဘူးသွားလုပ်တော့ ပကတိအသိတွေက လက်မခံဘူး။ မြဲတယ် မြဲတယ်ဆိုပြီး မီးနဲ့ထိုးထိုးနေတယ်။ မမြဘူးလို့ ဒီကနှလုံးသွင်းလိုက်၊ မြဲတယ် ဟိုတုန်းကရုပ်လဲ ဒီရုပ်ပဲ အတူတူပဲ ဒီလိုဖြစ်နေတာ။ ဆင်းရဲပဲ နှစ်သက်သာယာစရာမရှိဘူးလို့ နှလုံးသွင်းပြန်ရင်လဲ နှစ်သက်သာယာစရာတွေ ဒီမှာရှိနေတာပဲ။ မလှပ မတင့်တယ်ဘူးလို့ ဆိုရင်လဲ လှပတင့်တယ်တယ်လို့ ထင်နေတာပဲ။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားပဲဆိုရင် ဟိုငယ်ငယ်ကတည်းက ဒီကိုယ်ကြီးတစ်ကိုယ်ထဲ ငါတစ်ယောက်တည်း ဖြစ်နေတာ။ အသက်ရှင်နေတဲ့ ငါကောင် သတ္တဝါကောင်ဟုတ်နေတာလို့ ဆိုပြီး ပကတိစိတ်တွေက မီးနဲ့ရှို့နေတယ်။ မလွယ်ဘူး။ အနိစ္စ, ဒုက္ခ, အနတ္တလို့ ဒီရုပ်ကိုယ်ကြီးကိုရှုဖို့ရာ မလွယ်ပါဘူး။ လွယ်တဲ့ဥစ္စာမဟုတ်ဘူး။ အမျိုးမျိုးနဲ့ ဆင်ခြင်ပြီးတော့ရှုရင် အတော်အတန်တော့ ထင်ချင်ထင်တတ်တာပေါ့လေ။ ဉာဏ်များတဲ့ပုဂ္ဂိုလ် အမှုန့်ကြိတ်ခြေကြည့် ဘာလုပ်ကြည့်၊ ဒါပေမယ်လို့ သူက ကြိတ်ခြေကြည့်လို့ မသာယာတာကိုး။ မကြိတ်ခြေဘဲနဲ့ဆိုရင် ဒီရုပ်ကြီးကရှိနေတာ။

ရုပ်ကြွမ်း ရုပ်နုဝါဒ

ပြီးတော့လဲ ရုပ်ဆိုတာက ရုပ်ကြွမ်းလဲရှိတယ်။ ရုပ်နုလဲ ရှိတယ်တဲ့။ တချို့က ဒီလိုဝါဒစွဲလမ်းတာရှိတယ်။ ရုပ်ကြွမ်းကြီးက သေတဲ့အခါပျက်သွားပေမယ့် ရုပ်အနုက အတွင်းကကိုယ်ကတော့မပျောက်ဘူးတဲ့။ ဟိုဘဝရွှေ့သွားတယ်။ အတ္တကောင်ကလေး အသက်ကထွက်သွားတယ်ဆိုတာက ရှိသေးတာကိုး။ အိန္ဒိယမှာ ကျမ်းတွေက သေသေချာချာရေးထားတယ်။ ကိုယ် ၂ ကိုယ်ရှိတာတဲ့။ သြဠာရိက ရုပ်ကိုယ်နဲ့ သုခုမရုပ်ကိုယ် ၂-ခုရှိတယ်။ ရုပ်ကြွမ်းနဲ့ ရုပ်နုနှစ်ခုရှိတာတဲ့။ အကြွမ်းကိုယ်တစ်ခု၊ အနုကိုယ်တစ်ခု၊ ၂-ခုရှိတာတဲ့။ အသေအချာရေးထားတယ်။ သေတဲ့အခါကာလကျတော့ ရုပ်ကြွမ်းကြီးက ပျက်သွားတာတဲ့။ ရုပ်နုကိုယ်က မပျက်ဘူးတဲ့။ သူက ထွက်သွားတယ်တဲ့။ ဘာနဲ့တူသလဲဆိုရင် သစ်ပင်တစ်ပင်ကလဲသွားရင် ဒီသစ်ပင်

http://www.dhammadownload.com

မှာ နားနေတဲ့ဌက်က ဟိုသစ်ပင်ရွှေ့နားသွားတာပဲတဲ့။ သစ်ပင်ကသာ ပျက်သွားတာ။ ဌက်ကတော့ မပျက်ပဲ ရွှေ့သွားတာကိုး။ ဒီလိုယူထားတာကိုး။ ဥပမာနဲ့ အဲဒီလို စွဲလမ်းနေတာရှိပါတယ်။

ပြီးတော့ ဒီရုပ်ကိုယ်ကြီးမမြဘူးလို့ နှလုံးသွင်းဖို့ရာဟာ ကိုယ်ပိုင်ကိုယ်တိုင်တွေနဲ့ ကိုယ့်ဟာကိုယ်နှစ်ခြိုက်ပြီး သဘောကျဖို့ရာမလွယ်ပါဘူး။ မြတ်စွာဘုရားပေးတဲ့နည်းအတိုင်း ကျကျနနအားထုတ်မှဖြစ်တာ။ စိတ်ကူးစဉ်းစားကြံစည်ရုံနဲ့ တချို့က လွယ်လွယ်ဖြစ်တယ်လို့ ပြောဟောနေကြတာ။ အဲဒါက သူတို့စိတ်ကူးနဲ့ ပြောနေတာ။ တကယ်ဖြစ်တာမဟုတ်ဘူး။ ကိုယ်လဲမဖြစ်ဘူး။ သူများသာပြောနေတာ။ ဖြစ်တိုင်းဖြစ်တိုင်းကို လိုက်ရှုနေမှ၊ မြင်တိုင်းကြားတိုင်း ဒွါရ ၆-ပါးက ပေါ်တိုင်းပေါ်တိုင်း အခိုက်အတန့်ကလေး ဖြစ်လိုက်ရှုလိုက်၊ ဖြစ်လိုက်ရှုလိုက် ဒီလိုရှုနေမှ ဖြစ်ပြီးပျောက်သွားတာကလေးကို တွေ့ရတာကိုး။ ပေါ်လာတဲ့အတိုင်းကလေး ရိပ်ကနဲပျောက် မှတ်တဲ့စိတ်ကလေးလဲ ပေါ်ပြီးပျောက်သွား၊ အဲဒီလိုတွေ့တော့မှ မမြဲတဲ့သဘောတွေ တွေ့ရတယ်။

သတိပဋ္ဌာန်နည်းနဲ့ကြည့်

အဲဒီတော့ အဲဒီမမြဲတဲ့သဘောတွေသိရအောင်ဟာ ဘယ်နယ်လုပ်ရမတုန်းလို့ မြတ်စွာဘုရားက လက်နက်ကောင်းတွေ ပေးထားတယ်။ ပကတိ မျက်စိနဲ့မမြင်နိုင်တဲ့ အရာဝတ္ထုတို့ကြည့်ရအောင် မှန်ဘီလူးနဲ့မှန်ပြောင်းနဲ့ ကြည့်လိုက်လို့ရှိရင် မြင်ရ သလိုပဲ။ ပကတိအသိဉာဏ်နဲ့ မသိနိုင်တာတွေကို ဝိပဿနာဉာဏ်နဲ့သိအောင် မြတ်စွာဘုရားက ပေးထားတယ်။ သတိပဋ္ဌာန်နည်းနဲ့။

ဝိရိယ လက်နက်ဆောင်

အာတာပီ သမ္မဇာနော သတိမာ။

အာတာပီ၊ သမ္မပ္ပဓာန်လုံ့လဝိရိယနှင့်ပြည့်စုံသည်ဖြစ်၍၊ **အာတာပီ**၊ ကိလေသာတွေကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေတတ်သော သမ္မပ္ပဓာန်လုံ့လဝိရိယနှင့် ပြည့်စုံသည်ဖြစ်၍။

http://www.dhammadownload.com

အဲဒီသမ္မပ္ပဓာန်ဝီရိယ လက်နက်ကလေးလဲ ဆောင်ထားပါတဲ့။ ကိလေသာတွေကို ပူလောင်သွေ့ခြောက်တယ်။ ပူစေတတ်တယ်တဲ့။ ကိလေသာတွေကို အပူတိုက်တတ်တယ်။ ကိလေသာတွေက အစိုသဘော နှလုံးသွင်း၊ ပြီးတော့ ဒီဒေသနာကဟောထားတယ်။ နေပူလိုက်လို့ရှိရင် အပူဓာတ်တွေက ခြောက်သွားတာလို မီးကင်လိုက်လို့ရှိရင် အစိုဓာတ်တွေခြောက်သွားသလိုပဲ။ အခုအဝတ်တွေများလျှော်ထားလို့နေပူလှမ်းလိုက်ရင် ခြောက်သွားတာလို၊ ဒါမှမဟုတ်ရင်လဲ မီးပူနဲ့တိုက်လိုက်ရင် ခြောက်သွားတာလို အဲဒီလိုအပူဓာတ်နဲ့ တိုက်လိုက်တဲ့အခါမှာ အစိုဓာတ်တွေ ခြောက်သွေ့သွားသလိုပဲ။ ကိလေသာဓာတ် အစိုဓာတ်တွေကို **သမ္မပ္ပဓာန်** လုံ့လဝီရိယက ပူလောင်ခြောက်သွေ့စေတတ်တယ်တဲ့။

သမ္မပ္ပဓာန်လုံ့လက အခုနကပြောသလို ဖြစ်တိုင်းဖြစ်တိုင်းတွေကိုသာ ရှုနိုင်အောင် ကြောင့်ကြစိုက်ပြီးတော့ ပေးနေပါတဲ့။ ကြောင့်ကြစိုက်ပြီးတော့ ရှုနေလို့ရှိရင် မဖြစ်သေးတဲ့ အကုသိုလ်တွေလဲ ဖြစ်ခွင့်မရဘူး။ ရှေးကဖြစ်ဖူးတဲ့ အကုသိုလ်တွေလဲ ဖြစ်ခွင့်မရတော့ ခြောက်သွေ့ကုန်တာပေါ့။ မြင်ရာကလဲ ဖြစ်ခွင့်မရ၊ ကြားရာကလဲ ဖြစ်ခွင့်မရ၊ နံရာ, စားရာ, တွေ့ထိရာ, ဘယ်ကမှ ဖြစ်ခွင့်မရဘူး။ "မမြင်ရရာ၊ ကိလေသာ၊ သူဟာသူငြိမ်းသည်" မမြင်တာက သူဟာသူငြိမ်းတာ၊ အားထုတ်လို့မဟုတ်ဘူး။ "မြင်ရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်" မြင်လို့ရှိရင် ကိလေသာဖြစ်မယ်။ ဒီတော့ ရှုလိုက်ပါတဲ့။ ကြားရာမှာလဲ ကိလေသာဖြစ်နိုင်တယ်တဲ့။ ရှုလိုက်ပါတဲ့။ နံရာ, စားရာ, တွေ့ထိရာတွေမှာမရှုရင် ကိလေသာဖြစ်နိုင်တယ်တဲ့။ ရှုလိုက်ပါတဲ့။ စိတ်ကူးစဉ်းစား ကြံစည်ရာမှာလဲ ကိလေသာဖြစ်နိုင်တယ်။ ရှုလိုက်ပါတဲ့။ ဒွါရ ၆-ပါးက အာရုံ ၆-ပါးရလာပြီဆိုတော့ အဲဒီအတိုင်း နောက်ကလိုက်ပြီးတော့ ရှုပါတဲ့။

သတိနှင့်ဉာဏ်

အမှတ်သတိကလေး, ဉာဏ်ကလေးထည့်ပေးပါတဲ့။ ဘာနဲ့တူသလဲဆိုရင် အခု အစာကြွေဆေးလေးများစားတာနဲ့တူတယ်။ နေ့မကောင်းလို့ နာလန်ထခါစ ပုဂ္ဂိုလ်တွေ၊ သိပ်မကျန်းမာသေးဘူး၊ အစားကောင်းကလဲ စားချင်တယ်။ အစား

http://www.dhammadownload.com

ကောင်းကောင်းမစားရတော့ အစာအိမ်က အစာတောင်းတယ်။ တောင်းတယ်ဆို တာ စားချင်တာ၊ တောင်းတာတွေကလဲ လူမမာနဲ့မတည့်တာတွေ၊ အဲဒါကို စားချင်လွန်းမကစားချင်တော့ ဆရာကတော့ စားတော့ဆိုပြီး ကျွေးလိုက်တယ်။ ကျွေးပြီးတော့ ဆေးကလေးကျွေးတယ်။ အစာကြေတဲ့ ဆေးကလေးကျွေးတယ်။ အစာကြေတဲ့ဆေးကလေး ကျွေးလိုက်တော့ သူမှာဘာမှမဖြစ်ဘူး။ အစာကြေတဲ့ ဆေးသာမကျွေးရင် အဲဒီအစာတွေကမကြေဘဲဖြစ်ပြီးတော့ တော်တော်ကြာရင် ရောဂါဝေဒနာတွေ ပြန်တက်လာမှာ။ ရောဂါမတက်ရအောင်ဟာ အစာကြေဆေး လေး စားလိုက်တယ်။ ဟန်ကျသားပဲ။ မြန်မာဆေးတွေ၊ နန်းတွင်းလျှာပွတ်ဆေးတို့ ဆိုတာရှိတယ်။

အဲဒါလိုပဲ အခုမြင်တိုင်းကြားတိုင်း နောက်ကလိုက်ပြီး သတိ, သမာဓိ, ဉာဏ် ကလေးထည့်ပေးပါတဲ့။ အရေးကြီးတာကတော့ သတိနဲ့ဉာဏ်ကလေး ထည့်ပေးပါ တဲ့။ အစာကြေဆေးတွေ ခြေလိုက်တာကိုး။ အစာတွေကို ခြေချလိုက်တယ်။ တစ်ခါတည်း ရောဂါတွေမဝင်ရအောင်လို့ အဲဒီလိုထည့်ပေးဖို့ရာက **သမ္မပ္ပဓာန်**လုံ့လ ကလေးက ကြောင့်ကြစိုက်မှ၊ ကြောင့်ကြမစိုက်ဘဲနဲ့ သူကအိပ်နေလို့ရှိရင် အလုပ် မလုပ်ဘဲနေရင် မှတ်မိမှာမဟုတ်ဘူး။ အသိမဖြစ်ဘူး၊ **သမ္မပ္ပဓာန်**လုံ့ကလေးက ကြောင့်ကြစိုက်ပြီးတော့ အလုပ်လုပ်နေမှ၊ လုပ်ရတယ်။ မြင်တာမှတ်မိအောင်အား ထုတ်ပေး၊ ကြောင့်ကြစိုက်ပေး၊ ကြားတာမှတ်မိအောင်၊ နံတာ, စားတာ, တွေ့ထိတာ, သူဟာ တစ်ကြိမ်တစ်ခါမဟုတ်တော့ တော်တော်တော့ တာဝန်လေးတာ။ မြင်တိုင်း, ကြားတိုင်း, တစ်နေ့လုံးလျှောက်ပြီးတော့ ရှုနေရတာကိုး။ နားရတယ်မှမရှိဘဲ။ အဲဒီ **သမ္မပ္ပဓာန်ဝီရိယ**က မပျင်းမရိမတွန့်မဆုတ်ဘဲနဲ့ ကြောင့်ကြစိုက်ပြီးတော့ ပေးနေမှ ဖြစ်မယ်။ အဲဒီလို ကြောင့်ကြစိုက်ပေးနေရင် မြင်တိုင်း, ကြားတိုင်း, ဒွါရ ၆-ပါးက ရှုမှတ်မိပြီးတော့ ကိလေသာတွေမဖြစ်ရဘူး။ အဲဒါဘာတုန်းဆိုတော့ -

အာတာပီ၊ ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေတတ်သော **သမ္မပ္ပဓာန်** လုံ့လဝီရိယရှိသည်ဖြစ်၍။ ကိလေသာတွေကို ပူလောင်ခြောက်သွေ့ စေတတ်၊ ကင်းပျောက်စေတတ်တဲ့ **သမ္မပ္ပဓာန်**လုံ့လနဲ့ ပြည့်စုံရမယ်တဲ့။ အင်မတန်

http://www.dhammadownload.com

ကောင်းတယ်။ ဒီနည်းကလေး ပေးထားတာ၊ အဲဒီလိုလုပ်တဲ့ လုံ့လဝီရိယနဲ့မှတ်မိ အောင် ကြောင့်ကြစိုက်ပေးနေရမယ်တဲ့။ တစ်မှတ်ပြီးတာနဲ့ အေးမနေနဲ့တဲ့။ တော် လောက်ပါပြီဆိုပြီး ရပ်မနေနဲ့တဲ့။ တစ်မှတ်ပြီးတစ်မှတ် တစ်မှတ်ပြီးတစ်မှတ် မြင်တိုင်း, ကြားတိုင်းတွေ အကုန်လုံးရှုမှတ်နေရမယ်။ ဘာမှ မှတ်စရာမရှိရင် ဖောင်းတာပိန်တာတွေ တစ်ခုပြီးတစ်ခုသာမှတ်နေ၊ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်နေပါတဲ့။ မှတ်နေရင် ကိလေသာတွေ ဝင်ခွင့်မရဘဲ ဖြစ်နေပါလိမ့်မယ်တဲ့။ ကိလေသာကို ပူလောင် သွေ့ခြောက် ကင်းပျောက်စေနိုင်သော **သမ္မပ္ပဓာန်** လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ ကင်းသွားလို့ရှိရင် ဘာဖြစ်မလဲဆိုတော့၊ သတိမှာ အမှတ်ရသည်ဖြစ်၍ သတိရ တော့မှာပေါ့၊ ကြောင့်ကြစိုက်ပေးနေရင် အမှတ်ရတယ်။ ကြောင့်ကြမစိုက်ရင် အမှတ်မရဘူး။ သတိကအမှတ်ရပြီဆိုရင် မှတ်မိတဲ့အတိုင်း ဘာဖြစ်မလဲဆိုရင် -

"သမ္မဇာနော၊ မှန်စွာသိသည်ဖြစ်၍" **သမ္မဇာနော**ဆိုတာ မှန်စွာကောင်းစွာ မှန်စွာအပြားအားဖြင့်သိတယ်။ မှန်စွာသိပြီတဲ့၊ ရုပ်တရား, ရုပ်တရား သဘော အတိုင်း၊ နာမ်တရား, နာမ်တရား သဘောအတိုင်း၊ ဖြစ်ရင်ဖြစ်တဲ့အတိုင်း၊ ပျက်ရင် ပျက်တဲ့အတိုင်း၊ မမြဲရင် မမြဲတဲ့အတိုင်း၊ အမှန်အတိုင်း သိပါလိမ့်မယ်။ ရုပ်အမူအရာ တွေ၊ ကွေးရင်ကွေးတယ်၊ ကွေးတယ်ဆိုတော့ ကွေးတဲ့ရုပ်ကလေးတွေ၊ တောင့်တဲ့ သဘော၊ တင်းတဲ့သဘော၊ လှုပ်ရှားတဲ့ သဘောလေးတွေကို ကွေးတယ်လို့ မှတ်ရင်း မှတ်ရင်း သူကထင်ရှားသိတယ်။ တစ်ရွေ့ကတစ်ရွေ့ မရောက်ဘဲနဲ့ ဖြစ်ပြီးပျောက် သွား၊ ဖြစ်ပြီးပျောက်သွားတာတွေကို ထင်ရှားသိရတယ်။ ရှုမှတ်တဲ့ စိတ်ကလေး တွေလဲ သိပြီးပျောက် သိပြီးပျောက်နဲ့ပဲသိရတယ်။

အဲဒါ **သမ္မဇာနော** မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍တဲ့။ ကိုယ်တိုင်မှန်စွာ အပြားအားဖြင့်သိတယ်တဲ့။ အဲဒီလက်နက်ကလေးတွေ ထည့်ပေးထားပါတယ်။

ကာယာနုပဿနာ

ဒါနဲ့လုပ်လို့ရှိရင် -

ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ **ကာယေ၊** မမြဲ, ဆင်းရဲ အစိုးလည်းမရ, မလှပ မတင့်တယ်သော ရုပ်အပေါင်းကိုယ်၌။ **ကာယာနုပဿီ၊** မမြဲ, ဆင်းရဲ အစိုးလဲ မရ, မလှပ မတင့်တယ်သော ရုပ်အပေါင်းဟု ရှုမြင်လျက်။ **ဝိဟရတိ၊** နေနိုင်ပါလိမ့်မည်။

http://www.dhammadownload.com

ရုပ်၌ ရှုရကျိုး

အဲဒီလိုရှုနေရင်တော့ ဘာအကျိုးရမလဲဆိုတော့ -

ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊

လောကေ၊ မရှုမိတဲ့ရုပ်နာမ်အပေါင်း လောကဌ်။ **အဘိဇ္ဈာ ဒေါမနဿံ**၊ မရှုမိလျှင်ဖြစ်နိုင်သော အဘိဇ္ဈာနှင့်ဒေါမနဿကို။ **ဝါ**၊ လောဘနှင့် ဒေါသကို။ **ဝိနေယျ**၊ ပယ်ဖျောက်၍။ **ဝိဟရတိ**၊ နေနိုင်၏။

မရှုမိရင် မရှုမိတဲ့အာရုံမှာ လောဘ, ဒေါသဖြစ်ပါလိမ့်မယ်။ မြင်ရတဲ့အာရုံကို မရှုမိရင် အဲဒီအာရုံဟာ နှစ်သက်စရာကောင်းရင် လောဘဖြစ်လိမ့်မယ်။ မုန်းစရာကောင်းရင် ဒေါသဖြစ်လိမ့်မယ်။ ကြားရတဲ့အာရုံလဲကို့အတူပဲ။ နံရတဲ့ အာရုံ, စားရတဲ့အာရုံ, တွေ့ထိရတဲ့ အာရုံတွေလဲ အတူတူပဲ။ နှစ်သက်စရာ ကောင်းတဲ့အာရုံတွေဆိုရင် လောဘဖြစ်တယ်။ မုန်းစရာကောင်းတဲ့ အာရုံနဲ့တွေ့ရင် ဒေါသဖြစ်မယ်။ အဲဒီလိုမဖြစ်ရအောင် ဒီက **သမ္မပ္ပဓာန်ဝီရိယ**နဲ့ ကြောင့်ကြစိုက်ပေးလို့ အမှတ်ရသွားတာကိုး။

မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင် ပိန်တယ်, ကွေးတယ်, ဆန့်တယ်, ထိုင်တယ်, ထတယ်, အကုန်လုံးအမှတ်ရနေတယ်။ အမှတ်ရတော့ အဲဒီအာရုံကို အမှန်အတိုင်းသိသွားတယ်တဲ့။ ရုပ်သဘောလေးတွေ အမှန်အတိုင်းသိတယ်။ အမှန်အတိုင်းသိတော့ နှစ်သက်စရာအာရုံရယ်လို့လဲ သူစိတ်ထဲမှာ စွဲမထားဘူး။ မုန်းစရာရယ်လို့လဲ စွဲမထားဘူး။ ကိလေသာမဖြစ်ဘူး။ **အဘိဇ္ဈာ, ဒေါမနဿ, လောဘ, ဒေါသ**တွေ ငြိမ်းတယ်တဲ့။ အဲဒီလို အားထုတ်ပါတဲ့။ ပေါ်လာသမျှ ရုပ်အမူအရာဟူသမျှကို အမှန်အတိုင်းရှုမြင်ရမည်။ ဆိုရမယ်-

ဖြစ်ပေါ်လာသော ရုပ်အမူအရာဟူသမျှကို အမှန်အတိုင်းရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်။ ဒီလိုသာလျှင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်။ ကိလေသာငြိမ်းအောင် ဒီလို မှတ်သိနေတာကို **တာယာနုပဿနာ သတိပဋ္ဌာန်**ဟုခေါ်သည်။ အဲဒါ သမ္မာသတိမဂ္ဂင်ပဲ။

http://www.dhammadownload.com

ဝေဒနာနုပဿနာ

ထို့အတူ ဝေဒနာနုပဿနာလဲပဲ ဒီအတိုင်းပဲ။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဝေဒနာသု၊ ဝေဒနာဟူသမျှတို့၌။ **ဝေဒနာနုပဿီ**၊ ဝေဒနာဟု ရှုသည် ဖြစ်၍။ **ဝိဟရတိ**၊ နေ၏။

ဝေဒနာကလဲ ဘယ်လိုသဘောရှိတုန်း။ အနိစ္စ, ဒုက္ခ, အနတ္တသဘောပဲ။ ခံစားမှုဝေဒနာတွေ အနိစ္စ၊ မမြဲတာပဲ။ ဒုက္ခ၊ ဆင်းရဲချည်းထဲပဲ။ အခံခက်တဲ့ဆင်းရဲလဲ ပါတယ်။ ဒီကတော့ အခံခက်တဲ့ ဆင်းရဲမဟုတ်ဘဲနဲ့ ကောင်းတာလဲပါတယ်။ ကောင်းတာတွေကလဲ **ဝိပရိဏာမဒုက္ခ**တွေ ဖောက်ပြန်ပြောင်းလဲပြီးသွားရင် သူ မရှိတော့ ဒုက္ခရောက်တယ်။ အလယ်အလတ် **ဥပေက္ခာ**ဆိုတာလဲ ပါတယ်။ အဲဒါကလဲ သူဖြစ်ပျက်နေလို့ သူလဲ **သင်္ခါရ**ပါပဲတဲ့။

ဒုက္ခ ၃-မျိုး

ဒုက္ခ ၃-မျိုးရှိတယ်။ **အခံခက်တဲ့ ဒုက္ခဝေဒနာက ဒုက္ခဒုက္ခ**တဲ့။ သူက အခံ ခက်တဲ့သဘောရှိလို့ သူ့ကိုဒုက္ခလို့ဆိုတယ်။ သူနာမည်ကလဲ ဒုက္ခပဲ။ ဒုက္ခဆိုတဲ့ နာမည်လဲ သူဝေါဟာရရှိတယ်။ သူကအခံလဲ ခက်တယ်။ ၂-မျိုးရှိတယ်။ ၂-မျိုးလုံး ဒုက္ခပဲ။ ဒုက္ခအစစ်လို့ ဆိုလိုပါတယ်။ အခံခက်တဲ့ဝေဒနာက ဒုက္ခဒုက္ခ၊ အခံခက်တဲ့ ဆင်းရဲက ဒုက္ခဒုက္ခ၊ ဒီလိုမှဖြစ်မယ်။

ကောင်းတဲ့ချမ်းသာက **ဝိပရိဏာမဒုက္ခ**၊ ကောင်းတယ်လို့ဆိုရတဲ့ မြင်လို့ ကောင်း, ကြားလို့ကောင်း, နံလို့ကောင်း, စားလို့ကောင်း, တွေ့လို့ကောင်း, ကောင်း တယ် ဆိုတာတွေက **သုခဝေဒနာ**တွေခေါ်တယ်။ ချမ်းသာတယ်။ ကောင်းတဲ့ ချမ်းသာက **ဝိပရိဏာမဒုက္ခ**တဲ့။ သူပြောင်းလဲသွားတဲ့အခါ သူမရှိတဲ့အခါ မနေတတ် မထိုင်တတ် ဖြစ်တယ်။

အလယ်အလတ်ဥပေက္ခာက အလယ်အလတ် မဆိုးမကောင်းပေါ့လေ။ အလယ်အလတ်ဥပေက္ခာက **သင်္ခါရဒုက္ခ**၊ အဲဒါကတော့ မထင်ရှားဘူး။ အလယ် အလတ် ဥပေက္ခာကတော့ မထင်ရှားဘူး။ ဒီပြင်ဟာတွေကတော့ ထင်ရှားတယ်။

http://www.dhammadownload.com

သူကတော့ မြင်တာကြားတာ သာမညပဲထင်ရှားတယ်။ အဲဒါလေးတွေဟာ မမြဲဘူးတဲ့။ ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားတယ်တဲ့။ ဒါကြောင့် သခါရဒုက္ခတဲ့။ အဲဒီဒုက္ခကတော့ မလွယ်ဘူးတဲ့။ ဘယ်ဝေဒနာပဲဖြစ်ဖြစ် မခံသာတဲ့ဒုက္ခဝေဒနာဆင်းရဲဆိုလို့ ရှိရင် ဒုက္ခဒုက္ခပဲတဲ့။ ဒါကတော့ ဒုက္ခအစစ်ပဲ။ မြင်လို့ကြားလို့ကောင်းတဲ့ သုခဝေဒနာဆိုတာကလဲပဲ သူက ဝိပရိဏာမဒုက္ခတဲ့။ ပြောင်းလွဲဖောက်ပြန်ပြီး ဆင်းရဲဖြစ်တယ်။ ပြီးတော့ မဆိုးမကောင်း အလယ်အလတ် ဥပေက္ခာဝေဒနာဆိုတာရှိတယ်။ အဲဒါကလဲပဲ ဖြစ်ပြီးပျောက်သွားလို့ သခါရဒုက္ခပဲတဲ့။ မမြဲဘူးတဲ့။ ဖြစ်ပြီးပျောက်လို့ သခါရဒုက္ခ၊ အဲဒီဒုက္ခ ၃-မျိုးတစ်ခုခုနဲ့ ထင်မြင်နေတယ်လို့ ဆိုလိုပါတယ်။ ဆိုရမယ် -

"အဓံခက်တဲ့ ဆင်းရဲတ၊ ဒုက္ခ ဒုက္ခ၊
ကောင်းတဲ့ ချမ်းသာတ၊ ဝိပရိဏာမဒုက္ခ၊"
မကောင်းမဆိုး အလယ်အလတ် ဥပေက္ခာဝေဒနာတ သခါရဒုက္ခ၊

ဒီတော့ ဒီဒုက္ခ ၃-မျိုး တစ်ခုခုတော့ ထင်ရမှာပေါ့လေ။ မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးကရှုပြီးတော့နေတဲ့အခါ မကောင်းတာတွေ မြင်ရကြားရ တွေ့ရတဲ့အခါမှာ ကိုယ်ထဲစိတ်ထဲမခံသာဖြစ်လာတယ်။ ဒါကတော့ ထင်ရှားတယ်။ လူတိုင်းပဲ သိတယ်။ မကောင်းဘူးလို့ ဆင်းရဲကထင်ရှားတယ်။

မြင်လို့ ကြားလို့ ကောင်းတာလေးတွေကျတော့လဲပဲ သူတို့ဖြစ်နေတုန်းတော့ အတော်သားပဲ။ သူတို့မရှိတဲ့အခါကျရင် မနေတတ်၊ မထိုင်တတ်ဖြစ်တတ်တယ်။ ဒါကြောင့် ဝိပရိဏာမဒုက္ခလို့ခေါ်တယ်။ ပြောင်းလဲဖောက်ပြန်တဲ့အခါမှာ ဆင်းရဲတယ်တဲ့။ ပြုစားသွားသလိုပဲ။ ချမ်းချမ်းသာသာနေရတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းချမ်းသာသာ မနေရတဲ့အခါကျတော့ သူက မနေတတ်မထိုင်တတ်ဖြစ်တယ်။ ဥပမာအားဖြင့် ဆိုပါတော့ ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်နဲ့ အတူတကွနေနေရတယ်။ ၂-ယောက်ဖြစ်စေ၊ ၃-ယောက်ဖြစ်စေ၊ ၄-ယောက်ဖြစ်စေ၊ အများဖြစ်စေပေါ့။ အဲဒီ အပေါင်းအဖော်တွေနဲ့ ပျော်လို့ကောင်းသားပဲ။ အချင်းချင်းတွေ့ဆုံစကားပြော အကုန်လုံးညီညွတ်ပြီးတော့နေတော့ ချမ်းသာလို့ကောင်းသား၊ နောက်အကြောင်း မသင့်လို့

http://www.dhammadownload.com

တစ်ဦးနဲ့တစ်ဦး ခွဲရတော့မယ်ဆိုရင် ဒုက္ခရောက်တယ်။ များများကြီးပျော်ခဲ့လေ များများကြီး မခွဲချင်လေလေပဲ။ ခွဲရရင် သိပ်ဒုက္ခရောက်တယ်။ အဲဒီမှာ ပုံမတော်လို့ ရှိရင်ဖြင့် ရူးချင်ရူးတတ်တယ်။ သေလဲ သေတတ်တယ်။ မခွဲချင်တာတွေနဲ့ ခွဲရတဲ့ အတွက် ဒုက္ခဖြစ်တတ်တယ်။ ပစ္စည်းဥစ္စာတွေနဲ့ ပေါများချမ်းသာပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဆိုရင်လဲ ချမ်းချမ်းသာသာနဲ့နေခဲ့ရတော့ ပစ္စည်းဥစ္စာတွေဟာ ရုတ်တရက် မီးလောင်လို့ဖြစ်စေ၊ သူခိုးခိုးလို့ဖြစ်စေ၊ ဓားပြတိုက်လို့ဖြစ်စေ၊ ရန်သူမျိုးငါးပါး တစ်နည်းနည်းနဲ့ ပျက်စီးသွားပြီဆိုရင် အဲဒါလဲ တရားအခံမရှိရင် ဒုက္ခ ရောက်တတ်တယ်။ ပုံမတော်ရင်သေတောင် သေတတ်တယ်၊ ရူးတတ်တယ်၊ ဒုက္ခတွေ ဖြစ်တတ်တယ်။ ဒါကြောင့် ကောင်းတဲ့ချမ်းသာက ဝိပရိဏာမဒုက္ခတဲ့။ သူမရှိတဲ့အခါကျ တော့ ဒုက္ခပေးသွားတယ်တဲ့။

အလယ်အလတ် မကောင်းမဆိုး အလယ်အလတ် ဥပေက္ခာဝေဒနာဆိုတာ ရှိတယ်။ သူကတော့ မထင်ရှားပါဘူး။ ဒါပေမယ်လို့ သူလဲမမြဲဘူးတဲ့။ ဖြစ်ပြီးပျောက် နေတာပဲတဲ့။ မြင်ပြီးပျောက်၊ ကြားပြီးပျောက်၊ ခဏမစဲ ပျောက်နေတာပဲတဲ့။ သခ်ါရဒုက္ခ၊ အဲဒီ ၃-မျိုး တစ်ခုခုထင်ရမယ်လို့ ဆိုတယ်။

'**ဝေဒနာသု**၊ ဝေဒနာတို့၌။ **ဝါ-ဝေဒနာသု**၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောရှိသော ဝေဒနာတို့၌။ **ဝေဒနာနုပဿီ**၊ မမြဲဆင်းရဲ အစိုးလည်းမရ အနတ္တသဘော ရှိသော ဝေဒနာဟုရှုမြင်သည်ဖြစ်၍။ **ဝိဟရတိ**၊ နေ၏။'

အနိစ္စ, ဒုက္ခ, အနတ္တ ရှုပြီးတော့ သိရမယ်တဲ့။ ဝေဒနာကလေးတွေဖြစ်တဲ့ အခါ ရှုပြီးတော့သိရမယ်။ ခုနက **အာတာပီ သမ္ပဇာနော သတိမာ**-ဆိုတာတွေက တော့ တူနေပါပြီ။

စိတ္တာနုပဿနာ

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊

စိတ္တေ၊ စိတ်၌။ **ဝါ-စိတ္တေ**၊ မမြဲဆင်းရဲ အစိုးလဲမရ အနတ္တသဘောရှိသော စိတ်တရား၌။ **စိတ္တာနုပဿီ**၊ မမြဲဆင်းရဲ အစိုးလဲမရ အနတ္တသဘောမျှဟု ရှုမြင် သည်ဖြစ်၍။ **ဝိဟရတိ**၊ နေ၏။

http://www.dhammadownload.com

စိတ်လဲပဲ အနိစ္စ, ဒုက္ခ, အနတ္တ မြင်အောင် ရှုပါတဲ့။ စိတ်ကူးကလေးတွေများ ဖောင်းတယ် ပိန်တယ်မှတ်နေတဲ့အခါ စိတ်ကူးလေး တစ်ချက်ထွက်သွားလိုက်၊ နှစ်သက်သာယာပြီး ထွက်သွားတာရှိတယ်၊ စိတ်ဆိုးစိတ်ညစ်ပြီး ထွက်သွားတာရှိတယ်။ ဘယ်လိုထွက်ထွက်ပေါ့လေ။ ဖြစ်တဲ့စိတ်ကလေး လိုက်မှတ်လိုက်၊ ပျောက်သွားပြီမရှိဘူး။ ထို့အတူ မြင်တဲ့, ကြားတဲ့စိတ်တွေလဲ ရှိတာပဲ။ ဒါတွေလဲ ဖြစ်ပြီး ပျောက်သွားတာပဲ။ အဲဒီစိတ်ကလေးတွေ ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးတော့ ရှုနေရင် ဖြစ်ပြီးပျောက်သွားတာ။ ဒါကတော့ အင်မတန်ရှားပါတယ်။ မရှုရင်တော့ မထင်ရှားဘူး။ စိတ်ကူးက ဒီတိုင်းဆင်ခြင်လို့တော့ ခက်ပါတယ်။ ဒီစိတ်ကို မမြဲဘူးလို့ သိဖို့ရာ တော်တော်ခက်တယ်။ အကောင်အထည်လဲ ရှာလို့မရဘူး။ ဒါပေမယ့် အကောင်အထည်ရှိတယ်လို့ပဲထင်တယ်။ စိတ်ကလေးကို ငယ်ငယ်ကတည်းကစပြီး တစ်ယောက်တည်း၊ တစ်စိတ်တည်း၊ တစ်ကိုယ်တည်းဖြစ်နေတယ်။ ဖြစ်တိုင်း ဖြစ်တိုင်းတွေရှုလိုက်တော့ သူဟာသူအရှင်းသားပဲ။ စိတ်ကလေးဖြစ်ပြီးပျောက်လိုက်၊ ဖြစ်ပြီးပျောက်လိုက်၊ မမြဲတဲ့တရားပဲဆိုတာ ထင်ရှားတယ်။ မမြဲဘူး ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲပဲ။ ပုဂ္ဂိုလ်သတ္တဝါကောင်မဟုတ်တဲ့ သဘောတရားမျှပဲဆိုတာ ထင်ရှားနေပါတယ်။

ဝမ္မာနုပဿနာ

ဝမ္မေသု ဝမ္မာနုပဿီ ဝိဟရတိ။

ဝမ္မေသု၊ သဘောတရားတို့၌။ **ဝမ္မာနုပဿီ**၊ သဘောတရားမျှဟု ရှုသည်ဖြစ်၍။ **ဝိဟရတိ**၊ နေ၏။

မြင်မှု, ကြားမှု, အစရှိတဲ့ သာမညသဘောတရားဖြစ်တိုင်းဖြစ်တိုင်း ရှုပြီးတော့ **အနိစ္စ, ဒုက္ခ, အနတ္တ**ထင်ပြီးတော့ နေပါတဲ့။ အဲဒီလို ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။ **သမ္မပ္ပဓာန်ဝီရိယ**နဲ့ ကြောင့်ကြစိုက်ရမယ်။ ကြောင့်ကြစိုက်ပြီးတော့ မပြတ်မှတ်လျက် အမှန်အတိုင်းသိမြင်ရမည်။ မပြတ်မှတ်နေရင်တော့ အမှန်အတိုင်းသိတော့တာပါပဲ။ မသိလို့ကို မဖြစ်ပါဘူး။ အဲဒီလိုသိလို့ရှိရင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်။ မဖြစ်သေးတဲ့ကိလေသာတွေလဲ မဖြစ်ရဘူး။ ဖြစ်ပြီး

http://www.dhammadownload.com

သားတွေလဲ ပယ်ပြီးသားဖြစ်ပြီးတော့ ငြိမ်းသွားတယ်။ အဲဒီလိုရှုရာမှာ အမှတ်ရတဲ့ သတိကလေးပါတယ်။ ဒါကို ပဓာနပြုပြီးဟောထားတယ်။ ဒီအထဲမှာ တရားကိုယ် ကောက်ထုတ်မယ်ဆိုလို့ရှိရင် **သမ္မပ္ပဓာန်ဝီရိယ**လဲ ဒီထဲမှာပါနေတယ်။ ဒါပေမယ့် သူက ဒီမှာလိုရင်းမဟုတ်ဘူး။ နောက်ပြီးတော့ အမှန်အတိုင်းသိတဲ့ဉာဏ်လဲ ဒီအထဲမှာပါနေတယ်။ သူက ဒီမှာလိုရင်းမဟုတ်ဘူး။

သတိမာ၊ အမှတ်ရသည်ဖြစ်၍။ ဒါလေးလိုရင်းပဲ၊ အဲဒီ သတိကလေးပဲ၊ အဲဒီရုပ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့အသိ၊ ဝေဒနာတွေဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ စိတ်တွေဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ သဘောတရားတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ **သတိပဋ္ဌာန် ၄-ပါး**။ အဲဒါဟာ **သမ္မာသတိ**ပဲတဲ့။

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **အယံ**၊ ရှုပ် ဝေဒနာ စိတ်သဘောတရားတို့၌ အမှတ်ရသောသတိကို။ **သမ္မာသတိ**၊ သမ္မာသတိဟူ၍။ ဝါ၊ အမှတ်အတိုင်း အမှတ်ရသောသတိဟူ၍။ **ဝုစ္စတိ**၊ ခေါ်ဆို၏။

ရှုပ်အမူအရာတွေဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ ဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ စိတ်တွေဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ သဘောတရားတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရတဲ့သတိ၊ အဲဒါဟာ **သမ္မာသတိမဂ္ဂင်**တဲ့။

အခု တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ ဒီသမ္မာသတိမဂ္ဂင်တွေ အမြဲပွားနေတယ်။ ဖောင်းတယ်ပိန်တယ်လို့ ကိုယ်အမူအရာတွေ မှတ်တိုင်းမှတ်တိုင်း ကာယာနုပဿနာသတိပေါ့။ ဒါ သမ္မာသတိပဲ။ ကွေးတိုင်း, ဆန့်တိုင်း, ကြံတိုင်း, လှမ်းတိုင်း, ချတိုင်း, ကိုယ်အမူအရာတွေပြုပြင်တိုင်း, အမှတ်ရနေတာ **ကာယာနုပဿနာသတိပဋ္ဌာန်၊ သမ္မာသတိမဂ္ဂင်**ပဲ။

ဝေဒနာ ညောင်းတာ, ပူတာ, နာကျင် ကိုက်ခဲတာတွေ, ဝေဒနာတွေ, ညောင်းတာ, ပူတာ, နာကျင်ကိုက်ခဲတယ်လို့မှတ်တာက **ဝေဒနာနုပဿနာသတိ**

http://www.dhammadownload.com

ပဌာန်၊ ဒါလဲ **သမ္မာသတိမဂ္ဂင်**ပဲ။ အဲဒါ ကိုယ်ထဲကအခံခက်တဲ့ **ဒုက္ခဝေဒနာ**တွေပဲ။ စိတ်ထဲကနေပြီး စိတ်ညစ်, စိတ်ပျက်, စိတ်နှလုံးမသာတွေ မှတ်နေတာလဲပဲ ဒုက္ခဝေဒနာမှတ်လို့ **ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ သမ္မာသတိမဂ္ဂင်**ပဲ။ ပြီးတော့ ကိုယ်ထဲကနေပြီး ကောင်းတာကလေးတွေ, တွေ့ထိတာကလေးတွေရှိတယ်။ ကောင်းတယ်လို့ပဲ ပြောရတယ်။ ကောင်းတယ်လို့ ဒါတစ်ခုပဲရှိတယ်။ တွေ့ထိကောင်းရင် ကောင်းတယ်လို့ပဲပြောရတယ်။ စာအရ ကျမ်းဂန်ဝေါဟာရကတော့ ချမ်းသာတယ်။ သုခပဲတဲ့။ ဒါပေမယ်လို့ အရပ်သုံးကတော့ သုခ၊ ချမ်းသာတယ်လို့ မသုံးဘူး။ ကောင်းတယ်လို့ ပြောတယ်။ စိတ်ထဲမှာလဲပဲ အာရုံကောင်းကလေးတွေနဲ့ တွေ့တဲ့အခါမှာစိတ်ကူးပြီးတော့ စိတ်ချမ်းသာနေတာရှိတယ်။ ဒါကတော့ ချမ်းသာတယ်လို့လဲ ပြောပါတယ်။ စိတ်ထဲမှာ ချမ်းသာနေတယ်၊ ပျော်နေတယ်၊ ဝမ်းသာနေတယ်၊ ဒီလိုပြောကြတယ်။ အဲဒါတွေကိုလဲ ဖြစ်တိုင်းဖြစ်တိုင်းမှတ်ရင် **ဒါဝေဒနာနုပဿနာသတိပဋ္ဌာန်**ပဲ။ နိုးနိုးတန်းတန်း မကောင်းမဆိုး နိုးနိုးတန်းတန်း ဝေဒနာကလေးတွေအမှတ်ရနေတာ။ ဒါလဲ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ သူလဲ **သမ္မာသတိမဂ္ဂင်**ပဲ။ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ၊ **ဗီသတိပဋ္ဌာန်**တွေ ဖြစ်နေတာပဲ။

နောက် စိတ်ကူးတွေဖြစ်ပြန်ပြီး ရာဂနှင့်တကွဖြစ်သောစိတ်၊ ရာဂကင်းသောစိတ်၊ ဒေါသနှင့်တကွသောစိတ်၊ ဒေါသကင်းသောစိတ်၊ စိတ်တွေလဲ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်နေတာကိုး။ ယောဂီပုဂ္ဂိုလ်က မှတ်နေတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်တွေ ဖြစ်နေတယ်။ သူကလဲပဲ **သမ္မာသတိမဂ္ဂင်**ပဲ။

မြင်တိုင်း ကြားတိုင်း ဒွါရ ၆-ပါးက ဖြစ်တိုင်းဖြစ်တိုင်း သဘောတရားသာမညတွေ ရှုရင်း **ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ကာမစ္ဆန္ဒ**ခေါ်တဲ့ နှစ်သက်သာယာမှု ဖြစ်ရင်မှတ်လိုက်၊ **ဗျာပါဒ**ခေါ်တဲ့ ဒေါသဖြစ်ရင်မှတ်လိုက်၊ ဒါက **ဓမ္မာနုပဿနာ သတိပဋ္ဌာန်**၊ သူလဲ **သမ္မာသတိပဲ**။ အဲဒါ **သမ္မာသတိမဂ္ဂင်**။

အဲဒါ မှတ်တိုင်း မှတ်တိုင်းဟာ **ဗီသတိသမာဓိမဂ္ဂင်**တရားတွေ ထူထောင်ပွားများနေတာ။ **မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကြီး**၊ အဂိါအစိတ်အပိုင်းရှစ်ခုထဲက သူတစ်ခုပဲ။ သူတစ်ခုပါတယ်။ သူတစ်ခုဆိုရင်လဲ အကုန်လုံးပါတယ်။ တရားက

http://www.dhammadownload.com

တစ်ခုချင်းတစ်ခုချင်း ထုတ်ပြောနေရတာ။ နားလည်အောင်လို့ ရှုလိုက်တဲ့အခါ သတိဖြစ်တယ်ဆိုရင် **သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ**အစရှိတဲ့တရားတွေ အကုန်လုံးပါတာပါပဲ။ နောက်မှပေါင်းပြောရမယ်။ အခုတော့ တစ်ခုချင်းပြောနေတယ်။ **သမ္မာသတိ** တဲ့။

သမ္မာသမာဓိ

ကထမောစ ဘိက္ခဝေ သမ္မာသမာဓိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **သမ္မာသမာဓိ၊** သမ္မာသမာဓိမဂ္ဂင်သည်။ **ကထမောစ၊** အဘယ်ပါနည်း။

သမ္မာသမာဓိမဂ္ဂင်ဆိုတာဘာလဲဆိုတော့ စျာန် ၄-ပါးနဲ့ ဝေဖန်ပြတယ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပထမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊

ဒီကစပြီး စျာန် ၄-ပါးကို ဝေဖန်တယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ **ဣဓ၊** ဤသာသနာတော်၌။ **ဘိက္ခု၊** ရဟန်းသည်။ **ကာမေဟိ၊** ဝတ္ထုကာမကိလေသကာမတို့မှ။ **ဝိဝိစ္စေဝ+ဝိဝိစ္စ၀ေ၊** ကင်းဆိတ်၍ သာလျှင်။ **အကုသလေဟိဓမ္မေဟိ၊** အကုသိုလ်တရားတို့မှ။ **ဝိဝိစ္စ၀ေ၊** ကင်းဆိတ်၍ သာလျှင်။ **သဝိတက္ကံ၊** ကြံစည်မှု ဝိတက်လည်းရှိသော။ **သဝိစာရံ၊** စဉ်းစားမှု ဆင်ခြင်မှုဝိစာရလည်းဖြစ်သော။ **ဝိဝေကဇံ ပီတိသုခံ၊** နိဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခလည်းရှိသော။ **ပထမံဈာနံ၊** နှေးဦးစွာသော စျာန်ကို။ **ဥပသမ္ပဇ္ဇ၊** ရောက်၍။ **ဝါ၊** ပြည့်စုံစေ၍။ **ဝိဟရတိ၊** နေ၏။

ပထမစျာန် သမာဓိပေါ့။ ဒီလို ဟောတယ်၊ အရှည်ကြီး၊ ဒါလဲ စိတ်စေတသိက်တွေ ပြောမယ်ဆိုရင် အများကြီးပဲ။ စျာန်ရအောင် အားထုတ်တဲ့ပုဂ္ဂိုလ်ကသိုက်းတွေနဲ့ အားထုတ်ရတယ်။ ဒါကတော့ ပထဝီကသိုက်းခေါ်တဲ့မြေပုံလုပ်ပြီးတော့ ပထဝီ ပထဝီ၊ မြေ မြေ၊ ဒီလိုနှလုံးသွင်း နေရတာကိုး။ အဆင်း ကသိုက်းရှုလို့ရှိရင် နီလ, ပီတ, လောဟိတတွေ၊ အညိုတွေ့ရင် ညိုတယ်-ညိုတယ်-ညိုတယ်ဒါပါပဲ။

http://www.dhammadownload.com

နီလဲ-နီလဲ-နီလဲ-အဝါ ကသိုဏ်းဆိုရင် ဝါတယ်-ဝါတယ်-ဝါတယ်၊ ရွှေတယ်-ရွှေတယ်-ရွှေတယ်၊ ပိတ်-ပိတ်-ပိတ်လို့ ဒီလိုနှလုံးသွင်းနေရတယ်။ လောဟိတ၊ အနီ ကသိုဏ်း၊ ညဒါတ၊ အဖြူလဲရှိတယ်။ အဖြူဆိုလဲ စိတ်နဲ့စိုက်ပြီးတော့ ဖြူတယ်-ဖြူတယ်-ဖြူတယ်၊ အဖြူ ကသိုဏ်းပဲ။ ကမ္မဋ္ဌာန်းဆိုတာ သိပ်ထူးထူးဆန်းဆန်းတွေ မဟုတ်ဘူး။ သမာဓိကမ္မဋ္ဌာန်းတွေဟာ စိတ်ငြိမ်းရုံမျှပဲတဲ့။ တစ်ခုတည်းသော အာရုံတည်နေအောင် အားထုတ်တာ။

အဲဒါ အရောင်အဆင်းရှိတဲ့ဟာတွေဟူသမျှ အဲဒီအရောင်အဆင်းကို စိတ်နဲ့စိုက်ရှုလို့ရှိရင် အကုန်လုံး ကသိုဏ်းဖြစ်နိုင်တယ်။ ကိုယ်မှာရှိတဲ့ ဆံပင်ဆိုပါတော့၊ ဆံပင်ကို မည်းတဲ့အရောင်ကိုကြည့်ပြီးတော့ ညိုတယ်, မည်းတယ်, ညိုတယ်-ညိုတယ်-ညိုတယ်။ ဒီလိုနှလုံးသွင်းနေရင် နီလ ကသိုဏ်းဖြစ်တာပဲ။ ဒါက သူကလဲ ရနိုင်တယ်။ ဖြူတာကို တွေ့လို့ရှိရင်လဲပဲ ဥပမာ လက်သည်းခွံတို့ ဖြူနေတာတွေ့ခဲ့လို့ရှိရင် သူ့ကိုလဲ နှလုံးသွင်းပြီးရှုနိုင်တယ်။ သွားဆိုရင်တော့ အင်မတန်ထင်ရှားတာပေါ့။ အဲဒါလဲ ရှုနိုင်တယ်။ သီဟိုဠ်မှာ မဟာတိဿမထေရ်ဆိုတာ ဆွမ်းခံကြွရင်း လမ်းမှာ ဒကာမတစ်ယောက်နဲ့တွေ့တယ်။ ဒကာမတစ်ယောက်က သူက ရဟန်းတွေ့တော့ ရယ်တာကိုး။ ရယ်လိုက်တော့ သွားမြင်တယ်။ သွားမြင်တော့ အဲဒီက နေပြီး သမာဓိရသွားတယ်။ အဲဒါ ၃၂-ကောဌာသ ကမ္မဋ္ဌာန်းလဲ ဖြစ်နိုင်ပါတယ်။ အရောင်အဆင်းနဲ့ဆိုရင်လဲ ညဒါတကမ္မဋ္ဌာန်းဖြစ်နိုင်တယ်၊ ဟိုမှာတော့ ၃၂ ကောဌာသ ကမ္မဋ္ဌာန်းနဲ့ ပြောပါတယ်၊ အရိုးစုကမ္မဋ္ဌာန်းလို့ ပြောပါတယ်။ အဲဒါ အရိုးစုကမ္မဋ္ဌာန်းပဲ။ အရောင်အဆင်းနဲ့ဆိုလို့ရှိရင်လဲ ဒါညဒါတဖြစ်နိုင်ပါတယ်။ အဲဒါကို ဈာန်ရတယ်။ ဈာန်ရပြီးတော့ ချက်ချင်း ဝိပဿနာ တက်ရှုလိုက်တော့ ရဟန္တာဖြစ်သွားတယ်။

ဒီတော့ **သမထသမာဓိတမ္မဋ္ဌာန်း**ဆိုတာ တစ်ခုတည်းသော အာရုံကလေး စိတ်စွဲပြီးတော့နေရင် ဒီပြင်အာရုံကို ဘယ်မှမရောက်ဘူး။ ငြိမ်းနေတယ်။ အဲဒါသူက သမာဓိဖြစ်နေတာပဲ။ အဲဒီလိုနှလုံးသွင်းတော့ ထွက်သက် ဝင်သက်လဲ ရှုနိုင်ပါတယ်။ ဒါလဲ ပြောဦးမှဖြစ်မယ်။ သူ့အတိုင်းတိုင်း ရှိနေတာကိုး။ ထွက်တိုင်း

http://www.dhammadownload.com

ဝင်တိုင်း၊ ဝင်တိုင်း ထွက်တိုင်း၊ ကျမ်းဂန်စကားအရဆိုရင်တော့ ထွက်တယ် ဝင်တယ် ဒီလို ပြောရတယ်။ တရားအားထုတ်တဲ့အချိန်ကျတော့ ဝင်တာ ထွက်တာ ဒီလိုလာတယ်။

အာနာပါန အားထုတ်ပုံ

ဒါကြောင့်မို့ **ပဋိသန္ဓိဇါဓိဂတ် အာနာပါန**အားထုတ်ပုံပြောတော့ ဝင်တာ ထွက်တာပြောတယ်။ သူကတော့ **အဿာသ**ဆိုတော့ ဝင်သက်တဲ့၊ **ပဿာသ**ထွက်သက်တဲ့၊ ဝင်သက်ထွက်သက်၊ သူဟာပြောင်းပြန်ဖြစ်နေတယ်။ လောကီကျမ်းတွေမှာ အားလုံးအဿာသဆိုရင် ထွက်သက်ချည်းထဲပဲ။ ဒါပေမယ်လို့ **ပဋိသန္ဓိဇါဓိဂတ်**ကတော့ ဝင်သက်တဲ့**အဿာသ**ကို၊ **ပဿာသ**က ထွက်သက်တဲ့၊ ပြောင်းပြန်ဖြစ်နေတယ်။ ဒါက လုပ်ငန်းစဉ်မှာတော့ အဲဒီအတိုင်းပဲထင်ရှားတယ်။ တရားအားထုတ်တော့ မယ်ဆိုရင် ဝင်သက်စပြီးနှလုံးသွင်းရတယ်။ ထွက်သက်ကစ နှလုံးသွင်းလို့တော့ မဖြစ်ပါဘူး။ တမင်တကာလုပ်ချင်ပါမှပဲ မဖြစ်ဘူး။ အသက်ရှူသွင်းတဲ့အခါကစပြီး သတိရတာပဲ။ ရှူထုတ်လိုက် ရှူသွင်းလိုက် ဒါမျိုးကိုး။ နှာသီးဖျားကနေပြီး ဗိုက်ထိပြီး တော့ ဝင်လိုက်ထွက်လိုက်၊ ဝင်လိုက်ထွက်လိုက် ဒါနှလုံးသွင်းရတာကိုး။ ဒါ သမထ ကမ္မဋ္ဌာန်း၊ အဲဒီမှာ ဝင်တဲ့ထွက်တဲ့ အာရုံပေါ်မှာစိတ်ကလေးတည်နေတယ်။ ဘယ်မှ မသွားတော့ဘူးဆိုရင် သမာဓိဖြစ်နေတာပဲ။

"**ကာမေဟိ**၊ ဝတ္ထုကာမ ကိလေသကာမတို့မှ။ **ဝိဝိစ္စေဝ**၊ ကင်းဆိတ်၍ သာလျှင်"

အဲဒီလို နှလုံးသွင်းနေတဲ့အချိန်မှာ ကာမဂုဏ်အာရုံတွေဆီ ရောက်သေးသလား။ ဝတ္ထုကာမအာရုံတွေဘက်ရောက်တော့ ကိလေသကာမခေါ်တဲ့ နှစ်သက်သာယာမှု လိုချင်မှု ကာမကိလေသာလဲ မဖြစ်ဘူးတဲ့။ ကာမရာဂတွေလဲ မဖြစ်ဘူးတဲ့၊ ငြိမ်းနေတယ်တဲ့၊ ငြိမ်းရမှာပေါ့၊ ဒီကအာရုံက တစ်ရှုတည်းရှုနေတာကိုး။ ခုနကသိုဏ်းဖြစ်ရင်လဲ ကသိုဏ်းအာရုံ၊ ဝင်သက် ထွက်သက်ဆိုရင်လဲ ဝင်သက်ထွက် အာရုံ၊ ဒီမှာပဲ စိတ်ကတည်နေတာ။

"**ကာမေဟိ**၊ ဝတ္ထုကာမ ကိလေသကာမတို့မှ၊ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ **အကုသလေဟိဓမ္မေဟိ**၊ အကုသိုလ်တရားတို့မှ။ ကာမကိလေသာအပြင်

http://www.dhammadownload.com

အကုသိုလ်တွေက ရှိသေးတာကိုး။ ဗျာပါဒတို့ဆိုတဲ့ နိဝရဏတွေရှိသေးတယ်။ **ဝိဝိစ္ဆေ၊ ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ တုက္ကုစ္စ, ဝိစိကိစ္ဆာ**ဆိုတဲ့ ကျန်သော အကုသိုလ်နိဝရဏတို့မှ ကင်း၍သာလျှင်။

ဒီအချိန်မှာ ကသိုဏ်းကိုနှလုံးသွင်းနေတဲ့အခါ ပထဝီ ပထဝီစသည်ဖြင့် နှလုံးသွင်း၊ ဝင်သက်ထွက်သက် နှလုံးသွင်းနေတဲ့အချိန်မှာ **ဗျာပါဒ ဒေါသ**ရှိသေးသလားဆိုရင်မရှိဘူး။ **ထိန မိဒ္ဓ**ကောရှိသေးသလားဆိုရင် မရှိဘူး။ ရှိလို့ရှိရင်တော့ ပျင်းနေလို့မရနိုင်ဘူး။ ဥဒ္ဓစ္စကော ပျံ့လွင့်နေသလား၊ ကုက္ကုစ္စကော ပူပန်နေသေးသလားတဲ့။ မရှိဘူးတဲ့။ အဲဒါတွေဖြစ်နေရင်လဲ ဒီကရှုမှုမဖြစ်ပါဘူး။ ပြောင်းပြန်ပဲ။ အပူနဲ့အအေးလိုပဲ။ အပူရှိရင် အအေးမရှိဘူး။ အအေးရှိရင်လဲ အပူမရှိဘူး။ အလင်းနဲ့အမှောင်လို အလင်းရှိရင် အမှောင်မရှိဘူး။ အမှောင်ရှိရင်လဲ အလင်းမရှိဘူး ပြောင်းပြန်တရားတွေလိုပဲ။ နောက်ပြီးတော့ ဝိစိကိစ္ဆာယုံမှားမှုကော ရှိသေးသလားဆိုတော့ မရှိဘူး။ ယုံမှားမှုရှိနေရင်လဲပဲ ရှုမှုမဖြစ်ပါဘူး။ ဒီလိုရှုမှုကုသိုလ်ဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ မယုံလို့ရှိရင်မဖြစ်ဘူး။ သမာဓိဖြစ်တယ်။ ကမ္မဋ္ဌာန်းဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး မယုံရင်ဘယ်အားထုတ်လိမ့်မှာတုံး။ ယုံလို့အားထုတ်နေတာ၊ အဲဒီတော့ **ဝိစိကိစ္ဆာ**လဲမဖြစ်ဘူး။ **နိဝရဏ ကိလေသာ**တွေမှ ကင်း၍သာလျှင်။

ထဝိတက္ကော်၊ ကြံစည်မှု ဝိတက်လဲရှိတယ်။

အဲဒီအာရုံကလေးထင်အောင်လို့ ကြံစည်တဲ့ဝိတက်ကလေးလဲပါမှ ဖြစ်တယ်တဲ့။ ပထမစျာန်ကတော့ နောက်သူထက်မြင့်မြတ်တဲ့ စျာန်တွေကျတော့ ဝိတက်မကြံပဲနဲ့ကို အာရုံတွေပေါ်နေမှာ၊ အခုတော့ ကြံပေးမှဖြစ်တယ်။

ထဝိစာရော်၊ စဉ်းစားဆင်ခြင်မှု ဝိစာရလဲရှိသော။ ဒီမှာဆင်ခြင်မှုလဲပါတယ်။

ဝိဝေကဇံ ပီတိသုခံ၊ နိဝရဏတို့၏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော။

အဲဒီလို ရှုပါများတော့ ကာမစ္ဆန္ဒဗျာပါဒအစရှိတဲ့ ကိလေသာတွေငြိမ်းသွားတယ်။ အစကတော့ မငြိမ်းဘူး။ အစကတော့ ပထဝီ-ပထဝီ နှလုံးသွင်းရင်းစိတ်က

http://www.dhammadownload.com

ဟိုထွက်သွားလိုက်ရင်း၊ လောဘဖြစ်လိုက်ရင်း၊ ဒေါသဖြစ်လိုက်ရင်း၊ အခု တရား အားထုတ်တာနဲ့ အတူတူပဲ။ သမထအားထုတ်တာနဲ့ အတူတူပဲ။ စိတ်တွေက ထွက် ထွက်သွားတယ်။ သမာဓိအားကောင်းလာတဲ့အခါကျတော့ အဲဒီ**နိဝရဏတာမစ္ဆန္န** အစရှိတဲ့ နိဝရဏတွေမဖြစ်တော့ဘူး။ ငြိမ်းသွားပြီ။

အဲဒီငြိမ်းခြင်းကြောင့် ဘာဖြစ်လာတာလဲ။ (**ပီတေတဇံ**၊ ငြိမ်းခြင်းကြောင့် ဖြစ်တယ်) နိဝရဏတွေငြိမ်းခြင်းကြောင့် ပီတိသုခတွေဖြစ်တယ်တဲ့။ ပီတိသုခကိုယ် ထဲမှာ တစ်သိမ့်သိမ့်တစ်ငြိမ့်ငြိမ့်နဲ့ နေလို့ထိုင်လို့ကောင်းပြီးတော့ ပီတိတွေဖြစ်တယ်။ ကိုယ်ထဲမှာ ချမ်းသာပြီးတော့နေတဲ့ သုခတွေလဲဖြစ်တယ်တဲ့။ ကိုယ်ထဲရော စိတ်ထဲ ရော ချမ်းသာပြီးတော့ ရွှင်လန်းပြီးတော့ဖြစ်တယ်။ စိတ်အာရုံက ဘယ်ရောက် နေတုန်းဆိုတော့ ဈာန်၊ ဈာန်ဆိုတာ ရှုတာလေးပဲ။ ကသိဏ်းအာရုံကလေးကို စိတ်ထဲစွဲပြီးတော့ ရှုနေတယ်။ ထွက်သက်ဝင်သက် အာရုံကလေးကို စိတ်ထဲ စွဲပြီးတော့ ရှုနေတယ်။ **ဈာန်**၊ ဈာန်ဖြစ်လာတယ်တဲ့။ ဈာန်ဖြစ်တော့ ဒီဈာန်က ဘာဈာန်တုန်းဆိုတော့ ပထမဈာန်ဆိုတာ ရှေးဦးစွာအစဆုံးပဲတဲ့။ ဒီဈာန်က အောက်ထစ်ဆုံး ဈာန်ပဲတဲ့။

ပဌမဈာန်၊ ရှေးဦးစွာသော ရှုမှဈာန်သို့။ **ဥပသမ္ပဇ္ဇ**၊ ရောက်၍။ ဝါ-ပြည့်စုံစေ၍။ **ဝိဟရတိ**၊ နေ၏။ ဒါက ဝိတက် ဝိစာရပါတယ်။

နောက် ဒုတိယဈာန်ကျတော့ **ဝိတက်ဝိစာရ**မပါဘူး။ မစဉ်းစားမဆင်ခြင်ပဲနဲ့ မကြံစည်မစဉ်းစားပဲနဲ့ကို အာရုံကလေးတင်ပြီး စိတ်ကလေးစွဲပြီးတော့ထင်နေတယ်။ ဒုတိယဈာန်တဲ့။ အဲဒီမှာတော့ သမာဓိကြောင့်ဖြစ်တဲ့ **ပီတိသုခ**တွေပါတယ်တဲ့။ ပဌမဈာန်ကတော့ နိဝရဏကင်းသွားလို့ နိဝရဏတွေနိုင်သွားလို့ဖြစ်တဲ့ ပီတိသုခ တွေဖြစ်တယ်။ **သမာဓိ**တွေကောင်းလို့ ပီတိသုခတွေဖြစ်တယ်တဲ့။ ဒါထူးလာတယ်။ နောက်တတိယဈာန်ကျတော့ ပီတိမပါတော့ဘူးတဲ့။ သုခချမ်းသာရုံကလေးသက် သက်ပဲတဲ့။ စတုတ္ထဈာန်ကျတော့ သုခတောင်မပါတော့ဘူး။ ဥပေက္ခာကလေးနဲ့တဲ့။ ဒါပါပဲ။ ဈာန် ၄-ခုတစ်ဆင့် တစ်ဆင့်တက်ပြီးတော့ သိမ်မွေ့သွားတာ၊ အဲဒီသမာဓိ လေးပါးဟာ -

http://www.dhammadownload.com

အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **အယံသမာဓိ**၊ ဤလေးပါးသော သမာဓိကို။ **သမ္မာ-သမာဓိ**၊ မှန်စွာစူးစိုက်တည်ကြည်ခြင်း သမာဓိဟူ၍ **ဝုစ္စတိ**၊ ခေါ်ဆိုအပ်၏။

ဈာန်မပါဘဲ ဝိပဿနာရှုလို့ဖြစ်

ဒါသမ္မာသမာဓိပါပဲ။ အဲဒီတော့ ရှေးကတော့ တရားတွေလဲ သိပ်ပြီးတော့ မစိစစ်ကြပါဘူး။ မကြာမီက သီဟိုဠ်ကအချို့ပုဂ္ဂိုလ်များက စိစစ်တယ်။ သူတို့က မဂ္ဂင်ရှစ်ပါးမြတ်စွာဘုရားဟောတဲ့အခါမှာ ဈာန်နဲ့ပဲဟောတယ်တဲ့။ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ဈာန်လေးပါးနဲ့ပဲ ဟောတယ်တဲ့။ ဒီတော့ တရားအားထုတ်ရင် ဈာန်ပါရမယ်။ ဈာန်မပါဘဲနဲ့ တရားအားထုတ်ရင် မဖြစ်ဘူးလို့ ဒီလိုဆုံးဖြတ်တယ်။ ဈာန်ပါရမယ်၊ ပထမဈာန်ရရမယ်။ သို့မဟုတ် ဒုတိယဈာန်ရရ မယ်။ သို့မဟုတ် တတိယဈာန်၊ သို့မဟုတ် စတုတ္ထဈာန်၊ ဈာန် ၄-ခု တစ်ခုခုရရမယ်။ မဂ္ဂင်ရှစ်ပါး ဟောတိုင်းဟောတိုင်း သမာဓိဟောလို့ရှိရင် မြတ်စွာဘုရားက ဈာန် ၄-ပါးနဲ့ဟောတယ်တဲ့။ ဒီတော့ ဈာန်ကင်းလို့ သမာဓိ မဖြစ်နိုင်ဘူးတဲ့၊ သမ္မာသမာဓိ မဖြစ်နိုင်ဘူးဆိုပြီးတော့ သူတို့ကအဆုံးအဖြတ်လုပ်တယ်။

ဒါကတော့ ရှေးကသူတို့ထက် တတ်သိနားလည်တဲ့ အဋ္ဌကထာဆရာတွေ ဋီကာဆရာတွေက ဈာန်မပါဘဲနဲ့ ဝိပဿနာရှုလို့ဖြစ်တယ်ဆိုတာ ကျမ်းဂန်တွေ အထင်အရှားရှိနေတာ။ သူတို့ သူများထက်ထူးပြီးတော့ ဆုံးဖြတ်တာပါပဲ။ နေရာမကျတာပါပဲ။

အရင်က မြန်မာရာဇဝင်မှာ ဘိုးတော်ဦးဝိုင်းပေါ့လေ။ ဘိုးတော်ဦးဝိုင်းက ထူးထူးဆန်းဆန်း ဆန့်ကျင်ဘက်တွေ ကြံပြီးတော့မေးလို့ ဦးပေါ်ဦးက အဖြေပေးတာလိုပဲ။ အရှင်ဘုရား ဒီလိုအကြံဉာဏ်မျိုးတွေ ရှေးရှေးခမည်းတော်တွေ ဘိုးတော်တွေ အစဉ်အဆက်က ဘယ်သူမှမကြံဖူးခဲ့ဘူးတဲ့။ ဒီအကြံအစည်မျိုးဟာ အရှင်ဘုရားအကြံဉာဏ်တွေဟာ အင်မတန်ကို စူးရောက်ပါတယ်ဘုရား။ တယ်စူးရောက်တဲ့ဉာဏ်ပဲဆိုပြီး ချီးမွမ်းတာကိုး။ ဒီတော့ မင်းက ပေါ်ဦးငဲ့ကိုစောက်ရှူးဆိုတာပဲဆိုပြီးတော့ အဲဒီတော့မှ သဘောပေါက်သွားတာကိုး။ မဟုတ်တာတွေလျှောက်ကြံတာ၊ အဲဒါလိုပဲ။ မဟုတ်တာတွေ မကြံသင့်တာတွေ လျှောက်ကြံတာကိုး။

http://www.dhammadownload.com

သည်အထဲမှာ ပထမစျာန်ဆိုတာက ကာမဝဝေစရစျာန်တွေလဲ ပါပါတယ်။ ဥပစာရစျာန်တွေလဲ ပါပါတယ်။ ဥပစာရစျာန်ကလဲပဲ သဝိတက္ကံ သဝိစာရံပါပဲ။ သူလဲ ဝိတက်ဝိစာရရှိတာပဲ။ ဝိတက် ဝိစာရပါတယ်။ နိဝရဏာ ကင်းဆိတ်ခြင်း ကြောင့်ဖြစ်တဲ့ ပီတိသုခတွေ သူကလဲပါပါတယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဒီအတိုင်းတွေ့နေတာပဲ။ ပထမသမာဓိအားကောင်းလာစဆိုလို့ရှိရင် ရှုမှတ်ရတဲ့ အာရုံကလေးတွေ ကြဲစည်မှုဝိတက်ပါရတယ်။ မှတ်တိုင်းမှတ်တိုင်း ကြဲစည်မှု ဝိတက် ပါရတယ်။ ကြဲစည်မှုဝိတက် မပါလို့ရှိရင် မဖြစ်နိုင်ဘူး။ အာရုံကို ကြဲကြဲယူနေရတယ်။ ဆင်ခြင်မှုလဲ ပါရတယ်။ မပါလို့မဖြစ်ဘူး။

ဒါပေမယ်လို့ စအားထုတ်ခါစမှာ နိဝရဏာမကင်းသေးဘူးဆိုရင် သမာဓိ ကောင်းကောင်းမရဘူး။ ဝိဝိစ္ဆေဝကာမေဟိ၊ ဝိဝိစ္ဆအကုသလေဟိ ဓမ္မေဟိ၊ အဲဒါတွေ ဝတ္ထုကာမကိလေသာကာမအာရုံတွေ၊ ကိလေသာတွေက မကင်းသေးလို့ရှိရင် သမာဓိမကောင်းဘူး။ ပြီးတော့ ဝိဝိစ္ဆအကုသလေဟိ ဓမ္မေဟိကျန်တဲ့ဗျာပါဒ အစရှိသော နိဝရဏတွေ မကင်းသေးလို့ရှိရင် အမှတ်သတိနဲ့ အာရုံနဲ့ဟာ ကောင်းကောင်း မကပ်ဘူး။ သမာဓိကောင်းကောင်း မဖြစ်သေးဘူး။ အဲဒီနိဝရဏတွေကင်းပြီးသွားတဲ့ အခါကာလကျမှ သမာဓိကောင်းကောင်းဖြစ်တာ၊ သမာဓိကောင်းကောင်းဖြစ်ရင် ဘယ်နှယ်နေတုန်းဆိုတော့ မှတ်ရတဲ့အာရုံနဲ့ မှတ်စိတ်ကလေးကိုက်သွားတယ်။

ပထမက သမာဓိမကောင်းခင်ကတော့ ဒီဖောင်းတယ်ပိန်တယ်မှတ်ရင် စိတ်တွေက ထွက်ထွက်သွားတာကိုး။ နှစ်သက်စရာအာရုံတွေ လျှောက်ကြဲနေတယ်။ စိတ်ဆိုးစရာအာရုံတွေ လျှောက်ကြဲနေတာ။ ဒါတွေလိုက်ပြီးတော့ ဖမ်းပြီးတော့ ပယ်နေရတယ်။ သူတို့ငြိမ်းသွားပြီဆိုတဲ့အခါကျတော့ စိတ်ကတခြားကိုမသွားဘူး။ မှတ်ရာမှတ်ရာအာရုံကလေးမှာ ကပ်ကပ်နေတယ်။ ဖောင်းတာနဲ့ မှတ်သိတာနဲ့၊ ပိန်တာနဲ့ မှတ်သိတာနဲ့၊ ကွေးတာနဲ့ မှတ်သိတာနဲ့၊ ဆန့်တာနဲ့ မှတ်သိတာနဲ့၊ ကြွတာနဲ့ မှတ်သိတာ၊ လှမ်းတာနဲ့ မှတ်သိတာ၊ အကုန်လုံးမှတ်စရာအာရုံနဲ့ မှတ်သိနေတဲ့စိတ်နဲ့ကိုက်ပြီးတော့ ကျနေတယ်။ ဥပမာ ခဲ့နိုးထားသလိုပဲ။ ဟိုက အာရုံပေါ်လိုက်၊ ဒီကသိလိုက်၊ ဟိုက အာရုံပေါ်လိုက်၊ ဒီကသိလိုက်၊ အာရုံနဲ့မှတ်စိတ်နဲ့က ကိုက်ကိုက်

http://www.dhammadownload.com

ပြီးတော့ကျနေတယ်။ အဲဒီလိုကိုက်ပြီးတော့ ကျနေတဲ့အခါ ကာမအာရုံတွေဆီသွားတဲ့ ကာမအာရုံတွေလဲ မဖြစ်ဘူး ဝတ္ထုကာမ ကိလေသာကာမတွေ ကင်းနေတယ်။ ဗျာပါဒ ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၏ ယုံမှားမှုတွေမဖြစ်ဘူး။ စောစောပိုင်းကတော့ ဟုတ်မှဟုတ်ပါ့မလားလို့ သူဖြစ်ချင်ဖြစ်နေတယ်။ အခု မရှိတော့ဘူး။ ဝိစိကိစ္ဆာတွေ ဘာမှမဖြစ်ဘူး။ မှတ်ရတဲ့အာရုံနဲ့ မှတ်သိတဲ့စိတ်ကလေးဟာ ကိုက်ပြီးတော့ကျနေတာ၊ **ခဏိကသမာဓိ**ခေါ်တယ်။

အဲဒီအချိန်မှာ **ဝိဝေတဇံ**၊ နိဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ **ပီတိသုခံ**၊ ပီတိသုခလည်းရှိသော။

နိဝရဏကင်းတဲ့အခါမှာ ပီတိသုခတွေဖြစ်တယ်တဲ့။ ကိုယ်ထဲမှာနေလို့ ထိုင်လို့ကောင်းပြီး တစိမ့်စိမ့် တဋိမ့်ဋိမ့်နဲ့ ကိုယ်တွေ ပေါ့ပါးပြီးတော့နေလို့အင်မတန်ကောင်းနေတဲ့ ပီတိတွေဖြစ်ပါတယ်။ ဖြိုးဖြိုးဖျင်းဖျင်းတွေလဲ ဖြစ်တတ်တယ်။ အင်မတန် ထူးထူးခြားခြားတွေလဲ ဖြစ်လာတယ်။ ကိုယ်ထဲမှာ သုခဆိုတဲ့ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာတွေလဲပဲ ဒီထဲမှာပါပြီး အကြီးအကျယ်ဖြစ်တာပဲ။ ကိုယ်ထဲမှာနေလို့ထိုင်လို့ကောင်း၊ ချမ်းသာပြီးတော့နေတာ၊ ပီတိသုခလဲ ပါတယ်တဲ့။

ဥပစာရသမာဓိဖြင့် ဝိပဿနာရှုရင်ဖြစ်ပုံ

ပြီးတော့ ဈာန်-စူးစိုက်တည်ကြည်မှု ဈာန်တွေတဲ့၊ မှတ်ရတဲ့အာရုံကလေးမှာ စူးစိုက်တည်ကြည်မှုကလေးဟာ ဒီအထဲမှာပါရှိတယ်။ ဥပစာရသမာဓိပဲ၊ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ နိဝရဏတွေကင်းဆိတ်နေတယ်။ အဲဒါ ပထမဈာန်ထဲမှာ ပါဝင်ပြီးတော့နေပါတယ်။ ဒါကြောင့် ရှေးကအဋ္ဌကထာ ဋီကာဆရာတွေက ရှုပါဝစရရဈာန်တွေ၊ အရှုပါဝစရဈာန်တွေ၊ မဟဂ္ဂတ်ဈာန်တွေ မရောက်ဘဲနဲ့ ဥပစာရသမာဓိဖြင့်၊ ဥပစာရသမာဓိအရင်းခံပြီးတော့ ဝိပဿနာရှုရင်ဖြစ်တယ်။ သုဒ္ဓဝိပဿနာယာနိကတွေ ဟောထားတာရှိပါတယ်။ အဲဒါတွေနဲ့ ရှေးကဆုံးဖြတ်ထားတာ အရှင်းကြီးပါပဲ။

ဒါပေမယ်လို့ မကြာခင်က မကြာခင်ကဆို ၄-၅-၁၀ နှစ်လောက်ကပါ။ ဒီပုဂ္ဂိုလ်တွေက စာတတ်ပေတတ်တွေလဲ မဟုတ်ပါဘူး။ လူလောကထဲကြီးမှာ

http://www.dhammadownload.com

သာသနာ့ဘောင်ဝင်ပြီးတော့ ခုခေတ်ကာလလို မရှိမသေပြောမယ်ဆိုရင် ကြီးမှ ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့။ **ဝုဋ္ဌ ပဗ္ဗဇိတ**-ကြီးမှ ရဟန်းဖြစ်တဲ့ပုဂ္ဂိုလ်ကြီးတွေပေါ့လေ။ ဘုရားလက်ထက်က **ဝုဋ္ဌ ပဗ္ဗဇိတ**တွေဟာ တွေ့ကရာတွေ လျှောက်ပြီးတော့လုပ်တတ်တယ်။ ကြီးမှ ရဟန်းဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒါတွေ သူတို့အဆုံးအဖြတ်တွေပေးတယ်။

အဲဒီတော့ ဒီမှာစျာန်ရအောင် အားမထုတ်ပေမယ်လို့ ရှေးဦးစွာရောက်တဲ့။ စျာန်မျိုးနဲ့ အားထုတ်ရင်ဖြစ်တယ်။ ဥပစာရသမာဓိဆိုတာ ဒီမှာယောဂီပုဂ္ဂိုလ်တွေမှာတွေ့ပါတယ်။ ရှုမှတ်လို့ သမာဓိဉာဏ်အား ကောင်းလာတဲ့အခါကျတော့ နီဝရဏာတွေကင်းပြီးတော့ ပီတိသုခတွေလဲဖြစ်လို့၊ ဒါတွေပီတိ သုခတွေထင်ရှားတာပဲ။ မှတ်ရတဲ့အာရုံကလေးမှာ စိတ်ကလေးတည်ပြီးတော့ ကပ်ပြီးတော့နေတယ်။ ဥပစာရသမာဓိ၊ ခဏိကသမာဓိ၊ စျာန်ဖြစ်သည်တဲ့၊ အဲဒီဟာ သမ္မာသမာဓိမဂ္ဂင်ကိုး။ ခဏိကသမာဓိလို့ အဋ္ဌကထာတွေမှာ တိုက်ရိုက်ပြထားပါတယ်။

နောက်ပြီးတော့ ဒုတိယစျာန်နဲ့ တူတဲ့ဟာလဲ ပါသေးတာပဲ။ ဒီထဲမှာ နောက်မကြဲရ မစည်ရဘဲနဲ့ ဝိတက် ဝိစာရမပါဘဲနဲ့ကို အမှတ်သတိကလေး ဖြစ်နေတာရှိတယ်။ အဲဒီအခါကျတော့ ဒုတိယစျာန်နဲ့တောင် တူနေတယ်။ ဒါလဲ ခဏိကသမာဓိပဲ။ ဝိတက်ဝိစာရပါတော့ ပါမှာပေါ့လေ။ မထင်ရှားလို့ ဆိုရမှာပေါ့။ ကျမ်းဂန်အရ ပါတယ်လို့ပဲဆိုရမယ်။ သို့သော်လဲ ယောဂီပုဂ္ဂိုလ်တွေမှာတော့ ကြုံမယူရဘူး။ သူဟာသူ အာရုံကလေးက ပေါ်နေသိနေတာကိုး။

နောက်ပြီးတော့ ပီတိကင်းပြီးတော့ နေတာရှိတယ်။ ဒါကတော့ ခုနကပြောသလို ပီတိမပါဘူး။ ပီတိမပါဘဲနဲ့ သုခချည်းချမ်းသာပြီးတော့ အမှတ်ကောင်းနေတာလေးက ဉာဏ်နောက်ပိုင်းမှာ ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း၊ ဘင်္ဂဉာဏ်နောက်ပိုင်း၊ ပီတိမပါဘဲနဲ့ ချမ်းသာလေးတွေဖြစ်နေတယ်။

နောက်သုခမပါဘဲနဲ့ ဥပေက္ခာချည်းထဲ ဖြစ်နေတာရှိသေးတယ်။ ဘင်္ဂဉာဏ်ရဲ့နောက်ပိုင်းတွေ ဘယ, အာဒီနဝ စသည်အထူးအားဖြင့်တော့ သခ်ါရုပေက္ခာဉာဏ်တွေမှာ ဖြစ်တတ်ပါတယ်။ အဲဒီမှာ ပီတိသုခတွေမပါဘဲနဲ့ စတုတ္ထစျာန်နဲ့ကို တူနေ

http://www.dhammadownload.com

တယ်။ အဲဒီလိုဖြစ်ပါတယ်။ အဲဒီလိုပေါ့လေ။ ရှုတိုင်းမှတ်တိုင်း ခဏိကသမာဓိတွေ ဖြစ်တာရှိတယ်တဲ့။ အဲဒီခဏိကသမာဓိ ဝိပဿနာသမာဓိတွေဟာ သမ္မာသမာဓိပဲ တဲ့။

ဒီတော့ မဂ္ဂင်ရှစ်ပါးအဲဒီမှာစုံသွားပြီ။ မဂ္ဂင်ရှစ်ပါး ဖောင်ကစုံသွားပြီ။ မဂ္ဂင်ရှစ်ပါး ဖောင်နဲ့ကူးပုံကလေး နောက်သီတင်းပြောရဦးမယ်။ နောက်ကျန်တာက ဘာတုန်းဆိုတော့ -

တဿ ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယာမော၏ ဓေါ ဘိက္ခဝေ ဝီရိယာရမ္ဘဿေတံ အဓိဝစနံ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **တဿ**၊ ထိုမြွေထိန်းယောက်ျား၏၊ **ဟတ္ထေဟိစ**၊ လက်တို့ဖြင့်လည်းကောင်း။ **ပါဒေဟိစ**၊ ခြေတို့ဖြင့်လည်းကောင်း။ **ဝါယာမောတိ ဓေါစတံ**၊ အားထုတ်ခြင်းဟူသော ဤအမည်သည်။ **ဝီရိယာရမ္ဘဿ**၊ လုံ့လကိုအားထုတ်ခြင်း လုံ့လဝီရိယကိုဖြစ်စေခြင်း၏။ **အဓိဝစနံ**၊ အမည်ပေတည်း။

သမ္မာဝါယာမမဂ္ဂင်နဲ့ ဟိုဘက်ကမ်းကူးပုံကလေး၊ ဒါပြောရဦးမယ်။ ဟိုဘက်ကမ်းကူးတော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်လို့ ပထမမဂ်ဖိုလ်ရောက်လို့ ဟိုဘက်ကမ်းရောက်သွားပုံ၊ ဒုတိယမဂ်ဖိုလ်ရောက်လို့ ဟိုဘက်ကမ်းရောက်သွားပုံ၊ တတိယမဂ်ဖိုလ်ရောက်လို့ ၃-စခန်း၊ စတုတ္ထမဂ်ဖိုလ် ၄-စခန်းရောက်သွားလို့ အဲဒီမှာတရားဆုံးသွားပြီး ဟိုဘက်ကမ်းရောက်သွားတာလဲ ပါသေးတယ်။ ရဟန္တာဖြစ်သွားပုံ၊ အဲဒါတွေက နောက်သီတင်းကျမှပြောရမယ်။ ဒီနေ့အချိန်စေ့သွားပြီ။

မြွေလေးကောင်ကား (လ) ဘုရားမြတ်ပေတည်း။

ဤအာသီဝိသောပမ သုတ္တန်တရားတော်မြတ်ကို ရှိသေစွာနာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤသုတ်၌လာသည့်အတိုင်း မဂ္ဂင်ရှစ်ပါးတရားဟူသော ဖောင်ကိုဖွဲ့ဆင်၍ ဟိုဘက်ကမ်းသို့ရောက်အောင် ကူးနိုင်

http://www.dhammadownload.com

ကြသဖြင့် ဝိပဿနာဉာဏ်အစဉ်, အရိယာမဂ်ဉာဏ်အစဉ်တို့ဖြင့် ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ပါစေကုန်သတည်း။

× × × × ×

http://www.dhammadownload.com

အာဝဇ္ဇီဝဒေဝဓမ္မသုတ်

တရားတော်

၁၃၂၈-ခု၊ တော်သလင်းလဆုတ် ၈-ရက်နေ့ ဟောကြားတော်မူသည်။

မဂ္ဂင်ဈာန်ကြီး ခိုးလို့ကူး

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ် (လ) ကောင်းစွာညွှန်ကြား၊ ကယ်သူကား၊ ဘုရားမြတ်စွာတည်း၊" ဆောင်ပုဒ်က ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍၊ ရှစ်တန်မဂ္ဂင်ဖောင်ဖွဲ့ပုံ မဂ္ဂင်ရှစ်ပါးတရားတွေတော့ စုံတော့သွားပါပြီ။ မဂ္ဂင်ရှစ်ပါးတရားတွေ။

ကုလ္လန္တိ ဓေါ ဘိက္ခဝေ အရိယသောတံ၊ အဌင်္ဂိကာသ မဂ္ဂသ အဓိဝစနံ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ၊

ဘိက္ခဝေ၊ ရဟန်းတို့။ **ကုလ္လန္တိ ဓေါ စေတံ၊** ဖောင်ဟူသောဤအမည်သည်။ **အဌင်္ဂိကာသ၊** အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ **အရိယမဂ္ဂသ၊** အရိယမဂ်၏။ **အဓိဝစနံ၊** အမည်ပေတည်း။

ဟိုဘက်ကမ်းရောက်ဖို့ရန် ဖောင်ဆိုတာ မဂ္ဂင်ရှစ်ပါးတရားတွေတဲ့။ မဂ္ဂင်ရှစ်ပါးဆိုတာ ဘာလဲဆိုတော့ တရားနာနေတဲ့ပုဂ္ဂိုလ်တွေကတော့ အများအားဖြင့် နှုတ်တက်ရနေမှာပါပဲ။

http://www.dhammadownload.com

စေတ်၊ ရှုစ်ပါးသော မဂ္ဂင်တရားသည်။ **သေယျထိဒံ**၊ အဘယ်သည်တို့နည်း ဟူမူကား။ **သမ္မာဒိဋ္ဌိ**၊ မှန်စွာမြင်ခြင်း။ **သမ္မာသင်္ကပ္ပေါ**၊ မှန်စွာကြံခြင်း။ **သမ္မာဝါစာ**၊ မှန်စွာပြောဆိုခြင်း။ **သမ္မာကမ္မန္တော**၊ မှန်စွာပြုလုပ်ခြင်း။ **သမ္မာအာဇီဝေါ**၊ မှန်စွာ အသက်မွေးခြင်း။ **သမ္မာဝါယာမော**၊ မှန်စွာအားထုတ်ခြင်း။ **သမ္မာသတိ**၊ မှန်စွာ အမှတ်ရခြင်း။ **သမ္မာသမာဓိ**၊ မှန်စွာစူးစိုက်ခြင်းတည်ကြည်ခြင်း။

သီလမဂ္ဂင်

မဂ္ဂင်ရှစ်ပါး အကျဉ်းချုပ်လိုက်လို့ရှိရင်၊ သီလ, သမာဓိ, ပညာ, ၃-ပါးပါပဲ။ **သမ္မာဝါစာ**၊ မှန်ကန်စွာပြောခြင်း။ **သမ္မာကမ္မန္တ**၊ မှန်စွာပြုခြင်း။ **သမ္မာအာဇီဝ**၊ မှန်စွာ အသက်မွေးခြင်းဆိုတာဟာ သီလပါပဲ။ သီလစင်ကြယ်တဲ့ပုဂ္ဂိုလ် ဒီသီလမဂ္ဂင်နဲ့ ပြည့်စုံနေတာပဲ။ အောက်ထစ်ဆုံး ၅-ပါး သီလစောင့်ထိန်းသိမ်းနေရင် ပြည့်စုံနေတာပဲ။

ပါဏာတိပါတာဝေရမဏီ၊ **အာဒိန္နာဒါနာဝေရမဏီ**၊ **ကာမေသုမိစ္ဆာစာရာဝေရမဏီ**၊ ဒီ ၃-ပါးကိုတော့ **သမ္မာကမ္မန္တ**နဲ့ဆိုင်တယ်။ ဒီ ၃-ပါးပြည့်စုံနေရင် **သမ္မာကမ္မန္တ**ပြည့်စုံနေတာပဲ။

မုသာဝါဒါဝေရမဏီဆိုတာကတော့ သူကတော့ **ဝစီကံ**မှတ်ခြင်းကြောင့် သမ္မာဝါစာနဲ့ဆိုင်တယ်။ သူက **သမ္မာဝါစာ**ဆိုတာ ကောင်းစွာပြောခြင်း၊ **မိစ္ဆာဝါစာ**၏ ကြဉ်ရှောင်ခြင်းကိုဆိုလိုတယ်။ **မုသာဝါဒါ**၊ **ပိသုဏာဝါစာ**၊ **ဖရုသဝါစာ**၊ **သမ္ဖပ္ပလာပ**၊ **မိစ္ဆာဝါစာ** ၄-ပါးရှိတယ်။ အဲဒီလေးပါးထဲမှာ မုသာဝါဒကိုပဓာနပြု၍ ဒါတစ်ခုကို ငါးပါးသီလထဲမှာထည့်ထားတယ်။ မုသာဝါဒကြဉ်ရှောင်တယ်ဆိုရင် ဒီပြင်ဟာတွေလဲ အကျိုးမဲ့စကားတွေကို ကြဉ်ရှောင်ရမှာပါပဲ။ အရေးကြီးတဲ့စကားတွေဆိုရင် ကြဉ်ရှောင်ရမှာပဲ။ **ပိသုဏာဝါစာ**၊ ကုန်းတိုက်သောစကားကို ကြဉ်ရှောင်ရမည်။ **ဖရုသဝါစာ**၊ ကြမ်းတမ်းသောစကားတွေကို ကြဉ်ရှောင်ရမည်။ **သမ္ဖပ္ပလာပ**၊ အကျိုးမဲ့အနှစ်မဲ့ မဟုတ်ကဟုတ်က ပုံတိုဝတ္ထုစသည်တွေကို ဒါတွေဟာ အခိုန်ဖြုန်းနေတဲ့ အခိုန်ဖြုန်းဖြစ်တဲ့စကားမျိုးတွေကို ကြဉ်ရှောင်ရမယ်တဲ့။

http://www.dhammadownload.com

သမ္မာအာဇီဝဆိုတာကတော့ **မိစ္ဆာအာဇီဝ**၊ မတရားသဖြင့် အသက်မွေးမှုမှ ကြဉ်ရှောင်လို့ရှိရင် **သမ္မာအာဇီဝ**ဖြစ်တယ်။ **သမ္မာအာဇီဝ**ဆိုလဲပဲ သိက္ခာပုဒ် သီးခြားတော့မရှိပါဘူး။ သို့သော်လဲ **ပါဏာတိပါတ**အစရှိတဲ့ **တာဃတ်, ဝစီက်** တွေပါပဲ။ အသက်မွေးဝမ်းကျောင်းအတွက် စားရေး, သောက်ရေး, နေရေး, ထိုင်ရေးအတွက် ပစ္စည်းရှာဖွေတယ်ဆိုတာ ကိုယ်နှင့်ရင်လဲ ရှာရတယ်။ နှုတ်နှင့်ရင်လဲ ရှာရတယ်။ ဒီနှစ်ခုပါပဲ။ စိတ်သက်သက်ရှာဖွေလို့တော့ မဖြစ်ပါဘူး။ ကိုယ် နှုတ်နဲ့ရှာဖွေလို့ရှိရင် ဘယ်လိုလုပ်ကြဲရှာဖွေရမည်လဲဆိုတော့ သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီးတော့ အသက်မွေးဝမ်းကျောင်းဖြစ်အောင်လို့ အားထုတ်ရတဲ့ အလုပ်လဲရှိတာပေါ့။ သူတစ်ပါးဥစ္စာတွေကို ခိုးယူလိမ်လည်ပြီးတော့ ခိုးယူ လုယက်ပြီးတော့ ဒီလိုလဲပဲ စီးပွားရေးအလုပ်မှာရှိတယ်။

တာမေသုမိစ္ဆာစာရသက်သက်က **မိစ္ဆာအာဇီဝ**၊ သူကတော့ နည်းပါတယ်။ နည်းနည်းပါးပါးတော့ရှိပါတယ်။ အဲဒီလိုဟာတွေပြုတာ သူကမညာဘူး။ ဝစီက် လေးပါးနှင့် စပ်ပြီးတော့လဲ အသက်မွေးမှုတွေ၊ သူတစ်ပါးအကျိုးမဲ့ဖြစ်အောင် လိမ်လည်ပြောပြီးတော့ ကိုယ်စီးပွားကိုယ်ကျိုးရှိအောင်လို့လဲ လုပ်ရတာကိုး။ မတရား သက်သေတို့ပေါ့လေ။ ရှိတယ်။ အဲဒီမှာ စီးပွားရေးက ဒီလိုမှဖြစ်တယ်။ သိပ်အရေး မကြီးတာကို လိမ်လို့ကတော့ အသက်မွေးဝမ်းကျောင်းနှင့်မဆိုင်ဘူး။ လမ်းမသိတဲ့ လူက လမ်းမေးလို့ရှိရင် လမ်းဘယ်ကနေ ဘယ်လိုသွားရမလဲလို့မေးရင် အဲဒါ သက်သက်ခရီးသွားတဲ့ပုဂ္ဂိုလ် ဒုက္ခရောက်အောင်လို့ မဟုတ်ကဟုတ်က လမ်းလွဲ ပြောလိုက်လို့ရှိရင် ဒါဟာလိမ်လည်၍တော့ ပြောတော့ပြောတာပါပဲ။ ဒါပေမယ့် ဒါဟာ အသက်မွေးဝမ်းကျောင်းနှင့်မဆိုင်ပါဘူး။ ဘာမှ ပိုက်ဆံတစ်ပြားမှမရပါဘူး။ အဲဒီလို ကြဉ်ရှောင်မှုကတော့ **သမ္မာအာဇီဝ**မဖြစ်ဘူး။ **မုသာဝါဒ**မှ ကြဉ်ရှောင်တဲ့ သမ္မာဝါစာပဲဖြစ်တယ်။ အသက်မွေးဝမ်းကျောင်းနှင့်မဆိုင်တဲ့ ဝစီဒုစရိုက်မှ ကြဉ် ရှောင်လို့ရှိရင် **သမ္မာဝါစာ**နိုးနိုးပဲဖြစ်တယ်။ အသက်မွေးဝမ်းကျောင်းနှင့်သက်ဆိုင်တဲ့ ဝစီဒုစရိုက်မှကြဉ်ရှောင်လို့ရှိရင် **သမ္မာအာဇီဝ**ဖြစ်တယ်။ စေ့းအရောင်းအဝယ်လုပ် တဲ့ စေ့းသည်တွေကို လိမ်လည်လှည့်ဖျား၍ရောင်းလို့ရှိရင် ဒါက မုသာဝါဒအသက် မွေးဝမ်းကျောင်းနှင့် ဆိုင်ပြီးတော့ **မိစ္ဆာအာဇီဝ**ဖြစ်တယ်။

http://www.dhammadownload.com

အဲဒီဟာ ကြည်ရောင်ပြီးတော့ အမှန်အတိုင်း စွေးမှန်အတိုင်းပြောဆိုပြီး သကာလစွေးရောင်းလို့ရှိရင် **သမ္မာအာဇီဝ**ဖြစ်တယ်။ အဲဒီလိုပါပဲ။ အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်တဲ့အမှုတွေ မကျူးလွန်ဘဲနဲ့ ကြည်ရောင်နေလို့ရှိရင် **သမ္မာအာဇီဝ** ဖြစ်တယ်။ အဲဒီတော့ ငါးပါးသီလ လုံလုံခြုံခြုံ ရှိရှိသေသေ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဒါဟာ **သမ္မာတမ္ဗန္ဓ, သမ္မာဝါစာ, သမ္မာအာဇီဝမဂ္ဂင်**တရားတွေ ပြည့်စုံနေတယ်လို့ ဆိုရပါတယ်။ အဲဒါက သီလမဂ္ဂင်၊ ရဟန်းမှာလဲ သီလများရှိပါတယ်။ ရဟန်းသီလများပြည့်စုံနေလို့ရှိရင် အဲဒါမဂ္ဂင်တရားတွေပြည့်စုံနေတာပဲ။ သီလပြီးတော့ သမာဓိမဂ္ဂင်။

သမာဓိမဂ္ဂင်

သမာဓိမဂ္ဂင်ဆိုတာက **သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ** ၃-ခုက **သမ္မာသမာဓိမဂ္ဂင်**ခေါ်တယ်။ ဒီအတိုင်းပါပဲ။ သမာဓိအစစ်ကတော့ သမ္မာသမာဓိဆိုတဲ့ နောက်ဆုံးကတစ်ခုပါပဲ။ ရှေးကသမ္မာဝါယာမ၊ သမ္မာသတိဆိုတာတွေ ကတော့ သမ္မာသမာဓိ၏အခြံအရံတွေ၊ သူတို့က အကူအညီတွေပါပဲ။ သမာဓိဖြစ် ဖို့ရာ သမ္မာဝါယာမကလဲ အားထုတ်ပေးမှပါပဲတဲ့။ သတိကလဲ အမှတ်ရမှဖြစ်တယ် တဲ့။ **သမာဓိကမ္မဋ္ဌာန်း**တွေ အားထုတ်တဲ့အခါကာလ ပထဝီကသိုဏ်းအစရှိသည် နှလုံးသွင်းတယ်ဆိုပါတော့။ ကသိုဏ်းအာရုံကိုအာရုံပြုပြီးတော့ ပထဝီ-ပထဝီ၊ မြေ၊ မြေ၊ နှလုံးသွင်းပြီးတော့ လုံလဝီရိယနှင့် မပျင်းမရိဘဲနဲ့ လုံလစိုက်ပြီးတော့ နှလုံးသွင်းမှဖြစ်တယ်။ သမ္မာဝါယာမပါရမယ်။ အမှတ်သတိကလေးပဲ။ ကမ္မဋ္ဌာန်းအာရုံအပေါ်မှာ သတိကလေးက အမှတ်ရနေမှဖြစ်မယ်။ တခြားတစ်ပါးတွေကို စိတ်ရောက်သွားလို့ရှိရင်မဖြစ်ဘူး။ ဒါကြောင့် သမ္မာဝါယာမနှင့် သမ္မာသတိကပြည့်စုံလို့ ရှိရင်တော့ သမ္မာသမာဓိအထူးအားဖြင့် စိတ်တည်ကြည်မှုဖြစ်တယ်။ ကမ္မဋ္ဌာန်း အာရုံပေါ်မှာ စိတ်ကလေးတည်ပြီးတော့ နေနေတယ်။

အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်တယ်ဆိုပါတော့။ ထွက်သက် ဝင်သက်၊ ဝင်တိုင်းထွက်တိုင်း၊ ဝင်တယ်ထွက်တယ်၊ နှာသီးဖျားကတိုက်ပြီးတော့ဝင်သွားလိုက် ထွက်သွားလိုက်၊ ဒါကိုပဲ အမြဲတမ်းနှလုံးသွင်း၊ အဲဒီလို နှလုံးသွင်းတဲ့အခါကာလမှာ

http://www.dhammadownload.com

ကြောင့်ကြဗျာပါရစိုက်ပြီးတော့ ဝိရိယပါရတယ်။ ပျင်းနေလို့ ဝိရိယလျော့သွားလို့ ရှိရင် မမှတ်နိုင်ဘူး။ ပြီးတော့ နှာသီးဖျားမှာတိုက်ပြီးတော့ ဝင်တိုင်းထွက်တိုင်း အဲဒီဥစ္စာတွေကို မှတ်လို့ရနေလို့ သတိကလဲ ဒီမှာနေနေမှာ။ ဒါမှ ဒီအာရုံမှာ စူးစိုက်တည်ကြည်မှု သမာဓိဖြစ်တယ်။ ဒါကြောင့် သမာဓိမဂ္ဂင်ဖြစ်ဖို့ရာ ဝိရိယနှင့် သတိက ကူညီပေးရတယ်။

ပန်းခူးသူပမာ

ဥပမာအားဖြင့် ဘာနှင့်တူသလဲဆိုလို့ရှိရင် ဥယျာဉ်ထဲသွားပြီးတော့ အပျော်အပါးသွားပြီးတော့ ကြည့်ကြတယ်။ ဥယျာဉ်ထဲရောက်တော့ ပန်းပင်တစ်ပင်ကိုတွေ့တော့ ပန်းခူးချင်လာပြီ လက်လှမ်းကမမှီဘူး။ လူ ၃-ယောက်ဟာ ဘယ်သူကမှ လက်လှမ်းမမှီဘူး။ လက်လှမ်းမမီတော့ အားကောင်းကောင်းလူက အောက်ကနေပြီးတော့ ကုန်းပြီးတော့ ထားရမယ်။ ကျောပေါ်ကနေပြီးတော့ မြင်းခုန်လိုပေါ့လေ။ လက်လေးဘက်ထောက်ပြီးတော့ အောက်ကနေပြီးတော့ ကုန်းထားတယ်။ အဲဒီလို ကုန်းနေတဲ့ လူပေါ်မှာ အဲဒီအပေါ်မှာတက်ပြီးတော့ ရပ်ရဲတဲ့ပုဂ္ဂိုလ်ဟာ အချို့က အမြင့်ဆိုတာ မတက်ရဲကြဘူး။ လှုပ်လှုပ်နေရင် သာမတက်ရဲဘူး။ အဲဒီတော့ သတ္တိကောင်းတဲ့ လူဟာ ကျောပေါ်ကနေပြီးတော့ မတ်တပ်ရပ်ရမယ်။ ဒီလိုမတ်တပ်ရပ်လိုက်တော့ အောက်ကကုန်းနေတာကလဲ ခုံလိုမဟုတ်တော့ သူကလဲ လှုပ်မှာပဲ။ ပန်းဆီကို ရုတ်တရက် မလှမ်းဝံ့ဘူး။ မလှမ်းဝံ့တော့ ဘယ်လိုလုပ်ရသလဲဆိုတော့ တစ်ယောက် က အောက်ကကျောနဲ့ကုန်း၊ အဲဒီတစ်ယောက်က အောက်နားကနေပြီးတော့ မလှုပ် အောင်လို့ သူကတောင်ဝှေးတို့တိုင်တို့ သဘောလိုပေါ့လေ။ အနားကနေပြီးတော့ မတ်တတ်ရပ်ထားပေါ့လေ။ တိုင်လိုပေါ့လေ။ သူ့ကိုမှီပြီးတော့၊ ဒီမှအပေါ်ကလူက ငြိမ်ငြိမ်လေးရပ်လို့ရမယ်။ ဒါမှမဟုတ်လို့ရှိရင် အောက်ကခုံကလေး လူခုံဆိုတော့ လှုပ်လှုပ်နေတယ်။ သူကလဲ တက်နေကျမဟုတ်တော့ လိမ့်ကျမယ်ကြောက်ပြီးတော့ တုန်နေတာကိုး။ ဘေးကလူတစ်ယောက်က မတ်တပ်ရပ်ပြီးတော့ မှေးပေးလိုက်မှ အဲဒီလိုမှီပြီးမှ ပန်းခူးလို့ရတယ်။ ဥပမာပေးတယ်။

http://www.dhammadownload.com

အဲဒီမှာ အပေါ်က ပန်းခူးတဲ့လူက ဘာနဲ့တူသလဲဆိုတော့ သမာဓိနှင့်တူတယ်တဲ့။ အောက်ကခုံလုပ်ပေးတဲ့လူက ဘာနဲ့တူသလဲဆိုလို့ရှိရင် လူကတော့ ဝိရိယ နှင့်တူတယ်။ ဘေးကရပ်ပေးတဲ့လူက ဘာနဲ့တူသလဲဆိုလို့ရှိရင် သူက သတိနဲ့တူ တယ်။ အဲဒါလိုပဲတဲ့။ ဝိရိယကလဲ အားထုတ်မှ၊ သတိကလဲ အမှတ်ရလို့ သမာဓိက စူးစိုက်တည်ကြည်နိုင်တယ်။ ဒါကြောင့် ဒီ ၃-ပါးဟာ **သမာဓိမဂ္ဂင်**လို့ ခေါ်တယ်။ **သမာဓိခန္ဓာ**လို့လဲ ခေါ်တယ်။

ပညာမဂ္ဂင်

သီလခန္ဓာ၊ သမာဓိခန္ဓာ၊ ပညာခန္ဓာ၊ ပညာမဂ္ဂင်၊ ပညာမဂ္ဂင်ဆိုတာကလဲပဲ သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပနှစ်ခုကိုခေါ်တယ်။ သမ္မာဒိဋ္ဌိမဂ္ဂင်ပါပဲ။ ဒါပေမယ့် သမ္မာသင်္ကပ္ပကလဲ အကြံပေးမှာပဲ။ လောကရေးရာတွေဆိုလို့ရှိရင် စိတ်ကူးနဲ့ကြံမှပဲ အသိဉာဏ်ကလေးတွေပေါ်လာတယ်။ အရေးကြီးတဲ့ကိစ္စဆိုလို့ရှိရင် စဉ်းစားရတယ်။ ထပ်ကာထပ်ကာ စဉ်းစားရတယ်။ စဉ်းစားဖန်များတော့ ပေါ်လာတယ်။ အဲဒါနဲ့ နှိုင်းဆကြည့်ရမှာပေါ့။

အသိဉာဏ်နှင့် ပညာအစစ်

ဒါပေမယ်လို့ လောကရေးစဉ်းစားတဲ့နေရာမှာ အမှန်အတိုင်းသိသွားတယ်ဆိုတာ ပညာအစစ်တော့မဟုတ်ဘူး။ ဒါကတော့ စိတ္တဇဉာဏ်ထဲက တရားတစ်ခုခုဖြစ်မှာပါပဲ။ စိတ်ပဲဖြစ်မှာပါပဲ။ ပညာဆိုတာက ကုသိုလ်ရေးရာနှင့်စပ်ပြီးတော့ ဖြစ်မှာပဲ။ လောကရေးရာတွေနှင့် စာရေး, နေရေး, ထိုင်ရေး, စီးပွားရေးစသည် ဒိဉစ္စာတွေနှင့် စဉ်းစားပြီးလျှောက်ပြီးတော့ အသိဉာဏ်ဖြစ်လာတယ်ဆိုတာ ဒါကတော့ ပညာအစစ်မဟုတ်ဘူး။ ဘာဖြစ်လို့ သိရသလဲဆိုတော့ သူက ကိုယ်ကျိုးကိုယ်စီးပွား အတွက်လုပ်တာများတယ်။

ပြီးတော့ သူများတွေကိုလဲ ဘေးအန္တရယ်ဖြစ်အောင်လို့ လုပ်တတ်တယ်။ လောကသိပ္ပံပညာတွေ တိုးတက်နေတဲ့နိုင်ငံတွေ, ဌာနတွေက လူတွေဟာ လက်နက်တွေ အမျိုးမျိုးတွေလုပ်ကြတယ်။ လက်နက်တွေ အင်မတန်ကောင်းတဲ့

http://www.dhammadownload.com

လက်နက်တွေ လုပ်ကြတယ်။ အရေးအရာပေါ်လို့ရှိရင်ဖြင့် ကိုယ့်တိုင်းနိုင်ငံအတွက် ခုခံကာကွယ်ဖို့၊ သူများနိုင်ငံကိုလဲ သိမ်းပိုက်ပြီးတော့ ယူတန်လျှင်ယူပေါ့။ ဒီလို ဟာတွေ လုပ်ကြတယ်။ လက်နက်တွေ၊ အဲဒီလိုလက်နက်တွေ လုပ်ကြတဲ့နေရာမှာ လက်နက်တွေ၊ အထူးအဆန်းတွေ၊ တီထွင်ကြတယ်။ ဒါက ပညာမဟုတ်ဘူး။ အသိဉာဏ်လို့တော့ ခေါ်ရတာပါပဲ။ သာမန်လူတွေတော့ မလုပ်တတ်ဘူး။ ဒီလို လုပ်ရင် ဒီလိုဖြစ်မယ်ဆိုတာတွေ ကြဲကြဲဖန်ဖန်သူတို့သိတာလောက် အသိဉာဏ်တွေလို့ လောကမှာခေါ်ရတယ်။

အဲဒီအသိဉာဏ်တွေဟာ ပညာအစစ်လို့မခေါ်ရဘူး။ ပညာအစစ်ဆိုလို့ရှိရင်တော့ သူတစ်ပါးသေရာသေကြောင်း၊ ပျက်စီးရာ ပျက်စီးကြောင်း အလုပ်တွေ တီထွင်တာဆိုတာ ပညာအစစ်မဟုတ်ဘူး။ ဒါတွေကတော့ကို မောဟသော်လဲ ဖြစ်မယ်။ မောဟအဝိဇ္ဇာကလဲပဲ လောကရေးရာကျရင်လဲ ဉာဏ်လိုပဲ သူက သစ္စာလေးပါးကို အမှန်အတိုင်းမသိတာ။ မဟုတ်တာတွေကျတော့ သူမှသိတာ။ မဟုတ်တာတွေကျရင် သူကအသိဆုံးပဲ။ မောဟအားကြီးလေလေ အသိများလေလေပဲ။ ဒီဋ္ဌိကလဲ ရှိသေးတယ်။ မဟုတ်တာတွေ လျှောက်သိတာ ဝိတက်ကလဲ သူကလဲပဲ လောကရေးရာကျတော့ သူကလဲ ဉာဏ်လိုပဲဖြစ်နေတယ်။ ဝိစာရကလည်း စူးစမ်းဆင်ခြင်လို့ သူကလဲ ဉာဏ်လိုဖြစ်နေတယ်။ အဲဒီတရားတွေ အဲဒါကြောင့် လောကရေးရာတွေကတော့ ပညာအစစ်မဟုတ်ပါဘူး။

တရားရေးရာနဲ့စပ်ပြီးတော့ စူးစမ်းတဲ့အခါ၊ ဆင်ခြင်တဲ့အခါ၊ တရားနှလုံးသွင်းတဲ့အခါကာလ အမှန်အတိုင်းသိတယ်။ အမှန်အတိုင်းသိတာတွေက ပညာတဲ့။ ဒီတရားအားထုတ်တဲ့အခါမှာတော့ အရေးကြီးတယ်။ တရားအားထုတ်တဲ့အခါကာလမှာ ရှုတိုင်းရှုတိုင်း အာရုံကလေးတွေမှာ အမှန်အတိုင်းပေါ်တဲ့အတိုင်း သိသိသွားတာကလေးတွေကို ပညာအစစ်တွေ၊ တရားအားထုတ်မှုမရောက်သေးမီဆိုလို့ ရှိရင်တော့ ကမ္မသကတသမ္မာဒိဋ္ဌိတဲ့။ အဲဒါ ပညာပဲ။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိ ၅-ပါး

သမ္မာဒိဋ္ဌိ ၅-ပါးရှိတယ်။

(၁) **ကမ္မဿကတသမ္မာဒိဋ္ဌိ၊**

(၂) **ဈာနသမ္မာဒိဋ္ဌိ၊**

(၃) **ဝိပဿနာသမ္မာဒိဋ္ဌိ၊**

(၄) **မဂ္ဂသမ္မာဒိဋ္ဌိ၊**

(၅) **ဖလသမ္မာဒိဋ္ဌိ၊**

ပစ္စဝေက္ခဏာမထည့်ရင် (၅)ခု၊ သူတစ်ပါးထည့်ရင် (၆)ခု။

ဈာနသမ္မာဒိဋ္ဌိ

အဲဒီသမ္မာဒိဋ္ဌိ (၅)ခုရှိတယ်။ အဲဒီ (၅)ခုထဲမှာ ဈာနသမ္မာဒိဋ္ဌိဆိုတာကတော့ ဈာန်စိတ်ထဲပါတဲ့ အသိဉာဏ်ကလေးပါပဲ။ သူကတော့ ဈာန်သာမည်ဆိုလို့ရှိရင် သမ္မာဒိဋ္ဌိက မထင်ရှားပါဘူး။ ဘယ်လိုအခါမှ ထင်ရှားသလဲဆိုတော့ အဘိညာဉ် တွေကျတော့ ထင်ရှားတယ်။ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေ၊ ဈာန်တွေနိုင်နင်းတဲ့အခါကျတော့ စိတ်က ညွှတ်ကြည်လိုက်လို့ရှိရင် သူကမြင်တယ်။ အကြားအမြင်တွေ ပေါက်တယ် ဆိုတာ ဒီဥစ္စာတွေပါပဲ။ သူကမြင်တယ်။ တော်တော်နေရာကျသွားတယ်။

ယခု တရားအားထုတ်တဲ့ ယောဂီတွေလဲ သူတို့လဲ မြင်တာလေးတွေ တချို့ ရှိတယ်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းတော့လည်း မမြင်ပါဘူး။ ပါရမီအထူးရှိတဲ့ ပုဂ္ဂိုလ်တွေမှာ မြင်တတ်တယ်။ တရားအားထုတ်ရင် စိတ်နဲ့မှန်းကြည့်လိုက်လို့ ရှိရင် မြင်တယ်။ မြင်တဲ့အတိုင်း မှန်တယ်။ ဥပမာတွေက ကမ္မဋ္ဌာန်းကျောင်းမှနေပြီး သကာလ အိမ်သွားစဉ်းစားကြည့်တော့ အိမ်မှာဘယ်သူဘာလုပ်နေတယ်ဆိုတာ သူသိတယ်။ ဘယ်သွားတယ်လာမယ်လို့ ဒီလိုဟာတွေကိုသိတယ်။ ဒါဟာ သူက သမာဓိကို မှီပြီးတော့ ဖြစ်တဲ့အသိဉာဏ်တစ်မျိုးလို့ဆိုရမှာပေါ့။ အဘိညာဉ်နဲ့ တော်တူတူပါပဲ။ တချို့က ရွေးဘဝဟောင်းတွေ ပြန်ပေါ်နေတာတွေလဲ ရှိတယ်။ အဲဒီဟာလဲ အဘိညာဉ်မျိုးတွေပါပဲ။

http://www.dhammadownload.com

အဲဒီလို အဘိညာဉ်ကိစ္စတပ်တဲ့အခါကျတော့ ဈာန်နှင့်ယှဉ်တဲ့ဉာဏ်ဟာ သမ္မာဒိဋ္ဌိက ထင်ရှားလာတယ်။ အမြင်တွေ အမျိုးမျိုးမြင်နိုင်တယ်။ တကယ် အဘိညာဉ်အစစ်ကတော့ မြင်နိုင်ပါတယ်။ သူကတော့ လူပြည်တွေမျှားအကုန်လုံး၊ နတ်ပြည်လောကတွေရော, ဗြဟ္မာပြည်လောကတွေရော, ငရဲတို့, ပြိတ္တာတို့, အဲဒီလို ဟာတွေ အကုန်လုံးလျှောက်ပြီးတော့ မြင်နိုင်တာပဲ။ လောကရှိတဲ့သတ္တဝါတွေ ဆန်းဆန်းကြယ်ကြယ်တွေမြင်ရတယ်။ ဒါက ဒိဗ္ဗစက္ခုအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်ကလဲ လောကအကြောင်းအရာတွေကို ပြောဆိုနေကြတဲ့ အကုန်လုံးကြားတာပဲ။ နားထောင်ချင်လို့ရှိရင် သူကလဲပဲ ရေဒီယိုမပါဘဲနဲ့ တယ်လီဖုန်းဓာတ်ခွက်တွေ မပါဘဲနဲ့ အလိုလိုကြားချင်တဲ့ဟာတွေ ကြားလို့ရတယ်။

စေတောပရိယအဘိညာဉ်ဆိုတာ သူတစ်ပါးစိတ်တွေကို အကုန်လုံးသိနိုင်တယ်။ **ပုဗ္ဗေနိဝါသ**ဆိုတာ ရှေ့ဘဝကဖြစ်ခဲ့တာတွေ အဟောင်းတွေပြန်စဉ်းစားလို့ရှိရင်သိတယ်။

အနာဂတ်သဆိုလို့ရှိရင် နောင်ဖြစ်မယ့်အရေးတွေ နောင်ကာလအကြောင်းတွေကို သူကသိတယ်။ အဲဒီလိုသိတာတွေဟာ ဈာနသမ္မာဒိဋ္ဌိလို့ခေါ်တယ်။ ဒါကတော့ တရားအားထုတ်တဲ့အခါ အလိုလိုဖြစ်ရင်လဲဖြစ်၊ မဖြစ်ရင်လဲနေ၊ ကြောင့်ကြစိုက်ဖို့ မလိုပါဘူး။ **ဈာနသမ္မာဒိဋ္ဌိ။**

ဝိပဿနာသမ္မာဒိဋ္ဌိ

ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာကတော့ ဝိပဿနာရှုနေတဲ့အခါကာလ ရှုတိုင်းရှုတိုင်းသိနေတာ။ ဖောင်းတာမှတ် ဖောင်းတာသိတယ်၊ ပိန်တာမှတ် ပိန်တာသိတယ်၊ ထိုင်တာမှတ် ထိုင်တာသိတယ်၊ မြင်တာမှတ် မြင်တာသိတယ်၊ ကြားတာသိတယ်၊ နာတာ ကျင်တာ၊ ကိုက်ခဲတာသိတယ်၊ ဖြစ်တိုင်းဖြစ်တိုင်း တရားကလေးတွေ ဖြစ်တဲ့ အတိုင်းပဲ ဖြစ်တဲ့အတိုင်းအစကသိတာ။ သိပ်ပြီးထူးထူးခြားခြား မဟုတ်သေးဘူး။ အဲဒါကလဲ အသိဉာဏ်ပဲလို့ဆိုရတယ်။ အစကလဲ သူ့အထိုက်အလျောက်တော့ သိတာပဲ။ ကျောင်းစာသင်ရတာလိုပဲ။ စာသင်လို့ရှိရင် ဘာစာသင်သလဲဆိုရင် ကကြီး, ခကွေးက စပြီးတော့ တစ်လုံးချင်းသင်ရတယ်။

http://www.dhammadownload.com

တစ်လုံးသိတာလဲ သိတာပဲ။ နှစ်လုံးသိတာလဲ သိတာပဲ။ အစက တစ်လုံးမှမသိသေးတာပဲ။ နည်းနည်းသိရင်လဲ သိတာပါပဲ။ တချို့ကောင်းကောင်း မဖတ်တတ်သေးဘူး။ တစ်လုံးချင်း တစ်လုံးချင်း သိသေးတယ်။ ဒါလဲပဲ တစ်လုံးချင်း တစ်လုံးချင်းသိနေလို့ရှိရင် သူလဲပဲ အဲဒါလိုပေါ့။ အားထုတ်ခါစတော့ သူ့အခြေအနေရှိသလောက်ပဲ သူသိမယ်။ အများကြီးတော့ မသိသေးဘူး။ အဲဒါသိတာလေးတွေဟာ ဉာဏ်ပဲတဲ့။

မှတ်တိုင်းမှတ်တိုင်း အာရုံကလေးတွေသိ၊ နောက်တော့ သဘောကလေးသိလာတယ်။ ဖောင်းတယ်ဆိုရင် တောင့်တင်းတဲ့သဘော၊ လှုပ်တဲ့သဘောကလေးတွေပါပဲ။ သိလာတယ်၊ ပိန်တယ်ဆိုရင်လဲ ဒီလိုပဲ လှုပ်ရှားတဲ့သဘောကလေးတွေ၊ ကွေးတယ်ဆန့်တယ်ဆိုရင် တောင့်တင်းတဲ့သဘောလေးတွေ၊ စိတ်ကူးကြံစည်တယ်ဆိုရင် အာရုံဆီသို့ ရောက်သွားတဲ့သဘောကလေးတွေ၊ ကိုယ်ထဲက ကိုက်ခဲတာနာတာကျင်တာတွေ၊ ဝေဒနာမှတ်လို့ရှိရင်ဖြင့် အခံရခက်တဲ့သဘောကလေးတွေ၊ သဘောတရားကလေးတွေ အနေအားဖြင့်သိတာ၊ ဒါအဆင့်အတန်းတက်လာ တယ်။ နောက်တစ်နေ့ ဒီထက်အားကောင်းလာတဲ့အခါဆိုရင် အစပြုပြီးတော့ပေါ် လာလိုက် ပျက်သွားလိုက်၊ ဖြစ်ပေါ်လာလိုက် ပျက်သွားလိုက်၊ အစဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်၊ အစနှင့်အလယ်၊ အစနှင့်အဆုံးကို ပိုင်းခြားပြီးတော့ အဖြစ်အပျက်သိတာဟာ **ဥဒယဗ္ဗယဉာဏ်၊ အနိစ္စ**-မမြဲဘူးလို့ကိုသိလာတယ်။ ဖြစ်ပြီးတော့ ပျောက်သွားမှာပဲ။ ဘယ်မြဲတော့မှာလဲ မမြဲဘူးမှတ်တိုင်းမှတ်တိုင်း အာရုံကလေးတွေ ချက်ချင်းပျောက်သွားတယ်။ မမြဲဘူးသိတယ်၊ မှတ်သိတဲ့စိတ်ကလေးတွေဖြစ် ပြီးတော့ ပျောက်သွားတယ်။ မမြဲဘူးလို့သိတယ်။ အဲဒါ **နိစ္စဉာဏ်**တွေ ဖြစ်လာတယ်။ အဲဒါဖြင့် **ဒုက္ခ, အနတ္တ**ဉာဏ်လဲ ဖြစ်တာပါပဲ။ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်အသိ ကလေးတွေ ဖြစ်လာတာ အဲဒါဟာ သမ္မာဒိဋ္ဌိတဲ့။ နောက်အဲဒါ သမ္မာဒိဋ္ဌိမြင့်တဲ့အခါ ကျတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တော့ဖြစ်တော့ **မဂ္ဂင်သမ္မာဒိဋ္ဌိ၊ ဖလင်သမ္မာဒိဋ္ဌိ**ပေါ့လေ သူ့အရေးကြီးတာကတော့ **ဝိပဿနာသမ္မာဒိဋ္ဌိ**ပဲ၊ အားထုတ်ရမယ်။

http://www.dhammadownload.com

သမ္မာသတိပ္ပ

အဲဒီ **သမ္မာဒိဋ္ဌိ**ဖြစ်အောင် ဘယ်သူက ကူညီပေးသလဲ။ **ဝိတက်**က အကူအညီ ပေးနေတယ်။ **ဝိတက်**က ကြဲဆပေးနေတယ်။ အထူးတော့ တွေးကြံနေရတာ မဟုတ်ဘူး။ ရှုမှတ်ရမယ့်အာရုံဆီကို ရှေးရှုဦးတန်းပြီးတော့သွားတာ၊ ဖောင်းတာဆီသို့ ဦးတန်းသွား၊ ပိန်တာဆီသို့ဦးတန်း၊ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘောဆီသို့ ဦးတန်းသွား။ အခြားပြင်နေရာဆီသို့ မလှည့်ဘူး။ သဘောအမှန်ကလေးတွေဆီကို လှည့်နေသလို တက်ပေးနေသလိုပါပဲ။ အာရုံနဲ့အသိစိတ်နှင့် တစ်ခါတည်းကိုက်ပေးနေသလိုပါပဲ။ အာရုံဆီသို့ ဦးတန်းပေးနေတဲ့သဘော၊ **သမ္မာသတိပ္ပ**ခေါ်တယ်။

ရှုမှတ်တိုင်း သီလ, သမာဓိ, ပညာဖြစ်

အဲဒီ**သမ္မာသတိပ္ပ**က အကူအညီပဲ။ **သမ္မာဒိဋ္ဌိ**က သူက**ပညာကွန်ရှာ**အစစ်ပဲ။ သီလ, သမာဓိ, ပညာ, ၃-ပါးမှာ ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်ဆိုရင် ဒီ ၃ပါးလုံးပြည့်စုံနေတာပဲ။ စောစောကတည်းက တရားအားမထုတ်မိကဖြစ်စေ၊ အားထုတ်တုန်းကဖြစ်စေ၊ အားထုတ်ခါနီးမှဖြစ်စေ၊ သီလမပျက်ဘူး၊ ဆောက်တည်လိုက်တော့ အဲဒီကစပြီးတော့ သီလပြည့်စုံတာ၊ ရှုတိုင်းရှုတိုင်း **သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ**၊ ရှုတာတွေကလဲ ဖြစ်နေတာကိုး။ မှတ်တိုင်းမှတ်တိုင်း ကြောင့်ကြမှုပါတယ်။ အမှတ်ရမှုသတိပါတယ်။ မှတ်တဲ့အာရုံကလေးမှာ စိတ်တည်ကြည်တာပါတယ်။ ဘယ်ကိုမှမသွားဘူး။

ဖောင်းတာလေးမှတ်ရင် စိတ်ကလေးဖောင်းတာပေါ်မှာ ခဲကလေးပစ်ချလိုက်သလို အဲဒီဟာပေါ်မှာ တန့်ရပ်သွားသလိုပါပဲ။ ခဲလေးကမှ လိမ့်သွားသေးတယ်။ ဥပမာအားဖြင့် ဆန်အိတ်ကြီးနှင့်ပြောမှသာနေရာကျမယ်။ ဆန်အိတ်ကြီးကို ပခုံးပေါ်မှ ချလိုက်ရင် ချတဲ့နေရာမှာပဲကျနေတယ်။ လိမ့်မသွားဘူး။ သူက လေးနေတာကိုး။ အဲဒါလိုပါပဲ။ မှတ်ရာမှတ်ရာ အာရုံကလေးအပေါ်မှာ စိတ်ကလေးဖြစ်လိုက်၊ ကပ်ကနဲ ကပ်ကနဲ တည်နေတာ **သမ္မာဒိဋ္ဌိ**၊ မှတ်တိုင်းမှတ်တိုင်းဖြစ်နေတာဟာ သမ္မာဒိဋ္ဌိဖြစ်တယ်။ သီလ, သမာဓိနဲ့ပြည့်စုံတယ်။ သမာဓိတင်မကဘူး။ မှတ်တိုင်း

http://www.dhammadownload.com

မှတ်တိုင်း အမှန်ကလေးတွေသိနေတာက ပညာတွေပဲ။ ရုပ်နာမ်သဘောကလေးတွေကို အမှန်အတိုင်းသိနေတာပညာပဲ။ ဖြစ်ပျက်နေတာကလေးတွေကို အတော်ကြာတော့ သိလာတယ်။ ပိုကောင်းလာတာပေါ့လေ။ ပျက်ပြီးမမြဲတဲ့ဆိုတာကလေးတွေ မှတ်ရင်းမှတ်ရင်းသဘောကျပြီးတော့ သိလာတယ်။ အဲဒါပညာတွေပေါ့။ ဒါတွေ ပညာအစစ်တွေ သင်ကြားယူလို့ဖြစ်တာ မဟုတ်ဘူး။ ကိုယ်တိုင်တွေ့ပြီးတော့ သိနေတယ်။ ကိုယ်တွေ့ပညာတွေ ကိုယ်တိုင်သိတဲ့ပညာတွေ မျက်မှောက်ပညာတွေ၊ အဲဒီပညာတွေဖြစ်တယ်။ ဒါကြောင့် -

မှတ်တိုင်းမှတ်တိုင်း သီလလဲ ဖြစ်တယ်။ သမာဓိလဲ ဖြစ်တယ်။ ပညာလဲ ဖြစ်တယ်။ သီလ, သမာဓိ, ပညာဖြစ်တော့ မဂ္ဂင်ရှစ်ပါးလုံး ဒီအထဲမှာပါတယ်။ အဲဒါဟာ မဂ္ဂင်ဖောင်ဖွဲ့တာပဲ။ မဂ္ဂင်ဖောင်ဖွဲ့တယ်။

မဂ္ဂင်ဖောင်နှင့်တူးရာ ဝီရိယအရေးကြီး

မဂ္ဂင်ဖောင်ဖွဲ့ပြီးတော့ ကူးရလိမ့်မယ်။ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကိုကူးရတယ်။

တဿ ဟတ္ထေဟိ စ ပါဒေဟိ စ ဝါယာမောတိဓါ သိက္ခေ ဝီရိယာရမ္ဘဿတဲ့ အဓိဝစန်း

(သဋ္ဌာယတန ဝဂ္ဂသံယုတ်၊ နှာ - ၃၈၃)

သိက္ခေ၊ ရဟန်းတို့။ **တဿ**၊ ထိုယောက်ျား၏။ **ဝါ-တဿ**၊ ထိုမြွေထိန်းယောက်ျား၏။ **ဟတ္ထေဟိစ**၊ လက်တို့ဖြင့်လည်းကောင်း။ **ပါဒေဟိစ**၊ ခြေတို့ဖြင့်လည်းကောင်း။ **ဝါယောမောတိ ဓါတေ**၊ အားထုတ်ခြင်းဟူသော ဤအမည်သည်။ **ဝီရိယာရမ္ဘဿ**၊ လုံ့လဝီရိယကိုအားထုတ်ခြင်း၊ လုံ့လဝီရိယကို ဖြစ်စေခြင်း၏။ **အဓိဝစန်**၊ အမည်ပါပေတည်း။

ဒီဘက်ကမ်းက ဟိုဘက်ကမ်းရောက်အောင် ဖောင်ပေါ်မှာ၊ ဖောင်ပေါ်မှာဆိုရင်လဲ ကောင်းကောင်းမွန်မွန်တော့ မဟုတ်ဘူး။ မြက်တို့, သစ်ခက်တို့, သစ်ရွက်တို့, နွယ်တို့, အနီးအပါးကမ်းစမှာ ရှိတာကလေးတွေစုပေါင်းပြီးတော့ နွယ်နှင့်ဘာနှင့်ချည်ပြီးတော့ အဲဒီမှာလူတစ်ကိုယ်ခိုင်အောင် ဝမ်းလျားမှောက်ပြီးတော့ ကူးရမှာ

http://www.dhammadownload.com

ကိုး။ ဝမ်းလျှားမှောက်ပြီးတော့ တက်တို့ဘာတို့မရှိတော့ လက်နဲ့ခြေနဲ့ပဲ၊ လက်နဲ့ယက်၊ ခြေနဲ့ကန်ပြီးတော့ ကူးရမယ်ကိုး။

ဟတ္ထေဟိ ၀ ပါဒေဟိ ၀ ဝါယာမော၊ လက်နဲ့ခြေနဲ့တစ်ခါတည်း ယက်ကန်ပြီးတော့ ပြေးရမယ်။ ရန်သူတွေက ဟိုကလိုက်လာတယ်။ မြွေကြီးလေးကောင်က တရှူးရှူးနဲ့ ကိုက်မယ်လို့ လိုက်လာတယ်။ ရန်သူကြီး ၅-ယောက်က ဓားမိုးပြီးတော့ လိုက်လာတယ်။ ကိုယ့်မိတ်ဆွေ ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ မိတ်ဆွေကလဲပဲ လက်နက်ကိုင်စွဲပြီးတော့ လိုက်လာတယ်။ ရွာပျက်ထဲ ဝင်ရာကနေပြီး ဓားပြတွေက ရွာပျက်ထဲကလိုက်လာလို့ သူတို့ကလဲ ခြောက်ယောက် လိုက်လာတယ်။ အဲဒီတော့ ရန်သူတွေက မြွေကလေးကောင်၊ ရန်သူကြီး က ၅-ဦး၊ လေးနဲ့ငါးပေါင်းတော့ ၉-ဦး၊ ငယ်ပေါင်းကြီးဖော်ဖြစ်တဲ့ရန်သူက ၁-ဦး၊ ပေါင်းတော့ ၁၀-ဦး၊ နောက်ထပ်ရွာပျက် ဓားပြ ၆-ဦး၊ ထည့်လိုက်တော့ တစ်ဆယ့်ခြောက် (၁၆) ယောက်ရှိသွားပြီ။ ရန်သူတစ်ဆယ့်ခြောက်ဦးက လာနေတယ်။ မလှမ်းမကမ်းက မြင်နေတယ်ဆိုရင် သာ၍ကြောက်ရမယ်ပေါ့။ နီးလာလို့ရှိရင် ကြောက်ရမယ်၊ မြန်မြန်ကူးရမယ်၊ အဲဒီမှာလက်နဲ့ယက်၊ ခြေနဲ့ကန်ပြီးတော့ ကူးရတယ်။ လက်နဲ့ယက်၊ ခြေနဲ့ကန်တယ်ဆိုလို့ရှိရင် -

ဝီရိယာရမ္ဘဿ၊ ဝီရိယကိုအားထုတ်ခြင်း၏၊ ဝီရိယလုံ့လကိုဖြစ်စေခြင်း၏၊ **အဓိဝစနံ**၊ အမည်ပါပဲ။ ဝီရိယလုံ့လကို ဖြစ်စေတာပါပဲ။ တရားအားထုတ်တဲ့အခါမှာ ဒီဝီရိယက အရေးကြီးတာကိုး။ ဒါလေးနဲ့အားထုတ်ရတယ်။ ဝီရိယလုံ့လ ဝီရိယနဲ့ ကြောင့်ကြစိုက်ပြီးတော့ မှတ်နေရတာ။ ဖောင်းတိုင်း ပိန်တိုင်း မှတ်မိအောင် ဝီရိယလုံ့လမရှိဘဲနဲ့ ပျင်းနေရင် ဘယ်မှတ်လို့ဖြစ်မှာတုန်း၊ မမှတ်မိဘူး။ တချို့ တရားနာရတာ ပျင်းတာနဲ့ တရားနာတောင်မလာနိုင်ဘူး။ ပျင်းနေတာနဲ့ တရားနာတောင် မလာနိုင်ဘူး၊ ကုသိုလ်မဖြစ်ရဘူး၊ တရားနာတဲ့ကုသိုလ်တောင် မဖြစ်ဘူး။ ဘုရားရှိခိုးရမှာ ပျင်းတာနဲ့ ဘုရားရှိခိုးရတဲ့ကုသိုလ်တောင်မရဘူး။ ဘုရားရှိမခိုးဘဲနေတော့ ကုသိုလ်မဖြစ်ဘူး။ ဒါနကုသိုလ်တွေ ဒီလိုပဲ လှူဒါန်းပေးကမ်းတဲ့နေရာမှာ ချက်တာ ပြုတ်တာ ပျင်းတာနဲ့ ဒီလိုဟာလဲရှိတာပဲ။ ပျင်းလို့ကိုယ်တိုင်မလုပ်ဘူး။ သူများကို

http://www.dhammadownload.com

ခိုင်းကြတယ်။ ကိုယ်စားလှယ်နဲ့ အဲဒါဒီလိုလုပ်တာလဲ ကုသိုလ်အရ နည်းသွား တာပေါ့။ အဲဒီလို လုံ့လဝီရိယက လျော့ရဲပြီးတော့နေလို့ရှိရင် ကုသိုလ်တွေဟာ အဖြစ်နည်းတယ်။ လုံ့လဝီရိယ တင်းတင်းရင်းရင်းရှိနေမှ ကုသိုလ်တွေဟာ ဖြစ်တာကိုး။

လုံ့လဝီရိယအားကောင်းနေတဲ့ ပုဂ္ဂိုလ်တွေက လောကရေးရာတွေမှာလဲ သူကတော့ အနားမနေရဘူး။ လုပ်နေတာပဲ။ အားနေလို့ကို မဖြစ်ဘူး။ သူမှာ အလုပ်လုပ်နေတာပဲ။ အင်မတန်တွင်ကျယ်ပါတယ်။ တရားရေးရာဘက်မှာလဲ လုံ့လ ဝီရိယရှိတဲ့ပုဂ္ဂိုလ်ဟာ တွင်ကျယ်တယ်။ စာပေကျမ်းဂန်တွေ သင်ကြားတဲ့ပုဂ္ဂိုလ်တွေ မှာလဲ ဒီလိုပါပဲ။ ဝီရိယရှိတဲ့ပုဂ္ဂိုလ်က ကွာတာပဲ။ ဝီရိယရှိတဲ့ပုဂ္ဂိုလ်က စာကို အမြဲတမ်းမှတ်တယ်, ရေးတယ်, ရွတ်ဆိုတယ်, နှလုံးသွင်းတယ်။ ဒီဟာလုပ်နေတာပဲ။ မအားဘူး။ သူက ဒီတော့ သူမှာ အသိဉာဏ်တွေတိုးနေတယ်။ ရပြီးသားတွေလဲ မပျောက်ဘူး။ ရပြီးသားတွေလဲ အထူးမှတ်မိတယ်။ လုံ့လဝီရိယမရှိတဲ့ပုဂ္ဂိုလ်က ဒီလိုမဟုတ်ဘူး။ ဆရာသမားဆီ စာတက်လို့ရှိရင် စာလိုက်ပြီးလျှင် စာအုပ်ကို ထိုးထားလိုက်တာပဲ။ သူကစဉ်းစားလဲ မစဉ်းစားဘူး။ သွားချင်ရာသွား၊ လုပ်ချင်ရာ လုပ်၊ အိပ်ချင်ရာလဲ အိပ်နေတယ်။ ဘယ်မှာတိုးတက်လိမ့်မှာတုန်း မတိုးတက် နိုင်ဘူး။

အခု လောကရေးရာ၌ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ကြားရ တယ်။ ကျောင်းတွေမှာ စာသင်တဲ့ကလေးသူငယ်တွေမှာလဲ ဒီလိုပဲ။ လုံ့လဝီရိယ ကောင်းတဲ့ ပုဂ္ဂိုလ်တွေမှာက အမြဲတမ်းကျက်မှတ်လေ့လာနေတော့ စာမေးပွဲ အောင်တယ်။ တချို့လုံ့လဝီရိယက မကောင်းဘူး။ ပျင်းနေတာနဲ့ စာမေးပွဲက ကျတယ်။ တချို့ကလဲ ကံမကောင်းတော့ ကျတာတွေလဲ ရှိကောင်းရှိမယ်။ ဒီလိုချည်း ပဲတော့ မဟုတ်ဘူး။ များသောအားဖြင့်တော့လဲ ပျင်းနေတဲ့ ပုဂ္ဂိုလ်တွေက မအောင်မြင်ဘဲ ဖြစ်တတ်တယ်။ အဲဒါ လောကရေးဘက်က။

တရားရေးဘက်မှာလဲ တရားအားထုတ်တဲ့အခါမှာ လုံ့လဝီရိယကောင်းတဲ့ ပုဂ္ဂိုလ်တွေက ကြိုးကြိုးစားစားအားထုတ်တာ။ ကမ္မဋ္ဌာန်းကျောင်းသို့ ရောက်လာ ကတည်းက ကြိုးကြိုးစားစားမှတ်တော့တာပဲ။ မှတ်တော့ တစ်နေ့တခြား သမာဓိ

http://www.dhammadownload.com

တွေက တိုးတက်လာတယ်။ နေ့စဉ်နေ့စဉ် ကမ္မဋ္ဌာန်းဆရာကို ပြောစရာရှိတယ်။ ပြောစရာတွေမှာ များလို့တောင်နေသေးတယ်။ တိုးတက်နေတယ်။ အချို့ လုံ့လ ဝီရိယမရှိတဲ့ပုဂ္ဂိုလ်က ကောင်းကောင်းမမှတ်ဘူး။ မတိုးတက်ဘူး။ မတိုးတက်တော့ ပြောစရာမရှိဘူး။ ဒါလဲပဲ လုံ့လဝီရိယလျော့တဲ့ပုဂ္ဂိုလ်လဲ ရှိတယ်။

တချို့လဲ လုံ့လဝီရိယနဲ့ အားထုတ်ပေမယ့် ပါရမီဉာဏ်ကနည်းလို့ ဉာဏ်က တိုးကိုမတိုးတက်ဘူး။ ရှိတော့ရှိတယ်။ ဒါပေမယ်လို့ ကြိုးတော့ ကြိုးစားရှာပေတယ်။ ဒါပေမယ်လို့ ပါရမီဉာဏ်ကိုက အဆင်မပြေလို့ ရွေးဘဝက အလေ့အလာက နည်းခဲ့လို့ ဆိုရမှာပေါ့လေ။ ဖြည်းဖြည်းချင်းတက်တဲ့ ပုဂ္ဂိုလ်ကလဲ ရှိပါတယ်။ ဖြည်းဖြည်းတက်တယ်ဆိုပြီးတော့ အားတော့မငယ်ရဘူး။ ဒီလိုပဲ အချိန်ကျရင် ရောက်မှာပဲဆိုပြီးတော့ လုံ့လဝီရိယမလျော့ပဲနဲ့ ကိုယ်လုံ့လကတော့ လုံ့လအားထုတ်ဖို့ပဲ။ တရားမတက်တာ တက်တာ ကိုယ့်တာဝန်မဟုတ်ဘူးဆိုပြီးတော့ စိတ်ချလက်ချနဲ့ ဒီလိုပဲအားထုတ်ရတယ်။ အားထုတ်လို့ရှိရင် ဒီလိုပဲနောက်ဆုံးတစ်နေ့ကျရင်ဖြစ်တာပဲ။ အားမထုတ်လို့ရှိရင် ဉာဏ်ကောင်းသော်လဲ မဖြစ်ဘူး။ အဲဒီတော့ လုံ့လ ဝီရိယနဲ့ ကြိုးစားရတယ်။ နေရာတကာမှာပဲ အသုံးကျတာပဲ ဒီလုံ့လဝီရိယဟာ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်အသုံးကျတယ်။

အသက်မွေးမှုလေးခု

ဥဋ္ဌာန ဖလူပဇီဝိ၊
ကမ္မဖလူပဇီဝိ၊
ဥဋ္ဌာန ကမ္မဖလူပဇီဝိ၊
နေဝဥဋ္ဌာန နကမ္မဖလူပဇီဝိ၊

လောကအသက်မွေးမှုမှာလဲ လေးခုခွဲထားတယ်။ မြတ်စွာဘုရားက -

http://www.dhammadownload.com

လုံ့လအကျိုးခံစားရသူ

ဥဋ္ဌာနဖလူပဓိဝိ-ဆိုတာက လောကမှာ စားရေးသောက်ရေးကို အမြဲတမ်း ကြောင့်ကြစိုက်နေမှ စားမှုသောက်မှု ပြည့်စုံတယ်။ ရှေးကကဲ့အကျိုးပေး မကောင်း ဘူးပေါ့လေ။ သူကတော့ လက်နဲ့မပြတ်လုပ်နေမှ စားရုံသောက်ရုံ နေရုံထိုင်ရုံရ တယ်။ ဒီလိုပုဂ္ဂိုလ်က လုံ့လဝီရိယနဲ့ အမြဲတမ်းအားထုတ်နေရတာပဲ။ ပျင်းနေလို့ မရဘူး။ စားစရာက နေ့စဉ်လုပ်မှ နေ့စဉ်ရတယ်။ လုံ့လဝီရိယနဲ့ ကြိုးစားပြီး လုပ်နေမှ ရတယ်။ အဲဒီတော့ လုံ့လဝီရိယက အကျိုးရှိတာပါပဲ။

ကံအကျိုး ခံစားရသူ

သူက **ကမ္မဖလူပဓိဝိ**-တဲ့၊ ကုသိုလ်ကံက အကျိုးပေးတယ်။ ကုသိုလ်ကံက အကျိုးပေးနေတော့ လုံ့လဝီရိယနဲ့ ပင်ပင်ပန်းပန်းရယ်လို့ အားမထုတ်ရဘူး။ သူဘာမှ အားမထုတ်ရဘဲနဲ့လဲ ချမ်းသာကြွယ်ဝနေတာရှိတာပေါ့လေ။ ရှေ့ခေတ်တုန်းကဆိုရင် သာပြီးတော့ပိုမျှားတာပေါ့လေ။ ဒီလိုဟာတွေ အခုခေတ်မှာတော့ နည်းနည်းတော့ နည်းကုန်ပြီ။ အဲဒါ ကံကအကျိုးပေးတော့။ ပဋိသန္ဓေကတည်းက ပြည့်စုံကြွယ်ဝတဲ့ မိဘတွေ မွေးပြီးတော့ သားသမီးဖြစ်လာတယ်။ ငယ်ငယ်ကလေးက ချမ်းသာတယ်။ အဲဒါတွေကကြိုးတဲ့အခါလဲ ချမ်းချမ်းသာသာနဲ့ သိပ်ပြီးတော့ အားမထုတ်ရဘဲနဲ့ ချမ်းချမ်းသာသာ ဖြစ်တယ်။ ဒါဟာ **ကမ္မဖလူပဓိဝိ** ကံသက်သက်နဲ့ အကျိုးပေးတယ်။

လုံ့လနှင့်ကံအကျိုးခံစားရသူ

အချို့ကလည်း လုံ့လဝီရိယရော ကံရောနှစ်ခုလုံးပဲ။ ကံကလဲ အကျိုးပေး ပါတယ်။ ဒါပေမယ်လို့ လုံ့လလဲ အားထုတ်ရတယ်။ နှစ်ခုလုံးမှတော်ရုံပဲ ရှိတယ်။ ဒါက **ဥဋ္ဌာနတမ္မဖလူပဓိဝိ**။

လုံ့လနှင့် ကံအကျိုးမခံစားရသူ

တချို့က လုံ့လဝီရိယနဲ့လုပ်လို့ကလဲပဲ အကျိုးမခံစားရဘူး။ ကံကလဲ အကျိုး မပေးဘူးတဲ့။ ဒါကတော့ လူဘုံမှာတော့ ဒီလိုဟာမျိုးရှားပါတယ်။ လူဘုံမှာ ရှိပုံ

http://www.dhammadownload.com

မရဘူး။ အပါယ်ဘုံမှာရှိတယ်။ ငရဲဘုံတို့မှာ လုံ့လဝီရိယနဲ့ဆုမ်းသာအောင် လုပ်လို့လဲ မဖြစ်ဘူး။ ကံကလဲသွား၍ အကျိုးမပေးဘူး။ ဒုက္ခရောက်နေတယ်။ ပြိတ္တာတွေလဲ ရှိတယ်။ လုံ့လဝီရိယနဲ့ ဘာမှမလုပ်နိုင်ဘူး။ ဒုက္ခရောက်တယ်။

လုံ့လအရေးကြီး

အဲဒီအထဲမှာ ကံအကျိုးမပေးနဲ့ဦးတော့ လုံ့လဝီရိယနဲ့အားထုတ်လို့ရှိရင် လုံ့လဝီရိယတော့ အထိုက်အလျောက်တော့ဖြစ်တယ်။ **ဥဋ္ဌာနဖလူပဓိ**ဝိတဲ့။ တော်သေးတယ်တဲ့။ လုံ့လဝီရိယက လောကရေးရာနဲ့ ကြည့်မယ်ဆိုလို့ရှိရင် သူကအသုံးကျပါတယ်။

တရားရေးရာနဲ့ကြည့်လို့ရှိရင်လဲ တရားအားထုတ်တာကတော့ ပိုပြီးတော့ အရေးကြီးတာပေါ့လေ။ အဲဒီ လုံ့လဝီရိယကတော့ ကြောင့်ကြဗျာပါရစိုက်ပြီးတော့ အားထုတ်မှ၊ တရားအားထုတ်တဲ့ဥစ္စာ မှတ်ရမယ်ဆိုရင် မှတ်နေမှ၊ ဒီပြင်ဟာ မလုပ်နဲ့ ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်၊ အထဲကနေပြီးတော့ မြင်တာကြားတာဆိုရင်လဲ လိုက်မှတ်၊ ကွေးတာဆန့်တာလှုပ်ရှားတာပေါ်ရင်လဲမှတ်၊ စိတ်ကူးတာ ပေါ်ရင်လဲမှတ်၊ ဝေဒနာပေါ်ရင်လဲမှတ်၊ အကုန်လုံး ကိုယ်အမူအရာ စိတ်အမူအရာတွေ အကုန်လုံးဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း အကုန်လုံး တစ်ခါတည်းမှတ်၊ မပျင်းမရိ တစ်ခါတည်းမှတ်၊ ဒီလိုမှတ်တဲ့ပုဂ္ဂိုလ်ဟာ ဝီရိယရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ပျော်တယ်။ အဲဒီလိုမှတ်ရင်၊ တစ်ခုပြီးတစ်ခု တစ်ခါတည်းရှုမှတ်နေတာ။ စိတ်ထဲမှာ စိတ်ဝင်စားပြီးတော့ ပျော်နေတယ်။

အဲဒီလို စိတ်ပါလက်ပါနဲ့ အားထုတ်နေတော့ ဒါဟာ ဖောင်ပေါ်မှာ ဝမ်းလျှားမှောက်ပြီးတော့ ကူးနေတာ။ နောက်ကလဲ ရန်သူတွေ တစ်ဆယ့်ခြောက်ယောက်၊ အဲဒီ ရန်သူတွေ တစ်ဆယ့်ခြောက်ယောက်ကဝေးအောင်လို့ လက်နဲ့တစ်ခါယက်လိုက်ရင်ဖြင့် တစ်ပေလောက်သွားလို့ရှိရင် တစ်ပေလောက်တော့ ဝေးသွားတာပေါ့။ ခြေထောက်နဲ့ တစ်ခါကန်လိုက်လို့ရှိရင် တစ်ပေလောက်သွားရင် တစ်ပေလောက်ဝေးသွားတာပေါ့။ ယက်တိုင်းကန်တိုင်းဟာ တစ်ပေနှစ်ပေ၊ နှစ်ပေက သုံးပေ၊ ပေတရာ၊ ပေတစ်ထောင်စသည်ဖြင့် ရှေ့ဝေးသွားမှာကိုး။ ရန်သူတွေနဲ့ ဝေးဝေး

http://www.dhammadownload.com

ပြီးတော့သွားတယ်။ ကမ်းစကို ရန်သူတွေကရန်သူကြီးတွေ အနားရောက်လာပေမယ်လို့ သူတို့နယ်ပယ်က ဆုံးနေ၍ သူတို့ကမလိုက်နိုင်ဘူးတဲ့။ တကယ်မလိုက်နိုင်လို့ ဒီမှာပဲနေရတယ်။ ဒီကောင်ဟာ ပြန်လာဦးမယ်။ လာစောင့်တော့စောင့်နေဦးမယ်ပေါ့။

ဒီမှာ ကူးနေရတယ်။ အဲဒါ ခြေထောက်နဲ့ကန် လက်နဲ့ယက်ပြီးတော့ ကူးနေတယ်ဆိုတာ ဘာလဲဆိုတော့ **ဆမ္မာဝါယာမ ဝီရိယာရမ္ဘ** ကြီးစားအားထုတ်ခြင်းပဲ။ အခုနေက မဂ္ဂင်ရှစ်ပါးတရားထဲမှာ **ဆမ္မာဝါယာမမဂ္ဂင်**၊ အမှတ်သတိဖြစ်အောင် ရှုမှတ်မှုလေးဖြစ်ရမယ်။ အမြဲကြောင့်ကြစိုက်ပေးနေတဲ့ **ဆမ္မာဝါယာမမဂ္ဂင်**ဟာ ကူးတာပါပဲတဲ့။ ယောဂီပုဂ္ဂိုလ်တွေဟာ တရားအားထုတ်လို့ရှိရင် ရှုတိုင်းမှတ်တိုင်း ကြောင့်ကြစိုက်မှုကလေးတွေ ရှိတယ်ဆိုတာဟာ ဒါကူးနေတာပါပဲ။ ကြောင့်ကြစိုက်မှုကလေးလျော့သွားပြီဆိုလို့ရှိရင် ကူးတာသိပ်နေရာမကျဘူး။ ပုံမတော်နစ်လိမ့်မယ်။ အဲဒီတော့ အသာကလေးကြောင့်ကြစိုက်ပြီးတော့ အမြဲမှတ်နေရမယ်။

အဲဒီလိုကူးပြီးတော့သွားတော့ ပင်လယ်ကွေ့ သို့မဟုတ် ရေပြင်ကျယ်ကြီး၊ ရေလက်ကြား အဲဒါက ဘယ်လောက်ကျယ်သလဲဆိုလို့ရှိရင် တစ်ယူဇနာ, တစ်ယူဇနာဆိုတော့ ယူဇနာနဲ့တွက်လို့ရှိရင် တစ်ယူဇနာမှာ လေးဂါဝုတ်ရှိတယ်။ အိန္ဒိယထဲမှာ တစ်ယူဇနာခရီးတွေကို ရှစ်မိုင်လောက်ရှိတယ်လို့ဆိုပါတယ်။ ၇-မိုင် ၈-မိုင်ဆိုတာ ဟိုတုန်းကလဲ တိတိကျကျတိုင်းထားတာမှ မဟုတ်တာကိုး။ ဟိုတုန်းကတော်ရုံပဲ။ ဟိုတုန်းကတော့ ခန့်မှန်းခြေနဲ့ပဲ အရပ်သုံးစကားဖြစ်နေတယ်။ အဲဒါတွေကို သေချာစွာတိုင်းလိုက်တဲ့အခါကာလကျတော့ ၇-မိုင်၊ ၈-မိုင်၊ ၉-မိုင်လောက်တော့ ရှိတာပေါ့။ ပြီးတော့ လမ်းကတော့ အဖြောင့်အကွေ့အကောက်တွေ ပါပါလိမ့် ဦးမယ်။ ရှေးကသွားတာက ဖြောင့်ချင်လျှင်လဲ ဖြောင့်မယ်။ အခုဟာက ကောက် ချင်ရင်လဲ ကောက်နေဦးမယ်။ ရှေးကဟာတွေကကောက်ပြီးတော့ များသောအားဖြင့် ရှေးကဟာတွေက ကောက်လိမ့်မယ်။ ရှေးကလမ်းတွေက လှည်းတို့ ဘာတို့သွားတဲ့လမ်း၊ ပုံတော်သလိုစမ်းပြီးတော့ ဖြောင့်ဖြောင့်ဖောက်ပြီးတော့ ဖောက်ထားတဲ့လမ်းတွေ။

http://www.dhammadownload.com

အဲဒီတော့ ပြောလို့ဆိုလို့ကောင်းအောင် ရှစ်မိုင်ပဲထားပါတော့။ စာပေကျမ်းဂန်ထဲမှာပါတဲ့ ယူဇနာကတော့ ၁၃-မိုင်လောက်နီးနီးရှိပါတယ်။ များပါတယ်။ သူကတော့ ရှစ်မိုင်လောက်ထားပါတော့။ ဒီထက်တိုးတဲ့ ယူဇနာကလေးတွေလဲ ရှိပါတယ်။ အခုတော့ ရှစ်မိုင်လောက်ပဲထားပါတော့။ နှစ်မိုင်ဆိုလျှင် တဂါဝုတ်၊ လေးမိုင်ဆိုလျှင် နှစ်ဂါဝုတ်၊ ၆-မိုင်ဆိုလျှင် ၃-ဂါဝုတ်၊ ၈-မိုင်ဆိုတော့ တစ်ယူဇနာရှိပြီးတော့ ဟိုဘက်ကမ်းရောက်မယ်ကိုး။

ဒီက မြွေထိန်းယောကျ်ားဟာ မြွေကြီးလေးကောင်ကြောက်လို့၊ ရန်သူကြီးငါးယောက်ကိုလဲ ကြောက်လို့၊ မိတ်ဆွေရန်သူလဲ ကြောက်လို့၊ ဓားပြကြီးတွေလဲ ကြောက်လို့၊ ကြောက်အားလန့်အားနှင့် အတင်းကူးရတယ်။ အတင်းကူးရတယ်။

အခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ ဒီဟာပဲ။ အဲဒီဟာတွေကြောက်လို့ပဲ မြွေကြီးလေးကောင်နဲ့တူတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး၊ ဓာတ်ကြီးလေးပါး အကြောင်းပြုပြီးတော့ အဲဒီဒုက္ခတွေရောက်ရတယ်။ ခန္ဓာငါးပါးတည်းဟူသော ရန်သူငါးယောက်အကြောင်းပြုပြီးတော့ ဘဝသစ်တွေဖြစ်ရတယ်။ ဘဝသစ်တွေဖြစ်၊ ဖြစ်ရာဘဝ အိုရ, နာရ, သေရ, ဒုက္ခသောကတွေရောက်ရတယ်။

မိတ်ဆွေရန်သူနဲ့တူတဲ့ နန္ဒီရာဂထက် ဘဝသံသရာမှာ သာယာနေတယ်။ ကိုယ့်ဟာကလေးနဲ့ကိုယ် သာယာ၊ ကိုယ့်အတွေ့အကြုံကလေးတွေနဲ့ တွေ့ကြုံခံစားပြီးတော့ သာယာ၊ ရှေ့ကတွေ့ဖူးကြုံဖူးတဲ့ဟာတွေ ပြန်ပြီးသာယာ၊ နောက်လဲ အသစ်အသစ်ဖြစ်ဖို့ ဘဝတွေမှာသာယာ၊ ဘဝအသစ်ဖြစ်ဖို့ဟာတွေမှာ သာယာနေတယ်။ နန္ဒီရာဂရှိတဲ့ အဲဒီသာယာမှုရှိနေသမျှ ကာလပတ်လုံး ဘဝသစ်ကထပ်ကာ ထပ်ကာဖြစ်ပြီးတော့ အိုရ, နာရ, သေရ, ဒုက္ခတွေရောက်၊ အပါယ်လေးဘုံကျရောက်၊ ဒုက္ခတွေရောက်၊ နန္ဒီရာဂတည်းဟူသောရန်သူ။

ဓားပြကြီးခြောက်ယောက်ရန်သူ၊ ဓားပြကြီးခြောက်ယောက်ရန်သူကတော့ အာရုံခြောက်ပါးပဲ။ အာရုံခြောက်ပါး အကြောင်းပြုပြီးတော့ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက်၊ ဒီအာရုံခြောက်ပါးလိုက်ပြီးတွေးနေရနဲ့၊

http://www.dhammadownload.com

အကုသိုလ်တွေဖြစ်၊ အကုသိုလ်တွေကအကျိုးပေး၊ အပါယ်လေးဘုံတွေကျပြုပြီးတော့ ကုသိုလ် ကောင်းမှုတွေပြုပြုနိုင်ရင် လူဘဝ, နတ်ဘဝ, ကောင်းတဲ့ဘဝတွေဖြစ်ပါရဲ့ ဖြစ်ရာ ဘဝမှာ အိုရ, နာရ, သေရ, ဒုက္ခတွေရောက်ရ၊ အဲဒီတော့ ဒါတွေကို ကြောက်ရတာကိုး။ ဒါတွေဟာ ကြောက်စရာတွေပဲ။ အခြားမဟုတ်ဘူး။ ကိုယ့်ကိုယ်ထဲမှာ ရှိနေတာပဲ။ များသောအားဖြင့် ကိုယ့်ကိုယ်ထဲမှာရှိတယ်။

တရားအားထုတ်ခြင်း

အဲဒီရန်သူကြီးတွေက လွတ်မြောက်အောင်လို့ တရားအားထုတ်ရတယ်တဲ့။ ရှေးရှေးသော ဘဝတွေကလဲ ဘဝအသစ်ဖြစ်ပြီးတော့ အိုခဲ့ရ, နာခဲ့ရ, သေခဲ့ရတာများလှပြီတဲ့။ စိုးရိမ်ပူဆွေးရတာတွေ များခဲ့ရလေပြီ။ ကိုယ့်အလိုအတိုင်းမပြည်ဝလို့ ဒုက္ခရောက်တာတွေများခဲ့ရလေပြီ။ နိုင်တဲ့ပုဂ္ဂိုလ်တွေက ညှဉ်းဆဲသတ်ဖြတ်လို့ သေခဲ့ရတာတွေလည်း များလှပြီ။ နိုင်တဲ့ပုဂ္ဂိုလ်တွေက တိရစ္ဆာန်ပုဂ္ဂိုလ်တွေကို စောင့်ကြည့်နေမယ်ဆိုရင် တစ်ကောင်တစ်ကောင် စားနေကြတာပဲ။ သူတို့မှာတော့ တစ်ကောင်တစ်ကောင်စားစရာတွေပဲဖြစ်နေတယ်။ နိုင်တဲ့ပုဂ္ဂိုလ်က သူတို့စားစရာဟင်းသီးဟင်းရွက်လိုဖြစ်နေတယ်။ ဖြစ်နေတော့ သူတို့စားနေတာပဲ။ အဲဒီလိုပဲ သူတို့ကိုနိုင်တဲ့ပုဂ္ဂိုလ်ကလာစား၊ သူတို့လည်းခံရတာပဲ။ တစ်ကောင်တစ်ကောင် နိုင်ရာကနေ စားနေတာကိုး။ အဲဒီလိုဘဝတွေလည်း ဘယ်လောက်ဖြစ်နေမှန်းမသိဘူး။ သူတစ်ပါးက ကိုယ့်နိုင်လို့စားသွားတဲ့ဘဝတွေ၊ ကိုယ်လည်း စားတဲ့အခါရှိမှာပဲ။ သူ့ကိုလည်း သူများကစား၊ ကိုယ့်ကို သူတစ်ပါးကစား၊ ဒီလိုသေခဲ့ရတဲ့ဘဝတွေလည်း များခဲ့လှပြီ။ အဲဒီလိုစဉ်းစားကြည့်ရမှာကိုး။

အဲဒီဟာတွေမြွေကြီးလေးကောင်တို့ ရန်သူကြီးငါးယောက်တို့ အဲဒါတွေကြောင့် ဒုက္ခတွေရောက်ရတယ်။ အဲဒီဒုက္ခတွေကလွတ်မြောက်အောင် ယခုဘဝတွေလဲပဲ ပဋိသန္ဓေနေရလို့ အချို့ပုဂ္ဂိုလ်တွေ အရွယ်ကြီးလို့ အိုကုန်ကြပြီ။ အိုခြင်း, နာခြင်း, ဒုက္ခတွေနဲ့တွေ့နေတယ်။ ကိုယ်၏ဆင်းရဲ၊ စိတ်၏ဆင်းရဲတွေနဲ့ များများတွေ့နေရ၊ သောကပရိဒေဝတွေတွေ့လို့၊ အများကြီး ဒုက္ခရောက်ရ၊ အဲဒါတွေရှိကြ၊ စားရေး, သောက်ရေး, နေရေး, ထိုင်ရေးတွေနဲ့စပ်ပြီးတော့ ဒုက္ခတွေဆိုတာ ရောက်

http://www.dhammadownload.com

ကြတာပဲ။ ရှိနေတာပဲ။ အဲဒါတွေရောက်ပြီးတော့ ဆင်းရဲတွေက နောက်မဖြစ်ပါစေနဲ့ ဒီဘဝတွင်ငြိမ်းပါစေ၊ မငြိမ်းလို့ရှိရင်လဲပဲ ဘဝပေါင်းအနည်းငယ်အတွင်းမှာပဲ အဲဒီဆင်းရဲတွေငြိမ်းပါစေ၊ ဒီဆင်းရဲတွေမှ လွတ်မြောက်ပါစေလို့ အာရုံပြုပြီးတော့ တရားကို အားထုတ်ရတာကိုး။

အဲဒီတော့ လုံလဝီရိယာဟာ ကူးနေတာပဲ။ ကူးနေလို့ နှစ်မိုင်လောက်ရောက်တယ်ဆိုရင် တစ်စခန်းရောက်တာပါပဲ။ ပထမဆုံး ဘယ်ကနေပြီးတော့ဆိုတော့ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးတော့ သိပြီးခပ်ကြမ်းကြမ်းပြောရမယ်။ ရှုတိုင်းမှတ်တိုင်း ရှုရတဲ့ ရုပ်ကတစ်မျိုး၊ သိတဲ့နာမ်ကတစ်မျိုး၊ မှတ်တိုင်းမှတ်တိုင်းဟာ ဖောင်းတာမှတ်ရင် ဖောင်းတာကလေးကတခြား၊ မှတ်သိတာကလေးကတခြား၊ ဒါကလေးနှစ်ခုရှိတာပါပဲ ကွေးတာမှတ်လိုက်ရင် ကွေးတဲ့ရုပ်ကတခြား၊ သိတဲ့စိတ်ကတခြား၊ ဒါပဲ။ မှတ်တိုင်းမှတ်တိုင်းဟာ မှတ်ရာအစမှာ ရုပ်မှတ်နေရတယ်။ ရုပ်ကိုယ်ကြီးကတခြား၊ သိနေတာကတခြား၊ တခြားစီပဲ။ ရုပ်နဲ့နာမ် ဒါနှစ်ခုပဲရှိတာပဲ။ နာမ်ရုပ်ပိုင်းခြားသိတာကို နာမရူပပရိစ္ဆေဒဉာဏ်၊ အဲဒါလဲ တစ်စခန်းဖြစ်တာပဲ။

နာမ်ရုပ်ပိုင်းလေးသိတော့ အကြောင်းအကျိုးဆက်စပ်နေတာကလေးသိသွားရင် စခန်းတစ်ခုတိုးသွားတယ်။ အကြောင်းအကျိုးကလေးတွေ မြင်စရာရှိလို့မြင်တယ်။ ကြားစရာရှိလို့ ကြားတယ်။ အဆင်းရှိလို့ မြင်တယ်။ နားရှိလို့ကြားတယ် စသည်ပေါ့လေ။ အာရုံကလေးတွေသိနေလို့ အသိစိတ်ကပေါ်လာရတယ်။ မှတ်စရာသိစရာတွေရှိလို့ မှတ်သိစရာတွေဖြစ်ရတယ်။ စိတ်ကူးကြဲစည်မှုတွေရှိလို့ စိတ်ကူးကြဲစည်မှုတွေ နောက်သို့လိုက်ပြီးတော့ ကိုယ်အမူအရာတွေဖြစ်ရတယ်။ ကွေးချင်လို့ ကွေးရ၊ ဆန့်ချင်လို့ ဆန့်ရ၊ ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူး။ ကိုယ်ထဲမှာ သွေးဘောအတိုင်းသူဖြစ်ပျက်နေတာ။ သွေးအကြောင်းတွေ ဖြစ်နေတယ်။ ကောင်းမှုတွေကြောင့် ကောင်းကျိုးတွေရတယ်။ မကောင်းမှုတွေကြောင့် မကောင်းမှုတွေဖြစ်ရတယ်။ ရှေးရှေးသောဘဝတွေက ကိုယ့်ဘဝနဲ့ကိုယ် ခင်မင်တွယ်တာမှုတွေရှိလို့ အခုဘဝဖြစ်ရတယ်။ အခုဘဝသာယာနေတာကြောင့် နောက်နောက်သောဘဝတွေလဲ ဖြစ်ရဦးမယ်။ အဲဒါကြောင့် ခင်မင်တွယ်တာမှုတွေကအကြောင်း၊ ဖြစ်ရတဲ့

http://www.dhammadownload.com

ဘဝတွေကအကျိုး၊ ခင်မင်တွယ်တာရာမှာလဲပဲ ကောင်းတယ်လို့ထင်တဲ့ အဝိဇ္ဇာက ပါတယ်။ အဝိဇ္ဇာရှိလို့ ခင်မင်တွယ်တာတယ်။ ခင်မင်တွယ်တာလို့ ကောင်းစရာ ကောင်းစားကြောင်း အားထုတ်ပြီးတော့ ဘဝတွေဖြစ်နေတယ်။ ဆင်းရဲတွေဖြစ်နေ ရတယ်။ အကြောင်းအကျိုးတွေဆက်စပ်ပြီးတော့ ဖြစ်နေရတယ်။ အဲဒါတွေ သိတာက အကြောင်းအကျိုးသိတဲ့အဆင့်။

ဒါသိပြီးတော့ ရှုတိုင်းမှတ်တိုင်း သူ့အခိုက်အတန့်နဲ့ဖြစ်၊ ဖြစ်ပျက်နေတာ ကလေးတွေတွေ့ရတော့ မမြဲဘူး။ မမြဲတဲ့တရားတွေဖြစ်ပြီး ပျောက်သွားတာပဲ။ မှတ်ရင်းမှတ်ရင်းတွေ့ရတယ်။ ဖောင်းတာက ဖောင်းတုန်းတွင်ရှိတယ်။ ပိန်ပြီးတော့ မရှိဘူး၊ ပိန်တာက ပိန်တုန်းတွင် ရှိတယ်၊ ပြီးတော့မရှိဘူး၊ အစမှာ သိတယ်၊ ကွေးတာမှာလဲ ကွေးတုန်းလှုပ်ရှားတုန်းရှိတယ်။ ပြီးတော့ မရှိဘူး၊ ကြွတယ်, လှမ်းတယ်, ချတယ်, သူ့အဆင့်အတန်းနဲ့သူ၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးပျောက် သွားတာပဲ။ အဲဒီလိုတွေ့ရတယ်။

နောက် **သမာဓိဉာဏ်**ရင့်လာတဲ့အခါကျတော့ မှတ်တိုင်းမှတ်တိုင်းဟာ သူ့ အခိုက်အတန့်ကလေးနဲ့သူ ဖောင်းတာမှာလဲ အဆင့်ဆင့်၊ ပိန်တာမှာလဲ အဆင့်ဆင့်၊ ဝေဒနာကလေး၊ နာတာ, ကျင်တာလေးတွေ အဆင့်ဆင့်ပဲ။ နာလိုက် ပျောက်လိုက်, ကျင်လိုက်ပျောက်လိုက်, အဲဒီလို သူ့အခိုက်အတန့်နဲ့ ဖြစ်ပျက်နေတာ တွေ့ရတယ်။ စိတ်ကူးစဉ်းစားကြံစည်မှုတွေလဲ စိတ်ကူးရင်းပျောက်ရင်း၊ သူ့အခိုက်အတန့်နဲ့သူ ပျောက်သွားတာတွေ့ရတယ်။ အဲဒါဖြစ်ပျက်သွားလို့ မမြဲတဲ့တရားတွေပဲလို့ ရှုရင်း ရှုရင်း သဘောကျတယ်၊ **အနိစ္စာနုပဿနာဉာဏ်။** ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေ ပဲလို့ သဘောကျတယ်၊ **ဒုက္ခာနုပဿနာဉာဏ်။** သူသဘောအတိုင်း သူဖြစ်ပျက် နေလို့ အနတ္တတရားတွေပဲလို့ ရှုရင်းရှုရင်းသဘောကျတာ **အနတ္တာနုပဿနာဉာဏ်၊** အဲဒီ **အနိစ္စ, ဒုက္ခ, အနတ္တ**သိတဲ့ ဉာဏ်ကလေးတွေ ရောက်လာတာဟာ တစ်ဆင့် တိုးတက်လာတာပဲ။ ကူးရင်းယက်ရင်းနဲ့ ကမ်းနဲ့တော်တော် ဝေးလာတယ်။

နောက် **ဥဒယဗ္ဗယဉာဏ်**တဲ့။ အဖြစ်အပျက်ကလေး လျင်လျင်မြန်မြန် ပိုင်း ပိုင်းခြားခြားသိလာတယ်။ နောက်**ဘင်ဉာဏ်**တို့, **ဘယဉာဏ်**တို့, **အာဒီနဝဉာဏ်,**

http://www.dhammadownload.com

နိဗ္ဗိန္ဒုညာဏ်တို့, **မုဠိတုတမျတာညာဏ်**၊ နာမည်ပဲလျှောက်ပြီးတော့ ပြောသွားတော့မယ်။ **ပဋိသင်္ခါညာဏ်**၊ **သင်္ခါရုပေက္ခာညာဏ်**ရောက်ပြီတဲ့။ သင်္ခါရတွေ ကြောင့်ကြမစိုက်ရပဲနဲ့ မှတ်ပြီးတော့သိနေတာ။ လျစ်လျူရှုနေတဲ့သဘော အင်မတန်ကောင်းပါတယ်။ ဒါကတော့ ကြောင့်ကြမစိုက်ရဘဲနဲ့ အမှတ်အသိကလေးတွေ သူဟာသူသွားနေတယ်။

နိဗ္ဗာန်မြင်

အဲဒီ**သင်္ခါရုပေက္ခာညာဏ်** အားကောင်းလာတဲ့အခါ ရှုရင်းမှတ်ရင်းနဲ့ အထူးလျင်မြန်တဲ့ အသိဉာဏ်တွေဖြစ်ပြီးတော့ အဖြစ်အပျက်ကလေးတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့သွားတယ်။ အဲဒါ ရှေးဦးစွာနိဗ္ဗာန်ကိုမြင်တာ။ အဖြစ်အပျက် မှတ်ရင်းမှတ်ရင်း, သိရင်းသိရင်းနဲ့ ဖြစ်ပြီးပျောက်သွားတာ သိရင်းသိရင်းနဲ့ **ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်**ကိုတွေ့မြင်သွားတယ်။ အဲဒါဟာ နိဗ္ဗာန်ကိုပထမဆုံးမြင်လို့ သူ့ကို ဒဿနခေါ်တယ်။ **သောတာပတ္တိမဂ် နိဗ္ဗာန်**ကို ရှေးဦးစွာမြင်သည်။ နိဗ္ဗာန်ဆိုတစ်ခါမှမမြင်ဘူး အခုမှမြင်တာပဲ။

စာပေကျမ်းဂန်ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်အကြောင်းတွေကိုပြော ဟောနေကြတာပဲ။ အဆုံးအဖြတ်တွေပေးလို့၊ နိဗ္ဗာန်တွေက တစ်ယောက်နဲ့တစ်ယောက်လဲ တယ်မတူဘူး။ ဘာဖြစ်လို့ဆိုတော့ ကိုယ်မမြင်ဖူးတာတွေကိုဆုံးဖြတ်နေတာကိုး။ ဘယ်တူလိမ့်မှာတုန်း၊ မတွေ့ဖူးတာတွေကိုဆုံးဖြတ်တော့ ဒီလိုပဲ လွဲကုန်မှာပေါ့။

နိဗ္ဗာန်အစစ်ဆိုတာ ရုပ်နာမ်သင်္ခါရချုပ်ငြိမ်းတာပဲ။ ဆင်းရဲခပ်သိမ်းငြိမ်းတာ ဟာ -

သန္တိ လက္ခဏံ နိဗ္ဗာနံ။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ **သန္တိလက္ခဏံ**၊ ငြိမ်းခြင်းလက္ခဏာရှိ၏။

ငြိမ်းတာပဲ။ ဖြစ်ပျက်တဲ့ရုပ်နာမ်တွေ ဖြစ်ပျက်ပြီးနေတဲ့တရားတွေ အခုလောကလူတွေကတော့ ဖြစ်ပျက်နေတာ ဆင်းရဲတယ်လို့မထင်ဘူး။ ပျက်တယ် လို့လဲ မထင်ပါဘူး။ မြင်တာလဲ တစ်ယောက်တည်း၊ ကြားနေတာလဲ တစ်ယောက် တည်း၊

http://www.dhammadownload.com

ငါက သူများကိုမြင်တယ်၊ သူများက ငါ့ကိုမြင်တယ်၊ ဒါတွေဟာ တစ်ယောက် တစ်ယောက်တွေ့ပြီး ပုဂ္ဂိုလ်သတ္တဝါတွေအနေအားဖြင့် အလုံးလိုက် အခဲလိုက် ထင်နေတယ်။ ဖြစ်တယ်ပျက်တယ်လို့လဲ မထင်ပါဘူး။ အမှန်ကတော့ ဒီဟာ ဖြစ်တိုင်း ပျက်တိုင်း, မြင်တိုင်း, ကြားတိုင်းတွေဟာ ဖြစ်ပြီးပျက်နေတာချည်းပဲ။ ဖြစ်ပြီး ပျောက်သွားလို့ ဆင်းရဲတရားတွေချည်းပဲ။ အဲဒီဆင်းရဲတရားတွေကို ဒီဆင်းရဲ တရားတွေ ငြိမ်းသွားတာဟာ နိဗ္ဗာန်ပဲ။ ဖြစ်ပျက်တဲ့ တရားတွေရှုရင်း မှတ်ရင်းနဲ့ ရှုမှတ်ရတဲ့ အာရုံတွေရော ရှုမှတ်သိနေတဲ့ စိတ်တွေရော သခါရတရားတွေချုပ်ငြိမ်း သွားတာဟာ **သန္တိလက္ခဏနိဗ္ဗာန်၊ နိဗ္ဗာန်၊** နိဗ္ဗာန်သည်။ **သန္တိလက္ခဏ၊** ငြိမ်းအေးခြင်း လက္ခဏာရှိ၏။ အဲဒီ ငြိမ်းတဲ့နိဗ္ဗာန်ရှေ့ဦးစွာမြင်တယ်။

ရှေးဦးစွာမြင်ပြီးတော့ ဆင်ခြင်တဲ့လမ်းကလေးကို ရှေ့ကလာခဲ့တဲ့ လမ်းကလေး၊ ဘေးရန်ရှိလို့ပြေးလာတော့ တော်တော်လွတ်လောက်တဲ့အခါ ပြန်လှည့်ကြည့်သလို၊ အဲဒါလာခဲ့တဲ့လမ်းကလေး၊ ရှေ့ကရှုမှတ်ခဲ့ပုံကလေး၊ ရုပ်နာမ်သခါရငြိမ်းသွားပုံလေးတွေကို မြင်ရ၊ တွေ့ရတယ်၊ မဂ်ကိုဆင်ခြင်တယ်၊ အဲဒီငြိမ်းပြီးတော့ ရောက်နေတဲ့ဖိုလ်အကျိုးတရားကို ဆင်ခြင်တယ်။ ပြီးတော့ ရုပ်နာမ်သခါရငြိမ်းတဲ့ သဘောကလေးလဲ ဆင်ခြင်တယ်။ သခါရ ငြိမ်းနေတာကလေးကို ဆင်ခြင်တယ်။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာန်၊ ပစ္စဝေက္ခတိ ပဏ္ဍိတော၊

မဂ်နဲ့ဖိုလ် နိဗ္ဗာန်ကိုဆင်ခြင်သည်။ ပယ်ပြီးသော ကိလေသာကိုလဲ ဆင်ခြင်တယ်။ မဖြစ်သေးတဲ့ ကိလေသာကိုလဲ ဆင်ခြင်တယ်။ ဒါကတော့ ဗဟုသုတရှိမှ ဆင်ခြင်နိုင်မှာ။ ဗဟုသုတမရှိရင်တော့ ကိလေသာမှန်း ဘာမှန်းမသိဘူး။ အကုသိုလ် တရားတွေလို့တော့ သာမညလောက်တော့ သိတယ်။ အကုသိုလ်တွေဆိုတာ ဘာတွေတုန်းဆိုရင် မသိဘူး။ ကိလေသာတွေဆိုတာ ဘာတွေလဲဆို မသိဘူး၊ ဆင်ခြင်ဖို့ဆိုတာ ခက်တာပေါ့။ ဗဟုသုတ အတော်အတန်ရှိတဲ့ ပုဂ္ဂိုလ်တွေကသာ ဆင်ခြင်နိုင်တယ်။

http://www.dhammadownload.com

သောတာပန်၏ ဂုဏ်များ

သောတာပတ္တိမဂ် ပယ်တဲ့ သံယောဇဉ် ၃-ပါး

သံယောဇဉ်တွေဆယ်ပါးရှိတယ်။ သောတာပတ္တိမဂ်ဉာဏ်နဲ့ပယ်တာက သံယောဇဉ် ၃-ပါးရှိတယ်။

တီဏိ သံယောဇနာနိ ပဟီယန္တိ၊

တီဏိ၊ သုံးပါးကုန်သော။ **သံယောဇနာနိ**၊ သံယောဇဉ်တို့ကို။ **ပဟီယန္တိ**၊ ပယ်အပ်ကုန်၏။

သဟာဝဿ ဒဿန သမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံဝါဝိ ယဒတ္ထိ ကိဉ္စိ၊ စတူဟာပါ - ယေဟိစ ဝိပ္ပမုတ္ထော၊ ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ၊

ရတနသုတ်ပရိတ် ဒါကတော့ ရတာများပါတယ်။

အဿ၊ ထိုသောတာပန်ပုဂ္ဂိုလ်အား။ **ဒဿနသမ္ပဒါယ**၊ နိဗ္ဗာန်ကိုမြင်သော သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပြည့်စုံသည်နှင့်။ **သဟာဝ-သဟစေ**၊ တစ်ပြိုင်နက်သာလျှင်။ နိဗ္ဗာန်ကိုမြင်တဲ့ သောတာပတ္တိမဂ် ပေါ်လာလို့ရှိရင် ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် နိဗ္ဗာန်ကို ဘွားကနဲမြင်လိုက်သည်နှင့် တစ်ပြိုင်တည်း ရုပ်နာမ်သခါရ ငြိမ်းတဲ့ နိဗ္ဗာန်ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက်။

တယော၊ သုံးပါးကုန်သော။ **ဓမ္မာ**၊ တရားတို့ကို။ **ဇဟိတာ**၊ ပယ်စွန့်အပ်ကုန်ပြီးသည်။ **ဘဝန္တိ**၊ ဖြစ်ကုန်၏။

သုံးပါးသော တရားတွေကိုပယ်ပြီး ဖြစ်သွားတယ်။ ရုပ်နာမ်သခါရငြိမ်းတဲ့ သဘော တွေ့လိုက်တာနဲ့ အဲဒီသံယောဇဉ်သုံးပါးပယ်ပြီးသား ဖြစ်သွားတယ်။ ကင်းသွားတယ်၊ သံယောဇဉ်သုံးပါး ကင်းသွားပြီ။ ဘာတွေတုန်းဆိုလို့ရှိရင် -

သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံဝါဝိ ယဒတ္ထိ ကိဉ္စိ၊

သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်လည်းကောင်း။ **ဝိစိကိစ္ဆိတဉ္စ**၊ ယုံမှားကင်းသည်လည်းကောင်း။ **သီလဗ္ဗတံဝါဝိ**၊ အလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည်ဟု ယူဆသောအယူကိုလည်းကောင်း။ **ဣတိ**၊ ဤသို့။ **တယော**၊

http://www.dhammadownload.com

သုံးပါးကုန်သော။ **ဓမ္မာ**၊ တရားတို့ကို။ **ဇာတိတား**၊ ပယ်စွန့်အပ်ကုန်သည်။ **ဟောန္တိ**၊ ဖြစ်ကုန်၏။

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်သုံးပါးပယ်ပြီးသား ဖြစ်သွားပါတယ်။ သံယောဇဉ်သုံးပါးကင်းသွားသည်။

သက္ကာယဒိဋ္ဌိ

သက္ကာယဒိဋ္ဌိဆိုတာ ဘာတုန်းဆိုတော့ ရုပ်နာမ်အစုငါကောင်ဟု ထင်နေတဲ့ဥစ္စာဟာ သက္ကာယဒိဋ္ဌိပဲ။ မြင်တိုင်းမှာ ရုပ်နာမ်မျှသာရှိသည်။ မြင်တိုင်းမှာ မျက်စိကရုပ်၊ မြင်ရတဲ့အဆင်းရုပ်၊ မြင်သိတာကနာမ်၊ ရုပ်နဲ့နာမ်ပဲရှိတယ်။ ဒီပြင်ဘာမှမရှိဘူး။ မြင်စိတ်မှာ မြင်ခိုက်အခါ မျက်စိကထင်ရှားတယ်။ မြင်ရတာလဲ ထင်ရှားတယ်၊ မြင်သိတာလဲ ထင်ရှားတယ်။ မျက်စိက စာပေကျမ်းဂန်ထဲမှာ **စက္ခုပသာဒ**လို့ခေါ်တယ်။ စိတ်၏ မှီရာ, တည်ရာ, မြင်ရတာက အဆင်းရုပ်ကလေး၊ မြင်ရတဲ့သဘောကလေးပဲ။

အခု ပကတိလူတွေ ထင်နေတာကတော့ မြင်တဲ့အခါ အကောင်အထည်ကြီး အောက်မေ့ရတာကိုး။ ယောကျ်ားမြင်တယ်၊ မိန်းမမြင်တယ်၊ လူမြင်တယ်စသည်ဖြင့် အကောင်အထည်ကြီးလိုက်မြင်တာကိုး။ အကောင်အထည်ကြီးမဟုတ်ဘူး။ မြင်နိုင်တဲ့အဆင်းရုပ်ကလေးရှိတယ်။ လူတစ်ကိုယ်လုံး မြင်တယ်လို့ အောက်မေ့နေတယ်။ လူတစ်ကိုယ်လုံး ဘယ်ဟုတ်လိမ့်မှာတုန်း။ အပေါ်ယံတွင်ပဲ လူက အကျီတွေ လုံလုံခြုံခြုံ ဝတ်ထားလို့ရှိရင် အသားကိုမြင်ရတာမဟုတ်ဘူး။ အမြင်ဘက်က အဝတ်လောက်မြင်ရတယ်။ စောင်ခြုံထားလို့ရှိရင်ဖြင့် စောင်ပေါ်ကမြင်ရတာပါပဲ။ လူမြင်ရတာမဟုတ်ပါဘူး။ အပေါ်က မြင်ရတယ်။ အဲဒီအပေါ်ယံက အဆင်းကလေးတွေ မြင်သွားတယ်။ မြင်ကောင်းတဲ့ တရားကလေးတွေ မြင်သွားတယ်။ ရှေ့က မြင်သိတဲ့သဘော မြင်သိတာကလေး မြင်သိတာအစစ်ပဲ။ အဲဒါကလေးရှိတဲ့ မြင်ခိုက်မှာ မြင်ရတဲ့အဆင်းကရုပ်၊ မြင်သိတာကနာမ်၊ ရုပ်နဲ့နာမ်မျှသာရှိသည်။

ပကတိလူတွေ ဘယ်လိုထင်သလဲဆိုတော့ မြင်တာက ငါပဲထင်တာကိုး။ ကိုယ့်ကိုယ်ဆိုလို့ရှိရင်လဲ ကိုယ့်ကိုယ်ကိုငါမြင်တယ်။ သူများမြင်တာလဲ ရှိတယ်။

http://www.dhammadownload.com

အခါကျတော့ ဒီအကောင်ကလေးမရှိဘူးလို့ပြောတယ်။ သူဥစ္စာနေရာကျတယ်။ အဲဒီလိုပဲ ဖြစ်ရမှာ အသက်ရှင်နေတဲ့ အကောင်ရယ်လို့ မရှိဘူး။ ဖြစ်ပျက်နေတဲ့ တရားတွေပဲလို့ ပြန်ပြီးတော့ ရှင်းနေတယ်။ ဒါကြောင့် "ရူပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ" ဒါဟာ သက္ကာယဒိဋ္ဌိကင်းတယ်တဲ့။

ဝိစိကိစ္ဆာ

ဝိစိကိစ္ဆာက ယုံမှားမှုတဲ့။ ယုံမှားတယ်ဆိုတာကလေး ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားတာတွေ။ ဒါက လောကရေးရာတွေနဲ့ ယုံမှားတာတွေလဲ ရှိတယ်။ အဲဒါကတော့ ဝိစိကိစ္ဆာမခေါ်ရပါဘူး။ ဒါတွေကတော့ ကင်းလို့လဲ မဖြစ်ပါဘူး။ လောကရေးရာနဲ့ ယုံမှားတယ်ဆိုတာဟာ လူတစ်ယောက်ရောက်လာလို့ရှိရင် ဒီလူဟာ လူကောင်းပဲဟုတ်ရဲ့လား။ လူဆိုးပဲဟုတ်ရဲ့လားဆိုတာ စဉ်းစားရဦးမယ်။ လူအခြေအနေ ကြည့်ပြီးတော့ ကြည့်ရဦးမယ်။ တချို့က ကောင်းကောင်းနဲ့ လာတာလဲ ရှိတယ်။ အဲဒီတော့ မယုံသင်္ကာရှိရတယ်ဆိုတာ ဖြစ်တာရှိရတယ်။ ဒါကတော့ ဝိစိကိစ္ဆာလို့မခေါ်ရဘူး။ ဒါက လောကရေးရာတွေ၊ ခရီးလမ်းသွားလို့ရှိရင် ဒီလမ်း ခရီးသွားလို့ရှိရင် ဒီအရပ်ရောက်ရဲ့လား။ မဟုတ်ဘူးလားဆိုတာ ယုံမှားတွေကရှိတယ်။ အဲဒါလဲ ဝိစိကိစ္ဆာလို့မဆိုရဘူး။ လောကရေးရာတွေ ပစ္စည်းတစ်ခုဟာ ဒီတန်ဖိုးနဲ့ပစ္စည်းဟာ ထိုက်တန်သလား မထိုက်တန်ဘူးလားလို့ ဒီလိုယုံမှားရှိတာလဲ ဖြစ်နိုင်တယ်။ ဒါလဲပဲ လောကရေးကိုး။ ယုံမှားတယ်လို့ မဆိုရဘူး။

ဘုရားရှိ ယုံမှား

စင်စစ်ကတော့ ယုံမှားတယ်ဆိုတာ တရားရေးရာနဲ့စပ်ပြီးတော့ ယုံမှားရတယ်။ ဘုရားနဲ့စပ်ပြီးတော့ ယုံမှားတယ်။ ဘုရားအစစ်ဟုတ်ရဲ့လား မဟုတ်လေလား။ တရားအစစ် ဟုတ်မှန်လေသလား မဟုတ်မှန်လေသလား။ သံဃာစစ် သံဃာမှန် ဟုတ်လေသလား မဟုတ်သလားလို့ ဒီလိုယုံမှားတာတွေ။

အလုံးစုံသောတရားတွေကို သိတော်မူတယ်။ အရဟံ-အစစ်ရှိသော ကိုးပါး

http://www.dhammadownload.com

သော ဂုဏ်တော်အပေါင်းနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားရှိတယ်။ ထိုမြတ်စွာဘုရားတရားတွေကို ဟောခဲ့တယ်။ သေခြင်းကင်းတဲ့ တရားတွေကို ဟောခဲ့တယ်။ ဒီလို ဘုရားဟော ဟုတ်မှဟုတ်ပါ့မလားဆိုတာ ယုံမှားလို့ရှိရင် ဝိစိကိစ္ဆာ၊ တရားအားမထုတ်ရသေးလို့ တရားမပြည့်သေးရင် ဒီလိုယုံမှားတာဖြစ်နိုင်တယ်။ ဒီလိုလဲဘေးကပုဂ္ဂိုလ်ကခေါ်ပြီး စပ်ပေးလို့ရှိရင် တဖြည်းဖြည်းနဲ့ယုံမှားဆိုတာ ဖြစ်လာတတ်တယ်။ အဲဒါ ဗုဒ္ဓဘာသာဝင်တွေ ငယ်ငယ်ကတည်းက မိဘတွေက ဆရာသမားတွေထံက ကြားထားလို့ ဘုရားဆိုတာ ယုံကြည်လို့တော့နေတာပဲ။ တော်တော်စဉ်းစားဉာဏ်ရှိလာတဲ့အခါကျတော့ စဉ်းစားရင်းဟုတ်မှ ဟုတ်ပါ့မလားဆိုတာ ယုံမှားဖြစ်တတ်တယ်။

တရား၌ ယုံမှား

တရားနဲ့စပ်ပြီးတော့ ယုံမှားချင်တယ်တဲ့။ တရားကလဲပဲ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားဆိုတာရှိတယ်။ ကိလေသာကင်းငြိမ်းစေတတ်တဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားဆိုတာရှိတယ်။ အဲဒါဟာ ကိုယ်က မတွေ့သေးတော့ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားစရာရှိတယ်။ လောဘ, ဒေါသ, မောဟတွေ ကင်းစေနိုင်တယ်။ ကင်းစေနိုင်တဲ့တရားတွေဆိုတာ ရှိတယ်။ တရားတွေရရင် လောဘ, ဒေါသ, မောဟတွေ ကင်းတယ်ဆိုတော့ ကိုယ့်သန္တာန်မကင်းသေးတော့ ဒီတရားဟုတ်မှ ဟုတ်ပါ့မလားလို့ စဉ်းစားစရာပေါ့။ ဘာနဲ့တူသလဲဆိုရင် ရောဂါရှိတဲ့ပုဂ္ဂိုလ် ဒီဆေးစားလို့ရှိရင် ရောဂါပျောက်ပါလိမ့်မယ်လို့ သူများက ဆေးပေးပေမယ်လို့ မစားခင်တော့ မသေချာသေးဘူး။ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားရှိရဦးမယ်။ ဒီဆေးထိုးရင် ရောဂါပျောက်ပါလိမ့်မယ်ဆိုပေမယ်လို့ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားရှိရမှာပဲ။

အဲဒါလိုပဲ။ အဲဒီတရားဟာ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတွေရှိတယ်။ ကိလေသာတွေကင်းငြိမ်းစေနိုင်တဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတွေဆိုတာ ကိုယ်တိုင်မတွေ့သေးရင် ယုံမှားဆိုတာဖြစ်နိုင်တယ်။ ဟုတ်မှဟုတ်ပါ့မလားဆိုတာ ယုံမှားဆိုတာ ဖြစ်နိုင်တယ်။ အခု ယုံမှားမရှိရဘူး။ ဘာပြုလို့လဲဆိုတော့ ကိုယ်တိုင်

http://www.dhammadownload.com

တွေ့နေတာကိုး။

ရုပ်နာမ်တရားတွေကို ကိုယ်တိုင်တွေ့ရတယ်။ ဖြစ်ပျက်နေတာတွေကို ကိုယ်တိုင်တွေ့ရတယ်။ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတွေကို ကိုယ်တိုင်တွေ့ရတယ်။ ရုပ်နာမ်သခ်ါရငြိမ်းတယ်ဆိုတဲ့ နိဗ္ဗာန်၊ အဲဒါက အရေးကြီးတယ်။ ရှုရင်းရှုရင်းနဲ့ ရုပ်နာမ်သခ်ါရငြိမ်းတရားကို တွေ့ရတယ်။ ရုပ်နာမ်သခ်ါရငြိမ်းတာကို ရောက်သွားတာနဲ့ မဂ်တရားဖိုလ်တရား၊ ဒါကလက်တွေ့ကိုး။ မဂ်တရား ဖိုလ်တရား ကိုယ်တိုင်တွေ့တယ်။ ဘယ်ယုံမှားစရာရှိဦးမှာလဲ။

နောက် ထပ်ခါထပ်ခါနှလုံးသွင်းလို့ရှိရင် **ဖလသမာပတ်**ဖြင့် နိဗ္ဗာန်ကိုပြန်တွေ့နေတာ။ **ဖိုလ်ဝင်စား**နေတယ်လို့ ဆိုရတယ်။ အဲဒီမှာလဲ နိဗ္ဗာန်နဲ့ဖိုလ်နဲ့ဟာနှလုံးသွင်းတိုင်း သွင်းတိုင်းလို တွေ့နေတယ်။ သခ်ါရငြိမ်းရာ ပြန်ရောက်နေတယ်။ ဒီတော့ ယုံမှားစရာမရှိဘူး။ ကိလေသာတွေကလဲ ငြိမ်းတန်သမျှငြိမ်းတယ်။ အခုပြောနေတဲ့ကိလေသာမျိုးတွေပြီးတော့ လောဘ, ဒေါသ, မောဟတွေ၊ ဒါကလဲ အလုံးစုံမငြိမ်းသော်လည်း နည်းနည်းတော့ လျော့သွားတယ်။ စိတ်ဓာတ်တွေ အရင်ကလိုတော့ မဟုတ်ဘူး။ စိတ်ဓာတ်တွေ အရင်ကလို တင်းတင်းမာမာတွေ ဆိုးဆိုးသွမ်းသွမ်းတွေ မဟုတ်တော့ဘူး။ လျော့သွားတယ်၊ နူးညံ့သွားတယ်၊ အဲဒါတွေလဲ တွေ့ရတယ်။ ဒီတော့ တရားနဲ့စပ်ပြီးတော့ ယုံမှားမှုမရှိတော့ဘူး။

သံဃာ၌ ယုံမှား

သံဃာနဲ့စပ်ပြီးတော့ ယုံမှားတဲ့၊ သံဃာဆိုတာ သုပ္ပဋိပန္နအစရှိသော ဂုဏ်နဲ့ပြည့်စုံတယ်တဲ့။ မဂ်ရောက်နေတဲ့ပုဂ္ဂိုလ် ဖိုလ်ရောက်နေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်လို့၊ အချို့ကိလေသာအကုန်လုံးငြိမ်းတဲ့ ရဟန္တာပုဂ္ဂိုလ်တွေရှိတယ်လို့ အချို့ ကိလေသာအကုန်လုံး ငြိမ်းတဲ့ရဟန္တာပုဂ္ဂိုလ်တွေရှိတယ်။ ကိလေသာ တစ်စိတ်တစ်ဒေသငြိမ်းတဲ့သောတာပန်ရှိတယ်။ သကဒါဂါမ်, အနာဂါမ်ရှိတယ်။

အဲဒါ ကိုယ်တိုင်က ကိလေသာငြိမ်းတဲ့ပုဂ္ဂိုလ်မဖြစ်သေးလို့ရှိရင် ဟုတ်မှဟုတ်ပါ့မလားဆိုတာ စဉ်းစားစရာပေါ့။ စဉ်းစားစရာပဲ။ ဒါပေမယ်လို့ ကိုယ်တိုင်ကို က တရားအားထုတ်လို့ ကိလေသာတွေ တစ်စိတ်တစ်ဒေသ ငြိမ်းသွားမယ်

http://www.dhammadownload.com

ဆိုရင်တော့ ယုံမှားမရှိတော့ဘူး။ ဆေးကုသလိုက်လို့ ရောဂါတစ်စိတ်တစ်ပိုင်း ပျောက်သွားလို့ရှိရင် ယုံမှားမရှိတာလို့ ခေါ်တယ်။ နောက်ဆက်ပြီးတော့ ဒီဆေးလိမ်း လို့ရှိရင် ဆေးစားလို့ရှိရင် ဆေးထိုးလို့ရှိရင် ဒီရောဂါပျောက်တော့မှာပဲလို့ဆိုတာ လမ်းစကလေးပေါ်လာသလိုပဲ။ အဲဒါကြောင့် ဘုရားတရားသံဃာနဲ့စပ်ပြီးတော့ ယုံမှားမဖြစ်ဘူးတဲ့။

အကျင့်သိက္ခာ၌ ယုံမှား

မိမိအကျင့်သိက္ခာ၊ မိမိအကျင့်သိက္ခာလဲပဲ မကောင်းမှုဒုစရိုက်တွေ ကြဉ်ရှောင်ရတယ်။ ကုသိုလ်ကောင်းမှုတွေ ပြုကျင့်ရတယ်။ အထူးအားဖြင့်တော့ သီလ အကျင့်တွေပေါ့လေ။ ပါဏာတိပါတအစရှိတဲ့ ဒုစရိုက်တွေမှကြဉ်ရှောင်ပြီး ကျင့်ရတယ်။ ဒီအကျင့်တွေဟာ ကောင်းတယ်။ ဒီတော့ သမာဓိအကျင့် ကျင့်ရတယ်။ ပညာအကျင့်တွေ ကျင့်ရတယ်။ ပညာအကျင့်တွေကျင့်သဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်တယ်ဆိုတဲ့ ကိုယ်ကျင့်တရားတွေ၊ သီလ, သမာဓိ, ပညာအကျင့်တွေ၊ အဲဒီ အကျင့်တွေနဲ့စပ်ပြီးတော့ ဒီအကျင့်တွေကျင့်လို့ တကယ် ရောက်မှရောက်ပါ့မလား။ တကယ်ဖြစ်တဲ့တရားမှ ဟုတ်ပါ့မလား။ သီလစောင့် ရှောက်နေတဲ့အတွက် အကျိုးရမယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ သမာဓိ, သမထ ဘာဝနာအားထုတ်တဲ့အတွက် သမာဓိဈာန်တွေရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့ မလား၊ သမာဓိဖြစ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ အရေးကြီးတာကတော့ မဂ်ဖိုလ်တရားအရေးကြီးတယ်။ ဈာန်က ဒီလောက်အရေးမကြီးဘူး။ တရားအား ထုတ်လို့ရှိရင် ရုပ်နာမ်သဘာဝ အဖြစ်အပျက်တွေကို အမှန်အတိုင်းသိလို့ အနိစ္စ, ဒုက္ခ, အနတ္တတွေ ကိုယ်တိုင်သိလို့နိဗ္ဗာန်ကို တွေ့ရတယ်ဆိုတာ ဟုတ်မှဟုတ်ပါ့ မလား။ ယုံမှားဆိုတာ ဖြစ်နိုင်တယ်။

ကိုယ်တိုင်ကတွေ့နေရင် ဘယ်ယုံမှားဖြစ်တော့မှာတုန်း။ ဖြစ်ပျက်နေတာကိုလဲ ကိုယ်တိုင်တွေ့နေပြီ။ ဒီအကျင့် ကောင်းတယ်။ ဒီလမ်း သိပ်နေရာကျတာပဲ။ ဖြစ်ခိုက် ရုပ်နာမ်ကလေးရှုနေလို့ရှိရင် ရုပ်နဲ့နာမ်နဲ့ ကွဲတယ်ဆိုတာဟုတ်တယ်။ ကိုယ်တိုင်ကွဲလာတယ်၊ ကိုယ်တိုင်ဒီလိုသိတယ်၊ ဖြစ်ခိုက် ရုပ်နာမ်ကလေးရှုနေလို့ရှိ

http://www.dhammadownload.com

ရင် ဖြစ်ပြီးပျက်သွားတာ မမြဲတဲ့တရားပဲ။ ကိုယ်တိုင်တွေ့တယ်။ ဆင်းရဲတဲ့တရားတွေပဲ ကိုယ်တိုင်တွေ့တယ်။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ တရားတွေပဲ ကိုယ်တိုင်တွေ့တယ်။ အာရုံနဲ့မှတ်စရာ ရှိတော့တယ်။ ဝိပဿနာနဲ့စပ်ပြီး ဘာမှယုံမှားစရာမရှိဘူး။ ကိုယ်ကျင့်တွေမို့ ယုံမှားကင်းနေတယ်။ နောက်ဆုံး ရုပ်နာမ်သခ်ါရငြိမ်းတဲ့ နိဗ္ဗာန်ကို တွေ့ရတယ်။ ရုပ်နာမ်ငြိမ်းတာ ကိုယ်တိုင်ကလဲ တွေ့တာကိုး။ မတွေ့ရင်တော့လဲ ယုံမှားဖြစ်လိမ့်မယ်။ ဒါကတော့ တွေ့ထားလို့ ယုံမှားမဖြစ်ဘူး။ ထပ်ခါထပ်ခါ နှလုံးသွင်းလို့ရှိရင် ဆင်းရဲငြိမ်းတဲ့ ရုပ်နာမ်သခ်ါရငြိမ်းတဲ့နိဗ္ဗာန်လဲ ထပ်ခါထပ်ခါ ရောက်နေတော့ ကိုယ်တိုင်တွေ့နေတာပဲ။ ဒီအကျင့်ကျင့်လို့ရှိရင်ဖြင့် ဒီအကျိုးကို ရတယ်။ အဲဒါသီလ, သမာဓိ, ပညာတွေနဲ့စပ်ပြီးတော့ ယုံမှားမှုကင်းတယ်တဲ့။

ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ၊ ယုံမှားလေးခု၊

ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ **ကင်္ခတိ၊** ယုံမှား၏။ အဲဒါကင်းရမယ်။ ဘုရား၌ ဟုတ်လေသလား၊ မဟုတ်ဘူးလားလို့ ယုံမှားမရှိရဘူး။ ဘုရားအစစ်ပဲ။ ဒီတရားတွေကို ဟောခဲ့တဲ့မြတ်စွာဘုရား အလုံးစုံသောတရားတွေကိုသိတဲ့ ဘုရားအစစ်ပဲ။ ကိလေသာကင်းတဲ့ ဘုရားအစစ်ပဲ။ ဒီလို ယုံကြည်ရမယ်ကိုး။

ဓမ္မေ၊ တရားတော်၌။ **ကင်္ခတိ၊** ယုံမှား၏။ တရားတော်၌ ယုံမှားကင်းရမယ်။ **ဓမ္မေ နကင်္ခတိ၊** တရား၌ မယုံမှားရဘူး။ ဒီတရား ဒီလိုအားထုတ်လို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ရောက်တယ်ဆိုတာ ဟုတ်တယ်။ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားရှိတယ်ဆိုတာ ဟုတ်တယ်။ ဒီလို ယုံကြည်ရမယ်။

သံဃေ ကင်္ခတိ၊ သံဃာတော်၌ ယုံမှား၏၊ အားထုတ်လို့ သောတာပန်, သကဒါဂါမ်၊ အနာဂါမ်တွေ 'ရဟန္တာတွေရှိတယ်ဆိုတာဟာ ကိုယ်တိုင်က သောတာပန်ဖြစ်တော့ ဘယ်ယုံမှားစရာရှိဦးမှာလဲ။ သောတာပန်ဆိုတာဟာ ငါလိုပုဂ္ဂိုလ်တွေပဲ။ ဒီလိုသဘောကျတာပေါ့။ ရောဂါရှိတဲ့ပုဂ္ဂိုလ်ဆေးကုသလို့ ရောဂါပျောက်သွားတော့ ဒီဆေးစားလို့အရင်ကကြားဖူးတယ်။ အရင်က ဘယ်သူဘယ်သူဆိုတာ ရောဂါပျောက်ဖူးတာ။ ဒီလိုပဲ, ငါလိုပဲ, ရောဂါပျောက်တယ်ဆိုတာ အဲဒီလိုကင်းပြီး

http://www.dhammadownload.com

တော့မှသိတယ်။ ယုံမှားမရှိဘူး။

သိက္ခာယ ကမ်္ဘီ၊ မိမိကျင့်သောသိက္ခာ၌။ မိမိကျင့်သော သီလ, သမာဓိ, ပညာ, အကျင့်သိက္ခာ၌။ **ကမ်္ဘီ**၊ ယုံမှား၏။ ပကတိလူတွေက ယုံမှား၏။ အစုယုံမှားတယ်။ **နော ကမ်္ဘီ**၊ မယုံမှားတော့ဘူး။ မိမိကျင့်တဲ့ သီလအကျင့်, သမာဓိအကျင့်, ပညာအကျင့်, အထူးအားဖြင့်တော့ တရားအားထုတ်နေတဲ့အကျင့်, ဒီအကျင့်ကျင့်သောအားဖြင့် ဒီအကျိုးရတယ်တဲ့။ ရုပ်နာမ်သဒ္ဓါရင်ငြိမ်းတဲ့ နိဗ္ဗာန်တိုင်အောင်သောအကျိုးတွေကိုတွေ့ရသိရတယ်။ ယုံမှားစရာမရှိဘူး။ ဒါကြောင့် ဝိစိကိစ္ဆာဆိုတဲ့ သံယောဇဉ်လဲ ကင်းသွားပြီ။ ပယ်ပြီးသားဖြစ်သွားပြီဆိုရမယ်။

"ဘုရား, တရား သံဃာအား ယုံမှားမရှိပါ။
ဘုရား, တရား သံဃာအား ယုံမှားမရှိပါ။
ဘုရား, တရား သံဃာအား ယုံမှားမရှိပါ။"

ဘုရား, တရား, သံဃာအား၊ မိမိအကျင့်သီလ သိက္ခာ၌ ယုံမှားမရှိဘူး။ ဘုရား, တရား, သံဃာအပေါ်၌လဲ ယုံမှားမရှိဘူး။ တစ်ခါတည်း **အဝေစ္စပသာဒေန သမန္နာဂတော**၊ မတုန်မလှုပ် သက်ဝင်ပြီးတော့ ယုံကြည်တဲ့တရား၊ သဒ္ဓါတရားမြဲသွားပြီ။ ဒီသဒ္ဓါတရားမပျက်တော့ဘူး။ ကိုယ်ကျင့်တရားတွေလဲ ဒီလိုကျင့်ရင် ဒီလိုဖြစ်တယ်လို့ဆိုတာဟာ ဒီအကျင့်သိက္ခာနဲ့စပ်ပြီးတော့ ယုံမှားမရှိဘူးတဲ့။ ဒီဟာမြဲသွားပြီ။ အရေးကြီးပါတယ်။ ကိုယ်ကျင့်ထားတဲ့ ကိုယ့်အကျင့်ကို မယုံတစ်ယုံဟုတ်မှဟုတ်ပါ့မလားဖြစ်နေရင် နေရာမကျသေးဘူး။ ဟုတ်တယ်ဆိုရင် တထစ်ချကို ဆုံးဖြတ်ပြီးတော့ ဒီလိုကို ဘဘောကျနေမှဖြစ်မှာ။ ဆရာသမားပြောလို့ အားနာပါးနာမဟုတ်ဘူး။ ကိုယ့်ကိုယ်ဖြစ်မှ ဖြစ်မယ်။ ကိုယ့်ဟာကို ယုံမှားသံသယကင်းနေရမယ်။ ဒါမှ ဝိစိကိစ္ဆာကကင်းမယ်။ သူများပြောတာနဲ့ ကင်းနေရတယ်ဆိုတာဟာ ဒါကတော့ သဘာဝမဟုတ်ဘူး သိနေတာ။

သီလဗွတပရာမာသ

သီလဗ္ဗတံဝါပိ၊ အလေ့အကျင့်ကို ယူဆတဲ့**မိစ္ဆာဒိဋ္ဌိ**တစ်မျိုးပါပဲ။ အလေ့အကျင့်မှန့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်တာ။ အလေ့

http://www.dhammadownload.com

အကျင့်ဆိုတာ အမျိုးမျိုးရှိတယ်။ ဘုရားလက်ထက်တော်အခါတုန်းကဆိုလို့ရှိရင် နွားလိုကျင့်တယ်။ နွေးလိုကျင့်တဲ့အကျင့်တွေလဲ ဒီလိုရှိတာကိုး။ နွားအကျင့် နွေးအကျင့်တွေ, နွားလိုစား နွားလိုအိပ်, နွားလိုသွား နွေးလိုစား, နွေးလိုအိပ်, နွေးလိုသွား, နွေးအကျင့် အဲဒီလိုစသည်ပေါ့လေ။ တစ်ခုခုဆရာအစဉ်အဆက်က သင်ကြားပေးထားတာနဲ့ ဒီလိုလုပ်ရင်ကောင်းတယ်လို့ သဲသရာဝင့်ဆင်းရဲမှု လွတ်မြောက် တယ်လို့ ယုံကြည်ပြီးတော့ ယူဆတဲ့အယူအဆမျိုးတွေ၊ **သီလမွတပရာမာသ**လို့ ခေါ်တယ်။ လိုရင်းကတော့ သဲသရာဝင့်ဆင်းရဲက ထွက်မြောက်နေအကျင့်တွေပေါ့လေ။ အကျင့်နည်းမမှန်လို့ရှိရင် အဲဒါ **သီလမွတပရာမာသ**လို့ခေါ်တယ်။

မြတ်စွာဘုရားဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးမဟုတ်ဘူးဆိုရင် သီလမွတပရာမာသပဲ။ နေ, ကြည့်နေတာနဲ့ပဲ သဲသရာဝင့်ဆင်းရဲမှု လွတ်မြောက်တယ်။ တရားထူးပေါက်ရောက်တယ်လို့ပြောတယ်။ ဒီလိုဟာတွေလည်းရှိတယ်။ **သီလမွတပရာမာသ**၊ လ, ကြည့်နေတာနဲ့ ဒီလိုဖြစ်တယ်။ ဘာဖြစ်လို့ ဘာဖြစ်တယ်၊ ဘာလုပ်လို့ ဘာဖြစ်တယ်။ ဒီလိုဟာတွေပေါ့လေ။ မဂ္ဂင်ရှစ်ပါးတရားမပါဘဲနဲ့ဆိုရင်ဖြင့် အဲဒီလိုနည်းနိဿယတွေဟာ **သီလမွတပရာမာသ**တွေချည်းပဲ။ မဂ္ဂင်ရှစ်ပါးတရားပါရတယ်။

ခုနကပြောတဲ့ မဂ္ဂင်ရှစ်ပါးတရား -

သမ္မာဒိဋ္ဌိ - အမှန်မြင်ရတယ်။
သမ္မာသင်္ကပ္ပ - အမှန်ကြံသိတာ။
သမ္မာဝါယာမ - အမှန်အတိုင်းအားထုတ်နေတာ။
သမ္မာသတိ - အမှန်အမှတ်ရတာ။
သမ္မာသမာဓိ - အမှန်စူးစိုက်တည်ကြည်တယ်။

အဲဒီအထဲမှာ သီလမဂ္ဂင်က ၃-ပါး၊ **သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ** ၃-ပါးနဲ့ဆိုရင် ရှစ်ပါး။ အခုဒီမှာ တရားအားထုတ်တယ်ဆိုတော့ ရှုတိုင်းမှတ်တိုင်း သမ္မာဝါယာမ အားထုတ်မှုပါပါတယ်။ သတိရတာကလဲ ပါပါတယ်။ စူးစိုက်တာကလဲပါတယ်။ ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိတာလဲပါတယ်။ အဖြစ် အပျက်

http://www.dhammadownload.com

အမှန်အတိုင်းသိတာလဲပါတယ်။ အနိစ္စ, ဒုက္ခ, အနတ္တ အမှန်အတိုင်းသိတာလဲပါတယ်။ သမ္မာဒိဋ္ဌိတွေပဲ၊ သမ္မာဒိဋ္ဌိဖြစ်အောင်လို့ အကူအညီပေးတဲ့ သမ္မာသင်္ကပ္ပကလဲ ပါတော့တာပဲ။ အဲဒီတော့ မဂ္ဂင်ငါးပါးပါလို့ရှိရင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝပါလို့ရှိရင် စင်ကြယ်နေတော့တာပဲ။ ပေါင်းလိုက်ရင် မဂ္ဂင်ရှစ်ပါးရှိတယ်။

အဲဒီမဂ္ဂင်တရားအကျင့်မှ လွတ်ပြီးတော့ မဂ္ဂင်ရှစ်ပါးတရားအကျင့် မကျင့်ရပဲနဲ့ တစ်စုံတစ်ခုသော အလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သွားတယ်။ ချမ်းသာသွားတယ်လို့ ယုံကြည်ယူဆသွားလို့ရှိရင် အဲဒီအယူအဆအယုံအကြည်ဟာ သီလဗွတပရာမာသဒိဋ္ဌိလို့ခေါ်တယ်။ သူလဲ ဒိဋ္ဌိတစ်ခု၊ အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်တာ၊ အဲဒါ (သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်) ဆောင်ပုဒ်က ခပ်ရှည်ရှည်ပဲပေးထားတယ်။ သစ္စာလေးပါးကို မြင်ရတာလည်းမဟုတ်ဘူး။

ဝိပဿနာရှုတာ၊ ဒုက္ခသစ္စာအမြဲတမ်းရှုနေရတယ်။ ဒီအထဲက သမုဒယသစ္စာကိုလဲ တွေ့ရတာပဲ။ သာယာမှုတဏှာလဲ တွေ့ပြီးတော့ ရှုတိုင်းရှုတိုင်း ကိလေသာငြိမ်း၊ ကိလေသာငြိမ်းပြီးတော့ ကံတွေငြိမ်းဖြစ်ရမယ်။ ဘဝဆင်းရဲတွေလဲငြိမ်းတော့ နိရောဓသစ္စာလဲ တဒင်္ဂနိရောဓခေါ်တယ်။ အဲဒီလို ရှုတိုင်း ရှုတိုင်း ဒီမှာပါတယ်။ ပြီးတော့ မဂ္ဂသစ္စာလဲ လောကီသစ္စာခေါ်တယ်။ အမှန်အတိုင်းသိတဲ့ သမ္မာဒိဋ္ဌိအမှူးရှိတဲ့ မဂ္ဂင်တရားတွေဖြစ်နေတော့ လောကီမဂ္ဂသစ္စာလဲ ဒီမှာပြည့်စုံနေတယ်။ အဲဒါသစ္စာမြင်နေတာ။

မှတ်တိုင်း မှတ်တိုင်း သစ္စာလေးပါးတရားကိုမြင်နေတာ။ အရိယမဂ်ခဏကျတော့ နိဗ္ဗာန်ကိုမြင်တဲ့ သောတာပတ္တိမဂ်ဖြစ်တော့ နိရောဓသစ္စာကို တိုက်ရိုက်မြင်ရတယ်။ နိဗ္ဗာန်နိရောဓသစ္စာမြင်တဲ့ သဘောကမဂ္ဂင်ရှစ်ပါးတရား၊ သောတာပတ္တိမဂ်တရားပဲ။ မဂ္ဂသစ္စာဖြစ်နေတယ်။ အဲဒီနိဗ္ဗာန်အငြိမ်းခတ်မြင်တော့ မငြိမ်းတဲ့သခဲရိတရားတွေ၊ ဖြစ်ပျက်နေတဲ့တရားတွေပဲဆိုတာ သိရတယ်။ ဒုက္ခသစ္စာကိုလဲပဲ သိဖို့ရာကိစ္စပြီးနေပြီ။ အဲဒီဒုက္ခတွေကို ဆင်းရဲမှန်းသိတော့ အဲဒီဆင်းရဲတွေကို တောင့်တမယ့်တဏှာကလဲ ကင်းတန်သမျှကင်းနေပြီ။ မဂ္ဂသစ္စာ၊ တဏှာပယ်ခြင်း

http://www.dhammadownload.com

ကိစ္စလဲ ပြီးနေပြီ။ ဒါကြောင့် သစ္စာလေးပါးကိုလဲ မြင်ရတယ်တဲ့။ ဒါတွေ မဟုတ်ဘူး။

မဂ္ဂင်ရှစ်ပါးလဲ အခုနကပြောခဲ့တဲ့အတိုင်း ပွားတယ်။ အဲဒီလိုသစ္စာလေးပါး တရားတွေမြင်အောင် အားထုတ်ရတာမဟုတ်ပဲ။ မဂ္ဂင်ရှစ်ပါးတရားကိုလဲ ပွားများရတာမဟုတ်ဘဲနဲ့ တစ်စုံတစ်ခုသော အလေ့အကျင့်မျှ ခွေးလိုကျင့်၊ နွားလိုကျင့် စသည်ကျင့်ရုံနဲ့ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ပြီး ယဇ်ကြီး နတ်ကြီး ကိုးကွယ်ရုံနဲ့ ကောင်းစားချမ်းသာသည်၊ သံသရာကထွက်မြောက်ပြီလို့ စသည်ဖြင့် အဲဒီလို ယုံကြည်တာတွေ ဘယ်သူကယ်တင်တယ်၊ ရှင်ကြီးက ကယ်တင်တယ်စသည်ဖြင့် အဲဒီလို ယုံကြည်တာတွေပေါ့လေ။ ဘာမှလဲမဂ္ဂင်ရှစ်ပါး တရားပါတာမဟုတ်ဘူး၊ သစ္စာလေးပါးလဲ ပါတာမဟုတ်ဘူး၊ သူများကိုချည်း အားကိုးနေတယ်၊ အဲဒီလို။

သစ္စာမပါ, မဂ္ဂင်မမြင်, လေ့ကျင့်ကာမျှနဲ့ အလေ့အကျင့်တစ်စုံတစ်ခုမျှနဲ့ ချမ်းသာတာတွေဟာ မြဲသွားမယ်။ နောင်သံသရာဆင်းရဲက လွတ်ပြီးတော့ချမ်းသာသွားမယ်လို့ ယုံကြည်မှုဟာ သီလဗွတပရာမာသ၊ ဒါဟာ ဒိဋ္ဌိတစ်မျိုးပဲ။ အဲဒီဒိဋ္ဌိကင်းရမယ်။

> "သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်။ မယုံကြည်၊ ကင်းပြီ သီလဗွတာ။"

သစ္စာမမြင်ပါဘဲနဲ့။ မဂ္ဂင်ရှစ်ပါးတရားကိုလဲ မပွားရပါဘဲနဲ့။ သစ္စာမပါ၊ မဂ္ဂင်မမြင်၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်လို့ မယုံကြည်တော့ဘူး။ အဲဒီပုဂ္ဂိုလ်က ဘယ်သူကမြောပြော မယုံကြည်ဘူးတဲ့။ အရေးကြီးတယ် သူက။

ဆရာများတဲ့ ပုထုဇဉ်

တချို့က ဒီဟာပြောဟုတ်နိုးနိုး၊ ဟိုဟာပြော ဟုတ်နိုးနိုး၊ ပုထုဇဉ်တွေများ-

"နာနာသဏ္ဌာရံ ဥလ္လောကေတိ ပုထုဇ္ဇနာ၊" ဝစနတ္ထလုပ်ထားတယ်။ နိဒ္ဒေသ ပါဠိမှာ။

ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ **နာနာသဏ္ဌာရံ၊** အထူးထူးသော ဆရာကို။ **ဥလ္လောကေတိ၊** မော်ၾကည့်တတ်ကုန်၏။ သူတော့ သိကောင်းသိပါလိမ့်မယ်။ သူကတော့ အောင်မြင်တာ၊ ထမြောက်ပြီလို့၊ ဟိုဆရာဒီဆရာတွေမော်ပြီးတော့

http://www.dhammadownload.com

ကြည့်တယ်။ အောက်ချပြီးတော့၊ ငါမသိဘူး၊ သူတော့သိတယ်။

နာနာဆတ္ထာရံ့ အထူးထူးသောဆရာကို။ **ဥလ္လောကေတိ** မော်၍ကြည့်တတ်ကုန်၏။ **ဣတိ** ထို့ကြောင့်။ **ပုထုဇ္ဇနာ** ပုထုဇဉ်မည်ကုန်၏။ **ပုထုဇ္ဇနာ** ပုထုဇဉ်ဆိုတာ ဆရာတွေများတယ်။ ဆရာများ သားသေဆိုသလို ဆရာတွေက များတယ်။ ဟိုလူလဲ ဟုတ်နိုးနိုး၊ ဒီလူလဲ ဟုတ်နိုးနိုး ယုံကြည်နေတယ်။ ဒါဟာ ပုထုဇဉ်ခေါ်တယ်။

နာနာဆတ္ထာရံ့နဲ့ ပုထုဇ္ဇနာဆိုတာဟာ ဘာနဲ့ဆိုင်သလဲလို့ ဒီလိုလဲ မသိရင်တော့ မေးစရာရှိတာပေါ့လေ။ ဒါက အဓိပ္ပာယ်ဖွင့်၊ ပုထုဇ္ဇနာ၊ ပုထု-ကများတယ်။ ဇနာ-က လူဟောတယ်၊ လူတွေများတယ်၊ လူဆိုပေမယ်လို့ တခြားလူတွေမဟုတ်ဘူး။ ဆရာတွေ၊ **ပုထု**-ကများတယ်၊ **ဇနာ**-ကလူ၊ ဆရာပုဂ္ဂိုလ်တွေပေါ့လေ။ များသောဆရာရှိတယ်လို့ ဒီလိုအဓိပ္ပာယ်ယူပြီးတော့ဖွင့်တာကိုး။

ပုထုဇနာ ဧကဿဆန္တိ ပုထုဇနေား

ဧကဿ၊ ဤပုဂ္ဂိုလ်အား။ **ပုထု**၊ များစွာကုန်သော။ **ဇနာ**၊ ဆရာပုဂ္ဂိုလ်တို့သည်။ **ဆန္တိ**၊ ရှိကုန်၏။ **ဣတိ**၊ ထို့ကြောင့်။ **ပုထုဇ္ဇနော**၊ ပုထုဇဉ်မည်၏။

ဆရာတွေကများတယ်တဲ့။ ဘယ်လိုဆရာတွေတုန်းဆိုတော့ ဒီလူဖြင့်ရင်းနားလည်တာပဲ။ ဒီလူဖြင့်ရင် နည်းမှန်လမ်းမှန်သိတာတဲ့။ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရာနည်းတွေကို သူသိတယ်တဲ့။ သူ့ဆီကို ဆည်းကပ်လို့ရှိရင် သူ့ဆီကို နည်းခံလို့ရှိရင် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ကြောင်း အကျိုးတွေရလိမ့်မယ်တဲ့။ ဒီလိုယုံကြည်တာကိုး။ အဲဒါကို ဆရာများတာ ဟိုလူဖြင့်ဟုတ်နိုးနိုး၊ ဘယ်ဟာတည့်တည့်မတ်မတ် မရှိဘူး။ ကိုယ်က တရားသိမထားလို့ရှိရင် သံသရာခရီးသွားရင်လဲ ဟိုလူဟုတ်နိုးနိုး၊ ဒီလူဟုတ်နိုးနိုး၊ ဒီလိုပဲသူများတွေကို အားကိုးနေရတာပဲ။ အဲဒါဟာ ပုထုဇဉ်ခေါ်တယ်။

နည်းမှန်ကျင့်မှန်

ဒါဟာ အခုတော့ အဲဒီလိုမဟုတ်ဘူး။ ကိုယ်က နည်းမှန်ကလေးရထားတော့ ဖြစ်ခိုက်ရုပ်နာမ်ရှုလို့ရှိရင် မဂ္ဂင်ရှစ်ပါးတရားဖြစ်ပြီး သစ္စာလေးပါးတရားကိုသိပြီး ရုပ်နာမ်အနိစ္စ, ဒုက္ခ, အနတ္တတရားတွေသိပြီး။ သူများပြောလို့မဟုတ်၊ ကိုယ်တိုင်

http://www.dhammadownload.com

တွေ့ရတာပဲ။ အဲဒီလိုတွေ့နေတော့ ဒီထက်မှန်တဲ့နည်း ဘယ်ရှိလိမ့်မှာတုန်း ဒါပဲ ရှိတယ်။ မြင်ခိုက်မှာ ရုပ်နာမ်တွေ ပျက်နေတာ သိရတယ်။ နံခိုက်, စားခိုက်, တွေ့ထိ ခိုက်, ကွေးခိုက်, လှုပ်ရှားခိုက်, ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေရှု၊ ဖြစ်တိုင်းဖြစ်တိုင်း သော ရုပ်နာမ်တွေ၏ သဘောအမှန် သိမှာပဲ။ ဖြစ်ပျက်တာ သိမယ်။ ဖြစ်ပျက်တာ သိတော့ အနိစ္စသိ၊ အနိစ္စသိလို့ရှိရင် ကိလေသာတွေ ကွာတန်သမျှ ကွာတာပဲ။ ဒုက္ခတွေလဲ သိလာမယ်။ အနတ္တတွေလဲ တွေ့လာမယ်။ ရှုတိုင်းရှုတိုင်း ကိလေသာ တွေငြိမ်း၊ အဲဒီကိလေသာတွေ ကောင်းကောင်းငြိမ်းတဲ့အခါကာလကျတော့ ရုပ်နာမ် သခါရငြိမ်းတဲ့ နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့ရတယ်။

အဲဒီလို တွေ့သွားလို့ရှိရင် အခု ဟိုဆရာက ဟုတ်နိုးနိုး၊ ဒီဆရာက ဟုတ်နိုးနိုး၊ ဟိုနည်းက ဟုတ်နိုးနိုး၊ ဒီနည်းက ဟုတ်နိုးနိုး၊ အဲဒီလို ဝေ့လယ်လယ် မဖြစ်တော့ဘူး။ ဒီနည်းပဲ။ ဒီဥစ္စာမှန်တာပဲ။ ဒီတရားပဲ။ ဒီတရားလေးနဲ့ တည်တဲ့နေတယ်။ အရေး ကြီးတယ်။ (ဆိုကြစို့)။

"သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ မယုံကြည်၊ ကင်းပြီသီလဗွတာ။"

သီလဗွတပရာမာသသံယောဇဉ်ကင်းတယ်။

အာသ၊ ထိုသောတာပန်ပုဂ္ဂိုလ်အား။ **ဒဿနေန**၊ နိဗ္ဗာန်ကိုမြင်သော သောတာပတ္တိမဂ်နှင့်။ **သဟဿော**၊ တစ်ပြိုင်နက်သာလျှင်။ **သက္ကာယဒိဋ္ဌိ**၊ ရုပ်နာမ် အစုကို ပုဂ္ဂိုလ်သတ္တဝါငါကောင်ဟုထင်မှတ်သော သက္ကာယဒိဋ္ဌသည်လည်းကောင်း။ **ဝိစိကိစ္ဆာ**၊ ဘုရား, တရား, သံဃာ, မိမိကျင့်သောသီလ, သမာဓိ, ပညာအကျင့်တို့၌ ဟုတ်မှဟုတ်ပါ့မလားဟု ယုံမှားသောဝိစိကိစ္ဆာသည်လည်းကောင်း။ **သီလဗ္ဗတံဝါ**၊ တစ်စုံတစ်ခုသောအလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည်ဟု ယုံကြည်သော သီလဗွတပရာမာသ အယူသည်လည်းကောင်း။ **ဣတိ**၊ ဤသို့။ **တယော**၊ သုံးပါးကုန်သော။ **ဓမ္မာ**၊ အကုသိုလ်တရား သံယောဇဉ်တရားတို့သည်။ ဝါ၊ သံယောဇဉ်တရားတို့ကို။ **ဇဟိတာ**၊ ပယ်စွန့်အပ်ကုန်သည်။ **ဟောန္တိ** ဖြစ်ကုန်၏။

http://www.dhammadownload.com

သံယောဇဉ် ၃-ပါးကင်းရကျိုး

အဲဒီသံယောဇဉ်တရား ၃-ပါး ကင်းသွားတယ်တဲ့။ သံယောဇဉ်တရား သုံးပါး ကင်းသွားတော့ ဘာအကျိုးရတုန်း။ **စတူဟာပါယေဟိစ ဝိပွမုတ္ထော၊ စတူဟိ၊** လေးပါးကုန်သော။ **အပါယေဟိစ၊** အပါယ်လေးဘုံတို့မှလည်း။ **ဝိပွမုတ္ထော၊** ကင်းလွတ်လေပြီ။ အဲဒီပုဂ္ဂိုလ်ဟာ အပါယ်လေးပါးသို့ မကျရောက်နိုင်ပါဘူး။ အပါယ်လေးပါးမကျတော့ဘူး။ ဘာပြုလို့တုန်း၊ အပါယ်လေးပါးသို့ ကျရောက်ကြောင်းဖြစ်တဲ့ ကိလေသာတွေမရှိလို့ပဲ။

သက္ကာယဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တွေ၊ **ဝိစိကိစ္ဆာ**ရှိတဲ့ပုဂ္ဂိုလ်တွေ၊ **သီလဗ္ဗတပရာမာသ** မကြဉ်သေးတဲ့ပုဂ္ဂိုလ်တွေဟာ အပါယ်လေးပါးကျနိုင်တယ်။ သူတို့က မပြုနိုင်တဲ့ အကုသိုလ်တွေမရှိဘူး။ **ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊** အစရှိသည် အကုန်လုံးပြုနိုင်တယ်။ အလွန်ဆုံးအားဖြင့်ဆိုရင် ဘယ်ထိအောင်ဆိုတော့ အမိအဖကိုသတ်နိုင်သည့်တိုင်အောင် ဒီထိအောင်ပြုနိုင်တာကိုး။

သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ အဲဒီလိုကြမ်းတမ်းတဲ့ ကိလေသာတွေမရှိဘူးတဲ့။ သူတစ်ပါးအသက်ကို သတ်နိုင်လောက်အောင်, သူတစ်ပါးဥစ္စာ ခိုးနိုင်လောက်အောင်, မတရားပြုကျင့်လောက်အောင်, သူတစ်ပါးအကျိုးမဲ့အောင် လိမ်လည်ပြီးတော့ ပြောနိုင်လောက်အောင် အကုသိုလ်အကြမ်းတွေ သူမှာ မရှိနိုင်တော့ဘူး။ ဒါကြောင့် သူသန္တာန်မှာ စိတ်ကစင်ကြယ်နေပြီး မြင့်မြတ်နေပြီ။

ဘာနဲ့တူသလဲဆိုလို့ရှိရင် လေးတဲ့ဝတ္ထုပစ္စည်းများ၊ ရေထဲကျမြုပ်သွားသလို၊ ကိလေသာတွေ တင်းကြမ်းပြည့်နေတဲ့ပုဂ္ဂိုလ်ဆိုတာက အပါယ်လေးဘုံကျသွားနိုင်တယ်။ စိတ်ဓာတ်တွေက မစင်ကြယ်ဘဲဖြစ်နေတော့ သေခါနီးမှာ မသင့်တဲ့အာရုံဆီသို့လဲ ရောက်သွားတာကိုး။ အမြဲတမ်းရောက်တယ်လို့တော့ မဟုတ်ပါဘူး။ တရားမပြည့်စုံလို့ အကုန်လုံးအပါယ်သို့ကျတယ်လို့ ဒီလိုတော့မဟုတ်သေးဘူး။

တချို့ဆရာတွေက ဟောကြတာကိုး။ ဒီလိုဟောကြတာ တရားအားမထုတ်လို့ရှိရင် တရားမသိရင် အပါယ်လေးပါးကျလိမ့်မယ်ဆိုပြီးတော့ နက်ဖြန်သဘက်ကျတော့မလိုလို၊ တချို့တရားဟောတတ်တယ်။ ဘုန်းကြီးများတော့ ဒီလောက်တော့

http://www.dhammadownload.com

မဟောပါဘူး။ ဒီလိုတော့ မဟောပြောရဘူးလို့ မြတ်စွာဘုရားကပြောတယ်။ မဟုတ်ဘူးတဲ့။ ဒီဥစ္စာ သိပ်လဲ မချောက်ရဘူးတဲ့။ သိပ်လဲ မမြောက်နဲ့တဲ့။ ဝတ္ထုရားအတိုင်း မှန်မှန်ဟောရမယ်။ ဘုန်းကြီးများက လမ်းမှန်တော့ ဟောပါတယ်။ ကျနိုင်တယ်၊ ကျသွားတတ်တယ်၊ ဒါပါပဲ။ ဇကန်ကျလိမ့်မယ်လို့တော့ မဟုတ်ဘူး။

သူမှာ ကုသိုလ်တရားတွေကရှိတော့ သေခါနီးမှာ ကုသိုလ်တရားတွေနဲ့ အာရုံပြုပြီးတော့ လူပြည်တွေရောက်၊ နတ်ပြည်တွေရောက်၊ ဒီလိုလဲရှိသေးတာပေါ့။ ဒီလိုမရောက်လို့ရှိရင် လူပြည်လူတော့ ရှိတော့မယ်မဟုတ်ဘူး။ အဲဒီလိုလဲရှိသေးလို့ လူပြည်လူတွေရှိသေးတာ၊ ဒါပေမယ်လို့ အကြောင်းပတ်သက်လို့ရှိရင် သေခါနီးကျတော့ မတော်တာစွဲလမ်းပြီးတော့ အပါယ်လေးပါးကျတတ်တယ်တဲ့။ ဘာကြောင့် သူသန္ဓာန်မှာ ကိလေသာတွေ တင်းကြမ်းပြည့်နေလို့။

အခု သောတာပတ္တိမဂ်ဉာဏ်ရောက်လို့ ဒီသံယောဇဉ်သုံးပါး ကင်းသွားလို့ရှိရင် လောဘ, ဒေါသ, မောဟတွေကတော့ လုံးလုံးတော့မကင်းသေးဘူး။ ဒါပေမယ်လို့ အားနည်းသွားပြီ။ သူအသက်ကို သတ်နိုင်လောက်အောင်၊ သူတစ်ပါးဥစ္စာခိုးနိုင်လောက်အောင်၊ မတော်မတရားပြုကျင့်နိုင်လောက်အောင်၊ ကြမ်းတမ်းတဲ့ လောဘ, ဒေါသ, မောဟ အကြမ်းတွေမရှိတော့ဘူး။

ဒါကြောင့် အလေးချိန်ပေါ့သွားသလိုပေါ့လေ။ ရေထဲချလိုက်သော်လဲ မမြုပ်ဘူး။ ရေထဲချလိုက်လို့ရှိရင် သစ်သားတို့ ဘာတို့မမြုပ်သလိုပဲ။ အောက်သံသရာ မမြုပ်ဘူးတဲ့။ သေခါနီးမှာ မတော်တဲ့အစွဲအလမ်းတွေ မစွဲလမ်းဘူး။ ဘာပြုလို့တုန်းဆိုတော့ သူသိထားတဲ့တရားကလေးရှိနေလို့ပါပဲ။ သူသိထားတဲ့တရားကလေးတွေက အမြဲတမ်းလိုပဲ အထူးနှလုံးမသွင်းပေမယ်လို့လဲ အမြဲတမ်းရှုရင်း, မှတ်ရင်း, ဖြစ်နေတာ။ အရေးကြီးတဲ့အခါကျတော့ ကိုယ့်တရားလေးနဲ့ကိုယ် နှလုံးသွင်းနေတာကိုး။ စင်စင်ကြယ်ကြယ်နဲ့သေတာကိုး။ အဲဒီတော့ အပါယ်လေးပါးမကျနိုင်ဘူးတဲ့။

စတူဟာပါယေဟိစ စတူဟိ၊ လေးပါးကုန်သော။ **အပါယေဟိစ** အပါယ်ဘုံတို့မှလည်း။ **သော** ထိုနိဗ္ဗာန်ကိုမြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည်။ **ဟုတိ** ဤသို့။ **ဝိပ္ပမုတ္တော** ကင်းလွတ်လေပြီ။ ကင်းလွတ်သွားပြီတဲ့။

http://www.dhammadownload.com

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ၊
ကိဉ္စာပိ တေ ဟောန္တိ သုသံပမတ္ထာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ။

အဲဒီပုဂ္ဂိုလ်ဟာ သစ္စာလေးပါးတရားကိုသိလို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေတောင်မှ ရနိုင်တဲ့ဘဝပဲတဲ့။ လူဘဝ, နတ်ဘဝ, ကာမဘုံမှာ ၇-ဘဝပဲနေနိုင်မယ်။ ကာမဘုံမှာ ၇-ဘဝပြည့်လို့ရှိရင် လွန်ခြွေရင့်ကျက်ပြီးတော့ အရဟတ္တဖိုလ်ရောက်၊ ပရိနိဗ္ဗာန်စံတယ်ဆိုတာဟာ ဒီဘဝနောက်ဆုံးဘဝပါပဲ။ အဲဒီတော့ အများဆုံးပါပဲ။ ကာမဘဝ ၇-ဘဝ၊ အခုနက သီလပဒတနဲ့စပ်ပြီးတော့ -

ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိဝါတေဟိ အသမ္ဟကိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ၊

တံခါးတိုင်ပုံဟန် သောတာပန်

ယထိန္ဒခီလော၊ တံခါးတိုင်သည်။ **စတုဗ္ဘိဝါတေဟိ**၊ အရပ်လေးမျက်နှာမှ လာသောလေတို့သည်။ ဝါ၊ လေတို့ကြောင့်။ **အသမ္ဟကိယော**၊ မတုန်လှုပ်စေနိုင်သည်။ **ဝါ**၊ မတုန်လှုပ်သည်။ **သိယာယထာ**၊ ဖြစ်သကဲ့သို့။

မြို့များမှာ ရှေးကမင်းတွေက မြို့များ၊ ရွာဘုရင်တွေနန်းတော်မြို့ပေါ်လေ။ အတွင်းမြို့လို့ခေါ်ရမယ်ပေါ့။ ရှေးကမြို့ရိုးတွေ တခမ်းတနားလုပ်ပြီးတော့ ရန်သူမဝင်နိုင်အောင်လို့ ရှေးတုန်းကတော့ ရန်သူက ရေကြောက်တာကိုး။ မြေကြီးကလာရတာ၊ တုတ်နဲ့မားနဲ့ဆိုတော့ အကာအကွယ်တွေလုပ်တယ်။ တံတိုင်းတွေ ခတ်၊ ဝင်ပေါက်နည်းနည်းပဲ။ ဝင်ပေါက်မှာလဲ အစောင့်အရှောက် အဲဒီမှာ လုံခြုံမှု ရှိအောင် လှပတင့်တယ်အောင် တံခါးတိုင်ဆိုတာစိုက်ထားတယ်။ တိုင်ပါပဲ။ လှလှ ပပ စိုက်ထားတယ်။ အဲဒါ မြေပေါ်မှာ ရှစ်တောင်လောက်မြင့်လို့ရှိရင် မြေကြီးထဲမှာ ရှစ်တောင်လောက်မြှုပ်ရတယ်။ သူက အလားတူပဲ မြှုပ်ရတယ်။ မြေပေါ်မှာ လေး

http://www.dhammadownload.com

တောင်လောက် ဖော်ထားလို့ရှိရင် မြေကြီးထဲ လေးတောင်လောက်မြှုပ်ထားရတယ်။ ရှစ်တောင်ဖော်ရင် ရှစ်တောင်မြှုပ်ရတယ်။ မြေဝင်ခိုင်ခိုင်လုပ်ရတယ်။ ဒါဟာ သူရဲ့ မင်္ဂလာအထိမ်းအမှတ်လဲ ဖြစ်ပါလိမ့်မယ်။ မလဲပဲနေအောင် အဲဒီလိုတိုင် တံခါးတိုင်ပဲ။ အခုတော့ မန္တလေးမှာရှိတယ်လို့ပြောတယ်။ ဘုန်းကြီးတော့ သတိမထားမိဘူး။ မန္တလေးမြို့ပေါက်ဝမှာ အဲဒီတံခါးတိုင်ဟာ အရပ်လေးမျက်နှာမှလာတဲ့ လေတို့ကြောင့် လှုပ်ရှားခြင်းမရှိဘူး။ ဘယ်လှုပ်ရှားလိမ့်မှာတုန်း၊ အောက်မြေဝင်က အမျှားကြီးသွင်းထားတာကိုး။ လေတိုက်လို့ ဘယ်လိုလှုပ်နိုင်မှာတုန်း။ မလှုပ်နိုင်ဘူး။ အဲဒါလိုပါပဲ။

တထူပမံ သပ္ပုရိသံ ဝဒါမိ၊

သပ္ပုရိသံ၊ သူတော်ကောင်းကို။ **တထူပမံ**၊ ထိုမြို့ပေါက်ဝ၌စိုက်ထားသော တံခါးတိုင်ကြီးနဲ့ အလားတူသည်ဟူ၍။ **အဟံ**၊ ငါဘုရားသည်။ **ဝဒါမိ**၊ ဟောတော်မူ၏။

သောတာပန်ပုဂ္ဂိုလ်ဟာ အဲဒီတံခါးတိုင်ကြီးနဲ့တူတယ်။ တံခါးတိုင် အရပ်လေးမျက်နှာမှ လေတွေတိုက်လို့ မလှုပ်သလိုပဲ။ သူလဲပဲ အမျိုးမျိုးအယူဝါဒတွေကြောင့် မလှုပ်ရှားတော့ဘူး။ ကျုပ်တို့တရားက သိပ်ကောင်းပါတယ်။ ကျုပ်တို့ဆရာက သိပ်ကောင်းတယ်စသည်ဖြင့်ပေါ့လေ။ ဝါဒဖြန့်တာတွေရှိတယ်။ ဟုတ်ကောင်း ဟုတ်လိမ့်မယ်ဆိုရင် အခုနက ဥစ္စာတွေဆိုရင် **နာနာသဏ္ဌာဉ္ဇလ္လောကေတိ၊ ပုထုဇ္ဇနာ** ဖြစ်နေမှာပေါ့။ ဟုတ်ကောင်းဟုတ်လိမ့်မယ်လို့ဆိုရင် နာနာသဏ္ဌာရံ **ဥဇ္ဇလ္လောကေတိ** ဘယ်ဖြစ်မှာတုန်း။ အခုဟာက အရပ်လေးမျက်နှာကလာတဲ့ အယူဝါဒတွေလာခဲ့။ ဘာမျှကိစ္စမရှိဘူးတဲ့။ မတုန်လှုပ်ဘူး။ ကိုယ့်တရားကလေးနဲ့ကိုယ် တည်တံ့နေတယ်။

တထူပမံ သပ္ပုရိသံ ဝဒါမိ၊

ယော အရိယသစ္စာနိ အဝေဒွ ပဿတိ၊

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ **အရိယသစ္စာနိ**၊ အရိယာတို့သည် သိအပ်သော သစ္စာလေးပါး အမှန်တရားတို့ကို။ **အဝေဒွ**၊ ဉာဏ်ဖြင့်သက်ဝင်၍။ **ပဿတိ**၊ မြင်၏။ **တံသပ္ပုရိသံ**၊ ထိုသူတော်ကောင်းကို။ (ဝါ) ထိုသစ္စာလေးပါးတရားကိုသိမြင်သော

http://www.dhammadownload.com

သူတော်ကောင်းကို။ **ထထူးပမံ**၊ ထိုမြို့တံခါးပေါက်၌ စိုက်၍ထားသောတံခါးတိုင်ကြီးနှင့် အလားတူသည်။ **ဝါ**၊ ထိုမြို့တံခါးပေါက်၌ စိုက်ထားအပ်သော တံခါးတိုင်ကြီးသည် အရပ်လေးမျက်နှာမှလာသောလေတို့ကြောင့် မတုန်မလှုပ်သကဲ့သို့ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာမှလာသော အယူဝါဒအမျိုးမျိုးတို့ကြောင့် မတုန်မလှုပ်ပဲ ခိုင်ခံ့သောသဘောရှိသည်ဟူ၍၊ **အဟံ**၊ ငါသည်။ **ဝဒါမိ**၊ ဟောတော်မူ၏။

ကိုယ်ရထားတဲ့ ကိုယ်သိထားတဲ့တရားလေးနဲ့ တည်တံ့ခိုင်မြဲနေတယ်တဲ့။ အဲဒါ သောတာပန်တွေရဲ့ဂုဏ်တွေပေါ့။ ရတနသုတ် ပရိတ်ထဲမှာပါတယ်။ အင်မတန်ကောင်းတဲ့တရားတွေ အဲဒီဂုဏ်တွေအတိုင်းဖောင်ဖွဲ့ပြီး ကူးတဲ့ပုဂ္ဂိုလ်ဟာ နှစ်မိုင်ရောက်သွားပြီတဲ့။ နှစ်မိုင်ရောက်သွားတော့ ဘာတွေ့တုန်းဆိုတော့ **ရူပ်နာမ် သစ္စါရပြိမ်းတဲ့ နိဗ္ဗာန်တွေ့တယ်**။ နိဗ္ဗာန်တွေ့လို့ရှိရင် **သတ္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ**ဆိုတဲ့ သံယောဇဉ်တရား ၃-ပါးကင်းသွားပြီ။

အဲဒီတော့ ကိုယ့်ဟာကိုယ်ဆင်ခြင်တော့ ဆင်ခြင်တတ်တာပေါ့။ မဆင်ခြင်တတ်သေးတော့ အခုလို တရားဟောတဲ့အခါ ကြားရတော့ ငါကင်းသလား မကင်းဘူးလား စဉ်းစားလိုက်လို့ရှိရင် ဘုန်းကြီးက ဒီမှာဉာဏ်စဉ်တရား အမြဲတမ်းဟောနေတယ်။ ဉာဏ်စဉ်တရားဟောတော့ အဲဒီမှာ စောစောကမသိတောင်မှ ဒီအထဲမှာပါတဲ့အတိုင်း ငါကင်းတယ်ဆိုရင်လဲ ကင်းတယ်ဆိုတာသိတယ်။ မကင်းသေးရင်လဲ မကင်းသေးဘူးဆိုတာ သိတာပေါ့။ သတ္တဝါအကောင်လိုက် အထည်လိုက် ဧကန် ရှိသေးတယ်လို့ထင်ရင် အဲဒါသက္ကာယဒိဋ္ဌိ မကင်းသေးဘူးဆိုတာ လောက ဝေါဟာရအားဖြင့်တော့ သတ္တဝါလို့ခေါ်ရတာပဲ။ အဲဒီလိုပဲ ကိုယ့်သားရေး သမီးရေး စသည်ဖြင့် ဒီလိုပဲ လောကအတိုင်းတော့ အသိအမှတ်တော့ပြုရတယ်။ ဒါပေမယ်လို့ တစ်ကြိမ်တည်းအသက်ရှင်နေတဲ့ အကောင်ကလေးရယ်လို့ ဒီအထဲမရှိဘူး။ ဖြစ်ပျက်နေတဲ့ ရူပ်နာမ်တွေပဲဆိုတာ သဘောပေါက်ရမှာကိုး။

ဝိပဿနာရှုစဉ်က ရှုတိုင်းရှုတိုင်း ဖြစ်ပျက်နေတဲ့ ရူပ်နာမ်တွေ တွေ့ရတယ်။ အတွင်းကရော အပြင်ကရော၊ ပေါ်လာတဲ့အာရုံတွေလည်း ဖြစ်ပျက်သွားတာပဲ။ ရှုမှတ်သိနေတဲ့ စိတ်ကလေးပဲ ဖြစ်ပျက်သွားတာပဲ။ ဘယ်မှာ တည်တံ့ခိုင်မြဲနေတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ရယ်လို့ မရှိဘူး။ ကိုယ်ထဲမှာ သူများသန္တာန်မှာလဲ ဒီလိုပဲ။ ဖြစ်ပျက်နေတဲ့ တရားတွေပဲဆိုတာ အဲဒီလိုကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် ဖြစ်နေရမယ်။ အဲဒါဖြစ်ရင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာကင်းတာပဲ။ အဲဒါကင်းလို့ရှိရင် ဘုရား, တရား, သံဃာနဲ့စပ်ပြီးတော့ ယုံမှားမရှိ။ ကိုယ်ကျင့်တရားနဲ့စပ်ပြီး ယုံမှားမရှိ ပြီးတော့ သစ္စာလေးပါးကို မြင်အောင်ကျင့်တဲ့ တရားတွေလဲ မဟုတ်ဘူး။ မဂ္ဂင်ရှစ်ပါး ပွားရတဲ့အကျင့်လဲမဟုတ်ဘဲနဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သွားပါတယ် ဆိုတဲ့နည်းလမ်းတွေလဲပဲ စိတ်မဝင်စားတော့ဘူး။ မယုံကြည်တော့ဘူး။ ဒါဟာ သံယောဇဉ်တရား ၃-ပါးကင်းတာ။

သံယောဇဉ် ၇-ပါးကျန်သေး

ဒီတော့ ဒီပြင်သံယောဇဉ်တွေလဲ ရှိတယ်လို့ဆိုရမှာပေါ့။ **ကာမရာဂ၊ ဗျာပါဒ၊** ကာမအာရုံတွေကို သာယာနှစ်သက်မှု၊ ဒါကတော့ ရှိသေးတာကိုး။ အမြင်ကောင်းကလေးတွေ မြင်ချင်တယ်။ အကြားကောင်းကလဲ ကြားချင်တယ်။ အနံ့ကောင်းကလေးတွေကလဲ နံချင်တယ်။ အစားကောင်းကလဲ စားချင်သေးတယ်။ အတွေ့အထိကောင်းကလေး တွေ့ထိချင်တယ်။ အရသာကောင်းစားချင်တယ်။ ချမ်းသာချင်သေးတယ်။ ဒါလေးကတော့ ရှိနေသေးတယ်။ **ကာမရာဂ** ဖြစ်တယ်။ ယောက်ျားမိန်းမတွေနဲ့စပ်ပြီးတော့ သာယာမှုတွေရှိတယ်။ **ဝိဿာဘာဝ**ဖြစ်တဲ့ အာရုံတွေ သာယာမှုကလေး မကင်းသေးဘူးဆိုတာ ထင်ရှားရှိသေးတယ်။ မကင်းရင် မကင်းဘူးဆိုတာ အထင်အရှားကြီး။ ကာမရာဂတို့ မကင်းသေးဘူး။

ဗျာပါဒ ဒေါသစိတ်ကလေးက စဉ်းစားကြည့်ရင် စိတ်ဆိုးဦးမှာကို စိတ်မဆိုးပဲနဲ့ မနေဘူး။ စိတ်ဆိုးစရာရှိသေးတယ်ဆိုတာကို သိရမယ်။

ဒီထက်သိမ်မွေ့တဲ့သံယောဇဉ်တွေရှိတယ်။ **ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ**ဆိုတာဟာ အဲဒါတွေကတော့ သိမ်မွေ့တယ်။ ရူပရာဂ, ရူပဘဝတွေသာယာ တယ်။ အရူပရာဂ, အရူပဘဝ ပြဟ္မာဘဝတွေ သာယာတယ်။ စျာန်မရတဲ့ပုဂ္ဂိုလ် တွေနဲ့တော့ ဝေးကိုဝေးပါသေးတယ်။ သာယာဖို့ဟာကတော့ အတော်ကိုဝေးပါသေး တယ်။ ကာမရာဂတွင် ဒီမှာခံနေတယ်။

http://www.dhammadownload.com

ပြီးတော့ မာန၊ မာနဆိုတာ ငါသာသိတယ်, ငါသာတတ်တယ်, ငါသာသူများထက်တော်တယ်။ ဘယ်သူနဲ့အတူတူပဲ။ တန်းတူစသဖြင့် ဒီလိုစဉ်းစားတယ်။ နှိုင်းယှဉ်တဲ့မာန၊ ကိုယ်ကအသာယူချင်တဲ့ မာနကလေး၊ ဒါလေးရှိဦးမှာ။ ဒါက ရဟန္တာကျမှ ကင်းတာ။

ဥဇ္ဇုစ္စ-ဆိုတာက စိတ်ပျံ့လွင့်တာ၊ နောက်ကအဝိဇ္ဇာတဲ့။ **အဝိဇ္ဇာ**ဆိုတာက တော့ မမြဲတာကိုမြဲတယ်လို့ ထင်တယ်တဲ့။ ဆင်းရဲကို ချမ်းသာလို့ ထင်တယ်။ ချမ်းသာထင်တာက ရှိသေးတာကိုး။ ဒီလိုပဲ **သောတာပန်တွေ၊ သကဒါဂါမ်၊ အနာဂါမ်**တွေ သံသရာထဲပျော်နိုင်သေးတာ။ **သုဘသညာ**ရှိနေတယ်။ **သုဘသညာ** တင့်တယ်တယ်လို့ ကောင်းတယ်လို့ ထင်တာကလေးတွေက ရှိနေသေးတယ်။ ဒါပျောက်သွားလို့ရှိရင် ကိလေသာတွေအကုန်ကုန်မယ်။

အဲဒါကြောင့် **ရူပရာဂ, အရူပရာဂ, မာန, ဥဇ္ဇုစ္စ, အဝိဇ္ဇာ**ဆိုတဲ့ သံယောဇဉ် ၅-ပါး၊ အခုနက **ကာမရာဂ၊ ဗျာပါဒ**အကြမ်းစား သံယောဇဉ်က ၂-ပါးပေါင်း ၇-ပါးတော့ကျန်သေးတယ်။ သံယောဇဉ်တရားဆယ်ပါး ဒါကိုသိရမယ်။ ဒီ ၇-ပါး ကင်းအောင် လေ့ကျင့်ရမယ်။ ဒါတွေ မကောင်းတဲ့တရားတွေမှန်းတော့ သိတယ်။ အဲဒါ ပုထုဇဉ်နဲ့သိရတယ်။ ပုထုဇဉ်ကတော့ အဲဒါတွေကောင်းနေတာကိုး။ ကာမ ရာဂတွေ ဖြစ်နေတာလဲ ကောင်းနေတာပဲ။

အရိယပုဂ္ဂိုလ်အနေအားဖြင့်တော့ မခံစားဘူးမဟုတ်ဘူး။ မသာယာဘူး မဟုတ်ဘူး။ လက်ခံတော့ လက်ခံပါတယ်။ ကာမအာရုံတွေ ဒါပေမယ့် ဒါတွေ မကောင်းမှန်းတော့သိတယ်။ မလွှဲသာလို့ပဲ။ ထမင်းစားတဲ့အခါကာလမှာ မြိန်မြိန် ယှက်ယှက်နဲ့ အရသာခံပြီးတော့ စားတာကရှိတယ်။ မလွှဲမကင်းသာလို့ စားတာက တစ်မျိုးရှိတယ်။ နှစ်မျိုးရှိတယ်။ အဲဒါ အခုမလွှဲမကင်းသာလို့ အနေမျိုးနဲ့သာ ကောင်းတော့မကောင်းဘူး။ ဒါပေမယ်လို့ သာယာမှုကလေးကရှိနေတဲ့အတွက် ဒီဥစ္စာက သုံးဆောင်ရသေးတာကိုး။ ဒီလိုသဘောမျိုးတွေ ပယ်တော့ပယ်ရမယ့် တရားတွေပဲလို့ မကောင်းတဲ့တရားတွေဆိုတာ ဒီလိုသိရတယ်။ မပယ်နိုင်သေးတာ တစ်ခုပဲ။ ပယ်တော့ပယ်ရမယ်ဆိုတာ ဒီလိုတော့သိရတယ်။

http://www.dhammadownload.com

သကဒါဂါမိမဂ်ရောက်

အဲဒါကို အရှင်ခေမက-က ဥပမာပေးတယ်။ နက်နေတဲ့ရေတွင်းမှာ ရေတော့မြင်ရတယ်။ လက်လှမ်းတော့မမီဘူး။ မြင်တော့မြင်နေရတယ်။ အဲဒီလိုပါပဲ ပယ်ရမယ့်တရားတွေလို့တော့ သိတော့သိတယ်။ ဒါပေမယ်လို့ မကင်းသေးဘူး။ အဲဒီတော့ **သက္ကာယဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ**ဆိုတဲ့ သံယောဇဉ်တရား ၃-ပါးကတော့ ကင်းသွားပြီ။ **ကာမရာဂ, ဗျာပါဒ**ဆိုတဲ့ သံယောဇဉ် အကုသိုလ်တရားတွေကတော့ ရှိသေးတယ်။ ဒါတွေကင်းအောင်လို့ ငါကျင့်ရဦးမယ်။ ဒီလို ဆင်ခြင်ပြီးသကာလ ကျင့်ရတာကိုး။ ဆက်ပြီးတော့ မရသေးတဲ့တရားရအောင်၊ မသိသေးတဲ့တရား သိအောင်လို့ မပယ်သေးတဲ့ ကိလေသာတွေကို ပယ်နိုင်အောင်လို့ ကျင့်ရဦးမှပဲ။ တရားတွေအားထုတ်လိုက်ဦးမယ်ဆိုပြီးတော့ ဆက်အားထုတ် တယ်။ ဒါက ရှေ့တစ်စခန်းကူးတာနဲ့တူတယ်။

လက်နဲ့ခြေနဲ့ယက်ပြီးတော့ အခုနက ရေထဲကူးနေတဲ့ပုဂ္ဂိုလ် အဲဒီလို ကူးသွားလို့ နောက်တစ်ခါနှစ်မိုင်ရောက်သွားတော့ တစ်စခန်း၊ ကျောက်ဆောင်ကလေးတို့ ဘာတို့တွေ့လို့ရှိရင် နားရဦးမယ်ပေါ့လေ။ ဒီမှာ အဲဒီလိုတစ်စခန်းရောက်သွား၊ ဒါက **သကဒါဂါမိမဂ်**ကို ရောက်တယ်တဲ့။ ရောက်တော့လဲ ဒီအတိုင်းပါပဲ။ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ သိရင်းသိရင်းနဲ့ ရုပ်နာမ်သဘာဝကြီးတဲ့တရား၊ ဒီလိုပဲ တွေ့တာပါပဲ။ တွေ့တော့ အဲဒီမှာကိလေသာတွေ တစ်စခန်းကွာသွားတယ်။ ဘာတွေ ကွာသလဲ၊ အခုနက ကာမရာဂ, ဗျာပါဒတွေ၊ **သောတာပန်**မှာ **ကာမရာဂ၊ ဗျာပါဒ**တွေ ပုထုဇဉ်နဲ့တော့ မတူဘူးပေါ့လေ။ ဒါပေမယ်လို့ တော်တော်တော့ ကျန်သေးတာပဲ။ ဒီမှာ အဲဒါတွေ အကြမ်းစားတွေကင်းသွားတယ်။ သောတာပန်ကျတော့ နူးညံ့သိမ်မွေ့တယ်တဲ့။ ဖြစ်ရင်လဲ တစ်ခါတစ်ရံဖြစ်တယ်။ ဖြစ်တော့လဲ မကြမ်းတော့ဘူးတဲ့။ သိမ်မွေ့တယ်။ ဘယ်လောက်ထိအောင် သိမ်မွေ့သလဲဆိုတော့ ဝါဒကတော့ ကွဲနေတယ်။

ဝါဒအမျိုးမျိုး

အချို့ဆရာတွေက ကာမဂုဏ်အာရုံတွေ, လောကကာမအာရုံတွေ သုံးဆောင်ခံစားတဲ့ အဖြစ်မျိုးဖြစ်အောင်မရောက်ဘူးတဲ့။ ကာမရာဂ၊ ယောက်ျားမိန်းမ

http://www.dhammadownload.com

တွေ၊ အဲဒီအတွေ့တွေနဲ့ ခံစားဖူးတဲ့ဟာမျိုးတွေဖြစ်အောင် မရောက်ဘူးတဲ့ သာယာမှု တော့ ရှိသေးတာပဲ။ အဲဒီလို သာယာမှုဟာ **မေထုနပဋိသေဝနလို့**ခေါ်တယ်။ အဲဒီ ထိအောင်မရောက်တော့ဘူးတဲ့။ တချို့ဆရာတွေကဆိုတယ်။ တချို့ဆရာတွေ ကတော့ ဒီလောက်တော့မဟုတ်ပါဘူးတဲ့။ အဖြစ်တော့နည်းတယ်။ ဖြစ်တဲ့အခါကျ တော့ ဒီလိုပါပဲ။ ဖြစ်သေးတာပဲ။ လောကရေးရာတွေနဲ့ ဆက်ဆံမှုရှိသေးတာပဲ။ ဘာပြုလို့လဲဆိုတော့ ဒီသကဒါဂါမ်တွေမှာ သားတွေသမီးတွေရှိတယ်။ သားတွေ သမီးတွေရှိကတည်းက မကင်းသေးလို့နေမှာပေါ့။ အဲဒါ အချို့ဆရာတွေက ပြောတယ်။

အဲဒီတော့ အဋ္ဌကထာဆရာတွေက ဖြေတယ်။ သားတွေသမီးတွေကလဲ ဒီပြင်နည်းနဲ့လဲ ရတာပါပဲ။ ဒါဟာ မသေချာဘူးဆိုပြီးတော့ အဲဒါကို ပယ်လိုက် တယ်။ ဒါပေမယ်လို့ စဉ်းစားကြည့်တော့ ဒီပြင်နည်းနဲ့ရတာတော့ တယ်မပေါ်ဘူး။ ဒီပြင်နည်းနဲ့ အဆင်းမြင်ရုံမျှနဲ့ အသံကြားရုံမျှနဲ့စသည်ဖြင့် ဒီလိုဟာကလေးတွေ စာထဲပေထဲကရှိပါတယ်။ ဒါပေမယ်လို့ အဲဒါကတော့ ရှားပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လောကမှာ အိမ်ထောင်မပြုသေးတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုပဲ။ အဆင်းမြင်တာ အသံကြားတာနဲ့ ဒီလိုတော့ သားတွေသမီးတွေမဖြစ်ပါဘူး။ ဒါဟုတ်ပုံတော့တယ်ရပုံ မပေါ်ပါဘူး။ အဲဒီတော့ အခု လောကဆရာဝန်တို့အနေနဲ့ဆိုတော့ သာ၍ မယုံကြည်တော့မှာပဲ။ ပဋိသန္ဓေတည်တာက အကြောင်းရှိတယ်။ အဲဒီတော့ ကာမ ရာဂကင်းသည်ဆိုတာဟာ ရံခါရံခါမှ ဖြစ်တာပါပဲတဲ့။ သက်သာသွားတယ်။

ဝါဒတစ်ခုရှိတယ်။ ဖြစ်တဲ့အခါကာလမှာလဲပဲ ကြမ်းကြမ်းတမ်းတမ်း မဖြစ် တော့ဘူး။ သိမ်သိမ်မွေ့မွေ့ပဲ ဖြစ်တော့တယ်။ ကြမ်းတမ်းတဲ့ ကာမရာဂ သုံးဆောင် မှုတွေ မရှိတော့ဘူးတဲ့။ ဒီလို ယူဆတဲ့အယူဝါဒက တစ်ခုရှိတယ်။ အဲဒါက ကိုယ် ကြိုက်တာယူရမှာပေါ့လေ။ ကိုယ်တိုင်လဲ တရားထူးတွေ့တဲ့ အခါကျတော့ ကိုယ် ဖြစ်ပုံနဲ့ပဲ ဆုံးဖြတ်မှနေရာကျမယ်။ သူများတော့ ဆုံးဖြတ်လို့နေရာမကျဘူး။ ဒါက ဟုတ်ချင်မှဟုတ်မယ်။

http://www.dhammadownload.com

အနာဂါမိမဂ်ရောက်

အဲဒီလို တစ်စခန်းကုန်သွားတော့ ရှေ့ဆက်ပြီးတော့ ကူးလိုက်တဲ့အခါကျတော့ ခြေနဲ့လက်နဲ့ယက်ပြီးတော့ ကူးတော့တစ်စခန်းရောက်သွားတယ်။ နှစ်မိုင်တိုးတော့ ခြောက်မိုင်ရောက်သွားပြီ။ နှစ်မိုင်လောက်လိုတော့တယ်။ ဟိုဘက်မှာ အဲဒီမှာ ဖြစ်ပျက်တဲ့ ရူပနာမ်တွေသိရင်းသိရင်းနဲ့ ရူပနာမ်သဒ္ဓါရဇ္ဇိမ်းတဲ့နိဗ္ဗာန်ကိုတွေ့သွား တယ်။ **အနာဂါမိမဂ်**ကို ရောက်တယ်။ ရောက်တော့ ဘာကင်းသွားသလဲဆိုတော့ **ကာမရာဂ၊ ဗျာပါဒ**တွေ အကုန်ကင်းတယ်။ ကာမရာဂ၊ ကာမနှင့်စပ်ပြီးတော့ သာယာမှုတွေ အကုန်လုံးကင်းပြီ။ တစ်နေ့က ဒါယကာတစ်ယောက်ကပြောတယ်။ တချို့ တရားအားထုတ်တဲ့ ဌာနနေပြီးတော့ ရဟန္တာဖြစ်လိုဖြစ်၊ အဲဒီဌာနက အဆုံးအဖြတ်ပေးတာကို အနာဂါမ်ကာမရာဂကင်းတယ် ဆိုပေမယ်လို့ ဒီအတွေ့အထိ ကာမရာဂသာကင်းတာ ဒီပြင် ကာမရာဂတော့ မကင်းဘူး။ ဒါကတော့ မဟုတ်ဘူး။ ကာမရာဂကင်းရင် အကုန်ကင်းရမှာ အတွေ့အထိသာကင်းရမယ်လို့မဟုတ်ဘူး။ အမြင်နဲ့စပ်ပြီးလဲပဲ ကာမရာဂနဲ့စပ်ပြီးတော့ သာယာတဲ့အနေ မရှိတော့ဘူး။ ကာမရာဂအနေနဲ့မဟုတ်ဘဲနဲ့ သပ်သပ်ရပ်ရပ်ရှင်းရှင်းကလေးသဘောကျတာမျိုးကတော့ ဒါ ကာမရာဂအနေမျိုးမဟုတ်ဘူး။ ယောက်ျားမိန်းမနေနဲ့ သာယာမှုမျိုးကတော့ မဖြစ်ဘူး။ ကာမရာဂတော့ အစစ်ကင်းရမယ်။ အသံကြားတဲ့အာရုံလဲ ဒီလိုကင်းရမယ်၊ အနံ့လဲ ကင်းရမယ်။ အရသာအစားအသောက်တွေမှာလဲ မလွဲမကင်းသာလို့ ကိုယ်ကာယကြိုးကို ထောက်ပံ့နိုင်သောအားဖြင့်သာ စားမှုသောက်မှုရှိရမှာ။ ဒါကလေးက ကောင်းတယ်၊ ဟိုဟာကလေးက ကောင်းတယ်၊ ဟိုဟာကလေး စားချင်၊ ဒီလိုဟာကလေး စားချင်၊ ဒီလိုသာယာမှုတွေ, တောင့်တမှုတွေဆိုတာ မရှိရဘူး။ အဲဒီလို ကင်းရမယ်။ အကုန်လုံးပါပဲ။ အာရုံငါးပါးနဲ့စပ်ပြီး တော့ ကာမရာဂကင်းသည်။ ဒါကတော့ ထူးခြားပါတယ်။

ဗျာပါဒ၊ ဧဓါဿစိတ်ဆိုရာတွေလဲ ကင်းတယ်။ စိတ်မဆိုးတတ်ဘူးတဲ့။ စိတ်ကမဆိုးတတ်ပဲ ဖြစ်နေတယ်။ စိတ်မဆိုးတာထက် ခွဲလဲ မခွဲတတ်ဘူး။ အဲဒါက တချို့ကစိတ်မဆိုးတတ်သော်လဲ ခွဲတတ်တာကရှိသေးတယ်။ ခွဲတတ်လို့ရှိရင်လဲ အတွေ့ထူး

http://www.dhammadownload.com

ပါပဲ။ တခို့က ကြောက်တတ်တာက ရှိသေးတယ်။ ကြောက်တတ်တာရှိရင် အတူတူ ပါပဲ။ ဒီဟာ ဒေါသ, ဒေါသ စိတ်ဆိုးတာတဲ့။ ရွံတာ ကြောက်တာတဲ့။ နှလုံးမသာတာ စိတ်ဆင်းရဲတာစိတ်ညစ်တာ။ ဒါတွေဟာ အကုန်လုံး အခုနကဗျာပါဒဒေါသနဲ့ ဆိုင်တဲ့ဟာတွေ၊ အဲဒါတွေ အကုန်လုံးကင်းနေတယ်။ တော်တော်နေရာကျတယ်။

ဒီပုဂ္ဂိုလ်အကုန်ချမ်းသာပြီး အနာဂါမ်ဖြစ်သွားလို့ရှိရင် ကာမရာဂအာရုံတွေ နဲ့စပ်ပြီးတော့လဲ သာယာနှစ်သက်မှုတွေ မရှိတော့ဘူးဆိုတော့ သူက အတော် အေးတာပဲ။ ဒီကာမရာဂတွေက ဒုက္ခဖြစ်နေတယ်။ ဗျာပါဒ ဒေါသတွေနဲ့စပ်ပြီးတော့ စိတ်လဲ မဆိုးတော့ဘူး။ စိတ်မညစ်တော့ဘူး။ စိတ်ဆင်းရဲတွေ မရှိတော့ဘူး။ စိတ်မပူတော့ဘူး။ အင်မတန် ဟန်ကျတာပဲ။ ဘာပဲဖြစ်နေနေ ဘာမျှမဖြစ်တော့ဘူး။ စိတ်မပူဘူး။ စိတ်မဆင်းရဲဘူး။ အတော်နေရာကျတယ်။

ကိုယ်ထဲမှာ နာကျင်ကိုက်ခဲ ဘယ်လိုပဲဖြစ်နေနေ စိတ်ကတော့ကြည်လျက်ပဲ။ ကိုယ်ဆင်းရဲကတော့ မကင်းဘူး။ ရဟန္တာကိုယ်လဲ ဆင်းရဲတော့ရှိတာပါပဲ။ ရဟန္တာ လဲ ဆူးတက်နင်းရင် နာတာပဲ။ မနာဘဲနေလို့ ဘယ်ဖြစ်မလဲ။ မီးကိုင်မိရင် ပူတာပဲ။ မပူဘဲနေလို့မဖြစ်ဘူး။ အနာရောဂါပေါက်လို့ရှိရင်လဲ နာတော့နာတာပါပဲ။ သည်းခံ နိုင်တဲ့ သဘောတော့ရှိတယ်။ ရဟန္တာက သိပ်မတုန်လှုပ်ဘူး။ သည်းခံနိုင်တယ်။ ဒါပေါ့လေ။ အဲဒါက ထူးတယ်။

အဲဒီတော့ **အနာဂါမိမဂ် တတိယအဆင့်**ကိုရောက်သွားလို့ရှိရင် ကာမအာရုံ တွေနဲ့စပ်ပြီးတော့ သာယာမှုကင်းသည်။ ကာမဂုဏ်အာရုံ ၅-ပါးနဲ့စပ်ပြီးတော့ နှစ်သက်မှု, သာယာတောင့်တမှုတွေ ကင်းသွားသည်။ ဗျာပါဒ ဒေါသစိတ်ဆိုးမှု, စိတ်ညစ်မှု, စိတ်ပျက်မှု, နှလုံးမသာယာမှု, **ကြောက်မှု, ရွံမှုတွေ**ကင်းသည်။ ဒါတွေ ကင်းသလား မကင်းဘူးလားဆိုတာ ကိုယ့်ဟာကိုယ်အားထုတ်လို့ရှိရင် စဉ်းစားရမယ် ပေါ့။ မကင်းမရှင်းရင် ဒါအားထုတ်ရမယ်။

အကယ်၍ ဤဟာ ကင်းသွားပြန်ပြီဆိုရင် အခုနက ကျန်တဲ့ သိမ်မွေ့တဲ့ သံယောဇဉ်ငါးပါး ကျန်သေးတယ်။ **ဥဒ္ဓမ္ဘာဂိယသံယောဇဉ်**ခေါ်တယ်။ ဒါ သံယောဇဉ်ငါးပါး။

http://www.dhammadownload.com

ဩရမ္ဘာဂိယ သံယောဇဉ်

အခု ပြောခဲ့တဲ့သံယောဇဉ်က **သက္ကာယ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒ** ဒီ ၅-ခုက **ဩရမ္ဘာဂိယသံယောဇဉ်**ခေါ်တယ်။ အောက်သံသရာလောက ကျင်လည်နေတတ်တယ်။ ဒီသံယောဇဉ်ငါးပါးရှိနေတဲ့ပုဂ္ဂိုလ်က ငြဟ္မာ့ပြည်တက်ဖြစ်လဲ နောက်တစ်နေ့ကျရင် လူဘုံတွေပြန်ရောက်၊ အပါယ်လေးပါးလဲ ကျနိုင်သေးတာပဲ။ အောက်ကိုဆွဲချတဲ့ သံယောဇဉ်တွေ၊ ဒီသံယောဇဉ်တွေ ငါးပါးကင်းသွားလို့ရှိရင် အောက်ကိုပြန်မလာတော့ဘူး။ အနာဂါမ်ပုဂ္ဂိုလ်က စုတိသည်၏အခြားမဲ့မှာ **သုဒ္ဓါဝါသဗြဟ္မာဘုံ**သို့ရောက်တာ၊ ပြန်မလာတော့ဘူး။ အောက်မဆင်းတော့ဘူး။ အထက်သာ တက်တက်ပြီးတော့ နောက်ဆုံး ပရိနိဗ္ဗာန်သို့စံတော့တာပဲ။ အောက်မလာတော့ဘူး။ ဒါကြောင့် -

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ကာမရာဂ, ဗျာပါဒဒီသံယောဇဉ်တရား ငါးပါးက ဩရမ္ဘာဂိယသံယောဇဉ်၊ အောက်သံသရာလောကကို ကျင်လည်စေတတ်တယ်။ ဩရမ္ဘာဂိယသံယောဇဉ်လို့ ခေါ်သည်။ ဒါလေးဆိုပါဦး။

> "သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒ၊ ဤငါးပါးကို အောက်သံသရာ၌ လည်စေတတ်သော ဩရမ္ဘာဂိယသံယောဇဉ်လို့ခေါ်သည်။"

ဩရမ်-ဆိုတာ အောက်သံသရာကို လည်စေတတ်တယ်။ အောက်ဆိုတာ ကာမဘုံတွေကို အောက်လို့ခေါ်သည်။ အောက်ပိုင်းသံသရာကို လည်စေတတ်သည်။ ဒီသံယောဇဉ်ငါးပါးမကင်းသေးရင် ဈာန်သမာပတ်ရလို့ ရူပဗြဟ္မာ အရူပဗြဟ္မာတွေ တက်ဖြစ်နေပေမယ်လို့ နေဝသညာ နာသညာတက်တက်ဖြစ်တောင်မှ နောက်တစ်နေ့ကျရင် လူပြည်လောကတွေ၊ နတ်ပြည်လောကတွေ ပြန်လာရတယ်။ အဲဒီကပြီးတော့ အဆင်မသင့်ရင် ငရဲတို့, တိရစ္ဆာန်တို့, ပြိတ္တာတို့ ကျနိုင်သေးတယ်။

ဥက္ကိဋ္ဌာ ပုညတေဇေန၊ တာမရူပဝတီဝတာ၊
ဘဝဂ္ဂန္ထမ္ပိ သမ္ဘတ္ထာ၊ ပုန အာယန္တိ ဒုဂ္ဂတိ။

ပုညတေဇေန၊ ကောင်းမှု၏အဟုန်သည်။ **ဥက္ကိဋ္ဌာ**။ မြင့်တင်ပေးအပ်သည်ဖြစ်၍။

http://www.dhammadownload.com

အောက်က အမြင့်ဓာတ်နဲ့ တွန်းကန်တဲ့ဓာတ်နဲ့တင်ပေးလို့ တက်သွားတာလဲ ရှိတယ်။ လေယာဉ်ပျံတို့ရှိတယ်။ အခုကာလ ဗုံးတွေလဲ တက်တာရှိသေးတယ်။ အဲဒါလိုပဲ ကောင်းမှု၏အဟုန်ဖြင့် ကာမာဝစရကုသိုလ်တွေက အကျိုးပေးလို့ နတ်ပြဟ္မာတွေ အဆင့်ဆင့်တက်၊ ရူပါဝစရကုသိုလ်တွေ၊ ဈာန်တွေရလို့ ရူပဘုံတွေ တက်ဖြစ်၊ အရူပကုသိုလ်က အကျိုးပေးတော့ အရူပဘုံတွေတက်ဖြစ်၏။

ပုဉ္ဉတေဇေန၊ ကုသိုလ်၏အဟုန်သည်။ **ဥက္ခိတ္တာ**၊ မြှင့်တင်ပေးအပ်သည် ဖြစ်၍။ ကာမရူပဂတိ၊ ကာမဂတိ, ရူပဂတိသို့။ **ဝဏာဝိ**၊ ရောက်သည့်ပုဂ္ဂိုလ်တို့ သည်ကား။ **ဆဝဋ္ဌန္တိဗွို**၊ ဘဝင်၏အဆုံးဖြစ်သော နေဝသညာဘုံသို့လည်း။ **ဆမုတ္ထာဝိ**၊ ရောက်ကြကုန်သော်လည်း။ **ပုန**၊ တဖန်။ **ဒုဂ္ဂတိ**၊ ဒုဂ္ဂတိဘဝသို့။ **အာယန္တိ**၊ ရောက်ကြကုန်သေး၏။

ကုသိုလ်ကောင်းမှုအဟုန်တွေ ကုန်သွားတဲ့အခါကျတော့ ပြန်ပြီးတော့ ရောက်ကြတယ်တဲ့။ ဒါဘာကြောင့်တုန်း ဆိုလို့ရှိရင် ဒီဩဇဋ္ဌမကဓာတ် သံယောဇဉ်တွေ ရှိနေလို့ အဲဒီဩဇဋ္ဌမကဓာတ်သံယောဇဉ်တွေ ကုန်အောင်လို့ ကျင့်နေတာ။ အနာဂါမ် ကျမှ ကုန်တယ်။ လွယ်တော့မလွယ်ဘူး။ တစ်စခန်းရောက်သွားပြီ။ ကူးသွားတဲ့ ပုဂ္ဂိုလ်က မြွေကြီးတွေနဲ့ တော်တော်တော့ဝေးသွားပါပြီ။ ရန်သူတွေနဲ့ ဝေးသွားပြီ။ ဟိုဘက်ကမ်း ရောက်လုနီးပြီ။ အဲဒီကနေပြီး တစ်ခါ ကာမရာဂ၊ ဗျာပါဒ၊ ဒါတွေလဲ ငါကင်းသွားပြန်ပြီ။ ဒါတွေမရှိတော့ဘူး။

ရဟန္တာဖြစ် ဟိုဘက်တမ်းရောက်

ဘာတွေက ကျန်နေသလဲ။ ကိုယ့်ဘဝနဲ့ ကိုယ့်သာယာမှုကလေးက ကျန်နေ တာကိုး။ ဘဝရာဂခေါ်တယ်။ အဲဒီဘဝရာဂကို ရူပဘဝဖြစ်နေတဲ့အခါမှာ ရူပဘဝ သာယာလို့ ရူပရာဂခေါ်တယ်။ အရူပဘုံရောက်နေတဲ့အခါကျတော့ အဲဒီဟာကို သာယာတာ အရူပရာဂခေါ်တယ်။ ဘဝရာဂပါပဲ။ အကျဉ်းချုံးလိုက်ရင် ဘဝရာဂ ပါပဲ။ ရူပဘဝ၊ ရူပဈာန်တရားတွေ သာယာတယ်။ အရူပဘဝ အရူပဈာန်တရားတွေ သာယာတယ်။ ဒါပေါင်းလိုက်ရင် ဘဝရာဂလို့ခေါ်တယ်။ ကိုယ့်ဘဝကလေးနဲ့ကိုယ်၊ ကိုယ့်ဘဝကလေးကိုတော့ မလွှတ်ချင်တော့ဘူး။ ဘဝလေးတော့ ရှိနေချင်သေးတယ်။

http://www.dhammadownload.com

တချို့က ပြောကြတယ်။ လောကအကြောင်းတွေ ဘာတွေ မြင်သွားချင်သေးတယ်။ မသေခင် ဘာလေးမြင်သွားချင်တယ်။ မြင်သွားတော့ ဘာတွေယူသွားဦးမယ် မသိဘူး။ ဒီလိုဟာရှိတာကိုး။ လောကအကြောင်းတွေကို တယ်သိချင်တာကိုး။ အဲဒီဟာ မတိုင်သေးခင်တော့ ငါကတော့ မသေချင်သေးပါဘူး။ ငါက ဒါလေး သိချင်သေးတယ်လို့ ဒါကလေးကိုပြောကြတယ်။ အဲဒါလိုပဲ။ ကိုယ့်ဘဝကလေးနဲ့ ကိုယ်တော့ မလွှတ်ချင်တဲ့သဘောရှိတယ်။ အဲဒါဘဝရာဂလို့ခေါ်တယ်။ ရူပဘဝနဲ့ စပ်ပြီးတော့ သာယာရင် ရူပဘဝလို့ခေါ်တယ်။ အရူပဘဝနဲ့စပ်ပြီးတော့ သာယာရင် အရူပဘဝလို့ ခေါ်တယ်။

အဲဒါဟာ မကင်းသေးဘူးတဲ့။ အနာဂါမ်၊ စဉ်းစားကြည့်လိုက်တော့ကို ဘဝကိုခင်မင်တွယ်တာတဲ့ သဘောကလေးက ရှိနေသေးတာပဲ။ အဲဒါကလေး ကျန်နေတယ်။ မာနကလဲ ကျန်တယ်။ မာနကလေးက ကိုယ်မှာရှိတဲ့ အခြေအနေကလေးတွေနဲ့စပ်ပြီးတော့ ထောင်လွှားတဲ့သဘောကလေးတွေက ရှိနေသေးတာပဲ။ မာနလုံးလုံး မကင်းသေးဘူး။ ဥဒ္ဓစ္စ၊ စိတ်ပျံ့လွင့်မှုလဲ လုံးလုံးမကင်းသေးဘူး။ ဥဒ္ဓစ္စကတော့ သိပ်မရှိပါဘူး။ အဝိဇ္ဇာကလဲပဲ သစ္စာလေးပါး အကုန်လုံးမသိသေးဘူးပေါ့လေ။ ကျန်နေသေးတာကိုး။ ဘာတွေကျန်နေသေးတုန်းဆိုတော့ အနိစ္စတရားတွေ၊ အနိစ္စမှန်းတော့သိတယ်။ အနတ္တတရားတွေ အနတ္တမှန်းတော့သိတယ်။ ကျန်တာက ဘာကျန်နေသလဲဆိုတော့ ဒုက္ခကို သုခထင်က မကုန်သေးဘဲဖြစ်နေတယ်။ အသုဘကို သုဘလို့ထင်နေတဲ့ ဥစ္စာကလေးတွေကလဲ ကုန်သင့်သလောက် မကုန်သေးပဲဖြစ်နေတယ်။ အဲဒီတော့ ဒုက္ခ, သုခထင်တာကလေးတွေက ကျန်နေသေးတယ်။ ကျန်နေသေးတယ်ဆိုတာကတော့ ဒုက္ခဝေဒနာတော့မဟုတ်ပါဘူး။ ရူပ်နာမ်တရားတွေပါပဲ။ ဖြစ်ပျက်နေတာတွေကိုပဲ အဲဒါကလေးကောင်းတယ် ထင်ပြီးတော့ ရူပဘဝ အရူပဘဝမှာ မြင်နေရ, ကြားနေရ, တွေ့နေရ, စဉ်းစားနေရ, ဈာန်သမာပတ်တွေ ဝင်စားနေရ, နှလုံးသွင်းနေရ, ဒီလိုဟာကလေးတွေ ကောင်းတယ်လို့ ထင်နေတာရှိနေသေးတာကိုး။ သာယာမှုကလေးတွေ၊ အဲဒါကို သာယာမှုကလေးရှိနေတာ။ ဒါအဝိဇ္ဇာပဲ။ အဲဒါဝိဇ္ဇာပဲ။ အဲဒါကောင်းနေတယ်လို့ ထင်နေတာ

http://www.dhammadownload.com

ကိုး။ အဝိဇ္ဇာတဏှာ၊ အဲဒါကလေးတွေကရှိနေသေးတယ်။ သာယာမှုကတော့ အခုနကပြောတဲ့ ရူပရာဂ အရူပရာဂ၊ တဏှာ၊ အဲဒါကလေးက မကင်းသေးဘူး။

အဲဒါလေးကင်းအောင်လို့ အားထုတ်ရဦးမှပဲဆိုပြီးတော့ ရှေ့ဆက်ပြီးတော့ တစ်ခါအားထုတ်တော့ အခုနကဥပမာက မြက်ဖောင်ကလေးနဲ့ မြက်တွေ၊ အမှိုက်တွေ၊ သစ်ခက်တွေ၊ သစ်ရွက်တွေ စုပေါင်းပြီးတော့ထားတဲ့ ဖောင်ကလေးနဲ့ကူးတာကိုး။ လက်နဲ့ယက် ခြေနဲ့ကန်ကူးရတယ်။ နောက်ဆုံး ဟိုဘက်ကမ်းရောက်သွားတယ်။ ဟိုဘက်ကမ်းရောက်တဲ့အခါကျတော့ ဒီဖောင်က တယ်အသုံးမကျတော့ဘူး။ ပြီးလျှင် ပစ်ထားခဲ့ရုံပဲ။ ဟိုဘက်ကမ်းရောက်သွားတော့ ဟိုဘက်မှာ ဥယျာဉ်ကြီးတစ်ခုရှိပြန်ပြီတဲ့။ အင်မတန်ကောင်းတဲ့ဥယျာဉ်ကြီးထဲမှာ အင်မတန်ကောင်းတဲ့ ဘုံဗိမာန်ကြီးပေါ့လေ။ အင်မတန်ကောင်းတဲ့အိမ်ကြီးရှိရာ၏။ အဲဒီအပေါ်မှာ အင်မတန်အေးချမ်းတဲ့ လေကလေးနဲ့ စားဖွယ်သောက်ဖွယ် သုံးဆောင်ဖွယ်တွေနဲ့ ပြည့်စုံပြီးတော့နေတယ်။ အဲဒီရောက်သွားပြီးတော့ ရေချိုးလို့၊ ကောင်းကောင်းမွန်မွန်အိပ်လို့၊ စားချင်တာတွေစားလို့၊ အိပ်ချင်သလိုအိပ်လို့၊ ချမ်းချမ်းသာသာ ဘာမှ မကြောက်ရတော့ဘူးလို့၊ ဟိုဘက်ကမ်းကမြွေတွေလဲ မလာနိုင်တော့ဘူး။ ရန်သူကြီးငါးဦးလဲ မလာနိုင်တော့ဘူး။ ကိုယ့်မိတ်ဆွေရန်သူလဲ မလာနိုင်တော့ဘူး။ ဓားပြကြီး ၆-ယောက်လဲ မလာနိုင်တော့ဘူး။ ငြိမ်းပြီဆိုပြီးတဲ့သကာလ အဲဒီမှာ အေးချမ်းနေပါတယ်တဲ့။ သက်သက်သာသာ လူတွေစိတ်ဝင်စားအောင်လို့။

အဋ္ဌကထာဆရာကြီးက ဘုံနန်းပြာသာဒ်ကြီး ပေါက်ပေးလိုက်ရတာကိုး။ အမှန်ကတော့ နိဗ္ဗာန်ရောက်တော့ ဘုံနန်းပြာသာဒ်ကတော့မရှိဘူး။ အဲဒီလို အဋ္ဌကထာ ပြောထားတာနဲ့ အဟုတ်ဘုံနန်းကြီးမှတ်နေတယ်။ ဘုံနန်းကြီးမြင်ပြီလို့တော့ စိတ်ကူးနေတယ်။ ဘုံနန်းကြီးတော့ ကိုယ်တစ်ယောက်တည်းတော့ မဟုတ်ဘူး။ သားတွေသမီးတွေ အကုန်လုံးသွားနေမယ်လို့တောင်ကြံနေတယ်။ အဲဒီလိုဟာတွေရှိတယ်။ အဋ္ဌကထာဆရာကလဲ လူတွေအလိုလိုစိတ်ဝင်စားအောင်လို့ ဥပမာပေးထားတယ်။ အဲဒီတော့ -

တိဏ္ဏော ပါရဝိဒေော၊ ထလေ တိဋ္ဌတိ ဗြဟ္မဏော၊

(နှာ- ၃၈၃)

http://www.dhammadownload.com

တိဏ္ဏော၊ ကူးမြောက်ပြီးသည်ဖြစ်၍။ **ပါရင်္ဂတော**၊ တစ်ဘက်ကမ်းသို့ရောက်သည်ဖြစ်၍။ **မြာဟ္မဏော**၊ မကောင်းမှုကိုအပယ်ပြုပြီးသည်ဖြစ်၍။ **ဝါ**-အပြစ်ဒဏ်ကင်းပြီးသည်ဖြစ်၍။ **ထလေ**၊ တစ်ဘက်ကမ်း ကုန်းပြင်ထက်၌။ **တိဋ္ဌတိ**၊ တည်လေတော့၏။

ဥပမာအားဖြင့်ပြောတယ်။ မြွေထိန်းယောကျ်ားအပြစ်ရှိနေတာကို မင်းပြစ်မင်းဒဏ်တွေရှိနေတယ်။ မြွေထိန်းယောကျ်ားခန့်ထားပြီးတော့ မြွေကြီးတွေစွန့်လွှတ်ပြီးတော့ တာဝန်ဝတ္တရားချို့ယွင်းတယ်။ အာဏာဖီဆန်မှုဖြစ်တယ်။ အပြစ်ရှိတယ်။ အဲဒါတွေက ဒီဘက်ကမ်းရောက်လာတော့ ဒီဘက်ကမ်းကမြွေထိန်းဖို့ ရာထူးပေးထားတဲ့ မင်းရဲ့အာဏာမရှိဘူး။ ဒီဘက်ကမ်းက တစ်နယ်ဖြစ်နေတယ်။ ဟိုဘက်က အပြစ်တွေ၊ အကုန်လုံးကင်းသွားပြီတဲ့။

မြာဟ္မဏော၊ မကောင်းမှု အပပြုပြီး မကောင်းမှုကင်းသွားပြီဖြစ်၍ အပြစ်ဒဏ်တွေ အကုန်လုံးကင်းသွားတဲ့ ဟိုဘက်ကမ်းမှာ တည်နေတယ်။ အဲဒါဘာလဲဆိုရင် -

တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ မြာဟ္မဏောတိ
ဒေါ ဘိက္ခဝေ အရဟတောတိ ဧတံ အဓိဝစနန္တိ၊

(နှာ - ၃၈၃။)

ဘိက္ခဝေ၊ ရဟန်းတို့။ **တိဏ္ဏော**၊ ကူးမြောက်ပြီးသည်ဖြစ်၍။ **ပါရင်္ဂတော**၊ တစ်ဘက်ကမ်းတို့ ရောက်သည်ဖြစ်၍။ **မြာဟ္မဏော**၊ မကောင်းမှုအပြစ်ဒဏ်ဟူသမျှကို အပပြုပြီးသည်ဖြစ်၍ **(ဝါ)** မကောင်းမှုအပြစ်ဒဏ်ဟူသမျှမှ ကင်းရသည်ဖြစ်၍။ **ထလေ**၊ တစ်ဘက်ကမ်းကုန်းပြင်ထက်၌။ **တိဋ္ဌတိ**၊ တည်၏။ **ဧတံ**၊ တည်သည်ဟူသော ဤအမည်သည်။ **အရဟတောတိ**၊ လောဘ ဒေါသ မောဟအစရှိသော ကိလေသာတို့မှ ဝေးကွာစင်ကြယ်တော်မူပြီးသော ရဟန္တာပုဂ္ဂိုလ်၏။ **အဓိဝစနံ**၊ အမည်တည်း။

ကိလေသာအကုန်လုံးကင်းနေတဲ့ ရဟန္တာ၏အမည်ပါ။ တင်စားပြီးတော့ မြွေထိန်းယောကျ်ားဆိုတာလဲ တစ်ခြားမဟုတ်၊ အခု ယောဂီပုဂ္ဂိုလ်တွေမှာ ယောဂီ

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေ ကိုယ့်သန္တာန်ရှိတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီး လေးပါးမွေကြီးတွေကြောက်လို့ တရားအားထုတ်နေတယ်။ ပြေးနေရတယ်။ ခန္ဓာငါးပါးတည်းဟူသော ရန်သူကြီးတွေကြောက်လို့ တရားအားထုတ်နေရတယ်။ ပြေးနေရတာကိုး။ တရားအားမထုတ်တဲ့ပုဂ္ဂိုလ်တွေက မကြောက်လို့ အားမထုတ်သေးဘူး။ မွေတွေနဲ့သဘောကျတုန်း ရှိသေးတယ်။ မွေတွေနဲ့ ရန်သူတွေနဲ့ ရောနှောနေတုန်းရှိသေးတယ်။ မပြေးသေးဘူး။ အခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက ပြေးနေပြီ။

ကိုယ့်မိတ်ဆွေရန်သူဖြစ်တဲ့ နန္ဒီရာဂကိုလဲ ကြောက်လို့ပြေးနေတာ။ တရားတွေကို အားထုတ်ပြီးတော့နေတာ။ ဒီအထဲမှာ အားထုတ်ရင်း အားထုတ်ရင်း လျော့နေတဲ့ပုဂ္ဂိုလ်က မကြောက်တဲ့ပုဂ္ဂိုလ်လို့ ဆိုရမှာပေါ့။ လာချင်လာပါစေ တယ် မကြောက်တဲ့ပုဂ္ဂိုလ်၊ များများကြောက်တဲ့ပုဂ္ဂိုလ်တွေက များများအားထုတ်တယ်။ ကြိုးစားပြီးတော့ အားထုတ်တယ်။

နောက်ပြီးတော့ ဓားပြကြီးခြောက်ယောက်၊ အာရုံခြောက်ပါးတွေ ကြောက်လို့ပေါ့တဲ့။ ဒီဟာတွေလဲ မြင်တိုင်းကြားတိုင်း အကုန်လုံးရှုမှတ်၊ လုံလဝီရိယနဲ့ မှတ်မှုဖြစ်အောင်လို့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက မှတ်မှုဖြစ်အောင်လို့ ကြိုးစားအားထုတ်နေတာ။ ဒါက ဘာလဲဆိုတော့ ခြေနဲ့လက်နဲ့ကူးနေတာပဲ။ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ပေါ်မှာတည်ပြီးတော့ ခြေနဲ့လက်နဲ့တစ်ခါတည်း အချက်တိုင်းအချက်တိုင်းယက်နေတယ်။ ယက်တိုင်းယက်တိုင်းဟာ ဟိုဘက်ရောက်သွား တယ်။ တစ်ခါယက်လိုက်ရင် ၁-ပေလောက်ရောက်တယ်ဆိုလို့ရှိရင် တစ်မှတ်တစ် မှတ်မှာ ၁-ပေလောက်ဆိုတော့ နီးသွားတယ်။ အဲဒီလိုပဲ။ မှတ်တိုင်းမှတ်တိုင်းဟာ နိဗ္ဗာန်ဘက်နီးသွားတယ်။ ပထမစခန်းရောက် သောတာပန်ဖြစ်၊ ဒုတိယစခန်းရောက် သကဒါဂါမ်ဖြစ်၊ တတိယစခန်းရောက် အနာဂါမ်ဖြစ်၊ စတုတ္ထစခန်းရောက် တဲ့အခါကိလေသာအကုန်ကင်းသွားပြီလို့၊ ဟိုဘက်ကမ်းမှာ အဋ္ဌကထာဆိုတဲ့အတိုင်း ဘုံနှစ်ပြာသာဒ်တွေအပေါ်မှာ လေညှင်းလေအေးတွေ ခံပြီးတော့ ရေလဲချိုးပြီးလို့ စားသောက်ပြီးလို့, လေညှင်းခံလို့ သာသာယာယာနေရသလိုပေါ့လေ။ ဒါက ဥပမာကိုး။

http://www.dhammadownload.com

အမှန်စင်စစ်ကတော့ ဒီလိုဟာမျိုးတော့မဟုတ်ဘူး။ ရုပ်နာမ်သဘါရငြိမ်းတာပဲ။ ရဟန္တာ၊ ငြိမ်းပြီးတဲ့အခါကာလ ကိလေသာတွေ အကုန်ကင်းတယ်တဲ့။ ဩရမ္ဘာဂီယ သံယောဇဉ်တွေငါးပါး၊ အနာဂါမ်ကင်းတယ်။

ဥဒ္ဓံဘာဂီယ သံယောဇဉ်

ဥဒ္ဓံဘာဂီယ သံယောဇဉ်ငါးပါးတဲ့။ နောက်ထပ်ဥဒ္ဓံဘာဂီယသံယောဇဉ်ငါးပါးဆိုတာ ဘာတွေလဲဆို ရူပဘဝကိုသာယာတဲ့ ရူပရာဂသံယောဇဉ်၊ အရူပဘဝကို သာယာတဲ့ အရူပရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ မာနကြီးတာတွေ မာနကလဲ ရှိတယ်။ မာနကလဲ ခက်တာပဲ။ ဥဒ္ဓစ္စသံယောဇဉ်တဲ့ စိတ်ပျံ့လွင့်မှု၊ အဝိဇ္ဇာသံယောဇဉ်၊ မမြဲတာကို မြဲတယ်ထင်တာက အဝိဇ္ဇာ၊ ဆင်းရဲကို ချမ်းသာတယ်ထင်တာက အဝိဇ္ဇာ၊ မတင့်တယ်တာကို တင့်တယ်တယ်လို့ထင်တာက အဝိဇ္ဇာ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ ရုပ်နာမ်အစုတွေကို ပုဂ္ဂိုလ်သတ္တဝါအတ္တကောင် အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်တာကလဲ အဝိဇ္ဇာ။

အဲဒီအဝိဇ္ဇာတွေက သောကကင်းခဲ့ပါပြီ။ သောတာပန်ဘဝကတည်းက တချို့ကင်းလာတယ်။ အရဟတ္တမဂ်ဉာဏ်ရောက်တဲ့အခါ နောက်ဆုံးဆင်းရဲကို ချမ်းသာတယ်ထင်တယ်ဆိုတဲ့ အဝိဇ္ဇာလဲ တစ်ခါတည်း အကုန်လုံးကင်းတော့တာပဲ။ ဘာမှချမ်းသာစရာ မရှိတော့ဘူး။ အစတုန်းကတော့ သောတာပန်ကလဲ ချမ်းသာကလေးတွေ ရှိနေသေးတာကိုး။ သကဒါဂါမ်ကလဲ ရှိတာပဲ။ အနာဂါမ်လဲ အတော်အသင့်တော့ ရှိနေသေးတာပဲ။ သူဘဝ သူသာယာနေသေးတာပဲ။ ကမ္ဘာပေါင်းများစွာ ပြဟ္မာဘုံမှာ တည်နေသေးတာပဲ။ သူဒါကလေးကို သာယာနေတယ်။ မသာယာလို့ရှိရင် ကမ္ဘာပေါင်းများစွာ မတည်နိုင်တော့ဘူး။

အဲဒီတော့ အဲဒီသာယာမှုကလေး၊ သာယာမှုဖြစ်တာ ဘာကြောင့်တုန်းဆိုတော့ အဝိဇ္ဇာကြောင့်ဖြစ်နေတာပဲ။ အဲဒီဥဒ္ဓံဘာဂီယ အထက်ဆွဲဆောင်တဲ့ အထက်သံသရာမှာ ကျင်လည်စေတတ်တဲ့ အထက်သံသရာမှာ ကြာရှည်စွာ တည်နေနိုင်တဲ့ သံယောဇဉ်တွေ၊ အဆွဲမာတ်တွေ၊ အထက်ပိုင်းက ဆွဲထားတယ်။ ကြိုးတွေ၊ ကြိုးဆယ်ချောင်းထဲမှာ ပုထုဇဉ်ပုဂ္ဂိုလ်တွေဆိုရင် ဆယ်ချောင်းလုံး

http://www.dhammadownload.com

ဆွဲထားတယ်။ အထက်ရော အောက်ရော ဆွဲထားတယ်၊ မလျှပ်နိုင်ဘူး။ များသော အားဖြင့် အောက်ကြိုးတွေကများလို့ အောက်ကိုလည်နေတာ၊ ကာမဘုံတွင် လည်နေတာ များပါတယ်။ အထက်ကို မတက်ရပါဘူး။ တစ်ခါတစ်ရံမှာ ဈာန် သမာပတ်ရလို့ ရူပ အရူပဘုံသို့ ခဏလောက်တက်ရတယ်။ ပြန်ဆင်း၊ ဒီလို ဖြစ်နေ တယ်။ သောတာပန် မှာလဲပဲ ဒီလိုပဲ သံယောဇဉ် အောက်လည်နေတယ်။ အနာဂါမ် ကျတော့ကို အောက်သံယောဇဉ်မရှိလို့ အထက်မှာကြာကြာကြီး တည်နေတယ်။

အဲဒီက ရဟန္တာဖြစ်သွားတဲ့အခါကျတော့ အဲဒီဘဝအတွင်း ပရိနိဗ္ဗာန်စံတော့ တာပဲ။ သုဒ္ဓါဝါသငါးဘုံထဲမှာ အဝိဟာဘုံမှာရဟန္တာဖြစ်၊ အဲဒီဘုံတွင် ပရိနိဗ္ဗာန်စံ တယ်။ မသွားတော့ဘူး။ အတပ္ပါဘုံတွင် ရဟန္တာဖြစ်တယ်။ သုဒဿာဘုံ၊ သုဒဿီ ဘုံမှာ ဖြစ်တာရှိတယ်။ အဲဒီမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတယ်။ မဖြစ်သေးရင်တော့ တစ်ဘုံပြီးတစ်ဘုံတက်နေတယ်။ အနာဂါမ်က၊ အဝိဟာက အတပ္ပာဘုံတက်၊ အတပ္ပက သုဒဿာဘုံတက်၊ သုဒဿာက သုဒဿီဘုံတက်ဖြစ်၊ ဒီလိုဖြစ်ပြီးတော့ ကျင့်နေတယ်။ နောက်ဆုံး သုဒဿီက ရဟန္တာမဖြစ်သေးရင် အကနိဋ္ဌဘုံတက်နေ တယ်။ နောက်ဆုံးဘုံပေါ့လေ။ အဲဒီ အကနိဋ္ဌဘုံရောက်တဲ့အခါကျတော့ ရဟန္တာ ဖြစ်တော့တာပဲ။ ဒီကတော့ နောက်ဘဝမသွားတော့ဘူး။ အဲဒီဘဝတွင် ရဟန္တာဖြစ်၊ အဲဒီမှာပဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော့တာပဲ။ ဆင်းရဲခပ်သိမ်း ငြိမ်းသွားတယ်။

အဲဒီ ဥဒ္ဓံဘာဂိယသံယောဇဉ်ငါးပါး ကင်းသည်တိုင်အောင် အားထုတ်ရမှာ ကိုး။ ဥဒ္ဓံဘာဂိယသံယောဇဉ်ကလေးတွေ ဆိုကြရအောင် -

"ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊
မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်"

ဤငါးပါးကို **ဥဒ္ဓံဘာဂိယသံယောဇဉ်**ဟုခေါ်သည်။

အဲဒီသံယောဇဉ်ဆယ်ပါး အကုန်လုံးကင်းအောင် ကျင့်ရမယ်။ အဲဒီ သံယောဇဉ်တရားဆယ်ပါးကင်းလို့ရှိရင် ရဟန္တာဖြစ်တော့သည်။ ဒီထိအောင်ကျင့် ရမည်။ မြတ်စွာဘုရားသာသနာတော်မှာ ဒီရောက်လို့ရှိရင်တော့ ကိစ္စပြီးတော့တာပဲ။

http://www.dhammadownload.com

ဒီရောက်အောင် ကျင့်ရမယ်။ ရဟန္တာဖြစ်အောင် ကျင့်ရမယ်။ အဲဒါ အာသီဝိသော ပမသုတ်ဆုံးပါပြီ။ ကုန်သွားပြီ။ ရှေ့လျှောက်လို့တော့ ဟောစရာမရှိဘူး။ ကုန်သွားပြီ။ ဆိုရအောင် -

မြွေလေးကောင်းကား၊ (လ) ကယ်သူကား ဘုရားမြတ်ပေတည်း။

မြွေလေးကောင်က မိမိတို့ကိုယ်၊ မိမိတို့ကိုယ်မှာ အသီးသီးရှိကြတဲ့ ဓာတ်ကြီးလေးပါး၊ ဤဓာတ်လေးပါးဖောက်ပြန်ပြီးတော့လဲ သေကြ၊ ရှင်ကြ၊ ပျက်စီးကြ၊ နှိပ်စက်နေတယ်။

သူသတ်ငါးဖြာ၊ ငါးခန္ဓာ၊ ခန္ဓာငါးပါး၊ သူသတ်သမားကြီးငါးယောက်၊ ခန္ဓာငါးပါးရှိလို့ ဘဝတွေအသစ်အသစ်ဖြစ်ပြီးတော့ သေရတယ်။ ဘဝတိုင်း ဘဝတိုင်း ဘယ်နည်းနဲ့မဆို သေရတာပဲ။ မသေချင်လို့ကို မဖြစ်ဘူး။ နောက်ဆုံးတစ်နေ့ကျရင် သေရတာပဲ။ အသက်ရှည်အောင်, ကျန်းမာအောင် ဘယ်လိုလုပ်လုပ်၊ တစ်နေ့ကျတော့ သေရတာပဲ။ ခန္ဓာငါးပါးက သတ်လို့သေရတယ်။

မိတ်ဆွေအရင်းအချာ ရန်သူနဲ့တူတဲ့ နန္ဒီရာဂ၊ နှစ်သက်သာယာမှု၊ ဒါကလေး ကလဲ သဘောကျတယ်။ သူ့ကြောင့် ဘဝသစ်ဖြစ်ပြီးတော့ သေရတယ်။

"မြွေလေးကောင်ကား၊ လေးပါးဘုတ်ဓာတ်၊ သူသတ်ငါးဖြာ (လ) ခြောက် ဒွါရနှင့်"၊ ရွာပျက်ကုန်းဆိုတာ ဒွါရခြောက်ခု၊ မြင်တိုင်း ကြားတိုင်း ဘာမျှနှစ်သက် သာယာစရာမရှိဘူးတဲ့။ မြင်ရာကလည်း နှစ်သက်သာယာမရှိ၊ ဖြစ်ပြီးပျောက်သွားတာပဲ။ တရားအားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီဟာကလေးကို သာယာစရာ ကောင်းတယ်။ မျက်စိကလဲ သာယာစရာကောင်း၊ မြင်ရတာကလဲ သာယာစရာကောင်း၊ အကောင်းတွေချည်းပဲ။ ဒီဥစ္စာတွေ၊ တရားအားထုတ်ရှုလို့ ဝိပဿနာ ဉာဏ် ပိုင်ပိုင်နိုင်နိုင် ရောက်နေတော့ ဒါကလေးတွေ တရိပ်ရိပ်နဲ့ဖြစ်နေတာ၊ ဘာမှ ကောင်းစရာ မရှိပါဘူး၊ ဒါပေမယ်လို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်မှသာပြီး တော့ထင်မယ်၊ အဲဒီကျမှ လုံးလုံးကို သာယာစရာမရှိဘူး ထင်မယ်။

"ရွာပျက်သုည၊ ခြောက်ဒွါရနှင့်၊ ခြောက်ဝအာရုံ၊ သုံးစုံဓားပြ၊ ဝင်လာကြ၍" အာရုံခြောက်ပါး၊ ဓားပြကြီးခြောက်ယောက်နဲ့တူတယ်။ ဒီအာရုံတွေနောက်လိုက်ပြီး

http://www.dhammadownload.com

တော့ လောဘ, ဒေါသ, မောဟ, ကိလေသာတွေဖြစ်နေတာပဲ။ သူတို့က ဒုက္ခပေးနေတယ်။ လောကအနေအားဖြင့်တော့ ဒီအာရုံတွေမျှော်နေရတာ။ လာပါစေ, လာပါစေ မျှော်နေရတယ်။ တရားသဘောနဲ့ကြည့်ရင် ဒါဟာဓားပြကြီးတွေ၊ သူတို့လာလို့ရှိရင် လောဘရင်လဲ ဖြစ်မယ်၊ ဒေါသရင်လဲ ဖြစ်မယ်၊ မောဟရင်လဲ ဖြစ်မယ်။ လောဘ, ဒေါသမဖြစ်ရင်လဲ မောဟဖြစ်၊ အဲဒီတော့ ကိလေသာတွေ ဖြစ်ပြီးတော့ ဒုက္ခတွေရောက်မယ်။ ဒါကြောင့် အာရုံခြောက်ပါးတရားတွေ ရွာပျက်ဓားပြကြီးတွေ၊ သေးသေးကွေးကွေး ဓားပြတွေ မဟုတ်ဘူး၊ ဓားပြကြီးတွေ အဲဒါတွေ ကြောက်လို့ ထွက်ပြေးရတယ်။

"ရွာပျက်သည်၊ ခြောက်ဒွါရနှင့်၊ ခြောက်ဝဓာရုံ၊ သုံးစုံဓားပြ၊ ဝင်လာကြ၍၊ သြဃလေးသွယ်၊ မြစ်ပင်လယ်၏"၊ အဲဒီကပြေးတော့ ရေပြင်ကျယ်ကြီးရောက်တယ် ဆိုတာဟာ သြဃလေးပါးနဲ့တူတယ်။

ကာမရေယဉ်-ကာမောဃ၊ ဘဝရေယာဉ်-ဘဝေါဃ၊ ဘဝသာယာမှု။ ဒိဋ္ဌောဃ-ဒိဋ္ဌိရေယာဉ်၊ အဝိဇ္ဇောဃ-အဝိဇ္ဇာရေယာဉ်၊ အဲဒါတွေအထဲမှာ သတ္တဝါတွေ မျောနေကြတာ၊ များသောအားဖြင့် ကာမရေယာဉ်ထဲမှာ မျောနေတယ်။ ဒိဋ္ဌိရေယာဉ်ထဲ မျောတာတွေလဲပဲ အမျိုးမျိုးသော အယူဝါဒတွေအစွဲတွေနဲ့ ရောနေတယ်။ ကြောက်စရာကောင်းတယ်။ အဝိဇ္ဇာကတော့ အမြဲတမ်းပဲ။ သစ္စာလေးပါး အမှန်အတိုင်းမသိတာ။ အမြဲတမ်းပဲမျောနေတာပဲ။ ကာမောဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတွေက ရေစီးကြောင်းကြီးတွေထဲမှာ မျောနေတယ်။ ဒီအထဲမှာ နစ်မြုပ်ပြီးတော့ သေကြတာပေါ့လေ။ အပါယ်လေးဘုံရောက်ပြီးတော့လဲ နစ်မြုပ်ပြီးတော့ ဒုက္ခတွေရောက်၊ လူဘဝတွေရောက်ပြီးတော့သေ၊ နတ်ဘဝတွေရောက်ပြီးတော့ သေ၊ ဗြဟ္မာပြည်သို့ရောက်ပြီးတော့ သေ၊ ဒုက္ခတွေဖြစ်နေတယ်။

"သြဃလေးသွယ်၊ မြစ်ပင်လယ်၏၊ ဤဝယ်ကမ်းစ၊ သတ္တာယမှ" ဒီဘက်ကမ်းက သတ္တာယပဲ။ အခု တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးတွေ တွေ့နေတယ်။ ဒီဘက်ကမ်းပဲ၊ ရှုတိုင်းရှုတိုင်း အဖြစ်အပျက်တွေတွေ့နေတယ်။ ဖြစ်ပျက်နေတဲ့တရားတွေပဲ တွေ့နေတယ်။ ဒီဘက်ကမ်းပဲ

http://www.dhammadownload.com

ရှိ သေးတယ်။ ဟိုဘက်ကမ်းမရောက်သေးဘူး။ ဒီအတိုင်းခုန်သွားလို့တော့ မဖြစ်ဘူး။ ဒါပေမယ်လို့ ဒီလိုဒီဘက်ကမ်းတရားတွေရှုလို့ ဒီဘက်ကမ်းတရား ပိုင်နိုင်တဲ့အခါကျတော့မှ ဟိုဘက်ကမ်းရောက်မယ်။ အခု ဟိုဘက်ကမ်းငါသွားပါတော့မည်ဆိုလို့ သွားလို့တော့မဖြစ်သေးဘူး။ ရှုနေမှဖြစ်မှာ။

"ခေမနိဗ္ဗာန်၊ ဟိုကမ်းဌာန်သို့" ဟိုဘက်ကမ်းက နိဗ္ဗာန်ပါပဲ။ ဒီဘက်ကဖြစ်ပျက်နေတဲ့ရုပ်နာမ်တွေက၊ ဒီဘက်ကမ်း။ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေငြိမ်းတာက နိဗ္ဗာန်၊ ဟိုဘက်ကမ်း။ ဟိုဘက်ကမ်းရောက်အောင်ကူးရလိမ့်မယ်။

ဘာနဲ့ကူးရမလဲ၊ ဘာနဲ့ကူးရမလဲဆိုတော့ "ရှစ်တန်မဂ္ဂင်၊ ဖောင်ဖွဲ့ဆင်၍" မဂ္ဂင်ရှစ်ပါးတရားတွေကို ရှုတိုင်းရှုတိုင်းဖြစ်နေတဲ့ မဂ္ဂင်ရှစ်ပါးတရား၊ အခုနကပြောခဲ့တဲ့တရား တစ်မှတ်ဆို မဂ္ဂင်ရှစ်ပါးတရား၊ မှတ်တိုင်းမှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ အဲဒါတွေက ဖောင်ဖွဲ့ဆင်တယ်။ ကူးတာကလဲပဲ အတူတူပါပဲ။ အားထုတ်မှုကလေး ပေါ်အောင်လို့ထည့်ပြီးတော့ ဟောတယ်။

လက်နဲ့ခြေနဲ့ယက်ကန်ပြီးတော့ ကူးသွားတယ်ဆိုတာဟာ ဝိရိယနဲ့အားထုတ်တာပဲတဲ့။ ဒီမဂ္ဂင်ရှစ်ပါးတရားပါပြီးသားပါပဲ။ မှတ်တိုင်းမှတ်တိုင်း မဂ္ဂင်ရှစ်ပါးနဲ့ ဖောင်နဲ့ကူးပြီးသားဖြစ်နေတာ။ တစ်မှတ်တစ်ခါကူး၊ တမှတ်တစ်ခါကူး၊ တရွေ့ရွေ့သွားတယ်။ တရွေ့တရွေ့ချင်း "ရှစ်တန်မဂ္ဂင် (လ) ကူးမြောက်သူမှာ"ဆိုတာ တစ်ဖြည်းဖြည်းရောက်သွားတယ်။ လေးပုံတစ်ပုံနှစ်မိုင်လောက် ရောက်သွားတယ်။ သောတာပန်ဖြစ် လေးမိုင်လောက်ရောက်သွားတယ်ဆိုတာ သကဒါဂါမ်ဖြစ်၊ ခြောက်မိုင်လောက်ရောက်သွားတယ်ဆိုတာက အနာဂါမ်ဖြစ်တယ်။ နောက်ဆုံးရှစ်မိုင်ဆိုတာက ဟိုဘက်ကမ်းရောက်သွားပြီ။ ရဟန္တာဖြစ် ရဟန္တာဖြစ်တော့ ဟိုရောက်၊ "ကူးမြောက်သူမှာ၊ ရဟန္တာတည်း"။

ထန်းငုတ်ပမာ ရဟန္တာကိုယ်ခန္ဓာ

ရဟန္တာဆိုတော့ လောဘ, ဒေါသ, မောဟ ကိလေသာဟူသမျှကင်းပြီး လောဘ, ဒေါသ, မောဟ ကင်းသွားပြီ။ တော်တော်ချမ်းသာသွားတယ်။ ဒီပုဂ္ဂိုလ် ဒါပေမယ်လို့ ဒီဘဝလက်ရှိခန္ဓာကြီးကတော့ ဒီလိုပဲရှိနေတာပဲ။ ဘာနဲ့တူသလဲဆိုလို့

http://www.dhammadownload.com

ရှိရင် ထန်းငုတ်ကြီးမျှားနဲ့တူတယ်။ ထန်းပင်များ လည်ဆစ်ဖြတ်ခါ လည်ကဖြစ်ဖြစ် ပေါ်လေ အထက်အမြင့်ကပဲဖြစ်ဖြစ်၊ အဲဒါ ဖြတ်လိုက်လို့ရှိရင် အရွက်လောက်ခုတ်လို့ကတော့ ထန်းပင်ကထပ်ပေါက်တယ်။ အရွက်လောက် အခက်လောက်တော့ ခုတ်လို့တော့ အကုန်လုံးခုတ်လိုက် အဖူးကလေးကျန်နေ အဲဒီအဖူးက တော်တော်ကြာ အလက်တွေဖြစ်လာတယ်။ အဖူးကတောင် ခုတ်လိုက်ဦး၊ အောက်ကနေ တက်လာသေးတာပဲ။ အဲဒီလိုတော့ မရဘူး။ ထန်းပင်သေချင်လို့ရှိရင်တော့ ခါးလယ်ကဖြစ်ဖြစ် လည်ဆစ်နားကဖြစ်ဖြစ် ဖြတ်လိုက်ရင် ထန်းပင်ကတော့ မပေါက်ဘူး။ ဒီပြင် သစ်ပင်တွေဆိုလို့ရှိရင် ပေါက်တယ်။ ထန်းပင်ကမပေါက်ဘူး။ အလယ်ကဖြတ်လိုက်လို့ရှိရင် မပေါက်တော့ဘူး။ အဲဒီထန်းငုတ်ကြီးကတော့ ရှိသေးတာပဲ။ ဒါပေမယ့်လို့ နောက်ဆုံးတစ်နေ့ကျရင် တဖြည်းဖြည်းနဲ့ဆွေးပြီးတော့ ဒီထန်းပင်ငုတ်ကြီးဟာ ဆွေးပြီးတော့ ပျက်သွားရတာ။ နောက်ထပ် အတိုးအပွားတော့ မရှိဘူး။ အဲဒါပဲ။ ရဟန္တာသန္တာန်မှာလဲ လောဘ, ဒေါသ, မောဟတွေ အကုန်လုံးကင်းသွားပြီ။

ရဟန္တာမှာ ဝါသနာရှိသေး

အရဟံ-လောဘ, ဒေါသ, မောဟ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူသည်။ ဒီထိအောင် ကျင့်ရမှာကိုး။ ဘုရားနဲ့သိပ်မကွာဘူး။ ကိလေသာ ကင်းပုံတော့ အတူတူပါပဲ။ ထူးတာက ဘာလိုတုန်းဆိုတော့ ဘုရားရှင်ကဝါသနာနှင့် ကင်းတယ်။ ဘဝအဆက်ဆက်ကပါလာတဲ့ အလေ့အကျင့် ဝါသနာကလေးက ဘုရားမှာမရှိဘူး။ ရဟန္တာတွေကတော့ အလေ့အကျင့်က မပျောက်ဘူးတဲ့။

ပိလိန္ဒဝစ္ဆမထေရ်ကြီးဟာ ဘဝတိုင်းဘဝတိုင်းက ပုဏ္ဏားဖြစ်တယ်။ ဗြာဟ္မဏ ပုဏ္ဏားဆိုတာကတော့ ဗြဟ္မဏတွေက သူတို့ကမာနကြီးတဲ့ ပုဂ္ဂိုလ်တွေပဲ။ အခုထက်ထိ အိန္ဒိယမှာ ဗြာဟ္မဏတွေက သူများကိုသိပ်ပြီးတော့ အထင်ကြီးတာမဟုတ်ဘူး။ သိပ်ပြီးတော့ အထင်သေးတယ်။ ဒီပြင်လူတွေနဲ့ တစ်မျိုးဖြစ်နေတော့ သူတို့က မပေါင်းချင်ဘူး၊ မစပ်နိုင်ဘူး၊ သူများအိမ်က ရေတောင်မသောက်နိုင်ဘူး။ သူတို့ကတော့ ဒီလိုလူတွေ၊ တော်တော်တော့ ကြပ်တဲ့လူတွေပါ။ သူတို့ဆီရေတောင်းလို့

http://www.dhammadownload.com

ရှိရင် ရေတောင်းလို့မရဘူး။ ပေးပြန်ရင်လဲပဲ ခွက်နှင့်ဘာနဲ့ခံပြီးတော့ သူခွက်နှင့် ထိလိုက်လို့ရှိရင် သူတို့မှာဇာတ်တွေ ဘာတွေ ပျက်သွားမယ်။ အဲဒီလို အစွဲအလမ်းတွေ သိပ်ကြီးတာ။ အဲဒီတော့ သူများတွေကို အထင်သေးတော့ မရိုမသေတွေ ပြောတာပေါ့။ ဝသလ ဝသလလို့ ပြောနေတာ၊ နှုတ်ဆက်နေတယ်။ ရဟန္တာဖြစ်ပြီးတော့လဲ ဝသလလို့ ပြောနေတယ်။ ဟိုလူဒီလူတွေလဲ ဝသလလို့ပဲ ပြောနေတယ်။ ဝသလဆိုတာ လူယုတ်ကြီးပေါ့လေ။ ဒီလိုလုပ်နေတာကိုး။ အဲဒါရဟန္တာတဲ့။

ဘေးကပုဂ္ဂိုလ်တွေအနေနဲ့တော့ ဒီကိုယ်တော်ကြီးဟာ နေရာမကျဘူးလို့ ပြောတယ်။ ဒါပေမယ့် လောဘ, ဒေါသ, မောဟ ကိလေသာတွေမရှိဘူး၊ ဒါပေမယ့် ဝါသနာကလေးကျန်တယ်။ မြတ်စွာဘုရားမှာတော့ အဲဒီလိုဝါသနာမရှိဘူး။ ဘာဝါသနာမှ မကျန်ဘူး။ ကိလေသာကင်းပုံကတော့ အတူတူပါပဲ။ ပရိနိဗ္ဗာန်စံတဲ့ အခါကျတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်တဲ့ ဘုရားနိဗ္ဗာန်နဲ့ ရဟန္တာနိဗ္ဗာန် ဘာထူးတုန်း။ အတူတူပဲ၊ ဘာမှမထူးဘူး။ ဘုရားနိဗ္ဗာန်လဲ သီးသန့်တစ်ခု လုပ်ထားတာ မရှိဘူး။ ဆင်းရဲခပ်သိမ်းငြိမ်းတာပဲ။ ဘဝသစ်မဖြစ်တာပဲ။ ရဟန္တာနိဗ္ဗာန်လဲ အတူတူပါပဲ။ ထေရဝါဒမှာ ဒီအတိုင်းပဲ။

မဟာယာနဝါဒ

မဟာယာနကတော့ သူတို့မှာတော့ ဘယ်ကဝါဒတွေမှန်းလဲ မသိပါဘူး။ ရဟန္တာလဲ မပြီးသေးဘူးတဲ့။ ဘုရားလုပ်ရဦးမယ်။ ဘုရားဆုတောင်းပြီးတော့ နောက်ဆုံးဘုရားဖြစ်ပြီးမှ နိဗ္ဗာန်ဝင်ရမယ်ဆိုတာကိုး။ သူဝါဒကလဲ နိဗ္ဗာန်ဝင်တော့တောင်မှ ကိုယ်တစ်ယောက်တည်းဝင်လို့မရသေးဘူးလို့ ပြောပြန်တယ်။ အားလုံးသတ္တဝါတွေ တစ်ပြိုင်နက်ဝင်ရပါတယ်။ တော်တော်ကြပ်တာပဲ၊ အားလုံးသတ္တဝါတွေ နိဗ္ဗာန်မဝင်မီ စောစောဘုရားဖြစ်နေတဲ့ကိုယ်တော်၊ တံခါးဝနေပြီးတော့ ဘယ်ကစောင့်နေမှန်းမသိဘူး။ စဉ်းစားလို့မရဘူး။

အဲဒီတော့ ဘုရားနှင့်ရဟန္တာ ကိလေသာကင်းပုံအတူတူပါပဲ။ ဝါသနာကင်းတာနဲ့ မကင်းတာဒီလောက်ပဲကွာတယ်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာလဲ ဝါသနာတွေ သိပ်စွဲမှုမရှိပါဘူး။ ပိလိန္ဒဝစ္ဆတို့လို နည်းနည်းပါပဲ။ ဒီပြင်ပုဂ္ဂိုလ်တွေကတော့လဲ

http://www.dhammadownload.com

ငြိမ်ငြိမ် သက်သက်ပါပဲ။ လူပ်လူပ်ရှားရှား သိပ်မရှိပါဘူး။

ရဟန္တာ၏ဂုဏ်များ

အဲဒီလို လောဘ, ဒေါသ, မောဟ, ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူသည်။ ရဟန္တာဖြစ်သွား။ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ အကုန်လုံး ဒီလိုပါပဲ။ အဲဒီအဆင့်ရောက်အောင် အားထုတ်ရမယ်။ ဆိုပါဦး။

"အရဟံ-လောဘ, ဒေါသ, မောဟ, အစရှိသော ကိလေသာ အညစ်အကြေး တို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော ရဟန္တာပုဂ္ဂိုလ် ပါတကား။"

ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန် အစရှိတဲ့မြတ်စွာဘုရားလက်ထက်က ရဟန္တာပုဂ္ဂိုလ်တွေ အများကြီးရှိကြတယ်။ အမျိုးသမီးတွေကလဲ ဥပ္ပလဝဏ် အစရှိတာပါပဲ။ လူဝတ်ကြောင်တွေကလဲ နည်းနည်းပါးပါးတော့ ရှိသေးတာပဲ။ လူဝတ်ကြောင် ဥပါသကာထဲကလဲ ရှိတယ်။ ဥပါသိကီထဲကလဲ ရဟန္တာရှိတာပဲ။ နည်းနည်းတော့ရှိတယ်။ များများတော့မဟုတ်ဘူး။ လောဘ, ဒေါသ, မောဟ, ကိလေသာအညစ်အကြေးတွေ၊ "အာရကတ္တာအရဟံ" အာရကတ္တာ၊ ကိလေသာတို့မှ ဝေးကွာသည်၏အဖြစ်ကြောင့်၊ အရဟံ၊ အရဟံ မည်တော်မူပါပေ၏။ ကိလေသာကင်းသွားတယ်။ လောဘ, ဒေါသ, မောဟ, ကိလေသာတွေအကုန်လုံးကင်းတော့ ဘဝမှာသာယာမှု၊ တွယ်တာမှုမရှိဘူး။ ရှိပြီးသားဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေ တဖြည်းဖြည်းနဲ့ဆုတ်ယုတ်ပြီးတော့ နောက်ဆုံးတစ်နေ့ ရုပ်နာမ်ခန္ဓာတွေငြိမ်းတာကိုး။ အခုနက ထန်းငုတ်ကြီးဆွေးပြီးတော့, အမှုန့်မှုန့်ဖြစ်ပြီးတော့ ပျောက်သွားသလိုပဲ။ နောက်ထပ်တစ်ဖန် ထန်းပင်က အညောက်တွေ မပေါက်ဘူး။

အဲဒါလိုပဲ။ ဘဝသစ် ရုပ်နာမ်တွေမဖြစ်တော့ဘူး။

ဒီကံ ပုရာကံ နဝ နတ္ထိ သမ္ဘဝံ
(လ) ယထာယံ ပဒီပေါ

ဥပမာပေးထားတယ်။ ရှေးဟောင်းကံတွေလဲကုန်ပြီ။ ကံအသစ်လဲ သူထပ်၍မဖြစ်ဘူးတဲ့၊ **"ဒီကံ ပုရာကံ နဝနတ္ထိသမ္ဘဝံ"** ဘဝသစ်ဖြစ်ဖို့ရာ

http://www.dhammadownload.com

ကံတွေလဲ ထပ်မဖြစ်ဘူး။ ရဟန္တာဖြစ်တော့ ကုသိုလ်ကံ, အကုသိုလ်ကံတွေ၊ အကုသိုလ်ကံ ဆိုတာကတော့ လုံးလုံးမရှိပါဘူး။ ကုသိုလ်မှုတွေဘာမှ မလုပ်ဘူးလားလို့ မေးစရာ ရှိတယ်။ ဒီလိုတော့လုပ်ပါတယ်။ ဘုရားယုံကြည်မှုတော့ ရှိတယ်။ ဆရာသမား၊ သံဃာမထေရ်တွေကို အရိုအသေပြုတာရှိတယ်။ ဝတ်ကြီးဝတ်ငယ် ပြုတာတွေရှိ တယ်။ တရားစာပေကျမ်းဂန်တွေ ပို့ချပေးတာရှိတယ်။ တရားဟောတာရှိတယ်။ ဒီလိုဟာတွေရှိတယ်။ ကုသိုလ်အလုပ်တွေတော့ လုပ်ပါတယ်။

တချို့က ရဟန္တာပုဂ္ဂိုလ်ဆိုတော့ ကုသိုလ်အကုသိုလ်တွေ အကုန်လုံးပယ် တယ်ဆိုပြီးတော့ စောစောကတည်းက ရဟန္တာမဖြစ်သေးခင်က ကုသိုလ်အကုသိုလ် ပယ်နေတာတွေ ရှိတယ်။ ဒါက ကုသိုလ်တော့ပယ်မယ်။ အကုသိုလ်ကိုတော့ သူက ပယ်မယ်မဟုတ်ဘူး။ ကုသိုလ်ကတော့ မလုပ်ဘဲနဲ့ဖြစ်တာကိုး။ ဘုရားရှိမခိုးတော့ဘူး ဆိုနေရင်လဲ ဖြစ်တာပေါ့။ လွယ်လွယ်ပဲ။ ဒါနမလှူတော့ဘူးဆိုရင် ဖြစ်တာပါပဲ။ သီလလဲ မစောင့်တော့ဘူးဆို ဖြစ်တာပါပဲ။ ဒါပေမယ်လို့ လောဘ, ဒေါသ, မောဟ တွေကတော့ သူရှိနေသေးတယ်။ အကုသိုလ်တော့ ပယ်နိုင်မယ်မဟုတ်ဘူး၊ အချို့က အဲဒီလိုဟာအကောင်းမှတ်ပြီးတော့ဟောထားလို့ ဘာမသိ ညာမသိ လူတွေက ဒီလိုပါပဲ။ အကုသိုလ်တွေ ကုသိုလ်တွေလည်း ပယ်ရတယ် မှတ်မှတ်ပြီး စိတ်ထဲမှာ နှလုံးသွင်းနေတဲ့ပုဂ္ဂိုလ်တွေ ရှိသေးတယ်။ ကြောက်စရာတော်တော် ကောင်းတယ်။ ဆရာတွေများတယ်ဆိုတာ ဆရာတွေက ဒီဟာကောင်းနိုးနိုး၊ ဟိုဟာကောင်းနိုးနိုးနဲ့ ဒီလိုလုပ်ကြတာကိုး။ အလိုလိုက်နေကြတာ။ ပုထုဇဉ်တွေက အင်မတန် ကြောက် စရာကောင်းတယ်။ အခုဟာက ရဟန္တာပုဂ္ဂိုလ်တောင် အလုပ်တွေတော့ လုပ်သင့် လုပ်ထိုက်တာတွေ အကုန်လုံးလုပ်ပါတယ်။ ဒါပေမယ်လို့ အကျိုးပေးတတ်တဲ့ ကုသိုလ်ကံမဖြစ်ဘူး။ ကောင်းတဲ့အမှုတော့ လုပ်တော့လုပ်ပါတယ်။ ဒါပေမယ့် အကျိုးပေးတတ်တဲ့ သဘောမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ကိလေသာမရှိလို့ ကိလေသာရှိမှအကျိုးကပေးတာကိုး။

"ဓီကံ ပုရာကံ" အဟောင်းလဲ ကုန်သွားပြီတဲ့။ **"နဝနတ္ထိသမ္ဘဝံ"** အသစ်လဲ မရှိတော့ဘူး။ **"ဝိရတ္တစိတ္တာ ယတီကေ ဘဝသ္မိ"** နောင်လာလတ္တံ့သော

http://www.dhammadownload.com

ဘဝနှင့် စပ်ပြီးတော့လဲပဲ တပ်မက်သာယာခြင်း၊ မျော်လင့်တောင့်တခြင်း မရှိဘူးတဲ့။ ဘာလဲ တွေ့ချင်သေးရဲ့၊ ဘာလဲဖြစ်ချင်သေးရဲ့၊ ဒါလေးတွေ မရှိတော့ဘူးတဲ့။ **"ခီဏာဗီဇာ"** ကုန်ပြီးသော မျိုးစေ့ရှိတယ်။ ကိလေသာမျိုးစေ့, ကံမျိုးစေ့တွေ ဘာမှမရှိတော့ဘူး။ **"အဝိရူဠှိဆန္ဒာ"** စည်ပင်ပေါက်ဖွားခြင်း မရှိတော့ဘူးတဲ့။ ခုနက သစ်ငုတ်ကြီးများ, ထန်းငုတ်ကြီးများမှာ အညွှန့်အညောက် မပေါက်နိုင်သလို။

"နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ" မီးတောက်များ ငြိမ်းသွားသလိုပဲ။ မီးတောက် ကလေးဟာ မီးခွက်ကလေးထွန်းထား၊ ဆီကလဲကုန်ပြီး မီးစာကလဲကုန်ပြီ ဆိုတဲ့အခါမှာ ဟုတ်ကဲ့ဆို တစ်ခါတည်းငြိမ်းသွားတယ်။ အဲဒါလိုပါပဲ။ အကြောင်းက် ကိလေသာတွေ က်တွေကုန်တဲ့အတွက်ကြောင့် နောက်ဆုံးရုပ်နာမ်သခ်ါရငြိမ်း၊ ပရိနိဗ္ဗာန်ပြုတဲ့အခါကာလကျရင် ဘဝအသစ်မဖြစ်ဘဲနဲ့ အကုန်လုံးငြိမ်းသွားတယ်တဲ့။ ပရိနိဗ္ဗာန်ပြုသွားတာ, ဆင်းရဲခဲပ်သိမ်းငြိမ်းသွားတာ။ အခုနက ရဟန္တာပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေပဲ။ အဲဒီရဟန္တာဖြစ်သွားတာဟာ နောက်ဆုံးပဲ။ ဒါဟာ ဟိုဘက်ကမ်း ရောက်သွားတာပဲ။

အဲဒီလို ဟိုဘက်ကမ်းရောက်သည့်တိုင်အောင် လိုက်ပြီးတော့ညွှန်ကြားနေတယ်ဆိုတာ ဘာလဲဆိုတော့ ဘုရားဟောပါဦးတော်မှာမရှိဘူး။ အဋ္ဌကထာဆရာက ပြောတယ်။ မြတ်စွာဘုရားပဲတဲ့။ မြတ်စွာဘုရားက ဓာတ်ကြီးလေးပါးလွတ်မြောက်အောင် အားထုတ်ကြ၊ ခန္ဓာငါးပါးလွတ်မြောက်အောင် အားထုတ်ကြ၊ နန္ဒိရာဂပယ် နိုင်အောင် အားထုတ်ကြ၊ ဒွါရခြောက်ပါးကိုလဲ ရွာပျက်ကုန်းကဲ့သို့ နှလုံးသွင်းကြ၊ ထင်အောင်လို့ရှုကြ၊ အာရုံခြောက်ပါးကိုလဲပဲ ဓားပြကြီးလိုပဲကြောက်စရာကောင်း တယ်ဆိုတာ သိပြီးတော့လွတ်မြောက်အောင် အားထုတ်ကြ၊ မြတ်စွာဘုရားက ညွှန်ကြားနေတာ၊ ကယ်နေတာပါပဲတဲ့။ ဒါကြောင့် "ကောင်းစွာညွှန်ကြား၊ ကယ်သူ ကား၊ ဘုရားမြတ်စွာတည်း"။ (ခုံပါပြီ)

ဤအာသီဝိသောပမသုတ္တန်တရားတော်ကို ရိုသေစွာနာခံမှတ်သား ကြရသော ဓမ္မသဝနစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အန္တရာယ် ဟူသမျှတို့မှအခါ

http://www.dhammadownload.com

ခပ်သိမ်းကင်းငြိမ်းကြ၊ ဝေးကွာကြ၍ ဤဒေသနာဌ် လာသောဓာတ်ကြီးလေးပါးကို လည်း လွန်မြောက်အောင်၊ ခန္ဓာငါးပါးတည်းဟူသော ရန်သူကြီးတွေကိုလဲ လွတ်မြောက်အောင်၊ နန္ဒီရာဂတည်းဟူသော အတွင်းရန်သူကလဲ လွန်မြောက်အောင် ရွာဖျက်ကုန်းနဲ့အလားတူသော ဒွါရခြောက်ပါးဌ်လဲ သာယာမှုကင်းအောင် ရွာကိုဖျက်တတ်တဲ့ ဓားပြကြီးတို့နှင့် အလားတူသောအာရုံ ၆-ပါး တရားတွေကိုလဲလွတ်အောင် ကျင့်ကြံပွားများအားထုတ်နိုင်ကြသည်ဖြစ်၍ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖောင်ကိုတည်ဆောက်၍ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်သို့ရောက်သည်တိုင်အောင် ကျင့်ကြံပွားများအားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် မဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

အာသီဝိသောပမသုတ်တရားတော် ပြီးပြီ။

× × × × ×

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာတော်အတွက် အကျိုးကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော်ဘုရားကြီး၏ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက် ရှိပါသည်။ ကျမ်းစာအုပ်များပုံနှိပ်ထုန်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံးအလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည်တရားတော်ပြန့်ပွားရေးထာဝရပဒေသာပင်တစ်ပင်လျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့်ငွေပဒေသာပင်စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ်လှူဒါန်းလိုပါက(သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Email-Mahasi-ygn@mptmail.net.mm
Website-www.mahasi.org.mm.
01.545918-01-541971

http://www.dhammadownload.com

http://www.dhammadownload.com